pl&[f tvfteftmrf

(om;aumifrsm;u@)

ဤစူရဟ်သည် မဒနီစူရဟ်ဖြစ်သည်။ အဝိဒ်(၁၆)ဝိဒ်နှင့် အာယသ်တော်(၁၂၀)ရှိသည်။
tm,of (1-5)

بسم الله الرحمن الرحيم

“အစဉ်မပြတ် သနားကြင်နာညှာတာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။”

اَلْحَمْدُ لِلّٰهِ الَّذِیْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَجَعَلَ الظُّلُمٰتِ
وَالنُّوْرَ ؕ ثُمَّ الَّذِیْنَ كَفَرُوْا بِرَبِّهِمْ یَعْدِلُوْنَ ۝۱ هُوَ الَّذِیْ
خَلَقَكُمْ مِّنْ طِیْنٍ ثُمَّ قَضٰۤی اَجَلًا ؕ وَاَجَلٌ مُّسَمًّی عِنْدَهٗ ثُمَّ اَنْتُمْ
تَمْتَرُوْنَ ۝۲ وَهُوَ اللّٰهُ فِی السَّمٰوٰتِ وَفِی الْاَرْضِ ؕ یَعْلَمُ سِرَّكُمْ وَ
جَهْرَكُمْ وَیَعْلَمُ مَا تَكْسِبُوْنَ ۝۳ وَمَا تَاْتِیْهِمْ مِّنْ اٰیَةٍ مِّنْ اٰیٰتِ
رَبِّهِمْ اِلَّا كَانُوْا عَنْهَا مُعْرِضِیْنَ ۝۴ فَقَدْ كَذَّبُوْا بِالْحَقِّ لَمَّا جَآءَهُمْ ؕ
فَسَوْفَ یَاْتِیْهِمْ اَنْۢبٰٓؤُا مَا كَانُوْا بِهٖ یَسْتَهْزِءُوْنَ ۝۵

အလုံးစုံသော ချီးမွမ်းထောမနာပြုခြင်းတို့သည် အလ္လာဟ်အရှင်မြတ်အဖို့သာတည်း။ ထိုအရှင်မြတ်သည် မိုးများနှင့်ပထဝီမြေကိုဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင်ထိုအရှင်မြတ်သည် အမှောင်များနှင့်အလင်းရောင်ကိုပြုလုပ်တော်မူခဲ့လေသည်။ သို့ပါလျှက်နှင့်ပင် “ကာဖိရ်”မယုံကြည်သွေဖည်ခြင်းပယ်သောသူတို့ကား(အခြားသူတို့ကို)မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူအရှင်မြတ်နှင့်တန်းတူမှတ်ယူထားရှိကြကုန်သတည်း။ (၆း၁)

ထိုအလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ရွှံ့မြေဖြင့်ဖန်ဆင်းတော်မူပြီး နောက်(အသက်သေဆုံးစေရန်) အချိန်တစ်ချိန်ကိုသတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့ သောအရှင်မြတ်ပင်ဖြစ်တော်မူပေသည်။ ၎င်းပြင်(ရှင်ပြန်ထစေရန်)အချိန်သည် ထိုအရှင်မြတ်အထံတော်၌သာ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်၏။ သို့ပါလျှက် အသင်တို့သည် ဒွိဟသံသယဖြစ်ကြကုန်သတည်း။ (၆း၂)

အမှန်စင်စစ်မိုးများနှင့်မြေတွင် ထိုအလ္လာဟ်အရှင်မြတ်သည်သာလျှင် ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော(တစ်ဆူတည်းသော)အရှင်ဖြစ်တော်မူ သည်။ ထိုအရှင်မြတ်သည် အသင်တို့၏လျှို့ဝှက်ထားသောအဖြစ်အပျက် အခြေအနေကိုငင်း၊ အသင်တို့၏ပေါ်လွင်ထင်ရှားစေသောအဖြစ်အပျက်အခြေ အနေကိုငင်း သိတော်မူ၏။ ၎င်းပြင်ထိုအရှင်မြတ်သည် အသင်တို့ရှာဖွေ ဆည်းပူးပြုလုပ်ကြသမျှသောအရာများကိုလည်း(အကြွင်းမဲ့)သိတော်မူသည်။ (၆း၃)

၎င်းပြင် ထိုသူတို့ထံ ထိုသူတို့အား ဖန်ဆင်းမွေး ဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်အထံတော်မှ မည်သည့်သက်သေလက္ခဏာမျိုးမဆို ဆိုက် ရောက်လာခဲ့သည်ရှိသော ထိုသူတို့သည် ထိုသက်သေသာဓကလက္ခဏာတော် များမှ မျက်နှာလွှဲဖယ်ကျဉ်ခိုင်းသွားကြသည်ချည်းသာတည်း။ (၆း၄)

သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့ထံ"အမှန်"ရောက်ရှိလာသောအခါ ထိုအမှန်ကိုလည်းငြင်းပယ်လိုက်ကြလေသည်။ သို့ဖြစ်၍၎င်းတို့ထံမကြာမြင့်မီ ကာလအတွင်း အကြင်အရာ၏သတင်းမှန်သည် ရောက်လာပေမည်။ ထိုအရာ နှင့်စပ်လျဉ်း၍ ၎င်းတို့သည်ပြက်ချော်ပြောင်လှောင်လေ့ရှိခဲ့ကြ၏။(၆း၅)

tusfzGifrdkjcif;

စိုက်ယိဒနာအဗ်ဒုလ္လာဟ်အိဗ်နိအဗွားစ်ကပြောသည်မှာ စူရဟ်အလ်အန်အာမ်၏ထူးခြားပေါ်လွင်မှု တစ်ခုမှာ အချို့သောအာယသ်တို့မှအပ စူရဟ်တစ်ခုလုံးသည် တစ်ချိန်တည်းနှင့်မက္ကာဟ်မြို့တော်၌ကျရောက်ခဲ့ကာ ယင်းကိုအလ္လာဟ်အရှင်မြတ်နာမတော်ကို တသပြီးဖတ်ရွတ်သောအချိန်၌ကောင်းကင်တမန်တော်ခုနှစ်သောင်းတို့ ကလိုက်ပါပြီးဖတ်ရွတ်ကြပါသည်။ အစောပိုင်းဋီကာရှင်များဖြစ်သော မုဂျာဟိဒ်၊ အလ်ကဗီး၊ ကသာဒဟ်နှင့်အခြား သောပညာရှင်တို့ကလည်း ဤကဲ့သို့ပင်ပြောဆိုကြသည်။

အဗူအစ်ဟားက်အလ်အစ်ဖရာအိုင်နီကပြောသည်မှာ ဤစူရတ်တွင်“သောင်ဟီးဒ်”(အလ္လာဟ်တစ်ပါးတည်းရှိတော်မူခြင်း)နှင့်ပတ်သက်သောမူများ၊ ဆင့်ပွားမှုများအလုံးစုံပါဝင်ပါသည်။ ဤစူရတ်အား-**اَلْحَمْدُ لِلّٰهِ** (အလ်ဟမ်ဒုလိလ္လာဟ်)နှင့်အစပြုထားခြင်းက ချီးကျူးထောမနာမှုအလုံးစုံသည် အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်သည်ဆိုကြောင်း လူအများအားပြောပြခဲ့သည်။ ရည်ရွယ်ချက်မှာ လူအများ ကိုမှန်ကန်သောအမြင်ရရှိရန် အတွက်ကူညီရန်နှင့်သင်ကြားပေးရန်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် မည်သူ့ထံကမှထောမနာပြုခြင်းမလိုအပ်။ မည်သူတစ်ဦးမျှထိုအရှင်အား ချီးကျူးထောမနာသည်ဖြစ်စေ ချီးကျူးထောမနာမှုသည်ဖြစ်စေ ထိုအရှင်သည်အရှင်မြတ်၏မူလပြီးပြည့်စုံတော်မှုအရ ချီးကျူးထောမနာထိုက်သော အရှင်ပင်ဖြစ်တော်မူသည်။ ထိုဝါကျနောက်တစ်ဆက်တည်း ဆက်လာသည့်စကြဝဠာများနှင့်ကမ္ဘာမြေကြီး၊ အလင်းနှင့်အမှောင်အကြောင်းဖော်ပြသည့်ဝါကျပါလာခြင်းက ထိုအရှင်သည်ချီးကျူးထောမနာပြုထိုက်သောအရှင်ဖြစ်ကြောင်း သက်သေပင်ဖြစ်သည်။ ထိုကဲ့သို့သောတန်ခိုးအာဏာနှင့်ဟစ်က်မသ်ဉာဏ်တော်ပိုင်းဆိုင်သည် အရှင်မြတ်သည် ချီးကျူးမှုအလုံးစုံတို့နှင့်ထိုက်တန်သောအရှင်မြတ်မဟုတ်ပါသလော။

ဤအာယသ်တော်ထဲတွင် “ဆမာဝါတ်”(မိုးများ)ကိုအများကိန်းနှင့်ဖော်ပြပြီး “မာခရ် ရာသွ်” ŒArIA (ပထဝီမြေ)ကို ဧကဝုစ်ကိန်းဖြင့်ဖော်ပြခဲ့သော်လည်း အခြားအာယသ်တော် ၆၅း၁၂တွင် ကမ္ဘာမြေကြီးအား မိုးကောင်းကင်များကဲ့သို့ပင် ခုနှစ်ထပ်ရှိသည်ဟု ဖော်ပြခဲ့သည်။ မိုးကောင်းကင်ခုနှစ်ထပ်တို့သည် ယင်း၏ဖွဲ့စည်းပုံနှင့်ဂုဏ်သတ္တိများအရ တစ်ခုနှင့်တစ်ခုထူးခြားမှုရှိသော်လည်း ကမ္ဘာမြေခုနှစ်ထပ်သည်ကား တစ်ခုနှင့်တစ်ခုတူညီကြ၍ယင်းတို့အား တစ်ခုတည်းဟုမှတ်ယူခြင်းဖြစ်နိုင်သည်။ (မဇ်ဟရီ)

အလားတူပင် ဇူလူမာသ် ɛml : (အမှောင်များ(သို့) အမှောင်ထုလွှာများ)ကို ဗဟုဝုစ်ကိန်းဖြင့်ဖော်ပြ၍ RoN (အလင်းရောင်)ကို ဧကဝုစ်ကိန်းဖြင့် ဖော်ပြခြင်းက အလင်းရောင်သည် မှန်ကန်၍ဖြောင့်မတ်သောလမ်းကို ရည်ညွှန်းသည်။ ယင်းလမ်းသည် တစ်ခုတည်းသာရှိသည်။ ဇူလူမာသ်(သို့) အမှောင်ထုအလွှာများသည် မှားယွင်းသောလမ်းကို ရည်ညွှန်းကာယင်းတို့၏အရည်အတွက်မှာ ထောင်ချီရှိသည်ဆိုကြောင်းရည်ညွှန်းသည်။ (မဇ်ဟရီနှင့် အလ်ဗဟ်ရ်အလ်မုဟီးတ်)

ဤနေရာ၌မှတ်သားဖွယ်တစ်ခုမှာ မိုးကောင်းကင်များနှင့်ကမ္ဘာမြေကြီးစတင်ပေါ်ပေါက်မှုကို ÷-l-K- ‘ခလက’(ဖန်ဆင်းခြင်း)ဟူသော စကားနှင့်ဖော်ပြထားကာ အလင်းနှင့်အမှောင်ကို ဂျအလ Ø-i-J- ပြုလုပ်စီရင်ခြင်း ဟူသောစကားလုံးဖြင့်ဖော်ပြထားသည်။ အလင်းနှင့်အမှောင်သည် မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးတို့ကဲ့သို့လွတ်လွတ်လပ်လပ်ကိုယ်တိုင်တည်ရှိနိုင်စွမ်းမရှိပါ။ ၎င်းတို့သည် အကြောင်းတရားများနှင့်ဂုဏ်ဒြပ်များတည်ရှိနေ၏။ ထို့ပြင် ဇူလူမာသ်အမှောင်ထုကိုနူရ်အလင်းရောင်ရှေ့၌ဖော်ပြရခြင်းသည် ဇူလူမာသ်သည် ဤကမ္ဘာကြီး၏အခြေခံဖြစ်ကာ နူရ်သည် သီးခြားတို့နှင့်တွဲဖက်ပါဝင်နေသည်။ နူရ်မရှိလျှင် အလင်းရောင်ရှိ၍ နူရ်အလင်းရောင်မရှိလျှင် အမှောင်ထုဖြစ်သွားမည်။

ဤအာယသ်တော်ပါ သောင်ဟီးဒ်(အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းရှိတော်မူခြင်း)၏စစ်မှန်မှုနှင့် ယင်း၏ပွင့်လင်းသောသက်သေပြချက်ကို ထောက်ပြရခြင်း၏ရည်ရွယ်ချက်မှာ သောင်ဟီးဒ်ကို မယုံကြည်သူများ(သို့) ယုံကြည်လင့်ကစားသောင်ဟီးဒ်၏စစ်မှန်မှုကိုကျော်ခိုင်းသူများအား သတိပေးရန်ဖြစ်သည်။

မေဂျီယတ်(မဂျူးစ်)တွင် ဖန်ဆင်းရှင်နှစ်ပါးကိုယုံကြည်ကြ၍ ယာဇီဒမ်နှင့်အဟ်ရီမာမ်(သို့) အဟ်ရမာမ် တို့ဖြစ်သည်။ သူတို့အဆိုအရ ယာဇီဒမ်မှာ အကောင်းဖန်ဆင်းရှင်ဖြစ်၍ အဟ်ရီမာဟ်မှာ မကောင်းသည်ကို ဖန်ဆင်းရှင်ဖြစ်သည်။ ၎င်းတို့ကလည်း ဤသည်တို့မှာ အလင်းနှင့်အမှောင်တို့၏ အရင်းခံများဟုဖော်ထုတ်ကြ သည်။

အိန္ဒိယနိုင်ငံရှိ ဘုရားအများကိုးကွယ်သူတို့က အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်ရန် ဘုရား အမြောက်အများရှိကြသည်။ အရ်ယာစမာဂျ်တို့သည် သောင်ဟီးဒ်ကို အသိအမှတ်ပြုလင့်ကစား နာမ်နှင့်ရုပ်တို့ သည်အဆုံးအစမရှိသည့် ကြိုတင်တည်ရှိပြီးဖြစ်ကာ အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းခြင်းနှင့်တန်ခိုးဂုဏ်တော်တို့ မှကင်းလွတ်သည်ဟု မှတ်ယူခဲ့ခြင်းကြောင့် သောင်ဟီးဒ်၏စစ်မှန်မှုမှ ကွာလှမ်းသွားခဲ့သည်။ အလားတူပင် ခရစ်ယာန်များက သောင်ဟီးဒ်အယူဝါဒကို ယုံကြည်လက်ခံလင့်ကစား စိုက်ယိဒနာအီစာ (ယ) သခင်နှင့် ၎င်း၏ မြင့်မြတ်သော မိခင်တို့အား အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်စရာများအဖြစ် စတင်မှတ်ယူလာခဲ့ကာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းရှိခြင်းဟူသော ၎င်းတို့၏ယုံကြည်မှုအထောက်အကူပြုရန်အလို့ငှာ သုံးပါးတစ် ဆူတွင်တစ်ပါးတည်းဖြစ်ကြောင်း ဆင်ခြင်တုံတရားကင်းမဲ့သည့် သီအိုရီအပေါ်မှီခိုလာခဲ့သည်။ အာရေးဗီးယားရှိ မယုံကြည်သွေဖည်သူများနှင့်ဘုရားအများကိုးကွယ်သူများသည် လူလူချင်းမေတ္တာထား၍ဘုရားဖြစ်မှု ဝေဌကြပုံ မှာ လူသားများအတွက် တောင်ပေါ်ရှိကျောက်တုံးတိုင်းသည် လူသားများကိုးကွယ်ရာအဖြစ် လုပ်ရန်သင့်လျော် ပေသည်ဟူ၍ဖြစ်သည်။ ထို့ကြောင့် စကြဝဠာတစ်ခုလုံးက အလုပ်အကျွေးပြုရမည်လည်းဖြစ်၊ အလ္လာဟ်အရှင့် ဖန်ဆင်းမှုထဲတွင် အမြင့်မြတ်ဆုံးဖြစ်သော အံ့ဖွယ်လူသားသည် လမ်းမှန်မှဖယ်ကြဉ်ကာ နေ၊လ၊ကြယ်များသို့ သာမက မီး၊ရေ၊သစ်ပင်များ၊ ကျောက်တုံးများနှင့်တွားသွားပိုးမွှားများကိုပင်လျှင် ဦးချစရာနှင့်ကိုးကွယ်စရာအဖြစ် မှတ်ယူ၍ လိုအပ်ချက်ဖြည့်တင်းပေးသူများနှင့် ပြဿနာများကိုဖြေရှင်းသူများအဖြစ် မှတ်ယူပါတော့သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်သည်သာ မိုးကောင်းကင် များနှင့်ကမ္ဘာမြေကြီးအားဖန်ဆင်းတော်မူသောအရှင်နှင့် အမှောင်၊ အလင်းပြုလုပ်တော်မူသောအရှင်ဟု မိန့် ကြားထားခြင်းက ထိုကဲ့သို့ မှားယွင်းသော အယူအဆများအားလုံး မမှန်ကန်ကြောင်း ငြင်းပယ်ပြီးဖြစ်သည်။ ထိုအရှင်မြတ်သည် ဖန်ဆင်းတော်မူသောအရှင်နှင့်အရာရာတိုင်း၏ပြုလုပ်တော်မူသောအရှင်တစ်ပါးတည်း ဖြစ်တော်မူကြောင်း၊ ထိုအရှင်နှင့်ယှဉ်တွဲကိုးကွယ်ခြင်းသည် အဓိပ္ပါယ်မရှိချေ။

ပထမအာယသ်တော်တွင် ဤကြီးမားလှသောစကြဝဠာတွင်းရှိသမျှအရာအားလုံးတို့သည် အလ္လာဟ် အရှင်မြတ်၏ အဖန်ဆင်းများဖြစ်၍ ယင်းတို့အားလုံး အလ္လာဟ်အရှင်မြတ်ပေါ်မှီခိုနေကြသည်ဟု မိန့်ထားခြင်း ကလူသားအားလုံးကို ပွင့်လင်း၍မှန်ကန်သော သင်ခန်းစာတစ်ရပ်ပေးခဲ့ပါသည်။ ယင်းနောက်ဖော်ပြထားသည့် အခြားအာယသ်တော်များထဲတွင် ၎င်းတို့လူဖြစ်ခြင်းသည်ပင်လျှင် သေးငယ်သောစကြဝဠာတစ်ခုဖြစ်ကြောင်း လူသားအားပြောထားသည်။ အကယ်၍တစ်စုံတစ်ဦးသည် လူဖြစ်ခြင်းစသည်မှ ဆုံးသည်ထိဖြစ်ကာ မွေးဖွားခြင်း၊ နေထိုင်ခြင်း၊ သေဆုံးခြင်းတို့အကြောင်းတွင် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းတည်ရှိခြင်း(သောင်ဟီးဒ်) ယုံကြည် ချက်စစ်မှန်မှုကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပေသည်။ ဤအကြောင်းအာယသ်တော်ထဲ၌ မိန့်ကြားထားသည်မှာ-
هُوَ الَّذِىْ خَلَقَكُمْ مِّنْ طِيْنٍ ثُمَّ قَضٰى اَجَلاً(ထိုအလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ရွံ့မြေဖြင့်ဖန်ဆင်း

တော်မူပြီးနောက်(အသက်သေဆုံးရန်) အချိန်တစ်ချိန်ကို သတ်မှန်ပြဋ္ဌာန်းတော်မူခဲ့သောအရှင်မြတ်ပါင်ဖြစ်တော်မူပေသည်။)ဟူ၍ဖြစ်သည်။ အာယသ်တော်က အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒနာအာဒမ် (u) သခင်အား ရွံ့နှင့်ဖန်ဆင်း၍ အသက်သွင်းပေးသည်ဟုမိန့်ထားသည်။ ထို့နောက် လူသားအများ၏အစားအစာကို စိုစွတ်သောရွံ့မြေမှပေါ်ထွက်လာစေ၍ ထိုစားသောက်ဖွယ်ရာမှ သုတ်ပိုးဖြစ်စေကာ ထိုသုတ်ပိုးမှလူသားဖြစ်စေသည်ဟုဆိုသည်။

စိုက်ယိဒနာအဗူမူစာ အလ်အရှ်အရီ (t) သခင်က မိန့်သည်မှာ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒနာအာဒမ် (u) သခင်အား ကမ္ဘာမြေတစ်ခုလုံး၏ အဓိကပစ္စည်းများပါဝင်သော သီးသန့်ရွံ့မြေဖြင့်ဖန်ဆင်းခဲ့ကြောင်း တမန်တော်မြတ် (e) သခင်ထံမှ ကြားသိခဲ့သည်ဟုဆိုသည်။ ဤအကြောင်းကြောင့် အာဒမ် (u) သခင်၏သားမြေးများသည် အရောင်အသွေးပုံပန်းသဏ္ဌာန်၊ ကိုယ်ကျင့်တရားနှင့်အကျင့်စရိုက်များကွဲပြားခြားနားကြပါသည်။ အချို့မှာ အသားဖြူ၊ အသားမဲ၊ အသားနီဟူ၍ရှိသကဲ့သို့ အချို့မှာ မာကြောခက်ထန်သောသဘောထား(သို့)ပျော့ပြောင်း(သို့)ကောင်းမွန်သော သဘောထား(သို့)ဆိုးဝါးသောသဘောထားများရှိကြသည်။ (မဇ်ဟရီကျမ်းပါကောင်းမွန်ခိုင်လုံသည့် အီဗနိအဒီ၏ဆင့်ပြန်ချက်တစ်ရပ်)

ဤသည်မှာ လူသားစတင်ပေါ်ပေါက်လာပုံအကြောင်းဖြစ်သည်။ ထို့နောက် အာယသ်တော်ဆုံးကာနီးတွင် အဆင့်နှစ်ဆင့်အကြောင်းဖော်ပြထားသည်။ ယင်းတို့အနက် တစ်ခုမှာ သေဆုံးခြင်းဟုခေါ်သည့် လူသားတစ်ဦး၏ပုဂ္ဂိုလ်ရေးအဆုံးသတ်ပင်ဖြစ်သည်။ အခြားအဆင့်မှာ လူသားများအားလုံးနှင့်ဂင်းတို့အား အလုပ်အကျွေးပြုနေသည့် စကြဝဠအတွင်းရှိ အရာအားလုံးစုပေါင်းအဆုံးသတ်ခြင်းပင်ဖြစ်သည်။ ယင်းကိုကိယာမသ်နေ့(တရားစီရင်မည့်နေ့)ဟုသိကြသည်။ "လူသားတစ်ဦး၏ပုဂ္ဂိုလ်ရေးအဆုံးသတ်"ဟူသောအသုံးအနှုန်းကို ဤနေရာ၌သုံးနှုန်းရခြင်းမှာ အလ္လာဟ်အရှင်မြတ်သည်- **ثُمَّ قَضَى اَجَلاً** ဆိုလိုသည်မှာ လူသားတစ်ဦးမွေးဖွားပြီးသည့်နောက် "(အသက်သေဆုံးရန်) အချိန်တစ်ချိန်ကို သတ်မှန်ပြဋ္ဌာန်းစေခဲ့သော အရှင်မြတ်ပင်ဖြစ်တော်မူပေသည်။"ဟူ၍မိန့်ထားသည်။ ဤသတ်မှတ်ပြဋ္ဌာန်းစေခဲ့သော အချိန်ကုန်ဆုံးသွားလျှင် သေခြင်းတရားဆိုက်ရောက်မည်။ ယင်းကိစ္စကို လူသားများမသိရှိသော်လည်း ကောင်းကင်တမန်များကမူသိရှိ ကြသည်။ စင်စစ် အာဒမ်၏သားမြေးများသည် ကမ္ဘာတဝှမ်းနေရာတိုင်းအချိန်တိုင်း သေဆုံးခြင်းအဖြစ်အပျက်များမှ လူသားတို့ကလည်း တနည်းတဖုံသိရှိကြသည်။

ဤသည်နောက် ကိယာမသ်ဟူသည့် ကမ္ဘာတစ်ခုလုံးပျက်သုဉ်းသည့်အကြောင်း-**وَاَجَلٌ مُّسَمًّى عِنْدَهٗ** စကားလုံးဖြင့်ဖော်ပြထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် သိရှိတော်မူသောသတ်မှတ်ပြီးဖြစ်သည့် အခြားသတ်မှတ်ချက်တစ်ရပ်လည်းရှိသေးခြင်းပင်ဖြစ်သည်။ ဤသတ်မှတ်ချက်အကြောင်းအပြည့်အစုံကို မည်သည့်ကောင်းကင်စေတမန်(သို့)မည်သည့်လူသားကိုမျှ အသိမပေးပါ။

အစီအစဉ်တကျပေါင်းလိုက်လျှင် ပထမအာယသ်တော်တော်ထဲ၌"ကြီးမားသော စကြဝဠ"အကြောင်းကျွန်ုပ်တို့အား အသိပေးခဲ့သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ဆိုလိုသည်မှာ ကျယ်ဝန်းလှသောကမ္ဘာတစ်ခုလုံးအလ္လာဟ်အရှင်မြတ်ဖန်ဆင်းပြုလုပ်တော်မူခဲ့သည်ဟူ၍ဖြစ်သည်။ ထို့နောက် ဒုတိယအာယသ်တော်ထဲတွင် အလားတူလူသားများဟုခေါ်သည်။ "သေးငယ်သောစကြဝဠ"အကြောင်းနှင့်ယင်းကိုလည်း အလ္လာဟ်အရှင်မြတ်

ကပင် ဖန်ဆင်းခဲ့သည်ဟု ကျွန်ုပ်တို့အား ပြောပြသည်။ ထို့နောက် လူသားများဌင်းတို့၏လျစ်လျူရှုခြင်းမှ နှိုး ဆော်ရန်အလို့ငှာ လူသားတိုင်းအတွက်သီးသန့်အသက်အပိုင်းအခြားတစ်ခုရှိသည်။ ယင်းနောက်တွင် သေရမည် မှာ မုချကန်ပင်ဖြစ်သည်ဟု မိန့်ထားသည်။ ဤသည်မှာ အချိန်တိုင်းရှိလူသားများလေ့လာသိရှိနိုင်သော ဘဝ၏ မပြောင်းလဲသော အကြောင်းတရားပင်တည်း။ **وَاَجَلٌ مُّسَمًّى عِنْدَهٗ ثُمَّ اَنْتُمْ تَمْتَرُوْنَ** (အသက်သေဆုံးစေရန် အချိန်တစ်ချိန်ကိုသတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သောအရှင်ပင်ဖြစ်တော်မူပေသည်။ ၎င်းပြင် (ရှင်ပြန်ထစေရန်) အချိန်သည် ထိုအရှင်မြတ်အထံတော်၌သာသတ်မှတ်ပြဋ္ဌါန်းပြီးဖြစ်၏။ သို့ပါလျှက် အသင်တို့သည် ဒွိဟသံသယ ဖြစ်ကြကုန်သတည်း။)ဟူသော စကားလုံးများသည် လူတစ်ဦး၏ ပုဂ္ဂိုလ်ရေးသေဆုံးခြင်းအား ကိယာမသ်ဟူ သည့်ကမ္ဘာ့စနစ်တစ်ခုလုံး ယေဘုယျနှင့်စုပေါင်းပျက်သုဉ်းခြင်းသည်၏ သက်သေအဖြစ်သုံးခြင်းသည် သဘာဝ လည်းကျ၍ ယုတ္တိလည်းရှိသောအရာဖြစ်သည်ဟု ညွှန်ကြားထားသည်။ ထို့ကြောင့် "ကိယာမသ်"(ဟိုးလေးတ ကြော်ဖြစ်သော်လည်း အနည်းငယ်သာယုံကြည်ကြသည့်အနောက်တိုင်း၏ကမ္ဘာပျက်ကိန်း)ဖြစ်လာမည့် အကြောင်း စိုးစဉ်းမျှသံသယရှိစရာမလိုချေ။ ထို့ကြောင့်အာယသ်တော်(၂)ဆုံးကာနီး၌မူရင်းစာသားက ရှင်းရှင်းလင်းစွာ သက်သေပြပြီးသည့်ကိယာမသ်ဖြစ်လာမည့် အကြောင်းလူသားများအဘယ့်ကြောင့် သံသယဖြစ်နေသနည်းဟူ သည်ကိုတအံ့သဩဖော်ပြထားသည်။

တတိယအာယသ်တော်တွင် ပထမအာယသ်တော်နှစ်ခုထဲ၌မိန့်ကြားထားခဲ့သော အကျိုးဆက်ရလဒ် အကြောင်းပါဝင်သည်။ ယင်းကကြေငြာသည်မှာ အလ္လာဟ်အရှင်တပါးတည်းသာလျှင် ကမ္ဘာမြေပြင်နှင့်မိုး ကောင်းကင်များအားလုံးတွင်ရှိအရာအားလုံး၏ ခဝပ်ကိုးကွယ်ခံထိုက်၍အမိန့်နာခံထိုက်သောအရှင်မြတ်ဖြစ် ကြောင်းပင်ဖြစ်သည်။ ထို့ပြင် ထိုအရှင်မြတ်သည် လူသားများအားလုံးပွင့်လင်းစွာဖြစ်စေ၊ လျှို့ဝှက်စွာဖြစ်စေ ပြုလုပ်သမျှ၊ ပြောဆိုသမျှ အရာအားလုံးသိရှိတော်မူသော အရှင်ဖြစ်တော်မူပေသည်။

စတုတ္ထအာယသ်တော်ထဲတွင်အမှန်တရားဆန့်ကျင်မှုတွင်ခေါင်းမာစွာနှင့်အလျှော့မပေးဘဲ အရိုးစွဲနေအောင် ဂရုမမူသောလူသားတို့အားပြစ်တင်မိန့်ကြားထားသည်မှာ **وَمَا تَاْتِيْهِمْ مِّنْ اٰيَةٍ مِّنْ اٰيٰتِ رَبِّهِمْ اِلَّا كَانُوْا عَنْهَا مُعْرِضِيْنَ** ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်တစ်ပါးတည်းတည်ရှိတော်မူကြောင်းရှင်းလင်းသော သက်သေသာဓကများ နှင့် ပွင့်လင်းထင်ရှားသည့်လက္ခဏာများရှိလင့်ကစား၊ လူသားများထဲမှ မကြေနပ်သူများကန့်ကွက်သူများသည် ၎င်းတို့ စိတ်ကြိုက်နည်းလမ်းကိုရွေးချယ်အသုံးချသောကြောင့် ၎င်းတို့အားလမ်းညွှန်မှုပေးရန်အတွက် ပြသသော မည်သည့်လက္ခဏာကိုမဆို အနည်းငယ်လေးမျှ ဂရုမမူဘဲမျက်နှာလွှဲသွားကြသည်။ နောက်ဆုံးနှင့်ပဉ္စမအာယသ် တော်ထဲတွင် ဤဂရုမပြုခြင်း၏အသေးစိတ်များကို အဖြစ်အပျက်အချို့တို့ဖြင့် ထောက်ပြထားသည်။ မိန့်ထားသည်မှာ- **فَقَدْ كَذَّبُوْا بِالْحَقِّ لَمَّا جَآءَهُمْ** (သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့ထံ"အမှန်"ရောက်ရှိ လာသောအခါ ထိုအမှန်ကိုလည်း ငြင်းပယ်လိုက်ကြလေသည်။) ဟူ၍ဖြစ်သည်။ ဤနေရာရှိ "အလ်ဟတ်က်" (အမှန်)ဟူသောစကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း အမြင့်မြတ်ဆုံးလူသား တမန်တော် မြတ် (ဧ) သခင်ကိုလည်းကောင်း ဆိုလိုနိုင်သည်။

အကြောင်းမှာ တမန်တော်မြတ်ကြီးသည် ဤအာရပ်မျိုးနွယ်စုများတွင် ဘဝတသက်တာလုံးနေထိုင်ခဲ့ ၍ဖြစ်သည်။ ကိုယ်တော်မြတ်သည် ကလေးတစ်ယောက်ဘဝမှ လူငယ်လူရွယ် ထိုမှတဆင့်လူကြီးအဖြစ် ၎င်းတို့

မျက်စိရှေ့တွင်ကြီးပြင်းလာခဲ့သည်။ တမန်တော်မြတ် (ﷺ) သခင်သည် မည်သည့်လူသားဆရာတစ်ဦးထံကမှ သင်ကြားပြသမှုလုံးဝမခံရကြောင်းမှာ ၎င်းအမည်ပင် ၎င်းမရေးနိုင်ကြောင်း သူတို့တတွေကောင်းကောင်းသိရှိခဲ့ပါသည်။ အာရေးဗီးယားတခွင်လုံးကိုယ်တော်မြတ် (ﷺ) သခင်အား အွမ်မီ(စာပေမတတ်၊ကျောင်းမတက်ခဲ့ရ) ဟူသောဘွဲ့ဖြင့်သိရှိခဲ့ကြသည်။ အနှစ်လေးဆယ်တိုင် ကိုယ်တိုင်မြတ်သည်၎င်းတို့ကြားယင်းအတိုင်းရှိခဲ့သည်။ ကိုယ်တော်မြတ် (ﷺ) သည် ကဗျာလင်္ကာနှင့်ပတ်သက်၍မည်သည့်စိတ်ဝင်စားမှု(ဤအရွယ်သည် ကဗျာလင်္ကာနှင့်ပတ်သက်၍စိတ်ဝင်စားသည်။)မျှမပြသ သကဲ့သို့သမရိုးကျစာပေနှင့်သင်ကြားမှုအတွက် အထုံဝါသနာလည်းမပါရှိချေ။ ထို့နောက် ကိုယ်တော်မြတ်အသက်လေးဆယ်ပြည့်ပြီးနောက် ရုတ်တရက်ပြောင်းလဲမှုတစ်ရပ်ဖြစ်ပေါ်ခဲ့သည်။ ကိုယ်တော်မြတ် (ﷺ) သခင်၏မြင့်မြတ်သော်မူသောနှုတ်လျှာသည်ထိုးထွင်းသိမြင်ခြင်း၊ စစ်မှန်မှုများ၊ ပညာရေးနှင့်အနုပညာများ၏မြစ်ဖျားခံရာဖြစ်သွားကာ ကမ္ဘာ၏အကောင်းဆုံးပညာရှင်များသည်ပင်လျှင် မယှဉ်နိုင်တော့ချေ။ ကိုယ်တော်မြတ်၏အလွာဟ်အရှင်မြတ် အမိန့်တော်များနှင့်တူညီသောစကားလုံးများ ဖန်တီးစေရန် အာရေးဗီးယားတခွင်ရှိ စကားလုံးနှင့်ပတ်သက်၍ အာဝဇ္ဇန်းရွှင်၍တတ်သိနားလည်သော အကျော်အမော်တိုင်းကို စိန်ခေါ်ခဲ့ပါသည်။ သို့သော်လည်း တမန်တော်မြတ်အား အနိုင်ရရန်အတွက်ဆိုလျှင် ၎င်းတို့အသက်၊ စည်းစိမ်၊ ဥစ္စာ၊ ဂုဏ်သိက္ခာ၊ သားသမီး၊ မိသားစု၊ မည်သည့်အရာ၊ မည်သည့်အချိန်တွင်မဆို စွန့်ပဲ့သော သူများသည် အနည်းဆုံးကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်စာပိုဒ်နှင့်တူသော အာယသ်တစ်ခု ထုတ်ဖော်ပြရန် ကိုယ်တော်မြတ်၏စိန်ခေါ်မှုကို လက်ခံရန်အတွက် သတ္တိမရှိခဲ့ကြပါ။

ထို့ကြောင့် တမန်တော်မြတ် (ﷺ) သခင်နှင့် ကုရ်အာန်ကျမ်းတော်မြတ်တည်ရှိနေခြင်းသည် ကျိုးကြောင်းညီညွတ်ခြင်း၏ ငြင်းမရသော လက္ခဏာတစ်ရပ်ဖြစ်ပေသည်။ ယင်းအပြင်ထပ်၍မည်သည့်စိတ်ထားမှန်သူတစ်ဦးကမျှငြင်းဆိုမရသော ထောင်ပေါင်းများစွာသည့် တန်ခိုးပြာဋိဟာမျှားနှင့် ပွင့်လင်းသောလက္ခဏာများကို ကိုယ်တော်မြတ်၏လက်တော်မှ ဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ထိုသူများက ယင်းသို့သော လက္ခဏာများကို လုံးဝဥဿုံငြင်းဆိုကြပါသည်။ ထို့ကြောင့်အာယသ်တော်ထဲတွင်-**فَقَدْ كَذَّبُوْا بِالْحَقِّ لَمَّا جَآءَهُمْ** (သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့ထံ "အမှန်"ရောက်ရှိလာသောအခါ ထိုအမှန်ကိုလည်း ငြင်းပယ်လိုက်ကြလေသည်။) ဟုမိန့်ကြားထားသည်။

အမှန်ကို မှားအောင်ပြုလုပ်ရန် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုဝမ်းနည်းဖွယ် အဆုံးသတ်ခြင်းကို အာယသ်တော် အဆုံးသတ်ကာနီးထောက်ပြထားသည်မှာ-**فَسَوْفَ يَأْتِيهِمْ أَنبَٰٓؤُا۟ مَا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ** (သို့ဖြစ်၍ ၎င်းတို့ထံမကြာမြင့်မီ ကာလအတွင်းအကြင်အရာ၏သတင်းအမှန်သည် ရောက်လာပေမည်။ ထိုအရာနှင့်စပ်လျဉ်း၍ ၎င်းတို့သည် ပြက်ချော်ပြောင်လှောင်လေ့ရှိခဲ့ကြ၏။)ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ယခုတိုင် ၎င်းတို့ကံကြမ္မာကို ဂရုမစိုက်သော ဤသူများသည်ကိုယ်တော်မြတ် (ﷺ) သခင် သယ်ဆောင်လာသော အလ္လာဟ်အရှင်မြတ်၏အမိန့် ပညတ်တော်များနှင့်တန်ခိုးပြာဋိဟာများ၊ ကိယာမသ်(တရားစီရင်မည့်နေ့)နှင့်အာခိရတ်(နောင်တမလွန်ဘဝ)ရှိသည်ဆိုသည့် လုံးဝဥဿုံမှန်ကန်သည့်သတင်းစကားကို ပျက်ရယ်ပြုကြသည်။ သို့သော်လည်း များမကြာမီ ဤစစ်မှန်မှုများ ၎င်းတို့မျက်ဝါးထင်ထင်တွေ့ရှိရမည့်အချိန်ရောက်လာပါလိမ့်မည်။ စင်စစ်ကိယာမသ်အမှန်ဖြစ်လာပါလိမ့်မည်။ လူတိုင်းသည် မိမိ၏ယုံကြည်ချက်နှင့်လုပ်ရပ်အတွက် စာရင်းစစ်ဆေး

(ဟီစား၆)ခံရပါလိမ့်မည်။ ထို့ပြင် သူ(သို့)သူမတို့သည် မိမိတို့လုပ်ကိုင်ခဲ့သည်များအတွက် ဆုလာဘ်ရရှိခြင်း(သို့) ပြစ်ဒဏ်ခပ်ခံရခြင်းရှိလိမ့် မည်။ သို့သော်လည်း ထိုအချိန်ကျမှ ယုံကြည်ခြင်းနှင့်ဘာသာဝင်ခြင်းသည်ကား ၎င်းတို့အတွက် အလုပ်မဖြစ်ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့သည် လုပ်ရပ်များလုပ်ရမည့်နေရမဟုတ်ပဲ ပြစ်ဒဏ်စီရင်သောနေ့ဖြစ်သော ကြောင့်ပင်တည်း။ စဉ်းစားရန်မှာယခုအချိန်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ယခုပြစ်ဒဏ်မချပဲ သက်သာခွင့်ပေးထားချိန်ဖြစ်သည်။ ပြောရမည်ဆိုလျှင် ဤသည်မှာ အလ္လာဟ်အရှင် ပေးထားသော ကုသိုလ်ကံပင်ဖြစ်သည်။ ယခုပင်လျှင် စတင်လုပ်ဆောင်လော့။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်မှုရှိခြင်းဖြင့်သာလျှင် သင်သည် ဤကမ္ဘာတွင်နှင့်ထာဝရဖြစ်မည့်နောင်တမလွန်ဘဝတွင် အောင်မြင်ပါလိမ့်မည်။

XXXXXXXXXX

tm,of (6-11)

أَلَمْ يَرَوْا كَمْ
أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ مَّكَّنَّاهُمْ فِي الْأَرْضِ مَا لَمْ نُمَكِّن لَّكُمْ
وَأَرْسَلْنَا السَّمَاءَ عَلَيْهِم مِّدْرَارًا وَجَعَلْنَا الْأَنْهَارَ تَجْرِي مِن
تَحْتِهِمْ فَأَهْلَكْنَاهُم بِذُنُوبِهِمْ وَأَنشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ ۝٦
وَلَوْ نَزَّلْنَا عَلَيْكَ كِتَابًا فِي قِرْطَاسٍ فَلَمَسُوهُ بِأَيْدِيهِمْ لَقَالَ
الَّذِينَ كَفَرُوا إِنْ هَٰذَا إِلَّا سِحْرٌ مُّبِينٌ ۝٧ وَقَالُوا لَوْلَا أُنزِلَ
عَلَيْهِ مَلَكٌ وَلَوْ أَنزَلْنَا مَلَكًا لَّقُضِيَ الْأَمْرُ ثُمَّ لَا يُنظَرُونَ ۝٨
وَلَوْ جَعَلْنَاهُ مَلَكًا لَّجَعَلْنَاهُ رَجُلًا وَلَلَبَسْنَا عَلَيْهِم مَّا
يَلْبِسُونَ ۝٩ وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ
بِالَّذِينَ سَخِرُوا مِنْهُم مَّا كَانُوا بِهِ يَسْتَهْزِئُونَ ۝١٠ قُلْ
سِيرُوا فِي الْأَرْضِ ثُمَّ انظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ ۝١١

ငါအရှင်မြတ်သည် ၎င်းတို့အလျှင် အဘယ်မျှလောက်သော လူမျိုးတို့ကို ပျက်စီးစေတော်မူခဲ့သည်ကို ထိုသူတို့သည်မမြင်ခဲ့ကြသလော။ ငါအရှင်မြတ်သည်ထိုလူမျိုးတို့အား ကမ္ဘာမြေပြင်ဝယ် အခြေစိုက်တည်မြဲစေတော်မူခဲ့နည်း မျိုးဖြင့် အသင်တို့အား အခြေစိုက်တည်မြဲစေတော်မူခဲ့သည်မဟုတ်ပေ။ ထို့ပြင်တဝင်ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌မိုးကိုသည်းထန်စွာရွာသွန်းစေတော်မူခဲ့၏။ ၎င်းပြင်ငါအရှင်မြတ်သည် ထိုသူတို့၏နောက်တွင်အခြားလူမျိုးတို့ကိုဖန်ဆင်းတော်မူခဲ့လေသတည်း။ (၆း၆)

၎င်းပြင်အကယ်၍ ငါအရှင်မြတ်သည် အသင်တို့၏အပေါ်သို့စာရွက်တွင် ရေးသားထားသော ကျမ်းတစ်စောင်စောင်ကိုထုတ်ပြန်တော်မူခဲ့သော် ထို့နောက် ထိုသူတို့သည် ယင်းကျမ်းကို မိမိတို့၏လက်များဖြင့်ထိတွေ့စမ်းသပ်ခဲ့ကြသည်

ရှိသော်၊ သို့တစေလည်း“ကာဖိရ်”မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့ကမူ “ဤသည်အလွန်ထင်ရှားသောစုန်းပယောဂဖြစ်သည်ဟူ၍ပင်မုချပြောဆိုကြပေမည်။

(တစ်နည်း) ၎င်းပြင် အကယ်၍ငါအရှင်မြတ်သည် အသင်၏အပေါ်သို့စာရွက်တွင်ရေးသားထားသော ကျမ်းတစ်စောင်စောင်ကို ထုတ်ပြန်တော်မူခဲ့လေသည် ရှိသော်၊ ထို့နောက် ထိုသူများသည် ထိုကျမ်းစာကို မိမိတို့လက်များဖြင့် စမ်းသပ်ကိုင်တွယ်ကြည့်ကြသည်ရှိသော်၊ ထိုအခါတွင်လည်း ကာဖိရ်များက “ဤသည် ထင်ရှားသောစုန်းပယောဂမျှသာဖြစ်သည်။”ဟူ၍ပင်ပြောဆိုကြပေမည်။

(တစ်နည်း) စင်စစ်သော်ကား (အကယ်၍သာငါအရှင်မြတ်သည် အသင်၏အပေါ်ဝယ် စာရွက်တွင်ရေးသားထားသော ကျမ်းဂန်တစ်စောင်စောင်ကို ထုတ်ပြန်ချမှတ်တော်မူခဲ့အုံး။ ထို့နောက်ထိုသူတို့သည် ယင်းကျမ်းဂန်ကို မိမိတို့၏လက်များဖြင့် စမ်းသပ်ထိတွေ့ခဲ့ကြငြားအုံးလည်း(၎င်းတို့အနက်)ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့မူကား“ဤသည်အလွန်ထင်ရှားသောစုန်းပယောဂမျှဖြစ်သည်ဟူ၍ပင်ပြောဆိုကြပေမည်။ (၆း၇)

၎င်းပြင်ထိုသူတို့က“အဘယ့်ကြောင့် ၎င်း(နဗီတမန်တော်)၏ထံသို့ကောင်းကင်တမန်တစ်ပါးစေလွှတ်ထားခြင်းမရှိပါသနည်း”ဟု ပြောဆိုကြကုန်၏။ စင်စစ်မှာမူ အကယ်၍သာ ငါအရှင်မြတ်သည် ကောင်းကင်တမန်တစ်ပါးပါးကို စေလွှတ်တော်မူခဲ့ပါလျှင် အရေးကိစ္စမှာ မုချကောန်ပြီးဆုံးသွားမည်သာဖြစ်၏။ ထို့နောက်ပိုင်းတွင် ၎င်းတို့သည် (အပြစ်ပေးခြင်းမှအနည်းငယ်မျှ)ရွှေ့ဆိုင်းခွင့်ကို ရရှိကြလိမ့်မည်မဟုတ်ပေ။ (၆း၈)

ထိုမှတစ်ပါး အကယ်၍သာ ငါအရှင်မြတ်သည်၎င်း(ရစူလ်တမန်တော်)အားကောင်းကင်တမန်တစ်ပါးပြုလုပ်တော်မူခဲ့ပါလျှင် မုချကောန် ငါအရှင်မြတ်သည် ထိုကောင်းကင်တမန်ကိုလည်း (ရုပ်ဆင်းသဏ္ဌာန်အားဖြင့်လူ)ယောကျ်ားသာလျှင်ပြုလုပ်တော်မူမည်ဖြစ်သည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူ့အား(ယခု)ထိုသူများယုံမှားသံသယဖြစ်သကဲ့သို့ပင် (ထပ်မံ၍)မုချယုံမှားသံသယဖြစ်စေတော်မူမည်ဖြစ်၏။(၆း၉)

(အို-နဗီတမန်တော်) အသင်၏အထက် အဆက်ဆက်က ရစူလ်တမန်တော်များသည်လည်း ပြက်ရောပြောင်လှောင်ခြင်းကို ထင်ရှားစေကန်အမှန်ခံ၍

သွားခဲ့ကြရသည်။ ထို့နောက် ယင်းရစူလ်တမန်တော်တို့အား ပြက်ချောက်ပြောင်လှောင်ကြလေသောသူတို့ကို ၎င်းတို့ပြက်ချော်ပြောင်လှောင်ခဲ့ကြသော အပြစ်ဒဏ်သည်ပင်လျှင် ဝန်းဝိုင်းခဲ့လေသည်။ (၆း၁၀)

(အို-နဗီတမန်တော် အကယ်၍၎င်းတို့သည် ရှေးဟောင်းလူများအပြစ်ဒဏ် ခံစားခဲ့ကြရသည်ကို မယုံမကြည်ငြင်းပယ်ကြပါမူ)အသင်သည် (ယင်းသူတို့အား ဤကဲ့သို့ပြောကြားပါလေ) အသင်တို့သည် ပထဝီမြေပြင်ဝယ် သွားလာလည်ပတ်ကြလေကုန်။ ၎င်းနောက် မဟုတ်မမှန်ဟူ၍ငြင်းပယ်သောသူတို့၏ အကျိုးသည်မည်သို့ရှိခဲ့သည်ကို အသင်တို့ကြည့်ရှုကြလေကုန်။ (၆း၁၁)

tusf[kH;rdkyjcif;

ပြီးခဲ့သော အာယသ်တော်များထဲတွင် အလ္လာဟ်အရှင်မြတ်၏အမိန့်ပညတ်ချက်တော်များနှင့်တမန်တော်များ၏ သင်ကြားပို့ချချက်များကို ဆန့်ကျင်သော(သို့)ရှောင်ရှားသောသူများရင်ဆိုင်ရမည့် ကြီးလေးသည့် အကျိုးဆက်များအကြောင်း ဖော်ပြထားသည်။ လက်ရှိအာယသ်တော်များထဲတွင် အမှန်တရားငြင်းပယ်သော ထိုသူများကိုပင် ၎င်းတို့ပတ်ဝန်းကျင်ရှိ အခြေအနေများနှင့်၎င်းတို့အလျင်ရှိနှင့်ခဲ့သောသူများ၏အခြေအနေများအကြောင်းလေ့လာစုံစမ်း၍ ပြုပြင်ပြောင်းလဲနိုင်ရန် အခွင့်အရေးတစ်ရပ်ပေးခဲ့သည်။ အတိတ်ကအဖြစ်အပျက်များထဲတွင် ကျိုးနွံအောင်ဆုံးမထားသော သင်ခန်းစာအပြည့်အဝပါဝင်သည်မှာ သံသယမရှိချေ။ အကယ်၍ အသိဉာဏ်ပညာရှာဖွေရန်လေ့လာခဲ့လျှင် အကြိမ်တစ်ထောင်ဟောပြောခြင်းထက် ပို၍အကျိုးရှိကြောင်း သက်သေခံပါလိမ့်မည်။ ထို့ကြောင့် "ကမ္ဘာကြီးသည် အကောင်းဆုံးကျမ်းစာအုပ်၊ အကောင်းဆုံးအချိန်နှင့် အကောင်းဆုံးဆရာသမားဖြစ်သည်"ဟူသော ပညာရှိသုခမိန်တို့၏ဆိုရိုးစကားကား အတည်ဖြစ်လျှက်ရှိပါသည်။ ထို့ကြောင့် အသိဉာဏ်ပေါ်အခြေခံသည့် သမိုင်းဆိုင်ရာအကြောင်းအရာအတိုအထွာများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ကောင်းမွန်သောအစိတ်အပိုင်းတစ်ခုဖြစ်လာပါသည်။ သို့သော်လည်း ယေဘုယျပြောရလျှင် လူအများသည်ဘဝကို ကောင်းမွန်စွာပြုမူနေထိုင်ရာ၌ ကမ္ဘာ့သမိုင်းကိုလေးလေးနက်နက်သဘောမထားကြပါ။ ၎င်းတို့သည် ထိုသမိုင်းကြောင်းမှ အကျိုးအမြတ်ရယူရမည့်အစား ၎င်းတို့အိပ်ရန်(သို့) ပိုလျှံသောအချိန်များဖြုန်းရန်အတွက်ယင်းကို အသိပညာဆိုင်ရာ ဖျော်ဖြေမှုတစ်ခုအဖြစ် ပြုလုပ်လိုက်သည်။

ဤအတွက်ကြောင့်ပင်လျှင် ကုရ်အာန်ကျမ်းတော်မြတ်သည် သမိုင်းကြောင်း၏အနှစ်သာရကို သတိပေးသည့်သူအနေဖြင့်လည်းကောင်း၊ ကောင်းမြတ်သောအကြံဉာဏ်ပေးသူအနေဖြင့်လည်းကောင်း သတ်မှတ်ဟန်တူပေသည်။ သို့သော်လည်း သမိုင်းဆိုင်ရာစိတ်ကူးယဉ်ဇာတ်လမ်းများသည် ဇာတ်လမ်းအရ အဆုံးသတ်သွားလေ့ရှိသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်ရှိအကြောင်းအရာ၊ မုခ္ဓတ်တို့သည်ကား ထိုသို့မဟုတ်ချေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည်သမိုင်းကြောင်းဆိုင်ရာ အဖြစ်အပျက်များကို တစ်ဆက်တည်း စဆုံးဖော်ပြလေ့မရှိချေ။ သို့မဟုတ်မူပဲ ကုရ်အာန်ကျမ်းတော်မြတ်သည် မူရင်းစာသားတင်ပြရာတွင် ယင်းအကြောင်းအရာပါ

သတင်းစကားအထားအသိုနှင့် ဆက်နွယ်သောသမိုင်းဆိုင်ရာအဖြစ်အပျက်အကြောင်းအရာ တစိတ်တဒေသကို သာလျှင် ရွေးချယ်ဖော်ပြသည်။ ထို့နောက်အခြားတစ်နေရာ၊ အခြားအချိန်တွင် ယင်းနှင့်ဆက်နွယ်သောသမိုင်းဆိုင်ရာအဖြစ်အပျက်အကြောင်းအရာ၏အခြားတစိတ်တဒေသကို ဖော်ပြပေလိမ့်မည်။ ဤသည် ရည်ညွှန်းသည်မှာ အကြောင်းအရာတစ်ခု၊ တင်ပြချက်တစ်ခုသည် သူဟာသူအဆုံးမသတ်ဟူ၍ဖြစ်သည်။ ရည်ရွယ်ချက်မှာ တင်ပြချက်၏ရလဒ်နှင့်အဖြစ်အပျက်၏လက်တွေ့ပါဝင်ပတ်သက်မှုကိုဖော်ထုတ်ပြရန်ဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် ရည်မှန်းချက်အတွက် လိုအပ်သည်များကိုသာ ထိုရည်မှန်းချက်အတိုင်း ၎င်းအခြေအနေများကိုလေ့လာစမ်းစစ်၍လုပ်ဆောင်သင့်သည်။ ဆိုလိုသည်မှာ ဖြစ်ပြီးသမျှထဲမှ အရေးကြီးသော သင်ခန်းစာများကို လေ့လာဆည်းပူး၍ မိမိကိုယ်မိမိပြုပြင်ရပါမည်။

ပထမအာယသ်တော်ထဲတွင် တမန်တော်မြတ် (e) သခင်တိုက်ရိုက်ဦးတည်မိန့်ကြားသော မက္ကာဟ် သားများအကြောင်း-**اَلَمْ يَرَوْا كَمْ اَهْلَكْنَا مِنْ قَبْلِهِمْ مِّنْ قَرْنٍ** "ငါအရှင်မြတ်သည် ၎င်းတို့အလျင် အဘယ်မျှလောက်သောလူမျိုးတို့ကို ဖျက်စီးစေတော်မူခဲ့သည်ကို ထိုသူတို့သည် မမြင်ခဲ့ကြသလော။"ဟူ၍မိန့်ကြားထားသည်။ ဤနေရာတွင် သုံးနှုန်းထားသော "မြင်တွေ့ခြင်း"ဟူသောစကားလုံးက အကြောင်းအရာကို စဉ်းစားဆင်ခြင်ရန် ဟူ၍အဓိပ္ပါယ်သက်ရောက်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် ဖျက်စီးခံရသောဤလူမျိုးများသည် ဤအချိန်၌ ၎င်းတို့ကြည့်မြင်နိုင်ရန် ၎င်းတို့ရှေ့မှောက်မရှိကြတော့သောကြောင့်ဖြစ်သည်။ ထို့နောက် မြောက်များစွာသောလူမျိုးတို့အားဖျက်ဆီးခြင်း –rQ (ကရ်န်) အကြောင်းဖော်ပြထားသည်။

–rQ "ကရ်န်ဧ" ဟူသောစကားလုံးကိုအချိန်တစ်ချိန်(သို့)ကာလတစ်ရပ်၌ တစုတပေါင်းတည်းရှိကြသောလူတစ်စုအတွက် သုံးနှုန်းသည်။ ယင်းစကားလုံးကိုရှည်လျားသောအချိန်ကာလကိုဖော်ပြရန်သုံးနှုန်းသည်။ ယင်းအချိန်ကာလသည် ကွဲပြားသောအဓိပ္ပါယ်ပြန်ဆိုမှုအပေါ်မူတည်၍ ဆယ်နှစ်မှနှစ်တစ်ရာထိကြာရည်နိုင်သည်။ သို့သော်လည်းအချို့သောအဖြစ်အပျက်များနှင့်ဆင့်ပြန်ချက်များတို့က ဤစကားလုံးသည် အနှစ်တစ်ရာကို ဆိုလိုသည့်သဘောထားအားထောက်ခံကြသည်။ ဟဒီးဆ်တော်တစ်ရပ်တွင် ကိုယ်တော်မြတ် (e) သခင်က စိုက်ယိဒနာအင့ဇူလ္လာဟ်အိဗနိဗူစ်ရ် အလ်မအ်ဇီနီအား သူသည် တစ်ကရ်နိ်ထိနေထိုင်လိမ့်မည်ဟု မိန့်ကြားခဲ့သည်။ တမန်တော်မြတ် (e) သခင်က ကလေးငယ်တစ်ဦးအား ၎င်းတစ်ကရ်နအသက်ရှင်နေနိုင်ရန် တောင်းဆုဒိုအာပြုခဲ့ရာ၌ ထိုကလေးသည် အသက်တစ်ရာတိတိနေထိုင်သွားခဲ့ရသည်။ အုလမာအများစုသည် ကျော်ကြားသောဟဒီးဆ်တော်ဖြစ်သော-**خَيْرُ الْقُرُوْنِ قَرْنِىْ ثُمَّ الَّذِيْنَ يَلُوْنَهُمْ ثُمَّ الَّذِيْنَ يَلُوْنَهُمْ** (ကမ္ဘာတလွှားလွှမ်းမိုးအဟ်ခုသ်ဗာဟ်၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖတ်ရှုတ်သရစ္ဈာယ်နေဆဲ)သည် ဤအဓိပ္ပါယ်အတိအကျပင်ဖြစ်သည်။ ယင်းမှာ တစ်ကရ်နသည် နှစ်ပေါင်းတစ်ရာဖြစ်သည်။

ကမ္ဘာကြီး၏လွန်လေပြီးသော လူများအကြောင်းနှင့်ပတ်သက်၍ ဦးစွာပထမမိန့်ထားသည်မှာ ၎င်းတို့အားပေးသနားခဲ့သော ဩဇာအာဏာနှင့်ကိုယ်စိတ်နှစ်ဖျာကျမ်းမာချမ်းသာမှုတို့ကို ၎င်းတို့နောက်ပေါ်ပေါက်လာသောလူများကို မပေးခဲ့ပါ။ သို့သော်လည်း ဤသူများသည် တမန်တော်များအား မယုံကြည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်အမိန့်ပညတ်တော်များဖီဆန်ခြင်းနည်းလမ်းများလုပ်ဆောင်သောအခါ၌ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုဖြစ်သော ၎င်းတို့အား လုံးဝဥဿုံဖျက်ဆီးခဲ့ခြင်းကြောင့် ထိုခမ်းနားကြီးကျယ်သည့် ဩဇာ

အာဏာနှင့် ဥစ္စာဓနများသည် အချိုးအနှိုးဖြစ်သွားပါတော့သည်။ ထို့ကြောင့် ဤသည်က အကျော်ဒေရဖြစ်သည့် အားဒ်နှင့်စမူးဒ်တို့ကဲ့သို့လည်း ဩဇာအာဏာလည်းမရှိ၊ ဆီးရီးယားနှင့်ယီမန်တို့ရှိလူများကဲ့သို့ ဥစ္စာဓနပေါကြွယ်မှုလည်းမရှိသော ဦးတည်ပြောခံရသည့် ထိုခေတ်က မက္ကာဟ်မြို့သားများအတွက် သင်ခဏ်းစာတစ်ခုဖြစ်သွားသည်။ ထိုသူများအတွက် ပစ္စက္ခကာလတွင် လိုအပ်ချက်သည် လွန်လေပြီးသောသူများဘာဖြစ်ခဲ့သည်ဟူသည်မှ သင်ခဏ်းစာထုတ်ယူကာ ၎င်းတို့လုပ်ရပ်များကို ပြန်လည်စမ်းစစ်၍ အမှန်တရားကိုဆန့်ကျင်ခြင်းအားဖြင့် ၎င်းတို့ဘယ်နေရာ၌ အဆုံးသတ်မည်ဆိုခြင်းကို စဉ်းစားရန်လိုအပ်သည်။

အာယသ်တော်အဆုံး၌- **وَاَنْشَاْنَا مِنْۢ بَعْدِهِمْ قَرْنًا اٰخَرِيْنَ**(၎င်းပြင်ငါအရှင်မြတ်သည် ထိုသူတို့၏နောက်တွင် အခြားလူမျိုးတို့ကိုဖန်ဆင်းတော်မူခဲ့လေသည်။)ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်ဂျလ္လာယ္ဟာနူဟူ၏ကြီးမားသောတန်ခိုးအာဏာသည် ခွန်အားကြီး၍ဩဇာအာဏာရှိသော လူမျိုးများကိုလျှပ်တစ်ပျက်အတွင်းဖျက်ဆီးခဲ့သည်ပေါ်မှာသာကန့်သတ်ထားသည်မဟုတ်ချေ။ ၎င်းတို့၏အပျက်အစီးပြာပုံပေါ်တွင် အခြားသူများအားပေါ်ထွက်၍ယင်းနေရာ၌ပင်နေစေကာ ဤနေရာ၌မည်သည်မှမဖြစ်ခဲ့မည်သည့်အရာမျှ လျော့နည်းခဲ့ခြင်းမရှိသကဲ့သို့ပြုလုပ်ထားခဲ့သည်။ ဤအလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဥာဏ်တော်၏မြင်ကွင်းသည်ကား အချိန်တိုင်းခေတ်ကာလတိုင်း လူပေါင်းထောင်ပေါင်းများစွာသည် နေ့စဉ်နေ့တိုင်း သေကြေနေကြသော်လည်း ယင်းနေရာ၌ မည်သည်မျှ လစ်ဟာနေသည်မရှိသကဲ့သို့ပင် မြင်တွေ့နေရပေသည်။ ဤနေရာတွင် ရှိခဲ့သူများသည်မရှိတော့ဟူသည်ကို ကျွန်ုပ်တို့ဘယ်သောအခါမျှ ပြန်လည်သတိမူမိလိမ့်မည်မဟုတ်ချေ။

တစ်ချိန်က အမျိုးသားအမျိုးသမီးလူတစ်သန်းခန့်သည် အရဖတ်ကွင်းပြင်တဝှမ်း ပြန့်နှံ့လျှက်ရှိခဲ့သည်။ နှစ်ပေါင်း ၇၀ (ပို) ၈၀ အလျင်ကဆိုလျှင် ဤလူစုလူဝေးကြီးမှ တစ်ဦးတလေမျှ မတည်ရှိခဲ့သးဟု အတွေးဝင်လာသည်။ ဤအရဖတ်ကွင်းပြင်တွင်ပင် ထိုစဉ်ကရှိခဲ့သူများသည် ယနေ့ခေတ်တွင် မတည်ရှိတော့ချေ။ ဤနည်းနှင်နှင် မည်သည့်လူသားအစုအဝေးအကြောင်းကိုမဆို စဉ်းစားကြည့်ပါ။ မည်သည့်တက်တက်ကြွကြွရှိသော အစုအဝေးအကြောင်းကိုမဆို စဉ်းစားကြည့်ပါ။ ၎င်းတို့၏ အတိတ်နှင့်အနာဂတ်အကြောင်းစဉ်းစားကြည့်ပါ။ ထို့ပြင် သင်ဘာရမည်ကိုစမ်းစစ်ကြည့်ပါ။ တစ်စုံတစ်ဦးက အသင့်အားအရာများ၏အဆုံးစွန်မှန်ကန်မှုအကြောင်းတွေးတောဆင်ခြင်ခိုင်းသည်မှာ-

فَتَبٰرَكَ اللّٰهُ اَحْسَنُ الْخٰلِقِيْنَ

ဒုတိယအာယသ်တော်(၇)သည် သီးခြားဖြစ်ရပ်တစ်ခုနောက်ခံအကြောင်းကြောင့် ကျရောက်ခဲ့သည်။ ယင်းမှာ အဗ္ဗဒွလ္လာဟ်အိဗနိအုဗိုင်ယဟ်သည် တမန်တော်မြတ် (ဧ) သခင် ရှေ့မှောက်လာ၍ရန်လိုသည့် တောင်းဆိုချက်တစ်ရပ်တောင်းသည်မှာ "အသင်သည် မိုးကောင်းကင်တက်၍ ထိုမှကျမ်းတစ်စောင်ယူဆောင်လာသည်ကိုကျွန်ုပ်တို့မျက်ဝါးထင်ထင်မတွေ့မြင်ရသမျှကာလပတ်လုံး အသင့်ကို ကျွန်ုပ်တို့မယုံကြည်နိုင်ချေ။ ထိုကျမ်းဂန်တွင်ကျွန်ုပ်နာမည်နှင့်ကျွန်ုပ်ကအသင့်အားတမန်တော်ဖြစ်ကြောင်း ထောက်ခံထားမှုရေးသားချက်လည်းပါရှိရမည်။"ဟုဖြစ်သည်။ ထို့နောက် ဤပြောဆိုမှုကို ထပ်ဆောင်း၍ကြေငြာခဲ့သည်မှာ ကိုယ်တော်မြတ်ဤသည်တို့ကိုပြီးမြောက်အောင်လုပ်ဆောင်သည့်တိုင် ၎င်းအထင်မကြီးချေ။ အဘယ့်ကြောင့်ဆိုသော် သူသည်အစွမ်းသာသနာကိုမည်သည့်နည်းနှင့်မျှ ကူးပြောင်းလိုခြင်းမရှိချေ။

ကံကြမ္မာကား ဆန်းကျယ်လှသည်။ ဤလူသည် နောက်ပိုင်း၌ အစ္စလာမ်သာသနာသို့ဝင်ရောက်ခဲ့ပါသည်။ သူ အစ္စလာမ်သာသနာသို့ဝင်ရောက်မှုမှာ မည်မျှပြင်းထန်၍မည်မျှအဆင့်အတန်းရှိသနည်းဆိုလျှင် အစ္စလာမ့်အရေးအခင်း၌ အောင်နိုင်သော စစ်သည်တော်တစ်ဦးဖြစ်ကာ သွာအိဖ်စစ်ပွဲ၌ ရှဟာဒတ်(အာဇာနည်သူရဲကောင်း)ဘွဲ့ရရှိခဲ့ပါသည်။

ကိုယ်တော်မြတ်သည် ၎င်းလူများအပေါ်၌ ၎င်းတို့၏မိဘများထက်ပင် သာလွန်ချစ်မြတ်နိုးသောအချိန်၌ထိုကဲ့သို့သော မလိုလားအပ်ပဲ ရန်လိုသောတောင်းဆိုမှုများနှင့် ပျက်ရယ်လှောင်ပြောင်၍စော်ကားသော စကားပြောဆိုမှုများသည် ကိုယ်တော်မြတ် (ﷺ) သခင်ကို ထိခိုက်စေခဲ့ပါသည်။ ဤအခံရခက်သောဆိုးဝါးသည့် အပြုအမူများသည် တမန်တော်မြတ် (ﷺ) သခင်၏နှလုံးသားတွင် မည်သို့ ထိခိုက်သွားမည်ဆိုသည်ကား ကျွန်ုပ်တို့တိုင်းတာ၍ မရချေ။ တမန်တော်မြတ်ကြီးကဲ့သို့ပင် သူ့လူများကောင်းကျိုးကို တစိုက်မတ်မတ်အာရုံစိုက်သူသည် သာလျှင် ခံစားနိုင်ပေသည်။

ထို့ကြောင့် ကိုယ်တော်မြတ်အား နှစ်သိမ့်ရန်အတွက် ၎င်း၏ရန်သူတို့တောင်းဆိုခြင်းမဟုတ်သကဲ့သို့ လိုက်နာချင်၍လည်းမဟုတ်ကြောင်း မိန့်ထားသည်။ ထိုသူတို့သည် မိမိတောင်းဆိုနေသည်ကို မရပ်မနားတောင်းဆိုနေသောလူစားမျိုးသာဖြစ်သည်။ အကယ်၍ထိုသူများသည် ၎င်းတို့တမန်တော်များ၏မှန်ကန်မှုကိုပိုမိုထင်ရှားသောသက်သေများပေးလျှင်ပင် ယုံကြည်လိမ့်မည်မဟုတ်ချေ။ ပမာဆိုသော် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တောင်းဆိုသကဲ့သို့ မိုးကောင်းကင်မှရေးသားထားသော ကျမ်းတစ်စောင်ချပေးလျှင် ယင်းထဲတွင် မျက်လှည့်၊ လက်လှဲ့ပဋ္ဌလက်များမပါဝင်ကြောင်းကိုလည်းကောင်း၊ ၎င်းတို့ကိုယ်တိုင် ငိုက်မျည်းနေစဉ်ကျရောက်သည်မဟုတ်ကြောင်းကိုလည်းကောင်း သေချာစေရန်သူတို့လက်ဖြင့် စမ်းသပ်ကြည့်ရှုလိမ့်မည်။ သို့တိုင် ယင်းတို့သေချာအောင်လုပ်ဆောင်ပြီးသည့်တိုင် ပြောကြမည်မှာ-**اِنْ هٰذَآ اِلَّا سِحْرٌ مُّبِيْنٌ** (ဤသည် အလွန် ထင်ရှားစွာသောစုန်းပရောဂဖြစ်သည်ဟူ၍ပင် မုချပြောဆိုကြပေမည်။) ဟူ၍ပြောကြမည်။ ဤသို့ဖြစ်ရသည်မှာ ၎င်းတို့ပြောဆိုသမျှသည် မနာလိုဝန်တိုခြင်းနှင့် ရန်လိုခြင်းမှ လာသောကြောင့်ဖြစ်သည်။

တတိယအာယသ်တော်ဖြစ်သော အာယသ်(စ)သည်လည်း ဤအဗဒုလ္လာဟ်အိဗ်နိအုမိုင်ယဟ်နှင့် ပတ်သက်သောအဖြစ်အပျက်တစ်ခုကြောင့်ကျရောက်ခဲ့ပါသည်။ ၎င်းသည် နဒါအိဗ်နိအလ်ဟာရိဆ်၊ နော်ဖလ်အိဗ်နိခါလစ်ဒ်တို့နှင့်တမန်တော်မြတ် (ﷺ) ထံလာရောက်ခဲ့ပါသည်။ ဤတစ်ကြိမ်တွင် သူတို့၏တောင်းဆိုမှုမှာ "အသင်သည် ကောင်းကင်သို့သွားကာ ကျမ်းစာတစ်အုပ်ကို ယူဆောင်လာရမည်။ ၎င်းပြင်ယင်းကျမ်းဂန်နှင့်အတူ ကောင်းကင်တမန်တော်လေးပါးပါလာကာ၊ ကျမ်းစာအုပ်သည် အလ္လာဟ်အရှင်ထံတော်မှအပ အခြားအဘယ်ကမှမဟုတ်ကြောင်းနှင့်အသင်သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်ဖြစ်ကြောင်း ယင်းတို့က သက်သေခံရပါမည်။ သို့မှသာ ကျွန်ုပ်တို့သည် အသင့်အားယုံကြည်ပါလိမ့်မည်။" ဟူ၍ဖြစ်ပါသည်။

ထိုသူတို့အား အလ္လာဟ်အရှင်ပေးတော်မူသောအဖြေတစ်ခုမှာ ထိုကဲ့သို့သော တောင်းဆိုမှုများပြုလုပ်ခြင်း၊ ဤသတိမမူသောလူများသည် သူတို့၏ပျက်စီးရာပျက်စီးကြောင်းကိုဖိတ်ခေါ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော်အလ္လာဟ်အရှင်မြတ်၏ဥပဒေမှာ လူအများတို့သည် ၎င်းတို့အကြိုက်ရွေးချယ်ထားသော တန်ခိုးဗျာဒိဟာကိုပြသရန်၊ သူတို့၏တမန်တော်အား တောင်းဆိုပြီးသည့်နောက် အလ္လာဟ်အရှင်မြတ်၏ဆန္ဒတော်နှင့်တန်ခိုးတော်

အရ၊ ၎င်းတို့တောင်းဆိုထားသော တန်ခိုးဗျာဒိဟာကိုပြသပြီးသည့်နောက်တွင် ယင်းသူတို့"အီမာန်"ကိုလက်ခံယုံကြည်ရန်ဝန်လေးနေပါက အများအားပြစ်ဒဏ်ခတ်သည့်အပြစ်ပေးမှုဖြစ်သည့် အစုလိုက်ဖျက်ဆီးခြင်းခံရသည့်မည်သို့မျှမကောင်းသော မျော်လင့်ချက်လေးသော်မှမပါရှိသည့် မည်သို့မျှမကောင်းသောရည်ရွယ်ချက်များအပေါ်အခြေခံ၍ အမှန်တကယ်တောင်းဆိုမှုများပြုလုပ်နေကြသည်။ ထို့ကြောင့်-း **لَوْ اَنْزَلْنَا مَلَكًا لَّقُضِىَ الْاَمْرُ ثُمَّ لَا يُنْظَرُوْنَ** "အကယ်၍သာ ငါအရှင်မြတ်သည် ကောင်းကင်တမန်တစ်ပါးပါးကို စေလွှတ်တော်မူခဲ့ပါလျှင် အရေးကိစ္စမှာ မုချဧကန်ပြီးဆုံးသွားမည်သာဖြစ်၏။"ဟူ၍မိန့်ထားသည်။ တစ်နည်းဆိုရသော် "အကယ်၍ အလ္လာဟ်အရှင်သည် ၎င်းတို့တောင်းဆိုသည့်အတိုင်း ကောင်းကင်စေတမန်တစ်ဦးအားစေလွှတ်ခဲ့ လျှင်သော်မှ အမှန်တရားကိုလက်ခံ မည့်လူများမဟုတ်ပါ။ တန်ခိုးဗျာဒိဟာကို မြင်တွေ့ပြီးသည့်တိုင် ဆန့်ကျင် ခြင်းနှင့် ရန်လိုခြင်းကို ဆက်လက်လုပ်ဆောင်နေပါလိမ့်မည်။ သို့ဆိုပါလျှင် ၎င်းတို့အားလုံးအားပျက်စီးစေမည့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကျရောက်စေပါလိမ့်မည်။ ထိုကဲ့သို့ဖြစ်သွားပါက ၎င်းတို့အား အပြစ်ဒဏ်မှ ရွှေ့ဆိုင်းပေးလိမ့်မည်မဟုတ်သောကြောင့်၊ ၎င်းတို့တောင်းဆိုသောတန်ခိုးဗျာဒိဟာမပြသခြင်းသည် ၎င်းတို့အတွက် ကောင်းကျိုးအစစ်ဖြစ်သည်ကို ၎င်းတို့နားလည်ရပါမည်။ ယင်းကောင်းကျိုးသာမရှိခဲ့ပါက ၎င်းတို့သည် တည်ရှိနိုင်မည်မဟုတ်ပါ။

ထိုသူတို့နှင့်ပတ်သက်သော ဤပြဿနာ၏ဒုတိယအဖြေကို စတုတ္ထအာယသ်(၉)ထဲတွင် မတူညီသောဟန်ဖြင့်ပေးထားသည်မှာ ကောင်းကင်တမန်များဆင်းသက်စေရန်ဟုတောင်းဆိုသူများမှာ မုချဧကန်ထူးဆန်းသောသူများဖြစ်ကြပါသည်။ ဤသို့ဖြစ်ရသည်မှာ ကောင်းကင်တမန်များတို့သည် နည်းလမ်းနှစ်မျိုးဖြင့်သာ ဆင်းသက်လာနိုင်ပါသည်။ ပထမနည်းမှာ ကောင်းကင်စေတမန်တစ်ဦးသည် သူ့အားဖန်ဆင်းထားသည့်ပုံစံဖြင့် သက်ဆင်းလာနိုင်ပါသည်။ ထိုအတိုင်းဆင်းသက်လာပါက ယင်း၏ထိတ်လန့်ဖွယ်ဒဏ်ကိုမည်သည့်လူသားကမျှ မခံနိုင်ပါ။ အမှန်တကယ်ဆိုရလျှင် သူမည်သည့်အခါမျှ တွေးတောကြံဆထားခြင်းမရှိသောမြင်ကွင်းကြောင့်သေဆုံးသွားနိုင်ပါသည်။ ဒုတိယအသွင်မှာ စိုက်ယိဒနာဂျိဗ်ရာအီလ်အလ်အမီန်း တမန်တော်မြတ်ထံ လူသားအသွင်ဖြင့်ကြိမ်ဖန်များစွာဆင်းသက်လာသကဲ့သို့ ကောင်းကင်တမန်တစ်ပါးသည်လည်း လူသားအသွင်ဖြင့် ဆင်းသက်လာနိုင်ပါသည်။ တမန်တော်မြတ် (ဧ) သခင်အားမိန့်ကြားထားသည်။ ကောင်းကင်တမန်သည် ဤကဲ့သို့လူသားအသွင်ဖြင့်ဆင်းသက်ခဲ့ပါလျှင်လည်း ဤမေးမြန်းတောင်းဆိုသူသည် အသင့်အားကန့်ကွက်ခဲ့သကဲ့သို့ ဤကောင်းကင်စေတမန်ကိုလည်း ကန့်ကွက်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူသည်ကောင်းကင်တမန်အား လူသားကလွဲ၍ မည်မျှမဟုတ်ပါဟု မှတ်ယူပါလိမ့်မည်။

ဤရန်လိုသည့်အမေးများကိုဖြေကြားပြီးသည့်နောက် ပဉ္စမအာယသ်(၁၀)ထဲတွင် တမန်တော်မြတ် (ဧ) သခင်အား နှစ်သိမ့်ထားသည်မှာ "ဤလူများကသင့်အားလှောင်ပြောင်မှုနှင့်သရော်မှုအနေအထားတို့သည် အသင့်အတွက်သာ သီးသန့်ဖြစ်ခြင်းမဟုတ်ဟုမိန့်ကြားထားသည်။ တမန်တော် (ဧ) သခင်အလျှင်က နဗီတမန်တော်များတို့သည်လည်းအလားတူစိတ်ထိခိုက်ဖွယ်ရာအတွေ့အကြုံများ ရင်ဆိုင်ခဲ့ရသော်လည်း ၎င်းတို့သည် မျှော်လင့်ချက်မကုန်ဆုံးပါ။ အဆုံးတွင် လှောင်ပြောင်လေ့ရှိသူများတို့သည် ၎င်းတို့လှောင်ပြောင်မှုအတွက် ပြစ်ချက်ခတ်ခံခဲ့ရပါသည်။

အတိုချုပ်ဆိုရသော် တမန်တော်မြတ် (ဧ) သခင်၏ဝတ္တရားသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များသယ်ဆောင်ရန်ဖြစ်ကြောင်း သေချာစေပါသည်။ တမန်တော်မြတ် (ဧ) သခင်က ဤကိစ္စရပ်ကိုလုပ်ဆောင်ပြီးပြီဟု မှတ်ယူခဲ့ပါလျှင် စိတ်အေးအေးထားနိုင်ပါသည်။ တစ်စုံတစ်ဦးသည် သတင်းစကားကြောင့် အကျိုးသက်ရောက်မှုရှိသည်မရှိသည်ကို ၎င်းစိတ်ပူရန်မလိုပါ။ အဘယ့်ကြောင့်ဆိုသော် ယင်းသည် အလ္လာဟ်တမန်တော်တစ်ပါးဖြစ်သောလူ၏တာဝန်မဟုတ်ပါ။ ဤသောကသည် သူ၏နှလုံးသားအား မထိခိုက်စေသင့်ပါ။

XXXXXXXXXXX

tm,of (12-14)

قُلْ لِّمَنْ مَّا فِي السَّمٰوٰتِ وَالْاَرْضِ ؕ قُلْ لِّلّٰهِ ؕ كَتَبَ عَلٰى
نَفْسِهِ الرَّحْمَةَ ؕ لَيَجْمَعَنَّكُمْ اِلٰى يَوْمِ الْقِيٰمَةِ لَا رَيْبَ فِيْهِ ؕ اَلَّذِيْنَ
خَسِرُوْٓا اَنْفُسَهُمْ فَهُمْ لَا يُؤْمِنُوْنَ ﴿۱۲﴾ وَلَهٗ مَا سَكَنَ فِي الَّيْلِ
وَالنَّهَارِ ؕ وَهُوَ السَّمِيْعُ الْعَلِيْمُ ﴿۱۳﴾ قُلْ اَغَيْرَ اللّٰهِ اَتَّخِذُ وَلِيًّا
فَاطِرِ السَّمٰوٰتِ وَالْاَرْضِ وَهُوَ يُطْعِمُ وَلَا يُطْعَمُ ؕ قُلْ
اِنِّيْٓ اُمِرْتُ اَنْ اَكُوْنَ اَوَّلَ مَنْ اَسْلَمَ وَلَا تَكُوْنَنَّ مِنَ
الْمُشْرِكِيْنَ ﴿۱۴﴾

(အို-နဗီတမန်တော်) အသင်သည် (ထိုသွေဖည်ငြင်းပယ်သောသူတို့အား) "မိုးကောင်းကင်များနှင့်ပထဝီမြေကြီး၌ ရှိရှိသမျှသောအရာတို့သည် မည်သူပိုင်ဆိုင်သောအရာများဖြစ်သနည်း"ဟုမေးမြန်းပါလေ။ (ထိုသူတို့သည် ပထမသော် အမှန်အတိုင်းဖြေကြားကြမည်ဖြစ်သည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် အမှန်အတိုင်းမဖြေကြားခဲ့သည်ရှိသော်) အလုံးစုံတို့သည် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသောအရာများသာဖြစ်ချေသည်"ဟူ၍အသင်ကပင်ဖြေကြားပါလေ။ ၎င်းပြင်ထိုအရှင်မြတ်သည်(သတိတရားရရှိစေ၍"ရှစ်ရိုက်"မှဝန်ချတောင်းပန်သူတို့အား)ကရုဏာတော်ပြုမူရန် မိမိအပေါ်၌တာဝန်အဖြစ်သတ်မှတ်ထားတော်မူပြီးဖြစ်သည်ဟုလည်း ပြောဆိုပါလေ။ ၎င်းပြင်ထိုအရှင်မြတ်သည်အသင်တို့အား ကိယာမသ်နေ့တွင်မုချစုရုံးတော်မူမည်။ ထိုနေ့၏(ဆိုက်ရောက်ခြင်း)၌ အလျှင်းဒွိဟမရှိပေ။ အကြင်သူတို့သည် မိမိတို့ကိုယ်ကိုနစ်နာပျက်စီးစေခဲ့ကြ၏။ ထိုသူတို့ကား"အီမာန်"ယုံကြည်ကြမည်မဟုတ်ပေ။
(၆း၁၂)

ထိုမှတစ်ပါးညဉ့်နှင့်နေ့တွင်နေထိုင်သောအရာများသည်လည်း ထိုအရှင်မြတ်ပိုင်ဆိုင်တော်မူသောအရာများချည်းသာတည်း။ ၎င်းပြင် ထိုအရှင်မြတ်သည်အကြွင်းမဲ့ကြားတော်မူသောအရှင် အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၆း၁၃)

(အို-နဗီတမန်တော်)အသင်ပြောပါလေ။ ကျွန်ုပ်သည်အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားတစ်စုံတစ်ယောက်ကိုကိုးကွယ်ရာအရှင်ပြုလုပ်ရမည်လော။ ထိုအရှင်မြတ်သည် မိုးများနှင့်ပထဝီမြေကို စတင်ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် (သူတစ်ပါး၏)ကျွေးမွေးခြင်းကိုမူကားခံရတော်မူသည်မဟုတ်ချေ။"(ငင်းပြင်)အသင်ပြောပါလေ"ကျွန်ုပ်သည်အစွလာမ်သာသနာတော်ကို ပထမဦးဆုံးသောလက်ခံနာယူသူဖြစ်ရန်အမိန့်တော်ကို မုချရရှိ၏။ ထို့ပြင်အသင်သည်"မုန့်ရစ်က်"များတွင် အပါအဝင်အလျင်းမဖြစ်လေနှင့်" (ဟုလည်းမြစ်တားတော်မူခြင်းကို ခံရ၏။) (၆း၁၄)

tusfzGihrfqkjcif;

အဖွင့်အာယသ်တော်(၁၂)- ထဲတွင် စကြဝဠတစ်ခုလုံး နှင့်ယင်း၏အတွင်းရှိအရာအားလုံးအား စိုးမိုးပိုင်ဆိုင်သူသည် မည်သူဖြစ်သနည်းဟု မယုံကြည်သွေဖည်ငြင်းပယ်သူများကို မေးထားသည်။ ထို့နောက်တမန်တော်မြတ်ကြီး (e) ၏ မြင့်မြတ်သောမိန့်ဆိုချက်များတဆင့် အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရာရာအားလုံး၏စိုးမိုးပိုင်ဆိုင်သူအဖြစ် အလ္လာဟ်အရှင်မြတ်ကိုယ်တော် တိုင်အဖြေပေးထားသည်။ မယုံကြည်သွေဖည်ငြင်းပယ်သူများဖြေကြားချက်ကို စောင့်နေမည့်အစား အလ္လာဟ် အရှင်မြတ်ကိုယ်တော်တိုင် မေးခွန်း၏အဖြေပေးခြင်းမှာ မက္ကာဟ်မြို့တော်ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ သည် ရှစ်ရိုက်လုပ်ငန်းနှင့် ရုပ်တုကိုးကွယ်မှုများတွင်ပါဝင်ပတ်သက်နေသော်လည်း မိုးကောင်းကင်နှင့်ကမ္ဘာမြေ တွင်ရှိအရာရာအားလုံး၏စိုးမိုးပိုင်ဆိုင်တော်မူသောအရှင်သည် အလ္လာဟ်အရှင်မြတ်ဖြစ်ကြောင်း မည်သူမျှ မငြင်းပယ်ခဲ့၍ ယင်းအဖြေမှာထိုသူများလက်ခံပြီးသောအချက်တစ်ရပ်သောကြောင့်ပင်တည်း။

နောက်ဝါကျ-**لَيَجْمَعَنَّكُمْ اِلٰى يَوْمِ الْقِيٰمَةِ** (ထိုအရှင်မြတ်သည် အသင်တို့အား ကိယာမသ်နေ့တွင် မုချစုရုံးတော်မူမည်)ထဲတွင် ÝtLA_ အိလာ(ဆီသို့)ဟူသောစကားလုံးကို သဝါဖ်ဖာ၏ အနက်အဓိပ္ပါယ်ဖြစ်သောအပြည့်အဝယူခြင်း၊ အဆုံးသတ်ခြင်း(သို့) စုရုံးခြင်းဟုဆိုသည်။ သို့အဓိပ္ပါယ်ကောက်ယူလျှင် အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာစမှကမ္ဘာဆုံးတိုင်ရှိလူတိုင်းကို ကိယာမသ်နေ့၌စုရုံးစေပါလိမ့်မည်ဟူ၍ဖြစ်သည်။ သို့မဟုတ်ပါက သချိုင်းအတွင်း၌စုရုံးခြင်းဟူ၍လည်း အဓိပ္ပါယ်သက်ရောက်သည်။ သို့ဆိုလျှင် ၎င်းတို့နားနေရာဖြစ်သော ကဗရ်သချိုင်းအတွင်းတွင် လူသားများကိုကိယာမသ်နေ့အထိ စုရုံးထားပေလိမ့်မည်။ ယင်းနေ့တွင် ၎င်းတို့အသက်ရှင်ပြန်ထလာလိမ့်မည်ဟူ၍လည်း အဓိပ္ပါယ်ရပေသည်။ (ကုရ်သုဒီ)

အာယသ်တော်(၁၂)၏ အစောပိုင်းကပါဝင်သော-**كَتَبَ عَلٰى نَفْسِهِ الرَّحْمَةَ** (ထိုအရှင်မြတ်သည် (သတိတရားရရှိစေ၍ ရှစ်ရိုးထံမှဝန်ချတောင်းပန်သူတို့အား)ကရုဏာတော်ပြုမူရန် မိမိအပေါ်၌တာဝန်အဖြစ်သတ်မှတ်ထားတော်မူပြီးဖြစ်သည်။)ဟူသောဝါကျနှင့်ပတ်သက်၍ ရှဟီးဒ်မုစ်လင်မ်ကျမ်းပါစိုက်ယိဒနာအဗူဟုရိုင်ရဟ် (t) ၏ဆင့်ပြန်ချက်ကို တင်ပြထားရာ၌ တမန်တော်မြတ် (e) သခင်မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ဖန်ဆင်းမှုကို ပြုလုပ်ခဲ့ပြီးနောက် ထိုအရှင်မြတ်နှင့်အတူ စာဖြင့်ရေး

သားထားသည့်ကိုယ်တော်တိုင်၏ ကတိပြုမူတစ်ရပ်ပြုလုပ်ခဲ့သည်။ ယင်းရေးသားချက်မှာ-
اِنَّ رَحۡمَتِیۡ تَغۡلِبُ عَلٰی غَضَبِیۡ ဖြစ်သည်။ ဆိုလိုသည်မှာ ငါအရှင်မြတ်၏ အသနားကရုဏာတော်သည် ငါအရှင်မြတ်၏အမျက်တော်အား လွှမ်းမိုးတော်မူလိမ့်မည်ဟူ၍ဖြစ်သည်။ (ကုရ်ဆုဗီ)

အာယသ်တော်၏အဆုံးတွင် ဖော်ပြသောဝါကျ- **اَلَّذِیۡنَ خَسِرُوۡۤا اَنۡفُسَهُمۡ** (အကြင်သူတို့သည် မိမိတို့ကိုကိုယ်ကိုနစ်နာပျက်စီးစေခဲ့ကြ၏။)ကရည်ညွှန်းသည်မှာ အစောပိုင်းဖော်ပြခဲ့သည့် အလ္လာဟ်အရှင်မြတ်၏စကြဝဠလုံးဆိုင်ရာ သနားကရုဏာတော်ကိုမယုံကြည်သွေဖည်ငြင်းပယ်သူများလက်မဲ့ဖြစ်စေခြင်းသည် ၎င်းတို့၏ကိုယ်တိုင်လုပ်ရပ်ကြောင့်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အသနားကရုဏာတော်ကဆောင်ကြဉ်းသော ယုံကြည်မှုအဓိမာန်နှင့်သက်ဝင်ယုံကြည်မှုလမ်းကြောင်းသို့ မလိုက်ခဲ့၍ဖြစ်သည်။

အာယသ်(၁၃)- **وَلَهٗ مَا سَكَنَ فِی الَّیۡلِ وَالنَّهَارِ** (ထိုမှတပါးညဉ့်နှင့်နေ့တွင်နေထိုင်သောအရာများသည်လည်း ထိုအရှင်မြတ်ပိုင်ဆိုင်တော်မူသောအရာများချည်းသာတည်း)တွင် ﻮ-\-S- စူကုန် ဟူသောစကား လုံးသည် ငြိမ်သက်နေခြင်း (သို့) အနားယူခြင်းဟု အဓိပ္ပါယ်သက်ရောက်နိုင်သည်။ သို့ဆိုလျှင် အလ္လာဟ်အရှင် မြတ်သည် နေ့နှင့်ညတွင်ရှိသမျှသောအရာရာအားလုံးကိုစိုးပိုင်တော်မူသောအရှင်ဟု အာယသ်တော်က ဆိုလို နိုင်သည်။ သို့မဟုတ်ပါက ဖြစ်နိုင်သည်မှာ ငြိမ်သက်ခြင်းနှင့်ရွေ့ရှားခြင်းနှစ်ခုပေါင်းစပ်ထားသော အဓိပ္ပါယ် ဖြစ်နိုင်သည်။ (ရွေ့လျားသည့် အရာများနှင့် ငြိမ်သက်သည့် အရာများဟု ပြောသကဲ့သို့ပင်ဖြစ်သည်)။ ဤနေရာ၌ ဖော်ပြထားသည်မှာ စုကုမ်(သို့) ငြိမ်သက်ခြင်းသာဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ငြိမ်သက်ခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော လှုပ်ရှားမှုသည် နားလည်သဘောပေါက်နိုင်သည်ဆိုသည်ကားထင်ရှားသည်။

XXXXXXXXXX

tm,of (15-21)

قُلْ إِنِّيٓ أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ
يَوْمٍ عَظِيمٍ ﴿١٥﴾ مَّن يُصْرَفْ عَنْهُ يَوْمَئِذٍ فَقَدْ رَحِمَهُۥ ۚ وَ
ذَٰلِكَ ٱلْفَوْزُ ٱلْمُبِينُ ﴿١٦﴾ وَإِن يَمْسَسْكَ ٱللَّهُ بِضُرٍّ فَلَا كَاشِفَ
لَهُۥٓ إِلَّا هُوَ ۖ وَإِن يَمْسَسْكَ بِخَيْرٍ فَهُوَ عَلَىٰ كُلِّ شَيْءٍ
قَدِيرٌ ﴿١٧﴾ وَهُوَ ٱلْقَاهِرُ فَوْقَ عِبَادِهِۦ ۚ وَهُوَ ٱلْحَكِيمُ ٱلْخَبِيرُ ﴿١٨﴾
قُلْ أَىُّ شَيْءٍ أَكْبَرُ شَهَٰدَةً ۖ قُلِ ٱللَّهُ ۖ شَهِيدٌۢ بَيْنِى وَبَيْنَكُمْ ۚ
وَأُوحِىَ إِلَىَّ هَٰذَا ٱلْقُرْءَانُ لِأُنذِرَكُم بِهِۦ وَمَنۢ بَلَغَ ۚ أَئِنَّكُمْ
لَتَشْهَدُونَ أَنَّ مَعَ ٱللَّهِ ءَالِهَةً أُخْرَىٰ ۚ قُل لَّآ أَشْهَدُ ۚ قُلْ إِنَّمَا
هُوَ إِلَٰهٌ وَٰحِدٌ وَإِنَّنِى بَرِىٓءٌ مِّمَّا تُشْرِكُونَ ﴿١٩﴾ ٱلَّذِينَ ءَاتَيْنَٰهُمُ
ٱلْكِتَٰبَ يَعْرِفُونَهُۥ كَمَا يَعْرِفُونَ أَبْنَآءَهُمُ ۘ ٱلَّذِينَ خَسِرُوٓا۟ أَنفُسَهُمْ
فَهُمْ لَا يُؤْمِنُونَ ﴿٢٠﴾ وَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى ٱللَّهِ كَذِبًا أَوْ
كَذَّبَ بِـَٔايَٰتِهِۦٓ ۚ إِنَّهُۥ لَا يُفْلِحُ ٱلظَّٰلِمُونَ ﴿٢١﴾

(အို-နဗီတမန်တော်) အသင်သည်(ၦင်းတို့အား အချင်းတို့အကျွန်ုပ်သည် မိမိအရှင်မြတ်၏ (မုစ်လင်မ်ဖြစ်ရန်နှင့် "ရှိစ်ရိုက်"တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်ခြင်း မပြုရန်) ပညတ်တော်ကို အကယ်၍ သာဖီဆန်ခဲ့ပါမူ၊ အလွန်ကြီးကျယ်လှသော (ကိယာမသ်ရှင်ပြန်ထမည့်)နေ့၏ပြစ်ဒဏ်(ခံစားရမည်)ကို ဧကန်စင်စစ်ကြောက်ရွံ့စိုးရိမ်ရပါသည်ဟု ပြောကြားပါလေ။ (၆း၁၅)

မည်သူမဆို ၎င်းတို့အပေါ်မှထို(ကိယာမသ်ရှင်ပြန်ထရမည့်)နေ့တွင် ယင်းအပြစ်ဒဏ်သည် ဖယ်ရှားခြင်းခံရလျှင် ဧကန်မလွဲထို အရှင်မြတ်သည် ၎င်း၏အပေါ်ဝယ် အလွန်တရာမျှပင် သနားကြင်နာညှာတာတော်မူပြီးဖြစ်ချေသည်။ အမှန်စင်စစ်ဤ(ကဲ့သို့အပြစ်ဒဏ်ဖယ်ရှားခြင်းနှင့်သနားကြင်နာမှုကို ခံစားရခြင်း)သည်ပင်လျှင် ထင်ရှားလှစွာသောအောင်မြင်မှုပင်တည်း။ (၆း၁၆)

ငင်းပြင်(အို-လူသား)အကယ်၍သာအလ္လာဟ်အရှင်မြတ်သည်အသင့်အား (ဤမျက်မှောက်လောကီဘဝ၌ဖြစ်စေ နောင်တမလွန်ဘဝ၌ဖြစ်စေ)ဘေး အန္တရာယ်တစ်စုံတစ်ရာသင့်စေတော်မူပါလျှင် ထိုအရှင်မြတ်မှတစ်ပါး ယင်းဘေးအန္တရာယ်ကိုကင်းဝေးပပျောက်စေနိုင်သူဟူ၍တစ်ဦးတစ်ယောက်မျှမရှိခဲ့။ အကယ်၍သာထိုအရှင်မြတ်သည်အသင်၌တစ်စုံတစ်ရာအကျိုးကျေးဇူးကိုဖြစ်ထွန်းစေတော်မူပါလျှင်လည်း (မည်သူမျှထိုကျေးဇူးကိုပျက်ပြားစေနိုင်သူဟူ၍မရှိခဲ့)ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်သောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၆း၁၇)

ငင်းပြင်ထိုအရှင်မြတ်သည် မိမိကျွန်များအပေါ်ဝယ် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်မြတ်လည်းဖြစ်တော်မူပေသည်။ ထိုမှတစ်ပါးထိုအရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင်(သတင်းအလုံးစုံတို့ကို)အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူပေသတည်း။ (၆း၁၈)

(အို-နဗီတမန်တော် အသင်သည် (ထိုသူတို့အား)အချင်းတို့ သက်သေခံရာ၌မည်သူ၏သက်သေခံခြင်းသည် အကြီးကျယ်ဆုံးဖြစ်ပါသနည်းဟု မေးမြန်းပါလေ။ **တစ်ဖန်အသင်ကပင် (ယင်းသူတို့အား)ဤသို့)ပြောကြားပါလေ။** အလ္လာဟ်အရှင်မြတ်သည်ပင် ကျွန်ုပ်နှင့်အသင်တို့၏စပ်ကြားတွင်သက်သေဖြစ်တော်မူပါသည်။ စင်စစ်(ထိုအရှင်မြတ်သက်သေခံခြင်းမှာ)ကျွန်ုပ်၏ထံဝယ် **ဤကုရ်အာန်ကျမ်းတော်မြတ်သည်(အလ္လာဟ်အရှင်မြတ်ထံတော်မှ) "ဝဟ်ယ်"** အမိန့်တော်ဖြင့် ပို့သခဲ့ခြင်းပင်ဖြစ်ပေသည်။ (တစ်နည်း) ထိုကုရ်အာန်ကျမ်းတော်မြတ်ဖြင့် အသင်တို့အားလည်းကောင်း၊ ထိုကုရ်အာန်ကျမ်းတော်မြတ်ရောက်ရှိသောသူတို့အားလည်းကောင်း၊ ကျွန်ုပ်သတိပေးနှိုးဆော်ရန်အတွက်ဖြစ်သည်။ သို့မှသာလျှင် ကျွန်ုပ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ဖြင့် အသင်တို့အားဂင်း၊ ယင်းကုရ်အာန်ကျမ်းတော်မြတ်ရောက်ရှိသောသူတို့အားဂင်း သတိပေးနှိုးဆော်နိုင်မည်ဖြစ်ခဲ့သည်။ (ထိုကဲ့သို့အလ္လာဟ်အရှင်မြတ်၏သက်သေခံချက်ရောက်ရှိပြီးဖြစ်သော်လည်း)အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများလည်း (တွဲဖက်လျှက်)ရှိကြသေးသည်ဟု သက်သေခံကြမည်လော။ (အကယ်၍ဂင်းတို့က ဤအတိုင်းသက်သေခံကြပါလျှင်)အသင်သည်(ဂင်းတို့အား)ကျွန်ုပ်သည်ယင်းကဲ့သို့အလျင်းသက်သေခံမည်မဟုတ်ဟုပြောကြားပါလေ။ ထိုမှတစ်ပါးအသင်သည် (ယင်းသူတို့အား)အချင်းတို့ကို ထို(အလ္လာဟ်)အရှင်မြတ်သည် တစ်ဆူတည်းသောအရှင်မြတ်ပင်ဖြစ်တော်မူပေသည်ဟူ၍ဂင်း၊ ကျွန်ုပ်သည်မုချကေန်အသင်တို့တွဲဖက်ကိုးကွယ်ခြင်း

မှကင်းလွတ်သူဖြစ်ပေသည် ဟူ၍ငင်းပြောကြားပါလေ။(၆း၁၉)

အကြင်သူတို့သည် ငါအရှင်မြတ်က ငင်းတို့အားကျမ်းဂန်ဒေသနာတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုသူတို့သည် မိမိသားများကိုမှတ်မိကြသကဲ့သို့ ပင်၊ ထို(နဗီတမန်တော်မြတ်)အားလည်း မှတ်မိကြကုန်သည်။ (သို့ရာတွင်) မိမိတို့ကိုယ်ကို မိမိတို့ပင် ကျိုးယုတ်နစ်နာအောင်ပြုလုပ်သော သူတို့မူကား အလျင်းသက်ဝင်ယုံကြည်ကြသည်မဟုတ်ပေ။ (၆း၂၀)

အမှန်စင်စစ်မည်သူမဆိုမဟုတ်မမှန်မုသားကို အလ္လာဟ်အရှင်မြတ်အပေါ် ၌ ကြံစည်လိမ်ဆယ်၍စွပ်စွဲအံ့၊ သို့တည်းမဟုတ် ထိုအရှင်မြတ်၏သက်သေ လက္ခဏာများကို မဟုတ်မမှန်ဟုငြင်းပယ်အံ့။ ထိုသူထက်ပိုမို၍ မတရားသော သူကားမည်သူရှိအံ့နည်း။ အမှန်စင်စစ်သော်ကား (ထိုကဲ့သို့သော)မတရား သောသူတို့သည် (မည်သည့်အခါမျှ)အောင်မြင်ကြမည်မဟုတ်ပေ။ (၆း၂၁)

tusKd;rSm;rdkYjcif;

ပြီးခဲ့သော အာယသ်တော်များတွင်ဖော်ပြခဲ့သည့်အတိုင်း အလ္လာဟ်ဂျလ္လာရှာအ်နူဟူ၏ပြီးပြည့်စုံသော တန်ခိုးအာဏာကိုယုံကြည်၍ ရှစ်ရက်ကိုရှောင်ရှားရန်အမိန့်ပေးထားသည်။ လက်ရှိအာယသ်တော်(၁၅)၏ ပထမ အာယသ်တွင် ဤအမိန့်ဖီဆန်မှုအတွက် ပြစ်ဒဏ်ခတ်မှုကို သီးခြားနှစ်လိုဖွယ်ဟန်ဖြင့်ဖော်ပြထားသည်မှာ အကယ်၍တမန်တော်မြတ် (ﷺ) သခင်ကိုယ်တော်တိုင်လည်း မွေးမြူဖန်ဆင်းတော်မူသည့်အရှင်၏ အမိန့်ဖီဆန်လျှင်ကိုယ်တော်မြတ်သည်လည်း ကိယာမသ်နေ့၏ပြစ်ဒဏ်ခပ်မှုခံရမည်ကို လူအများအားပြောကြားရန် အမိန့်ပေးထားခဲ့သည်။ မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏တမန်တော်ကြီးသည် ပြစ်မှုဂုနာဟ်တိုင်းမှ အရှင်မြတ်၏ကာကွယ်စောင့်ရှောက်မှုခံထားရသည်မှာ ထင်ရှားပါသည်။ ထို့ကြောင့် ကိုယ်တော်မြတ်၏အမိန့်ဖီဆန်ခြင်းဟူသည်ကား ဖြစ်နိုင်စရာအကြောင်းမရှိချေ။ သို့ရာတွင် ဤစိတ်ကူးသက်သက်မျှသာဖြစ်သောအခြေအနေကို ဖော်ပြရခြင်းမှာ အလ္လာဟ်အရှင်မြတ်အမိန့်ဖီဆန်ခြင်းသည် အလွန်ကြီးလေးသော ကိစ္စတစ်ရပ်ဖြစ်သဖြင့် အကြီးကျယ်ဆုံးတမန်တော်ကြီးပင်လျှင် ခွင့်လွှတ်နိုင်စရာအကြောင်းမရှိဆိုသည့်သတင်းစကားအား အမှမသ်ထုထံပါးရန်ဖြစ်သည်။ အကယ်၍ ကိုယ်တော်မြတ်ကြီးပင်လျှင် ခွင့်လွှတ်မခံရလျှင် မည်သူခွင့်လွှတ်ခံရအံ့နည်း။

ပြီးနောက်-**مَنْ يُّصْرَفْ عَنْهُ يَوْمَئِذٍ فَقَدْ رَحِمَهٗ** (မည်သူမဆို ၎င်း၏အပေါ်မှ ထို(ကိယာမသ်ရှင်ပြန်ထမည်)နေ့တွင် ယင်းပြစ်ဒဏ်သည် ဖယ်ရှားခြင်းခံရလျှင် မလွဲမကန် ထိုအရှင်မြတ်သည် ၎င်း၏အပေါ်ဝယ်အလွန်တရာမျှပင် သနားကြင်နာညှာတာတော်မူပြီးဖြစ်ချေသည်။)ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ ပြန်လည်ရှင်ပြန်ထရမည့်နေ့ အလ်မအ်ရှန်နေ့သည် အလွန့်အလွန်ကြောက်မက်ဖွယ်နှင့်ခက်ထန်လှပါသည်။ မည်သူမဆို ၎င်းသူ(သို့)သူမထံမှ ဤပြစ်ဒဏ်ခတ်မှုဖယ်ရှားခံရသည်ဆိုလျှင် ဤသည်မှာ အလ္လာဟ်အရှင်မြတ်ထံမှလာသော ကြီးမားသည့် မဟာကရုဏာတော်ဖြစ်ကြောင်း သိသင့်ပေသည်။ ဤသည်ကိုထပ်မံအားဖြည့်၍-

وَذٰلِكَ الْفَوْزُ الْمُبِيْنُ "(အမှန်စင်စစ် ဤ(ကဲ့သို့ပြစ်ဒဏ်ဖယ်ရှားခြင်းနှင့်သနားကြင်နာမှုကို ခံစားရခြင်း)သည် ပင်လျှင် ထင်ရှားလှ စွာသောအောင်မြင်မှုပင်တည်း။)"ဟုမိန့်ထားသည်။ အလ်ဖောဝ်ဇ် Z^o^f-L^A- (အောင်မြင်မှု) ဟူသောစကားလုံးက ဂျန္နသ်(သုခဘုံ)အတွင်းဝင်ရောက်ခွင့်ပြုခြင်းဟု အဓိပ္ပါယ်ရသည်။ ပြစ်ဒဏ်ခတ်ခံရခြင်းမှ ကယ်တင်ခံရခြင်းနှင့် ဂျန္နသ်အမတသုခဘုံသို့ဝင်ရောက်ခွင့်ပြုခြင်းတို့မှာ တစ်ခုနှင့်တစ်ခုခွဲခြားမရသောအရာများ ဖြစ်သည်ဟု ဤသည် ကကျွန်ုပ်တို့ကို ပြောပြပါသည်။

jzpfjcif;ysufjcif;[laQonftv'm[ft&Sifjrwf?HawmfrSjzpfonfqkonfum;rkpfvifrrfrsm;\ t'du,HkMunfcsufjzpfonf

တတိယအာယသ်တော်(၁၇)ထဲတွင် အစ္စလာမ်သာသနာ၏အီမာန်ယုံကြည်ချက်ဆိုင်ရာ အခြေခံ အချက်တစ်ရပ်ကိုဖော်ပြထားသည်။ ယင်းမှာ စင်စစ်အလ္လာဟ်အရှင်မြတ်သည် ဖြစ်ခြင်း ပျက်ခြင်းဟူသမျှကို စီမံဆောင်ရွက်တော်မူသောအရှင်သခင်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ မည်သူတစ်ဦးတစ်ယောက်ကို မဆို အနည်းမျှသောအကျိုးအမြတ်မပေးနိုင်သကဲ့သို့ အနည်းငယ်မျှသော အန္တရာယ်ကိုလည်း မပေးနိုင်ပါ။ အပြင်ပန်းအားဖြင့် ပေါ်လွင်ထင်ရှားသည့်တစ်ဦးတစ်ယောက်ကြောင့် အခြားသူတစ်ဦးအား အကျိုးအမြတ်ဖြစ်စေခြင်း၊ (သို့) အန္တရာယ်ဖြစ်စေခြင်း၊ ဆုံးရှုံးခြင်းနှင့်အောင်နိုင်ခြင်းတို့သည် အမြင်အားဖြင့်သာလျှင် ဖြစ်ပေသည်။ အမှန်တရားမှအပြည့်အဝကြည့်မည်ဆိုလျှင် ဤသည်မှာဤအကြောင်းအရာကို ပါရှင်းနှစ်ကြောင်းတွဲ ကဗျာတွင်တိုတိုတုတ်တုတ် လိုရင်းဖော်ပြထားသည်မှာ-

کار زلف تست مشک افشانی امّا عاشقاں
مصلحت راتہمتے بر آہوئے چیں بستہ اند

ကတိုးဆွတ်ဖြန်းခြင်းသည် သင့်ဆံကေသာန္တယ်အတွက်ဖြစ်သော်လည်း သင့်ကိုချစ်ခင်မြတ်နိုးသူကမူ ကတိုးကောင်ကို အပြစ်တင်ရန်သာမြင်လိမ့်မည်။

ဤယုံကြည်ချက်သည် အစ္စလာမ်သာသနာ၏တော်လှန်ပြောင်းလဲသောယုံကြည်ချက်များအနက်မှတစ်ခု ဖြစ်သည်။ ယင်းယုံကြည်ချက်သည် မုစ်လင်မ်များအား အဖန်ဆင်းခံများအပေါ် မှီခိုခြင်းအရေကိုခွါချ၍ ဖန်ဆင်းရှင်အပေါ်၌သာမှီခိုအားထားစေသည်။ ဤယုံကြည်ချက်ကြောင့် ကမ္ဘာမြေပေါ်ဝယ်စရာ စိုးစဉ်းမျှမရှိပဲ ကြောက်မက်ဖွယ်ငတ်မွတ်ခေါင်းပါးမှုသော်လည်း မည်သူ့ထံတွင်မှ ဒူးမထောက်လက်မခြော်သော ထူးကဲစွာ စိတ်ထိန်းနိုင်သည် ကြီးမားသည့်လူအုပ်စုတစ်စုပေါ်ထွန်းခဲ့ပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ကုရ်အာန်ကျမ်းတော်မြတ်သည် နေရာအတော်များများတွင် ကွဲပြားသောချဉ်းကပ်နည်းဖြင့် ဖော်ပြထားခဲ့ရာ ယင်းတို့အနက် တစ်ခုမှာ စူရဟ်ဖာသိရ်ပါအာယသ်တော်ကို ဤနေရာ၌ကိုးကားခဲ့သည်။

مَا يَفْتَحِ اللّٰهُ لِلنَّاسِ مِنْ رَّحْمَةٍ فَلاَ مُمْسِكَ لَهَا وَمَا يُمْسِكْ فَلاَ مُرْسِلَ لَهُ مِنْۢ بَعْدِهٖ

“အလ္လာဟ်အရှင်မြတ်က လူတို့အဖို့ ဖွင့်ပေးတော်မူသော ကရုဏာတော်ကို ပိတ်ပင်တားဆီးနိုင်သူဟူ၍ အလျဉ်းမရှိချေ။ ထိုနည်းတူစွာ ထိုအရှင်မြတ်ပိတ်ပင်တားဆီးတော်မူသောအရာကိုလည်း ထိုအရှင်မြတ်ပိတ်ပင်တားဆီးတော်မူပြီးနောက် ပို့ပေးနိုင်သူဟူ၍အလျဉ်းမရှိပြီ။”(၃၅း၂)

ဆွဟီးဒ်အဟဒီးဆ်တော်၌ပါရှိသည်မှာ တမန်တော်မြတ် (ﷺ) သခင်သည် ၎င်း၏ဒိုအာဆုမွန်တောင်းသည်တို့တွင် ဤသည်ကိုမကြာခဏထည့်သွင်းတောင်းဆိုလေ့ရှိသည်။

اَللّٰهُمَّ لاَ مَانِعَ لِمَا اَعْطَيْتَ وَلاَ مُعْطِيَ لِمَا مَنَعْتَ وَلاَ يَنْفَعُ ذَا الْجَدِّ مِنْكَ الْجَدُّ

“အိုအလ္လာဟ်အရှင်မြတ်- အရှင်မြတ်ချီးမြှင့်ပေးသနားတော်မူသည်ကို မည်သူမှပိတ်ပင်မတားဆီးနိုင်ပါ။ ထို့နောက် အရှင်မြတ်ပိတ်ပင်တားဆီးထားသည်များကို မည်သူတစ်ဦးတစ်ယောက်ကမျှလည်း မပေးစွမ်းနိုင်ပါ။ မည်သို့အရှိန်အဝါကြီးသူပင်ဖြစ်စေ အရှင်မြတ်နှင့် နှိုင်းယှဉ်လျှင် ယင်းအရှိန်အဝါသည် ၎င်းအတွက် ဘာမျှအသုံးမကျချေ။

ဤအာယသ်တော်ကို မှတ်ချက်ပြုရာ၌ အိမာမ်အလ်ဗဂ်စီက စိုက်ယိဒနာအဗ္ဒုလ္လာဟ်အိဗနိ အဗ္ဗာစ်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တစ်ချိန်က ကိုယ်တော်မြတ် (ﷺ) သခင်သည် အစီးအနင်းတစ်ခုပေါ်တက်ရာတွင် ကျွန်ုပ်အား ကိုယ်တော်မြတ်နောက်၌ထိုင်ရန် မိန့်ကြားသည်။ ခရီးအတော်ပေါက်ပြီးနောက် ကျွန်ုပ်ဘက်သို့လှည့်၍ ကိုယ်တော်မြတ်က“ဟေ့လူငယ်လေး”ဟုပြောသည်။ ကျွန်ုပ်က“ကျွန်တော်မျိုးရှိပါပြီ ယာရစူလ္လာဟ်” “ကျွန်ုပ်တစ်စုံတစ်ရာပြုလုပ်စေလိုပါ၏လော”ဟုပြောခဲ့သည်။ ကိုယ်တော်မြတ်က “သင်. . အလ္လာဟ်အရှင်မြတ်ကိုတသသတိရလော့။ အလ္လာဟ်အရှင်မြတ်သည် အောက်မေ့တသ သတိရလျှင် သင်မည်သို့သောအခြေအနေမျိုးတွင်ရှိနေစေကာမူ အလ္လာဟ်အရှင်မြတ်သင့်ရှေ့မှောက်ရောက်နေကြောင်း သင်တွေ့ရပါလိမ့်မည်။ အသင်ငြိမ်းချမ်း၍ စည်းစိမ်နှင့်ရှိနေစဉ် အလ္လာဟ်အရှင်မြတ်ကို သင်အောက်မေ့တသသတိရလျှင် သင်ဒုက္ခရောက်လျှင် အလ္လာဟ်အရှင်မြတ်သည် သင့်အား သတိရပါလိမ့်မည်။ အသင်တောင်းခံစရာရှိလျှင် အလ္လာဟ်အရှင်တပါးတည်းထံတောင်းခံလော့။ အသင်အကူအညီလိုအပ်လျှင် အလ္လာဟ်အရှင်မြတ်ထံ၌သာလျှင် ရှာဖွေတောင်းခံလော့။ ဤကမ္ဘာလောကတွင်ဖြစ်ပျက်နေမည့်အရာတို့သည် သက္ကဒိရ်ကံကြမ္မာတွင်ရေးသားပြီးဖြစ်လေသည်။ အသင့်အတွက် အလ္လာဟ်အရှင်သတ်မှတ်ထားခြင်းမရှိသောအရာများအတွက် အကယ်၍အဖန်ဆင်းခံအားလုံးက စုပေါင်းကြိုးစားကာ အသင့်ကိုအကျိုးဖြစ်ထွန်းစေရန် ကြိုးစားလုပ်ဆောင်လျှင်လည်း မည်သည့်အခါမျှ လုပ်နိုင်မည်မဟုတ်ချေ။ အသင့်ကံကြမ္မာသက္ကဒိရ်တွင်မပါဝင်သော အန္တရာယ်တစ်ခုပေးရန် အကယ်၍ဂင်းတို့အားလုံးစုပေါင်းကြိုးစား၍လုပ်ဆောင်လျှင်လည်း ဂင်းတို့မည်သည့်အခါမျှ လုပ်နိုင်မည်မဟုတ်ချေ။ အကယ်၍အသင်သည် သည်းခံပြီးလုပ်နိုင်စွမ်းရှိသည်ဟု သေချာလျှင် မည်သည့်နည်းဖြင့်မဆို လုပ်ဆောင်လော့။ အကယ်၍အသင့်တွင် လုပ်ဆောင်နိုင်သည့် အစွမ်းနှင့်အင်အားမရှိပါက သည်းခံ၍နေလော့” အဘယ့်ကြောင့်ဆိုသော်

အသင်၏စိတ်သဘောထားနှင့်ဆန့်ကျင်သည့်အရာများတွင် သည်းခံ၍နေခြင်းသည် ဘရကတ်နှင့်ကြီးမားသော ကောင်းကျိုးများရှိသည်။ ရှင်းရှင်းလင်းလင်းသဘောပေါက်နားလည်ရမည်မှာ ခက်ခဲမှုနှင့်အတူ စည်းစိမ်ချမ်းသာသည်လည်းကောင်း၊ ဆင်းရဲဒုက္ခရောက်ခြင်းနှင့်အတူ ကြွယ်ဝမှုသည်လည်းကောင်း အလ္လာဟ်အရှင်မြတ်၏ အကူအညီသည် သည်းခံသူများနှင့်အတူရှိပေသည်။ (ဤဟဒီးဆ်တော်သည် သိရ်မ်ဇီကျမ်းနှင့် မတ်စ်နဒ်အဟ်မဒ်ကျမ်းတွင်လည်း ခိုင်မာသော ကွင်းဆက်များနှင့်အတူပါရှိသည်။)

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤရှင်းလင်းသော ကြေငြာချက်နှင့် တမန်တော်မြတ် (e) သခင်၏ဘဝတစ်လျှောက်လုံးသင်ကြားပို့ချချက်များရှိလင့်ကစား ဤအွမ္မသ်ထုသည် လမ်းလွဲတိမ်းချော်စပြုကာ အလ္လာဟ်အရှင်မြတ်အတွက်သီးသန့်ထားရှိသော အရာများကို ထိုဖန်ဆင်းရှင်၏ အဖန်ဆင်းခံများအားဝေငှပါသည်။ ယခုအခါတွင်များစွာသောမုစ်လင်မ်တို့သည် ၎င်းတို့အတိဒုက္ခရောက်နေစဉ်တွင် အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆုမွန်တောင်းဆို၍ အကူအညီတောင်းခံရမည့်အစား အလ္လာဟ်အရှင်မြတ်၏နာမတော်ကို မေ့လျော့ကာ အမျိုးမျိုးသောအမည်များကိုတသသောအကူအညီတောင်းခံနေကြပါသည်။ အလ္လာဟ်အရှင်မြတ်၏အချစ်တော်များ နှင့် တမန်တော်များသည် နာမ်ပိုင်းဆိုင်ရာတရားအားထုတ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်ထံ ဆုမွန်ဒုအာတောင်းခြင်းသည် အခြားသောကိစ္စရပ်ဖြစ်ကာ ယင်းလုပ်ရပ်ကိုခွင့်ပြုပါသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်သော သက်သေအထောက်အထားများကို တမန်တော်မြတ် (e) ကိုယ်တိုင်၏သင်ကြားပြသမှုများတွင်တွေ့ရှိနိုင်သည်။ သို့ရာတွင် တစ်စုံတစ်ဦး၏ ချို့တဲ့မှုကိုဖယ်ရှားပြစ်ရန်သော်၎င်း၊ ပြဿနာတစ်ခုအတွက် အဖြေရရှိစေရန်သော်၎င်း အဖန်ဆင်းခံတစ်ဦး၏နာမည်ကိုတသကာသူ၏ထံသို့ တိုက်ရိုက်တောင်းခံခြင်းသည် ဤကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်ကို ပွင့်လင်းစွာ တော်လှန်မှုတစ်ရပ်ပင်ဖြစ်သည်။ အလ္လာဟ်အရှင် ကျွန်တော်မျိုးတို့အားလုံးကို တရားလမ်းမှန်ပေါ်၌ ထားရှိပေးသနားတော်မူပါ။

အာယသ်တော်(၁၈)၏အဆုံးတွင် အရဗီ-**وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ وَهُوَ الْحَكِيمُ الْخَبِيرُ** ("၎င်းပြင်ထိုအရှင်မြတ်သည် မိမိကျွန်များအပေါ်ဝယ် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူပေသည်။ ထိုမှတစ်ပါးထိုအရှင်မြတ်သည်ဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင်၊ (သတင်း အလုံးစုံတို့ကို) အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်လည်းဖြစ်တော်မူပေသတည်း။(၆း၁၈)ဟူ၍ မိန့်ကြားထားသည်။ ပိုင်းစိုးသခြင်းဟူသည်၏ အကြွင်းမဲ့အနက်အဓိပ္ပာယ်အရ အလ္လာဟ်သအာလာ၏ပိုင်စိုးသမှုသည် အရှင့်ကျေးကျွန်များအပေါ်၌လွှမ်းခြုံထားသည်။ ၎င်းနောက် လူတိုင်းလူတိုင်းတို့သည် အချိန်တိုင်းတွင် ထိုအရှင်၏တန်ခိုးအာဏာနှင့်ထိန်းချုပ်မှုအောက်တွင်ရှိနေကြပါသည်။ ဤအကြောင်းကြောင့် မည်သည့်လူသားသည် မည်မျှပင်ကြီးကျယ်နေပါစေ အလ္လာဟ်အရှင်နှင့်နီးကပ်သော တမန်တော်တစ်ပါးဖြစ်နေပါစေ(သို့)ကမ္ဘာကြီးတစ်ခုလုံးကိုအုပ်ချုပ်သောအလွန်တန်ခိုးကြီးမားသော အုပ်ချုပ်သူဖြစ်နေပါစေ ၎င်းတို့လုပ်ဆောင်သမျှအားလုံးအောင်မြင်သောသူများမဟုတ်သကဲ့သို့ သူတို့၏ဆန္ဒများလည်းမပြည့်စုံကြပါ။

၎င်းနောက် ထိုအရှင်သည် အသိဉာဏ်ပညာနှင့်ပြည့်စုံတော်မူပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရှင်လုပ်ဆောင်သမျှတို့သည် ပဓာနကျသောအသိဉာဏ်တောင်ဖြင့်သာဖြစ်ပါသည်။ ထို့နောက် ထိုအရှင်သည် အလုံးစုံကိုကြားသိတော်မူသောအရှင်လည်းဖြစ်သည်။ ထို့ကြောင့် အလ်ကဟီးရ် rE aqLA (နိုင်နင်းလွှမ်းမိုး

တော်မူသောအရှင်)ဟူသောစကားလုံးက "အလ္လာဟ်သအာလာ"၏ပြီးပြည့်စုံသောတန်ခိုးအာဏာကိုထောက်ပြသကဲ့သို့ အလ်ဟကီမ် ùY\hLA (ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်)ဟူသော စကားလုံးက ထိုအရှင်၏အရာရာကိုလွှမ်းခြုံသိမြင်တော်မူခြင်းကို ထောက်ပြပါသည်။ ထို့ကြောင့် အသိဉာဏ်ပညာနှင့်တန်ခိုးအာဏာတွင် ပြီးပြည့်စုံခြင်းဟူသော စကားလုံးနှစ်လုံးသည် အလ္လာဟ်အရှင်မြတ်၏သီးသန့်ဂုဏ်တော်များဖြစ်ကြောင်းနှင့် အလ္လာဟ်အရှင်သည်သာထိုဂုဏ်တော်များနှင့်ထိုက်တန်ကြောင်း ကျွန်ုပ်တို့အားပြောပြပါသည်။

ဤအာယသ်တော်ကျရောက်စေသည့်အကြောင်းခံဖြစ်သော သီးခြားအဖြစ်အပျက်တစ်ခုယေဘုယျအားဖြင့် ဋီကာရှင်များစွာက တင်ပြထားခဲ့ပါသည်။ တစ်ချို့သောအခါက တမန်တော်မြတ် (e) ထံ မက္ကာဟ်မြို့တော်မှကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ရောက်ရှိလာခဲ့ပါသည်။ သူတို့ကပြောသည်မှာ"အသင်ကိုယ်အသင် အလ္လာဟ်အရှင်မြတ်၏တမန်တော်ဟု အခိုင်အမာပြောဆိုခဲ့သည်။ ဤသည်နှင့်ပတ်သက်၍ အသင်၏သက်သကားမည်သူနည်း။ ဂျူးများနှင့် ခရစ်ယာန်များထံမှ ဤကိစ္စမှန်ကန်ကြောင်း အတည်ပြုရန် ကျွန်ုပ်တို့အစွမ်းကုန်ကြိုးစားခဲ့သော်လည်း ဤကိစ္စမှန်ကန်မှုကို သက်သေခံရန် တစ်စုံတစ်ယောက်မှ မတွေ့ရှိသေးပါ။

ထိုစဉ်- **قُلْ اَیُّ شَیْءٍ اَکْبَرُ شَهَادَةً** ဟူသောအာယသ်တော်ကျရောက်ခဲ့ပါသည်။ ဆိုလိုသည်မှာ အသင်ကသူတို့ကိုပြောစမ်းပါ။ အလ္လာဟ်အရှင်၏သက်သေခံခြင်းအား မည်သည့်သက်သေခံခြင်း ထက်ကြီးကျယ်ပါမည်နည်း။ ထိုအရှင်၏တန်ခိုးအာဏာတော်အတွင်းတွင် ဤကမ္ဘာရှိလူတိုင်း၏ဖြစ်ခြင်း၊ ပျက်ခြင်း များတည်ရှိပါသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အသင်နှင့်အကျွန်ုပ်ကြားတွင် သက်သေဖြစ်ကြောင်း သူတို့အားပြောပြပါ။ အလ္လာဟ်အရှင်သက်သေခံခြင်းဆိုသည်မှာ တမန်တော်မြတ် (e) သခင် တမန်တော် ဖြစ်ခြင်း၏ မှန်ကန်မှုကို အတည်ပြုစေရန်အတွက် ထင်လင်းစွာပြသခဲ့သော အံ့ဖွယ်ရာများနှင့်လက္ခဏာတော်များ ကိုရည်ညွှန်းပါသည်။ ထို့ကြောင့် မက္ကာဟ်မြို့၏လူများအားပြောကြားရာ၌- **اَئِنَّکُمْ لَتَشْهَدُوْنَ اَنَّ مَعَ اللّٰهِ اٰلِهَةً اُخْرٰی** ဟူ၍မိန့်ကြားထားသည်။ ဆိုလိုသည်မှာ အသင်တို့သည် အလ္လာဟ်သအာလာကိုယ်တော်တိုင် သက်သေခံတော်မူပြီးသည့်နောက်သော်မှပင် အလ္လာဟ်အရှင်အား ဆန့်ကျင်ခါ ထိုအရှင်နှင့်ယှဉ်တွဲကိုးကွယ်ရန် အခြားဘုရား များလည်းရှိနေပါသေးသည်ဟု သက်သေခံနေသလား။ သို့ဆိုပါလျှင် အသင်တို့၏ကြမ္မာသည် အသင်တို့ကြောင့်သာဖြစ်ပါတော့သည်။ ကျွန်ုပ်မှာမူထိုကဲ့သို့သောကိစ္စမျိုးအတွက် သက်သေမခံနိုင်ပါ။ ထို့နောက် ထိုသူများအား ပြောကြားရန်အတွက် တမန်တော်မြတ် (e) - **قُلْ اِنَّمَا هُوَ اِلٰهٌ وَّاحِدٌ** ဟုမိန့်ကြားထားသည်။ ဆိုလိုသည်မှာ ထိုအရှင်သည်သာ တစ်ဆူတည်းသောဘုရားဖြစ်ပြီး ထိုအရှင်၏သန့်ရှင်းစင်ကြယ်သော ဘုရားဖြစ်မှုတွင် မည်သူနှင့်မှ ယှဉ်တွဲ၍ကိုးကွယ်ခြင်းမခံထိုက်ပါ။

ၔင်းနောက် ဆက်လက်၍- **وَاُوْحِیَ اِلَیَّ هٰذَا الْقُرْاٰنُ لِاُنْذِرَکُمْ بِهٖ وَمَنْۢ بَلَغَ** ဟူ၍မိန့်ကြားထားသည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏နှုတ်ကပါတ်အနေဖြင့် ကျွန်ုပ်ထံသို့ ချပေးခဲ့ပါသည်။ သို့မှသာ အသင်တို့နှင့် တစ်ကွ ကိယာမသ်နေ့တိုင် ကုရ်အာန်ကျမ်းတော်မြတ်ကို ဆက်လက်ရရှိနေဦးမည့်လူသားများကိုလည်းပဲ အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုအကြောင်း ကျွန်ုပ်က သတိပေးရန်ဖြစ် သည်။

ဤသည်က တမန်တော်မြတ် (e) သခင်သည် နောက်ဆုံးတမန်တော်ဖြစ်ကြောင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်သည် နောက်ဆုံးကျမ်းစာအုပ်ဖြစ်ကြောင်းသက်သေပြပါသည်။ ယင်းကျမ်းစာအုပ်ကို ကိယာမသ်နေ့တိုင်ဖတ်ရွတ်ခြင်း၊ သင်ကြားပို့ချခြင်းများ အဆက်မပြတ်ရှိပါလိမ့်မည်။ ၔင်းပြင် လူများသည်ယင်းကျမ်းစာပါ

အတိုင်း လိုက်နာကျင့်သုံးရန် မလုပ်မနေရတာဝန်တစ်ရပ်ဖြစ်ပါသည်။

စိုက်ယိဒနာ စအိဒ်အိဗနိဂျူဗိုင်းရ် (t) သခင်က မိန့်ကြားသည်မှာ"မည်သူမဆို ၎င်းထံကုရ်အာန် ကျမ်းတော်မြတ်ရောက်ရှိခဲ့လျှင် ထိုသူသည်တမန်တော်မြတ် (e) သခင်နှင့် တွေ့ဆုံခဲ့သူတစ်ဦးကဲ့သို့ဖြစ်သွားပါသည်။" အခြားဟဒီးဆ်တော်တစ်ရပ်တွင် "မည်သူမဆို ထိုသူထံ ကုရ်အာန်ကျမ်းတော်မြတ်ရောက်ရှိသွားလျှင် ငါကိုယ်တော်မြတ်သည် ထိုသူ၏ ကတိပေးသူ(နဒီး)ဖြစ်သွားပါသည်။"

ထို့ကြောင့် တမန်တော်မြတ် (e) သခင်သည် ၎င်း၏ဆွေဟာဗာဟ်များတို့အား လေးလေးနက်နက် မိန့်ကြားခဲ့သည်မှာ-**بَلِّغُوْا عَنِّیْ وَلَوْ اٰیَةً** ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ "ကျွန်ုပ်၏ညွှန်ကြားချက်များနှင့်သင်ကြားပို့ချချက်များကို အကယ်၍ တစ်အာယသ်ပင်ဖြစ်ပါစေ လူအများထံ ပို့ဆောင်လော့"ဟူ၍ဖြစ်သည်။

ထို့ပြင် စိုက်ယိဒနာ အဗွဒွလ္လာဟ်အိဗနိမတ်စ်အူးဒ် (t) သခင်က ကိုယ်တော်မြတ် (e) သခင်၏ မိန့်ကြားချက်ကို တင်ပြထားသည်မှာ "ကျွန်ုပ်၏မိန့်ကြားချက်ကို ကြားနာခဲ့ပြီးအလွတ်ကျက်မှတ်ကာ ကျွန်ုပ်၏ အွမ္မသ်ထံပို့ဆောင်ပေးသူအား အလ္လာဟ်အရှင်မြတ် ထိုသူ့ကို ကျန်းမာချမ်းသာစွာထားရှိပေးတော်မူပါ။"ဟုဖြစ်သည်။ ဤသည်မှာ အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် အများအားဖြင့် ဖြစ်ပျက်တတ်သည်မှာ မိန့်ကြားချက်ကို ပထမဦးစွာကြားသိရသူသည် ယင်းပြောဆိုချက်အား နားလည်သဘောပေါက်ကောင်းမှ ပေါက်ပါလိမ့်မည်။ သို့သော်လည်း ပထမလူသယ်ဆောင်ခဲ့သော ပြောကြားချက်ကို နောက်မှကြားသိရသူသည်ကား ပိုမိုနားလည်သဘောပေါက်နိုင်ပေသည်။

ဂျူးနှင့်ခရစ်ယာန်များထံ စုံစမ်းစစ်ဆေးပြီးနောက် တမန်တော်မြတ် (e) သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်အဖြစ် ပြောဆိုခြင်း၏မှန်ကန်မှုကို သက်သေခံမည့်သူမရှိဟု ထိုသူများ၏ပြောဆိုချက်အား အာယသ်တော်(၂၀)ထဲတွင် ငြင်းဆိုမိန့်ကြားထားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ -**اَلَّذِیْنَ اٰتَیْنٰهُمُ الْكِتٰبَ یَعْرِفُوْنَهٗ كَمَا یَعْرِفُوْنَ اَبْنَآءَ هُمْ** ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ ဂျူးနှင့်ခရစ်ယာန်များသည်သူတို့၏ သားများကို မှတ်မိကြသကဲ့သို့ မုဟမ္မဒ်အလ် မုစ်သဖာ (e) သခင်ကိုလည်း သူတို့မှတ်မိကြပါသည်။

အကြောင်းမှာ သောင်ရတ်နှင့်အီင်ဂျီလ်ကျမ်းများထဲတွင် တမန်တော်မြတ် (e) သခင်၏ ရုပ်ဆင်းသဏ္ဌာန်၊ ကိုယ်တော်မြတ်၏ဇာတိ၊ ထို့နောက် ၎င်းပြောင်းရွှေ့နေထိုင်သည့်နေရာ၊ ၎င်း၏အကျင့်စရိုက်များ၊ ကိုယ်ကျင့်တရားများနှင့် အောင်မြင်မှုများကို အပြည့်အစုံဖော်ပြထားခဲ့သည်။ ယင်းတို့မှာ မည်မျှအသေးစိတ်သနည်းဟူမူ ကိုယ်တော်မြတ်အား ဖော်ထုတ်မှတ်မိသိရှိနိုင်ရန်မှာ စိုးစဉ်းမျှ သံသယမရှိလောက်အောင်ပင်။ စင်စစ်ကိုယ်တော်မြတ် (e) သခင်၏အကြောင်းဖော်ပြထားရုံမျှဖြင့် ကန့်သတ်မထားပဲ ကိုယ်တော်မြတ်၏ မြင့်မြတ်သော ဆွေဟာဗာဟ်များအကြောင်း အသေးစိတ်များကိုပင် သောင်ရတ်နှင့်အင်ဂျီလ်ကျမ်းတွင်ဖော်ပြထားခဲ့သည်။ ထို့ကြောင့် သောင်ရတ်နှင့်အင်ဂျီလ်ကျမ်းကိုရွတ်ဖတ်သရဇ္ဈာယ်၍ယင်းကျမ်းများကို ယုံကြည်သော မည်သူမဆိုသည် ကိုယ်တော်မြတ် (e) သခင်အား မှတ်မိနိုင်လိမ့်မည်မဟုတ်ဟုဆိုလျှင် မဖြစ်နိုင်ချေ။

ဤနေရာ၌မူရင်းစာသားထဲတွင်"၎င်းတို့၏သားများအား မှတ်မိသကဲ့သို့"ဟူ၍ သားသမီးများနှင့်ပတ်သက်သောနှိုင်းယှဉ်ချက်ပေးထားသည်။ ဤနေရာ၌သားသမီးများက မိဘကို မှတ်မိသကဲ့သို့ဟူ၍ မိန့်ကြားမထား

ပါ။ အကြောင်းမှာ မိဘများကသားသမီးများကိုမှတ်မိခြင်းသည် အလွန်အသေးစိတ်ကျ၍ သေချာသည်။ သားသမီးများသည် နေ့နှင့်ညအခြေအနေအားလုံး၌ မိဘရှေ့တွင် ရှိနေပါသည်။ လူမမယ်ကလေးမှ ငယ်ရွယ်သည့်နှစ်များတိုင် ၎င်းတို့သည် မိဘ၏ရင်ခွင်နှင့်လက်ထဲတွင် ကြီးပြင်းခဲ့ပါသည်။ ထို့ကြောင့် မိဘများက ၎င်းတို့၏သားသမီးများကို မှတ်မိသည့်အတိုင်းအတာလောက် ၎င်းတို့သားသမီးများက ၎င်းတို့ကို မမှတ်မိနိုင်ပါ။

စိုက်ယိဒနာ အဗွဒွလ္လာဟ်အိဗနိစလာမ် (ţ) သည် ဣဗြာဟာသာဝင်တစ်ဦးဖြစ်ခဲ့ကာ နောင်တွင်မှ မုစ်လင်မ် တစ်ဦးဖြစ်လာပါသည်။ စိုက်ယိဒနာ ဖွာရုပ်က်အလ်အအ်ဇမ် (ţ) သခင်က ၎င်းအားမေးမြန်းခဲ့သည်မှာ သင်သည် ကျွန်ုပ်တို့ရစူလ်တမန်တော်အား အသင့်၏သားများကိုမှတ်မိသကဲ့သို့မှတ်မိသည်။ ဘာကြောင့် ဤသို့မိန့်ရသနည်း။" မှန်ပါသည်။ အလ္လာဟ်အရှင်မြတ်ပို့ချတော်မူသော သောင်ရတ်ကျမ်းပါ တမန်တော်မြတ် (e) သခင်၏ အရည်အချင်းများနှင့်ရုပ်ဆင်းသဏ္ဌာန်များဖော်ပြချက်အရ ကျွန်ုပ်တို့သိရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏သိရှိနားလည်မှုသည် သေချာ၍အကြွင်းမဲ့ဖြစ်သည်။ ဤသည်နှင့်ဆန့်ကျင်၍ မိမိသားသမီးများအကြောင်းနှင့်ပတ်သက်၍မူ တစ်စုံတစ်ဦးသည် ယင်းကလေးသည် ကျွန်ုပ်တို့သားသမီးဟုတ်မဟုတ်မူကား သံသယဝင်နိုင်ပါသည်။

စိုက်ယိဒနာဇိုက်ဒ်အိဗနိစအ်နာဟ်သည် ကနဦးက ကျမ်းရပုဂ္ဂိုလ်များတွင် ပါဝင်သည်။ သောင်ရတ်နှင့် အင်ဂျီလ်ကျမ်းများထဲတွင် ဖော်ပြထားသည်။ ကိုယ်တော်မြတ် (e) သခင်၏ အရည်အချင်းများနှင့်ရုပ်ဆင်းသဏ္ဌာန်အရ ကိုယ်တော်မြတ်အားမှတ်မိသိရှိခဲ့ပါသည်။ အစောပိုင်းသတင်းအချက်အလက်များတွင် အရည်အချင်းတစ်ရပ်နှင့်ပတ်သက်၍ကား အတည်ပြုချက်မရနိုင်ခဲ့ပါ။ ထို့ကြောင့် ဤအရည်အချင်းကို စမ်းသပ်မှုတစ်ခုဖြင့်အတည်ပြုခဲ့သည်။ ထိုအရည်အချင်းကား"ကိုယ်တော်မြတ်၏ သည်းခံမှုသည် ကိုယ်တော်မြတ်၏ဒေါသအားလွှမ်းမိုးလိမ့်မည်"ဖြစ်သည်။ ထို့နောက် သူသည် ကိုယ်တော်မြတ် (e) သခင်ထံ သွားရောက်တွေ့ဆုံ၍ သူ၏စမ်းသပ်မှုပြုလုပ်ရာတွင် ဤအရည်အချင်းပိုင်ဆိုင်သူစစ်စစ်တစ်ဦးဖြစ်ကြောင်းတွေ့ရှိခဲ့ရသည်။ သူသည် မုစ်လင်မ်တစ်ဦး တမဟုတ်ခြင်းဖြစ်သွားခဲ့သည်။

အာယသ်တော်(၂၀)ထဲတွင် ဤကျမ်းရပုဂ္ဂိုလ်များသည် တမန်တော်မြတ် (e) ဖြစ်ကြောင်း အစစ်အမှန်ဖော်ပြချက်ကို သိရှိလင့်ကစား အစ္စလာမ်သာသနာကို လက်မခံပဲ ၎င်းတို့ကိုယ်၎င်းတို့ပျက်စီးရာပျက်စီးကြောင်းလုပ်နေသည်ကို- **اَلَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ فَهُمْ لَا يُؤْمِنُوْنَ** "(သို့ရာတွင်)မိမိတို့ကိုယ်ကိုမိမိတို့ပင် ကျိုးယုတ်နစ်နာ အောင်ပြုလုပ်သောသူတို့မူကား အလျဉ်းသက်ဝင်ယုံကြည်ကြမည်မဟုတ်ပေ။"

XXXXXXXXXXX

tm,of (22-26)

وَيَوْمَ نَحْشُرُهُمْ جَمِيعًا
ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُوا أَيْنَ شُرَكَاؤُكُمُ الَّذِينَ كُنْتُمْ
تَزْعُمُونَ ﴿٢٢﴾ ثُمَّ لَمْ تَكُنْ فِتْنَتُهُمْ إِلَّا أَنْ قَالُوا وَاللَّهِ رَبِّنَا مَا كُنَّا
مُشْرِكِينَ ﴿٢٣﴾ انْظُرْ كَيْفَ كَذَبُوا عَلَىٰ أَنْفُسِهِمْ وَضَلَّ عَنْهُمْ
مَا كَانُوا يَفْتَرُونَ ﴿٢٤﴾ وَمِنْهُمْ مَنْ يَسْتَمِعُ إِلَيْكَ وَجَعَلْنَا عَلَىٰ
قُلُوبِهِمْ أَكِنَّةً أَنْ يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا وَإِنْ يَرَوْا كُلَّ
آيَةٍ لَا يُؤْمِنُوا بِهَا حَتَّىٰ إِذَا جَاءُوكَ يُجَادِلُونَكَ يَقُولُ الَّذِينَ
كَفَرُوا إِنْ هَٰذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ ﴿٢٥﴾ وَهُمْ يَنْهَوْنَ عَنْهُ
وَيَنْأَوْنَ عَنْهُ وَإِنْ يُهْلِكُونَ إِلَّا أَنْفُسَهُمْ وَمَا يَشْعُرُونَ ﴿٢٦﴾

၎င်းပြင် အကြင်နေ့ကိုလည်း သတိရသင့်၏။ ထို့နေ့တွင် ငါအရှင်မြတ်သည်ယင်းသူတို့အားလုံးကိုစုရုံးစေတော်မူပြီးနောက်(တစ်စုံတစ်ရာငါအရှင်မြတ်နှင့်)တွဲဖက်ကိုးကွယ်ခဲ့ကြသော သူတို့အားအသင်တို့သည် (ငါအရှင်မြတ်၏တွဲဖက်များဖြစ်ကြသည်ဟူ၍)ထင်မြင်ယူဆ(ကိုးကွယ်)ခဲ့ကြသောအသင်တို့၏အပေါင်းအဖော်(တွဲဖက်ကိုးကွယ်ရာ)များသည် အဘယ်နည်းဟုမေးမြန်းတော်မူအံ့။(၆း၂၂)

ထို့နောက်၎င်းတို့က"ကျွန်တော်မျိုး(သည်မိမိတို့)၏အရှင်ဖြစ်တော်မူသောအလ္လာဟ်အရှင်မြတ်ကိုတိုင်တည်ကျိန်ဆို၍ကျွန်တော်မျိုးသည်(တစ်စုံတရာကိုအလ္လာဟ်အရှင်မြတ်နှင့်)တွဲဖက်၍ကိုးကွယ်သူများမဟုတ်ကြပါ"ဟုပြောဆိုကြသည်မှအပ ၎င်းတို့၌မည်သည့်ဆင်ခြေလဲခြင်းမျှရှိနိုင်မည်မဟုတ်ပေ။ (၆း၂၃)

(အို-နဗီတမန်တော်)ထိုသူတို့သည် မိမိတို့နှင့်ဆန့်ကျင်၍ပင်မည်ကဲ့သို့မုသားပြောဆိုကြသည်ကိုလည်းကောင်း၊ ယင်းသူတို့ထံမှ ယင်းသူတို့၏အကြံ

အစည်များသည် မဟုတ်မလျားစွပ်စွဲပြစ်မှားလေ့ရှိခဲ့ကြသောအရာများသည် (မည်ကဲ့သို့)ပျက်ပြားဆုံးပါးသွားသည်ကိုလည်းကောင်း အသင်သည်(စဉ်းစားဆင်ခြင်၍)ကြည့်ပါလေ။ (၆း၂၄)

ဂင်းပြင် ထိုသူတို့တွင်အသင့်ဘက်သို့နားစွင့်၍နေကြသူများလည်းရှိကြ၏။ အမှန်သော်ကား ဂင်းတို့ထိုကုရ်အာန်ကိုနားမလည်နိုင်ကြရန်၊ ငါအရှင်မြတ်သည်ထိုသူတို့၏စိတ်နှလုံးများအပေါ်၌ အတားအဆီးများချထားတော်မူ၏။ ယင်းသူတို့၏နားများတွင်လေးလံခြင်းကိုလည်းပြုထားတော်မူခဲ့၏။ စင်စစ် တစ်မူကားယင်းသူတို့သည် သက်သေလက္ခဏာများအားလုံးကိုတစ်ခုမကျန် တွေ့မြင်ကြရသော်လည်း ထိုသက်သေလက္ခဏာများယုံကြည်ကြမည်မဟုတ်ပေ။ဤမျှတိုင်ဂင်းတို့သည်အသင့်ထံသို့ပင်လာရောက်ကြသောအခါ အသင်နှင့်အငြင်းအခုံပြုကြ၏။ ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့က "ဤကားရှေးသူဟောင်းတို့၏ ဒဏ္ဍာရီပုံပြင်များသာဖြစ်ချေမည်ဟုပြောဆိုကြ၏။" (၆း၂၅)

ဂင်းပြင်ယင်းသူတို့သည်(သူတစ်ပါးတို့ကိုလည်း)ထိုကုရ်အာန်ကျမ်းတော်မြတ်(ကိုနားဆင်ခြင်း)မှတားမြစ်ကြကုန်၏။ မိမိတို့ကိုယ်တိုင်လည်းယင်းကုရ်အာန်ကျမ်းမြတ်(ကိုနားဆင်ခြင်း)မှ(ဝေးစွာ)ကြဉ်ရှောင်ကြကုန်၏။ စင်စစ် သော်ကားထိုသူတို့သည် မိမိတို့ကိုယ်သာဖျက်ဆီးကုန်၏။ သို့ရာတွင်ဂင်းတို့သည်(ဤမျှပင်)မသိတတ်ကြချေ။(၆း၂၆)

tusfxGihrfqkjcif;

ပြီးခဲ့သောအာယသ်တော်(၂၁)ထဲတွင် မှန်ကန်မှုအားငြင်းပယ်သူများ၊ မမျှတသူများသည် ကယ်တင်ခြင်းခံရလိမ့်မည်မဟုတ်ကြောင်းဖော်ပြထားသည်။ အသေးစိတ်များလက်ရှိအာယသ်တော်များတွင် ပါဝင်သည်။ ပထမအာယသ်(၂၂)နှင့်ဒုတိယအာယသ်(၂၃)တို့သည်ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ အားလုံးတို့သည် အလွှာဟ် အရှင်မြတ်ရှေ့တော်မှောက်ဝယ် စုရုံးစေကာကြီးမားသောစစ်ဆေးခြင်းအကြောင်းမိန့်ကြားထားသည်။အာယသ်- **وَيَوْمَ نَحْشُرُهُمْ جَمِيعًا** "ဂင်းပြင်အကြင်နေ့ကိုလည်းသတိရသင့်၏။ ထို့နေ့တွင်ငါအရှင်မြတ်သည် ယင်းသူတို့အားလုံးကိုစုရုံးစေတော်မူပြီးနောက်"ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ "မယုံကြည်သွေဖည်ငြင်းပယ်သူအားလုံးနှင့်ဂင်းတို့ကိုယ်တိုင်ပြုလုပ်ထားသော ကိုးကွယ်ရာပစ္စည်းများနှင့်အတူတကွ စုရုံးစေတော်မူခြင်း"ဟူ၍ဖြစ်သည်။ ထို့နောက်- **ثُمَّ نَقُولُ لِلَّذِينَ اَشْرَكُوٓا اَيْنَ شُرَكَآؤُكُمُ الَّذِينَ كُنتُمْ تَزْعُمُونَ** "(တစ်စုံတစ်ရာ ငါအရှင်မြတ်နှင့်) တွဲဖက်ကိုးကွယ်ခဲ့ကြသောသူတို့အား အသင်တို့သည် (ငါအရှင်မြတ်၏တွဲဖက်များဖြစ်ကြသည်ဟူ၍)ထင်မြင်ယူဆ(ကိုးကွယ်)ခဲ့ကြသော အသင်တို့၏အပေါင်းအဖော်(တွဲဖက်ကိုးကွယ်ရာ)များသည်

အဘယ်နည်းဟုမေးမြန်းတော်မူအံ့။)ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ မယုံကြည်သွေဖည်သူများအား အလွှာဟ်နှင့်ယှဉ်တွဲကိုးကွယ်စရာများဟု ၎င်းတို့မှတ်ယူခဲ့သောအရာများအကြောင်း၊ ထို့နောက် ၎င်းတို့၏ ပြဿနာများကိုဖြေရှင်းပေးသူများအကြောင်း၊ ထို့နောက် ၎င်းတို့ယခုကဲ့သို့စစ်ဆေးမေးမြန်းခံရချိန်တွင် ၎င်းတို့အားအကူအညီပေးရန် ထိုကိုးကွယ်ရာများကအဘယ့်ကြောင့် မကူညီကြသနည်းဟု မေးမြန်းထားခြင်းဖြစ်သည်။

ဤနေရာ၌သုံးစွဲထားသော ﻳﺎ#-~C< "ဆွမ်မ"(ထို့နောက်၊ ထိုသည်၏နောက်)ဆိုသောစကားလုံးက နှောင့်နေးကြုံကြောခြင်းကိုဖော်ထုတ်ပါသည်။ ဤသည်က ကံကြမ္မာအတွက်အဆုံးအဖြတ်ပေးမည့် မေးခွန်းများဖြေကြားရခြင်းစစ်ဆေးမှုကိုပြန်လည်ရှင်ပြန်ထရမည့်နေ့၌ လူအများအား စုရုံးခြင်းပြီးသည်နှင့်စတင်လိမ့်မည်မဟုတ်ကြောင်းကျွန်ုပ်တို့အား ပြောပြပါသည်။ ထိုသို့မဟုတ်မူဘဲ ထိုသူအားလုံးတို့အား အံ့သြခြင်း၊ စိတ်ရှုပ်ထွေးစေခြင်း၊ အနေအထားဖြင့် အချိန်ကြာမြင့်ရပ်လျှက်ရှိနေစေပါလိမ့်မည်။ အချိန်အတိုင်းအတာတစ်ခုကုန်လွန်ပြီးမှ စာရင်းစစ်ဆေးခြင်းအမှုစတင်ပါလိမ့်မည်။

ဟဒီးဆ်တော်တစ်ပုဒ်ထဲတွင် တမန်တော်မြတ် (ﷺ) ၏မိန့်ကြားချက်ကို တင်ပြထားသည်မှာ "ပြန်လည်ရှင်ပြန်ထရမည့်နေ့စုရုံးရသည့် လွင်ပြင်တွင်အလွှာဟ်တအာလာသည် မြားတန်များကိုစုစည်းကာ မြားအိမ်ထဲသို့ထည့်သွင်းသကဲ့သို့ အသင်တို့အားလုံးကို ထိုကဲ့သို့လုပ်ဆောင်ပါလျှင် အသင်တို့မည်သို့ဖြစ်သွားမည်နည်း။ ၎င်းနောက်အသင်တို့သည် ထိုအနေအထားအတိုင်း နှစ်ပေါင်းငါးသောင်းရှိနေပါလိမ့်မည်"ဟူ၍ဖြစ်သည်။ ၎င်းပြင်အခြားသောဆင့်ပြန်ချက်တစ်ခုတွင်ပါရှိသည်မှာ ထိုနေ့တွင် လူတိုင်းသည်အမှောင်ထုထဲတွင် နှစ်ပေါင်းတစ်ထောင်ခန့်ဆိုင်းငံ့နေရပါမည်။ တစ်ဦးနှင့်တစ်ဦးလည်းစကားပြောဆိုနိုင်ခြင်းမရှိပါ။ (ဤဆင့်ပြန်ချက်ကို အလ်မုစ်တဒတ်ထဲတွင် ဟကင်မ်ကတင်ပြထားသည်၊ အလ်ဗိုင်ဟကီကလည်းတင်ပြထားသည်။)

ဤဆင့်ပြန်ချက်ပါ ငါးသောင်းနှင့်တစ်ထောင်ဆိုသည် မတူညီမှုသည် ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်နှစ်ပုဒ်ထဲတွင်ပါဝင်ပါသည်။ စူရတ်အလ်"မအ်ရစ်ဂ်"ထဲတွင်- **كَانَ مِقْدَارُهُ خَمْسِينَ اَلْفَ سَنَةٍ** "အကြင်နေ့တွင်ယင်းနေ့၏အတိုင်းအတာသည်ဤပစ္စက္ခ၏နှစ်ပေါင်းငါးသောင်းနှင့်ညီမျှသည်။"(၇၀း၄)ဟူ၍ မိန့်ကြားထားသည်။ စူရတ်အလ်ဟဂ်ျ်ထဲတွင်- **اِنَّ يَوْمًا عِنْدَ رَبِّكَ كَاَلْفِ سَنَةٍ** "ဧကန်စင်စစ်အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်၌နေ့တစ်နေ့သည် အသင်တို့ ရေတွက်ကြသော အနှစ်တစ်ထောင်ကဲ့သို့ပင်ဖြစ်ပေသည်။(၂၂း၄၇)ဟူ၍မိန့်ထားသည်။ ဤခြားနားရခြင်း၏အကြောင်းရင်းမှာ နာကျင်ခြင်း၏ပြင်းထန်မှုသည်ကြာရှည်ပါလိမ့်မည်။ ၎င်းနောက်နာကျင်ခြင်းအဆင့်များသည် ကွဲပြားခြားနားပါလိမ့်မည်။ ထို့ကြောင့် ဤနေ့သည် အချို့သောသူများကနှစ်ပေါင်းငါးသောင်းဟုထင်မှတ်နိုင်သကဲ့သို့အခြားသောသူများက နှစ်ပေါင်းတစ်ထောင်ဟုမှတ်ယူနိုင်သည်။

အချုပ်ဆိုရသော် အချိန်ကြာညောင်းပြီးမှ စစ်ဆေးမှုစတင်မည့်ကြီးကျယ်သောစစ်ဆေးခြင်းပြုလုပ်မည့် ဤနေရာတွင်ရှိ လူများသည်စာရင်းစစ်ဆေးခြင်းအမှုစတင်ရန်ဆန္ဒပြုကြပါလိမ့်မည်။ သို့မှသာ အဆုံးသတ်တွင်မည်သည်ဘဲဖြစ်စေတော့၊ သူတို့၏ ဤမရေရာသောအခြေအနေမှၚင်းတို့သက်သာခွင့်ရနိုင်ပါလိမ့်မည်။ အစောပိုင်းကရည်ညွှန်းထားသကဲ့သို့ဤအချိန်ကြာမြင့်စွာ နေရခြင်းကို ရည်ညွှန်းရန်အတွက် "<oˆqT- ﻳﺎ#-~C< (ထို့နောက်

ငါအရှင်မြတ်သည် မိန့်ကြားတော်မူအံ့။)ဟူသည်၏ရှေ့တွင် ﻟﺍ#--~C< (ထို့နောက်)ဟူသောစကားလုံးက ဦးဆောင်ထားပါသည်။ အလားတူစွာပင် ဒုတိယအာယသ်(၂၃)ထဲတွင်ဖော်ပြထားသော မယုံကြည်သွေဖည်သူများတို့ပေးသောအဖြေတွင် ﻟﺍ#--~C< "ဆွမ်မ"(ထို့နောက်)ဟူသောစကားလုံးပါဝင်ပါသည်။ ယင်းကရည်ညွှန်းသည်မှာ သူတို့သည်လည်းပဲ အဖြေပေးရန်အတွက် အချိန်ကာလကြာရှည်စွာစောင့်ဆိုင်းပြီးမှ အဖြေပေးကြပါလိမ့်မည်။ သူတို့ဖြေကြားပုံမှာ- وَاللَّهِ رَبِّنَا مَا كُنَّا مُشْرِكِينَ "ကျွန်တော်မျိုး(သည်မိမိတို့)၏အရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ကိုတိုင်တည်ကျိန်ဆို၍ ကျွန်တော်မျိုးသည်(တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့်)တွဲဖက်၍ ကိုးကွယ်သူများမဖြစ်ခဲ့ကြပါ"ဟူ၍ဖြစ်သည်။ ဤအာယသ်ထဲတွင်သူတို့၏ဖြေကြားမှုကို [ntF "ဖိသ်နဟ်" ဟုဖော်ထုတ်ထားကာ ယင်းသည်"စမ်းသပ်စစ်ဆေးခြင်း"သို့မဟုတ်"လွဲမှားသောစွဲလမ်းမက်မောခြင်း"ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ ဤနေရာ၌ အဓိပ္ပါယ်နှစ်ခုစလုံးကိုကောက်ယူနိုင်သည်။ ပထမအဓိပ္ပါယ်အရမယုံကြည်သွေဖည်သူများကပေးသောအဖြေသည်ပင်လျှင် စုံစမ်းစစ်ဆေးမှုတစ်ခုဖြစ်သွားစေသည်။ ဒုတိယအဖြေအရဆိုလျှင် ဤသူများတို့သည် ရုပ်ထုများနှင့်အခြားသောဂင်းတို့ကိုယ်တိုင်ပြုလုပ်ထားသည့် ကိုးကွယ်ရာများကို အလွဲစွဲလမ်းမက်မောခဲ့ကြသည်။ ထိုအရာများအတွက်ပူဇော်ပသခြင်းများပင်ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် ဤနှေ့၌ထိုလွဲမှားသောစွဲလမ်းမက်မောခြင်းမျိုးမရှိတော့ကာ ထိုအရာများနှင့်လုံးဝကင်းရှင်းကြောင်း ကြေငြာရုံမှအပ ဂင်းတို့တွင် ရွေးချယ်စရာအကြောင်းမရှိတော့ပေ။

ဂင်းတို့၏ဖြေကြားမှုတွင် အလွန်အံ့သြဖွယ်ရာကောင်းသည့်အရာအချို့ပါသည်။ ပြစ်ဒဏ်ခတ်ခံရမည့်နေ့တွင် ဂင်းတို့အားမွေးမြူဖန်ဆင်းတော်မူသောအရှင်၏တန်ခိုးတော်နှင့်အာဏာတော်တို့၏ကြောက်မက်ဖွယ်ရာပြသမှုများနှင့်အတူ အလွန်ထိတ်လန့်ခြောက်ခြားဖွယ်ရာအချိန်ဖြစ်သော်လည်း ထိုသူများသည် ဂင်းတို့၏ဖန်ဆင်းရှင်ကိုပင် လိမ်လည်ရန် သတ္တိရှိကြပါသည်။ ယင်းလိမ်လည်မှုကိုထိုအရှင်မြတ်၏ကြီးကျယ်လှသော နာမတော်ဖြင့်ကျိန်ဆိုကာဂင်းတို့အရှက်ကင်းမဲ့စွာ ပြောဆိုခြင်းဖြစ်သည်။

ဋီကာရှင်အများစုက မယုံကြည်သွေဖည်သူများ၏အဖြေပေးခြင်းကိုတွေးခေါ်မြော်မြင်ခြင်းကိုလည်းကောင်း၊ အတွေ့အကြုံကိုလည်းကောင်း၊ အခြေခံမထားကြောင်းရှင်းလင်းထားသည်။ စင်စစ်မှာမူ ပတ်ဝန်းကျင်သည်ကြောက်ရွံ့ဖွယ်ရာကောင်းနေပြီး လူတို့၏သွေးပျက်နေသောအရှိန်ကြောင့်ဖြစ်သည်။ ယင်းကဲ့သို့သောအခြေအနေမျိုးတွင် လူတို့သည် မိမိတို့မရည်ရွယ်သည်ကိုပြောပြီးသားဖြစ်သွားတတ်ပါသည်။ သို့ရာတွင် ပြန်လည်ရှင်ပြန်ထရမည့်နေ့၏ယေဘုယျအဖြစ်အပျက်များနှင့်အခြေအနေများအကြောင်းကို အနည်းငယ်တွေးတောလိုက်ပါက အလ္လာဟ်တအာလာသည် ဂင်းတို့လူဘဝတွင်ပြောဆိုလေ့ရှိကြသည့်အတိုင်း ပြောကြားချက်များကို ပြန်လည်ရှင်ပြန်ထရမည့်နေ့ရှိ လူတိုင်းလူတိုင်း ကြားသိနိုင်ရန်အတွက် လွတ်လပ်စွာပြောဆိုခွင့်ပေးထားခြင်းလည်းဖြစ်နိုင်ပါသည်။ သို့မှသာပြန်ရှင်ထရမည့်နေ့ရှိလူတိုင်းတို့က ထိုသူများတို့သည် မယုံကြည်သွေဖည်ခြင်းနှင့်ဘုရားအများကိုးကွယ်မှုကို ရပ်တန့်ခြင်းမရှိသောသူတို့၏ ပင်ကိုယ်စရိုက်ကိုမြင်တွေ့နိုင်ပါလိမ့်မည်။ ဤသူတို့သည် အတုမရှိသောလူလိမ်များလည်းဖြစ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာကောင်းသောအခြေအနေမျိုးမှာပင် ဤသူတို့သည်လိမ်လည်ပြောဆိုခြင်းကို မရပ်ဆဲနိုင်ကြပါ။ ကုရ်အာန်ကျမ်းတော်မြတ်ပါ စူရဟ်အလ်မုဂျာဒလဟ်၏အခြားသော အာယသ်တော်တစ်ခုထဲတွင်- فَيَحْلِفُونَ لَهُ كَمَا يَحْلِفُونَ لَكُمْ "ဂင်းတို့

သည် ထိုအရှင်မြတ်ရှေ့မှောက်၌လည်း အသင်တို့ရှေ့ဝယ်ကျိန်ဆိုကြသကဲ့သို့ပင် ကျိန်ဆိုကြပေမည်။" (၅၈း၁၈) ဟူသောမိန့်ဆိုချက်က ဤဦးတည်ချက်ဆီသို့ပင် အညွှန်းတစ်ခုပေးထားပါသည်။ ဆိုလိုသည်မှာ မုစ်လင်မ်များ၏ ရှေ့တွင် ၎င်းတို့မမှန်မကန်ကျိန်ဆိုခဲ့ကြသည့်နည်းအတိုင်း စကြဝဠာတစ်ခုလုံး၏ အရှင့်ရှေ့မှောက်မှာပင် မမှန်မကန်ကျိန်ဆိုရန်ဤသူတို့သည် နှောင့်နှေးမှုမရှိကြပါ။

ဤသူများသည် သူတို့၏ရှိရှိစိုက်လုပ်ငန်းနှင့်ကုဖ်(အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်ခြင်းနှင့်မယုံကြည်သွေဖည်မှု)အကြိတ်အခဲကြီးစွာမစွန့်လွှတ်နိုင်သူများဖြစ်သောကြောင့် ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် အလ္လာဟ်အရှင်မြတ်၏အကြွင်းမဲ့တန်ခိုးတော်အရ ထိုသူတို့အားပြောဆိုမရစေရန်နှုတ်ပိတ်ထားတော်မူလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်သည်ထိုသူတို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများအား "ယခုအသင်တို့သည်၊ သူတို့လုပ်သမျှ အရာတိုင်းကိုသက်သေအဖြစ် ပြောဆိုကြရမည်ဟုအမိန့်ပေးတော်မူပါလိမ့်မည်။ ထို့နောက် ၎င်းတို့၏လက်များ၊ ခြေများ၊ မျက်လုံးများနှင့် နားများသည် ၎င်းတို့နှင့်အတူရှိနေခဲ့သော စုံထောက်များဖြစ်သွားကြောင်း သက်သေပြပါလိမ့်မည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးတို့က ထိုသူများလုပ်ဆောင်သမျှအလုံးစုံတို့ကို ပြောပြပါလိမ့်မည်။ ထိုအကြောင်းအရာနှင့်ပါတ်သက်၍ စူရတ်ယာစင်ထဲတွင်-း **اَلْيَوْمَ نَخْتِمُ عَلَى اَفْوَاهِهِمْ وَتُكَلِّمُنَآ اَيْدِيْهِمْ وَتَشْهَدُ اَرْجُلُهُمْ بِمَا كَانُوْا يَكْسِبُوْنَ** "ယနေ့သော်ကား၊ငါအရှင်မြတ်သည် ၎င်းတို့၏နှုတ်များပေါ်၌တံဆိပ်ခတ်နှိပ်တော်မူမည်။ ထို့ပြင် ၎င်းတို့၏လက်များ သည်ငါအရှင်မြတ်နှင့်စကားပြောဆိုကြပေမည်။ ထိုမှတစ်ပါး ၎င်းတို့၏ခြေများသည် ၎င်းတို့ပြုလုပ်ဆည်းပူးခဲ့သမျှ တို့ကိုသက်သေခံကြပေမည်။"ဟု မိန့်ထားလေသည်။ ဤစဉ်းစားတွေးတော၍ပင်မရနိုင်သော တန်ခိုးတော်ပြသခြင်းကိုမြင်တွေ့ရပြီးနောက် မည်သူတစ်ဦးတစ်ယောက်ကမျှ မည်သည့်အရာကိုဖုံးကွယ်ထားခြင်း၊ ယင်းတို့နှင့် ပတ်သက်၍လိမ်လည်ပြောဆိုခြင်းများ မပြုလုပ်ဝံ့ကြတော့ပါ။

ကုရ်အာန်ကျမ်းတော်မြတ်၏အခြားတစ်နေရာ၌- **وَلَا يَكْتُمُوْنَ اللّٰهَ حَدِيْثًا** "စင်စစ်သော်ကားယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌မည်သည့်စကားကိုမျှလည်းဖုံးအုပ်ထားနိုင်ကြမည်လည်း မဟုတ်ချေ။"ဟူ၍ မိန့်ကြားသည်။ ယင်းအာယသ်၏အဓိပ္ပာယ်ကို ရှင်းလင်းရာ၌ စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗားစ်ကပြောသည်မှာ"ဆိုလိုသည်မှာ အစဦးတွင် ၎င်းတို့သည်တတ်နိုင်သမျှလိမ်လည်ပြောဆိုကြပါလိမ့်မည်။ မမှန်မကန်ကျိန်တွယ်၍ပင်ပြောကြပါလိမ့်မည်။ သို့ရာတွင် သူတို့၏ကိုယ်ပိုင်လက်များနှင့်ခြေများက ၎င်းတို့ပြုလုပ်သမျှတို့ကို သက်သေခံပြီးသည်နှင့်တပြိုင်နက်၊ ထိုသူတို့သည် မည်သည့်အကြောင်းကိုမျှ မမှန်မကန်ပြောဆိုရန်သတ္တိမရှိကြတော့ပါ။"ဟူ၍ဖြစ်သည်။

တရားသူကြီးတို့၏ ထိပ်ခေါင်တရားသူကြီး၏ရုံးတော်တွင်အမှားကျူးလွန်သူတစ်ဦး၏ထွက်ဆိုချက်များကိုမှတ်တမ်းတင်ထားနိုင်ရန်အတွက် လွပ်လပ်မှုအပြည့်အဝပေးထားကြောင်း ကျွန်ုပ်တို့တွေ့ရပါသည်။ အကယ်၍ထိုသူသည်လူဘဝမှာကဲ့သို့လိမ်လည်ပြောဆိုခြင်းပြုလိုပါက ထိုအခွင့်အရေးကိုသူထံမှ ရုပ်သိမ်းမည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏အကြွင်းမဲ့တန်ခိုးတော်အရ သူ၏ခန္ဓာကိုယ်အစိတ်အပိုင်းများက သက်သေခံကြပြီးသည့်နောက်တွင် အလ္လာဟ်အရှင်မြတ်သည် သူ၏လိမ်လည်မှုအသွင်ပြင်များကို ဖျက်သိမ်းပြစ်လိုက်ပါလိမ့်မည်။

သေဆုံးပြီးသည့်နောက် လိမ်လည်ပြောဆိုခြင်းများသည် အကျိုးမရှိပါ။ ဝင်ခွင့်ရရန်ဖြေဆိုရသည့် စာမေးပွဲတစ်ခုအကြောင်းကိုစဉ်းစားကြည့်ပါ။ သေဆုံးပြီးသည့်နောက်တွင် မွန်ကာရ်နှင့်နကီရ်ဆိုသည့် ကောင်းကင်စေတမန်များက လူသားအားစတင်စစ်ဆေးပါလိမ့်မည်။ ဟဒီးဆ်တော်တွင်လာရှိသည်မှာ ကာဖိရ်မယုံကြည်သွေဖည်သူတစ်ဦးအား မွန်ကာရ်နှင့်နကီရ်တို့က-**مَنْ رَّبُّكَ وَمَا دِيْنُكَ** (အသင့်အား မွေး မြူဖန်ဆင်းတော်မူသော အရှင်ကား မည်သူနည်းနှင့်အသင့်ဘာသာတရားသည် အဘယ်နည်း"ဟုမေးမြန်းသောအခါ၌ ကာဖိရ်ကပြောကြားမည်မှာ-**هَاه هَاه لا اَدْرِىْ** "အို. . ကျွန်တော်မျိုးမသိရှိပါ"ဟူ၍ ဖြစ်သည်။ ထိုသည်နှင့်ဆန့်ကျင်စွာ စစ်မှန်သောမုစ်လင်မ်တစ်ဦးသည် (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုး၏မွေးမြူ ဖန်ဆင်းတော်မူသောအရှင်မြတ်ဖြစ်ကာ အစ္စလာမ်သည် ကျွန်တော်သက်ဝင်သောဘာသာဖြစ်သည်"ဟုပြောဆိုဖြေကြားပါလိမ့်မည်။ ဤစစ်ဆေးမှုတွင် မည်သူတစ်ဦး တစ်ယောက်မျှ လိမ်လည်ပြောဆိုရန်သတ္တိရှိဟန်မတူပါ။ သို့မဟုတ်ပါမူ ကာဖိရ်တစ်ဦးသည် မုစ်လင်မ်တစ်ဦး ဖြေကြားသကဲ့သို့ပင်ဖြေကြားပါလိမ့်မည်။ အကြောင်းမှာ ဤစစ်ဆေးမှုကိုအကွယ်မှအကြောင်းများကို သိနိုင်စွမ်းလည်းမရှိ လက်မျှားနှင့်ခြေများမျှားကိုသက်သေပေးစွမ်းနိုင်ခြင်းလည်းမရှိသော ကောင်းကင်တမန်များက ပြုလုပ် ပါလိမ့်မည်။ အကယ်၍လူသားသည်ထိုစစ်ဆေးမှုတွင် လိမ်လည်ပြောဆိုရန် ရွေးချယ်ခဲ့ပါက ကောင်းကင်တမန်များတို့သည် သူ၏ဖြေကြားချက်အတိုင်းသာလုပ်ဆောင်ပါလိမ့်မည်။ သို့ရာတွင် ဤသည်မှာ စနစ်ကိုထိခိုက်ပါလိမ့်မည်။ ဤစစ်ဆေးမှုသည် ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် အလ္လာဟ်အရှင်မြတ်၏ရှေ့မှောက်၌ပြုလုပ်မည့် မေးခွန်းများမေးခြင်းနှင့်ဖြေကြားခြင်းဆိုသည့် စစ်ဆေးခြင်းမျိုးတို့နှင့်ဆန့်ကျင်ပါသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ရှေ့မှောက်၌ပြုလုပ်သောစစ်ဆေးမှုတွင် မည်သည့်လိမ်လည်ပြောမှုကိုမဆို ပြောဆိုခဲ့လျှင်သော်မှ အကျိုးမရှိပါ။

သဖိစိရ်အလ်ဗဟ်ရ်အလ်မုဟီးတ်တွန့်မဇ်ဟရီကျမ်းတို့တွင် အချို့သောအကြီးအကဲတို့၏ပြောဆိုချက်ကို တင်ပြထားသည်မှာ ၎င်းတို့"ရှိရစ်က်"လုပ်ငန်းကိုဆန့်ကျင်ကြောင်း ကျမ်းကျိန်ပြောကြားသူများတို့သည် အလ္လာဟ်အရှင်မြတ်၏အဖန်ဆင်းခံအားကိုးကွယ်ရာဘုရားဟူ၍လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်စရာဟူ၍လည်းကောင်း၊ ပွင့်ပွင့်လင်းလင်းမကြေညာသောသူများဖြစ်ကြသည်။ သို့ရာတွင် ၎င်းတို့၏လုပ်ရပ်များမှာ ထိုသူများတို့သည် အလ္လာဟ်အရှင်မြတ်၏အဖန်ဆင်းခံများအား ဘုရားသခင်၏တန်ခိုးအာဏာများအားလုံးအပ်နှင်းကာ ၎င်းတို့လိုအပ်ချက်များ၏အဖြေများကို ထိုဘုရားများထံမှရှာဖွေကြပါသည်။ ထိုဘုရားများ၏အမည်များကိုတသပူဇော်ခြင်းများလည်းပြုလုပ်ကြပါသည်။ ၎င်းနောက် ထိုဘုရားများထံမှ ၎င်းတို့၏စားဝတ်နေရေး၊ ကျန်းမာရေး၊ သားသမီးအရေးနှင့်ဆန္ဒရှိသည့်အရာရာတိုင်းကို တောင်းခံကြပါသည်။ ဤသူများတို့သည် မိမိတို့ကိုယ်ကိုမိမိတို့"မုရှိရစ်က်"များဟု မယူဆကြပါ။ ထို့ကြောင့် ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် ၎င်းတို့သည်"မုရှိရစ်က်"များမဟုတ်ကြောင်း ကျိန်တွယ်ပြောဆိုကြပါလိမ့်မည်။ အဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏သိက္ခာမဲ့မှုကိုထုတ်ဖော်ပြသပါလိမ့်မည်။

ကုရ်အာန်ကျမ်းတော်မြတ်၏အခြားသောအာယသ်တော်များထဲတွင် အလ္လာဟ်အရှင်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့်ဂုနာဟ်အပြစ်ကျူးလွန်သူကို စကားပြောဆိုတော်မူလိမ့်မည်မဟုတ်ဟု မိန့်ကြားထားသော်လည်း လက်ရှိအာယသ်တော်ထဲတွင် ၎င်းတို့အားဦးတည်ပြောကြားလိမ့်မည်ဟု ထင်ရှားစွာ ညွှန်းဆိုထားသောကြောင့် ယင်းအတွက် မေးစရာတစ်ခုပေါ်လာပါသည်။

အဖြေမှာ ထိုကဲ့သို့ဦးတည်ပြောကြားခြင်း၊ သို့မဟုတ် မိန့်ကြားတော်မူခြင်းသည် ၎င်းတို့အား ဂုဏ်ပေးခြင်း၊ တောင်းဆုဒိုအာများကိုလက်ခံတော်မူခြင်းအသွင်မျိုးမဟုတ်ပါ။ ပြစ်တင်မောင်းမဲမှုအပေါ် အခြေခံသော ဦးတည်ပြောကြားမှုကိုငြင်းဆိုမှုအသွင်မျိုးလည်း ဤအာယသ်တော်တွင် မရည်စူးထားပါ။ ပြောနိုင်သည်မှာ ဤအာယသ်တော်ထဲတွင် ဖော်ပြခဲ့သော ဦးတည်ပြောကြားခြင်းသည်ကောင်းကင်တမန်များမှတစ်ဆင့်ဖြစ်ပါလိမ့်မည်။ အလ္လာဟ်အရှင်မြတ်မိန့်ကြားတော်မူခြင်း(သို့) ဦးတည်ပြောကြားတော်မူခြင်းကို ငြင်းပယ်တော်မူသည်ဆိုသည့်အကြောင်းပါဝင်သော အာယသ်တော်ထဲတွင် သွယ်ဝိုက်၍ ဦးတည်ပြောကြားခြင်းကို ရည်ညွှန်းပါသည်။

အာယသ်တော်(၂၄)ထဲတွင်- اللّٰهُ وَدِيْنِىَ الْاِسْلَامُ (အို-နဗီတမန်တော်)ထိုသူတို့သည်၊ မိမိတို့နှင့်ဆန့်ကျင်၍ပင် မည်ကဲ့သို့မှသားပြောဆိုကြသည်ကို၎င်း၊ ယင်းသူတို့ထံမှ ယင်းသူတို့၏အကြံအစည်များ သည်မဟုတ်မလျားစွပ်စွဲပြစ်မှားလေ့ရှိခဲ့ကြသော အရာများသည်(မည်ကဲ့သို့) ပျက်ပြားဆုံးပါးသွားသည်ကိုလည်းကောင်း၊ အသင်သည်(စဉ်းစားဆင်ခြင်၍)ကြည့်ပါလေ။"ဟူ၍ မိန့်ထားသည်။ ဤဦးတည်ပြောကြားမှုသည် တမန်တော်မြတ် (ﷺ) အတွက်ဖြစ်ပြီး ဤသူများသည် မိမိကိုယ်ကိုမိမိမည်ကဲ့သို့လိမ်လည်ခဲ့ကြသည်ဆိုသည့်အကြောင်းနှင့်၎င်းတို့လုပ်လေ့ရှိသောအတုအရောင်များနှင့်ဉာဏ်ဆင်ခြင်းများ(၎င်းတို့၏ရုပ်ထုများနှင့်၎င်းတို့၏အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ယှဉ်တွဲကိုးကွယ်စရာများ)တို့သည် ၎င်းတို့၏ပျက်စီးရာပျက်စီးကြောင်းဖြစ်သည်ကို တမန်တော်မြတ် (ﷺ) သခင်အား မြင်စေရန်ပြသခြင်းဖြစ်သည်။ "၎င်းတို့အကြောင်းဇင်းတို့ကိုယ်တိုင်လိမ်လည်ပြောဆိုခဲ့ကြသည်"ဟု ဘာသာပြန်ဆိုထားသောအသုံးအနှုန်း၏အဓိပ္ပါယ်မှာ ဤလိမ်လည်ပြောဆိုမှုကြောင့် အလ္လာဟ်အရှင်၏ကရုဏာတော်ကင်းဝေးမှုသည် ၎င်းတို့အပေါ်၌ကျရောက်လိမ့်မည်ဆိုသည့်အကြောင်းနှင့် "လည်ဆည်ကြံစည်လေ့ရှိကြောင်း"ဟုဘာသာပြန်ဆိုထားသော ArtFA ဟူသောစကားလုံးကလည်း ဤကမ္ဘာလောကတွင် အလ္လာဟ်အရှင်နှင့်တွဲဖက်ကိုးကွယ်စရာများဟူသော လိမ်လည်ကြံစည်ချက်၏ စစ်မှန်ချက်ကို ပြန်လည်ရှင်းပြန်ထရမည့်နေ့တွင်ဖော်ထုတ်ပြသခဲ့သည်။"ဟု အဓိပ္ပါယ်ဆောင်သည်။ ၎င်းပြင်"အိဖ်သိရာ"(သို့)လိမ်လည်ကြံစည်ခြင်းဆိုသည်က ပြန်လည်ရှင်းပြန်ထရမည့်နေ့၌ မမှန်ကန်သော ကျိန်ဆိုမှုပြုလုပ်ခဲ့ခြင်းနှင့်ယင်းကျိန်ဆိုမှုသည် ကိုယ်ခန္ဓာအစိတ်အပိုင်းများ၏ သက်သေခံချက်အရ လိမ်လည်မှုဖြစ်ကြောင်းဖော်ထုတ်ချက်ကိုလည်း ရည်ညွှန်းကြောင်းဖြစ်နိုင်ပါသေးသည်။

အချို့သော ဋီကာရှင်များကပြောသည်မှာ "အိဖ်သရာ"သို့မဟုတ် လိမ်လည်ကြံစည်ခြင်းသည် ဤကမ္ဘာလောကတွင် ကိုးကွယ်မှုဖြစ်သော၊ ၎င်းတို့၏မှားယွင်းသောပစ္စည်းများနှင့်ပတ်သက်၍ ၎င်းတို့အဓိပ္ပါယ်ဖွင့်ဆိုလေ့ရှိသည်ကို ရည်ညွှန်းပါသည်။ ပမာဆိုသော်- اُنْظُرْ كَيْفَ كَذَبُوْا عَلٰٓى اَنْفُسِهِمْ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ "အကြင်သူတို့သည် ထိုအရှင်မြတ် အပြင်အခြားကာကွယ်စောင့်ရှောက်သူများပြုလုပ်ခဲ့ကြပြီးလျှင် ၎င်းတို့သည် ကျွန်ုပ်တို့အားအလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့ နီးကပ်စေကြရန်သာလျှင် ကျွန်ုပ်တို့သည်၎င်းတို့အားဆည်းကပ်ကိုးကွယ်ကြသည်(ဟုဆိုကြကုန်၏။)(၃၉း၃)။ ၎င်းတို့၏ဤလိမ်လည်မှုသည် ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ဖော်ထုတ်ခြင်းခံခဲ့ရကာ ၎င်းတို့အား စစ်ဆေးသည့်အချိန် ၎င်းတို့အတွက် ကြားဝင်အသနားခံပေးမည့်သူတစ်ဦးတစ်ယောက်မျှမရှိသကဲ့သို့ ၎င်းတို့၏ ပြစ်ဒဏ်အားလျှော့ပေါ့စေရန် ပြုဆောင်ပေးမည့်သူတစ်ဦးတစ်ယောက်မျှလည်း မရှိပါ။

ဤသည်က ကျွန်ုပ်တို့မေးစရာတစ်ခုဖြစ်လာပါသည်။ အဘယ့်ကြောင့်ဆိုသော် မေးခွန်းများမေးခြင်း၊ ဖြေကြားခြင်းတို့ဖြင့် စမ်းသပ်စစ်ဆေးချိန်တွင် ကိုးကွယ်စရာအဖြစ် မှားယွင်းသောပစ္စည်းများအလုံးစုံတို့သည် ထိုနေရာ၌မရှိဟူ၍ အာယသ်တော်ကညွှန်းဟန်ရှိပါသည်။ သို့သော်ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ခုထဲတွင်- **مَا نَعْبُدُهُمْ اِلَّا لِيُقَرِّبُوْ نَآ اِلَى اللّٰهِ زُلْفٰى** (ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်များအားမိန့်ကြားတော်မူပေမည်။) အသင်တို့သည် (မိမိတို့ကိုယ်ကို)နှိပ်စက်ကလူပြုခဲ့ကြသောသူတို့အားလည်းကောင်း၊ ထိုသူတို့နှင့်ဝါဒတူဖြစ်ကြသော အဖော်အဖက်တို့အားလည်းကောင်း၊ ထိုသူတို့ဆည်းကပ်ကိုးကွယ်ခဲ့ကြသည်တို့အားလည်းကောင်း စုရုံးကြလေကုန်။(၃၇း၂၂)ဟုမိန့်ထားလေသည်။ ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ ကိုးကွယ်စရာများယွင်းသောပစ္စည်းများသည်လည်း အတူရှိနေကြလိမ့်မည်ဟူ၍ အာယသ်ကရည်ညွှန်းဟန်ရှိပါသည်။

အဖြေမှာ ဤအာယသ်တော်မှပေါ်ထွက်သကဲ့သို့ပြန်လည်ရှင်ပြန်ထခြင်းလွင်ပြင်တွင် ထိုအရာဝတ္ထုများရှိနေခြင်းဆိုသည့်သဘောမှာ ယင်းတို့သည် ဝါဒတူအဖော်အဖက်များအနေဖြင့်လည်းကောင်း၊ တွဲဖက်ရှင်တွဲကိုးကွယ်ရာများအဖြစ်လည်းကောင်း၊ (သို့) ကြားဝင်အသနားခံသူများအဖြစ်ရှိနေသည်မဟုတ်ကြောင်း ကန့်သတ်ထားပါသည်။ ထို့ကြောင့် ထိုအရာများတို့သည် ၎င်းတို့အား ကိုးကွယ်သူများကိုမည်သို့နည်းနှင့်မျှ အကူအညီမပေးနိုင်သော်လည်း ၎င်းတို့ရှိနေကြပါလိမ့်မည်။ ထို့ကြောင့်အာယသ်တော်နှစ်ခုတွင် မည်သို့သောကွဲလွဲချက်မှရှိနေစရာအကြောင်းမရှိပါ။ ၎င်းနောက်ဖြစ်နိုင်သေးသည်မှာ ၎င်းတို့အားလုံးအား တစ်ချိန်တည်းတစ်နေရာထဲတွင် စုစည်းထားပါလိမ့်မည်။ ထို့နောက်မှ မယုံကြည်သွေဖည်သူများနှင့်ယင်းတို့ကို ကိုးကွယ်ရာပစ္စည်းများကို ခွဲထုတ်ပစ်လိုက်ပါလိမ့်မည်။ ခွဲထုတ်ပြီးမှသာလျှင် မေးမြန်းခြင်းပြုလုပ်ပါသည်။

اُحْشُرُوا الَّذِيْنَ ظَلَمُوْا وَاَزْوَاجَهُمْ وَمَا كَانُوْا يَعْبُدُوْنَ ဤအာယသ်တော်နှစ်ခုထဲတွင် ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ မယုံကြည်သွေဖည်ငြင်းပယ်သူတို့အား လွပ်လပ်စွာပြောဆိုမှု၏ရွေးချယ်ခွင့်ပေးထားသည်မှာ အကြောင်းမဲ့မဟုတ်ချေ။ ၎င်းတို့သည် ယင်းအခွင့်ကို မမှန်မကန်ကျိန်ဆို၍ရှစ်ရလုပ်ငန်းတွင် ပါဝင်ပတ်သက်ခြင်းမရှိခဲ့ကြောင်းငြင်းဆိုမှုအတွက် အသုံးပြုခဲ့၍ဖြစ်သည်။ လိမ်လည်ပြောဆိုသည့်အကျင့်သည် မကောင်းသောအကျင့်ဖြစ်၍မည်သည့် အခါမျှလွယ်လွယ်မစွန့်နိုင်ဟူသော အညွှန်းတစ်ရပ်ပေးဟန်ရှိသည်။ ဤသူများမည်မျှလိမ်လည်ခဲ့ကြသနည်း ဆိုလျှင်လူဘဝတွင်နေထိုင်စဉ်တွင်း မုစ်လင်မ်များရှေ့တွင် မမှန်မကန်ကျိန်ဆိုလေ့ရှိကာ ပြန်လည်ရှင်ပြန်ထရ မည့်နေ့၏ ကံကြမ္မာဆုံးဖြတ်မည့်နေ့တွင်ပင် ယင်းလိမ်လည်မှုကို မရပ်တန့်နိုင်ကြပါ။ ဤသည်ကြောင့်အလ္လာဟ် အရှင်မြတ်၏ အဖန်ဆင်းခံအားလုံး၏ရှေ့တွင်သိက္ခာကျစေပါသည်။ ထို့ကြောင့်ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်ဩဝါဒတော်များထဲတွင်လိမ်လည်ပြောဆိုမှုကို ပြင်းပြင်းထန်ထန် ရှုံ့ချထားကာ လိမ်လည်ပြောဆိုသူများအား လေးလေးနက်နက်သတိပေးထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတွင် လိမ်လည်ပြောဆိုသူများသည် အလ္လာဟ်အရှင်မြတ်ကရုဏာတော်မှ ကင်းဝေးစေသည်ဟု မိန့်ကြားထားသည်။ တမန်တော်မြတ် (ဧ) သခင် မိန့်ကြားခဲ့သည်မှာ လိမ်လည်ပြောဆိုခြင်းမှ ရှောင်ရှားပါ။ အဘယ့်ကြောင့်ဆိုသော် လိမ်လည်မှု တစ်ခုသည် ဂိုနာဟ်အပြစ်၏အပေါင်းအဖော်ဖြစ်သည်။ ထို့ပြင် လိမ်လည်မှုတစ်ခုနှင့်အပြစ်ဂိုနာဟ်တစ်ခုတို့ သည် ဂျဟန္နမ်(ငရဲမီး)သို့အတူရောက်စေသည်။ (အိဗနိဟစ်ဗာန်၏ရှာဟီးဒ်ကျမ်း)

မည်သည့်လုပ်ရပ်သည် တစ်စုံတစ်ဦးအား ဂျဟန္နမ်(ငရဲဘုံ)သို့ရောက်စေပါသနည်းဟု တမန်တော်မြတ် (ﷺ) သခင်ထံမေးမြန်းလျှောက်ထားခဲ့သည်။ ကိုယ်တော်မြတ် (ﷺ) သခင်က "မုသားပြောဆိုခြင်းတစ်ခု"ဟု မိန့်ခဲ့သည်။ (အဟ်မဒ်၏မတ်စ်နပ်ကျမ်း)။ မဲအဲရဂျ်ည (ကောင်းကင်ဘုံကြွချီခဲ့သည့်ခရီး)တွင် တမန်တော်မြတ် (ﷺ) သခင်သည် လူတစ်ဦး၏ပါးစပ်အစွန်းနှစ်ဖက်ဒေါင့်များသည် ကွဲသွားလိုက်ပြန်စိလိုက်နှင့်ဖြစ်နေသည်မှာ ကိယာမသ်နေ့တစ်နေ့လုံးဖြစ်နေသည်ကိုမြင်တွေ့ခဲ့ရသည်။ ကိုယ်တော်မြတ် (ﷺ) က ကောင်းကင်တမန် ဂျစ်ဗရာအီလ် (ﷺ) က"ထိုသူသည် လိမ်လည်ပြောဆိုသူတစ်ဦးဖြစ်ကြောင်းဖြေကြားခဲ့သည်။

အဟ်မဒ်၏ မုစ်နဒ်ကျမ်းမှဆင့်ပြန်ချက်တစ်ရပ်တွင် တမန်တော်မြတ် (ﷺ) သခင်မိန့်ကြားခဲ့သည်မှာ "တစ်စုံတစ်ဦးသည် ပျော်စေပျက်စေသဘောဖြင့်ပင် လိမ်လည်ပြောဆိုခြင်းမပြုပဲ လိမ်လည်ပြောဆိုခြင်းကို လုံးဝဥဿုံမစွန့်လွှတ်လျှင် ပြီးပြည့်စုံသည့်မုစ်လင်မ်တစ်ဦးမဖြစ်လာနိုင်ချေ။"ဟူ၍ဖြစ်သည်။

ယင်းကိုထပ်၍ ဗိုင်ဟကီနှင့်အခြားကျမ်းများတွင် ခိုင်လုံစွာမိန့်ထားသည်မှာ မုစ်လင်မ်တစ်ဦး၏အကျင့်စာရိတ္တတွင် အခြားမကောင်းသောဗီဇများပါဝင်နိုင်သော်လည်း လိမ်လည်ခြင်းနှင့်ယုံကြည်မှုဖောက်ဖျက်ခြင်းကား မပါဝင်ပေ။ အခြားဟဒီးဆ်တော်တွင်မိန့်ထားသည်မှာ လိမ်လည်ခြင်းသည် တစ်စုံတစ်ဦး၏ ရစ်ဇ်(စားနပ်ရိက္ခာ) လျော့နည်းစေသည်။

အာယသ်တော်-**وَهُمْ يَنْهَوْنَ عَنْهُ** "၎င်းပြင်ယင်းသူတို့သည် (သူတပါးတို့ကိုလည်း) ထိုကုရ်အာန်ကျမ်းတော်မြတ်(ကိုနားဆင်ခြင်း)မှတားမြစ်ကြကုန်၏။"ဟူသောအာယသ်တော်သည် အစောပိုင်း ဋီကာရှင်များဖြစ်ကြသည့် ဒါဟ်ဟတ်က်၊ ကဿဒဟ်နှင့်မုဟမ္မဒ်အိဗနိဟန္နဖီယာဟ်တို့အဆိုအရ မက္ကာမြို့ရှိ ယေဘုယျ မယုံကြည်သူများနှင့်ပတ်သက်၍ ကျရောက်ခဲ့ပါသည်။ ထိုသူတို့သည် လူအများအား ကုရ်အာန်ကျမ်းတော်မြတ်ကို နားဆင်ခြင်းနှင့်လိုက်နာကျင့်သုံးခြင်းတို့မှ ဟန့်တားကြရုံမျှမက ၎င်းတို့ကိုယ်တိုင်လည်း နားဆင် ခြင်း၊ ကျင့်သုံးခြင်းတို့မှ ရှောင်ကြဉ်ခဲ့ကြသည်။ စိုက်ယိဒနာ အဗ္ဗဒွလ္လာဟ်အိဗနိ အဗ္ဗာစ်(ﷺ) သခင်၏ဆင့်ပြန်ချက်ကိုတင်ပြထားသည်မှာ ဤအာယသ်တော်သည် တမန်တော်မြတ် (ﷺ) သခင်အား လူအများကအနာတရဖြစ်စေမှုကိုဟန့်တားပေးသည်သာမက ကိုယ်တော့်အားအထောက်အကူပြုခဲ့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်ကို မယုံကြည်၊ ယင်းကိုမလိုက်နာမကျင့်သုံးသောကိုယ်တော်မြတ် (ﷺ) သခင်၏ဘကြီးတော် အဗူသွာလစ်ဗ်နှင့်အခြားသောဦးရီးတော်များနှင့်ပတ်သက်သည်။ အကယ်၍သို့ဆိုလျှင် **يَنْهَوْنَ عَنْهُ** ပါနာမ်စားသည် ကုရ်အာန်ကျမ်းတော်မြတ်ထံမဟုတ်ပဲ တမန်တော်မြတ် (ﷺ) သခင်ထံသို့တဖန်ပြန်ဦးတည်သည်။ (မဇဟရီကျမ်းပါစအီးဒ်အိဗနိအဗီဟီလာလ်မှ အိဗနိအဗီအလ်ဟာသင်မ်၏ဆင့်ပြန်ချက်)

XXXXXXXXXXX

tm,of (27-32)

وَلَوْ تَرٰٓى اِذْ وُقِفُوْا عَلَى النَّارِ فَقَالُوْا يٰلَيْتَنَا نُرَدُّ وَلَا نُكَذِّبَ
بِاٰيٰتِ رَبِّنَا وَنَكُوْنَ مِنَ الْمُؤْمِنِيْنَ ﴿٢٧﴾ بَلْ بَدَا لَهُمْ مَّا كَانُوْا
يُخْفُوْنَ مِنْ قَبْلُ ۭ وَلَوْ رُدُّوْا لَعَادُوْا لِمَا نُهُوْا عَنْهُ وَاِنَّهُمْ
لَكٰذِبُوْنَ ﴿٢٨﴾ وَقَالُوْٓا اِنْ هِيَ اِلَّا حَيَاتُنَا الدُّنْيَا وَمَا نَحْنُ
بِمَبْعُوْثِيْنَ ﴿٢٩﴾ وَلَوْ تَرٰٓى اِذْ وُقِفُوْا عَلٰي رَبِّهِمْ ۭ قَالَ اَلَيْسَ
هٰذَا بِالْحَقِّ ۭ قَالُوْا بَلٰى وَرَبِّنَا ۭ قَالَ فَذُوْقُوا الْعَذَابَ بِمَا
كُنْتُمْ تَكْفُرُوْنَ ﴿٣٠﴾ قَدْ خَسِرَ الَّذِيْنَ كَذَّبُوْا بِلِقَاۗءِ اللّٰهِ ۭ حَتّٰٓى
اِذَا جَاۗءَتْهُمُ السَّاعَةُ بَغْتَةً قَالُوْا يٰحَسْرَتَنَا عَلٰي مَا فَرَّطْنَا فِيْهَا ۙ
وَهُمْ يَحْمِلُوْنَ اَوْزَارَهُمْ عَلٰي ظُهُوْرِهِمْ ۭ اَلَا سَاۗءَ مَا يَزِرُوْنَ ﴿٣١﴾ وَ
مَا الْحَيٰوةُ الدُّنْيَآ اِلَّا لَعِبٌ وَّلَهْوٌ ۭ وَلَلدَّارُ الْاٰخِرَةُ خَيْرٌ لِّلَّذِيْنَ
يَتَّقُوْنَ ۭ اَفَلَا تَعْقِلُوْنَ ﴿٣٢﴾

ထို့ပြင်တစ်ဝ၊ (အို-နဗီတမန်တော်)အကြင်အခါဝယ်၊ ၎င်းတို့သည် ငရဲဘုံ(အဝ)တွင်ရပ်စေခြင်းကို ခံရ၍ "သြော်-ငါတို့သည် (လူပြည်လောကသို့)ပြန်လွှတ်ခြင်းကို ခံကြရသော် ကောင်းလေစွတကား။ (အကယ်၍သာပြန်သွားရလျှင်)"ငါတို့သည်မိမိတို့၏အရှင်မြတ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်"ဟု ငြင်းပယ်ခြင်းမပြုဘဲ၊ ငါတို့သည်"မုဟ်မင်နဲ့"သက်ဝင်ယုံကြည်သူတို့တွင်အပါအဝင်ဖြစ်ကြပေမည်ဟု ပြောဆိုကြလတ္တံ့။ အကယ်၍ အသင်သည်ထိုအဖြစ်ကိုကြည့်ရပါသော်(အလွန်ကြောက်မက်ဖွယ်ကောင်းသောမြင်ကွင်းကိုတွေ့မြင်ရပေအံ့။ (၆း၂၇)

(သို့ရာတွင် ၎င်းတို့သည် အကယ်စင်စစ် မှန်ကန်သောရည်ရွယ်ချက်နှင့်ဤသို့ပြောဆိုကြသည်)အလျင်းမဟုတ်ပေ။ စင်စစ်မှာကားထိုသူတို့သည် ယခင်မူလမိမိတို့ထိန်ချန်လျှို့ဝှက်ထားရှိသမျှတို့(၏အကျိုးအပြစ်များ)သည်ပေါ်လာသည်(ဖြစ်၍၊ ထိုအပြစ်များမှ လွတ်မြောက်ရုံကာမျှပြောဆိုခြင်းသာဖြစ်ချေသည်။)၎င်းတို့သည် အကယ်၍သာ(လူပြည်လောကသို့)ပြန်လွှတ်ခြင်းခံကြ

ရပါလျှင်၊ မုချဧကန် ထိုသူတို့သည် မိမိတို့တားမြစ်ခြင်းခံကြရသောအမှုကိစ္စ များကိုထပ်မံ၍ပင်ပြုကြလတ္တံ့။ ထိုသူတို့သည် ဧကန်စင်စစ်မုသားပြောဆိုသူ များဖြစ်ကြကုန်သတည်း။(၆း၂၈)

ၔင်းပြင် ထိုသူတို့က"အသက်ရှင်ခြင်းကား ပစ္စက္ခမျက်မှောက်လောကီ ဘဝ၌ငါတို့၏ရှင်ခြင်းသာဖြစ်သည်။ အမှန်သော်ကား ငါတို့သည် ရှင်ပြန်ထစေ ခြင်းခံကြရမည်ဟုတ်ချေ"ဟု ပြောဆိုကြသည်။ (၆း၂၉)

(အိုး-နဗီတမန်တော်) အကယ်၍အသင်ကြည့်လေသော်(ကြောက်မက်ဖွယ် ရာအဖြစ်ကိုတွေ့မြင်ရမည်)အကြင်အခါဝယ် ၎င်းတို့သည် မိမိတို့၏ အရှင်မြတ် ၏ရှေ့တော်မှောက်ဝယ် ရပ်တန့်စေခြင်းကို ခံကြရလတ္တံ့။ ယင်းအခါဝယ်ထို အရှင်မြတ်သည် (၎င်းတို့အား)"ဤ (ကိယာမသ်ရှင်ပြန်ထရမည့်နေ့)သည် အမှန် ပင်မဟုတ်ပါလော"ဟု မေးမြန်းတော်မူအံ့။ ထိုအခါ ၎င်းတို့က "ကျွန်တော်မျိုး တို့အားမွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်၏"ကစမ်"အဟုတ်အမှန်ပင် ဖြစ်ပါသည်"ဟု ဖြေကြားလတ္တံ့။ ထိုအခါတွင် အရှင်မြတ်က"သို့ဖြစ်လျှင် အသင် တို့သည် မယုံမကြည်ငြင်းပယ်လေ့ရှိခဲ့ကြသည့်အတွက် အပြစ်ဒဏ်ကိုမြည်း စမ်းကြလေကုန်ဟု မိန့်ကြားတော်မူမည်ဖြစ်သည်။ (၆း၃၀)

အလ္လာဟ်အရှင်မြတ်နှင့်တွေ့ဆုံကြမည်ကို မဟုတ်မမှန်ဟု ပြောဆိုကြကုန် သောသူတို့သည် ဧကန်စင်စစ်ဆုံးရှုံးပျက်စီးကြလေပြီ။ (ဤသို့မဟုတ်မမှန် ပြောဆိုခြင်းသည်ရက်အနည်းငယ်သာဖြစ်မည်) နောက်ဆုံးတွင်၎င်းတို့ထံ ထို ကန့်သတ်ပြီးဖြစ်သောအချိန်ကာလ(ကိယာမသ်ခေါ်ရှင်ပြန်ထရမည့်နေ့)သည် ရုတ်တရက်ရောင်တခင်ရောက်ရှိလာသောအခါ (ထိုသူတို့၏မဟုတ်မမှန်ပြော ဆိုခြင်းသည် ရပ်တန့်သွားပေမည်။ ၎င်းပြင်)ထိုသူတို့က "သြော်-ငါတို့သည် ဤအချိန်နှင့်စပ်လျဉ်း၍ပေါ့လျော့ပျက်ကွက်ခဲ့ကြသည်မှာ ဝမ်းနည်းကြေကွဲ ဖွယ်ဖြစ်ရလေခြင်း"ဟု ညည်းညူမြည်တမ်းကြမည်။ ထို့ပြင်၎င်းတို့သည် (ထို နေ့တွင်)မိမိတို့(အပြစ်များ)၏ဝန်ထုတ်များကို မိမိတို့၏ကျောက်ကုန်းများထက် ဝယ် သယ်ပိုးလျက်ရှိကြမည်။ ၎င်းတို့ သယ်ပိုးလျက်ရှိကြသောအရာများမှာ ဆိုးရွားလှသည်ဟု မှတ်ယူကြလေကုန်။ (၆း၃၁)

စင်စစ်သော်ကား မျက်မှောက်လောကီဘဝ၏အသက်တာသည်(စိတ်ပြေ လက်ပျောက်)ကစားခုန်စားမှုသာဖြစ်၏။ သို့ရာတွင် နောင်တမလွန်ဘဝ၏ဘုံ ဗိမာန်သည်ကား(နောင်တမလွန်ဘဝ၌ရှိသောဘုံဗိမာန်သည်ကား)ပြစ်မှုဒုစရိုက် တို့မှကြဉ်ရှောင်သောသူတို့အဖို့ အလွန်ကောင်းပေသည်။ အသင်တို့သည် (ဤမျှပင်)နားမလည်ကြလေသလော။ (၆း၃၂)

tusfzGlhrfqkjcif;

အစ္စလာမ်၏အခြေခံမူ(၃)ခုမှာ (၁)သောင်ဟီးဒ်(အလ္လာဟ်တစ်ပါးတည်းတည်ရှိတော်မူခြင်း)။ (၂) ရိစာလတ်(တမန်တော်ဖြစ်ခြင်း)။ (၃) အာခိရတ်(နောင်တမလွန်ဘဝကိုယုံကြည်ခြင်း)တို့ဖြစ်သည်။ အခြားသောယုံကြည်မှုဆိုင်ရာ အချက်အလက်များသည် ဤ(၃)ခုအောက်တွင်သာရှိကြသည်။ ဤသူများသည် လူသားများအားဂင်းတို့သည် ဘာလဲ၊ ဂင်းတို့ဘဝရည်ရွယ်ချက်ဘာလဲဟူသည်ကိုပြောသည်။ ဤသည်ကိုနားလည်သဘောပေါက်ခြင်းက ဂင်းတို့အားဖြောင့်မတ်မှန်ကန်သော လမ်းကိုပြသခြင်းဖြစ်ကာ ဂင်းတို့ဘဝတွင်ပြောင်းလဲသောတော်လှန်ရေးတစ်ရပ်ဖြစ်စေပါသည်။ ဤသည်များအနက် အာခိရတ်ကိုယုံကြည်ခြင်းထဲ၌လုပ်ရပ်များစာရင်းစစ်ဆေးကာ ကောင်းသောသူများအား ဆုချီးမြှင့်ခံရ၍ မကောင်းသောသူများအား ပြစ်ဒဏ်ခတ်ခံရမည်ဆိုသည့် ယုံကြည်မှုသည် လက်တွေ့ကျ၍အလွန်တော်လှန်ပြောင်းလဲသော အကျိုးသက်ရောက်မှုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်ယင်းကြောင့် လူသားတိုင်း၏လုပ်ရပ်သည် သီးခြားဦးတည်မှုတစ်ရပ်ဆီသို့ရောက်စေပါသည်။ ဤအကြောင်းကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၌ဖော်ပြထားသောအကြောင်းအရာအားလုံးသည် ဤ(၃)ခုနှင့်ပင်သက်ဆိုင်ပတ်သက်နေသည်။ ယခုဤနေရာတွင်ဖော်ပြထားသော အာယသ်တော်များထဲတွင် အာခိရတ်၏စာရင်းစစ်ဆေးမှုအကြောင်းအထူးအလေးအနက်ပြုထားကာ ယင်း၏ဆုလာဘ်များ၊ ပြစ်ဒဏ်ခပ်မှုများနှင့်လောကီဘဝ၏စစ်မှန်သောသဘာဝအကြောင်းများပါဝင်သည်။

ပထမအာယသ်တော်တွင် အမှားကျူးလွန်သူများနှင့်အမှန်တရားငြင်းဆိုသူများ၏အခြေအနေကိုပုံဖော်ထားသည်။ ထိုသူများသည် ဂင်းတို့အား ဂရဲ၏အစွန်းတွင်ရပ်စေကာ ဂင်းတို့စဉ်းစား၍ပင်မရလောက်သောကြောက်မက်ဖွယ်ပြစ်ဒဏ်ခပ်ခြင်းကိုမြင်တွေ့စေသည်။ အကယ်၍ ဂင်းတို့ကိုကမ္ဘာလောကသို့တစ်ခေါက်ပြန်လည်ရောက်စေမည်ဆိုလျှင် ဂင်းတို့အရှင်သခင်၏လက္ခဏာတော်များနှင့်အမိန့်တော်များကိုမည်သည့်အခါမျှ မှားယွင်းသည်ဟုပြောလိမ့်မည်မဟုတ်။ ဂင်းတို့သည်လက်ခံယုံကြည်ကာစစ်မှန်သောယုံကြည်သူများဖြစ်လာကြလိမ့်မည်ဟုထိုသူတို့က ဆန္ဒရှိကြပေသည်။

ဒုတိယအာယသ်(၂၈)ထဲတွင် အလုံးစုံကို သိရှိနားလည်ပြီး သတင်းအစုံကိုအကြွင်းမဲ့သိတော်မူသော အလ္လာဟ်အရှင်မြတ်သည်အခြေအနေများ၏စေ့ဆော်မှုမှအပ မပို့သောဂင်းတို့ဆန္ဒပြုခြင်း၏စစ်မှန်ချက်ကို ထုတ်ဖော်ပြသခဲ့သည်။ ယင်းထုတ်ဖော်ချက်ကား ဤသူများသည် မုသားပြောဆိုခြင်းကိုအစဉ်အရိုးစွဲနေကာ စမ်းသပ်စစ်ဆေးခြိန်တွင် ပေါ်ပေါက်လာသောလက်ရှိဆန္ဒပြုမှုတွင်ပင် လိမ်လည်သူများဖြစ်ကြောင်း ထင်ရှားနေသည်။ ဂင်းတို့၏ပြဿနာရင်းမြစ်ကား ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်တမန်တော်များယူဆောင်လာသော စစ်မှန်မှုကိုမနှစ်ခြိုက်ခြင်းပင်ဖြစ်သည်။ တမန်တော်များသည် မှန်ကန်ကြောင်းဂင်းတို့သိကြသော်လည်း ထိုစစ်မှန်ချက်ကို ဖုံးကွယ်သွားစေရန် ဂင်းတို့လုပ်ဆောင်ကြသည်။ သို့လုပ်ဆောင်ရခြင်းသည် လောကီဆိုင်ရာလောဘကြောင့်သော်လည်းကောင်း၊ သို့တည်းမဟုတ် ဂင်းတို့၏အရိုးစွဲနေသော ခေါင်းမာမှုကြောင့်သော်လည်းကောင်း ဖြစ်ပေသည်။ သို့သော်လည်း နောင်တမလွန်ဘဝတွင်ကား အရာရာတိုင်းထင်ထင်ရှားရှားဖြစ်လာပေမည်။ အလ္လာဟ်အရှင်မြတ်၏တန်ခိုးတော်ကို ဂင်းတို့မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည်။ တမန်တော်များသည် မှန်ကန်မှုကိုသာ

ပြောဆိုခဲ့ကြကြောင်း ၎င်းတို့သိရှိခဲ့ရပါသည်။ ၎င်းတို့ဘဝတစ်လျှောက်လုံးငြင်းပယ်ခဲ့သော သေပြီးနောက်ပြန်လည်ရှင်ပြန်ထခြင်းဆိုသည်မှာလည်း ၎င်းတို့မျက်စိရှေ့တွင် မျက်မြင်မိဋ္ဌပင်ဖြစ်သည်။ ထို့နောက် ဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းနှင့် ငရဲတို့ကိုလည်းတိုက်ရိုက်တွေ့မြင်လာရပေမည်။ ထို့နောက် ၎င်းတို့၏ငြင်းပယ်ခြင်းနှင့် အတိုက်အခံပြုခြင်းသဘောထားကို ဆက်လက်လုပ်ဆောင်ရန် အကြောင်းမရှိတော့ပါ။ ထို့ကြောင့် ၎င်းတို့လူ့ဘဝပြန်လည်ရောက်လိုသည့် ဆန္ဒသည်ရွေးစရာမရှိသောကြောင့်ပြုရခြင်းဖြစ်သည်။

ထို့နောက်အရာရာကိုသိရှိတော်မူ၍ သတင်းအစုံကိုသိရှိတော်မူသော ၎င်းတို့၏အရှင်သခင်က မိန့်တော်မူသည်မှာ ဤဆန္ဒပြုမူသည် ယခုအခြေအနေအတွက်သာပြောဆိုနေခြင်းဖြစ်သည်။ သို့သော်အကယ်၍ ၎င်းတို့ကိုလူ့လောကသို့တစ်ဖန်ပြန်လည်ပို့ဆောင်ခဲ့လျှင် သူတို့ပြုခဲ့သောကတိပြုချက်များနှင့်ဆုံးဖြတ်ချက်များကိုမေ့လျော့ကာယခင်က၎င်းတို့ပြုလုပ်ခဲ့ကြသည်များဆီသို့ ပြန်လည်ဦးလှည့်ကာ ၎င်းတို့အားတားမြစ်ထားသည့်တရားမဝင်မှုများတွင် တစ်ဖန်နစ်မွန်းသွားပေလိမ့်မည်။ ထို့ကြောင့် ယခုသူတို့ပြောဆိုမှုသည်လည်း လိမ်လည်ပြောဆိုခြင်းသာဖြစ်၍လှည့်ဖျားရန်အတွက် အစီအမံပြုလုပ်ခြင်းဖြစ်သည်။

သူတို့၏လက်ရှိပြောဆိုချက်ကို မုသားတစ်ခုအဖြစ်ခေါ်ရခြင်းသည် ၎င်းတို့၏ အဆုံးစွန်သောလုပ်ရပ်ပေါ်တွင်အခြေခံခြင်းလည်းဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ကမ္ဘာမြေပြင်သို့ပြန်လည်ပို့ဆောင်ခြင်းခံရလျှင် လိမ်လည်ပြောခြင်းမပြုတော့ဟု ၎င်းတို့၏ကတိပြုခြင်းသည် မမှန်ကန်ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာရောက်သွားသည်နှင့်၎င်းတို့သည်လိမ်လည်ခြင်းမှအပ မည်သည်မျှ လုပ်လိမ့်မည်မဟုတ်။ သူတို့၏ကတိပြုချက်သည်လည်း အကောင်အထည်ပေါ်လာလိမ့်မည်မဟုတ်ချေ။ ဤလိမ်လည်ပြောဆိုခြင်းသည်လည်း ထိုအချိန်၎င်းတို့ပြောဆိုခြင်းသည် စစ်မှန်သောရည်စူးချက်၏စေ့ဆော်မှုမပါဟူ၍လည်း အဓိပ္ပါယ်ကောက်နိုင်သည်။ သူတို့ဤသို့ပြုလုပ်ခြင်းသည် အချိန်ဆွဲရန်နှင့်ပြစ်ဒဏ်ခတ်မှုမှရောင်ရှားရန်ဖြစ်ကာ ၎င်းတို့နှလုံးသားများထဲတွင် ထိုသို့လုပ်ဆောင်ရန် ရည်စူးချက်မရှိချေ။

တတိယအာယသ်တော်(၂၉)ပါ-**وَقَالُوٓاْ إِنۡ هِيَ إِلَّا حَيَاتُنَا ٱلدُّنۡيَا** "(၎င်းပြင် ထိုသူတို့က "အသက်ရှင်ခြင်းကား ပစ္စက္ခမျက်မှောက်လောကီဘဝ၌ ငါတို့၏ရှင်ခြင်းသာဖြစ်သည်။)"ဟူသော အဆိုအမိန့်သည် အာယသ်(၂၈)တွင်ပါရှိသော AO^D<aI- "အာသူ"(၎င်းတို့သည်ထပ်မံ၍ပြုလုပ်ကြပေမည်။)ဆီသို့ပြန်လည်ဦးတည်သွားပေလိမ့်မည်။

ထို့ကြောင့် ယင်းအာယသ်ကဆိုလိုသည်မှာ ၎င်းတို့ကမ္ဘာလောကဆီသို့တစ်ဖန်ပြန်လည်ပို့ဆောင်ခံရလျှင် ထိုနေရာရောက်သည်နှင့်တပြိုင်နက် ဤကမ္ဘာလောက၏ဘဝမှလွဲ၍ အခြားမည်သည့်ဘဝကိုမျှ ကျွန်ုပ်တို့လက်မခံကြဟူ၍ပြောကြပါလိမ့်မည်။ ဤတွင်ရှိသောဘဝသည်သာ ဘဝဖြစ်၍ ၎င်းတို့တစ်ဖန်ပြန်လည်ရှင်ပြန်ထကြရလိမ့်မည်မဟုတ်ပါ။

ဤနေရာ၌မေးစရာတစ်ခုပေါ်လာသည်မှာ ကိယာမသ်နေ့တွင် ပြန်လည်ရှင်ပြန်ထခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့်ဆုလာဘ်ပေးခြင်းပြစ်ဒဏ်ခပ်ခြင်းတို့ကို ၎င်းတို့တွေ့မြင်ရပြီးဖြစ်ပါလျှက် သူတို့အားကမ္ဘာမြေပြင်သို့တစ်ဖန်ပြန်လည်ပို့ဆောင်ပြီးသည်နှင့်တပြိုင်နက် ၎င်းတို့ငြင်းဆိုလိမ့်မည်ဆိုခြင်းကား ဖြစ်နိုင်ပါသလော။

အဖြေကား ထိုငြင်းဆိုမှုသည်စင်စစ်ငင်းတို့သည် ဤအဖြစ်အပျက်များနှင့်အချက်အလက်များအကြောင်း တွေဝေနေ၍ဖြစ်သည်ဟု မဆိုလိုချေ။ ထိုသို့မဟုတ်ချေ။ အစွဲလာမ့်စစ်မှန်မှုများကို ငင်းတို့သိရှိနားလည်လင့်ကစားကွန့်ပ်တို့ခေတ်ပြိုင်ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် အမှားကျူးလွန်သူများနှင့်တူပေသည်။ ထိုသူတို့သည် ငင်းတို့၏ရန်လိုမှုများသက်သက်ကြောင့် ငင်းတို့၏ငြင်းပယ်မှုနှင့်မမှန်မကန်ခြင်းကို တရားသေဆုပ်ကိုင်ထားကြသူများဖြစ်ကြသည်။ ကမ္ဘာမြေပြင်ပြန်ပို့ခံရမည့်သူများသည် ကိယာမသ်နေ့၏ စစ်မှန်မှုများဖြစ်သောပြန်လည်ရှင်ပြန်ထခြင်းကို ကိုယ်တိုင်ကိုယ်ကျရေရေရာရာတွေ့မြင်ရလင့်ကစား ငင်းတို့၏ ကောက်ကျစ်စဉ်းလဲမှုနှင့်ရန်လိုမှုကြောင့် အကျင့်ဟောင်းများဖြစ်သော ငြင်းဆိုခြင်းနှင့်မမှန်မကန်ပြောဆိုခြင်းကို ဖက်တွယ်ထားပေလိမ့်မည်။ ဤလက်ရှိဘဝတွင်ရှိ အချို့သောမယုံကြည်သွေဖည်ငြင်းပယ်သူများအကြောင်း ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ထားသည်မှာ-

وَجَحَدُوْا بِهَا وَاسْتَيْقَنَتْهَا اَنْفُسُهُمْ ظُلْمًا وَّعُلُوًّا

"ထိုမှတပါး ငင်းတို့၏စိတ်နှလုံးများသည် ထိုတန်ခိုးတော်များကို ယုံကြည်သော်လည်း ထိုသူတို့မှာမူကား မတရားသောအားဖြင့်လည်းကောင်း၊ မောက်မာသောအားဖြင့်လည်းကောင်း၊ ယင်းတန်ခိုးတော်များကိုငြင်းပယ်ခဲ့ကြကုန်၏။" (၂၇း၁၄)

ဤမိန့်ဆိုချက်သည်လည်း ဂျူးများနှင့်ပတ်သက်၍မိန့်ဆိုထားသည်နှင့်အလားတူပင်ဖြစ်သည်။ ဂျူးတို့သည် နောက်ဆုံးတမန်တော်မြတ် (ဧ) သခင်ကို ငင်းတို့၏သားများအား သိရှိမှတ်မိသကဲ့သို့သိရှိသော်လည်းကိုယ်တော်မြတ်အား ဆန့်ကျင်ရန်အမြဲဆန့်ကျင်လျက်ရှိပေသည်။

အချုပ်ဆိုရသော် ဖန်ဆင်းရှင်သည်အရှင်မြတ်၏ထာဝရဟစ်ကမသ်ဉာဏ်တော်အရ ကမ္ဘာမြေဆီသို့ ငင်းတို့အားတစ်ဖန်ပြန်လည်ပို့ဆောင်သည်နှင့်တပြိုင်နက် ငင်းတို့သည် စံပြမုစ်လင်မ်ဖြစ်သွားလိမ့်မည်ဟု ထိုသူတို့၏အခိုင်အမာပြောဆိုချက်သည် လိမ်လည်မှုတစ်ရပ်နှင့်လှည့်စားမှုတစ်ရပ်ဖြစ်ကြောင်းသိရှိတော်မူသည်ဟုပြောနိုင်ပေသည်။ အကယ်၍ငင်းတို့ဆန္ဒပြုသကဲ့သို့ ဖျက်ဆီးပြီးသောကမ္ဘာမြေသို့တစ်ဖန်ပြန်လည်ပို့ဆောင်ခဲ့လျှင် ငင်းတို့၏အစောပိုင်းဘဝ၌လုပ်လေ့ရှိသောအရာများကို တသွေမတိမ်းတစ်ဖန်ပြန်လည်၍လုပ်ဆောင်ပါလိမ့်မည်။

တမန်တော်မြတ် (ဧ) သခင်မိန့်ကြားချက်ကိုတင်ပြထားသည်မှာ "စာရင်းစစ်ဆေးသည့်အချိန်တွင် အလ္လာဟ်တအာလာသည် စိုက်ယိဒနာအာဒမ် (u) သခင်အား မိဇာန်ချိန်ခွင်(တရားမျှတမှုချိန်ခွင်)နားတွင်ရပ်စေကာ ငင်း၏သားစဉ်မြေးဆက်၏လုပ်ရပ်များနှင့်ကောင်းမှုလုပ်ရပ်များတွင် အလေးသာသူများအား ဂျန္နသ်သုခဘုံသို့သွားခွင့်ပြုခြင်းကို ကြည့်ရှုစေပါသည်။ ထို့နောက် ထိုအရှင်မြတ်ကမိန့်တော်မူလိမ့်မည်မှာ"ငါအရှင်ပြစ်ဒဏ်ခတ်၍ငရဲပို့မည့်သူသည် အကယ်၍ ငင်းသူကိုကမ္ဘာမြေပြင်သို့ပြန်လည်ပို့ဆောင်ခဲ့လျှင်ပင် ထိုသူသည် အစောပိုင်းလုပ်ခဲ့သည်များကိုပြန်လည်လုပ်ဆောင်မည့်သူဖြစ်ကြောင်း ငါအရှင်သိတော်မူပေသည်။"

အာယသ်(၃၁)ပါ- وَهُمْ يَحْمِلُوْنَ اَوْزَارَهُمْ "ထို့ပြင် ငင်းတို့သည်(ထိုနေ့တွင်)မိမိတို့(အပြစ်များ)၏ဝန်ထုပ်များကို မိမိတို့၏ကျောက်ကုန်းများထက်ဝယ် သယ်ပိုးလျက်ရှိကြပေမည်။"ဟူသော ဝါကျနှင့်ပတ်သက်၍

ဟဒီးဆ်ဆင့်ပြန်ချက်များတွင်ပါရှိသည်မှာ “ကိယာမသ်”နေ့တွင် လူအများတို့၏ ကောင်းမှုလုပ်ရပ်များသည် ထိုကောင်းမှုပြုသူများအတွက် အစီးအနင်းသဖွယ်ဖြစ်သွားသကဲ့သို့ မကောင်းသောသူများ၏ မကောင်းမှုတို့သည်ထိုသူတို့၏ ဦးကောင်းများပေါ်၌ဝန်ထုပ်များသဖွယ်ဖြစ်သွားပါသည်။

ဤနေရာ၌မှတ်သားထိုက်သည်မှာ ကိယာမသ်နေ့၏ကံကြမ္မာအဆုံးအဖြတ်ပေးမည့်နေ့တွင် မယုံကြည်သူများနှင့်ဂိုနာဟ်ပြစ်မှုကျူးလွန်သူများသည် ၎င်းတို့ပြစ်ဒဏ်ခတ်ခံရခြင်းမှလွတ်ကင်းစေရန်ဖြစ်နိုင်သည့်အရာရာတိုင်းကိုလုပ်ဆောင်ကြပေလိမ့်မည်။ သူတို့သည်ကြောက်ရွံ့ထိတ်လန့်နေကာ စိတ်ရှုတ်ထွေးနေကြပေမည်။ အချို့အချိန်တွင် ၎င်းတို့သည်မမှန်မကန်ကျိန်ဆိုခြင်းနောက် ပုန်းကွယ်နေလိမ့်မည်။ အခြားအချိန်များ၌ ထိုသူတို့အစောပိုင်းက ကြုံတွေ့ခဲ့ရသည့်ကမ္ဘာမြေဆီသို့ပြန်လည်သွားရန် ဆန္ဒဖြစ်နေကြလိမ့်မည်။ သို့သော်လည်း ၎င်းတို့အနက် မည်သူတစ်ဦးတစ်ယောက်ကမျှ”ယခုအခါ ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်ခဲ့ကြကာ ယခုမှစ၍ကောင်းမှုကောင်းရာမှအပ ဘာမျှမလုပ်တော့”ဟု မပြောခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် စစ်မှန်မှုကိုမြင်တွေ့ရပြီးယင်းကိုရှင်းရှင်းလင်းလင်းမြင်ကြရလိမ့်မည်ဖြစ်သည်။ ယင်းကား အာခိရသ်တမလွန်ဘဝ၏သွင်ပြင်သည် (ဒါရုလ်အာမာလ်)ကောင်းမှုကောင်းရာ၏ကျင့်ကြံရာဌာနမဟုတ်ကြောင်းနှင့်အီမာမ်(ယုံကြည်ချက်)၏ခိုင်မာမှုသည် ယင်း၏ဗိလ်ရိုက်ဗ်မမြင်ရသောအကွယ်ပေါ်မူတည်သည်။ မမြင်ကွယ်ရာသည် မြင်တွေ့စရာမလိုချေ။ အကွယ်ရှိအရာသည်မည်သည်ဖြစ်သည်ကို မြင်တွေ့အတည်ပြုပြီး ယင်းနှင့်အညီလုပ်ဆောင်ခြင်းသည် ပုဂ္ဂိုလ်ရေးအရအမြင်သာဖြစ်သည်။ ယင်းလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်နှင့်ထိုအရှင့်တမန်တော်တို့၏မှန်ကန်ကြောင်းသက်သေခံချက်မဟုတ်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့ရှင်းရှင်းလင်းလင်းဖြစ်ရမည်မှာ အလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သပ်မှုအတွက်လုပ်ခြင်း၊ ယင်းလုပ်ဆောင်မှု၏အသီးအပွင့်များကို ကတိတော်ပြုထားသည့်ထာဝရချမ်းသာသုခအသွင်ဖြင့်ရရှိစေခြင်း၊ နောင်တမလွန်ဘဝတွင် ဂျန္နသ်သုခဘုံနှင့်အတူကောင်းချီးမင်္ဂလာပေးခံရစေရန် မျှော်လင့်ခြင်းနှင့် ဤကမ္ဘာလောကတွင်ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းအတည့်ပြီးသည့် ကောင်းသောဘဝရှိစေခြင်းဆိုသောအရာများသည် လက်ရှိကမ္ဘာလောကဘဝဖြင့်သာ (ထပ်ပြောရလျှင်-ဖြင့်သာ)ရရှိနိုင်သည်။ ဤလက်ရှိကမ္ဘာလောက၏အလျင်သော်လည်းကောင်း၊ နောက်မှသော်လည်းကောင်း မရရှိနိုင်။ အဘယ့်ကြောင့်ဆိုသော် တမလွန်ဘဝနယ်ပယ်တွင်သော်လည်းကောင်း၊ အရ်ဝါများ၏ဝိညာဉ်လောကတွင်လည်းကောင်းမရရှိနိုင်ချေ။

vuf&Sdbdonf BuD;us,faomaumif;csD;r*Fvmwpf&yfjzpfonf/ OmPftarQmfcjrifjzihf&if;ESD;jrSKyfESHyg/xdkYaemufwdk;yGm;apaef vkyfaqmifyg/

ယခုကျွန်ုပ်တို့မြင်နိုင်သည်မှာ ဤကမ္ဘာလောကဘဝသည်ကြီးကျယ်သော ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်၍ တန်ဖိုးမဖြတ်နိုင်သော ဥစ္စာပစ္စည်းတစ်ရပ်မှချဖြစ်သည်။ (ခေတ်သစ်ရင်းနှီးမြှုပ်နှံသူများ၏ အသုံးအနှုန်းကို ချေးငှားသုံးရလျှင် ထိုကဲ့သို့သော ပစ္စည်းဥစ္စာတစ်စုံတစ်ဦးလက်ဝယ်ရှိနေလျှင် မည်သူ ထိုသူနှင့်အရောင်းအဝယ်မလုပ်ပဲနေနိုင်အံ့နည်း။ အင်္ဂလိပ်ဘာသာပြန်သူ၏စကားချပ်) ထို့ကြောင့် ဤဘဝသည် လေးနက်စွာ သဘောထားရမည့်အခွင့်အလမ်းတစ်ရပ်ဖြစ်ပေသည်။ ထို့အတွက်ကြောင့် အစ္စလာမ်သာသနာ၌မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်းကို “ဟရာမ်”အဖြစ်တားမြစ်ပိတ်ပင်ထားသည်။ ထို့ပြင် သေဆုံးစေရန်အတွက် ဆုဒိုအာတောင်းခြင်း၊

သေဆုံးစေရန် ဆန္ဒပြုခြင်းတို့ အလားတူတားမြစ်ထားသည်။ ဤသို့တားမြစ်ရခြင်းကား ယင်းလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်၏ကြီးကျယ်သောကောင်းချီးမင်္ဂလာတစ်ရပ်ကို ကျေးဇူးကန်းရာရောက်သောကြောင့်ဖြစ်သည်။

ဤနေရာပါ နောက်ဆုံးအာယသ်(၃၂)တွင်လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်၏အခြားအာယသ်တော်များတွင်လည်းကောင်း၊ ဟဒီးဆ်ဩဝါဒတော်များစွာတို့တွင်လည်းကောင်း ဤကမ္ဘာလောကဘဝသည် ကစားစရာနှင့်ရယ်စရာအနေအဖြစ် သရုပ်ဖော်သည့်အခြေခံကိုရှင်းလင်းပြီး သို့ ထင်မှတ်ထားခြင်းကို ရှုံ့ချပြစ်တင်ထားသည်။ ထိုအာယသ်တော်ဟဒီးဆ်တော်များ၌ ကမ္ဘာလောကတွင် ကစားစရာ၊ ပျော်ရွှင်စရာအဖြစ် အလ္လာဟ်အရှင်မြတ်အား သတိရခြင်းနှင့် အရှင်မြတ်နှင့်ပတ်သက်၍ သောကထားခြင်းတို့ကိုမေ့လျော့စေသော လူ့ဘဝ၏အချိန်ကိုဖြုန်းတီးနေထိုင်မှုအား ပြစ်တင်မောင်းမဲထားသည်။ သို့မဟုတ်ပါမူ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းနှင့်ထိုအရှင်မြတ်က ကျွန်ုပ်တို့အား မိန့်ကြားထားသည်များလုပ်ဆောင်ရန်အချိန်များကို အသုံးချခဲ့လျှင် ယင်း၏တန်ဘိုးသည် ကမ္ဘာပေါ်ရှိမည်သည့်ဥစ္စာဓန၏တန်ဘိုးနှင့်မျှ နှိုင်းယှဉ်မရချေ။ ဤသည်ကို ဟဒီးဆ်တော်တစ်ရပ်၌ အတည်ပြုထားသည့်အနေဖြင့် မိန့်ထားသည်မှာ-

اَلدُّنْيَا مَلْعُوْنٌ وَمَلْعُوْنٌ مَّا فِيْهَا اِلَّا ذِكْرُ اللّٰهِ اَوْعَالِمٌ اَوْمُتَعَلِّمٌ

“အလ္လာဟ်အရှင်မြတ်၏ ဇိကိရ် (သို့) အာလင်မ် (တတ်သိနားလည်သူတစ်ဦး) (သို့)ကျောင်းသားတစ်ဦးမှအပ “ဒွန္နယာ”(လောက)သည် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်နှင့်ကင်းဝေးသော နေရာဖြစ်ပြီး၊ ယင်းအတွင်းရှိ အရာခပ်သိမ်းတို့သည် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်နှင့်ကင်းဝေးသောအရာများဖြစ်သည်။

အကယ်၍ အနီးကပ်ကြည့်မည်ဆိုလျှင် (ဘာသာရေးကို သင်ကြားပေးသည့်)ဆရာတစ်ဦး၊ (ဘာသာရေးကိုသင်ယူနေသော)ကျောင်းသားတစ်ဦးတို့အား အလ္လာဟ်အရှင်မြတ်အား(အောက်မေ့တသသတိရခြင်း) ဇိကိရ်အောက်တွင်ထည့်သွင်းထားရခြင်းမှာ ‘အိလ်မ်’ဆိုသောအသိပညာသည် အလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်သက်မှု၏အကြောင်းကိုသိရှိစေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့သော ‘အိလ်မ်’ပညာကိုသင်ယူခြင်းနှင့် သင်ကြားခြင်းနှစ်မျိုးစလုံးကို ဇိက္ကရုလ္လာဟ်အောက်တွင် အကျုံးဝင်စေပါသည်။ စင်စစ်အီမာမ်အလ်ဂဇ်ဂီ၏ရှင်းလင်းပြချက်အရ ဤကမ္ဘာလောကတွင် အလ္လာဟ်အရှင်မြတ်အား အမိန့်နာခံခြင်းဟူသည်နှင့်အညီ လုပ်ဆောင်သမျှအရာအားလုံးတနည်းအားဖြင့် ရှရီအတ်အမိန့်ပညတ်ချက်နှင့်အညီ လုပ်ဆောင်သမျှ အရာအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ဇိကိရ်အောက်တွင် အကျုံးဝင်ပေသည်။ ဤသည်ကကျွန်ုပ်တို့ကိုပြောသည်မှာ ဤကမ္ဘာလောကဘဝသက်တမ်းတွင် လုပ်ဆောင်ရန်လိုသည့်အရာအားလုံး၊ လူတစ်ဦး၏အသက်မွေးဝမ်းကျောင်းရှာဖွေခြင်း နည်းလမ်းအားလုံးနှင့်အခြားသူများ၏ လိုအပ်ချက်ဖြည့်ဆည်းမှုတို့သည် ရှရီအသ်က ပြဋ္ဌါန်းထားသောစည်းဘောင်မကျော်လျှင် ယင်းတို့အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ဇိကိရ်ဘောင်တွင် အကျုံးဝင်လိမ့်မည်ဖြစ်သည်။ စင်စစ်မိသားစု၊ ဆွေမျိုးသားချင်းနှင့်မိတ်ဆွေအပေါင်းအဖော်များ၊ အိမ်နီးချင်း၊ ဧည့်သည်နှင့်အခြားသူများ၏အခွင့်အရေးများဖြည့်ဆည်းမှုကို ဆွဒကာဟ်(အလျှူဒါန)နှင့်အီဗာဒတ်(အလ္လာဟ်အရှင်မြတ်၏ဓဝတ်ကိုးကွယ်မှု)လုပ်ရပ်အဖြစ် ဖော်ပြထားခဲ့သည်။

ပြန်လည်ပြောပြရလျှင် (အလ္လာဟ်အရှင်မြတ်အားနာခံခြင်း) "အိသ်သေ့ယဟ်"နှင့် (အလ္လာဟ်အရှင်မြတ်အားသတိရတသခြင်း) "ဇိကိရ်"တို့ထက် အလ္လာဟ်အရှင်မြတ်၏မျက်နှာသာပေးမှုကိုထိုက်တန်သော အရာသည် ဤလောကတွင်မရှိဟု ပြောနိုင်ပါသည်။ သို့ဆိုလျှင် လူတစ်ယောက်၏ဤကမ္ဘာလောကသက်တမ်းအတွက် အနှစ်သက်ဆုံးနှင့်အဖိုးအထိုက်တန်ဆုံးသော ပိုင်ဆိုင်မှုတစ်ခုကိုရရှိသွားပါသည်။ ၎င်းနောက်ဤသက်တမ်းသည် ကန့်သတ်ထားသည်ဆိုကြောင်းကျွန်ုပ်တို့သိပါသည်။ ထို့နောက်မည်သူတစ်ဦးတစ်ယောက်မျှ သူ(သို့)သူမ၏ဘဝသက်တမ်းသည် နှစ်ပေါင်းခုနှစ်ဆယ်လား(သို့)နာရီခုနှစ်ဆယ်လား(သို့) ထွက်သက်တစ်ခု၏အတိုင်းအတာမျှပင်လားဆိုသည်ကို တိတိကျကျမသိနိုင်ပါ။ တစ်ဖက်တွင်မူ ယခုဘဝရော၊ နောင်တမလွန်ဘဝတွင်ပါ ကောင်းမွန်သောသက်တမ်းတစ်ခုအတွက် တစ်ခုတည်းသောအာမခံချက်သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်တော်မူမှုသာဖြစ်ကြောင်း ကျွန်ုပ်တို့သိပါသည်။ ထိုအာမခံချက်ကိုရရှိစေရန်အတွက် ဤကမ္ဘာတွင်ကျွန်ုပ်တို့အတွက် သတ်မှတ်ထားသောသက်တမ်းအတွင်း၌သာလုပ်ဆောင်နိုင်ပါသည်။ သို့ပါသောကြောင့် အသိဉာဏ်နှင့်အတွေးအမြင်တို့ဖြင့်အလ္လာဟ်အရှင်မြတ်၏ကောင်းချီးပေးခံရသော လူသားတိုင်းသည် သူ့ဘဝ၏ဤသတ်မှတ်ထားသည့်အချိန်နာရီများကို မည်သည်များကိုလုပ်ခြင်းဖြင့်သို့ သုံးစွဲမည်ဆိုသည်ကို သူဆုံးဖြတ်နိုင်ပါသည်။ ယေဘုယျဉာဏ်အရဤအဖိုးတန်သည့်အချိန်များများကို အလ္လာဟ်အရှင်ကြိုက်နှစ်သက်သည်များအတွက် လုပ်ဆောင်မှုတွင်သုံးစွဲသင့်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ သူ၏ဘဝတည်မြဲရန်အတွက်လိုအပ်သော အသေးအဖွဲ့ကိစ္စရပ်များကိုမူ လိုအပ်သလိုလုပ်ဆောင်နိုင်ပါသည်။ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် (ﷺ) က မိန့်ကြားထားသည်မှာ-

اَلْكَيِّسُ مَنْ دَانَ نَفْسَهُ وَعَمِلَ لِمَا بَعْدَالْمَوْتِ

"မိမိကိုယ်ကို မိမိထိန်းချုပ်ရိုင်ပြီး၊ ရရှိသမျှနှင့်ကျေနပ်နှစ်သိမ့်နေကာ၊ သေဆုံးပြီးသည်၏နောက်အတွက်သူ၏လုပ်ရပ်များကို စူးစိုက်လုပ်ဆောင်သူသာ အသိပညာရှိသူဖြစ်သည်။"

XXXXXXXXXXX

tm, of (33–41)

قُلْ أَرَءَيْتُمْ إِنْ أَخَذَ اللَّهُ سَمْعَكُمْ وَ
أَبْصَٰرَكُمْ وَخَتَمَ عَلَىٰ قُلُوبِكُم مَّنْ إِلَٰهٌ غَيْرُ اللَّهِ يَأْتِيكُم بِهِ ۗ انظُرْ
كَيْفَ نُصَرِّفُ الْآيَاتِ ثُمَّ هُمْ يَصْدِفُونَ ﴿٤٦﴾ قُلْ أَرَءَيْتَكُمْ إِنْ
أَتَىٰكُمْ عَذَابُ اللَّهِ بَغْتَةً أَوْ جَهْرَةً هَلْ يُهْلَكُ إِلَّا الْقَوْمُ
الظَّٰلِمُونَ ﴿٤٧﴾ وَمَا نُرْسِلُ الْمُرْسَلِينَ إِلَّا مُبَشِّرِينَ وَمُنذِرِينَ ۖ
فَمَنْ ءَامَنَ وَأَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٤٨﴾
وَالَّذِينَ كَذَّبُوا بِـَٔايَٰتِنَا يَمَسُّهُمُ الْعَذَابُ بِمَا كَانُوا
يَفْسُقُونَ ﴿٤٩﴾

(အို-နဗီတမန်တော်)ငင်းတို့ပြောဆိုသောစကားသည် ဧကန်စင်စစ်အသင့်အားစိတ်ဒုက္ခရောက်စေသည်ကို ငါအရှင်မြတ်သည်(ကောင်းစွာ)သိတော်မူသည်။ ဧကန်စင်စစ်ယင်းသူတို့သည် အသင့်အားမဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြသည်မဟုတ်ချေ။ သို့ရာတွင် မတော်မတရားပြုမူသော သူတို့သည် အလ္လာဟ်အရှင်မြတ်၏သက်သေလက္ခဏာများကိုသာ ငြင်းပယ်နေကြသည်။
(၆း၃၃)

ငင်းအပြင်၊ မချွတ်ဧကန်အသင့်အလျင် မြောက်မြားစွာသော ရစူလ်တမန်တော်များသည် မဟုတ်မမှန်ဟုငြင်းပယ်ခြင်းကို ခံခဲ့ကြရလေပြီ။ သို့ရာတွင် ထိုရစူလ်တမန်တော်တို့သည် မိမိတို့အား မဟုတ်မမှန်ဟု ငြင်းပယ်ခြင်းကို ခံခဲ့ကြရခြင်းအပေါ်၌လည်းကောင်း၊ ဒုက္ခပေးခြင်းကို ခံခဲ့ကြရခြင်းအပေါ်၌လည်းကောင်း၊ သည်းခံခဲ့ကြလေသည်။ နောက်ဆုံးတွင်ငါအရှင်မြတ်၏အကူအညီသည်ထို ရစူလ်တမန်တော်များထံ သို့ရောက်ရှိလာခဲ့လေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို မည်သူမျှပြောင်းလဲနိုင်သည်မဟုတ်ချေ။ စင်စစ်ဧကန်ရစူလ်တမန်တော်တို့၏အချို့အကြောင်းသတင်းများသည် အသင့်ထံရောက်ရှိလာခဲ့ပြီးဖြစ်၏။(၆း၃၄)

သို့ရာတွင် (အို-နဗီတမန်တော်)အကယ်၍ငင်းတို့၏ လွှဲဖယ်တိမ်းရှောင်သွားခြင်းသည် အသင့်အပေါ်ဝယ် ရင်လေးဖွယ်ဖြစ်နေပါလျှင် အသင်သည် တတ်စွမ်းနိုင်ပါက မြေအောက်တွင် လှိုဏ်ခေါင်းတစ်ခုခုကိုဖြစ်စေ၊ မိုးပေါ်သို့ (တက်ရန်)လှေကားတစ်ခုခုကိုဖြစ်စေရှာဖွေပြီးလျှင် ငင်းတို့အဖို့တန်ခိုးလက္ခဏာတစ်ရပ်ရပ်ကို ယူဆောင်ခဲ့ပါလေ။ စင်စစ်သော်ကား အကယ်၍သာအလ္လာဟ်အရှင်မြတ်သည်အလိုတော်ရှိပါမူ ငင်းတို့အားလုံးကို တရားလမ်းမှန်ပေါ်၌တစ်စည်းတစ်လုံးတည်းတည်ရှိစေတော်မူအံ့။ သို့ဖြစ်ပေရာ အသင်သည် အသိဉာဏ်ကင်းမဲ့သောသူတို့တွင် အပါအဝင်မဖြစ်ပါလေနှင့်။ (၆း၃၅)

(စိတ်စေတနာဖြူစင်စွာဖြင့် တရားကို)နားထောင်သောသူများသာလျှင် တရားကိုလက်ခံနာယူကြပေသည်။ အမှန်စင်စစ်သူသေတို့မူကား အလ္လာဟ်အရှင်မြတ်သည် ငင်းတို့အားရှင်ပြန်ထစေတော်မူမည်။ ထို့နောက် ငင်းတို့သည်အလ္လာဟ်အရှင်မြတ်အထံတော်သို့သာလျှင်ပြန်သွားကြရမည်။ (၆း၃၆)

ငင်းပြင် ထိုသူတို့က "(အကယ်၍မုဟမ္မဒ်သည် နဗီတမန်တော်ဖြစ်ခဲ့ပါလျှင်) ငင်း၏အရှင်မြတ်ထံတော်မှငင်းထံသို့တန်ခိုးလက္ခဏာတစ်ရပ်ရပ်သည် မည်သည့်အတွက်ကြောင့် မကျရောက်ပါသနည်း"ဟုပြောဆိုကြလေသည်။ (အို-နဗီတမန်တော် အသင်သည်ထိုသူတို့အား)ပြောကြားပါလေ။ မုချ ဧကန်အလ္လာဟ်အရှင်မြတ်သည်(ထိုသူတို့တောင်းဆိုသော)တန်ခိုးလက္ခဏာကိုချပေးနိုင်စွမ်းရှိတော်မူသောအရှင်မြတ်ဖြစ်တော်မူ၏။ သို့ရာတွင် ထိုသူတို့အနက်များစွာသောသူတို့သည်(ဤသည်ကိုပင်)မသိကြချေ။ (၆း၃၇)

ငင်းနောက်ပထဝီမြေဝယ်ရှိရှိသမျှသောသက်ရှိအပေါင်းတို့သည်လည်းကောင်း၊ မိမိတို့တောင်ပံနှစ်ဖက်ဖြင့်ပျံသန်းလျက်ရှိသော ငှက်တိရစ္ဆာန်အပေါင်းတို့သည်လည်းကောင်း၊ အသင်တို့ကဲ့သို့အုပ်စုများပင်ဖြစ်ကြပေမည်။ ငါအရှင်မြတ်သည် (မိမိမှတ်တမ်း)စာအုပ်တွင် တစ်စုံတစ်ရာမျှ ချန်လှပ်ထားတော်မူသည်မရှိချေ။ ထို့နောက် ငင်းတို့အားလုံးသည် မိမိ၏အရှင်မြတ်အထံတော်၌ပင် စုရုံးစေခြင်းကိုခံကြရပေမည်။ (၆း၃၈)

စင်စစ်ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုငြင်းပယ်သောသူတို့ကား နားပင်းသူများနှင့်ဆွံ့အသူများပင်ဖြစ်ကြကုန်၏။ အမှောင်အမျိုးမျိုးတွင်(တဝဲလည်လည်)ရှိကြကုန်၏။ အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား (အမှန်တရားကိုသွေဖည်မှုကြောင့်)လမ်းလွဲ၌ပင်ရှိစေတော်မူ၏။ ငင်းပြင်ထိုအရှင်မြတ်သည် မိမိ၏အလိုရှိတော်

မူသေသူအား (မိမိ၏ကျေးဇူးတော်ဖြင့်)ဖြောင့်မတ်မှန်ကန်သောတရားလမ်း ပေါ်၌တည်ရှိစေတော်မူ၏။ (၆း၃၉)

(အို-နဗီတမန်တော်)အသင်သည် (ထိုသူတို့အား)ဤသို့ပြောဆိုပါလော။ အသင်တို့ပြောပြကြကုန်။ အကယ်၍အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်သည် အသင်တို့အပေါ်၌ကျရောက်လာခဲ့သည်ရှိသော်၊ သို့တည်းမဟုတ်"ကိယာမသ်" (ရှင်ပြန်ထမည့်နေ့)သည်အသင်တို့ထံ ဆိုက်ရောက်လာခဲ့သည်ရှိသော (ထိုကဲ့သို့သောအချိန်ကာလမျိုး၌လည်း)အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး(မိမိတို့ကိုယ်တိုင်ဘုရားအဖြစ်ပြုလုပ်ကိုးကွယ်ကြကုန်သော)အခြားအရာများကိုပင် ဟစ်ခေါ်ကြမည်လော။ အသင်တို့မှန်ကန်သောသူများဖြစ်ကြပါလျှင် (ထိုသို့သောအချိန်မျိုးတွင်လည်း အလ္လာဟ်အရှင်မြတ်အား စွန့်လွှတ်၍ မိမိတို့၏ ကိုးကွယ်ရာများကိုသာဟစ်ခေါ်သင့်ပေသည်။ (၆း၄၀)

(ဤသို့)အလျင်းမဟုတ်ပေ။ အမှန်စင်စစ်သော်ကား (ယင်းကဲ့သို့သော အချိန်အခါမျိုးတွင်)အသင်တို့သည် အထူးသဖြင့် (တစ်ဆူတည်းသော)ထိုအရှင်မြတ်ကိုသာလျှင် ဟစ်ခေါ်ကြပေမည်။ ၎င်းနောက် ထိုအရှင်မြတ်သည် မိမိအလိုတော်ရှိခဲ့ပါလျှင်၊ အကြင်(ဘေးအန္တရာယ်)ကိုလည်းဖယ်ရှားတော်မူအံ့။ ထိုအရာ(ဘေးအန္တရာယ်ကိုဖယ်ရှားရန်)အတွက် အသင်တို့သည် (ထိုအရှင်မြတ်ကို)ဟစ်ခေါ်ကြကုန်၏။ ၎င်းပြင် (ထိုအခါဝယ်)အသင်တို့သည်လည်း မိမိတို့(ယခု)တွဲဖက်(ကိုးကွယ်)နေကြကုန်သောအရာများကို မေ့ပျောက်သွားကြလတ္တံ့။ (၆း၄၁)

tusfzGihfqkjcif;

ပထမအာယသ်(၃၃)ပါ-فَإِنَّهُمْ لَا يُكَذِّبُونَكَ "ဧကန်စင်စစ်ယင်းသူတို့သည် အသင့်အား မဟုတ်မမှန်ဟူ၍ငြင်းပယ်ကြသည်မဟုတ်ချေ။"ဟူသောအဆိုအမိန့်နှင့်သက်ဆိုင်သော ဆက်နွယ်သည့် အဖြစ်အပျက်တစ်ခုကို အားစ်ဆဒ်ဒီ၏ခိုင်လုံသော ဆင့်ပြန်ချက်အရ သဖ်စီရ်မဇ်ဟရီထဲတွင် တင်ပြထားပါသည်။ ယင်းတင်ပြချက်အရ တစ်ခါက ကုရိုက်ရှ်မျိုးစု၏အကြီးအကဲနှစ်ဦးဖြစ်ကြသော အိစ်နပ်စ်အိဗ်နိရှဒိုက်နှင့် အဗူဂျာဟိလ်တို့ တွေ့ဆုံခဲ့ကြသည်။ အိစ်နပ်စ်က အဗူဂျာဟိလ်အား "အို အဗူလ်ဟိကမ် (အာရေဗီးယား အဗူ ဂျာဟိလ်အား အဗူလ်ဟိကမ် "ပညာရှိသောသူ"ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ သို့ရာတွင်အစ္စလာမ်အပေါ်သူ၏ ရန်လိုမှုကြောင့်သူအား အဗူဂျာဟိလ် "ပညာမဲ့သောသူ"ဟုခေါ်ဝေါ်ခဲ့ကြသည်။ ဤနေရာ၌အသင်နှင့်ကျွန်ုပ်သာ နှစ်ယောက်တည်းရှိပါသည်။ ကျွန်ုပ်တို့ ပြောဆိုနေကြသည်ကို နားထောင်မည့်တတိယလူမရှိပါ။ ကျွန်ုပ်အား မုဟမ္မဒ်အိဗ်နိအဗ်ဒုလ္လာဟ် (ဧ) အကြောင်းကိုပြောပြစမ်းပါ။ သူ့အား အသင်အဘယ်သို့ အမှန်တကယ်ယူဆကြောင်း ကျွန်ုပ်ကိုပြောပြပါ။

သူပြောသမျှသည် အမှန်လား၊ အမှားလား?”ဟု မေးမြန်းလေသည်။

အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် ကျိန်ဆိုကာအပူဂျာဟိလ်ကပြောသည်မှာ “မုဟမ္မဒ် (ﷺ) ဖြောင့်မတ်မှန်ကန်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ရာမရှိပါ။ သူ၏ဘဝတစ်လျှောက်လုံး အဘယ်သောအခါကမျှလိမ်လည်ပြောဆိုခြင်းမရှိခဲ့ပါ။ သို့ရာတွင် ပြဿနာမှာ ကုရိုက်ရှ်မျိုးနွယ်စု၏တစ်ဂိုဏ်းဖြစ်သော “ဗနူခုဇေး” တစ်ခုတည်းသာ အမျိုးမျိုးသောကောင်းမွန်သည့် အကျင့်သီလများ၊ ပြီးပြည့်စုံခြင်းတို့၏သိုမှီးရာဖြစ်သွားသည်ဆိုသောအတွေးကို ကျွန်ုပ်တို့လက်မခံနိုင်ပါ။ ယင်းသည်အလွန်အမင်းလွန်ကဲသောအရာဖြစ်ပါသည်။ သူတို့လက်တွင်အလံကိုင်စွဲထားသည်။ ဟာဂ်ျပြုရန်လာရောက်သူများအား ရေပေးဝေရန်ဟူသော အရေးကြီးသည်တာဝန်ဝတ္တရားကို ၎င်းတို့ပဲ လုပ်ဆောင်ကြသည်။ ထိုသူများသည် ကအ်ဗဟ်ကျောင်းတော်ကြီးအား စောင့်ရှောက်သူများဖြစ်ကြကာ ယင်း၏သော့များ ၎င်းတို့လက်ဝယ်ရှိကြသည်။ အကယ်၍သာ ကျွန်ုပ်တို့သည်တမန်တော်ဖြစ်ခြင်းကိုလည်း ၎င်းတို့ပိုင်ဆိုင်သည်ဟု ကျွန်ုပ်တို့လက်ခံခဲ့ပါသည်။ ကျန်ရှိသော ကုရိုက်ရှ်မျိုးနွယ်စုများအတွက် အဘယ်အရာများကျန်ရှိတော့မည်နည်း။”

နာဂျီယဟ်အိဗ်နိခအ်ဗ်တင်ပြသော အခြားဆင့်ပြန်ချက်တစ်ခုထဲတွင် တချိန်က အပူဂျာဟိလ်ကိုယ်တိုင်တမန်တော်မြတ် (ﷺ) ထံသွားရောက်ကာ “အသင်လိမ်လည်ပြောဆိုနေသည်ဟူ၍ ကျွန်ုပ်တို့သံသယမရှိသကဲ့သို့အသင့်ကိုလည်း ကျွန်ုပ်တို့သည် မဟုတ်မမှန်ဟု မငြင်းပယ်ကြပါ။ သို့ရာတွင် အသင်ယူဆောင်လာသော ဘာသာတရား(သို့)ကျမ်းစာအုပ်ကိုတော့ မဟုတ်မမှန်ဟု ကျွန်ုပ်တို့ငြင်းဆိုသည်။”ဟု ပြောကြားခဲ့သည်။(မဇ်ဟရီ)

ဤဟဒီးဆ်ဆင့်ပြန်ချက်များအပေါ် အခြေခံ၍ အာယသ်၏ စစ်မှန်သောအဓိပ္ပာယ်ဆိုလိုရင်းကို “ဤမယုံကြည်သွေဖည်သူများတို့သည် အသင့်အားမဟုတ်မမှန်ကြောင်းငြင်းဆိုခြင်းမဟုတ်ပါ။ ထိုသူတို့သည် အရှင်မြတ်၏ လက္ခဏာတော်များကို မဟုတ်မမှန်ကြောင်းငြင်းဆိုကြသည်။”ဟူ၍မှတ်ယူနိုင်ပါသည်။ ထို့နောက် ဤအာယသ်တော်ကိုလည်း “ဤမယုံကြည်သွေဖည်ငြင်းပယ်သူများသည် အသင့်အား မဟုတ်မမှန်ကြောင်း ထင်ရှားစွာငြင်းဆိုကြသော်လည်း အမှန်စင်စစ်မှာ အသင့်အားမယုံကြည်ခြင်း၏ ရလဒ်ကပင်လျှင် အလ္လာဟ်အရှင်မြတ်နှင့်အရှင်မြတ်၏လက္ခဏာများမဟုတ်မမှန်ကြောင်းငြင်းဆိုခြင်းဖြစ်သည်။”ဟူ၍လည်း အဓိပ္ပါယ်မှတ်ယူနိုင်သည်။ ယင်းနှင့်ပတ်သက်၍ ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ် (ﷺ) သခင်မိန့်ထားသည်မှာ “မည်သူမဆို ငါကိုယ်တော်မြတ်အား နာကျင်စေခဲ့လျှင် ယင်းလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်အားနာကျင်စေမှုဖြစ်စေသည်ဟုဆိုးဖြတ်နိုင်ပေသည်။”

ဆဋ္ဌမအာယသ်တော်(၃၈)- **وَمَا مِنْ دَآبَّةٍ** (အမှန်သော်ကား မည်သည့်တိရစ္ဆာန်မျှ လှုပ်ရှားနေမည်မဟုတ်ချေ . . .) က ကျွန်ုပ်တို့အားပြောသည်မှာ ကိယာမသ်နေ့၌ လူသားများနှင့်အတူ တိရစ္ဆာန်များသည်လည်းပြန်လည်ရှင်ပြန်ထကြရလိမ့်မည်။ စိုက်ယိဒနာအဗူဟုရိုင်ရဟ် (t) သခင်၏ ဆင့်ပြန်ချက်တစ်ရပ်ကို အိဗနိဂျရီး၌ အိဗနိအဗီဟာသင်မ်နှင့် ဗိုင်ဟကီတို့က တင်ပြထားခဲ့သည်မှာ ကိယာမသ်နေ့၌ တိရစ္ဆာန်များအားလုံး၊ သားရဲတိရစ္ဆာန်နှင့်ငှက်များအားလုံးသည် တစ်ဖန်ပြန်လည်ရှင်ထရလိမ့်မည်။ အလ္လာဟ်အရှင်မြတ်၏ တရားမျှတမှုအရ ဦးချိုရှိသောသတ္တဝါက ဦးချိုမရှိသောသတ္တဝါအားဝှေ့ခြင်းအတွက် အတုံ့အလှည့်အစားပေးခြင်းခံရလိမ့်မည်။ အခြားသောကိစ္စရပ်များတွင်လည်း ဤအတိုင်းပင်ဖြစ်လိမ့်မည်။ အလုံးစုံသောမတရားမှုမျာရှင်းလင်းပြီးနောက်

တိရစ္ဆာန်အားလုံးကို မြေမှုံဖြစ်စေရန်အမိန့်ပေးခြင်းခံရလိမ့်မည်။ ၎င်းတို့အားလုံး မြေမှုံဖြစ်သွားပါလိမ့်မည်။ ဤအချိန်တွင် မယုံကြည်သွေဖည်ငြင်းပယ်သူက-**يٰلَيْتَنِيْ كُنْتُ تُرٰبًا** (၇၈း၄၀) ပြောသည်မှာ ဆိုလိုသည်မှာ "အကယ်၍ကျွန်ုပ်သာမြေမှုံဖြစ်သွားခဲ့လျှင် ငရဲပြစ်ဒဏ်ခံဏ်ခံရမှုမှ ကင်းဝေးသွားပါလိမ့်မည်။"

စိုက်ယိဒနာအဗူဟူရိုင်ရဟ် (t) ၏ အခြားဆင့်ပြန်ချက်တစ်ရပ်ကို အီမာမ်အလ်ဘဂ်ဂါဝီ၏တင်ပြချက်ထဲ၌ တမန်တော်မြတ် (e) သခင်မိန့်ထားသည်မှာ-"ကိယာမသ်နေ့တွင်ရပိုင်ခွင့်ရှိသူများအားလုံး၏ ရပိုင်ခွင့်များရှင်းလင်းပေးရာတွင် ဦးချို့ရှိသောဆိတ်ထံမှရပိုင်ခွင့်ကို ဦးချို့မရှိသောဆိတ်ပြန်လည်ရစေကာ ရှင်းလင်းပေးစေပါသည်။"

tv'm[ft&Sifjrwf zefqif;cHksm;\tcGihftaE&;twGuf tjrihfqHk;tav;u|kjyKrI

တိရစ္ဆာန်များတွင် မည်သည့်ရှရီအသ်၏သိမှတ်ရန်ကိုဖြစ်စေ(သို့) တရားဥပဒေကိုဖြစ်စေ လိုက်နာကျင့်သုံးရန်တာဝန်မရှိဆိုသည်ကို လူတိုင်းသိကြပါသည်။ လူသားနှင့်ဂျင်နီများသာ လိုက်နာကျင့်သုံးရန်တာဝန်ရှိ သည်။ ထို့ပြင် ဆုလာဘ်ပေးခြင်းနှင့်အပြစ်ဒဏ်ပေးခံရမှု၏ တရားစီရင်ပိုင်ခွင့်သည် လိုက်နာရန်တာဝန်မရှိသူများနှင့် မသက်ဆိုင်ချေ။ ထို့ကြောင့် 'အိုလမာ'တို့က ပြောသည်မှာ ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ တိရစ္ဆာန်များအပြုအမူအတွက်အတုံ့အလှည့်ခံစားရမည်ဆိုသည်မှာ ဖြစ်လိမ့်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့မှာတာဝန်မရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း ဖန်ဆင်းရှင်၏သာတူညီမျှမှုနှင့်တရားမျှတမှုပေါ် အလွန်အလေးထားမှုကြောင့် ဖြစ်ရပါလိမ့်မည်။ ယင်းအချက်ပေါ် အခြေခံ၍ သက်ရှိသတ္တဝါတစ်ကောင်သည် အခြားသက်ရှိသတ္တဝါတစ်ကောင်ပေါ် ရက်စက်ကြမ်းကြုတ်မှုအတွက် အစားပေးရလိမ့်မည်ဖြစ်သည်။ ၎င်းတို့၏ ကျန်ရှိသောမည်သည့်လုပ်ရပ်အတွက်ကိုမျှ ဆုလာဘ်ပေးသနားခြင်း၊ ပြစ်ဒဏ်ခတ်ခံရခြင်းမရှိချေ။ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများနှင့်သက်ဆိုင်သော အချင်းချင်းရပိုင်ခွင့်များကိစ္စရပ်နှင့် ထိုရပိုင်ခွင့်များချိုးဖောက်ခြင်းများသည် အလွန်အရေးကြီးသောကြောင့် တာဝန်မရှိသောတိရစ္ဆာန်များကိုပင် ယင်းကိစ္စရပ်မှ ချွင်းချန်မထားကြောင်းကျွန်ုပ်တို့အားကျသည်ကပြောသည်။ သို့သော်လည်း ဘာသာတရားလေးစားသောလူများစွာကပင်လျှင် ယင်းနှင့်ပတ်သက်၍ လျစ်လျူရှုလုပ်ဆောင်နေခြင်းကား ဝမ်းနည်းဖွယ်ကောင်းပေသည်။

XXXXXXXXXXX

tm, of (42-45)

وَلَقَدْ أَرْسَلْنَآ إِلَىٰٓ أُمَمٍ مِّن قَبْلِكَ فَأَخَذْنَٰهُم بِٱلْبَأْسَآءِ
وَٱلضَّرَّآءِ لَعَلَّهُمْ يَتَضَرَّعُونَ ﴿٤٢﴾ فَلَوْلَآ إِذْ جَآءَهُم بَأْسُنَا تَضَرَّعُوا۟
وَلَٰكِن قَسَتْ قُلُوبُهُمْ وَزَيَّنَ لَهُمُ ٱلشَّيْطَٰنُ مَا كَانُوا۟ يَعْمَلُونَ ﴿٤٣﴾
فَلَمَّا نَسُوا۟ مَا ذُكِّرُوا۟ بِهِۦ فَتَحْنَا عَلَيْهِمْ أَبْوَٰبَ كُلِّ شَىْءٍ
حَتَّىٰٓ إِذَا فَرِحُوا۟ بِمَآ أُوتُوٓا۟ أَخَذْنَٰهُم بَغْتَةً فَإِذَا هُم
مُّبْلِسُونَ ﴿٤٤﴾ فَقُطِعَ دَابِرُ ٱلْقَوْمِ ٱلَّذِينَ ظَلَمُوا۟ ۚ وَٱلْحَمْدُ لِلَّهِ
رَبِّ ٱلْعَٰلَمِينَ ﴿٤٥﴾

(အို-နဗီတမန်တော်) မချွတ်မလွဲ ငါအရှင်မြတ်သည် အသင့်အလျင်ရှိခဲ့ကြကုန်သောလူမျိုးများထံသို့လည်း(ရစူလ်တမန်တော်များကို)စေလွှတ်တော်မူခဲ့လေသည်။ ထို့နောက်(ယင်းလူမျိုးတို့သည် ထိုတမန်တော်များအားသွေဖည်ငြင်းပယ်ခဲ့ကြလေရာ)ငါအရှင်မြတ်သည် ယင်းသူတို့၌ဆင်းရဲဒုက္ခများနှင့်ရောဂါဝေဒနာများဆိုက်ရောက်စေတော်မူခဲ့လေသည်။ သို့မှသာလျှင် ထိုသူများသည် ကျိုးနွံကြပေမည်။ (နောင်တတရားရကြပေမည်။) (၆း၄၂)

ထို့နောက် ၎င်းတို့သည်မိမိတို့ထံ ငါအရှင်မြတ်၏(အထံတော်မှ)ပြစ်ဒဏ်ဆိုက်ရောက်လာသောအခါ၌ အဘယ့်ကြောင့် ကျိုးနွံနိမ့်ကျခြင်းမရှိခဲ့ကြပါသနည်း။ သို့ရာတွင် ၎င်းတို့၏စိတ်နှလုံးများမာမြဲတိုင်းမာကျောလျှက်ရှိခဲ့၏။ ထို့ပြင်“ရှိုင်တွာန်”မိစ္ဆာကောင်သည်လည်း ၎င်းတို့ပြုလုပ်လျှက်ရှိခဲ့သမျှတို့ကို ၎င်းတို့၏ အမြင်၌လှပတင့်တယ်အောင်တန်ဆာဆင်၍ပြထားခဲ့လေသတည်း။ (၆း၄၃)

ထို့နောက် ၎င်းတို့သည် မိမိတို့အားသတိပေးနှိုးဆော်ခြင်းခံကြ ရလေသောကိစ္စများကို မေ့ပျောက်ထားခဲ့ကြ၏။ ထိုအခါ ငါအရှင်မြတ်သည်၎င်းတို့အပေါ်၌ခပ်သိမ်းကုန်သော စည်းစိမ်တို့၏တံခါးများကိုဖွင့်လှစ်ပေးတော်မူလိုက်၏။ နောက်ဆုံးတွင် ၎င်းတို့သည် မိမိတို့ရရှိကြကုန်သောစည်းစိမ်တို့နှင့်

စပ်လျဉ်း၍ မော်ကြွား၍လာကြပြန်သောအခါ ငါအရှင်မြတ်သည်ငင်းတို့အား ရုတ်တရက်ဖမ်းဆီး(ပြစ်ဒဏ်ပေး)တော်မူလိုက်၏။ ထိုအခါငင်းတို့သည်မျှော်လင့်ချက်ကုန်ဆုံး၍ တွေဝေမိန်းမောသွားကြလေသတည်း။ (၆း၄၄)

ထို့နောက် မတော်မတရားပြုမူကြကုန်သောသူတို့၏ အခြေအမြစ်သည် ပြတ်သွားလေတော့၏။ ခိုးမွမ်းထောမနာခြင်းအပေါင်းတို့သည် အမှန်စင်စစ်အားဖြင့်စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ အပ်စပ်ပေသတည်း။ (၆း၄၅)

tusKd;rSm;rdkYjcif;

အထက်ဖော်ပြပါ အာယသ်တော်များကို အကယ်၍ထိုအာယသ်တော်များရှေ့တွင်ရှိ အာယသ်များနှင့် ဆက်စပ်ကြည့်လျှင် ရှစ်ရိုက်နှင့်ကုဖ်ရိုတို့အား မမှန်ကန်ကြောင်းငြင်းဆိုထားပုံနှင့် သောင်ဟီးဒ်အားအတည်ပြုထားပုံတို့မှာ သီးခြားဟန်တစ်ခုဖြစ်ကြောင်း ပြသပါလိမ့်မည်။ ဦးစွာပထမမက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများကိုမေးထားသည်မှာ အကယ်၍အသင်တို့အပေါ်ယခုအခါ၌ ဘေးအန္တရာယ်ဆိုးတစ်ခုဆိုက်ရောက်လာအံ့။ ပမာဆိုသော် ဤကမ္ဘာလောကတွင်ပင်အသင်တို့အပေါ်အလ္လာဟ်အရှင်မြတ်ပြစ်ဒဏ်ခတ်မှုကျရောက်ခြင်း(သို့) သေဘေးကျရောက်ခြင်း(သို့) တရားစီရင်သည့်နေ့ကျရောက်ခြင်းဖြစ်ခဲ့လျှင် သင်တို့စဉ်းစားဖြေလော့။ ဤဘေးအန္တရာယ်ဆိုးမှ ကင်းဝေးစေရန်မည်သူထံ အကူအညီတောင်းခံမည်နည်း။ မည်သူသည် အသင်တို့အား ဤဆိုးဝါးသော ပြစ်ဒဏ်ခတ်မှုမှ ကယ်တင်ပေးရန်မျှော်လင့်ပါသနည်း။ အလ္လာဟ်အရှင်မြတ်နှင့်သင်တို့တန်းတူရည်တူထားသော အလ္လာဟ်အရှင်မြတ်အဖန်ဆင်းခံများအနက်မှ ကျောက်တုံးကိုဖြစ်စေ အခြားမည်သည့်အရာကိုဖြစ်စေ သင်တို့ကိုယ်တိုင် ထွင်းထုထားသောရုပ်ထုများက သင်တို့အားအကူအညီပေးလိမ့်မည်ဟု သင်တို့ထင်ထားကြသလော။ သို့ဆိုလျှင် သင်တို့ဒုက္ခရောက်မှုအတွက် ထိုအရာများကို ဦးတည်ဝိုကြွေးတိုင်တမ်းနေဦးမည်လော။ သို့တည်းမဟုတ် အခြားမည်သူထံမှ အကူအညီမတောင်းပဲ အလုံးစုံသောတန်ခိုးပြဋိဟာန်ဒုံပြည့်စုံတော်မူသော တစ်ပါးတည်းတည်ရှိတော်မူသည့် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အသနားခံတောင်းခံမည်လော။

ထိုကဲ့သို့သော ဘေးဒုက္ခဆိုးကြီးများကျရောက်နေချိန်တွင် အကြီးကျယ်ဆုံးသော "မုရှ်ရစ်က်"သော်မှ သူကိုယ်တိုင်ခဝတ်ကိုးကွယ်ရာအဖြစ် ခန့်အပ်ထားသောအရာများနှင့် သူ၏ရုပ်ထုအားလုံးကို မေ့လျော့ကာ အလ္လာဟ်အရှင်မြတ်မှလွဲ၍မည်သူ့ကိုမျှတသအကူအညီတောင်းခံလိမ့်မည်မဟုတ်ပါဟု အလ္လာဟ်တအာလာကိုယ်တိုင်က ထိုသူများကိုယ်စားအဖြေပေးထားသော ဖြေကြားချက်ထက် မည်သည့်အသိဉာဏ်ရှိသောလူသား၏ဖြေကြားချက်က သာလွန်၍ မကောင်းမွန်နိုင်ပါ။ သို့ဆိုပါလျှင် ရလဒ်မှာထင်ရှားပါသည်။ အသင်၏ဤရုပ်ထုများ၊ အလ္လာဟ်အရှင်မြတ်နှင့်တစ်တန်းတစ်စားထားဟု အသင်သတ်မှတ်ထားသောကိုးကွယ်ရာပစ္စည်းများ၊ ၎င်းပြင် အသင်တစ်ဦးတည်းကသာ အသင်၏ပြဿနာများကိုဖြေရှင်းပေးသောသူများ၊ အသင်၏ဆန္ဒများကိုဖြည့်ဆည်းပေးသောသူများဟု သတ်မှတ်ထားသော ဤအရာဝတ္ထုများသည် အမှန်အားဖြင့် အသင်တို့ဒုက္ခရောက်နေချိန်တွင်

မကူညီသကဲ့သို့ အသင့်အားကူညီပါရန် သူတို့အား တသရန်အတွက်အသင့်တွင်လည်းသတ္တိမရှိပါ။ ထို့ကြောင့် အသင်ကပြဿနာများကို ဖြေရှင်းပေးသူများဟု သတ်မှတ်ထားပြီး ကိုးကွယ်ရာများဟု အသင်ကိုယ်တိုင် ဆည်းကပ်ကိုးကွယ်ခဲ့သော ထိုအရာများသည် ဘယ်သောအခါ၌ အသင့်အတွက် စတင်လုပ်ဆောင်ပေးပါမည်နည်း။

ပြောခဲ့သည်များသည် လက်ရှိအာယသ်တော်များ၏အလျင်တွင်ရှိသော အာယသ်များတွင်ပါရှိသည့် အကြောင်းအရာများတို့၏ အကျဉ်းချုပ်သာဖြစ်သည်။ ဤနေရာတွင်ဖော်ပြထားသော ၎င်းတို့၏ မယုံကြည်မှုနှင့် မနာခံမှုတို့၏ ရလဒ်အဖြစ် ဤကမ္ဘာတွင်ရှိ ၎င်းတို့သက်တမ်းအတွင်းမှာပင် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်ခတ်မှုကျနိုင်သည်ဟု ဖော်ပြခဲ့သည်မှာ စကားပမာသာဖြစ်ပါသည်။ ထို့ပြင်အကယ်၍ လက်ရှိဘဝတွင် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်ခတ်မှုမကျရောက်ခဲ့ပါလျှင် "ကိယာမသ်"ဖြစ်မည်မှာမုချကောန်ဖြစ်သောကြောင့် ထိုနေ့တွင် လူသားများ၏လုပ်ရပ်များကိုစာရင်းစစ်ဆေးကာ ထိုလုပ်ရပ်များနှင့်ပတ်သက်၍ ထုပေးခြင်း၊ ပြစ်ဒဏ်ပေးခြင်းဆိုသည့် ဥပဒေသသည် အကျိုးသက်ရောက်မှုရှိကာ ၎င်းတို့ပြစ်ဒဏ်ခတ်ခံရမည်ဆိုသည်မှာ တစ်ဖန်စကားပမာပင်ဖြစ်ပါသည်။

ဤတွင်"ကိယာမသ်"ဟူသောစကားသည် အများတကာအသိအမှတ်ပြုထားသော "ကိယာမသ်"(သို့) စာရင်းစစ်ဆေးမည့်နေ့ဟုလည်း ဆိုနိုင်ပါသည်။ အာယသ်(၄၁)ပါ á- aW¬A (အခ်ိန်)ဟူသော စကားလုံးကိုသီးသန့်သုံးစွဲထားခြင်းက အဓိပ္ပာယ်သည်"(အသေးစားစာရင်းစစ်ဆေးမည့်နေ့) အယ်ကိယာမသွလ်စွဂ်ရာဟ်"ဟူ၍လည်းဖြစ်နိုင်ပါသည်။ ယင်းအသေးစားစာရင်းစစ်ဆေးမှုသည် လူသားတိုင်း သူ(သို့)သူမသေဆုံးပြီးသည်နှင့်တပြိုင်နက်စတင်အသက်ဝင်ပါသည်။ ယင်းနှင့်ပတ်သက်၍ အဆိုတစ်ခုရှိသည်မှာ- **مَنْ مَّاتَ فَقَدْ قَامَتْ قِيَامَتُهُ** "တစ်စုံတစ်ဦးသေဆုံးသွားသောအချိန်တွင် သူ/သူမ၏ကိယာမသ်(စာရင်းစစ်ဆေးခြင်း)သည် ထိုအချိန်မှပင်စတင်သည်။"ဟူ၍ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် နောက်ဆုံးတွင် စာရင်းစစ်ဆေးခြင်းပြုမည့် "ကိယာမသ်"သည် အစဉ်းစွာနမူနာအနေဖြင့် သူ/သူမ"ကဗာရ်"(သချိုင်း)တွင်းနှင့်"ဗရ်ဇခ်"(သေပြီးသည်၏နောက်ကိယာမသ်အကြို)အခြေအနေတွင်စတင်ပါလိမ့်မည်။ ၎င်းပြင် အဆုံးတွင်ရရှိမည့်ဆုလာဘ်နှင့်ပြစ်ဒဏ်တို့သည် "ဤနေရာ"မှပင်စတင်ပါလိမ့်မည်။

လွန်လေပြီးသောအွမ္မသ်ထုအပေါ်ကျရောက်ခဲ့သော အလ္လာဟ်အရှင်မြတ်၏ ရုပ်ခြည်းပြစ်ဒဏ်ကျရောက်မှု(သို့)သေဆုံးမှု(သို့) သံသယဖြစ်ဖွယ်မရှိသော "ကိယာမသ်"နေ့တွင် အဆုံးစွန်ဆုံးသောစာရင်းစစ်ဆေးခြင်းများစသည်တို့သည် မိမိကိုယ်မိမိ ကျေနပ်နှစ်သက်နေသော သဘောထားရှိသည့်မနာခံသည့်လူများအပေါ်၌လည်းကျရောက်နိုင်ကြောင်း ဤအာယသ်များတွင်ကြိုတင်သတိပေးမှုများပါဝင်သော်လည်း ဤသူများသည်သူတို့၏စိတ်တိုင်းကျပြုလုပ်နေကြပါသည်။ ဤသူများတို့သည် ၎င်းတို့၏သတ်မှတ်ထားသော ဘဝသက်တမ်းအတွင်းမှရှိသည့်သတ်မှတ်ထားသောအတွေ့အကြုံများနှင့်အညီ ၎င်းတို့က မှတ်ယူလိုဟန်ရှိခြင်းသည် ဤသူများအား ကိစ္စရပ်တိုင်းတွင် ဆင်ခြေမပေးဘဲမနေနိုင်သူများဖြစ်သွားပါသည်။ မြင့်မြတ်သောတမန်တော်များသည် ၎င်းတို့အားအကြောင်းချက်များ သတိပေးချက်များတင်ပြခဲ့ကြပါသည်။ အချို့သောအချိန်များနှင့် ခေတ်အဆက်ဆက်တိုင်းတွင်ပြန်လည်ပေါ်ပေါက်တတ်သော ၎င်းတို့ပတ်ဝန်းကျင်ရှိလူများသည် အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်တမန်တော်တို့အား ပွင့်လင်းစွာ မနာခံသော်လည်း ထိုသူများသည် ဥစ္စာဓနစည်းစိမ်ချမ်းသာ၊ ပစ္စည်းဥစ္စာ၊ သြဇာ

အာဏာ၊ ကျော်ကြားခြင်းနှင့် တန်ခိုးအာဏာအရာရာတိုင်းလိုလို တိုးတက်ကြီးပွားနေသောကြောင့် ၎င်းသတိပေးချက်များသည် ဝိုးတဝါးအတွေးအခေါ်များဟု မှတ်ယူကာရှောင်ကွင်းကြပါလိမ့်မည်။ ထို့ကြောင့် တစ်ဖက်တွင်၎င်းတို့မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည့်အရာများဖြစ်ပြီး တစ်ဖက်တွင် ၎င်းတို့မနာခံသောအရှင်၏လုပ်ရိုးလုပ်စဉ်ဖြစ်တော်မူသော မနာခံမှုအတွက် အပြစ်ဒဏ်ကျသည်ဆိုကြောင်းကို မြင့်မြတ်သောအလွာဟ်တမန်တော်များက ၎င်းတို့အား ပြောပြသောစကားပင်ဖြစ်ပါသည်။ ထိုသူတို့သည် အခြေအတင်ပြောဆိုမှု၏နှစ်ဖက်စလုံးကို တပြိုင်နက်ကြည့်လိုက်သောအခါတွင် သူတို့၏ဆင်ခြေပေးသောအကျင့်စရိုက်အရ ၎င်းရှိုင်တွာန်၏လှည့်ဖြားမှုအရရင်း ထိုသူတို့က တမန်တော်များ၏ပြောကြားချက်သည် လှည့်ဖြားမှုတစ်ရပ်(သို့)စိတ်ကူးယဉ်မှုတစ်ရပ်ဟု ယုံကြည်သွားကြပါသည်။

အဖြေတစ်ခုအတွက် လွန်လေပြီးသော အွမ္မသ်ထုဘာဖြစ်ခဲ့သနည်းဟူသောကိစ္စနှင့်ဆိုင်သည့် ဥပဒေကို အလွာဟ်အရှင်မြတ်ထောက်ပြထားသည်အား ယခုလက်ရှိအာယသ်တော်၌ ကျွန်ုပ်တို့ကြည့်ရှုနိုင်ပေသည်။ ယင်းတွင်မိန့်ထားသည်မှာ ဆိုလိုသည်မှာ တမန်တော်မြတ် (ﷺ) အလျင်က အလွာဟ်အရှင်မြတ်သည် အရှင်မြတ်၏တမန်တော်များကို အခြားအွမ္မသ်ထုထံစေလွှတ်ခဲ့ပြီး ထိုအွမ္မသ်ထုအားနည်းနှစ်နည်းနှင့် စမ်းသပ်တော်မူခဲ့သည်။ ပထမအနေဖြင့် အလွာဟ်အရှင်မြတ်ဘက် လှည့်စေသောအကြောင်းခံများဖြစ်စေနိုင်သည့် အခက်အခဲများနှင့်ဆင်းရဲဒုက္ခများဖြင့်စမ်းသပ်ခဲ့ပါသည်။ သို့သော်လည်း အလွာဟ်အရှင်မြတ်ဘက်လှည့်ရန်နှင့်ဖီဆန်ခြင်းစွန့်လွှတ်မှုမပြုလုပ်ပဲ ဤစမ်းသပ်မှုတွင် အရေးနိမ့်သွားကာ အလွာဟ်အရှင်မြတ်ဘက်မလှည့်ခြင်းနှင့်ဖီဆန်ခြင်းတွင် ပိုမိုနှစ်သက်သွားခဲ့လျှင် ၎င်းတို့အား နောက်တစ်နည်းဖြင့်စမ်းသပ်တော်မူသည်။ လောကီဆိုင်ရာစည်းစိမ်ချမ်းသာတံခါးသည် ၎င်းတို့အတွက်ဖွင့်ပေးလိုက်သည်။ လောကီရေးဆိုင်ရာအလုံးစုံ ၎င်းတို့ဆန္ဒရှိသည့်အရာရာတိုင်းရစေ၍ယင်းကောင်းချီးမင်္ဂလာများမှတဆင့် ၎င်းတို့၏ကျေးဇူးရှင်ကို သိရှိစေနိုင်ကာ ထိုအရှင်အားသတိရအောက်မေ့တသစေပါသည်။ သို့သော်လည်း ၎င်းတို့သည် အရှင်မြတ်အား သတိရကျေးဇူးတင်ရမည့်အစားစည်းစိမ်ချမ်းသာတွင်မည်မျှယစ်မူးနေခဲ့သည်ဟူမူ အလွာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်တို့၏ သတင်းစကားနှင့်သင်ကြားမှုများအကြောင်းအားလုံး ၎င်းတို့မေ့လျော့ခဲ့ပါသည်။ ထို့ကြောင့် ဝင်းလက်တောက်ပြောင်၍ ခဏတာမျှဖြစ်သော စည်းစိမ်ချမ်းသာတို့နှင့် ၎င်းတို့စိတ်ဝိညာဉ်တို့ကို အလဲအလှယ်ပြုလုပ်ခဲ့သောကြောင့် စမ်းသပ်မှုနှစ်ရပ်စလုံးတွင်ကျရှုံးခဲ့ကာ အလွာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် ၎င်းတို့အတွက် မကောင်းသောကိစ္စရပ်အဖြစ်အပြီးအပြတ်အတည်ပြုပြီးဖြစ်စေသည်။ ထို့ကြောင့် အလွာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုသည် ၎င်းတို့အပေါ်၌ရုတ်တရက်ကျရောက်ခဲ့ကာ လူတစ်ဦးမျှ မကျန်ရစ်အောင် ၎င်းတို့အားလုံးအား ဖျက်ဆီးပစ်ခဲ့ပါသည်။ ဤကဲ့သို့ပြစ်ဒဏ်ခတ်မှုကို အစောပိုင်းအွမ္မသ်ထုတွင် ကောင်းကင်မှလည်းကောင်း၊ မြေပြင်မှလည်းကောင်း ကျရောက်စေခဲ့ပါသည်။ ထို့နောက် ထိုသို့လူစုဝေးလိုက်ပြစ်ဒဏ်ခတ်မှုသည် အခြားနည်းလမ်းများဖြင့်လည်း ကျရောက်ခဲ့ကာလူများအားလုံးနှင့် မျိုးနွယ်စုအားလုံး ပြာအတိဖြစ်သွားစေခဲ့ပါသည်။ စိုက်ယိဒနာနူးဟ် (u) သခင်၏ လူများသည်ရေကြီးကာ တောင်ထိပ်ဖျားပင်မကျန်ရေလွှမ်းမိုးခြင်းခံခဲ့ရသည်။ အားဒ်လူမျိုးတို့သည် တစ်ယောက်မျှအသက်ရှင်ကျန်ရစ်ခြင်းမရှိသော ရှုစ်ရက်မျှလေမုန်တိုင်းတိုက်ခြင်းခံခဲ့ရပါသည်။ စမူးဒ်လူမျိုးတို့သည် အလွန်ကြောက်မက်ဖွယ်အသံ မြည်ဟီးမှုဖြင့် ဖျက်ဆီးခံခဲ့ကြရသည်။ စိုက်ယိဒနာလူသ် (u) လူများ၏နေရပ်တစ်ခုလုံးကိုပြောင်းပြန်လှန်ပစ်ခဲ့သည်။ ယင်း၏အကြွင်းအကျန်များမှာ ဂျော်ဒန်နိုင်ငံ၏နောက်ပိုင်းတွင် မည်သည့်ပင်

လယ်သတ္တဝါမျှ အသက်ရှင်မနေထိုင်နိုင်သည့် မြေနိမ့်ပိုင်းရှိ ရေပြင်တစ်ခုဖြစ်တည်ရှိနေသည်။ ထို့ကြောင့် ယင်းကို ပင်လယ်သေဟုခေါ်ကာ လူသိ၏ပင်လယ်ဟုလည်းခေါ်ကြသည်။

အတိုချုပ်မှာ ယင်းတို့မှာ ၎င်းတို့၏မနာခံမှုရလဒ်ကြောင့် လွန်လေပြီးသောအွမ္မသ်ထုပေါ်ကျရောက်ခဲ့သောအလွာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုပုံစံအချို့ဖြစ်ပေသည်။ ယင်းကြောင့် မျိုးနွယ်စုတစ်ခုလုံးနှင့် လူအားလုံးကိုတစ်ချက်တည်းဖျက်ဆီးပစ်လိုက်သည်။ သို့သော်လည်း ထိုပြစ်ဒဏ်ခတ်မှုသည် ထိုကဲ့သို့သောသူများအား သဘာဝအလျောက်သေစေပြီး ၎င်းတို့ကို သတိရစေသောသူတစ်ဦးတစ်ယောက်မျှ ၎င်းတို့ထဲတွင် မကျန်ရစ်အောင်ဖြစ်စေခဲ့သည်။

ဤအာယသ်တော်များထဲတွင် ရှင်းလင်းထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ထိုသူများအပေါ် အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုအား ရုတ်တရက်ချက်ချင်းမပြုလုပ်ခဲ့ပါ။ ယင်းအစား ထိုသူများ ၎င်းတို့၏ဂရုမမူခြင်း စွန့်ခွာစေရန်နှင့် လမ်းမှန်ရစေနိုင်သောရည်ရွယ်ချက်ဖြင့် သတိပေးဆုံးမခြင်းအဆင့်လာပြီးမှ ပြစ်ဒဏ်ခတ်တော်မူသည်။ ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ ဤကမ္ဘာတွင်လူအများအား ပြစ်ဒဏ်ခတ်သည့်အနေဖြင့်ကျရောက်စေသောခက်ခဲခြင်း(သို့) ဒုက္ခသုက္ခတို့သည် အပြင်ပန်းအရပြစ်ဒဏ်ခတ်မှုနှင့်တူသော်လည်း စင်စစ်ပြစ်ဒဏ်ခတ်ခြင်းမဟုတ်ချေ။ ထိုသို့မဟုတ်ပဲ လူအများအား ၎င်းတို့၏ သတိမမူခြင်းမှ လှုပ်နှိုးသည့်ပုံစံတစ်ရပ်အနေဖြင့် ရည်ရွယ်သည်။ သို့ဆိုလျှင် ယင်းသည်ကြားနာသနားခြင်းမှအပ အခြားမဟုတ်ပြီ။ ကုရ်အာန်ကျမ်း တော်မြတ်၏ အခြားအာယသ်တော်တွင်- **وَلَقَدْ اَرْسَلْنَآ اِلٰٓى اُمَمٍ مِّنْ قَبْلِكَ فَاَخَذْنَاهُمْ بِالْبَاْسَآءِ وَالضَّرَّآءِ لَعَلَّهُمْ يَتَضَرَّعُوْنَ** ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ"၎င်းတို့ပြန်လှည့်လာစိမ့်သောငှာ ငါအရှင်မြတ်သည် ၎င်းတို့အား ကြီးမားသောပြစ်ဒဏ်ခတ်မှုကို ဘေးဖယ်ထားကာ အသေးစားပြစ်ဒဏ်ခတ်မှုကို မြည်းစမ်းစေမည်။"(၇း၂၁)

ဤအာယသ်များထဲမှ ဤကမ္ဘာမြေတွင် မိမိလုပ်ရမည်ကိုသာလုပ်သင့်သော (ဒါရုလ်အာအ်မာလ်)ဖြစ်ပြီး ဆုလာဘ်ခံစားရမည့် (ဒါရုလ်ဂျဇာ)နေရာမဟုတ်ဟူသော ဒွိဟသံသယကို ဖယ်ရှားထားသည်။ သို့ဆိုလျှင် ဤကမ္ဘာမြေတွင် မကောင်းနှင့်အကောင်းသည် တန်းတူရှိနေသည်ဖြစ်အံ့။ စင်စစ်မကောင်းသူတစ်ဦးသည် အခြေအနေကောင်းနေလျှင် ပြစ်ဒဏ်ခတ်ခြင်းဟူသည်ကားဘာလဲ။ အဖြေကားရှင်းပါသည်။ စစ်မှန်သောဆုလာဘ်ပေးခြင်းနှင့်ပြစ်ဒဏ်ခတ်ခြင်းမှာ ကိယာမသ်နေ့တွင်ဖြစ်လိမ့်မည်။ ယင်းနေ့ကို တရားစီရင်မည့်နေ့(ယောင်မွဒ်ဒီးန်)(သို့) အစားပေးမည့်နေ့ (ယောင်မုလ်ဂျဇာ)ဟုလည်းခေါ်သည်။ သို့သော်လည်း ဤကမ္ဘာလောကတွင်အခက်အခဲအချို့ချပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်း(အဇာဗ်)၏နမူနာဖြစ်ကာ၊ စည်းစိမ်ချမ်းသာအချို့သည် အလ္လာဟ်အရှင်ထံတော်မှ အသနားကြင်နာမှုပေးခြင်း ဆုလာဘ်(စဝါးဗ်)၏နမူနာဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာဆရာသခင်အချို့ကပြောကြသည်မှာ ကမ္ဘာတွင်ရှိ စည်းစိမ်ချမ်းသာများသည် ဂျန္နသ်သုခဘုံ၏စည်းစိမ်ချမ်းသာအညွှန်းများဖြစ်ကာ တစ်စုံတစ်ဦးသည် လိုလားတောင့်တစေပါသည်။ ဤကမ္ဘာလောကတွင် လူသားအပေါ်ကျရောက်သော အခက်အခဲနှင့်ဝမ်းနည်းဖွယ်ရာများသည်လည်း တမလွန်ဘဝ၏ပြစ်ဒဏ်ခံပေးမှုအညွှန်းများဖြစ်သွားစေကာ လူသည်ယင်းမှကင်းဝေးရန်ပြင်ဆင်စေပါသည်။ နမူနာ(သို့)ပုံစံတစ်ခုကိုမျက်ဝါးထင်ထင်မမြင်တွေ့ရသ၍ မည်သည့်လူသားကိုမျှတစ်စုံတစ်ခုပြုရန် သွေးဆောင်မရသကဲ့သို့ ကျရောက်လာမည့်အန္တရာယ်(သို့)မကောင်းဆိုးဝါးမှုမှ လျော့ပါးနိမ့်ကျအောင်ပြုလုပ်၍မရပါ။

ထို့ကြောင့် ဤကမ္ဘာလောက၏စည်းစိမ်ချမ်းသာနှင့်ဒုက္ခသုက္ခများသည် ၎င်းတို့အနေအရ ဆုလာဘ်များ မဟုတ်သကဲ့သို့ပြစ်ဒဏ်ခတ်ခြင်းများလည်း မဟုတ်ပါ။ ယင်းတို့သည် ဆုလာဘ်များနှင့်အပြစ်ဒဏ်ခတ်ခံရခြင်း၏ နမူနာများ(သို့) အမှတ်လက္ခဏာများဖြစ်ကြသည်။ ဤကမ္ဘာတစ်ခုလုံးသည် ကုန်သည်တစ်ဦးက ဝယ်ယူသူများကိုစွဲဆောင်ရန် ၎င်း၏စတိုးနှင့်ဆိုင်ခန်းတွင် ရောင်းကုန်များအား ခင်းကျင်းပြသထားသော အာခိရသ် (တမလွန်ဘဝ)၏ အရောင်းပြခန်းသဖွယ်ဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ထို့ကြောင့် ဤကမ္ဘာလောကတွင် ကြီးပွားချမ်းသာခြင်း(သို့) ဆင်းရဲမွဲတေခြင်း၊ ပျော်ရွှင်မှု(သို့) ဝမ်းနည်းကြေကွဲမှု စသည်တို့သည် စစ်မှန်သော ဆုလာဘ်နှင့်စစ်မှန်သောအပြစ်ပေးခြင်းများမဟုတ်ကြကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ စင်စစ်မှာ ယင်းတို့သည် ဖန်ဆင်းရှင်နှင့်ဝေးကွာသွားသော အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများကို ထိုအရှင်မြတ်ထံပြန်လည်လာရောက်စေသော နည်းလမ်းတစ်ရပ်ဖြစ်ပေသည်။

အာယသ်တော်(၄၂)အဆုံး၌- **وَلَنُذِيقَنَّهُمْ مِّنَ الْعَذَابِ الْاَدْنٰى دُوْنَ الْعَذَابِ الْاَكْبَرِ لَعَلَّهُمْ يَرْجِعُوْنَ** (သို့မှသာလျှင် ထိုသူများသည်ကျိုးနွံကြလေမည်။ (နောင်တ တရားရကြပေမည်)ဟူသော ဖော်ပြချက်ပါ စကားလုံးများထဲတွင် ဤအသိဉာဏ်အစိတ်အပိုင်းပါဝင်ကြောင်းတွေ့နိုင်သည်။ ဆိုလိုသည်မှာ ဤကမ္ဘာလောက၏ သက်တမ်းတွင် ၎င်းတို့အပေါ် ကျရောက်သောအခက်အခဲများသည် ၎င်းတို့အပေါ်ပြစ်ဒဏ်ခတ်ခြင်းဟု အမှန်စင်စစ်မရည်စူးချေ။ လူတိုင်းသည်ဒုက္ခရောက်ချိန်တွင် သဘာဝအရဆိုလျှင် အလ္လာဟ်အရှင်မြတ်ထံလှည့်သောကြောင့် ရည်ရွယ်သည်မှာ ဒုက္ခအနည်းငယ်မှတဆင့် အလ္လာဟ်အရှင်မြတ်ဖက်လှည့်စေရန်ပြုလုပ်ခြင်းဖြစ်သည်။ ဤသည်က ပြစ်ဒဏ်ခတ်မှုအနေဖြင့် လူတစ်ဦး(သို့) လူတစ်ခုပေါ် ဒုက္ခအခက်အခဲနှင့်နာကျင်မှုကျရောက်ခြင်းသည် တနည်းဆိုရလျှင် အလ္လာဟ်အရှင်မြတ်၏ အသနားတော်အရဖြစ်ကြောင်း ကျွန်ုပ်တို့ကိုပြောပြသည်။

တတိယအာယသ်တော်(၄၄)တွင်-**لَعَلَّهُمْ يَتَضَرَّعُوْنَ** (ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ခပ်သိမ်းကုန်သော စည်းစိမ်တို့၏တံခါးများကို ဖွင့်လှစ်ပေးတော်မူလိုက်၏။)မိန့်ထားချက်က လူများ(သို့) လူအုပ်စုများ ချမ်းသာကြွယ်ဝမှုကိုမြင်ရခြင်းအားဖြင့် အလှည့်ဖျားမခံရပါစေနှင့်။ ထို့နောက် ဤ သူများသည်သာလမ်းမှန်ပေါ်၌ရှိ၍ ၎င်းတို့ဘဝသည်အောင်မြင်မှု၏စံဖြစ်သည်ဟု စောလျင်စွာကောက်ချက်မချပါနှင့်။ ဟုလူသားများအား သတိပေးထားသည်။ ထိုသူများအနက် အချို့သူများမှာ အမိန့်ဖီဆန်သူများဖြစ်ကြကာ ရုတ်တရက်ရှောင်တခင်နှင့် ကြီးလေးသောပြစ်ဒဏ်ခတ်ရေအတွက် ရွေးချယ်ထားခံရသူများဖြစ်ကြောင်း တစ်စုံတစ်ဦးသည် မည်သည့်အခါမျှ မမေ့သင့်ချေ။

ထို့ကြောင့် တမန်တော်မြတ် (ဧ) သခင်မိန့်သည်မှာ "တစ်စုံတစ်ဦးသည် ဂိုနာဟ်ပြစ်မှုများနှင့် အမိန့်ဖီဆန်ခြင်းပေါ် နစ်မွန်းနေသော်လည်း ကောင်းချီးမင်္ဂလာများနှင့် ဥစ္စာပစ္စည်းများကျရောက်နေသည်ကို သင်မြင်တွေ့ရပါက ထိုသူသည် ပျက်စီးခြင်း(အစ်တိဒရ်ရာဂ်)ဆီသို့ ဖြားယောင်းသွေးဆောင်ခံရနေပြီဟု သင်သိထားပါ။" ဆိုလိုသည်မှာ သူ၏ချမ်းသာကြွယ်ဝမှုသည် ၎င်းပြစ်ဒဏ်ကျခံရတော့မည်ဟူသည့် အညွှန်းပင်ဖြစ်သည်။
(သဖိစိရ်အိဗနိ ကဆီးရ်ပါ အကာဗဟ်အိဗနိအမီးရ်မှတဆင့် အဟ်မဒ်၏ ဆင့်ပြန်ချက်)

စိုက်ယိဒနာအုဗာဒဟ် အိဗနိ စာမိသ်မှ ဆင့်ပြန်ချက်တစ်ရပ်လာသည်မှာ ဦးဆောင် ဋီကာရှင်အိဗနိ ဂျရီးရ်က တင်ပြထားသည်မှာ တမန်တော်မြတ် (ဧ) သခင်၏မိန့်ကြားထားသည်မှာ-

فَتَحْنَا عَلَيْهِمْ اَبْوَابَ كُلِّ شَيْءٍ "လူမျိုးစုတစ်စု ရှင်သန်ကြီးထွားစေရန် အလ္လာဟ်အရှင်အလိုရှိတော်မူလျှင် ထိုအရှင်မြတ်သည် ၎င်းတို့ အထဲ၌အရည်အချင်းနှစ်ရပ်ထည့်သွင်းဖန်ဆင်းပေးလိုက်သည်။ ယင်းတို့မှာ (၁) ထိုသူတို့ပြုလုပ်သမျှအရာရာ တိုင်းသည် အလယ်အလတ်ကျခြင်းနှင့် (၂) ကိုယ်နှုတ်သိက္ခာစောင့်စည်းခြင်းနှင့် ကိုယ်စိတ်စင်ကြယ်ခြင်းဆိုလိုသည်မှာ မမှန်ကန်သည်များမှရှောင်ကြဉ်ခြင်း။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လူမျိုးစုတစ်စုကို ဖျက်ဆီးလိုတော်မူလျှင် အရှင်မြတ်သည် ယုံကြည်မှုချိုးဖောက်ခြင်း(ခိယာနတ်)၏ တံခါးများဖွင့်ထားသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ယုံကြည်မှုချိုးဖောက်ခြင်းနှင့် မမှန်ကန်သည်များ ပြုလုပ်နေလင့်ကစား ကမ္ဘာလောကတွင် အောင်မြင်နေဟန်ရှိပေသည်။"

နောက်ဆုံးအာယသ်တော်(၄၅)ထဲ၌ အလ္လာဟ်အရှင်မြတ်၏ လူစုလိုက်ပြစ်ဒဏ်ခတ်မှုကျရောက်စေခဲ့ရာတွင် အများပြုလုပ်သူများသည် တစ်ယောက်တလေပင်မကျန်ရစ်အောင် မမြစ်လှန်ပစ်သည်ဟုမိန့်ထားသည်။ ဤသည်နှင့်တဆက်တည်း- **وَالْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ** (၎င်းပြင်ချီးမွမ်းထောမနာခြင်းအ ပေါင်းတို့သည်အမှန်စင်စစ်အားဖြင့် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ် နှင့်သာထိုက်တန်ပေသတည်း။)ဟူသော မိန့်ကြားချက်တွင် အညွှန်းတစ်ခုပေးထားသည်။ ယင်းမှာ အများကျူးလွန်သူများနှင့်မတရားသူများအပေါ် ပြစ်ဒဏ်ခတ်မှုအချို့(သို့) ဘေးအန္တရာယ်ဆိုးကျရောက်မှုသည် ကမ္ဘာကြီးတစ်ခုလုံးအတွက် ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်၍ ယင်းအတွက်လူအများကျေးဇူးတင်သင့်သည်။

XXXXXXXXXXX

tm, of (46–49)

قُلْ أَرَءَيْتُمْ إِنْ أَخَذَ اللَّهُ سَمْعَكُمْ وَ
أَبْصَٰرَكُمْ وَخَتَمَ عَلَىٰ قُلُوبِكُم مَّنْ إِلَٰهٌ غَيْرُ اللَّهِ يَأْتِيكُم بِهِ ۗ انظُرْ
كَيْفَ نُصَرِّفُ الْآيَاتِ ثُمَّ هُمْ يَصْدِفُونَ ﴿٤٦﴾ قُلْ أَرَءَيْتَكُمْ إِنْ
أَتَىٰكُمْ عَذَابُ اللَّهِ بَغْتَةً أَوْ جَهْرَةً هَلْ يُهْلَكُ إِلَّا الْقَوْمُ
الظَّٰلِمُونَ ﴿٤٧﴾ وَمَا نُرْسِلُ الْمُرْسَلِينَ إِلَّا مُبَشِّرِينَ وَمُنذِرِينَ ۖ
فَمَنْ ءَامَنَ وَأَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٤٨﴾
وَالَّذِينَ كَذَّبُوا بِـَٔايَٰتِنَا يَمَسُّهُمُ الْعَذَابُ بِمَا كَانُوا
يَفْسُقُونَ ﴿٤٩﴾

(အို-နဗီတမန်တော်) အသင်ပြောပါလော။ (အချင်းတို့)အသင်တို့ပြောပြကြလေကုန်။ အကယ်၍အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ကြားခြင်းသတ္တိနှင့် မြင်ခြင်းသတ္တိများကို ရုပ်သိမ်းတော်မူသော်၊ ၎င်းပြင်ထိုအရှင်မြတ်သည် အသင်တို့၏စိတ်နှလုံးများကိုတံဆိပ်ခတ်နှိပ်တော်မူခဲ့သော် အလ္လာဟ်အရှင်မြတ်မှတစ်ပါး ထိုသတ္တိ(များ)ကိုအသင်တို့အား ပြန်လည်ပေးမည့်ကိုးကွယ်ရာအရှင်မည်သူရှိသနည်း။ (အို-နဗီတမန်တော်)ငါအရှင်မြတ်သည် (သောင်ဟီးဒ်နှင့်စပ်လျဉ်း၍)သက်သေသာဓကများကို မည်သို့မည်ပုံ(အမျိုးမျိုးအဖုံဖုံ)ပြသတော်မူလျက်ရှိသည်ကို အသင်ရှုပါလော။ သို့ပါလျက် ထိုသူများသည် လွှဲဖယ်လျက်ပင်ရှိကြပေသည်။ (၆း၄၆)

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား)ဤသို့)ပြောကြားပါလော။ (အချင်းတို့)အသင်တို့ပြောကြလေကုန်။ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်သည် အသင်တို့ထံ ရုတ်တရက်သော်၎င်း၊ အထင်အရှားသော်၎င်း၊ ရောက်ရှိလာလတ်သော်၊ မတော်မတရားပြုကျင့်ကြကုန်သောသူတို့မှအပ၊ (အခြားမည်သူများ)ပျက်စီးစေခြင်းခံကြရမည်နည်း။ (၆း၄၇)

၎င်းပြင် ငါအရှင်မြတ်သည် ရစူလ်တမန်တော်အပေါင်းတို့ကို ဝမ်းမြောက်ဖွယ်သတင်းပေးသူများနှင့် သတိပေးနှိုးဆော်သူများအဖြစ် သာလျှင် စေလွှတ်လေ့ရှိတော်မူ၏။ သို့ဖြစ်ပေရာ မည်သူမဆို "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကာ(မိမိအခြေအနေကို)ပြုပြင်ခဲ့ပါမူ ထိုကဲ့သို့သောသူတို့၌ မည်သည့် စိုးရိမ်မှုမျှမရှိခေ့။ ၎င်းတို့သည် ပူဆွေးကြရမည်လည်းမဟုတ်ပေ။

(၆း၄၈)

သို့ရာတွင် ငါအရှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟုငြင်းပယ်သောသူတို့မူကား ထိုသူတို့သည် စည်းမျဉ်းကို ကျူးကျော်ဖေါက်ဖျက်ကြသည့်အတွက်၊ ၎င်းတို့အပေါ်၌ အပြစ်ဒဏ်သည် သက်ရောက်လိမ့်သတည်း။

(၆း၄၉)

တစ်နည်း

၎င်းပြင် အကြင်သူများသည် ငါအရှင်မြတ်၏ မုကွပါဋိတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြ၏။ ထိုသူများသည် (အီမာန်တည်းဟူသော စည်းဝိုင်းအတွင်းမှ) ထွက်ကြသည့်အတွက် ၎င်းတို့၌ ပြစ်ဒဏ်သည် သက်ရောက်၏။

တစ်နည်း

၎င်းပြင် အကြင်သူများသည် ငါအရှင်မြတ်၏ မုကွပါဋိတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြ၏။ ထိုသူများသည် အမိန့်တော်ကို မနာခံခဲ့ကြသည့်အတွက်ကြောင့် ၎င်းတို့၌ အပြစ်ဒဏ်သည် သက်ရောက်မည်ဖြစ်၏။

(၆း၄၉)

tm, of (50-51)

قُلْ لَّآ اَقُوْلُ لَكُمْ عِنْدِيْ خَزَآئِنُ اللّٰهِ وَلَآ اَعْلَمُ
الْغَيْبَ وَلَآ اَقُوْلُ لَكُمْ اِنِّيْ مَلَكٌ ۚ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰٓى اِلَيَّ ۭ
قُلْ هَلْ يَسْتَوِي الْاَعْمٰى وَالْبَصِيْرُ ۭ اَفَلَا تَتَفَكَّرُوْنَ ۝۵۰
وَاَنْذِرْ بِهِ الَّذِيْنَ يَخَافُوْنَ اَنْ يُّحْشَرُوْٓا اِلٰى رَبِّهِمْ لَيْسَ
لَهُمْ مِّنْ دُوْنِهٖ وَلِيٌّ وَّلَا شَفِيْعٌ لَّعَلَّهُمْ يَتَّقُوْنَ ۝۵۱

(အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား)ပြောဆိုပါလေ။ (အို-အချင်းတို့) ကျွန်ုပ်ထံတွင် အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များရှိသည်ဟူ၍လည်းကောင်း ကျွန်ုပ်သည် အသင်တို့အားပြောဆိုမည်မဟုတ်၊ ကျွန်ုပ်သည် အကွယ်၌ရှိသည်တို့ကိုမြင်သည်(ဟူ၍လည်း ပြောဆိုသည်) မဟုတ်။ ၎င်းပြင် ကျွန်ုပ်သည် ကောင်းကင်တမန်ဖြစ်သည်ဟူ၍လည်း အသင်တို့အားပြောဆိုသည်မဟုတ်။ စင်စစ်သော်ကား ကျွန်ုပ်သည် မိမိထံကျရောက်လာသော "ဝဟ်ယ်"အမိန့်တော်ကိုသာ လိုက်နာလျက်ရှိ၏။ (အို-နဗီ)အသင်သည်ပြောကြားပါလေ။ (အို-အချင်းတို့)မျက်စိမမြင်သောသူနှင့်မျက်စိမြင်သောသူသည် တူနိုင်ပါသလော။ သို့ပါလျက် အသင်တို့သည် မစဉ်းစားမဆင်ခြင်ကြလေသလော။ (၆း၅၀)

၎င်းပြင်(အို-နဗီတမန်တော်) မိမိတို့၏အရှင်မြတ်အထံတော်သို့ထိုအရှင်မြတ်မှတစ်ပါး ကိစ္စအဝဝကိုဆောင်ရွက်ပေးမည့်သူဟူ၍၎င်း၊ (အပြစ်မှချမ်းသာခွင့်ရရှိစေခြင်းငှာ)ကြားဝင်အသနားခံပေးမည့်သူဟူ၍၎င်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မရှိသည့်အဖြစ်မျိုးနှင့် စုရုံးကြရမည်ကို စိုးရိမ်ကြကုန်သောသူတို့အား အသင်သည်ယင်း(ကုရ်အာန်ကျမ်းမြတ်)ဖြင့် သတိပေးနှိုးဆော်ပါလေ။ သို့မှသာလျှင် ထိုသူတို့သည်ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်အံ့။ (၆း၅၁)

tusKd,fzGifhqdkjcif;
wrefawmfjrwf(e)ocif xHrSwefcdk;jyKvkdlrnjyoefawmif;oqdkjcif;

မက္ကာဟ်မြို့ရှိ မယ်ကြည်သွေဖည်ငြင်းပယ်သူ(ကာဖိရ်)တို့အား အလ္လာဟ်အရှင်မြတ်၏တန်ခိုးပြာဋိဟာ အမြောက်အမြားနှင့်လက္ခဏာများဖော်ထုတ်ပြသခဲ့ပြီးဖြစ်သည်။ တမန်တော်မြတ် (ﷺ) သခင်သည် ဖတဆိုး တစ်ဦးဖြစ်ခြင်းက ဤကမ္ဘာလောက၏ကောင်ချီးမင်္ဂလာဖြစ်စေသည်။ ကျောင်းလည်းမနေ၊ သင်ကြားခြင်းလည်း မခံရဘဲ ကိုယ်တော်မြတ်သည် လုံးဝဥဿုံ အုမ္မီ(စာပေမတတ်)သူတစ်ဦးအဖြစ် ဘဝတစ်သက်တာနေထိုင်ခဲ့သည်။ ကိုယ်တော်မြတ်မွေးဖွားရာနေရာ၏အနီးအနားတွင်လည်းကောင်း၊ အဝေးတွင်လည်းကောင်း ပညာရှင်ဖြစ်စေ၊ ပညာသင်ကြားရာဌာနဖြစ်စေ လုံးဝမရှိခဲ့ချေ။ ကိုယ်တော်မြတ်သက်တော်(၄၀)ပြည့်သည့်တိုင် မက္ကာဟ်မြို့သားများမျက်မှောက်တွင် သင်ဆရာမရှိသောအခြေအနေတွင် အိန္ဒြေသိက္ခာရှိစွာနေထိုင်ခဲ့သည်။ ထို့နောက် အသက်လေးဆယ်ပြည့်ပြီးနောက်တွင် ရုတ်တရက်ဆိုသလို မည်သူမျှလိုက်မမှီသောနက်နဲသည့်စကားလုံးများ ကိုယ်တော်၏ရွှေနှုတ်တော်မှ တရစပ်ပေါ်ထွက်လာခဲ့သည်။ ယင်းအာဝိဇ္ဇန်းရွှင်မှုမှာ အရဗ်များ၏ရေးသားသီဖွဲ့သူအကျော်အမော်များကိုစိန်ခေါ်ကာ ထိုသူတို့တစ်သက်လုံးနှုတ်ပိတ်သွားစေခဲ့သည်။ ကိုယ်တော်မြတ်၏မိန့်ကြားချက်များသည် အသိဉာဏ်ပါ၍ သိမ်မွေ့သောအဓိပ္ပာယ်ရှိကာ ယင်းတို့သည် ကိယာမသ်တိုင် မမြင်ရသောလူသားတို့၏ လက်ငင်းအကျိုးသက်ရောက်မှုကိုထိုးဖောက်မြင်နိုင်ပေသည်။ ဤသည်နှင့်အတူ ပြီးပြည့်စုံသောစကြဝဠာလူသား ပြုစုပျိုးထောင်မှုအတွက် လက်တွေ့ကျသောစနစ်တစ်ရပ်ကို ကိုယ်တော်မြတ် (ﷺ) က ကမ္ဘာကြီးအား လက်ဆောင်ပေးခဲ့သည်။ ဤသည်နှင့်တူသောအရာမျိုးကို မည်ကဲ့သို့သောလူသား၏တီထွင်ဉာဏ်နှင့်ကြိုးပမ်းမှုတို့ဖြင့် မည်သည့်အခါမျှမရရှိနိုင်ချေ။ ကိုယ်တော်မြတ်ယူဆောင်လာသောစနစ်သည် အခြားသူများတည်ဆောက်ရန်အတွက် လက်တွေ့မပါသောသီအိုရီသဘောတရားသက်သက်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ယင်းကို အောင်မြင်စွာလုပ်ဆောင်ရနိုင်ကြောင်း သက်သေပြသည့်အနေဖြင့် ကိုယ်တော်မြတ်ကိုယ်တိုင် လက်တွေ့လုပ်ဆောင်ပြသခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တော်မြတ်လက်ထက်ကရှိခဲ့သော လူအများစုသည် ၎င်းတို့ဘဝရည်မှန်းချက်မှာ နွား၊ ဆိတ်၊ မြင်းနှင့်မြည်း များကဲ့သို့ စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်းနှင့် နိုးထခြင်းတို့သာဖြစ်သည်ဟု မှတ်ယူထားခဲ့ကာ သူတို့အား လူသားဘဝ၏ အဓိကအရေးကြီးသောသင်ခန်းစာပေးခဲ့ပါသည်။ ကိုယ်တော်မြတ်သည် ၎င်းတို့၏အတွေးအခေါ်များကိုပြောင်းလဲပေးခဲ့သည်။ ၎င်းတို့အား မြင့်မားသောရည်ရွယ်ချက်အတွက် ဖန်ဆင်းခဲ့ကြောင်းကို ကိုယ်တော်မြတ်က ၎င်းတို့အားရှုမြင်စေပါသည်။ ထို့ကြောင့် တမန်တော်မြတ် (ﷺ) သခင်၏ ကောင်ချီးမင်္ဂလာရှိသောဘဝ၏အချိန်တိုင်းနှင့် ယင်းသက်တမ်းအတွင်းဖြစ်ပွားခဲ့သော ကြီးမားသည့်အဖြစ်အပျက်များသည် အားလုံးအံ့ဖွယ်များဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဧကန်မုချသေချာပေသည်။ ထိုသို့သော နောက်ခံအကြောင်းအရဆိုလျှင် တရားမျှတ၍ ဆင်ခြင်တုံတရားရှိသော မည်သူတစ်ဦးတစ်ယောက်အတွက်မဆို မည်သည့်လက္ခဏာကိုသော်လည်းကောင်း၊ မည်သည့်အံ့ဖွယ်ရာကိုသော်လည်းကောင်း တောင်းခံရန်မလိုချေ။

သို့သော်လည်း ကိုရိုက်ရှ်မျိုးနွယ်စုထဲမှ မယ်ကြည်သွေဖည်ငြင်းပယ်သူများသည် ထိုသို့သော အခြေအနေမျိုးရှိလျှက်နှင့် အမျိုးမျိုးသောအံ့ဖွယ်များကိုပြသရန် ၎င်းတို့ဆန္ဒအရတောင်းခံခဲ့ပါသည်။ ၎င်းတို့တောင်းဆိုခဲ့သော

အံ့ဖွယ်ရာများအတွက် အလ္လာဟ်အရှင်မြတ်သည် အချို့ကို ၎င်းတို့အား ရှင်းလင်းစွာပြသခဲ့ပြီးဖြစ်သည်။ ထိုသူတို့က လ-နှစ်ခြမ်းကွဲသည်ကိုမြင်လိုကြကြောင်းတောင်ဆိုခဲ့ကြသည်။ ကျော်ကြားလှသည့် အံ့ဖွယ် ရုတ်ကုလ်ကမာရ် (လနှစ်ခြမ်းကွဲခြင်း)ကို ကိုရိုက်ရှမျိုးနွယ်စုများသာမက ထိုအချိန်တွင်ရှိ ကမ္ဘာပေါ်ရှိလူသား အမြောက်အများကလည်း မြင်တွေ့ခဲ့ကြရသည်။

သို့ရာတွင် ၎င်းတို့၏မေတ္တာရပ်ခံချက်အရ ထိုကဲ့သို့သောအံ့ဖွယ်ရာကိုရှင်းရှင်းလင်းလင်းတွေ့မြင်ခဲ့ရသည့်တိုင် ၎င်းတို့၏မယုံကြည်သွေဖည်မှု၊ ခေါင်းမာမှုနှင့်ရန်လိုမှုများကို အမြဲဆုပ်ကိုင်ထားခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတော်ကိုလျစ်လျူရှုကာ -اِنۡ هٰذَاۤ اِلَّا سِحۡرٌ مُّبِيۡنٌ (“ဤသည် အလွန်ထင်ရှားသော စုန်းပယောဂဖြစ်သည်”)(၆း၇)ဟူ၍ပြောဆိုကြသည်။ ဤသည်ကား အမြဲတစေရှိ သောစုန်းပယောဂသာ ဖြစ်သည်ဟုဆိုလိုသည်။ သူတို့မြင်တွေ့ခဲ့ရသည်။ သူတို့နားလည်သဘောပေါက်ခဲ့ကြသည်။ သို့တိုင် ၎င်းတို့သည် အသစ်အသစ်သောတန်ခိုးပြဋိဟာအံ့ဖွယ်ကိုတောင်းဆိုနေခြင်းကို အစောပိုင်းဖော်ပြခဲ့သည့်အာယသ်တော်(၃၇)-لَوۡلَا نُزِّلَ عَلَيۡهِ اٰيَةٌ مِّنۡ رَّبِّهٖ ؕ قُلۡ اِنَّ اللّٰهَ قَادِرٌ عَلٰۤى اَنۡ يُّنَزِّلَ اٰيَةً وَّلٰكِنَّ اَكۡثَرَهُمۡ لَا يَعۡلَمُوۡنَ ထဲတွင် ဖော်ပြထားသည်။ ဆိုလိုသည် မှာ အကယ်၍မုဟမ္မဒ် (ﷺ) သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်အစစ်ဖြစ်ခဲ့လျှင် အဘယ့်ကြောင့် ကိုယ်တော်မြတ်သည် တန်ခိုးပြာဋိဟာအံ့ဖွယ်ကို မပြသရသနည်းဟု ကိုယ်တော်မြတ် အားမေးခဲ့သည်။ ယင်းကိုဖြေရာတွင် “အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏တန်ခိုးတော်အရ အရာရာတိုင်းကို လုပ်ဆောင်နိုင်ကြောင်း” ၎င်းတို့အားပြောကြားရန် ကုရ်အာန်ကျမ်းတော်မြတ်က ကိုယ်တော်မြတ် (ﷺ) သခင်ကိုမိန့်ထားသည်။ ၎င်းတို့တောင်းခံခြင်းမရှိဘဲနှင့်အလ္လာဟ်အရှင်မြတ်သည် ကိုယ်တိုင် တန်ခိုးပြာဋိဟာနှင့်လက္ခဏာများစွာကို ပြသခဲ့သည်။ အလားတူပင် ၎င်းတို့တောင်းခံသည့်တန်ခိုးပြာဋိဟာများကို ထိုအရှင်သည် ရှင်းလင်းစွာပြသနိုင်စွမ်းလုံးဝဥဿုံရှိပေသည်။ သို့သော်လည်း ဤသို့သောကိစ္စနှင့်ပတ်သက်လျှင် အလ္လာဟ်အရှင်မြတ်ထံတော်၌ လုပ်ရိုးလုပ်စဉ်တစ်ရပ်ရှိသည်ကို ထိုသူတို့သိရပေမည်။ ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာကိုလူများအား ပြသပြီးနောက် ယင်းကို ထိုသူများ မယုံကြည်ခဲ့လျှင် ၎င်းတို့မှာ ရုတ်တရက်ပြစ်ဒဏ်ခတ်ခြင်းခံကြရပေမည်။ ထို့ကြောင့် ထိုသူများ၏ ကောင်းကျိုးအတွက် ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာကို ထင်ရှားစွာမပြသခဲ့ပါ။ သို့သော်လည်း ဤလုပ်ရပ်၏အသိဉာဏ်ဟစ်က်မသ်အကြောင်းနားလည်သဘောမပေါက်သည့်လူများရှိနေခဲ့ရာ ၎င်းတို့ရွေးချယ်ထားသော တန်ခိုးပြာဋိဟာများကိုပြသပါရန် အမြဲတောင်းဆိုနေပါသည်။

လက်ရှိအာယသ်တော်များထဲတွင် ဤသူများမေးခဲ့သောမေးခွန်းများနှင့် ပြုလုပ်ခဲ့သော တောင်းဆိုမှုများကို သီးခြားဟန်တစ်ခုအနေဖြင့် ကိုင်တွယ်ဖြေရှင်းထားသည်။

မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများက မတူညီသောအခြေအနေများအတွက် တောင်းဆိုမှု (၃)ရပ်ကို တမန်တော်မြတ် (ﷺ) သခင်ထံ တင်ပြထားခဲ့သည်။ ယင်းတို့မှာ-

(၁) အကယ်၍ကိုယ်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်အစစ်အမှန်ဖြစ်လျှင် ကမ္ဘာတစ်ခုလုံးရှိ ရတနာများကိုအံ့ဖွယ်တန်ခိုးဖြင့် ကျွန်ုပ်တို့ထံယူဆောင်ပေးပါ။

(၂) အကယ်၍ကိုယ်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်အစစ်အမှန်ဖြစ်ခဲ့လျှင် အနာဂတ်တွင် ကျွန်ုပ်တို့ဖြစ်ပေါ်မည့်အကောင်းနှင့်အဆိုးအရာရာတိုင်းအကြောင်း ကျွန်ုပ်တို့ကိုပြောကြားပါ။ သို့မှသာ

အကောင်းတို့ကို ရရှိစေရန်နှင့် အဆိုးကို ရှောင်ရှားရန်ကျွန်ုပ်တို့ကြိုတင်အစီအစဉ်ပြုလုပ်နိုင်မည်ဖြစ်သည်။

(၃) ကျွန်ုပ်တို့ နားမလည်နိုင်သည်ကို ကျွန်ုပ်တို့အား ရှင်းလင်းပြပါ။ ကျွန်ုပ်တို့ဘက်မှ ကျွန်ုပ်တို့ကဲ့သို့လူသားတစ်ဦးသည် ကျွန်ုပ်တို့ကဲ့သို့ မိစုံဖစုံမှမွေးဖွားကာ ကျွန်ုပ်တို့ကဲ့သို့စားခြင်း၊ သောက်ခြင်း၊ စျေးများနှင့်လမ်းများပေါ်လှည့်လည်သွားလာသူတစ်ဦးသည်တမဟုတ်ချင်း အလ္လာဟ်အရှင်မြတ်၏တမန်တော်မည်သို့ဖြစ်သွားခဲ့ရသနည်း။ အကယ်၍ ဤသူသည်ကောင်းကင်စေတမန်တစ်ဦးဖြစ်ကာ သူ၏ဖန်ဆင်းခံရမှုနှင့် ဝိသေသအရည်အချင်းတို့သည် ကျွန်ုပ်တို့ထက်ပိုမိုပေါ်လွင်ထင်ရှားနေခဲ့လျှင် ၎င်းအား အလ္လာဟ်အရှင်မြတ်၏တမန်တော်နှင့်ကျွန်ုပ်တို့၏ခေါင်းဆောင်အဖြစ် ကျွန်ုပ်တို့လက်ခံပါလိမ့်မည်။

ဤမေးခွန်းများကို ဖြေကြားသည့်နေဖြင့် မိန့်သည်မှာ-

قُلْ لَّآ اَقُوْلُ لَكُمْ عِنْدِى خَزَآئِنُ اللّٰهِ وَلَآ اَعْلَمُ الْغَيْبَ وَلَآ اَقُوْلُ لَكُمْ اِنِّىْ مَلَكٌ
اِنْ اَتَّبِعُ اِلَّا مَا يُوْحٰٓى اِلَىَّ.

"(အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အားဤသို့)ပြောဆိုပါလေ။ (အိုအချင်းတို့) ကျွန်ုပ်တို့ထံတွင်အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များရှိသည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်သည် အသင်တို့အား ပြောဆိုမည်မဟုတ်။ ကျွန်ုပ်သည် အကွယ်၌ရှိသည်တို့ကို မြင်သည်(ဟူ၍လည်းပြောဆိုသည်)မဟုတ်။ ထင်ပြင် ကျွန်ုပ်သည် ကောင်းကင်တမန်ဖြစ်သည်ဟူ၍လည်း အသင်တို့ အားပြောဆိုသည်မဟုတ်။ စင်စစ်သော်ကား ကျွန်ုပ်သည် မိမိထံကျရောက်လာသော"ဝဟ်ယ်"အမိန့်တော်ကိုသာလိုက်နာလျှက်ရှိ၏)"(၆း၅၀)ဟူ၍ဖြစ်သည်။

တစ်နည်းဆိုရသော် အခိုင်အမာပြောဆိုသည့် ကိုယ်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း သက်သေပြရန်ကိုသာ မေးမြန်းနိုင်သည်ဟု တမန်တော်မြတ် (ဧ) သခင်ကပြောကြားပါသည်။ ကိုယ်တော်မြတ်သည် လူသားများအတွက် အလ္လာဟ်အရှင်ချပေးသော လမ်းညွှန်မှုကိုသယ်ဆောင်လာကာ ယင်းလမ်းညွှန်မှုကို ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးပြီး အခြားသူများကိုလည်း လိုက်နာကျင့်သုံးရန် ပြောကြားပါသည်။ ဤကိစ္စရပ်နှင့်ပတ်သက်လာပါက သက်သေပြချက်များနည်းပါးခြင်းမရှိဘဲ များစွာရှိပါသည်။

ထို့ကြောင့် သူ၏တမန်တော်ဖြစ်ခြင်းကို သက်သေပြရန်အလ္လာဟ်အရှင်မြတ်၏တမန်တော်သည် အလ္လာဟ်အရှင်မြတ်ပိုင်စိုးတော်မူသော ရတနာအားလုံးကိုပိုင်ဆိုင်သောသူဖြစ်ရန်လည်းမလိုပါ။ မမြင်ကွယ်ရာ(အလ်ဂိုင်းဗ်)တွင်ရှိသော ကြီးငယ်မဟူအရာရာတိုင်းတို့အတွက် သိရှိနားလည်မှုရှိရန်လည်းမလိုပါ။ လူသားတွင်မရှိသော အရည်အချင်းရှိသည့် ကောင်းကင်စေတမန်တစ်ပါးလည်းဖြစ်ရန်မလိုပါ။ အလ္လာဟ်အရှင်မြတ်တမန်တော်တစ်ပါး၏ရာထူးနှင့် ဝတ္တရားသည် အလ္လာဟ်တအာလာချပေးတော်မူသည့်ဝဟီကိုလိုက်နာရန်ဖြစ်သည်။ ယင်းသို့လိုက်နာရာတွင် သူကိုယ်၌ကလည်း ထိုဝဟီနှင့်အညီကျင့်သုံးပြီး အခြားသူများကိုလည်း သူကဲ့သို့လိုက်နာရန် ဖိတ်ခေါ်ရမည်။

ဤသည်တို့မှာ လမ်းညွှန်မှု၏တိကျသောဥပဒေများဖြစ်ပါသည်။ ဤဥပဒေများသည် အလ္လာဟ်အရှင်မြတ်၏တမန်တော်(ရစူလ်)တစ်ပါး၏ရာထူးစစ်မှန်ကြောင်းကို ရှင်းလင်းပြသရုံသာမက မယုံကြည်သွေဖည်သူများ

လက်ခံထားသောတမန်တော်တစ်ပါးနှင့်ပတ်သက်သည့် မှားယွင်းသောအယူများကိုလည်း ပယ်ဖျက်စေသည်။ ဤနေရာတွင် သွယ်ဝိုက်၍ရည်ညွှန်းထားသည်မှာ မုစ်လင်မ်များသည်လည်း ခရစ်ယာန်များပြုလုပ်သကဲ့သို့ သူတို့၏တမန်တော်ကိုဘုရားအဖြစ်မသတ်မှတ်ရန် ညွှန်ကြားထားပါသည်။ ၎င်းပြင် ထိုတမန်တော်ကို ဘုရားအဖြစ်ရောက်စေသည့် အခွင့်အရေးများမအပ်နှင်းရန်လည်း ညွှန်ကြားထားပါသည်။ တမန်တော်များ၏ ကြီးကျယ်ခြင်းနှင့် ၎င်းတို့အားချစ်ခင်မြတ်နိုးခြင်းတို့ကြောင့် ဂျူးများနှင့်ခရစ်ယာန်များကဲ့သို့ လွန်ကဲခြင်းသို့မဟုတ်၊ လျော့နည်းခြင်းအနေအထားသို့ မရောက်ရှိစေရန် တောင်းဆိုထားသည်။ အဘယ့်ကြောင့်ဆိုသော် လျော့နည်းခြင်းအနေအထားကြောင့်ဂျူးများသည် ၎င်းတို့၏တမန်တော်များကိုသတ်ပစ်ရန်ဝန်မလေးခဲ့သကဲ့သို့ ခရစ်ယာန်များသည် ၎င်းတို့၏လွန်ကဲသောအနေအထားကြောင့် ၎င်းတို့၏တမန်တော်ကိုဘုရားအဖြစ် ပြောင်းပြစ်ခဲ့ကြသည်။

"(အို-အချင်းတို့) ကျွန်ုပ်ထံတွင် အလ္လာဟ်အရှင်မြတ်၏ဘဏ္ဍာတော်များရှိသည်ဟူ၍၎င်း ကျွန်ုပ်သည် အသင်တို့အားပြောဆိုမည်မဟုတ်"ဟူသည့်ပထမဝါကျထဲပါ ဃ!AzK(ဘဏ္ဍာများ)ဟူသောစကားလုံးနှင့်ပတ်သက်၍ သဖ်စီရ်ပညာရှင်များက အရာဝတ္ထုအတော်များများကို အမည်တပ်ကြပါသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်ကိုယ် တိုင်ကပင် အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များအကြောင်းဖော်ပြသည့် အခါတိုင်း- **وَاِنْ مِّنْ شَیْءٍ اِلَّا عِنْدَنَا خَزَآئِنُهٗ** "စင်စစ်သော်ကား မည့်အရာမျိုးမဆို ငါအရှင်မြတ်အထံတော်၌ ထိုအရာဝတ္ထု၏အစုအပုံများ(ဘဏ္ဍာတော်များ) သည်(အပြည့်)ရှိပေသည်။"(၁၅၂၁)ဟူ၍ မိန့်ထားသည်။ "အလ္လာဟ်အရှင်မြတ်၏ဘဏ္ဍာတော်များ"ဟူသည်၏ ဆိုလိုရင်းသည် ဤကမ္ဘာပေါ်ရှိ အရာရာတိုင်းတို့အပေါ် လွှမ်းခြုံထားသောကြောင့် အချို့သောသီးသန့်အရာများ အတွက် တိတိကျကျရည်ညွှန်းမထားကြောင်း ဤသည်က ကျွန်ုပ်တို့ကိုပြောပြပါသည်။ သီးသန့်အရာများကို အမည်တပ်သောဋီကာရှင်များသည် ဥပမာတစ်ခုအနေဖြင့်သာ လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင်ဝိရောဓိမဖြစ်ပါ။ အဆုံးတွင် ကျွန်ုပ်တို့စိတ်တွင်စွဲမှတ်ထားရမည်မှာ နဗီများနှင့် ရစူလ်များ၏ထိပ်ခေါင်၊ စိုက်ယိဒိနာမုဟမ္မဒ်အလ်မုစ်သဖာ (e) ၏လက်ဝယ်တွင်သော်မှ "အလ္လာဟ်အရှင်မြတ်၏ဘဏ္ဍာတော်များမရှိနိုင်ဟု ဤအာယသ်တော်က ရှင်းလင်းစွာကြေညာထားခဲ့လျှင်"မုစ်လင်မ်"အုမ္မသ်ထု၏ "ဘုဇွဂ်" (ဘုရားတရား ကြည်ညိုလေးစားသောသက်ကြီးရွယ်အို)တစ်ဦးကသော်လည်းကောင်း၊ ဝလီ(အလ္လာဟ့်အချစ်တော်)တစ်ဦးကသော်လည်းကောင်း ယင်းတို့ဆန္ဒရှိသည့်အတိုင်း သူကြိုက်နှစ်သက်သည့်သူတစ်ဦးဦးအားမည်သည့်အရာကိုမဆို ပေးစွမ်းနိုင်သည်ဟု ကျွန်ုပ်တို့အဘယ်ကဲ့သို့ ယူဆရပါမည်နည်း။ ဤသည်ကားမသိနားမလည်မှုသက်သက်သာ ဖြစ်ပါသည်။

အာယသ်(၅၀)၏တတိယစာကြောင်းတွင် အဖြေပေးထားသည်မှာ-**وَلَآ اَقُوْلُ لَكُمْ اِنِّیْ مَلَكٌ** "၎င်းပြင် ကျွန်ုပ်သည် ကောင်းကင်တမန်ဖြစ်သည်ဟူ၍လည်းအသင်တို့အားပြောဆိုသည်မဟုတ်။"ဟူ၍ဖြစ်ပါသည်။ အကြောင်းမှာ တမန်တော်မြတ် (e) သည် လူသားဖြစ်သည်ဆိုသည့်အပေါ် အခြေခံ၍ ၎င်းတို့ကသူ့အားတမန်တော်အဖြစ်လက်ခံရန် ငြင်းဆိုခဲ့ကြသည်။ [ဤဝါကျဖွဲ့စည်းဟန်သည် ပထမဝါကျဖွဲ့စည်းဟန်နှင့်အတူတူပင်ဖြစ်သည်။] သို့သော်လည်း ဤဝါကျနှစ်ခု၏အလယ်တွင်ရှိသော ဝါကျ၏ဖွဲ့စည်းဟန်ကိုမူပြောင်းလဲထားပါသည်။ ယင်းစာကြောင်းပါ စာသားတို့တွင်-**وَلَآ اَعْلَمُ الْغَیْبَ** "မြင်ကွယ်အကြောင်းကို ကျွန်ုပ်သိရှိသည်ဟု ကျွန်ုပ်မပြောခဲ့ပါ။" ဟူ၍ပြောကြားခြင်းမျိုးမပြောခဲ့ဘဲ အမှန်တကယ်ပြောကြားခဲ့သည်မှာ-**وَلَآ اَعْلَمُ الْغَیْبَ** "မြင်ကွယ်ရာနှင့်ပတ်သက်သောအသိပညာကျွန်ုပ်တွင်မရှိ"ဟူ၍ ပြောကြားခဲ့သည်။

သူ၏ သဖ်စီရ်အလ်ဗဟ်အလ်မုဟီးတွ်ကျမ်းတွင် အဗူအလ်ဟိုင်ယမ်ကပြောကြားချက်ပါ ဤအပြောင်း အလဲ၏နူးညံ့သောလျော်ကန်သင့်မြတ်ချက်ကို ထောက်ပြထားပါသည်။ သူ၏အဆိုအရ အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်အလုံးစုံကို ပိုင်ဆိုင်သောသူဖြစ်ခြင်းမဖြစ်ခြင်း၊ အလားတူစွာ လူတစ်ဦးတစ်ယောက်သည် ကောင်းကင်တမန်တော်ဖြစ်နိုင်ခြင်း၊ မဖြစ်နိုင်ခြင်းဆိုသည့်အရာများသည် ကြည့်ရှုမြင်တွေ့နိုင်ခြင်းနှင့်သက်ဆိုင်ပါသည်။ ဦးတည်၍ အဖြေပေးခြင်းခံရသောသူများသည် ဤအရာအားလုံးကို မြင်ခဲ့ကြပါသည်။ သူ၏လက်ဝယ် အလ္လာဟ် အရှင်ဘဏ္ဍာတော်အလုံးစုံမရှိကြောင်းနှင့်သူသည် ကောင်းကင်စေတမန်တစ်ပါးမဟုတ်ကြောင်း သူတို့သိခဲ့ကြပါသည်။ ၎င်းတို့၏တောင်းဆိုမှုများသည် မနာလိုဝန်တိုမှုနှင့်ရန်လိုမှုသက်သက်အပေါ် အခြေခံထားပါသည်။ ထိုတောင်းဆိုမှုများကိုဖြေကြားရန်အတွက်ဆိုလျှင် "အလ္လာဟ်အရှင်မြတ်၏ဘဏ္ဍာတော်များကို ပိုင်ဆိုင်သူဖြစ်ကြောင်း ကျွန်ုပ်ဘယ်သောအခါမျှ မပြောဆိုခဲ့ပါ။"(သို့) "ကျွန်ုပ်သည် ကောင်းကင်စေတမန်တစ်ဦးမဟုတ်ပါ။" ဟူ၍ဖြေကြားရုံမျှဖြင့် လုံလောက်ပါသည်။

သို့သော် အိလ်မ်အလ်ဂိုင်းဗ်(အကွယ်၏အသိပညာ)ပြဿနာတွင်ကား ထိုကဲ့သို့သော သဘောသဘာဝ မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် နက္ခတ်ဆရာများနှင့် ဗေဒင်ဆရာများသည် ဤကဲ့သို့သော အကွယ်မှ အရာများကို သိကြသည်ဟူသော ယုံကြည်ချက်များရှိထားပြီးဖြစ်ကြသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ တမန်တော်နှင့်ပတ်သက်၍ ဤယုံကြည်ချက်မျိုးရှိနိုင်သည်။ အထူးသဖြင့် တမန်တော်မြတ် (ﷺ) သခင်၏မိန့်ခွန်းတော်များမှတစ်ဆင့် အကွယ်မှ သတင်းအချက်အလက်မြောက်မြားစွာကြားခဲ့ရပြီးနောက် ကိုယ်တော်မွတ်ကြားသည့်အတိုင်းဖြစ်ပေါ်လာခဲ့သည်ကို ၎င်းတို့မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် စာသား၏ဤနေရာတွင် အခိုင်အမာပြောဆိုချက်အား ရိုးရိုးငြင်းခဲ့သည်ကား အမှန်ဖြစ်သည်။ ကိုယ်တော်မြတ် (ﷺ) က-**وَلَآ اَعْلَمُ الْغَيْبَ** (ကျွန်ုပ်သည်အကွယ်၌ရှိသည်တို့ကို သိမြင်သည်မဟုတ်)ဟုမိန့်ကြားခဲ့သည်။ ထိုသို့ပြောကြားခြင်းသည် အကွယ်မှအရာများ၏အသိပညာကိုကောင်းကင်တမန်တပါး(သို့) ရစူလ် (တမန်တော်တစ်ပါး) (သို့) ဝဟီ(အလ္လာဟ်အရှင့်ဘက်တော်သား)တစ်ဦးကို အလ္လာဟ်အရှင်မြတ်မှတစ်ဆင့် ဝဟီ (ပြာဋိတော်)(သို့) အိလ်ဟမ်(အသိဉာဏ်)အားဖြင့်ပေးအပ်ခံရခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကို ကုရ်အာန်ကျမ်းတော်မြတ် အသုံးအနှုန်းအရ အိလ်မုလ်ဂိုက်ဗ်(အကွယ်၏အသိပညာ)ဟုလည်းကောင်း၊ သို့မဟုတ် အာအ်လိမုလ်ဂိုက်ဗ် (အကွယ်၏အသိပညာရှင်)ဟူ၍လည်းကောင်း မခေါ်ဆိုနိုင်သောကြောင့် ထိုသူတို့၏ နားလည်မှု မှားယွင်းခြင်းကို ဖယ်ရှားပစ်လိုက်သည်။

ဤနေရာမှစ၍ရှင်းလင်းချက်လာထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် (ﷺ) သခင်အား အကွယ်မှအရာများစွာ၏အသိပညာကို ကောင်းချီးမင်္ဂလာများပြုထားပါသည်။ မည်မျှကောင်းချီးမင်္ဂလာပြုထားသနည်းဆိုလျှင် ကောင်းကင်တမန်များနှင့်လူသားများအားလုံး စုပေါင်းပြီး က မှ အ အထိ သိရှိကြသည်ထက် ပိုသိရှိသည်ဟူသောအချက်ကို မည်သည့်မုစ်လင်မ်တစ်ဦးကမျှ သံသယမဝင်နိုင်ပါ။ ဤသည်မှာ မုစ်လင်မ်အုမ္မသ်ထု၏ယုံကြည်ချက်ဖြစ်သည်။ ဤသည်နှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်နှင့်စွန္ဒသ်တော်တို့၏ မရေတွက်နိုင်သောအဆိုအမိန့်များအရလည်းကောင်း၊ စကြဝဠာတစ်ခွင်လုံး၏ အလုံးစုံလွှမ်းခြုံနိုင်သောအသိပညာ(အလ်အိလ်အလ်မုဟိဒ်)သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သူ့ထံတွင်မျှမရှိသော သီးသန့်ဂုဏ်တော်ဖြစ်ပေသည်။

မည်သည့်ကောင်းကင်တမန်တစ်ပါးသော်လည်းကောင်း၊ တမန်တော်တစ်ပါးကသော်လည်းကောင်း၊ အလ္လာဟ်အရှင်နှင့်တန်းတူ ခါလစ်ဂ်(ဖန်ဆင်းရှင်)၊ ရာဇစ်ဂ်(ကျွေးမွေးစောင့်ရှောက်တော်မူသောအရှင်)နှင့် အလ်ကာဒိရ် အလ်မုသ်လာဂ်(အကြွင်းမဲ့တန်ခိုးတော်ရှင်)မဖြစ်နိုင်ပါ။ အလားတူပင် မည်သူတစ်ဦးတယောက်ကမျှ အလ္လာဟ်အရှင်မြတ်၏လွှမ်းခြုံတော်မူသော အသိပညာတွင် ထိုအရှင်နှင့်တန်းတူမဖြစ်နိုင်ချေ။ ထို့ကြောင့် အကွယ်ရှိအရာမြောက်များစွာ၏ အသိပညာရှိသော မည်သည့်ကောင်းကင်စေတမန်တစ်ပါးကိုဖြစ်စေ၊ တမန်တော်တစ်ပါးကိုဖြစ်စေ၊ အာအ်လိမုလ်ဂိုက်ဗ်(အကွယ်ကိုသိရှိသူ)ဟုမခေါ်ဆိုနိုင်ချေ။

သို့သော်လည်း ကျွန်ုပ်တို့၏တမန်တော် မုဟမ္မဒ်အလ်မုစ်သ္ဖာ (ဧ) သခင်၏ မြောက်များစွာသော သာလွန်မှုအကြောင်း ကျွန်ုပ်တို့ပြောနိုင်သည်မှာ-

بعداز خدا بزرگ توئی قصّه مختصر

"အလ္လာဟ်အရှင်မြတ်ပြီးလျှင် အသင်သည် ကြည်ညိုလေးစားထိုက်သူဖြစ်သည်။"

ကိုယ်တော်မြတ်၏အသိပညာသည် ကောင်းကင်တမန်များ၊ နဗီတမန်တော်များနှင့် ရစူလ်များထက် သာလွန်ပေသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏အသိပညာနှင့်ကား မတူညီချေ။ ထိုကဲ့သို့တူညီကြောင်းပြောဆိုခြင်းသည် ခရစ်ယာန်ဘာသာ၏လွန်ကဲသောလမ်းကြောင်းဖြစ်သည်။

အာယသ်တော်(၅၀)အဆုံးတွင် မျက်စိမြင်သောသူနှင့်မျက်စိကန်းသောသူမတူညီကြောင်း မိန့်ထား သည်။ ယင်းကဆိုလိုသည်မှာ ထိုသူတို့သည် ၎င်းတို့၏တကိုယ်ကောင်းဆန်သည့်အရေးကိစ္စများကိုစွန့်လွှတ်ကာ ခေါင်းမာမှုနှင့်ရန်လိုမှုများကိုစွန့်ပစ်သင့်သည်။ ထို့ပြင် အမှန်တရားကိုအရှိအတိုင်းမြင်မှသာလျှင် ၎င်းတို့သည် မျက်ကန်းစာရင်းတွင်ထည့်သွင်းမခံရနိုင်တော့ပါ။ ထိုသူများအတွက် စတင်ကြည့်ရှုရန် အသိဉာဏ်ရှိရန်တို့လိုအပ်သည်။ သို့မှသာ ၎င်းတို့မမြင်ခဲ့သောအရာများ(စစ်မှန်သောအရာများ)ကို အနည်းငယ်စဉ်းစားရုံ၊ သောကထားရုံမျှဖြင့်ပြန်လည်မြင်တွေ့ရပါလိမ့်မည်။

နောက်ဆုံးအာယသ်(၅၁)၏နောက်ဆုံးတွင် ကိုယ်တော်မြတ် (ဧ) သခင်အား ဤကဲ့သို့ရှင်းလင်းသည့် အဆိုအမိန့်များအားလုံးနောက်တွင် အကယ်၍ ၎င်းတို့သည် ဆက်လက်ခေါင်းမာမြဲခေါင်းမာနေလျှင် ၎င်းတို့နှင့်စည်းခြားကာ အခြေအတင်ပြောဆိုမှုအားလုံးရပ်ဆိုင်း၍ စစ်မှန်သော တမန်တော်ဖြစ်ခြင်း၏ လုပ်ငန်းစဉ်အရကိုယ်တော့်လုပ်ငန်းစဉ်ဖြစ်သော သဗလီဂ်တာဝန်ကိုလုပ်ဆောင်ရန် ညွှန်ကြားထားသည်။ ထိုမှဆက်၍ ကိုယ်တော်မြတ်သခင်ကိုယုံကြည်မှုဘက်ဖိတ်ခေါ်ခြင်းနှင့်ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်၌၎င်းတို့၏လုပ်ရပ်များအတွက် စာရင်းစစ်ဆေးခံရမည်ဟူသောယုံကြည်မှုကိုငြင်းပယ်သောသူများအား သတိပေးခြင်းလုပ်ငန်းတွင် အာရုံစူးစိုက်စေပါသည်။ ပမာဆိုသော် မုစ်လင်မ်များဖြစ်စေ၊ မုစ်လင်မ်အမည်ခံများဖြစ်စေ၊ ထိုသူများသည် အနည်းဆုံးငြင်းပယ်သူမဖြစ်ခဲ့ပါလျှင် ၎င်းတို့သည် ၎င်းတို့လုပ်ရပ်များအတွက် အဖြေပေးကောင်းပေးရမည်ဆိုသည်ကို အနည်းဆုံးနားလည်သဘောပေါက်သိရှိရပါမည်။

အချုပ်ဆိုရသော် ကိယာမသ်ကို ယုံကြည်သူနှင့် ကိယာမသ်ကို မယုံကြည်သူတွင် (၃)မျိုး(၃)စားရှိသည်။

ယင်းတို့မှာ -

(၁) ကိယာမသ် မုချကောန်ဖြစ်မည်ကို ယုံကြည်သူများ

(၂) သံသယရှိသူ(သို့) တွေဝေယိမ်းယိုင်သူများ

(၃) ကိယာမသ်ကို လုံးဝဥဿုံငြင်းပယ်သူများ၊ ဟူ၍ဖြစ်ကြသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ မြောက်မြားစွာသော အဆိုအမိန့်မှရှင်းလင်းသည်မှာ မြင့်မြတ်သော တမန်တော်များသည် ဤ(၃)မျိုး(၃)စားသောသူများထံ ဖိတ်ခေါ်မှုနှင့်သတိပေးမှုကို သယ်ဆောင်သွားရန်အမိန့် ပေးထားခြင်းခံရသည်။ သို့သော်လည်း ဖိတ်ခေါ်မှုသည် ပထမအတန်းအစား(၂)ရပ်မှလူများတွင် ပိုမိုအကျိုးသက် ရောက်နိုင်ချေမှာ ထင်ရှားသဖြင့် ထိုသူတို့အား အထူးဂရုပြုရန် ဤအာယသ်တော်ထဲ၌ ညွှန်ကြားထားသည်မှာ- **وَاَنْذِرْ بِهِ الَّذِيْنَ يَخَافُوْنَ اَنْ يُّحْشَرُوْٓا اِلٰى رَبِّهِمْ** "ၔင်းပြင်(အို-နဗီတမန်တော်) မိမိတို့၏အရှင်မြတ်အထံတော်သို့ ထိုအရှင်မြတ်မှတပါးကိစ္စအဝဝကိုဆောင်ရွက်ပေးမည့်သူဟူ၍လည်းကောင်း (အပြစ်မှချမ်းသာခွင့်ရရှိစေခြင်းငှာ) ကြားဝင်အသနားခံပေးမည့်သူဟူ၍လည်းကောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မရှိသည့် အဖြစ်မျိုးနှင့် စုရုံးကြရမည်ကို စိုးရိမ်ကြကုန်သောသူတို့အား အသင်သည်ယင်း(ကုရ်အာန်ကျမ်းမြတ်)ဖြင့် သတိပေးနှိုးဆော် ပါလေ။" (၆း၅၁) ဟူ၍ ဖြစ်သည်။

XXXXXXXXXXX

အာယသ်(၅၂-၅၅)

وَلَا تَطْرُدِ الَّذِيْنَ يَدْعُوْنَ رَبَّهُمْ بِالْغَدٰوةِ وَالْعَشِيِّ
يُرِيْدُوْنَ وَجْهَهٗ ؕ مَا عَلَيْكَ مِنْ حِسَابِهِمْ مِّنْ شَيْءٍ وَّ
مَا مِنْ حِسَابِكَ عَلَيْهِمْ مِّنْ شَيْءٍ فَتَطْرُدَهُمْ فَتَكُوْنَ مِنَ
الظّٰلِمِيْنَ ﴿۵۲﴾ وَكَذٰلِكَ فَتَنَّا بَعْضَهُمْ بِبَعْضٍ لِّيَقُوْلُوْٓا اَهٰٓؤُلَآءِ
مَنَّ اللّٰهُ عَلَيْهِمْ مِّنْۢ بَيْنِنَا ؕ اَلَيْسَ اللّٰهُ بِاَعْلَمَ بِالشّٰكِرِيْنَ ﴿۵۳﴾
وَاِذَا جَآءَكَ الَّذِيْنَ يُؤْمِنُوْنَ بِاٰيٰتِنَا فَقُلْ سَلٰمٌ عَلَيْكُمْ كَتَبَ
رَبُّكُمْ عَلٰى نَفْسِهِ الرَّحْمَةَ ۙ اَنَّهٗ مَنْ عَمِلَ مِنْكُمْ سُوْٓءًا بِجَهَالَةٍ
ثُمَّ تَابَ مِنْ بَعْدِهٖ وَاَصْلَحَ فَاَنَّهٗ غَفُوْرٌ رَّحِيْمٌ ﴿۵۴﴾ وَكَذٰلِكَ
نُفَصِّلُ الْاٰيٰتِ وَلِتَسْتَبِيْنَ سَبِيْلُ الْمُجْرِمِيْنَ ﴿۵۵﴾

ထို့ပြင်တစ်ဝ မိမိတို့၏အရှင်မြတ်အား မိုးသောက်ယံ၌ဂုဏ်း၊ ညနေချမ်း၌ဂုဏ်း၊ ထိုအရှင်မြတ်၏နှစ်သက်မှုကိုသာရည်စူး၍ဟစ်ခေါ်တသ(ဂုဏ်တော်စီးဖြန်း)လျက်ရှိကြကုန်သော သူတို့ကို အသင်သည်(မိမိအပါးမှ)နှင်ထုတ်ခြင်းမပြုပါလေနှင့်။ ဂုဏ်းတို့အား အသင်နှင်ထုတ်ရန်အတွက် အသင်၏အပေါ်၌လည်းဂုဏ်း၊ တို့နှင့်ပတ်သက်၍ အကြောင်းပြရှင်းလင်းရန် တာဝန်လုံးဝမရှိပေ။ ထိုနည်းတူစွာ ဂုဏ်းတို့အပေါ်၌လည်း အသင်နှင့်ပတ်သက်၍ အကြောင်းပြရှင်းလင်းရန်တာဝန်တစ်စုံတစ်ရာမရှိချေ။ အကယ်၍ဤသို့ပြုမိလျှင် အသင်သည် မတော်မတရားကျူးလွန်သူတို့အနက် အပါအဝင်ဖြစ်သွားပေမည်။ (၆:၅၂)

စင်စစ်သော်ကား ထိုသူတို့က"အလ္လာဟ်အရှင်မြတ်သည် ငါတို့အနက်မှ အထူးကျေးဇူးတော်များကို ချီးမြှင့်ပေးသနားတော်မူသောသူတို့ကား ဤသူများလော"ဟုပြောဆိုကြရန်အလို့ငှါ ဤနည်းဖြင့် ငါအရှင်မြတ်သည် ထိုသူတို့အနက် အချို့သောသူတို့ကို၊ အချို့သောသူတို့အားဖြင့် စမ်းသပ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် ကျေးဇူးတော်ကိုသိတတ်သောသူတို့အား ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ပင် မဟုတ်ပါလော။ (၆:၅၃)

ထို့ပြင်တစ်ဝ(ကို-နဒီတမန်တော်) အသင့်ထံသို့ ငါအရှင်မြတ်၏ သက်သေသာဓက လက္ခဏာတော်များကို ယုံကြည်သောသူတို့လာရောက်ကြသောအခါ အသင်သည်(၎င်းတို့အား)သို့ပြောဆိုပါလော)၊ အသင်တို့အပေါ်ဝယ် ချမ်းမြေ့သာယာခြင်းသည် သက်ရောက်ပါစေသား၊"အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိအပေါ်၌ကရုဏာတရားကို သတ်မှတ်ပြဋ္ဌာန်း၍ထားရှိတော်မူလေသည်။ စင်စစ်ကေန် အသင်တို့အနက် မည်သူမဆိုနားမလည်၍ မကောင်းမှုဒုစရိုက်ကို ပြုမိခဲ့၏။ ထို့နောက်ထိုသူသည် ဝန်ချတောင်းပန်၍မိမိကိုယ်ကို မိမိပြုပြင်ခဲ့၏။ သို့ဖြစ်လျှင် မုချစင်စစ်ထိုအရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်တရာသနားကြင်နာတော်မူထသောအရှင်မြတ်ပင်ဖြစ်တော်မူခြေသတည်း။ (၆:၅၄)

၎င်းပြင် ဤနည်းအတိုင်းပင် အပြစ်ထိုက်သင့်သောသူတို့၏လမ်းစဉ်သည် ထင်ရှားသွားရန်အလို့ငှါ ငါအရှင်မြတ်သည် သက်သေလက္ခဏာတော်များကို ထင်ရှားစွာ ထုတ်ဖော်မိန့်ကြားတော်မူလေသတည်း။ (၆:၅၅)

အကျယ်ဖွင့်ဆိုခြင်း

အစွယ်သာသနာတွင် ဆင်းရဲခြင်းနှင့်ချမ်းသာခြင်း၊ အဆင့်အတန်းနိမ့်ခြင်းနှင့် မြင့်ခြင်းတို့တွင် ခွဲခြားမှုမရှိချေ။

လူသားဖြစ်ပါလျှက်နှင့် လူသားအဖြစ်ခံစားရန် ပျက်ကွက်သူများ၊ ကမ္ဘာပေါ်တွင်လိမ်မာထက်မြက်ဆုံး(သတ္တဝါများ)အဖြစ် လူသားများကို ဘောင်ကျော်လုနီးနီးသတ်မှတ်ကြသူများ၊ ၎င်းတို့ကို အလုပ်အကျွေးပြုရေးအခြားသတ္တဝါများအား ထိန်းချုပ်အသုံးချရန်မတုံဆိုင်းကြပါ။ ၎င်းတို့သည် ဖန်ဆင်းခြင်း၏ရည်ရွယ်ချက်မည်သည်ဖြစ်သည်ကိုမသိဘဲနှင့် ၎င်းတို့၏လတ်တလောလိုအပ်ချက်များနှင့်ရုပ်ပိုင်းဆိုင်ရာစေ့ဆော်မှုများကို ဖြည့်ဆည်းရန်အတွက် တိရစ္ဆာန်များ၏ ပင်ကိုယ်ဗီဇအတိုင်း မိမိတို့အသက်ရှင်ရေးကို တိရစ္ဆာန်ကဲ့သို့ လုပ်ကြသည်။ ဤသည်သာလျှင် ဘဝ၏တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်ခဲ့လျှင် အကောင်းနှင့်အဆိုး၊ အကြီးနှင့်အငယ်၊ အမြင့်နှင့်အနိမ့်၊ မြင့်မြတ်သည်ယုတ်ညံ့သည်တို့ကို အသိ အမှတ်ပြုခြင်း၏ စံသည် စားရန်သောက်ရန်၊ ဝတ်ဆင်ရန်၊ အရာဝတ္ထုများနှင့်ရင်းမြစ်များမည်သူထံတွင် များများ နှင့်ကောင်းကောင်းရှိသနည်းဆိုကြောင်းဖြစ်သွားမည်ဆိုသည်မှာ ထင်ရှားသည်။ ယင်းအရာများလက်ဝယ်ရှိသူသည် အောင်မြင်ကြ၍ ဂုဏ်သရေရှိကာ မြင့်မြတ်ကြပြီး ဤအရာများအနည်းငယ်သာရှိသူသည် ဘဝနိမ့်ကျ၍ ပျက်စီးလိမ့်မည်။

ကိစ္စရပ်၏အမှန်တရားကား ဘဝကို ဤသို့မြင်လျှင်လူသား၏မြင့်မြတ်ခြင်းကိုဆုံးဖြတ်ရာတွင်ကောင်းသောကိုယ်ကျင့်တရားနှင့်ကောင်းသောလုပ်ရပ်များသည် စံဖြစ်သည်ဟု ပြောစရာပင်မလိုတော့ချေ။ သို့ဆိုလျှင် ယင်းတိရစ္ဆာန်၏ရည်ရွယ်ချက်ကို အပြည့်အဝနားလည်သဘောပေါက်မှုမှတစ်ဆင့် မည်သည့်လုပ်ရပ်သည်ကောင်း

၍မည်သည့်ကိုယ်ကျင့်တရားကကောင်းသည်ကို သိရှိပါလိမ့်မည်။

ထို့ကြောင့် မြင့်မြတ်သော တမန်တော်များ ပထမဆုံးနှင့်နောက်ဆုံးပို့ချသော သင်ခန်းစာနှင့်ဂုဏ်တို့ ယူဆောင်ခဲ့သော ဘာသာတရားများက ဤဘဝနောက်၌ ဘဝသက်တမ်းတစ်ခုရှိကာ ယင်းသည်ထာဝရဖြစ်၍ ပြတ်တောက်မှုမရှိကြောင်းဖြစ်သည်။ ယင်း၏ငြိမ်းချမ်းမှုသည် ပြီးပြည့်စုံ၍ထာဝရဖြစ်ကာ ယင်း၏နာကျင်မှုသည်လည်းပြီးပြည့်စုံ၍ ထာဝရဖြစ်လိမ့်မည်။ ယခုလက်ရှိကမ္ဘာ၏နေထိုင်မှုသည် ယင်း၏ရည်ရွယ်ချက်မဟုတ်ချေ။ ထို့ကြောင့် ဤခရာတာဘဝ၏ ရည်ရွယ်ချက်အစစ်မှာ နောင်ဘဝတွင်အလွယ်တကူ ထုတ်ယူနိုင်သော အရာရာတိုင်းကို စုဆောင်းရန်သာလျှင်ဖြစ်သည်။ (အူရ်ဒူကဗျာဆရာက နှစ်သက်ဖွယ်အတိုချုံးစပ်ဆိုထားသည်မှာ)-

رھامرنے کی تیاری میں مصروف
مراکام اور اس دنیامیں تھا کیا

သေဆုံးရန်အဆင်သင့်ဖြစ်နေသည့်အနေထား ရှိနေပါစေ။
ကျွန်ုပ်မှာလောကတွင် ကျွန်ုပ်အဖြင် ကျန်ပိတ်တွင် လုပ်စရာဘာများ ရှိပါဦးမည်နည်း။

ဤသည်က လူနှင့်တိရစ္ဆာန်ခွဲခြားသောစည်းပင်ဖြစ်သည်။ တိရစ္ဆာန်များမှာ နောင်ဘဝအတွက် ပူပင်သောကထားရန်မလိုချေ။ ယင်းနှင့်ဆန့်ကျင်၍လူသားတို့၏အကြီးကျယ်ဆုံးသော သောကထားမှုမှာ ဆင်ခြင်တုံတရားရှိ၍ အမြင်ကျယ်သောလူ၏အမြင်အရ နောင်ဘဝ၏ အလားအလာရည်မှန်းချက်များအတွက်ပြုပြင်ရန်၊ ပျိုးထောင်ပြုစုရန်နှင့် တည်ဆောက်ရန်ပင်ဖြစ်သည်။ ဤယုံကြည်ချက်နှင့် အမြင်အရဆိုလျှင် မြင့်မြတ်မှုနှင့် နုံချာမှု၊ ဂုဏ်ရှိခြင်းနှင့်ဂုဏ်အသရေမဲ့ခြင်းတို့၏ အဆင့်သည်အလွှာပယ်စားခြင်း၊ သောက်ခြင်း၊ ပေါများခြင်းကိုလည်းကောင်း၊ အဆင့်မြင့်မြင့်နေထိုင်ခြင်းကိုလည်းကောင်း၊ ဥစ္စာဓနနှင့်ပိုင်ဆိုင်ပစ္စည်းများကို လောဘရမက်ကြီးစွာရှာဖွေခြင်းနှင့်စုဆောင်းခြင်းကိုလည်းကောင်း မဟုတ်သည်မှာထင်ရှားသည်။ ဤသည်နှင့်ဆန့်ကျင်၍ နောင်ဘဝအာခိရသ်၏ စစ်မှန်သော မြင့်မြတ်မှုစံသည်ကောင်းမွန်မှန်ကန်သော လုပ်ရပ်များနှင့်ကောင်းသော ကိုယ်ကျင့်တရားပေါ်တွင်တည်မှီသည်။

ဤကမ္ဘာရှိလူများသည် တမန်တော်(ﷺ)များ၏ သင်ကြားပို့ချချက်များနှင့်အာခိရသ်ကိုယုံကြည်ခြင်းမှသွေဖည်သည်နှင့်သဘာဝရလဒ်ကို လူတိုင်းမြင်နိုင်သည်။ ငွေကြေးနှင့်အရာဝတ္ထုများသည် စာရိတ္တနှင့်အခြေအနေများ၏စံဖြစ်လာလိမ့်မည်။ ဤပြိုင်ဆိုင်မှုဘဝအောင်မြင်သူများသည် မြင့်မား၍ အထက်တန်းကျသူများဟုမှတ်ယူကာ ကျန်ရစ်သူများကိုဖြစ်စေ၊ ရရှိမှုနည်းသူတို့ကိုဖြစ်စေ၊ ဆင်းရဲသည်၊ ဂုဏ်သိက္ခာမဲ့သည်၊ နုံချာသည်၊ အဆင့်နိမ့်သည်ဟု မှတ်ယူနေကြသည်။

ထို့ကြောင့် ခေတ်အဆက်ဆက်(ဒီမိုကရေစီနှင့်တရားမျှတမှုရှိသည်ဟု အကျယ်လောင်ဆုံးအော်ဟစ်ကြွေးကြော်နေသည့် ကျွန်ုပ်တို့ခေတ်အပါအဝင်)တွင် ကမ္ဘာလောကဘဝ၏ ရှုပ်ထွေးပွေလီသောဝက်ပါထဲတွင် မိုနေသောလူများသည် ဆင်းရဲခြင်းနှင့်ချမ်းသာခြင်းအဆင့်မြင့်ခြင်းနှင့် အဆင့်နိမ့်ခြင်းဟူသည့်အတန်းအစား

ခွဲခြားမှုကို ထောင်ပေါင်းများစွာသော ဟန်ဆောင်မှုများဖြင့် ပွင့်လင်းစွာလည်းကောင်း၊ လျှို့ဝှက်စွာလည်းကောင်း လုပ်ဆောင်နေကြကာ ချမ်းသာ၍ ဩဇာရှိသူများအား အကောင်းဟူသမျှ အပ်နှင်းပြီး ဆင်းရဲသူများအား ဘဝနိမ့်ကျသူများအဖြစ် ပြစ်တင်ရှဲ့ချကြသည်၊ ဤသည်မှာ နိုက်ယီဒါနူဟ်(ﷺ)သခင်၏လူများလုပ်ခဲ့သည့် အတိုင်းဖြစ်သည်၊ ထိုသူများက ဤစံနမူနာကိုလိုက်နာကျင့်သုံးသည့် ယုံကြည်သက်ဝင်သူဆင်းရဲသားများကို ဝေဖန်ခဲ့ကာ ထိုကဲ့သို့အောက်တန်းကျသောသူများနှင့် ၎င်းတို့အတူမထိုင်ကြဟုပြောကြားခဲ့ကြသည်။ အကယ်၍ နူဟ်(ﷺ)သခင်၏ သတင်းစကားကို ၎င်းတို့ကြားနာရန်ဆန္ဒရှိခဲ့လျှင် နူဟ်(ﷺ)သခင်သည် ထိုဆင်းရဲနုံချာသူများကို ၎င်း၏အသိုင်းအဝိုင်းမှ ပထမဦးစွာ ဖယ်ထုတ်ပစ်ရမည်ဟု ပြောကြားခဲ့သည်။ အဓိပ္ပာယ်မှာ- قَالُوْٓا اَنُؤْمِنُ لَكَ وَاتَّبَعَكَ الْاَرْذَلُوْنَ(၂၆း၀၀၀)"ထိုအမျိုးသားတို့က ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်ကြရမည်လော၊ အမှန်စင်စစ်ဂုဏ်အသရေသေးသိမ်သော သူတို့သာလျှင် အသင်၏နောက်လိုက်များဖြစ်ကြသည်ဟု ပြောဆိုခဲ့ကြကုန်၏။" နိုက်ယီဒါနူဟ်(ﷺ)က ၎င်းတို့၏ယူကျုံးမရဖြစ်ဖွယ်မှတ်ချက်အား တမန်တော်တစ်ပါး၏ وَمَا عِلْمِیْ بِمَا كَانُوْا یَعْمَلُوْنَ اِنْ حِسَابُهُمْ اِلَّا عَلٰی رَبِّیْ لَوْ تَشْعُرُوْنَ (၂၆း၁၁၃) - ကိုယ်ပိုင်ပြောကြားချက်နည်းဖြင့် ဖြေကြားခဲ့သည်။ ဆိုလိုသည်မှာ "ငါသည် ၎င်းတို့၏အလုပ်အကိုင်နှင့်စပ်လျဉ်း၍ မည်သည်ကို သိရှိရန် လိုပါသနည်း။ (ယင်းကို သိမှသာ အဆင့်အတန်းနိမ့်ခြင်း(သို့)မြင့်ခြင်းကို ၎င်းဆုံးဖြတ်နိုင်လိမ့်မည်ဖြစ်သည်)။ ထို့ကြောင့် (လူတိုင်း၏လုပ်ရပ်များစစ်မှန်မှုနှင့်)၎င်းတို့အား စစ်ဆေးရန်တာဝန်မှာ ငါ့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်(ထိုအရှင်သည် နှလုံးသားများထဲမှ လျှို့ဝှက်ချက်များကို သိရှိနားလည်တော်မူသည်)အပေါ်၌သာရှိကြောင်း အသင်တို့နားလည်ကြပါလျှင် ကောင်းလေစွ။"

ထိုကဲ့သို့ပြောဆိုခြင်းအားဖြင့် နိုက်ယီဒါနူဟ်(ﷺ)သည် လူသားများမြင့်မြတ်ခြင်းနှင့် ယုတ်ညံ့ခြင်း၏စစ်မှန်ချက် သတိမမူမိသော ဤမသိနားမလည်၍ မာနထောင်လွှားသောသူများအား ကိစ္စရပ်၏အမှန်တရားကိုမြင်စေပါသည်။ ဤသူများသည် ၎င်းတို့သုံးစွဲသော အသုံးအနှုန်း၏အဓိပ္ပာယ်သည် မည်သည်ဖြစ်သည်ကို မသိဘဲသုံးနှုန်းကြကာ ငွေကြေးသည် အကောင်းနှင့်အဆိုး၏စံမဟုတ်သော်လည်း ၎င်းတို့သည် ချမ်းသာသူကို မြင့်မြတ်သူအဖြစ်လည်းကောင်း၊ ဆင်းရဲသူကို နုံချာသူအဖြစ်လည်းကောင်း တံဆိပ်ခတ်နှိပ်ကြသည်။ စံသည် လုပ်ရပ်များနှင့်ကိုယ်ကျင့်တရားများဖြစ်သည်။ ဤအချိန်အခါမျိုးတွင် နိုက်ယီဒါနူဟ်(ﷺ)သည် ၎င်းတို့အား လုပ်ရပ်များနှင့်ကိုယ်ကျင့်တရားများ၏အဆင့်အတန်းအရ ထိုသူများသည် သင်တို့ထက် ပို၍မြင့်မြတ်ကာ ပို၍ရှိသေလေးစားထိုက်သည်ဟု ပြောဆိုနိုင်သည်၊ သို့သော်လည်း တမန်တော်နူဟ်(ﷺ)သခင်၏ ဟောကြားခြင်းနှင့်ပြုပြင်ခြင်း၏တမန်တော်နည်းလမ်းကား ထိုကဲ့သို့ပြောဆိုရန် ခွင့်မပြုချေ၊ အကယ်၍ ထိုသို့ပြောကြားခဲ့လျှင် ၎င်းဦးတည်ပြောကြားခံရသူများသည် အလွန်အမင်းဒေါသဖြစ်သွားစေလိမ့်မည်။ ထို့ကြောင့် တမန်တော်နူဟ်(ﷺ)က အဆင့်အတန်းနိမ့်ခြင်းသည် လုပ်ရပ်များပေါ်တည်မှီနေ၍ ၎င်းသည် ထိုသူများ၏လုပ်ရပ်များအပြည့်အစုံကိုမသိသောကြောင့် မည်သူမြင့်မြတ်၍ မည်သူမမြင့်မြတ်ကြောင်း ၎င်းမဆုံးဖြတ်နိုင်ဟုဆိုခြင်းသည် လုံလောက်သည်ဟုတွေးခဲ့သည်။

နိုက်ယီဒါနူဟ်(ﷺ)သခင်နောက်ခေတ် အဆက်ဆက်တိုင်းတွင် အလားတူဖြစ်ပျက်ခဲ့ပါသည်။ ခေတ်အဆက်ဆက်တိုင်းရှိ ဆင်းရဲသူများသည် ၎င်းတို့၏ကိုယ်ကျင့်တရားများနှင့်လုပ်ရပ်များအရ မည်မျှပင်

မြင့်မြတ်၍ ရှိသေလေးစားထိုက်ပါစေ ဥစ္စာပစ္စည်းပိုင်ဆိုင်ခြင်းကို အဓိကထားသူများနှင့် မာနထောင်လွှားသူများကအောက်တန်းကျသည်ဟု အဆင့်နှိမ့်ချ၍ သတ်မှတ်လျှက်ပင်ရှိသေးသည်။ ဤဆင်းရဲသူများသာ ၎င်းတို့၏ကောင်းသောကိုယ်ကျင့်တရားများနှင့် အမြင်ကျယ်မှုအရ တစ်ခေတ်ပြီးတစ်ခေတ်တွင် တမန်တော်များ၏ဖိတ်ခေါ်မှုကိုဦးစွာပထမလက်ခံခဲ့ကြသူများဖြစ်ကြသည်။ စင်စစ်နောက်ပိုင်းဘာသာရေးနှင့်အုပ်စုများ၏ ပညာရှင်များအတွက် အုမ္မသ်အုပ်စု၏ဆင်းရဲသောသူများသည် တမန်တော်၏နောက် ဦးစွာလိုက်သူများဖြစ်ခြင်းသည် တမန်တော်တစ်ပါး၏စစ်မှန်မှုသက်သေဖြစ်သွားစေသည်။ ဤအကြောင်းကြောင့်ပင် တမန်တော်မြတ်(ﷺ)သခင်သည် ဇိုင်ဇင်တိုင်းဘုရင် ဟီရာကလိစ်(ဟီရာဘဲလ်)ထံ ၎င်းအစွယ်သာသနာသို့ဝင်ရောက်ရန်ဖိတ်ခေါ်သည့်စာဘုရင့်ထံရောက်သည့်အခါ၌ ဘုရင်ကကိုယ်တော်မြတ်၏တမန်တော်ဖြစ်မှုမှန်ကန်ခြင်းကို စုံစမ်းစစ်ဆေးရန်ဆန္ဒဖြစ်ခဲ့သည်။ ဤကိစ္စအတွက် ဘုရင်သည် အစွယ်မှတမန်တော်မြတ်အား သိရှိသူများထံ မေးခွန်းအချို့မေးမြန်းခဲ့သည်။ ဤမေးခွန်းများအနက် တစ်ခုမှာတမန်တော်မြတ်(ﷺ)၏ နောက်လိုက်အများစုမှာ ချမ်းသာသူများလော(သို့)ဆင်းရဲသူများလော။ အများစုသည် သူဆင်းရဲများဖြစ်ကြောင်း ၎င်းကိုပြောကြားခဲ့ရာ ဘုရင်က "ဤသူများသာလျှင်အစဉ်သဖြင့် နဗီတမန်တော်နှင့်ရစူလ်တမန်တော်များ၏ ပထမဦးဆုံးနောက်လိုက်များဖြစ်ကြသည်"ဟုပြောကြားခဲ့သည်။

တမန်တော်မြတ်(ﷺ)သခင်၏ ခေတ်ကာလအတွင်းကလည်း အလားတူမေးခွန်းပေါ်ထွက်ခဲ့ပါသည်။ ယင်း၏အဖြေကိုသီးခြားညွှန်ကြားချက်များနှင့်တကွ လက်ရှိအာယသ်တော်ထဲ၌ ဖော်ပြထားသည်။

အီမာမ်အိဗ်နိ ဂျရီးရ်မှတစ်ဆင့် အီမာမ်အိဗ်နီကဆီးရ်ကတင်ပြထားသည်မှာ ကုရိုက်ရှ်မျိုးနွယ်စုမှ မယုံကြည်သွေဖည်ငြင်းပယ်သူတို့၏ အကြီးအကဲအချို့ဖြစ်သော အုသ်ဗဟ်၊ ရှီဗဟ်အိဗ်နိရာဗီအဟ်၊ မုသင်အိဗ်နိအဒီ၊ ဟာရစ်အိဗ်နိနောင်ဖလ်နှင့် အခြားသောသူများသည် တမန်တော်မြတ်(ﷺ)သခင်၏ ဦးရီးတော်အဗူတွာလစ်ဗ်ထံသို့လာရောက်ကာ ပြောသည်မှာ အသင်၏တူမုဟမ္မဒ်(ﷺ) ကျွန်ုပ်တို့အားပြောကြားသည်များကို နားထောင်ရန်နှင့်လက်ခံရန် ကျွန်ုပ်တို့အား ဟန့်တားစေသောပြဿနာများအနက်တစ်ခုမှာ သူ့အားတစ်ချိန်လုံးဝန်းရံထားသောသူများသည် ကျွန်ုပ်တို့ကျေးကျွန်များ၊ ကျွန်ုပ်တို့သူကောင်းပြုခဲ့သောသူများ၊ ကျွန်ုပ်တို့ပြုသမျှ နုရမည့်သူများသာဖြစ်ကြပါသည်။ ထိုကဲ့သို့အောက်တန်းကျသောသူများ သူ၏ပတ်ဝန်းကျင်တွင်ရှိသောကြောင့် ကျွန်ုပ်တို့သည်သူ၏ထိုင်ဝိုင်းများသို့ မလာရောက်နိုင်ပါ။ ကျွန်ုပ်တို့ သူပြောသမျှကိုနားထောင်ပြီး စဉ်းစားနိုင်ရန်အတွက် သူ့ထံသို့လာရောက်သောအခါတွင် သူထံမှ ထိုသူများထွက်ခွာပေးစေရန်သူ့အားပြောပေးပါ။ ဦးရီးတော်အဗူတွာလစ်ဗ်သည် ဤကိစ္စကို တမန်တော်မြတ်(ﷺ)အားတင်ပြသောအခါတွင် စိုက်ယိဒနာအုမရ်(ﷺ)သခင်က အကြံပြုပြောကြားသည်မှာ ဤလုပ်ရပ်သည် အဘယ်အရာမှားပါသနည်း။ ရက်အနည်းငယ်လောက်စမ်းကြည့်ပါ။ ဤသူများသည် ကျွန်ုပ်တို့အားချစ်ခင်မြတ်နိုးသူများဖြစ်ပြီး ၎င်းတို့သည် ခမ်းနားကြီးကျယ်သူများမဟုတ်ပါ။ ဤအကြီးအကဲများလာခဲ့ပါလျှင် ထိုသူများသည် ထိုင်ဝိုင်းမှထွက်သွားပါလိမ့်မည်။

ထိုစဉ် ဤအာယသ်တော်ကျရောက်ခဲ့ကာ ယင်းထဲတွင်တမန်တော်မြတ်(ﷺ)အား ထိုကဲ့သို့လုပ်ဆောင်ခြင်းကိုလေးလေးနက်နက်တားမြစ်ခဲ့ပါသည်။ ဤအာယသ်တော်ကျရောက်ပြီးသည့်နောက်တွင် စိုက်ယိဒနာအုမရ်(ﷺ)သည် သူ၏အကြံပြုချက်မှားယွင်းခဲ့၍ ဝန်ချတောင်းပန်ခဲ့သည်။

ထိုအချိန် ဤစကားဝိုင်းတွင်ပါဝင်သောသူဆင်းရဲတို့သည် ၎င်းတို့၏မြင့်မြတ်ခြင်းနှင့် ဂုဏ်အသရေရှိကြောင်းသက်သေခံချက်ကို မိုးကောင်းကင်မှ ချပေးခြင်းခံရသော စိုက်ယိဒနာ ဗိလားလ်အလ်ဟဗာရှီ၊ စိုက်ယိဒနာဆုပေးအရာရှိမီ၊ စိုက်ယိဒနာအမာရာအိပ်နီယာစိရ်၊ စိုက်ယိဒနာစိလင်းမောင်လာအဗီဟုဒိုင်ဖာ၊ ဆွဗိဟ်မောင်လာအုစိုက်၊ စိုက်ယိဒနာအဗ်ဒုလ္လာဟ်အိပ်နိမတ်စ်အူးဒ်၊ စိုက်ယိဒနာမစ်က်ဒါအိဗန်၊ စိုက်ယိဒနာမတ်စ်အူး အိပ်နိအရှင်၎င်းတို့အား ကျေနပ်နှစ်သက်တော်မူပါစေ. . .) ဤအကြောင်းအရာကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌-

وَاصْبِرْ نَفْسَكَ مَعَ الَّذِيْنَ يَدْعُوْنَ رَبَّهُمْ بِالْغَدٰوةِ وَالْعَشِيِّ يُرِيْدُوْنَ وَجْهَهٗ وَلَا تَعْدُ عَيْنٰكَ عَنْهُمْ ۚ تُرِيْدُ زِيْنَةَ الْحَيٰوةِ الدُّنْيَا ۚ وَلَا تُطِعْ مَنْ اَغْفَلْنَا قَلْبَهٗ عَنْ ذِكْرِنَا وَاتَّبَعَ هَوٰىهُ وَكَانَ اَمْرُهٗ فُرُطًا.

"၎င်းပြင်(အို-နဗီ တမန်တော်)အသင်သည် မိမိကိုယ်ကို အကြင်သူတို့နှင့်အတူ ချုပ်တည်း၍ထားပါလေ။ ထိုသူ တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ထိုအရှင်မြတ်၏အလိုတော်ကိုသာရည်စူး၍ နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း ဟစ်ခေါ်(တသသတိရ)ကြကုန်၏။ ထိုမှတစ်ပါးအသင်သည် ဤလောကီဘဝ၏ တင့်တယ်မှုကိုရည်စူးလျက် မိမိ၏မျက်စိနှစ်လုံးကိုဝင်းတို့ဘက်မှ (ပြန်)မလှည့်ပါလေနှင့်၊ (လျစ်လျူမပြုပါလေနှင့်) ထို့ပြင် အသင်သည် အကြင်သူ၏စကားကို မလိုက်နာပါလေနှင့်။ ငါအရှင်မြတ်သည် ထိုသူ၏စိတ်နှလုံးကို ငါအရှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှ မေ့လျော့စေတော်မူခဲ့၏။ ၎င်းပြင် ထိုသူသည်မိမိအလိုဆန္ဒကို သာလိုက်နာလျက်ရှိနေလေ၏။ စင်စစ်သော်ကား ၎င်း၏အရေးကိစ္စမှာအလွန်အကျွံပင်ဖြစ်ချေသတည်း။"(၁၈း၂၈) ဟူ၍ ဤစကားလုံးတို့ဖြင့် အလေးအနက်ပြုထားသည်။

လက်ရှိအာယသ်တော်ထဲတွင် ဤသူဆင်းရဲတို့၏ အရည်အချင်းကိုဖော်ပြထားသည်မှာ"၎င်းတို့သည် ၎င်းတို့၏မွေးမြူဖန်ဆင်းတော်မူသောအရှင်အား နံနက်ပိုင်းနှင့်ညနေပိုင်းတွင်ပါ တသကြသည်ဟူ၍ဖြစ်သည်။ ဤနေရာ၌သုံးနှုန်းမှုအရ နံနက်ပိုင်းနှင့်ညနေပိုင်းဆိုသည် နေ့နှင့်ညတို့၏အချိန်တိုင်းကို ရည်ညွှန်းပါသည်။ တသခြင်းဆိုသည်မှာ အီဗာဒသ်ကိုသော်လည်းကောင်း၊ ခဝတ်ကိုးကွယ်ခြင်းကိုသော်လည်းကောင်း အဓိပ္ပာယ်ဆောင်ပါသည်။ ဤနေရာတွင် အီဗာဒသ်နှင့်အတူနေ့နှင့်ညတို့၏ မည်သည့်အချိန်အခါတွင်မဆို ဟူသောကန့်သတ်ချက်ထည့်သွင်းထားခြင်းသည် - يُرِيْدُوْنَ وَجْهَهٗ "၎င်းတို့၏အရှင်မြတ်၏နှစ်သက်မှုကိုသာရည်စူး၍" ဟုဆိုလိုပါသည်။ ဤသည်က ကျွန်ုပ်တို့အားပြောပြသည်မှာ "အီဗာဒသ်" (အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ခြင်း)တွင် "အိစ်ခ်လား‌ဆ်"အလ္လာဟ် အရှင်မြတ်၏ရှေ့မှောက်တွင် အကြွင်းမဲ့ဖြူစင်ရိုးသားခြင်း မရှိပါကယင်းသည် မယုံစားထိုက်ပါ။

"အသင်၏အပေါ်၌လည်း ၎င်းတို့နှင့်ပတ်သက်၍ အကြောင်းပြရှင်းလင်းရန် တာဝန်လုံးဝမရှိပေ။ ထိုနည်းတူစွာ ၎င်းတို့အပေါ်၌လည်းအသင်နှင့်ပတ်သက်၍ အကြောင်းပြရှင်းလင်းရန်တာဝန်တစ်စုံတစ်ရာမရှိချေ။"

ဟူသောအဆိုအမိန့်ကို အိဗ်နိအာတီယာဟ်နှင့် အလ်ဇမာခ်ရှရီတို့က အဓိပ္ပာယ်ဖွင့်ဆိုရာတွင် حَسَابِهِمْ (ဟိစားဗိဟင်မ် ၎င်းတို့၏အကြောင်းပြရှင်းလင်းရန်)နှင့် عَلَيْهِمْ(အလိုင်းဟင်းမ် ၎င်းတို့အပေါ်၌ တာဝန်မရှိ) တို့တွင်ပါဝင်သောနာမ်စားများသည် စုပေါင်းထိုင်ဝိုင်းတွင်ရှိသော မုစ်လင်မ်သူဆင်းရဲများကို ဖယ်ထုတ်ရန် အလေးအနက်တိုက်တွန်း သော ဤမယုံကြည်သွေဖည်သောအကြီးအကဲများကို ရည်ညွှန်းသည်။ တို့ကြောင့် အလ္လာဟ်အရှင်မြတ်က ထိုသူများယုံကြည်သက်ဝင်သည်ဖြစ်စေ၊ မယုံကြည်မသက်ဝင်သည်ဖြစ်စေ ဂရုမစိုက်ရန် ကိုယ်တော်မြတ်(ﷺ)အားမိန့်ကြားထားသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများ၏မည်သည့်လုပ်ရပ်အတွက်မျှ ကိုယ်တော်မြတ်(ﷺ)အပေါ်၌ တာဝန်မရှိသကဲ့သို့ ကိုယ်တော်မြတ်၏မည်သည့်လုပ်ရပ်အတွက်မျှ ထိုသူတို့၌ လည်းတာဝန်မရှိပါ။ အကယ်၍ ထိုလုပ်ရပ်အတွက် ကိုယ်တော်မြတ်(ﷺ)ထံတွင် တာဝန်ရှိသည်ဆိုလျှင် ထိုသူများ အဘယ့်ကြောင့် မုစ်လင်မ် မဖြစ်ရသနည်းဟူသည်ကို မေးမြန်းခြင်းခံရမည်။ သို့ဆိုလျှင် ထိုကဲ့သို့သော အခြေအနေမျိုး၌ ကိုယ်တော်မြတ် (ﷺ)သခင်သည် ထိုင်ဝိုင်းမှဆင်းရဲသား မုစ်လင်မ်များကိုဖယ်ထုတ်ခြင်းသည် မယုံကြည်သွေဖည် ခြင်းပယ်သူ အကြီးအကဲများအတွက်သာဖြစ်သွားပေလိမ့်မည်။ ထို့ပြင် ဤကဲ့သို့မဟုတ်သောကြောင့် ထိုင်ဝိုင်းမှ ဆင်းရဲသား မုစ်လင်မ်များကို ဖယ်ထုတ်ခြင်းသည် အဆင့်အတန်းကြောင့် မတရားလုပ်မှုဖြစ်သွားမည်။ အကယ်၍ ကိုယ်တော်မြတ်(ﷺ)သခင်သည် ထိုသို့သောလုပ်ရပ်မျိုးလုပ်ခဲ့လျှင် မတရားသောသူတစ်ယောက်ထဲ၌ တစ်ဦး အပါအဝင်ဖြစ်လိမ့်မည်။

ဒုတိယအာယသ်တော်(၅၃)ထဲ၌ မိန့်ထားသည်ကား ဤသည်မှာ အလ္လာဟ်အရှင်မြတ်သည် အခြားသူ အချို့မှတစ်ဆင့် ၎င်းတို့ထဲမှအချို့ကို စမ်းသပ်တော်မူခဲ့သည်။ သို့မှသာ အလ္လာဟ်အရှင်မြတ်သည် ဤမယုံကြည် သွေဖည်သူအကြီးအကဲများအား ကြီးကျယ်မြင့်မြတ်တော်မူသော အရှင်မြတ်၏ နှိမ်နင်းနိုင်သည့်တန်ခိုးအာဏာ ကိုမြင်တွေ့စေနိုင်မည်ဖြစ်သည်။ ၎င်းတို့က နိမ့်ကျသည်ဟု မှတ်ယူထားသော ဆင်းရဲသားမုစ်လင်မ်များသည် အလ္လာဟ်အရှင်မြတ် တမန်တော်၏ နောက်လိုက်ရန်ရွေးချယ်ခဲ့ကြ၍ စဉ်းစားတွေးတော၍ပင်မရသော အဆင့် အတန်းများရရှိကြကာ အာခီရသ်နှင့် ဤကမ္ဘာလောကနှစ်ဌာနစလုံးတွင် ဂုဏ်ပေးခြင်းနှင့်အသိအမှတ်ပြု ခြင်းဟူသော အချက်ပြမှုရရှိခဲ့ကြသည်။ ထို့နောက် "ဂုဏ်အသရေရှိသော ကျွန်ုပ်တို့ကြောင့် အလ္လာဟ်အရှင်မြတ် ၏ဆုလာဘ်များဂုဏ်ပေးခြင်းများဖြင့် ကောင်းချီးမင်္ဂလာပေးခံရထိုက်သောသူများသည် ဤသူဆင်းရဲများသာ ဖြစ်ပါသလား"ဟူ၍ ၎င်းတို့ပြောကြမည်ဖြစ်သည်။

ကရှဖ်ကျမ်းနှင့် အခြားဂန္ထဝင်ဋီကာကျမ်းများအဆိုအရ ၎င်းတို့ဤသို့ပြောဆိုခြင်းသည် ဆင်းရဲ၍ချိုနဲ့ သောမုစ်လင်မ်များအားအကြောင်းခံ၍ ၎င်းတို့စမ်းသပ်ခံရခြင်း၏ရလဒ်တစ်ခုပင်ဖြစ်သည်။ ဤစမ်းသပ်မှုတွင် ၎င်းတို့ကျရှုံးခဲ့ကြသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အကြွင်းမဲ့တန်ခိုးအာဏာ၏ကြီးကျယ်ခမ်းနားစွာ ပြသမှုအား စဉ်းစား၍မြင့်မြတ်မှုသည် ဥစ္စာဓနပေါ်၌သော်လည်းကောင်း၊ အာဏာပေါ်၌သော်လည်းကောင်း မူမတည်ဘဲ၊ ကိုယ်ကျင့်တရားများနှင့် လုပ်ရပ်များပေါ်မူတည်သည်ဟူသည့် ကောက်ချက်ချရမည့်အစား ထိုမြင့်မြတ်မှုသည် ၎င်းတို့နှင့် သာထိုက်တန်ပါလျက် သူဆင်းရဲများကိုသာပေးခဲ့သည်ဟူ၍ အလ္လာဟ်အရှင်မြတ် အား စတင်ပြစ်တင်ခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် အဖြေပေးသည့်အနေဖြင့် ယင်း၏နောက်ကွယ်ရှိ အမှန်တရားကို နောက်တစ်ကြိမ်ထောက်ပြကာ- أَلَيْسَ اللَّهُ بِأَعْلَمَ بِالشَّاكِرِينَ "ငါအရှင်မြတ်သည် ကျေးဇူးတော်ကို

သီတတ်သောသူတို့အား ကောင်းစွာသိရှိတော်မူသောအရှင်မြတ်ပင် မဟုတ်ပါလော၊"ဟုမိန့်ကြားသည်၊ ဆိုလိုသည်မှာ မည်သူသည် အမှန်တရားကိုကြိုက်နှစ်သက်၍ မည်သူသည် ကျေးဇူးတရားကိုသိရှိသည်ဆိုသည်ကို အလွယ်တကူရှင်မြတ်သည် အကောင်းဆုံးသိရှိတော်မူသည်၊ တနည်းဆိုရလျှင် စစ်မှန်သောသဘောအရ မြင့်မြတ်၍ ဂုဏ်အသရေရှိသူတစ် ဦးသည် ၎င်း၏ကျေးဇူးရှင်ကို အသိအမှတ်ပြု၍ ထိုအရှင့်အား ကျေးဇူးတင်ရှိသမြဲ၊ ၎င်းသည်သာဆုလာဘ်များ ဂုဏ်သိက္ခာများနှင့် ထိုက်တန်ပေသည်၊ ထို့နောက်သူ၏စောင့်မတော်မူသောအရှင်နှင့် တွေ့ဆုံတော်အရှင်က သူအားနေ့စဉ်နေ့တိုင်း ကောင်းချီးမင်္ဂလာများပေးထားလင့်ကစားထိုအရှင့်ကို မနာခံခဲ့လျှင် ထိုသူသည် ဂုဏ် သိက္ခာနှင့်ဆုလာဘ်များတို့နှင့် မထိုက်သူ မုချကောန်မြစ်သွားပါလိမ့်မည်၊

အမိန့်ပညတ်ချက်အချို့နှင့် ညွှန်ကြားချက်များ

၌အာယသ်တော်များမှ ပေါ်ထွက်လာသော အမိန့်ပညတ်ချက်အချို့နှင့်ညွှန်ကြားချက်များကို အောက်တွင်ဖော်ပြထားသည်၊

(၁) အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် နေသူတစ်ဦးကိုမြစ်ဝေ၊ တိုနာကျီးတန်းနေသူတစ်ဦးကိုမြစ်ဝေ၊ မည်သူကိုမျှ အထင်အမြင်မသေးရပါ၊ တစ်ခါတစ်ရံ၌ ထိုသို့အသွင်အပြင်ရှိသူများသည် အလွန်အရှင်မြတ်ရှေ့တော်မှောက်၌ လက်ခံခြင်းခံရ၍ အလွန်ဂုဏ်သရေရှိသူအဖြစ် ဖြစ်သွားတတ်သည်၊ ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားထားသည်မှာ "အခြေအနေမှက်စီးယိုယွင်း၍ ဖုံအလိမ်းလိမ်းရှိသူ မြောက်မြားစွာအား အလွန်အရှင်မြတ်က ချစ်ခင်နှစ်သက်တော်မူသည်၊ အကယ်၍၎င်းတို့သည် အလွန်အရှင်မြတ်နာမတော်တသ၍ တစ်ခုခုဖြစ်စေရန် ကိုန်ဆိုခဲ့လျှင် အလွန်အရှင်မြတ်သည်၎င်းတို့ကိုန်ဆိုမှုအား ဂုဏ်ပြု၍ (ထိုအတိုင်းဖြစ်စေပါသည်)၊

(၂) ဥစ္စာဝစ္စည်းကြွယ်ဝခမ်းသာခြင်းကို မြင့်မြတ်မှုနှင့် နိမ့်ကျမှု၏စံအဖြစ်မှတ်ယူခြင်းသည် လူသားထုတို့စော်ကားခြင်းတစ်ရပ်ဖြစ်သည်၊ ဝင်စစ်ယင်းမှာ ကောင်းမြတ်သောကိုယ်ကျင့်တရားနှင့်လုပ်ရပ်များပေါ်တည်မှီသည်၊

(၃) မည်သည့်မိုးနွယ်၏မြူမြင်ပြောင်းလဲသူနှင့်တရားဟောကြားသူတစ်ဦးအတွက် စကြဝဠာလုံးဆိုင်ရာ ဖိတ်ခေါ်မှုတစ်ရပ်သည် လူတိုင်းအတွက် ဦးတည်ဟောကြားသော်လည်းထောက်ခံသည်၊ မထောက်ခံသည်လည်းကောင်း၊ လိုက်နာသည် မလိုက်နာသည်လည်းကောင်း၊ အရေးကြီးလိုအပ်သည်၊ သို့သော်လည်း ၎င်း၏သင်ကြားမှုများပိုင်နိုင်၍ ယင်းအပေါ်လိုက်နာကျင့်သုံးသူများ၏ အခွင့်အရေးကို ရှေ့တန်းတင်ရပေမည်၊ အခြားသူများအတွက် ထိုသူများကို နောက်ခုန်ထားခြင်းကိုဖြစ်စေ၊ လျစ်လျူရှုခြင်းကိုဖြစ်စေ ခွင့်မပြုချေ၊ ပမာဆိုသော် မုစ်လင်မ်များအရေး ကိစ္စတွင် မုစ်လင်မ်မဟုတ်သူများကို ဖိတ်ခေါ်ရန်အတွက် အသိမရှိသော မုစ်လင်မ်များအား မြူမြင်ပြောင်းလဲခြင်းနှင့် ပညာသင်ကြားခြင်းကို မရွေ့ဆိုင်းသင့်ချေ၊

(၄) အလွန်အရှင်မြတ်၏ ဆုလာဘ်များနှင့်ကောင်းချီးများသည် ကျေးဇူးသိတတ်မှုအတိုင်းအတာအရ တိုးပွားနေပါသည်၊ အလွန်အရှင်မြတ်၏ ဆုတော်လာဘ်တော်များတိုးပွားလိုသော ဆန္ဒရှိသူတစ်ဦးသည် ကျေးဇူးသိတတ်မှုကို အပြောအဆိုနှင့်အလုပ်အကိုင်အားဖြင့်လည်းကောင်း၊ ၎င်း၏တဝန်းနည်းအားဖြင့်လည်း

ကောင်း၊ တစ်သမတ်တည်းသောကိုယ်ရည်ကိုယ်သွေးအားဖြင့်လည်းကောင်းမြဲသရမည်၊

အာယသ်တော်(၅၄)- وَإِذَا جَآءَكَ ٱلَّذِينَ يُؤْمِنُونَ "ထို့ပြင်တဝ၊ (ကို-နဗီတမန်တော်) အသင့်ထံသို့ ငါအမှုပ်မြတ်၏ သက်သေသာဓကလက္ခကာတော်များကို ယုံကြည်သောသူတို့လာရောက်ကြသော အခါ. . . . " နှင့်ပတ်သက်၍ ဦးဆောင်ဝိုင်လုံသည့် သစ်စိန်ရှင်များကအဓိပ္ပာယ်နှစ်မျိုးပေးကြသည်၊

(၁) ၎င်းတို့အများစုက ၎ကာယသ်တော်သည် ပြီးခဲ့သောအာယသ်တော်များ၏ အဖြစ်အပျက်တို့နှင့် နီးနွယ်ပတ်သက်သည်ဟု ကြေညာကြသည်၊ အထောက်အထားအဖြစ် ၎င်းတို့က ကိုရိုက်ရှမ်းနွယ်စုမှ အကြီးအကဲများသည်အဋ္ဌသွာလစ်ဗ်မှတစ်ဆင့် ၎င်း၏တူကိုယ်တော်မြတ်အား ကိုယ်တော့်အနီးရှိ ၎င်းတို့အတွက်ဘဝထိုင်နိုင်သူ သုဆင်းရဲသားများအား ဦးစွာဖယ်ရှားရန် ထို့နောက်တွင်မှ ၎င်းတို့သည် ကိုယ်တော်မြှောသည်ကို နားထောင်ပြီး ယင်းနောက် စဉ်းစားမည်ဟူသော အဖြစ်အပျက်၏ဆင့်ပြန်ချက်ကို ရည်ညွှန်းသည်၊ ထိုစဉ် စိုက်ယိဒနာ အုပရ် (ﷺ)က ယင်းကိစ္စသည် အကြောင်းမဟုတ်၊ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်များသည် မြူစင်မိုသားသည့် ဒိတ်ဆွေများဖြစ်၍ အကယ်၍ ၎င်းတို့အားထိုင်ဝိုင်းမှဖယ်ရှားရန် မေတ္တာရပ်ခံခဲ့လျှင် ၎င်းတို့ကဖယ်ပေးကာ ကိုရိုက်ရှအကြီးအကဲများသည် အလ္လာဟ်အရှင်မြတ်၏မိန့်မှာချက်ကိုနားထောင်ဝိုင်း၍ မုစ်လင်မ်များဖြစ်လာမည်ဟု အကြံပေးခဲ့သည်၊

သို့သော်လည်း ပြီးခဲ့သောအာယသ်တော်များထဲ၌ ၎အကြံပေးချက်နှင့်ပတ်သက်၍ ၎ကဲ့သို့လုပ်ဆောင်မှုကို မည်သည့်အခါတွင်မျှ မလုပ်ဆောင်သင့်ကြောင်း အမိန့်တော်ကျရောက်ခဲ့သည်၊ ၎သို့လုပ်ဆောင်လျှင် ရက်စက်ကြမ်းကြုတ်၍ တရားမမျှမတဖြစ်လိမ့်မည်၊ ၎အာယသ်တော်ကျရောက်ခြင်းသည် စိုက်ယိဒနာ အုပရ် (ﷺ)သခင်က ၎င်း၏မှားယွင်းမှုကြီးလေးလှကြောင်းသိရှိစေပါသည်၊ အလ္လာဟ်အရှင်မြတ်၏ဆန္ဒတော်နှင့်ဆန့်ကျင်၍ အကြံပေးခဲ့ခြင်းကြောင့် သူသည် ဝုနာဟ်ကျွန်းလွန်သူတစ်ဦးဖြစ်ခဲ့သည်ဟု၍ ၎င်းစိုးရိမ်ကြောက်ရွံ့ခဲ့သည်၊ ထိုသို့ပြုလုပ်ခြင်းအတွက် သူသည်လာရောက်တောင်းပန်ခဲ့ပါသည်၊

ထိုစဉ် ယခုလက်ရှိအာယသ်တော်သည် ကိုယ်တော်မြတ်အားနှစ်သိမ့်ရန်ကျရောက်ခဲ့သည်၊ အချုပ်မှာ ၎ရှေးရာ၌ တမန်တော်မြတ် (ﷺ) သခင်ကိုမိန့်ထားသည်မှာ ၎င်းတို့၏အတိတ်တမှားယွင်းမှုများအတွက် ပြစ်ဒဏ်ပေးလိမ့်မည်မဟုတ်ကြောင်း အာမခံထားသည်၊ စင်စစ်မှားယွင်းမှုအတွက် ပြစ်ဒဏ်မပေးသည်သာမက အလွန်တရာသနားညှာတာတော်မူသော အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား နည်းလမ်းမြောက်များစွာဖြင့် ကောင်းချီးမင်္ဂလာပေးပါလိမ့်မည်၊ ကိုယ်တော်မြတ် (ﷺ) သခင်အား အလ္လာဟ်အရှင်မြတ်၏ဥပဒေအကြောင်း ၎င်းတို့အားမြှောစေပါသည်၊ ယင်းဥပဒေကား အကယ်၍မုစ်လင်မ်တစ်ဦးသည် မသိနားမလည်စွာနှင့်မကောင်းသည့်အရာတစ်ခုခုကိုလုပ်ကာ အသိတရားဝင်လာ၍ သောင်ဗတ်ဝန်ချတောင်းပန်မှုပြု၍ အနာဝတ်တွင် ၎င်း၏လုပ်နည်းကိုင်နည်းကိုပြုပြင်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည်၎င်း၏အတိတ်ကဝုနာဟ်ဒုစရိုက်ပြစ်မှုများကို ခွင့်လွှတ်လိမ့်မည်ဖြစ်သည်၊ ထို့နောက်၎ကမ္ဘာတွင်နှင့်နောင်လာမည့်ကမ္ဘာတို့တွင်ပါ အလ္လာဟ်အရှင်မြတ်၏ကောင်းချီးမင်္ဂလာများ၎င်းအတွက်လက်မဲ့ဖြစ်လိမ့်မည်မဟုတ်ချေ၊ ၎ရှင်းလင်းချက်အရဆိုလျှင် ပြီးခဲ့သောအာယသ်တော်များ၌ ဖော်ပြထားခဲ့သော ၎သီးခြားအဖြစ်အပျက်နှင့်နှီးနွယ်ကာ ၎အာယသ်တော်များကျရောက်ခဲ့သည်၊

(၂) ဦးကာရွင်အချို့ကမူ ဤအာယသ်တော်များသည် လမ်းညွှန်မှုအတွက် သီးခြားဥပဒေများပါဝင်သည်ဟု မှတ်ယူခဲ့ကြသည်။ ဤအာယသ်တော်များသည် ပြစ်မှုဂုနာဟ်ကျူးလွန်ခဲ့ကြသောသူများ၊ ထို့နောက် ၎င်းတို့ကျူးလွန်ခဲ့ကြသည်ကို အရှက်ရ၍ ဝန်ချတောင်းပန်ခဲ့ကာ ၎င်းတို့နည်းလမ်းများပြုပြင်ခဲ့ကြသူများနှင့်သက်ဆိုင်သည်။

အနည်းငယ် စဉ်းစားတွေးတောကြည့်ရုံမျှဖြင့် ဤအဆိုနှစ်ရပ်လုံးသည် တစ်ခုနှင့်တစ်ခု ဝိရောဓိမဖြစ်ကြကြောင်းပြသပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏အမိန့်ပညတ်ချက်သည် သီးခြားအဖြစ်အပျက်တစ်ရပ်၏နောက်ခံအကြောင်းကြောင့် ကျရောက်လာခဲ့ကြောင်း တစ်ကမ္ဘာလုံးကသဘောတူထားအ၍ဖြစ်သည်။ ယင်းအမိန့်ပညတ်ချက်ပါစကားလုံးများ၏အနေအထားကြောင့်လည်းကောင်း၊ အကြောင်းအရာသည်ယေဘုယျကျ၍လည်းကောင်း၊ ထိုအမိန့်ပညတ်ချက်သည် ထိုအဖြစ်အပျက်အတွက်သာ ကန့်သတ်ထားလိမ့်မည်မဟုတ်ချေ။ ယင်းပညတ်ချက်သည် ယေဘုယျပညတ်ချက်တစ်ရပ်၏ အဆင့်ရှိနေလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်ဖော်ပြပါအာယသ်တော်များသည် ဖော်ပြခဲ့သည့်အကြောင်းအရာနှင့်ပတ်သက်၍ကျရောက်ခဲ့သည်ဆိုလျှင်ပင် ဤအမိန့်ပညတ်ချက်သည် လုပ်ဆောင်မှု၏ယေဘုယျစည်းမျဉ်းအဆင့်တွင်ရှိနေလိမ့်မည်။ ယင်းလုပ်ဆောင်မှုသည်ကား ဂုနာဟ်ပြစ်မှုကျူးလွန်ပြီးကြောက်ရွံ့အရှက်ရခံစား၍ ဝန်ချတောင်းပန်ပြုပြင်ကာ အနာဂတ်ကို ဂရုတစိုက်နေထိုင်သွားသူ ပြစ်မှုကျူးလွန်ခဲ့သူတိုင်းနှင့်အကျုံးဝင်သည်။

ဤအာယသ်တော်များ၏အပြည့်အဝရှင်းလင်းချက်ဆီသို့ကျွန်ုပ်တို့သွားကြစို့။ ပထမအာယသ်တော်(၅၄) ထဲ၌ - وَإِذَا جَآءَكَ ٱلَّذِينَ يُؤْمِنُونَ بِـَٔايَٰتِنَا فَقُلْ سَلَٰمٌ عَلَيْكُمْ كَتَبَ رَبُّكُمْ عَلَىٰ نَفْسِهِ ٱلرَّحْمَةَ ဟူ၍မိန့်ထားသည်။ ဆိုလို သည်မှာ အလ္လာဟ်အရှင်မြတ်၏အာယသ်တော်(ဤနေရာပါအာယသ်ဟူသောစကားလုံးသည် ကုရ်အာန်ကျမ်းတော် မြတ်ပါအာယသ်များဟု အဓိပ္ပာယ်သက်ရောက်သကဲ့သို့ အာယသ်သည်အလ္လာဟ်အရှင်မြတ်၏ပြီးပြည့်စုံသော တန်ခိုးတော်၏ယေဘုယျလက္ခဏာတော်များဟူ၍လည်း အဓိပ္ပါယ်သက်ရောက်သည်။)တို့ကို ယုံကြည်သူများ အသင့်ထံလာရောက်ခဲ့လျှင် - سَلَٰمٌ عَلَيْكُمْ "ချမ်းမြေ့သာယာခြင်းသည် အသင်တို့အပေါ်၌ (သက်ရောက်ပါစေသား)" ဟူ၍ပြောဆိုနှုတ်ဆက်ရမည်ဟု တမန်တော်မြတ်ﷺသခင်ကို ညွှန်ကြားထားသည်။ ဤနေရာပါ "စလာမွန် အလိုင်းကွန်မ်"တွင်အဓိပ္ပာယ်နှစ်မျိုးရှိနိုင်သည်။ "စလာမ်"(သို့) အလ္လာဟ်အရှင်မြတ်၏နှုတ်ခွန်းဆက်သမှုကို ၎င်းတို့အပေါ်ပို့သပါ။ ယင်းမှာ ၎င်းတို့ရရှိနိုင်သည့် အမြင့်မားဆုံးသောဂုဏ်ဖြစ်သည်ဟူသည်ကို ဆိုလိုနိုင်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် ကိုရိုက်ရှိအကြီးအကဲများက ၎င်းတို့မလာရောက်မီ လူစုလူဝေးမှ ဖယ်ရှားထားပါဟု ပြောကြားခံရသည့်သူဆင်းရဲ မုစ်လင်မ်များ၏ဝမ်းနည်းပက်လက်ဖြစ်မှုအတွက် အကောင်းဆုံးဖြေဆေး ဖြစ်လာပါလိမ့်မည်။ သို့မဟုတ်ပါက နောက်တစ်မျိုးအဓိပ္ပာယ်သက်ရောက်နိုင်သည်မှာ "၎င်းတို့အား လုံခြုံစွာနှင့် ကာကွယ်စောင့်ရှောက်ထားသည်ဟူသောကောင်းသတင်းအား အသင်၎င်းတို့ကို ပေးပါလေ။ ဆိုလိုသည်မှာ အကယ် ၍၎င်းတို့ပြုလုပ်ထားခဲ့သည့်အမှားတစ်ခု(သို့) ချို့တဲ့မှုရှိခဲ့လျှင် ၎င်းတို့အတွက် ခွင့်လွှတ်ပြီးဖြစ်နေကာ အလုံးစုံသောဘေးဥပါဒ်ပေါင်းစုံမှ ကာကွယ်ပြီးဖြစ်နေလိမ့်မည်။" ဟူ၍ဖြစ်သည်။

အာယသ်တော်၏နောက်ဝါကျထဲတွင် ထပ်ဆောင်း၍မျက်နှာသာပေးမှုနှင့်ဆုလာဘ်များ ကတိပြုခဲ့ကြောင်း- كَتَبَ رَبُّكُمْ عَلَىٰ نَفْسِهِ ٱلرَّحْمَةَ ထဲတွင် မိန့်ထားသည်။ ဤမုစ်လင်မ်များအား အသင်ပြောကြားပါလေ။ ဤမုစ်လင်မ်များအပေါ်၌ အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုပြသမည်ဆိုသည်ကိုအရှင် မြတ်ကိုယ်တိုင်

ကတိပြုထားသည်။ ထို့ကြောင့် ထိုသူတို့သည် ကြောက်ရွံ့စရာမလိုချေ။ ဦးစွာပထမ "ရဗ်" ဟူသော စကားလုံးသုံးနှုန်းထားခြင်းဖြင့် အာယသ်တော်ပါရသင့်ရထိုက်သည်ကို အလ္လာဟ်အရှင်မြတ်သည် သင်တို့ကိုပြုစု ပျိုးထောင်သောအရှင်၊ ကျွေးမွေးစောင့်ရှောက်သောအရှင်၊ အစာအဟာရ ထောက်ပံ့တော်မူသောအရှင် ဟူသည်တို့ဖြင့် သက်သေပေးထားသည်။ ပြုစုပျိုးထောင်သူသည် ၎င်းပြုစုပျိုးထောင်သည်ကို အချိုးအနှိုးမဖြစ်စေသည်မှာ ကားထင်ရှားသည်။ ထို့နောက် ထိုပြုစုပျိုးထောင်ကျွေးမွေးထောက်ပံ့သောအရှင်ရဗ်က ကတိပြုထားသောအကြင်နာသနားမှုကို ပိုမိုလေးနက်၍ ချစ်ခင်မှုပါဝင်သော အဆိုအမိန့် "၎င်းတို့၏ရဗ်က ဤကြင်နာသနားမှုကိုအရှင်မြတ်ကိုယ်တိုင်ပြဋ္ဌာန်းထားခဲ့သည်" ဖြင့် ထပ်မံ၍ ရှင်းလင်းထားသည်။ ပျမ်းမျှခြင်းအားဖြင့် လူကောင်းတစ်ယောက်သည်ပင်လျှင် ၎င်း၏ကတိကဝတ်ကို ဖျက်လိမ့်မည် မဟုတ်သည်မှာ ထင်ရှားခဲ့လျှင် ကမ္ဘာများ၏အရှင်သခင်ကိုယ်တော်တိုင်က မည်သို့ဖျက်အံ့နည်း။ အထူးသဖြင့် ဤကတိကိုရေးသားခြင်းအားဖြင့် မှတ်တမ်းတင်၍ထိန်းသိမ်းခဲ့သည်ဆိုလျှင် ပို၍ပင်မဖျက်ချေ။

စိုက်ယိဒိနာ အပူဟုရိုင်ရဟ်(ﷺ)သခင်၏ ဆင့်ပြန်ချက်တစ်ခုပေါ်အခြေခံ၍ ဆွဟီးဒ်အလ်ဗုခါရီကျမ်း၊ မုစ်လင်ကျမ်းနှင့် မုတ်စ်နတ်အဟ်မဒ်ကျမ်းတို့တွင် တင်ပြထားသည်မှာ ကိုယ်တော်မြတ်(ﷺ)မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းမှုတစ်ခုလုံးဖန်ဆင်းပြီး လူတိုင်း၏ကံကြမ္မာကိုဆုံးဖြတ်ပြီးသောအခါ အရှ်ရှ်တော်ပေါ်ရှိ စာအုပ်တစ်အုပ်တွင် အရှင်မြတ်ကရေးမှတ်ခဲ့သည်မှာ- إِنَّ رَحْمَتِي غَلَبَتْ غَضَبِي "ငါအရှင်မြတ်၏ကြင်နာသနားမှုသည် ငါအရှင်၏အမျက်ဒေါသပေါ်လွှမ်းမိုးတော်မူသည်"ဟူ၍ဖြစ်သည်။

ထို့ပြင် စိုက်ယိဒိနာစလ်မာမ်(ﷺ)မိန့်ခဲ့သည်မှာ "သောင်ရတ်ကျမ်းထဲတွင်ရေးသားထားခဲ့သည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်၊ ကမ္ဘာမြေကြီးနှင့် ယင်းထဲတွင်ရှိသောအလုံးစုံကိုဖန်ဆင်းပြီးသောအခါ၌ အရှင်မြတ်သည် အရှင်မြတ်၏ကြင်နာသနားမှုကို အပိုင်းတစ်ရာပိုင်းခြားလိုက်သည်။ ဤသည်မှ တစ်ပိုင်းကိုဖန်ဆင်းခဲ့အားလုံးအပေါ် ထိုအရှင်က ဝေငှလိုက်သည်။ ထို့နောက်ဤကြင်နာသနားမှု၏ မည်သည့်ကောင်းချီးကိုမဆို လူသားများ၊ တိရစ္ဆာန်များနှင့် အခြားအဖန်ဆင်းခဲ့အရာများတွင်တွေ့ရှိရလျှင် ယင်းသည် ဤအစိတ်အပိုင်းကြောင့်ဖြစ်ပေသည်။ မိဘနှင့်သားသမီး၊ ညီအစ်ကိုမောင်နှမ၊ ဇနီးခင်ပွန်း၊ ဆွေမျိုးညာတိများ၊ အိမ်နီးချင်းများနှင့် မိတ်ဆွေအပေါင်းအဖော်များကြားအချင်းချင်းချစ်ခင်ကြင်နာမှုနှင့် ဝန်ပြုမှုသည် အလ္လာဟ်အရှင်မြတ်၏ကြင်နာသနားတော်မူခြင်း၏ ဝေစုမှရလာဒ်ဖြစ်သည်။ ကျန်သောနှင့် ဝန်ပြုမှုသည် အလ္လာဟ်အရှင်မြတ်၏ကြင်နာသနားမှု (၉၉)ပုံသည် အရှင်မြတ်အတွက်အရှင်မြတ်ကိုယ်တိုင် သိမ်းဆည်းထားတော်မူသည်။ ဤအကြောင်းအရာကို ကိုယ်တော်မြတ်(ﷺ)သခင်မှ ဟဒီးဆ်တော်တစ်ရပ်အနေဖြင့် ဖော်ပြခဲ့သည့် အခြားဆင့်ပြန်ချက်များလည်းရှိပေသည်။ ဤသည်က အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းမှုအတွက် အရှင်မြတ်၏ကြင်နာသနားမှုအရည်အသွေးနှင့်အတိုင်းအတာကိုပြသပါသည်။

မည်သည့်ကောင်းကင်စေတမန်တစ်ပါးကသော်လည်းကောင်း၊ မည်သည့်လူသားတစ်ဦးကသော်လည်းကောင်းပြုလုပ်သော အီဗာဒသ်(ခဝပ်ကိုးကွယ်မှု)(သို့) အီသွာအဟ်(အမိန့်နာခံခြင်း)တို့သည် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် ကောင်းသည်ဟူ၍မပြောနိုင်ချေ။ ကျွန်ုပ်တို့၏အီဗာဒသ်၊ အီသွာအဟ်နှင့်ကောင်းမှုလုပ်ရပ်များသက်သက်ကိုသာလျှင် မကြည့်သင့်ပါ။ အကယ်၍ကျွန်ုပ်တို့သည် ယင်းအရာများကို အမြင့်ထဲတွင်အမြင့်

ဆုံးနှင့်ဆက်နွယ်ကြည့်လျှင် ကျွန်ုပ်တို့လုပ်နိုင်သမျှသည် မကောင်းမှုဆိုသည်ထက်ပိုမသာကြောင်း ကျွန်ုပ်တို့နှိမ့်
ကျွန်ုပ်သိရပေသည်၊ သို့တိုင် တစ်စုံတစ်ဦးသည် ဖြစ်နိုင်ချေရှိသည်ကိုလုပ်နိုင်သည့်အတွက် ကျေးဇူးတင်ရှိရမည်၊
အထူးသဖြင့် အလ္လာဟ်အရှင်မြတ်၏ကာကွယ်စောင့်ရှောက်မှုမရသရွေ့ မည်သည့်လူသားမျှ စစ်မှန်သောမကောင်း
မှုနှင့်ဂုနာဟ်အပြစ်များမှမကင်းစင်ချေ၊ ဤသို့သောအခြေအနေမျိုးဌိမည်သူမျှ ယေဘုယျပြစ်ဒဏ်ခတ်ခံရခြင်း
မှ မလွတ်ကင်းနိုင်ဟုပြောဆိုလျှင် တရားပါသည်၊ သို့သော်လည်း အမှန်တကယ်ဖြစ်ပျက်နေသည်မှာ လူသား
တိုင်းသည် အလ္လာဟ်အရှင်မြတ်၏ကောင်းချီးမင်္ဂလာများအချိန်တိုင်း ပေးသနားခံနေရပေသည်။ ဤသည်မှာ
ကြီးကျယ်မြင့်မြတ်တော်မူသည့်စကြဝဠာတစ်ခုလုံး၏ ပြုစုပျိုးထောင်တော်မူသောအရှင်က အရှင်မြတ်၏တာဝန်ဟု
ဆွေးမှတ်ထားသောကြောင့်နာအသနားမှု၏ တိုက်ရိုက်ရလဒ်ပင်ဖြစ်သည်။

ဂုနာဟ်အပြစ်တိုင်းသည် သောင်ဗဟ်(ဝန်ချတောင်းပန်ခြင်း)အားဖြင့် ခွင့်လွှတ်ခံရသည်

အာယသ်တော်(၅၄)၏ တတိယဝါကျထဲတွင် အလ္လာဟ်အရှင်မြတ်၏ ဤပြီးပြည့်စုံတော်မူသောကြင်နာ
သနားမှုကို ဥပဒေတစ်ရပ်အသွင်ဖြင့် - ثُمَّ تَابَ مِنْ بَعْدِهِ وَأَصْلَحَ فَأَنَّهُ غَفُورٌ رَّحِيمٌ بِجَهَالَةٍ مِنكُمْ سُوٓءًا
ဖော်ပြထားသည်၊ ဆိုလိုသည်မှာ အသင်တို့အနက်မှ တစ်စုံတစ်ဦးသည် မကောင်းမှုတစ်စုံတစ်ရာကို ပြုလုပ်ခဲ့ကာ
ယင်းကိုမသိနားမလည်စွာ ပြုလုပ်ပြီးနောက် ဝန်ချတောင်းပန်၍ သူ၏လုပ်ရပ်ကိုပြင်ဆင်ခဲ့လျှင် အလ္လာဟ်
အရှင်မြတ်သည် အလွန်တရာခွင့်လွှတ်တော်မူ၍ ထိုအရှင်မြတ်သည် သူ၏ဂုနာဟ်အပြစ်များကို ခွင့်လွှတ်တော်
မူလိမ့်မည်၊ ထို့ပြင် ထိုအရှင်မြတ်သည်အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်၍ ခွင့်လွှတ်မှုတစ်ခုတည်း
သာမက ကျေးလွန်သူကို ဆုလာဘ်များလည်းချီးမြှင့်တော်မူမည်ဖြစ်သည်။

**[L-ae-J- ('ဂျဟာလာဟ်' စာပေသဘောအရ မသိနားမလည်ခြင်း၊ မသိနားမလည်စွာလုပ်ဆောင်ခြင်းဟု
အဓိပ္ပာယ်နှင့်သုံးစွဲထားသည်)ဟူသော စကားလုံးမှ တစ်စုံတစ်ဦးသည် ပြစ်မှုဂုနာဟ်တစ်ခုကို မသိနားမလည်သော
အခြေအနေနှင့်ကျူးလွန်ခဲ့မှ ဤခွင့်လွှတ်ခံရမှုကတိက အကျုံးဝင်၍ သိလျှက်နှင့်အပြစ်ဂုနာဟ်တစ်ခုကျူးလွန်
ခဲ့လျှင် ဤအမိန့်ပညတ်မှုက်တွင် အကျုံးမဝင်ဟု မှတ်ယူနိုင်သည်၊ သို့သော်လည်း ဤသည်မမှန်ကန်ချေ။ အဘယ်
ကြောင့်ဆိုသော် ဤနေရာပါ ဂျဟာလာဟ်(မသိနားမလည်ခြင်း)သည် မသိနားမလည်သောလုပ်ရပ်ကို ရည်ညွှန်း
သောမသိနားမလည်စွာလုပ်ဆောင်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ဆိုလိုသည်မှာ သူ(သို့)သူမလုပ်ရပ်၏
ရလဒ်ကို သတိမမူဘဲ မသိနားမလည်သူတစ်ဦးလုပ်ဆောင်သကဲ့သို့လုပ်ဆောင်အဆုံးသတ်ခြင်းဖြစ်သည်။ လုပ်ရပ်
ကိုလုပ်ဆောင်သူမှာ အမှန်တကယ်မသိနားမလည်သူဖြစ်ခြင်းဆိုသည်က အရေးမကြီးချေ။ ဤသည်ကို ဂျဟာ
လယ်ဟူသောစကားလုံးသုံးနှုန်းထားခြင်းဖြင့် အတည်ပြုထားသည်၊ ဤနေရာ၌ ဂျဟ်လ်ဆိုသည့်စကားလုံးအစား
ဂျဟာလာဟ်ဟူသောစကားလုံး သုံးထားခြင်းက အဓိပ္ပာယ်သိမ်မွေ့ခြင်းကိုထောက်ပြသည်။ အကြောင်းမှာ
"ဂျဟ်လ်"(သည်လည်းမသိနားမလည်ခြင်းဟု အဓိပ္ပာယ်ဆောင်သည်။) "ဂျဟ်လ်"သည် "အီလ်မ်"(အသိပညာ)
၏ဆန့်ကျင်ဘက်စကားလုံးဖြစ်ကာ "ဂျဟာလာဟ်"သည် သိနားခံခြင်း၊ ဂုဏ်အသရေရှိခြင်းတို့၏ ဆန့်ကျင်ဘက်
အနေအထားတွင်ရှိသည်၊ အခြားတစ်နည်းအားဖြင့် "ဂျဟာလာဟ်"ဟူသောစကားလုံးသည် သုံးရိုးသုံးစဉ်တွင်
လုပ်ရပ်တစ်ခုအတွက် မသိနားမလည်မှုကို လက်တွေ့လုပ်ရပ်က ပြသသောသဘောဆောင်သောအခါ သုံးနှုန်း

သည်။ အနည်းငယ်စဉ်းစားလိုက်ရုံဖြင့် ပြစ်မှုဂုနာဟ်တစ်ရပ်ကို တစ်စုံတစ်ဦးကကျူးလွန်ခဲ့သောအခါတွင် ဤလက်တွေ့မသိနားမလည်မှုကြောင့် ကျူးလွန်မှုဖြစ်သွားပါသည်။ ထို့ကြောင့် အချို့ဘုရားတရား ကြည်ညိုလေးစားသောအကြီးအကဲတို့ကပြောသည်မှာ အလ္လာဟ်အရှင်မြတ်နှင့်အလ္လာဟ်အရှင်မြတ်၏တမန်တော်တို့က ထုတ်ပြန်ထားသောမည်သည့်အမိန့်ကိုမဆို ဆန့်ကျင်သောသူသည် "ကုဖိရ်"(မသိနားမလည်သောသူ)တစ်ဦးဖြစ်သွားပါသည်။ ဤသည်အတွက် သင်ကြားပေးခြင်းမခံရခြင်းနှင့်အသိပညာချို့တဲ့ခြင်းတို့နှင့်မဆိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွဟီးအဟ်ဒီးဆ်နတ်စ်တို့၏ မြောက်မြားစွာနှင့်တိကျပြတ်သားသောအဆိုအမိန့်များက အပြစ်ဂုနာဟ်တိုင်းတို့ကို မသိနားမလည်ခြင်းကြောင့်လည်းကောင်း၊ သတိမမူခြင်းတို့ကြောင့်လည်းကောင်း ကျူးလွန်ခဲ့သည်ဖြစ်စေ၊ ကျူးလွန်သူ၏ကောက်ကျစ်စဉ်းလဲမှု(သို့) တစ်စုံတစ်ဦး၏ဆန္ဒကို မျက်စိမှိတ်လိုက်နာကာသိလျှက်နှင့် တမင်တကာ ကျူးလွန်သည်ဖြစ်စေ၊ ဝန်ချတောင်းပန်ခြင်းပြုပါက ခွင့်လွှတ်ခြင်းခံရနိုင်ပါသည်ဟု သက်သေပြပါသည်။

ဤနေရာ၌ ဤအာယသ်တော်ထဲတွင် ပြစ်မှုဂုနာဟ်ကျူးလွန်သူတို့အတွက် အသနားတော်နှင့်ခွင့်လွှတ်ခြင်းကို ကတိပြုရာတွင် စည်းကမ်းချက်နှစ်ရပ်သတ်မှတ်ထားပါသည်။ ယင်းမှာ(က)သောင်ဗဟ်ဝန်ချတောင်းပန်ခြင်းနှင့် (ခ) "အာမာလ်၏ "အိဆ်လာဟ်" (မကောင်းမှုလုပ်ရပ်ကိုပြုပြင်ခြင်း)"ဟူ၍ဖြစ်ပါသည်။ "သောင်ဗဟ်"သည် ပြစ်မှုဂုနာဟ်အတွက် အရှက်ရခြင်းဟု အဓိပ္ပာယ်ဆောင်ပါသည်။ اِنَّمَا التَّوْبَةُ النَّدَمُ "နဒမဟ်"၏အခြားအမည်သည် သောင်ဗဟ်(သို့) ဝန်ချတောင်းပန်ခြင်းဖြစ်ပါသည်။ "နဒမဟ်"သည် အရှက်ရခြင်း၊ ဝမ်းနည်းပူဆွေးခြင်းတို့ဖြစ်သည်။)ဟူ၍ ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားထားပါသည်။

ဒုတိယအချက်ဖြစ်သော လုပ်ရပ်များကို ပြင်ဆင်ခြင်းဆိုသည်မှာယခင်ကဖြစ်ပျက်ခဲ့သည်များကို အနာဂတ်တွင် ထပ်မံမဖြစ်ပျက်စေရန် တစ်စုံတစ်ဦးသည်ဂရုပြုသင့်သည်ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် တစ်စုံတစ်ဦး၏လုပ်ရပ်များကိုကောင်းမွန်စေရန် ကြိုးစားလုပ်ဆောင်သောဤလုပ်ရပ်တွင် ပြစ်မှုဂုနာဟ်အနီးသို့ တစ်ဖန်ပြန်လည်မရောက်စေရန် ခိုင်မာသော သန္နိဋ္ဌာန်ချခြင်းနှင့် အချိန်တိုင်း တစ်စုံတစ်ဦး၏လုပ်ဆောင်မှုတို့ကိုပြည့်ပြည့်ဝဝစစ်ဆေးခြင်းတို့ပါဝင်ပါသည်။ ၎င်းပြင် ထပ်မံပါရှိသည်မှာ ထိုပြစ်မှုဂုနာဟ်ကြောင့် တစ်စုံတစ်ဦး၏ရပိုင်ခွင့်အားလုံးတို့ကို ထိုပြစ်မှုကြောင့် ဖေါက်ဖျက်ခဲ့ခြင်း(သို့) ညှိနှိုင်းခဲ့ခြင်းများကို တစ်စုံတစ်ဦး၏အကောင်းဆုံးစွမ်းဆောင်နိုင်မှုအရ အစားပေးရပါမည်။ ယင်းတို့သည် "ဟုကုကုလ်လာဟ်"အလ္လာဟ်အရှင်မြတ်၏ ရပိုင်ခွင့်များ(သို့) အလ္လာဟ်အရှင်ကျေးကျွန်၏ရပိုင်ခွင့်များ ဟုကုကုလ်အီဗဒ်တို့ဖြစ်နိုင်ပါသည်။ အလ္လာဟ်အရှင်မြတ်၏ရပိုင်ခွင့်ဥပဒေများမှာ မပြုမနေရတာဝန်ဝတ္တရားများဖြစ်သော ဆွလာသ်၊ ဆောင်မ်၊ ဇကားသ်နှင့်ဟာဂ်ျတို့တွင်ချို့တဲ့ခြင်းတို့ဖြစ်ပါသည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်၏ရပိုင်ခွင့်ဥပဒေများမှာ တစ်စုံတစ်ဦး၏ပစ္စည်းဥစ္စာများအား တရားမဝင်အလွဲသုံးစားပြုလုပ်ခြင်း၊ တစ်စုံတစ်ဦး၏ဂုဏ်သိက္ခာအားထိခိုက်ခြင်းနှင့်တစ်စုံတစ်ဦးအားနာကျင်မှုဖြစ်စေရန် မဖွယ်မရာပြောဆိုခြင်း(သို့) အခြားသောနည်းတို့ဖြင့် ပြုမူဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

ထို့ကြောင့် "သောင်ဗဟ်"ဝန်ချတောင်းပန်မှုတစ်ရပ် အကြွင်းမဲ့ပြည့်စုံသောနည်းလမ်းမှာ အတိတ်ကပြစ်မှုဂုနာဟ်တို့အတွက် ဦးစွာပထမအရှက်ရရမည်မှာ အရေးကြီးပါသည်။ ထို့နောက်မှ အလ္လာဟ်တအာလာထံ

မှခွင့်လွှတ်ခြင်းကို တောင်းခံရန်ဖြစ်သည်။ ထို့နောက်မှ တစ်စုံတစ်ဦး၏မှန်ကန်ပြီး ဖြောင့်မှန်သောလုပ်ရပ်ကို ထိန်းသိမ်းနိုင်စေရန်အတွက် ထိုပြစ်မှုအနားသို့ ဘယ်သောအခါမှ တဖန်ပြန်လည်၍မသွားရောက်ပါဟူ၍ သန့်ရှင်း ချရပါမည်။ အလားတူစွာပင် ဂရုမပြုမူကြောင့်လက်လွှတ်ခဲ့သော(ဆွလာသ်)များ ဥပုသ်(ဆောင်မ်)များကို ကသွာအစားထိုးဖြည့်ဆည်းသင့်သည်မှာလည်းအရေးကြီးပါသည်။ ထို့နောက် အစောပိုင်းက မပေးဆောင်ခဲ့သော မည်သည့်ဇကားသ်မျိုးမဆို ယခုအခါပေးဆောင်ရပါမည်။ အကယ်၍ မပြုမနေရတာဝန်ဖြစ်သော ကုရ်ဗာနီ(သို့) ဆွဒ်ကာသုလ်ဖိသ်ရ်(ရမသွာန်လမြတ်၏နောက်တွင် ဆင်းရဲပြီးချို့တဲ့သူများအတွက်အလှူဒါန)တို့ကို တာဝန်ယူ ဆောင်ရွက်ရန် ချို့တဲ့ခဲ့ပါက ၎င်းတို့အားဖြည့်ဆည်းပေးဆောင်ရပါမည်။ အကြွင်းမဲ့မပြုမနေရဖရသ်ွတာဝန် ဖြစ်သော ဟာဂ်ျကို သူ(သို့)သူမမလုပ်ဆောင်ခဲ့ပါက ယခုအခါတွင် လုပ်ဆောင်သင့်ပါသည်။ ၎င်းနောက် အကယ် ၍ ယင်းကိစ္စကိုကိုယ်တိုင်ကိုယ်ကျမဆောင်ရွက်နိုင်ပါက တစ်စုံတစ်ဦးသည် သူ(သို့)သူမ၏ကိုယ်စား(ဟာဂ်ျဗဒလ်) ကိုလုပ်ဆောင်ရန် အစီအစဉ်ပြုလုပ်သင့်ပါသည်။ ၎င်းနောက် အကယ်၍တစ်စုံတစ်ဦးသည် သူ၏သက်တမ်းတွင် ဟာဂ်ျပြုရန်အတွက် တရားဝင်ကိုယ်စားလည်လွှဲရန် အစီအစဉ်ပြုရန် အချိန်မရှိခြင်းနှင့် ကသွာလုပ်ဆောင်ရန် အချိန်ကျလာသည်ကို ကိုယ်တိုင်ကိုယ်ကျ မလုပ်ဆောင်နိုင်ခဲ့ပါလျှင် သူ/သူမသည်"ဝဆီယဟ်"(သေတမ်းစာ) တစ်ခုပြုလုပ်သင့်ပါသည်။ သို့မှသာ ၎င်း၏အမွေဆိုင်များ(သို့) အမွေဆက်ခံသူများသည် သူ/သူမထမ်းဆောင် ရမည့်တာဝန်ဝတ္တရားတို့အတွက် "ဖိဒ်ယဟ်"(ဒဏ်ကြေး)ပေးဆောင်မှုကို တာဝန်ယူနိုင်ကာ သူ/သူမကိုယ်စား ဟာဂ်ျပြုရန်အစီအမံများပြုလုပ်နိုင်ပါလိမ့်မည်။ အတိုချုပ်ဆိုရသော် "လုပ်ရပ်များကိုပြင်ဆင်ခြင်း"အတွက် အနာဝတ်အပြုအမူများကိုပြင်ဆင်ရုံမျှဖြင့် မလုံလောက်ပါ။ အတိတ်ကမပေးဆောင်ခဲ့သော မပြုမနေရပေးဆောင် ရမည်များကို ပေးဆောင်ခြင်းအားဖြင့် ပြုပြင်မှုများလုပ်ရန်ကိုလည်း လိုအပ်ပါသည်။

အလ္လာဟ်ကျေးကျွန်များ၏ရပိုင်ခွင့်များ(ဟုကုကုလ်အီဗဒ်)တွင်လည်း အလားတူဖြစ်ပါသည်။ အကယ်၍ တစ်စုံတစ်ဦး၏ ပစ္စည်းဥစ္စာများအား တရားမဝင်ရယူထားခဲ့ပါက ယင်းတို့ကို ပြန်လည်ပေးအပ်ရပါမည်။ သို့ မဟုတ်ပါမူ ယင်းတို့အတွက် သူထံမှခွင့်လွှတ်မှုရယူရပါမည်။ ၎င်းပြင်အကယ်၍တစ်စုံတစ်ဦးအား နှုတ်အားဖြင့် သော်လည်းကောင်း ကိုယ်ထိလက်ရောက်အားဖြင့်သော်လည်းကောင်း အနာတရဖြစ်စေခဲ့ပါက ထိုနစ်နာသူထံမှ ခွင့်လွှတ်မှုရယူရပါမည်။ ၎င်းနောက် အကယ်၍ထိုသူထံမှ ခွင့်လွှတ်မှုရယူရန်အတွက်တစ်စုံတစ်ဦးလုပ်နိုင်စွမ်း အရ ဖြစ်နိုင်ချေမရှိသောအချိန်အခါမျိုး၊ ပမာဆိုသော် သူသေဆုံးသွားသည့်အခါ(သို့) လိပ်စာမသိရသော အခြား တစ်နေရာသို့ပြောင်းသွားသောအခါ ထိုသို့သောအချိန်အခါမျိုးများတွင် ထွက်ပေါက်မှာ ထိုသူ၏ခွင့်လွှတ်မှုကို ရရန်တောင်းဆိုသည့်အနေဖြင့် အလ္လာဟ်အရှင်မြတ်ထံတော်တွင် တစ်စိုက်မတ်မတ်ဒုအာတောင်းဆိုမှုပြုလုပ် ရပါမည်။ ထိုကဲ့သို့လုပ်ဆောင်ပါက ရပိုင်ခွင့်ရှိသောသူသည် ကျေနပ်နှစ်သိမ့်သွားလိမ့်မည်ဟု မျှော်လင့်နိုင်ပါ ပါလိမ့်မည်။

tm, of (56-58)

قُلْ إِنِّي
نُهِيتُ أَنْ أَعْبُدَ الَّذِينَ تَدْعُونَ مِنْ دُونِ اللَّهِ ۖ قُلْ لَا
أَتَّبِعُ أَهْوَاءَكُمْ قَدْ ضَلَلْتُ إِذًا وَمَا أَنَا مِنَ الْمُهْتَدِينَ ﴿٥٦﴾
قُلْ إِنِّي عَلَىٰ بَيِّنَةٍ مِنْ رَبِّي وَكَذَّبْتُمْ بِهِ ۚ مَا عِنْدِي مَا
تَسْتَعْجِلُونَ بِهِ ۚ إِنِ الْحُكْمُ إِلَّا لِلَّهِ ۖ يَقُصُّ الْحَقَّ وَهُوَ
خَيْرُ الْفَاصِلِينَ ﴿٥٧﴾ قُلْ لَوْ أَنَّ عِنْدِي مَا تَسْتَعْجِلُونَ بِهِ
لَقُضِيَ الْأَمْرُ بَيْنِي وَبَيْنَكُمْ ۗ وَاللَّهُ أَعْلَمُ بِالظَّالِمِينَ ﴿٥٨﴾

(အို-နဗီတမန်တော်)အသင်သည်(ဤသို့)ပြောကြားပါလေ။ "အလ္လာဟ်အရှင်မြတ်ကို စွန့်ပယ်၍ သင်တို့ဟစ်ခေါ်တသကြကုန်သောသူတို့အား ကိုးကွယ်ဆည်းကပ်ခြင်းမှ ငါသည်တားမြစ်ခြင်းကို ခံရပြီးဖြစ်သည်။ အသင်သည်(ဤသို့လည်း)ပြောကြားပါလေ။ "ငါသည်အသင်တို့၏အချည်းအနှီးသောအလိုဆန္ဒများကိုအလျင်းလိုက်နာမည်မဟုတ်ပေ။ သို့လိုက်နာမိပါလျှင်ငါသည် လမ်းမှားသို့ရောက်သွားပေမည်။ ၎င်းပြင်ငါသည်တရားလမ်းမှန်ကိုရရှိသူတို့တွင်လည်းအပါအဝင်ဖြစ်မည်မဟုတ်ပေ။ (၆း၅၆)

(အို-နဗီတမန်တော်)အသင်သည် (ဤကဲ့သို့)ပြောကြားပါလေ။ မုချကောန်ငါသည်မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှဖြစ်သော (ကြီးမားထင်ရှားသော)သက်သေသာဓကအပေါ်၌တည်ရှိပေသည်။ သို့ရာတွင် အသင်တို့သည် ထို(သက်သေသာဓက)ကိုပင် မဟုတ်မမှန်ဟုငြင်းပယ်ခဲ့ကြလေသည်။ အသင်တို့အလျင်စလိုတောင်းဆိုကြသောအရာ(ပြစ်ဒဏ်)သည်ငါ့ထံ၌မရှိပေ။ အမိန့်အာဏာကိုကား အလ္လာဟ်အရှင်မြတ်သာလျှင်ပိုင်ဆိုင်တော်မူ၏။ ထိုအရှင်မြတ်သည်သာလျှင် အမှန်ကိုထုတ်ဖော်မိန့်ကြားတော်မူ၏။ ၎င်းပြင်ထိုအရှင်မြတ်သည်သာလျှင် အကောင်းဆုံးစီရင်ဆုံးဖြတ်တော်မူသောအရှင်ဖြစ်တော်မူပေသတည်း။ (၆း၅၇)

(အို-နဗီတမန်တော်)အသင်သည် (ဤသို့)ပြောကြားပါလေ။ "အကယ်၍ အသင်တို့အလျင်စလိုတောင်းဆိုနေကြသောအရာ(ပြစ်ဒဏ်)သည်ငါ့ထံ၌ရှိပါလျှင်ငါနှင့်အသင်တို့စပ်ကြားတွင်ဖြစ်ပေါ်နေသော ပြဿနာသည်ဖြေရှင်းပြီးဖြစ်ပေသည်။ အမှန်စင်စစ်အလ္လာဟ်အရှင်မြတ်သည် မတရားသောသူတို့ကို ကောင်းစွာသိတော်မူသောအရှင်ဖြစ်တော်မူသည်။ (၆း၅၈)

tm,ofawmfrsm;\ tqufqyf

အထက်ဖော်ပြပါ အာယသ်တော်များထဲ၌ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုဂုဏ်းတို့အပေါ် အဆောတလျင်ကျရောက်စေရန်အတွက် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ တောင်းဆိုမှုကိုဖြေကြားသည့်အနေဖြင့် **وَهُوَ خَيْرُ الْفٰصِلِيْنَ** (ထိုအရှင်သာလျှင် အကောင်းဆုံးစီရင်ဆုံးဖြတ်တော်မူသောအရှင်ဖြစ်တော်မူပေသတည်း)ဟု မိန့်ထားပြီး အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသောတန်ခိုးအာဏာတော်ကို- **وَاللّٰهُ اَعْلَمُ بِالظّٰلِمِيْنَ** (အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မတရားသောသူတို့ကို ကောင်းစွာသိရှိတော် မူသောအရှင်ဖြစ်တော်မူသည်)ဟု ဖော်ပြထားသည်။ ဤသည်နောက် စိတ်ကူးယဉ်ရသမျှသော အချက်အလက်များနှင့်ကံကြမ္မာအပေါ် အလ္လာဟ်အရှင်မြတ်၏သိရှိတော်မူခြင်းနှင့် တန်ခိုးအာဏာတို့၏ လွှမ်းခြုံထားမှုအကြောင်းဖော်ပြထားသည်။

XXXXXXXXXXX

tm, of (59–62)

وَعِنْدَهٗ مَفَاتِحُ الْغَيْبِ لَا يَعْلَمُهَآ اِلَّا هُوَ ۭ وَيَعْلَمُ مَا فِي الْبَرِّ وَالْبَحْرِ ۭ وَمَا
تَسْقُطُ مِنْ وَّرَقَةٍ اِلَّا يَعْلَمُهَا وَلَا حَبَّةٍ فِيْ ظُلُمٰتِ الْاَرْضِ وَلَا رَطْبٍ
وَّلَا يَابِسٍ اِلَّا فِيْ كِتٰبٍ مُّبِيْنٍ ۝ وَهُوَ الَّذِيْ يَتَوَفّٰىكُمْ بِالَّيْلِ وَ
يَعْلَمُ مَا جَرَحْتُمْ بِالنَّهَارِ ثُمَّ يَبْعَثُكُمْ فِيْهِ لِيُقْضٰٓى اَجَلٌ مُّسَمًّى ۚ
ثُمَّ اِلَيْهِ مَرْجِعُكُمْ ثُمَّ يُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ۝ وَهُوَ الْقَاهِرُ
فَوْقَ عِبَادِهٖ وَيُرْسِلُ عَلَيْكُمْ حَفَظَةً ۭ حَتّٰٓى اِذَا جَاۗءَ اَحَدَكُمُ
الْمَوْتُ تَوَفَّتْهُ رُسُلُنَا وَهُمْ لَا يُفَرِّطُوْنَ ۝ ثُمَّ رُدُّوْٓا اِلَى اللّٰهِ
مَوْلٰىهُمُ الْحَقِّ ۭ اَلَا لَهُ الْحُكْمُ ۡ وَهُوَ اَسْرَعُ الْحٰسِبِيْنَ ۝

၎င်းပြင် ထိုအရှင်မြတ်အထံတော်တွင် အကွယ်၌ရှိသောအရာများ၏(သော့များသည်ရှိ၏)။ (တစ်နည်း) ဘဏ္ဍာတော်များသည်ရှိ၏။ ယင်း(သော့များ-ဘဏ္ဍာတော်များကို)ထိုအရှင်မြတ်မှတစ်ပါး မည်သူမျှမသိချေ။ ၎င်းပြင်ထိုအရှင်မြတ်သည်သာလျှင် ပထဝီမြေ၌ရှိရှိသမျှသောအရာတို့ကိုဂင်း၊ သမုဒ္ဒရာပင်လယ်၌ရှိရှိသမျှသောအရာတို့ကိုဂင်း သိရှိတော်မူ၏။ ထို့ပြင်တစ်ဝ သစ်ရွက်တစ်ရွက်ကြွေကျသည်ကိုပင် ထိုအရှင်မြတ်သည် သိရှိတော်မူ၏။ ၎င်းပြင် ပထဝီမြေ၏ အမှောင်အထပ်ထပ်တွင်ကျနေသော(သစ်)စေ့ဟူသရွေ့တို့သည်လည်းကောင်း၊ စိမ်းစိုသောအရာဝတ္ထုဟူသရွေ့တို့သည်လည်းကောင်း၊ ခြောက်သွေ့သောအရာဝတ္ထုဟူသရွေ့တို့သည်လည်းကောင်း ရှင်းလင်းထင်ရှားသော(မှတ်တမ်း)စာအုပ်တွင်ရှိကုန်၏။ (၆း၅၉)

၎င်းပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်တည်း။ ထိုအရှင်မြတ်သည်အသင်တို့အား ညဉ့်အချိန်၌အိပ်စက်စေတော်မူ၏။ ၎င်းပြင် အသင်တို့နေ့၌ပြုမူသမျှတို့ကိုလည်း ထိုအရှင်မြတ်သည် သိရှိတော်မူ၏။ ထို့နောက် တစ်ဖန်ထိုအရှင်မြတ်သည် အသင်တို့အား ထိုနေ့၌ပြန်ထစေတော်မူ၏။ (တစ်နည်း)ယင်းအိပ်စက်ခြင်းမှပြန်နိုးစေတော်မူ၏။ သို့မှသာလျှင် သတ်မှတ်

ပြဋ္ဌာန်းထားသော သက်တမ်းသည်စေ့သွားပေမည်။ တစ်ဖန် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြကုန်အံ့။ ၎င်းနောက် ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုမူသမျှတို့ကို ထုတ်ဖော်မိန့်ကြားတော်မူအံ့။ (၆း၆၀)

၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် မိမိကျွန်များအပေါ်၀ယ် လွှမ်းမိုးတော်မူသောအရှင်ဖြစ်တော်မူ၏။ ၎င်းပြင်ထိုအရှင်မြတ်သည် အသင်တို့ထံ ထိန်းသိမ်းစောင့်ရှောက်သော("မလာအိကဟ်"ကောင်းကင်တမန်)များကို စေလွှတ်တော်မူ၏။ နောက်ဆုံးတွင် အသင်တို့အနက် တစ်ဦးဦးထံ"မရက်" သေခြင်းတရားသည် ဆိုက်ရောက်လာသောအခါ ငါအရှင်မြတ်၏("မလာအိကဟ်"ကောင်းကင်တမန်)များသည် ထိုသူ(၏အသက်ဇီဝိန်)ကိုရုပ်သိမ်းကြ၏။ ၎င်းပြင် ထို("မလာအိကဟ်ကောင်းကင်တမန်)တို့သည် (ငါအရှင်မြတ်၏အမိန့်တော်များကို လိုက်နာဆောင်ရွက်ရာတွင် အနည်းငယ်စိုးစဉ်းမျှ)ပေါ့လျော့ကြသည်မရှိချေ။ (၆း၆၁)

ထို့နောက်တစ်ဖန် ယင်းသူတို့သည် မိမိတို့၏အရှင်သခင်၏အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အထံတော်သို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရပေမည်။ နားထောင်ကြလေကုန်။ စီရင်ဆုံးဖြတ်ရန် တန်ခိုးအာဏာသည် ထိုအရှင်မြတ်၌သာရှိသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အမြန်ဆုံးစောကြောမေးမြန်းတော်မူမည့်အရှင်မြတ်ပင်ဖြစ်တော်မူသည်။ (၆း၆၂)

tusf[GJhfqkjcif;

jyfqifTem[fsm;rSmuJodkvHNHKGmeakdifaeUwGufcausmfMunhqHk;aqmifef;

ကမ္ဘာပေါ်ရှိ ဘာသာတရားအားလုံးအနက် သန့်စင်၍လက်တွေ့ကျင့်သုံးနိုင်သည့် ပုံရှိသော တစ်ပါးတစ်ဆူဝါဒသောင်ဟီးဒ်ကိုယုံကြည်ခြင်းသည် အစွမ်းသတ္တိသာသနာ၏ပေါ်လွင်ထင်ရှားသောလက္ခဏာဖြစ်သည်။ သောင်ဟီးဒ်သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းတည်ရှိနေခြင်းကို မှတ်ယူခြင်းတွင်သာ ကန့်သတ်မထားသည်မှာထင်ရှားသည်။ သောင်ဟီးဒ်သည် ထိုအရှင်နှင့်တုန်ိုင်းမရခြင်းနှင့်ထိုအရှင်မြတ်၏ ပြီးပြည့်စုံခြင်းနှင့်ပတ်သက်သောဂုဏ်တော်များတွင် တုန်ိုင်းစရာမည်သည်မှမရှိဟူသည်ကို ယုံကြည်ခြင်းဖြစ်သည်။ ထို့နောက် ထိုအရှင်မှအပမည်သည့်အဖန်ဆင်းခံမျှ ဤပြီးပြည့်စုံသည့်ဂုဏ်တော်များတွင် ဝေမျှခံစားသူရှိသည်ဟု မမှတ်ယူခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်၏ပြီးပြည့်စုံမှု ဤဂုဏ်တော်အချို့ကား အသက်၊ အသိပညာ၊ တန်ခိုးတော်၊ အကြား၊ အမြင်၊ အလိုဆန္ဒ၊ ဖန်ဆင်းမှု၊ စားနပ်ရိက္ခာတို့ဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ဂုဏ်တော်

အားလုံးတွင် အလွန်ပြီးပြည့်စုံတော်မူ၍ အရှင်မြတ်၏ မည်သည့်ဂုဏ်တော်တွင်မဆို ထိုအရှင်နှင့်တန်းတူအဖန်ဆင်းခံမရှိချေ။ ထို့နောက် ဤဂုဏ်တော်များအားလုံးအနက် ဂုဏ်တော်နှစ်ပါးမှာ အလွန်ပေါ်လွင်ထင်ရှားပေသည်။ ဤသည်တို့မှာ (အိလ်မ်)အသိပညာနှင့် (ကုဒရတ်)တန်ခိုးတော်တို့ဖြစ်သည်။ ထိုအရှင်မြတ်၏အသိပညာသည် တည်ရှိသည်ဖြစ်စေ၊ မတည်ရှိသည်ဖြစ်စေ၊ ပေါ်လွင်သည်ဖြစ်စေ၊ လျှို့ဝှက်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အရာများ၊ အက်တမ်များနှင့် အမှုန်များအားလုံးတို့အပေါ်၌ လွှမ်းခြုံထားသည်။ ထို့ကြောင့် ထိုအရှင်မြတ်၏တန်ခိုးတော်သည် အရာရာတိုင်းအားပြည့်ပြည့်ဝဝနှင့်မငြင်းကွယ်နိုင်လောက်အောင် ထိန်းချုပ်ဝန်းရံထားသည်။ အထက်ဖော် ပြပါအာယသ်တော်(၅၉ နှင့် ၆၀)တို့သည် ဤဂုဏ်တော်နှစ်ပါးကိုဖော်ပြထားသည်။ ထို့ပြင် ဤဂုဏ်တော်နှစ်ပါးသည် လျှို့ဝှက်ဆန်းကျယ် တုန်ခိုင်းမရဖြစ်သည်။ အကယ်၍တစ်စုံတစ်ဦးသည် ဤဂုဏ်တော်နှစ်ပါးကို ခိုင်ခိုင်မာမာ နှင့်ပြည့်စုံစွာယုံကြည်၍ ယင်းတို့သည် ၎င်းရှေ့မှောက်တွင်ရှိသည်ဟု စတင်စဉ်းစားသည်နှင့်တပြိုင်နက် သူသည် ပြစ်မှုဂုနာဟ်ကိုဖြစ်စေ၊ ဒုစရိုက်မှုကိုဖြစ်စေ မည်သည့်အခါတွင်မျှ ကျူးလွန်ရန်နှင့်ကျူးလွန်ရန်စဉ်းစားခြင်းကိုပင် ပြုလိမ့်မည်မဟုတ်။ ပြောစရာမလိုသည်မှာ လူတစ်ဦးပြောသမျှ ဆိုသမျှနှင့် လုပ်သမျှဟူသည်တို့တွင် မည်သည့်အခြေအနေတွင်ရှိနေပါစေ အချိန်တိုင်း၌ အရာရာအားလုံးကို သိရှိတော်မူသော အရာရာကိုဂရုပြုတော်မူသော၊ အရာရာတို့၏ တန်ခိုးတော်ရှင်သည် ၎င်းအားစောင့်ကြည့်နေသည်ဟု ၎င်းသိရှိထားလျှင်လည်းကောင်း၊ ထိုအရှင်သည် သူ့အားအတွင်းအပြင်သိတော်မူ၍ ၎င်းနှလုံးသားတွင်ရှိရည်ရွယ်ချက်နှင့်ဥနှောက်တွင်ရှိသော အတွေးအခေါ်ကိုပါ သိရှိတော်မူသည်ကိုလည်းကောင်း သိရှိခဲ့ပါလျှင် တန်ခိုးတော်အလုံးစုံနှင့် ပြည့်စုံတော်မူသောအရှင်သခင်၏ အမိန့်ဖိဆန်မှုအနည်းငယ်လေးမျှလောက်ကိုပင်လျှင် လုပ်ကိုင်ပါအံ့နည်း။ ဤသည်မှာဘာသာရေးအသုံးအနှုန်းအရ “အိစ်သိဇာရ်”ဟုခေါ်သော အထင်ကရ ဒဿနိကဆရာ၏မှတ်ကျောက်ပင်ဖြစ်သည်။(ခေတ်နဲ့အညီပြောရလျှင် အသင့်နှလုံးသားမှာ ကွန်ယက်တစ်ခုတည်ဆောက်၍ ရည်ညွှန်းမှုဘောင်သည်အမြဲဆက်ထားကာ ခလုတ်နှိပ်၍ “ကလစ်”ဆက်သွယ်ရုံသာဖြစ်သည်။ (အင်္ဂလိပ်ဘာသာပြန်သူ၏ စကားချပ်)

အဆုံးတွင် ကျွန်ုပ်တို့ပြောနိုင်သည်မှာ ဤအာယသ်တော်နှစ်ခုသည် ဆေးညွှန်းထိပ်ခေါင်ဖြစ်ကာ တစ်စုံတစ်ဦးကိုစံပြလူသားဖြစ်စေနိုင်သည်။ ထိုလူသားသည် မှန်ကန်သောလုပ်ရပ်များနှင့် ကောင်းသောစာရိတ္တများမွေးမြူ၍ တစ်သက်တာလုံးထိုနည်းလမ်းအတိုင်း နေသွားစေနိုင်သည်။

ပထမအာယသ်တော်(၅၉)ထဲ၌- **وَعِنْدَهُ مَفَاتِحُ الْغَيْبِ لا يَعْلَمُهَآ اِلَّا هُوَ** “၎င်းပြင် ထိုအရှင်မြတ်အထံတော်တွင်အကွယ်၌ရှိသောအရာများ၏ **مَفَاتِيْح**(သော့များသည်ရှိ၏)(တစ်နည်း) ဘဏ္ဍာတော်များသည်ရှိ၏။ ယင်း ìt-fˆM- (သော့များ၊ ဘဏ္ဍာတော်များကို) ထိုအရှင်မြတ်မှတစ်ပါး မည်သူမျှမသိချေ။”ဟု မိန့်ထားသည်။ ˆat-fˆM_ (မဖာသိဟ်သော့များ)ဟူသည့်စကားလုံးသည် ဗဟုဝုစ်ကိန်းဖြစ်သည်။ ယင်း၏ ဧကဝုစ်ကိန်းသည် မြိမ်ဟူသော စကားလုံးပေါ်တွင် ဇဇာရ်တင်ကာ မဖ်သာဟ်ဟုအသံထွက်၍ “ဘဏ္ဍာတော်”အဖြစ်အဓိပ္ပာယ်သက်ရောက်သကဲ့သို့ မြိမ်အောက်တွင် ဇေရ်ထည့်၍ “မိဖ်သာဟ်”ဟု အသံထွက်လျှင် သော့ဟုဆိုလိုသည်။ မဖာသိဟ်ဟူသော စကားလုံးသည် အဓိပ္ပာယ်နှစ်မျိုးလုံးကို အကျုံးဝင်စေသည်။ ထို့ကြောင့် အချို့ဋီကာရှင်များနှင့်ဘာသာပြန်ဆိုသူများသည် ယင်းစကားလုံးကို ဘဏ္ဍာတော်များဟူ၍လည်းကောင်း၊ အချို့သော သော့များဟူ၍လည်းကောင်း ကောက်ယူကြသည်။ မည်သို့ဆိုစေကာမူ ရလဒ်မှာ အတူတူဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘဏ္ဍာတော်များ၏သော့များကို ပိုင်ဆိုင်ခြင်းသည် ဘဏ္ဍာတော်များပိုင်ဆိုင်ခြင်းဟု မှတ်ယူသည်။

rmfolwpfqDHkwpfOD;ESihfrSa0rQdHpm;r&aomtv'm[ft&Sifjrwf\ *kPfawmfESpfyg;jzpfonfh tuG,f\toolyrmESihft<uif;rJhwefcdk;awmf

è_y^g-L^A အလ်ဂိုင်းဗ်ဆိုသည်မှာ မတည်ရှိသေးသောအရာများ(သို့) ၎င်းတို့သည် တည်ရှိသော်လည်း ယင်းတည်ရှိကြောင်းကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ အလွှာဟ်အရှင်မြတ်က အသိမပေးခြင်းကိုဆိုလိုသည်။ (မဇ်ဟရီ) ပထမအမျိုးအစားသည် ကိယာမသ်နှင့်ဆိုင်သော အဖြစ်အပျက်များနှင့်အခြေအနေများအကြောင်းကိုလည်းကောင်း၊ စကြဝဠာတွင် အနာဂတ်၌ဖြစ်ပျက်မည်တို့နှင့်သက်ဆိုင်သောအရာများကိုလည်းကောင်း ဆိုလိုသည်။ ပမာဆိုသော် မည်သူသည်မည်သည့်အချိန် မည်သည့်နေရာ၌မွေးဖွားမည်နည်း။ မည်သူဘာလုပ်မည်နည်း။ မည်သူအသက်မည်မျှရှည်စွာနေထိုင်မည်နည်း။ မည်သူသည် အသက်မည်မျှရှူမည်နည်း။ မည်သူသည် မည်သည့်နေရာမှာသေဆုံး၍ မည်သည့်နေရာမှာ မြှုပ်နှံခံရမည်နည်း။ မည်သူသည် မည်သည့်အချိန်၌ မည်မျှလောက် မည်သည့်စားနပ်ရိက္ခာရရှိလိမ့်မည်နည်း။ မည်သည့်အချိန်မည်သည့်နေရာ မည်မျှလောက် မိုးရွာမည်နည်းစသည်တို့ဖြစ်သည်။

ဒုတိယအမျိုးအစား၏ဥပမာကား အမျိုးသမီးတစ်ဦး၏သားအိမ်တွင်း၌တည်ရှိလာသော သန္ဓေသားပင်ဖြစ်သည်။ သန္ဓေသားသည်အကျင့်ကောင်းသည်၊ မကောင်းသည်၊ ရုပ်ဆိုးသည် လှသည်၊ မိန်းကလေးဖြစ်ခြင်း၊ ယောကျ်ားလေးဖြစ်ခြင်း စသည်တို့သည် တစ်ကမ္ဘာလုံးအသုံးချနိုင်ပြီး မလွဲမသွေယုံကြည်စိတ်ချကာ လက်ခံနိုင်ဖွယ်ရှိသည်ဆိုသည်များကို အကြွင်းမဲ့သဘော မည်သူမျှရေရာသေချာ မသိရှိရပါ။ (ယောကျ်ားလေး(သို့) မိန်းကလေးဖြစ်ခြင်းအတွက် ကိုယ်ဝန်ရင့်မာလာသောအခါ၌ ဓါတ်မှန်(အလ်ထရာဆောင်း)စသည်တို့နှင့် ဆုံးဖြတ်ခြင်းသည်ကား အခြားကိစ္စဖြစ်၍ လက်ရှိကျွန်ုပ်တို့ဆွေးနွေးနေသည်နှင့်မသက်ဆိုင်ပါ)။ အခြားမြောက်မြားစွာသော အကြောင်းအရာများတွင်လည်း ဤသည်နှင့်အလားတူ ၎င်းတို့ တည်ရှိလင့်ကစား မမြင်ကွယ်ရာနှင့် မသိနိုင်သော အဖန်ဆင်းခံများအဖြစ် ရှိနေသေးသည်။

ထို့ကြောင့် - **عِنْدَهُ مَفَاتِيْحُ الْغَيْبِ** ဟူသောဝါကျကဆိုသည်မှာ အကွယ်၌ရှိသော သော့များ(သို့) ဘဏ္ဍာများသည် အလွှာဟ်အရှင်မြတ်အထံတော်၌သာရှိသည်ဟူ၍ဖြစ်သည်။ { > d-nI_ အလွှာဟ်အရှင်မြတ်ထံတွင် သာရှိသည်ဟူသောအဓိပ္ပာယ်လာ အလွှာဟ်အရှင်သာလျှင် ထိုအရာများကို ပိုင်ဆိုင်၍ လက်ဝယ်ရှိသည်ဟုဆိုသည်။ ရလဒ်မှာ အလွှာဟ်အရှင်မြတ်သည်သာလျှင် အကွယ်ရှိဘဏ္ဍာတော်များ၏ ထိန်းချုပ်နိုင်သော အရှင်တစ်ပါးတည်းဖြစ်၍ ထိုအရှင်သတ်မှတ်ပြဋ္ဌာန်းပြီးသောအခါမှသာလျှင် ထိုအရာများတည်ရှိစေ၍ ယင်းတို့ကို ရှင်းလင်းစွာပြသနိုင်သော သီးသန့်တန်ခိုးတော်သည်လည်း ထိုအရှင်မြတ်၌သာလျှင်ရှိသည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်၏အခြားအာယသ်တော်-**وَاِنْ مِّنْ شَيْءٍ اِلَّا عِنْدَنَا خَزَآئِنُهٗ وَمَا نُنَزِّلُهٗٓ اِلَّا بِقَدَرٍ مَّعْلُوْمٍ** "စင်စစ်သော်ကား မည်သည့်အရာမျိုးမဆို ငါအရှင်မြတ်အထံတော်၌ ထိုအရာဝတ္ထု၏အစုအပုံများ (ဘဏ္ဍာတော်များ)သည်(အပြည့်) ရှိပေသည်။ သို့ရာတွင်ငါအရှင်မြတ်သည် ထိုအရာဝတ္ထုကို သတ်မှတ်ထားသောအတိုင်းအတာအချိန်အဆနှင့်အညီ သာလျှင်ချပေးတော်မူပေသတည်း။ (၁၅း၂၁)"ဟု မိန့်ထားသကဲ့သို့ပင်ဖြစ်သည်။

အတိုချုပ်မှာ ဤဝါကျတစ်ခုက အလ္လာဟ်အရှင်မြတ်ဉာဏ်တော်နှင့်ထိုအရှင်မြတ်၏တန်ခိုးတော်သည် ပြီးပြည့်စုံကြောင်း သက်သေပြသည်။ ထို့နောက် ဤအရာရာကို လွှမ်းခြုံသိရှိသောအသိပညာနှင့်အကြွင်းမဲ့တန်ခိုးတော်သည် အလ္လာဟ်ဂျလ္လာဟ် ရှာနုဟူ၏သီးသန့်ဂုဏ်တော်ဖြစ်ကာ မည်သူတစ်ဦးတစ်ယောက်မျှမရယူနိုင် (သို့) မပိုင်ဆိုင်နိုင်ဟူသည်ကိုလည်း သက်သေပြသည်။ အရဗီသဒ္ဒါ၏စည်းမျဉ်းများအရ { > d-n^I_ (အင်ဒဟူ ထို အရှင်မြတ်ထံတော်၌ရှိ၏။)ဟူသောစကားလုံးကို အရှေ့မှထည့်ထားခြင်းအားဖြင့် ဤကန့်သတ်ချက်နှင့် သီးသန့်ဖြစ်မှုတို့၏ ထိရောက်သော ရည်ညွှန်းချက်တစ်ခုဖြစ်သည်။ ယင်းနောက်ဆိုလိုရင်းကို ထိမိစေရန်အတွက် ဤရည်ညွှန်းချက်ကို ပြည့်ဝသောရှင်းလင်းမှုဖြစ်စေရန်- **لَا يَعْلَمُهَآ اِلَّا هُوَ** " [ထိုအရှင်မှတစ်ပါး ထို(သော့များ၊ဘဏ္ဍာတော်များ)ကို မသိချေ] " ဟု မိန့်ထားသည်။

ထို့ကြောင့် ဤဝါကျက အကြောင်းအရာနှစ်ခုသက်သေပြသည်မှာ (၁) အလ္လာဟ်အရှင်မြတ်၏ အကွယ်မှအရာရာတိုင်းအပေါ် ဂရုပြုတော်မူခြင်းသည် ထိုအရှင်မြတ်၏ အရာရာတို့အပေါ် လွှမ်းခြုံထားသော အသိဉာဏ်တော်တို့ကြောင့်ဖြစ်ကြောင်းနှင့် ထိုအရှင်သည် အရာရာတိုင်းပေါ် လွှမ်းမိုးနိုင်ခြင်းသည် အရှင်မြတ်၏ ပြီးပြည့်စုံသည့်တန်ခိုးတော်တို့ကြောင့်ဖြစ်သည်။ (၂)ထိုကဲ့သို့သော အသိဉာဏ်တော်နှင့် တန်ခိုးတော်ရရှိရန် (သို့) ပိုင်ဆိုင်ရန် အလ္လာဟ်ဂျလ္လာဟ်ရှာနုဟူမှတစ်ပါး မည်သည့်အဖန်ဆင်းခံမျှ မစွမ်းဆောင်နိုင်ကြောင်းတို့ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သော အလ်ဂိုက်ဗ် အကွယ်၏အဓိပ္ပာယ်သည် (သဖိစိရ်မဇ်ဟရီကို ကိုးကား၍)ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းအရ မတည်ရှိသေးသောအရာများ၊ (သို့) တည်ရှိပြီးသော်လည်း မည်သည့်အဖန်ဆင်းခံကိုမျှ ပြည့်ပြည့်စုံစုံဖွင့်လှစ်ပြသမှုမရှိသေးဟူ၍လည်း အဓိပ္ပာယ်သက်ရောက်သည်။ ယင်းကိုမျက်ခြေမပြတ်စေရပါ။ သို့မှသာ "ဂိုက်ဗ်"အကြောင်း လူအများအပေါ်ယံကြောကြည့်လျှင် ၎င်းတို့အား ဒုက္ခပေးသော သာမန်ဒွိဟသံသယများအလိုအလျောက်ပယ်ရှားပြီးဖြစ်လိမ့်မည်။

အစဉ်အမြဲဖြစ်လေ့ဖြစ်ထရှိသည်မှာ လူအများသည် "အလ်ဂိုင်းဗ်"(မမြင်ကွယ်ရာ)ဟူသော စကားလုံးကိုစာပေသဘောအနေဖြင့်သာမှတ်ယူကြပါသည်။ ဆိုလိုသည်မှာ အခြားသူများ၏အမြင်တွင် ယင်းနှင့်ပတ်သက်သောတတ်သိနားလည်မှုကိုရရှိစေသည့် အရင်းအမြစ်များရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျွန်ုပ်တို့၏တတ်သိနားလည်မှုနှင့်ထိတွေ့မှုတွင် မရှိသောကြောင့် ယင်းကိုလည်း"ဂိုင်းဗ်"ဟု စတင်ခေါ်ဆိုလာကြပါသည်။ အကျိုးဆက်အားဖြင့် အမျိုးမျိုးသောဒွိဟသံသယများဖြစ်ပေါ်လာပါသည်။ ဥပမာအနေဖြင့် နက္ခတ္တဗေဒပညာ၊ ကံကြမ္မာကိုသချိုးနည်းဖြင့်ဟောကြားခြင်း(အလ်မုလ်ဂျဖ်-ဂျာဖ် အတတ်ပညာ၊ အောက်တန်းစားအသုံးအနှုန်းအရ "ဂျဖာရ်"ဟုခေါ်သည်။) မြေကြီးနှင့်ဆိုင်သော အထိမ်းအမှတ်ကိုကြည့်ရှုကာ အနာဂတ်ကိုဟောကြားနည်း ("အိလ်မုရ်ရာမ်လ်")(ရာမ်အတတ်ပညာ အောက်တန်းစာအသုံးအနှုန်းရ "ရာမ်မလ်"ဟုခေါ်သည်။ အဓိပ္ပါယ်မှာ သဲထဲတွင် မျဉ်းကြောင်းများ၊ ရုပ်ပုံများရေးခြစ်ကာ ဟောကြားနည်း။)(သို့) လက္ခဏာဟောကြားနည်းစသည့် အနာဂတ်တွင်ဖြစ်မည့်အဖြစ်အပျက်များတို့၏ အသိပညာရပ်ကိုရရှိရန်အတွက် ထိန်းချုပ်ထားသည့်အရာများကိုကြည့်ပါလေ။ သို့မဟုတ်ပါက "ကရ်ဖ်"(ထူးကဲသောပညာအလင်းရောင်ဖြင့် အသိဉာဏ်ရရှိခြင်း)နှင့်"အိလ်ဟမ်" (ဓမ္မတာကိုလွန်ဆန်၍ စိတ်တန်ခိုးထက်သန်စွာဆော်ခြင်း)တို့မှတစ်ဆင့် အနာဂတ်တွင်ဖြစ်ပျက်မည့်အကြောင်းအရာတို့ကိုသိရှိသူတစ်စုံတစ်ဦးလည်းရှိနိုင်ပါသည်။ သို့မဟုတ်ပါမူ ရေစီးနှုန်း၊ မုတ်သုံလေ၏အရှိန်အဟုန်နှင့် နှုန်း

ထားတို့ကို ဆန်းစစ်ကာ၊ မိုးရွာခြင်းနှင့်လေမုန်တိုင်းများကျရောက်ခြင်းတို့ ခန့်မှန်းသော မိုးလေဝသခန့်မှန်းသူများလည်းရှိကြပါသည်။ ၎င်းနောက်၊ ထိုသူတို့ခန့်မှန်းချက်အတော်များများသည်လည်း မှန်ကြောင်းတွေ့ရှိရသည်။ သို့ရာတွင် သာမန်လူတို့သည် ဤသည်တို့ကို မမြင်ကွယ်ရာရှိ အရာများတို့၏ အတတ်ပညာဟု ဆောလျင်စွာ မှတ်ယူကြပါသည်။ ထို့ကြောင့် လေ့လာဆန်းစစ်ချက်အရ ဤအတတ်ပညာကို အခြားသူများလည်းရရှိနိုင်ကာ ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်များ "အလ်ဂိုင်ဗ်"မမြင်ကွယ်ရာ၏အတတ်ပညာ အလ္လာဟ်ဂျလ္လာဟ်ရှာနဟူး၏ဂုဏ်တော်တစ်ပါးဟု မိန့်သောအခါ ယင်းမိန့်မှာချက်များနှင့်ပတ်သက်၍ လူအများသံသယစတင်ဝင်စေပါသည်။

အဖြေမှာရှင်းပါသည်။ အကယ်၍ အလ္လာတအာလာသည် အရှင့်ကျေးကျွန်များအနက်တစ်ဦးကို အနာဂတ်ရှိ အချို့သောအဖြစ်အပျက်အကြောင်းကို အသိပေးခဲ့ပါလျှင် "အင်လ်ဂိုင်ဗ်" (မမြင်ကွယ်ရာ၏ အတတ်ပညာ)သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းနှင့်မကိုက်ညီဘဲ ဖြစ်သွားပါလိမ့်မည်။ ထိုနည်းတူစွာ ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းအရ ပြောရလျှင် နည်းစနစ်များနှင့်ပစ္စည်းကိရိယာများကတစ်ဆင့် ရရှိသော အတတ်ပညာ(အင်လ်မ်)သည် မမြင်ကွယ်ရာရှိအရာများတို့၏ အတတ်ပညာ(အင်လ်မ်မုလ်ဂိုင်ဗ်)မဟုတ်ပါ။ ဤသည်များနှင့် ပတ်သက်သော ဥပမာများသည် ဇလဇေဒဌာနများမှ ထုတ်ပြန်သော မိုးလေဝသဆိုင်ရာ ခန့်မှန်းချက်များ(သို့) လူနာတစ်ဦး၏ သွေးခုန်နှုန်း(လက်နှင့်ဖြစ်စေ၊ ကိရိယာနှင့်ဖြစ်စေ) စမ်းသပ်ကာလူနာတစ်ဦး၏ မမြင်သာသော အခြေအနေအကြောင်းအရာကို ဖော်ထုတ်ခြင်းတို့ဖြစ်ကြပါသည်။ အကြောင်းမှာ မိုးလေဝသခန့်မှန်းသူ(သို့) သမားတော်သည် ဤအဖြစ်အပျက်များ၏အကြောင်းခံတို့သည် တည်ရှိပြီးထင်ရှားမှသာလျှင် ထိုကဲ့သို့သော အချက်အလက်များကို ကြေညာရန်အခွင့်အရေးရရှိပါလိမ့်မည်။ တစ်ခုတည်းသောခြားနားချက်မှာ ထိုအချိန်ထိတိုင် ယင်းသည် ထင်ထင်ရှားရှားထုတ်ဖော်ပြသခြင်းမရှိပါ။ ကျွမ်းကျင်သူများတို့အားလုပ်ငန်းဆိုင်ရာ ကိရိယာမှတစ်ဆင့် ယင်းသည်ပေါ်ထွက်လာသည်။ လူအများသည် ယင်းကိုသတိမမူမိကြပါ။ ဤအကြောင်းခံသည် ခိုင်မာလာလေလေ ယင်း၏ထင်ရှားပေါ်လွင်မှုသည် များလာလေလေဖြစ်သည်။ ဤသည်ကြောင့်ပင် မိုးလေဝသခန့်မှန်းသူများသည် ယခုအချိန်မှစ၍ တစ်လ(သို့)နှစ်လကြာမြင့်သောအခါ၌ မိုးရွာသွန်းလိမ့်မည်ဆိုသည့်သတင်းဦးကို မထုတ်ပြန်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် မိုးရွာရခြင်း၏အကြောင်းခံများသူတို့ထံတွင် ထင်ရှားမှုမရှိခြင်းကြောင့်ဖြစ်သည်။ ယနေ့တွင် လူနာတစ်ဦး၏သွေးခုန်နှုန်း(လက်ဖြင့်ဖြစ်စေ၊ ကိရိယာဖြင့်ဖြစ်စေ) စမ်းသပ်ကာ တစ်နှစ်၊ နှစ်နှစ် လွန်ခဲ့သောအချိန်အခါက လူနာစားသုံးခဲ့သော အစားအစာနှင့်ဆေးဝါးတို့၏ အခြေအနေကိုလည်းကောင်း၊ ယနေ့လူနာစားသောက်သော ဆေးဝါးနှင့် အစားအသောက်တို့၏ နောင်လာမည့်တစ်နှစ်၊ နှစ်နှစ်အကြာတွင်ရှိနေမည်တို့အကြောင်းကို မည်သည့်သမားတော်ကမျှ မဖော်ထုတ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဤအစားအသောက်များနှင့်ဆေးဝါးတို့၏အကျိုးသက်ရောက်မှုသည် သွေးခုန်နှုန်းပေါ်၌ မပြသပါ။

အတိုချုပ်ဆိုရသော် အရာဝတ္ထုများတည်ရှိခြင်းကို ယင်းတို့၏ သဲလွန်စများနှင့်လက္ခဏာများအား စမ်းစစ်လေ့လာခြင်းအားဖြင့် ကြိုတင်ပြောနိုင်သည်။ ဤအရာများ၏ သဲလွန်စများ၊ လက္ခဏာများနှင့် အနှစ်သာရများတည်ရှိပြီးဖြစ်ပါက ယင်းအရာများကို သိရှိခန့်မှန်းနိုင်မှုမှာ အိလ်မုလ်ဂိုင်းဗ် အကွယ်၏အသိပညာနှင့် မသက်ဆိုင်ပဲ လေ့လာစမ်းစစ်ခြင်းနှင့်သာ သက်ဆိုင်ပေသည်။ မည်သို့ပင်ဆိုစေကာမူ ယင်း၏သိမ်မွေ့နူးညံ့မှု

(သို့) ပေါ်ပေါ်လွင်လွင်မရှိသောကြောင့် လူအများနှင့်ဆိုင်သော အသိပညာဖြစ်မလာသေးချေ။ ယင်းအရာသည် ထင်ထင်ရှားရှားဖြစ်လာလျှင် ယင်းသည် ကြည့်ရှုလေ့လာ ဆန်းစစ်နိုင်သောကိစ္စဖြစ်လာပါသည်။

ဤသည့်အပြင် ဤအရာမြောက်မြားစွာတည်ရှိခဲ့သော်လည်း သတိမူမှုရရှိခြင်းသည် မှန်းဆချက်နှင့် တွက်ချက်မှုအဆင့်အတန်းတွင်သာ ရှိနေပေသေးသည်။ စစ်မှန်သောအိလ်မ်(သို့) အတတ်ပညာသည် သေချာခြင်း၏အမည်နာမဖြစ်သည်။ ဤသေချာမှုသည်ကား ထိုအရာများမှထွက်ပေါ်လာခဲ့ခြင်းမဟုတ်ချေ။ သို့ဖြစ်၍ ယင်းကဲ့သို့သောသတင်းအချက်များ မှားယွင်းမှုကို သက်သေခံသော အဖြစ်အပျက် အမြောက်အမြားရှိခဲ့ပါသည်။

နက္ခတ်ပညာရပ်နှင့် အခြားသောပညာရပ်များတွင် ဂဏန်းသင်္ချာဆိုင်ရာတွက်ချက်မှုအပေါ် အခြေခံသည့်မည်သည့်အရာကိုမဆို အသိပညာဟုခေါ်၍ အလ်ဂိုက်ဗ်မမြင်ရသော အကွယ်မဟုတ်ချေ။ ဤသည်မှာ တစ်စုံတစ်ဦးသည် တည်ရှိပြီးအချက်အလက်များကို တွက်ချက်ကာ ယနေ့ငါးနာရီလေးဆယ့်တစ်မိနစ်တွင်နေထွက်မည့်အကြောင်းကိုလည်းကောင်း၊ မည်သည့်လမည်သည့်ရက်တွင် နေ(သို့)လကြပ်မည့်အကြောင်းကိုလည်းကောင်း ပြောသည်နှင့်တူပေသည်။ အာရုံများနှင့်ခံစားနိုင်သောအရာ၏ အမြန်နှုန်းကိုတွက်ချက်၍ အချိန်ခန့်မှန်းခြင်းသည် လေယာဉ်ပျံများနှင့်မီးရထားများ၊ လေဆိပ်နှင့်ဘူတာရုံများ ဆိုက်ရောက်မည့်သတင်းကြေညာခြင်းနှင့်တူကြောင်း ထင်ရှားသည်။ ထို့ပြင် နက္ခတ်တပညာစသည်တို့ဖြင့် ကိစ္စရပ်များအကြောင်း သိရှိနိုင်သည်ပြောခြင်းသည် လိမ်လည်လှည့်ဖြားခြင်းမှအပ အခြားမဟုတ်ပြီ။ အမှားတစ်ရာမှ တစ်ခုတလေမှန်ခြင်းသည် အသိပညာမဟုတ်ချေ။

အိပ်စရေးခါတ်မှန်ရိုက်သော ကိရိယာတီထွင်ပြီးနောက် သန္ဓေသား၏လိင်ဆုံးဖြတ်ရာတွင် ဖြစ်နိုင်ဖွယ်ရှိသည်ဟု မျှော်လင့်ရပါသည်။ သို့သော်လည်း ယင်းကိရိယာသည် ရည်မှန်းချက်ကို စိတ်ကျေနပ်ဖွယ်အထိကားမစွမ်းဆောင်နိုင်ချေ။ (ထို့ပြင် ဓါတ်ရောင်ခြည်အန္တရာယ်လည်းရှိသေးသည်။) ကျွန်ုပ်တို့ခေတ်ရှိကျွမ်းကျင်သူများ(အထူးသဖြင့် ဒီဂျစ်တယ်လ် ပုံဖော်နည်းသုံး၍ သန္ဓေသားအား အပိုင်းလိုက်လေ့လာခြင်းကိုဖြစ်စေ၊ မိခင်၏သားအိမ်ထဲရေသွင်းနည်းသုံး၍ဖြစ်စေ၊ သန္ဓေသားအား ပေါ်လောပေါ်စေကာ အကယ်၍ယောကျ်ားလေးဖြစ်ပါက ဒီဂျစ်တယ်လ်နည်းဖြင့် ဆုံးဖြတ်နိုင်သည်)တို့သည်လည်း သန္ဓေသား(၃)လသားအထိ အသုံးမဝင်ချေ။ ဤအခြေအနေ၌ ဘာမျှမသိနိုင်ပါ။ (သန္ဓေသား၏လိင်ကို ဆုံးဖြတ်နိုင်ရန် မျိုးရိုးဗီဇစမ်းသပ်နည်းသည်လည်း ပဋိသန္ဓေ၏အဆင့်တစ်ခုအထိ လုပ်၍မရချေ။ ယင်းလုပ်ရပ်သည်လည်း လေ့လာစမ်းစစ်ချက်သာဖြစ်၍ အကွယ်၏ အသိပညာမဟုတ်ချေ။ (မုဟမ္မဒ်သကီးအုစ္စမာနီ) သို့သော်လည်း ကိုယ်ဝန်သုံးလကျော်သောအခါတွင် အတတ်နိုင်ဆုံးအတတ်ပညာဆိုင်ရာ အနီးစပ်ဆုံးခန့်မှန်းချက်များပြုလုပ်နိုင်သည်။ ထို့နောက် ယင်းတို့ကို အသိပညာအချို့နှင့်အကြွင်းမဲ့သတိပြုမိခြင်းဟူ၍ မသတ်မှတ်နိုင်ချေ။ တစ်ခါတစ်ရံတွင်ခန့်မှန်းချက် မှန်ကန်နိုင်၍ အချို့အခါများတွင် မှားယွင်းခြင်း၊ အဖြေမှားထုတ်ခြင်းများ ဖြစ်နိုင်သည်။ ဤသည်မှာ အိလ်မုလ်ဂိုက်ဗ်၏သေချာခြင်းမဟုတ်သကဲ့သို့ ယင်းအရည်အချင်းမျိုးလည်းမဟုတ်ချေ။

အခိုင်အမာပြောဆိုချက်၏ အကျဉ်းချုပ်ကား ကုရ်အာန်ကျမ်းတော်မြတ်၏အသုံးအနှုန်းအရ အလ်ဂိုက်ဗ်သည်အလွန်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှမသိရှိသောအရာဖြစ်သည်။ ဖြစ်ပျက်တတ်မှုကြောင့်ဖြစ်စေ၊ ကိရိယာတန်ဆာပလာသုံးခြင်းဖြင့်ဖြစ်စေ လူအများသိလေ့သိထရှိသည်တို့မှာ စင်စစ် ဂိုက်ဗ်မဟုတ်ချေ။ ယင်းကို ထင်ရှားစွာထုတ်ဖော်ပြသခြင်းမရှိသောကြောင့် ဂိုက်ဗ်ဟုခေါ်ကြသည်။

အလားတူပင် ဂိုက်ဗ်တွင်ပါဝင်သော အချို့အစိတ်အပိုင်း၏ တတ်သိနားလည်မှုကို တမန်တော်အချို့၊ နဗီအချို့ကို ဝဟီမှတစ်ဆင့်အသိပေးခြင်း၊(သို့) အလ္လာဟ်အရှင်မြတ်၏ အချစ်တော်(ဝလီ)တစ်ပါးကို ကတ်ရှ် (ထူးကဲသောပညာအလင်းရောင်ဖြင့် အသိဉာဏ်ရရှိခြင်း)ဖြင့်လည်းကောင်း၊ အိလ်ဟမ် (ဓမ္မတာကိုလွန်ဆန်၍ စိတ်တန်ခိုးထက်သန်လှုံ့ဆော်ခြင်း)ဖြင့်လည်းကောင်း အသိပေးခြင်းခံရပါက ယင်းသည်ဂိုက်ဗ်မဟုတ်ချေ။ ဤသည်ကိုကုရ်အာန်ကျမ်းတော်မြတ်ထဲတွင်- **اَنۡبَآءُ الۡغَيۡبِ** (မမြင်ရသောအကွယ်၏သတင်း (သို့) အသိပေးခြင်းများ) ဟုခေါ်သည်။ အလ်ဂိုက်ဗ်ဟုမခေါ်ချေ။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ် တော်များစွာ၌ ဖော်ပြထားသည်။ ပမာအားဖြင့်- **تِلۡكَ مِنۡ اَنۡبَآءِ الۡغَيۡبِ نُوۡحِيۡهَاۤ اِلَيۡكَ** (ဤအဖြစ်အပျက်အကြောင်း) တို့ကား အကွယ်၌ရှိသော သတင်းများအနက်မှပင်ဖြစ်၏။ ငါအရှင်မြတ်သည် ထိုသတင်းများကို အသင့်ထံသို့ ထုတ်ပြန်တော်မူ၏။) (၁၁း၄၉) ထို့ကြောင့် လက်ရှိအာယသ်တော်ထဲ၌- **لا يَعۡلَمُهَاۤ اِلَّا هُوَ** (ထိုအရှင်မြတ်မှတပါး မည်သူမျှ မသိချေ။) ဟုမိန့်ထားသောကြောင့် ယင်းတွင်ချွင်းချက်ရှိသည်ဟူ၍လည်းကောင်း သံသယဖြစ်ဖွယ်ရှိသည်ဟူ၍လည်းကောင်း အကြောင်းလုံးဝမရှိတော့ချေ။

ဤသီးခြားဝါကျထဲတွင် အလ္လာဟ်အရှင်မြတ်၏အထူးဂုဏ်တော်တစ်ရပ်ကို ထောက်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်သည်သာ မမြင်ကွယ်ရာ (အိလ်မုလ်ဂိုက်ဗ်)ကိုသိရှိတော်မူသောအရှင်ဖြစ်သည်။ ဤစာကြောင်း၏ နောက်တွင် ဆက်လက်ဖော်ပြထားသော စာကြောင်းများထဲတွင်မြင်သည်တို့ကို တတ်သိနားလည်ခြင်း(အိလ်မုရှ်ရှဟဒဟ်)အကြောင်း ဖော်ပြချက်ပါဝင်ပါသည်။ ယင်းအတတ်ပညာသည် တည်ရှိပြီး၊ မြင်တွေ့နေရသောအရာများနှင့်သက်ဆိုင်ကာ မမြင်တွေ့ရသည်များကို တတ်သိနားလည်ခြင်း(အိလ်မုလ်ဂိုင်ဗ်)နှင့်ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သည်။ ၎င်းတို့သည်လည်း အလ္လာဟ်တအာလာရှာနဟူ၏ အသိဉာဏ်တော်သည် အသေးငယ်ဆုံးသောအရာကလေးမျှပင် မကျန်ရစ်စေကာ အရာရာကိုလွှမ်းခြုံထားသည်ဆိုကြောင်း အတည်ပြုပါသည်။ “၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် ပထဝီမြေ၌ရှိရှိသမျှသောအရာတို့ကိုလည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌ရှိရှိသမျှသောအရာတို့ကိုလည်းကောင်း သိရှိတော်မူ၏။ ထို့ပြင်တစ်ဝ သစ်ရွက်တစ်ရွက်ကြွေကျသည်ကိုပင် ထိုအရှင်မြတ်သည် သိရှိတော်မူ၏။ ၎င်းပြင် ပထဝီမြေ၏အမှောင်အထပ်ထပ်တွင် ကျနေသော(သစ်)သစ်စေ့ဟူသမျှတို့သည်လည်းကောင်း၊ စိမ်းစိုသောအရာဝတ္ထု ဟူသရွေ့တို့သည်လည်းကောင်း ရှင်းလင်းထင်ရှားသော(မှတ်တမ်း)စာအုပ်တွင်ရှိကုန်၏။” ယင်းမှတ်တမ်းစာအုပ်ဆိုသည်မှာ “အလ်လောင်ဟုလ်မဟ်ဖုဇ်”ခေါ်ထိန်းသိမ်းထားသောသင်ပုန်းအပေါ်ရေးသားကာ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

အချုပ်ဆိုသော် အလ္လာတအာလာတွင် အသိပညာအရာ၌ ပြိုင်ဘက်ကင်းသောဂုဏ်တော်နှစ်ရပ်ရှိပါသည်ဟု ပြောနိုင်သည်။ ဤဂုဏ်တော်များအား မည်သည့်ရစူလ်တို့နှင့်ဖြစ်စေ၊ ကောင်းကင်တမန်နှင့်ဖြစ်စေ၊ အခြားသောမည်သည့်အဖန်ဆင်းခံနှင့်မျှဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်နှင့်မျှဝေမခံစားနိုင်ပါ။ ဤဂုဏ်တော်များမှာ မမြင်ကွယ်ရာကို တတ်သိနားလည်သောပညာ(အိလ်မုလ်ဂိုက်ဗ်)နှင့်တည်ရှိနေသည်များအပေါ် အလုံးစုံလွှမ်းခြုံသိရှိနားလည်သောအသိပညာ(အလ်အိလ်မုလ်မုဟီတ်)တို့ဖြစ်ပါသည်။ ဤဂုဏ်တော်များအား စနစ်တစ်ခုဖြင့် ဖော်ပြထားပါသည်။ ပထမစာကြောင်းထဲတွင်- **وَعِنۡدَهٗ مَفَاتِحُ الۡغَيۡبِ لا يَعۡلَمُهَاۤ اِلَّا هُوَ** “၎င်းပြင် ထိုအရှင်မြတ်ထံတော်တွင် အကွယ်၌ရှိသောအရာများ၏ (သော့များသည်ရှိ၏။) (တစ်နည်း) ဘဏ္ဍာများသည်ရှိ၏။

ယင်း(သော့)များ၊ ဘဏ္ဍာတော်များကို ထိုအရှင်မြတ်မှတစ်ပါးမည်သူမျှ မသိချေ။"ဟူ၍ မိန့်ကြား ထားသည်။ ဤသည်မှာပထမဂုဏ်တော်အကြောင်းပင်ဖြစ်သည်။ နောက်ဆက်လက်ဖော်ပြသည့် အကြောင်းများထဲတွင်အရှင့်စကြဝဠာအတွင်းရှိ တည်ရှိသည်များ၏အကြောင်း၊ အလုံးစုံလွှမ်းခြုံသိရှိတော်မူသောအသိပညာအကြောင်းဦးစွာပထမဖော်ထုတ်ကာ-**وَيَعْلَمُ مَافِى الْبَرِّ وَالْبَحْرِ**"ဌင်းပြင် ထိုအရှင်မြတ်သည်သာလျှင် ပထဝီမြေ၌ရှိရှိသမျှသောအရာတို့ကိုလည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌ရှိရှိသမျှသောအရာတို့ကိုလည်းကောင်း သိရှိတော်မူ၏။ ဟူ၍မိန့်ထားသည်။ ယင်းက စကြဝဠာတစ်ခုလုံးနှင့် အလုံးစုံတည်ရှိသမျှအရာ အားလုံးကိုဆိုလိုပါသည်။ ဤသည်မှာ အချိန်အားလုံးဟူသော သဘောဆောင်စေသော နံနက်နှင့်ညဟုပြောဆိုခြင်း(သို့) ကမ္ဘာတစ်ခုလုံးနှင့်သက်ဆိုင်သော သဘောဆောင်သည့် အရှေ့နှင့်အနောက်ဟုပြောဆိုသကဲ့သို့ပင်ဖြစ်ပါသည်။ ထို့ကြောင့် "ပထဝီမြေ၌ရှိရှိသမျှသော အရာတို့ကိုလည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌ ရှိရှိသမျှသောအရာတို့ကို လည်းကောင်း"ဟူ၍ မိန့်ကြားထားခြင်းက စကြဝဠာတစ်ခုလုံးနှင့်ယင်းအတွင်းရှိ တည်ရှိပြီးအရာအားလုံးကို ဆိုလိုပါသည်။ ထို့ကြောင့် အလ္လာဟ်ဂျလ္လာဟ်ရှာနဟူ၏ အသိဉာဏ်တော်သည် စကြဝဠာအတွင်းရှိအရာရာတိုင်း ကိုလွှမ်းခြုံပါသည်။

ဆက်လက်၍ ဤအကြောင်းကိုရှင်းလင်းကာ မိန့်ကြားထားသည်။ အလ္လာဟ်တအာလာ၏အသိဉာဏ်တော်သည် ကြီးမားသောအရာများအပေါ်၌သာ ကန့်သတ်ထားသည်မဟုတ်ပါ။**وَمَا تَسْقُطُ مِنْ وَّرَ قَةٍ اِلَّا يَعْلَمُهَا** "ထို့ပြင်တစ်ဝ သစ်ရွက်တစ်ရွက်ကြွေကျသည်ကိုပင် ထိုအရှင်မြတ်သည် သိရှိတော်မူ၏။"ဟုမိန့်ထားချက်က အလ္လာဟ်အရှင်သည် အသေးငယ်ဆုံးနှင့်အစွန်းကုန်ဖုံးကွယ်ထားသည်ကိုပင် သိရှိတော်မူသည်ဟူ၍ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကျယ်ပြောလှသောကမ္ဘာကြီးတွင် သစ်ရွက်တိုင်း၊ သစ်ရွက်တိုင်း ကြွေကျခြင်းအကြောင်း၊ မကြွေကျမီ၊ ကြွေကျစဉ်နှင့် ကြွေကျပြီးသည့်နောက်အကြောင်းတို့သည် အလ္လာဟ်အရှင့် အသိဉာဏ်တော်တွင်ရှိပါသည်။ အလ္လာဟ်အရှင်သည် သစ်ပင်တစ်ပင်ပေါ်ရှိ သစ်ရွက်တိုင်းအကြိမ်မည်မျှလှုပ်ခါမည်။ မည်သည့်အချိန်နှင့်မည်သည့်နေရာတွင် ကြွေကျမည်။ ၎င်းနောက် မည်ကဲ့သို့သော အခြေအနေမျိုးကိုဖြတ်သန်းရမည်ဆိုခြင်းကိုသိရှိတော်မူသည်။ ဤနေရာတွင် "ကြွေကျခြင်း"အကြောင်း ဖော်ပြထားသည်မှာ သစ်ရွက်၏ဘဝစက်ဝန်းကိုရည်ညွှန်းဟန်ရှိပါသည်။ သစ်ပင်မှသစ်ရွက်ကြွေကျခြင်းသည် ယင်း၏ရှင်သန်မှုနှင့် ရုက္ခဗေဒသက်တမ်းကုန်ဆုံးခြင်းပင်ဖြစ်သည်။ ဤနေရာ၌ ယင်း၏နောက်ဆုံးအခြေအနေအကြောင်းကို ထောက်ပြထားခြင်းသည် ကျန်သောအကြောင်းများ၏ ကြေးမုံပြင်သဖွယ်ဖြစ်ပါသည်။

ထိုသည်၏နောက်-**وَلَا حَبَّةٍ فِىْ ظُلُمٰتِ الْاَرْضِ** "ဌင်းပြင် ပထဝီမြေ၏အ မှောင်အထပ်တွင်ကျနေသော(သစ်)စေ့ဟူသမျှတို့သည်လည်းကောင်း"ဟုမိန့်ထားပါသည်။ ပထမဦးစွာဖော်ပြခဲ့ သည်မှာ အများတကာမြင်ကွင်းရှိသစ်ရွက်တစ်ရွက်ကြွေကျခြင်းအကြောင်းရင်းပင်ဖြစ်ပါသည်။ ထိုသည်၏နောက် တွင် လယ်သမားတစ်ဦးကပျိုးကြဲခဲ့သော(သို့) ကမ္ဘာပထဝီမြေကြီး၏နက်ရှိုင်းပြီးမှောင်မည်းနေသောတစ်နေရာတွင် မြုပ်သွားခဲ့သောသစ်စေ့တစ်စေ့အကြောင်းပင်ဖြစ်ပါသည်။ ထိုသည်နောက် အလ္လာဟ်အရှင်၏အရာရာကို လွှမ်းခြုံကာသိရှိတော်မူခြင်းကိုလတ်ဆတ်သော၊ ခြောက်သွေ့သောအရာတို့မှတစ်ဆင့် ထောက်ပြထားပါသည်။ အဆုံးတွင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဤအကြောင်းအရာများကို ရေးသားကာထားရှိသည်ဟု မိန့်ကြားထားတော်မူသည်။ အချို့သောဋီကာရှင်များတို့အရ- **كِتٰبٍ مُّبِيْنٍ** "ရှင်းလင်းထင်ရှားသောမှတ်တမ်းစာအုပ်"သည် "လောင်ဟုလ်မာဟ်ဖုဇ်"

ထိန်းသိမ်းထားသောကျောက်သင်ပုန်းဟုဆိုလိုပါသည်။ အခြားသောသူများက ဤသည်မှာ အလ္လာဟ်အရှင်မြတ်ဉာဏ်တော်၏ လက္ခဏာဖြစ်သည်။ "ရှင်းလင်းထင်ရှားသော မှတ်တမ်းစာအုပ်ဟု"ထုတ်ဖော်ပြသရခြင်းမှာ ရေးသားခြင်းကြောင့် မတော်တဆဖြစ်ခြင်းသော်လည်းကောင်း၊ မှားယွင်းခြင်းသော်လည်းကောင်း၊ မေ့လျော့ခြင်းသော်လည်းကောင်း၊ ကင်းစင်ကာ ထိန်းသိမ်းထားပြီးဖြစ်ပါသည်။ ဤသည်မှာ အလ္လာဟ်ဂျလ္လာဟ်ရှုနဟူး၏ အလုံးစုံကိုလွှမ်းခြုံသိရှိသော အသိပညာကဲ့သို့ပင်ဖြစ်ပါသည်။ ယင်းသည် မှန်းဆချက်အပေါ် အခြေမခံဘဲ သေချာရေရာ ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ မြောက်မြားစွာသောအာယသ်တော်များက အလ္လာဟ်စွဗ္ဗဟာနူဟူဝ သဘာလာပိုင်ဆိုင်သော အလုံးစုံလွှမ်းခြုံသိနိုင်တော်မူသော အသိဉာဏ်တွင် မည်သည့်အရာမဆို ပစ္စည်းမှသာမဟုတ် ယင်း၏အခြေအနေများကိုပါ ထိုအရှင့်ထံတွင် ရှိကြောင်းအတည်ပြုထားသည်။ ဤသည်ကို စူရဟ် လွတ်ကမန်း၌မိန့်ကြားထားသည်မှာ-

اِنَّهَآ اِنۡ تَكُ مِثۡقَالَ حَبَّةٍ مِّنۡ خَرۡدَلٍ فَتَكُنۡ فِىۡ صَخۡرَةٍ اَوۡ فِى السَّمٰوٰتِ اَوۡ فِى الۡاَرۡضِ يَاۡتِ بِهَا اللّٰهُ‌ؕ اِنَّ اللّٰهَ لَطِيۡفٌ خَبِيۡرٌ.

"မုချဧကန် အပြုအမူတစ်စုံတစ်ရာသည် မုန်ညင်းစေ့ခန့်မျှဖြစ်ပြီး ကျောက်ဆောင်တစ်ခုခု၌ရှိနေသည်ဖြစ်စေ၊ မိုးကောင်းကင်များ၌ရှိနေသည်ဖြစ်စေ၊ ပထဝီမြေအတွင်း၌ရှိနေသည်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်သည် ယင်းအပြုအမူကို (ရှေ့တော်မှောက်ဝယ်) အသင့်ရောက်စေတော်မူမည်ဖြစ်သည်။ စင်စစ်ဧကန်အလ္လာဟ်အရှင်မြတ်သည် နက်နဲသိမ်မွေ့သောအရာတို့ကို အလွန်တရာသိမြင်တော်မူသောအရှင်၊ အလွန်တရာကြားသိတော်မူသောအရှင်ဖြစ်တော်မူ၏။(၃၁း၁၆)ဟူ၍ဖြစ်သည်။

စူရဟ် အလ်ဘကရဟ်ထဲရှိ အာယသ်သုလ်ကုရ်စီထဲ၌ မိန့်ထားသည်မှာ-

يَعۡلَمُ مَا بَيۡنَ اَيۡدِيۡهِمۡ وَمَا خَلۡفَهُمۡ وَلَا يُحِيۡطُوۡنَ بِشَىۡءٍ مِّنۡ عِلۡمِهٖۤ اِلَّا بِمَا شَآءَ‌ۚ

"ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက်အဖြစ်အပျက်အကြောင်းကိစ္စအလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူပေသည်။ သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ်သိရှိတော်မူသော အကြောင်းကိစ္စအဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ်အလိုရှိတော်မူသော အကြောင်းကိစ္စမှအပ တစ်စုံတစ်ရာကိုမျှ ဝန်းခြုံ၍မသိနိုင်ကြပေ။ (၂း၂၅၅) ဟူ၍ဖြစ်သည်။

စူရဟ် ယူနွတ်စ်ထဲတွင်-

وَمَا يَعۡزُبُ عَنۡ رَّبِّكَ مِنۡ مِّثۡقَالِ ذَرَّةٍ فِى الۡاَرۡضِ وَلَا فِى السَّمَآءِ

"စင်စစ်သော်ကား ပထဝီမြေ၌လည်းကောင်း၊ မိုးကောင်းကင်၌လည်းကောင်းရှိသည့်အနည်းငယ်စိုးစဉ်းမျှ(သောအရာဝတ္ထု)သည်ပင်လျှင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏(အသိ)မှ ပျောက်ကွယ်နေသည်မဟုတ်ပေ။ (၁၀း၆၁)ဟူ၍မိန့်ထားသည်။

စူရဟ် အတွဲတွလာက်ထဲတွင်-

وَاَنَّ اللّٰهَ قَدۡ اَحَاطَ بِكُلِّ شَیۡءٍ عِلۡمًا

“အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အသိပညာဖြင့်အမှန်ပင် ဝန်းခြုံလျှက်ရှိတော်မူကြောင်း ကိုလည်းကောင်း. . .) (၆၅း၁၂)ဟု မိန့်ထားသည်။

ဤအကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ပိုမိုမြောက်မြားသောနေရာများ၌ ပါဝင်ပြီး အလွန်ရှင်းလင်းအောင်ပြုထားသည်မှာ အလ်ဂိုက်ဗ်၏ အိလ်မ်(ကုရ်အာန်ကျမ်းတော်မြတ်တွင် ဆုံးဖြတ်ထားသကဲ့သို့နှင့် အစောပိုင်းရှင်းလင်းထားသကဲ့သို့)၊ (သို့မဟုတ်) စကြဝဠာအတွင်းရှိ အရာရာတိုင်းတို့အား အလုံးစုံဝန်းခြုံလွှမ်းမိုးသိရှိသော အသိဉာဏ်သည် အလ္လာဟ်ဂျလ္လာရှာနူဟူ၏ သီးသန့်ဂုဏ်တော်ဖြစ်သည်ဆိုကြောင်း ပင်တည်း။ ကောင်းကင်စေတမန်တစ်ပါး(သို့) နဗီတမန်တော်တစ်ပါး၏ တတ်သိနားလည်မှုမှာ အလုံးစုံကို လွှမ်းခြုံထားသည်ဟု မှတ်ယူပါက ယင်းသည်အလ္လာဟ်တမန်တော်တစ်ပါးကို အလ္လာဟ်အရှင်အဆင့်ဟုသတ်မှတ်ခြင်းဖြစ်၍ ၎င်းသည်အလ္လာဟ်အရှင်မြတ်နှင့်တန်းတူရည်တူဖြစ်သည်ဟု ကြေညာခြင်းဖြစ်သည်။ ယင်းသည်ကုရ်အာန်ကျမ်းတော်မြတ်အရ ရှိရိုက်ဖြစ်သည်။ ရှစ်ရိုက်၏ ဤအသွင်ကို စူရဟ်အလ်ရှအ်ရာထဲတွင် ထောက်ပြထားသည်မှာ-

تَاللّٰهِ اِنۡ كُنَّا لَفِیۡ ضَلٰلٍ مُّبِیۡنٍ اِذۡ نُسَوِّیۡكُمۡ بِرَبِّ الۡعٰلَمِیۡنَ

“အလ္လာဟ်အရှင်မြတ်၏ ‘ကစမ်’ ကေန်အမှန်ကျွန်ုပ်တို့သည် အလွန်ထင်ရှားလှစွာသော လမ်းလွဲမှု၌ပင် ရှိခဲ့ကြကုန်၏။ အကြင်အခါဝယ် ကျွန်ုပ်တို့သည် အသင်တို့အားစကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်အတူ ဂုဏ်ရည်တူများပြုလုပ်လျှက်ရှိခဲ့ကြကုန်၏။”(၂၆း၉၇-၉၈) ဟူ၍ဖြစ်သည်။

အလ္လာဟ်သအာလာသည် အရှင်မြတ်၏မြင့်မြတ်သော တမန်တော်များ (u) အထူးသဖြင့်ယင်းတို့အနက်မှနောက်ဆုံးတမန်တော်ကြီး (e) သခင်ကို ကောင်းကင်စေတမန်များအားလုံးနှင့် တမန်တော်များအားလုံးထက်သာပို၍ အကွယ်ရှိအကြောင်း မြောက်မြားစွာ၏ အသိပညာပေးထားသည်ဆိုခြင်းကား သံသယမရှိချေ။ သို့သော်လည်း မည်သူတစ်စုံတစ်ဦး၏ သိနားလည်မှုသည် အလ္လာဟ်အရှင်မြတ်၏ တတ်သိနားလည်မှုနှင့်မတူညီနိုင်သကဲ့သို့ မည်သည့်အခါတွင်မျှလည်းတူညီနိုင်မည်မဟုတ်ချေ။ သို့မဟုတ်ပါက ဤကဲ့သို့သော လုပ်ရပ်သည် ခရစ်ယာန်များကျူးလွန်ခဲ့သော လွန်ကဲမှုမျိုးဖြစ်သွားနိုင်သည်။ ၎င်းတို့သည် ၎င်းတို့တမန်တော်ကိုလေးစားမှုလွန်ကဲ၍ ထိုတမန်တော်ကိုအလ္လာဟ်အရှင်မြတ်နှင့် တန်းတူသတ်မှတ်ခဲ့သည်။ ဤသည်မှာ ရှုရိုက်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ကျွန်တော်မျိုးတို့ကို ထိုအဖြစ်မျိုးမှ ထိန်းသိမ်းစောင့်ရှောက်တော်မူပါစေ။

ယခုထိပြီးသမျှသည် အထက်တွင်ဖော်ပြထားသော ပထမအာယသ်တော်၏အကြောင်းပင်ဖြစ်သည်။ ဒုတိယအာယသ်တော်(၆၀)ထဲတွင် အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်ဖြစ်သည့် တန်ခိုးတော်အကြောင်းဖော်ပြထားသည်။ ယင်းသည်လည်း အလ္လာဟ်အရှင်မြတ်အတွက် သီးသန့်ဖြစ်သည်။ မိန့်ထားသည်မှာ-

وَهُوَ الَّذِیْ یَتَوَفّٰىكُمْ بِالَّیْلِ وَیَعْلَمُ مَاجَرَحْتُمْ بِالنَّهَارِ ثُمَّ یَبْعَثُكُمْ فِیْهِ لِیُقْضٰۤ اَجَلٌ مُّسَمًّى ۚ

"၎င်းပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်တည်း။ ထိုအရှင်မြတ်သည် အသင်တို့အား ညဉ့် အချိန်၌အိပ်စက်စေတော်မူ၏။ ၎င်းပြင် အသင်တို့နေ့၌ပြုသမျှတို့ကိုလည်း ထိုအရှင်မြတ်သည်သိရှိတော်မူ၏။ ထို့နောက်တစ်ဖန်ထိုအရှင်မြတ်သည် အသင်တို့အား ထိုနေ့၌ပြန်ထစေတော်မူ၏။ (တနည်း)ယင်းအိပ်စက်ခြင်းမှ ပြန်နိုးစေတော်မူ၏။ သို့မှသာလျှင် သတ်မှတ်ပြဋ္ဌာန်းအပ်သော သက်တမ်းသည် စေ့သွားပေမည်။"

ထို့ကြောင့် ဤနေရာ၌ လုပ်ထားသည်မှာအလ္လာဟ်အရှင်မြတ်၏အလွန်ပြီးပြည့်စုံသည့်တန်ခိုးတော် အကြောင်းမှအပ အခြားမဟုတ်ပြီ။ ယင်းကြောင့်လူသားများအသက်ရှင်စဉ်တွင်လည်းကောင်း သေဆုံးပြီးနောက် လည်းကောင်း၊ တဖန်ပြန်လည်ရှင်ပြန်ထရာတွင် လည်းကောင်း၊ မည်သည်ကို ဖြစ်ပျက်မည်ဆိုခြင်းကို ပြတင်း တံခါးဖွင့်ပြခြင်းဖြစ်သည်။ ယင်းကိုလူတိုင်းနေ့စဉ်မြင်တွေ့နေရပါသည်။ ဟဒီးဆ်တော်အရ အိပ်စက်ခြင်းသည် သေဆုံးခြင်းနှင့်တူသည်ဟုမိန့်ထားရခြင်းမှာ သေဆုံးစဉ်တွင်ကဲ့သို့ လူ၏ခန္ဓာကိုယ်ကို အိပ်ပျော်စဉ်ရပ်ဆိုင်းထားခြင်းဖြစ်သည်။

ဤအာယသ်တော်ထဲတွင် နိုးထခြင်းအစား အိပ်စက်ခြင်းကိုဥပမာတစ်ရပ်ပေးထားခြင်းကား သေခြင်းနှင့်သဏ္ဌာန်တူသည့်အိပ်စက်ခြင်းမှ ပြန်လည်ထလာသည့်မြင်ကွင်းကို လူတိုင်းသည် ကိုယ်တိုင်ကိုယ်ကျမနက်နှင့် ညတိုင်းမြင်စေရန် လူသားများအား အလ္လာဟ်အရှင်မြတ်က နိုးနိုးကြားကြားဖြစ်စေသည်။ သို့မှသာ ကိယာမသ် (သို့)နောက်ဆုံးနေ့တွင် စုပေါင်းသေဆုံးခြင်းနှင့် စုပေါင်းပြန်လည်ရှင်ပြန်ထမှုကိုမြင်တွေ့ရန်အတွက် မခက်ခဲလှပေ။ ဤဖြစ်ရပ်ကိုပြုလုပ်နိုင်တော်မူသော ဖြစ်ထွန်းတော်မူသည့်အရှင်သည် ယင်းကိုဖြစ်စေ နိုင်တော်မူသည်။ အရှင်မြတ်၏ပြီးပြည့်စုံဆုံးသော တန်ခိုးတော်အရ ဤသည်မှာ သတ်မှတ်သည့်အတိုင်းဖြစ်ပါလိမ့်မည်။ ထို့ကြောင့် အာယသ်တော်အဆုံး၌- **ثُمَّ اِلَیْهِ مَرْجِعُكُمْ ثُمَّ یُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ** "တစ်ဖန်အသင်တို့သည် ထိုအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြကုန်အံ့။ ၎င်းနောက် ထိုအရှင်မြတ်သည်အသင်တို့အား အသင်တို့ပြုသမျှတို့ကို ထုတ်ဖော်မိန့်ကြားတော်မူအံ့။"ဟုမိန့်ထားခြင်းက လုပ်ရပ်များနှင့်ပတ်သက်၍ စာရင်းစစ်ဆေးခြင်းပြုလုပ်ပါလိမ့်မည်။ ထို့နောက် ထိုလုပ်ရပ်များနှင့်ပတ်သက်၍ ဆုပေးခြင်း ဒဏ်ပေးခြင်းလုပ်ဆောင်မည်ဟု အဓိပ္ပာယ်သက်ရောက်သည်။

တတိယအာယသ်တော်ထဲတွင် ဤအကြောင်းအရာကိုပင် အကျယ်ချဲ့မိန့်ထားသည်မှာအလ္လာဟ်အရှင်မြတ်တွင် အရှင်မြတ်၏အစေခံများအားလုံးပေါ်တွင် အကြွင်းမဲ့နိုင်နင်းတော်မူသောတန်ခိုးတော်ရှိသည်ဟူ၍ ဖြစ်သည်။ ထိုသည်များအသက်ရှင်ရန် အရှင်မြတ်၌ ဆန္ဒရှိသမျှကာလပတ်လုံးဂင်းတို့ကို အန္တရာယ်မပြုစေရန် အစောင့်အရှောက်ပေးရေးကို ကောင်းကင်တမန်များအား တာဝန်ပေးထားသည်။ ထို့ပြင် တစ်စုံတစ်ဦးသည် သတ်မှတ်သက်တမ်းစေ့သွားလျှင် ဤစောင့်ရှောက်မှုပေးသည့်ကောင်းကင်တမန်များကပင်လျှင် တစ်စုံတစ်ဦး သေဆုံးစေသည့် အကြောင်းရင်းများကို ဘာမျှမကျန်ရစ်စေရန် ဖြစ်စေမည့်သေဆုံးစေသော ကောင်းကင်တမန်များဖြစ်လာစေသည်။ ထို့နောက် သေဆုံးသွားသည်နှင့်ကိစ္စရပ်ကားမပြီးဆုံးချေ။ နောက်အသွင်တစ်မျိုးရှိသေး

သည်။ ယင်းကား-**رُدُّوْٓا اِلَى اللّٰهِ** (ထို့နောက်တစ်ဖန်ယင်းသူတို့သည် မိမိတို့၏အရှင်သခင် အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံသို့ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရသည်--၆၂)ဆိုလိုသည်မှာ ၎င်းတို့သည် တဖန်ပြန်လည်ရှင်ပြန်ထကြရပါလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက် တင်သွင်းခံရပါလိမ့်မည်။ အကယ်၍ ဤနေရာတွင်တစ်စုံတစ်ဦးသည် သူ၏ဘဝတစ်သက်တာလုံး၏ လုပ်ဆောင်ချက်များကို စစ်ဆေးခံရန်အတွက် တရားသူကြီးတို့အနက်အကြီးကျယ်ဆုံးသောတရားသူကြီး၏ရှေ့မှောက်တွင် ရောက်ရှိနေသည်ဟု စဉ်းစားလိုက်ပါက သူသည်ပြစ်ဒဏ်ခတ်မှုမှလွတ်မြောက်ရန်မျှော်လင့်ခြင်းနှင့် ဘာမျှမထိခိုက်ဘဲအပြစ်မှလွတ်ကင်းလိမ့်မည်ဟုစဉ်းစားရဲမည်မဟုတ်ပါ။ ထို့ကြောင့်ယင်းနှင့်အတူ-**اِلَى اللّٰهِ مَوْلٰهُمُ الْحَقِّ** (မိမိတို့၏အရှင်သခင်အစစ်အမှန်ဖြစ်သော အလ္လာဟ်အရှင်မြတ်ထံသို့)ဟုမိန့်ကြားထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် တရားသူကြီးများအနက် တရားသူကြီးနှင့် အထွတ်အထိပ်ဖြစ်ရုံမျှက ထိုအရှင်မြတ်သည် အရှင်မြတ်ကျေးကျွန်များ၏ စောင့်ရှောက်တော်မူသော အရှင်သခင်လည်းဖြစ်သောကြောင့် ကျေးကျွန်များ လိုအပ်သောအချိန်တိုင်းတွင် အကူအညီပေးသည်။

ထို့နောက်-**اَلَا لَهُ الْحُكْمُ** (သတိပြုကြလေကုန်၊ စီရင်ဆုံးဖြတ်ရန် တန်ခိုးအာဏာ သည်ထိုအရှင်မြတ်၌သာရှိသည်. . . ၆၂)။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်သည် အဆုံးအဖြတ်ပြုခြင်းနှင့် စီရင်ချက်ချခြင်းတွင် အကောင်းဆုံးဖြစ်သည်ဆိုသည်မှာ မုချဧကန်သံသယမရှိချေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းနှင့်လူသားသန်းထောင်ပေါင်းများစွာ၏ ဘဝတသက်တာလုပ်ရပ်များကို တာဝန်ယူစာရင်းစစ်ဆေးရန်မှာ မည်သို့ဖြစ်နိုင်ပါအံ့နည်းဟူ၍ သံသယဝင်နိုင်သည်။ ထို့နောက်ယင်းနောက်တွင်-**وَهُوَ اَسْرَعُ الْحٰسِبِيْنَ** (၎င်းနောက်ထိုအရှင်မြတ်သည် အမြန်ဆုံးစောကြောမေးမြန်းတော်မူမည့်အရှင်မြတ်ပင်ဖြစ်တော်မူသည်)။ ဆိုလိုသည်မှာ လူသားများလုပ်ဆောင်သည်တို့နှင့် အလ္လာဟ်အရှင် လုပ်ဆောင်မှုကို အလားတူသည်ဟု မှတ်ယူခြင်းသည် မသိနားမလည်ခြင်းသာဖြစ်သည်။ အရှင်မြတ်သည်ယင်းကိစ္စအတွက် တစ်ခဏနှင့်လုပ်ဆောင်နိုင်သည်။ (ပင်မဖရိန်တွက်ချက်မှုကိုထုတ်လုပ်သော ခရေးနှင့် IBM ကုမ္ပဏီများတွင်ရှိ အရှင့်ကျေးကျွန်တို့သည် သန်းပေါင်းထောင်ပေါင်းများစွာသော ကွန်ပျူတာ၏ ပင်မကွန်ယက်မှအချက်အလက်များကို စက္ကန့်အနည်းငယ်အတွင်းထုတ်လုပ်နိုင်ခဲ့လျှင် အရာရာတိုင်းကို ပြုလုပ်တော်မူသော အရှင်၏တန်ခိုးတော်အား အသိဉာဏ်ရှိသူ မည်သူမဆိုအဘယ့်ကြောင့် သံသယဝင်ရသနည်း။) (အင်္ဂလိပ်ဘာသာပြန်သူ၏စကားချပ်)

XXXXXXXXXXX

tm,of (63-64)

قُلْ مَنْ
يُّنَجِّيكُمْ مِّنْ ظُلُمٰتِ الْبَرِّ وَالْبَحْرِ تَدْعُوْنَهٗ تَضَرُّعًا وَّخُفْيَةً ۚ لَئِنْ
اَنْجٰىنَا مِنْ هٰذِهٖ لَنَكُوْنَنَّ مِنَ الشّٰكِرِيْنَ ﴿٦٣﴾ قُلِ اللّٰهُ يُنَجِّيْكُمْ
مِّنْهَا وَمِنْ كُلِّ كَرْبٍ ثُمَّ اَنْتُمْ تُشْرِكُوْنَ ﴿٦٤﴾

(အို-နဗီတမန်တော်)အသင်သည်ပြောကြားပါလေ။ "(အချင်းတို့) အသင်တို့အား ကုန်းမြေနှင့်သမုဒ္ဒရာပင်လယ်၏ အမှောင်အထပ်ထပ်တို့မှ မည်သူသည် ကယ်တင်ပါသနည်း။ " အကယ်၍သာထိုအရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ထိုအန္တရာယ်များမှ လွတ်မြောက်စေတော်မူပါလျှင် ကျွန်တော်မျိုးတို့သည် ကျေးဇူးတော်ကိုသိတတ်သောသူတို့တွင် အပါအဝင် ဖြစ်ကြပါမည်" ဟူ၍ အသင်တို့သည်(အလ္လာဟ်)အရှင်မြတ်ကိုသာ ဒိုကြွေးကာလည်းကောင်း၊ တိတ်ဆိတ်စွာလည်းကောင်း ဟစ်ခေါ်တသ (ဆုတောင်းပတ္ထနာပြု)ကြကုန်သည်(မဟုတ်ပါလော)။" (၆း၆၃)

(အို-နဗီတမန်တော်)အသင်သည် (ၛင်းတို့အား)ဤသို့)ပြောကြားပါလေ။ "(အချင်းတို့) အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့အား ထို(ဘေးအန္တရာယ်)တို့မှလည်းကောင်း၊ (အခြား အခြားသော)ဘေးအန္တရာယ်တိုင်းမှလည်းကောင်း၊ (စိတ်ဒုက္ခအပေါင်းမှလည်းကောင်း)လွတ်မြောက်စေတော်မူ၏။ ထို(သို့လွတ်မြောက်စေတော်မူပြီး)နောက်၌(ယှဉ်တွဲ)၍ကိုးကွယ်ကြကုန်သတည်း။ (၆း၆၄)

tus,fzGihfqkjcif;

tv'm[ft&Sifjrwf\ todynmESihf t<uif;rlhwefodk;awmf\ oufaoxif&Sm;jycsuftcsdkU

ပြီးခဲ့သောအာယသ်တော်များထဲတွင် အလ္လာဟ်အရှင်မြတ်၏ အသိဉာဏ်တော်နှင့် တန်ခိုးတော်၏ ပြီးပြည့်စုံမှုနှင့်ယင်းတို့၏ ပြိုင်ဘက်ကင်းသောအကျယ်အပြန့်ကို ဖော်ပြခြင်းပါဝင်သည်။ လက်ရှိအာယသ်တော်များထဲတွင် ဤအသိဉာဏ်တော်နှင့် တန်ခိုးတော်၏ထင်ရှားသောဖော်ပြချက် အချို့ပါဝင်သည်။

ပထမအာယသ်တော်(၆)ခုတွင်ပါဝင်သည့် ...a-mL<•< (ဇုလုမာသ်)ဟူသောစကားလုံးသည် အမှောင်ထုဟု အဓိပ္ပာယ်သက်ရောက်သော]m-l^:< ဇုလ်မသ်၏ဗဟုဝုစ်ကိန်းဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်ပါ-ظُلُمٰتِ الْبَرِّ وَالْبَحْرِ အသုံးအနှုန်း၏ဆိုလိုရင်းမှာ ပထဝီမြေကြီးနှင့်ပင်လယ်တွင်တွေ့ရသော အမှောင် အထပ်ထပ်ကိုဆိုလိုသည်။ ညဉ့်၏အမှောင်ထု၊ မိုးတိမ်၏အမှောင်ထု၊ သဲမုန်တိုင်း၏အမှောင်ထု၊ နှင့်ပင်လယ်လှိုင်းများ၏ အမှောင်ထုဟူ၍ အမှောင်အမျိုးအစားများစွာရှိ၍ ဤနေရာ၌ ၎င်းတို့အားလုံးအကျုံးဝင်စေရန် ဇုလုမသ် ဟူသောစကားလုံးသုံးနှုန်းထားသည်။

ထို့ကြောင့် အာယသ်တော်ကဆိုလိုသည်မှာ မက္ကာမြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏မှား ယွင်းသောလုပ်ရပ်များအတွက် သတိပေးရန် ၎င်းတို့ကုန်းလမ်းခရီး၊ ရေလမ်းခရီးသွားစဉ်အတွင်း ဒုက္ခအကြီး အကျယ်တွေ့ကြုံရာ၌ ထိုသူများ မည်သည်တို့လုပ်ဆောင်ခဲ့ကြောင်း ၎င်းတို့အားမေးမြန်းရန် တမန်တော်မြတ် (e) သခင်ကို အလ္လာဟ်အရှင်မြတ်ကအမိန့်ပေးခဲ့သည်။ ထိုသူတို့သည် ၎င်းတို့၏ရုပ်ထုများကိုသာလျှင် ဟစ်ခေါ်တသခဲ့သည်မဟုတ်ပါလော။ ထိုအချိန်တွင် ၎င်းတို့သည် ကိုယ်နှုတ်သိက္ခာစောင့်စည်းခြင်းနှင့်အကူအညီမဲ့မှုများ ကိုဝန်ခံခဲ့သကဲ့သို့ အခြားအချိန်များ၌ ၎င်းတို့သည် နှလုံးသားထဲ၌ ၎င်းတို့ကို ဤဘေးဒုက္ခမှအလ္လာဟ်အရှင်မြတ် မှအပ မည်သူကမျှ အမှန်တကယ်ကယ်တင်နိုင်လိမ့်မည်မဟုတ်ကြောင်းဝန်ခံကြပါလိမ့်မည်။ ဤအတွေးနှင့်အတူ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဤဘေးဒုက္ခမှကယ်တင်ခဲ့ပါလျှင် ၎င်းတို့သည် မုချဧကန် အမှန်တရား၏လမ်း လိုက်၍အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးဥပကာရတင်ရှိကြပါမည်ဟု ကတိပြုကြလိမ့်မည်။ တနည်းဆိုရလျှင် ကယ်တင်ခံရသည်နှင့်တပြိုင်နက် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကိုကျေးဇူးတင်ပါလိမ့်မည်။ ထိုအရှင်မြတ်ကို၎င်းတို့၏စစ်မှန်သောကယ်တင်ရှင်နှင့်အကူအညီပေးသောအရှင်ဟု မှတ်ယူကာ ထိုအရှင်မြတ် နှင့်မည်သည်ကိုမျှ မည်သည့်အခါမျှ ယှဉ်တွဲ၍ကိုးကွယ်လိမ့်မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ ကိုးကွယ်ကြသည်များမှာ လိုအပ်သောအချိန်၌ အကူအညီမပေးခဲ့၍ဖြစ်သည်။ ၎င်းတို့၏ဤအတွေ့အကြုံအရ ၎င်းတို့ဒုက္ခရောက်ချိန်နှင့်ပျက်စီးလုနီးနီးအချိန်တွင် မည်သူက ၎င်းတို့အား ကယ်တင်ခဲ့ပါသနည်းဟူသည်ကို စုံစမ်းမေးမြန်းရန် တမန်တော်မြတ် (e) ကို မိန့်ကြားထားသည်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး ၎င်းတို့ကိုးကွယ် သည့်ရုပ်ထု(သို့) မည်သည့်အရာဖြစ်ပါစေ ယင်းတို့သည် ၎င်းတို့ဒုက္ခရောက်ချိန်၌ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်မကူညီနိုင်ဟူသော ပွင့်လင်းသည့်အချက်ကို ၎င်းတို့မငြင်းနိုင်၍ ၎င်းတို့ဖြေမည့်အဖြေမှာ သိရှိပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဒုတိယအာယသ်တော်(၆၄)ထဲ၌ အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်က ဦးဆောင်ဦး ရွက်ပြု၍ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် ၎င်းတို့၏ဘဝ၌၎င်းတို့ရင်ဆိုင်ရမည့် အခြားဒုက္ခသုက္ခများ (သို့)ပူပင်သောကတိုင်းမှ ကယ်တင်နိုင်ကြောင်း ဤသူများကိုပြောပြရန် ကိုယ်တော်မြတ် (e) သခင်အား အမိန့်ပေးခဲ့သည်။ သို့သော်လည်း ပြဿနာကားထိုသူများသည် ပွင့်လင်းထင်ရှားသောလက္ခဏာများမြင်တွေ့ ရ၍ဒုက္ခသုက္ခများမှသက်သာမှုရရှိပြီးနောက် ရှစ်ရိုက်ဘက်သို့ပြန်လည်ဦးတည်ကာ မှားယွင်းသောဘုရားများအား ကိုးကွယ်ခြင်းစတင်ကျူးလွန်ခဲ့သည်။ ထူးဆန်းသော သစ္စာဖောက်ခြင်းနှင့်ဆိုးရွားသောမသိနားမလည်မှုပင်တည်း။

ဤအာယသ်တော်နှစ်ခုသည် လူသားများဒုက္ခရောက်စဉ်တွင်၎င်းတို့အား ကယ်တင်ခဲ့သည့် အလ္လာဟ် အရှင်မြတ်၏ပြီးပြည့်စုံသော တန်ခိုးတော်ကိုပြောပြရုံမျှမက အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာ အမျိုးမျိုး သော အခက်အခဲများ၊ ဒုက္ခများ၊ စိတ်ပူပန်မှုများဖယ်ရှားပေးနိုင်သည်ကို အလေးအနက်ပြုထားသည်။

ယင်းနှင့်ပတ်သက်၍ မည်သူ့ဘက်မျှလှည့်ရန်မရှိလျှင် အဆုံးဌ အလွှာဟ်အရှင်မြတ်ဘက်သာလှည့်သော အစဉ်အလာဟောင်းအရိုးစွဲသော မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အပြုအမူကထင်ရှားစေသည်။

oifcPF;pm

ၵင်းတို့၏ သစ္စာဖောက်မှုအရ ယင်းသည်ကြီးလေးသောပြစ်မှုတစ်ရပ်ဖြစ်သည့်အလျောက် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ဤအပြုအမူတွင် ရယူရန် သင်ခဏ်းစာအချို့ရှိပေသည်။ ၵင်းတို့အတိဒုက္ခရောက်ချိန်တွင် အကြပ်အတည်းကျရောက်ခြင်းမှ အစစ်အမှန်ကိုထုတ်ဖော်ဝန်ခံသည့် အလွှာဟ်အရှင်မြတ်ဘက်လှည့်ခြင်းတွင် ကျွန်ုပ်တို့မုစ်လင်မ်များအတွက် သင်ခဏ်းစာတစ်ရပ်ရယူရန်ရှိသည်။ အလွှာဟ်အရှင်မြတ်၏ အကြွင်းမဲ့တန်ခိုးတော်ကို ယုံကြည်လင့်ကစား ကျွန်ုပ်တို့အားစမ်းသပ်ချိန်တွင် အလွှာဟ်အရှင်မြတ်ကို ကျွန်ုပ်တို့ချက်ခြင်းသတိရတသခြင်းမရှိသေးပါ။ ဖြစ်ပုံမှာ ကျွန်ုပ်တို့၏ဒုက္ခများမှ ကယ်တင်မည်ဟုမျှော်လင့်ရသည့် ရုပ်ဝတ္ထုဆိုင်ရာ အထောက်အပံ့ဆီသို့ လှည့်သွားကြပါသည်။ ကျွန်ုပ်တို့သည် ရုပ်ထုများ၊ သူတော်စင်များ၏ရုံပုံကားချပ်များသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်များအဖြစ် မယူဆဆိုသည်ကားသံသယမရှိချေ။ သို့သော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ ရုပ်ဝတ္ထုဆိုင်ရာ အထောက်အပံ့စနစ်များ၊ ထောက်ပို့ရေးများ၊ ရေ၊ လေ၊ တွင် စက်ယန္တရားများဖြင့် ကယ်ဆယ်သည့်တပ်ဖွဲ့များ၊ အချင်းဖြစ်နေရာတွင်ထောက်ပံ့ဖြည့်တင်းပေးခြင်းနှင့်အဝေးဆက်သွယ်ရေးကိရိယာများတို့သည် ကျွန်ုပ်တို့အတွက် ရုပ်ထုများနှင့်မခြားနားတော့ချေ။ ယင်းအရာများကိုအထင်ကြီး၍ စိတ်ဝင်စားသောကြောင့်အလွှာဟ်အရှင်မြတ်နှင့်အရှင်မြတ်၏ ပြီးပြည့်စုံဆုံးသောတန်ခိုးတော်ကို ကျွန်ုပ်တို့စဉ်းစားမိဟန်မရှိတော့ချေ။

rawmfwqjzpfyGm;rIrsm;ESihfteufteJrsm;\ppfrSefaomukxHk;

နာမကျန်းမှုကို ဥပမာတစ်ခုအဖြစ်ကြည့်ကြစို့။ ကျွန်ုပ်တို့နာမကျန်းဖြစ်လျှင် ကျွန်ုပ်တို့၏ဆရာဝန်များနှင့်သမားတော်များမှအပ ဘာမျှ ကျွန်ုပ်တို့မစဉ်းစားကြတော့ချေ။ မုန်တိုင်းတစ်ခု(သို့)ရေကြီးချိန်၏ဥပမာကိုကြည့်စို့။ ကျွန်ုပ်တို့သည် ထိုကိစ္စများ၌ပါဝင်ပတ်သက်သည်နှင့်တပြိုင်နက် ရုပ်ဝတ္ထုနည်းလမ်းများနှင့်ရုပ်ဝတ္ထုဆိုင်ရာအကူအညီများဖြင့် ကယ်တင်ခံရရန် ကျွန်ုပ်တို့မျှော်မှန်းခဲ့ကြသည်။ ထိုပစ္စည်းများတွင် ကျွန်ုပ်တို့၏ကံကြမ္မာတည်နေသည်ဟု ကျွန်ုပ်တို့ထင်မှတ်ကြသည်။ သို့ထင်မှတ်ခြင်းသည် စကြဝဠာတစ်ခုလုံး၏အရှင်သခင်၊ ယင်းအရှင်၏ လက်ဝယ်ကျွန်ုပ်တို့ကံကြမ္မာထိန်းချုပ်ထားမှုရှိနေသည်ဆိုသည်ကို ကျွန်ုပ်တို့သတိရပုံမပေါ်ချေ။ ဤကမ္ဘာ၏အခက်အခဲများနှင့်မတော်တဆဖြစ်မှုများသည် လူသား၏မကောင်းမှုလုပ်ရပ်၏ရလဒ်ဖြစ်သည်ဆိုကြောင်းနှင့်ယင်းသည်နောင်တမလွန်တွင်ပြစ်ဒဏ်ခတ်ခံရမှု၏ နူည့်သိမ်မွေ့သောနမူနာတစ်ရပ်ဖြစ်သည်ဆိုကြောင်းကိုကုရ်အာန်ကျမ်းတော်မြတ်က ရှင်းလင်းစွာ ထပ်ကာတလဲလဲမိန့်ကြားထားသော်လည်း ကျွန်ုပ်တို့မှာ အထက်ကဲ့သို့ပင်လုပ်လိုဟန်ရှိပေသည်။ အကယ်၍ ဤရှုထောင့်မှကြည့်လျှင် ဤအခက်အခဲများသည်တနည်းဆိုရလျှင်မုစ်လင်မ်များအတွက် သနားကြင်နာမှုပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤသည်တို့မှတစ်ဆင့်သတိမမူသောသူများအား အားမန်သစ်ပွားစေသောအရာဖြစ်သည်ဟု ပြောနိုင်သည်။ သို့မှသာဤအခြေအနေကို

အသုံးချ၍ ၎င်းတို့သည် ၎င်းတို့၏ မကောင်းမှုလုပ်ရပ်များကို ပြန်လည်စိစစ်၍ တမလွန်၏ကြီးမားခြင်းထန်သောပြစ်ဒဏ်ခတ်ခံရမှုမှ ၎င်းတို့လုံခြုံရန်အတွက် နောင်တွင်ဘယ်သောအခါမျှ မကျူးလွန်စေရန် စတင်စဉ်းစားပါလိမ့်မည်။ ဤအကြောင်းအရာကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၏အခြားတစ်နေရာ၌ အောက်ပါအတိုင်းဖော်ပြထားသည်-

وَلَنُذِيقَنَّهُمْ مِّنَ الْعَذَابِ الْاَدْنٰى دُوْنَ الْعَذَابِ الْاَكْبَرِ لَعَلَّهُمْ يَرْجِعُوْنَ

"ထိုမှတစ်ပါး ၎င်းတို့သည် (မိမိတို့၏သွေဖည်မှု၊ တွဲဖက်နှိုင်းယှဉ်ကိုးကွယ်မှုများကိုစွန့်ပြီး) ပြန်လှည့်၍ လာကြအံ့သောငှါ မုချစင်စစ်ငါအရှင်မြတ်သည် ၎င်းတို့အား ထိုကြီးစွာသောအပြစ်ဒဏ်အပြင် ဤပစ္စက္ခတွင်ပင် သေးငယ်သော အပြစ်ဒဏ်ကိုလည်း မြည်းစမ်းစေဦးမည်။" (၃၂း၂၁)

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တွင် မိန့်ထားသည်မှာ-

وَمَآ اَصَابَكُمْ مِّنْ مُّصِيْبَةٍ فَبِمَا كَسَبَتْ اَيْدِيْكُمْ وَيَعْفُوْا عَنْ كَثِيْرٍ

"စင်စစ်သော်ကား အသင်တို့၌သက်ရောက်လေ့ရှိသော ဘေးဒုက္ခဟူသ၍သည် အသင်တို့၏လက်များကဆည်းပူးခဲ့ကြသောအပြုအမူတို့ကြောင့်ပင် သက်ရောက်ခဲ့သည်သာ။ ထိုမှတစ်ပါးထိုအရှင်မြတ်သည် များစွာသောပြစ်မှုများကိုမူကား ခွင့်လွှတ်တော်မူ၏။" (၄၂း၃၀)

အထက်တွင်ကိုးကားခဲ့သော စူရတ်အတ်ရ်ရူရာ၏အာယသ်အကြောင်းပြောကြားရာ၌ တမန်တော်မြတ် (ဧ) သခင်မိန့်ကြားခဲ့သည်မှာ-

"ကွန်ပြူတာ၏အသက်ကို စိုးပိုင်တော်မူသောအလ္လာဟ်အရှင်မြတ်ကို တိုင်တည်၍ပြောအံ့ လူသားတစ်ဦးခံစားရသော သစ်သားစလေးနှင့်သာမန်အခြစ်ခံရမှု(သို့) ခြေလှမ်းတုန့်ဆိုင်းသွားခြင်း၊ (သို့) အကြောနာကျဉ်ခြင်း၊ အားလုံးတို့သည် ပြစ်မှုဂုနာဟ်အချို့ကြောင့်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုဖြစ်သော်လည်း အလ္လာဟ်အရှင်မြတ်ခွင့်လွှတ်တော်မူသောအပြစ်ဂုနာဟ်ကား မြောက်မြားစွာရှိပေသည်။"

အလ္လာဟ်မာအလ်ဗိုင်ဒါဝီ၏ မိန့်ကြားချက်အရ ဟဒီးဆ်တော်ကဆိုလိုသည်မှာ ပြစ်မှုဂုနာဟ်ကျူးလွန်သူများနှင့် ရာဇဝတ်သားများရင်ဆိုင်ရသော ရောဂါများနှင့်ဘေးဒုက္ခများသည် ပြစ်မှုဂုနာဟ်များ၏ ကြွင်းကျန်သောလက်စလက်နများဖြစ်သကဲ့သို့အမှားအယွင်းကင်းသူများ(သို့) ပြစ်မှုဂုနာဟ်များမှ ကာကွယ်စောင့်ရှောက်ခံရသူများကြုံတွေ့ရသော ရောဂါများနှင့်အခက်အခဲများသည် ၎င်းတို့၏သည်းခံမှုနှင့်ခံနိုင်ရည်ကိုစမ်းသပ်ကာ ဂျန္နသ်သုခဘုံတွင် မြင့်မားသောအဆင့်အတန်းနှင့် ကောင်းချီးမင်္ဂလာပေးရန်ဖြစ်သည်။

ထို့ကြောင့် ပြစ်မှုဂုနာဟ်များမကင်းသော လူသားအများကြုံတွေ့ရင်ဆိုင်ရသော ရောဂါများ၊ မတော်တဆပြစ်မှုများ၊ အခက်အခဲများ၊ နာကျင်မှုများနှင့် ပူပင်သောကရောက်မှုများသည် ၎င်းတို့ပြစ်မှုဂုနာဟ်အကြွင်းကျန်သောလက်စလက်နများနှင့်အကျိုးဆက်များ၏ အရေးပါသော ရလဒ်ပင်ဖြစ်သည်။

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ ထိုကဲ့သို့သော ဒုက္ခရောက်သည့်အဖြစ်အပျက်များမှ ပထမဦးစွာ ထွက်ပေါက်နှင့် စစ်မှန်သောကုထုံးသည်ကား လူအများ အလွှာဟ်ဂျလွှာရှာနူဟူဘက်သို့လှည့်၍ အတိတ်က ၎င်းတို့ပြစ်မှုဂုနာဟ်အားလုံးအတွက် ခွင့်လွှတ်ချမ်းသာပေးမှုတောင်းခံကာ အနာဂါတ်တွင် ယင်းဂုနာဟ်ပြစ်မှုများမှ ၎င်းတို့ရှောင်ရှားပါမည်ဟု ခိုင်မြဲစွာ သန္နိဋ္ဌာန်ချပြီး ထိုအရှင်မြတ်တစ်ပါးတည်းထံတွင်သာ ဆုမွန်တောင်းခံရပါမည်။ ထိုအရှင်မြတ်သည်သာလျှင် အရှင်မြတ်၏ အသနားကြင်နာမှုဖြင့် ၎င်းတို့၏အခက်အခဲများကို ဖယ်ရှားပေးတော်မူမည်ဟူ၍ဖြစ်သည်။

သို့သော်လည်း နာမကျန်းဖြစ်စဉ်ကုသမှုနှင့် ဆေးဝါးများဖြစ်သော ရုပ်ဝတ္ထုဆိုင်ရာနည်းလမ်းများကို သုံးစွဲခြင်း(သို့) မတော်တဆမှုများနှင့် ဘေးဒုက္ခများကျရောက်စဉ် ၎င်းတို့အားရင်ဆိုင်ရန် ရုပ်ဝတ္ထုဆိုင်ရာနည်းလမ်းများအသုံးချခြင်းသည် အသုံးမဝင်သောကြိုးပမ်းမှုဟု မည်သည့်အခါတွင်မျှ မဆိုလိုချေ။ သို့မဟုတ်ဘဲ ရည်ရွယ်ချက်မှာ အလွှာဟ်အရှင်မြတ်သည်သာ အဖြစ်အပျက်များနှင့်ကိစ္စရပ်များ၏ ပြုလုပ်တော်မူသောအရှင်ဖြစ်တော်မူ၍ ထိုအရှင်မြတ်သည်သာလျှင် စတင်ဆောင်ရွက်သောအရှင်ဖြစ်ကြောင်း အလေးအနက်ပြုရန်ဖြစ်သည်။ ရုပ်ဝတ္ထုဆိုင်ရာနည်းလမ်းများအသုံးပြုရာတွင် ယင်းတို့သည် အလွှာဟ်အရှင်မြတ်၏ကောင်းချီးမင်္ဂလာများမှအပ မည်သည်မျှ မဟုတ်ကြောင်းမှတ်ယူကာ သုံးစွဲရမည်။ အဘယ့်ကြောင့်ဆိုသော် နည်းလမ်းအားလုံးနှင့် ကိရိယာတန်ဆာပလာများသည်ကား ထိုအရှင်မြတ်၏ ဖန်ဆင်းမှုနှင့်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများမလွဲမသွေဖြစ်ကြကာ အရှင်မြတ်၏ အမိန့်တော်နှင့် အလိုတော်အရ လူသားများအား အကျိုးပြုစေပါသည်။ မီး၊ရေ၊လေ၊ မြေ နှင့် အားလုံးသောအင်အားစုများသည် အလွှာဟ်အရှင်မြတ်၏အမိန့်တော်ကို နာခံကြရပါသည်။ ထို အရှင်အလိုတော်မရှိလျှင် မီးသည်လည်း မလောင်ကျွမ်းနိုင်။ ရေသည်လည်း မငြိမ်းသတ်နိုင်။ ဆေးဝါးတစ်ရပ်ကလည်းအကျိုးမဖြစ်စေပါ။ အစားအစာအချို့ကလည်း အန္တရာယ်မပေးနိုင်ပါ။ အတွေ့အကြုံအရ မှန်ကန်ကြောင်းသိရသည်မှာ လူသားများသည် အလွှာဟ်အရှင်မြတ်ကို ဂရုပြုမှုမရှိဘဲ ၎င်းတို့ကိုယ်တိုင်တီထွင်ထားခဲ့သည့်အကာအကွယ်ယန္တရားစံနစ်များပေါ်မှီခိုလာသည်နှင့်တပြိုင်နက် ၎င်းတို့၏ ထောက်ပို့ရေးဆိုင်ရာပစ္စည်းပစ္စယများတိုးပွားလာလေလေ၊ သောကများနှင့်ဘေးဒုက္ခများတိုးပွားလာလေလေဖြစ်သည်။

တစ်စုံတစ်ဦးသည် ဂရုပြုမှုမရှိဘဲ ဂုနာဟ်အပြစ်ကျူးလွန်ခဲ့လျှင် သတ်မှတ်ထားသောအချိန်တစ်ခုတွင် ၎င်းအတွက် ဆေးဝါးတစ်ရပ်(သို့) ဆေးကုသမှုထုံးတစ်ရပ်သည် အကျိုးရှိနိုင်သကဲ့သို့ အချို့သောပြဿနာအတွက် ရုပ်ဝတ္ထုဆိုင်ရာနည်းလမ်းများဖြင့် ထွက်ပေါက်ရှာခြင်းသည် အောင်မြင်နိုင်သည်ဆိုခြင်းအား လုံးဝဖြစ်နိုင်သည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတစ်ခုလုံး၏ အနေအထားအရခြုံငုံကြည့်မည်ဆိုလျှင် ရုပ်ဝတ္ထုဆိုင်ရာများအပေါ် မှီခိုခြင်းသည် မအောင်မြင်နိုင်ဟူသည့်ထင်ရှားသောလက္ခဏာများပေါ်ထွက်လာသည်။ ယနေ့ချိန်ခါတွင် နာကျင်မှုနှင့်ပင်ပန်းငြီးငွေ့ဖွယ်အလုပ်ကိုဖယ်ရှားရန်နှင့် သက်သောင့်သက်သာနှင့်စည်းစိမ်ရှိရန်တီထွင်ထားခဲ့သည့် မြောက်မြားစွာသောပစ္စည်းကိရိယာတန်ဆာပလာအမျိုးမျိုးသည်ကား အတောမသတ်နိုင်ချေ။ ဤသည်တို့မှာ လွန်ခဲ့သောရာစုနှစ်တစ်ဝက်ကျော်ကလူသားတို့ စဉ်းပင်မစဉ်းစားခဲ့သောအရာများဖြစ်သည်။ ထိုအချိန်က လူများသည် အမြဲတမ်းသစ်လွင်နေသောအသက်ကယ်ဆေးဝါးများ၊ ဆေးဝါးပေးဝေမှုစနစ်များ၊ နည်းလမ်းများ၊ ခွဲစိတ်မှုများ၊ ကျွမ်းကျင်သူများ၊ အတတ်ပညာရှင်များ၊ ဓါတ်ခွဲခန်းများ၊ ဆေးရုံများနှင့် ဆေးဝါးကုသဆောင်များလုံးဝလက်မဲ့ဖြစ်နေသည်ကို မည်သူမျှမသိကြလေသလော။ သို့သော်လည်း အမြင်ကျယ်စွာကြည့်

လျှင် လွန်ခဲ့သောနှစ်ပေါင်း(၅၀)ခန့်က ဤအခြေအနေများအားလုံးချို့တဲ့ခဲ့သောလူသားသည် (၂၀)ရာစုနှစ်ကုန်တွင်ရှိလူသားလောက် မကျန်းမမာဖြစ်ခြင်းနှင့် ဒုက္ခရောက်ခြင်းမရှိခဲ့ပါ။ အလားတူစွာပင် ကပ်ရောဂါများကာကွယ်ရန် ကာကွယ်ဆေးများ၊ မီးသတ်ရန် ယန္တရားတပ်ဆင်ထားသောတပ်ဖွဲ့များ၊ မတော်တဆဖြစ်မှုမှ ကူညီရန် ဆေးဝါးနှင့်ဆေးဝါးအကူတပ်ဖွဲ့များ၊ အရေးပေါ်ကိစ္စရပ်များ၏ သတင်းအချက်အလက်များစောလျင်စွာ ပေးပို့နိုင်သောအားလုံးကို လွှမ်းခြုံထားသည့် ဆက်သွယ်ရေးစနစ်များနှင့် ကျွမ်းကျင်သောပညာရှင်များနှင့် ကိရိယာတန်ဆာပလာများကျွန်ုပ်တို့တွင်ရှိသည်။ သို့သော်လည်း ဘေးအန္တရာယ်များနှင့်မတော်တဆဖြစ်မှုများကို ကာကွယ်သော ရုပ်ဝတ္ထုဆိုင်ရာအကာအကွယ်ပစ္စည်းများ ကျွန်ုပ်တို့တွင်ပိုမိုများလာလေလေ ယင်း၏ဆိုးကျိုးများပိုမိုခံစားရဟန်ရှိလေလေဖြစ်သည်။ ကျွန်ုပ်တို့ခေတ်ကာလရှိလူများသည် ယခင်ခေတ်ကာလကလူများထက် ကျွန်ုပ်တို့တည်ရှိရန်အတွက် စကြဝဠာ၏ဖန်ဆင်းရှင်အား သတိပြုမှုအတိုင်းအတာနည်းပါးခြင်းနှင့် အမိန့်ဖီဆန်ခြင်းကဲပို့များသည်ဆိုခြင်းကို ပြနေပါသည်။ ယခင်ကာလကလူများသည် ၎င်းတို့၏ သက်သာမှုပစ္စည်းများသုံးစွဲရာ တွင် အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများအဖြစ် မှတ်ယူကာ ယင်းအတွက်လည်း အရှင်မြတ်ကိုကျေးဇူးတင်ရှိခဲ့ကြပါသည်။ သို့သော်လည်း ယခုခေတ်ကာလရှိလူများကား ဤသက်တောင့်သက်သာဖြစ်မှုများကို အမြင့်မားဆုံးသောမိမိ၏ကြိုးပမ်းရယူမှုအဖြစ် သုံးစွဲလိုကြကာ ယင်းသည်အရေခြုံထားသော ပုန်ကန်မှုပင်ဖြစ်သည်။ လက်နက်ကိရိယာများ၊ ယန္တရားများ၊ တတ်သိပညာရှင်များနှင့် ရုပ်ဝတ္ထုပစ္စည်းများသည် လူအများအားထိုကဲ့သို့သောခက်ခဲမှုများ ခံစားရခြင်းမှ ကင်းလွတ်အောင် မလုပ်နိုင်ပါ။

ကျွန်ုပ်တို့ရှင်းလင်းချက်များ၏ အရေးကြီးသော အချက်အလက်များကို ပေါင်းရုံးကြည့်လျှင် ဒုက္ခရောက်စဉ်တွင် အလွှာဟ်အရှင်မြတ်အား ၎င်းတို့သည်လည်း အောက်မေ့တသ သတိရကြသည်ဟူသောမယုံကြည်သွေဖည်ငြင်းပယ်သူများကို ဤရည်ညွှန်းချက်မှ မုစ်လင်မ်များအထူးသဖြင့် သင်ခန်းစာတစ်ခုရယူသင့်သည်ဟုကျွန်ုပ်တို့ပြောနိုင်သည်။ သူ၏ နာကျင်ခံစားရမှုများနှင့် ဆင်းရဲဒုက္ခကြောင့် ပူပင်သောကများမှ လွတ်ကင်းချမ်းသာစေရန်အတွက်ဆိုလျှင် စစ်မှန်သော မုစ်လင်မ်တစ်ဦး၏တာဝန်မှာ အဆိုပါစမ်းသပ်မှုမှလွတ်ကင်းရန် ရုပ်ဝတ္ထုဆိုင်ရာပစ္စည်းဥစ္စာများဘက်သို့လှည့်ခြင်းထက် ဦးစွာထမ အလွှာဟ်တအာလာကို ယုံပုံကိုးစားပြီး ထိုအရှင်ဘက်သို့လှည့်သင့်သည်။ အကယ်၍သူသည် ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်လျှင် ယနေ့မျက်မှောက်ခေတ်၌ မြင်တွေ့ရသည့် အဆုံးသတ်ခြင်းမျိုးသာ သူမြင်တွေ့ရလိမ့်မည်။ အကြံအစည်များကား များသောအားဖြင့် လုံးဝပျက်သုဉ်းလိမ့်မည်ဖြစ်သည်။ ရေလွှမ်းမိုးခြင်းရပ်တန့်ရန်နှင့် ယင်းကြောင့်ဖြစ်ပေါ်သော ဆုံးရှုံးမှုများလျော့နည်းစေရန် ထောင်ပေါင်းများစွာသော ကြိုးပမ်းမှုများပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ဖြစ်မြဲဖြစ်နေပေသည်။ ရောဂါများကုသရန်အမြဲသစ်ဆန်းသောနည်းလမ်းများရှာဖွေတွေ့ရှိ၍ အသုံးပြုခဲ့ကြသည်ဆိုသော်လည်း ရောဂါများအား တိုးမြဲ တိုးလျှက်ရှိသည်။ ကုန်ပစ္စည်းများ၏စျေးနှုန်းမြင့်မားမှုဟန့်တားရန် သီအိုရီများနှင့်နည်းလမ်းများအသုံးပြုခဲ့ကြသည်။ အပေါ်ယံအားဖြင့် အကျိုးဖြစ်ထွန်းဟန်ရှိသော်လည်း ခြုံငုံကြည့်လျှင် ရလဒ်ကားနေ့စဉ်နှင့်အမျှ ကုန်စျေးနှုန်းတက်နေသည်ကိုသာ ကြုံတွေ့ရပါသည်။ ခိုးမှု၊ ဓါးပြမှု၊ ပြန်ပေးမှု၊ လာဘ်ပေးခြင်းနှင့်မှောင်ခိုလုပ်ခြင်းစသည့် ပြစ်မှုများကို စဉ်းစားကြည့်ပါ။ ကမ္ဘာတဝှမ်းရှိ အစိုးရများနှင့်အလွန်တိုးတက်ဆုံးဟုဆိုသောအစိုးရများပါ ယင်းတို့ကို တားဆီးရန် အလုံးစုံသော ရုပ်ဝတ္ထုဆိုင်ရာနည်းလမ်းများကို အသုံးပြုနေကြပါသည်။ သို့သော်လည်း သာမန်

လူများသည် ဘာဖြစ်နေသည်ကို ရာဇဝတ်မှုအခြေပြဇယားကိုကြည့်ရန် မလိုချေ။ ရာဇဝတ်မှုများတိုးပွားနေသည်ကို ၎င်းတို့မြင်နေရပါသည်။

ယခုခေတ်ရှိလူသားများသည် လူပုဂ္ဂိုလ်၊ ထင်ရှားကျော်ကြားမှု၊ အကျိုးအမြတ်နှင့်ဆုံးရှုံးမှုအဆင့်အတန်းများထက်အနည်းငယ် အဆင့်မြင့်လိုက်လျှင် ၎င်းတို့သည်ကောင်းသွားမည်ဟု ကျွန်ုပ်တို့ဆန္ဒထားနိုင်ပေသည်။ ထို့နောက် ခေတ်စားနေသော အခြေအနေများကို လေ့လာစမ်းစစ်ကာ ခြုံငုံကြည့်လျှင် ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာကြိုးပမ်းမှုများသည် မအောင်မြင်ဘဲ စင်စစ်ယင်းတို့သည် ကျွန်ုပ်တို့၏ပြဿနာများဖြစ်သောအရာများဖြစ်ကြောင်းဂုဏ်းတို့သိရှိပါလိမ့်မည်။ ထို့ပြင် အကယ်၍ ထိုသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်က အကြံပြုပေးသောကုထုံးကိုကြည့်လျှင် ကျမ်းတော်မြတ်က အခက်အခဲမျိုးစုံမှလုံခြုံစွာနေထိုင်သောနည်းလမ်းကား စကြဝဠာ၏ဖန်ဆင်းရှင်ဖက်သို့လှည့်ရန်ဖြစ်သည်ဟု ကျွန်ုပ်တို့အားမိန့်ကြားထားသည်။ မည်သို့သောရုပ်ပိုင်းဆိုင်ရာဖြေရှင်းမှုများရှိပါစေ ယင်းတို့မှာ ကောင်းမွန်ကြကာ ယင်းတို့ကိုလည်း အလွှာဟ်အရှင်မြတ်၏ထံတော်မှ ကောင်းချီးမင်္ဂလာများအဖြစ်အသုံးပြုသင့်သည်။ ဤသည်မှအပ စံပြလုံခြုံစိတ်ချရမှုအတွက် နည်းလမ်းမရှိတော့ချေ။

XXXXXXXXXXX

tm, of (65-67)

قُلْ هُوَ الْقَادِرُ عَلَىٰٓ
أَن يَبْعَثَ عَلَيْكُمْ عَذَابًا مِّن فَوْقِكُمْ أَوْ مِن تَحْتِ أَرْجُلِكُمْ أَوْ
يَلْبِسَكُمْ شِيَعًا وَيُذِيقَ بَعْضَكُم بَأْسَ بَعْضٍ ۗ انظُرْ كَيْفَ نُصَرِّفُ
الْآيَاتِ لَعَلَّهُمْ يَفْقَهُونَ ﴿٦٥﴾ وَكَذَّبَ بِهِ قَوْمُكَ وَهُوَ الْحَقُّ ۚ قُل
لَّسْتُ عَلَيْكُم بِوَكِيلٍ ﴿٦٦﴾ لِّكُلِّ نَبَإٍ مُّسْتَقَرٌّ وَسَوْفَ تَعْلَمُونَ ﴿٦٧﴾

(အို-နဗီတမန်တော်) အသင်သည်(ဤသို့လည်း)ပြောကြားပါလေ။ ထို အရှင်မြတ်သည် အသင်တို့အပေါ် အသင်တို့၏အထက်မှဖြစ်စေ၊ အသင်တို့၏ ခြေထောက်များအောက်မှဖြစ်စေ၊ ပြစ်ဒဏ်(တစ်စုံတစ်ရာ)တို့သက်ရောက်စေ ခြင်းကိုသော်လည်းကောင်း၊ အသင်တို့အားအသင်းအဖွဲ့များကွဲပြားစေပြီး အချင်းချင်းတိုက်ခိုက်စေလျက် အသင်တို့အနက်အချို့၏(တိုက်ခိုက်မှု)အရသာ ကိုမြည်းစမ်းခြင်းကိုသော်လည်းကောင်း၊ ပြုနိုင်စွမ်းတော်မူသော အရှင်ဖြစ် တော်မူသည်။ (အို-နဗီတမန်တော်)ငါအရှင်မြတ်သည်(သောင်ဟီးဒ်နှင့်စပ် လျဉ်း၍)သက်သေ သာဓကများကိုမည်သို့မည်ပုံအမျိုးမျိုးအဖုံဖုံပြောင်းလွဲပြသ တော်မူသည်ကို အသင်ရှုပါလေ။ သို့မှသာလျှင် ထိုသူများသည် နားလည်ကြ ပေမည်။ (၆း၆၅)

သို့ရာတွင် (အို-နဗီတမန်တော်)ထိုအရာကို အသင်၏အမျိုးသားများက မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ်သော်ကား ငင်း(အပြစ်ဒဏ်)သည် အမှန်ပင် (သက်ရောက်မည်သာ)တည်း။ (အို-နဗီတမန်တော်)အသင်သည် (ငင်းတို့အား)"ငါသည် အသင်တို့အပေါ် ကြီးကြပ်အုပ်ထိန်းသူမဟုတ်ပါ"ဟု ပြောကြားပါလေ။ (၆း၆၆)

အကြောင်းကြားချက်၊ မှာကြားချက်၊ သတင်းတိုင်း(ဖြစ်ပျက်ရန်)အတွက် ကန့်သတ်ထားသောအချိန်တစ်ချိန်ရှိ၏။ စင်စစ်အသင်တို့သည်မကြာမီအတွင်း သိရှိကြမည်။ (၆း၆၇)

tusKd;rSm;vSnfhaqG;aygif;

ပြီးခဲ့သောအာယသ်တော်များထဲတွင် အလ္လာဟ်အရှင်မြတ်၏ အသိဉာဏ်တော်နှင့် တန်ခိုးတော်တို့၏ ထင်ရှားစွာဖော်ပြသမှုတစ်ရပ်ကို မိန့်ထားသည်မှာ အရှင်မြတ်သည်သာ လူသား၏ဒုက္ခကိုဖယ်ရှားနိုင်ပြီး မည်သူမဆိုအခက်အခဲတွေ့စဉ် ထိုအရှင်မြတ်ကို တသလိုက်လျှင် အရှင်မြတ်၏ကူညီမှုကိုရင်းသူမျက်ဝါးထင်ထင်မြင်တွေ့ရလိမ့်မည်။ အကြောင်းမှာ အရှင်မြတ်သည် စကြဝဠာတစ်ခွင်လုံးပေါ်၌ ပြီးပြည့်စုံသည့်တန်ခိုးအာဏာတော်ရှိပြီးအရှင်မြတ်၏ဖန်ဆင်းမှုတစ်ခုလုံးပေါ်၌ ပြီးပြည့်စုံသော သနားကြင်နာမှုရှိသောကြောင့်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်တွင်မှ ထိုသို့သော ပြီးပြည့်စုံသည့် တန်ခိုးအာဏာတော်နှင့်စကြဝဠာလုံးဆိုင်ရာ သနားကြင်နာမှုမရှိချေ။

ယခုလက်ရှိအာယသ်များထဲတွင် အရှင်မြတ်၏ပြီးပြည့်စုံသောတန်ခိုးအာဏာများအကြောင်း၏ အခြားတစ်ဖက်ကိုဖော်ပြထားသည်။ ယင်းမှာ အကယ်၍အရှင်မြတ်သည် ပြုလုပ်ရန် ဆန္ဒရှိလျှင်မည်သည့်ပုဂ္ဂိုလ်အတွက်ဖြစ်စေ၊ မည်သည့်အုပ်စုအတွက်ဖြစ်စေ၊ ယင်းတို့၏အမိန့်ဖီဆန်မှုအတွက် ပြစ်ဒဏ်ခတ်နိုင်သည်။ သို့လုပ်ဆောင်ရန်မှာ အရှင်မြတ်အတွက် လွယ်ကူပေသည်။ ကမ္ဘာပေါ်ရှိ အုပ်ချုပ်သူများလုပ်သကဲ့သို့ ရာဇဝတ်သားတစ်ဦးကိုပြစ်ဒဏ်ခတ်ရန် အရှင်မြတ်အတွက်ရဲသားသော်လည်းကောင်း၊ စစ်တပ်သော်လည်းကောင်း၊ အကူအညီများ မလိုအပ်ချေ။ ဤသည်နှင့်ပတ်သက်၍ - **هُوَ الْقَادِرُ عَلَىٰ اَنْ يَّبْعَثَ عَلَيْكُمْ عَذَابًا مِّنْ فَوْقِكُمْ اَوْ مِنْ تَحْتِ اَرْ جُلِكُمْ اَوْ يَلْبِسَكُمْ شِيَعًا** "အသင်သည်(ဤသို့လည်း)ပြောကြားပါလေ။ ထိုအရှင်မြတ်သည်အသင်တို့အပေါ်သို့ အသင်တို့၏အထက်မှဖြစ်စေ၊ အသင်တို့၏ခြေထောက်များအောက်မှဖြစ်စေ၊ အပြစ်ဒဏ်(တစ်စုံတစ်ရာ)တို့သက်ရောက်စေခြင်းကိုသော်လည်းကောင်း၊ အသင်တို့အား အသင်းအဖွဲ့များကွဲပြားစေပြီး အချင်းချင်းတိုက်ခိုက်စေလျက် အသင်တို့အနက် အချို့၏(တိုက်ခိုက်မှု)အရသာကိုမြည်းစမ်းခြင်းကိုသော်လည်းကောင်း ပြုနိုင်စွမ်းတော်မူသောအရှင်ဖြစ်တော်မူသည်။" ဟူ၍ မိန့်ထားသည်။

tv'm[ftaSiifjrwf\ jyqf'Pfowfrdkh;rsdK;

ဤနေရာ၌ အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုသုံးမျိုးကို ဖော်ထုတ်ထားခဲ့သည်။

(၁) အထက်မှကျရောက်သောအမျိုးအစား

(၂) အောက်မှပေါ်ပေါက်သည့်အမျိုးအစားနှင့်

(၃) အချင်းချင်းတွင်းမှပေါ်ပေါက်လာသည့်အမျိုးအစားတို့ဖြစ်သည်။

عَذَابًا ဟူသော ပုဒ်၌ ပါဝင်သော(သန်နဝင်း)ဇဇရ်သရန္ဒစ်ခုသည် ယေဘုယျကို ညွှန်းဆိုနေလေသည်။ အပြစ်ဒဏ်သုံးမျိုးစလုံးပါသည်ဟု သဘောသက်ရောက်သည်။

عَذَابًا အရဗီသဒ္ဒါအရ အထက်ပါ(၃)မျိုး(၃)စားကိုထပ်ဆင့်၍ (၃)မျိုးထပ်ခွဲနိုင်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ဋီကာရှင်များအဆိုအရ လွန်လေပြီးသောအုမ္မသ်ထုအပေါ် အထက်မှ ကျရောက်သောပြစ်ဒဏ်ခတ်မှုဥပမာများမြောက်မြားစွာရှိသည်။ ယင်းတို့မှာ စိုက်ယိဒိနာနူဟ် (u) သခင်၏ လူများအပေါ် ရေလွှမ်းမိုးစေခြင်း၊ အားဒ်လူမျိုးများအပေါ် လေမုန်တိုင်းကျရောက်စေခြင်း၊ စိုက်ယိဒိနာလုတ်၌ (u) သခင်၏လူများအပေါ် ကျောက်ခဲမိုးရွာကျစေခြင်း၊ ဗနီအစ္စရာအီလ်လူမျိုးများအပေါ်သို့ သွေးများနှင့် ဖားများရွာကျစေခြင်း၊ မက္ကာဟ်မြို့ကိုသိမ်းပိုက်ရန်လာသော ဆင်တပ်(အတ်စ်ဟာဟ်ဗီလ်ဖီးလ်)ပေါ်သို့ ငှက်ငယ်လေးများပျံသန်းကာ ကျောက်စရစ်ခဲလေးများဖြင့် ပစ်ပေါက်ချခြင်းဖြင့် ၎င်းတို့အားလုံး နုပ်နုပ်စင်းခံရ၍ပျက်စီးခြင်းတို့ဖြစ်သည်။

အလားတူပင် လွန်လေပြီးသောအုမ္မသ်ထုများထဲမှ အချို့အပေါ်၌ အောက်မှလာသောပြစ်ဒဏ်ခတ်မှုအမျိုးမျိုးခံခဲ့ရသည်။ စိုက်ယိဒိနာနူဟ် (u) သခင်၏ လူများအတွက် အထက်မှလာသောပြစ်ဒဏ်ခတ်မှုအနေဖြင့် လေပြင်းမုန်တိုင်းကျရောက်စေကာ အောက်မှလာသော ပြစ်ဒဏ်အနေဖြင့် မြေကြီးအောက်မှ ရေများလျှံတက်လာကာ အပေါ်မှပြစ်ဒဏ်နှင့်အောက်မှပြစ်ဒဏ်နှစ်ခုကြား ညှပ်မိနေသည်။ ဖိရ်အောင်၏လူများသည် ၎င်းတို့၏ခြေဖဝါးအောက်မှလာသောပြစ်ဒဏ်အနေဖြင့် ရေနစ်ကြပါသည်။ ကာရွန်သည်လည်း ဤသို့သောပြစ်ဒဏ်ခတ်မှုခံရကာ သူနှင့်သူ၏ဥစ္စာပစ္စည်းများမြေမျိုး၍ မြုပ်ဝင်သွားခဲ့သည်။

အစောပိုင်းသဖိစိရိပညာရှင်များဖြစ်သည့် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗားစ် (u) သခင်နှင့် မုဂျာဟစ်ဒ်တို့က မိန့်ကြသည်မှာ အထက်မှကျလာသောပြစ်ဒဏ်ဆိုသည်မှာ ရက်စက်ကြမ်းကြုတ်သောအုပ်စိုးသူများနှင့် အကြင်နာမဲ့သောအရာရှိများကလူများအပေါ် အုပ်ချုပ်ခြင်းဖြစ်ပြီး၊ အောက်မှလာသောပြစ်ဒဏ်ဆိုသည်မှာ တစ်စုံတစ်ဦး၏ လက်အောက်ခံများနှင့်ကျေးကျွန်များသည် သစ္စာဖောက်များ၊ ပျင်းရိဖင့်နွဲ့သူများနှင့် သူခိုးများဖြစ်သွားကြခြင်းဖြစ်သည်။

တမန်တော်မြတ်၏မိန့်ကြားချက်အချို့က အထက်တွင်ဖော်ပြခဲ့သည့် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗားစ် (u) သခင်၏ သဖိစိရိကိုအတည်ပြုထားသည်။ အလ်ဗိုင်ဟကီ၏ရှိုအ်ဗ္ဗလ်အီမာမ်ကျမ်းကို ရည်ညွှန်းလျက် မစ်ရှ်ကတ်ကျမ်းတွင်တင်ပြခဲ့သော တမန်တော်မြတ် (e) သခင်၏မိန့်ကြားချက်မှာ-း **كَمَا تَكُوْنُوْنَ كَذٰلِكَ يُؤَمَّرُ عَلَيْكُمْ** "အသင်တို့၏ကောင်းသော(သို့)ဆိုးသောလုပ်ရပ်များအရ အသင်တို့အပေါ် အုပ်ချုပ်သူများနှင့်အရာရှိများကို သတ်မှတ်ပါလိမ့်မည်။"ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍အသင်တို့သည် ကောင်းမွန်၍အလ္လာဟ်အရှင်မြတ်ကို အမိန့်နာခံခဲ့ကြလျှင် အသင်တို့၏အုပ်ချုပ်သူများနှင့်အရာရှိများသည်လည်း ကြင်နာသနား၍တရားမျှတပါလိမ့်မည်။ ထို့ပြင် အသင်တို့လုပ်ရပ်ဆိုးလျှင် အကြင်နာများကင်းမဲ့၍ မတရားသောအုပ်ချုပ်သူများနှင့်အရာရှိများသတ်မှတ်ထားကြောင်းသင်တို့တွေ့ရှိရလိမ့်မည်။ ကျော်ကြားသည့်အဆိုအမိန့်ဖြစ်သော- **اَعْمَالُكُمْ عُمَّالُكُمْ** အသင်၏လုပ်ရပ်များသည် အသင်၏အုပ်ချုပ်သူများဖြစ်သည် ဆိုသည်လည်း အထက်ပါအဓိပ္ပာယ်ပင်ဖြစ်သည်။

မစ်ရှ်ကတ်ကျမ်းတွင် အဗီနူအိုင်မ်၏ ဟီလီယာဟ်ကျမ်းပါဆင့်ပြန်ချက်တစ်ရပ်အရ တမန်တော်မြတ် (e) သခင်မိန့်ကြားသည်ကို တင်ပြထားခဲ့သည်မှာ-

"အလ္လာဟ်အရှင်မြတ်က မိန့်သည်မှာ ငါသည်အလ္လာဟ်အရှင်ဖြစ်သည်။ ငါအရှင်မှအပ မည်သည့်ဘုရားမျှကိုးကွယ်ခံထိုက်သည်မရှိ။ ငါအရှင်သည် ဘုရင်များ၏အရှင်သခင်ဖြစ်တော်မူသည်။ ထို့ပြင်ငါအရှင်သည်

ကြီးကဲထွတ်မြတ်သောအရှင်ဖြစ်တော်မူသည်။ ဘုရင်များ၏နှလုံးသားများငါအရှင်လက်ဝယ်ရှိတော်မူသည်။ ငါအရှင်၏ကျေးကျွန်များက ငါအရှင်ကိုအမိန့်နာခံလျှင် ငါအရှင်သည် ၎င်းတို့၏ဘုရင်များနှင့်အရာရှိများနှလုံးသားထဲတွင်အကြင်နာသနားမှုကို ထည့်ပေးတော်မူသည်။ ထို့ပြင် ငါအရှင်၏ကျေးကျွန်များအမိန့်ဖီဆန်လျှင် ၎င်းတို့နှင့်ပတ်သက်၍ အုပ်ချုပ်သူများ၏ နှလုံးသားများကိုမာမြင်းစေတော်မူသည်။ အမျိုးမျိုးသောမကောင်းသည့် ပြစ်ဒဏ်ခတ်မှုများကို မနာခံသူများမြည်းစမ်းစေပါသည်။ ထို့ကြောင့်အုပ်ချုပ်သူများနှင့်အရာရှိများ၏မကောင်းပြောခြင်းဖြင့်သင်တို့အင်အားကိုမဖြုန်းတီးကြနှင့်။ အလ္လာဟ်အရှင်မြတ်ဘက်လှည့်၍ အသင်တို့လုပ်ရပ်များကို ပြင်ဆင်ကြကုန်။ သို့မှသာ ငါအရှင်သည် သင်တို့အရေးကိစ္စများအမှန်အကန်ဖြစ်လာစေရန် ပြုလုပ်ပေးတော်မူမည်။”

အလားတူပင် အဗူဒါဝူးဒ်နှင့်နစာအီကျမ်းတွင် စိုက်ယိဒါဟ်အာအိရှဟ် (ﷺ) သခင်မ၏ ဆင့်ပြန်ချက်တစ်ရပ်ကိုတင်ပြထားခဲ့သည်။ ယင်းထဲတွင် တမန်တော်မြတ် (ﷺ) မိန့်ကြားထားသည်မှာ-

“အလ္လာဟ်သအလာသည် အုပ်ချုပ်သူတစ်ဦးကိုအကောင်းဖြစ်စေရန်ဆန္ဒရှိလျှင် အရှင်မြတ်သည် ကောင်းသောဝန်ကြီးတစ်ဦးနှင့်လက်ထောက်တစ်ဦးပေးတော်မူသည်။ သို့မှသာ အကယ်၍ အုပ်ချုပ်သူတစ်စုံတစ်ရာမေ့လျော့ခဲ့လျှင် ၎င်းကသတိပေးနိုင်မည်။ ထို့ပြင် အုပ်ချုပ်သူမှန်ကန်စွာလုပ်ဆောင်နိုင်ရန်အတွက် အကူအညီပေးနိုင်ပါသည်။ ၎င်းပြင် အုပ်ချုပ်သူတစ်ဦးအား မကောင်းဟုပြဋ္ဌာန်းခဲ့လျှင် မကောင်းသောသူများကို သူ၏ဝန်ကြီးများနှင့်လက်ထောက်များအဖြစ် ပြုလုပ်သည်။”

ဤဟဒီးဆ်တော်များဆင့်ပြန်ချက်များနှင့် နှီးနွယ်သောအာယသ်တော်များ၏ရှင်းလင်းချက်များအရ ၎င်းတို့အုပ်ချုပ်သူများကြောင့် လူအများရင်ဆိုင်ခဲ့ရသော အခက်အခဲများသည် အထက်မှလာသောပြစ်ဒဏ်ခတ်မှုတစ်ရပ်ဖြစ်ကာ အစေခံများနှင့်လက်အောက်ခံများကြောင့် ထိခိုက်ခံစားမှုရမှုများသည် အောက်မှလာသောပြစ်ဒဏ်ခတ်မှုတို့၏ ရလဒ်များဖြစ်သည်။ ယင်းတို့သည် ရံဖန်ရံခါဖြစ်တတ်သောအကြောင်းမဲ့မတော်တဆမှုများမဟုတ်ကြပါ။ စင်စစ်၎င်းတို့မှာ အလ္လာဟ်အရှင်မြတ်ဥပဒေတစ်ရပ်နှင့်အကျုံးဝင်သောတစ်စုံတစ်ဦး၏လုပ်ရပ်များအတွက် ပြစ်ဒဏ်ခတ်မှုတစ်ခုဖြစ်သည်။ အီမာမ်စွဖ်ယမ်အတ်စောင်ရီကမိန့်သည်မှာ ကျွန်ုပ်ဂိုနာဟ်ပြစ်မှုတစ်ခုကျူးလွန်မိခဲ့လျှင် ယင်း၏အကျိုးသက်ရောက်မှုအား ကျွန်ုပ်အစေခံပေါ်၌လည်းကောင်း၊ ကျွန်ုပ်စီးနင်းသောမြင်းအပေါ်၌လည်းကောင်း၊ ကျွန်ုပ်ပစ္စည်းများသယ်ဆောင်ရာတွင်အသုံးပြုသော မြည်းပေါ်တွင်ပင်တွေ့ရှိရသည်။ ၎င်းတို့၏စိတ်နေစိတ်ထားအပြောင်းအလဲဖြစ်ကာ ကျွန်ုပ်၏အမိန့်ကိုစတင်မနာခံကြကြောင်း ကျွန်ုပ်ခံစားမိနိုင်သည်။ မောင်လာနာရူမီက သူ၏ကျော်ကြားလှသည့် မစ်နဝီကျမ်းတွင်ပြောသည်မှာ ဤကမ္ဘာလောကတွင် အသင်၏ရက်စက်ကြမ်းကြုတ်သောအုပ်ချုပ်သူများ(သို့) သစ္စာမဲ့သောလက်အောက်ငယ်သားတို့၏ မကောင်းသောပြုလုပ်မှုတို့ကြောင့် သင့်ကိုနာကျင်စေ၍အပေါ်ရံကြောပြစ်ဒဏ်ခံစားရစေခြင်းသည် အလ္လာဟ်အရှင်မြတ်က သင့်ကိုအရှင်မြတ်ဖက်လှည့်စေလိုသော အမှန်တကယ်ဆန္ဒရှိသောကြောင့်ဖြစ်ပေသည်။ သို့မှသာ အသင်သည် နိုးနိုးကြားကြားဖြစ်ကာ အသင်၏လုပ်ရပ်များကောင်းစေရန် စတင်ကြိုးစားလာမည်ဖြစ်သည်။ ယင်း၏ရလဒ်အဖြစ်နောင်တမလွန်ဘဝ၏ ပိုမိုကြီးမားသော ပြစ်ဒဏ်ခတ်မှုမှ အသင်လုံခြုံစေပါလိမ့်မည်။

အချုပ်ဆိုရသော် ကျွန်ုပ်တို့ပြောနိုင်သည်မှာ စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိ အဗ္ဗားစ်၏သဖိစိရ်အရ အုပ်ချုပ်သူများ၏ဖိနှိပ်ချုပ်ခြယ်မှုသည်အထက်မှလာသော အပြစ်ဒဏ်ဖြစ်၍လက်အောက်ငယ်သားတို့၏ မရိုးသားမှု၊ ပျင်းရိဖင့်နွဲ့မှုနှင့် သစ္စာဖောက်မှုတို့သည်အောက်မှလာသော ပြစ်ဒဏ်ဖြစ်သည်။ နှစ်ခုစလုံး၏ကုထုံးမှာ အတူတူပင်ဖြစ်သည်။ ယင်းမှာလူတိုင်းသည် အတိတ်၌မိမိဘာလုပ်ခဲ့သည်ကိုဆန်းစစ်၍ အမှား၏လမ်းများစွန့်ခွါကာအလွှာဟ်အရှင့်အမိန့်မနာခံခြင်းမှ ရှောင်ရှားရမည်။ သို့မှသာ အခက်အခဲများကို ဖယ်ရှားသည့်အခြေအနေများပေါ်ပေါက်စေသောသဘာဝအား ယင်း၏စိတ်ဆန္ဒရှိသောလမ်းကြောင်းကိုလုပ်ဆောင်စေရန် အမိန့်ပေးခြင်းခံရလိမ့်မည်။ သို့မဟုတ်ပါလျှင် အခက်အခဲများကို ရုပ်ဝတ္ထုဆိုင်ရာနည်းလမ်းများ တစ်ခုတည်းအားဖြင့်လည်းကောင်း၊ အခြေအနေကိုပြင်ဆင်ခြင်းအားဖြင့်လည်းကောင်း ဖယ်ရှားရန်ကြိုးစားပါက ယင်းသည် မိမိကိုယ်မိမိလိမ်လည်ခြင်းမှအပ အခြားဘာမျှဖြစ်လိမ့်မည်မဟုတ်။ ယင်းအတွေ့အကြုံကား ကျွန်ုပ်တို့တစ်ချိန်လုံးပြောနေသောအတွေ့အကြုံပင်တည်း။

အသင်ယခုကြားသိခဲ့ရသော အထက်မှလာသော အောက်မှလာသော အပြစ်ဒဏ်၏အမျိုးမျိုးသောရှင်းလင်းချက်များသည် တစ်ခုနှင့်တစ်ခု မခြားနားကြပါ။ အဘယ့်ကြောင့်ဆိုသော် ဤအာယသ်တော်ပါ"ပြစ်ဒဏ်ခတ်ခြင်း"ဟု အဓိပ္ပာယ်သက်ရောက်သည့် aB=Ax-I- (အဿာဗန်)ဟူသောစကားလုံးက ဤရှင်းလင်းချက်များအားလုံးကို အကျုံးဝင်စေသည်။ မိုးကောင်းကင်မှ ကျောက်တုံးကျောက်ခဲများ၊ ကျောက်စရစ်ခဲများ၊ သွေး၊ မီးကျရောက်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့်အုပ်ချုပ်သူများ၏ဖိနှိပ်ချုပ်ခြယ်မှုစသော ပြစ်ဒဏ်ခတ်မှုများသည်အထက်မှလာသော ပြစ်ဒဏ်ခတ်မှုတွင်အကျုံးဝင်သည်။ ကမ္ဘာမြေကြီးနှစ်ခြမ်းကွဲအက်၍ ယင်းထဲလူအများကျရောက်နစ်မြုပ်ခြင်း၊ မြေကြီးထဲမှရေများလျှံ၍ နစ်သွားစေခြင်း၊ သို့မဟုတ် လက်အောက်ငယ်သားများကြောင့် ဖြစ်ပေါ်လာသောပြဿနာများ၏ သားကောင်ဖြစ်သွားခြင်း စသည့်ပြစ်ဒဏ်ခတ်မှုများသည် အောက်မှလာသောပြစ်ဒဏ်ခတ်မှုများဖြစ်သည်။

ဤအာယသ်တော်ထဲတွင် တတိယအမျိုးအစားပြစ်ဒဏ်ခတ်မှုအကြောင်းဖော်ပြထားသည်မှာ-

اَوْ يَلْبِسَكُمْ شِيَعًا (သို့တည်းမဟုတ် အသင်တို့အား ရှုပ်ထွေးစေခြင်းကိုအသင်းအဖွဲ့များကွဲပြားစေခြင်း အားဖြင့် . . .)ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး ရင်ဆိုင်သည့်အဖွဲ့များအဖြစ်ကွဲပြားစေသည်။ ယင်းသည်ပင် အတွင်းမှလာသောအပြစ်ဒဏ်ခတ်မှုတစ်ရပ်ဖြစ်သွားသည်။ ဤနေရာတွင် အသုံးပြုထားသော ù^\<s-b_l^Y- ယလ်ဗိစကုမ်(အသင်တို့အား ရှုပ်ထွေးစေခြင်း)ဟုဘာသာပြန်ဆိုထားသော စကားလုံးသည် îbL(လဗစ) ဟူသောစကားလုံးမှ ဆင်းသက်လာကာ အခြေခံအားဖြင့် ဖုံးကွယ်ခြင်း(သို့) ဖုံးအုပ်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ထိုအဓိပ္ပာယ်အရပင် လူ့ခန္ဓာကိုယ်ကိုဖုံးအုပ်ထားသော အဝတ်အစားများကို ရည်ညွှန်းရာတွင်အသုံးပြုသည်။ ဤအကြောင်းကြောင့် ယင်း၏ဆင့်ပွား šabtLA (အိလ်သိဗာစ်)ကို သံသယဟူသောအဓိပ္ပာယ်ဖြင့်အသုံးပြုထားသည်။ ယင်းသို့သုံးစွဲ၍ပြောဆိုသမျှသည် ဖုံးအုပ်ထားသည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ဆိုလိုသည်မှာ ရှင်းရှင်းလင်းလင်းမဟုတ်။ ပွင့်ပွင့်လင်းလင်းမဟုတ်ဟု ဆိုလိုသည်။

شِيَعَ (ရှီယာအ်)ဟူသောစကားလုံးသည် **شِيْعَة** (ရှီအဟ်)၏ ဗဟုဝုစ်ကိန်းဖြစ်ကာ နောက်လိုက်တစ်ဦးဖြစ်ခြင်း၊ ထောက်ခံသူ(သို့) တစ်ဦးစီ၏ဘက်တော်သားဟု အဓိပ္ပာယ်သက်ရောက်သည်။ ကုရ်အာန်ကျမ်းတော်မြတ်

တွင်-وَإِنَّ مِنْ شِيعَتِهِ لَإِبْرَاهِيمَ "ထို့ပြင် ကောန်မလွဲ ထို(နဗီတမန်တော်)နှဟ် (u) ၏ လမ်းစဉ်ကိုလိုက်နာသူတို့တွင် (နဗီတမန်တော်)"အီဗ်ရာဟီမ်"သည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။"(၃၇း၈၃)ဟူ၍ပါရှိသည်။ ထို့ကြောင့် ယေဘုယျအသုံးအနှုန်းတွင် شِيعَة (ရှီအာဟ်)ဟူသောစကားလုံးကို သီးခြားရည်ရွယ်ချက်တစ်ခုအတွက် အုပ်စုတစ်ခုဖွဲ့စည်းထားခြင်းကို ဖော်ကျူးရန်သုံးနှုန်းသည်။ ထို့နောက် ယင်းအုပ်စု၏ အဖွဲ့ဝင်များသည် ထိုရည်မှန်းချက်ရရှိရန် တစ်ဦးနှင့်တစ်ဦးရိုင်းပင်းကူညီကြသည်။ ယခုခေတ်ရေးထုံးတွင် ဤစကားလုံးသည် အဖွဲ့(သို့) ဂိုဏ်းဟုဆိုလိုနိုင်သည်။

ထို့ကြောင့် လက်ရှိအာယသ်တော်ကို အဇာဗ်(သို့) ပြစ်ဒဏ်ခတ်မှုတစ်မျိုးမှာ မျိုးနွယ်စုတစ်ခု(သို့) အုပ်စုထုတစ်ရပ်သည် ဂိုဏ်းများ(သို့)အဖွဲ့များသို့ကွဲသွားကြကာ တစ်ဦးနှင့်တစ်ဦး စတင်၍ထိပ်တိုက်ရင်ဆိုင်လာသည်ဟူသော အဓိပ္ပာယ်သက်ရောက်သည်ဟု ဘာသာပြန်ဆိုနိုင်သည်။ ထို့ကြောင့် ဤအာယသ်တော်ကျရောက်ခဲ့သောအခါတွင် တမန်တော်မြတ် (e) သခင်သည် မုစ်လင်မ်များကိုဦးတည်မိန့်ကြားသည်မှာ-

لَا تَرْجِعُوا بَعْدِي كُفَّارًا يَضْرِبُ بَعْضُكُمْ رِقَابَ بَعْضٍ

"ငါကိုယ်တော်မရှိသည့်နောက် မယုံကြည်သွေဖည်သူများတစ်ဦးနှင့်တစ်ဦး သတ်ဖြတ်နေကြသကဲ့သို့ဖြစ်မသွားစေနှင့်။" **(မဇာရီကျမ်းပါအတိုင်း ဇိုက်အိဗ်နိအတ်စလာမ်မှ အိဗ်နိအဗီဟာ သင်၏ကောက်နှုတ်ချက်)**

စိုက်ယိဒိနာစအာဒ်အိဗ်နိအဗီဝကားစွဲ (t) သခင် မိန့်ကြားခဲ့သည်။ တစ်ချိန်က ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏တမန်တော် (e) နှင့်အတူ သွားနေခဲ့ရာ ဗနီမုအာဝေယာဗလီဝတ်ကျောင်းတော်သို့ရောက်သောအခါ၌ တမန်တော်မြတ် (e) သခင်သည် မတ်စ်ဂျစ်ဒ်ဗလီဝတ်ကျောင်းတော်ထဲဝင်ရောက်၍ စွလာသ်နှစ်ရကအတ်ဝတ်ပြုဆောက်တည်ခဲ့သည်။ ကျွန်ုပ်တို့သည်လည်း စွလာသ်နှစ်ရကအတ်ဝတ်ပြုဆောက်တည်ခဲ့ကြသည်။ ယင်းနောက် ကိုယ်တော်မြတ်သည် ဒုအာတောင်းဆုပြုမူကို အချိန်တော်တော်ကြာကြာထိလုပ်ဆောင်ခဲ့သည်။ ယင်းနောက် ကိုယ်တော်မြတ်က မိန့်တော်မူသည်မှာ "ငါကိုယ်တော်သည် ငါကိုယ်တော်မြတ်ကိုမွေးမြူကျွေးမွေးစောင့်ရှောက်တော်မူသောရဗ်ကို (၃)ခုသောအရာတောင်းခံခဲ့ပါသည်။

(၁) ကျွန်တော်မျိုး၏အုမ္မသ်ထုကို ရေနစ်မြုပ်ခြင်းဖြင့် ဖျက်ဆီးခြင်းမခံရပါစေနှင့်။ အလ္လာဟ်အရှင်မြတ်က ထိုတောင်းဆုကိုလက်ခံခဲ့သည်။

(၂) ကျွန်တော်မျိုး၏အုမ္မသ်ထုကို အငတ်ဘေးနှင့်ငတ်မွတ်ခေါင်းပါးခြင်းအားဖြင့် ဖျက်ဆီးမခံရပါစေနှင့်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်လက်ခံတော်မူခဲ့သည်။

(၃) ကျွန်တော်မျိုး၏အုမ္မသ်ထုကို အချင်းချင်းတိုက်ခိုက်မှုဖြင့် ဖျက်ဆီးခြင်း မခံရပါစေနှင့်။ ဤတောင်းဆုတောင်းခြင်းကို ကျွန်ုပ်အား တားမြစ်ခဲ့သည်။ **(ဘဂါဝီကျမ်းကို ကိုးကား၍ မဇာရီကျမ်း)**

ဤအကြောင်းအရာကိုပင် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအုမရ် (t) မှတင်ပြခဲ့သည်။ အခြားဟဒီးဆ်တော်တစ်ရပ်တွင် တောင်းဆုဒိုအာ (၃)ခုမှ တစ်ခုသည်"ကျွန်တော်မျိုး၏အုမ္မသ်ထုအားချေမှုန်းဖျက်ဆီးမည့်ရန်သူတစ်ဦးကို မဖြစ်တည်ပါစေနှင့်ဟူ၍ဖြစ်သည်။ ဤဆုဒုအာကိုလည်းလက်ခံတော်မူခဲ့သည်။ အချင်းချင်းတိုက်

ခိုက်သတ်ဖြတ်ခြင်းနှင့် အချင်းချင်းထိပ်တိုက်ရင်ဆိုင်ခြင်းတို့နှင့်ပတ်သက်သောဒုအာတောင်းဆိုမှုအားတားမြစ်ခြင်းခံခဲ့ရရသည်။

ဤဆင့်ပြန်ချက်များက လူအားလုံးပျက်စီးစေသော လွန်လေပြီးသည့်အုမ္မသ်ထုများအပေါ်၌ ကျရောက်ခဲ့သည့် အထက်မှလာသောပြစ်ဒဏ်ခတ်မှုနှင့်အောက်မှလာသော ပြစ်ဒဏ်များ တမန်တော်မြတ် (ﷺ) သခင်၏ အုမ္မသ်ထုပေါ်၌ကျရောက်လိမ့်မည်မဟုတ်ကြောင်း သက်သေပြပါသည်။ သို့သော်လည်း လက်ရှိကမ္ဘာတွင် ၎င်းတို့ဘဝတစ်လျှောက်လုံးအဇာဗ်၊ ပြစ်ဒဏ်ခတ်မှုတစ်မျိုးသည်ကား ဤအုမ္မသ်ထုအပေါ်ဝယ်ကျရောက်နေလိမ့်မည်။ ထို“အဇာဗ်”မှာ ၎င်းတို့၏ ဂိုဏ်းများနှင့်အဖွဲ့များအကြား အချင်းချင်းတိုက်ခိုက်ခြင်းနှင့်အချင်းချင်းထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ကြသည်။ ဤအကြောင်းကြောင့် တမန်တော်မြတ် (ﷺ) သခင်သည် ကိုယ်တော်၏အုမ္မသ်ထုအား ဂိုဏ်းများ၊ အဖွဲ့များကွဲကြကာ တစ်ဦးနှင့်တစ်ဦးစိန်ခေါ်ခြင်းနှင့်တိုက်ခိုက်ခြင်းများကို လေးလေးနက်နက်တားမြစ်ခဲ့သည်။ စင်စစ်သော်ကား ကိုယ်တော်မြတ်သည် ဖြစ်နိုင်သမျှ အခြေအနေတိုင်း၌ မုစ်လင်မ်များ၏နှလုံးသားထဲသို့အလ္လာဟ်အရှင်မြတ်၏ ကြောက်ရွံ့ရိုသေမှုနှင့် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုသတိပေးချက်ကို ကြိုးစားထည့်ပေးခဲ့သည်။ အကယ်၍ဤကမ္ဘာ၏၎င်းတို့ဘဝအတွင်းတွင် ထိုပြစ်ဒဏ်ခတ်မှုမျိုးမုစ်လင်မ်များပေါ်ကျရောက်ခဲ့လျှင် ယင်းသည် ၎င်းတို့အချင်းချင်းတိုက်ခိုက်မှုနှင့် အချင်းချင်းထိပ်တိုက်ရင်ဆိုင်မှုကြောင့် ဖြစ်သည်မှအပအခြားမဟုတ်ပြီ။

ဤအကြောင်းအရာကို စူရတ်ဟူဒ်၏ အာယသ်တော်တစ်ခုဌ် ပိုမိုရှင်းလင်းစွာမိန့်ကြားထားသည်မှာ-

وَلَا يَزَالُونَ مُخْتَلِفِينَ إِلَّا مَنْ رَّحِمَ رَبُّكَ (هود)

“သို့ရာတွင် ၎င်းတို့သည် သဘောကွဲလွဲသူများအဖြစ် အမြဲထာဝရရှိနေကြမည်သာတည်း။ အသင်၏အရှင်မြတ်က ကရုဏာပြုတော်မူသောသူတို့မှတစ်ပါး. . . .) ၁၁း၁၁၈-၁၁၉

ဤအကြောင်းများအရ ပိုမိုထင်ရှားသည်မှာ (အစ္စလာမ့်တရားရေးဆိုင်ရာမျှတကြောင်းထင်ရှားသည့်အတည်ပြုချက်တစ်ရပ်မပါဘဲ တစ်ဦးနှင့်တစ်ဦးကွဲပြားခြားနားသူတို့သည် အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုမှလက်မဲ့ဖြစ်ခြင်း(သို့) ပိုမိုကွာဝေးစေခြင်းတို့ဖြစ်လာမည်။ အကြောင်းအရာကို ခွဲခြမ်းစိတ်ဖြာခြင်းမပြုမီပြဿနာကိုလွယ်ကူစွာနားလည်စေရန်အတွက် စူရတ်အာလိအင်မ်ရာန်မှ အောက်ပါအာယသ်တော်နှစ်ခုကို ကိုးကားတင်ပြထားသည်-

وَاعْتَصِمُوا بِحَبْلِ اللَّهِ جَمِيعًا وَّلَا تَفَرَّقُوا

“ထို့ပြင်တစ်ဝအသင်တို့သည် တစ်စည်းတစ်လုံးတည်း အလ္လာဟ်အရှင်မြတ်၏ ကြိုးကိုစွဲမြဲစွာကိုင်ထားကြလေကုန်။ ၎င်းပြင် အသင်တို့သည် အချင်းချင်းသွေးမကွဲကြကုန်လင့်။” (၃း၁၀၃)

وَلَا تَكُونُوا كَالَّذِينَ تَفَرَّقُوا وَاخْتَلَفُوا

“၎င်းပြင် အသင်တို့သည် အကြင်သူများကဲ့သို့မဖြစ်ကြကုန်လင့်။ ယင်းသူတို့သည်(အလ္လာဟ်အရှင်မြတ်၏တစ်ခုတည်းသောသာသနာကို တစ်စည်းတစ်လုံးတည်းမလိုက်နာကြဘဲ) အချင်းချင်းကွဲကြသည့်အပြင် မိမိတို့ထံ(အလ္လာဟ်အရှင်မြတ်၏)ထင်ရှားလှစွာသော သက်သေသာဓကများရောက်ရှိလာပြီးသည့်နောက်တွင်လည်း

(ဝုဏ်တုဝုဏ်ပြိုင်ပြုလိုကြ၍)အချင်းချင်းကွဲလွဲခဲ့ကြကုန်၏။ . . . ”(၃း၁၀၅)

uGEjyxm;jcm;em;jcif;rsm;\ oabmwåm;ESihfoqef;ppfcsuf

ဤနေရာတွင်တင်ပြထားသောအာယသ်နှင့် ရိဝါယသ်(အာယသ်တော်များနှင့်ဟဒီးဆ်ဆင့်ပြန်ချက်များ) အားလုံး၏ အနှစ်သာရမှာ ကွဲပြားခြားနားခြင်းသည် ကံမကောင်းအကြောင်းမလှ၍ အပြစ်တင်ထိုက်သည်။ အကယ်၍ ကျွန်ုပ်တို့သည် မုစ်လင်မ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့်နာမ်ပိုင်းဆိုင်ရာတွင် အဆင့်အတန်းနိမ့်ကျခြင်းနှင့် စုစည်းညီညွတ်မှုမရှိခြင်း၏ အကြောင်းရင်းကိုစဉ်းစားကြည့်လျှင် ပြဿနာများ၏ ဇစ်မြစ်သည် ကျွန်ုပ်တို့ ပြောဆိုနေသော “အချင်းချင်းမညီညွတ်ခြင်းနှင့် တစ်ယောက်တစ်ပေါက်ဖြစ်ခြင်း”တို့ဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ ကံမကောင်းအကြောင်းမလှစွာဖြင့် ကျွန်ုပ်တို့ကိုယ်ပိုင်မှားယွင်းသောလုပ်ရပ်များ၏ရလဒ်ကြောင့် ဤအာယသ်သည် ကျွန်ုပ်တို့ခေါင်းပေါ်ဝယ် ရစ်ဝဲနေသည်နှင့်အလားတူပေသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့၏ညီညွတ်မှုမဏ္ဍိုင်မှာ တစ်ခုတည်းသော ကလိမတ်တော် h (အလ္လာဟ်အရှင်မြတ်မှအပ ခဝတ်ကိုးကွယ်ခြင်းခံထိုက်သူမရှိ။ မုဟမ္မဒ် (e) သခင်သည် အလ္လာဟ်အရှင်မြတ်၏ စေတမန်ဖြစ်တော်မူ၏)ဖြစ်သည်။ ဤကလိမတ်ကိုယုံကြည်သောအမျိုးသား၊ အမျိုးသမီးအားလုံးသည် ကမ္ဘာမြေကြီး၏ မည်သည့်နေရာ၌ရှိသည်ဖြစ်စေ၊ မည်သည့်ဘာသာစကား၊ မည့်သည့်အသားအရောင်၊ မည်သည့်မျိုးနွယ်စု၊ မည်သည့်မျိုးရိုးရှိသူဖြစ်စေ တစ်ဦးနှင့်တစ်ဦးသည် ညီရင်းအစ်ကိုမောင်ရင်းနှမများဖြစ်ကြသည်။ တောင်များနှင့်မြစ်များသည် ၎င်းတို့၏စည်းလုံးညီညွတ်မှုအဟန့်အတားမဖြစ်ပါ။ လူမျိုး၊ မိသားစု၊ အသားအရောင်နှင့်ဘာသာစကားကွဲပြားမှုသည် ၎င်းတို့စည်းလုံးညီညွတ်မှုလမ်းကြောင်းတွင် အတားအဆီးမဟုတ်ချေ။ ၎င်းတို့မည်သည့်လူမျိုးဖြစ်စေကာမူ ၎င်းတို့၏စည်းလုံးညီညွတ်မှုကို ဤကလိမတ်တော်က စည်းနှောင်ထားသည်။ ထိုသူတို့သည် အရဇ်လူမျိုးများ၊ အီဂျစ်လူမျိုးများ၊ ဆီးရီးယားလူမျိုး၊ တူရကီလူမျိုး၊ အိန္ဒိယလူမျိုး (သို့) တရုတ်လူမျိုးများဖြစ်ကြသည်ဆိုခြင်းသည် အကြောင်းမဟုတ်ချေ။ ဤခွဲခြားမှုသည် ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားနှင့်မိတ်ဆက်ခြင်းတို့အတွက် သက်သက်မျှသာဖြစ်၍ ယင်းထက်မပိုချေ။ အစ္စလာမ့်ခေတ်ကဗျာ ဆရာမုဟမ္မဒ်အိက်ဘာလ်၏ အကျဉ်းချုပ်ပြောကြားချက်မှာ-

درو یش خدا مست نه شر قی هے نه غربی
گھر اس کا نه دلّی نه صفا با ن نه سمر قند

“အလ္လာဟ်အရှင်မြတ်၏ ဒရ်ဝေ့ရှ်(အချစ်တော်)သည် အရှေ့တိုင်းသားလည်းမဟုတ်၊ အနောက်တိုင်းသားလည်းမဟုတ်၊ ၎င်း၏အိမ်သည်ဒေလီလည်းမဟုတ်၊ အစ္စဖဟမ်လည်းမဟုတ်၊ စမရ်ကန်လည်းမဟုတ်၍ သူဂရုမစိုက်ချေ။”

ကျွန်ုပ်တို့ခေတ်တွင် အမြဲတစေ ဇတ်တိုက်ထားသောကြိုးပမ်းမှုနောက်ခံပြုသည့် လျှို့ဝှက်ကြံစည်မှုများသည် ၎င်းတို့အား တစ်ဖန်လူမျိုးရေး၊ ဘာသာစကားဆိုင်ရာနှင့် ဒေသဆိုင်ရာမျိုးနွယ်စုရေးတို့တွင် ခွဲခြားရေး၌ အောင်မြင်ခဲ့ကြသည်။ ဤအကြောင်းအရာများတွင် အတွင်းပိုင်းဆိုင်ရာ ဖြိုခွဲခြင်းနှင့် ဗရမ်းဗတာဖြစ်ခြင်းတို့ကြောင့်ပို၍ဆိုးစေသည်မှာ ၎င်းတို့အတွင်း ပိုမိုများပြားသောဂိုဏ်းများနှင့်အဆုံးသတ်သွားသည်။ ခွင့်လွှတ်ခြင်းနှင့်

စွန့်လွှတ်ခြင်းအမှတ်အသားရှိသူများသည် ထိပ်တိုက်ရင်ဆိုင်မှုကိုရှောင်ကွင်းရန် ၎င်းတို့၏တရားမျှတဆုံးသော အခွင့်အရေးကို လွယ်လင့်တကူ လက်လွတ်ခံနိုင်သောသူများ၏ အသိုင်းအဝိုင်းတွင် အပေါဆုံးနှင့်အနုံချာဆုံး သောအကျိုးအမြတ်ရရှိမှုအတွက် အလွန်အဖိုးတန်သော ပေါင်းသင်းဆက်ဆံမှုကိုပင် စွန့်လွှတ်ရန်ဝန်မလေးသူများ ယခုအခါမှာ မြောက်များစွာရှိနေကြပါပြီ။ ဤသို့ခြားနားရခြင်းမှာ ကိုယ်ကျိုးရှာခြင်းနှင့် အကျင့်ပျက်သော ဆန္ဒများနှင့် စိတ်ကူးယဉ်မှုများမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ယင်းသည် မည်သည့်အုပ္မသ်ထု(သို့)မျိုးနွယ်စု အတွက်မဆို မကောင်းသောလက္ခဏာတစ်ရပ်ဖြစ်၍ ဤကမ္ဘာလောကမှာပင် ၎င်းတို့အတွက် လက်ငင်းပြစ်ဒဏ် ခံရမှုမှာ မုချဧကန်ဖြစ်ပေသည်။

သို့သော်လည်း ဤနေရာ၌ နားလည်သဘောပေါက်ရမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ကြေညာ ထားသောအလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့်အရှင်မြတ်၏ သနားကြင်နာမှုမှ လက်မဲ့ဖြစ်စေခြင်းတို့၏ ကွဲပြားခြားနားမှုသည် သာသနာ့အခြေခံစည်းမျဉ်းနှင့် ယုံကြည်မှုတွင် ပေါ်ပေါက်သောသီးခြားကွဲပြားခြားနားမှု ကြောင့်လည်းကောင်း၊ ကိုယ်ကျိုးရှာခြင်း၊ အကျင့်ပျက်သောဆန္ဒများနှင့်စိတ်ကူးယဉ်မှုများကြောင့်လည်းကောင်း ဖြစ်သည်။ ဤသည်တွင်အကျုံးမဝင်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့်စွန္ဒတ်တော်အတိုင်း ဆောင် ရွက်ထားသည့်အိဂ်သိဟာဒ်၏စည်းမျဉ်းစမ်းကမ်းပေါ် အခြေခံသောသီးခြားအယူအဆကွဲလွဲမှုပင်ဖြစ်သည်။ ထို့နောက် စည်းမျဉ်းစည်းကမ်းပေါ် အယူအဆကွဲလွဲမှုသည် ဆင့်ပွားကိစ္စရပ်များဖြစ်ကာ အစောပိုင်းဆွဟာဗတ် သာဝကကြီးများခေတ်ကာလနှင့် သာဗီအိန်ခေတ်ကာလများမှ မုစ်လင်မ်အုမ္မသ်ထု၏(ဖုကဟာ)ဓမ္မသတ်ပညာ ရှင်များကြားတွင် မစာအိလ်များသည် ဆက်လက်တည်ရှိနေသည်။ ဤဆင့်ပွားကိစ္စရပ်များတွင် အယူအဆကွဲလွဲ မှုဖြစ်စေသောရည်ညွှန်းချက်ဘောင်သည် ကုရ်အာန်ကျမ်းတော်မြတ်၊ စွန္ဒသ်တော်နှင့် အိဂ်ျမအ်(တစ်ဦးတစ်ညွတ် တည်းသဘောတူညီချက်)တွင်း ကန့်သတ်ထားသည်ကို စိတ်ဝယ်စွဲမှတ်ထားသင့်သည်။ ဤနေရာတွင်လူတိုင်း၏ ရည်ရွယ်ချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့်စွန္ဒသ်တော်အမိန့်ပညတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။ သို့သော်လည်း ဤနေရာ၌ပေါ်ထွက်လာသောကွဲပြားခြားနားမှုသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်ထဲတွင် ဒွိဟသံသယဖြစ်ဖွယ်(သို့) အကျဉ်းချုံးထားသောစကားလုံးများကို အဓိပ္ပာယ်ပြန်ဆိုရာတွင် ဆင့်ပွားပြဿနာများကို အဖြေရှာသည့် ထုတ်နှုတ်ယူခြင်းအတွက်လုပ်သော အိဂ်ျသိဟဒ်နှင့်ထင်မြင်ယူဆချက် ကြောင့်ဖြစ်သည်။ ဤကဲ့သို့သောကွဲပြားခြားနားမှုကို ဟဒီးဆ်တော်တွင် ရဟ်မသ်ဟူ၍လည်းကောင်း၊ ကြင်နာ သနားမှုဟူ၍လည်းကောင်းခေါ်ဆိုသည်။

အလ်ဂျာမီ၊ အလ်စဂ်ဟီရ်ကျမ်းတွင် အောက်ဖော်ပြပါဆင့်ပြန်ချက်ကိုဖော်ပြထားသည်။

اِخْتِلاَفُ أُمَّتِى رَحْمَةٌ (ကျွန်ုပ်အုမ္မသ်၏ကွဲပြားခြားနားခြင်းသည် အသနားကြင်နာမှုဖြစ်သည်။) **(နစ်ရ် မက္ကဒ်စီ၊ ဗိုင်ဟကီနှင့် အီမာမ်အလ်ဟရမိုင်းကို ရည်ညွှန်းသည်။)** အသနားကြင်နာမှုသည် တမန်တော်မြတ် (ဧ) သခင်၏ အုမ္မသ်ထုအတွက် သီးခြားပြုလုပ်ထားသည်။ အဘယ့်ကြောင့်ဆိုသော် အမှန်တရားမှလွဲ၍မည်သည်ကိုမျှ ဆုပ်ကိုင် မထားသော "အုလမာ"သာသနာ့ပညာရှင်များကြား မည်သည့်ကွဲပြားခြားနားမှုမဆိုဖြစ်ပါစေ အလ္လာဟ်အရှင့် ကြောက်ရွံ့မှုလက်ကိုင်ထားသည့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့်စွန္ဒသ်တော် ၏စည်းမျဉ်းစည်းကမ်းများ အမြဲတမ်းလွှမ်းမိုးနေပေလိမ့်မည်။ သို့ဆိုလျှင် ဤကွဲပြားခြားနားမှုသည် လုံးဝဥဿုံ

စစ်မှန်ခြင်းဟူသောရည်ရွယ်ချက်တစ်ရပ်ဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်သက်မှုအမှန်ဖြစ်စေသည့် ချဉ်းကပ်မှုတစ်ရပ်သော်လည်းကောင်းဖြစ်လိမ့်မည်။ ဤကွဲပြားခြားနားမှုသည် မည်သည့်ကိုယ်ကျိုးရှာမှုသော်လည်းကောင်း၊ ထင်ပေါ်ရန် ဆန္ဒသော်လည်းကောင်း၊ ရာထူးဌာန(သို့)ငွေကြေးသော်လည်းကောင်း၊ စသည်တို့က မည်သည့်အခါမျှ စေ့ဆော်၍မရနိုင်ပါ။ ထို့ကြောင့် ထိုကွဲပြားခြားနားမှုသည် ထိပ်တိုက်ရင်ဆိုင်မှု၏အကြောင်းခံ မည်သည့်အခါမျှဖြစ်လာမည်မဟုတ်။ သို့မဟုတ်ဘဲ အလ်ဂျာမိအလ်စွဂီရ်ဒ်ီကာရှင် အလ္လာမာအဗ်ဒုရ်ရဇုဖ်အလ်မုနာဝီ၏ဆုံးဖြတ်ချက်အရ မုစ်လင်မ်အုမ္မသ်ထု၏ ဓမ္မသတ်ပညာရှင်များ၏ကွဲပြားခြားနားသောချဉ်းကပ်မှုများ(မတ်စ်လပ်က်)တို့သည် လွန်လေပြီးသော အချိန်များကမြင့်မြတ်သောတမန်တော်များ၏ကွဲပြားခြားနားသော ဘာသာရေးဆိုင်ရာ ဥပဒေစနစ်များအဆင့်အတိုင်း သတ်မှတ်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ယင်းကွဲပြားခြားနားမှုများသည် အလ္လာဟ်အရှင်မြတ်၏အမိန့်ပညတ်ချက်များတွင်မှအပ အခြားဘာမျှမဟုတ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့်မုစ်လင်မ်အုမ္မသ်ထု၏ ကြီးကျယ်လှသောမုဂျ်သဟိဒ်အီမာမ်များ၏ ကွဲပြားခြားနားသောချဉ်းကပ်မှုများ(မတ်စ်လပ်က်)တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ရစူလ်၏အမိန့်ပညတ်ချက်များနှင့်အမိန့်တော်များမှအပ မည်သို့မျှမခေါ်ဆိုနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့်စွန္နသ်တော်များ၏မူနှင့်အညီဖြစ်သောကြောင့်ဖြစ်သည်။

အိဂျ်သိဟဒ်ပေါ်၊ အခြေခံသည့်ယင်းကဲ့သို့သော ကွဲပြားခြားနားမှု၏ ဥပမာတစ်ရပ်ကိုကြည့်မည်ဆိုလျှင် ကျွန်ုပ်တို့မြို့ကြီးပြကြီးများ၏လမ်းမကြီးများပေါ်တွင် အလွယ်တကူတွေ့မြင်နိုင်သည်။ ယင်းလမ်းမကြီးများပေါ်တွင်သွားလာလှုပ်ရှားသူများအဆင်ပြေချောမွေ့စေရန် အမျိုးမျိုးသောအပိုင်းများနှင့် လမ်းသွယ်များဟူ၍သတ်မှတ်ထားသည်။ အပိုင်းတစ်ခုကို ဘတ်စ်ကားများအသုံးပြုစေ၍အခြားအပိုင်းကို ကားများနှင့်ကုန်တင်ယာဉ်များအတွက်အသုံးပြုပါလိမ့်မည်။ အလားတူပင် လမ်း၏အစိတ်အပိုင်းတစ်ခုကိုစက်ဘီးစီးသူများနှင့်ခြေလျင်လျှောက်သူများအတွက်ဟု သတ်မှတ်ထားလိမ့်မည်။ လမ်းမကြီးတစ်ခုအား အမျိုးမျိုးသော လမ်းသွယ်များအဖြစ် ဤသို့ခွဲခြားထားခြင်းသည် အပြင်ပန်းအနေဖြင့် ကွဲပြားခြားနားခြင်းဖြစ်သော်လည်း လူတိုင်းသည် ဦးတည်ရာတစ်ဖက်တည်းသွားလာနေသောကြောင့် လမ်းသွယ်များ၌ သွားလာသူတိုင်းအဆုံးတွင် ရည်မှန်းထားသော ပန်းတိုင်သို့ရောက်ပေလိမ့်မည်။ ထို့ကြောင့် ကွဲပြားခြားနားသောလမ်းကြောင်းများ(သို့)ချဉ်းကပ်မှုများသည် အန္တရာယ်မဖြစ်ဘဲ လုပ်ငန်းသဘောအရ သွားလာလှုပ်ရှားနေသူအားလုံးအတွက် အသုံးဝင်သည်။ လမ်းအသွယ်သွယ်များပြားခြင်းနှင့် သနားကြင်နာမှုဧကန်ဖြစ်သည်။

ဤအကြောင်းကြောင့် မုစ်လင်မ်အုမ္မသ်ထု၏ဓမ္မသတ်ပညာရှင်များနှင့် အကြီးအကဲ မုဂျ်သဟိဒ်အီမာမ်များက ယင်းတို့အထဲမှ မည်သူ၏ "မတ်စ်လပ်က်"ချဉ်းကပ်မှုမှ မမှားဟုသဘောတူညီကြသည်။ ထို့နောက် ယင်းကိုလိုက်နာသောမည်သူကိုမဆို ဂုနာဟ်ပြစ်မှုကျူးလွန်သူများဟု ခေါ်ဆိုခြင်းအား ခွင့်မပြုချေ။ မတ်ဇ်ဟဗ်တွင်ဖြစ်စေ၊ ချဉ်းကပ်မှုများတွင်ဖြစ်စေ၊ မုဂျ်သဟိဒ်အီမာမ်များနှင့် ဓမ္မသတ်ရှင်များ၏ အမြင်ခြင်း တူညီသည့်အဖွဲ့များတွင်ဖြစ်စေ ကွဲပြားခြားနားခြင်း၏ အနှစ်သာရတွင် ကန့်သတ်ထားသော မှီငြမ်းမှုမူဘောင်တစ်ခုရှိပါသည်။ မုဂျ်သဟိဒ်တစ်ဦး၏ ချဉ်းကပ်မှုတွင် ၎င်းအမြင်အရ ပိုအလေးသာသည်ဟုထင်ရသော်လည်း ၎င်းကိုယ်၌က အခြားမုဂျ်သဟိဒ်၏ချဉ်းကပ်မှုကိုမှားယွင်းမှုဟု ခေါ်လိမ့်မည်မဟုတ်။ တကယ်တမ်းမှာ သူတို့သည် တစ်ဦးကို တစ်ဦးရိုသေလေးစားကြပါသည်။ ဆွဟာဗဟ်များနှင့်သာဗိအီန်များတွင်ရှိသော ဓမ္မသတ်ပညာရှင်များ(ဖုကဟာ)

အချင်းချင်းဆက်ဆံမှု၊ ဦးဆောင်မဂ္ဂသဟိဒ်အီမာမ်လေးပါးတို့၏ အချင်းချင်းဆက်ဆံမှုနှင့် ၎င်းတို့ပတ်ဝန်းကျင်တွင်ရှိသော အဖြစ်အပျက်များနှင့်အကြောင်းအရာတို့ကို ကြည့်ရှုလိုက်ပါက ၎င်းတို့၏လုပ်ငန်းဆိုင်ရာ ဉာဏ်ပညာဆိုင်ရာနှင့် ဓမ္မသတ်ဆိုင်ရာ၊ ချဉ်းကပ်မှုများတွင် ကွဲပြားခြားနားမှုများရှိသော်လည်း ၎င်းတို့တွင် အချင်းချင်းဆက်ဆံမှုများကောင်းပြီး တစ်ဦးကိုတစ်ဦးအပြည့်အဝအသိအမှတ်ပြုခြင်း၊ ရိုသေလေးစားသမှု ရှိခြင်းဆိုသည်တို့သည် ပွင့်လင်းသောသက်သေခံချက်ဖြစ်ပါသည်။ ၎င်းတို့တွင် တစ်ဦးကိုတစ်ဦးငြူစူခြင်း၊ ရန်ညှိုးဖွဲ့ခြင်းတို့မရှိပါ။ ရန်လိုခြင်းနှင့် အချင်းချင်းတိုက်ခိုက်ခြင်းတို့သည် ၎င်းတို့အတွက် လုံးဝဖြစ်နိုင်စရာအကြောင်းမရှိပါ။ အီမာမ်ကြီးတို့၏ နောက်တွင်ပေါ်ထွက်လာသော ၎င်းတို့၏နောက်လိုက်များဖြစ်သော ပင်မ ဓမ္မသတ်ကျောင်းဆင်းများသည် ၎င်းတို့၏ ခိုင်လုံသောအသိပညာနှင့်ရိုးသားသောအနေအထားရှိနေပြီး ၎င်းတို့၏ အလျင်ကျသူများကဲ့သို့ အချင်းချင်း ဆက်ဆံရေးကို ရိုသေခြင်း၊ လေးစားခြင်းတို့အပေါ်အခြေခံနေ၍ ထိုစိတ်ဓာတ်နှင့်လုပ်နည်းဟန်တို့သည် ဆက်လက်တည်ရှိနေပေလိမ့်မည်။

ကျွန်ုပ်တို့ပြောကြားနေသောကွဲပြားခြားနားခြင်းသည် ဤအတိုင်းပင်ဖြစ်ပါသည်။ ဤကွဲပြားခြားနားခြင်းသည် သနားကြင်နာခြင်းအမှန်ပင်ဖြစ်ပါသည်။ ယင်းသည် လူများအတွက် မြောက်မြားလှစွာသောအကျိုးတူများ၏အရင်းအမြစ်ဖြစ်စေပါသည်။ ၎င်းနောက်အကျိုးတူရလဒ်များသို့မှီးရာ ဖြစ်စေသည်မှာ မုချဧကန်ဖြစ်သည်။ ဆင့်ပွားမေးခွန်းများနှင့်ပတ်သက်လာပါက အကယ်၍ယင်းသည်မှန်ကန်သောဘောင်များအတွင်းတွင်ရှိနေပါက ယင်းတို့ကိုထောက်ခံအားပေးသူများ၏ ကွဲပြားခြားနားမှုသည် အန္တရာယ်မဖြစ်စေပါ။ အမှန်မှာ ကွဲပြားခြားနားမှုသည်မေးခွန်း၏အမျိုးမျိုးသောအမြင်များကို ကျယ်ပြန့်စွာ ဖော်ထုတ်ခြင်းအတွက်အထောက်အကူပြုကာ ပြဿနာအတွက် ခိုင်လုံသောအဖြေကို ရရှိစေနိုင်ပါသည်။ ပြောစရာမလိုသည်မှာ ရိုးသားသောပညာရှင်တို့၏ ဆွေးနွေးတိုင်ပင်မှုတစ်ခုတွင် အယူအဆကွဲလွဲမှုမရှိဆိုသည်မှာ စဉ်းစား၍ပင်မရနိုင်ချေ။ အချို့သောအဖြစ်မျိုးသည် ပြဿနာကိုလုံးဝနားမလည် သဘောလည်းမပေါက်သောလူတစ်စုတွင်လည်းကောင်း၊ အချို့သောအဖွဲ့အစည်းတွင်လည်းကောင်း ဖိအားပေးသောအုပ်စု(သို့) အကျိုးစီးပွားအတွက်လုပ်ဆောင်သောအဖွဲ့တို့ကို လိုက်လျောရန်အတွက်မိမိ၏အသိတရားကိုဆန့်ကျင်ခါ ရှုထောင့်တစ်ခုမှ သဘောတူရန်ဝန်မလေးသော အကျိုးစီးပွားသက်သက်ကိုသာ ဦးစားပေးပြီး လောကီရေးဆန်သော သူများတွင်သာတွေ့နိုင်သည်။

ထို့ကြောင့် ဘောင်အတွင်းမှ သဘောထားကွဲလွဲမှုရှိခြင်းဆိုလိုသည်မှာ ယုံကြည်ချက်အီမာန်အရေးကြီးသော အမိန့်ပညတ်ချက်များနှင့်ဆိုင်သော ကုရ်အာန်ကျမ်းတော်မြတ်နှင့်စွန္နသ်တော်တို့၏အရေးကြီးသောအမျိုးအစားမဟုတ်စေရပါ။ အကယ်၍ ယင်းအတန်းအစားဖြစ်လျှင်သော်မှ“အိဂ်္ဂသေဟဒ်”ပြုရန်လိုအပ်သောဆင့်ပွားပြဿနာများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့တွင် မပီပြင်ခြင်း၊ အနက်အဓိပ္ပာယ်ထွေပြားခြင်းတို့ဖြစ်ရပါမည်။ တစ်ဖန်ယင်းကိစ္စကို ကျိုးပမ်းလုပ်ကိုင်မှုတွင် ဘောင်ကျော်စေသော ယိုးစွတ်ခြင်းများ၊ အပြစ်ဖို့ခြင်း၊ အချင်းချင်းတိုက်ခိုက်မှုများမရှိစေရပါ။ သို့မှသာလျှင် ထင်မြင်ချက်ကွဲပြားခြားနားမှုသည် အန္တရာယ်မရှိဘဲ အကျိုးရှိကာ ကောင်းချီးမင်္ဂလာနှင့် အကြင်နာကရုဏာတော်ဖြစ်သွားပါလိမ့်မည်။ ကျွန်ုပ်တို့ကြုံတွေ့နေရသော ဤစကြဝဠာအကြောင်းကိုစဉ်းစားကြည့်ပါ။ အရာဝတ္ထုများသည် ပုံပန်းသဏ္ဌာန်၊ အရောင်အဆင်း၊ အနံ့အသက်နှင့်အကျိုးဖြစ်ထွန်းခြင်းဆိုင်ရာတို့တွင် ကွဲပြားခြားနားကြပါသည်။ မြောက်မြားစွာသောသက်ရှိပိုးမွှားများလည်း

ရှိကြပါသည်။ ၎င်းတို့သည် ကွဲပြားခြားနားကြပါသည်။ ထို့အတူ လူသားများတွင်လည်း ကွဲပြားသောစိတ်နေသဘောထားများ၊ အလုပ်အကိုင်များ ကျွမ်းကျင်မှုများနှင့် လူနေမှု စနစ်များရှိကြသည်။ ဤကွဲလွဲမှုများတို့သည် သက်ရှင်နေထိုင်ရေးအတွက် နှစ်လိုဖွယ်ရာဖြစ်စေပြီး ယင်းတို့သည် မြောက်မြားစွာသောအကျိုးကျေးဇူးတို့၏ ပွင့်လင်းသောလမ်းကြောင်းများဖြစ်စေပါသည်

ဤစစ်မှန်မှုကို သတိမမူသော လူတို့သည် ကြီးကျယ်သောဓမ္မသတ်ပညာရှင်ကြီးများနှင့်စစ်မှန်သော“အုလမာ”သာသနာ့ပညာရှင်များထုတ်ပြန်သော ပြဿနာ(ဖာသာဝါ)များ၏ တရားတော်ဆိုင်ရာ ဖြေရှင်းမှုတွင်ပါသော သာမန်ကွဲပြားခြားနားမှုကိုပင် အထင်အမြင်သေးကြလိမ့်မည်။ “အုလမာများကွဲပြားခြားနား လျှင် ကျွန်ုပ်တို့ဘယ်သွားရမလဲ”ဟူသော ၎င်းတို့၏စောဒကတက်မှုကို ပညာရှင်များကြားသိရသည်။ ရှင်းရှင်းဆို ရလျှင် ဤသည်မှာ ရိုးရှင်းသောကိစ္စတစ်ရပ်ဖြစ်သည်။ နာမကျန်းသူတစ်ဦး ၎င်း၏အခြေအနေနှင့်ပတ်သက်၍ သမားတော်များကြား ကွဲပြားခြားနားမှုအကြောင်းကို ဥပမာကြည့်ပါ။ သဘာဝအားဖြင့် လူတိုင်းသည်လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုနှင့်လိုအပ်သည့်အတွေ့အကြုံရှိသော သမားတော်တစ်ဦးကို ရှာဖွေ၍ လူနာအားဆေးကုသရန် ၎င်းအားတာဝန်ပေးအပ်နှံခဲ့ပါသည်။ မည်သူတစ်ဦးကမျှ မြို့တွင်းရှိအခြားဆရာဝန်မကောင်းကြောင်း လျှောက်မပြောချေ။ ဥပဒေရေးရာအမှုကိစ္စများတွင်လည်း အလားတူပင်ဖြစ်သည်။ ရှေ့နေများသည်၎င်းတို့ထင်မြင်ယူဆချက်များ၌လည်း ကွဲပြားခြားနားကြသည်။ သဘာဝအားဖြင့် လူများသည် ၎င်းတို့၏ခန့်မှန်းချက်အရ အတွေ့အကြုံရင့်ကျက်၍ ကျွမ်းကျင်သော ရှေ့နေတစ်ဦးထံ ၎င်းတို့အမှုအပ်နှံကာ ရှေ့နေ၏လမ်းညွှန်မှုအရ လုပ်ဆောင်ကြပါသည်။ ၎င်းတို့သည် ထိုအသက်မွေးဝမ်းကျောင်းပြုမှုတွင် အခြားသူများမကောင်းကြောင်းလည်း မပြောချေ။ ဤမူသည်ဘာသာရေးဆိုင်ရာ ဤနေရာ၌တွင်လည်း ကျင့်သုံးလုပ်ဆောင်သင့်ပေသည်။ ပြဿနာတစ်ရပ်အတွက် “အုလမာ”သာသနာ့ပညာရှင်ထုတ်ပြန်သောဖာသာဝါသည် ကွဲပြားခြားနားကြောင်းတွေ့ရှိရသောအခါတွင် (မူလစုံစမ်းမှု၏ထူးခြားသောသွင်ပြင်လက္ခဏာ၌စုံစမ်းစစ်ဆေးရန်အကြောင်းရှိသည်။)တစ်စုံတစ်ဦးသည် အစွမ်းကုန်ကြိုးစား၍ အိလ်မ်(ဘာသာရေးဆိုင်ရာတတ်သိနားလည်မှုတွင်ကျွမ်းကျင်ခြင်း)နှင့် သတ်ဂါ(အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်း၊ အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်၌ တာဝန်ခံရမည်ကို ကြောက်ရွံ့ခြင်း)တွင် ပိုသာသောအာလင်မ်တစ်ပါးအား ရှာဖွေပါ။ ထို့နောက် ၎င်းပေးသောအကြံဉာဏ်အတိုင်းလိုက်နာကျင့်သုံးရမည်။ ၎င်းတို့သည် အခြားသောအုလမာများအား အပြစ်ရှာနေခြင်းဖြင့် အချိန်ဖြုန်းရန် မလိုချေ။

အိလ်လာမ် မုလ်မုဝ်ဝပ်ကိကီးန်ကျမ်းတွင် အလ္လာမာဟာဖိဇ်အိဗ်နိကိုင်ယ်ယမ်ကတင်ပြထားသည်မှာ အယူအဆကွဲပြားသောအခါတွင် ကျွမ်းကျင်သောမုဖ်သီတစ်ဦးအား ရွေးချယ်ခြင်း၊ ရှာဖွေသူတစ်ဦးအမြင်တွင် အများတကာထက်အိလ်မ်နှင့် သက်ကဝါတွင်အားလုံးထက်အကောင်းဆုံးဟုယူဆသောအာလင်မ်တစ်ပါး၏ ဖာသာဝါကိုဦးစားပေးခြင်းတို့သည် ထိုကဲ့သို့သော ပြဿနာတစ်ရပ်အဆင်သင့်ဖြစ်နေသော မုစ်လင်မ်တိုင်း၏ တာဝန်ဖြစ်သည်။ အုလမာ၏ကွဲပြားခြားနားသော ဖာသာဝါများအနက် တစ်ခုကိုစတင်ဦးစားပေးခြင်းသည် ၎င်းအလုပ်မဟုတ်ဟူသည်ကား မုချဧကန်ဖြစ်သည်။ သို့သော်လည်း သို့လုပ်ခြင်းသည် မည်သူ့အလုပ်မျှမဟုတ်သော်လည်း ၎င်းအမြင်အရ တတ်သိနားလည်မှုနှင့်ရိုးသားမှုတွင်အကောင်းဆုံးဟု ယူဆရသော မွဖ်သီများနှင့်အာလင်မ်များအနက်မှတစ်ဦးဦး၏ ဖာသာဝါအတိုင်း လိုက်နာရမည်မှာ ၎င်းအလုပ်ဖြစ်သည်။ သို့ပြုလုပ်ပြီးနောက် သူသည်

အခြားမုဖ်သီများနှင့် အာလင်မ်များတို့အား ရှုံ့ချကြောင်းလျှောက်မပြောသင့်ချေ။ လူတစ်ဦးသည် သူလုပ်သင့်သည်ကိုလုပ်ဆောင်ပြီးသည်နှင့်တပြိုင်နက် အလွှာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် ၎င်းသည် အပြစ်တင်ခံရမှုမှလုံးဝကင်းလွတ်ပေသည်။ အကယ်၍ ဖာသာဝါပေးသူသည် မှားယွင်းမှုပြုလုပ်ခဲ့လျှင် ထိုကိစ္စအတွက် ဖာသာဝါပေးသူတွင်သာလျှင် တာဝန်ရှိပေသည်။

အချုပ်ဆိုရသော် ကွဲပြားခြားနားမှုတိုင်းသည် လုံးဝဥဿုံအပြစ်မတင်ထိုက်သကဲ့သို့၊ သဘောတူညီမှုတိုင်းသည်လည်း နှစ်လိုဖွယ်ရာနှင့်ချီးကျူးထိုက်သည်မဟုတ်ချေ။ အကယ်၍သူခိုးများ၊ ဓါးပြများနှင့်သူပုန်များသည် အချင်းချင်းပူးပေါင်း၍ ၎င်းတို့ကိုယ်ပိုင်သမဂ္ဂတစ်ခုတည်ထောင်လိုက်လျှင် မည်သူသည် ၎င်းတို့သမဂ္ဂအားပြစ်တင်ထိုက်ခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွက် အန္တရာယ်ဖြစ်သည်ဟု မည်သူမမှတ်ယူပါမည်နည်း။ ဤသည်နှင့် ဆန့်ကျင်၍ ထိုကဲ့သို့သောအုပ်စုများကို ဆန့်ကျင်သော ရဲတို့၏လုပ်ရပ်နှင့်ပြည်သူများ၏ ကန့်ကွက်မှုသည် ဆင်ခြင်တုံတရားရှိသော လူအားလုံးက အကျိုးရှိသည်၊ ချီးကျူးထိုက်သည်ဟု မှတ်ယူကြသည်။

ဤသည်ကပြဿနာသည် ထင်မြင်ယူဆချက်ကွဲပြားခြားနားခြင်းတွင်လည်းကောင်း၊ သီးခြားထင်မြင်ယူဆချက်တစ်ရပ်အတိုင်းလုပ်ဆောင်ခြင်းတွင် မတည်ကြောင်း ကျွန်ုပ်တို့အားပြောပါသည်။ သို့မဟုတ်ဘဲ အခြားသူများကို သံသယဝင်ခြင်းနှင့် သွားပုပ်လေလွင့်ပြောဆိုသောအခါ၌ အားလုံးသောပြဿနာများပေါ်ပေါက်ပါသည်။ ယင်းကအသိပညာနှင့် ရိုးသားမှုနည်းပါးခြင်းနှင့် ကိုယ်ကျိုးရှာသောဆန္ဒများနှင့်စိတ်ကူးယဉ်မှုများပြားခြင်းတို့၏ရလဒ်ကြောင့်ဖြစ်သည်။ လူမျိုးတစ်စု(သို့) နိုင်ငံတစ်နိုင်ငံသည် ထိုအဆင့်ရောက်သွားလျှင် ဤသနားကြင်နာမှုအတိုပြီးသောကွဲပြားခြားနားခြင်းသည် ပြစ်ဒဏ်ခတ်သောကွဲပြားခြားနားမှုအဖြစ်သို့ ပြောင်းလဲသွားသည်။ လူများအားလုံးတွင် မုစ်လင်မ်များကိုယ်တိုင်ပင် အဖွဲ့အစည်းများအဖြစ် ကွဲပြဲကြကာ အချင်းချင်းတိုက်ခိုက်ကြ၍ ဖြစ်နိုင်ဖွယ်မရှိသော အချင်းချင်းတစ်ဦးကိုတစ်ဦးသတ်ဖြတ်ခြင်းကိုပင် လုပ်ဆောင်လာကြသည်။ အခြားသူများအားစော်ကားခြင်းကို ဘာသာရေးဆိုင်ရာအနေအထား၏ ခုခံကာကွယ်ခြင်းဟုမှတ်ယူကြသော်လည်းဘာသာရေးနှင့်ထိုကဲ့သို့လွန်ကဲခြင်း၊ ကျူးကျော်ခြင်းတို့သည်ကား ဘာမျှမသက်ဆိုင်ချေ။ စင်စစ်ဤသည်မှာ ထိပ်တိုက်ရင်ဆိုင်ခြင်းနှင့် တိုက်ခိုက်ခြင်းဖြစ်၍ယင်းကို တမန်တော်မြတ် (ﷺ) သခင်က တင်းကြပ်စွာတားမြစ်ထားသည်။ ခိုင်လုံသောအဟဒီးဆ်တော်များထဲတွင် ယင်းအားလူများနှင့် မျိုးနွယ်စုများလမ်းလွဲစေခြင်း၏ အကြောင်းရင်းအဖြစ်ဖော်ပြထားခဲ့သည်။ (သိရ်မိဇီ၊ အိဗနိမာဂျာ)

ဒုတိယအာယသ်တော်(၆၆)ထဲ၌ မက္ကာမြို့ရှိ ကုရိုက်ရှ်လူမျိုးများ၏ အမှန်တရားဆန့်ကျင်မှုအနေအထားကိုဖော်ပြပြီးနောက် ၎င်းတို့မေးမြန်းသောကတိပြုထားသည့် ပြစ်ဒဏ်ခတ်မှုအချိန်အတိအကျနှင့်ပတ်သက်၍ မေးမြန်းခြင်းကို တမန်တော်မြတ် (ﷺ) သခင် (ယင်းမျိုးနွယ်စုမှဖြစ်ငြားလည်း)သည် ထိုကဲ့သို့ပြုလုပ်ရန် ခန့်အပ်ထားသည်မဟုတ်ကြောင်းသူတို့အား ပြောကြားရန် ညွှန်ကြားထားခဲ့သည်။ အမှန်တရားမှာ အရာရာတိုင်းအတွက် အလွှာဟ်အရှင်မြတ်၏ ဟစ်ကမတ်ဉာဏ်တော်အရ သတ်မှတ်ထားသော အချိန်ရှိသည်။ ယင်းသည် သူသတ်မှတ်ချိန်၌ကျရောက်ကာ ထိုသို့ကျရောက်ချိန်၌ ၎င်းတို့ဘာဖြစ်မည်ကို ၎င်းတို့မြင်ကြရပါလိမ့်မည်။

XXXXXXXXXXX

tm, of (68-73)

وَإِذَا رَأَيْتَ الَّذِينَ يَخُوضُونَ فِي آيَاتِنَا فَأَعْرِضْ عَنْهُمْ حَتَّىٰ
يَخُوضُوا فِي حَدِيثٍ غَيْرِهِ ۚ وَإِمَّا يُنسِيَنَّكَ الشَّيْطَانُ فَلَا تَقْعُدْ
بَعْدَ الذِّكْرَىٰ مَعَ الْقَوْمِ الظَّالِمِينَ ﴿٦٨﴾ وَمَا عَلَى الَّذِينَ يَتَّقُونَ
مِنْ حِسَابِهِم مِّن شَيْءٍ وَلَٰكِن ذِكْرَىٰ لَعَلَّهُمْ يَتَّقُونَ ﴿٦٩﴾ وَذَرِ
الَّذِينَ اتَّخَذُوا دِينَهُمْ لَعِبًا وَلَهْوًا وَغَرَّتْهُمُ الْحَيَاةُ الدُّنْيَا وَ
ذَكِّرْ بِهِ أَن تُبْسَلَ نَفْسٌ بِمَا كَسَبَتْ لَيْسَ لَهَا مِن دُونِ اللَّهِ
وَلِيٌّ وَلَا شَفِيعٌ وَإِن تَعْدِلْ كُلَّ عَدْلٍ لَّا يُؤْخَذْ مِنْهَا ۗ أُولَٰئِكَ
الَّذِينَ أُبْسِلُوا بِمَا كَسَبُوا ۖ لَهُمْ شَرَابٌ مِّنْ حَمِيمٍ وَعَذَابٌ
أَلِيمٌ بِمَا كَانُوا يَكْفُرُونَ ﴿٧٠﴾ قُلْ أَنَدْعُو مِن دُونِ اللَّهِ مَا لَا
يَنفَعُنَا وَلَا يَضُرُّنَا وَنُرَدُّ عَلَىٰ أَعْقَابِنَا بَعْدَ إِذْ هَدَانَا اللَّهُ
كَالَّذِي اسْتَهْوَتْهُ الشَّيَاطِينُ فِي الْأَرْضِ حَيْرَانَ لَهُ أَصْحَابٌ
يَدْعُونَهُ إِلَى الْهُدَى ائْتِنَا ۗ قُلْ إِنَّ هُدَى اللَّهِ هُوَ الْهُدَىٰ ۖ
وَأُمِرْنَا لِنُسْلِمَ لِرَبِّ الْعَالَمِينَ ﴿٧١﴾ وَأَنْ أَقِيمُوا الصَّلَاةَ وَ
اتَّقُوهُ ۚ وَهُوَ الَّذِي إِلَيْهِ تُحْشَرُونَ ﴿٧٢﴾ وَهُوَ الَّذِي خَلَقَ
السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ ۖ وَيَوْمَ يَقُولُ كُن فَيَكُونُ ۚ
قَوْلُهُ الْحَقُّ ۚ وَلَهُ الْمُلْكُ يَوْمَ يُنفَخُ فِي الصُّورِ ۚ عَالِمُ الْغَيْبِ وَ
الشَّهَادَةِ ۚ وَهُوَ الْحَكِيمُ الْخَبِيرُ ﴿٧٣﴾

ဂင်းပြင်(အို-နဗီတမန်တော်) ငါအရှင်မြတ်၏အာယသ်တော်များကို ကဲ့ရဲ့ပြစ်တင်သောသူတို့ကို အသင်တွေ့မြင်ကြသောအခါ ဂင်းတို့သည်အခြားအကြောင်းအရာများ၌စိတ်ဝင်စားသွားကြသည်အထိ အသင်သည်ဂင်းတို့ထံ(ထိုင်ခြင်း)မှလွှဲရှောင်နေပါလေ။ ဂင်းပြင် အကယ်၍ ရှိုင်တွာန်သည်အသင့်အားမေ့လျော့စေခဲ့သော် ပြန်လည်သတိရရှိပြီးနောက်တွင်မူ အသင်သည် မတော်မတရားပြုမူသောသူတို့နှင့်အတူ မထိုင်ပါလေနှင့်။ (၆း၆၈)

ဂင်းပြင်(ရှရီအသ်၏တားမြစ်ချက်များမှ)ကြဉ်ရှောင်ကြကုန်သောသူတို့အပေါ်၌"မုန့်ရစ်က်"တို့နှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းသည်လုံးဝမရှိချေ။ သို့ရာတွင် ထိုသူတို့အပေါ်၌ ဆုံးမဩဝါဒစကားပြောရန်တာဝန်ကားရှိပေသည်။ သို့မှသာလျှင် ထိုသူများသည် ရှောင်ကြဉ်ကြပေမည်။ (၆း၆၉)

ဂင်းပြင် အသင်သည်အကြင်သူများကိုစွန့်လွှတ်ထားပါလေ။ ထိုသူများသည် မိမိတို့၏"ဒီန်"သာသနာကိုကစားခုန်စားစရာ၊ ပျော်ရွှင်မြူးထူးစရာပြုလုပ်ထားကြ၏။ ဂင်းပြင်ထိုသူတို့ကို ဤပစ္စုပ္ပန်လောကီဘဝသည် လှည့်ဖြားထား၏။ သို့ရာတွင်တစ်ဦးတစ်ယောက်သောသူသည် မိမိ၏အပြုအမူတို့ကြောင့် ဖမ်းဆီးခြင်းမခံရလေအောင်၊အသင်သည် (ဂင်းတို့အား)(ဤကုရ်အာန်ကျမ်းတော်မြတ်)ဖြင့်ဆုံးမလျက်လည်းရှိပါလေ။ (ယင်းသို့ဖြစ်လျှင်)ထိုသူတို့၏အဖို့မှာ အလ္လာဟ်အရှင်မြတ်အပြင် ကိစ္စအဝဝကိုဆောင်ရွက်ပေးမည့်သူဟူ၍လည်းကောင်း၊ (အပြစ်မှ ချမ်းသာမှုရရှိစေရန်) ကြားဝင် အသနားခံပေးမည့်သူဟူ၍လည်းကောင်း (မည်သူတစ်ဦးတစ်ယောက်မျှ) ရှိလိမ့်မည်မဟုတ်ပေ။ ထိုမှတစ်ပါး အကယ်၍ ထိုသူသည် အားလုံးသော အစားထိုးခြင်းကို အစားထိုးသော်ငြားလည်း ၎င်း၏ထံမှ လက်ခံခြင်းရှိလိမ့်မည်မဟုတ်ချေ။

(မိမိတို့၏ ဘာသာသာသနာကိုကစားစရာ ပျော်ရွှင်မြူးတူးစရာပြုလုပ်ထားသော) ဤသူများပင်လျှင် အကြင်သူများတည်း။ ထိုသူတို့သည် မိမိတို့၏အပြုအမူတို့ကြောင့် ဖမ်းဆီးခြင်းကိုခံကြရလေပြီ။ ၎င်းတို့အဖို့ ၎င်းတို့သွေဖည်ငြင်းပယ်ခဲ့ကြသည့်အတွက်ကြောင့် သောက်ရန် အလွန်ပူလောင်သောရေနှင့်အလွန်ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် အဆင်သင့်ရှိပေသည်။ (၆း၇၀)

(အို-နဗီတမန်တော်)အသင်သည် (ထိုမိစ္ဆာဒိဋ္ဌိတို့အား ဤသို့)ပြောကြားပါလေ။ "ငါတို့သည် အလ္လာဟ်အရှင်မြတ်အပြင်(အသင်တို့အလိုရှိသကဲ့သို့) ငါ

တို့အား အကျိုးဖြစ်ထွန်းစေခြင်းကိုလည်းကောင်း၊ အကျိုးယုတ်စေခြင်းကိုလည်းကောင်း၊ မပြုစွမ်းနိုင်သောအရာများကိုကိုးကွယ်ကြရမည်လော။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ငါတို့အားတရားလမ်းမှန်သို့ ပို့ဆောင်ပြီးနောက် တွင်ငါတို့သည် အကြင်သူကဲ့သို့ပင် မိမိ၏ခြေဖနောင့်ဖက်သို့ပြန်လှည့်သွား ကြရမည်လော။ ထိုသူအား"ရှိုင်တွာန်"သည် တောတွင်း၌သွေးဆောင်ဖြား ယောင်း၍လမ်းမှားစေခဲ့ရာ၊ ထိုသူသည် တွေဝေအကြံအိုက်လျက်ရှိနေလေ သည်။ ထိုသူ၌မိတ်ဆွေအပေါင်းအဖော်များလည်းရှိ၏။ ထိုမိတ်ဆွေအပေါင်း အဖော်များသည် ထိုသူ့အားတရားလမ်းမှန်ရှိရာ"ငါ့ထံသို့လာပါလေ"ဟု ဖိတ် ခေါ်လျက်ရှိကြကုန်၏။ (အို-နဗီတမန်တော်)အသင်သည်(၎င်းတို့အား) "အလ္လာဟ်အရှင်မြတ်ညွှန်ကြားပြသတော်မူသောတရားလမ်းသည်သာလျှင် ဧကန်စင်စစ်(ဖြောင့်မတ်မှန်ကန်သော)တရားလမ်းဖြစ်သည်။ ၎င်းပြင်ငါတို့ သည်စကြဝဠာ လောကခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ် ၏အမိန့်တော်များကို(တစ်သဝေမတိမ်း)လိုက်နာကြရန် အမိန့်ပေးတော်မူခြင်း ကိုလည်း ခံကြရလေပြီဟုပြောကြားပါလေ။ (၆း၇၁)

ထိုမှတစ်ပါး(ငါတို့သည် အမိန့်ပေးတော်မူခြင်းကိုခံကြရသည်မှာ) "အသင် တို့သည်စွဲမြဲစွာ "ဆွလာသ်"ဝတ်ပြုကြလေကုန်။ ၎င်းပြင်အသင်တို့သည်ထို အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ စင်စစ်သော်ကား အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့သာလျှင် စုရုံးကြရမည်။" (၆း၇၂)

၎င်းအပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မိုးများကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ မှန်ကန်တိကျစွာဖြင့် ဖန်ဆင်းတော်မူလေသည်။ ၎င်းပြင် ထိုအရှင်မြတ်က "ဖြစ်စေ"ဟူ၍ မိန့်ကြားတော်မူသောနေ့တွင် ဖြစ်သွားလတ္တံ့။ ထိုအရှင်မြတ်၏ စကားတော်သည် လေးနက်တိကျသောစကားတော်ပင်ဖြစ်၏။ ၎င်းပြင် တံပိုး ခရာမှုတ်မည့်နေ့တွင် စိုးမိုးအုပ်ချုပ်ခြင်း(အာဏာ)သည် ထိုအရှင်မြတ်၌သာ ရှိအံ့။ (ထို အရှင်မြတ်သည်) အကွယ်၌ရှိသည်တို့ကိုလည်းကောင်း၊ ရှေ့မှောက် တွင်ရှိသည်တို့ကိုလည်းကောင်း၊ (အကြင်းမဲ့)သိရှိတော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် (ဟစ်က်မက်)အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်(အကြောင်းစုံတို့ကို အကြွင်းမဲ့)ကြားသိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၆း၇၃)

tus,fzGihfqkjcif;
rSefuefaomolsm;\xdkifodkif;rsm;rSaSmifMCfyg

လက်ရှိအာယသ်များထဲတွင် မမှန်ကန်မှုကို လိုက်နာရန် နှစ်သက်သောသူများ မကြာခဏတွေ့ဆုံလေ့ရှိသည့်ထိုင်ဝိုင်းများတွင် တစ်စိတ်တစ်ဒေသပါဝင်ခြင်းကို မူအရ မုစ်လင်မ်များကိုရှောင်ရှားစေရန်ညွှန်ကြားထားပါသည်။ အဘယ့်ကြောင့်ဆိုသော် အသင်ကိုယ်တိုင်ပြစ်မှု ဂုနာဟ်တစ်ခုကိုကျူးလွန်သည်ဖြစ်စေ၊ အခြားသူများဂုနာဟ်ကျူးလွန်နေခြင်းကိုကြည့်ရှုနေသည်ဖြစ်စေ၊ ဂုနာဟ်ကျူးလွန်မှုမှာ အတူတူပင်ဖြစ်သည်။ အသေးစိတ်များကိုအောက်တွင်ဖေါ်ပြထားသည်။

ပထမအာယသ်(၆၈)ပါ-**يَخُوضُونَ**(ယခူသ္ဃူန)ကို (ကျူးလွန်သည်ဟုအဓိပ္ပာယ်ပြန်ထားသည်)ဟူသောစကားလုံးသည် အခြေခံအားဖြင့် ရေထဲသို့ဆင်းကာယင်းရေထဲ၌လမ်းလျှောက်သွားသည်ဟု အဓိပ္ပာယ်ဆောင်သော • o^K- (ခေါင်သွဲ)ဟူသောစကားလုံးမှဆင်းသက်လာသည်။ ထို့နောက် ထိုစကားလုံးသည် အချည်းနှီးဖြစ်သော၊ ဖြစ်နိုင်ချေမရှိသော၊ အလဟဿဖြစ်သောလုပ်ရပ်များကိုလုပ်ဆောင်ခြင်းဟူ၍လည်းဖေါ်ညွှန်းပါသည်။ ဤစကားလုံးကိုကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် အမြဲလိုလိုဤသဘောကိုသက်ရောက်စေရန်သုံးစွဲခဲ့ပါသည်။ ဥပမာအချို့ပြရလျှင်- **وَكُنَّانَخُوضُ مَعَ الْخَآئِضِيْنَ** "ထိုမှတစ်ပါး ကျွန်ုပ်တို့သည်အချည်းနှီးသော ကိစ္စများကိုပြုလုပ်သောသူတို့နှင့်အတူ အချည်းနှီးသော ကိစ္စများကိုသာလုပ်နေခဲ့ကြ၏။"(၇၄း၄၅)နှင့်-
فِىْ خَوْضِهِمْ يَلْعَبُوْنَ "ငင်းတို့အကြောင်းမတန်သောကိစ္စများတွင် ကစားခုန်စားလျှက်သာပစ်ထားပါလေ။"(၆း၉၁) တို့ဖြစ်ပါသည်။

ထို့ကြောင့်. . . **خَوْض فِى الْآيَاتِ** ဟူသည်ကိုရည်ညွှန်းသောကုရ်အာန်ကျမ်းတော်မြတ်၏အသုံးအနှုန်းအား မောင်လာနာအရှရဖ်အလီထာနဝီ၊ ရှိက်ခ်ခွလ်ဟင်းဒ်နှင့်မောင်လာနာ မဟ်မုဒ်အလ်ဟာစံတို့က အပြစ်ရှာခြင်းနှင့် အငြင်းပွားခြင်းဟု အဓိပ္ပာယ်သက်ရောက်ကြောင်းဘာသာပြန်ဆိုခဲ့ကြသည်။ သို့ဆိုလျှင် အထက်ပါအသုံးအနှုန်းသည်"အလ္လာဟ်အရှင်မြတ်၏အာယသ်တော်အားလှောင်ပြောင်ရန်၊ ရယ်သွမ်းသွေးရန်သက်သက်ဖြစ်စေ၊ ယင်းတွင်ပါရှိသည်တို့ကို အပြစ်ရှာရန်အတွက်ဖြစ်စေ၊ မဆိုင်ဘဲ မကျွမ်းကျင်ဘဲဝင်ရောက်စွက်ဖက်နေသောသူများအသင်တွေ့ရှိပါက ငင်းတို့အား ရှောင်ခွာပါလေ။"ဟူ၍အဓိပ္ပာယ်သက်ရောက်ပါသည်။

ဤအာယသ်ပါဦးတည်ပြောကြားချက်သည် လူတိုင်းနှင့်သက်ဆိုင်၍ ယေဘုယျကျမှုကြောင့် တမန်တော်မြတ် (e) သခင်နှင့် ကိုယ်တော်၏အုမ္မသ်သားများကိုလည်း အကျုံးဝင်စေပါသည်။ အကြောင်းအရာ၏အမှန်တရားမှာ ဤအာယသ်ပါ တမန်တော်မြတ် (e) သခင်အား ဦးတည်ပြောကြားသည်ဟု ဆိုသည်မှာ မုစ်လင်မ်များအားကြားသိစေရန် သက်သက်ဖြစ်ပါသည်။ တမန်တော်မြတ် (e) သည် ကလေးဘဝမှာပင်လျှင် ထိုကဲ့သို့သောထိုင်ဝိုင်းများ၌ ဘယ်သောအခါမျှ ပါဝင်ခဲ့ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် တမန်တော်မြတ် (e) သခင်အား တားမြစ်ရန်မလိုပါ။

ထို့နောက် မမှန်ကန်သောလူများ၏ ထိုင်ဝိုင်းများမှ "ရှောင်ခွာပါ"ဆိုသည်မှာ အဓိပ္ပာယ်အမျိုးမျိုးကို ဆောင်နိုင်ပါသည်။ ပမာဆိုသော် ထိုင်ဝိုင်းအား စွန့်ခွာကာတစ်စုံတစ်ရာကိုပြုလုပ်ပါဟူ၍ဆိုနိုင်သကဲ့သို့၊ ထိုကဲ့သို့ထိုင်ဝိုင်းများတွင်ရှိနေသော်လည်း ၎င်းတို့အား ဂရုမမူခြင်းဟူ၍လည်းဆိုနိုင်ပါသည်။ သို့ရာတွင်အာယသ်တော်၏ အဆုံး၌ ပထမအမျိုးအစားသာလျှင် နှစ်လိုဖွယ်ရှိသည်ဟူ၍ ရှင်းလင်းစွာ မိန့်ကြားထားသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် ၎င်းတို့၏ထိုင်ဝိုင်းတွင် ထိုင်မနေဘဲ စွန့်ခွာသွားသည်ဟူ၍ဖြစ်ပါသည်။

"အကယ်၍'ရှိုင်တွာန်'ကအသင့်အား မေ့လျော့စေခဲ့လျှင်"ဟူ၍ အာယယ်တော်အဆုံး၌ မိန့်ထားပါသည်။ ဆိုလိုသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် သတိလက်လွတ်၍ ထိုင်ဝိုင်းသို့ရောက်ခဲ့ပါလျှင် သတိလက်လွတ်ဆိုသည် မှာ ထိုကဲ့သို့သော ထိုင်ဝိုင်းများ၌ပါဝင်ခြင်းကိုတားမြစ်ချက်ကိုသတိမေ့ခြင်း(သို့) ၎င်းတို့၏ထိုင်ဝိုင်းများတွင် အလ္လာဟ်အရှင်မြတ်အာယသ်တော်နှင့်အရှင့် ရစူလ်တို့အား ဆန့်ကျင်သည်များကိုသာ ဤသူများပြောကြားကြောင်းကိုသတိမရခဲ့ပါလျှင်မည်သည့်အခြေအနေမျိုးတွင်ဖြစ်ပါစေ၊ တစ်စုံတစ်ဦးသည်ပြန်လည်သတိရသည်နှင့်တပြိုင်နက် ထိုထိုင်ဝိုင်းမှချက်ခြင်းထွက်ခွာသင့်ပါသည်။ သတိရပြီးသည့်နောက် ထိုနေရာတွင် ဆက်လက်ထိုင်နေခြင်းသည် အပြစ်ဂုနာဟ်တစ်ရပ်ဖြစ်ပါသည်။ ဤအကြောင်းအရာကိုပင် အခြားအာယသ်တစ်ခု၏ အဆုံး၌-
اِنَّكُمْ اِذًا مِّثْلُهُمْ "သို့ထိုင်ကြပါလျှင် အသင်တို့သည်လည်း ထိုသူတို့ကဲ့သို့ပင်(အပြစ်ရှိသူများ)ဖြစ်သွားကြကုန်အံ့။ (၄း၁၄၀)ဟူ၍ပါရှိသည်။

အီမာမ်အလ်ရာဇီက သဖ်စီရ်ကဗီးရ်ကျမ်းတွင် မိန့်ထားသည်မှာ ဤအာယသ်တော်၏စစ်မှန်သောရည်ရွယ်ချက်သည်ထိုကဲ့သို့အပြစ်ဂုနာဟ်ဖြစ်စေသော ထိုင်ဝိုင်းများနှင့်ယင်းထိုင်ဝိုင်းတွင်ပါဝင်သူများမှ ရှောင်ရှားရန်ဖြစ်သည်။ အကောင်းဆုံးနည်းလမ်းကား ထိုနေရာမှ ထပြန်ရန်ဖြစ်သည်။ သို့သော်လည်း လူစုလူဝေးမှထွက်ခွာခြင်းသည် တစ်စုံတစ်ဦး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကိုဖြစ်စေ၊ ဂုဏ်သိက္ခာကိုဖြစ်စေ အန္တရာယ်ရှိလျှင် သာမာန်လူများအတွက် တနည်းနည်းဖြင့်"ကျောခိုင်းခြင်း"အားခွင့်ပြုသည်။ ပမာဆိုသော် ထိုင်မိသူတို့သည် တစ်ခုခုတွင် အလုပ်ရှုတ်နေကြကာ ထိုထိုင်ဝိုင်းရှိ သူများကိုဂရုမပြုဘဲနေသင့်သည်။ သို့သော်လည်း ဘာသာရေးကိစ္စရပ်တွင် ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်သော သီးသန့်ပုဂ္ဂိုလ်များတွက်မူ ယင်းကိစ္စသည် တသီးတစ်ခြားဖြစ်သည်။ ထိုသူများအတွက် အလျော်ကန်ဆုံးသောနည်းလမ်းကား လူစုလူဝေးမှထပြန်သွားရန်ပင်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သော-**وَاِمَّا يُنْسِيَنَّكَ الشَّيْطٰنُ** (၎င်းပြင်အကယ်၍ ရှိုင်တွာန်သည် အသင့်အား မေ့လျော့စေခဲ့သော်)ဟူသောဝါကျကိုကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုတွင် အနည်းငယ်ရှေ့တိုး၍ ယင်း၏ ပါဝင်ပတ်သက်မှုများကို ကျွန်ုပ်တို့စဉ်းစားကြည့်ကြစို့။ အကယ်၍ ဤဦးတည်ပြောကြားမှုသည် မုစ်လင်မ်အများစုအတွက် ဖြစ်သည်ဆိုလျှင် လူသားသည်မေ့လျော့တတ်သည် ဆိုသည်မှာရှင်းလင်းသည်။ ထို့ပြင် အကယ်၍ တမန်တော်မြတ် (ﷺ) သခင်ကို ဦးတည်ပြောကြားသည်ဆိုလျှင် မေးစရာဖြစ်သည်မှာ "အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်တစ်ပါးသည်လည်း မေ့လျော့မှုဖြစ်လာသည်ဆိုလျှင် ၎င်းတို့၏သင်ကြားပို့ချမှုများကို မည်သို့ယုံကြည်စိတ်ချရမည်နည်း။

အဖြေကား နဗီတမန်တော်များသည်လည်း မေ့လျော့တတ်သည်ဆိုခြင်းမှာ သီးခြားအခြေအနေများတွင် သီးခြားရည်မှန်းချက်တစ်ခုရရှိရန် အလ္လာဟ်အရှင်မြတ်၏ ဟစ်ကမတ်ဉာဏ်တော်နှင့်ဆုံးဖြတ်၍ တစ်စုံတစ်ရာကို

မေ့လျော့စေခြင်းဖြစ်နိုင်သည်။ သို့သော်လည်း ၎င်းတို့အား အလွှာဟ်အရှင်မြတ်က ဝဟီဖြင့် ချက်ခြင်းနှိုးဆော် ခံရကာ ယင်းမေ့လျော့ခြင်းအား မရှည်ကြာစေပါ။ ထို့ကြောင့် ၎င်းတို့၏သင်ကြားပို့ချချက်များသည်အဆုံးစွန်၌ မေ့လျော့မှုကြောင့်ဖြစ်သော သံသယကင်းစင်ပေသည်။

သို့သော်လည်း အာယသ်တော်၏ ဤဝါကျကကျွန်ုပ်တို့ကိုပြောပြသည်မှာ လူတစ်ဦးသည် မလွဲမရှောင်သာ မှားယွင်းမှုတစ်ခုဖြစ်ခဲ့လျှင် ထိုအမှားသည် ခွင့်လွှတ်ပြီးဖြစ်လိမ့်မည်။ တမန်တော် (ﷺ) သခင်၏ ဟဒီးဆ်တော် တစ်ရပ်တွင် မိန့်ကြားထားသည်မှာ-

رُفِعَ عَنْ أُمَّتِي الْخَطَأُ وَالنِّسْيَانُ وَمَا اسْتُكْرِهُوْا عَلَيْهِ

"မေ့လျော့ခြင်းနှင့် တစ်ဦးတစ်ယောက်က အတင်းအကြပ်စေခိုင်းသော ဂုနာဟ်(အပြစ်ဒုစရိုက်)ကို ကျွန်ုပ်၏အုမ္မသ်ထံမှ ဖယ်ရှားပါသည်။

အီမာမ်အလ်ဂျဆွိဆွားဆ်က အဟ်ကာမုလ်ကုရ်အာန်ကျမ်းတွင် မိန့်ကြားထားသည်မှာ-

"ဤအာယသ်တော်ကပြောသည်မှာ မုစ်လင်မ်များသည် အလွှာဟ်တအာလာ အရှင့်ရစူလ် (ﷺ) သခင်နှင့် အစ္စလာမ့်ရှရီအသ်အကြောင်းတို့ကို ဆန့်ကျင်ပြောဆိုသော ထိုင်ဝိုင်းတိုင်းတွင် တစ်စုံတစ်ဦးသည် ယင်းထိုင်ဝိုင်းကိုရပ်စဲနိုင်စွမ်းလည်းမရှိ၊ အနည်းဆုံးမှန်ကန်၍ဖြောင့်မှန်သော အရာကိုမျှပြောနိုင်စွမ်းမရှိလျှင် ယင်းသို့သော ထိုင်ဝိုင်းတိုင်းမှ ရှောင်ကြဉ်သင့်သည်။ သို့သော်လည်း ထိုသူများအား ပြုပြင်ရန်နှင့် ထိုသူများထံ အမှန်တရား၏ သတင်းစကားသယ်ဆောင်ရန် ဟူသောရည်ရွယ်ချက်ဖြင့် ထိုကဲ့သို့သောထိုင်ဝိုင်းတစ်ခုတွင်ပါဝင်ခြင်းမှာ အကြောင်းမဟုတ်ချေ။

သတိရပြီးသည့်နောက် မတရားသောသူများနှင့်ထိုင်ခြင်းကို တားမြစ်သည့်-း **فَلَا تَقْعُدْ بَعْدَ الذِّكْرٰى مَعَ الْقَوْمِ الظّٰلِمِيْنَ** အဆိုအမိန့်နှင့်ပတ်သက်၍အီမာမ် အလ်ဂျဆွိဆွားဆွိက ဥပဒေထုတ်နှုတ်သည်မှာ မတရားသော၊ ဘာသာရေးလည်း မဟုတ်သော၊ အာဘောင်အာရင်းသန်သောသူများ၏ ထိုကဲ့သို့သောထိုင်ဝိုင်းတွင် ပါဝင်ခြင်းသည် လုံးဝဥသုံ အပြစ်ဂုနာဟ်ဖြစ်သည်။ ထိုသို့သော ထိုင်ဝိုင်း၌ဝင်ရောက်ပြောသည်ဖြစ်စေ မပြောဆိုသည်ဖြစ်စေ ဂုနာဟ်ဖြစ်၍ ခွင့်မပြုချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့၏ သဘောသဘာဝမှာ ၎င်းတို့၏ ပြောဆိုချက်သည် ရုတ်ချည်း လျော့ပြောင်သည့် သဘောအာဘောင်အာရင်းသန်သန်ပြောသည့်ဖက်သို့ ပြောင်းသွားနိုင်သောကြောင့်ဖြစ်သည်။ ဤအာယသ်တော်မှ ဤဥပဒေကို ထုတ်နှုတ်ယူရာတွင် ဤအာယသ်တော်ပါ ထိုကဲ့သို့သော မတရားသူများ၏ အသိုင်းအဝိုင်းတွင် ထိုင်ခြင်းအားတားမြစ်ခြင်းသည် အကြွင်းမဲ့အဓိပ္ပာယ် တစ်ရပ်ပေါ်အခြေခံ၍ ထုတ်နှုတ်ထားခြင်းဖြစ်သည်။ ထိုသူတို့သည် ထိုအချိန်၌ မတရားသောအပြုအမူနှင့် အလုပ်များနေသည်ဟူသော ကန့်သတ်ချက်လည်းမပါရှိချေ။

ဤအကြောင်းအရာကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ခုထဲတွင် ပိုမိုရှင်းလင်းစွာဖော်ပြကာ- **وَلَا تَرْكَنُوْٓا اِلَى الَّذِيْنَ ظَلَمُوْا فَتَمَسَّكُمُ النَّارُ** "ထိုမှတစ်ပါးအသင်တို့သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) ညှင်းပန်းနှိပ်စက်ကြကုန်သောသူတို့အပေါ်ဝယ် ယုံကြည်စိတ်ချအားထားခြင်းမပြုကြကုန်လင့်။ သို့(ယုံကြည်စိတ် ချအားထားကြ)ပါလျှင် အသင်တို့၌ ငရဲမီး(ဘေး)သည် ထိရောက်ပေမည်။"(၁၁း၁၁၃)

အထက်ကိုးကားခဲ့သောအာယသ်တော်ဝဟီကျရောက်စဉ် ဆွဟာဗဟ်သာဝကကြီးများက တိုးရှိုးလျှောက်ထားသည်မှာ "ယာရစူလုလ္လာဟ်- ထိုသူများစုဝေးရာနေရာသို့သွားရောက်ခြင်းကို ဤအကြွင်းမဲ့တားမြစ်ချက်အတည်ဖြစ်ပါက ကျွန်တော်မျိုးတို့သည် အလ်မစ်ဂျိဒ်အလ်ဟရာမ်တွင် သဝါဖ်နှင့်စွလာသ်ဝတ်ပြုဆောက်တည်ရာမှကျွန်ုပ်တို့လက်မဲ့ဖြစ်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဤသူတို့သည်တစ်ခါန်လုံး(ဟိဂျ်ရသ်မတိုင်မီနှင့် မက္ကဟ်မြို့မအောင်နိုင်မီ) ထိုနေရာတွင်ထိုင်နေကြကာ အပြစ်ရှာခြင်းနှင့် မကောင်းပြောခြင်းမှအပ ၎င်းတို့ဘာမျှမလုပ်ကြ၍ဖြစ်သည်။ ထိုစဉ် နောက်ထပ်အာယသ်တော်(၆၉) **وَمَا عَلَى الَّذِيْنَ يَتَّقُوْنَ مِنْ حِسَابِهِمْ مِّنْ شَيْءٍ وَّلٰكِنْ ذِكْرٰى لَعَلَّهُمْ يَتَّقُوْنَ** ကျရောက်ခဲ့သည်။ ဆိုလိုသည်မှာ ၎င်းတို့၏မှန်ကန်သောရည်ရွယ်ချက်လုပ်ရန် အလ်မတ်စ်ဂျိဒ်အလ်ဟရာမ်သို့ သည်းခံထိန်းချုပ်၍သွားကြသူများသည် ထိုနေရာရှိ ကောက်ကျစ်စဉ်းလဲသောသူများ၏ ဆိုးဝါးသောလုပ်ရပ်များအတွက် တာဝန်မရှိစေပါ။ သို့သော်လည်း ထိုသူများလမ်းမှန်ရောက်ရန်အလို့ငှာ ထိုသူများအား မည်သည်မှန်၍ မည်သည်စစ်သည်ကိုပြောသင့်သည်မှာ ၎င်းတို့တာဝန်ပင်ဖြစ်သည်။

တတိယအာယသ်(၇၀)ထဲတွင် ဤအကြောင်းအရာအားလုံးနီးနီးကိုပင် အောက်ပါစကားလုံးများတို့ဖြင့်- **وَذَرِ الَّذِيْنَ اتَّخَذُوْا دِيْنَهُمْ لَعِبًا وَّ لَهْوًا** "၎င်းပြင် အသင်သည် အကြင်သူများကို စွန့်လွှတ်ထားပါလေ။ ထိုသူများသည် မိမိတို့၏"ဒီန်"သာသနာကို ကစားစရာ၊ ပျော်ရွှင်မြူးတူးစရာပြုလုပ်ထားကြ၏။. . . " ဟုအလေးအနက်မိန့်ကြားထားသည်။ ဤနေရာပါ"ဇာရ်" R X ဟူသောစကားလုံးသည် "RXO" 'ဝဇရ' ဟူသောစကားလုံးမှဆင်းသက်ကာ တစ်စုံတစ်ရာအားမနှစ်မြို့၍ ထိုအရာအား စွန့်ခွာသည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ သို့ပါသောကြောင့်အာယသ်တော်ကို ၎င်းတို့အတွက် ချပေးသည့်စစ်မှန်သော ဘာသာတရားဖြစ်သော အစ္စလာမ်ကို ကစားစရာတစ်ခုအဖြစ်၊ နောက်ပြောင်ဖွယ်ရာတစ်ခုအဖြစ်ပြောင်းလဲပြစ်သောသူများအား စွန့်ခွာခြင်းဟူသောအဓိပ္ပာယ်ကောက်ယူနိုင်သကဲ့သို့ ၎င်းတို့သည် စစ်မှန်သော ယုံကြည်မှုအစ္စလာမ်ကို စွန့်ခွာကာ ကစားစရာနှင့်ပျော်ရွှင်စရာတို့အား ၎င်းတို့၏ ကိုယ်ပိုင်ဘာသာနှင့်ဘဝရည်မှန်းချက်အဖြစ် သတ်မှတ်ခဲ့သည်ဟူ၍ အဓိပ္ပာယ်မှတ်ယူနိုင်သည်။ အဓိပ္ပာယ်နှစ်ရပ်စလုံး၏ ရလဒ်မှာ အတူတူနီးပါးပင်ဖြစ်ပါသည်။

ထို့နောက်-**وَغَرَّتْهُمُ الْحَيٰوةُ الدُّنْيَا** ဟုမိန့်ကြားထားသည်။ ဆိုလိုသည်မှာ လက်ရှိကမ္ဘာ၏ ခဏတာဘဝက ၎င်းတို့အားလှည့်ဖြားခဲ့သည်။ ဤသည်မှာ ၎င်းတို့၏စစ်မှန်သောပြဿနာအတွက် စစ်မှန်သောအဖြေပင်ဖြစ်ပါသည်။ သူတို့သည် မည်မျှကောက်ကျစ်ပြီး မနာခံကြသနည်းဟူမူ ဤမတည်မြဲသော ဘဝ၏ ဝင်းလက်တောက်ပမှုများက ၎င်းတို့ကို ညှို့ယူဖမ်းစားခြင်းခံရကာ၊ ၎င်းတို့ရှေ့ဆက်ရမည့်အခြားဘဝတစ်ခု ရှိသေးသည်ဆိုကြောင်းကို လုံးဝမေ့လျော့ခဲ့ကြသည်။ အကယ်၍ ၎င်းတို့သည် "အာခိရသ်"(နောင်တမလွန်)ဘဝနှင့် "ကိယာမသ်" (နောက်ဆုံးနေ့)တို့အားသက်ဝင်ယုံကြည်ခဲ့ပါလျှင် ၎င်းတို့သည် ဘယ်သောအခါမျှ ဤမျှလောက် လက်လွတ်စပယ်လုပ်ဆောင်ကြလိမ့်မည်မဟုတ်ပါ။

ဤအာယသ်ထဲတွင် တမန်တော်မြတ် (ﷺ) မုစ်လင်မ်တို့အား အမိန့်နှစ်ခုပေးထားသည်မှာ ၎င်းတို့သည် ဖေါ်ထုတ်ပြသပြီးသော သူများကိုရှောင်ရှားရုံသာမက အပြုသဘောဆောင်သည့်လုပ်ရပ်ကိုလည်းလုပ် ဆောင်ရပါမည်။ ၎င်းပြင် ကုရ်အာန်ကျမ်းတော်မြတ်ပါသည်တို့အား ဆက်လက်ဟောကြားကာ၊ ယင်းတို့၏ နှလုံးသားထဲသို့ အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုကို ကြောက်ရွံ့ရန် အမြဲသွတ်သွင်းပေးနေရမည်။

ဤပြစ်ဒဏ်ခတ်မှု၏ အသေးစိတ်ကို အာယသ်တော်အဆုံး၌ထောက်ပြမိန့်ကြားထားသည်မှာ အကယ်၍ ၎င်းတို့သည် မိမိတို့လုပ်ဆောင်နေသည်များကို ဆက်လက်လုပ်ဆောင်နေပါက ယင်းတို့သည် ၎င်းတို့၏မကောင်းသောလုပ်ရပ်၏သားကောင်ဖြစ်သွားပါလိမ့်မည်။ ဤနေရာတွင်သုံးနှုန်းထားသော- **تُبۡسَلَ** စကားလုံးသည် ဖမ်းဆီးခံရခြင်း(သို့)ချုပ်နှောင်ခံရခြင်းဟု အဓိပ္ပာယ်ဆောင်သည်။

ဤကမ္ဘာရှိလူသားသည် သူ၏အမှားအတွက်သော်လည်းကောင်း၊ တစ်စုံတစ်ဦးအပေါ် မတရားပြုမိသည့်အတွက် အပြစ်ဒဏ်ခတ်ခံရမှုမှလွတ်မြောက်ရန် သုံးမျိုးသော အရင်းအမြစ်တို့အပေါ် မှီခိုလေ့ရှိပါသည်။ အခြေအနေကောင်းမွန်ပါက သူ၏မတရားပြုမူခြင်း၏ အကျိုးဆက်တို့မှ လုံခြုံစွာရှိစေရန်အတွက် သူ၏ အဖွဲ့အစည်းဖြစ်စေ၊ အုပ်စုဖြစ်စေ၊ အာဏာနှင့် အရှိန်အဝါတို့ကို အသုံးပြုပါလိမ့်မည်။ ထို့နောက် သူသည် အကူအညီမဲ့ဖြစ်သွားပါက ဩဇာအာဏာရှိသောလူများ၏ ထောက်ခံချက်များကို အသုံးပြုပါလိမ့်မည်။ ထိုသည်တို့သည်လည်း အကျိုးမသက်ရောက်ခဲ့ပါလျှင် ပြစ်ဒဏ်ခတ်မှုမှလွတ်မြောက်မှုရရှိရန်အတွက် သူသည် ငွေကြေးသုံးစွဲပါလိမ့်မည်။

ဤအာယသ်တော်ထဲတွင် အလ္လာဟ်တအာလာက မိန့်ကြားထားသည် အလ္လာဟ်အရှင်မြတ်၏ရာဇဝတ်ကောင်အားမည်သည့်မိတ်ဆွေကသော်လည်းကောင်း၊ ဆွေမျိုးသားချင်းကသော်လည်းကောင်း မကယ်တင်နိုင်သကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ခွင့်ပြုချက် မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကြားဝင်အသနားခံပေး၍မရပါ။ ၎င်းပြင် မည်ကဲ့သို့သော စည်းစိမ်ဥစ္စာကိုမျှလက်ခံလိမ့်မည်မဟုတ်ပါ။ အကယ်၍ ရာဇဝတ်သားသည် တစ်ကမ္ဘာလုံးရှိ စည်းစိမ်ဥစ္စာအလုံးစုံတို့ကိုပိုင်ဆိုင်ကာ ပြစ်ဒဏ်ခတ်မှုမှသူလွတ်မြောက်စေရန် သူ၏ပစ္စည်းဥစ္စာအားလုံးနှင့်လဲလှယ်မည်ဆိုသော်မှ ဤကဲ့သို့ "ဖိဒ်ယာ"မျိုးကို လက်ခံလိမ့်မည်မဟုတ်ပါ။

အဆုံးတွင် အာယသ်တော်ဆုံးခါနီးမှာ- **أُوْلَٰٓئِكَ ٱلَّذِينَ أُبۡسِلُواْ بِمَا كَسَبُواْ لَهُمۡ شَرَابٞ مِّنۡ حَمِيمٖ** ဟူ၍မိန့်ကြားထားသည်။ ဆိုလိုသည်မှာ- ဤသူများသည်ကား၊ ၎င်းတို့၏မကောင်းသောလုပ်ရပ်များအတွက် ပြစ်ဒဏ်ကြခံစေရန် ဖမ်းဆီးထားခြင်းခံရသူများဖြစ်ပါသည်။ "ဂျဟန္နမ်"တွင် ၎င်းတို့သောက်သုံးရန်အတွက် ပွက်ပွက်ဆူသောရေများရှိနေပါလိမ့်မည်။ ယင်းအကြောင်းနှင့်ပတ်သက်၍ အခြားအာယသ်(၄၇း၁၅)ထဲတွင်မိန့်ထားသည်မှာ ယင်းပွက်ပွက်ဆူသောရေများက ၎င်းတို့၏အူများကိုအပိုင်းပိုင်းပြတ်သွားပါလိမ့်မည်။ ၎င်းပြင် ယင်းတို့၏ မယုံကြည်မှုနှင့် ငြင်းဆိုမှုတို့ကြောင့် ထိုပွက်ပွက်ဆူသောရေများအပြင် အခြားသောနာကျင်ဖွယ် ပြစ်ဒဏ်ခတ်မှုများလည်းရှိနေပါလိမ့်မည်။

ဤအာယသ်တော်က"အာခိရသ်"ကို ဂရုမမူဘဲ၊ ဤကမ္ဘာလောက၏ ၎င်းတို့ သက်တမ်းကိုကျေနပ်နေသောသူများနှင့်ပေါင်းသင်းခြင်းသည် လူတိုင်းအတွက် အန္တရာယ်ကြီးမားပါသည်။ ယင်း၏ အဆုံးစွန်ဆုံးသော အကျိုးဆက်မှာ မည်သူမဆိုထိုသူများ၏ ထိုင်ဝိုင်းတွင် ထိုင်မိပါက ထိုသူများသည် ထိုထိုင်ဝိုင်းကိုပေးသောပြစ်ဒဏ်မျိုးပေးခြင်းကိုခံရပါလိမ့်မည်။

ဤသုံးအာယသ်(၆၈-၇၀)တွင်ပါရှိသော အရေးကြီးသည့် ရည်မှန်းချက်သည် အဆိပ်ကဲ့သို့သေစေနိုင်သောမကောင်းသောပတ်ဝန်းကျင်နှင့် မကောင်းသောအပေါင်းအသင်းတို့မှ မုစ်လင်မ်တို့အားကယ်တင်ရန်ဖြစ်သည်။ မြောက်မြားစွာသော ထင်ရှားပြတ်သား၍ ပြည့်စုံခိုင်လုံသောကုရ်အာန်ကျမ်းတော်မြတ်နှင့်ဟဒီးဆ်သြဝါဒတော်ပါအဆိုအမိန့်များ "နားစ်"တို့နှင့်ထပ်တလဲလဲလေ့လာကြည့်ရှုမှုနှင့် အတွေ့အကြုံတို့က လူသားများ

ပါဝင်ပတ်သက်သော မကောင်းမှုများနှင့်ပြစ်မှုအလုံးစုံတို့၏ အရင်းအမြစ်သည် ၎င်းတို့ကြီးပြင်းလာသော မကောင်းသောအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်တို့ကြောင့်ဖြစ်သည်ဟူ၍သက်သေပြပါသည်။ မကောင်းသော ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် ငြိတွယ်ပြီးသည်နှင့်တပြိုင်နက် တစ်စုံတစ်ဦးသည် မိမိအသိစိတ်နှင့်ဆန့်ကျင်ကာ စိတ်ဘဝင်မကျမှုများနှင့်အတူ မကောင်းမှုအတွင်းသို့ လျှောကျသက်ဆင်းသွားပါတော့သည်။ ထို့နောက် ဤဖြစ်ရပ်မျိုးအကျင့်ဖြစ်သွားသည်နှင့်တပြိုင်နက် သူတွင်မကောင်းဟူသည့်ခံစားချက်မှာ ဆိတ်သုဉ်းသောအဆင့်သို့ရောက်ရှိသွားကာ တစ်စုံတစ်ဦးသည် မကောင်းသည်ကို အကောင်းဟူ၍လည်းကောင်း၊ ကောင်းသည်ကိုမကောင်းဟူ၍ လည်းကောင်း စတင်မှတ်ယူသည့်အဆင့်သို့ရောက်ရှိသွားသည်။ ဟဒီးဆ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် (ﷺ) သခင်မိန့်ဆိုချက်ကိုတင်ပြထားသည်မှာ "လူတစ်ဦးပထမအကြိမ်ပြစ်မှုဂုနာဟ်ကျူးလွန်သောအခါတွင် သူ၏နှလုံးတွင် အစက်အပြောက်တစ်ခုပေါ်ပေါက်လာသည်။ ဤသည်မှာ ဖြူစင်သောအဝတ်တန်ဆာအပေါ်၌ အမဲစက်တစ်ခု စွန်းထင်းခြင်းနှင့်တူကာ ယင်းကို လူတိုင်းမနှစ်သက်ကြကာ စိတ်အနှောက်အယှက်ဖြစ်ရပါသည်။ ထို့ကြောင့် ဤသူလည်း သူ၏နှလုံးသားတွင် မနှစ်မြို့မှုဖြစ်ပေါ်စေပါသည်။ သို့ရာတွင် ထိုသူသည် ပထမအကြိမ် ဂုနာဟ်ကျူးလွန်ပြီးသည့်နောက် ဒုတိယအကြိမ်၊ တတိယအကြိမ်၊ ဆက်လက်ကျူးလွန်ကာ ပြီးခဲ့သောအပြစ်ဂုနာဟ် တို့ကို ဝန်ချတောင်းပန်ခြင်းမပြုလုပ်ခဲ့ပါလျှင် အမဲစက်များသည် တစ်ခုပြီးတစ်ခုသူ၏နှလုံးသားခွံပေါ်ပေါက်လာကာ အရောင်ထွက်နေသော နှလုံးသားပြင်ကို မဲချိတ်သွားစေပါသည်။ ရလဒ်မှာ ဤသူသည်အကောင်းနှင့်အဆိုးကိုခွဲခြားနိုင်သော အရည်အချင်းလက်မဲ့ဖြစ်သွားစေပါသည်။" ဟူ၍ဖြစ်သည်။ ဤဖြစ်ရပ်ကို ကုရ်အာန် ကျမ်းတော်မြတ်က --AR- (သံချေး၊ အစွန်းအထင်း)ဟူသော စကားလုံးဖြင့်ဖော်ထုတ်ပြသကား **كَلَّا بَلْ رَانَ عَلٰى قُلُوْبِهِمْ مَّا كَانُوْا يَكْسِبُوْنَ** (၈၃း၁၄)ဟူ၍ မိန့်ကြားထားသည်။ ဆိုလိုသည်မှာ ၎င်းတို့၏နှလုံးသားသည် မကောင်းမှုလုပ်ရပ်များကြောင့် သံချေးတက်သွားသည်။(ယင်းသံချေးတက်မှုကြောင့် အကောင်းကိုလက်ခံနိုင်စွမ်းအား ဖယ်ရှားခြင်းခံရသည်။)

ထိုအကြောင်းကို အသင်စဉ်းစားကြည့်ခဲ့ပါလျှင် မှားယွင်းသောပတ်ဝန်းကျင်နှင့်မကောင်းသောအပေါင်းအသင်းတို့သည် လူသားများအားလုံးတို့အား အမှန်တကယ်ထိခိုက်စေသည်ကို တွေ့ရပါလိမ့်မည်။ ၎င်းတို့သည် လူသားများကို ချောက်ကမ္ဘားသို့တွန်းချပါသည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အားလုံးအား ယင်းအဖြစ်မျိုးမှ ကာကွယ်စောင့်ရှောက်တော်မူပါ။ ထို့ကြောင့်ကလေးငယ်များကို ပြုစုပျိုးထောင်ရန်တာဝန်ရှိသော လူတိုင်းတို့သည် ကလေးငယ်များအား ထိုကဲ့သို့သောအသိုင်းအဝိုင်းနှင့်ပတ်ဝန်းကျင်တို့မှ ကင်းဝေးစေရန် အစွမ်းကုန်ကြိုးစားရပါမည်။

နောက်အာယသ်သုံးခု(၇၁-၇၃)တို့သည်လည်း "ရှိရ်စ်က်" (အလ္လာဟ်အရှင်မြတ်နှင့်တုဖက်ယှဉ်တွဲကိုးကွယ်ခြင်း)ကိုငြင်းထားမှု၊ ၎င်းပြင်"သောင်ဟီးဒ်" (အလ္လာဟ်အရှင်တစ်ပါးတည်းရှိတော်မူခြင်း)နှင့် "အာခိရသ်" (နောင်တမလွန်ဘဝ)တို့ကို အတည်ပြုထားခြင်းများပါဝင်သည်ဆိုကြောင်းကို ဘာသာပြန်ဆိုချက်ကပင် ပေါ်လွင်ထင်ရှားပါသည်။

XXXXXXXXXXX

tm, of (74-81)

وَإِذْ قَالَ إِبْرٰهِيمُ لِأَبِيهِ آزَرَ
أَتَتَّخِذُ أَصْنَامًا آلِهَةً ۖ إِنِّي أَرٰىكَ وَقَوْمَكَ فِي ضَلٰلٍ مُّبِينٍ ﴿٧٤﴾
وَكَذٰلِكَ نُرِي إِبْرٰهِيمَ مَلَكُوتَ السَّمٰوٰتِ وَالْأَرْضِ وَلِيَكُونَ
مِنَ الْمُوقِنِينَ ﴿٧٥﴾ فَلَمَّا جَنَّ عَلَيْهِ اللَّيْلُ رَأَىٰ كَوْكَبًا ۖ قَالَ هٰذَا
رَبِّي ۖ فَلَمَّا أَفَلَ قَالَ لَا أُحِبُّ الْآفِلِينَ ﴿٧٦﴾ فَلَمَّا رَأَى الْقَمَرَ بَازِغًا
قَالَ هٰذَا رَبِّي ۖ فَلَمَّا أَفَلَ قَالَ لَئِن لَّمْ يَهْدِنِي رَبِّي لَأَكُونَنَّ
مِنَ الْقَوْمِ الضَّالِّينَ ﴿٧٧﴾ فَلَمَّا رَأَى الشَّمْسَ بَازِغَةً قَالَ هٰذَا رَبِّي
هٰذَا أَكْبَرُ ۖ فَلَمَّا أَفَلَتْ قَالَ يٰقَوْمِ إِنِّي بَرِيءٌ مِّمَّا تُشْرِكُونَ ﴿٧٨﴾
إِنِّي وَجَّهْتُ وَجْهِيَ لِلَّذِي فَطَرَ السَّمٰوٰتِ وَالْأَرْضَ حَنِيفًا وَمَا
أَنَا مِنَ الْمُشْرِكِينَ ﴿٧٩﴾ وَحَاجَّهُ قَوْمُهُ ۚ قَالَ أَتُحَاجُّونِّي فِي اللَّهِ
وَقَدْ هَدٰىنِ ۚ وَلَا أَخَافُ مَا تُشْرِكُونَ بِهِ إِلَّا أَن يَشَاءَ رَبِّي شَيْئًا ۗ
وَسِعَ رَبِّي كُلَّ شَيْءٍ عِلْمًا ۗ أَفَلَا تَتَذَكَّرُونَ ﴿٨٠﴾ وَكَيْفَ أَخَافُ مَا
أَشْرَكْتُمْ وَلَا تَخَافُونَ أَنَّكُمْ أَشْرَكْتُم بِاللَّهِ مَا لَمْ يُنَزِّلْ بِهِ عَلَيْكُمْ
سُلْطٰنًا ۚ فَأَيُّ الْفَرِيقَيْنِ أَحَقُّ بِالْأَمْنِ ۖ إِن كُنتُمْ تَعْلَمُونَ ﴿٨١﴾

၎င်းပြင်(အကြင်အချိန်အခါကို ပြန်လည်သတိရပါလေ)တရံရောအခါ တမန်တော်အိဗ်ရာဟီမ် (u) က မိမိဖခင်"အာဇရ်"အားပြောကြားခဲ့သည်မှာ (အိုဖခင်)ဖခင်သည် ရုပ်ပွားဆင်းတုများကို ကိုးကွယ်ရာဘုရားများပြုလုပ်ထားပါသလော။ မုချကောန် အကျွန်ုပ်သည် ဖခင်အားလည်းကောင်း၊ ဖခင်၏ အမျိုးသားများအားလည်းကောင်း၊ ထင်ရှားသောလမ်းမှားခြင်းဌ (သက်ရောက်နေကြသည်ကို)တွေ့မြင်နေပါသည်ဟု ပြောကြားခဲ့၏။ (၆း၇၄)

ထိုနည်းတူစွာ ငါအရှင်မြတ်သည် အိဗ်ရာဟီမ်အား လေးနက်စွာ သက်ဝင်ယုံကြည်သော သူတို့တွင်အပါအဝင်ဖြစ်စေခြင်းငှါ။ ငါအရှင်မြတ်သည် မိုးများနှင့်ကမ္ဘာမြေကို စိုးပိုင်တော်မူကြောင်းကို ပြသတော်မူခဲ့လေသတည်း။ (၆။၇၅)

သို့ဖြစ်ပေရာ ညဥ့်(၏အမှောင်)သည်ထို (အိဗ်ရာဟီမ်)အားဖုံးလွှမ်းသော အခါ ထို(တမန်တော်အိဗ်ရာဟီမ်)သည် ကြယ်တစ်လုံးကို တွေ့မြင်လေ၏။ ထိုအခါ တမန်တော်အိဗ်ရာဟီမ်က "ဤသည် ငါ့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူသည်" ဟုဆို ခဲ့၏။ တစ်ဖန် ထိုကြယ်ပျောက်ကွယ်သွားသောအခါ (တမန်တော်အိဗ်ရာဟီမ်)က "ငါသည် ကွယ်ပျောက်သွားသော အရာများကို မနှစ်သက်ပေ"ဟု ပြောကြားခဲ့၏။ (၆။၇၆)

တစ်ဖန်(တမန်တော်အိဗ်ရာဟီမ်သည်)လကို လင်းဝင်းတောက်ပစွာတွေ့မြင်သောအခါ "ဤသည်ငါ့အားဖန်ဆင်းမွေးမြူသော အရှင်ဖြစ်သည်"ဟုပြောဆိုပြန်၏။ သို့ရာတွင် ထိုလသည် ကွယ်ပျောက်သွားခဲ့လေသောအခါ (တမန်တော်အိဗ်ရာဟီမ်က)"အကယ်၍သာ ငါ့အားမွေးမြူတော်မူသောအရှင်မြတ်သည် ငါ့ကိုတရားလမ်းမှန်သို့ပို့ဆောင်တော်မူခြင်းမရှိခဲ့ပါမူ ကျွန်ုပ်သည် လမ်းမှားသောသူတို့တွင် မုချအပါအဝင်ဖြစ်သွားမည်"ဟု ပြောကြားခဲ့လေသည်။ (၆။၇၇)

တစ်ဖန်(တမန်တော်အိဗ်ရာဟီမ်သည်) သူရိယနေကိုထွန်းလင်းတောက်ပစွာမြင်လေပြန်သောအခါ (အသင်တို့၏ ထင်မြင်ယူဆချက်အရ) "ဤသည်သာလျှင်ငါ့အားဖန်ဆင်းတော်မူသောအရှင် ဤသည်သာလျှင် အကြီးဆုံးဖြစ်သည်"ဟု ပြောဆို ခဲ့ပြန်၏။ သို့ရာတွင် ထိုသူရိယနေသည်လည်း ကွယ်ပျောက်သွားသောအခါ (တမန်တော်အိဗ်ရာဟီမ်က) အို-ငါ၏အမျိုးသားအပေါင်းတို့၊ ငါသည် အသင်တို့တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်လျက်ရှိကြသောအရာများမှ လုံးဝလွတ်ကင်းသည်"ဟု ပြောကြားခဲ့၏။ (၆။၇၈)

ဧကန်စင်စစ် ငါသည်မိမိမျက်နှာကို မိုးများနှင့်ကမ္ဘာမြေကိုဖန်ဆင်းတော်မူသောအရှင်မြတ်ဘက်သို့သာလျှင် အာရုံစူးစိုက်လျက်လှည့်ခဲ့လေပြီ။ စင်စစ်သော်ကား ငါသည်(တစ်စုံတစ်ရာကို အလွှာတ်အရှင်မြတ်နှင့်) တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်သောသူတို့အနက်မှ မဟုတ်ပြီ။ (၆။၇၉)

ငင်းနောက် ထို(တမန်တော်အိဗ်ရာဟီမ်)၏အမျိုးသားများသည် ထို(တမန်တော်အိဗ်ရာဟီမ်)နှင့် အငြင်းအခုံပြုကြလေသည်။ ထိုအခါ(တမန်တော်အိဗ်ရာဟီမ်)က အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ပင်ငါနှင့် အငြင်းအခုံပြုလုပ်ကြသလော။ အမှန်မှာ ထိုအရှင်မြတ်သည် ငါ့အားတရားလမ်းမှန်ကိုပြတော်မူပြီးဖြစ်သည်။ ငင်းပြင်ငါသည် အသင်တို့ယှဉ်တွဲကိုးကွယ်ကြသောအရာများကို မကြောက်ပေ။ သို့ရာတွင် ငါ၏အရှင်သည်ပင် တစ်စုံတစ်ရာကို အလိုတော်ရှိတော်မူပါသော်(ဖြစ်နိုင်၏။) ငါ၏အရှင်သည် အရာခပ်သိမ်းတို့ကို အသိပညာအားဖြင့် ဝန်းခြုံလျက်ရှိတော်မူသည်။ သို့ပါလျှက် အသင်တို့သည် သတိမမူကြပါသလော။ (၆း၈၀)

ကျွန်ုပ်သည် အသင်တို့တွဲဖက်ကိုးကွယ်ကြသောအရာများကို အဘယ်ကြောင့်ကြောက်ရမည်နည်း။ အမှန်စင်စစ်အားဖြင့် အသင်တို့သည်အကြင် အရာများကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်၍ကိုးကွယ်ကြ၏။ ငင်းအရာများနှင့်စပ်လျဉ်း၍ ထိုအရှင်မြတ်သည် အသင်တို့ထံ မည်သည့်သက်သေသာဓကကိုမျှချပေးသနားတော်မူခဲ့သည်မဟုတ်ပေ။ (ဤသို့ပြုလုပ်ကြသည်ကိုပင်) အသင်တို့မကြောက်ရွံ့ကြပေ။ သို့ဖြစ်ပေရာ(အုပ်စုနှစ်စု)အနက် မည်သည့်အုပ်စုသည် ဘေးရန်ကင်းငြိမ်းခြင်းကို ပိုမို၍ထိုက်သနည်း။ အကယ်၍သာ အသင်တို့သိကြပါလျှင် (ပြောကြလေကုန်)။ (၆း၈၁)

tus,fzGifhrdkjcif;

ပြီးခဲ့သောအာယသ်များထဲတွင် တမန်တော်မြတ် (e) ဖိတ်ခေါ်ခဲ့သော ဖိတ်ခေါ်မှုအကြောင်းဖော်ပြချက်ပါဝင်ပါသည်။ ယင်းထဲတွင် တမန်တော်မြတ် (e) သည် အရေးဗီးယားရှိ မယုံကြည်သွေဖည်သူများအား တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်အားယုံကြည်ရန်နှင့် ၎င်းတို့၏ရုပ်ထုများအား ကိုးကွယ်ခြင်းကို စွန့်လွှတ်သင့်ကြောင်း မေတ္တာရပ်ခံဦးတည်ပြောကြားပါသည်။

လက်ရှိအာယသ်များသည် အမှန်တရား၏ဖိတ်ခေါ်သံကို သီးခြားသောနည်းတစ်နည်းဖြင့် ထောက်ခံထားပြီး စိုက်ယိဒနာအိဗ်ရာဟီမ် (u) အား အမြဲတမ်းလိုလို၊ တစ်ပေါင်းတစ်စည်းထဲ ရှိသေလေးစားကြကာကြည်ညို လေးစားဖွယ် မထေရ်ကြီးအဖြစ်မှတ်ယူသော အရေးဗီးယားရှိ လူအများ၊ သဘာဝအလျောက် လက်ခံနိုင်ဖွယ်ရာ ဖြစ်သွားပါသည်။ ဤအာယသ်တော်များက စိုက်ယိဒနာအိဗ်ရာဟီမ် (u) ဦးဆောင်ကာ သူ၏လူများနှင့် ရုပ်ထုများ ကိုးကွယ်ခြင်းအကြောင်းစကားအခြေအတင်ပြောကြားမှုနှင့် ၎င်းတို့အား တစ်ပါးတည်း တည်ရှိတော်မူသော အလ္လာဟ်အားစစ်မှန်စွာယုံကြည်မှုမှာ မည်ကဲ့သို့ဖြစ်သင့်သည်ဆိုသည့်အကြောင်း သင်ခန်းစာပေးမှုတို့ကို ရည်ညွှန်းထားပါသည်။

ပထမအာယသ်(၄၄)သည် သူကိုယ်တိုင် ထုဆစ်ကာ ကိုးကွယ်ရာများဟုမှတ်ယူသော သူ၏ဖခင်"အာဇရ်" နှင့်သူ၏လူအားလုံးတို့သည် အထင်အရှားများယွင်းကြောင်း စိုက်ယိဒိနာအိဗ်ရာဟီမ်က ပြောကြားခြင်းဖြင့် ဖွင့်ဆိုထားသည်။

စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ၏ ဖခင်အမည်မှာ "အာဇရ်"ဟူ၍မှတ်ယူထားကြသကဲ့သို့ သမိုင်းပညာရှင်အတော်များများက သူ၏အမည်မှာ "သာရသ်"ဖြစ်ပြီး၊ "အာဇရ်"မှာ သူ၏ဘွဲ့ဖြစ်ကြောင်းဖော်ပြကြသည်။ အိမာမ်အလ်ရာဇီနှင့် အစောပိုင်းပညာရှင်တစ်စုက "သာရသ်"သည် သူ၏ဖခင်အမည်ဖြစ်ကာ "အာဇရ်"သည် သူ၏ဦးလေးအမည်ဟု မှတ်ယူကြသည်။ သူ၏ဦးလေးအာဇရ်သည် နမရွဒ်ဘုရင်၏ဝန်ကြီးတစ်ဦးဖြစ်ပြီးသည့် နောက်တွင် ဘုရားအများကိုးကွယ်သူတစ်ဦးဖြစ်သွားပါသည်။ အရဗ်တို့၏အသုံးအနှုန်းတွင် ဦးလေးအား 'အဖေ' ဟုခေါ်ဆိုခြင်းသည် ယေဘုယျဖြစ်သောကြောင့် ဤနေရာတွင် စိုက်ယိဒိနာအိဗ်ရာဟီမ်၏ဖခင်အား အာဇရ်ဟူ၍အမည်တပ်ခဲ့ပါသည်။ ရှရ်ဟုလ်မဝါဟီဒ်ကျမ်းတွင် ဇာရ်ကနီက ဤအကြောင်းအရာကို မြောက်မြားစွာသော သက်သေပြချက်တို့ဖြင့် တင်ပြထားသည်။

jyKjyifaejymif;vJjcif;onf tdrfrSpfonf

"အာဇရ်"သည် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ၏ ဖခင်ဖြစ်စေ၊ ဦးလေးဖြစ်စေ၊ ၎င်းသည် မိသားစု၏ လေးစားဖွယ်ရာအကြီးအကဲဖြစ်ပါသည်။ ထို့ကြောင့် စိုက်ယိဒိနာ အိဗ်ရာဟီမ် (u) သည် အမှန်တရားဘက်သို့ ဖိတ်ခေါ်မှုကို သူ၏အိမ်မှစတင်ခဲ့ပါသည်။ အလားတူပင် တမန်တော်မြတ် (e) အား- **وَأَنذِرْ عَشِيرَتَكَ الْأَقْرَبِينَ** "၎င်းပြင် အသင်သည် မိမိနီးစပ်သောဆွေမျိုးသားချင်းကို သတိပေးနှိုးဆော်ပါလေ။"(၂၆း၂၁၄) ဟုအမိန့်ပေးခဲ့လေသည်။ ဤအမိန့်ကိုနာခံသောအနေဖြင့် တမန်တော်မြတ် (e) သည် သူ၏မိသားစုကို စုစည်းကာ "ဆွဖရ်" တောင်ပေါ်မှ အမှန်တရားဘက်သို့ သူ၏ဖိတ်ခေါ်မှုကို ကြားနာစေခဲ့ပါသည်။

သဖီစီရ်အလ်ဗဟ်အလ်မုဟီတွ်အရ ယုံကြည်မှု၏မှန်ကန်သောလမ်းပေါ်တွင်မရှိသော လေးစားဖွယ်ရာ အကြီးအကဲတစ်ဦးအား မှန်ကန်သောလမ်းဆီသို့ ဖိတ်ခေါ်ခြင်းသည် ရိုသေလေးစားမှု၏စံများနှင့် မဆန့်ကျင်ကြောင်းကိုလည်း ဤသည်မှ ကျွန်ုပ်တို့လေ့လာသိရှိရပါသည်။ အမှန်မှာ ဤကိစ္စရပ်သည် သူ့အား ကောင်းစေရန်ဖြစ်သည်။ ထပ်ဆောင်းသည့်အနေဖြင့် တစ်စုံတစ်ဦး၏ အိမ်၊ မိသားစုနှင့် အနီးစပ်ဆုံးအသိုင်းအဝန်းတို့အား စစ်မှန်သောယုံကြည်မှုဆီသို့ လူအများအား ဖိတ်ခေါ်ခြင်းနှင့်စစ်မှန်သောယုံကြည်မှုရရှိရန်အတွက် စစ်မှန်သော ပြောင်းလဲမှုများရှာကြံခြင်းဆိုသည့် ဒါအ်ဝယ်ဖိတ်ခေါ်မှုတာဝန်ဝတ္တရားကိုစတင်လုပ်ဆောင်ခြင်းသည် တမန်တော်များ (u) ၏လမ်းစဉ် (စွန္ဒသ်တော်)ဖြစ်ကြောင်းကိုလည်း ဤသည်က ကျွန်ုပ်တို့အားပြောပြပါသည်။

rsdK;EG,fpkESpfpk?ESpfEkdifiHoDtdkD-,HkMunfolrsm;onf vlrsdK;pkwpfpk?r,HkMunfolrsm;onf tjcm;vlrssK;pkwpfpk.

ဤအာယသ်တော်ထဲတွင် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) က သူ၏ဖခင်နှင့်သူ၏လူများမှားယွင်းနေ

ကြသည်ဟုပြောကြားချက်က သူသည် သူ၏မိသားစုနှင့် သူ၏လူများနှင့်မတူကြောင်း ဖော်ထုတ်ပြသရန်ရွေးချယ်မှုကိုသတိပြုမိပါလိမ့်မည်။ သူ၏မယုံကြည်သောညီအစ်ကိုများနှင့် သူ၏သံယောဇဉ်ဆက်နွယ်ခြင်းကိုဖြတ်ခြင်းသည် အလွှာဟ့်လမ်းတော်အတွက် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ကြီးမားသော စွန့်လွှတ်မှုပြုလုပ်ခဲ့ကြောင်းဤသည် ကရည်ညွှန်းပါသည်။ ထို့ကြောင့် သူ၏လုပ်ရပ်က မုစ်လင်မ်အမျိုးသားရေးတော်စပ်မှုသည် အစ္စလာမ်ဘာသာ၏ ကတိကဝတ်များနှင့် အုတ်မြစ်ချထားကြောင်းကို လက်တွေ့ပြသခဲ့သည်။ အမျိုးသားရေးတွင် မျိုးနွယ်စုအရေးကို ဖြစ်စေ၊ နေရာဒေသအရေးကိုဖြစ်စေ အခြေခံသောအခါ တစ်ဦးနှင့်တစ်ဦး ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ကာ ဤအမျိုးသားရေးကိစ္စကို စွန့်လွှတ်ဖို့ရာ ဖြစ်လာသည်။

စိုက်ယိဒိနာအိဗ်ရာဟီမ် (u) နှင့်ပတ်သက်သော ဤအဖြစ်အပျက်ကိုဖော်ပြခြင်းအားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်က ၎င်း၏နောက်တွင် ပေါ်ထွန်းလာမည့် အုမ္မသ်ထုအားလုံးကိုလည်း သူ၏ခြေရာကိုနင်းသင့်သည်ဟုပြောကြားထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်က-း **قَدْ كَانَتْ لَكُمْ اُسْوَةٌ حَسَنَةٌ فِىْٓ اِبْرٰهِيْمَ وَالَّذِيْنَ مَعَهٗ اِذْ قَالُوْا لِقَوْمِهِمْ اِنَّا بُرَءٰٓؤُا مِنْكُمْ وَمِمَّا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ** ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ စိုက်ယိဒိနာအိဗ်ရာဟီမ် (u) နှင့် သူ၏အပေါင်းပါများ၏လမ်းစဉ်နှင့်လုပ်ရပ်တို့သည် သေချာကောင်းမွန်ပြီး အတုယူထိုက်ကာ မုစ်လင်မ်အုမ္မသ်ထုကလိုက်နာသင့်သည်။ စိုက်ယိဒိနာအိဗ် ရာဟီမ် (u) နှင့် အပေါင်းပါတို့က မျိုးရိုးစဉ်ဆက်လူမျိုးရေးနှင့်ပထဝီအနေအထားအရ တူညီသောညီအစ်ကိုများအား မှားယွင်းသောအရာများကို ကိုးကွယ်ခြင်းနှင့် ပတ်သက်၍ သတိဝိရိယနှင့်စောင့်ကြည့်နေကာ ၎င်းတို့ကြားရှိ သဘောထားကွဲလွဲမှုသည် ထိုသူများ ယုံကြည်သူဖြစ်၍ အလွှာဟ်အရှင်မြတ်မှတစ်ပါး မည်သည့်အရာကိုမျှမကိုးကွယ်သမျှ အမြဲတည်ရှိနေပေလိမ့်မည်ဟု ပြောင်ပြောင်တင်းတင်းပြောကြားလေသည်။

ဤသည်က ပါကစ္စတန်နိုင်ငံဟု ပေါ်ထွက်လာစေသည့်နှစ်နိုင်ငံသီအိုရီကို စိုက်ယိဒိနာအိဗ်ရာဟီမ် (u) က ဦးစွာပထမကြေညာခဲ့သည်ဟု ကျွန်ုပ်တို့အားပြောပြပါသည်။ တမန်တော်မြတ် (e) ၏ အုမ္မသ်ထုနှင့်အခြားသော အုမ္မသ်ထုများသည် ဤလမ်းညွှန်ချက်ကို လိုက်နာကျင့်သုံးကာ ရှေ့သို့ဆက်လက်သွားလျှက်ရှိသည်။ မုစ်လင်မ်များအကြားတွင် သူတို့၏အမျိုးသားရေးကို အစ္စလာမ်ဟုပြောကာ ဖော်ထုတ်ခြင်းသည် အသိအမှတ်ပြုပြီးဖြစ်လာပါသည်။ တမန်တော်မြတ်ကြီး၏ နောက်ဆုံးဟာဂျ်ခရီးစဉ်တွင် ကုန်သည်လှည်းတမ်းတစ်ခုနှင့်တွေ့ဆုံခဲ့သည်။ တမန်တော်မြတ် (e) က "အသင်တို့သည် မည်သည့်အမျိုးသားများဖြစ်ကြသနည်းဟု မေးမြန်းခဲ့သည်။ ၎င်းတို့က- **نَحْنُ قَوْمٌ مُّسْلِمُوْنَ** ကျွန်ုပ်တို့သည် မုစ်လင်မ်အမျိုးသားများဖြစ်ကြ ပါသည်ဟု ဖြေကြားလေသည်။ ဤနေရာတွင် အာရေးဗီးယားတွင် အစောပိုင်းကလုပ်လေ့လုပ်ထရှိသည်နှင့်အညီ ၎င်းတို့၏မျိုးနွယ်စုအမည်နာမကို ပြောကြားခြင်း(သို့)မိသားစုမျိုးရိုးစဉ်ဆက်ကို ဖော်ပြခြင်းမရှိဘဲ ၎င်းတို့ကိုယ် ၎င်းတို့ "မုစ်လိမ္မန်"(မုစ်လင်မ်များ)ဟုခေါ်ကြပါသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် ၎င်းတို့က စစ်မှန်သော အမျိုးသားရေးကို ကြေညာခဲ့ပါသည်။ ယင်းအမျိုးသားရေးသည် ကမ္ဘာကြီးပျက်သုဉ်းကာ စစ်ဆေးမှုများပြုလုပ်သောအာခိရသ်အချိန်ထိရှိနေပါလိမ့်မည်။ ဤသီးသန့်နေရာ၌ စိုက်ယိဒိနာအိဗ်ရာဟီမ် (u) သည် သူ၏ဖခင်အားဦးတည်ပြောကြားကာ ဖခင်လူများ၏ လုပ်ရပ်များကို မနှစ်မြို့ကြောင်းသူကြေညာခဲ့ပါသည်။ သူနှင့်အတူ ဆင်းသက်လာသောသူများကိုပင် သူ၏အဖေ၏လူများဟု ရည်ညွှန်းထားပါသည်။ သို့ရာတွင် ထိုသူတို့နှင့်သူ

စည်းကမ်းတကျကင်းကွာကြောင်း ကြေညာသောနေရာတွင် ထိုသူများကိုပင် သူ၏လူများဟုဦးတည်ပြောကြားခဲ့ပါသည်။ ယင်းအကြောင်းကို နောက်အာယသ်- **يٰقَوْمِ اِنِّيْ بَرِيْۤءٌ مِّمَّا تُشْرِكُوْنَ** "အို-ငါ၏အမျိုးသားအပေါင်းတို့၊ ငါသည် အသင်တို့တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်လျက်ရှိကြသောအရာများမှ လုံးဝလွတ်ကင်းသည်" ဟုပြောကြားခဲ့လေသည်။ ဤနေရာ၌ "လူမျိုးရေးအရလည်းကောင်း ဇာတိရပ်မြေအရလည်းကောင်း၊ အသင်တို့သည် ကျွန်ုပ်၏လူများအဖြစ်ကြသော်လည်း အသင်တို့၏ မယုံကြည်သွေဖည်မှုလုပ်ရပ်များနှင့် ဘုရားအများကိုးကွယ်မှုတို့က အသင်တို့နှင့်ကျွန်ုပ်ညီရင်းအစ်ကိုဖြစ်ခြင်းကို ပြတ်တောက်စေပါသည်။"ဟု အညွှန်းပေးထားပါသည်။

စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ၏ဖခင်နှင့် ဆွေမျိုးသားချင်းများသည် "ရှစ်ရိုက်"လုပ်ငန်းနှစ်ထပ်ကွမ်းကိုလုပ်ဆောင်ကြသည်။ ၎င်းတို့သည် ရုပ်ထုများနှင့်ကြယ်တာရာများကိုပါ ကိုးကွယ်ခဲ့ကြပါသည်။ ထို့ကြောင့် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) သည် ကိစ္စနှစ်ရပ်စလုံးအတွက် သူ့ဖခင်၊ သူ့လူတို့နှင့် စကားအခြေအတင်ပြောခဲ့ပါသည်။

ပထမအနေဖြင့် ရုပ်ထုကိုးကွယ်ခြင်းအကြောင်းဖြစ်ပါသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ် (u) က ပြောသည်မှာ ယင်းကိစ္စသည် မှားယွင်းပြီးလမ်းလွဲနေခြင်းဖြစ်သည်။ ၎င်းနောက် အခြားအာယသ်များထဲတွင် ကိုးကွယ်ရန်မထိုက်ဟု ကြယ်တာရာများကို ညွှန်းပြခဲ့သည်။ အစောပိုင်းအာယသ်(၇၅)ထဲတွင် မိတ်ဆက်သည့်ပုံစံဖြင့် အလ္လာဟ်သအာလာသည် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ၏ အံဝင်ခွင်ကျဖြစ်မှုနှင့် ထိုးထွင်းဉာဏ်တို့ကိုဖော်ပြကာ- **وَكَذٰلِكَ نُرِيْۤ اِبْرٰهِيْمَ مَلَكُوْتَ السَّمٰوٰتِ وَالْاَرْضِ وَلِيَكُوْنَ مِنَ الْمُوْقِنِيْنَ** မိန့်ကြားထားသည်။ ဆိုလိုသည်မှာ သူသည်သူ၏ယုံကြည် ချက်တွင်ခိုင်မြဲစေရန်အတွက် ဤအဖန်ဆင်းခံအရာများအားလုံးတို့၏ စစ်မှန်ချက်ကို ပွင့်လင်းစွာပေါ်လွင်စေ သည့်နည်းဖြင့် အလ္လာဟ်အရှင်ဖန်ဆင်းထားသည့် မိုးကောင်းကင်များနှင့်ပထဝီမြေကို အိဗ်ရာဟီမ် (u) အား မြင်စေပါသည်။ ထိုသည်၏နောက်ဖြစ်ပျက်ခဲ့သည်မှာ ထူးဆန်းအံ့ဩဖွယ်ရာကောင်းသည့် စကားပြောသည့်ပုံစံဖြစ်ကာ နောက်ပိုင်းအာယသ်များထဲတွင် ယင်းစကားပြောဆိုမှုပါဝင်ပါသည်။ (မူလပြောဆိုခြင်း၏လှုပမှု၊ လေယူလေသိမ်းနှင့်အားကြိုးမာန်တက်ဖြစ်မှုတို့ကို လုံးဝဥဿုံဘာသာပြန်ဆိုမှု၏ အရည်အသွေးအချို့ကိုပြသပါသည်) ၎င်းနောက် ယင်းစကားပြောဆိုမှုတစ်ဆင့်စီ၊ တစ်ဆင့်စီ၊ ပေါ်ထွက်လာပုံကို လေ့လာပါက အကျိုးရှိပါလိမ့်မည်။

]]oAfvd*f}}Esihf]]"tf0gof}}vkyfief;wGifr[mAsL[mEsihftodDHftdHk;jyKjcif;onfwefawmfrsm;\
vrf;jzOfjzpfonf/

فَلَمَّا جَنَّ عَلَيْهِ الَّيْلُ رَاٰ كَوْكَبًا "သို့ဖြစ်ပေရာ ညဥ့်(၏အမှောင်)သည် ထို(အိဗ်ရာဟီမ်) အားဖုံးလွှမ်းသောအခါ၊ ထို(တမန်တော်အိဗ်ရာဟီမ်)သည် ကြယ်တစ်လုံးကိုတွေ့မြင်လေသည်။"ဟူသောစကားလုံးများဖြင့်ဖွင့်ဆိုထားသည့် အာယသ်(၇၆)ဖြင့် ကျွန်ုပ်တို့အစပြုပါစို့။ ထို့နောက် သူ့လူများကို ပြုံးပြကာ သူကပြောသည်မှာ "ဤသည် ကျွန်ုပ်၏အရှင်သခင်ဖြစ်သည်။" သူပြောကြားခဲ့သည်၏ ဆိုလိုရင်းမှာ "အသင်တွေးထင်သကဲ့သို့ အသင်၏အရှင်သခင်နှင့် ကျွန်ုပ်၏အရှင်သခင်ဖြစ်သော ကျွန်ုပ်တို့နှစ်ဦးစလုံးတို့၏မွေးမြူဖန်ဆင်းသော အရှင်သည် ကျွန်ုပ်တို့အား ပြုစုပျိုးထောင် ကျွေးမွေးပြီးအကျိုးပြုအားပေးခဲ့သည်မဟုတ်ပါသလော။"ဟူ၍ဖြစ်

ပါသည်။ မကြာမီအချိန်တွင် ယင်းသည် မည်မျှစစ်မှန်ကြောင်း အသင်တွေ့ရှိရပေလိမ့်မည်။ ထို့နောက် အချိန်အတော်ကြာသွားသောအခါ၌ ကြယ်တာရာပျောက်ကွယ်သွားပါသည်။ ဤသည်ကစိုက်ယိဒိနာအိဗ်ရာဟီမ် (u) အား သူ၏မယုံကြည်သွေဖည်သော သူတို့နှင့် စကားအခြေအတင်ပြောဆိုမှုကို နားလည်သဘောပေါက်သွားစေရန်အတွက် ကောင်းသောအချိန်အခါတစ်ခုဖြစ်သွားစေပါသည်။ သူက-**لَآ اُحِبُّ لَا۟فِلِيْنَ** "ငါသည် ကွယ်ပျောက်သွားသောအရာများကို မနှစ်သက်ပေ"ဟုပြောကြားခဲ့၏။ **اٰفِلِيْنَ** "အာဖေ့လိ"ဟူ သောစကားလုံးသည် **افول** "အူဖုလ်"ဟူသော စကားလုံးက ဆင်းသက်လာကာ"ဝင်သွားသည်"ဟု အဓိပ္ပာယ် သက်ရောက်ပါသည်။

ဆိုလိုရင်းအဓိပ္ပာယ်မှာ ဝင်သွားသော(သို့) ပျောက်ကွယ်သွားသောအရာများသည် ချစ်ခင်မြတ်နိုးခံရခြင်းနှင့် မထိုက်တန်ပါ။ ၎င်းနောက် ခဝတ်ကိုးကွယ်ခြင်းခံရရန် အနေအထားသတ်မှတ်ခြင်းခံရသော တစ်စုံတစ်ခုသည် ချစ်ခင်မြတ်နိုးခြင်းနှင့် ရိုသေလေးစားခြင်း အလွန်ထိုက်တန်သည်ဆိုသည်မှာ ထင်ရှားပါသည်။ မောင်လာနာရူမီသည် ဤအဖြစ်အပျက်ကို တိုက်ရိုက်ရည်ညွှန်းကာ သူ၏ပါရှန်ဘာသာဖြင့်စပ်ဆိုထားသော နှစ်ကြောင်းကဗျာထဲတွင်-

خلیل آسا درِ ملکِ یقیں زن
نوائے لَا اُحِبُّ الْآفِلِیْنِ زن

"ခလိလ်" (စိုက်ယိဒိနာအိဗ်ရာဟီမ် ခလီလွလ္လာဟ်)ကဲ့သို့ ကျွန်ုပ်သည် ကွယ်ပျောက်သွားသည်များကို မကြိုက်ပါ ဟူသော စကားဝှက်ကို ကြေညာကာ၊ ယုံကြည်ခြင်းနယ်ပယ်ထဲဝင်ရောက်ခဲ့ပါ။"ဟု ဖွဲ့ဆိုထားသည်။

ထိုသည်၏နောက် အခြားသောညတစ်ည၌ ဝင်းလက်တောက်ပနေသော လစန္ဒာကို မြင်ရသောအခါ စိုက်ယိဒိနာ အိဗ်ရာဟီမ် (u) သည် အစောပိုင်းကနည်းလမ်းကိုလိုက်နာကာ သူ၏လူများကိုပြုံးပြကာ၊ သူ စကားပြောဆိုမှုပြုခဲ့သည်မှာ"အသင်တို့ထင်မြင်ချက်"အရ ဤသည်မှာ ကျွန်ုပ်၏မွေးမြူဖန်ဆင်းသော အရှင်ဖြစ်ပါသည်။ သို့ရာတွင် ယင်း၏စစ်မှန်ချက်ကို အသင်တို့မကြာမီတွေ့ရှိရပေလိမ့်မည်"ဟူ၍ဖြစ်သည်။ လပျောက်ကွယ်သွားသောအခါ၌ စိုက်ယိဒိနာအိဗ်ရာဟီမ် (u) က "ကျွန်ုပ်၏အရှင်သာ ကျွန်ုပ်အားတစ်လျှောက်လုံးလမ်းညွှန်မှုမပေးခဲ့ပါက၊ ကျွန်ုပ်သည်ပင်လျှင် လမ်းလွဲနေသောအသင်တို့စာရင်းတွင် ပါဝင်သွားပေလိမ့်မည်။ ၎င်းပြင်ကျွန်ုပ်သည် ထိုလကိုပင် ကျွန်ုပ်၏အရှင်သခင်အဖြစ်မှတ်ယူကာ ကျွန်ုပ်အတွက်ကိုးကွယ်အရာဟု မှတ်ယူမိပါလိမ့်မည်။ သို့ရာတွင် လ၏ပေါ်ထွက်ခြင်းပျောက်ကွယ်သွားခြင်းဆိုသည့် တလှည့်စီဖြစ်ခြင်းအခြေအနေများက ဤလသည် လည်းကိုးကွယ်ခြင်းမခံထိုက်ဟူသော ကျိုးနွံသော ဆုံးဖြတ်ချက်ကျွန်ုပ်အား ချစေပါသည်။

ဤအာယသ်ထဲတွင် စိုက်ယိဒိနာ အိဗ်ရာဟီမ် (u) ၏"ရဗ်"(သို့)အရှင်သခင်သည် ၎င်းအား အစဉ်မပြတ်လမ်းညွှန်မှုပေးသောအရှင်နှင့်လုံးဝအမျိုးအစားကွဲပြားသည်ဆိုကြောင်း ညွှန်းထားပါသည်။

ထို့နောက် နေထွက်လာခြင်းကို မြင်သောနေ့တွင် ယခင်က စိုက်ယိဒိနာအိဗ်ရာဟီမ် (u) လုပ်ဆောင်ပြီးသကဲ့သို့ တစ်ဖန်ထပ်မံ၍ ၎င်း၏လူများကို ပြောသည်မှာ"ဤအရာ(သင်တို့၏ ထင်မြင်ချက်အရ)သည် ကျွန်ုပ်၏"ရဗ်" ဖြစ်သည်။ ထို့ပြင် ဤသည်မှာအားလုံးတွင် အကြီးဆုံးဖြစ်သည်။ သို့သော်လည်း ယင်း၏အစစ်အမှန်ကိုသင်တို့

မကြာမီတွေ့ရလိမ့်မည်။ ထို့ကြောင့် နေဝင်ချိန်ရောက်လာသောအခါ နေဝင်သွားခဲ့သည်။ ၎င်းလူများ၏အတွေး အခေါ်များနှင့် ပတ်သက်၍ စိုက်ယိဒိနာ အိဗ်ရာဟီမ်၏အခြေအတင်ပြောဆိုမှုကို ၎င်း၏လူများက နောက်ဆုံး၌ သဘောပေါက်လာသည်။ စစ်မှန်မှုကား အလွန်ပင်ထင်ရှားလာခဲ့သည်။ ထို့ကြောင့် တမန်တော်အိဗ်ရာဟီမ် (u) က-يٰقَوْمِ اِنِّيْ بَرِيْۤءٌ مِّمَّا تُشْرِكُوْنَ "(အို-ငါ၏အမျိုးသားအပေါင်းတို့၊ ငါသည် အသင်တို့တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်လျှက်ရှိကြသော အရာများမှ လုံးဝလွတ်ကင်းသည်။)"ဟု ပြောကြားခဲ့သည်။

နိဂုံးချုပ်တွင် တမန်တော်အိဗ်ရာဟီမ် (u) က ၎င်း၏လူအများကို ရှင်းလင်းစေသည်မှာ ၎င်း၏"ရဗ်" (ဘဝကိုပြုစုပျိုးထောင်ကျွေးမွေးသုတ်သင်ရှင်သန်စေသောအရှင်သခင်)နှင့် ၎င်းတို့၏"ရဗ်"သည် မိုးကောင်းကင်ရှိ အဖန်ဆင်းခံမည်သည့်အရာမျှ မဖြစ်နိုင်ကြောင်း ယင်းအရာများသည် ၎င်းတို့တည်ရှိရန်အတွက် တစ်စုံတစ်ရာပေါ်တွင် မှီခိုခြင်းမကင်းလွတ်ကြောင်းနှင့် ယင်းအရာများသည် ထွက်ပေါ်လာခြင်းနှင့် ကွယ်ပျောက်ခြင်းစသည့် တစ်သမတ်တည်း မရပ်မနားပြောင်းလဲမှုများနှင့် ဝန်းရံလျှက်ရှိသည်။ ထိုအရာများအစား တမန်တော်အိဗ်ရာဟီမ် (u) ၏အရှင်နှင့် သူ့လူများ၏ အရှင်သခင်သည်ကား မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီး၊ ၎င်းတို့ထဲရှိသမျှသော အရာအားလုံးကို ဖန်ဆင်းတော်မူသောအရှင်တစ်ပါးတည်းမှအပ အခြားမဖြစ်နိုင်ချေ။ ထို့ကြောင့် တမန်တော်အိဗ်ရာဟီမ် (u) က ကြေညာခဲ့သည်မှာ တမန်တော်သည် ၎င်းတို့ကိုယ်တိုင် ထုဆစ်ထားသော ရုပ်ထုများနှင့် ဖန်ဆင်းခံရမှုဆိုင်ရာစေဆော်မှုအရ အလှည့်ကျနှင့်ပြောင်းလဲနေရသည့် ၎င်းတို့စိတ်ကူးယဉ်မှုကြယ်နက္ခတ်ဂြိုဟ်တာရာများဘက်သို့လှည့်ခြင်းမှ ပြောင်းလဲကာ တုဖက်ယှဉ်တွဲကိုးကွယ်ခံထိုက်ခြင်းမရှိသည့် တစ်ပါးတည်းသော အလ္လာဟ် အရှင်မြတ်ဘက်သို့လှည့်ခဲ့သည်။ (ဤကိစ္စရှင်းလင်းသွားသောအခါ ၎င်းသည် တစ်သီးတစ်ခြားဖြစ်သွားလေသည်)။ ထို့ကြောင့် တမန်တော်အိဗ်ရာဟီမ် (u) သည် ၎င်း၏လူများကဲ့သို့ မုရှ်ရစ်က် (မယုံကြည်သွေဖည်သူ (သို့) ဘုရားအများကိုးကွယ်သူ)တစ်ဦးမဟုတ်ကြောင်း ထင်ရှားဖြစ်စေပါသည်။ (အမှန်မှာ တစ်သက်လုံးအတွက် စည်းခြား ခြင်းပင်ဖြစ်သည်။)

ဤအခြေအတင်ပြောဆိုမှုတွင် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) သည် တမန်တော်ဆိုင်ရာထူးခြားသော အသိဉာဏ်နှင့် အံဝင်ခွင်ကျဖြစ်သော ချဉ်းကပ်မှုကို ၎င်း၏လူများလက်ခံသည့် မှားယွင်းသောအယူအဆဖြစ်သော ကြယ်လ နက္ခတ်တာရာများကို ကိုးကွယ်မှုသည် မှားယွင်း၍မမှန်ကန်ဟု ဒဲ့တိုးပြောဆိုခြင်းမပြုဘဲ ပြသခဲ့သည်မှာ ထင်ရှားသည်။ ၎င်းသည် ယင်းအစား တင်ပြပြောဆိုမှုဟန်ပန်တစ်မျိုးရွေးချယ်ခဲ့သည်။ ယင်းကြောင့် မည်သည့် ဆင်ခြင်တုံတရားရှိသောလူမဆိုသည် ဆိုလိုရင်းအချက်နားလည်၍ အဆုံးခ် စစ်မှန်ခြင်းကို သိရှိနားလည်စေနိုင်ပါသည်။ ရုပ်ထုကိုးကွယ်မှုကိစ္စနှင့်ပတ်သက်သောအခါ၌မူ ၎င်း၏နည်းလမ်းမှာ ကွဲပြားခြားနားပါသည်။ ၎င်းသည် အစမှာပင် ပြင်းထန်သောအယူအဆကိုစွဲကိုင်၍ ၎င်း၏အဖေနှင့် ၎င်း၏လူများသည် လမ်းမှားနေကြကြောင်း ရှင်းရှင်းပြတ်ပြတ်ပြောခဲ့သည်။ အကြောင်းမှာ ရုပ်ထုကိုးကွယ်မှုမှာ အလွန်ထင်ရှားသောမှားယွင်းမှု တစ်ရပ်ဖြစ်၍ ယင်းဖြစ်ရပ်နှင့် ဆန့်ကျင်ဘက်ကြယ်လနက္ခတ်တာရာကိုးကွယ်မှုမှာ ပေါ်လွင်ထင်ရှားမှုမရှိ မခိုင်မာချေ။

ဤနေရာ၌ မှတ်သားထိုက်သည်မှာ ကြယ်လနက္ခတ်တာရာကိုးကွယ်ခြင်းနှင့်ပတ်သက်၍ စိုက်ယိဒိနာအိဗ်ရာဟီမ် (u) က ၎င်း၏လူများအား တင်ပြသောစကားအခြေအတင်ပြောမှု၏ ရလဒ်ပင်ဖြစ်သည်။ ၎င်းကပြောသည်မှာ-

(က) ပြောင်းလဲသည့်အရာများ

(ခ) ၎င်းတို့အခြေအနေအရ တလှည့်စီဖြစ်လျက်ရှိသောအရာများ

(ဂ) ၎င်းတို့၏ ရွေ့ရှားမှုသည် အခြားစွမ်းအားအချို့ကို နာခံနေရသောအရာများ စသည်တို့သည်တစ်စုံတစ်ဦး၏ အရှင်သခင်(သို့) ရဲစ်အဖြစ်သတ်မှတ်ရန် မည်သို့သောအခါမျှ မထိုက်တန်ချေ။

ဤအခြေအတင်ပြောဆိုမှုတွင် ကြယ်လနက္ခတ်တာရာများ၏ အခြားအခြေအနေများဖြစ်သော ၎င်းတို့ပေါ်ထွက်ခြင်း၊ ၎င်းတို့မကွယ်ပျောက်မီ ကြားအခြေအနေများ၏ အထောက်အကူဖြင့်ပြောနိုင်သည်မှာ ယင်းတို့သည် ယင်းတို့၏လှုပ်ရှားမှုတွင် တစ်စုံတစ်ဦး၏အမိန့်အရ ကြိုတင်သတ်မှတ်ပတ်လမ်းတစ်ခုအရ သွားလာလှုပ်ရှားရုံသာ လွတ်လွတ်လပ်လပ် မဟုတ်ကြောင်းပြောဆိုနိုင်သည်။ သို့သော်လည်း စိုက်ယိဒိနာအီဗ်ရာဟီမ် (ယ) သည် ဤအခြေအနေများနှင့်ကန့်သတ်ချက်များအားလုံးမှ ကြယ်များကွယ်ပျောက်ခြင်းကို ၎င်း၏အခြေအတင်ပြောဆိုမှု၏အဓိကတွန်းအားအဖြစ် ရွေးချယ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကွယ်ပျောက်ခြင်းသည် တနည်းအားဖြင့် သာမန်လူအများ၏မြင်ကွင်းတွင် ၎င်းတို့၏ကျဆုံးခြင်းကို အသေးစိတ်ရှင်းလင်းအောင်တင်ပြခြင်းဖြစ်သည်။ တမန်တော်များ (ယ) ၏ စံပြစကားအခြေအတင်ပြောဆိုခြင်းသည် သာမန်လူများ၏စိတ်ကိုလွှမ်းမိုးစေနိုင်သည်။ တမန်တော်များသည် ဒဿနိကဆိုင်ရာ မှန်ကန်မှုများအတိုင်းမလုပ်ကြပါ။ ယင်းအစား ၎င်းတို့သည် သာမန်လူများနားလည်နိုင်သောအဆင့်ဖြင့် ဦးတည်ပြောကြားကြသည်။ ထို့ကြောင့် ကြယ်တာရာများကွယ်ပျောက်ခြင်းကိုတင်ပြခြင်းအားဖြင့် ကြယ်တာရာများ၏ အကျိုးသက်ရောက်မှု မရှိခြင်းနှင့် အကူအညီမဲ့ခြင်းတို့ကို သက်သေပြရန်ဖြစ်သည်။ သို့မဟုတ်ပါက ကြယ်တာရာများပေါ်ထွက်လာခြင်းကိုလည်း ၎င်းတို့အကူအညီမဲ့ခြင်းနှင့် အစွမ်းမဲ့ခြင်းကိုလည်း သက်သေပြရန် အသုံးပြုနိုင်သည်။ ထို့နောက် ၎င်းတို့သည် အဆုံး၌မကွယ်ပျောက်မီဖြစ်ပေါ်သော အပြောင်းအလဲများမှလည်း စကားအခြေအတင်ပြောဆိုမှုတစ်ရပ်ရနိုင်သည်ဟူ၍လည်းဖြစ်နိုင်ပေသည်။

tqdövmrfbmomae&;w&m;a[mq&mrsm;twGuf tcsdKUaomrlIefMum;csufrsm;

စိုက်ယိဒိနာအိဗ်ရာဟီမ် (ယ) ၏ ဤစကားအခြေအတင်ပြောဆိုသည့်ဟန်ပန်က မုစ်လင်မ်ပညာရှင်များနှင့်ဒါအ်ဝါသ်လုပ်သားများအတွက် လမ်းညွှန်မှုဆိုင်ရာအရေးကြီးသော အချက်အချို့ကို ပေးပါသည်။

(၁) လူအများကို မှန်ကန်မှုသစ္စာတရားဘက်သို့ ဖိတ်ခေါ်လာမှု(သဗ်လီးဂ်)နှင့်လူအများပြုပြင်ရန် ရှာဖွေခြင်း(အစ္စလာဟ်)ကိစ္စနှင့်ပတ်သက်လျှင် လူတိုင်းပေါ် တင်းလွန်းကြပ်လွန်းခြင်း၊ လိုက်လျောလွန်းခြင်းသည် ကားမလျော်ကန်ချေ။ မှန်ကန်သော ချဉ်းကပ်မှုသည် ဤလုပ်ငန်းအသီးသီးတွင် အကျိုးအကြောင်းနှင့်ကန့်သတ်ချက်ကိုယ်စီရှိသည်ကို နားလည်သဘောပေါက်ရန်ဖြစ်သည်။ ပမာဆိုသော် စိုက်ယိဒိနာအိဗ်ရာဟီမ် (ယ) သည် ရုပ်ထုကိုးကွယ်ခြင်းကို ပြင်းထန်သောစကားလုံးများ အသုံးပြုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ယင်း၏မှားယွင်းမှုမှာ အများသူငှာမြင်သာသောကြောင့်ဖြစ်သည်။ သို့သော်လည်း ကြယ်နက္ခတ်တာရာကိုးကွယ်ခြင်း၌မူ ၎င်းသည် ထိုကဲ့သို့သောပြင်းထန်သည့်စကားလုံးများမသုံးစွဲခဲ့ပါ။ ၎င်းလူများစိတ်တွင် ယင်း၏အစစ်အမှန်ကို ရှင်းလင်းစေရန်

သီးခြားနည်းလမ်းတစ်ရပ် အသုံးပြုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကြယ်လနက္ခတ်တာရာကိစ္စတွင် ယင်းတို့၏ အကူညီမဲ့မှုနှင့် အစွမ်းမဲ့မှုတို့သည် ကိုယ်တိုင်ထုဆစ်ထားသောရုပ်ထုများကဲ့သို့ အလွယ်တကူထင်သာမြင်သာ မရှိသောကြောင့်ပင်တည်း။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ အကယ်၍သာမန်လူတို့သည် ဆုံးဖြတ်ချက် (သို့)ပြုလုပ်မှုတွင် မှားယွင်းစွာပြုလုပ်၍ ၎င်းဆုံးဖြတ်ချက်နှင့်ပြုလုပ်မှုသည် မှားယွင်းကြောင်းမသိသောအခါ တွင် အာလင်မ်(ဘာသာရေးဆိုင်ရာပညာရှင်)(သို့) မုဗတ်လီဂ်(ဘာသာရေးဆိုင်ရာဟောကြားသူ)တို့သည် အယူ အစွဲပြင်းထန်ခြင်း၊ တင်းကြပ်ခြင်း၊ လွန်ကဲခြင်း(သို့) တယူသန်မှုကိုရှောင်ရှား၍ ထိုသူတို့၏ ဒွိဟသံသယဖယ် ရှားရန်အကောင်းဆုံးနည်းလမ်းတစ်ရပ်ကြိုးစားရှာဖွေလုပ်ဆောင်လျှင် အလုပ်ကောင်းကောင်းဖြစ်နိုင်သည်။

(၂) ဒုတိယ လမ်းညွှန်မှုသည် အမှန်တရားကို တင်ပြရမည့် အပြုအမူနှင့်ပတ်သက်သည်။ ပမာဆိုသော် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) သည် ၎င်း၏လူများလုပ်သင့်သည်ကို လုပ်ရန်တိုက်ရိုက်ဦးတည်ပြောကြားပေသည်။ တစ်စုံတစ်ရာအမိန့်ပေးသည့်ဟန်ဖြင့် ပြောကြားခြင်းထက် ဤကိစ္စရပ်၌ ၎င်းမည်သို့ခံစားရကြောင်း သက်သက် ကိုသာ ပြောဆိုခဲ့သည်။ တမန်တော်ကထွက်လိုက်ဝင်လိုက် သံသရာလည်နေသည့် ဤအကူအညီပေးနိုင်စွမ်းမဲ့အရာ များသည် ကိုးကွယ်ရာအရာများအဖြစ် ၎င်းမကြေငြာညာကြောင်းပြောခဲ့သည်။ ဤအတွက်ကြောင့် ဖန်ဆင်းသော ပြုစုပျိုးထောင်သော၊ အရာရာတိုင်းတာဝန်ယူသည့် အရှင်ဘက်သို့ ၎င်းလှည့်ခဲ့ကြောင်း သူတို့အားပြောခဲ့သည်။ ရည်ရွယ်ချက်မှာ သူတို့လည်း အလားတူလုပ်ဆောင်စေရန်ဖြစ်သည်။ သို့သော်လည်း ၎င်း၏အသိဉာဏ်ကြွယ်သော နည်းလမ်းထဲတွင် တမန်တော်သည် တိုက်ရိုက်ဦးတည်ပြောကြားခြင်းအား ရှောင်ရှားခဲ့သည်။ သို့မဟုတ်ပါက ၎င်းတို့သည် လုံးဝညှိနှိုင်းမရဖြစ်ကာ ဆန့်ကျင်လိုမှုသက်သက်ကြောင့် အကြံပြုချက်အား ဆန့်ကျင်ပေလိမ့်မည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ ပြုပြင်ပြောင်းလဲသူတစ်ဦးနှင့်တရားဟောသူတစ်ဦး၏ အလုပ်သည် ဘယ်လိုပင်ဖြစ်စေ အမှန်ကိုသာ ပြောမည်ဟုဆို၍ မပြောသင့်ပေ။ တစ်စုံတစ်ရာကို ထိုသို့လုပ်မည့်အစားသူသည် နားထောင်သူများကို လိုလားသောအကျိုးသက်ရောက်မှုဖြစ်စေမည့် နည်းလမ်းတစ်မျိုးမျိုးနှင့်ပြောဆိုရပေမည်။

XXXXXXXXXXX

tm, of (82-89)

اَلَّذِيْنَ اٰمَنُوْا وَلَمْ يَلْبِسُوْٓا اِيْمَانَهُمْ بِظُلْمٍ اُولٰٓئِكَ لَهُمُ الْاَمْنُ
وَهُمْ مُّهْتَدُوْنَ ﴿٨٢﴾ وَتِلْكَ حُجَّتُنَآ اٰتَيْنٰهَآ اِبْرٰهِيْمَ عَلٰى قَوْمِهٖ ؕ
نَرْفَعُ دَرَجٰتٍ مَّنْ نَّشَآءُ ؕ اِنَّ رَبَّكَ حَكِيْمٌ عَلِيْمٌ ﴿٨٣﴾ وَوَهَبْنَا
لَهٗٓ اِسْحٰقَ وَيَعْقُوْبَ ؕ كُلًّا هَدَيْنَا ۚ وَنُوْحًا هَدَيْنَا مِنْ قَبْلُ
وَمِنْ ذُرِّيَّتِهٖ دَاوٗدَ وَسُلَيْمٰنَ وَاَيُّوْبَ وَيُوْسُفَ وَمُوْسٰى وَ
هٰرُوْنَ ؕ وَكَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿٨٤﴾ وَزَكَرِيَّا وَيَحْيٰى وَعِيْسٰى
وَاِلْيَاسَ ؕ كُلٌّ مِّنَ الصّٰلِحِيْنَ ﴿٨٥﴾ وَاِسْمٰعِيْلَ وَالْيَسَعَ وَيُوْنُسَ
وَلُوْطًا ؕ وَكُلًّا فَضَّلْنَا عَلَى الْعٰلَمِيْنَ ﴿٨٦﴾ وَمِنْ اٰبَآئِهِمْ وَذُرِّيّٰتِهِمْ
وَاِخْوَانِهِمْ ۚ وَاجْتَبَيْنٰهُمْ وَهَدَيْنٰهُمْ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٨٧﴾
ذٰلِكَ هُدَى اللّٰهِ يَهْدِىْ بِهٖ مَنْ يَّشَآءُ مِنْ عِبَادِهٖ ؕ وَلَوْ
اَشْرَكُوْا لَحَبِطَ عَنْهُمْ مَّا كَانُوْا يَعْمَلُوْنَ ﴿٨٨﴾ اُولٰٓئِكَ الَّذِيْنَ
اٰتَيْنٰهُمُ الْكِتٰبَ وَالْحُكْمَ وَالنُّبُوَّةَ ۚ فَاِنْ يَّكْفُرْ بِهَا هٰٓؤُلَآءِ
فَقَدْ وَكَّلْنَا بِهَا قَوْمًا لَّيْسُوْا بِهَا بِكٰفِرِيْنَ ﴿٨٩﴾

အကြင်သူတို့သည် “အီမာန်”သက်ဝင်ယုံကြည်ကြ၏။ ၎င်းပြင် ထိုသူများသည် မိမိတို့“အီမာန်”သက်ဝင်ယုံကြည်မှုကို (“ရှစ်ရိက်”)တွဲဖက်ကိုးကွယ်မှုနှင့်ရောနှောခြင်းကိုလည်း မပြုခဲ့ကြချေ။ ဘေးရန်ကင်းငြိမ်းခြင်းသည် ထိုသူတို့အဖို့သာလျှင်ရှိ၏။ ၎င်းပြင် ထိုသူတို့သည်သာလျှင် ဖြောင့်မတ်မှန်ကန်သောတရားလမ်းကိုရရှိသော သူများဖြစ်ကြသတည်း။ (၆း၈၂)

ဤသည် ငါအရှင်မြတ်၏သက်သေသာဓကဖြစ်သည်။ ငါအရှင်မြတ်သည် ထိုသက်သေသာဓကကို (တမန်တော်)အိဗ်ရာဟိမ်အား ၎င်း၏အမျိုးသားများနှင့် ပြိုင်ဆိုင်ရာတွင် (အနိုင်ရစေရန်အလို့ငှာ)ချီးမြှင့်တော်မူခဲ့၏။ ငါအရှင်

မြတ်သည် မိမိအလိုရှိတော်မူသောသူအား ဂုဏ်ဒြပ်များချီးမြှင့်တော်မူလေသည်။ စင်စစ်ဧကန်အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်ဖြစ်တော်မူပေသည်။ (၆း၈၃)

၎င်းပြင် ငါအရှင်သည် ထို(တမန်တော်)အိဗ်ရာဟိမ်အား (သားတော်တမန်တော်) "အိစ်ဟာက်"နှင့်(မြေးတော်တမန်တော်)"ယအ်ကူဗ်"တို့ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ငါအရှင်မြတ်သည် (ထိုတမန်တော်"အိစ်ဟာက်" "တမန်တော်ယအ်ကူဗ်" အသီးသီးတို့အား တရားလမ်းမှန်သို့ပို့ဆောင်တော်မူခဲ့၏။ ထိုနည်းအတူ ငါအရှင်မြတ်သည်(တမန်တော်အိဗ်ရာဟိမ်)အလျှင်ရှေးယခင်က တမန်တော်နူဟ်အား တရားလမ်းမှန်သို့ပို့ဆောင်တော်မူခဲ့ပြီးဖြစ်၏။ ထိုမှတစ်ပါး(ငါအရှင်မြတ်သည် ထိုအိဗ်ရာဟိမ်)၏ သားမြေးတို့အနက်မှ (တမန်တော်)ဒါဝူဒ် (တမန်တော်)စုလိုင်မန်(တမန်တော်) အိုင်ယူဗ် (တမန်တော်) ယူစွတ်ဖ်(တမန်တော်)မူစာနှင့် (တမန်တော်)ဟာရွန်တို့အား (လည်းတရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့လေသည်) ။ စင်စစ်သော်ကား ငါအရှင်မြတ်သည် သူတော်စင်သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင်အကျိုးပေးလေ့ရှိ၏။ (၆း၈၄)

ထို့ပြင်တစ်ဝ (ငါအရှင်မြတ်သည်)(တမန်တော်)ဇကရိယာ(တမန်တော်)ယဟ်ယာ(တမန်တော်)အီစာနှင့်(တမန်တော်)အိလ်ယာစ်တို့အား(လည်းတရားလမ်းမှန်သို့ပို့ဆောင်တော်မူခဲ့၏။ ထို (တမန်တော်)အသီးသီးတို့သည် သူတော်စင်တို့အနက်မှပင်ဖြစ်ကြကုန်သတည်း။ (၆း၈၅)

ထိုနည်းတူစွာ (ငါအရှင်မြတ်သည် တမန်တော်)အိစ်မာအီလ်(တမန်တော်)အလ်ယစအ်(တမန်တော်)ယူနွတ်စ်နှင့် (တမန်တော်)လုတ်တို့အား(လည်းတရားလမ်းမှန်သို့ပို့ဆောင်တော်မူခဲ့၏။) ၎င်းပြင် ငါအရှင်မြတ်သည် (ထိုနဗီတမန်တော်)အသီးသီးတို့အား စကြဝဠာအပေါင်းတို့အပေါ်ဝယ် ဂုဏ်ထူးဝိသေသ)ချီးမြှင့်တော်မူခဲ့လေသတည်း။ (၆း၈၆)

ထိုမျှမကသေးချေ။ (ငါအရှင်မြတ်သည်) ထို(နဗီတမန်တော်)တို့၏ အဘ၊ဘေးတို့အနက်အချို့ကိုဂင်း၊ ယင်းတို့၏သား၊မြေး၊တို့အနက် အချို့ကိုလည်းကောင်း၊ ယင်းတို့၏ ညီ၊သား၊အစ်ကိုတို့အနက် အချို့ကိုဂင်း(တရားလမ်းမှန်

သို့ပို့ဆောင်တော်မူခဲ့လေသည်။) စင်စစ်သော်ကား ငါအရှင်မြတ်သည် ယင်းသူတို့အားရွေးချယ်တော်မူ၍ ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ညွှန်ကြားပြသတော်မူခဲ့လေသတည်း။ (၆း၈၇)

ဤကား အလ္လာဟ်အရှင်မြတ်၏ တရားမဟုတည်း၊ ထိုအရှင်မြတ်သည် မိမိကျွန်တို့အနက်မှ အလိုရှိတော်မူသောသူအား ထိုတရားမဟုဖြင့်လမ်းမှန်သို့ပို့ဆောင်တော်မူ၏။ သို့ရာတွင် အကယ်၍သာ ထိုတမန်တော်များသည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်ခဲ့ကြပါမူ၊ ၎င်းတို့ပြုခဲ့သမျှသောကောင်းမှုများသည် ဧကန်မလွဲအချည်းနှီးအလဟဿဖြစ်သွားခဲ့ပေသည်။ (၆း၈၈)

(အထက်ဖော်ပြပါ)ဤ(တမန်တော်)များသည် အကြင်သူများပင်တည်း။ ငါအရှင်မြတ်သည် ၎င်းတို့အား ကျမ်းဂန်ဓမ္မကွန်ကိုလည်းကောင်း၊ ဉာဏ်ပညာရပ်တို့ကိုလည်းကောင်း၊ နဗီတမန်တော်အဖြစ်ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့ဖြစ်ပေရာ အကယ်၍ ဤသူများသည် ဤသည်တို့ကို ငြင်းပယ်ကြပါမူ မုချစင်စစ်ငါအရှင်မြတ်သည် ဤသူတို့ကို အကြင်သူတို့အားလွှဲအပ်တော်မူအံ့။ ထိုသူတို့သည် ဤသည်တို့ကို မည်သည့်အခါမျှ ငြင်းပယ်ကြမည့်သူများမဟုတ်ပေ။ (၆း၈၉)

rSwfcsufá tm,of(84-86)ygwrefawmfrsm;\t&Adumfrsm;udkor®musrf;jpmygumfrsm;jzihf atmufwGif tpDtpOfvdkuf az:jyxm;onf/

အက်ဇက်၊ ဂျေကော့ဗ်၊ နိုဝါ၊ ဒေးဗစ်၊ ဆော်လမွန်၊ ဂျော့၊ ဂျိုးဇက်၊ မိုးဇက်၊ အာရွန်၊ ဇာကရိယာဟ်၊ ဂျွန်၊ ယေရှု၊ အိလိယာစ်၊ အစ်ရှ်မေးလ်၊ အိလီရှားဟ်၊ ဂျိုနာဟ်နှင့် လု တို့ဖြစ်သည်။

tusf&G,fhrdkjcif;

ပြီးခဲ့သောအာယသ်တော်များထဲတွင် စိုက်ယိဒနာအိဗ်ရာဟီမ် (u) သည်အဖေအာဇရ်နှင့်လည်းကောင်း၊ နမရွတ်လူများအားလုံးနှင့်လည်းကောင်း၊ စကားအခြေအတင်ပြောဆိုမှုကို ဖော်ပြထားခဲ့သည်။ ထိုတွင် ၎င်းတို့၏ ရုပ်ထုများနှင့် ကြယ်နက္ခတ်တာရာကိုးကွယ်မှုမမှန်ကန်ကြောင်း ယတိပြတ်ငြင်းဆိုပြီးနောက် ၎င်းတို့အားလက်တွေ့ဦးတည်ပြောကြားသည်မှာ "အကယ်၍သာ ကျွန်ုပ်သည် ရုပ်ထုများ၏အခွင့်အာဏာကို လက်ခံရန်ငြင်းဆိုခဲ့လျှင် ၎င်းတို့၏ရုပ်ထုများက ကျွန်ုပ်အားဖျက်ဆီးပစ်လိမ့်မည်ဟု ကျွန်ုပ်ကိုခြိမ်းခြောက်ခဲ့သည်။ စင်စစ်ထိုရုပ်ထုများတွင် ထိုသို့လုပ်နိုင်စွမ်းမရှိသကဲ့သို့ ကျွန်ုပ်ကိုလည်း အခက်အခဲတွေ့စေမည့် မည်သည့်လုပ်ရပ်မျှလည်းမလုပ်ဆောင်ခဲ့ပါ။ စင်စစ်မှာသင်တို့သာလျှင် ကြောက်ရွံ့တုန်လှုပ်သင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော်

အလ္လာဟ်အရှင်၏ဖန်ဆင်းခံများကို အလ္လာဟ်အရှင်မြတ်နှင့်တန်းတူအဖြစ်ထားသော ကြောက်မက်ဖွယ်ပြစ်မှု တစ်ရပ်ကိုသင်တို့ကျူးလွန်ခဲ့ကြသည်။ သို့သာမက အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းဖြင့် ပြုလုပ်ထားသော အရာများကို အရှင်မြတ်နှင့်မျှဝေ၍ တန်းတူပြုလုပ်ထားခဲ့ကြပါသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကိုအကြွင်းမဲ့သိတော်မူခြင်း၊ အမြော်အမြင်နှင့်၊ တန်ခိုးတော်အပေါင်းနှင့် ပြည့်စုံတော်မူခြင်းတို့သည် အသိဉာဏ်ရှိသူ မည်သူမျှမကွယ်ဝှက်နိုင်သော အချက်ပင်ဖြစ်သည်။ ဤသည်က အသင်တို့ကို စဉ်းစားစရာဖြစ်စေပါသည်။ ထို့ကြောင့် မည်သူသည် ငြိမ်းချမ်းသာယာစွာရှိနေရန် ထိုက်တန်ကြောင်းနှင့်မည် သူသည် မည်သူ့ကို ကြောက်ရွံ့သင့်ကြောင်း စဉ်းစား၍ပြောလေ။"ဟူ၍ဖြစ်သည်။

လက်ရှိအာယသ်တော်များ၏ ပထမအာယသ်တော်(၈၂)ထဲတွင် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကို သာသက်ဝင်ယုံကြည်သူများနှင့် ၎င်းတို့၏ယုံကြည်မှုကို မတရားမှု၊ မမှန်ကန်မှုဖြင့် ရောစပ်ခြင်းမပြုပါက ယင်းသူတို့သာလျှင် ပြစ်ဒဏ်ခတ်ခံရခြင်းမှ လုံခြုံမည့်အကြောင်း မျှော်မှန်းနိုင်ပေသည်။ ဤအာယသ်တော်ကျရောက်ခဲ့သောအခါ မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများသည် ကြောက်ရွံ့တုန်လှုပ်သွားခဲ့ကြကြောင်း ဟဒီးဆ်တော်တွင်ပါရှိသည်။ ၎င်းတို့က"ယာရစူလွလ္လာဟ် ပြစ်မှုဂိုနာဟ်တစ်ခုမဟုတ်တစ်ခု ကျူးလွန်၍ မိမိကိုယ်မိမိတရားမပြုသူ မည်သူကျွန်ုပ်တို့ထဲ၌ရှိပါမည်နည်း။ သို့ဆိုလျှင် ဤအာယသ်တော်ထဲ၌ အီမာန်ရှိနေစဉ် မိမိကိုယ်မိမိမတရားမပြုလုပ်မှသာလျှင် ပြစ်ဒဏ်ခတ်ခံရမှုမှ ကင်းလွတ်ခွင့်ရှိသည်ဟူသော တခုတည်းသော ကန့်သတ်ချက်ပါဝင်နေသည်။ သို့ဆိုလျှင် ကျွန်ုပ်တို့ကယ်တင်ခံရခြင်း အာဘယ်ကဲ့သို့ရရှိမည်နည်း။ တမန်တော်မြတ် (ဧ) သခင်ကမိန့်ကြားခဲ့သည်မှာ အာယသ်တော်၏မှန်ကန်သောအဓိပ္ပာယ်ကို သင်တို့နားလည်သဘောမပေါက်ကြပါ။ ဤတွင် 'ဇုလုမ်'(မတရားမှု)ဆိုသည်မှာ 'ရှစ်ရိုက်'(အလ္လာဟ်အရှင်မြတ်နှင့်တုဖက်ယှဉ်တွဲကိုးကွယ်ခြင်းဖြစ်ပြီး)ယင်းကိုပင်အခြားအာယသ်တော်(၃၁း၁၃)တွင်- **اِنَّ الشِّرْكَ لَظُلْمٌ عَظِيْمٌ** (မချွတ်ဧကန်တွဲဖက်နှိုင်းယှဉ်(ကိုးကွယ်)မှုသည် အမှန်ပင်ကြီးလေးလှစွာသော မတရားမှုဖြစ်သောကြောင့်တည်း)ဟု မိန့်ကြားထားသည်။ ထို့ကြောင့် အာယသ်တော်၏ဆိုလိုရင်းမှာ တစ်စုံတစ်ဦးသည် အီမာန်၏ချမ်းသာသုခရရှိခိုလှုံပြီးနောက် အလ္လာဟ် အရှင်မြတ်နှင့်အရှင်မြတ်၏ဂုဏ်တော်များကို မည်သူတစ်စုံတစ်ဦးနှင့်မျှ ယှဉ်တွဲမကိုးကွယ်လျှင် ပြစ်ဒဏ်ခတ်ခံရမှုမှ လုံခြုံစွာရှိနေ၍ ကောင်းမွန်စွာလမ်းညွှန်ခံရသည်ဟု မှတ်ယူရမည်။

အတိုချုပ်ဆိုရသော် ရုပ်ထုများ၊ ကျောက်တုံးများ၊ သစ်ပင်များ၊ မြစ်များနှင့် ကြယ်တာရာများကို ကိုးကွယ်ကြသောသူများသည် ရိုးသားမှုသက်သက်ဖြင့်သာ ထိုအရာများသည် တန်ခိုးအာဏာရှိပြီး တန်ခိုးအာဏာသုံးစွဲနိုင်သူများဟု မှတ်ယူကြပါသည်။ ထို့ကြောင့် ၎င်းတို့ကို ခဝတ်ကိုးကွယ်ခြင်းစွန့်လွှတ်လိုက်လျှင် ယင်းအရာများကသူတို့ကို တစ်နည်းနည်းဖြင့် ဒုက္ခရောက်လိမ့်မည်၊ အန္တရာယ်ပြုလိမ့်မည်ဟူသော အတွေးနှင့်ကြောက်ရွံ့ခဲ့ကြသည်။ စိုက်ယိဒိနာအီဗ်ရာဟီမ် (ယ) က ထိုကဲ့သို့သောသူများကို ၎င်းတို့ပြဿနာများအတွက်ထက်မြက်သော အဖြေပေးခဲ့သည်မှာ ၎င်းတို့အပေါ်ကောင်းကျိုးဆိုးကျိုးကျရောက်စေနိုင်သော တန်ခိုးတော်ရှိ၍ လုပ်သမျှသိရှိနားလည်တော်မူသော အလ္လာဟ်အရှင်မြတ်ကိုသာ ကြောက်ရွံ့ရန်နှင့် တန်ခိုးဘာမျှမရှိသောအရာများကို ကြောက်ရွံ့ခြင်းသည် လုံးဝဥဿုံကျိုးကြောင်းညီညွတ်မှုမရှိချေ။ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာကြောက်ရွံ့၍ မည်သူမဆို အရှင်မြတ်အားကြောက်ရွံ့ခြင်းတွင် ယုံကြည်လျှင် အန္တရာယ်အပေါင်းမှလွတ်ကင်းပေမည်။

ဤအာယသ်တော်ထဲတွင်- وَلَمْ يَلْبِسُوٓا۟ إِيمَٰنَهُم بِظُلْمٍ (ငင်းအပြင် ထိုသူများသည် မိမိတို့"အီမာန်" သက်ဝင်ယုံကြည်မှုကို(ရှစ်ရိုက်)တွဲဖက်ကိုးကွယ်မှုနှင့်ရောနှောခြင်းကိုလည်း မပြုခဲ့ကြချေ။)ဟု မိန့်ထားသည်။ ဤနေရာတွင် ဇုလုမ်ကို တမန်တော်မြတ် (e) သခင် ရှင်းလင်းပြသ သကဲ့သို့ ရှစ်ရိုက်(အလ္လာဟ် အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်း)အဖြစ် အဓိပ္ပာယ်သက်ရောက်သည်။ ဇူလ်မ်သည် ရိုးရိုးအဓိပ္ပာယ်အရဆိုလျှင် အပြစ်ဂုနာဟ် မဟုတ်ချေ။ သို့သော်လည်း အရဗီသဒ္ဒါစည်းမျဉ်းအရထောက်ခံသော နည်းလမ်းတစ်ရပ်ဖြစ်သည့် မတိကျသော နာမ်(နာကီရတ်)ဖြစ်စေရန် (ဗီဇုလ်မင်ဒ် ٦l ; B)ဟု သုံးစွဲလိုက်လျှင် အဓိပ္ပာယ်သည်ယေဘုယျဖြစ် ၍ရှစ်ရိုက်အလုံးစုံ အကျုံးဝင်သည်။ لَمْ يَلْبِسُوا۟ လာမ်ယာလ်ဗီစူဟူသော စကားလုံးသည် ٦bL(လဗစ)ဟူသော စကားလုံးမှဆင်းသက်လာကာ ဝတ်ဆင်ရန်၊ ဖုံးအုပ်ရန်(သို့) ရောနှောရန်ဟူသော အဓိပ္ပာယ်ကိုဆိုလိုသည်။ ထို့ကြောင့် အာယသ်တော်က လူတစ်ဦးသည် သူ(သို့) သူမ၏အီမာန်ထဲတွင် ရှစ်ရိုက်အချို့ ရောနှောလိုက်လျှင် ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ်တအာလာအား အရှင်မြတ်၏ပြီးပြည့်စုံသောဂုဏ်တော်အားလုံးနှင့်အတူ တလျှောက်လုံးယုံကြည်ခဲ့လင့်ကစား အလ္လာဟ်မဟုတ်လျှင်လည်း ယင်းဂုဏ်တော်အချို့ကို ပိုင်ဆိုင်သည်ဟု မှတ်ယူခဲ့လျှင် ဤနေရာတွင် ပေးအပ်ခံခဲ့ရသော ငြိမ်းချမ်းသာယာမှု၏ အာမခံချက်မှ ဖယ်ထုတ်ခံရသည်ဟု ယူဆလိမ့်မည်ဖြစ်ကြောင်း ဆိုလိုသည်။

ဤအာယသ်တော်မှ ရှစ်ရိုက်သည် မုရှ်ရစ်က်(သို့) ရုပ်ထုကိုးကွယ်သူတစ်ဦးဖြစ်သွားခြင်းကိုသာကန့်သတ်ထားသည်မဟုတ်ကြောင်း ကျွန်ုပ်တို့သိရှိလာသည်။ စင်စစ်တစ်စုံတစ်ဦးသည် သမရိုးကျအဓိပ္ပာယ်အရ ရုပ်ထုကိုးကွယ်ခြင်းလည်းမပြု၊ အစ္စလာမ်ကလိမာဟ်ကို ဖတ်ရွတ်ထားသော်လည်း ကောင်းကင်စေတမန်အချို့ကို ဖြစ်စေ၊ တမန်တော်အချို့ကိုဖြစ်စေ၊ ဝလီအချို့ကိုဖြစ်စေ၊ အလ္လာဟ်၏သူတော်စင်အချို့ကိုဖြစ်စေ ယင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ သီးသန့်ဂုဏ်တော် အချို့ကို မျှဝေပိုင်ဆိုင်ထားသည်ဟု မှတ်ယူခဲ့လျှင်လည်း မုရှ်ရစ်က်တစ်ဦးဖြစ်ပေသည်။ ဤအာယသ်တော်ထဲ၌ အလ္လာဟ်အရှင်မြတ်၏အောင်လီယာ(အလ္လာဟ့်အချစ်တော်များ)နှင့် ၎င်းတို့၏ မဇာရ်များ(သချိုင်းများ၊ အုတ် ဂူများ)သည် ၎င်းတို့၏ တောင်းဆုဒုအာများကို ကဘုလ်လက်ခံနိုင်ကြောင်းနှင့် ၎င်းတို့၏လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်စွမ်းရှိသည်ဟုမှတ်ယူကာ အလ္လာဟ်အရှင်မြတ်၏တန်ခိုးတော်များ ၎င်းတို့ကိုလွှဲအပ်ထားခံရသည်ဟု လက်တွေ့ကျစွာ ယုံကြည်သွားသူများအတွက် ပြင်းထန်သောသတိပေးချက်တစ်ရပ်ပါဝင်သည်။ (အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံပါ၏။)

ဒုတိယအာယသ်တော်(၈၃)ထဲတွင် စိုက်ယိဒနာ အိဗ်ရာဟီမ် (u) သည် ၎င်း၏လူများနှင့် စကားအခြေအတင်ပြောဆိုမှုတွင် အောင်နိုင်ကာ ထိုသူများ နှုတ်ဆိတ်သွားစေခြင်းသည် အလ္လာဟ်အရှင်တစ်ပါးတည်း၏ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်မိန့်ကြားထားသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီဗ်ရာဟီမ် (u) သခင်အား ရွှန်းရွှန်းဝေသောစကားအခြေအတင်ပြောမှုနှင့် ခိုင်လုံသောသဘောတရားကို အသုံးပြုရန် ချီးမြှင့်ပေးခဲ့၍ဖြစ်သည်။ မည်သူမဆို သူ(သို့)သူမ၏ အသိ ဉာဏ်ပညာနှင့် နားလည်နိုင်စွမ်းကိုလည်းကောင်း၊ စကားပြောဆိုမှုအတတ်ပညာနှင့် ဟောပြောနိုင်စွမ်းကိုလည်းကောင်း၊ ကိုယ့်ဟာနှင့် ကိုယ်လုံလောက်သည်ဟု မာနမထောင်လွှားပါနှင့်။ အလ္လာဟ်အရှင်မြတ်၏အကူအညီနှင့်အထောက်အပံ့မပါဘဲ ဘာမျှမဖြစ်နိုင်ချေ။ မထူးခြားသော လူသား၏ဆင်ခြင်တုံတရားသည် အစစ်အမှန်များကို ပြီးပြည့်စုံစွာ

နားလည်ရန်မလုံလောက်ချေ။ ဤသည်မှာ ခေတ်အဆက်ဆက်တိုင်းတွင် သာမန်မြင်တွေ့နေရသော ကိစ္စတစ်ရပ်ဖြစ်သည်။ အဆင့်မြင့် ဒဿနဆရာများသည်လမ်းလွဲရောက်သွားကြသကဲ့သို့ စာပေမတတ်သူများတွင် မှန်ကန်စွာတွေးခေါ်၍ မှန်ကန်စွာယုံကြည်မှုကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားသူများလည်းရှိကြပေသည်။ မော်လာနာရူမီက ပြောသည်မှာ-

بے عنا یاتِ حق و خاصانِ حق
گر مَلك باشد سیه هستش ورق

ppfrSefaomt&SifESihf xdkt&Sifjrwfaus;Zl;awmfrygbJaumif;uifwrefyUjzpfygap tarSmifrSmyif&SdivrF;rSefrRdkifyg/

အာယသ်(၈၃)၏အဆုံး၌-نَرۡفَعُ دَرَجٰتٖ مَّنۡ نَّشَآءُ- "ငါအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ဂုဏ်ဒြပ်များခီးမြှင့်တော်မူလေသည်။"ဟု မိန့်ကြားထားခြင်းက စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ရရှိခဲ့သော အထူးကြည်ညိုလေးစားခြင်းခံရသည့် အဆင့်အတန်းသည် ကိယာမသ်နေ့တိုင်အောင် ပေါက်ဖွားလာမည့်မျိုးဆက်များအတွင်းတွင် တည်ရှိနေမည်ဟု အညွှန်းပြုထားသည်။ ဟဇရတ်အိဗ်ရာဟီမ် (u) ကိုဂျူးများ၊ ခရစ်ယာန်များ၊ မုစ်လင်မ်များနှင့် ဗုဒ္ဓဘာသာများ အားလုံးတို့၏ရိုသေလေးစားဂါရဝပြုမှုသည် တစ်စုံတစ်ဦးက ထင်ပေါ်လောက်အောင်ကြိုးစားအားထုတ်မှုဖြင့် ရရှိခြင်းမဟုတ်ဘဲ အလွှာဟ်အရှင်မြတ်ထံမှ ကောင်းချီးနှင့်ဆုလာဘ်အဖြစ်သာ ရရှိပါသည်။

ထို့နောက် ဆက်လက်ဖော်ပြထားသော အာယသ်တော်(၆)ခု (၈၄-၈၉)ထဲတွင် မြင့်မြတ်သော တမန်တော်(၁၇)ပါးတို့၏ စာရင်းတစ်ခုပါဝင်ကာ အချို့တို့သည် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ၏ ဘိုးဘေးများဖြစ်ကြကာ အများစုသည် သူ၏မျိုးဆက်များဖြစ်ကြပါသည်။ ယင်းမျိုးဆက်စာရင်းထဲတွင် အချို့သည် သူ၏ညီအစ်ကိုများသော်လည်းကောင်း၊ တူများသော်လည်းကောင်းဖြစ်ကြပါသည်။ တစ်ဖက်တွင် တမန်တော်များသည် အလွှာဟ်အရှင်မြတ်၏ လမ်းညွှန်မှုခံရခြင်း၊ လုပ်ရပ်တို့တွင် ဖြောင့်မတ်မှန်ကန်ခြင်း၊ လမ်းမှန်ပေါ်တွင် စွဲစွဲမြဲမြဲတည်ရှိခြင်းတို့နှင့်အတူ အလွှာဟ်သအလာသည် အရှင်၏သာသနာတော်ကို အလုပ်အကြွေးပြုရန်အတွက် ထိုသူများအားရွေးချယ်ကာ ကောင်းချီးပေးထားခဲ့သည့်အကြောင်းများ ဤအာယသ်များထဲတွင်ဖော်ပြထားသည်။ အခြားတစ်ဖက်တွင် မိမိဖခင်၊ အသိုင်းအဝိုင်းနှင့် တိုင်းနိုင်ငံတို့အား အလွှာဟ်လမ်းအတွက် ယင်းတို့နှင့်ကင်းကွာကာ စွန့်လွှတ်မှုပြုခြင်း၏ ဆုလာဘ်အနေဖြင့် နောင်တမလွန်တွင် အစဉ်မြဲအေးချမ်းသာမှု ကောင်းချီးမင်္ဂလာကိုပေးအပ်ခြင်းမခံရမီကပင် ဤကမ္ဘာလောက၌ သူ၏လူများထက်ပို၍ ကောင်းမွန်သောအုမ္မသ်ထုနှင့်သူ၏ဇာတိထက်ကောင်းမွန်သောနိုင်ငံတစ်ခုကို စိုက်ယိဒိနာအိဗ်ရာဟီမ် (u) အားချီးမြှင့်ခဲ့ပါသည်။ ၎င်းနောက်ကိယာမသ်နေ့တိုင် ပွင့်တော်မူမည့် တမန်တော်အားလုံးတို့သည် သူ၏မျိုးနွယ်မှဖြစ်စေခြင်းဟူသော ပေါ်လွင်ထင်ရှားမှုအထွတ်အထိပ်ဖြင့် ကောင်းချီးပေးခြင်းမခံရပါသလော။ စိုက်ယိဒိနာ အိစ်ဟားက် (u) က ပေါက်ဖွားလာသော မျိုးနွယ်တစ်စုသည် ဗနီအိစ်ရာအီလ်များထဲတွင် တမန်တော်များအဖြစ် ပွင့်ခဲ့ကြပါသည်။ စိုက်ယိဒိနာအိစ်မာအီလ် (u) မှ ဆင်းလက်လာသောအခြားမျိုးနွယ်စုတစ်စုထဲတွင် တမန်တော်များအနက် နောက်ဆုံးနှင့်ဦးဆောင်နဗီ ဖြစ်တော်မူသော စိုက်ယိဒိနာမုဟမ္မဒ်အလ်မုစ်သဖာ (e) သည် ၎င်းတို့ထဲတွင် ပါဝင်ခဲ့ပါသည်။ ထိုနဗီတမန်တော်အားလုံး

တို့သည် စိုက်ယိဒိနာ အိဗ်ရာဟီမ် (u) မှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်ကြသည်။ ဂုဏ်ပေးခံရခြင်း၊ ကယ်တင်ခံရခြင်းတို့သည်လည်းကောင်း၊ ဂုဏ်သိက္ခာမဲ့ခြင်း၊ ပြစ်ဒဏ်ခတ်ခံရခြင်းတို့သည်လည်းကောင်း အမှန်တကယ်အားဖြင့်ဆိုလျှင် တစ်စုံတစ်ဦး၏လုပ်ရပ်များအပေါ်၌ တည်မှီသည်ဆိုသော်လည်း ဤအဖြစ်အပျက်က ကျွန်ုပ်တို့အား ပြောပြသည်မှာ ဘိုးဘွားဘီဘင်များထဲတွင် တမန်တော်တစ်ပါးဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်၏ အချစ်တော်"ဝလီ"တစ်ပါးဖြစ်စေ၊ ပါဝင်ခဲ့လျှင်လည်းကောင်း၊ သားသမီးထဲတွင် ဒီန်သာသနာတော်အတိုင်း လိုက်နာကျင့်သုံးကာ ဖြောင့်မတ်မှန်ကန်စွာကျင့်ဆောင်သော"အာလင်မ်"အမျိုးသား/အမျိုးသမီးပါဝင်ခဲ့ပါလျှင်လည်းကောင်း ယင်းသည်လည်း ကြီးမားသောကောင်းချီးတစ်ရပ်ဖြစ်ကာ အကျိုးကျေးဇူးများရရှိစေပါသည်။" ဟူ၍ဖြစ်သည်။

ကိုးကားခဲ့သော အာယသ်တော်များတွင်ဖော်ပြခဲ့သော နဗီ(၁၇)ပါးအနက် စိုက်ယိဒိနာ"နူးဟ်" (u) တစ်ပါးတည်းသာ စိုက်ယိဒိနာ အိဗ်ရာဟီမ် (u) ၏ ဘိုးဘေးမျိုးနွယ်စု၏ ဦးဆောင်ယောကျ်ားဖြစ်သည်။ ကျန်ရှိသောသူများတို့အား-**وَمِنْ ذُرِّيَّتِهِ دَاوُۥدَ وَسُلَيْمَٰنَ** ("ထိုမှတစ်ပါး၊ ထိုအိဗ်ရာဟီမ်၏သားမြေးတို့ အနက်"ဒါဝူဒ်"၊ "စူလိုင်မာန်". . . .)စိုက်ယိဒိနာအိဗ်ရာဟီမ် (u) မှ ပေါက်ဖွားခဲ့သည့် မျိုးဆက်ဟုခေါ်ဝေါ် ထားပါသည်။ ဤသည်က အခက်အခဲနှစ်ခုဖြစ်စေပါသည်။ ပထမမှာ စိုက်ယိဒိနာအီစာ (u) နှင့်ပတ်သက်၍ ၎င်းသည် ဖခင်မရှိဘဲမွေးဖွားခဲ့ခြင်းကြောင့် သမီးဘက်မှဆင်းသက်လာသော စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ၏မျိုးဆက်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဖခင်ဘက်မှဆင်းသက်လာသော မြေးမဟုတ်ဘဲ မိခင်ဘက်မှဆင်းသက်လာသောမြေးဖြစ်ပါသည်။

သို့ဖြစ်ပါလျှင် စိုက်ယိဒိနာအီစာ (u) အား စိုက်ယိဒိနာ အိဗ်ရာဟီမ် (u) ၏ မျိုးဆက်ဟုခေါ်ဆိုခြင်းမည်ကဲ့သို့မှန်ကန်နိုင်မည်နည်း။ တတ်သိနားလည်သော မုစ်လင်မ်ပညာရှင်များနှင့်ဓမ္မသတ်ပညာရှင်အများစုတို့က အဖဘက်နှင့်အမိဘက်မှ ဆင်းသက်လာသော မြေးများတို့သည်လည်း မျိုးဆက်တွင် အကျုံးဝင်ကြောင်းဖြေကြားခဲ့ကြသည်။ ဤသည်က စိုက်ယိဒိနာဟစန်နှင့်စိုက်ယိဒိနာဟူစိန်တို့သည် တမန်တော်မြတ် (e) ၏ မျိုးဆက်တွင် အကျုံးဝင်ကြောင်း သက်သေပြပါသည်။

ဤတွင်ပေါ်ပေါက်သော ဒုတိယအခက်အခဲသည် စိုက်ယိဒိနာ"လုတ်"(u) နှင့် ပတ်သက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ၏ သားသမီးများမှ ဆင်းသက်သည်မဟုတ်ဘဲ တူတော်စပ်သူဖြစ်ပါသည်။ အဖြေက ရှင်းပါသည်။ ဦးလေးအား ဖခင်ဟူ၍လည်းကောင်း၊ တူအား သားဟူ၍လည်းကောင်း ရည်ညွှန်းခေါ်ဆိုခြင်းသည် ထုံးတမ်းဓလေ့သုံးစွဲမှုတွင် အလွန်များပြားပါသည်။

ဤအာယသ်များထဲတွင် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) အပေါ် ကျရောက်ခဲ့သောကောင်းချီးများအကြောင်းဖော်ပြခြင်းက ကိစ္စနှစ်ရပ်ကို အလွန်အလွန်ရှင်းလင်းသွားစေပါသည်။ ပထမအနေဖြင့် တစ်စုံတစ်ဦးသည်မိမိနှစ်သက်၍ ထိန်းသိမ်းထားသောမည်သည့်အရာကိုမဆို အလ္လာဟ့်လမ်းတော်၌ စွန့်လွှတ်ခြင်းအတွက် ဥပဒေဖြစ်ပါသည်။ ယင်းမှာ ဤကမ္ဘာလောကမှာပင် အလ္လာဟ်အရှင်မြတ်လမ်းတွင် သူ/သူမစွန့်လွှတ်ခဲ့သော အရာထက်ပိုမိုကောင်းမွန်သောအရာ သူ/သူမအားချီးမြှင့်ပါသည်။ ဒုတိယရည်ရွယ်ချက်မှာ မက္ကာမြို့ရှိ မယုံကြည်သွေဖည်သူများသည် ၎င်းတို့၏အခြေအနေတွင် ကိစ္စရပ်များ၏နောက်ကြောင်းကိုကြားသိစေရန်ဖြစ်

ပါသည်။ သို့မှသာ ၎င်းတို့သည်မှန်ကန်သောလမ်းသို့ ညွှန်ပြခြင်းခံရပါလိမ့်မည်။ ဤသည်မှာ "အသင်တို့သည် ကျွန်ုပ်တို့၏ တမန်တော် (ﷺ) သခင်ပြောကြားသည်တို့ကို မနာယူခဲ့ကြပါ။ သို့ဆိုပါလျှင် အကယ်၍ အသင်တို့ ကြီးကျယ်ပါသည်ဟုဆိုသော ဤအရာများအကြောင်း စဉ်းစားဆင်ခြင်ကြည့်ပါ။"ဟူ၍ ပြောသကဲ့သို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ယိဒိနာအိဗ်ရာဟီမ် (ﷺ)၏ မျိုးဆက်တစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်သည်သာလျှင် ကိုးကွယ်ခံထိုက်သည်ဟူသော တစ်ခုတည်းသောအရာကိုသာ ပြောကြားခဲ့ကြပါသည်။ အီဗာဒသ်ပြုမူတွင် တစ်စုံတစ်ဦးအား ထိုအရှင်မြတ်နှင့်ယှဉ်တွဲခြင်းသည်လည်းကောင်း၊ တစ်စုံတစ်ဦးသည် ထိုအရှင်၏ သီးသန့် ဂုဏ်တော်များအား မျှဝေခံစားသည်ဟုအကြံပေးခြင်းသည်လည်းကောင်း စသည်တို့သည် မယုံကြည်သွေဖည်မှုနှင့် လမ်းမှားခြင်းပင်ဖြစ်ပါသည်။ ဤသည်က ၎င်းတို့ကိုယ်တိုင် မှန်ကန်မှုဟုအတည်ပြု လက်ခံထားခဲ့သည့်တိုင်၊ ပြစ်တင်မောင်းမဲခြင်းခံရနိုင်သည်ဟု သက်သေပြပါသည်။

ဤအကြောင်းအရာကိုပင် အဋ္ဌမအာယသ်(၈၉)ထဲတွင် ဆက်လက်ဖော်ပြထားကာ ယင်း၏အဆုံးတွင်- တမန်တော်မြတ် (ﷺ) အား နှစ်သိမ့်ရန်အတွက်- **فَإِنْ يَّكْفُرْ بِهَا هَٰٓؤُلَآءِ فَقَدْ وَكَّلْنَا بِهَا قَوْمًا لَّيْسُوْا بِهَا بِكٰفِرِيْنَ** "သို့ဖြစ်ပေရာ အကယ်၍ ဤသူများသည် ဤသည်တို့ကို ငြင်းပယ်ကြပါမူ၊ မုချစင်စစ် ငါအရှင်မြတ်သည် ဤသူတို့ကို အကြင်သူတို့အား လွှဲအပ်တော်မူအံ့။ ထိုသူတို့သည် ဤသည်တို့ကို မည်သည့်အခါမျှ ငြင်းပယ်ကြမည့်သူများ မဟုတ်ပေ။"ဟု မိန့်ကြားထားသည်။ တစ်နည်းဆိုရသော် "လွန်လေပြီးသောတမန်တော်များ၏ သင်ကြားပို့ချမှုများ အကြောင်းပြောကြားပြီးပါလျှက်နှင့် အသင်ဦးတည် ပြောကြားသော လူအချို့တို့သည် အသင်၏ပြောကြားချက်ကို မနာယူပါက အသင်စိတ်ပူပင်သောကရောက်စရာမလိုပါ။ အဘယ့်ကြောင့်ဆိုသော် ငါအရှင်သည် အသင်၏ ဖိတ်ခေါ်မှုကို ဟုတ်ကဲ့ပါဟူ၍ပြောကြားမည့်ကြီးကျယ်သောလူတစ်စုအားသတ်မှတ်ပါမည်။ ၎င်းတို့သည် အသင်၏ ပြောကြားချက်ကိုလိုက်နာကာ လုပ်ငန်းတာဝန်ကိုလည်း ၎င်းတို့၏တာဝန်ဟု သတ်မှတ်ပြီး ငြင်းပယ်ခြင်းနှင့် မယုံကြည်သွေဖည်ခြင်းအဆင့်သို့ မည်သည့်အခါမျှမရောက်ရှိစေမည့် လူများဖြစ်ကြသည်။"ဟူ၍ အဓိပ္ပာယ် ဆောင်ပါသည်။

ဤအုပ်စုထဲတွင် တမန်တော်မြတ် (ﷺ)၏ကောင်းမြတ်သော အခါသမယအတွင်းရှိ မုဟာဂျိရိန်နှင့်အန်ဆွာရီအားလုံးတို့နှင့် ကိယာမသ်နေ့တိုင်ပေါ်ထွက်လာမည့် မုစ်လင်မ်များအားလုံးတို့လည်းအကျုံးဝင်ပါသည်။ ၎င်းနောက်ဤအာယာသ်သည် ထိုကဲ့သို့သောသူများအားလုံးအတွက် နှစ်လိုဖွယ်ရာ တန်ဖိုးရှိသောအရာပင်ဖြစ်ပါသည်။ အလ္လာဟ်တအာလာသည် အချိန်အခါတစ်ခုတွင် ထိုသူများ၏ နာမည်များဖြင့် ဖော်ပြကာ ချီးကျူးထားပါသည်-

اَللّٰهُمَّ اجْعَلْنَا مِنْهُمْ وَاحْشُرْ نَا فِىْ زُمْرَتِهِمْ

"အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား ထိုသူတို့တွင် အပါအဝင်ဖြစ်စေတော်မူကာ၊ ထိုသူများ၏အသိုင်းအဝန်းတွင်ထားပေးတော်မူပါ။"

XXXXXXXXXXX

tm, of (90-94)

أُولَٰئِكَ
الَّذِينَ هَدَى اللَّهُ فَبِهُدَاهُمُ اقْتَدِهْ ۗ قُل لَّا
أَسْأَلُكُمْ عَلَيْهِ أَجْرًا ۖ إِنْ هُوَ إِلَّا ذِكْرَىٰ لِلْعَالَمِينَ ﴿٩٠﴾
وَمَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ إِذْ قَالُوا مَا أَنزَلَ اللَّهُ عَلَىٰ بَشَرٍ
مِّن شَيْءٍ ۗ قُلْ مَنْ أَنزَلَ الْكِتَابَ الَّذِي جَاءَ بِهِ مُوسَىٰ نُورًا وَهُدًى
لِّلنَّاسِ تَجْعَلُونَهُ قَرَاطِيسَ تُبْدُونَهَا وَتُخْفُونَ كَثِيرًا ۚ
وَعُلِّمْتُم مَّا لَمْ تَعْلَمُوا أَنتُمْ وَلَا آبَاؤُكُمْ ۖ قُلِ اللَّهُ ۖ ثُمَّ ذَرْهُمْ فِي
خَوْضِهِمْ يَلْعَبُونَ ﴿٩١﴾ وَهَٰذَا كِتَابٌ أَنزَلْنَاهُ مُبَارَكٌ مُّصَدِّقُ الَّذِي
بَيْنَ يَدَيْهِ وَلِتُنذِرَ أُمَّ الْقُرَىٰ وَمَنْ حَوْلَهَا ۚ وَالَّذِينَ يُؤْمِنُونَ
بِالْآخِرَةِ يُؤْمِنُونَ بِهِ وَهُمْ عَلَىٰ صَلَاتِهِمْ يُحَافِظُونَ ﴿٩٢﴾ وَمَنْ
أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ كَذِبًا أَوْ قَالَ أُوحِيَ إِلَيَّ وَلَمْ يُوحَ
إِلَيْهِ شَيْءٌ وَمَن قَالَ سَأُنزِلُ مِثْلَ مَا أَنزَلَ اللَّهُ ۗ وَلَوْ تَرَىٰ إِذِ
الظَّالِمُونَ فِي غَمَرَاتِ الْمَوْتِ وَالْمَلَائِكَةُ بَاسِطُوا أَيْدِيهِمْ أَخْرِجُوا
أَنفُسَكُمُ ۖ الْيَوْمَ تُجْزَوْنَ عَذَابَ الْهُونِ بِمَا كُنتُمْ تَقُولُونَ عَلَى اللَّهِ
غَيْرَ الْحَقِّ وَكُنتُمْ عَنْ آيَاتِهِ تَسْتَكْبِرُونَ ﴿٩٣﴾ وَلَقَدْ جِئْتُمُونَا
فُرَادَىٰ كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ وَتَرَكْتُم مَّا خَوَّلْنَاكُمْ وَرَاءَ ظُهُورِكُمْ ۖ
وَمَا نَرَىٰ مَعَكُمْ شُفَعَاءَكُمُ الَّذِينَ زَعَمْتُمْ أَنَّهُمْ فِيكُمْ شُرَكَاءُ ۚ
لَقَد تَّقَطَّعَ بَيْنَكُمْ وَضَلَّ عَنكُم مَّا كُنتُمْ تَزْعُمُونَ ﴿٩٤﴾

ဤသူများပင် အကြင်သူများတည်း၊ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူပြီးဖြစ်၏။ သို့ဖြစ်ပေရာ အသင်သည်လည်း ၎င်းတို့၏လမ်းစဉ်ကိုလိုက်ပါလေ။ (အို-နဗီတမန်တော်)အသင်သည် (၎င်းတို့အား)ဤသို့)ပြောကြားပါလေ။ ငါသည် ဤသည် (ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကိုဟောကြားခြင်း)နှင့်စပ်လျဉ်း၍ အသင်တို့ထံ တစ်စုံတစ်ရာအခကို တောင်းဆိုသည်မဟုတ်ပေ။ ယင်း(ကုရ်အာန်ကျမ်းမြတ်)သည် စကြဝဠာခပ်သိမ်း(ရှိဝေနေယျအပေါင်း)တို့အဖို့ ဆုံးမသြဝါဒပင်ဖြစ်ချေသတည်း။ (၆း၉၀)

စင်စစ်သော်ကား ၎င်းတို့က "အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူသား တစ်ဦးတစ်ယောက်၏အပေါ်၌မျှ မည်သည့်တစ်စုံတစ်ရာကိုမျှ ချပေးသနားတော်မူခဲ့သည်မဟုတ်"ဟု ပြောဆိုကြသည့်အခါ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အားသိရန်တာဝန်ရှိသည်နှင့်အညီ နက်နဲစွာမသိခဲ့ကြချေ။ (အို-နဗီတမန်တော်)အသင်သည် (၎င်းတို့အား)ဤသို့)မေးမြန်းပါလေ။ မူစာသည် လူတို့အဖို့ ရောင်ခြည်တော်အဖြစ်လည်းကောင်း၊ တရားဓမ္မအဖြစ်လည်းကောင်း၊ ယူဆောင်လာသောကျမ်းဂန်ကိုမည်သူသည် ချပေးခဲ့ပါသနည်း။ အသင်တို့သည် ထိုကျမ်းဂန်ကို(အဖိုးမတန်သော)စက္ကူများ(ပမာ)ပြုလုပ်ထားကြ၏။ အသင်တို့သည်ထိုစက္ကူများ(၏အချို့အစိတ်အပိုင်း)ကိုထင်ရှားစေကြကုန်၏။ သို့ရာတွင် အသင်တို့သည်များစွာ (သောအစိတ်အပိုင်း)တို့ကိုမူ ထိမ်ချန်လျှို့ဝှက်ထားကြလေသည်။ စင်စစ်သော်ကား အသင်တို့သည်(ထိုကျမ်းဂန်အားဖြင့်)အကြင်အရာများကိုသင်ကြားပို့ချခြင်းခံခဲ့ကြရလေသည်။ ထိုအရာများကိုအသင်တို့ကိုယ်တိုင်လည်းမသိခဲ့ကြချေ။ အသင်တို့၏အဘ ဘိုးဘေးတို့သည်လည်းမသိခဲ့ချေ။ (အို-နဗီတမန်တော်)အသင်သည် (၎င်းတို့အား)"အလ္လာဟ်အရှင်မြတ်သည်သာလျှင်(ထိုကျမ်းဂန်ကိုချပေးသနားတော်မူခဲ့သည်")ဟူ၍ ပြောကြားပါလေ။ ထို့နောက် အသင်သည် ယင်းသို့သောသူတို့အား ၎င်းတို့အကြောင်းမတန်သောကိစ္စများတွင် ကစားခုန်စားလျက်သာ ပစ်ထားပါလေ။ (၆း၉၁)

၎င်းပြင် ဤ(ကုရ်အာန်ကျမ်းဂန်)သည် အကြင်သို့သောကျမ်းဂန်ဖြစ်သည်။ ထိုကျမ်းဂန်ကိုငါအရှင်မြတ်သည် ချပေးတော်မူခဲ့သည်။ "ဗရကသ်"မင်္ဂလာနှင့်ပြည့်စုံ(သောကျမ်းဂန်ဖြစ်)သည်။ ၎င်းထက်အလျင်ရှိခဲ့ကြသော ကျမ်းဂန်များကိုလည်း(အလ္လာဟ်အရှင်မြတ်အထံတော်မှ ထုတ်ပြန်တော်မူသောကျမ်းဂန်များဖြစ်ကြောင်း) အတည်ပြုသောကျမ်းဂန်လည်းဖြစ်သည်။ ၎င်းပြင်အသင်သည်(ထိုကျမ်းဂန်ဖြင့်)မက္ကာဟ်မြို့တော်(သားများ)ကိုလည်းကောင်း၊ ထိုမြို့

တော်၏ပတ်ဝန်းကျင်၌ရှိသောသူများကိုလည်းကောင်း သတိပေးရန်ဖြစ်သည်။ စင်စစ်သော်ကား နောင်တမလွန်ဘဝကိုယုံကြည်သောသူများသည် ဤ(ကုရ်အာန်ကျမ်းဂန်)ကိုလည်းယုံကြည်ကြသည်သာဖြစ်သည်။ ၎င်းပြင်ထိုသူများသည် မိမိတို့၏ဆွေလာသံဝတ်ပြုမှုကိုလည်း စွဲမြဲစွာ စောင့်ထိန်းကြသည်သာဖြစ်သည်။ (၆။၉၂)

အမှန်စင်စစ်သော်ကား အကြင်သူထက်ပိုမို၍ မတရားသောသူသည် မည်သူရှိအံ့နည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်၌တစ်စုံတစ်ရာမဟုတ် မမှန်ကိုကြံဖန်လိဆည်၍ယိုးစွပ်လေသည်။ သို့မဟုတ် ထိုသူသည်မိမိအပေါ်၌ "ဝဟီ"အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကျရောက်သည်ဟုပြောဆိုလေသည်။ အမှန်မှာကား ၎င်း၏အပေါ်ဝယ်မည်သည့်အမိန့်တော်တစ်စုံတစ်ရာမျှကျရောက်သည်မရှိချေ။ ထိုနည်းတူစွာ(အကြင်သူထက်ပိုမို၍ မတရားသောသူကားမည်သူရှိအံ့နည်း။)ထိုသူက အလ္လာဟ်အရှင်မြတ်ချပေးသနားတော်မူဘိသကဲ့သို့ပင် ကျွန်ုပ်သည်လည်း မကြာမီ(ထိုကဲ့သို့သောမုက္ခပါဠိတော်များကို)ချပေးအံ့ဟုပြောဆိုလေသည်။ အကယ်၍သာ အသင်သည် အကြင်အခါ၌ တွေ့မြင်ရပါမူကောင်းလေစွ။ ထိုအခါဝယ်(ယင်း) မတရားပြုမူသောသူတို့သည် မရဏာသေခြင်းတရား၏ပြင်းထန်မှု၊ (ဒုက္ခများ)တို့၌ကျရောက်လျှက်ရှိကြကုန်အံ့။ ၎င်းပြင်"မလာအိကာဟ်"ကောင်းကင်တမန်များသည် မိမိတို့၏လက်များကို (၎င်းတို့ဘက်သို့)ကမ်းလျက်" (အသင်တို့သည် မိမိတို့၏အသက်ဇီဝိန်များကို(အလျင်အမြန်)ထုတ်(၍ပေး)ကြလေကုန်။ ယနေ့မူကား အသင်တို့သည်အလ္လာဟ်အရှင်မြတ်အပေါ်၌ မမှန်ကန်သောစကားကို ကြံဖန်လိဆယ်၍ပြောဆိုကြသောကြောင့်၎င်း၊ ထိုအရှင်မြတ်၏သက်သေလက္ခဏာများကို မထီမဲ့မြင်ပြုပြင်ကြသောကြောင့်လည်းကောင်း ယုတ်ညံ့သိမ်ဖျင်းစေသောအပြစ်ဒဏ်ကိုခံစားကြရလတ္တံ့။ (ဟုပြောဆိုကြကုန်အံ့။) (၆။၉၃)

၎င်းပြင် (အလ္လာဟ်အရှင်မြတ်မိန့်ကြားတော်မူသည်မှာ) (ယခုမူကား) အသင်တို့သည်ငါအရှင်မြတ်အထံတော်သို့ ပထမမူလက ငါအရှင်မြတ်အသင်တို့အားဖန်ဆင်းတော်မူသည့်အတိုင်းပင် တစ်ယောက်စီ၊ တစ်ယောက်စီ၊ လာကြလေပြီ။ ၎င်းပြင်အသင်တို့သည် ငါအရှင်မြတ်က အသင်တို့အားချီးမြှင့်ပေးသနားတော်မူခဲ့သည့်(ဥစ္စာပစ္စည်းများ)ကိုလည်း မိမိတို့နောက်တွင် စွန့်ထားခဲ့ကြလေပြီ။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့နှင့်အတူတကွ အသင်တို့အား ကြားဝင်အသနားခံပေးမည့် အကြင်သူများကိုလည်းတွေ့မြင်တော်မမူ။ အသင်တို့သည် မိမိတို့၏အရေးကိစ္စများတွင် ထိုသူများသည် (ငါအရှင်မြတ်၏)

အပေါင်းအဖက်များဖြစ်သည်ဟူ၍ ထင်မြင်ယူဆခဲ့ကြလေသည်။ (ယခုမူကား) အသင်တို့(အချင်းချင်း)၏ စပ်ကြားဝယ်အဆက်ပြတ်သွားချေပြီ။ ၎င်းပြင် အသင်တို့၏ထင်မြင်ယူဆချက်သည်လည်း အသင်တို့ထံမှ ပျောက်ကွယ်သွား ချေပြီ။ (သို့ဖြစ်ပေရာ ယခုမူကား အပြစ်ဒဏ်ကို အပြည့်ခံကြရတော့ပေမည်)။ (၆း၉၄)

tusKd ukefaMumif;

ပြီးခဲ့သောအာယသ်တော်များထဲတွင် စိုက်ယိဒိနာအိဗ်ရာဟီမ် (u) အား ကြီးကျယ်သောဆုလာဘ်များ နှင့်အဆင့်အတန်းများချီးမြှင့်ခဲ့ကြောင်းဖေါ်ပြထားသည်ကို ပြန်လည်သတိရပါလိမ့်မည်။ ဤအာယသ်တော်တို့၏ ရည်ရွယ်ချက်မှာ စိုက်ယိဒိနာအာဒမ် (u) ၏ မျိုးဆက်တစ်ခုလုံးအား ယေဘုယျအနေဖြင့်လည်းကောင်း၊ မက္ကာဟ်နှင့် အရေးပီးယားရှိလူများအား သီးသန့်အနေဖြင့်လည်းကောင်း၊ လက်တွေ့သရုပ်ပြသည့်အနေဖြင့် လည်းကောင်း ပြသရန်ဖြစ်သည်။ ယင်းမှာလူတစ်ဦးသည် စိုက်ယိဒိနာအိဗ်ရာဟီမ်ခလီလုလွာဟ်လုပ်ဆောင်သ ကဲ့သို့ သူ(သို့)သူမ၏တစ်ခုတည်းသော ဘဝရည်ရွယ်ချက်သည် အလွာဟ်သအာလာအား လုံးဝဥဿုံနာခံရန်နှင့် သူ/သူမအနှစ်သက်ဆုံးအရာဟူသမျှတို့ကို အလွာဟ်အရှင်မြတ်လမ်းတော်၌ စွန့်လျှူရန်ဟု မှတ်ယူခဲ့ပါလျှင်ထို သူအတွက်အကောင်းဆုံးသောအစားပေးမှုတို့သည် အသင့်ရှိနေပါသည်ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာအိဗ်ရာဟီမ် (u) သည် အလွာဟ်အရှင်မြတ်အတွက် သူ၏အမိ၊ အဖ၊ သူ၏လူများနှင့်သူတိုင်းနိုင်ငံအားစွန့်ခွာခဲ့ပါသည်။ ထို့နောက် အလွာဟ်အရှင်မြတ်၏အိမ်တော်ဖြစ်သော ကြည်ညိုလေးစားဖွယ်ရာ ဗိုင်သုလွာဟ်အား အုတ်မြစ်ချ ကာတည်ဆောက်ရန်ဟူသော အထွတ်အထိပ်လုပ်ဆောင်မှုများကိုလုပ်နိုင်ရန်အတွက် စိမ်းလန်းစိုပြေသော ဆီးရိုး ယားနိုင်ငံအားစွန့်ခွာကာ မက္ကာဟ်၏လွင်တီးခေါင် သဲကန္တာရများဆီသို့ ခရီးထွက်ခဲ့ပါသည်။ သူ၏ဇနီးသည်နှင့် လူမမယ်သားငယ်အား လွင်တီးခေါင်ပြင်တွင်ချန်ရစ်ထားခဲ့ရန် အမိန့်ပေးခြင်းခံရသောအခါ၌ သူသည်ချက်ချင်း နာခံခဲ့ပါသည်။ သူ၏အလွန်ချစ်မြစ်နိုးသောသားဦးအား ဇမ်ဇမ်ပြုရန် အမိန့်ပေးခြင်းခံရသောအခါတွင် သူသည် ရွေးချယ်မှုနှင့်စိတ်ကြိုက်လုပ်ဆောင်မှုတို့ သတ်မှတ်ချက်အဆုံးတိုင်ရောက်သွားစေကာ၊ အမိန့်နာခံရန်အဆင် သင့်ဖြစ်မှုကိုပြခဲ့ပါသည်။ ထိုကဲ့သို့နာခံမှုအဆင့်အတန်းရှိသောသူများတို့အတွက် စစ်မှန်သောဆုလာဘ်သည် ကိယာမသ်၏နောက် ဂျန္နသ်ထဲမှာသာလျှင်ရရှိပါလိမ့်မည်။ သို့ရာတွင် အလွာတအာလာသည်ထိုကဲ့သို့သောသူများ အားဤကမ္ဘာလောကမှာပင် ကောင်းချီးအဖြစ်ပေးသောအဆင့်အတန်းများနှင့် ပေါ်ကြွယ်ဝမှုများသည် ကမ္ဘာတစ် ဝန်းလုံးရှိ ကြွယ်ဝမှုများနှင့်အဆင့်အတန်းများပေါင်းစပ်လိုက်လျှင်တောင်မှ မိလိမ့်မည်မဟုတ်ပါ။

စိုက်ယိဒိနာအိဗ်ရာဟီမ် ခလီလုလွာဟ်သည် အလွာဟ်အရှင်မြတ်အတွက် သူလူမျိုးများကိုစွန့်ခွာခဲ့ပါ သည်။ ယင်းအတွက် အစားရသည့်ဆုလာဘ်မှာ ၎င်းသည်တမန်တော်များ၏အကြီးအကဲဖြစ်ကာ တမန်တော် မြောက်များစွာသည် ၎င်း၏မျိုးဆက်မှဖြစ်ကြသည်။ ၎င်းသည် ဆီးရိုးယားနှင့်အီရတ်ကိုစွန့်ခွာခဲ့သည်။ ယင်းအစား ဗိုင်သုလွာဟ်(အလွာဟ်အရှင်မြတ်အိမ်တော်)နှင့် မက္ကာဟ်မြို့ဖြစ်သော အလ်ဗလာဒ်အလ် အမီးမ်(ယုံကြည်ရသည့် မြို့တော်)နှင့် အုမ်မုလ်ကုရာ(မြို့တော်များမိခင်)ကိုပေးအပ်ချီးမြှင့်ခံရသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ်၏လူများ

ကိုယ်တိုင်က ၎င်းသိက္ခာကျစေရန်လုပ်ဆောင်ခဲ့သည်။ ယင်းအစားလက်ရှိကမ္ဘာမှ ကိယာမသ်နေ့တိုင်ပေါက်ဖွားလာမည့်မျိုးဆက်တို့၏ အထွတ်အထိပ်ခေါင်းဆောင်ဖြစ်စေခဲ့သည်။ လက်ရှိကမ္ဘာတွင် နိုင်ငံများနှင့်ဘာသာအယူဝါဒများအချင်းချင်းကွဲပြားခြားနားနေကြသော်လည်း စိုက်ယိဒိနာအိဗ်ရာဟီမ်ကို ရိုသေလေးမြတ်ဂါရဝထားမှုတွင်ကား အားလုံးတစ်ပေါင်းတစ်စည်းတည်းဖြစ်ပေသည်။

ထိုအာယသ်တော်များထဲတွင် စိုက်ယိဒိနာအိဗ်ရာဟီမ်၏သားသမီးများ(သို့) ၎င်းမှဆင်းသက်လာသည့် နဗီတမန်တော်(၁၇)ပါးအကြောင်း ဖော်ပြထားသည်ကို သတိပြန်လည်ရကြပါလိမ့်မည်။ ထိုတမန်တော်များသည် ကြီးမားသည့် အဆင့်အတန်းများရှိကြကာ အရှင်မြတ်၏သတင်းစကားကို လူသားထုထံ သယ်ဆောင်ရေးအရှင်မြတ်ကိုယ်တော်တိုင်ရွေးချယ်ထားတော်မူခဲ့၍ အလွှာဟ်အရှင်မြတ်ကိုယ်တော်တိုင် ထိုတမန်တော်များကို ဖြောင့်မတ်မှန်ကန်ကြောင်းပြသထားခဲ့သည်ကိုလည်း ဖော်ပြထားသည်။

vuf&Sdtm,ofawmfrsm;tay: &Sif;vif;onfhrSwfqkrsm;

ပထမအာယသ်တော်(၉၀)ထဲ၌ တမန်တော်မြတ် (e) သခင်ကို ဦးတည်ပြောကြားရာတွင် အရေးပီးယားရှိလူအများယေဘုယျယုံကြည်ကြသကဲ့သို့ မက္ကာဟ်ရှိသီးသန့်လူများကလည်း ယုံကြည်ကြသောလူတစ်စု၏ဘိုးဘေးဘီဘင်များသည် စံပြပုဂ္ဂိုလ်များ(သို့) အပြိုင်အဆိုင်သူထက်သာအောင်ပြုသည့်အရာများအဖြစ်၎င်းတို့၏လုပ်ရပ်များနှင့်ပြောဆိုချက်များအားလုံးသည် လိုက်နာသင့်သည်ဟုမှတ်ယူခြင်းကို မမှန်ကန်ကြောင်း မက္ကာဟ်ရှိလူများအား အသိပေးထားသည်။ ယင်းအစား တစ်စုံတစ်ဦးနောက်စ၍လိုက်နာခြင်းမပြုမီ ၎င်းသူသည် ကိုယ်တိုင်စစ်မှန်သောလမ်းညွှန်မှု၏လမ်းတွင်ရှိမရှိကိုလည်းကောင်း၊ ၎င်းသူ၏နောက်လိုက် ရှိမရှိကိုလည်းကောင်း စုံစမ်းရန်အရေးကြီးလိုအပ်သည်။ ထို့ကြောင့် မြင့်မြတ်သောတမန်တော်များ၊ စာရင်းအတိုချုပ်တစ်ခု ရေတွက်ပြပြီးနောက်- **أُو لَٰٓئِكَ الَّذِينَ هَدَى اللَّهُ** (ဤသူများပင် အကြင်သူများတည်း၊ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အား တရားလမ်းမှန်သို့ပို့ဆောင်တော်မူပြီးဖြစ်၏။) ထို့နောက်- **فَبِهُدَىٰهُمُ اقْتَدِهْ** (သို့ဖြစ်ပေရာ အသင်သည်လည်း ၎င်းတို့လမ်းစဉ်ကို လိုက်ပါလေ။)ဟုမိန့်ထားသည်။

ထို့ကြောင့် ဤအာယသ်တော်တွင် လမ်းညွှန်မှုနှစ်မျိုးနှစ်စားပေးထားသည်။ ပထမအမျိုးအစားမှာ အရေးပီးယားရှိလူများနှင့်နှီးနွယ်မှုအရ မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံးကို ဦးတည်မိန့်ကြားထားသည်။ ဆိုလိုသည်မှာ ထိုသူတို့သည် ဘိုးဘေးဘီဘင်တို့၏နောက်လိုက်ခြင်းအစွဲအလန်းကြီးမှုကို စွန့်လွှတ်သင့်၍ အလွှာဟ်တအာလာလမ်းညွှန်မှုပေးထားသည့် တမန်တော်များနောက်လိုက်ရန်ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ တမန်တော်မြတ် (e) အတွက် ညွှန်ကြားချက်ဖြစ်ကာ ကိုယ်တော်မြတ်သည်လည်း လွန်လေပြီးသောတမန်တော်များလုပ်ဆောင်ခဲ့သည့်နည်းလမ်းအတိုင်း လုပ်ဆောင်သင့်သည်ဟူ၍ဖြစ်သည်။

ဤနေရာ၌ တစိတ်တစ်ဒေသဖြင့်သော်လည်းကောင်း၊ ဆင့်ပွားအနေဖြင့်သော်လည်းကောင်း၊ ခြားနားချက်များအစောပိုင်းတမန်တော်များ၏ ဥပဒေများတွင် ရှိခဲ့ကြသည်ဟူသောအချက်သည် မှတ်သားထိုက်သည်။ ထို့နောက် မုစ်လင်မ်များအတွက် တမန်တော်များမှ ကွဲပြားခြားနားသော အမိန့်ပညတ်ချက်များစွာကို ပို့ချပေးခဲ့သည်။ သို့ဆိုလျှင် လွန်လေပြီးသော တမန်တော်များ၏နည်းလမ်းကို လိုက်နာရန်နှင့် ယင်းနည်းလမ်းအတိုင်း

ကျင့်သုံးရန်ကိုယ်တော်မြတ် (e) သခင်ကို စေခိုင်းခြင်း၏အဓိပ္ပာယ်မည်သို့ဖြစ်မည်နည်း။ ကုရ်အာန်ကျမ်းတော်မြတ်၏အခြားအာယသ်တော်များနှင့် ဟဒီးဆ်ဆင့်ပြန်ချက်များကို အထောက်အထားပြု၍ဖြေရလျှင် ဤနေရာ၌အတိတ်ကတမန်တော်များ၏နည်းလမ်းလိုက်နာရန်မှာ အမိန့်ပညတ်ချက်များ၏ တစိတ်တဒေသတို့နှင့်ဆင့်ပွားအချက်များကို လိုက်နာရန်မဟုတ်ကြောင်း အမိန့်ပေးထားခြင်းဖြစ်သည်။ စင်စစ်ရည်ရွယ်ချက်မှာ ဘာသာရေး၏အခြေခံမူများဖြစ်သော သောင်ဟီးဒ်(အလ္လာဟ်တစ်ပါးတည်းရှိခြင်း)။ ရိစာလတ်(တမန်တော်ဖြစ်ခြင်း)နှင့်အာခိရတ်(နောင်တမလွန်ဘဝ)များအပါအဝင်တို့သည် ရှေးတမန်တော်များ၏ နည်းလမ်းများဖြစ်၍ ယင်းတို့ကို ဆုပ်ကိုင်ထားရမည်။ ထိုမူများသည် မည်သည့်တမန်တော်၏ ဥပဒေတွင်မှအပြောင်းအလဲမရှိချေ။ စိုက်ယိဒိနာအာဒမ် (u) သခင်မှ တမန်တော်များ၏ နောက်ဆုံးတမန်တော်မြတ် (e) အထိ အားလုံးသော တမန်တော်များသည် ယုံကြည်ချက်တစ်ခုနှင့် လမ်းစဉ်တစ်ခုကိုသာ လိုက်နာကျင့်သုံးခဲ့ကြသည်။ အပြောင်းအလဲ မရှိဘဲ ဆက်လက်တည်ရှိနေမည့် ဆင့်ပွားအမိန့်ပညတ်ချက်များ၏လုပ်နည်းကိုင်နည်းကား မပြောင်းလဲချေ။ သို့သော် အချိန်အခါ၏အရေးပေါ်ဆောင်ရွက်ရန်သော်လည်းကောင်း၊ အသိဉာဏ်၏စေစားချက်အရသော်လည်းကောင်း အမိန့်ပညတ်ချက်အသစ်တစ်ခုပေးခဲ့လျှင် ယင်းကိုလိုအပ်သလိုဆောင်ရွက်ရမည်။

ဤအကြောင်းကြောင့် တမန်တော်မြတ် (e) ၏ လုပ်ရိုးလုပ်စဉ်မှာ ဝဟီအရသီးခြားညွှန်ကြားချက်မရမခြင်း တမန်တော်မြတ် (e) သခင်သည် လွန်လေပြီးသောတမန်တော်များ (u) များ၏လုပ်ဆောင်ချက်အတိုင်းလုပ်ဆောင်လေ့ရှိသည်။ **(မဇ်ဟရီနှင့် အခြား)**

ထို့နောက်တမန်တော်မြတ် (e) သခင်အား လွန်လေပြီးသောတမန်တော်အားလုံး၏ယေဘုယျကျင့်သုံးမူတစ်ခုကို မြွက်ဟကြေညာရန်အထူးအမိန့်ပေးထားသည်မှာ- **قُلْ لَّآ اَسْئَلُكُمْ عَلَيْهِ اَجْرًا اِنْ هُوَ اِلَّا ذِكْرٰى لِلْعٰلَمِيْنَ** "(အို-နဗီတမန်တော်)အသင်သည် (၎င်းတို့အားဤသို့)ပြောကြားပါလေ။ ငါသည်ဤသည်(ကုရ်အာန်ကျမ်းလာဒေသနာတော်များကိုဟောကြားခြင်း)နှင့်စပ်လျဉ်း၍ အသင်တို့ထံတစ်စုံတစ်ရာအခကိုတောင်းဆိုသည်မဟုတ်ပေ။ ယင်း(ကုရ်အာန်ကျမ်းမြတ်)သည် စကြဝဠာခပ်သိမ်း(ရှိဝေနေယျအပေါင်း)တို့အဖို့ ဆုံးမဩဝါဒပင်ဖြစ်ချေသတည်း။ (၆း၉၀)ဟူ၍ဖြစ်သည်။ တစ်နည်းပြောရလျှင် ဆိုလိုရင်းမှာ"အသင်တို့ဘဝကောင်းမွန်ရေးကူညီရန် ကျွန်ုပ်ပေးသောကောင်းမြတ်သည့်အကြံဉာဏ်အတွက် ကျွန်ုပ်ကသင်တို့ထံမှ အဖိုးအခတောင်းခြင်းမဟုတ်။ ကျွန်ုပ်သည် မည်သည့်အဖိုးအခဖြစ်စေ၊ လုပ်အားခဖြစ်စေ၊ ဆုလာဘ်ဖြစ်စေ မလိုချေ။ အကယ်၍သင်တို့သည်အကြံပေးမှုလက်ခံလျှင် ကျွန်ုပ်တွက် မည်သည့်အကျိုးအမြတ်မှမရရှိပါ။ ဤသည်မှာ ကမ္ဘာပေါ်ရှိလူအားလုံးအတွက်ကောင်းမြတ်သော စိတ်ထား၊ကောင်းမြတ်သောအကြံဉာဏ်၏ သတင်းစကားတစ်ရပ်မျှသာဖြစ်သည်။ သင်ကြားပို့ချမှုနှင့်ဟောကြားမှုအတွက် မည်သည့်အစားပေးမှုကိုမျှလက်မခံခြင်းသည် တမန်တော်အားလုံး (u) ၏ယေဘုယျအမွေအနှစ်ဖြစ်သည်။ ဤသည်မှာ သဗ်လိဂ်(ဘာသာရေးဆိုင်ရာသတင်းစကားကို အခြားသူများထံပို့ဆောင်ခြင်း)အကျိုးသက်ရောက်စေရန် အစွမ်းထက်သောအချက် ဖြစ်သွားစေပါသည်။

ဒုတိယအာယသ်တော်(၉၁)သည် အလ္လာဟ်အရှင်မြတ်သည် မည်သည့်ကျမ်းစာကို မည်သည့်လူသားကိုမျှချမပေးဟုပြောရဲသောသူများကိုဖြေကြားရန်အတွက် ကျရောက်ခဲ့သည်။ ၎င်းတို့ပြောဆိုချက်အရဆိုလျှင် ဤတမန်တော်များနှင့် ကျမ်းစာများ၏အဆိုပြုချက်သည် လုံးဝမှားယွင်းသည်။

အကယ်၍ သာထိုက့ဲသို့ပြောသူများသည် အိဗ်နိကဆီးရ်ဖော်ပြသကဲ့သို့ မကွဟ်မြို့ရှိရုပ်ထုကိုးကွယ်သူများဖြစ်ကြလျှင် ကိစ္စသည်ရှင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် မည်သည့်ကျမ်းစာနှင့်တမန်တော်ကိုမျှမယုံကြည်ကြခေ့။ ထို့ပြင် အကယ်၍ထိုသူများသည်ဂျူးများဖြစ်ခဲ့လျှင် ယင်းအယူအဆကိုတခြားဋ္ဌိကာရှင်များကဂျူးများဟု မှတ်ယူကြပြီး အာယသ်ပါစာသားကလည်း ဤအယူအဆကို ထင်ရှားစွာထောက်ခံထားသည်။ သို့ဆိုလျှင် ၎င်းတို့ထိုသို့ပြောခြင်းသည် ၎င်းတို့၏ဘာသာတရားနှင့်လည်း ဆန့်ကျင်ပေသည်။ အီမာမ်အလ်ဗဂ်ဂါဝီ၏ဆင့်ပြန်ချက်တစ်ခုအရဆိုလျှင် ဤကံမကောင်းအကြောင်းမလှသော မှတ်ချက်ချသူအား ဂျူးများက မနှစ်မြို့ကာ သူ၏မှားယွင်းသောလုပ်ဆောင်မှုကြောင့် ဘာသာရေးဆိုင်ရာ အခွင့်အာဏာရှိသူအဖြစ်မှ သူ့ကို ဖယ်ရှားခဲ့သည်။

ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် (ဧ) သခင်ကို မိန့်တော်မူသည်မှာ- ဤအဓိပ္ပါယ်ကင်းမဲ့သည့်မှတ်ချက်ချသူသည်ကား အလ္လာဟ်အရှင်မြတ်သည် အမှန်ကန်ဆုံးနှင့်အလ္လာဟ်အရှင်မြတ်၏မှန်ကန်မှုကို အသိအမှတ်မပြုသူပင်ဖြစ်သည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်၏မှန်ကန်မှုကို အသိအမှတ်ပြုခဲ့လျှင် ဤအတင့်ရဲသောမှတ်ချက်ချခြင်းကို သူတို့နှုတ်က မည်သည့်အခါတွင်မျှ ထွက်လိမ့်မည်မဟုတ်ခေ့။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ကျမ်းစာများကိုလုံးဝငြင်းဆိုသူတို့အား မေးမြန်းရန် တမန်တော်မြတ် (ဧ) သခင်ကိုမိန့်သည်မှာ-"အကယ်၍အသင်တို့ထင်သကဲ့သို့ အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူသားကိုမှ မည်သည့်ကျမ်းစာကိုမဆို ပို့ချမပေးဟုဆိုလျှင် သောင်ရတ်ကျမ်းကို မည်သူချပေးသနည်းဟူသောအဖြေတစ်ရပ်ကို သင်တို့ရှင်းထားလော့။ ယင်းကျမ်းကို သင်တို့လည်း ယုံကြည်ကြကာ ယင်းကျမ်းအရအသင်တို့လူများအပေါ်ဝယ် သင်တို့အဆုံးအဖြတ်ပေးကြသည်။"ဟူ၍ဖြစ်သည်။ ယင်းတို့နှင့်အတူ ၎င်းသူတို့ကိုထပ်ပြောသည်မှာ "အသင်တို့သည် ကောက်ကျစ်မှုနည်းလမ်းတွင် ကျွမ်းကျင်သူများဖြစ်ကြကာ သင်တို့ကိုယ်တိုင် မြင့်မြတ်သောကျမ်းစာအဖြစ် သက်ဝင်ယုံကြည်ထားသော သောင်ရတ်ကျမ်းစာကိုပင်လျှင် သမရိုးကျချုပ်လုပ်ပြီးကျမ်းစာအုပ်တစ်အုပ်အဖြစ်ရှိနေရမည့်အစား ရေးပြီးသည့်တရွက်ချင်းအနေဖြင့် ထားရှိခဲ့သည်။ သို့မှသာလျှင် သင်တို့အလိုရှိသည့်အချိန်၌ မည်သည့်စာရွက်ကိုမဆို သင်တို့ဖယ်ရှားထားနိုင်မည်ဖြစ်သည်။ ဤသို့ဖယ်ခြင်းဖြင့် အမိန့်ပေးထားသည်ကိုငြင်းပယ်နိုင်ခွင့်ရသွားပေလိမ့်မည်။ ဤကဲ့သို့သောလုပ်ရပ်၏ ဥပမာကား သောင်ရတ်ကျမ်း၏ အာယသ်တော်များ၌ အလ္လာဟ်အရှင်မြတ်၏ တမန်တော်နှင့်ပတ်သက်သော ဝိသေသလက္ခဏာများနှင့်ဂုဏ်တော်များဖော်ပြချက်အား သင်တို့ဖယ်ရှားထားခဲ့သည်။ အာယသ်တော်၏နောက်ဆုံးဝါကျ- **تَجْعَلُوْنَهٗ قَرَا طِيْسَ** "(အသင်တို့သည် ထိုကျမ်းဂန်ကို(အဖိုးမတန်သော)စက္ကူများ(ပမာ)ပြုလုပ်ထားကြ၏)"က ဤသည်အဓိပ္ပာယ်ပင်တည်း။ **قراطِيس** (ကရာတွီးစ်)ဟူသောစကားလုံးသည်စာရွက်(သို့) စက္ကူဟု အဓိပ္ပာယ်ပေါက်သည့် **قِرْطَاس** (ကိရ်တွာစ်)၏ ဗဟုဝုစ်ကိန်းဖြစ်သည်။

ထို့နောက် ထိုသူများကိုပင် ဦးတည်ပြောကြား၍မိန့်ထားသည်မှာ-**وَعُلِّمْتُمْ مَّالَمْ تَعْلَمُوْٓا اَنْتُمْ وَلَآ اٰبَآؤُكُمْ** ဖြစ်သည်။ ဆိုလိုသည်မှာ သင်တို့၏ ဘိုးဘေးဘီဘင်များ(အစောပိုင်း၊ သောင်ရတ်နှင့်အင်ဂျီလ်ကျမ်းတို့ကျရောက်ပြီးနောက်ပိုင်း)မသိရှိခဲ့သည်များကို အသင်တို့အား (ကုရ်အာန်ကျမ်းတော်မြတ်မှတစ်ဆင့်)သင်ကြားပေးခဲ့သည်။

အာယသ်တော်(၉၁)အဆုံး၌- **قُلِ اللّٰهُ ثُمَّ ذَرْهُمْ فِىْ خَوْضِهِمْ يَلْعَبُوْنَ** "(အို-နဗီမန်တော်)အသင်သည် (၎င်းတို့အား)"အလ္လာဟ်အရှင်မြတ်သည်သာလျှင် (ထိုကျမ်းဂန်ကိုချပေးသနားတော်မူခဲ့သည်။)"ဟူ၍ပြောကြားပါလေ။ ထို့နောက် အသင်သည် ယင်းသို့သူတို့အား ၎င်းတို့အကြောင်းမတန်သောကိစ္စများတွင် ကစားခုန်စားလျှက်သာပစ်ထားပါလေ။"ဟူ၍မိန့်ထားသည်။ တခြားနည်းအရဆိုလိုသည်မှာ "အကယ်၍ အလ္လာဟ်အရှင်မြတ်သည်မည်သည့်ကျမ်းစာမျှ ချမပေးဟုဆိုလျှင် သောင်ရတ်ကျမ်းကိုမည်သူချပေးခဲ့သနည်းဟူသောမေးခွန်းကို ၎င်းတို့မည်ကဲ့သို့ဖြေဆိုရမည်ဆိုခြင်းကို နားမလည်သောအရာဖြစ်ခဲ့လျှင် အသင်က ယင်းကျမ်းကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှ ချပေးခဲ့သည်မဟုတ်ကြောင်း သူတို့အား ပြောကြားပါလေ။ ယခုအခါ ထိုသူများနှင့်စကားအခြေအတင်ပြောဆိုမှုနိဂုံးချုပ်သွားသည်။ သင့်လုပ်ငန်းနှင့်သက်ဆိုင်သည်လည်းပြီးဆုံးပေပြီ။ ထို့ကြောင့် ၎င်းတို့အကြောင်း မတန်သောကိစ္စများတွင် ကစားခုန်စားလျက်သာပစ်ထားပါလေ။"ဟူ၍ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်ချပေးသောကျမ်းစာများနှင့်ပတ်သက်၍ ငြင်းပယ်သူများနှင့်စကားအခြေအတင်ပြောဆိုမှုနိဂုံးချုပ်ပြီးသောအခါတတိယအာယသ်တော်(၉၂)ထဲတွင်-း **وَهٰذَا كِتٰبٌ اَنْزَلْنٰهُ مُبٰرَكٌ مُّصَدِّقُ الَّذِىْ بَيْنَ يَدَيْهِ وَلِتُنْذِرَ اُمَّ الْقُرٰى وَمَنْ حَوْلَهَا** "၎င်းပြင် ဤ(ကုရ်အာန်ကျမ်းဂန်)သည် အကြင်သို့သောကျမ်းဂန်ပင်ဖြစ်သည်။ ထိုကျမ်းဂန်ကို ငါအရှင်မြတ် သည်ချပေးတော်မူခဲ့သည်။ "ဘရကတ်"မင်္ဂလာနှင့်ပြည့်စုံသော (ကျမ်းဂန်)ဖြစ်သည်။ ၎င်းထက်အလျင်ရှိခဲ့ကြသောကျမ်းဂန်များကိုလည်း(အလ္လာဟ်အရှင်မြတ်အထံတော်မှ ထုတ်ပြန်တော်မူသော ကျမ်းဂန်များဖြစ်ကြောင်း အတည်ပြုသောကျမ်းဂန်လည်းဖြစ်သည်။ ၎င်းပြင် အသင်သည် (ထိုကျမ်းဂန်ဖြင့်) မက္ကာမြို့တော်(သားများ)ကိုလည်းကောင်း၊ ထိုမြို့တော်၏ ပတ်ဝန်းကျင်ရှိသော သူများကိုလည်းကောင်း၊ သတိပေးရန်ဖြစ်သည်)။"ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ သောင်ရသ်ကျမ်းသည် အလ္လာဟ်အရှင်မြတ်ချပေးတော်မူသောကျမ်းအဖြစ်၎င်းတို့ လက်ခံထားသကဲ့သို့ ဤကုရ်အာန်ကျမ်းတော်မြတ်သည်လည်း အလ္လာဟ်အရှင်မြတ်ချပေးတော်မူသော ကျမ်းဂန်ဖြစ်သည်။ ၎င်းတို့၏စစ်မှန်မှုသက်သေသည် ၎င်းတို့အတွက် လုံလောက်သည်မှာ ကုရ်အာန်ကျမ်းမြတ်သည် သောင်ရသ်ကျမ်းနှင့်အင်န်ဂျီလ်ကျမ်းတွင် ပို့ချခဲ့သည်များကိုအတည်ပြုထားသည်။ ထို့ပြင်ကုရ်အာန်ကျမ်းတော်အားသောင်ရသ်နှင့်အင်န်ဂျီလ်ကျမ်းနှစ်စောင်နောက်မှချပေးခြင်းမှာ ယင်းကျမ်းနှစ်စောင်သည် ဗနီအီစ္စရာအီလ်တို့အတွက်ချပေးခဲ့ကာ အခြားမျိုးနွယ်ခွဲဖြစ်သော ဗနီအစ္စမာအီလ်တို့အတွက် ထိုအချိန်အထိ တမန်တော်တစ်ပါးဖြစ်စေ၊ လမ်းညွှန်မှုပေးသည့်ကျမ်းစာဖြစ်စေ၊ မကျခဲ့သေးချေ။ ယင်းမျိုးနွယ်ခွဲများသည် မက္ကာဟ်ဟုခေါ်သည့်အုမ္မုလ်ကုရာနှင့်ယင်းဝန်းကျင်ရှိ အရပ်များဖြစ်ကြသည်။ ယခုအခါ ထိုကုရ်အာန်ကျမ်းတော်မြတ်သည် အရပ်များအတွက် သီးသန့်နှင့်ကမ္ဘာလုံးအတွက် ယေဘုယျပို့ချပေးခဲ့သည်။ မက္ကာဟ်အလ်မုအ်ဇ်ဇမာဟ်အား ကုရ်အာန်ကျမ်းတော်မြတ်တွင် အုမ္မုလ်ကုရာဟုခေါ်ခဲ့သည်။ မြို့အားလုံးနှင့်လူနေထိုင်ရာများ၏ရင်းမြစ်နှင့်အုတ်မြစ်ဟုအဓိပ္ပာယ်သက်ရောက်သည်။ အကြောင်းမှာ သမိုင်းဆိုင်ရာ ဆင့်ပြန်ချက်များအရ ကမ္ဘာမြေပထဝီ၏မြေသားစုသည် ဤနေရာမှစတင်ခဲ့သည်ဟု ဆိုကြသည်။ ယင်းကိုထပ်၍ ဤသည်မှာ ကမ္ဘာတစ်ခုလုံးအတွက် အိဗာဒတ်ပြုလုပ်မှုများ၏ ဗဟိုချက်ခြာကိစ်လာဟ်ဖြစ်သည်။**(မဇ်ဟရီ)**။ **اُمَّ الْقُرٰى** (အုမ္မုလ်ကုရာ)နှင့်အတူ **وَمَنْ حَوْلَهَا** (ထိုမက္ကာဟ်မြို့တော်၏ဝန်းကျင်၌ရှိသောသူများ)ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ မက္ကာဟ်မြို့၏အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူသော ပတ်ဝန်းကျင်အားလုံးသည် ကမ္ဘာကြီးတစ်ခုလုံးအကျုံးဝင်သည်။

အာယသ်တော်၏အဆုံး၌- **وَالَّذِيْنَ يُؤْمِنُوْنَ بِالْاٰخِرَةِ يُؤْمِنُوْنَ بِهٖ وَهُمْ عَلٰى صَلَاتِهِمْ يُحَافِظُوْنَ** ဟူ၍မိန့်ကြားထားသည်။ ယင်းကဆိုလိုသည်မှာ အာခိရသ်၊ နောင်တမလွန်ဘဝကိုယုံကြည်ကြသော သူများသည် ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း သက်ဝင်ယုံကြည်ကြကာ၊ ၎င်းတို့၏(ဆွလာသ်) ဝတ်ပြုဆောက်တည်မှုကိုလည်း အထူးတလည်ဂရုစိုက်ကြသည်။ ဤအာယသ်ထဲတွင် သောကထားမှုလျော့နည်းသည့် သဘာဝအရ၊ ၎င်းတို့ကြိုက်နှစ်သက်သည်များကို လက်ခံ၍ မကြိုက်နှစ်သက်သည်များကိုငြင်းပယ်သော ဘုံရောဂါဆိုးအတွက် ဂျူးများနှင့် မယုံကြည်သွေဖည်သူတို့အား ပြစ်တင်မောင်းမဲထားမှုပါရှိပါသည်။ ၎င်းတို့သည် သူတို့၏ သောကထားမှုလျော့နည်းသည့်သဘာဝအတွက်လည်း အမြဲဆန့်ကျင်စစ်ခင်းနေကြသည်။ ဤသည်မှာ ၎င်းတို့အာခိရသ်ကို မယုံကြည်ခြင်းဆိုသည့်ရောဂါ၏ အကျိုးသက်ရောက်မှုပင်ဖြစ်ပါသည်။ အာခိရသ်နှင့်တရားစီရင်မည့်နေ့ကို ယုံကြည်သူမည်သူမဆို အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းက ၎င်း၏စိတ်ကို နှိုးဆွကာ ယင်းကိစ္စကို သူ/သူမသည် အပြန်ပြန်အလှန်လှန်စဉ်းစားပါလိမ့်မည်။ ၎င်းနောက် ယုံကြည်လက်ခံသွားသည်နှင့်တပြိုင်နက် မသိနားမလည်သောဓလေ့ထုံးစံတို့၏ ကန့်သတ်ချက်ကိုရှောင်ကွင်းကာ မှန်ကန်မှုကိုဖက်တွယ်ပါလိမ့်မည်။

အနည်းငယ်စဉ်းစားရုံမျှဖြင့် အာခိရသ်အတွက် ပူပင်သောကနည်းပါးခြင်းသည် အားလုံးသောနာမ်ပိုင်းဆိုင်ရာ ရောဂါဆိုးတို့၏မိခင်ဖြစ်ကြောင်း ပေါ်ထွက်လာပါလိမ့်မည်။ ထိုသည်မှ ကုဖ်ဖရ်နှင့်ရှိရ်ရစ်က်လုပ်ငန်းနှင့်ဂုနာဟ်အပြစ်ကျူးလွန်ခြင်းနှင့် မနာခံခြင်းတို့ ပေါက်ဖွားလာကြပါသည်။ အကယ်၍ အာခိရသ်ကို သက်ဝင်ယုံကြည်သူတစ်ဦးသည် အမှားဖြစ်စေ၊ ဂုနာဟ်ပြစ်မှုဖြစ်စေ တစ်ခုကိုကျူးလွန်မိပါက သူ၏နှလုံးသားသည် ထိခိုက်ခံစားရ ပါသည်။ ချက်ခြင်း(သို့) မကြာမီ သူသည်ဝန်ချတောင်းပန်ကာ အနာဂတ်တွင် ထိုပြစ်မှုဂုနာဟ်မှကင်းဝေးစွာနေထိုင်ရန် သန္နိဋ္ဌာန်ချပါမည်။ ထို့ကြောင့် အလွှာဟ်အရှင်အားကြောက်ရွံ့ခြင်းနှင့်အာခိရသ်အတွက် ပူပင်သောကရောက်ခြင်းတို့သည် အမှန်တကယ်ဆိုသော် လူသားများအား ၎င်းဖြစ်သင့်သည့်အတိုင်းဖြစ်စေသောလမ်းများဖြစ်ကာ အသိစိတ်၏ရွေးချယ်မှုအရ ၎င်းတို့အား ပြစ်မှုများ၊ အပြစ်ဂုနာဟ်များနှင့်မနာခံခြင်းတို့မှကင်းဝေးအောင်နေနိုင်စေပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်စူရတ်၊ မည်သည့်ရကူအ်ထဲတွင်မဆို အာခိရသ်နှင့်ပတ်သက်သော ဤပူပင်သောကဖြစ်မှုအတွက် သတိပေးချက်မပါဝင်သည်ဟူ၍ မရှိပါ။

اَللّٰهُمَّ اجْعَلْ جُمْلَةَ هُمُوْمِنَا هَمًّا وَّاحِدًا هَمَّ الْاٰخِرَةِ

"အို-အလွှာဟ်အရှင် ကျွန်တော်မျိုးတို့၏ ပူပင်သောကထားမှုအလုံးစုံတို့ကို တစ်ခုတည်းသောပူပင်သောကဖြစ်သည့် အာခိရသ်အတွက် ပူပင်သောကအဖြစ်ပြုလုပ်ပေးတော်မူပါ။"

XXXXXXXXXXX

tm, of (95–98)


إِنَّ اللَّهَ فَالِقُ الْحَبِّ وَالنَّوَىٰ ۖ يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَمُخْرِجُ
الْمَيِّتِ مِنَ الْحَيِّ ۚ ذَٰلِكُمُ اللَّهُ فَأَنَّىٰ تُؤْفَكُونَ ﴿٩٥﴾ فَالِقُ الْإِصْبَاحِ ۚ وَ
جَعَلَ اللَّيْلَ سَكَنًا وَالشَّمْسَ وَالْقَمَرَ حُسْبَانًا ۚ ذَٰلِكَ تَقْدِيرُ الْعَزِيزِ
الْعَلِيمِ ﴿٩٦﴾ وَهُوَ الَّذِي جَعَلَ لَكُمُ النُّجُومَ لِتَهْتَدُوا بِهَا فِي
ظُلُمَاتِ الْبَرِّ وَالْبَحْرِ ۗ قَدْ فَصَّلْنَا الْآيَاتِ لِقَوْمٍ يَعْلَمُونَ ﴿٩٧﴾ وَ
هُوَ الَّذِي أَنْشَأَكُمْ مِنْ نَفْسٍ وَاحِدَةٍ فَمُسْتَقَرٌّ وَمُسْتَوْدَعٌ ۗ
قَدْ فَصَّلْنَا الْآيَاتِ لِقَوْمٍ يَفْقَهُونَ ﴿٩٨﴾

ကောန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မျိုးစေ့များနှင့် သစ်စေ့များကို (အညောက်အတက်ထွက်စေရန်)အက်ကွဲစေတော်မူသောအရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည်သာလျှင် သက်မဲ့အရာများမှသက်ရှိသတ္တဝါများကို ထုတ်တော်မူလေသည်။ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်သည်သက်ရှိသတ္တဝါများမှ သက်မဲ့အရာများကိုထုတ်တော်မူသော အရှင်မြတ်လည်းဖြစ်တော်မူ၏။ သို့ပြုစွမ်းနိုင်တော်မူသောအရှင်သည်ကား အလ္လာဟ်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည်(ထိုအရှင်မြတ်အားခဝတ်ကိုးကွယ်ခြင်းကိုစွန့်၍) အဘယ်သို့ပြန်လှည့်သွားကြလေသနည်း။ (၆း၉၅)

(ထိုအရှင်မြတ်သည် ညဥ့်၏အမိုက်အမှောင်အတွင်းမှ)နံနက်မိုးသောက်ချိန်ကို ခွဲ၍ထုတ်တော်မူသောအရှင်ဖြစ်တော်မူ၏။ ၎င်းပြင်ထိုအရှင်မြတ်သည်ပင်လျှင် ညဥ့်အချိန်ကို(လူသတ္တဝါအပေါင်းတို့)အနားယူရန်ပြုလုပ်ထားတော်မူ၏။ နေနှင့်လတို့ကိုလည်း(နေ့ရက်လများ)တွက်ချက်နိုင်ရန် အတိုင်းအတာနှင့်ပြုလုပ်ထားတော်မူသည်။ ဤသည်တန်ခိုးအာနုဘော်နှင့်ပြည့်စုံတော်မူသော အရှင်၊ အလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်၏ စီမံခန့်ခွဲမှုပင်တည်း။ (၆း၉၆)

ဂင်းပြင် ထိုအရှင်မြတ်သည်ပင်လျှင်အကြင်အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ နက္ခတ်တာရာများကိုကုန်းမြေနှင့်သမုဒ္ဒရာ ပင်လယ်၏အမှောင်များတွင် လမ်းမှန်ရစေခြင်းငှါ ပြုလုပ်တော်မူခဲ့လေသည်။ စင်စစ်ကေန်ငါအရှင်မြတ်သည် (မိမိ)သက်သေသာဓကတို့ကို သိနားလည်သောသူတို့အဖို့ အသေးစိတ်ရှင်းလင်းဖော်ပြတော်မူခဲ့လေသတည်း။(၆း၉၇)

ဂင်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် အကြင်အရှင်မြတ်တည်း။ ထိုအရှင်မြတ်သည် အသင်(လူသား)တို့အား လူတစ်ဦးတစ်ယောက်တည်းမှဖြစ်ပွားစေတော်မူခဲ့လေသည်။ တစ်ဖန်(အသင်တို့အဖို့) ကြာရှည်နေကြရန်နေရာတစ်ခု(မိခင်တို့၏သားအိမ်)လည်းရှိ၏။ ဂင်းပြင်ခေတ္တနေကြရန်နေရာတစ်ခု(ဖခင်တို့၏ကျောက်ကုန်း)လည်းရှိ၏။ အမှန်စင်စစ်ငါအရှင်မြတ်သည် အသိဉာဏ်ရှိသောသူတို့အဖို့(မိမိ)သက်သေသာဓကများကို အသေးစိတ်ရှင်းလင်းဖော်ပြတော်မူခဲ့ပြီးဖြစ်လေသည်။ (၆း၉၈)

tus,fzGJhfqkjcif;

ပြီးခဲ့သောအာယသ်တော်များထဲတွင် မယုံကြည်သွေဖည်သူများနှင့်ဘုရားအများကိုးကွယ်သူများသည် အကျိုးဆက်များနှင့်ပတ်သက်၍ မည်မျှဂရုမစိုက်ကြောင်း မည်မျှခေါင်းမာကြောင်းတို့ကို ဖော်ပြထားပါသည်။ လူအများသည် အလွှာဟ်အရှင်မြတ်နှင့် ထိုအရှင်၏အနှိုင်းမဲ့အသိဉာဏ်တော်နှင့် တန်ခိုးတော်တို့အား သတိမမူဘဲဖြစ်နေပါက ယင်းကဲ့သို့မကောင်းမှုများပေါ်ပေါက်စေပါသည်။ လက်ရှိအာယသ်လေးခုထဲတွင် ဖြေဆေးပါဝင်ပါသည်။ ဤနေရာတွင် အလွှာတအာလာသည် အရှင်မြတ်၏ဉာဏ်တော်၊ တန်ခိုးတော်တို့၏အချို့သောနမူနာများနှင့်လူသားများအား ပေးသနားတော်မူသောကောင်းချီးများနှင့်အကူအညီပေးမှုများကိုဖော်ပြထားပါသည်။ ယင်းတို့ကိုအနည်းငယ်ပြန်လည်တွေးကြည့်ရုံမျှဖြင့် ထိုကဲ့သို့အတိုင်းအတာရှိသော ကိစ္စရပ်များသည် အလွှာဟ်အရှင်မှတစ်ပါးမည်သည့်တန်ခိုးရှင်ကမျှပြီးမြောက်အောင်မလုပ်ဆောင်နိုင်သည်ကို အသိဉာဏ်ရှိသောလူတိုင်းကဝန်ခံကြပေလိမ့်မည်။

ပထမအာယသ်(၉၅)တွင်-**اِنَّ اللّٰهَ فٰلِقُ الْحَبِّ وَالنَّوٰى** "ဧကန်စင်စစ်၊ အလွှာဟ်အရှင်မြတ်သည် မျိုးစေ့များနှင့်သစ်စေ့များကို (အညောင့်အတက်ထွက်စေရန်) အက်ကွဲစေတော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။" ဟူ၍ မိန့်ထားသည်။ ဤတွင် ဖန်ဆင်းခြင်း၏ အံ့မခန်းဖွယ်ရာဖြစ်မှုကိုထောက်ပြထားပါသည်။ ခြောက်သွေ့သောမျိုးစေ့တစ်စေ့၊ သစ်စေ့တစ်စေ့တို့အားကွဲအက်စေကာ ယင်းမှအသက်ရှိစိမ်းလန်းသော သစ်ပင်တစ်ပင်ပေါ်ထွက် လာစေခြင်းမှာ စကြဝဠာတစ်ခုလုံး၏ဖန်ဆင်းရှင်လည်းဖြစ်သည့် အလွန်မြင့်မြတ်တော်မူသောအရှင်၏လုပ်ရပ်ဖြစ်ပါသည်။ လူသား၏လုပ်အားသည် ဤကိစ္စရပ်တွင်မည်သည်မျှမပါဝင်ပါ။ လယ်သမားတစ်ဦး အများဆုံး လုပ်ဆောင်နိုင်သည်မှာသစ်စေ့(သို့)မျိုးစေ့တစ်စေ့၏အတွင်းမှနူညံ့သောအဖူး(သို့) အညောင့်ပေါ်ထွက်လာရာလမ်းတွင်ရှိသော

အန္တရာယ်ပြုနိုင်သောအဟန့်အတားများကို ဖယ်ရှားရန်သာဖြစ်သည်။ အဖူးဖူးခြင်းသည်လည်းကောင်း၊ အညှောင့်ထွက်ခြင်းသည်လည်းကောင်းဖန်ဆင်းရှင်၏ကြီးကျယ်လှသောတန်ခိုးတော်အား ချီးကျူးခြင်းပင်ဖြစ်သည်။ မြေကြီးအားထွန်ယက်ခြင်း၊ သန့်စင်ခြင်း၊ ပျော့ပြောင်းစေခြင်း၊ ညှိခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ရေလောင်းခြင်းဆိုသည့် ကိစ္စရပ်များရှိပါသည်။ သို့ရာတွင် ဤကြိုးပမ်းမှုများက အများဆုံးအကျိုးဖြစ်စေနိုင်သည်မှာ အသစ်ပေါ်လာသည့် နူးညံ့သောအရာအား ကြီးထွားလာရာလမ်းတလျှောက်တွင် အခက်အခဲများမရှိစေခြင်းသာဖြစ်သည်။ ကျန်ရှိသောလုပ်ငန်း၊ စစ်မှန်သောလုပ်ငန်းဖြစ်သော၊ မျိုးစေ့နှင့်သစ်စေ့ကွဲအက်ခြင်း၊ ယင်းမှအဖူး(သို့) အညှောင့်ထွက်ပေါ်လာခြင်း၊ ၎င်းနောက် မြောက်မြားစွာသော အံ့ဖွယ်အမျိုးအစားများနှင့် အရောင်အသွေးများ ထွက်ပေါ်လာခြင်း၊ ပန်းပွင့်များနှင့် သစ်သီးဝလံများ(စိတ်ရှုပ်ထွေးဖွယ်ရာအရောင်အသွေးများ၊ အမျိုးအစားများ၊ ယနံ့များနှင့် အရသာများ)ပေါ်ထွက်လာစေသောအလုပ်ကို တစ်စုံတစ်ဦးက တာဝန်ယူလုပ်ဆောင်ပါသည်။ ဤသည်ကားမည်သည့်လူသား၏ ထွင်ဉာဏ်တို့ဖြင့် ထိုကဲ့သို့သစ်ရွက်တစ်ရွက်၊ ပွင့်ချပ်၊ တို့နှင့်နီးစပ်အောင်ပင် မပြုလုပ်နိုင်သောအတတ်ပညာနှင့် တန်ခိုးတော်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌- **اَفَرَ اَيۡتُمۡ مَّا تَحۡرُثُوۡنَ ءَاَنۡتُمۡ تَزۡرَعُوۡنَهٗۤ اَمۡ نَحۡنُ الزّٰرِعُوۡنَ** "အသင်တို့သည် မိမိတို့စိုက်ပျိုး ကြသည်များကိုမြင်ခဲ့ကြလေသလော။ ထိုစိုက်ပျိုးထားကြသည့်မျိုးစေ့ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေကြသလော။ သို့တည်းမဟုတ် ငါအရှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသော အရှင်မြတ်ဖြစ်တော်မူပါသလော။ (၅၆း၆၃-၆၄)

ထို့နောက်- **يُخۡرِجُ الۡحَىَّ مِنَ الۡمَيِّتِ وَمُخۡرِجُ الۡمَيِّتِ مِنَ الۡحَىِّ** "ထိုအရှင်မြတ်သည်သာလျှင် သက်မဲ့အရာများမှသက်ရှိသတ္တဝါများကိုထုတ်တော်မူလေသည်။ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်သည် သက်ရှိသတ္တဝါများမှသက်မဲ့အရာများကိုထုတ်တော်မူသောအရှင်လည်းဖြစ်တော်မူ၏။"ဟူ၍ မိန့်ထားပါသည်။ "အသေ"(သို့)သက်မဲ့ဆိုသည်မှာ လူသားနှင့်တိရစ္ဆာန်တို့အားသက်ရှိအသွင်သဏ္ဌာန်များအဖြစ် ဖြစ်ပေါ်စေသည့် ကလာပ်စည်း"ဆဲလ်"(သို့)သားဉကိုရည်ညွှန်းပါသည်။ အလားတူစွာ "သက်မဲ့မှ သက်ရှိကိုထုတ်ယူတော်မူခြင်း"ဟူသောအသုံးအနှုန်းသည် သက်ရှိများမှထွက်ပေါ်လာသော ထို"ကလာပ်စည်း"ဆဲလ်(သို့)သားဉမှ သက်ရှိထွက်ပေါ်လာသည်ကို ရည်ညွှန်းသည်။

ထို့နောက်- **ذٰلِكُمُ اللّٰهُ فَاَنّٰى تُؤۡفَكُوۡنَ** "သို့ဖြစ်ပေရာ အသင်တို့သည် (ထိုအရှင်မြတ် အားခဝတ်ကိုးကွယ်ခြင်းကိုစွန့်၍)အဘယ်သို့ပြန်လှည့်သွားကြလေသနည်း။"ဟု မိန့်ကြားထားသည်။ တစ်နည်းဆိုသော် ယင်းကဆိုလိုသည်မှာ ဤအရာအားလုံးတို့သည် အလွှာဟ်သအာလာတစ်ပါးတည်းသာလုပ်ဆောင်တော်မူခဲ့ကြောင်းကို အသင်တို့သည် သိလျက်နှင့်ထူးဆန်းသောဦးတည်ချက်များသို့ လမ်းလွဲသွားကာ အသင်တို့ကိုယ်တိုင်ထုလုပ်သောရုပ်ထုများအား ဒုက္ခများကိုဖယ်ရှားပေးသူများ၊ လိုအပ်ဆန္ဒများကို ဖြည့်ဆည်းပေးသူများနှင့် အသင်တို့ကိုးကွယ်စရာများဟူ၍မှတ်ယူခဲ့ကြသည်။

ဒုတိယအာယသ်(၉၆)ထဲ၌- **فَالِقُ الۡاِصۡبَاحِ** (ထိုအရှင်မြတ်သည် ညဉ့်၏ အမိုက်အမှောင်တွင်းမှ)နံနက်မိုးသောက်ချိန်ကိုခွဲ၍ထုတ်တော်မူသောအရှင်ဖြစ်တော်မူ၏။"ဟုမိန့်ကြားထားသည်။ ÷LaF- (ဖာလစ်က်)ဟူသောစကားလုံးသည် ခွဲခြမ်းသောသူဟု အဓိပ္ပာယ်ဆောင်ကာ ၎င်းနောက်ဤနေရာတွင်ပါရှိသော- **اَلۡاِصۡبَاحِ** "အလ်အစ်ဆွဲဗဟ်"ဟူသောစကားလုံးသည် နံနက်ခင်းအချိန်ဟု အဓိပ္ပာယ်ဆောင်သည်။ ထို့ ကြောင့် **فَالِقُ الۡاِصۡبَاحِ** (ဖာလိကုလ်အိဆွဲဗဟ်)ဟူသောအသုံးအနှုန်းသည် နံနက်ခင်းကိုခွဲခြမ်းသောသူဟု အဓိပ္ပာယ်ဆောင်သည်။

ဆိုလိုသည်မှာ အမှောင်ထု၏ အမှောင်လွှာကို ဆွဲဖြိုကာ နံနက်ခင်းကိုပေါ်ထွက်စေသူဟု အဓိပ္ပာယ်ရသည်။ ဤသည်မှာလည်း အတိုင်းအတာကြီးမားသောလုပ်ငန်းများအနက်မှ တစ်ခုဖြစ်ကာ အလုံးစုံ သောဂျင်များနှင့် လူသားတို့၏စွမ်းအားစုပေါင်းကာ လုပ်ဆောင်ခဲ့သော်လည်း မည်သို့မျှ မဖြစ်နိုင်သောအရာဖြစ် သည်။ ယင်း၏မှန်ကန်ချက်ကို သိရန်အတွက် ဘာမျှမလိုအပ်ပါ။ စွမ်းအားရှိသောမျက်လုံး(၂)လုံးပိုင်ဆိုင်သော လူတိုင်းတို့သည် ညဉ့်၏အမှောင်မှ နံနက်ခင်းအလင်းသို့ရောက်ရှိရန်လုပ်ဆောင်သောသူနှင့် ဖန်ဆင်းသောသူသည် အမှန်တရားထဲမှဖြစ်စေ၊ ယုံတမ်းစကားမှဖြစ်စေ လူသားသော်လည်းကောင်း၊ ကောင်းကင်စေတမန်သော်လည်းကောင်း၊ အခြားသောအဖန်ဆင်းခံထဲမှသော်လည်းကောင်း မဖြစ်နိုင်ကြောင်းကိုဝန်ခံရပါလိမ့်မည်။ ငြင်းဆို၍မရသောအမှန်တရားမှာ ဤလုပ်ငန်းသည် လူသားတို့၏နားလည်မှု အလွန်တွင်ရှိသောအရှင်၊ စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူသော တစ်ပါးတည်းသောအရှင်၏ လုပ်ရပ်သာဖြစ်ပါသည်။

rOfhtcsdefumr; emr;aeaeefjyKvkyfxmr;jcif;onf aumif;csD;r*Fmwpf&yfjzpfonf

ထိုသည်နောက်-**وَجَعَلَ الَّيۡلَ سَكَنًا** "ၔင်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် ညဉ့်အချိန်ကို(လူသတ္တဝါအပေါင်းတို့)အနားယူရန်ပြုလုပ်ထားတော်မူ၏။"ဟုမိန့်ထားသည်။ ၶ^\-S- (စကန်)ဟူသောစကားသည် -O^\<S< (စုကူန်)ဟူသောစကားလုံးမှဆင်းသက်လာသည်။ တစ်စုံတစ်ဦးအား ငြိမ်းချမ်းသာယာစေခြင်းနှင့်သက်သောင့်သက်သာရှိစေခြင်း အခြေအနေကိုရောက်ရှိစေသော(သို့) ရရှိစေသောနည်းလမ်းများ၊ အချိန်၊ နေရာထိုင်ခင်းစသည့်အရာအားလုံးတို့ကို(စကန်)ဟုခေါ်သည်။ ထို့ကြောင့် လူတစ်ဦး၏နေအိမ်အား ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင်(စကန်)ဟုရည်ညွှန်းထားပါသည်။ **جَعَلَ لَكُمۡ مِّنۢ بُيُوۡتِكُمۡ سَكَنًا** "အသင်တို့အဖို့ အသင်တို့၏ အိမ်များကို နေထိုင်ရာဌာနပြုလုပ်တော်မူခဲ့လေသည်။"(၁၆း၈၀)ဤကဲ့သို့မိန့်ကြားရခြင်းမှာ လူတစ်ယောက်၏အိမ်သည် တဲအိမ်တစ်လုံးပင်ဖြစ်လင့်ကစား၊ ယင်းသည် ငြိမ်းချမ်းခြင်းနှင့်သက်သောင့်သက်သာဖြစ်စေခြင်းတို့၏ ပုံမှန်အရင်းအမြစ်ဖြစ်ပါသည်။ ထို့ကြောင့် ဤဝါကျက အလွှာဟ်သအာလာသည် ညဉ့်အားသက်ရှိသတ္တဝါတိုင်းတို့အတွက် ငြိမ်းချမ်းခြင်းနှင့်သက်သောင့်သက်သာဖြစ်စေရန်အချိန်ဟု သတ်မှတ်ထားသည်။ ဖော်ပြပြီးဖြစ်သော-**فَالِقُ الۡاِصۡبَاحِ** (ဖာလိကုလ်အိဆ်ဗဟ်)"နံနက်မိုးသောက်ချိန်ကိုခွဲထုတ်တော်မူသောအရှင်ဖြစ်တော်မူ၏။"ဟူသော မိန့်ကြားချက်က၊ တစ်စုံတစ်ဦးသည်နေ့၏ အလင်းရောင်အရ အကျိုးကျေးဇူးများရရှိသကဲ့သို့ ညဉ့်၏အမှောင်တွင်လည်း နေ့နှင့်လုံးဝတူနိုင်ခြေမရှိသော အကျိုးကျေးဇူးများရရှိသည်ဟု ဖော်ပြထားပါသည်။ ထို့နောက်-**جَعَلَ الَّيۡلَ سَكَنًا** "ထိုအရှင်မြတ်သည်ပင်လျှင် ညဉ့်အချိန်ကို(လူသတ္တဝါအပေါင်းတို့အနားယူရန် ပြုလုပ်ထားတော်မူ၏။"ဟူသည်က နေ၏အလင်းရောင်တွင် လူသားများတို့၏ ရောင်းဝယ်ဖေါက်ကားမှုများစွာနှင့် အိမ်မှုဝေယျာဝစ္စတို့ကို လုပ်ဆောင်နိုင်သည်ဆိုသည်မှာ ကြီးမားသောကောင်းချီးတစ်ခုဖြစ်ကြောင်း ညွှန်းထားသကဲ့သို့ ညဉ့်၏အမှောင်သည်လည်း လူသားတစ်ဦး၊ တစ်နေ့တာပင်ပင်ပန်းပန်းလုပ်ဆောင်ခဲ့ခြင်းကြောင့် မောပန်းနွမ်းနယ်မှုအားလုံးတို့အား ဖြေဖျောက်အနားရစေကာ နောက်နေ့တွင်အလုပ်လုပ်နိုင်စေရန်အတွက် ခွန်အားများပြန်လည်ရရှိစေသောကြောင့် ယင်းသည်လည်း ကြီးမားသောကောင်းချီးတစ်ရပ်ဖြစ်ပါသည်။ သို့မဟုတ်ပါမူ အနားမရသော ဝန်ဆောင်မှုအား လူသားသဘာဝကဒဏ်မခံနိုင်ပါ။ သက်သောင့်သက်သာ ဖြစ်စေရန်အတွက် ညဉ့်၏အမှောင်

အား ရွေးချယ်သတ်မှတ်ခြင်းသည် အစဉ်မပြတ်ကောင်းချီးတစ်ရပ်ဖြစ်ပါသည်။ ၎င်းနောက် အလ္လာဟ်သအာလာ၏ ငြင်းဆန်၍မရသည့်အောင်နိုင်သော တန်ခိုးတော်၏ အထူးလက်တွေ့ပြသမှုမုချဧကန်ဖြစ်သည်။ ဤကောင်းချီးမင်္ဂလာသည် တောင်းခံခြင်းမပြုရဘဲ နေ့စဉ်အလွယ်တကူရရှိသောကြောင့် တစ်စုံတစ်ဦးသည် ယင်းကိုမည်မျှကြီးကျယ်သောကောင်းကျိုးနှင့်ဆုလာဘ်ဖြစ်ကြောင်း မတွေးတောမိပါ။ လူတိုင်းလူတိုင်း မိမိစိတ်ကြိုက်နားနေမည့် အချိန်သတ်မှတ်ခြင်းအကြောင်းကို စဉ်းစားကြည့်ပါ။ သို့ဆိုလျှင် တစ်စုံတစ်ဦး နံနက်(၈)နာရီတွင် အိပ်စက်ရန် ပြင်ဆင်နေသကဲ့သို့ အခြားတစ်ဦးက (၁၂)နာရီမှာ အိပ်ရန်ပြင်ဆင်နေသလို၊ အခြားအခြားသောသူများသည် နေ့နှင့်ည တွင်ရှိ အမျိုးမျိုးသော ကသိကအောက်ဖြစ်စေမည့်အချိန်များတွင် အိပ်စက်ရန်ပြင်ဆင်နေကြပါလိမ့်မည်။ ရလဒ်မှာ နေ့နှင့်ညရှိ (၂၄)နာရီအနက် လူသားများသည် တစ်နာရီမျှပင် ၎င်းတို့လုပ်ငန်းများအတွက် အားလပ်သည်ဟူ၍ရှိလိမ့်မည်မဟုတ်ပါ။ လုပ်ငန်းများ၊ စက်ရုံတို့သည် ပုံမှန်လုပ်ဆောင်နိုင်လိမ့်မည်မဟုတ်ပါ။ ထိုကဲ့သို့သောမနားမနေလုပ်ရပ်များကြောင့် မလွဲမရှောင်သာသော ရလဒ်မှာ အိပ်စက်ခြင်း၏ငြိမ်းချမ်းသာယာမှုကိုအနှောင့်အယှက်ဖြစ်စေကာ အလုပ်လုပ်သူများတို့အတွက်လည်း အကျိုးမဲ့စေပါသည်။ သွားလာလှုပ်ရှားနေသောယာဉ်များ၊ စက်ရုံများနှင့်လုပ်သားများမှထွက်ပေါ်လာသော ကျယ်လောင်သည့် ဆူညံသံတို့သည် အိပ်စက်ခြင်း၏ ငြိမ်းချမ်းသာယာမှုကိုနှောင့်ယှက်ပါလိမ့်မည်။ ထို့နောက်အိပ်ရေးပျက်သောလုပ်သားများကြောင့် ၎င်းတို့လုပ်ငန်းကိုထိခိုက်ပါလိမ့်မည်။ ထိုသည်ကိုထပ်ဆောင်းသည့်အနေဖြင့် အိပ်နေသူတို့သည် ၎င်းတို့အိပ်စက်နေသောအချိန်၌ လုပ်ဆောင်ရမည့်အလုပ်များကိုလည်း လက်လွတ်သွားကြပါလိမ့်မည်။ အတိုချုပ်ဆိုရသော် အလ္လာဂျလာရှာနဟူးသည် အရှင်၏ကြီးကျယ်သောထိန်းချုပ်နိုင်မှုတန်ခိုးတော်အရ လူသားများသာမက အားလုံးသောသက်ရှိသတ္တဝါများအပေါ်၌ အလုပ်ကိုရပ်တန့်ကာ အိပ်စက်ရန်အတွက် အိပ်စက်လိုခြင်းဖိစီးမှုတစ်ရပ်ကို သတ်မှတ်လိုက်ပါသည်။ အမှောင်ပျိုးသည်နှင့်တပြိုင်နက် ငှက်များ၊ သားရဲတိရစ္ဆာန်များနှင့် ကျွဲ၊ နွားများတို့သည် ၎င်းတို့၏အသိုက်များ၊ သားရဲတွင်းများနှင့် အိမ်များဆီသို့ ဦးတည်သွားကြပါသည်။ လူသားတို့အတွက် အလုပ်လုပ်ခြင်းရပ်နားရန်မဖြစ်မနေကိစ္စရပ်ဖြစ်သွားကာ သူ၏အနားယူရန်နေရာကိုစတင်ရှာဖွေပါတော့သည်။ ငြိမ်သက်ခြင်းလွှမ်းမိုးသွားပါသည်။ အလင်းရောင်သည် အမြဲတစေအိပ်စက်ခြင်းကို အထောက်အကူမပြုသောကြောင့် ညဉ့်၏အမှောင်ထုသည် အိပ်စက်ခြင်း၊ အနားယူခြင်းနှင့်မိတ်ဖက်ဖြစ်သွားပါတော့သည်။

အကယ်၍ ကမ္ဘာပေါ်ရှိ အားလုံးသော အစိုးရများနှင့်လူများသည် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ခုရယူကာ ကမ္ဘာလုံးဆိုင်ရာအိပ်စက်ချိန်တစ်ခုသတ်မှတ်လိုက်ပါက မည်သို့ဖြစ်သွားမည်ကိုစဉ်းစားကြည့်စမ်းပါ။ ဤသည်ကြောင့်ဦးစွာပထမ မြောက်မြားစွာသောပြဿနာများပေါ်ထွက်လာပေလိမ့်မည်။ အကယ်၍လူသားအားလုံးတို့သည် ထိုဖြစ်နိုင်ချေရှိသော သဘောတူညီချက်ကို လိုက်နာသောအားဖြင့် သတ်မှတ်ထားချိန်တွင် အိပ်စက်ကြပါလျှင် ထိုသဘောတူညီချက်ကို တိရစ္ဆာန်တို့အား မည်သူကလိုက်နာစေလိမ့်မည်နည်း။ အကယ်၍ သာထိုတိရစ္ဆာန်များလွတ်လပ်စွာသွားလာနေပါက အိပ်စက်နေသောလူသားများနှင့် ၎င်းတို့၏ပိုင်ဆိုင်ခြင်းများမည်သို့ဖြစ်သွားမည်နည်း။ ကြီးကျယ်လှသော အလ္လာဟ်အရှင်၏ကြီးမြင့်မြတ်မှုအရနှင့် အရှင်၏ထိန်းချုပ်နိုင်စွမ်းတန်ခိုးတော်အရ လူသားတိုင်း လူသားတိုင်းနှင့် သက်ရှိသတ္တဝါတိုင်းအပေါ်၌ သတ်မှတ်ထားသောအချိန်တွင် မဖြစ်မနေအိပ်စက်ခြင်းပြုရန် ပြဋ္ဌာန်းခဲ့ပြီး ထိုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်လိုအပ်မှုမှ ကင်းလွတ်

စေပါသည်။ **فَتَبٰرَكَ اللّٰهُ اَحۡسَنُ الۡخٰلِقِيۡنَ** "အကောင်းဆုံးသောဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှထူးကဲမြင့်မြတ်လှဘိပါသနည်း။"(၂၃း၁၄)

aeESifvjyd©dkef

နောက်ဝါကျ- **وَالشَّمۡسَ وَالۡقَمَرَ حُسۡبَانًا** "နေနှင့်လတို့ကိုလည်း(နေ့ရက် လများ)တွက်ချက်နိုင်ရန်" ဟူသောဝါကျပါ-**حُسۡبَان**(ဟုစ်ဗန်)ဟူသောစကားလုံးသည် ကြိယာနာမ်ဖြစ်ကာ ရေတွက်ရန်၊ ချိန် တွယ်ရန်၊ တွက်ချက်ရန်(သို့) ချင့်ချိန်နှိုင်းဆရန်ဟူသော အနက်အဓိပ္ပာယ်ဖြင့် သုံးစွဲထားပါသည်။ အာယသ်တော်၏ဆိုလိုရင်းမှာ အလ္လာဟ်သအာလာသည် နေနှင့်လတို့၏ထွက်ခြင်းနှင့်ဝင်ခြင်း၊ ၎င်းတို့၏သွားလာလှုပ်ရှားမှုအားသီးသန့်အတိုင်းအတာတစ်ခုဖြင့်သတ်မှတ်ထားသောကြောင့် လူသားများတို့သည် နှစ်များ၊ လများ၊ ရက်များ၊ နာရီ၊ မိနစ်၊ စက္ကန့်များကိုပင် လွယ်လင့်တကူတွက်ချက်နိုင်ပါသည်။

တစ်ဖန် ဤသည်မှာ ထိုအရှင်၏ထိန်းချုပ်နိုင်စွမ်းတန်ခိုးတော်နှင့် စိတ်တိုင်းကျလုပ်ဆောင်ခန့်ခွဲနိုင်မှုကိုပြသခြင်းဖြစ်သည်။ ယင်းကြောင့် အံ့သြဖွယ်ရာအချီးအစားရှိပြီး၊ ထိုမျှကြီးကျယ်တောက်ပသော ကမ္ဘာဂြိုလ်ကြီးများနှင့် ၎င်းတို့၏သွားလာလှုပ်ရှားမှုတို့အား သတ်မှတ်ထားသည့်အတိုင်း ခက်ခဲနက်နဲစွာစီမံထားသောကြောင့် နှစ်ပေါင်းထောင်ပေါင်း မြောက်မြားစွာကြာသည့်တိုင် တစ်စက္ကန့်မျှမလွဲပါ။ ထိုကဲ့သို့ အပြစ်အနာအဆာကင်းမဲ့စွာ ၎င်းတို့လုပ်ဆောင်နိုင်စေရန်အတွက် မည်ကဲ့သို့သောစက်ယန္တယားများအသုံးပြုထားခဲ့သည်ဖြစ်ပါစေ၊ ယင်းတို့အတွက် အလုပ်ရုံများမလိုသလို ကွန်ပ်တို့လုပ်လေ့ရှိသောလုပ်ထုံးအရ အချိန်ကြာမြင့်လာသောကြောင့် အစိတ်အပိုင်းများကိုလည်းပြုပြင်ရန်အစားထိုးရန်မလိုပါ။

အလင်းရောင်လွှမ်းခြုံမှုများ၊ ၎င်းတို့လုပ်ဆောင်မှုများ၊ လှုပ်ရှားမှုများ၊ စနစ်တွင်ရှိသောအရာရာတိုင်းတို့သည်အမိန့်ပေးထားသည့်အတိုင်း အပြစ်အနာကင်းစွာဖြင့် လုပ်ဆောင်ကြပါသည်။

لَا الشَّمۡسُ يَنۡۢبَغِىۡ لَهَاۤ اَنۡ تُدۡرِكَ الۡقَمَرَ وَلَا الَّيۡلُ سَابِقُ النَّهَارِ "နေသည် လကိုမမီနိုင်ပေရာ ထိုနည်းတူစွာ ညဉ့်သည်လည်းနေ့ကိုကျော်လွန်နိုင်သည် မဟုတ်ပေ။(၃၆း၄၀) ဤကဲ့သို့ဖြစ်ရခြင်းသည်ကား အလ္လာဟ်အရှင်မြတ်၏အံ့ဖွယ်ကောင်းပြီး ပြင်ဆင်ရန်မလိုသည့်စနစ်ကြောင့်ပင်ဖြစ်ပါသည်။ စနစ်၏ဤထင်ရှားစွာပြသမှုများကို လူသားသည် ထိုအရာများကို ၎င်းတို့အလိုအလျောက် ၎င်းတို့တည်ရှိနေသည်ဟုမှတ်ယူရုံမျှမက ကိုးကွယ်မှုကိုပင် ပြုကြပါသည်။ အကယ်၍သာ ဤစနစ် တွင်အပြစ်အနာအဆာများရှိပြီး ဟိုနေရာ၊ သည်နေရာ၌ ချို့ယွင်းမှုရှိပါက စနစ်ကိုအချိန်ယူအနားပေးပြီး ပြင်ဆင် မှုများပြုလုပ်ရပါမည်ဆိုလျှင် ဤစနစ်သည်အလိုအလျောက်မဟုတ်ဘဲ တစ်စုံတစ်ဦးက ပြုလုပ်ထားပြီး တစ်စုံ တစ်ဦးကအမြဲတမ်းမောင်းနှင်ရမည်ကိုတွေ့ရှိရပါလိမ့်မည်။ သို့ရာတွင် ဤကြီးကျယ်သောကောင်းကင်ဂြိုလ်များ၏ အမြဲတစေတည်ရှိမှုနှင့်ပြောင်မြောက်မှုတို့သည် လူသားများအားယင်းတို့၏နောက်ကွယ်တွင်ရှိသော စစ်မှန်မှုကို မမြင်စေနိုင်တော့ပါ။ ယင်းကိစ္စရပ်များကို လူသားများသိနားလည်စေရန်အတွက် ကျမ်းဂန်များချပေးပြီး၊ နဗီတမန်တော်များစေလွှတ်ခဲ့ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏မိန့်ဆိုချက်ကလည်း နှစ်များ၊ လများကိုတွက်ချက်ရာတွင် နေစနစ်နှင့်လ စနစ်များကိုသုံးစွဲနိုင်ကြောင်း ရည်ညွှန်းထားပါသည်။ နှစ်မျိုးစလုံးတို့သည် အလွှာဟ်သအာလာရှနဟူး၏ဆုလာဘ်တော်များဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ လူအများစုတို့အား ရှုပ်ထွေးလှသောတွက်ချက်မှုများတို့မှ ကင်းဝေးစေပြီး အဆင်ပြေစေရန်အတွက် အစွလာမ့်အမိန့်ညွှတ်ချက်များတွင် လစနစ်ဖြင့်ပြုလုပ်ထားသောပြက္ခဒိန်ကို အသုံးပြုခြင်းသည် အခြားကိစ္စရပ်ဖြစ်ပါသည်။ အစ္စလာမ့်သမိုင်းနှင့်အမိန့်ပညတ်ချက်များသည် လစနစ်ဖြင့်ပြုလုပ်ထားသောပြက္ခဒိန်ကိုအခြေခံထားသောကြောင့် မုစ်လင်မ်အုမ္မသ်ထုအပေါ်၌ ဤပြက္ခဒိန်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် မပြုမနေရတာဝန်တစ်ရပ်ဖြစ်ပါသည်။ အခြားသောတွက်ချက်နည်းများဖြစ်သော နေစနစ်(သို့) ဂရေဂိုရီယမ်ပြက္ခဒိန်အား အချို့သောလိုအပ်ချက်တို့ကြောင့် သုံးစွဲခဲ့ပါလျှင် ယင်းသို့သုံးစွဲခြင်းသည်အပြစ်ဂုနာဟ်မဖြစ်ပါ။ သို့ရာတွင် လစနစ်ဖြင့် ပြုလုပ်ထားသောပြက္ခဒိန်အားမေ့ပျောက်သည်အထိ လုံးဝလျစ်လျူရှုထားခဲ့ပါလျှင် ကြီးမားသော ဂုနာဟ်ပြစ်မှုဖြစ်ပါသည်။ ယင်းကဲ့သကောင်းအကြောင်းမလှသော လုပ်ရပ်သည် မုစ်လင်မ်တစ်ဦး မည်သည့်အချိန်၌ ရမသွန်၊ ဇုလ်ဟိဂ္ဂျဟ်နှင့် မုဟ်ရမ်လများကျရောက်မည်ကို မသိရှိနိုင်သောအခြေအနေသို့ရောက်ရှိသွားပါလိမ့်မည်။

အာယသ်တော်အဆုံး၌- ذٰلِكَ تَقْدِيْرُ الْعَزِيْزِ الْعَلِيْمِ " ဤသည် တန်ခိုးအာနုဘော်နှင့်ပြည့်စုံတော်မူသောအရှင်၊ အလုံးစုံကိုအကြွင်းမဲ့သိတော်မူသောအရှင်၏စီမံခန့်ခွဲမှုပင်တည်း။ ဆိုလိုသည်မှာ တစ်စက္ကန့်မျှပင် ကွဲပြားခြားနားမှုမရှိသော ကြီးမားလှသည့် အတိုင်းအတာရှိသည့် ဤအံ့ဩဖွယ်စနစ်၏သွားလာမှု၊ တိကျမှုနှင့်အမြဲထာဝရတည်ရှိမှုများတို့သည် ဩဇာတိက္ကမနှင့်ပြည့်စုံကာ အထွတ်အထိပ်တန်ခိုးအာဏာနှင့်ပြည့်စုံတော်မူသောအရှင်၏လုပ်ရပ်သာဖြစ်ပါတော့သည်။ ယင်းအရှင်မြတ်သည်ကား (اَلْعَزِيْزِ)အလ်အဇီးဇ် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ ရှိရှိသမျှတို့ကို ထိန်းချုပ်နိုင်တော်မူသောအရှင်၊ အလွှာဟ်အရှင်၏ဆန္ဒတော်အရသင့်တင့်လျောက်ပတ်သည်ဟု ယူဆသည်များကိုရှင်းလင်းစွာဖော်ထုတ်နိုင်စွမ်းရှိတော်မူသောအရှင်၊ ၎င်းပြင် အလုံးစုံကိုလည်း အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်ကာ အရာရာတိုင်းတို့ကို သိရှိနားလည်တော်မူပြီး၊ ထိုအရှင်လုပ်ဆောင်ရန် ရွေးချယ်သည်တို့ကို ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

တတိယအာယသ်(၉၇)ထဲတွင်- وَهُوَ الَّذِىْ جَعَلَ لَكُمُ النُّجُوْمَ لِتَهْتَدُوْا بِهَا فِىْ ظُلُمٰتِ الْبَرِّ وَالْبَحْرِ " ၎င်းပြင်၊ ထိုအရှင်မြတ်သည်ပင်လျှင် အကြင်အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ နက္ခတ်တာရာများကို ကုန်းမြေနှင့်သမုဒ္ဒရာပင်လယ်၏အမှောင်များတွင် လမ်းမှန်ရစေခြင်းငှာပြုလုပ်တော်မူခဲ့လေသည်။" ဟူ၍ မိန့်ထားသည်။ တစ်နည်းဆိုရသော် ဤနေရာ၌မိန့်ထားသည်မှာ နေနှင့်လတို့အပြင် အခြားသောကြယ်များလည်းရှိပါသေးသည်။ ယင်းတို့သည် အလွှာဟ်အရှင်မြတ်၏ပြီးပြည့်စုံသော တန်ခိုးတော်၏ထင်ရှားပြသမှုတစ်ခုဖြစ်ကာ တုန်ငှိုးမရရောဲ့၊ ဟူ၍ဖြစ်သည်။ အလွှာဟ်အရှင်မြတ်၏ ဟိစ်က်မသ်ဉာဏ်တော်အကြောင်းပြန်လည် စဉ်းစားဆင်ခြင်မှုများစွာအနက်မှတစ်ခုမှာ ညဉ့်တို့၏အမှောင်တွင် ရေလမ်းဖြစ်စေ၊ ကုန်းလမ်းဖြစ်စေ၊ ခရီးသွားနေသောလူသားများ၊ ၎င်းတို့၏သွားရာလမ်းကိုသတ်မှတ်နိုင်သည်ဆိုသော ချက်ချင်းအကျိုးဖြစ်ထွန်းမှုရစေပါသည်။ ခေတ်မှီပြီး ရှုပ်ထွေးလှသောလမ်းညွှန်မှုစနစ်များရှိသော ဤခေတ်မှာပင် အတွေ့အကြုံများအရ အချို့သောအခြေအနေမျိုးတွင်ကြယ်တို့၏တည်ရှိမှုမှ လမ်းညွှန်မှုရသောကြောင့် ယင်းစနစ်ကို လုံးဝပြစ်ပယ်၍မရပါ။

ဤအာယသ်ထဲတွင် ဖေါ်ပြထားသည့်အကြောင်းမှာ တစ်စုံတစ်ဦးသည် ဂရုမမူခြင်းနှင့်အမြင်ကျဉ်းခြင်း တို့ထက်ပိုလွန်ကာ ဤကြယ်တာရာများသည်လည်း ၎င်းတို့အားပြုလုပ်တော်မူသောအရှင်၊ ရွေ့လျားစေသော အရှင်၏အမိန့်ကိုလိုက်နာကျင့်သုံးနေကြောင်းမြင်ရပါမည်။ ထိုကြယ်များသည် သူတို့ဖာသာသူတို့တည်ရှိနေခြင်း လည်းမဟုတ်၊ ထိုနေရာ၌တည်ရှိနေရခြင်းသည်လည်း သူတို့ကြောင့်မဟုတ်သကဲ့သို့၎င်းတို့အမြဲရွေ့လျားနေခြင်း သည်လည်း ၎င်းတို့ဖာသာလုပ်ဆောင်နေခြင်းမဟုတ်ပါ။ ထိုကြယ်တာရာများကိုကြည့်ပြီး ၎င်းတို့၏ဖန်ဆင်းရှင်အား ရှာဖွေစူးစမ်းရန်လျစ်လျူရှုကြသောသူတို့သည် အလွန်ဆိုးဝါးစွာအမြင်ကျဉ်းပြီး အမှန်တကယ်အားဖြင့် မိမိကိုယ် ကိုမိမိလှည့်ဖြားနေကြပါသည်

ထို့နောက်-**قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ** "စင်စစ်ကောင်းအရှင်မြတ်သည်(မိမိ)သက် သေသာဓကတို့ကို သိနားလည်သောသူတို့အဖို့ အသေးစိတ်ရှင်းလင်းဖော်ပြတော်မူခဲ့လေသတည်း။"ဟုမိန့်ထား သည်။ အလွှာသအာလာရှိကြောင်းနှင့်အရှင်၏တန်ခိုးတော်ကို ဤကဲ့သို့ပွင့်လင်းသောလက္ခဏာများမှပင် သိရှိ နားလည်ခြင်းမရှိကြသောသူများတို့သည် သတိမမူပြီး၊ အသိစိတ်မရှိကြသောသူများဟု အဆိုအမိန့်ကရှင်းလင်းစွာ ရည်ညွှန်းပါသည်။

စတုတ္ထအာယသ်(၉၈)ထဲတွင်-**وَهُوَ الَّذِىْٓ اَنْشَاَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ فَمُسْتَقَرٌّ وَّمُسْتَوْدَعٌ** "၎င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် အကြင်အရှင်မြတ်တည်း၊ ထိုအရှင်မြတ်သည် အသင်(လူသား)တို့အား လူတစ်ဦး တစ်ယောက်တည်းမှ ဖြစ်ပွားစေတော်မူခဲ့လေသည်။ တစ်ဖန်(အသင်တို့အဖို့)ကြာရှည်နေရန်နေရာတစ်ခု (မိခင်၏သားအိမ်)လည်းရှိ၏။ ၎င်းပြင်ခေတ္တနေကြရန်နေရာတစ်ခု(အသင်တို့၏ကျောက်ကုန်း)လည်းရှိ၏။ "ဟုမိန့်ကြားထားသည်။ စာသားထဲ တွင်သုံးစွဲထားသော**مُسْتَقَرّ**"မုစ်သကာရ်"ဟူသောစကားလုံးသည်-**قَرَارً** "ကရာရ်"မှဆင်းသက်လာခဲ့သည်။ ထို့ကြောင့်"မုစ်သကာရ်"တစ်စုံတစ်ဦး(သို့)တစ်စုံတစ်ခုအတွက် အနားယူရန် နှင့်ငြိမ်းချမ်းသာယာခြင်းရှိသောနေရာ"ကရာရ်"ဟုရည်ညွှန်းပါသည်။ စာသားပါ-**مُسْتَوْدَع** "မုစ်သောင်ဒအ်" ဟူသော စကားလုံးသည် "ဝအီဒဟ်"မှဆင်းသက်လာကာ၊ တစ်စုံတစ်ဦးနှင့်အတူ တစ်စုံတစ်ရာအား ရက်အနည်း ငယ် ယာယီထားရှိရန်ဟုဆိုလိုပါသည်။ ထို့ကြောင့် "မုစ်သောင်ဒဟ်"သည်တစ်စုံတစ်ခုအား ရက်အနည်းငယ်ယာယီ ထားရှိသည့်နေရာဟုဖေါ်ညွှန်းပါသည်။

ထို့ကြောင့် ဝါကျ၏အဓိပ္ပာယ်က "အလွန်မြင့်မြတ်တော်မူသော "အလ္လာဟ်သအာလာ"သည် လူသား အားလူတစ်ဦး(စိုက်ယိဒါနာအာဒမ်) (u) မှဖန်ဆင်းခဲ့ပါသည်။ ထို့နောက်လူသားအတွက် အချိန်အတိုင်းအတာ တစ်ခုထိနေထိုင်ရန်နေရာတစ်ခု"မုစ်သကာရ်"ပြုလုပ်ပေးခဲ့ပါသည်။ ထို့နောက်ရက်အနည်းငယ်ယာယီနေထိုင်ရန် "မုစ်သောင်ဒဟ်"တစ်ခုပြုလုပ်ပေးခဲ့ပါသည်။"ဟု အဓိပ္ပာယ်ဆောင်ပါလိမ့်မည်။

ကုရ်အာန်ကျမ်းတော်မြတ်ပါစကားလုံးတို့သည် မိန့်ကြားထားသည့်အတိုင်းရှိနေပါသည်။ သို့ရာတွင် ၎င်း တို့အား အဓိပ္ပာယ်ဖွင့်ဆိုမှုတွင်ဖြစ်နိုင်ချေမြောက်မြားစွာရှိပါသည်။ ထို့အတွက်ကြောင့် ဤတွင်ဦးကာရှင်များတို့၏ အဆိုအမိန့်များကွဲပြားခြားနားကြပါသည်။ အချို့က "မုစ်သောင်ဒဟ်"သည်မိခင်၏သားအိမ်ဖြစ်ပြီး"မုစ်သကာရ်" သည်ဤကမ္ဘာလောကဟုပြောကြပါသည်။ အခြားသောသူတို့က "မုစ်သောင်ဒဟ်"သည် သချိုင်းဖြစ်ပြီး "မုစ် သကာရ်"သည် အာခိရသ်၏နေထိုင်ရာဒေသဟုပြောကြပါသည်။ ၎င်းနောက် အခြားသောပြောဆိုချက်များ

လည်းရှိပါသေးသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏စကားလုံးများထဲတွင် ဤအရာများအားလုံး ဖြစ်နိုင်ချေရှိပါသည်။ ဟဇရသ်ကာသွီစနာအုလ္လာပနီပသီ ([ylI.A] mHR) က သူ၏သဖီရိမဇ်ဟရီကျမ်းထဲတွင် "မုစ်သကာရ်"သည် အာခိရသ်၏နေထိုင်ရာဖြစ်သော "ဂျန္နသ်"(သို့)"ဂျဟန္နမ်"ဖြစ်သည်။ မိခင်၏သားအိမ်တွင်ဖြစ်စေ၊ "ဘရဇခ်"(သေဆုံးပြီးသည့်နောက် ပြန်လည်ရှင်ထခြင်းမပြုမီကြားကာလ)အခြေအနေတွင်ဖြစ်စေ ယာယီနေထိုင်သည့်နေရာသည် "မုစ်သောင်ဒဟ်"ဖြစ်သည်ဟုဆုံးဖြတ်ခဲ့သည်။ "မုစ်သောင်ဒဟ်"သည် လူ့ဘဝအစမှ အာခိရသ်ရောက်သည်အထိ ဖြတ်သန်းရသော လူသားအားလုံးတို့၏ အခြေအနေများနှင့်အဆင့်များဖြစ်ကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်ပါ အာယသ်တော်(၈၄း၁၉)က- **لَتَرْ كَبُنَّ طَبَقًا عَنْ طَبَقٍ** "အမှန်ပင် အသင်တို့သည် တစ်ဆင့်မှတစ်ဆင့်သို့တက်ကြရပေမည်။" ဤအယူအဆကို အလေးပေးရန်အတွက် အတည်ပြုထားရန်ရှိပါသည်။ ရလဒ်မှာ"အာခိရသ်"နောက်ဆုံးနေထိုင်ရာသို့မရောက်မချင်းလူသားသည် သူ၏ဘဝတစ်ခုလုံးခရီး သွားအနေဖြင့် ရှိနေကာ သူတွင်ငြိမ်းချမ်းသာယာမှုနှင့်နားနေခြင်း ထင်ရှားစွာရှိနေသော်လည်း အမှန်အားဖြင့် သူ၏လူဖြစ်ခြင်း ညဘဝတွင် ခရီးရှည်ကြီးကိုတစ်ဆင့်ပြီးတစ်ဆင့်သွားနေခြင်းဖြစ်ပါသည်။

مسافر ہوں کہاں جانا ہے، نا واقف ہوں منزل سے
ازل سے پھرتے گورتك پھنچا ہوں مشکل سے

ကျွန်ုပ်ကား ခရီးသွားတစ်ယောက်ဖြစ်သည်။ ကျွန်ုပ်၏ခရီးဆုံးကို ကျွန်ုပ်မသိပါ။

အဆုံးအစမရှိသည့် အကွေ့အကောက်များစွာနှင့် သွားလာလှုပ်ရှားကာ ကျွန်ုပ်သချိုင်းအထိရောက်ခဲ့ပြီ။

မည်မျှကြမ်းတမ်းခက်ထန်သည်ကို ကျွန်ုပ်သိပါသည်။ နောက်တွင် ဘာဖြစ်မည်ဆိုသည်ကို ကျွန်ုပ်မသိပါ။

နိဂုံးချုပ်မှာ ကျွန်ုပ်တို့လေ့လာနေသော နောက်ဆုံးအာယသ်(၉၈)က ထင်ထင်ရှားရှားဂင်းတို့မြင်ရပြီး အပေါ်ယံရွေ့မှုန့်ကြဲထားသည့် စွဲလမ်းဖွယ်ရာများအတွက် ဂင်းတို့၏စိတ်နှလုံးများနှင့်ရောင်းချခဲ့ကာ အရာဝတ္ထုများကို အရူးအမူးစွဲလမ်းပြီး ဂင်းတို့၏လူသားအဖေါ်များအား မနာလိုဝန်တိုစိတ်ဓာတ်များရှိသောသူတို့သည် ဂင်းတို့နေထိုင်ရမည့်နေရာသည် အခြားတစ်နေရာတွင်ရှိကြောင်း၊ ဂင်းတို့၏ဖန်ဆင်းရှင်ထံပြန်လည်သွားရမည်ဖြစ်ကြောင်းနှင့် အဆုံးတွင် "အာခိရသ်"နယ်မြေသို့ခရီးရှည်သွားရမည်ကိုမေ့လျော့နေကြကြောင်း သိမြင်စေသည်ဟုပြောနိုင်ပါသည်။ သတင်းစကားမှာ "အသင်တို့၏မျက်စေ့များကိုဖွင့်ကာ အမှန်တရားကိုကြည့်ပါ။ လှည့်ဖြားခြင်းကွန်ယက်မှ ရှောင်ကွင်းကာ၊ ကယ်တင်ခံရခြင်းဆီသို့သွားပါ"ဟူ၍ဖြစ်သည်။

XXXXXXXXXXX

tm, of (99–102)

وَهُوَ الَّذِيٓ أَنزَلَ مِنَ
السَّمَآءِ مَآءً فَأَخْرَجْنَا بِهِۦ نَبَاتَ كُلِّ شَىْءٍ فَأَخْرَجْنَا مِنْهُ خَضِرًا
نُّخْرِجُ مِنْهُ حَبًّا مُّتَرَاكِبًا وَمِنَ النَّخْلِ مِن طَلْعِهَا قِنْوَانٌ دَانِيَةٌ
وَجَنَّٰتٍ مِّنْ أَعْنَابٍ وَالزَّيْتُونَ وَالرُّمَّانَ مُشْتَبِهًا وَغَيْرَ
مُتَشَٰبِهٍ ۗ ٱنظُرُوٓا۟ إِلَىٰ ثَمَرِهِۦٓ إِذَآ أَثْمَرَ وَيَنْعِهِۦٓ ۚ إِنَّ فِى ذَٰلِكُمْ
لَءَايَٰتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٩٩﴾ وَجَعَلُوا۟ لِلَّهِ شُرَكَآءَ ٱلْجِنَّ وَخَلَقَهُمْ
وَخَرَقُوا۟ لَهُۥ بَنِينَ وَبَنَٰتٍۭ بِغَيْرِ عِلْمٍ ۚ سُبْحَٰنَهُۥ وَتَعَٰلَىٰ عَمَّا يَصِفُونَ ﴿١٠٠﴾
بَدِيعُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۖ أَنَّىٰ يَكُونُ لَهُۥ وَلَدٌ وَلَمْ تَكُن لَّهُۥ
صَٰحِبَةٌ ۖ وَخَلَقَ كُلَّ شَىْءٍ ۖ وَهُوَ بِكُلِّ شَىْءٍ عَلِيمٌ ﴿١٠١﴾
ذَٰلِكُمُ ٱللَّهُ رَبُّكُمْ ۖ لَآ إِلَٰهَ إِلَّا هُوَ ۖ خَٰلِقُ كُلِّ شَىْءٍ فَٱعْبُدُوهُ ۚ وَهُوَ
عَلَىٰ كُلِّ شَىْءٍ وَكِيلٌ ﴿١٠٢﴾

၎င်းပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်တည်း။ ထိုအရှင်မြတ်သည်မိုးကောင်းကင်မှ(မိုး)ရေကို ရွာသွန်းချတော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုရေဖြင့်ကောက်ပဲသီးနှံအညှောင့်အတက်အမျိုးစုံတို့ကို ထွက်စေတော်မူခဲ့လေသည်။ ၎င်းနောက် ငါအရှင်မြတ်သည် ထိုအညှောင့်အတက်မှစိမ်းစိုသော အကိုင်းအလက်ကိုထွက်စေတော်မူခဲ့၏။ ငါအရှင်မြတ်သည်ထိုအကိုင်းအလက်မှအထပ်ထပ် ပြွတ်လျှက်ရှိသောအစေ့အဆန်တို့ကို ထွက်စေတော်မူ၏။ ထို့ပြင်စွန်ပလွန်ပင်များမှ(ဝါ)၎င်း၏အဖူးဝတ်ဆံများမှ တွဲလွဲကျနေသောအခိုင်များထွက်(လေ၏။) ထိုမှတစ်ပါး(ငါအရှင်မြတ်သည်) စပျစ်ခြံများကိုလည်းကောင်း၊ သံလွင်သီး၊ သလဲသီးများကိုလည်းကောင်း၊ (ဖန်ဆင်းတော်မူခဲ့လေသည်။)အချို့မှာ အချင်းချင်းတူ၏။ အချို့မှာမတူချေ။ အသင်တို့သည် ထိုအသီးများသီးချိန်၌လည်းကောင်း၊ မှည့်ခြင်းကိုလည်း

ကောင်းကြည့်ရှုကြလေကုန်။ ၎ကန်စင်စစ်ဤသည်တို့၌သက်ဝင်ယုံကြည်(လို)သောသူတို့အဖို့ သက်သေသာဓကများရှိကြကုန်သတည်း။ (၆း၉၉)

သို့ပါလျှက် ထိုသူများသည် ဂျင်န်သတ္တဝါများကို အလ္လာဟ်အရှင်မြတ်၏တွဲဘက်များပြုလုပ်ခဲ့ကြကုန်၏။ အမှန်စင်စစ်သော်ကား ထို(အလ္လာဟ်)အရှင်မြတ်သည်ပင် ယင်း(မုရှ်ရစ်က်တို့ကိုဖန်ဆင်းတော်မူခဲ့လေသည်။ ဂျင်န်များက ဖန်ဆင်းထားသည်မဟုတ်) ၎င်းပြင် ယင်းတို့သည်မသိနားမလည်ကြဘဲလျက် အလ္လာဟ်အရှင်မြတ်၌သားသမီးများရှိသည်ဟူ၍ကြံဖန်စွပ်စွဲပြောဆိုကြလေ၏။ ထိုအရှင်မြတ်သည် ၎င်းတို့စွပ်စွဲပြောဆိုကြသည်တို့မှ သန့်ရှင်းစင်ကြယ်မြင့်မြတ်လှပေတော်မူပေသတည်း။ (၆း၁၀၀)

(ထိုအရှင်မြတ်သည်)မိုးများနှင့်ပထဝီမြေကို စတင်ဖန်ဆင်းတီထွင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသည်။ ထိုအရှင်မြတ်၌ကြင်ရာကြင်ဘက်မရှိဘဲလျက် အဘယ်မှာလျှင် ထိုအရှင်မြတ်၌သားသမီးရှိနိုင်ပါအံ့နည်း။ စင်စစ်သော်ကားထိုအရှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။ (၆း၁၀၁)

(ဤသည်)ထိုအရှင်မြတ်ပင်လျှင် အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသောအလ္လာဟ်အရှင်မြတ်ပင်တည်း။ ထိုအရှင်မြတ်မှတစ်ပါး ခဝတ်ကိုးကွယ်ရာအရှင်မရှိပြီ။ (ထိုအရှင်မြတ်သည်)အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်ကိုသာ ခဝတ်ကိုးကွယ်ကြလေကုန်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို စီမံခန့်ခွဲပြီးဩဇာစေတော်မူသောအရှင်မြတ်ဖြစ်တော်မူပေသတည်း။ (၆း၁၀၂)

tusyfzGihrfqkjcif;

ဤအာယသ်တွင်ပါဝင်သည်တို့သည် အကြောင်းအရာအလိုက် တုန့်ပြန်မရသော အလေးဂရုပြုမှုဖြင့် တင်ပြထားသည်။ ဤတွင်သုံးမျိုးသောစကြဝဠာတို့ဖေါ်ပြထားသည်ကို သတိပြုပါလိမ့်မည်။ ၎င်းတို့သည် အနိမ့်၊ အမြင့်နှင့် လေထုဖြစ်ကာ၊ ယင်းလေထုသည် ကျွန်ုပ်သိရှိသောသက်ရှိနယ်ပင်ဖြစ်သည်။ ဖေါ်ပြချက်အား အနိမ့်ဆုံးအဆင့်ကစတင်ဖေါ်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသည် ကျွန်ုပ်တို့နှင့်အနီးကပ်ဆုံးဖြစ်သောကြောင့်တည်း။ ၎င်းနောက် ဖေါ်ပြချက်ကို နှစ်ပိုင်းပိုင်းထားပါသည်။ ဖေါ်ပြချက်၏ပထမပိုင်းတွင် မြေကြီးမှဖြစ်ထွန်းလာသောအရာများကို ဖေါ်ပြကာ ကောက်ပဲသီးနှံများ၊ သစ်ပင်များနှင့်ဥယျာဉ်ပန်းမန်တို့ပါဝင်ပါသည်။

အခြားသောအပိုင်းတွင်သက်ရှိများဖြစ်ကြသော သားရဲတိရစ္ဆာန်များ၊ လူများ၊ အခြားတိရစ္ဆာန်များဖြစ်ကြသည်။ ပထမအပိုင်းအား ဦးစားပေးရခြင်းမှာ ယင်းသည် အခြားအပိုင်းနှင့်နှိုင်းယှဉ်လိုက်ပါက ပိုမိုပေါ်လွင်သောကြောင့်ဖြစ်ပါသည်။ ထို့နောက် နောက်မှဖော်ပြရသောအခြားအကြောင်းဖြစ်ပါသည်။ ဤအပိုင်းသည် မတူတစ်မူထူးခြားသည်။ ထိုအပိုင်းတွင်“ရူဟ်”အသက်(သို့) ဝိညာဉ်အကြောင်းပါဝင်ပါသည်။ ဤအပိုင်းသည် နက်နဲပြီးသုတ်ပိုးမှစတင်ကာအဆင့်အမျိုးမျိုးတို့ဖြင့် တိုးတက်လာခြင်း၊ ယင်းနှင့်ပူးတွဲလာသော အခြေအနေများပေါ်တည်မှီပါသည်။ သမားတော်များရောဂါရှာဖွေခြင်း၊ ဆုံးဖြတ်ခြင်း၊ နားလည်သဘောပေါက်ခြင်းတို့နှင့် နှီးနွယ်သည်။ ယင်းနှင့်ဆန့်ကျင်သည်က မြေကြီးမှပေါ်ထွက်လာသော ကောက်ပဲသီးနှံများအကြောင်းပင်ဖြစ်ပါသည်။ ၎င်းတို့ထဲတွင် ထိုအရာများကြီးထွားလာခြင်း၊ ဖူးပွင့်လာခြင်း၊ ဝင်းမှည့်လာခြင်းစသည်တို့ပါဝင်ကာ အများတကာမြင်သာပါသည်။ ထို့နောက်လေထုအကြောင်းနှင့် ယင်း၏အသက်ရှင်နေမှုစံနစ်ဖြစ်သော နံနက်ခင်းနှင့်ညနေခင်းအကြောင်းဖော်ပြထားသည်။ ထိုသည်၏နောက်အမြင့်တွင်ရှိသော နေ၊ လနှင့်ကြယ်တာရာများအကြောင်းဖော်ပြပါသည်။ ထို့နောက်အနိမ့်တွင်ရှိသောအရာတို့သည် မကြာခဏဆိုသလိုမြင်တွေ့နိုင်သောကြောင့် ယင်းနှင့်ပတ်သက်သည့်အကြောင်းအရာကိုပြန်လည်ဖော်ပြကာ နိဂုံးချုပ်အဆိုအမိန့်အဖြစ်ပြုလုပ်ထားပါသည်။ သို့ရာတွင် ဦးစွာပထမထိုအကြောင်းအတိုချုပ်ဖော်ပြခဲ့သော်လည်း ယခုအခါတွင်မူ အသေးစိတ်ဖော်ပြထားပါသည်။ အတိုချုပ်ဖော်ပြထားသော်လည်း အကျဉ်းချုံးခြင်းကိုမူ သစ်သီးဝလံများအကြောင်းဖော်ပြခြင်းထက် သက်ရှိသတ္တဝါများအကြောင်း အစဉ်အဆက်ဖြစ်ပေါ်မှုကိုဦးစားပေးမှုဖြင့်ပြောင်းလဲလိုက်သည်။ အခြေခံမူသည် ကောင်းချီးမင်္ဂလာများတို့အတွက် ကျေးဇူးတင်ကြောင်းဖော်ပြချက်ကို အသေးစိတ်အဆိုအမိန့်က အထူးပြုဖော်ပြလိုသောကြောင့် ကောင်းချီးမင်္ဂလာပေးခြင်းခံရမည့်သူများသည် ဦးစားပေးဖော်ပြရန်ထိုက်တန်ပါသည်။ ကောက်ပဲသီးနှံများတို့သည် ယခင်အစီအစဉ်တိုင်းရှိကာ သစ်စေ့၊ မျိုးစေ့များက စသည့်အတိုင်းပင်ဖြစ်ပါသည်။ ကြားတွင်မိုးရွာသွန်းခြင်းအကြောင်းဖော်ပြထားသည်မှာ ကောက်ပဲသီးနှံတို့အားအလုပ်အကျွေးပြုရန်ဖြစ်သည်။ တိုက်ဆိုင်စွာဖြင့်မိုးအကြောင်း ဤတွင်ဖော်ပြထားခြင်းသည် ယင်းတွင် အခြားအနုစိတ်အချက်အလက်တစ်ခုဖြစ်သောအခြေအနေအမျိုးမျိုးအကြောင်းပင်ဖြစ်ပါသည်။ မိုးစတင်ပေါ်ပေါက်လာသည့်အကြောင်းပြောရလျှင် ယင်းသည်အထက်မှကျလာပါသည်။ ယင်း၏ခရီးဆုံးအရပြောရပါလျှင် အနိမ့်သို့ရောက်ရှိပါသည်။ ယင်းဖြတ်သန်းလာရသောခရီးအကွာအဝေးပြောရလျှင် လေထုတစ်စိတ်တစ်ဒေသဖြစ်ပါသည်။

XXXXXXXXXXX

tm, of (103-107)


لَا تُدْرِكُهُ الْأَبْصَارُ وَهُوَ يُدْرِكُ
الْأَبْصَارَ ۖ وَهُوَ اللَّطِيفُ الْخَبِيرُ ﴿١٠٣﴾ قَدْ جَاءَكُمْ بَصَائِرُ مِنْ
رَبِّكُمْ ۖ فَمَنْ أَبْصَرَ فَلِنَفْسِهِ ۖ وَمَنْ عَمِيَ فَعَلَيْهَا ۚ وَمَا أَنَا عَلَيْكُمْ
بِحَفِيظٍ ﴿١٠٤﴾ وَكَذَٰلِكَ نُصَرِّفُ الْآيَاتِ وَلِيَقُولُوا دَرَسْتَ
وَلِنُبَيِّنَهُ لِقَوْمٍ يَعْلَمُونَ ﴿١٠٥﴾ اتَّبِعْ مَا أُوحِيَ إِلَيْكَ مِنْ رَبِّكَ ۖ لَا
إِلَٰهَ إِلَّا هُوَ ۖ وَأَعْرِضْ عَنِ الْمُشْرِكِينَ ﴿١٠٦﴾ وَلَوْ شَاءَ اللَّهُ مَا
أَشْرَكُوا ۗ وَمَا جَعَلْنَاكَ عَلَيْهِمْ حَفِيظًا ۖ وَمَا أَنْتَ عَلَيْهِمْ
بِوَكِيلٍ ﴿١٠٧﴾

(မံသ)စက္ခုများသည် ထိုအရှင်မြတ်အား(စိတ်ငုံ)မိနိုင်သည်မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မှာကား(မံသ)စက္ခုများကို(စိတ်ငုံ)ငုံမိလျက်ရှိတော်မူချေသည်။ စင်စစ်သော်ကားထိုအရှင်မြတ်သည် အလွန်နက်နဲသိမ်မွေ့တော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင်ဖြစ်ပေသတည်း။ (၆း၁၀၃)

(အို-နဗီတမန်တော်အသင်သည် ဤသို့ပြောဆိုပါလေ။)"ဧကန်စင်စစ် အသင်တို့ထံ အသင်တို့၏အရှင်မြတ်အထံတော်မှ သက်သေခံများသည် ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ပေရာ မည်သူမဆို(ထိုသက်သေခံများကို)မြင်ပါလျှင်၊ ထိုသူ၏အဖို့သာအကျိုးရှိအံ့။ ထိုနည်းတူစွာမည်သူမဆို မျက်စိကန်းလျက်နေပါလျှင် ထိုသူ၏အပေါ်၌သာ နစ်နာမှုရှိအံ့။ အမှန်သော်ကားကျွန်ုပ်သည်အသင်တို့အပေါ်၌ကြီးကြပ်အုပ်ထိန်းသူမဟုတ်ပေ။ (၆း၁၀၄)

၎င်းပြင် ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် သက်သေလက္ခဏာတော်များကိုအမျိုးမျိုးအဖုံဖုံရှင်းလင်းပြတော်မူသည်။ (ယင်းသို့ရှင်းလင်းပြတော်မူသည့်အခါ) ထိုကာဖိရ်များက"အသင်သည် သင်ယူထားသည်"ဟုပြောဆိုကြ

ပေမည်။ ၎င်းပြင်ဂါအရှင်မြတ်သည် ထို(ကုရ်အာန်)ကို အသိတရားရှိသူများအဖို့အထူးလမ်းပြတော်မူရန်ဖြစ်၏။ (၆း၁၀၅)

(အို-နဗီတမန်တော်)အသင်သည် အသင့်အားမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ မိမိထံကျရောက်လာသော"ဝဟီ"အမိန့်တော်များကိုလိုက်နာ၍နေပါလေ။ ထိုအရှင်မြတ်မှတစ်ပါး ဓဝတ်ကိုးကွယ်ရာဟူ၍အလျင်းမရှိ။ ၎င်းပြင်အသင်သည်"မုရှ်ရစ်ကာ"များဘက်မှ မျက်နှာလွှဲထားပါလေ။ (၆း၁၀၆)

အမှန်စင်စစ်သော်ကား အကယ်၍သာအလ္လာဟ်အရှင်အလိုရှိတော်မူခဲ့ပါလျှင် ထိုသူများသည်"ရှစ်ရိကာ"တွဲဖက်ကိုးကွယ်ခြင်းကို ပြုလုပ်ကြမည်မဟုတ်ပေ။ ၎င်းပြင်ဂါအရှင်မြတ်သည် အသင့်အားထိုသူတို့အပေါ်၌ကြီးကြပ်အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားတော်မူသည်မဟုတ်ပေ။ အသင်သည် ထိုသူတို့အဖို့တာဝန်ခံ("မုခ်တာရိ" အလိုရှိရာပြုခွင့်ရှိသူလည်း)မဟုတ်ချေ။ (၆း၁၀၇)

tusfzGihrfqkjcif;

စူရဟ်အလ်အန်အမ်၏ ဤအာယသ်တော်ငါးခုတို့အနက် ပထမအာယသ်(၁၀၃)ထဲတွင်ပါဝင်သော "အလ်အဗ်ဆွရ်" ru-B-A ဟူသောစကားလုံးသည် ru-B- "ဗဆွရ်"၏ ဗဟုဝုစ်ကိန်းဖြစ်ကာ အဓိပ္ပာယ်မှာ အမြင်၊ မြင်ကွင်း(သို့)မြင်နိုင်စွမ်းဟု သက်ရောက်သကဲ့သို့ ?AR-D^A_ (အိဒ်ရာက်)ဟူသောစကားလုံးသည် ရောက်ရှိရန်၊ ဆုပ်ကိုင်ရန်၊ သဘောက်ပေါက်ရန်၊ နားလည်ရန်(သို့)ခြုံငုံရန်ဟူ၍အဓိပ္ပာယ်ဆောင်ပါသည်။ စိုက်ယိဒိနာအိဗ်နိ အဗ္ဘားစ် (t) က ဤနေရာပါ"အိဒ်ရာက်"ဟူသော စကားလုံး၏အဓိပ္ပာယ်မှာ နည်းလည်သဘောပေါက်ရန်(သို့) ခြုံငုံမိရန်ဟူ၍ရှင်းလင်းခဲ့ပါသည်။ **(အလ်ဗဟ်အလ်မုဟီတ်)**

ထို့ကြောင့် အာယသ်တော်၏ဆိုလိုရင်းသည် ဖန်ဆင်းမှုတစ်ခုလုံးဖြစ်သော ဂျင်(နှ်)များ၊ လူသားများ၊ ကောင်းကင်စေတမန်များနှင့်ကျန်ရှိ သက်ရှိအားလုံးတို့အားပေးထားသောမြင်နိုင်စွမ်းအားကို စုပေါင်းပြီး ကြည့်ရှုခဲ့ပါလျှင် အလ္လာဟ်အရှင်တည်ရှိတော်မူသောအနေဖြင့် ၎င်းတို့၏အမြင်စွမ်းအားသည် မခြုံငုံမိနိုင်ဘဲ အလ္လာဟ်တအာလာရှာနူဟူးအား ဘယ်သောအခါမျှ မြင်တွေ့ရလိမ့်မည်မဟုတ်ပါဟူ၍သက်ရောက်သွားပါလိမ့်မည်။ သို့သော်လည်းအလ္လာဟ်အရှင်မြတ်အတွက်မှာမူ ထိုအရှင်သည် ဖန်ဆင်းမှုတစ်ခုလုံး၏ မြင်နိုင်စွမ်းကို ပြည့်ပြည်ဝကြည့်ရှုနေကာ အရှင်၏မြင်နိုင်စွမ်းသည်အားလုံးအပေါ်၌လွှမ်းခြုံထားပါသည်။ ဤတိုတောင်းသောအာယသ်ထဲတွင် အလ္လာဟ်သအာလာ၏သီးသန့်ဂုဏ်တော်နှစ်ပါးအားဖော်ပြထားပါသည်။

(၁) အလ္လာဟ်အရှင်မြတ်အား နားလည်သဘောမပေါက်နိုင်ပါ။ စကြဝဠာတစ်ခုလုံးရှိ မည်သည့်မျက်လုံးများကိုသာမက လူတိုင်းလူတိုင်း၏ စက္ခုအမြင် အားလုံးပေါင်းစပ်ခဲ့လျှင်သော်မှ အလ္လာဟ်အရှင်မြတ်အား စေ့ငုခြုံငုံမိစွာ နားလည်သဘောမပေါက်နိုင်ပါ။

တမန်တော်မြတ် (e) ၏ မိန့်ဆိုချက်ကို စိုက်ယိဒိနာအဗူစအိဒ်အလ်ခုဒ်ဒရီ (t) ကတင်ပြသည်မှာ "အကယ်၍သာ လူသားများ၊ ဂျင်(နှ်)များ၊ ကောင်းကင်စေတမန်များနှင့်၊ ရှိုင်တွာန်များအားလုံးတို့အား တစ်တန်းတည်းရပ်နေစေပြီး ၎င်းတို့၏စုပေါင်းမြင်ကွင်းသည်ပင်လျှင် အလွာဟ်အရှင်မြတ်တည်ရှိကြောင်းကို နားလည်သဘောမပေါက်စေနိုင်ပါ။ **(အိဗ်နိအဗီဟာသင်မ်အား ကိုးကားလျက် မဇ်ဟရီကျမ်း)**

ထို့ကြောင့် အလွန်ပြိုင်ဘက်ကင်းသည့်ဂုဏ်တော်သည် အလွန်မြင့်မြတ်တော်မူသော အလွာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှ မပိုင်ဆိုင်နိုင်ပါ။ သို့မဟုတ်ပါမူ အလွာဟ်အရှင်မြတ်၏ဖန်ဆင်းမှုတွင်ရှိသော အလွန်မပြောပလောက်သော သက်ရှိသတ္တဝါပင်လျှင် အလွာဟ်အရှင်ပေးအပ်ထားသောမြင်နိုင်စွမ်းအရ သူ၏အလွန်သေးငယ်သော မျက်လုံးကလေးများဖြင့် အလွန်ကြီးမားသောအရာများကိုမြင်နိုင်ကာ ၎င်းတို့ဘာဖြစ်သနည်းဆိုသည်ကို နားလည်သဘောပေါက်နိုင်ပါသည်။ နေနှင့်လတို့သည်ကား အလွန်ကြီးမားလှသော ဂြိုဟ်ကြီးများဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ကမ္ဘာသည် ထိုအရာများနှင့်မယှဉ်နိုင်ပါ။ သို့သော်လည်း လူသားများ၏မျက်လုံးသာမက၊ အသေးငယ်ဆုံးသောသတ္တဝါတို့၏မျက်လုံးများသည်ပင် ထိုအရာများကို ၎င်းတို့တည်ရှိသည်ဆိုသည့်အကြောင်း စေ့ငုံခြုံငုံသဘောပေါက်ပါသည်။

ကိစ္စရပ်၏အမှန်တရားမှာ လူသား၏မျက်လုံးဆိုသည်မှာ လူသားများအားပေးထားသော မြောက်မြားစွာသောအာရုံခံစားနိုင်သည့် အင်္ဂါများအနက်မှတစ်ခုဖြစ်ကာ ယင်းဖြင့်၎င်းတို့သည် ကြည့်ရှုနိုင်ကာ ထိတွေ့ခံစားရသည်တို့ကို တုန့်ပြန်နိုင်ပါသည်။ သို့ရာတွင် မြင့်မြတ်တော်မူသော အလွာဟ်တအာလာသည် အားလုံးလွှမ်းခြုံမှု၊ အားလုံးဝန်းရံမှု၊ အားလုံးသဘောပေါက်မှုသာမက ဆင်ခြင်တုံတရားနှင့်မှန်းဆချက်တို့ထက် ကျော်လွန်ပါသည်။ အမြင်အာရုံတစ်ခုတည်း ဤနားလည်သဘောပေါက်မှုကိုမည်သည့်နည်းနှင့်မျှ မရရှိနိုင်ပါ။ အလွာဟ်တအာလာတည်ရှိတော်မူခြင်းနှင့် ဂုဏ်တော်များတို့သည် အကန့်အသတ်မဲ့ဖြစ်သည်။ သို့သော်လူသားတို့၏အာရုံခံစားသည့်အင်္ဂါများ စိတ်ကူးစိတ်သန်းများ၊ စဉ်းစားဆင်ခြင်တုံတရားသည် အကန့်အသတ်ရှိပါသည်။ အကန့်အသတ်မရှိသောအရာသည် အကန့်အသတ်ရှိသောအရာနှင့်အံဝင်ခွင်ကျမရှိဆိုသည်မှာ ထင်ရှားပါသည်။ ထို့ကြောင့် ၎င်းတို့၏သက်တမ်းတစ်ခုလုံးအား အသိပညာဆိုင်ရာသုတေသနပြုလုပ်ခြင်းဖြင့် ကုန်ဆုံးစေသော၊ ဒဿနိကပညာရှင်များနှင့် ရုပ်လွန်ပညာရှင်များအပြင်၊ တည်ရှိခြင်းကို ထိုးထွင်းသိမြင်ခြင်း(ကတ်ရှ်ဖ်)နှင့်ခံစားနားလည်ခြင်း(ရှုဟုဒ်)တို့မှတစ်ဆင့် ဤခက်ခဲသောနာမ်ပိုင်းဆိုင်ရာ နယ်ပယ်ကိုသွားလာနေသော လေးစားရပါသော ဆူဖီတို့က အလွာဟ်အရှင်တည်ရှိခြင်း၏ စစ်မှန်ခြင်းကို မည်သူတစ်ဦးတစ်ယောက်ကမျှ ပြည့်ပြည့်စုံစုံ နားလည်သဘောမပေါက်နိုင်သကဲ့သို့ အရှင်နှင့် ဂုဏ်ရည်တူဖြစ်နိုင်ချေလည်းမရှိဟူသော အကြံပြုချက်ကို သဘောတူကြပါသည်။

zefqif;&SifudkjrifawmfrSwfcsif;\jzpfBudrfacs

မေးစရာမှာ အလွာဟ်အရှင်မြတ်အား လူသားတို့မြင်နိုင်ချေရှိမရှိဟူ၍ဖြစ်သည်။ ဤဘာသာရေးဆိုင်ရာမေးခွန်း(သို့) မာစ်အ်လာဟ်နှင့်ပတ်သက်၍ အဟ်လိစွန္နသ်ဝလ်ဂျမာအသ်၏အုလမာသည် (တမန်တော်မြတ် (e) နှင့် ၎င်း၏ဆွေဟာဗဟ်တို့၏ စွန္နသ်ကိုတွယ်ဖက်ထားသည့် မုစ်လင်မ်အများစု၏အုလမာများ)၏ယုံကြည်

ချက်မှာ ဤလောကီကမ္ဘာတွင်ရှိသော ကျွန်ုပ်တို့၏သက်ရှိအနေအထားနှင့်အလွှာဟ်အရှင်မြတ်ကို မြင်နိုင်စွမ်းမရှိဟူ၍ဖြစ်သည်။ ဤသည်ကြောင့် စိုက်ယိဒိနာမူစာ (u) သည်-**رَبِّ اَرِنِیۡۤ**"အို-ကျွန်တော်မျိုး၏အရှင် အရှင်မြတ်သည် ကျွန်တော်မျိုးအား(မိမိကို)ပြသတော်မူပါ။"(၇း၁၄၃)ဟု ဒုအာဆုတောင်းသောအခါတွင် ရသော အဖြေမှာ-**لَنۡ تَرٰىنِیۡ**(လာမ်သရာနီ "(အို-မူစာ)အသင်သည် (ဤလောကတွင်)ငါအရှင်မြတ်အား အလျဉ်းဖူးမြင်နိုင်မည်မဟုတ်ချေ။(၇း၁၄၃)ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာမူစာ ကလီမုလ္လာဟ် (u) ကဲ့သို့သော နဗီတမန်တော် တစ်ပါးပင် ဤကဲ့သို့အဖြေပေးခံရလျှင် မည်သည့်ဂျင်န်(သို့) လူသားမျှယင်းအကြောင်းစဉ်းပင် စဉ်းစားရဲမည် မဟုတ်သည်မှာ ထင်ရှားသည်။ သို့သော်လည်း အီမာန်သက်ဝင်ယုံကြည်သောမုစ်လင်မ်များသည် အာခိရသ်၌ အလွှာဟ်အရှင်မြတ်ကိုမြင်တွေ့နိုင်ခြင်းဖြင့် ဂုဏ်ပေးခြင်းခံရလိမ့်မည်။ ယင်းအကြောင်းခိုင်လုံသော(ဆွဟီးဒ်)ကျမ်းနှင့် ကွင်းဆက်မပြတ်တင်ပြထားခဲ့သော (မုတဝါသိရ်)ခိုင်မာသည့်အလ်ဟဒီးဆ်ကျမ်းများတွင် သက်သေထင်ရှားပြထားသည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဤအကြောင်းဖော်ပြထားသည်မှာ-

وُجُوۡهٌ یَّوۡمَئِذٍ نَّاضِرَةٌ اِلٰی رَبِّهَا نَاظِرَةٌ

"ထိုနေ့တွင်များစွာသောမျက်နှာတို့မှာ ရွှင်လန်းလျက်ရှိကြပေမည်။ မိမိတို့ကို ဖန်ဆင်းတော်မူသော အရှင်မြတ်အား ဖူးမြော်လျက်ရှိကြပေမည်။ (၇၅း၂၂-၂၃)ဖြစ်သည်။

သို့သော်လည်း ထိုကိယာမသ်နေ့တွင်ပင် မယုံကြည်သွေဖည်သူများနှင့်ငြင်းပယ်သူများသည် ပြစ်ဒဏ်အနေဖြင့်အလွှာဟ်အရှင်မြတ်အားမြင်တွေ့ခြင်းဖြင့် ဂုဏ်ပေးခြင်းခံရမည်မဟုတ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်တစ်နေရာ၌-

كَلَّاۤ اِنَّهُمۡ عَنۡ رَّبِّهِمۡ یَوۡمَئِذٍ لَّمَحۡجُوۡبُوۡنَ،

"အလျဉ်းမဟုတ်၊ ဧကန်မလွဲ ၎င်းတို့သည်ထိုနေ့တွင် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်(အားဖူးမြော်ခြင်း)မှ ကာကွယ်ခြင်းကို ခံကြရမည့်သူများပင်ဖြစ်ကြပေသည်။ (၈၃း၁၅)ဟုမိန့်ထားသည်။

အလွှာဟ်အရှင်မြတ်အား ဇိယာရဟ်(မြင်ခြင်း(သို့) တွေ့ဆုံခြင်းဂုဏ်)သည် အာခိရတ်တွင်နေရာအတော်များများ၌(အလ်မအ်ရှရ်)ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင်လည်းကောင်းနှင့် ဂျန္နသ်(သုခဘုံ)ဝင်ရောက်ပြီးနောက်တွင်လည်းကောင်း၊ ဖြစ်ပေါ်လိမ့်မည်။ ဂျန္နသ်ဝင်ရောက်ရသည့်သူများအတွက် အလွှာဟ်အရှင်မြတ်နှင့်ဇိယာရဟ်ဖူးတွေ့ရခြင်းသည် ကောင်းချီးမင်္ဂလာများအနက် အကြီးဆုံးသောကောင်းချီးမင်္ဂလာဖြစ်လိမ့်မည်။

တမန်တော်မြတ် (e) မိန့်ကြားခဲ့သည်မှာ- "ဂျန္နသ်သားများသည် ဂျန္နသ်ထဲဝင်ရောက်သောအခါတွင် အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ကို ဂျန္နသ်သုခဘုံတွင်ရရှိပြီးသည့် ကောင်းချီးမင်္ဂလာများအပြင် မည်သည့်ကောင်းချီးမင်္ဂလာလိုအပ်ပါသနည်းဟု မေးပါလိမ့်မည်။ ရှိခဲ့လျှင် တောင်းခံကြပါလေ။ ယင်းတို့ကို ချီးမြှင့်ခံရပေလိမ့်မည်။ ထိုသူများကပြောကြမည်မှာ အို-အလွှာဟ်- အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ဂျဟန္နမ်(ငရဲ)မှကယ်တင်ကာ ဂျန္နသ်(သုခဘုံ)ထဲသို့ ဝင်ခွင့်ချီးမြှင့်ခဲ့ပါသည်။ ကျွန်တော်မျိုးတို့ဘာတောင်းရပါဦးမည်နည်း။ ထို အချိန်တွင် အကွယ်အကာကို ဖယ်ရှားပြီးဖြစ်ကာ လူတိုင်းသည် အလွှာဟ်အရှင်မြတ်အား မျက်ဝါးထင်ထင်မြင်

တွေ့ခြင်းဖြင့် ဂုဏ်ပေးခြင်းခံကြရမည်။ ဤသည်မှာ ဂျန္နသ်၏ကောင်းချီးမင်္ဂလာအပေါင်း၏အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာဖြစ်သွားပေလိမ့်မည်။" ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာ ဆိုဟိုက်ဗ် (t) သခင်ဆင့်ပြန်ခဲ့သည့် ဤဟဒီးဆ်တော်ကို ဆွဟီးဒ်မုစ်လင်မ်ကျမ်းတွင် ဖော်ပြထားသည်။

ဆွဟီးဒ်အလ်ဗုခါရီကျမ်းမှ ဟဒီးဆ်တစ်ရပ်တွင် ဖော်ပြထားသည်မှာ တမန်တော်မြတ် (e) ၏ မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများသည်လည်း ကိုယ်တော်မြတ်နှင့်အတူရှိနေခဲ့ကြသည်။ ကိုယ်တော်မြတ်က'လ'ကို ကြည့်၍မိန့်ကြားခဲ့သည်မှာ- အသင်တို့သည် ဤ'လ'ကိုမြင်တွေ့နေရသည့်အတိုင်း အာခိရသ်၌ သင်တို့၏ရဗ်ကို မြင်တွေ့ရပေမည်။

သိရ်မိဇီနှင့် မုစ်နတ်ဒ်အဟ်မဒ်ကျမ်းပါ ဟဒီးဆ်တော်တစ်ရပ်၌ စိုက်ယိဒိနာအိဗ်နိအုမရ် (t) သခင်မှ ဆင့်ပြန်ခဲ့သည်မှာ ဂျန္နသ်၏အထူးအဆင့်အတန်းဖြင့် အလ္လာဟ်အရှင်ကောင်းချီးမင်္ဂလာပေးခံရသူများသည် ထိုအရှင်မြတ်အား မနက်တိုင်းနှင့်ညနေတိုင်း ဖူးမြင်တွေ့ရသောကံကြမ္မာကောင်းရကြပါလိမ့်မည်။

အတိုချုပ်ဆိုရသော် အလ္လာဟ်အရှင်မြတ်အား ဤလောက ကမ္ဘာတွင်မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့နိုင်သကဲ့သို့ အာခိရသ်တွင်လည်း ဂျန္နသ်ထဲရှိလူများကသာ အရှင်မြတ်အားမြင်တွေ့ရပေလိမ့်မည်။ တမန်တော်မြတ် (e) သခင် မိအ်ရဂျ်ည(ကောင်းကင်ဘုံသို့ကြွမြန်းခြင်း)၏ ဇီယာရဟ်သည်လည်း စင်စစ်အာခိရသ်တွင်အလ္လာဟ်အရှင်မြတ်အား ဇီယာရသ်(ဖူးမြော်ခွင့်)ရခြင်းကဲ့သို့ဖြစ်လိမ့်မည်။ ရှိုက်ခ်မုဟိုက်ယွတ်ဒီးန် အိဗ်နိအလ်အရဗီ အဆိုအရ ကမ္ဘာဟူသည် မိုးကောင်းကင်များနှင့်ဝန်းရံထားသည်။ ယင်းဝန်းရံမှုကျော်လွန်လျှင် အာခိရသ်နယ်ပယ်ရောက်သွားသည်။ ထိုနေရာရှိ ဇီယာရဟ်သည် ဤကမ္ဘာမြေတွင်ရှိ ဇီယာရသ်အဖြစ်မခေါ်နိုင်ချေ။

ယခုမဖြေရသေးသောမေးခွန်းတစ်ရပ် ကျန်သေးသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်- **لَا تُدْرِكُهُ الْأَبْصَارُ** "(မံသ)စက္ခုများသည် ထိုအရှင်မြတ်အား(စိတ်ငုံ)မိနိုင်မည်မဟုတ်ပေ။" ဆိုလိုသည်မှာ မည်သည့်လူသားမျှ အလ္လာဟ်အရှင်မြတ်ကိုမမြင်တွေ့နိုင်ဟုမိန့်ထားပါလျက် အာခိရသ်တွင် မည်သို့ဖြစ်လာမည်နည်း။ အဖြေကားရှင်းပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်က ရူအ်ယာဟ်- ဇီယာရဟ်(သို့)လူသားများ အလ္လာဟ်အရှင်အမြတ်ကို မြင်တွေ့ခြင်း မဖြစ်နိုင်ဟုမဆိုလိုချေ။ အာယသ်တော်ကဆိုလိုသည်မှာ လူသား၏မြင်ကွင်းသည်အလ္လာဟ်အရှင်မြတ်တည်ရှိခြင်းကို အပြည့်အဝခြုံငုံလွှမ်းမိုးနိုင်မှုမရှိချေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အကန့်အသတ်မရှိဘဲ လူသား၏မြင်ကွင်းကား အကန့်အသတ်နှင့်ဖြစ်သောကြောင့်တည်း။

အာခိရသ်တွင် ဇီယာရသ်(ဖူးမြော်)ရခြင်းပင်လျှင် မြင်ကွင်းအနေအထားအား အရှင်မြတ်ကို အပြည့်အဝနားလည်နိုင်မှုမရှိသေးချေ။ ဤကမ္ဘာလောကတွင်လူသား၏မြင်ကွင်းသည် ဤအနေအထားအတိုင်းမြင်တွေ့မှု၏ဒဏ်အားခံနိုင်စွမ်းအခြေအနေမရှိချေ။ ထို့ကြောင့် ဤရူအ်ယာဟ်(သို့) မြင်တွေ့ရခြင်းသည် ဤလောကကမ္ဘာတွင်လုံးဝဥဿုံဖြစ်နိုင်စွမ်းမရှိချေ။ သို့သော်လည်း အာခိရသ်တွင် ခံနိုင်စွမ်းပေးခြင်းခံရပြီးနောက် ဤရူအ်ယာဟ်၊ ဇီယာရသ်(သို့) မြင်နိုင်ခြင်းဖြစ်နိုင်သည်။ သို့သော် အလ္လာဟ်စွဗ္ဗဟာနဟူဝသအာလာ၏ အစစ်မှန်ဆုံးတည်ရှိမှုနှင့်ပတ်သက်၍ အလုံးစုံပြည့်ပြည့်ဝဝနားလည်သိရှိခြင်းသည် ထိုအချိန်တွင်ပင်ဖြစ်နိုင်ဖွယ်မရှိချေ။

(2) tv'm[ft&Sif;jrwfonf tm;vHk;udkodo&Sdbaomaygufem;vnfawmfrlonf

ဤအာယသ်တော်သည် အလ္လာဟ်အရှင်မြတ်၏ ဒုတိယဂုဏ်တော်ကိုဖော်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်၏အရှုသည် စကြဝဠာတစ်ခုလုံးအားလွှမ်းခြုံထားသည်။ မည်သည့်အရာ၊ မည်သည့်နေရာ၊ အသေးငယ်ဆုံးအစိတ်အပိုင်းလေးတစ်ခုပင်လျှင် ထိုအရှင်မြတ်ထံတော်၌ ဖုံးကွယ်၍မရချေ။ အရာရာတိုင်းအပေါ် ပျံ့နှံ့စေခြင်း၊ အရာရာတိုင်းပေါက်မြောက်သိနားလည်မှုရှိသည့် ဤအကြောင်းမဲ့အသိပညာသည်လည်း အလ္လာဟ်အရှင်မြတ်၏အတုမရှိသောဂုဏ်တော်တစ်ပါးလည်းဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်မှအပ မည်သည့်အဖန်ဆင်းခံမှအရာရာတိုင်းအပေါ် အားလုံးအကျုံးဝင်သည့်အသိပညာမည်သို့သော အခါမှ ရမည်လည်းမဟုတ်၊ မည်သို့သောအခါမှလည်းဖြစ်နိုင်မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏နယ်ပယ်ဖြစ်၍ အရှင်မြတ်၏ကြီးကျယ်ခမ်းနားမှုတွင် အထွတ်အထိပ်ဆုံးဖြစ်သည်။

ယင်းနောက်(ထိုအရှင်မြတ်သည် အလွန်နက်နဲသိမ်မွေ့တော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ဖြစ်ပေသတည်း။)ဟူ၍မိန့်ထားသည်။ အဘိဓာန်အရ öplLA (အလ်လသွီးဖ်)ဟူသော စကားလုံးတွင် အဓိပ္ပာယ်နှစ်မျိုးရှိသည်။ (က)ကြင်နာမှု (ခ)ထူခြင်း၊ ကြမ်းတမ်းခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော သေးငယ်ပါးလွှာခြင်းနှင့် နူးညံ့ခြင်းဖြစ်ကာ အာရုံခံစားမှုမှတစ်ဆင့် သိရှိနားလည်နိုင်စွမ်းမရှိခြင်းဖြစ်သည်။

rybkLA (အလ်ခဗီးရ်)ဟူသော စကားလုံးအတွက် အရာခပ်သိမ်းကို အကြွင်းမဲ့သိရှိတော်မူခြင်းဟူ၍ဖြစ်သည်။ ထို့ကြောင့် ဝါကျက အလ္လာဟ်အရှင်မြတ်သည် အလွန်နက်နဲသိမ်မွေ့တော်မူသော(အလ်လသွီးဖ်)ဖြစ်၍ ထိုအရှင်မြတ်ကို အာရုံခံစားမှုမှတစ်ဆင့် အလုံးစုံသိရှိနားမလည်နိုင်ပါ။ ထို့နောက် အရှင်မြတ်သည် အရာခပ်သိမ်းကိုအကြွင်းမဲ့သိရှိသောအရှင်(အလ်ခဗီးရ်)ဖြစ်၍ စကြဝဠာတစ်ခွင်လုံးရှိ မည်သည့်အရာကိုမဆို ထိုအရှင်မြတ်သိရှိနားလည်သည်ဟု အဓိပ္ပာယ်ဖြစ်ပေမည်။ ဤနေရာတွင်အကယ်၍ အလ်လသွီးဖ်ကို ကြင်နာမှုအား ဆိုလိုသည်ဟုကောက်ယူခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ပြောသမျှ၊ လုပ်သမျှ၊ ကျွန်ုပ်တို့ရည်စူး၊ တွေးတော(သို့)ခံစားသည်တို့ကိုပင်လျှင် အကြွင်းမဲ့သိရှိနားလည်တော်မူကာ ကျွန်ုပ်တို့ကျူးလွန်သမျှသောဂုနာဟ် ပြစ်မှုတိုင်းကို ထိုအရှင်မြတ်သိရှိတော်မူပေသည်။ သို့သော်လည်း ထိုအရှင်မြတ်သည် ကြင်နာ၍မေတ္တာကရုဏာတော်နှင့်ပြည့်စုံတော်မူကာ ကျွန်ုပ်တို့ကျူးလွန်ခဲ့သောဂုနာဟ်ပြစ်မှုတိုင်းအတွက် စာရင်းစစ်ဆေးတော်မူမည်မဟုတ်ဟူ၍လည်း ရည်ညွှန်းသည်။

ဒုတိယအာယသ်တော်(၁၀၄)ပါ rI_au-B- (ဗဆွာအိရ်)၏ စကားလုံးသည် ဗစ္စိရဟ်၏ဗဟုဝုစ်ကိန်းဖြစ်ကာ ဆင်ခြင်တုံတရား၊ အသိဉာဏ်(သို့) ထိုးထွင်းသိမြင်နိုင်စွမ်းကိုဆိုလိုသည်။ ယင်းမှာ အာရုံခံစားမှုများမှတစ်ဆင့် သိနားလည်နိုင်မှုမရှိသောအရာများ၏ အသိပညာကို တစ်စုံတစ်ဦးရနိုင်သည့်စွမ်းအားဖြစ်သည်။ ဤအာယာသ်တော်ထဲတွင် ဗဆွာအီးရ်အား အမှန်တရားနှင့် စစ်မှန်မှုကို တစ်စုံတစ်ဦးသိနိုင်စေသည့် သက်သေသာဓကများနှင့်အရင်းအမြစ်များကိုဆိုလိုသည်။ အာယသ်တော်၏အဓိပ္ပာယ်မှာ အမှန်တရားမြင်စေနိုင်သော အရင်းမြစ်များနှင့် နည်းလမ်းများသည် အလ္လာဟ်အရှင်မြတ်ထံတော်မှအသင့်ဆီသို့ရောက်ခဲ့ပြီဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ကျရောက်ခဲ့ပေပြီ။ တမန်တော်မြတ် (e) လည်း ပွင့်တော်မူခဲ့ပြီ။ ကိုယ်တော်၏

မုအ်ဂျိဇာဟ်အံ့ဖွယ်များလည်း ထင်ရှားပြသခဲ့ပေပြီ။ ထို့ပြင်ကိုယ်တော်မြတ်၏ ကိုယ်ကျင့်တရား၊ ဆက်ဆံရေး သင်ကြားပို့ချမှုများကိုပွင့်လင်းစွာလေ့လာခဲ့ရပြီးဖြစ်သည်။ ဤအရာအားလုံးသည် အမှန်တရားမြင်စေခြင်း၏ နည်းလမ်းများဖြစ်သည်။

ထို့ကြောင့် မည်သူမဆို ဤနည်းလမ်းများကို သုံးစွဲခဲ့လျှင် ထိုသူသည် စစ်မှန်သောထိုးထွင်းဉာဏ်ဖြင့် ကောင်းချီးမင်္ဂလာပေးခံရကာ သူ၏ကောင်းကျိုးများသည် ခိုင်မြဲသွားသကဲ့သို့ ဤနည်းလမ်းများကိုလျစ်လျူရှု၍ အမှန်တရားကိုမျက်ကွယ်ပြုသူအဖြစ် ရွေးချယ်ခဲ့လျှင် ၎င်းသည်အကောင်း(ကောင်းခြင်း)များဆုံးရှုံးခြင်းဖြင့် အဆုံး သတ်ပေလိမ့်မည်။

အာယသ်တော်အဆုံး၌ "အမှန်သော်ကား ကျွန်ုပ်သည် အသင်တို့အပေါ်၌ကြီးကြပ်အုပ်ထိန်းသူမဟုတ်ပေ။"ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ခေတ်တွင် ကိုယ့်ကိုယ်ကိုခန့်ထားသော ကာကွယ်စောင့်ရှောက်သူများ အစဉ်လုပ်ဆောင်သကဲ့သို့ လူအများ မလျော်ကန်သည်များလုပ်ဆောင်နေခြင်းမှ တမန်တော်မြတ် (ﷺ) သခင်အား အတင်းအကြပ်ရပ်တန့်စေရန်ဟူသည့်တာဝန်ပေးမထားချေ။ ယင်းအစား အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါး၏လုပ်ငန်းဆိုင်ရာ တာဝန်ကား အမိန့်ပညတ်ချက်များကို ပို့ဆောင်ပေး၍ ရှင်းလင်းပြသရန်ဖြစ်သည်။ ယင်းနောက် ပို့ဆောင်သောသတင်းစကားလိုက်နာခြင်းနှင့် မလိုက်နာခြင်းမှာ ဦးတည်ပြောခံရသူများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ ရွေးချယ်မှုနှင့်တာဝန်ဝတ္တရားသာလျှင်ဖြစ်ပေသည်။

သောင်ဟီးဒ်(အလ္လာဟ်တစ်ပါးတည်းတည်ရှိကြောင်း)နှင့် ရိစာလသ်(တမန်တော်ဖြစ်ခြင်း၏စစ်မှန်မှု) နှင့်ပတ်သက်သောရှင်းလင်းသည့်အခြေအတင်ပြောဆိုမှုများစွာသည် ပြီးခဲ့သောအာယသ်တော်များထဲတွင်ပါဝင်ခဲ့ပြီးဖြစ်ကြောင်း ပြန်ပြောင်းသတိရပါလိမ့်မည်။ တတိယအာယသ်တော်(၁၀၅)ထဲ၌ ဤသည်တို့ကို ကိုးကား၍ **كَذٰلِكَ نُصَرِّفُ الْاٰيٰتِ** (၎င်းပြင် ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် သက်သေလက္ခဏာတော်များကို အမျိုးမျိုး အဖုံဖုံရှင်းလင်းပြတော်မူသည်။ (ယင်းထဲ၌အခြေအတင်ပြောဆိုမှုများကိုရှုထောင့်ပေါင်းစုံမှတင်ပြထားသည်။)

ယင်းနောက်-**وَلِيَقُوْلُوْا دَرَسْتَ وَلِنُبَيِّنَهٗ لِقَوْمٍ يَّعْلَمُوْنَ** "(ယင်းသို့ရှင်းလင်းပြတော်မူသောအခါ) ထိုကာဖိရ်များက"အသင်သည် သင်ယူထားသည်"ဟု ပြောဆိုကြပေမည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထို(ကုရ်အာန်)ကို အသိတရားရှိသူများအဖို့ အထူးလင်းပြတော်မူရန်အလို့ငှါဖြစ်၏။"ဟုမိန့်ထားသည်။ လမ်းညွှန်မှုအတွက် အလုံးစုံသော အထောက်အပံ့များဖြစ်ကြသည့် မုအ်ဂျိဇာအံ့ဖွယ်ရာများ၊ လက္ခဏာများ၊ သက်သေသာဓကများနှင့် အနှိုင်းမဲ့ကုရ်အာန်ကျမ်းတော်မြတ်သည် အမှန်တရားကိုမြင်စေရန် ခိုင်မာသောနည်းလမ်းများအားလုံးဖြစ်သည်ဟု ဆင်ခြင်သုံးသပ်၍ကောက်ချက်ချနိုင်သည်။ ထို့နောက် လုံးဝဥဿုံစာပေတတ်မြောက်ခြင်းမရှိသူတစ်ဦးက တုံ့မရနိုင်သောအာဝဇ္ဇာန်းဖြင့် ၎င်း၏နှုတ်မှစစ်မှန်မှုနှင့် အသိပညာရပ်ဆိုင်ရာ မြောက်မြားစွာအား ထုတ်ဖော်မှုသည် ကမ္ဘာပေါ်ရှိအသိပညာရှင်များ အံ့ဩကုန်နိုင်ဖွယ်ဖြစ်ကျန်ရစ်သောမြင်ကွင်းပင်ဖြစ်ပါသည်။ ဂျင်နှင့်လူသားအားလုံး ကိယာမသ်နေ့တိုင်စိန်ခေါ်ထားသည့် အသေးဆုံးသောစူရတ်လေးတစ်ခုပင်မည်သို့မျှ တုန်ှိုင်းမရသော အလ္လာဟ်အရှင်မြတ်၏မှန်ကန်၍ အာဝဇ္ဇာန်းရှိသော မုကျွပါဠ်တော်ကို မည်သူရှောင်ကွင်းနိုင်အံ့နည်း။ ကျွန်ုပ်တို့ပြောခဲ့သကဲ့သို့ ဤသည်တို့မှာ အမှန်ကိုအမှန်အတိုင်းလူအများမြင်စေရန်နှင့် နားလည်သိရှိရန် အထောက်အကူပြုသည့်နည်းလမ်းများဖြစ်သည်။ ယင်းသည် ဤအမှန်တရား ရတနာသိုက်၏

အဆင့်နှင့်အနှစ်သာရတို့က ဇွတ်တရွတ်အနိုင်ဆုံး ငြင်းပယ်သူပင်လျှင် တမန်တော်မြတ် (ﷺ) သခင်၏ ခြေဖဝါးတော်အောက် ပြားပြားမှောက်ဝပ်တွားစေပါသည်။ သို့သော်လည်း ၎င်းတို့၏လုပ်နည်းတွင် အရိုးစွဲကောက်ကျစ်စဉ်းလဲသူများက "دَرَسْتَ" (ဒရ်စ်တ်)(အသင်သည် သင်ယူခဲ့သည်)ဟု စတင်ပြောဆိုကြသည်။

ထို့နောက် ဤသည်နှင့်အတူ- وَلِنُبَيِّنَهُۥ لِقَوْمٍ يَعْلَمُونَ "၎င်းပြင်ပါအရှင်မြတ်သည် ထို(ကုရ်အာန်)ကို အသိတရားရှိသူများအဖို့ အထူးလင်းပြတော်မူရန်အလို့ငှါဖြစ်သည်။"ဟုမိန့်ထားသည်။ ယင်း၏အဓိကအဓိပ္ပာယ်မှာပြောကြားခဲ့သည့် အဆိုအမိန့်သည်နားလည်သဘောပေါက်၍ အသိတရားရှိကာ ဉာဏ်ပညာရှိသူများအတွက် အကျိုးရှိကြောင်းသက်သေပြခဲ့သည်။ လမ်းညွှန်မှု၏ရင်းမြစ်များအဖြစ် လူတိုင်း၏ရှေ့မှောက်တွင် အသေအချာရှိနေခဲ့သည်။ သို့သော်လည်း ကောက်ကျစ်စဉ်းလဲသူများသည် ပေးထားသောအခွင့်အရေးပေါ်၌ အမြတ်မရှာနိုင်ကြသကဲ့သို့ အသိဉာဏ်ရှိသူများသည် ယင်းတို့ကို စိတ်ရောကိုယ်ပါ ပိုင်ဆိုင်ကြ၍ ၎င်းတို့ကမ္ဘာ၏ဦးဆောင်သူများဖြစ်လာကြသည်။

စတုတ္ထအာယသ်တော်(၁၀၆)ထဲ၌ တမန်တော်မြတ် (ﷺ) သခင်အား လုပ်ဆောင်မှုသီးသန့်နည်းလမ်းတစ်ရပ်ကို ညွှန်ကြားထားခဲ့သည်။ ဖိတ်ခေါ်ခြင်းအားလက်ခံသည်(သို့) လက်မခံသည်နှင့်ပတ်သက်၍ စိတ်မပူရန် ကိုယ်တော်မြတ်အား မှာကြားထားသည်။ ကိုယ်တော်မြတ် (ﷺ) အတွက် အကောင်းဆုံးနည်းလမ်းကား ကိုယ်တော်၏ရဿ ကိုယ်တော်မြတ်ထံဝဟီဖြင့် ပို့ချပေးခဲ့သောလမ်းကို အမြဲလိုက်နာရန်ဖြစ်သည်။ ယင်း၏အဓိကအချက်မှာ အလွှာဟ်အရှင်မြတ်မှအပ မည်သူမျှကိုးကွယ်ခံထိုက်သူမရှိဟူသော ယုံကြည်ချက်ပင်ဖြစ်သည်။ အမှန်တရား၏သတင်းစကားကို တမန်တော်မြတ် (ﷺ) က အဆက်မပြတ်ဟောကြားသင့်သည်ဆိုသည်မှာ ဝဟီ၏တစိတ်တစ်ဒေသပင်ဖြစ်သည်။ ထို့ကြောင့်အလွှာဟ်အရှင်မြတ်အား ယုံကြည်ခြင်းနှင့် ကိုယ်တော်မြတ်အား ပြဋ္ဌါန်းထားသောနည်းလမ်းပေါ်တွင် စွဲမြဲခိုင်မာစွာရှိနေကာ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ၎င်းတို့၏အကြောင်းမလှသောဖိတ်ခေါ်မှုလက်မခံခြင်းအကြောင်းနှင့်ပတ်သက်၍ ကိုယ်တော်မြတ်သည် ခံစားမနေသင့်ကြောင်းဖြစ်သည်။

ဤသည်နှင့်ပတ်သက်သောအကြောင်းကို ပဉ္စမအာယသ်တော်(၁၀၇)၌ဖော်ပြထားသည်။ အလွှာဟ်အရှင်မြတ်၏ဖန်ဆင်းမှုဆိုင်ရာ အမိန့်ပေးစေခိုင်းမှုကို စဉ်းစားဆင်ခြင်ကာ အကယ်၍အလွှာဟ်အရှင်မြတ်အလိုရှိတော်မူလျှင် လူသားထုတစ်ရပ်လုံးယုံကြည်သက်ဝင်စေကာ မုစ်လင်မ်ဖြစ်သွားလိမ့်မည်။ သို့ဆိုလျှင် ၎င်းတို့သည်အလွှာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍(ရှစ်ရ်ဂ်)လုပ်ရန်မဖြစ်နိုင်တော့ချေ။ သို့သော်လည်း ၎င်းတို့၏မကောင်းမှုလုပ်ရပ်များကြောင့် ၎င်းတို့ပြစ်ဒဏ်ကျခံစေရန် အလွှာဟ်အရှင်မြတ်ဆန္ဒတော်ရှိခဲ့သည်။ ထို့ကြောင့် ပြစ်ဒဏ်ခတ်ခံရစေရန်အလွှာဟ်အရှင်မြတ်သည် လိုအပ်သောအခြေအနေများကို ဖန်ဆင်းတော်မူခဲ့သည်။ သို့ဆိုလျှင် ဤအခြေအနေရှိနေသူများကို ကိုယ်တော်မြတ်က မုစ်လင်မ်ဖြစ်ရန် မည်သို့ဆောင်ရွက်နိုင်အံ့နည်း။ စင်စစ်၎င်းတို့အသက်များနှင့်ရင်း၍ လုပ်ဆောင်ရန်ရွေးချယ်ထားခဲ့သူများအတွက် ကိုယ်တော်မြတ် (ﷺ) က အဘယ့်ကြောင့်သောကရောက်သင့်ပါသနည်း။ ၎င်းတို့လုပ်သမျှကို ကြည့်ရှုစောင့်ကြပ်နေရန် အလွှာဟ်အရှင်မြတ်ကကိုယ်တော်မြတ် (ﷺ) အား ပြုလုပ်မထားသကဲ့သို့ ၎င်းတို့၏မကောင်းမှုလုပ်ရပ်များအတွက် ၎င်းတို့ပေါ် ပြစ်ဒဏ်ခပ်စေရန် ကိုယ်တော်မြတ်အားအခွင့်အာဏာပေးမထားပါ။ ထို့ကြောင့် ကိုယ်တော်မြတ်သည် ၎င်းတို့ဘာလုပ်လုပ်(သို့) ၎င်းတို့အတွက် မည်သည့်ကြောင့်ကြမှုမျှ မထားသင့်ချေ။

tm, of (108–113)

وَلَا تَسُبُّوا الَّذِينَ يَدْعُونَ مِن دُونِ اللَّهِ فَيَسُبُّوا
اللَّهَ عَدْوًا بِغَيْرِ عِلْمٍ ۗ كَذَٰلِكَ زَيَّنَّا لِكُلِّ أُمَّةٍ عَمَلَهُمْ ۖ ثُمَّ
إِلَىٰ رَبِّهِم مَّرْجِعُهُمْ فَيُنَبِّئُهُم بِمَا كَانُوا يَعْمَلُونَ ﴿١٠٨﴾ وَأَقْسَمُوا
بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِن جَاءَتْهُمْ آيَةٌ لَّيُؤْمِنُنَّ بِهَا ۚ قُلْ
إِنَّمَا الْآيَاتُ عِندَ اللَّهِ وَمَا يُشْعِرُكُمْ أَنَّهَا إِذَا جَاءَتْ لَا
يُؤْمِنُونَ ﴿١٠٩﴾ وَنُقَلِّبُ أَفْئِدَتَهُمْ وَأَبْصَارَهُمْ كَمَا لَمْ يُؤْمِنُوا
بِهِ أَوَّلَ مَرَّةٍ وَنَذَرُهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ ﴿١١٠﴾
وَلَوْ أَنَّنَا نَزَّلْنَا إِلَيْهِمُ الْمَلَائِكَةَ وَكَلَّمَهُمُ الْمَوْتَىٰ وَ
حَشَرْنَا عَلَيْهِمْ كُلَّ شَيْءٍ قُبُلًا مَّا كَانُوا لِيُؤْمِنُوا إِلَّا أَن يَشَاءَ
اللَّهُ وَلَٰكِنَّ أَكْثَرَهُمْ يَجْهَلُونَ ﴿١١١﴾ وَكَذَٰلِكَ جَعَلْنَا لِكُلِّ نَبِيٍّ
عَدُوًّا شَيَاطِينَ الْإِنسِ وَالْجِنِّ يُوحِي بَعْضُهُمْ إِلَىٰ بَعْضٍ
زُخْرُفَ الْقَوْلِ غُرُورًا ۚ وَلَوْ شَاءَ رَبُّكَ مَا فَعَلُوهُ فَذَرْهُمْ
وَمَا يَفْتَرُونَ ﴿١١٢﴾ وَلِتَصْغَىٰ إِلَيْهِ أَفْئِدَةُ الَّذِينَ لَا يُؤْمِنُونَ
بِالْآخِرَةِ وَلِيَرْضَوْهُ وَلِيَقْتَرِفُوا مَا هُم مُّقْتَرِفُونَ ﴿١١٣﴾

၎င်းပြင် အသင်တို့သည် အကြင်(မှားယွင်းသော)ကိုးကွယ်ရာများကို ကဲ့ရဲ့ရွဲတ်ချခြင်းမပြုကြလင့်။ ထို(မုန့်ရစ်က်)များသည် ထိုအရာများကို အလွှာဟ်အရှင်မြတ်အားစွန့်ပယ်၍ ကိုးကွယ်ကြ၏။ အဘယ့်ကြောင့်ဆိုသော်(အသင်တို့ဤသို့ပြုလုပ်ကြလျှင်)ထိုသူများသည်လည်း အသိတရားမရှိသဖြင့် စည်းကမ်းကျူးလွန်ကာ အလွှာဟ်အရှင်မြတ်အား ကဲ့ရဲ့ရွဲတ်ချခြင်းပြုကြပေမည်။ ငါအရှင်သည်ဤနည်းအတိုင်းပင် အုပ်စုတိုင်း၏အမြင်တွင်ဂုဏ်တို့၏ပြုမူချက်တို့ကို လှပတင့်တယ်အောင်ပြုလုပ်ထားတော်မူခဲ့လေသည်။ ထို့နောက်ဂုဏ်တို့အား လုံးသည် မိမိတို့အားမွေးမြူတော်မူသော အလွှာဟ်အရှင်မြတ်အထံတော်သို့

ပြန်ကြရမည်။ ထိုအခါ ထိုအရှင်မြတ်သည် ၎င်းတို့အားဂင်းတို့ပြုလုပ်ခဲ့ကြသည်များကို ထုတ်ဖော်မိန့်ကြားတော်မူမည်။ (၆း၁၀၈)

ထို့ပြင် ၎င်းတို့သည် အကယ်၍သာ ၎င်းတို့ထံသက်သေလက္ခဏာတစ်စုံတစ်ရာရောက်ရှိလာခဲ့ပါမူ၊ ၎င်းတို့သည် မုချသက်ဝင်ယုံကြည်ကြမည်ဟု အလွှာဟ်အရှင်မြတ်အား တိုင်တည်၍ အစွမ်းကုန်ကျိန်ဆိုကြကုန်၏။ (အို-နဗီတမန်တော်)အသင်သည်(၎င်းတို့အား)သို့ပြောကြားပါလေ။) သက်သေလက္ခဏာတို့သည် အလွှာဟ်အရှင်မြတ်အထံတော်၌သာရှိကုန်၏။ ၎င်းပြင်အသင်တို့ သိကြပါသလော။ မုချဧကန် ထိုသက်သေလက္ခဏာတော်များရောက်ရှိလာသည့်တိုင်အောင် ထိုသူတို့သည် ယုံကြည်ကြမည်မဟုတ်ပေ။(၆း၁၀၉)

၎င်းပြင် ထိုသူတို့ပထမအကြိမ် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကိုသက်ဝင်ယုံကြည်ခြင်းမရှိကြသကဲ့သို့ပင်၊ ငါအရှင်မြတ်သည်လည်း ထိုသူတို့၏စိတ်နှလုံးများကိုလည်းကောင်း၊ မျက်စိများကိုလည်းကောင်း လှည့်ပေးတော်မူအံ့။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ခေါင်းမာမှု၌ပင် တဝဲလည်လည်လွှတ်ထားတော်မူအံ့။ (၆း၁၁၀)

အကယ်၍ငါအရှင်မြတ်သည် ၎င်းတို့ထံ "မလာအိကာဟ်"ကောင်းကင်တမန်များကိုစေလွှတ်တော်မူခဲ့သည်ဖြစ်စေ၊ ထို့ပြင်သူသေများသည် ၎င်းတို့နှင့်စကားပြောဆိုခဲ့ကြသည်ဖြစ်စေ၊ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ခပ်သိမ်းကုန်သောအရာများကို ၎င်းတို့ရှေ့မှောက်တွင် စုပေးတော်မူခဲ့သည်ဖြစ်စေ၊ ၎င်းတို့သည်အလွှာဟ်အရှင်မြတ်အလိုရှိတော်မမူဘဲ"အီမာန်"သက်ဝင်ယုံကြည်ကြမည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသောသူတို့ကား အသိတရားကင်းမဲ့ကြကုန်သတည်း။ (၆း၁၁၁)

၎င်းပြင် ထိုကဲ့သို့ပင် ငါအရှင်မြတ်သည် နဗီတမန်တော်အသီးသီးတို့၌လူရှိုင်တွာန်များကို၎င်း၊ဂျင်န်ရှိုင်တွာန်များကို၎င်းပြုလုပ်ထားတော်မူ၏။ ထိုရှိုင်တွာန်များအနက် အချို့တို့သည် အချို့တို့(၏စိတ်နှလုံးတွင်း)သို့ အပြင်ပန်းလှသောအရောင်တင်ထားသောစကားများကို ထည့်သွင်းပေးလေ့ရှိကြ၏။ ၎င်းပြင် အကယ်၍သာ အသင့်အားမွေးမြူတော်မူသော အရှင်မြတ်အလိုတော်ရှိပါလျှင် ထိုရှိုင်တွာန်များသည် ထိုသို့ပြုလုပ်နိုင်ကြမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ထိုသူများကို၎င်း၊ ထိုသူတို့လိမ်လည်ပြောဆိုကြသည့် အရာကို၎င်းစွန့်ပယ်ထားပါလေ။ (၆း၁၁၂)

ဂင်းပြင် (ယင်းသူတို့သည် အချင်းချင်းတစ်ဦးထံတစ်ဦး အပြင်ပန်းလှသော စကားများကို ပို့လေ့ရှိကြသည်မှာ"အာခိရသ်"နောင်တမလွန်ဘဝကို မယုံကြည်သောသူတို့၏ စိတ်နှလုံးများသည် ထို(အပြင်ပန်းလှသောစကားများ)ဘက်သို့ ယိမ်းယိုင်ကိုင်းညွတ်ရန်အလို့ငှါလည်းကောင်း၊ ထိုစကားများကိုနှစ်သက်ကြရန် အလို့ငှါလည်းကောင်း၊ ထိုသူတို့သည်(ယခု)ပြုလုပ်လျက်ရှိသည်များကို ပြုလုပ်မြဲပြုလုပ်ကြရန်လည်းကောင်း ဖြစ်ချေသတည်း။ (၆း၁၁၃)

tusyfrGJhrfqdkjcif;

လက်ရှိအာယသ်များ၏ ပထမအာယသ်တော်မှာ သီးခြားအဖြစ်အပျက်တစ်ရပ်နှင့်ပတ်သက်၍ကျရောက်ခဲ့ကာ ယင်းတွင်မူဝါဒစည်းမျဉ်းစည်းကမ်းနှင့်ပတ်သက်သည့်လမ်းညွှန်မှုပေးထားသည်။ ယင်းမှာ သင်ကိုယ်တိုင်လုပ်ကိုင်ရန် ခွင့်မရှိသော အရာအတွက် သင်သည်အကြောင်းခံသော်လည်းကောင်း၊ ဖော်ဆောင်သည့်လမ်းကြောင်းသော်လည်းကောင်း မဖြစ်ရပါ။ ယင်းနှစ်ရပ်လုံးအတူတူ ခွင့်မပြုချေ။

0[Dusa&mufjcif;\ aemufcHtaVumif;

အိဗ်နိဂျရီးရ်က ဆင့်ပြန်ခဲ့သည့်ဝဟီကျရောက်ခြင်း၏နောက်ခံအကြောင်းရင်းအရ တမန်တော်မြတ် (e) သခင်၏ ရိုသေလေးစားဖွယ်ဦးရီးတော် အဗူသွာလစ်ဗ်သေဆုံးကာနီးအချိန်၌ တမန်တော်မြတ် (e) သခင်ကိုအမြဲအသက်သေရန်ကြံစည်၍ ရန်လိုကာ ညှင်းပမ်းနှိပ်စက်သောကိုရိုက်ရှိမျိုးနွယ်စု၏ မယုံကြည်သူအကြီးအကဲများသည် အဗူသွာလစ်ဗ်သေဆုံးခြင်း၏နောက်ဆုံးအချိန်တွင် ၎င်းတို့၏ကောက်ကျစ်စဉ်းလဲသည့် အကြံအစည်များ အတားအဆီးဖြစ်သွားနိုင်သည့်အတွက် ၎င်းတို့စိုးရိမ်ထိတ်လန့်နေကြသည်။ ၎င်းတို့တွေးတောခဲ့ကြသည်မှာ အကယ်၍၎င်းတို့သည်တမန်တော်မြတ် (e) သခင်ကို အကာအကွယ်ပေးသည့် ၎င်း၏ဦးလေးသေဆုံးပြီးနောက် သတ်ဖြတ်ခဲ့လျှင် ၎င်းတို့၏ဂုဏ်သိက္ခာစံများနှင့်ဆန့်ကျင်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အဗူသွာလစ်ဗ်သက်ရှိထင်ရှားရှိစဉ် ထိုကဲ့သို့သောကိစ္စရပ်ကို မဆောင်ရွက်နိုင်ဘဲနှင့်အဗူသွာလစ်ဗ်သေဆုံးမှ ၎င်း၏အကူအညီမဲ့သောတူတော်မောင်ကို သတ်ဖြတ်ခဲ့ကြသည်ဟု လူအများက ပြောကြပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့သည် ယင်းကိစ္စနှင့်ပတ်သက်၍ ပြတ်ပြတ်သားသားဖြစ်စေရန်လူစု၍ အဗူသွာလစ်ဗ်ထံသွားရောက်ပြောကြားရန်ဆုံးဖြတ်ခဲ့ကြသည်။

ပညာတတ်မုစ်လင်မ်တိုင်းက အဗူသွာလစ်ဗ်သည် အစ္စလာမ်သာသနာသို့(စည်းကမ်းတကျ)ဝင်ရောက်မထားသော်လည်း တမန်တော်မြတ် (e) သခင်ကို ချစ်ခင်မြတ်နိုးကာ ၎င်း၏နှလုံးသား၌အလွန်တန်ဖိုးအရှင်မြတ်၏သတင်းစကားကို သယ်ဆောင်လာသောကြီးမြတ်သည့် သူတစ်ဦးအဖြစ်လေးစားကြောင်းသိရှိကြသည်။ ထို့ပြင်ကိုယ်တော်မြတ် (e) သခင်ကို ရန်သူများ၏ရန်မှလည်း အမြဲအကာအကွယ်ပေးခဲ့သည်။

ထို့ကြောင့် အဗူသွာလိစ်ဗ်နှင့်သွားရောက်တွေ့ဆုံရန် ကိုယ်စားလှယ်တစ်ဖွဲ့ကို ကိုရိုက်ရှ်အကြီးအကဲများက ဖွဲ့စည်းခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့တွင် အဗူစွဖ်ယာမ်၊ အဗူဂျဟလ်၊ အမရ်အိဗ်နိအလ်အားဆ်ွနှင့် အခြားသူအချို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ အဗူသွာလိဗ်နှင့်တွေ့ဆုံရေးအစီအစဉ်ပြုလုပ်ရန်အတွက် မုသွာလိဗ်ကိုရွေး ချယ်ခဲ့ကြသည်။ ၎င်းသည် လုပ်ဆောင်ရန်အခွင့်ရကာ ကိုယ်စားလှယ်အဖွဲ့ကို ခြံရံ၍ အဗူသွာလိစ်ဗ်ထံ သွားခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့က အဗူသွာလိစ်ဗ်ကိုပြောသည်မှာ "အသင်သည်ကျွန်ုပ်တို့၏အကြီးအကဲနှင့်ခေါင်း ဆောင်တစ်ဦးဖြစ်သည်။ ထို့ပြင် သင်၏တူတော်မောင်မုဟမ္မဒ် (ဧ) သခင်သည် ကျွန်ုပ်တို့ကိုးကွယ်ကြသော ရုပ်ထုများကို ဒုက္ခကြီးစွာပေးခဲ့ကြောင်း သင်သိပါသည်။ အသင်သည် တမန်တော်မြတ်နှင့်စကားပြော၍ ၎င်းသည် ကျွန်ုပ်တို့ရုပ်ထုများနှင့်ပတ်သက်ကာ မည်သည့်စော်ကားသည့်စကားကိုမျှမပြောသင့်ကြောင်း၊ တိုက်တွန်းသွေး ဆောင်ပေးစေလိုသည်ဟု ကျွန်ုပ်တို့ဆန္ဒထားပါသည်။ သို့ဖြစ်လျှင် ကိုယ်တော့်ယုံကြည်ချက်အရ ဆန္ဒရှိသလို လုပ်ဆောင်ကာ ၎င်း၏ကိုးကွယ်ရာအဖြစ် ၎င်းရွေးချယ်ထားသည့်အရာကို ကျွန်ုပ်တို့မည်သို့မျှကန့်ကွက်မည်မဟုတ် ဟူသည့် စည်းကမ်းချက်နှင့် ကျွန်ုပ်တို့ငြိမ်းချမ်းရေးပြုလုပ်လိုပါသည်။"ဟူ၍ဖြစ်သည်။

အဗူသွာလိစ်ဗ်သည် တမန်တော်မြတ် (ဧ) သခင်ကို သူ့ထံခေါ်၍ပြောသည်မှာ"ဤလူများသည် မောင်မင်း၏မျိုးနွယ်စုမှ အကြီးအကဲများဖြစ်သည်။"ဟုဖြစ်သည်။ တမန်တော်မြတ် (ဧ) သခင်က ကိုယ်စားလှယ်အဖွဲ့ ထံလှည့်ကာ"သင်တို့ရဲ့ ဆန္ဒကဘာလဲ"ဟုမေးမြန်းခဲ့သည်။ ၎င်းတို့က "အသင်သည် ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏ ရုပ်ထုများနှင့်မပတ်သက်ရန် ကျွန်ုပ်တို့ဆန္ဒရှိကြပါသည်။ ရုပ်တုများအကြောင်းမကောင်းမပြောပါနှင့်၊ ကျွန်ုပ်တို့ သည် သင်နှင့်သင့်ကိုးကွယ်ရာ အရာတို့နှင့်လည်း ပတ်သက်မည်မဟုတ်ပါ။" ဤနည်းဖြင့် ကျွန်ုပ်တို့အချင်းချင်း ၏ရန်လိုမှုအဆုံးသတ်သွားပါမည်။"ဟုပြောခဲ့သည်။

တမန်တော်မြတ် (ဧ) သခင်က "ကောင်းပြီ။ အကယ်၍သာသင်တို့ပြောနေသည်များကို ကျွန်ုပ်ကလက် ခံလျှင်အသင်တို့ဘက်မှ ကလိမာဟ်တစ်ပုဒ်ရွတ်ဆိုရန် အဆင်သင့်ဖြစ်ပြီလား။ ယင်းသို့ရွတ်ဆိုခြင်းအားဖြင့် အသင် တို့သည်အရေးဗီးယားတစ်ခွင်လုံး၏အရှင်သခင်များဖြစ်လာကြကာ အရေးဗီးယားပြင်ပမှလူများကပင် သင် တို့၏အမိန့်အာဏာကိုနာခံကြပါလိမ့်မည်။"ဟု ပြောကြားခဲ့သည်။

အဗူဂျဟလ်က "အသင်သည် ကလိမဟ်တစ်ပုဒ်အကြောင်းသာလျှင်ပြောနေသည်။ ကျွန်ုပ်တို့မှာ ဆယ် ပုဒ်ကိုရွတ်ဆိုရန်ပင် အဆင်သင့်ဖြစ်နေကြသည်။ အဲဒါဘာတွေလဲတို့ကို ပြောကြားပါ။"ဟုပြောခဲ့သည်။ တမန် တော်မြတ် (ဧ) သခင်က ﷺ "လာအိလာဟ အိလ္လာလ္လာဟ်" အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သည်မျှ ကိုးကွယ်ခံထိုက်သည်မရှိ"ဟု ပြောခဲ့သည်။ ယင်းကြောင့် ၎င်းတို့အားလုံးဒေါသထွက်စိတ်ဆိုးကြသည်။ အဗူ သွာလိစ်ဗ်က တမန်တော်မြတ် (ဧ) သခင်ကို "အို-တူတော်မောင် ဤကလိမဟ်မှအပ အခြားအကြောင်းပြောကြ ရအောင်။ အဘယ့်ကြောင့်ဆိုသော် ယင်းကြောင့် သင်၏မျိုးနွယ်စုဝင်အားလုံး စိတ်ရှုပ်ထွေးခဲ့ပါသည်။" ဟု ပြောကြားခဲ့သည်။

ကိုယ်တော်မြတ်က "ကျွန်တော့်အနေနှင့် ဤကလိမဟ်တစ်ပုဒ်မှအပ အခြားဘာမျှ မပြောနိုင်ပါ။ အကယ်၍၎င်းတို့သည် မိုးကောင်းကင်မှနေမင်းကို အောက်ချ၍ကျွန်ုပ်လက်ထဲထည့်ခဲ့လျှင်လည်း ကျွန်ုပ်သည် ဤကလိမဟ်မှအပ အခြားမည်သည်ကိုမျှပြောလိမ့်မည်မဟုတ်။"ဟု မိန့်ခဲ့သည်။ ကိုယ်တော်မြတ်၏ရည်စူးချက်မှာ

ၵင်းတို့အားလုံး လုံးဝစိတ်ပျက်လက်ပျက်ဖြစ်လာစေရန်ဖြစ်သည်။

ထိုစဉ် ဒေါသဖြစ်လျက် ၵင်းတို့ကပြောသည်မှာ ကျွန်ုပ်တို့ကိုးကွယ်ရာများဖြစ်သည့် ကျွန်ုပ်တို့ရုပ်ထုများ အကြောင်း မကောင်းပြောခြင်းမှ သင်ရပ်တန့်ကုန်၊ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည်လည်း သင်နှင့်ပတ်သက်၍ လည်းကောင်း၊ သင့်အား တမန်တော်အဖြစ်စေလွှတ်သည့်အရှင်သခင်နှင့်ပတ်သက်၍လည်းကောင်း ထိခိုက်နစ်နာ စေမည့်စကားများပြောကြားပါလိမ့်မည်။ ထိုစဉ်- **وَلَا تَسُبُّوا الَّذِيْنَ يَدْعُوْنَ مِنْ دُوْنِ اللّٰهِ فَيَسُبُّوا اللّٰهَ عَدْوًا ۢ بِغَيْرِ عِلْمٍ** (ၵင်းပြင် အသင်တို့သည် အကြင်(မှားယွင်းသော)ကိုးကွယ်ရာများကို ကဲ့ရဲ့ရှုတ်ချခြင်းမပြုကြကုန်လင့်၊ ထို(မုရှ်ရစ်က်များ)သည် ထိုအရာများ ကိုအလွှာဟ်အရှင်မြတ်အားစွန့်ပယ်၍ ကိုးကွယ်ကြ၏။ အဘယ့်ကြောင့် ဆိုသော် (အသင်တို့ဤသို့ပြုလုပ်ကြလျှင်) ထိုသူများသည်လည်း အသိတရားမရှိသဖြင့် စည်းကမ်းကျူးလွန်ကာ အလွှာဟ်အရှင်မြတ်အား ကဲ့ရဲ့ရှုတ်ချခြင်း ပြုကြပေမည်။"ဟူသော အာယသ်ကျရောက်ခဲ့ပေသည်။

ဤအာယသ်ပါ-**لَا تَسُبُّوا** ("လာသစ္စပ်ဗူ")ဟူသောစကားလုံးသည် **سَبَّ**"စပ်ဗ"ဟူသော စကားလုံးမှ ဆင်းသက်လာကာ တစ်စုံတစ်ဦးအား ယုတ်ညံ့ပြီး၊ မဖွယ်မရာသောစကားများပြောဆိုခြင်း(သို့)ထိခိုက်စော်ကားသောစကားများပြောဆိုခြင်းဟူ၍ဖြစ်ပါသည်။ တမန်တော်မြတ် (ﷺ) သည် မွေးရာပါ မြင့်မားသည့် ကိုယ်ကျင့်တရားရှိပြီးဖြစ်ခဲ့၍ ဤလုပ်ဆောင်နည်းဥပဒေကို လိုက်နားပြီးဖြစ်နေပါသည်။ တမန်တော်ကြီး၏ကလေး ဘဝမှာပင် သူ၏မြင့်မြတ်သောပြောကြားမှုတို့တွင် လူသားကိုမဆိုထားဘိ၊ တိရစ္ဆာန်တစ်ကောင်အတွက် ပင်လျှင် ရုန့်ရင်းရိုင်းစိုင်းသောစကားလုံးမပါဝင်ခဲ့ပါ။ သို့သော်လည်း မြင့်မြတ်သောဆွဟာဗဟ်အချို့တို့ပြောကြား ရာ၌ မာရေကြောရေရှိသော စကားလုံးများပါသွားနိုင်ကာ မက္ကာဟ်ရှိမယုံကြည်သွေဖည်သူတို့က ယင်းသို့ပြောကြားခြင်းအား ဆဲရေးတိုင်းထွာခြင်းဟုပုံကြီးချဲ့ခဲ့ကြပါသည်။ ၵင်းနောက် ၵင်းတို့ကိုယ်စားလှယ်အဖွဲ့တမန်တော်မြတ် (ﷺ) အား ဤကိစ္စကိုတင်ပြရာတွင် ကိုရိုက်ရှိအကြီးအကဲများသည် ဤသည်ကိုအကြောင်းပြချက်အနေဖြင့် တမန်တော်မြတ် (ﷺ) အား ၵင်းတို့၏ကိုးကွယ်ရာများကို ထိခိုက်စော်ကားမှုမရပ်တန့်ခဲ့ပါက ၵင်းတို့သည် တမန်တော်မြတ်ကြီး၏ ကိုးကွယ်ရာကိုစတင်စော်ကားမည်ဟု ရာဇသံပေးခဲ့ပါသည်။

ထိုစဉ် ကုရ်အာန်ကျမ်းတော်မြတ်အမိန့်ပညတ်ချက်ကျရောက်လာကာ မုစ်လင်မ်များအား မယုံကြည်သွေဖည်သူများကိုးကွယ်သောမမှန်ကန်သည့်အရာများနှင့် ပတ်သက်၍ မည်သည့်ထိခိုက်စော်ကားသောအဆိုအမိန့်များမျှ မပြုလုပ်ရန်တားမြစ်ခဲ့ပါသည်။ ဤအာယသ်တော်တွင် သီးသန့်ဂရုပြုထိုက်သည်မှာ အစောပိုင်းတစ်အာယသ်ဖြစ်သော(၁၀၆-၁၀၇)တွင် တမန်တော်မြတ် (ﷺ) ဦးတည်ပြောကြားခဲ့ပါသည်။ ဥပမာဆိုရသော် **اِتَّبِعْ مَآ اُوْحِيَ اِلَيْكَ مِنْ رَّبِّكَ** "(အို-နဗီတမန်တော်)အသင်သည် အသင့်အားမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ မိမိထံကျရောက်လာသော"ဝဟီ"အမိန့်တော်များကို လိုက်နာပါလေ။"နှင့် **اَعْرِضْ عَنِ الْمُشْرِكِيْنَ** "ၵင်းပြင်အသင်သည် "မုရှ်ရစ်က်"များဘက်မှ မျက်နှာလွှဲထားပါလေ။" **مَا جَعَلْنٰكَ عَلَيْهِمْ حَفِيْظًا** "ၵင်းပြင် ငါအရှင်မြတ်သည် အသင့်အားထိုသူတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားတော်မူသည်မဟုတ်ပေ။" **مَآ اَنْتَ عَلَيْهِمْ بِوَكِيْلٍ** "အသင်သည် ထိုသူတို့အဖို့ တာဝန်ခံ("မုခ်တာရ် အလိုရှိရာပြုခွင့် ရှိသူလည်း)မဟုတ်ချေ။" အားလုံးသော ဤသဒ္ဒါပုံစံများထဲတွင် တမန်တော်မြတ် (ﷺ) အား ဦးတည်ကာ တစ် ခုခုအားဆောင်ရွက်ရန်ဖြစ်စေ၊ မဆောင်ရွက်ရန်ဖြစ်စေ၊ ပြောကြားထားပါသည်။ ထို့နောက် လက်ရှိအာယသ်ထဲတွင် ဦးတည်ပြောကြား

သည့်ပုံစံ ပြောင်းလဲသွားခဲ့ပါသည်။ ဦးတည်ပြောကြားမှုသည် တမန်တော်မြတ် (ﷺ) ထံမှ မုစ်လင်မ် အများစုဆီသို့ လှည့်သွားခဲ့ပါသည်။ မိန့်ထားသည်မှာ-لَا تَسُبُّوا “လာသစ္စဗ်ဗူ”ဟူ၍ဖြစ်သည်။ ဤကဲ့သို့ မိန့်ခြင်းက ညွှန်းဆိုသည်မှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ စတင်၍ဘယ်သောအခါမျှ ရုပ်ရင်းရိုင်းစိုင်း သောစကားမပြောကြားခဲ့သော တမန်တော် (ﷺ) အား တားမြစ်သည့်စကားလုံးများ တိုက်ရိုက်ဦးတည်ပြောကြား၍ မရနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် တမန်တော်မြတ် (ﷺ) သခင် စိတ်ပျက်သွားစေ ပါလိမ့်မည်။ ထို့ကြောင့် ဦးတည်ပြောကြားမှုအား ယေဘုယျအနေဖြင့် ပြောကြားခဲ့ကာ အားလုံးသော ဆွဟာဗဟ်များသည်လည်း ဤကိစ္စနှင့်ပတ်သက်၍ စတင်ဂရုပြုလာကြပါမည်။ (အလ်ဗဟ်အလ်မုဟီးတ်ကျမ်းပါအတိုင်း)

ပြဿနာနှင့်ဆက်စပ်သော အကြောင်းအရာများ

ကုရ်အာန်ကျမ်းတော်မြတ်၏များစွာသော အာယသ်များထဲတွင် ရုပ်ထုများနှင့်ပတ်သက်၍ မာကြောပြင်းထန်သောစကားလုံးများဖြင့် ဖော်ပြခဲ့ပြီး၊ ထိုအာယသ်များအား ပယ်ဖျက်ရုပ်သိမ်းခြင်းလည်းမရှိဘဲ ဆက်လက်ဖတ်ရွတ်သရဇ္ဈာယ်နေသည်မှာ အခြားကိစ္စဖြစ်ပါသည်။

အဖြေမှာ ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်များထဲတွင် ထိုစကားလုံးများပါဝင်သောအခါတိုင်း အချို့သောစစ်မှန်ချက်ကိုရှင်းလင်းစွာထုတ်ဖော်ပြသနိုင်ရန်အတွက် စကားစစ်ထိုးခြင်း(သို့)စကားအခြေအတင်ပြောဆိုခြင်းပုံစံအဖြစ်သာ ဖြစ်သည်။ ထိုနေရာများတွင်ပါရှိသောစကားလုံးတို့သည် ကျူးကျော်စော်ကားမှုကိုမရည်ရွယ်သကဲ့သို့ မည်သည့်အသိဉာဏ်ရှိသူတစ်ဦးကမျှ ထိုသည်တို့သည် ရုပ်ထုများအား အပုပ်ချခြင်းကိုလည်းကောင်း၊ မယုံကြည်သွေဖည်သူများအား ပျက်ရယ်ခြင်းကိုလည်းကောင်း၊ ၎င်းတို့အားဒေါသထွက်စေခြင်းကိုလည်းကောင်း ရည်ရွယ်သည်ဟု ကောက်ချက်မချနိုင်ပါ။ ဤသည်မှာ ချဉ်းကပ်ပုံ၏ပွင့်လင်းသော ခြားနားချက်ဖြစ်သည်ဆိုကြောင်းကို မည်သည့် ဘာသာစကားတွင်မဆို လေယူလေသိမ်းနူးညံ့သောကွဲပြားခြားနားမှုများကိုသတိပြုမိသောသူတိုင်း အလွယ်တကူ နားလည်သဘောပေါက်ပါသည်။ တစ်စုံတစ်ဦး၏ချို့တဲ့မှု၊ မပြည့်စုံမှုကိုအငြင်းပွားစေသော ကိစ္စရပ်ရှင်းလင်းစေရန်အတွက်သာလျှင် သံသယဖြစ်သည်ကို ၎င်းတို့သိရှိကြပါသည်။ ဤသည်မှာရုံးများတွင် လုပ်လေ့လုပ်ထရှိ သည့်အတိုင်း ရုံးတော်တစ်ခု၏ထွက်ဆိုချက်များကို တစ်စုံတစ်ဦးအားဆဲရေးတိုင်းထွာနေသည်ဟု မည်သူတစ်ဦးတစ်ယောက်ကမျှ မပြောဆိုနိုင်ပါ။ အလားတူစွာပင် သမားတော်တစ်ဦးအား တင်ပြသော ချို့တဲ့မှုများနှင့်အပြစ် အနာအဆာတို့အား အခြားတစ်နေရာ၌ ထုတ်ဖော်ပြောဆိုခဲ့ပါလျှင် ယင်းအားတစ်စုံတစ်ဦးကို ဆဲရေးတိုင်းထွာနေသည်ဟု မှတ်ယူသွားနိုင်ပါသည်။ သို့ရာတွင် ဆေးဝါးကုသရာတွင်လိုအပ်သော၊ ထိုကဲ့သို့သော ပြောဆိုချက်များကိုတစ်စုံတစ်ဦး၏ ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုဟု မမှတ်ယူနိုင်ပါ။

ထို ကုရ်အာန်ကျမ်းတော်မြတ်သည် ရုပ်ထုများ၏ကူညီနိုင်စွမ်းကင်းမဲ့မှုကိုဖော်ပြရာတွင် ၎င်းရုပ်ထုများသည် အာရုံမခံစားနိုင်ခြင်းနှင့် အသိတရားမရှိခြင်း၊ အသိပညာမရှိခြင်းနှင့် စွမ်းအားမရှိခြင်းကို ဖော်ပြထားသည်။ ကုရ်အာန်ကျမ်းမြတ်၏ အသုံးပြုသော ဟန်ပန်သည် နားလည်သောသူများစစ်မှန်ခြင်းကို နားလည်သဘောပေါက်ရန်အထောက်အကူပြုသကဲ့သို့၊ နားမလည်သဘောမပေါက်သူများအတွက် ၎င်းတို့၏အမှားနှင့်အမြင်ကျဉ်းမှုကိုဖော်ထုတ်ထားသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းမြတ်တွင်-ضَعُفَ الطَّالِبُ وَالْمَطْلُوبُ “ရှာဖွေဆည်းပူး

(ကိုးကွယ်ဆည်းကပ်)သောသူနှင့်ရှာဖွေဆည်းပူး(ကိုးကွယ်ဆည်းကပ်)ခြင်းခံရသော သူတို့သည် အားနည်းချိနဲ့ကြပေတကား။ (၂၂း၇၃)

ထို့ပြင်- **اِنَّكُمْ وَمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ حَصَبُ جَهَنَّمَ** "ဧကန်စင်စစ် အသင်တို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အသင်တို့ကိုးကွယ်ကြသည်များသည်လည်းကောင်း၊ ဂျဟန္နမ်ငရဲဘုံ၏ လောင်စာများပင်ဖြစ်ကြသည်။(၂၁း၉၈)"ဟုမိန့်ထားသည်။ ဤနေရာတွင်လည်း ရည်ရွယ်ချက်မှာ တစ်စုံတစ်ယောက်၏ မကောင်းကြောင်းပြောကြားရန် မဟုတ်ချေ။ ရည်ရွယ်ချက်မှာ လမ်းလွဲခြင်းနှင့်မှားယွင်းခြင်း၏ဝမ်းနည်းဖွယ် အဆုံးသတ်မှုကို ဖော်ပြရန်ဖြစ်သည်။ ဤကိစ္စကို ရှင်းလင်းပြတ်သားရန် မုစ်လင်မ်ဓမ္မသိပညာရှင်များ ([ylI.A] mHR) က ရှင်းလင်းတင်ပြထားသည်မှာ "အကယ်၍ တစ်စုံတစ်ဦးသည် ဤအာယသ်တော်ကိုလည်း မယုံကြည်သွေဖည်ငြင်းပယ်သူများ စိတ်ဆိုးစေရန် ရည်ရွယ်ချက်ဖြင့် ရွတ်ဖတ်သရစ္ဈာယ်ပါက ထိုအချိန်၌ထိုသို့သောရည်ရွယ်ချက်ဖြင့် ဖတ်ရွတ်ခြင်းသည် ထိုသူ့အတွက် ၎င်း၏ဖတ်ရွတ်ခြင်းသည်" ရုန့်ရင်းကြမ်းတမ်းသော စကားကိုသုံး၍ စော်ကားမော်ကားပြုခြင်းကိုတားမြစ်သည့်"ဟူသည့်အောက်တွင် အကျုံးဝင်သည်ဟု ယူဆပါလိမ့်မည်။ ထို့ကြောင့် ယင်းသို့ဖတ်ရွတ်ခြင်းကို ခွင့်ပြုလိမ့်မည်မဟုတ်ချေ။ အချို့သောအချိန်နှင့်နေရာများတွင် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို တားမြစ်ထားသည့် မကရူဟ်ဖြစ်စေသော အများနားလည်သိရှိထားသည့် အခြေအနေကဲ့သို့ အလားတူပေသည်။ **(ရှုဟုလ်မအာနီကျမ်း)**

အချုပ်ဆိုရသော် တမန်တော်မြတ် (e) သခင်ကလည်း ရုန့်ရင်းကြမ်းတမ်းသော စကားအဖြစ်မပြောကြားခဲ့။ ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်း ဖော်ပြထားခြင်းမရှိသော စကားရပ်သည် နောင်အနာဂတ်တွင်လည်း ဖြစ်လာလိမ့်မည်မဟုတ်ချေ။ဟုပြောနိုင်ပေသည်။ ထို့ကြောင့် မုစ်လင်မ်အများစုသည် ယင်းကဲ့သို့ စိတ်လိုက်မာန်ပါလုပ်နိုင်ချေရှိသောကြောင့် အာယသ်တော်က ယင်းသို့လုပ်ဆောင်ခြင်းမှ ၎င်းတို့အား တားမြစ်ထားခဲ့သည်။ ဤအဖြစ်အပျက်နှင့်ကုရ်အာန်ကျမ်းတော်မြတ် ညွှန်ကြားချက်အခြေခံထားသည့် ဤအကြောင်းအရာကပေါ်လွင်ထင်ရှားသည့်အသိပညာမြောက်မြားစွာရရှိစေကာ ဥပမာအချို့ကို အောက်တွင်ဖော်ပြထားသည်။

*kem[fjypfrTwpfckusL;vGefapaomtaMumif;w&m;onfvnf;aumif;? zefwD;olonfvnf;aumif; t&jypf*kem[fyifjzpfonf

(၁) ထိုကဲ့သို့ကောက်နှုတ်ထားသော စည်းမျဉ်းစည်းကမ်းများထဲမှတစ်ခုသည် အကယ်၍တစ်စုံတစ်ခုပြုလုပ်ခြင်းကိုပင်ကိုယ်စရိုက်အရ ခွင့်ပြုထားသည်။ စင်စစ်အဆင့်အချို့အထိသည် ခီးကျူးဖွယ်ရာဖြစ်သည်။ သို့သော် ယင်းကိုလက်တွေ့လုပ်ဆောင်ရာတွင် စာရိတ္တအချို့ပျက်ပြားခြင်းပါဝင်လာနိုင်ကာ ယင်းကြောင့် လူအများဂုနာဟ်အပြစ်ဖြစ်စေသောကြောင့် ထိုသို့သောအရာများ လုပ်ဆောင်ခြင်းကို တားမြစ်ထားသည်။ အကြောင်းမှာရုပ်ထုများအားမှားယွင်းသောကိုးကွယ်ရာပစ္စည်းများဟု ထုတ်ဖော်ပြသခြင်းသည် အနည်းဆုံးခွင့်ပြုထားသည်။ အကယ်၍တစ်စုံတစ်ဦး၏ဘာသာရေးဆိုင်ရာခံစားမှုများကို ထိန်းသိမ်းရန်လိုအပ်ချက်အရ ပြောဆိုလျှင် ယင်းသို့ပြောဆိုခြင်းသည် ခီးကျူးထိုက်၍ ဆုလာဘ်ချသင့်သည်။ သို့သော်လည်း သို့ပြောဆိုခြင်းသည်ရုပ်ထုများကိုရှုတ်ချပြောဆိုသူများကြောင့် အလ္လာဟ်ဂျလ္လရှာနဟူ၏ မကောင်းကြောင်း လူအများစတင်ပြောဆိုလာနိုင်သောအကြောင်းခံဖြစ်သွား

နိုင်သည်။ ထို့ကြောင့် ယခင်က ခွင့်ပြုချက်ရှိသော ဤအပြုအမူသည် တားမြစ်ပိတ်ပင်ခြင်းဖြစ်ပေသည်။

(၂) ဤသည်ကို အခြားဥပမာတစ်ခုအဖြစ် ဟဒီးဆ်တော်တွင်လာရှိသည်မှာ တမန်တော်မြတ် (ﷺ) သခင်သည် ၎င်း၏ဆွဟာဗဟ်များအားဦးတည်၍ မိန့်ကြားခဲ့သည်မှာ မည်သူမျှ၎င်းသူ(သို့)သူမ၏ မိဘများကို ရုန့်ရင်းကြမ်းတမ်းသောစကားမပြောသင့်ချေ။ ဆွဟာဗဟ်များက လျှောက်ကြသည်။ ယာရစူလလ္လာဟ် တစ်စုံတစ်ဦးက ၎င်း၏မိဘများကို ရုန့်ရင်းကြမ်းတမ်းစော်ကားမော်ကားလုပ်မည်မှာ မဖြစ်နိုင်ပါ။ ကိုယ်တော်မြတ်က မိန့်ခဲ့သည်ဟုတ်တယ်။ တစ်စုံတစ်ဦးသည် ထိုသို့လုပ်လေ့လုပ်ထမရှိပါ။ သို့သော်လည်း ထိုသို့သောသူသည် တစ်စုံတစ်ဦး၏ မိဘကိုရုန့်ရင်းကြမ်းတမ်းသောစကားဖြင့်စော်ကားလျှင် ယင်းကြောင့် ထိုသူက သူ့ကိုပြန်၍စော်ကားမော်ကားစကားဖြင့် စော်ကားပေမည်။ သို့ဆိုလျှင် အခြားသူတစ်ဦးက သူ့မိဘကိုစော်ကားမော်ကားစကားဖြင့် စော်ကားခြင်း၏အကြောင်းရင်းသည်သူလုပ်ရပ်အတွက်ကြောင့်ဖြစ်သည်။ ထို့ကြောင့် သူသည် မိမိမိဘကို ရုန့်ရင်းကြမ်းတမ်းသောစကားဖြင့်စော်ကားမော်ကားပြုသူတစ်ဦးကဲ့သို့ဖြစ်သွားပေမည်။

(၃) ဤကဲ့သို့သော သဘောရှိသည့် ကိစ္စတစ်ရပ် တမန်တော်မြတ် (ﷺ) သခင်ရှိစဉ်ကာလက ဖြစ်ပွားခဲ့ပါသည်။ ကိုယ်တော်မြတ်သည် စိုက်ယိဒါဟ်အာအေရှာဟ် (رضي الله عنها) သခင်မကို ပြောသည်မှာ ဂျာဟိလိယဟ်အမှောင်ခေတ်ကာလက မတော်တဆပြစ်မှုတစ်ရပ်ကြောင့် ဗိုင်သွလ္လဟ်(မြင့်မြတ်သော ကာဗ်ဗဟ်ဝတ်ကျောင်းတော်)သည် ယင်း၏အုတ်မြစ်များပေါ် ပြိုကျခဲ့သည်။ တမန်တော်မြတ် နဗီတမန်တော်မဖြစ်မီအလျင် မက္ကဟ်မြို့ရှိကုရိုက်ရှိများကပြန်လည်တည်ဆောက်ခဲ့ကြသည်။ ဤပြန်လည်တည်ဆောက်သောအဆောက်အဦးတွင် ကနဦးက အီဗ်ရာဟီမ်အုတ်မြစ်နှင့်အချို့အချက်အလက်တွင် ကွဲလွဲနေခဲ့သည်။ ယင်းကဲ့သို့ကွဲလွဲမှုထဲမှတစ်ခုမှာ ယခုအခါဟသွီမ်ဟုသိကြသည့်နေရာဖြစ်သည်။ ဤသည်မှာလည်း ဗိုင်သုလ္လာဟ်၏ တစိတ်တစ်ဒေသဖြစ်သည်။ ရံပုံငွေရှားပါးသောကြောင့်ချန်ထားခဲ့ရခြင်းဖြစ်သည်။ ထို့နောက် ဗိုင်သုလ္လာဟ်တွင် အရှေ့ဘက်နှင့်အနောက်ဘက်ဟူ၍တံခါးနှစ်ပေါက်ရှိခဲ့သည်။ တစ်ပေါက်သည်ဝင်ပေါက်ဖြစ်၍ တစ်ပေါက်မှာထွက်ပေါက်ဖြစ်သည်။ ဂျာဟိလိယဟ်အမှောင်ခေတ်ကလူတို့သည် အနောက်ဘက်တံခါးကိုပိတ်လိုက်သည်။ ကျန်သောတံခါးတစ်ပေါက်ကို မြေပြင်မှအထက်သို့မြှင့်ထားသည်။ သို့မှသာ ဗိုင်သုလ္လာဟ်ထဲသို့ ဝင်ရောက်ရာတွင် ၎င်းတို့၏စိတ်ဆန္ဒနှင့်ခွင့်ပြုချက်ပေါ်မူတည်ကာ မည်သူ တစ်ဦးတစ်ယောက်မျှ လွတ်လွတ်လပ်လပ်မသွားနိုင်ရန်ဖြစ်သည်။ တမန်တော်မြတ် (ﷺ) သခင်က ငါကိုယ်တော်သည် လက်ရှိဗိုင်သွလ္လာဟ်အဆောက်အဦးကိုဖြုချ၍ စိုက်ယိဒါနာအိဗ်ရာဟီမ်ခလီလွလ္လာဟ် (ﷺ) တည်ဆောက်ခဲ့သည့် အဆောက်အဦးအတိုင်းတည်ဆောက်လိုပါသည်။ သို့သော်လည်း အန္တရာယ်မှာ အစွလာမ်ဘာသာသို့ လတ်တလောဝင်ရောက်လာသည့် သာမန်အရဗ်များဖြစ်သည့် သင့်လူများသည် ဗိုင်သုလ္လာဟ်ဖြိုဖျက်သည်ကိုမြင်၍ သံသယဝင်သွားနိုင်သောကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ရည်ရွယ်ချက်ကို စွန့်လွှတ်ခဲ့ပါသည်။

စိုက်ယိဒါနာ အိဗ်ရာဟီမ် (ﷺ) ချထားသည့် အုတ်မြစ်အတိုင်း ဗိုင်သုလ္လာဟ်တည်ဆောက်ခြင်းသည် အမိန့်နာခံမှု၏လုပ်ရပ်တစ်ခုဖြစ်ပြီး ကောင်းချီးများနှင့်ဆုလာဘ်များထိုက်တန်စေသောလုပ်ရပ်ဖြစ်သည်ကားပြောဖွယ်မရှိချေ။ သို့သော်လည်း ပတ်ဝန်းကျင်ရှိ မသိနားမလည်သူများကြောင့် ပေါ်ထွက်လာမည့် အန္တရာယ်များက ရစ်ဝဲနေသည်ကို မြင်မိသောကြောင့် ကိုယ်တော်မြတ် (ﷺ) သခင်သည် ဤအကြံအစည်ကိုစွန့်လွှတ်ခဲ့သည်။ ထို့ကြောင့် ဤအဖြစ်အပျက်မှလည်းတူညီသော မူပေါ်ထွက်လာသည်မှာ ခွင့်ပြုထားသောလုပ်ရပ်မှ အချို့

သောမကောင်းကျိုးနှင့် အကျင့်ပျက်မှုများ မလွဲမသွေပေါ်ပေါက်ရန်ရှိလျှင် စဝါးဗ်(သို့)ကောင်းကျိုးနှင့် ထိုက်တန်သောလုပ်ရပ်ပင်လျှင် ခွင့်မပြုသောကိစ္စဖြစ်သွားပါသည်။

သို့သော်လည်း ဤမူနှင့်ပတ်သက်၍ အလွန်ခိုင်မာသည့် သံသယတစ်ခုရှိကြောင်း ရူဟုလ်မအာနီကျမ်းတွင် အဗူမန်စူးရ်မှတင်ပြထားခဲ့သည်။ စဉ်းစားရန်တင်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များအပေါ်တွင် ဂျီဟားဒ်ကိုမပြုမနေရလုပ်ထားသော်လည်းယင်းမှတစ်ဆင့် သတ်ဖြတ်ခြင်း၏မလွဲမရှောင်သာသောရလဒ်မှာ မုစ်လင်မ်တစ်ဦးသည် မုစ်လင်မ်မဟုတ်သူအချို့ကို စတင်သတ်ဖြတ်ခဲ့လျှင် ထိုသူများကလည်း မုစ်လင်မ်တို့ကို စတင်သတ်ဖြတ်ကြပါလိမ့်မည်။ ထို့ပြင် မုစ်လင်မ်များကို သတ်ဖြတ်ခြင်း ဟရာမ်(တားမြစ်ပိတ်ပင်သည်)ဖြစ်သည်။ ထို့ကြောင့် ဤမူအရဆိုလျှင် ဂျီဟားဒ်သည်လည်း တားမြစ်ပိတ်ပင်သင့်သည်။ ထို့နောက် အလားတူကျွန်ုပ်တို့အစ္စလာမ်သာသနာပျံ့ပွားရေးနှင့်ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရွတ်သရဇ္ဈာယ်ခြင်း၊ အာဇာန်ပေးခြင်းနှင့် စွလာသ်ဝတ်ပြုဆောက်တည်ခြင်းကိုလည်း တားမြစ်ပိတ်ပင်သင့်သည်။ ဤသည်တို့မှာ မယုံကြည်ခြင်းပယ်သူများစွာ၏ ပျက်ရယ်ပြုခြင်းနှင့် မထိလေးစားပြုခြင်းဖြစ်စေနိုင်သည်။ သို့ဆိုလျှင် ကျွန်ုပ်တို့သည် ဘာသာသာသနာမြှင့်တင်ရေးနှင့်ခဝတ် ကိုးကွယ်ရေးအခွင့်အရေးကို စွန့်လွှတ်ရမည်လော။

ဤသည်ကိုဖြေကြားရာတွင် အဗူမန်စူးရ်ကိုယ်တိုင်ကပြောသည်မှာ ဤသံသယဖြစ်ပေါ်ရခြင်းမှာ အရေးပါသောအခြေအနေတစ်ရပ်ကို လျစ်လျူရှုဂရုမစိုက်သောကြောင့်ဖြစ်သည်။ ယင်းအချက်မှာ တစ်စုံတစ်ရာမကောင်းဖြစ်မည်ကို ပူပင်သောကရောက်၍ ခွင့်ပြုထားသောလုပ်ရပ်တစ်ခုကို ပိတ်ပင်ခဲ့ရာတွင်ယင်းပိတ်ပင်မှုသည် အစ္စလာမ်ဘာသာတွင် အခြေခံကျသော ရည်မှန်းချက်နှင့်အရေးပါသည့်တာဝန်ဝတ္တရားများမဖြစ်သင့်ချေ။ ထို့ကြောင့် ခဝတ်ကိုးကွယ်မှု၏ မှားယွင်းသောအရာများအကြောင်း မကောင်းပြောခြင်းသည် အစ္စလာမ်သာသနာ၏ မည်သည့်ရည်မှန်းချက်နှင့်မျှ မသက်ဆိုင်ပါ။ အလားတူပင် ဗိုင်သုလ္လာဟ်အဆောက်အဦးကို စိုက်ယိဒိနာအိဗ်ရာဟီမ် (u) သခင် အုတ်မြစ်ချထားသည့်အတိုင်း တစ်သဝေမတိမ်းလုပ်ရမည်ဆိုခြင်းအား မည်သည့်အစ္စလာမ် သာသနာဆိုင်ရာ အခြေခံရည်မှန်းချက်ပေါ်မှ မတည်မှီချေ။ ထို့ကြောင့် ခွင့်ပြုထားသည်သာမကဆုလာဘ်နှင့် ထိုက်တန်သည့်လုပ်ရပ်အချို့လုပ်ခြင်းအားဖြင့် ဘာသာရေးဆိုင်ရာ မကောင်းသောအခြေအနေပေါ်ပေါက်နိုင်သည့်အန္တရာယ်ရှိလျှင် ယင်းကဲ့သို့သော အပြုအမူများကိုလည်းကောင်း၊ ရည်ရွယ်ချက်များကိုလည်းကောင်း စွန့်လွှတ်ရလိမ့်မည်။ ယင်းလုပ်ရပ်များထဲတွင်ပင်လျှင် အစ္စလာမ့်ရည်မှန်းချက်များရှိသည်ဖြစ်စေ၊ ယင်းတို့အပေါ် အစ္စလာမ့်ရည်မှန်းချက်အချို့တည်မှီနေသည်ဖြစ်စေ ယင်းလုပ်ရပ်များလုပ်ခြင်းဖြင့် အခြားသူများမြင်သာသောပျက်စီးယိုယွင်းမှု(သို့) မကောင်းဆိုးဝါးမှုရှိလျှင် ယင်းလုပ်ရပ်များကို မည်သို့သောအခါမျှ မပြစ်ပယ်၊ မစွန့်လွှတ်သင့်ချေ။ ထိုအစားယင်းကဲ့ သို့ခွင့်ပြုသည့်လုပ်ရပ်များ သူ့နေရာနှင့်သူ ဆက်လက်ရှင်သန်နေရန်ကြိုးပမ်းအားထုတ်နေရမည်။ ထို့ပြင် ယင်းကြောင့်ဖြစ်ပွားလာမည့် မကောင်းမှုများပြန့်ပွားခြင်းနှင့် ပျက်စီးမှုများပိတ်ပင်ရန် တတ်နိုင်သလောက်လုပ်ဆောင်ရပေမည်။

ထို့ကြောင့် အစ္စလာမ့်သမိုင်း၏ကြီးကျယ်သော ပုဂ္ဂိုလ်နှစ်ဦးသည် ၎င်းတို့လုပ်ရမည့်နည်းအတိုင်း လုပ်ဆောင်ခဲ့ကြသည်။ တစ်ခါက ဟစန်အလ်ဗဆွရီ ([ylI.A] mHR) နှင့် အီမာမ်မုဟမ္မဒ်အိဗ်နိုစီရိန် ([ylI.A] mHR) သခင်တို့သည် ဂျနာဇာဟ် ဆွလာသ်တစ်ခုတွင်ပါဝင်ရန်သွားရောက်ခဲ့ကြသည်။ ထိုနေရာ၌ အမျိုးသားများနှင့်

အမျိုးသမီးများပါဝင်ကာ စုဝေးနေကြကြောင်း သတိထားမိသည်။ ဤသည်ကိုမြင်ရသည်နှင့်အိဗ်နိစီရိုးန်သည် နောက်ကြောင်းပြန်လှည့်ခဲ့သည်။ သို့သော်လည်း ဟဇရတ်ဟစန်အလ်ဗဆွရီက ပြောသည်မှာ"အခြားသူများ၏ မမှန်ကန်သော ဓလေ့နှင့် နည်းလမ်းများကြောင့် ကျွန်ုပ်တို့သည် မပြုမနေရကိစ္စကို စွန့်လွှတ်ရပါမည်လား။ ဂျနာဇာဆွလာသ်သည် ဖရ်သွ်(မပြုမနေရတာဝန်)ဖြစ်သည်။ ဤပျက်စီးဖောက်ပြန်သောအကြောင်းကြောင့် ယင်းကိုစွန့်ပစ်၍မရနိုင်ပါ။ ဤမကောင်းမှုအမြစ်ပြတ်စေရန်ကား အတတ်နိုင်ဆုံးကြိုးပမ်းအားထုတ်ရမည်။

ဤအဖြစ်အပျက်ကိုလည်း ရူဟုလ်မအာနီကျမ်းတွင် တင်ပြထားခဲ့သည်။

ထို့ကြောင့် ဤအာယသ်တော်မှ ပေါ်ထွက်လာသော ဤမူ၏အနှစ်သာရမှာ"လုပ်ရပ်တစ်ခုသည် ခွင့်ပြုထားရုံမျှမက ယင်းလုပ်ရပ်သည် အမိန့်နာခံခြင်းနှင့် စဝါဗ်၏အပြုအမူတစ်ရပ်ဖြစ်သည့်တိုင် ဘာသာရေးဆိုင်ရာ မပြုမနေရ ရည်မှန်းချက်တစ်ခုမဖြစ်ခဲ့လျှင် ယင်းလုပ်ရပ်ကို လုပ်ဆောင်ခြင်းသည် မကောင်းသောရလဒ်ပေါ်ထွက်နိုင်ခဲ့လျှင် ယင်းခွင့်ပြုသည့်လုပ်ရပ်အား စွန့်လွှတ်ခြင်းသည် ဝါဂျစ်ဗ်(မပြုမနေရတာဝန်)ဖြစ်သည်။ ဤသည်နှင့် ဆန့်ကျင်ဘက်မှာ ရှရီအသ်တရားတော်တွင် အဓိကကျသည့် အချက်များကိုမူ ဘေးပယောဂများပါဝင်လာမှုကြောင့် ယင်းကိုစွန့်ပိုင်ခွင့်မရှိချေ။

ဤမူမှ မုစ်လင်မ်အုမ္မသ်ထု၏ ဓမ္မသတ်ပညာရှင်များသည် ထောင်ပေါင်းများစွာသော ပြဿနာများ၏ အဖြေများကို ထုတ်နှုတ်ခဲ့ကြသည်။ ၎င်းတို့၏ ဓမ္မသတ်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုနမူနာများမှာ-

(၁) အကယ်၍လူတစ်ဦးတွင် အမိန့်မနာခံသောသားတစ်ဦးရှိခဲ့ပြီး ထိုသားကို တစ်စုံတစ်ရာပြုလုပ်ရန် စေခိုင်းလျှင် ထိုသားသည်ယင်းကိုလုပ်ဆောင်ရန်ငြင်းရုံမျှမက ဆန့်ကျင်ပြုလုပ်ခြင်းကိုပင် လုပ်ဆောင်မည်။ဟုသိရှိလျှင် ယင်းသို့သောလုပ်ရပ်ကြောင့် ၎င်း၏သားမှာ ကြီးမားသော ဂုနာဟ်အပြစ်တစ်ခုကျူးလွန်မိသွားနိုင်၍ ဖခင်သည် သားကိုတစ်စုံတစ်ခုပြုလုပ်ရန်(သို့)မပြုလုပ်ရန် အမိန့်တစ်ရပ်အနေဖြင့် မပြောဆိုသင့်ချေ။ ယင်းအစား ဖခင်က ကောင်းမွန်သည့်အကြံပေးချက်အနေဖြင့် ပြောသင့်သည်။ ပမာဆိုသော် အကယ်၍ ယင်းကဲ့သို့သောအလုပ်ကို လုပ်လျှင်ကောင်းပေလိမ့်မည်ဟု ပြောသင့်သည်။ ထိုကဲ့သို့ပြောဆိုလိုက်၍ငြင်းဆိုခြင်း(သို့) ဆန့်ကျင်ဘက်လုပ်လျှင်ယင်းသားသည် အမိန့်ဖီဆန်သောအပြစ်ဂုနာဟ်မဖြစ်တော့ချေ။ **(ခုလာစွာသွလ် ဖဿဝါ)**

(၂) တစ်စုံတစ်ဦးအား ရည်ရွယ်ချက်ကောင်းသောအကြံပေးမှုပြုလုပ်လျှင် ဤမူသည်လည်း အလားတူပင်ဖြစ်သည်။ အကယ်၍အဖြစ်အပျက်ဆိုင်ရာ အညွှန်းများအရလူတစ်ဦးသည် အကြံဉာဏ်ရယူသည့်အစား ပိုဆိုးသည့်ဘက်သို့ရောက်ကာ ဂုနာဟ်ပြစ်မှုတွင်ပိုနစ်ဝင်မည်ဆိုလျှင် ထိုအခြေအနေမျိုး၌ အကြံဉာဏ်ပေးခြင်းကို စွန့်လွှတ်ခဲ့လျှင် သာပိုကောင်းပေသည်။ အီမာမ်အလ်ဗုခါရီသည် သူ၏ ဆွဟီဒ်တွင် ဤအကြောင်းကို ပါနေကျအခဏ်း၌ ကဏ္ဍတစ်ခုထည့်ထားသည်-

باب من ترك بعض الا ختيار مخافة ان يقصر فهم بعض الناس فيقعوا فى اشد منه

"ခွင့်ပြုထားရုံမျှမက ချီးကျူးထိုက်သောအရာများအား သာမန်လူများ တွင်နားလည်မှုမှားယွင်းနိုင်သဖြင့် စွန့်လွှတ်ခဲ့ရသည့်အခါများလည်းရှိပေသည်။ သို့သော်လည်း ယင်းကိစ္စရပ်များသည် အစွမ်းရည်မှန်းချက်၏ မကျိုင်များမှလည်းမဟုတ်ရချေ။

(၃) သို့ရာတွင် အစ္စလာမ့်ရည်မှန်းချက်များအောက်တွင် အကျုံးဝင်သည့် ဖရဲသွဲ၊ ဝါဂျစ်ဗ်၊ (သို့) စွန္ဒသ်မုအကဒါဟ်(မလုပ်မနေရတာဝန်၊ မပြုမနေရ(သို့) လေးနက်စွာ တိုက်တွန်းထားသောစွန္ဒသ်)သို့မဟုတ် အစ္စလာမ့်ဆိုင်ရာထင်ရှားထူးခြားသည့်ဝိသေသလက္ခဏာအခြားအမျိုးအစားတို့ကို စတင်လိုက်နာကျင့်သုံးခြင်းဖြင့် နားလည်မှုနည်းပါးသော အချို့သူများတွင် နားလည်မှုလွဲမှားခြင်း စတင်ဖြစ်ပေါ်လာလျှင် ဤလုပ်ရပ်များကို စွန့်လွှတ်ရမည်မဟုတ်ချေ။ ယင်းအစား ယင်းသို့သောသူများ၏မှားယွင်းသောနားလည်မှုနှင့်မှားယွင်းသောပြုလုပ်ခြင်းများကိုဖယ်ရှားရန်အလို့ငှာ အခြားသောနည်းလမ်းများကို အသုံးပြုရလိမ့်မည်။ အစ္စလာမ်သာသနာ၏အစောပိုင်းကဖြစ်ပျက်ခဲ့သည်တို့က မက္ကာမြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ဆွေလာသံဝတ်ပြုဆောက်တည်ခြင်း၊ ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် အစ္စလာမ်သာသနာအကြောင်းတရားဟောကြားခြင်းတို့ကြောင့် ဒေါသထွက်စေခဲ့သည်ဆိုကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ယင်းကဲ့သို့ကြမ်းတမ်းသောအခြေအနေများကြောင့် အစ္စလာမ်သာသနာ၏အစဉ် ထူးခြားထင်ရှားသောဝိသေသလက္ခဏာများကို မည်သို့သောအခါကမျှ စွန့်လွှတ်ခဲ့သည်မရှိချေ။ စင်စစ်လက်ရှိအာယသ်တော်ကျရောက်ခြင်း နောက်ခံအကြောင်း၌ဖော်ပြထားသော အဗူဂျဟဲလ်နှင့် ကျန်ကုရိုက်ရှ်အကြီးအကဲများနှင့်ပတ်သက်သောအဖြစ်အပျက်က ဤအချက်ကို အာဝဇ္ဇန်းရွှင်စွာ သက်သေပြထားခဲ့သည်။ အဖြစ်အပျက်၏အနှစ်သာရမှာ မယုံကြည်သည့်ကုရိုက်ရှ်မျိုးနွယ်စုမှအကြီးအကဲများသည် အကယ်၍ တမန်တော်မြတ် (ﷺ) သခင်က အလ္လာဟ်တစ်ပါးတည်းတည်ရှိကြောင်း ဖိတ်ခေါ်သည့်သောင်ဟီးဒ်ဟောကြားမှုကို စွန့်လွှတ်ပါက ငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ရပ်ပေးရန်ဆန္ဒရှိခဲ့သည်။ ကိုယ်တော်မြတ် (ﷺ) သခင်က ၎င်းတို့ကိုဖြေကြားခဲ့သည်မှာ“အကယ်၍ ၎င်းတို့သည် နေနှင့်လကိုကိုယ်တော်မြတ်လက်ထဲထည့်ပေးခဲ့လျှင်ပင် ကိုယ်တော်သည် ဟောကြားမှုကို စွန့်လွှတ်လိမ့်မည်မဟုတ်။”

နိဂုံးချုပ်ရသော်“အကယ်၍ အစ္စလာမ့်ရည်မှန်းချက်များအောက်တွင် အကျုံးဝင်သည်များလုပ်ဆောင်ခြင်းဖြင့် လူအချို့သည် မှားယွင်းစွာနားလည်ခြင်း(သို့) မကောင်းသောလုပ်ရပ်များ၏သားကောင်ဖြစ်သွားလျှင်ပင်ယင်းကဲ့သို့လုပ်ရပ်များလုပ်ဆောင်ခြင်းကို မည်သည့်အခါမျှ မစွန့်လွှတ်သင့်ချေ။” ဟူသော သန့်စင်၍ဖြေရှင်းပြီးသောအဖြေအဖြစ်ရပေသည်။ အစ္စလာမ့်ရည်မှန်းချက်များအောက်တွင် အကျုံးမဝင်သော လုပ်ရပ်များနှင့်ယင်းလုပ်ရပ်စွန့်ပစ်ခြင်းဖြင့် မည်သည့်ဘာသာရေးဆိုင်ရာရည်မှန်းချက် မပျောက်ပျက်ခြင်း(သို့) စေ့စပ်အလျော့ပေးခြင်းတို့ မရှိခဲ့လျှင် အခြားသူများနားလည်မှုမှားယွင်းခြင်း(သို့) မှားယွင်းသောလုပ်ရပ်တွင် သက်ဆင်းစေမည်ဆိုလျှင် ထိုကဲ့သို့သော လုပ်ရပ်များကို စွန့်ပစ်ရပါလိမ့်မည်။

0daoovu©Pmrsm;\wefcdk;jyn#d[mrsm;

ပြီးခဲ့သောအာယသ်တော်များထဲတွင် ခေါင်းမာသောသူများသည် အလ္လာဟ်အရှင်မြတ်၏ရှင်းလင်းသောသက်သေလက္ခဏာများမှလည်းကောင်း၊ အရှင်မြတ်၏ တမန်တော်၏ပွင့်လင်းသော အံ့ဖွယ်ရာမုအ်ဂျိဇ်ဇာတ်များမှလည်းကောင်း အကျိုးအမြတ်ရယူနိုင်ခြင်းမရှိဘဲ သစ္စာတရား၏သတင်းစကားကို အမြဲငြင်းဆိုနေကြောင်းဖော်ပြထားခဲ့သည်။ လက်ရှိအာယသ်တော်များထဲတွင် ၎င်းတို့မည်သို့ပုံစံတစ်မျိုးပြောင်း၍ တမန်တော်မြတ် (ﷺ) သခင်အားသီးသန့် မုအ်ဂျိဇ်ဇာတ်အံ့ဖွယ်တန်ခိုးပြသစေရန်တောင်းဆိုခဲ့ကြောင်း ဖော်ပြထားသည်။ အိဗ်နိဂျရီး၏တင်ပြ

ချက်အရ ကုရိုက်ရှ်အကြီးအကဲများက စဖာရ်တောင်အား ရွှေသားအတိပြီးသည့်တောင်အဖြစ် ပြောင်းစေကာ မုအ်ဂျိဇာအဲ့ဖွယ်အဖြစ်ပြသရန်စေခိုင်းကြသည်။ သို့မှသာ ကိုယ်တော်မြတ်အား တမန်တော်တစ်ပါးအဖြစ်လက်ခံကြ၍ ၎င်းတို့အားလုံးအစွလာမ်သာသနာထဲ ဝင်ရောက်ကြမည်ဟုပြောကြသည်။

တမန်တော်မြတ် (ﷺ) သခင်က မိန့်ကြားခဲ့သည်မှာ"ကောင်းပြီ၊ အကယ်၍ ဤအဲ့ဖွယ်မုအ်ဂျိဇာဟ်ပြသခဲ့ပြီးလျှင် အသင်တို့အားလုံးမုစ်လင်မ်ဖြစ်လာကြမည်ဟူသည့် ခိုင်လုံသောသဘောတူညီချက်တစ်ရပ်ပြုလုပ်ကြလော့။ ထိုသူတို့သည် လေးနက်စွာ ကျိန်တွယ်ကြသည်။ တမန်တော်မြတ် (ﷺ) သခင်သည် တောင်တစ်ခုလုံးရွှေသားအတိဖြစ်စေရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆုပန်ရန် မတ်တတ်ရပ်ခဲ့သည်။ စိုက်ယိဒိနာဂျီဗ်ရာအီလ် (ﷺ) သည် ဝဟီနှင့်တကွရောက်ရှိလာခဲ့၍ မိန့်ကြားသည်မှာ-"အကယ်၍ အသင်ဆန္ဒရှိလျှင် ငါအရှင်မြတ်သည်ဤတောင်တစ်ခုလုံးကို ရွှေအတိပြီးသည့်တောင်ပြုလုပ်ပေးမည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ဥပဒေ ဓလေ့ထုံးစံအရ အကျိုးဆက်မှာ အကယ်၍ ၎င်းတို့သည် အဲ့ဖွယ်မုအ်ဂျိဇာဟ်ကို မယုံကြည်ခဲ့လျှင် အစုလိုက်အပြုံလိုက်အားလုံးဖျက်ဆီးခြင်းခံကြရမည်။ ထိုကဲ့သို့အဖြစ်အပျက်မျိုးသည် လွန်ခဲ့သော အုမ္မသ်ထုတွင်ဖြစ်ပျက်ခဲ့သည်။ ထိုသူများသည် ၎င်းတို့တောင်းဆိုသည့် အဲ့ဖွယ်မုအ်ဂျိဇာဟ်ကိုပြသခဲ့ကာ မြင်တွေ့ပြီးနောက်တွင်ပင် ငြင်းပယ်ခြင်းဘက်ဦးလှည့်သွား၍ အလ္လာဟ်အရှင်မြတ်အမျက်တော်ရှခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်းခံခဲ့ရသည်။ တမန်တော်မြတ် (ﷺ) သခင်သည် ထိုသူများ၏ အကျင့်ပါနေသော ခေါင်းမာမှုကို သတိပြုမိ၍လည်းကောင်း၊ ကိုယ်တော်မြတ်သည် အသနားအကြင်နာဆုံးဖြစ်သောကြောင့်လည်းကောင်း ထိုအဲ့ဖွယ်မုအ်ဂျိဇာဟ်အတွက် ဆုဒိုအာတောင်းခံခြင်းမပြုခဲ့ဟုပြောခဲ့သည်။ ထိုစဉ်အောက်ပါအာယသ်ကျရောက်ခဲ့သည်- **وَاَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ "၎င်းတို့သည် မုချသက်ဝင်ယုံကြည်ကြမည်ဟု အလ္လာဟ်အရှင်မြတ်အားတိုင်တည်၍ အစွမ်းကုန်ကျိန်ဆိုကြလေ၏။"(၁၀၉)** ဤနေရာ၌တင်ပြထားသည်မှာ အကယ်၍ ၎င်းတို့တောင်းဆိုသည့် အဲ့ဖွယ်မုအ်ဂျိဇာဟ်ကို ၎င်းတို့မြင်တွေ့ရပါက ၎င်းတို့သည် အစွလာမ်ဘာသာသို့သက်ဝင်ယုံကြည်လိမ့်မည်ဟု မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ကျိန်ဆိုပြောဆိုချက်ပင်ဖြစ်သည်။ ထို့နောက်ဆက်၍ဖော်ပြထားသော ဝါကျထဲတွင် -

اِنَّمَا الْاٰيٰتُ عِنْدَ اللّٰهِ "သက်သေလက္ခဏာတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်၌သာ ရှိကုန်၏။"(၁၀၉) ဟူ၍ဖြစ်သည်။ ဤထဲတွင် ၎င်းတို့ပြောကြားခြင်း၏အဖြေတစ်ရပ်ပါရှိသည်။ ဤနေရာ၌ အားလုံးသော သက်သေလက္ခဏာများနှင့် အဲ့ဖွယ်မုအ်ဂျိဇာဟ်များသည် အလ္လာဟ်အရှင်မြတ်၏တန်ခိုးတော်နှင့် ထိန်းချုပ်မှုအောက်တွင်ရှိသည်ဟု ကြေညာထားခဲ့သည်။ ထင်ရှားပေါ်လွင်ပြသခဲ့ပြီးသော အဲ့ဖွယ်မုအ်ဂျိဇာဟ်များသည် အလ္လာဟ်အရှင်မြတ်ထံတော်မှဖြစ်၍ ယခုတောင်းဆိုထားသည်များသည်လည်း အလ္လာဟ်အရှင်မြတ်၏ အကြွင်းမဲ့ထိန်းချုပ်မှုအောက်တွင်ရှိပါသည်။ သို့သော်လည်း တရားမျှတခြင်းနှင့်ဆင်ခြင်တုံတရား၏ ညွှန်ကြားချက်အရ ထိုသူများသည် ယင်းကဲ့သို့သောတောင်းဆိုချက်တစ်ရပ်တောင်းပိုင်ခွင့်မရှိချေ။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ် (ﷺ) သခင်သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်ဖြစ်ကြောင်း ပြောဆိုရာ၌ အထောက်အကူအနေအဖြစ် သက်သေများနှင့်အထောက်အထားများကို တန်ခိုးပြာဋိဟာမုအ်ဂျိဇာဟ်အနေဖြင့် ပြသခဲ့ပြီးဖြစ်သည်။ ယခုအခြားတဖက်သောသူများအတွက် သက်သေများနှင့်အထောက်အထားများပြသခဲ့ရာတွင် မှားယွင်းကြောင်းဆိုသည်နှင့်မူကား စောဓကတက်ခွင့်ရှိပါသည်။ သို့သော်လည်း တင်ပြထားသည့်အထောက်အထားများကို ပြန်လှန်စစ်မေးသည့်အနေအထားမရှိဘဲ အခြားသောသက်သေခံများတောင်းခြင်းသည် တရားရုံးတော်တစ်ခု၏

မြင်ကွင်းနှင့်တူပေသည်။ ယင်းမြင်ကွင်းတွင် ထုချေသူသည် တရားလိုတင်ပြသောသက်သေအားအပြန်အလှန်မေးခြင်းကိုရှောင်ရှားကာ ထပ်၍သူသည် ယင်းသက်သေများ၏ထွက်ချက်ကိုလည်း လက်မခံနိုင်ပါ။ ထိုကဲ့သို့သောသူများ၏ သီးခြားထွက်ဆိုချက်များကိုသာလက်ခံပါမည်ဟု လျှောက်လဲသည်။ ထင်ရှားသည်မှာ ဘယ်တရားရုံးတော်ကမျှ ဤလျှောက်လဲချက်ကို ကြားနာထိုက်သည်ဟု ယူဆလိမ့်မည်မဟုတ်ချေ။

အလားတူ အလ္လာဟ်အရှင်မြတ်၏ ရစူလ်(သို့) တမန်တော်တစ်ပါး၏ခိုင်မာမှုအကြောင်းဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ မယုံကြည်သူများ၏ရှေ့ဝယ် ထင်ရှားသောလက္ခဏာများနှင့်အံ့ဖွယ်မုအ်ဂျိဇာဟ်မြောက်မြားစွာရှိခဲ့သည်။ သို့ဆိုလျှင် ဤလက္ခဏာများပြာဋိဟာများ မှားယွင်းကြောင်းသက်သေမပြနိုင်သရွေ့ ထိုသူများသက်ဝင်ယုံကြည်နိုင်ရန်အတွက် ဤကဲ့သို့သော မုအ်ဂျိဇာဟ်အံ့ဖွယ်ရာများမြင်တွေ့လိုသည်ဟုပြောပိုင်ခွင့်မရှိချေ။

ယင်းနောက်မှ ဖော်ပြပါအာယသ်တော်များအဆုံးထိ မုစ်လင်မ်များကို တစ်ဦးချင်းတတ်စွမ်းနိုင်သမျှစစ်မှန်သောယုံကြည်ချက်ပေါ် စွဲမြဲစွာနေထိုင်ရန်မှာ ၎င်းတို့၏တာဝန်ဖြစ်ကြောင်းနှင့် ယင်းနှင့်ပတ်သက်သည်များအခြားသူများထံ မှန်ကန်စွာနှင့်စနစ်ကျစွာပို့ဆောင်ပေးရန် တိုက်ရိုက်ညွှန်ကြားထားသည်။ ဤကဲ့သို့လုပ်ဆောင်ပါလျှက်နှင့် အကယ်၍၎င်းတို့သည် မပြောင်းလဲခြင်းနှင့်ခေါင်းမာခြင်းလက္ခဏာများပြသလျှင် တစ်စုံတစ်ဦးသည်ထိုသူများနှင့်ပတ်သက်၍ စိတ်သောကမရောက်သင့်ချေ။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်တစ်ဦးဖြစ်လာစေရန် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အင်အားသုံးစေခိုင်းမရပါ။ အကယ်၍သာ ဤသည်ကိုအင်အားသုံး၍လုပ်ဆောင်ရနိုင်သည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်ထံတော်တွင်မှအပ မည်သူ့ထံတွင်မျှ ကြီးမားသောအတင်းအကြပ်လုပ်နိုင်စွမ်းအားရှိသည်ဟု အခိုင်အမာပြောနိုင်အံ့နည်း။ အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် လူတိုင်းကို မုစ်လင်မ်ဖြစ်စေရန်လုပ်ပါလိမ့်မည်။ ထို့ပြင် မုစ်လင်မ်များစိတ်နှလုံးငြိမ်းချမ်းသာယာမှုရစေရန် အာယသ်တော်ထဲ၌ ဤသူများသည် အကယ်၍အလ္လာဟ်အရှင်မြတ်က ၎င်းတို့တောင်းဆိုသောအံ့ဖွယ်မုအ်ဂျိဇာဟ်တို့ကိုပြသခဲ့လျှင်ပင် ထိုသူများက သက်ဝင်ယုံကြည်ကြလိမ့်မည်မဟုတ်ဟု ရှင်းလင်းထားခဲ့သည်။ အကြောင်းမှာ ၎င်းတို့၏ငြင်းဆိုမှုသည် မည်သည့်နားလည်မှုမှားယွင်းခြင်းတွင်လည်းကောင်း၊ ဂရုပြုမှုနည်းပါးခြင်းအပေါ် တွင်လည်းကောင်း အခြေမခံထား၍ဖြစ်သည်။ စင်စစ်ယင်းသည် အံ့ဖွယ်မုအ်ဂျိဇာဟ်များနှင့်ပင် ကုသမရသော ၎င်းတို့၏ ရန်လိုခြင်းနှင့်ခေါင်းမာခြင်းတည်းဟူသော ရောဂါတစ်ခုကြောင့်ဖြစ်ပေသည်။ အာယသ်(၁၁၁)**وَلَوْ اَنَّنَا نَزَّلْنَآ اِلَيْهِمُ الْمَلٰٓئِكَةَ** ထဲတွင် မိန့်ထားသည်မှာ ဤသူများသည် အကယ်၍ ၎င်းတို့တောင်းဆိုသော အလုံးစုံအံ့ဖွယ်မုအ်ဂျိဇာဟ်များ ၎င်းတို့အားပြသခဲ့လျှင် အကယ်၍ ထိုသူများကို ကောင်းကင်စေတမန်များနှင့်တွေ့ဆုံစေခြင်း၊ လူသေများနှင့်စကားပြောဆိုခြင်း စသည်တို့ကိုလုပ်ဆောင်ပေးခဲ့လျှင်ပင် ထိုသူတို့သက်ဝင် ယုံကြည်ကြမည်မဟုတ်ချေ။ နောက်ဖော်ပြသည့်အာယသ်တော်(၁၁၂-၁၁၃)ထဲတွင် ထိုကဲ့သို့သောသူများက တမန်တော်မြတ် (ﷺ) သခင်ကို ရန်လိုခြင်းသည်အံ့အားသင့်စရာမဟုတ်ကြောင်း တမန်တော်မြတ် (ﷺ) ကို နှစ်သိမ့်ကာမိန့်ကြားထားသည်။ အတိတ်က တမန်တော်များသည်လည်း ၎င်းတို့၌ ရန်သူများရှိခဲ့ကြသည်။ ထို့ကြောင့် ဤသည်နှင့်ပတ်သက်၍တမန်တော်ကြီးသည် ဝမ်းနည်းမနေပါနှင့်ဟုဖော်ပြထားသည်။

XXXXXXXXXXX

tm, of (114-117)

أَفَغَيْرَ
اللَّهِ أَبْتَغِي حَكَمًا وَهُوَ الَّذِي أَنزَلَ إِلَيْكُمُ الْكِتَابَ مُفَصَّلًا ۚ
وَالَّذِينَ آتَيْنَاهُمُ الْكِتَابَ يَعْلَمُونَ أَنَّهُ مُنَزَّلٌ مِّن رَّبِّكَ
بِالْحَقِّ فَلَا تَكُونَنَّ مِنَ الْمُمْتَرِينَ ﴿١١٤﴾ وَتَمَّتْ كَلِمَتُ رَبِّكَ
صِدْقًا وَعَدْلًا ۖ لَّا مُبَدِّلَ لِكَلِمَاتِهِ ۚ وَهُوَ السَّمِيعُ الْعَلِيمُ ﴿١١٥﴾
وَإِن تُطِعْ أَكْثَرَ مَن فِي الْأَرْضِ يُضِلُّوكَ عَن سَبِيلِ اللَّهِ ۚ
إِن يَتَّبِعُونَ إِلَّا الظَّنَّ وَإِنْ هُمْ إِلَّا يَخْرُصُونَ ﴿١١٦﴾ إِنَّ رَبَّكَ
هُوَ أَعْلَمُ مَن يَضِلُّ عَن سَبِيلِهِ ۚ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ ﴿١١٧﴾

(အို- နဗီတမန်တော် အသင်သည် ဤသို့ပြောကြားပါလေ။)။ “ငါသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားသူကို စီရင်ဆုံးဖြတ်သူတရားသူကြီးအဖြစ် ရှာဖွေရပါမည်လော။ အမှန်စင်စစ်ထို့အရှင်မြတ်သည်ပင်လျှင် အသင်တို့ထံ၌ (အလုံးစုံတို့ကို)လင်း၍ပြထားပြီးဖြစ်သော(ကုရ်အာန်)ကျမ်းဂန်ဒေသနာတော် မြတ်ကို ချပေးသနားတော်မူခဲ့လေသည်။” အမှန်သော်ကား(ယခင်က)ငါအရှင် မြတ်ကျမ်းဂန်ဒေသနာတော်ကို ခံုမြွှင့်ပေးသနားတော်မူခဲ့သောသူတို့သည်လည်း ယင်း(ကုရ်အာန်)ကျမ်းတော်မြတ်သည် အသင့်အားမွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်ထံတော်မှ မှန်ကန်သော အကြောင်းအရာနှင့်တကွ ကျရောက်လာ သောဒေသနာတော်ကျမ်းမြတ်ဖြစ်သည်ကို သိရှိကြကုန်သည်။ သို့ဖြစ်ပေရာ အသင်သည်ဒွိဟမကင်းသူတို့အနက် အပါအဝင်မဖြစ်ပါလေနှင့်။ (၆း၁၁၄)

ၔင်းပြင် အသင့်အားမွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်၏(ဤ)မုကွ ပါဋ္ဌိတော်သည် မှန်ကန်ခြင်းအရာ၌ၔင်း၊ တရားမျှတခြင်းအရာ၌ၔင်း၊ စုံလင် ပြည့်စုံလှပေသည်။ ထို့အရှင်မြတ်၏မုကွပါဋ္ဌိတော်များကို ပြောင်းလွဲနိုင်သူ ဟူ၍ကားအလျင်းမရှိပြီ။ စင်စစ်မူကား ထို့အရှင်မြတ်သည် အကြွင်းမဲ့ကြား တော်မူသောအရှင် အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင်တည်း။(၆း၁၁၅)

စင်စစ်သော်ကား အကယ်၍သာအသင်သည် ကမ္ဘာမြေဝယ်ရှိ မြောက်မြားစွာသောသူတို့၏ စကားကိုလိုက်နာခဲ့မူ၊ ထိုသူတို့သည် အသင့်အားအလွှာဟ် အရှင်မြတ်၏လမ်းမှ လွဲချော်မှောက်မှားစေကြကုန်အံ့။ ၎င်းတို့သည် ထင်မြင်ချက်မှအပ အခြားမည်သည်ကိုမျှ လိုက်နာကြမည်မဟုတ်ပေ။ စင်စစ်သော်ကား ထိုသူတို့သည် ရမ်းဆပြောဆိုသူများသာဖြစ်ကြချေသတည်း။ (၆း၁၁၆)

ကေန်စင်စစ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုအရှင်မြတ်၏လမ်းတော်မှ မည်သူသည်လွဲချော်မှောက်မှားနေသည်ကို ကောင်းစွာသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ပင်လျှင် လမ်းမှန်ကို ရရှိသူတို့အားလည်း ကောင်းစွာသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။ (၆း၁၁၇)

tusa,fzGihrfqtkjcif;

ပြီးခဲ့သောအာယသ်တော်များထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့်အစ္စလာမ့်တမန်တော်မြတ် (e) သခင်၏စစ်မှန်မှုကိုဆန့်ကျင်သော မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ခေါင်းမာသော အနေအထားကို ဖော်ပြထားခဲ့သည်။ ယင်းတို့၏မှန်ကန်ကြောင်းသက်သေပြချက်များဖြစ်သော လက္ခဏာများနှင့်အံ့ဖွယ်မုအ်ဂျိဇာ်များကိုမြင်တွေ့ခဲ့ရပြီးသည့်တိုင် ၎င်းတို့သည် ခေါင်းမာမြဲခေါင်းမာရုံမျှမက ၎င်းတို့မယုံကြည်မီ၎င်းတို့ရွေးချယ်ကြသော အံ့ဖွယ်မုအ်ဂျိဇာ်များကိုပင် တောင်းဆိုခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ဤယုတ္တိမတန်သောငြင်းဆိုချက်ကိုပြောဆိုရာ၌ ၎င်းတို့တောင်းဆိုသော မုအ်ဂျိဇာ်အံ့ဖွယ်ကို ရှင်းလင်းစွာပြသခြင်းမှာ အလွှာဟ်အရှင်မြတ်အတွက် လွယ်ကူပေသည်။ သို့သော်လည်း ဤသည်တို့ကိုတောင်းဆိုသော ခေါင်းမာသူများသည် ယင်းအံ့ဖွယ်မုအ်ဂျိဇာ်များကို မြင်ပြီးပါလျှက်နှင့် ဆက်လက်ကောက်ကျစ်နေသူများအဖြစ် ရှိနေကြဦးမည် ဟုမိန့်ထားသည်။ ၎င်းတို့ထိုသို့လုပ်ခဲ့လျှင် အလွှာဟ်အရှင်မြတ်၏ ဥပဒေအရ စီရင်ခံရမည်ဖြစ်ကာ ရလဒ်အဖြစ် ၎င်းတို့အားလုံးအစုလိုက်အပြုံလိုက်ပြစ်ဒဏ်ပေးခံရ၍ ဖျက်ဆီးပစ်ခြင်းခံရလိမ့်မည်။ ထို့ကြောင့် တမန်တော်မြတ် (e) သခင်သည် ကိုယ်တော်မြတ်၏စကြဝဠာလုံးဆိုင်ရာ သနားကရုဏာတော်အရ ၎င်းတို့တောင်းဆိုသည့်အတိုင်း လုပ်ဆောင်ရန် ငြင်းဆိုခဲ့သည်။ ကိုယ်တော်မြတ်က ၎င်းတို့အား မြင်တွေ့ခဲ့ရပြီးဖြစ်သည့် အံ့ဖွယ် မုအ်ဂျိဇာ်များနှင့် သက်သေလက္ခဏာများအကြောင်း ပြန်လည်စဉ်းစားကြရန် ပြောကြားခဲ့သည်။

လက်ရှိအာယသ်တော် များတွင် အလွှာဟ်အရှင်မြတ်၏မုက္ခပါဠိတော်ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်၏ စစ်မှန်ချက်ကို ရှင်းလင်းစွာသက်သေပြသည့်အထောက်အထားများပါဝင်သည်။

ပထမအာယသ်(၁၁၄)တွင် မိန့်ကြားထားခဲ့သော အကြောင်းအရာမှာ “အသင်နှင့်ကျွန်ုပ်ကွဲပြားခြားနားခြင်းမှာ ကျွန်ုပ်သည် အလွှာဟ်အရှင်မြတ်၏ နဗီတမန်တော်တစ်ပါးဖြစ်နေသောကြောင့်ဖြစ်သည်။ ကျွန်ုပ်က

ယင်းကိုအခိုင်အမာပြောကာ သင်ကယင်းကိုငြင်းဆိုခဲ့သည်။ သို့သော်လည်း ဤကိစ္စရပ်သည် တရားသူများတို့၏ ထွဋ်ခေါင် တရားသူကြီးက ကျွန်ုပ်ကိုအနိုင်ပေးသည့်အနေဖြင့် ဆုံးဖြတ်ထားသည်မှာ ကျွန်ုပ်၏မှန်ကန်ကြောင်း အခိုင်အမာပြောဆိုခြင်း၏ သက်သေဖြစ်သည့် ကုရ်အာန်ကျမ်းတော်မြတ်သည်ပင် အံ့ဖွယ်မုအ်ဂျိဇာ်ဖြစ်နေခြင်းက လုံလောက်ပေသည်။ ဤကုရ်အာန်ကျမ်းတော်မြတ်ကပင် အကယ်၍ ၎င်းတို့သံသယရှိလျှင် ဤအလ္လာဟ်အရှင်မြတ် မုကွပါဠိတော်နှင့်တန်းတူသော သေးငယ်သောစူရတ်တစ်ပုဒ်ဖြစ်စေ၊ အာယသ်တစ်ခုကိုဖြစ်စေ ပြုလုပ်ရန် တစ်ကမ္ဘာလုံး ရှိလူအများကိုစိန်ခေါ်ထားခဲ့သည်။ အာဝိဇ္ဇနိုးရွှင်သော အရဗ်များပင်လျှင် ဤစိန်ခေါ်မှုကို လက်မခံခဲ့ကြပါ။ ထို့နောက် အစွယ်လာမ်သာသနာ၊ ကုရ်အာန်ကျမ်းတော်မြတ်နှင့်အစွယ်လာမ့်တမန်တော်တို့ တစ်ပေါင်းတစ်စည်းထဲအား ၎င်းတို့၏အသက်များ၊ စည်းစိမ်ဥစ္စာများနှင့် ဂုဏ်သိက္ခာများ ရင်းနှီးကာ ဆန့်ကျင်ခဲ့ကြသူများရှိခဲ့ကြပါသည်။ ထိုသူများထဲမှပင် အံ့ဖွယ်ရာ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများနှင့်တူညီသော အာယသ်တစ်ခုတစ်လေမျှ နှင့်ပင် ပေါ်ထွက်လာသည့်သူတစ်ဦးမျှမရှိခဲ့ချေ။ ဤပွင့်လင်းသည့် အံ့ဖွယ်မုအ်ဂျိဇာ်သည် လုံးဝဥဿုံ အုမ္မီ စာပေမတတ်ကျွမ်း၊ မည်သူတစ်ဦးတစ်ယောက်၏သင်ကြားခြင်းကိုမျှ မခံခဲ့ရသော သူတစ်ဦး ရွတ်ဖတ်သရဖျောယ်မှုများသည် အရေးဗီးယားနှင့်ကမ္ဘာတခွင်လုံးအံ့ဩသွားစေခြင်းအား အမှန်တရားကိုလက်ခံရန် ပွင့်လင်းသော အံ့ဩဖွယ်ရာတစ်ရပ်အဖြစ် မှတ်ယူရန် မကောင်းလေသလော။ ဤကိစ္စသည် တရားသူကြီးများအားလုံး၏ ထွဋ်ခေါင် တရားသူကြီး၏ ရုံးတော်၌ ဆုံးဖြတ်ပြီးခဲ့သော ကိစ္စရပ်ဖြစ်ပေသည်။ ယင်းမှာ မုဟမ္မဒ် (ဧ) သခင်သည် အလ္လာဟ်အရှင်မြတ်၏စစ်မှန်သော ရစူလ်တစ်ပါးဖြစ်၍ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်ဂျလ္လာရှာနူဟူ ၏ကလာမ်(မုကွပါဠိ)တော်ဖြစ်ပေသည်။

ဤသည်နှင့်ပတ်သက်၍ ပထမအာယသ်တော်(၁၁၄)ထဲတွင် မိန့်ထားသည်မှာ- **اَفَغَيْرَ اللّٰهِ اَبْتَغِىْ حَكَمًا** "(အို-နဗီတမန်တော်)ငါသည် အလ္လာဟ်အရှင်မြတ်မှတပါး အခြားသူကို စီရင်ဆုံးဖြတ်သူတရားသူကြီးအဖြစ် ရှာဖွေရပါမည်လော။"ဟူ၍ဖြစ်သည်။ တစ်နည်းဆိုသော် "(ကျွန်ုပ်ထံ အလ္လာဟ်အရှင်မြတ်ချပေးတော်မူသော ဤကုရ်အာန်ကျမ်းတော်မြတ်)ဤဆုံးဖြတ်ချက်၏နောက်တွင် ကျွန်ုပ်သည် ထိုအရှင်မြတ်မှတစ်ပါး အခြားသော တရား စီရင်ဆုံးဖြတ်သူတစ်ဦးရှာသင့်သည်ဟု သင်တို့လိုလားပါသလား။ ဤသည်မှာ လုံးဝမဖြစ်နိုင်ချေ။ ဤသည်နောက် ကုရ်အာန်ကျမ်းတော်မြတ်သည် စစ်မှန်၍အလ္လာဟ်မုကွပါဠိတော်ဖြစ်ကြောင်း သက်သေခံသည့် ကုရ်အာန်ကျမ်းတော် မြတ်၏သီးခြားဝိသေသအရည်အချင်းအချို့လည်းရှိပါသေးသည်။ ပမာဆိုသော်-

هُوَ الَّذِىْٓ اَنْزَلَ اِلَيْكُمُ الْكِتٰبَ مُفَصَّلًا "အမှန်စင်စစ် ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့ထံ၌(အလုံးစုံတို့ကို) လင်း၍ပြထားပြီးဖြစ်သော (ကုရ်အာန်)ကျမ်းဂန်ဒေသနာတော်မြတ်ကို ချပေးသနားတော်မူခဲ့လေသည်။"ဟူသော မိန့်ကြားချက်က ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးခြားသောပြီးပြည့်စုံမှု(၄)ရပ်ကိုဖော်ပြထားသည်။ ယင်းတို့မှာ (၁)ထိုကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်ထံမှ ပို့ချတော်မူခြင်း၊ (၂) ယင်းကျမ်းမြတ်သည် ပြီးပြည့်စုံ၍ အံ့ဩဖွယ် မယှဉ်ပြိုင်၊ မတုပနိုင်ခြင်း၊ (၃) မူဝါဒဆိုင်ရာကိစ္စအားလုံးတို့အား ရှင်းလင်းပြတ်သားသည့် အသေးစိတ်များဖြင့်ဖော်ပြထားခြင်းနှင့် (၄)ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီကပင် ကျမ်းရပုဂ္ဂိုလ်များဖြစ်သည့် ဂျူးနှင့်ခရစ်ယာန်တို့က ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏မုကွပါဠိတော်ဖြစ်ကြောင်း အသေအချာသိရှိခဲ့ကြသည်။ ထို့နောက် အမှန်တရားလေးစားသောသူများက ကုရ်အာန်ကျမ်းတော်မြတ်သည်

အလ္လာဟ်မုက္ခပါဠိတော်ဖြစ်ကြောင်း ပြောကြားသကဲ့သို့ ရန်လိုသူများသည် အမှန်ကိုသိလျက်နှင့် အလ္လာဟ်အရှင့် မုက္ခပါဠိတော်မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအရည်အချင်း(၄)ရပ်ကို ဖော်ပြပြီးနောက် တမန်တော်မြတ် (ﷺ) သခင်ကို ဦးတည်ကာ-**فَلَا تَكُونَنَّ مِنَ الْمُمْتَرِينَ** "သို့ဖြစ်ပေရာ အသင်သည်ဒွိဟမကင်းသူတို့အနက် အပါအဝင်မဖြစ်ပါလေနှင့်။"ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ ထိုကဲ့သို့ရှင်းလင်းပြတ်သားသည့် သက်သေသာဓကများတည်ရှိပြီးနောက် ဒွိဟသံသယစိုးစဉ်းမျှဖြစ်စရာမရှိချေ။ ထင်ရှားသည်မှာ တမန်တော်မြတ် (ﷺ) သခင်သည် ဒွိဟသံသယဖြစ်သူများတွင်မပါဝင်ပါ။ ယင်းအကြောင်း သိဖိစီရင်အိဗ်နိကဆီးရ်တွင် ဖော်ပြထားသည့် "ကျွန်ုပ်သည်ဘယ်သောအခါမျှ သံသယမရှိသကဲ့သို့ မည်သည့်အခါတွင်မျှလည်း မေးမြန်းခဲ့သည်မရှိပါ" ဟူသော ကိုယ်တော်မြတ်၏မိန့်ကြားချက်က အတည်ပြုစေပါသည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်အသုံးအနှုန်းအရ တမန်တော်မြတ် (ﷺ) သခင်ကိုဦးတည်ပြောကြားသော်လည်း စင်စစ်မှာ အခြားသူများကြားသိစေရန် ရည်ရွယ်ရင်းဖြစ်ပေသည်။ ဤကဲ့သို့ကိုယ်တော်မြတ် (ﷺ) သခင်ကို ဦးတည်ပြောကြားသည့် ဟန်ပန်၏ရည်ရွယ်ချက်မှာ အမိန့်တော်၏အကျိုးသက်ရောက်မှုကို လေးနက်စေရန်ဖြစ်သည်။ ဆိုလိုသည်မှာ "ဤကဲ့သို့တမန်တော်မြတ် (ﷺ) အားမိန့်ကြားထားပါလျှင် မည်သူသံသယဝင်ပါအံ့နည်း။

ဒုတိယအာယသ်တော်(၁၁၅)ထဲတွင် ဖော်ပြထားသည့် ကုရ်အာန်ကျမ်းတော်မြတ်၏နောက်ထပ်အရည်အချင်းနှစ်ရပ်ကား ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏မုက္ခပါဠိတော်ဖြစ်ကြောင်း သက်သေပြရန်လုံလောက်သည်။ **وَتَمَّتْ كَلِمَتُ رَبِّكَ صِدْقًا وَّعَدْلًا ۭ لَا مُبَدِّلَ لِكَلِمٰتِهٖ** "၎င်းပြင် အသင့်အားမွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်၏(ဤ)မုက္ခပါဠိတော်သည် မှန်ကန်ခြင်းအရာ၌လည်းကောင်း၊ တရားမျှတခြင်းအရာ၌လည်းကောင်း စုံလင်ပြည့်စုံလှပေသည်။ ထိုအရှင်မြတ်၏ မုက္ခပါဠိတော်များကို ပြောင်းလွဲနိုင်သူဟူ၍ကား အလျင်းမရှိပြီ။"

تَمَّتْ (တမ်မသ်)ဟူသော စကားလုံးသည် ပြီးပြည့်စုံမှု၏အခြေအနေကိုဖော်ပြကာ-**كَلِمَتُ رَبِّكَ** (ကလိမသုရတ်ဗိက်)ဟူသည် ကုရ်အာန်ကျမ်းတော်မြတ်ကိုရည်ညွှန်းသည်။ (စိုက်ယိဒိနာကသာဒဟ်မှတစ်ဆင့် အလ်ဗဟ်ရ်အလ်မုဟီးတွ်)။ ကုရ်အာန်ကျမ်းတော်မြတ်ပါ အကြောင်းအရာများအားလုံးသည် နှစ်မျိုးနှစ်စားရှိသည်။ ပထမမျိုးမှာ မကောင်းမှုလုပ်ရပ်အတွက် ပြစ်ဒဏ်ပေးမှုနှင့်သတိပေးချက်၊ ကောင်းမှုကောင်းရာများအတွက် ဆုလာဘ်များကို ဖော်ပြရာတွင် သင်ခန်းစာများပါဝင်သော ကမ္ဘာ့သမိုင်း၏အဖြစ်အပျက်များနှင့် အခြေအနေများအကြောင်းဖော်ပြထားသည်။ ဒုတိယအမျိုးအစားမှာ လူသားများကောင်းမွန်ရေးနှင့်ကြီးပွားရေးတို့နှင့်ပတ်သက်သောအမိန့်ပညတ်ချက်များကို ဖော်ပြထားသည်။ ဤနှစ်မျိုးနှစ်စားနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏အရည်အချင်းနှစ်ရပ်ကို ဖော်ပြထားသည်မှာ-**صِدْقًا وَّعَدْلًا** ဆိုလိုသည်မှာ မှန်ကန်မှုနှင့်တရားမျှတမှုတွင် ပြီးပြည့်စုံခြင်းတို့ဖြစ်သည်။ ဤနေရာ၌ **صِدْق** (စွိဒ်က်-မှန်ကန်မှု)သည် ပထမအမျိုးအစားနှင့်သက်ဆိုင်သည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဖော်ပြထားသောအဖြစ်အပျက်များ၊ အခြေအနေများ၊ သတိပေးချက်များ(သို့) ကတိပြုချက်များအားလုံးသည် စစ်မှန်ပေသည်။ ယင်းတို့တွင် အမှားအယွင်းများဖြစ်စေ၊ ချို့ယွင်းချက်များဖြစ်စေ၊ အပြစ်အနာအဆာများဖြစ်စေ မရှိချေ။ ထို့နောက် **عَدْل** (အဒ်လ်-တရားမျှတမှု)သည် အခြား

အမျိုးအစားနှင့်သက်ဆိုင်၍ အဟ်ကမ်အမိန့်ပညတ်ချက်များဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်ဂျလ္လာရှာနူဟူ၏ အမိန့်ပညတ်ချက်ဟူသမျှသည် တရားမျှတမှု(အဒ်လ်)ပေါ် အခြေခံသည်။ အဒ်လ်တွင် အဓိပ္ပာယ်နှစ်မျိုးသက်ရောက်သည်။ (၁)တရားမျှတမှုတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရားမပြုလုပ်ရပါ။ တရားမျှတမှုကို အလွဲသုံးစားပြုခြင်း၊ ညှိနှိုင်းခြင်းလုပ်မရပါ။ (၂) အိအ်တိဒါလ်(အလယ်အလတ်ကျခြင်း)ဆိုသည်မှာ လူသားစိတ်ဆန္ဒအောက်လုံးဝဥဿံရောက်မသွားစေခြင်းနှင့် လူသား၏စိတ်လှုပ်ရှားမှုများနှင့် သဘာဝဗီဇကို သည်းမခံနိုင်ဖွယ်လည်းမဖြစ်စေရပါ။ ဤသည်ကအလ္လာဟ်အရှင်မြတ်အမိန့်တော်အားလုံးသည် တရားမျှတမှုနှင့် သမာသမတ်ကျမှုအပေါ် အခြေခံထားကြောင်းဆိုလိုသည်။ ဆိုလိုသည်မှာ မည်သူတစ်ဦးတစ်ယောက်ပေါ်တွင်မျှ မတရားမပြုသကဲ့သို့လူသားများသည် မခံနိုင်လောက်သော နာကျင်မှုနှင့်ခက်ခဲမှုများလည်းမရှိစေပါ။ ယင်းနှင့်ပတ်သက်၍ကုရ်အာန်ကျမ်းတော်မြတ်၏တစ်နေရာ၌မိန့်ကြားထားသည်မှာ-**لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا وُسْعَهَا** "အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ၏စွမ်းအားထက်ပို၍တာဝန်ပေးတော်မမူခဲ့။"(၂း၂၈၆) ဟူ၍ဖြစ်သည်။ ထို့နောက် ဤသည်နှင့်ယှဉ်၍ **تَمَّتْ** (တမ်မတ်-ပြီးပြည့်စုံခြင်း)ဟူသော စကားလုံးသုံးစွဲခြင်း၊ အားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်သည် မှန်ကန်ခြင်းနှင့် တရားမျှတခြင်းဟူသည့်အရည်အချင်းများရှိသည်သာမက ဘက်စုံထောင့်စုံပြည့်ပြည့်ဝဝ စုံစုံလင်လင်ပြီးပြည့်စုံသည်ဖြစ်ကြောင်း ထောက်ပြထားသည်။

ထို့ပြင် တရားမျှတမှုနှင့်သမာသမတ်ကျမှုပေါ် အခြေခံထားသည့် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များအားလုံးသည် နောင်လာမည့်ခေတ်အဆက်ဆက်မည်သည့်အခြေအနေပြောင်းစေကာမူ လူသားအားလုံးအတွက် ဖြစ်သည်ဆိုကြောင်း အနည်းငယ်စဉ်းစားကြည့်ရုံမျှဖြင့် ယင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များဖြစ်သည်မှအပ အခြားမဖြစ်နိုင်ကြောင်းသိရပေသည်။ ကမ္ဘာတစ်ခွင်လုံး၏ မည်သည့်ဥပဒေပြုအဖွဲ့အစည်း၊ ကွန်ဂရက်ပင်ဖြစ်စေ အနာဂတ်နှင့်ပစ္စုပ္ပန်တွင်ဖြစ်ပေါ်လာမည့်အခြေအနေများအကြောင်းပြီးပြည့်စုံစွာကြိုတင်မမြင်နိုင်သကဲ့သို့ ဤဖြစ်ပျက်လာမည့် အခြေအနေများနှင့်လိုက်လျောညီထွေသည့် မည်သည့်ဥပဒေကိုမျှလည်း မပြဋ္ဌာန်းနိုင်ချေ။ တိုင်းနိုင်ငံတိုင်းနှင့်လူမျိုးတိုင်းသည် ၎င်းတို့၏လက်ရှိဖြစ်ပျက်နေသော အခြေအနေများကို သုံးသပ်၍ဥပဒေများပြုကြပါသည်။ ထို့နောက် ၎င်းတို့၏ဥပဒေပါခြွင်းချက်စာပိုဒ်များသည် တရားမျှတမှုနှင့်အလယ်အလတ်ကျမှုတွင် ဖီလာဆန့်ကျင်ဖြစ်နေကြောင်း ၎င်းတို့အတွေ့အကြုံက သက်သေပြလာလျှင် ထိုဥပဒေများကိုပင် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ကြပါသည်။ နိုင်ငံတိုင်း လူမျိုးတိုင်းနှင့် အခြေအနေအားလုံးပေါ် တရားမျှတမှုနှင့် အလယ်အလတ်ကျမှုအရည်အချင်းများ လွှမ်းခြုံထားကာ နောင်ဖြစ်ပျက်လာမည့်အဖြစ်အပျက်များအတွက် ကြိုတင်စဉ်းစားထားသည့် လူတိုင်းလိုက်နာနိုင်သော ဥပဒေတစ်ရပ်ဖြစ်ရေးဆိုသည်မှာ လူသားတို့လုပ်ဆောင်နိုင်စွမ်းလည်းမရှိ။ တွေးတောကြံဆနိုင်ခြင်းလည်းမရှိချေ။ ဤသည်မှာ အလ္လာဟ်စွဗ္ဗဟာနဟူဝသအာလာ၏ မုက္ခပါဠိတော်တစ်ခုတည်းသာလုပ်နိုင်ပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ ပဉ္စမအရည်အချင်းဖြစ်သော မှန်ကန်ခြင်းနှင့်တရားမျှတမှုဟူသော အရည်အချင်းသည် မမှားယွင်းနိုင်ချေ။ အတိတ်နှင့်ပစ္စုပ္ပန်အဖြစ်အပျက်များ၊ ကတိတော်များနှင့် သတိပေးမှုများဖော်ပြချက်များအားလုံး မှန်ကန်ကြောင်းပြသနေပါသည်။ ယင်းထဲတွင် အဖြစ်အပျက်နှင့်ဆန့်ကျင်ဘက်ရှိသည်ဆိုကြောင်း အနည်းငယ်သံသယဝင်ဖွယ်မရှိချေ။ ကျမ်းမြတ်က ပေးသောအမိန့်ပညတ်ချက်များအားလုံးသည် တရားမျှတမှု၊ အလယ်အလတ်ကျမှုနှင့် ပြီးပြည့်စုံနေ၍ ခေတ်အဆက်ဆက်ကိုယာမသ်တိုင် တစ်ကမ္ဘာလုံးကို အကျိုးဖြစ်ထွန်းစေပါသည်။ ယင်းပညတ်

ချက်များသည် မည်သူ့ကိုမျှ မတရားမပြုသကဲ့သို့ အလယ်အလတ်ကျမှုချိန်ခွင်ညှာတွင်လည်း တိမ်းစောင်းမှု မရှိပါ။ ဤသည်မှာပင် ကုရ်အာန်ကျမ်းတော်မြတ်မှာ အလွှာဟ်အရှင်မြတ်၏ မုကွဲပါဌ်တော်ဖြစ်ကြောင်း ပြီးပြည့်စုံသည့် သက်သေသာသဓကပင်တည်း။

ဆဋ္ဌမအရည်အချင်းကို- **لاَ مُبَدِّلَ لِكَلِمٰتِهٖ** ဟူ၍ဖော်ပြထားပြီး၊ အလွှာဟ်တအာလာ၏ မုကွဲပါဌ်တော်များအား မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုပြင်ပြောင်းလဲနိုင်ခြင်းမရှိဟူ၍ အဓိပ္ပာယ်သက်ရောက်ပါသည်။ ယင်းကဲ့သို့ပြုပြင်ပြောင်းလဲခြင်းမျိုးပြုလုပ်နိုင်သည့် ပုံစံတစ်မျိုးမှာ တစ်စုံတစ်ဦးသည် ယင်းထဲတွင် အမှားအယွင်းတစ်ခုကို သက်သေသက္ကာယဖြင့် ပြသသောအခါ ယင်းအမှားအား ပြုပြင်ပြောင်းလဲမှုလုပ်နိုင်ပါသည်။ သို့မဟုတ် ပါမူ အချို့သောရန်သူများက အတင်းအကြပ် ပြုပြင်ပြောင်းလဲခဲ့ခြင်း အချိန်အခါမျိုးဖြစ်ပါသည်။ အလွှာဟ်အရှင်မြတ်၏မုကွဲပါဌ်တော်သည်မူလကတည်းက သန့်ရှင်းစင်ကြယ်ပြီး ထိုကဲ့သို့သောဖြစ်နိုင်ချေများ လုံးဝဖြစ်ပေါ်လာစရာအကြောင်းမရှိပါ။ အလွှာဟ်အရှင်ကိုယ်တော်တိုင်က- **نَحْنُ نَزَّلْنَا الذِّكْرَ وَاِنَّا لَهٗ لَحٰفِظُوْنَ** "ဧကန်စင်စစ် ငါအရှင်မြတ်သည်ပင်လျှင်(ဤ)ဆုံးမဩဝါဒ(တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်)ကိုချပေးသနားတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ဧကန်မလွဲ ငါအရှင်မြတ်သည်ပင်လျှင် ယင်းဆုံးမဩဝါဒကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည့် အရှင်မြတ်လည်းဖြစ်တော်မူပေသတည်း။"ဟူ၍ ကတိပြုထားခဲ့ပါသည်။(၁၅း၉) သို့ဆိုပါလျှင် မည်သူသည် အလွှာဟ်အရှင်မြတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကို ချိုးဖောက်ဖျက်ဆီးကာ မည်သည့်ပြုပြင်ခြင်းများကိုလည်းကောင်း၊ ပြောင်းလဲခြင်းများကိုလည်းကောင်း ပြုနိုင်ပါအံ့နည်း။ ထိုကဲ့သို့သော ပြုပြင်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ပြောရလျှင် နှစ်ပေါင်းတစ်ထောင့်လေးရာကျော်လွန်ပြီးသည့်နောက်၊ ရာစုတိုင်းနှင့်ခေတ်တိုင်းတွင် ယင်းကျမ်းစာအပေါ် သက်ဝင်ယုံကြည်သူများနှင့်မယုံကြည်သောသူများတို့အား နှိုင်းယှဉ်လိုက်ပါက မယုံကြည်သူများသည် အရေအတွက် အရနှင့်အခွင့်အာဏာအရပါ သာလွန်နေကြောင်းတွေ့ရပါသည်။ သို့ရာတွင် ထိုသူများထဲတွင် တစ်စုံတစ်ဦးတစ်ယောက်ကမျှ ကုရ်အာန်ကျမ်းတော်မြတ်၏သရ တစ်လုံးကိုပင်သေးငယ်တိမ်းချော်မှုဖြစ်အောင် လုပ်နိုင်သည့်သတ္တိမရှိကြပါ။ ပြုပြင်ပြောင်းလဲမှုဖြစ်နိုင်ချေရှိသော တတိယအမျိုးအစားတစ်ခုရှိပါသည်။ ယင်းမှာ အလွှာဟ်အရှင်ကိုယ်တော်တိုင်"နပ်စ်ခ်"ပယ်ဖျက်ရုပ်သိမ်းခြင်းမှတစ်ဆင့် ပြုပြင်ပြောင်းလဲနိုင်ပါသည်။ ထို့ကြောင့် စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ် (t) က"ဤအာယသ်တော်က မြင့်မြတ်သော တမန်တော်ကြီးသည် နောက်ဆုံးတမန်တော်ဖြစ်ကြောင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်သည်လည်း နောက်ဆုံးကျမ်းစာအုပ်ဖြစ်ကြောင်း ညွှန်းပါသည်။" ဟူ၍ပြောကြားခဲ့သည်။ ဤသည်၏နောက် ပယ်ဖျက်ရုပ်သိမ်းခြင်းများဖြစ်နိုင်ချေမရှိတော့ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ အခြား သောအာယသ်တော်များထဲတွင် ရှင်းပြထားခဲ့ပါသည်။

အာယသ်တော်(၁၁၅)၏အဆုံးတွင်- **وَهُوَ السَّمِيْعُ الْعَلِيْمُ** "စင်စစ်မူကား ထိုအရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင်တည်း။"ဟူ၍ မိန့်ထားသည်။ ယင်းမိန့်ကြားချက်က အလွှာဟ်ဂျလွှာဟ်ရှာနဟူးသည် ဤသူများ၏ ပြောဆိုသမျှတို့ကို ကြားသိတော်မူ၍ ထိုသူများပွင့်ပွင့် လင်းလင်းသော်လည်းကောင်း၊ တိတ်တခိုးသော်လည်းကောင်း ပြုလုပ်ခဲ့သမျှတို့ကို သိရှိတော်မူသည်ဟု အဓိပ္ပာယ် သက်ရောက်ပါသည်။ အလွှာဟ်အရှင်သည် ထိုသူများ၏လုပ်ရပ်တိုင်းနှင့် လိုက်လျောညီထွေစွာ အစားပေးပါလိမ့်မည်။

တတိယအာယသ်(၁၁၆)ထဲတွင် ဤကမ္ဘာပေါ်တွင်နေထိုင်လျက်ရှိကြသော အာဒမ် (u) ၏ သားစဉ်မြေးဆက်အများစုတို့သည်အမှားတွင်ရှိနေကြောင်း တမန်တော်မြတ် (e) သခင်အား အလွှာဟ်အရှင်မြတ် ပြောကြားခဲ့ပါသည်။ ဤအခြေအနေကြောင့် တမန်တော်မြတ် (e) သခင် အထိတ်တလန့်မဖြစ်စေရန်နှင့် ထိုသူတို့ဘာပြောပြောဘာလုပ်လုပ်လျစ်လျူရှုရန်ပြောကြားထားပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်နေရာအတော်များများတွင် မိန့်ကြားထားပါသည်။ ပမာဆိုသော် စူရဟ်ဆွာဖ်ဖာသ် **وَلَقَدْ ضَلَّ قَبْلَهُمْ اَكْثَرُ الْاَوَّلِيْنَ** "အမှန်သော်ကား မုချဧကန်ငင်းတို့အလျှင်လည်း ရှေးသူဟောင်းတို့အနက် များစွာသောသူတို့မှာ လမ်းမှားခဲ့ကြကုန်၏။"(၃၇း၇၁)၊ စူရဟ်ယူစွဖ်တွင်-**وَمَآ اَكْثَرُ النَّاسِ وَلَوْ حَرَصْتَ بِمُؤْمِنِيْنَ**"အမှန်စင်စစ်အသင်သည် (ငင်းတို့သက်ဝင်ယုံကြည်ကြရန်) မည်မျှပင်တပ်မက်ငြားလည်း (ငင်းတို့အနက်) အများဆုံးသောသူတို့မှာမူကား မုအ်မင်န်သက်ဝင်ယုံကြည်သူများဖြစ်ကြမည်မဟုတ်ချေ။"(၁၂း၁၀၃)ဟူ၍ မိန့်ကြားထားသည်။ ရလဒ်မှာ အများစု၏အထိတ်အလန့်ဖြစ်မှုသည် သူ(သို့)သူမတို့အား ထုံးတမ်းစဉ်လာအရလွှမ်းမိုးသွားကာ သူ(သို့)သူမသည် အများစု၏နောက်လိုက် အဖြစ်အဆုံးသတ်သွားပါသည်။ ထို့ကြောင့် တမန်တော်မြတ်ကြီးအား"အကယ်၍ အသင်သည်ကမ္ဘာပေါ်ရှိအများစုတို့ အမိန့်အားနာခံပါက အသင့်အားလမ်းမှားစေရန် ထိုသူများကပြုလုပ်ပါလိမ့်မည်။ ထိုသူတို့သည်စိတ်ကူးယဉ်မှုများနောက်သို့လိုက်ခြင်း၊ မျှော်တွေးမှန်းဆလုပ်ဆောင်ခြင်းတို့မှလွဲ၍ မည်သည်မျှမရှိကြောင်း" ဦးတည်ပြောကြားပါသည်။

အကြံပြုမှု၏အတိုချုပ်မှာ ထိုသူများ၏ အရေအတွက်များပြားမှုသည် လိုက်နာရန်အတွက် စံနမူနာဖြစ်သည်ဟူ၍ တမန်တော်မြတ် (e) အထင်မကြီးသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် မူများချို့တဲ့နေပြီး လမ်းမှန်မသွေဖည်နေသောသူများဖြစ်ကြပါသည်။ အာယသ်(၁၁၇)အဆုံးတွင်-"စင်စစ်ဧကန် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ထိုအရှင်မြတ်၏လမ်းတော်မှ မည်သူသည် လွဲချော်မှောက်မှားနေသည်ကို ကောင်းစွာသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။ ၎င်းပြင်ထိုအရှင်မြတ်သည်ပင်လျှင် လမ်းမှန်ကိုရရှိသူတို့အားလည်း ကောင်းစွာသိရှိတော်မူသောအရှင်ဖြစ်တော်မူ၏။ (အကျိုးဆက်အနေဖြင့် လမ်းလွဲသောသူများသည် ပြစ်ဒဏ်ခတ်ခြင်းခံရမည်ဖြစ်ကာ၊ လမ်းမှန်တွင်ရှိသောသူတို့သည် ဆုလာဘ်ပေးခြင်းခံရပါလိမ့်မည်။) (၆း၁၁၇)

XXXXXXXXXXX

tm, of (118-121)

فَكُلُوا مِمَّا ذُكِرَ اسْمُ اللَّهِ عَلَيْهِ إِنْ كُنْتُمْ بِآيَاتِهِ مُؤْمِنِينَ ﴿١١٨﴾
وَمَا لَكُمْ أَلَّا تَأْكُلُوا مِمَّا ذُكِرَ اسْمُ اللَّهِ عَلَيْهِ وَقَدْ فَصَّلَ
لَكُمْ مَا حَرَّمَ عَلَيْكُمْ إِلَّا مَا اضْطُرِرْتُمْ إِلَيْهِ ۗ وَإِنَّ كَثِيرًا
لَيُضِلُّونَ بِأَهْوَائِهِمْ بِغَيْرِ عِلْمٍ ۗ إِنَّ رَبَّكَ هُوَ أَعْلَمُ
بِالْمُعْتَدِينَ ﴿١١٩﴾ وَذَرُوا ظَاهِرَ الْإِثْمِ وَبَاطِنَهُ ۚ إِنَّ الَّذِينَ
يَكْسِبُونَ الْإِثْمَ سَيُجْزَوْنَ بِمَا كَانُوا يَقْتَرِفُونَ ﴿١٢٠﴾ وَلَا تَأْكُلُوا
مِمَّا لَمْ يُذْكَرِ اسْمُ اللَّهِ عَلَيْهِ وَإِنَّهُ لَفِسْقٌ ۗ وَإِنَّ الشَّيَاطِينَ
لَيُوحُونَ إِلَىٰ أَوْلِيَائِهِمْ لِيُجَادِلُوكُمْ ۚ وَإِنْ أَطَعْتُمُوهُمْ إِنَّكُمْ
لَمُشْرِكُونَ ﴿١٢١﴾

သို့ဖြစ်ပေရာ အသင်တို့သည် အကြင်(တိရစ္ဆာန်)ကို စားသုံးကြလေကုန်။ ထို(တိရစ္ဆာန်)၏အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ နာမံတော်သည် တသ(၍ လှိုးဖြတ်)ပြီးဖြစ်လေသည်။ အကယ်၍အသင်တို့သည် ထိုအရှင်မြတ်၏အမိန့်တော်များကို သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင်။ (၆း၁၁၈)

၎င်းပြင် အသင်တို့သည် အကြင်(တိရစ္ဆာန်များ)အနက်မှ စားသုံးခြင်းမပြုကြရန် အသင်တို့၌ မည်သည့်အကြောင်းရှိပါသနည်း။ ထို(တိရစ္ဆာန်များ)၏အပေါ်၌ အလ္လာဟ်အရှင်မြတ်၏နာမံတော်သည် တသပြီးဖြစ်ချေသည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ အသင်တို့မလွဲမရှောင်သာဖြစ်ကြသည့်အခါမှအပ၊ (စားသုံးခြင်းမပြုကြရန်) မိမိတားမြစ်ထားတော်မူသည့်(တိရစ္ဆာန်များ)ကို အသေးစိတ်လင်းပြတော်မူပြီးဖြစ်လေသည်။ ၎ကန်စင်စစ်များစွာသောသူတို့သည် မိမိတို့၏အလိုဆန္ဒများ(ကိုလိုက်စားခြင်း)ကြောင့် တစ်စုံတစ်ရာသိနားလည်သည်မရှိဘဲ (သူတစ်ပါးတို့အား မှန်ကန်သောတရားလမ်းတော်မှ)ချွတ်ချော်တိမ်းပါးစေကြကုန်သည်။ (အို-နဗီတမန်တော်)အသင့်အားမွေးမြူတော်မူသောအရှင်မြတ်သည် တရားစည်းကမ်းတို့ကို ကျူးကျော်ကုန်သောသူတို့အား ကောင်းစွာသိရှိတော်မူပေသတည်း။ (၆း၁၁၉)

အသင်တို့သည် ထင်ရှားသောပြစ်မှုဒုစရိုက်ကိုငင်း၊ ဖုံးအုပ်လျှက်ရှိသော ပြစ်မှုဒုစရိုက်ကိုငင်း၊ (တစ်နည်း) အသင်တို့သည် အပြင်၌ရှိသော ပြစ်မှုဒုစရိုက်ကိုငင်း၊ အတွင်း၌ရှိသော ပြစ်မှုဒုစရိုက်ကိုငင်း၊ (တစ်နည်း) ထင်ရှားစွာပြုသောအပြစ်ကိုလည်းကောင်း၊ လျှို့ဝှက်စွာပြုသောအပြစ်ကိုငင်း (တစ်နည်း) အပြစ်ထင်ရှားသော ဒုစရိုက်ကိုလည်းကောင်း၊ အပြစ်မထင်ရှားသော ဒုစရိုက်ကိုလည်းကောင်း၊ (တစ်နည်း) ကာယ၊ ဝစီဒုစရိုက်ကိုငင်း၊ မနောဒုစရိုက်ကိုငင်း၊ စွန့်လွှတ်ကြလေကုန်။ ဧကန်စင်စစ်ပြစ်မှုဒုစရိုက်တို့ကို ဆည်းပူးကြကုန်သော သူတို့သည် မကြာမြင့်မီ မိမိတို့ပြုလုပ်(ဆည်းပူး)ခဲ့သည်တို့၏အကျိုးကို ခံစားကြရလတ္တံ့။ (၆း၁၂၀)

ထင်းပြင် အသင်တို့သည် အကြင်(တိရစ္ဆာန်များ)အနက်မှ စားသုံးခြင်းမပြုကြကုန်လင့်။ ထို(တိရစ္ဆာန်များ)၏အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်၏နာမတော်သည် တသခြင်းမရှိခဲ့ချေ။ ဤသည်(ကိုစားသုံးခြင်း)ကား အမိန့်တော်ကိုသွေဖည်ခြင်းပင်တည်း။ ထိုမှတစ်ပါး မလွဲကေန်"ရှိုင်တွာန်"တို့သည် အသင်တို့နှင့် အချေအတင်ပြောဆိုငြင်းခုံကြရန်အလို့ငှါ၊ မိမိတို့၏အဆွေခင်ပွန်းများထံ ပြင်ပ၊ ပယောဂ(ဒွိဟသံသယများ)ကိုသွင်းပေးကြလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် အကယ်၍ငင်းတို့၏ပြောစကားကိုလိုက်နာကြပါမူ၊ မုချစင်စစ် အသင်တို့သည်လည်း အခြားအရာများကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်သူတို့တွင် အပါအဝင်ဖြစ်ကြလတ္တံ့။ (၆း၁၂၁)

tm,ofawmfrsm;\ qufpyfrI

အစောပိုင်းက(အာယသ်-၁၁၆)ထဲတွင်- **وَإِنْ تُطِعْ** "စင်စစ်သော်ကား အကယ်၍သာအသင်သည် လိုက်နာခဲ့မူ"ဟူ၍မိန့်ထားခြင်းက အများအယွင်းရှိနေသောသူတို့၏ နောက်လိုက်ခြင်းကို လုံးဝဥဿုံတားမြစ်ထားခဲ့ပါသည်။ ထိုသည်မှဆက်၍ ထိုကဲ့သို့သော သူတို့၏နောက်လိုက်ခြင်းမျိုးကို အဖြစ်အပျက်အရ လိုအပ်သော သီးခြားကိစ္စရပ်တစ်ခုအဖြစ်ဖော်ပြထားသည်။ ထိုအဖြစ်အပျက်သည် သားကောင်အားသတ်ဖြတ်ရာတွင် စနစ်ကျခြင်း၊ စနစ်မကျခြင်းတို့၏ တရားဝင်မှုနှင့်သက်ဆိုင်ပါသည်။ ယင်းအဖြစ်အပျက်မှာ မယုံကြည်သွေဖည်သူများတို့ကယုံကြည်သူတို့သည် အလ္လာဟ်အရှင်သတ်ဖြတ်သော တိရစ္ဆာန်များ (ဆိုလိုသည်မှာ သဘာဝအလျောက်သေဆုံးမှု)ကိုမစားသုံးဘဲ သူတို့သတ်ဖြတ်ခဲ့သော တိရစ္ဆာန်များအား စားသုံးရာတွင်ပြဿနာမရှိဟု မှတ်ချက်ပြုကာ မုစ်လင်မ်များအား သံသယဖြစ်စေရန်ကြိုးပမ်းခဲ့ကြသည်။ **(စိုက်ယိဒိနာ အိဗ်နိအဗွားစ်ပြောကြားချက်မှ အဗူဒါဝူးဒ်နှင့်အလ်-ဟကင်မ်ကောက်ချက်)**။ အချို့သောမုစ်လင်မ်များက ဤသံသယဖြစ်မှုကို တမန်တော်မြတ် (ﷺ) အားတင်ပြခဲ့ကြသည်။ ထိုစဉ်- **لَمُشْرِكُونَ** (၁၂၁)ဖြင့် အဆုံးသတ်ထားသောအာယသ်တော်များ ကျရောက်ခဲ့ပါသည်။**(အလ်လုဗသ်ကျမ်းပါ စိုက်ယိဒိနာအိဗ်နိအဗွားစ်၏ဆင့်ပြန်ချက်ကို အဗူဒါဝူးဒ်နှင့်အလ်တိရ်မိဇီကလည်းဆင့်ပြန်ထားသည်)**

သံသယအတွက်ပေးထားသောအဖြေ၏အကျဉ်းချုပ်မှာ “အသင်တို့သည် မုစ်လင်မ်များဖြစ်ကြပါသည်” အသင်တို့သည်အထူးသဖြင့် အလ္လာဟ်အရှင်မြတ်၏ပညတ်ချက်များကို စောင့်ထိန်းရပါမည်။ အလ္လာဟ်အရှင်မြတ်သည်အသင်တို့အား “ဟလာလ်” “ဟရာမ်”နှင့်ပတ်သက်သောအကြောင်းအရာ အလုံးစုံတို့ကို မိန့်ကြားထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းအတိုင်းအမြဲတစေလိုက်နာကျင့်သုံးပါလေ။ အချို့“ဟလာလ်”ကို “ဟရာမ်”ဟူ၍လည်းကောင်း အချို့သော“ဟရာမ်”ကို “ဟလာလ်”ဟူ၍လည်းကောင်း သံသယမဝင်ပါနှင့်။ မယုံကြည်သွေဖည်ငြင်းပယ်သူများတို့၏ စောင့်ထိန်းမှုကို ဂရုမစိုက်နှင့်။

ဤဖြေကြားချက်၏ခိုင်လုံမှန်ကန်မှုမှာ အီမာန်ယုံကြည်မှု၏အခြေခံစည်းမျဉ်းများ (အလ္လာဟ်အရှင်တစ်ပါးတည်းရှိတော်မူခြင်း၊ အရှင့်စေတမန်များတို့သည် တမန်တော်များဖြစ်ကြောင်း စသည်ဖြင့်) အား သက်သေပြရန်အတွက် ဆင်ခြင်တုံတရားကိုအခြေခံသော သက်သေပြချက်များလိုအပ်ပါသည်။ သို့ရာတွင် ဤအခြေခံစည်းမျဉ်းတို့အားအတည်ပြုကာ ပဋိညာဉ်ပြုပြီးသည့်နောက်တွင် ရှရီအသ်၏ဆင့်ပွား(သို့)လက်ငင်းအကျိုးဖြစ်သော ဥပဒေတစ်ခုအား အတည်ပြုရန်အတွက် စဉ်းစားဆင်ခြင်တုံတရားဖြင့် အခြေအတင်ပြောဆိုမှုများမလိုအပ်တော့ပါ။ လိုအပ်သည်မှာ ဤဥပဒေသည် အလ္လာဟ်အရှင်မြတ်(သို့) အရှင်မြတ်၏တမန်တော်ပေးထားသော သီးသန့်အမိန့်ပေါ်တွင် အခြေခံ မခံကိုသာ သက်သေပြရန်ဖြစ်သည်။ ဥပဒေသည် အလ္လာဟ်တအာလာ(သို့) အရှင့်တမန်တော်တို့ ပြဋ္ဌာန်းခဲ့သော သီးသန့်အမိန့်ပညတ်ချက်တစ်ခုအပေါ်၌ အခြေခံသည်ဟု အတည်ပြုပြီးသည်နှင့်တပြိုင်နက် ဆင်ခြင်တုံတရားကို အခြေခံသောအကြောင်းအရာအတွက် အခြေအတင်ပြောဆိုမှုများပေါ်ပေါက်လာစေရန်အကြောင်းမရှိပါ။ (အဘယ့်ကြောင့်ဆိုသော် ဥပဒေသည် အသိဉာဏ်ပညာအပေါင်းနှင့်၊ အလုံးစုံသောတန်ခိုးအာဏာအပေါင်းနှင့်ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းထားခဲ့သည်ဟု ပဋိညာဉ်ခံပြီးသည့်နောက်တွင် ယင်းဥပဒေသည် ကျွန်ုပ်တို့မသိရှိနိုင်သော အသိဉာဏ်ပေါ်တွင်အမြဲ အခြေခံထားပါလိမ့်မည်) တစ်ခါတစ်ရံ၌ ရှရီအသ်၏ဥပဒေများတို့အား ဆင်ခြင်တုံတရားအသိဉာဏ်ဖြင့်ဖော်ပြပါက အန္တရာယ်ရှိနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တစ်စုံတစ်ဦး၏မှန်းဆမှုများဖြင့်ပေးထားသော အသိဉာဏ်သည် ပြန်လည်အခြေအတင်ပြောဆိုနိုင်မှုအရ သံသယဖြစ်စေပါသည်။ ၎င်းပြင် ရှရီအသ်၏ဆင့်ပွားဥပဒေတစ်ခု၏သေချာပြီး၊ ပြီးပြည့်စုံသောအသိဉာဏ်ကို ရှာဖွေရန် နည်းလမ်းမရှိပေ။ သို့သော်လည်း အကယ်၍ တစ်စုံတစ်ဦးသည်အမှန်တရားကိုရှာဖွေရန်နှင့် မိမိကိုယ်ကိုမိမိကျေနပ်နှစ်သိမ့်စေရန်အတွက် ရှရီအသ်ဥပဒေ၏နောက်ကွယ်တွင်ရှိသော အသိဉာဏ်များအကြောင်းကို သိရှိလိုမှုထင်ရှားပါက အသိပညာတိုးပွားစေရန်အတွက် သူ့အားရှရီအသ်ဥပဒေတစ်ရပ်၏ ဖြစ်နိုင်ချေရှိသော ဆင်ခြင်တုံတရားများကို ဖော်ပြခြင်းသည် အန္တရာယ်မရှိပါ။ သို့ရာတွင် ထိပ်တိုက်ရင်ဆိုင်တွေ့ရန်အတွက်သာ ဆင်ခြင်တုံတရားနှင့်ဆိုင်သော အသိဉာဏ်အကြောင်းမေးလာသောအချိန်မျိုးတွင် မုစ်လင်မ်တစ်ဦးအတွက် အကောင်းဆုံးလုပ်နည်းမှာ ထိုကဲ့သို့သော မေးခွန်းများကို လျစ်လျူရှုသင့်ပါသည်။ ၎င်းနောက် ဝေဖန်သူအားဂရုမစိုက်ဘဲ ပြဋ္ဌာန်းထားသောဥပဒေများအတိုင်း လိုက်နာကျင့်သုံးရပါမည်။ အကယ်၍ လူတစ်ဦးသည် ဆင်ခြင်တုံတရားအရ ရှရီအသ်၏ဆင့်ပွားဥပဒေတစ်ခုသည် အတည်ပြုထားသောအကြွင်းမဲ့မှုနှင့်ဆန့်ကျင်ကြောင်း သက်သေပြလိုပါက လုပ်လိုသောကိစ္စအတွက်အဖြေပေးသင့်ပါသည်။ သို့ရာတွင် လက်ရှိအကြောင်းပါ မုရှ်ရစ်က်များမေးသောမေးခွန်းသည် ဤကဲ့သို့သော သဘောသဘာဝလုံးဝမပါပါ။ ထို့ကြောင့် မုစ်လင်မ်များအား ထိုကဲ့သို့ အချိုးအနှိုးဖြစ်သောမေးခွန်းများကို လျစ်လျူရှုရန်နှင့်ယခင်အတိုင်းပင် ယုံကြည်မြဲယုံကြည်ပြီး ဆက်လက်လုပ်ဆောင်ရန်ညွှန်ကြားထားပါသည်။

အထက်ဖော်ပြပါစည်းမျဉ်းများအပေါ် အခြေခံ၍ မုရှ်ရစ်ကျမ်းတို့၏မေးခွန်းအား ရှင်းလင်းပြတ်သား သောအသုံးအနှုန်းများတို့ဖြင့် မဖြေကြားခဲ့ပါ။ သို့သော်လည်း သုံးနှုန်းထားသော အသုံးအနှုန်းတို့က စနစ်တကျ လိုးဖြတ်သတ်ထားသော သားကောင်နှင့်အသေကောင်တို့၏ခြားနားကြောင်း နူးညံ့သောအညွှန်းတစ်ခုပေးထား ပါသည်။ အလ္လာဟ့်နာမံတော်အား တသကာလိုးဖြတ်သတ်ထားသောတိရစ္ဆာန်အား စားသောက်ရန်ခွင့်ပြုကြောင်း စာသားများတို့ကဖော်ပြချက်(**كُلُوْا مِمَّا ذُكِرَاسْمُ اللّٰهِ عَلَيْهِ**)ကထင်ရှားစေသည်မှာ တိရစ္ဆာန်တစ်ကောင်အား လည် လိုးသတ်ဖြတ်နေစဉ်တွင် အလ္လာဟ်နာမံတော်အား တသရမည်ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် ဤသည်က တိရစ္ဆာန် တစ်ကောင်မှ မသန့်စင်သောသွေးများထွက်သွားစေသည့် လည်လိုးသတ်ဖြတ်ရခြင်း၏အခြေအနေကို ရည်ညွှန်း ပါသည်။ အခြားတစ်ဖက်တွင်မူ အလ္လာဟ်အရှင်မြတ်၏နာမံတော်အားတသခြင်းမရှိဘဲ လည်လိုးသတ်ထားသော တိရစ္ဆာန်ကိုစားသောက်ခြင်းမှ တားမြစ်ထားသည်။(**وَلاَ تَأْكُلُوْا مِمَّا لَمْ يُذْكَرِ اسْمُ اللّٰهِ عَلَيْهِ**) အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကို မတသမှုသည် အခြေအနေနှစ်ရပ်တွင်ဖြစ်နိုင်ပါသည်။ (၁) တိရစ္ဆာန်အားလုံးဝလည်လိုးသတ်ဖြတ်မှု မပြုခြင်း၊ (၂) အလ္လာဟ်အရှင်မြတ်၏နာမံတော်ကို မတသဘဲတိရစ္ဆာန်တစ်ကောင်ကို လည်လိုးသတ်ဖြတ်ခြင်း တို့ဖြစ်ပါသည်။ ဤအာယသ်တော်အရ ဤအခြေအနေနှစ်ရပ်တွင် တိရစ္ဆာန်အား "ဟရာမ်"ဟုသတ်မှတ်ပါသည်။ ထင်ရှားသည်မှာ သဘာဝအလျောက် သေဆုံးသွားသော သတ္တဝါတစ်ကောင်သည် ပထမအခြေအနေတွင် အကျုံးဝင်သွားပါသည်။ ယင်း၏မသန့်ရှင်းသောသွေးတို့သည် အပြင်သို့ထွက်မသွားဘဲ ခန္ဓာကိုယ်တွင်း၌ရှိနေ သော၊ မသန့်ရှင်းသော သတ္တဝါဖြစ်သွားပါသည်။ ထို့အတွက်ကြောင့် ယင်းသတ္တဝါအား"ဟရာမ်"ဟု သတ်မှတ် ပါသည်။

tusa,fzGihfqkjcif;

အလ္လာဟ်အရှင်မြတ်၏နာမတော်တသခြင်း-**مَا ذُكِرَاسْمُ اللّٰهِ عَلَيْهِ**"ထို(တိရစ္ဆာန်)၏ အပေါ်၌အလ္လာဟ် အရှင်မြတ်၏နာမတော်သည် တသ(၍လိုးဖြတ်)ပြီးဖြစ်လေသည်။"ဟူသောကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်သည် ဇဟ်အိခ်သိယာရီ---(အိမ်မွေးသတ္တဝါတစ်ကောင်အား လိုးဖြတ်သတ်ခြင်း)နှင့် ဇဟ်အိဇ်သိရာရီ တောရိုင်း တိရစ္ဆာန်အား မြားတန်နှင့်ဖြစ်စေ၊ အမဲလိုက်ခွေးနှင့်ဖြစ်စေ၊ သိန်းငှက်နှင့် ဖြစ်စေ၊ အစွယ်လာမ့်ဖွေကာက သတ်မှတ်ထားသော လိုးဖြတ်ခြင်းနှစ်မျိုးစလုံး အကျုံးဝင်သည်။ အမဲလိုက်ရာတွင် မြားပစ်လိုက်စဉ်တွင်ဖြစ်စေ၊ အမဲလိုက်ခွေးကို လွှတ်လိုက်စဉ်တွင်လည်းကောင်း၊ သိန်းငှက်အား လွှတ်လိုက်စဉ်တွင်လည်းကောင်း အလ္လာဟ်အရှင် မြတ်၏ နာမံတော်ကိုတသရပါမည်။

အလားတူစွာ"**مَا ذُكِرَاسْمُ اللّٰهِ عَلَيْهِ**"ထဲတွင် အမှန်တကယ်ရွတ်ဆိုခြင်းကိုဖြစ်စေ၊ ရည်စူးခြင်းကိုဖြစ်စေ အကျုံးဝင်ပါသည်။ ထို့ကြောင့် အီမာမ်အဗူဟနီဖတ်က အမှုမဲ့အမှတ်မဲ့ အလ္လာဟ်အရှင့်နာမံတော်ရွတ်ဆိုခြင်း မေ့လျော့သွား ပါက ထိုတိရစ္ဆာန်အားစားသောက်ခွင့်ပေးပါသည်။ သို့သော်လည်း အလ္လာဟ်နာမံတော်ကို တမင်သက်သက် မရွတ်ဆိုခဲ့ပါက ယင်းတိရစ္ဆာန်သည် ဟရာမ်ဖြစ်သွားပါလိမ့်မည်။

XXXXXXXXXXX

tm,of (122)

أَوَمَن كَانَ مَيْتًا فَأَحْيَيْنَاهُ وَجَعَلْنَا لَهُ نُورًا
يَمْشِي بِهِ فِي النَّاسِ كَمَن مَّثَلُهُ فِي الظُّلُمَاتِ لَيْسَ بِخَارِجٍ
مِّنْهَا ۚ كَذَٰلِكَ زُيِّنَ لِلْكَافِرِينَ مَا كَانُوا يَعْمَلُونَ ﴿١٢٢﴾

အကြင်သူသည် သူသေဖြစ်ခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ထိုသူအား ရှင်စေတော်မူခဲ့၏။ ငါအရှင်မြတ်သည် ထိုသူ၏အဖို့ "အီမာန်" တည်းဟူသော လင်းရောင်ခြည်ကို ပြုပေးတော်မူခဲ့၏။ ထိုသူသည် ထိုလင်းရောင်ခြည်နှင့် တကွ လူတို့တွင် သွားလာလျက်ရှိ၏။ ထိုသူသည်အမှောင်ထု၌နစ်မွန်း၍ ထိုအမှောင်ထုထဲမှ မထွက်နိုင်ဘဲလျက် ရှိနေသောသူနှင့်တူနိုင်ပါမည်လော။ ဤနည်းအတိုင်းပင် ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့၏ အမြင်၌ဒင်းတို့၏အပြုအမူတို့ကို လှပတင့်တယ်အောင်ပြုထားပြီးဖြစ်ချေသတည်း။
(၆း၁၂၂)

tus,fzGihfqkjcif;

ပြီးခဲ့သောအာယသ်တော်များထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ပွင့်လင်းသည့် ထူးဆန်းအံ့ဖွယ်များကိုမြင်တွေ့ရပြီးနောက် မယုံကြည်သွေဖည်သူတို့၏ ခေါင်းမာမှုကို သက်သေပြရန်အတွက် ထူးဆန်းအံ့ဖွယ်အသစ်များထပ်၍တောင်းဆိုကြောင်း ဖော်ပြထားသည်။ ဤသည့်နောက် အကယ်၍ဤသူများသည် အမှန်တရားကို စစ်မှန်စွာရှာဖွေသူများဖြစ်သည်ဟုဆိုခဲ့လျှင် ၎င်းတို့ရှေ့မှောက်မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ရသော ထူးဆန်းအံ့ဖွယ်များသည် ယင်းသူတို့ကိုလမ်းမှန်သို့ပို့ဆောင်ရန် လုံလောက်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်က ငြင်းချက်ထုတ်ထားသည်။ ထို့နောက် ဤထူးဆန်းအံ့ဖွယ်များ၏ဖော်ပြချက်များလာရှိသည်။

လက်ရှိအာယသ်တော်သည် လူနေမှုပုံစံနှစ်ရပ်ကို ကွဲပြားစွာပမာဆောင်ထားသည်။ တစ်ဖက်တွင်ကုရ်အာန်ကျမ်းတော်မြတ်နှင့် အစ္စလာမ့် တမန်တော် (ဧ) ကို ယုံကြည်သူများ၏ဖော်ပြချက်ဖြစ်သည်။ ထို့နောက် အခြားတစ်ဖက်တွင် ယင်းတို့ကို ယုံကြည်ရန် ငြင်းဆိုသူများ၏ဖော်ပြချက်ဖြစ်သည်။ ဤဖော်ပြချက်ထဲတွင် နှစ်ခုစလုံး၏အကောင်း(သို့)အဆိုးအဆုံးသတ်မှုနှင့်ယုံကြည်သူနှင့်မယုံကြည်သူတို့၏စစ်မှန်သောရပ်တည်ချက်ကို ဖော်ပြထားသည်။ ထို့ပြင် ယုံကြည်ခြင်းနှင့်သွေဖည်ခြင်း၏အစစ်အမှန်ကိုလည်း ဖော်ပြထားသည်။ ယုံကြည်သူတစ်ဦးသည် ရှင်သူတစ်ဦးနှင့်အလားတူ၍ သွေဖည်ငြင်းပယ်သူသည် သေသူတစ်ဦးနှင့်တူပေသည်။ သက်ဝင်

ယုံကြည်ခြင်း(သို့) အီမာန်သည် အလင်းရောင်နှင့်တူ၍ မယုံကြည်သွေဖည်မှု(သို့) ကုဖ်ရ်သည် အမှောင်နှင့်တူပေသည်။ ဤသည်များမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ပုံဆောင်မူဖြစ်သည်။ ယင်းတို့မှာ ကဗျာလင်္ကာ မဟုတ်ချေ။ ယင်းတို့သည် အစစ်အမှန်၏ ဖော်ပြချက်တစ်ရပ်ဖြစ်သည်။

,HkMunfouf0ifolonf &Sifolj zpfí r,HkMunfaoGzmfj i if;y,folonf aool j zpfonf

ဤပုံဆောင်မူထဲတွင် မုအ်မင်စစ်မှန်သော ယုံကြည်သက်ဝင်သူတစ်ဦးအား ရှင်သူဟုဖော်ထုတ်ထား၍ ကာဖိရ်မယုံကြည်သွေဖည်သူတစ်ဦးကို သေသူအဖြစ် ထောက်ပြထားသည်။ အကြောင်းမှာလူသားများ၊ တိရစ္ဆာန်များနှင့် သစ်သီးဝလံများတွင် အသက်ရှင်မှုအမျိုးအစားနှင့်ပုံစံများကွဲပြားခြားနားကြသည်။ သို့သော်လည်း ဤမျှကို အသက်ရှင်မှုပုံစံတိုင်းတွင် သတ်သတ်မှတ်မှတ်ရည်ရွယ်ချက်ရှိသည်ဆိုခြင်းအား အသိဉာဏ်ရှိသောမည်သည့်လူသားကမျှ မငြင်းပယ်နိုင်ချေ။ ထို့နောက် သဘာဝတရားကလည်း ဤရည်ရွယ်ချက်ပေါက်မြောက်ရန်လုပ်နိုင်စွမ်းအပြည့်အဝ အပ်နှင်းထားသည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်က-

اَعْطٰى كُلَّ شَيْءٍ خَلْقَهٗ ثُمَّ هَدٰى "ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် အသီးသီးသောအရာကို ယင်းအရာနှင့်ထိုက်သည့်အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကိုချီးမြှင့်တော်မူပြီးလျှင် (ဆောင်ရွက်အံ့သော) နည်းလမ်းကိုညွှန်ပြတော်မူသောအရှင်မြတ်သည်ပင်ဖြစ်တော်မူသည်"(၂၀း၅၀) ဆိုလိုသည်မှာ အလ္လာဟ်ဂျလ္လာဟ်ရှာနူဟူသည် စကြဝဠာအတွင်းရှိ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၍ ယင်းတို့အား ဖန်ဆင်းသည့်ရည်ရွယ်ချက်ရရှိစေရန်အတွက် ညွှန်ကြားချက်အပြည့်အစုံပေးပြီးဖြစ်သည်။ ဤစီမံမှုအောက်တွင် ခပ်သိမ်းသော ဖန်ဆင်းခံများသည် ၎င်းတို့အား အပ်နှင်းထားသည့်တာဝန်ကို တစိုက်မတ်မတ်လုပ်ဆောင်နေကြသည်။ ဤဂေဟစနစ်ထဲတွင်ရှိသော ပထဝီမြေကြီး၊ ရေ၊ လေ၊ မီးနှင့် လ၊နေ၊ကြယ်တာရာအားလုံးတို့သည် ၎င်းတို့၏တာဝန်ဝတ္တရားများကို အမြဲသတိရှိကာ ဖြည့်ဆည်းလျက်ရှိသည်။ ထို့နောက်ဤ၎င်းတို့တာဝန်ဝတ္တရားဖြည့်ဆည်းမှုသည် ထိုအရာများအားလုံးတွင် အသက်ရှိသည်ဆိုကြောင်း သက်သေသာဓကတစ်ရပ်ပင်ဖြစ်သည်။ ထို့နောက် မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို ဤသည်တို့မှ တစ်စုံတစ်ခုသည် ယင်းတာဝန်ဝတ္တရားထမ်းဆောင်မှုမှ ရပ်ဆိုင်းခဲ့လျှင် ရှင်နေသည်ဟုမဆိုနိုင်တော့ပဲ သေဆုံးသည်ဟုဆိုလိုသည်။ အကယ်၍ရေသည် ယင်း၏လုပ်ငန်းစဉ်ဖြစ်သောရေငတ်ပြေစေခြင်းနှင့် အညစ်အကြေးဖယ်ရှားမှုလုပ်ငန်းစဉ်မှ ရပ်တန့်သွားခဲ့လျှင် ယင်းသည်ရေမဟုတ်တော့ချေ။ အကယ်၍ မီးသည် မစွဲမလောင်ဘဲ ရပ်တန့်သွားခဲ့လျှင် ယင်းကိုမီးဟုမခေါ်ဆိုနိုင်ချေ။ သစ်ပင်ပန်းပင်၊ သစ်သီးဝလံပင်တို့သည် ကြီးထွားခြင်း၊ ပွင့်ခြင်း၊ သီးခြင်းများရပ်တန့်သည်နှင့်တပြိုင်နက်တည်း ၎င်းတို့သည် သစ်ပင်၊ ပန်းမန်နှင့် သစ်သီးဝလံများမဟုတ်တော့ချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အသက်ရှင်မှုရည်ရွယ်ချက်ကို စွန့်လွှတ်သွားသောကြောင့်ဖြစ်သည်။ ရလဒ်ကား ၎င်းတို့သည် အသက်ရှင်မှုကင်းမဲ့၍ သေသည်နှင့်တူပေသည်။

သူပတ်ဝန်းကျင်ရှိ စကြဝဠာကြီးအား တစ်ခုချင်းစီကြည့်ရှုလျှင်လူဘဝရည်မှန်းချက်ကား မည်သည်နည်း၊ လူသားတစ်ဦး၏တာဝန်ကား မည်သည်နည်းဟူသောမေးခွန်းများကို အသိပညာနှင့်ဆင်ခြင်တုံတရားအနည်းငယ်မျှသာရှိသူပင်လျှင် စဉ်းစားတွေးတောနိုင်ပေသည်။ သို့ဆိုလျှင် အကယ်၍တစ်စုံတစ်ဦးသည် ၎င်း၏ဘဝရည်မှန်းချက်ကို ဖြည့်ဆည်းပါက အသက်ရှင်သူအဖြစ် မှတ်ထိုက်သည်။ ထို့နောက် မည်သူမဆိုလူသား၏ဘဝ

ရည်မှန်းချက်ကို မဖြည့်ဆည်းလျှင် ၎င်းသူ(သို့)သူမသည် သေသည်နှင့်မခြားချေ။

လူသားဘဝ၏ရည်မှန်းချက် မည်သည်နည်းနှင့် လူသားများဖြည့်ဆည်းရမည့်တာဝန်ဝတ္တရားများကား မည်သည်တို့နည်း။ မေးခွန်းကား တွေးခေါ်မှုနှင့် အဖြေတစ်ရပ်လိုအပ်ပေသည်။ အထက်တွင်ဖော်ပြပြီးခဲ့သော မူအရ လူသားတစ်ဦးသည် သူ(သို့)သူမဘဝ၏ရည်မှန်းချက်ကို ဖြည့်ဆည်းနေလျှင် ရှင်နေသည်ဟု ဆုံးဖြတ်ပြီး ဖြစ်၍ သို့မဟုတ်ခဲ့လျှင် သေဆုံးနေသည်ဟု ဆိုရပေသည်။ လူသားများထဲ၌အမြော်အမြင်ကင်းမဲ့သည့် မင်းစိုးမင်းညစ်များသည် ၎င်းတို့၏မျိုးနွယ်တူများအား အလေ့ပေါက်သည့်အပင်များ(သို့)သင်ကြားတတ်မြောက်လွယ်သောတိရစ္ဆာန်များဟု သတ်မှတ်ကာ လူသားတစ်ဦးကို မြည်း(သို့)ခွေးတစ်ကောင်နှင့်မခြား တန်းတူထားခဲ့သည်။ ၎င်းတို့အယူအဆအရ လူဘဝ၏တစ်ခုတည်းသောရည်မှန်းချက်မှာ စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်း၊ နိုးထခြင်း၊ နှင့်သေဆုံးခြင်းစသော တစ်စုံတစ်ဦး၏ဆန္ဒရမက်ဖြည့်ဆည်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိမည်သည့် နေရာတွင်မဆို ရှိသောဆင်ခြင်တုံတရားရှိသူများသည် ၎င်းဆိုးညစ်သူများ၏စကားကို နာခံလိမ့်မည်မဟုတ်။ ၎င်းတို့သည် မည်သည့်ဘာသာ၊ မည်သည့်လူမှုအသိုင်းအဝိုင်း (သို့) မည်သည့်အတွေးအခေါ်ရှိသည်ဖြစ်စေ အသိပညာနှင့်ဆင်ခြင်တုံတရားရှိသူများက ကမ္ဘာဦးမှယနေ့တိုင် လူသားများသည် ဖန်ဆင်းခံများ၌အမြင့်ဆုံးဖြစ်ကာ စကြဝဠာကြီးတစ်ခုလုံးသည် ၎င်းတို့အားအလုပ်အကျွေးပြုရန် ပြုလုပ်ထားသည်ဟု သဘောတူညီထားခဲ့ကြသည်။ ထင်ရှားသည်မှာ အဆင့်အမြင့်ဆုံးဟုဆိုရာတွင် လိုက်လျောညီထွေသည့်အဆင့်မြင့်သော ဘဝရည်မှန်းချက်တစ်ရပ်ရှိပေသည်။ လူသားနှင့်တိရစ္ဆာန်ကြားတွင်စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်း၊ နိုးထခြင်း၊ ခိုလှုံရာနေရာတစ်ခုရှာဖွေပိုင်ဆိုင်ခြင်း၊ ဝတ်စားဆင်ယင်ခြင်းနှင့်ပတ်သက်လာလျှင် သိမြင်တတ်သောလူတိုင်းသည် ခြားနားမှုမရှိကြောင်းသိရှိကြသည်။ စင်စစ်တိရစ္ဆာန်အများအပြားသည် လူသားတို့ထက် ပိုကောင်းပိုများသည်ထက် စားသောက်ကြကာ၊ ဝတ်စားဆင်ယင်မှုတွင် သဘာဝဆင်ယင်မှု၌လူသားတို့ထက်ပင် သာလွန်ကောင်းမွန်ပေသည်။ တိရစ္ဆာန်များသည် လေကောင်းလေသန့်များစွာရှိသော သာလွန်ကောင်းမွန်သည့်ပတ်ဝန်းကျင်တွင် နေထိုင်ကြပါသည်။ သူတို့အကျိုးရှိမှု၊ အကျိုးယုတ်မှုကိစ္စရပ်မှာလည်း တိရစ္ဆာန်တိုင်း၊ သစ်ပင်တိုင်းသည် သူတို့အတွက် သင့်လျော်သောအတိုင်းအတာအထိသိရှိကြပါသည်။ ၎င်းတို့သည် ၎င်းတို့အတွက် အကျိုးရှိမည်ကိုရယူနိုင်ပြီး၊ အန္တရာယ်ရှိသည်ကိုလည်းရှောင်ရှားနိုင်သောအစွမ်းလည်းရှိပါသည်။ အလားတူစွာ အခြားသူများကိုအကျိုးရှိစေမည့် ကိစ္စရပ်တွင်အလုံးစုံသောသတ္တဝါများနှင့်သစ်ပင်ပန်းပင်များသည် ၎င်းတို့၏အသား၊ သားရေ၊ အရိုး၊ အရွက်များနှင့် သစ်ပင်များအတွက်မူ အမြစ်များမှစ၍အသေးငယ်ဆုံးသော သစ်ရွက်အရွက်အတွင်းရှိ အရာများအားလုံး၊ လူသားများအား အလုပ်အကြွေးပြုမှုတွင် ထိန်းချုပ်အသုံးပြုခဲ့မှုသည် လူသားများထက်သာပိုသည်ဆိုသည်မှာ ထင်ရှားပါသည်။ ယင်းကလူဘဝသက်တမ်းအတွက် လိုအပ်သောအရာများထုတ်လုပ်ကာ မရေမတွက်နိုင်သော အကျိုးကျေးဇူးများရရှိစေပါသည်။ ဤသည်နှင့်ဆန့်ကျင်စွာ စိတ်ဝင်စားစရာကောင်းသည်မှာ အသား၊ သားရေ၊ ဆံခြည်မျှင်၊ အရိုး(သို့)အရွက်များသည် မည်သူတစ်ဦးတစ်ယောက်အတွက်မျှ အသုံးမဝင်စေသော လူသားလည်း ရှိပါသည်။

ဤအခြေအနေများအောက်တွင် ဖန်ဆင်းခံရမှုတွင် အမြင့်ဆုံးဟု ကြေညာခြင်းခံရသောလူသားသည် ဤစကြဝဠာတွင် အလုပ်အကြွေးပြုခြင်းခံထိုက်သူအဖြစ် ထိုက်တန်ကြောင်းရှာဖွေသင့်ပါသည်။ ဤသည်က ကျွန်ုပ်တို့အားမှန်ကန်မှု သစ္စာတရားပန်းတိုင်ဆီသို့ နီးကပ်စေပါသည်။ အနည်းငယ်မျှစဉ်းစားရုံမျှဖြင့် ဖန်ဆင်း

မှု၏ကဏ္ဍများအားလုံး လက်လှမ်းမှီစေသော ဆင်ခြင်တုံတရားနှင့် အသိတရားသည် ယာယီအကျိုးရှိမှုနှင့် ဆုံးရှုံးမှုအတွင်းသာ ကန့်သတ်ထားပါသည်။ ၎င်းနောက်ဤဘဝတွင် ယင်းသည် အခြားသူများအား အကျိုးဖြစ်စေဟန် ရှိပါသည်။ ဤကမ္ဘာလောကဘဝ၏အလျင်မည်သို့ဖြစ်ခဲ့သည်၊ ဤကမ္ဘာလောက၏နောက်တွင်မည်သို့ဖြစ်မည်။ ဤသည်နှင့်စပ်လျဉ်း၍ ပေါက်ရောက်သောသစ်ပင်များနှင့်တွင်းထွက်ပစ္စည်းပင်မဆိုထားဘိ ယင်းနယ်ပင်တွင်လိမ္မာတတ်သိသော သတ္တဝါများ၏ ဆင်ခြင်တုံတရားနှင့်အသိတရားတို့သည်ပင် အသုံးမဝင်ချေ။ အကျိုးဖြစ်ထွန်းမှုလည်း မရှိပါ။ ထို့ကြောင့် ဤနယ်ပယ်တွင် လူသားများကလုပ်ဆောင်ရပါမည်။ လူသားများအား အလုပ်အကြွေးပြုရန် အတွက် စကြဝဠာကြီးအား သတ်မှတ်ထားပါသည်။ ၎င်းနောက် လူသားများတို့သည် ဖန်ဆင်းမှုအလုံးစုံတွင် အမြင့်မားဆုံးဖြစ်ပါသည်။ ဤသည်သာ အခြားသောအဖန်ဆင်းခံများနှင့် လူသားများ၏ထင်ရှားပေါ်လွင်သော အနေအထားခြားနားမှုကို ရှင်းရှင်းလင်းလင်းနှင့် ပြတ်ပြတ်သားသားဖြစ်စေပါသည်။

ကျွန်ုပ်တို့သိရှိရသည်မှာ ဤကမ္ဘာတွင်ရှိလူသားများတို့၏ရည်မှန်းချက်သည် ဤစကြဝဠာ၏အစနှင့်အဆုံးတို့မျက်ခြေမပြတ်စေရန်ဖြစ်ပြီး ရလဒ်အနေဖြင့် မည်သည်များအကျိုးသက်ရောက်မှုရှိသည်ကို ဆန်းစစ်ရန်ဖြစ်သည်။ ထို့နောက် စုပေါင်းအကျိုးရှိခြင်း(သို့) ဘေးအန္တရာယ်ရှိခြင်းကို ဆုံးဖြတ်ရန်၊ ၎င်းနောက် ထိုကဲ့သို့ပြုလုပ်ခြင်းကြောင့်ရရှိသောထိုးထွင်းဉာဏ်ကိုအကျိုးအမြတ်များရရှိစေရန်နှင့် ဘေးအန္တရာယ်များမှ ရှောင်ရှားမှုကို အသုံးပြုရန်နှင့် အခြားသူများအား အကျိုးဖြစ်ထွန်းရာသို့ ဖိတ်ခေါ်၍ ၎င်းတို့အားအန္တရာယ်ဖြစ်စေမည့်အရာများမှအကာအကွယ်ပေးရန်ဖြစ်ပါသည်။ သို့မှသာ စိတ်ကူးမှန်းဆထားသော အမြဲတည်ရှိနေမည့် ငြိမ်းချမ်းသာယာပြီး၊ တည်မြဲနေမည့်ဘဝကိုရရှိရန် ဖြည့်ဆည်းပေးပါလိမ့်မည်။ တစ်ဦးခြင်းနှင့် စုပေါင်းခြင်းတို့မှပေါ်ထွက်လာသော ဤစံထားရမည့်အကျိုးအမြတ်ကို ရရှိရန်ဟူသည်မှာ လူသားဘဝ၏ရည်မှန်းချက်ဖြစ်သည်ဆိုသည့်အကြောင်းအတည်ပြုပြီးဖြစ်သည်။ ယင်းကြောင့် မိမိနှင့်တစ်ချိန်တည်းမှာပင် အခြားသူများပါ ပြီးပြည့်စုံစေပါသည်။ ယင်းမှလူသေနှင့်လူရှင်ကို သဘောပေါက်နိုင်သည်။ ဤပုံဆောင်မှုမှ ဤတွေးတောဆင်ခြင်ကာ အမှန်တရားသိရှိပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသောပုံဆောင်မှုဖြစ်ပြီး ကျွန်ုပ်တို့ဆွေးနွေးနေသော စစ်မှန်မှု၏အသွင်ကို မြင်သာအောင် အထောက်အကူပြုပါလိမ့်မည်။ ယင်းမှာ အလ္လာဟ်တအာလာနှင့်အရှင့်ရစူလ် (ﷺ) အပေါ် သက်ဝင်ယုံကြည်သောသူ(သို့) သူမသည်အသက်ရှင်နေကာ ဘဝ၏အစနှင့်အဆုံးကြားတွင် သူ၏အမြင်သည် ကုရ်အာန်ကျမ်းတော်မြတ်၏လမ်းညွှန်မှုအရ သူ(သို့)သူမ၏ စုပေါင်းအကျိုးရှိမှုနှင့်စုပေါင်းဆုံးရှုံးမှုတို့ကို အသိအမှတ်ပြုပြီးဖြစ်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် လူသား၏ဆင်ခြင်တုံတရားတစ်ခုတည်းနှင့် ဤနယ်ပယ်တွင် မည်သည့်အခါမျှ မအောင်မြင်ပါ။ အောင်မြင်နိုင်စွမ်းလည်းမရှိပါ။ လူ့ဘဝရည်မှန်းချက်ဖြည့်ဆည်းမှုအရ ထိုသည်ကို ကျွန်ုပ်တို့သိရှိပြီးသည့်နောက် ကုရ်အာန်ကျမ်းတော် မြတ်ကိုလိုက်နာကျင့်သုံးသောသူသည် အသက်ရှင်နေသောသူဖြစ်ပြီး၊ ယုံကြည်သက်ဝင်သူတစ်ဦးလည်းဖြစ်ပါသည်။ ၎င်းနောက် မည်သူမဆိုထိုကဲ့သို့ မလုပ်ဆောင်ပါက သေဆုံးသူဟု ပြတ်ပြတ်သားသားကောက်ချက်ချနိုင်ပါသည်။

မောင်လာနာရူမီက ထိုကိစ္စရပ်ကိုနှစ်လိုဖွယ်သီကုံးထားသည်မှာ-

زندگی از بهر طاعت بند گی است بے عبادت زندگی شر مندگی ست
آدمیت لحم وشحم وپوست نیست آدمیت جز رضائے دوست نیست

ဘဝဆိုသည်မှာ နာခံရန်နှင့်ခဝတ်ကိုးကွယ်ရန်ဖြစ်သည်။ ခဝတ်ကိုးကွယ်မှုမရှိသောဘဝသည်ရှက်ဖွယ်လိလိဖြစ်သည်။ လူ့ဘဝ၏စစ်မှန်ခြင်းသည် အသား၊ အဆီနှင့် အရေဖြားမဟုတ်ပါ။ လူ့ဘဝ၏စစ်မှန်ခြင်းသည် အလွာဟ်အရှင့်ကျေနပ်နှစ်သက်မှုပင်ဖြစ်သည်။

ဤသည်မှာ ယုံကြည်သူများအား ရှင်နေသူနှင့်လည်းကောင်း၊ မယုံကြည်သွေဖည်သူများအား သေသူနှင့်လည်းကောင်းနှိုင်းယှဉ်သည့် သက်ဝင်ယုံကြည်သူနှင့်သွေဖည်ငြင်းပယ်သူတို့၏ ပထမပုံဆောင်ချက်ပင်ဖြစ်ပါသည်။ ဒုတိယပုံဆောင်ချက်သည် "အီမာန်"(ယုံကြည်မှု)နှင့်ကုဖ်(သွေဖည်ငြင်းပယ်မှု)တို့အား အလင်းအမှောင်နှင့်ယှဉ်တွဲထားပါသည်။

,HkMunfjcif; (tDamef)onf tvif;a&mifjzpfí r,HkMunfaoGenfjcif; (ukzf&f)onf tarSmifxk jzpfonf/

ဤအာယသ်တော်ထဲတွင် အီမာန်(ယုံကြည်မှု)ကို နူရ်(အလင်းရောင်)ဟုခေါ်ဝေါ်၍ ကုဖ်ရ်(မယုံကြည်သွေဖည်ငြင်းပယ်မှုကို ဇုလ်မာဟ်(အမှောင်ထု)ဟု အထူးသတ်မှတ်သည်။ အနည်းငယ်စဉ်းစားရုံမျှဖြင့် ဤပုံဆောင်မှုသည် စိတ်ကူးယဉ်မှုမဟုတ်ကြောင်း ပြသပါလိမ့်မည်။ ဤသည်မှာ မှန်ကန်မှု၏ဖော်ပြချက်ဖြစ်သည်။ အစောပိုင်းကိစ္စရပ်များ၏ရည်ရွယ်ချက်အမှန်ကို ကျွန်ုပ်တို့ရှာဖွေခဲ့ကြသကဲ့သို့ ဤနေရာတွင်လည်း အလင်းနှင့်အမှောင်တည်ရှိမှု၏ မှန်ကန်ကြောင်း ထင်ရှားချက်ကို အလားတူရှာဖွေနိုင်သည်။ အလင်းရောင်၏ရည်ရွယ်ချက်မှာ ၎င်းအကူအညီဖြင့် အနီးနှင့်အဝေးရှိအရာများကို မြင်စေရန်ဖြစ်သည်။ ရလဒ်ကား တစ်စုံတစ်ဦးသည် အန္တရာယ်ရှိသည်မှကင်းဝေးစွာနေနိုင်ရန် အခွင့်အရေးရကာ အကျိုးဖြစ်ထွန်းစေရန်အတွက် အခွင့်အလမ်းရရှိပါသည်။

"အီမာန်"ကို ကျွန်ုပ်တို့လေ့လာကြည့်ကြစို့။ ယင်းသည် ကမ္ဘာမြေပြင်နှင့်မိုးကောင်းကင်တွင်းရှိ အရာရာတိုင်းပေါ် ဝန်းရံထားသောအလင်းရောင်တစ်ခုဖြစ်သည်။ ဤအလင်းရောင်တစ်ခုတည်းကသာ စကြဝဠာစနစ်အဆုံးသတ်ခြင်းကို မြင်တွေ့နိုင်သကဲ့သို့လုပ်ဆောင်သမျှအရာရာတိုင်း၏ မှန်ကန်သောအကျိုးဆက်များကိုလည်း မြင်နိုင်ပေသည်။ မည်သူမဆို သူတွင်ဤအလင်းရောင်ရှိနေလျှင် အန္တရာယ်ရှိ၍ထိခိုက်အနာတရဖြစ်စေမှုတိုင်း၏အကျိုးဆက်မှ ၎င်းကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်နိုင်သည်သာမက အခြားသူများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရန် အထောက်အကူပြုနိုင်သည်။ သို့ရာတွင်တစ်စုံတစ်ဦးသည် ဤအလင်းရောင်သုံးစွဲရန်အခွင့်အလမ်းမရှိလျှင် အမှောင်ထဲမှာရှိနေပါလိမ့်မည်။ ဖြစ်ပျက်ပြောင်းလဲမှုအဖုံဖုံမြင်ကွင်းစုံ သူတွင်မရှိတော့ချေ။ သူသည် ဘဝတစ်ခုလုံး၏အစကိုသော်လည်းကောင်း၊ အဆုံးကိုသော်လည်းကောင်း ခြုံငုံ၍မမြင်နိုင်တော့ချေ။ သူသည်အကျိုးရှိသည်နှင့်အကျိုးမဲ့သည်များလည်း မခွဲခြားနိုင်တော့ပါ။ အတိုင်းအတာတစ်ခုအထိ ၎င်း၏ထိတွေ့မှုအာရုံဖြင့် အရာဝတ္ထုများကိုပုံဖော်ကာ စမ်းတဝါးဝါးလုပ်နိုင်သည်မှာ အလွန်ဆုံးသူ၏လုပ်နိုင်မှုပင်ဖြစ်သည်။ ကျွန်ုပ်တို့သိပြီးဖြစ်သည့် ဤကမ္ဘာလောက၏ဘဝဆိုသည်မှာ ကျွန်ုပ်တို့အမြဲတစေနေထိုင်သွားလာလှုပ်ရှားနေသည့် ပတ်ဝန်းကျင်အကြောင်းပင်ဖြစ်သည်။ မယုံကြည်သွေဖည်ငြင်းပယ်သူသည် ကန့်သတ်ထားသော ဘဝဘောင်တွင် သူ့ဝန်းကျင်အတွင်းရှိ အကျိုးအမြတ်နှင့်ဆုံးရှုံးမှုကိုသာလျှင် သူရှာဖွေပါသည်။ သို့သော်လည်း နောင်လာမည့်အမြဲထာဝရဘဝတွင် ဘာတွေရှိနေသည်ဆိုသည်ကို သတိမူခြင်းသော်လည်းကောင်း၊ သို့မဟုတ် အတွေးအခေါ်သည်

လည်းကောင်း မရှိချေ။ သူ့အတွက် မည်မျှအကျိုးရှိနိုင်သည်ကိုလည်းကောင်း၊ မည်မျှဒုက္ခရောက်နိုင်သည်ကို သဘောပေါက်နားမလည်နိုင်ပါ။ ဤအကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်၏ စူရဟ်အရ်ရူးမ်တွင် တိုးချဲ့ရှင်းလင်းထားသည်မှာ-

يَعْلَمُوْنَ ظَاهِرًا مِّنَ الْحَيٰوةِ الدُّنْيَا وَهُمْ عَنِ الْاٰخِرَةِ هُمْ غٰفِلُوْنَ

"၎င်းတို့သည် လောကီဘဝ၏ အပေါ်ယံပုံပန်းကိုသာသိရှိကြကုန်၏။ သို့ရာတွင် နောင်တမလွန်ဘဝကို ကားဂင်းတို့သည် (လုံးဝ)မသိကြသူများသာလျှင်ဖြစ်ကြကုန်သတည်း။ (၃၀း၇)

စူရဟ်အာန်ကဗုတ်၏အာယသ်တော် တစ်ခုတွင် လွန်လေပြီးသော အုမ္မသ်များ၏မယုံကြည်သွေဖည်မှုနှင့်ငြင်းပယ်မှုကိုဖော်ပြပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်က- وَكَانُوْا مُسْتَبْصِرِيْنَ "စင်စစ်ဂင်းတို့မှာ အသိအမြင်ရှိသောသူများပင်ဖြစ်ခဲ့ကြကုန်၏။"(၂၉း၃၈) ဟုဖော်ပြထားသည်။ ဆိုလိုသည်မှာ ဤအာခိရသ်(တမလွန်ဘဝ)၏အကြောင်းအရာနှင့်ပတ်သက်၍ အဆုံးစွန်အလေးဂရုမပြုသူများသည် ဤလောကီဘဝနှင့်ပတ်သက်သောသူတို့ကိစ္စများတွင်မူ ထူထူအအမဟုတ်ကြချေ။ စင်စစ် ဂင်းတို့သည် "မုတ်စ်တဗ်စွိရိန်" အသိအမြင်ရှိသူများ၊ အသိဉာဏ်ကြွယ်သူများဖြစ်ကြပါသည်။ သို့သော်လည်း ဂင်းတို့၏ဤအသိဉာဏ်ကြွယ်မှုသည် အပြင်ပန်းသာဖြစ်၍ လောကီရေးရာတွင် အလေးထားသည့် ယင်းအသိဉာဏ်ကြွယ်မှုဖြင့် ဤကမ္ဘာလောကတွင် ဂင်းတို့၏ခဏပန်းဘဝဝန်းကျင်ရှိအရာများဖြင့် ဂင်းတို့ကြွယ်ဝချမ်းသာရေးဖြစ်သည်။ သို့သော်ငြားလည်း နောင်လာမည့်အာခိရသ်၏အမြဲတစေဘဝမှာမူ ဂင်းတို့အလုပ်မဟုတ်ချေ။

ဤအသေးစိတ်များကြားသိပြီးနောက် ကျေးဇူးပြု၍ကုရ်အာန်ကျမ်းတော်မြတ်၏ လက်ရှိအာယသ်တော် اَوَمَنْ كَانَ مَيْتًا فَاَحْيَيْنٰهُ وَجَعَلْنَا لَهٗ نُوْرًا يَّمْشِيْ بِهٖ فِى النَّاسِ كَمَنْ مَّثَلُهٗ فِى الظُّلُمٰتِ لَيْسَ بِخَارِجٍ مِّنْهَا ကို တစ်ခေါက်ပြန်ရွတ်ဖတ်သရဖျာယ်ကြည့်ပါ။ အဓိပ္ပာယ်မှာ တစ်စုံတစ်ဦး အစောပိုင်းသေဆုံးသွားခဲ့သည်။ ဆိုလိုသည်မှာ သူသည်မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးဖြစ်ခဲ့သည်။ ထို့နောက်အလွှာဟ်အရှင်မြတ်ကသူ့အား အသက်တစ်ဖန်ရှင်စေသည်။ ဆိုလိုသည်မှာ သူ့ကိုမုစ်လင်မ်တစ်ဦးဖြစ်စေရန် သောင်ဖီးက်စွမ်းအားပေးခဲ့သည်။ သူ့အားအီမာန်(သို့) ယုံကြည်မှုအလင်းရောင်ပေးခဲ့ကာ ယင်းဖြင့်သူသည်လူများအကြား သွားလာလှုပ်ရှားခဲ့သည်။ သို့ဆိုလျှင် ဤသူသည် ရုန်းထွက်၍မရနိုင်သော အမှောင်ထု အလုံးစုံခြံရံနေသည့် သူတစ်ဦးနှင့်တူနိုင်ပါအံ့လော။ ထိုသူသည် မယုံကြည်သွေဖည်မှုအမှောင်ထုထဲတွင် စမ်းတဝါးဝါးသွားလာနေကာ သူ့အတွက် မည်သည်ကောင်း၍ မည်သည်ဆိုးသည်ကို ၎င်းကိုယ်တိုင်မသိပါ။ ၎င်းပြင် သူ၏ပျက်စီးရာပျက်စီးကြောင်းမှလည်း သူမဖယ်ရှားနိုင်ချေ။ သို့ဆိုလျှင် ထိုသူသည် အခြားသူအကျိုးအတွက် မည်သို့လုပ်ဆောင်နိုင်ပေမည်နည်း။

,HkMunfrItvif;a&mifonf tjcm;olrsm;udkvnf; tusdK;&Sdaponf

ဤအာယသ်တော်ထဲတွင်- نُوْرًا يَّمْشِيْ بِهٖ فِى النَّاسِ "ထိုသူသည် ထိုအလင်းရောင်ခြည်နှင့်တကွလူတို့တွင်သွားလာလှုပ်ရှို၏"ဟု မိန့်ကာ ညွှန်ကြားချက်ပေးထားသည်မှာ ယုံကြည်မှုအလင်းရောင်သည် ဗလီဝတ်ကျောင်းတော်(မတ်စ်ဂျိဒ်)တစ်ခု၊ ခန်နကာ(နာမ်ပိုင်းဆိုင်ရာ သင်တန်းကျောင်း)(သို့) အောက်မေ့တသ

သတိရခြင်းနှင့် ပြန်လည်စဉ်းစားဆင်ခြင်ခြင်းအတွက် အရိုးသားဆုံးအခန်းလေးတွင် ကျင့်ကြံသည့်(ဟုဂျ်ရာဟ်) စသည်တို့အတွက်သာလျှင် ကန့်သတ်ထားသည်မဟုတ်ချေ။ မည်သူ့ကိုမဆို အလွှာဟ်အရှင်မြတ်က ဤအလင်းရောင်ဖြင့် ကောင်းချီးမင်္ဂလာပေးခံရလျှင် လူများအကြား သူသွားလာရာနေရာတကာ အိမ်ထဲတွင်လည်းကောင်း လမ်းပေါ်တွင်လည်းကောင်း သူနှင့်အတူ ပါလျှက်ရှိပေသည်။ သူရောက်လေရာနေရာတိုင်း ဤအလင်းရောင်ကြောင့်သူအတွက်အကျိုးမြတ်ရှိကာ အခြားသူများအတွက်လည်း အကျိုးအမြတ်ဖြစ်စေပါသည်။ အလင်းရောင်သည်အလင်းရောင်သာဖြစ်၍ မည်သည့်အမှောင်ထုကမျှ မလွှမ်းမိုးနိုင်ပါ။ သူ့အလင်းရောင်သည် အလွန်ဝေးကွာသည့်နေရာသို့မရောက်နိုင်သည့်တိုင် မှိတ်တုတ်မှိတ်တုတ် မီးအိမ်အလင်းရောင်နဲနဲလေးသည် ပတ်ဝန်းကျင်အမှောင်ထု၏လွှမ်းမိုးမှုမခံရချေ။ အလင်းရောင်အားကောင်းလျှင်မူ နေရာကျယ်ကျယ်ပြန့်ပြန့် ရောက်စေပါသည်။ မီးရောင်မှိန်လျှင် နေရာသေးသေးသာလျှင် အလင်းရောင်ပေးနိုင်သည်။ သို့သော်လည်း အလင်းကား အလင်းပင်တည်း။ အဆုံးမှာ အလင်းရောင်သည် အမှောင်ထုကို နှိပ်ကွပ်နိုင်၍ အမှောင်ထုသည် အလင်းကို မတွန်းလှန်နိုင်ချေ။ အကယ်၍အမှောင်ထုကို အရှုံးပေးသည်ဆိုလျှင် အလင်းရောင်သည် အလင်းရောင်မမြည်ချေ။ အလားတူကုဖ်ရ်ကို အရှုံးပေးသည့် အီမာန်(သို့)ကုဖ်ရ်ကို ကြောက်ရွံ့သောအီမာန်သည် အီမာန်မဟုတ်ချေ။ ဤအီမာန်၏အလင်းရောင်၊ ဤယုံကြည်ချက်၏အလင်းရောင်သည် ခေတ်တိုင်းခေတ်တိုင်း အခြေအနေအားလုံးတွင်လူတန်းစားအလွှာအသီးသီးတွင် သယ်ဆောင်သူနှင့်အတူတကွ ရှိနေသည်။

ဤပုံဆောင်မှုထဲတွင် နောက်ထပ်အညွှန်းတစ်ခုပါသည်မှာ အလင်းရောင်သည် စကြဝဠာတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမှုဖြစ်သည်။ ရည်စူးသည်ဖြစ်စေ မရည်စူးသည်ဖြစ်စေ လူတိုင်းနှင့် တိရစ္ဆာန်တိုင်းသည် ဤ သည်မှအနည်းနှင့်အများအကျိုးအမြတ်ရရှိပါသည်။ လူတစ်ဦးတွင် အလင်းရောင်ရှိ၍ သူ့တွင်အခြားသူကိုထို အလင်းရောင်ကြောင့် အကျိုးအမြတ်ရရှိစေလိုသော ဆန္ဒမရှိသကဲ့သို့ အခြားသူများကလည်း ၎င်းထံမှအလင်းရောင်ဖြင့် အကျိုးအမြတ်မရှာဖွေလိုဟုဆိုကြပါစို့။ သို့သော်လည်း စင်စစ်တစ်စုံတစ်ဦးသည် ၎င်း၏အလင်းရောင်နှင့်အတူ သွားလာလှုပ်ရှားနေလျှင် သဘာဝအရ အခြားသူကိုလည်း အလင်းရောင်ဖြင့် အကျိုးဖြစ်ထွန်းစေသည်မှာ မလွဲမရှောင်ပင်ဖြစ်သည်။ ဤသည်မှာ စစ်မှန်သောမုစ်လင်မ်တစ်ဦး၏ အီမာန်နှင့်သက်ဆိုင်သည်။ ယင်း၏အကျိုးအမြတ်တို့သည် အခြားသူများအပေါ် လက်ခံရသူသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အတိုင်းအတာတစ်ရပ်အထိကျရောက်သည်။ အာယသ်တော်အဆုံးတွင်- **كَذٰلِكَ زُيِّنَ لِلْكٰفِرِيْنَ مَا كَانُوْا يَعْمَلُوْنَ** "ဤနည်းအတိုင်းပင်ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူတို့အမြင်၌ ၎င်းတို့၏အပြုအမူတို့ကို လှပတင့်တယ်အောင်ပြုထားပြီးဖြစ်ချေသတည်း။"ဟုမိန့်ကြားထားသည်။ ဆိုလိုသည်မှာ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် အမှန်တရားငြင်းပယ်သူများသည် ပွင့်လင်း၍ရှင်းလင်းသောသက်သေသာဓကများကို လက်မခံရသည့်အကြောင်းမှာ လူတိုင်းသည် မိမိကိုယ်မိမိအရူးအမူးဖြစ်သောအရာများရှိကြ၍ ယင်းတို့ကြောင့် မိမိကိုယ်မိမိကျေနပ်နှစ်သက်နေကြသည်။ ရှိုက်တွာန်ကလည်း အမြဲရှိနေ၊ စိတ်ကူးယဉ်သောစိတ်ဆန္ဒများလည်း ပုံစံအမျိုးမျိုးရှိနေ၍ ယင်းတို့သည် မကောင်းမှုအသွယ်သွယ်ဖြစ်သော်လည်း သူ့အမြင်တွင် ကောင်းမွန်လှပတင့်တယ်နေသယောင် စတင်မြင်တွေ့နေရပါသည်။ ဤသည်ကို လှည့်စားခြင်းဟုခေါ်ဆိုခြင်းမှာ လျှော့တွက်ခြင်းပင်ဖြစ်သည်။ အလွှာဟ်အရှင်မြတ်ကျွန်ုပ်တို့အားလုံးကို ယင်းအဖြစ်မှကာကွယ်စောင့်ရှောက်တော်မူပါစေ။

XXXXXXXXXXX

tm, of (123-125)

وَكَذٰلِكَ
جَعَلْنَا فِىْ كُلِّ قَرْيَةٍ اَكٰبِرَ مُجْرِمِيْهَا لِيَمْكُرُوْا فِيْهَا ؕ وَمَا
يَمْكُرُوْنَ اِلَّا بِاَنْفُسِهِمْ وَمَا يَشْعُرُوْنَ ﴿۱۲۳﴾ وَاِذَا جَآءَتْهُمْ
اٰيَةٌ قَالُوْا لَنْ نُّؤْمِنَ حَتّٰى نُؤْتٰى مِثْلَ مَآ اُوْتِىَ رُسُلُ اللّٰهِ ؔۘ
اَللّٰهُ اَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهٗ ؕ سَيُصِيْبُ الَّذِيْنَ اَجْرَمُوْا
صَغَارٌ عِنْدَ اللّٰهِ وَعَذَابٌ شَدِيْدٌ ۢ بِمَا كَانُوْا يَمْكُرُوْنَ ﴿۱۲۴﴾
فَمَنْ يُّرِدِ اللّٰهُ اَنْ يَّهْدِيَهٗ يَشْرَحْ صَدْرَهٗ لِلْاِسْلَامِ ۚ
وَمَنْ يُّرِدْ اَنْ يُّضِلَّهٗ يَجْعَلْ صَدْرَهٗ ضَيِّقًا حَرَجًا كَاَنَّمَا
يَصَّعَّدُ فِى السَّمَآءِ ؕ كَذٰلِكَ يَجْعَلُ اللّٰهُ الرِّجْسَ عَلَى الَّذِيْنَ
لَا يُؤْمِنُوْنَ ﴿۱۲۵﴾

၎င်းပြင်၊ ထိုနည်းနှင်နှင် ငါအရှင်မြတ်သည် မြို့ရွာတိုင်းတွင် ထိုမြို့ရွာများ၏အကြီးအကဲများကို မကောင်းကြံစည်ကြရန် ပြစ်မှုကျူးလွန်သူများဖြစ်စေတော်မူခဲ့၏။ အမှန်သော်ကား ယင်းသူတို့သည် မိမိတို့ကိုယ်နှင့်ဆန့်ကျင်၍ သာမကောင်းကြံစည်ကြသည်။ သို့ရာတွင် ယင်းသူတို့သည် (ဤသည်ကိုပင်) မသိနားမလည်ကြချေ။ (၆း၁၂၃)

ထိုမှတစ်ပါး ၎င်းတို့ထံ သက်သေလက္ခဏာတစ်စုံတစ်ရာရောက်ရှိလာသောအခါ ၎င်းတို့ကငါတို့သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်များခံရသကဲ့သို့ ခံရမြင့်ပေးသနားတော်မူခြင်းမခံကြရသမျှကာလပတ်လုံးငါတို့သည် အလျင်း"အီမာန်"သက်ဝင်ယုံကြည်ကြမည်မဟုတ်ပေဟုပြောဆိုကြကုန်သည်။ (အမှန်စင်စစ်သော်ကား)အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိမိ၏ရစူလ်တမန်တော်ဂုဏ်ဖြင့် မည်သူ့အားခံရမြင့်ရမည်ကို အသိဆုံးပင်ဖြစ်တော်မူပေသည်။ (ထိုမှတစ်ပါး) ပြစ်မှုကျူးလွန်သော သူတို့သည် မကြာ

မြင့်မိအလ္လာဟ်အရှင်မြတ်အထံတော်၌ မိမိတို့မကောင်းကြံစည်မှုများ၏အစား ဂုဏ်ရည်သေးသိမ်ခြင်းနှင့်ပြင်းထန်သောပြစ်ဒဏ်တို့ကို ခံစားကြရလတ္တံ့။
(၆။၁၂၄)

ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြင်သူအား လမ်းမှန်သို့ ပို့ဆောင်တော်မူရန် ရည်စူးတော်မူပါလျှင် ထိုအရှင်မြတ်သည် ၎င်း၏ရင်ကို(ဝါ)စိတ်နှလုံးကို အစွမ်းသာသာနာတော်(ကိုယ်ကြည်လက်ခံလာနိုင်ရန်)အလို့ငှါ ပွင့်လင်းကျယ်ဝန်းစေတော်မူအံ့။ သို့ရာတွင် ထိုအရှင်မြတ်သည် အကြင်သူအားလမ်းမှား၌ပင်ထားရှိရန် ရည်စူးတော်မူပါလျှင် ထိုအရှင်မြတ်သည် ၎င်း၏ရင်ကို (ဝါ)စိတ်နှလုံးကိုကျဉ်းကျပ်၊ အလွန်အလွန်ကျဉ်းကျပ်စေတော်မူအံ့။ ထိုသူသည် မိုးကောင်းကင်သို့တက်ရာဘိသကဲ့သို့ဖြစ်နေအံ့။ ဤနည်းအတိုင်းပင် အလ္လာဟ်အရှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ခြင်းကင်းမဲ့သောသူတို့အပေါ်၌ အညစ်အကြေးများကို ပြုလုပ်ထားတော်မူပေသတည်း။ (၆။၁၂၅)

tusf[ZGJhfqkjcif;

ပြီးခဲ့သောအာယသ်တော်များထဲတွင် ဤကမ္ဘာကြီးသည် စမ်းသပ်ရာနေရာတစ်ခုဟု ဖော်ပြထားခဲ့သည်။ ဤနေရာ၌ကောင်းမှုလုပ်ရပ်များကို အချို့သော ကြိုးပမ်းအားထုတ်မှုနှင့်စည်းနှောင်ထားသည်။ ဤသည်မှာ အခက်အခဲများပြွန်းတီးနေသော လမ်းတစ်ခုပင်တည်း။ မကောင်းသည့်လုပ်ရပ်များအတွက်လည်း အလားတူမှန်ကန်ပေသည်။ အခက်အခဲများသည် တစ်ခဏတာဖြစ်သော ကျေနပ်နှစ်သက်မှုများနှင့် မဆုံးနိုင်သောဆန္ဒများပြွန်းတီးနေသာ လိမ်လည်လှည့်ဖြားမှုကွန်ယက်တစ်ခုအဖြစ် တည်ရှိကြပါသည်။ ယင်းသို့နေထိုင်နည်းတစ်ရပ်သည် ၎င်းတို့၏အဆုံးစွန်အဆုံးသတ်မှုနှင့် ၎င်းတို့၏စစ်မှန်မှုကို ဂရုပြုမထားသော ထိုလူများအတွက် ယင်းမကောင်းမှုလုပ်ရပ်သည် ၎င်းတို့အမြင်တွင် ကောင်းနေပါသည်။ ယင်းသည်မကောင်းမှုများ၏ ဆွဲအားဖြစ်ကာ ဤကမ္ဘာပေါ်တွင် အတော်ဆုံးတကာတွင် အတော်ဆုံးသောသူပင်လျှင် ရေပန်းစားသောအလုပ်ကိုလုပ်ရန် မတွန့်ဆုတ်ချေ။

လက်ရှိအာယသ်တော်များမှာ ပထမအာယသ်တော်(၁၂၃)တွင် မိန့်ကြားထားသည်မှာ ဤစမ်းသပ်မှုသည်ကျွန်ုပ်တို့တည်ရှိနေသည့် စကြဝဠာအစမှစ၍ အမြဲဖြစ်နေသော ဘဝ၏မြင်ကွင်းတစ်ရပ်အဖြစ် တွေ့ရှိနိုင်သည်။ အများအားဖြင့် ဤသည်မှာ ကြွယ်ဝချမ်းသာသော သြဇာအာဏာရှိသူ၊ ပိုင်ဆိုင်ခွင့်ရှိသူစသော အုပ်စုတစ်ခု၏လူကြီးတို့သည် ငွေကြေး၊ အာဏာနှင့်အသိအမှတ်ပြုခံရခြင်း၏အရသာကို စွဲသွားလျှင် ၎င်းတို့လုပ်ရပ်၏အဆုံးသတ်သည် မည်သို့ဖြစ်မည်ဆိုသည်ကို မတွေးတောမဆင်ခြင်တော့ဘဲ တမျိုးမဟုတ်တမျိုးသောပြစ်မှုဒုစရိုက်များကို စတင်ကျူးလွန်လာကြပါသည်။ သာမန်လူများသည် ဤလူကြီးများ၏နမူနာကိုလိုက်နာသည့်အလေ့အထဖြစ်သွားသည်။ ထိုနမူနာများသည် သာမန်လူများအတွက်ကောင်း၍အောင်မြင်မှုလမ်းစဖြစ်သည်ဟူသော ခံယူ

ချက်ဖြင့် ယင်းနမူနာများကို စတင်ကူးချပါသည်။ ၎င်းတို့နှင့်မတူ ထူးခြားသည်ကား သင်ယူခြင်း၊ သင်ကြားခြင်းနှင့်တရားဟောခြင်းတာဝန်များအပ်နှင်းခံရသည့်မြင့်မြတ်သော တမန်တော်များနှင့်၎င်းတို့၏လက်ထောက်များရှိကြသည်။ ထိုသူတို့သည် လူအများကို ၎င်းတို့၏မကောင်းသောလုပ်ရပ်များမှ ရပ်တန့်စေပြီး၊ လုပ်ရပ်၏အကျိုးဆက်များအကြောင်းနှင့်ပတ်သက်၍ သတိပေးကြသည်။ ထို့နောက် ဤလူကြီးများသည် ဘုရားတရားကြည်ညိုကိုင်းရှိုင်းသောဤသူများကို နှိပ်စက်ကလူပြုရန် သို့မဟုတ် ရန်လိုခြင်းနှင့် လုပ်ကြံရန်စစ်မျက်နှာဖွင့်ကြသည်။ သို့သော်လည်း အဆုံးစွန်ဆန်းစစ်မှုအရ ထိုသူများအပေါ် မကောင်းပြုလုပ်မှုများသည် ၎င်းတို့အပေါ် ပျက်စီးခြင်းအဖြစ်နှင့်သာ ပြန်လည်ကျရောက်ခဲ့ကြသည်။ ထို့နောက် ယင်းသို့ပြန်ခံရခြင်းသည် ဤကမ္ဘာလောကတွင် ၎င်းတို့ဘဝ၌ပင်ဖြစ်နိုင်ပါသည်။

ဤလမ်းညွှန်မှုအဆိုအမိန့်ထဲတွင် မုစ်လင်မ်များသည် ကမ္ဘာပေါ်ရှိလူကြီးများ ချမ်းသာကြွယ်ဝသူများကဲ့သို့ ဆန္ဒမဖြစ်စေရန် သတိပေးထားသည်။ ထိုသူတို့အား အတုယူရန်စံနမူနာများအဖြစ် ကြည့်သည့်အကျင့်ဖျောက်ဖျက်ရန်နှင့် အစုအပြုံလိုက် ၎င်းတို့နောက်လိုက်ခြင်းမှရပ်တန့်သင့်ပေသည်။ မုစ်လင်မ်များအတွက် စံထားရမည်မှာ အရာရာတိုင်းကို ခြုံငုံကြည့်သည့်အကျင့်ပြုရမည်။ ၎င်းတို့၏လုပ်ရပ်တိုင်း၏အဆုံးသတ်ကို သတိမူနေသည်ဆိုခြင်းအား သေချာစေရမည်။ ထို့နောက် ၎င်းတို့အတွက် မည်သည်ကောင်း၍မည်သည်ဆိုးကြောင်းခွဲခြားတတ်ရန် ၎င်းတို့ကိုယ်တိုင် လေ့လာသင်ယူသင့်သည်။

ထပ်၍ဤနေရာတွင်ပါရှိသော ရည်ရွယ်ချက်မှာ တမန်တော်မြတ် (ဧ) သခင်အား နှစ်သိမ့်ရန်ဖြစ်သည်။ ကိုရိုက်ရှ်အကြီးအကဲတို့၏ရန်လိုမှုသည် အသစ်အဆန်းမဟုတ်ကြောင်း ယင်းနှင့်ပတ်သက်၍ဝမ်းမနည်းရန် ကိုယ်တော်မြတ် (ဧ) သခင်အားမိန့်ထားသည်။ အတိတ်က တမန်တော်များသည်လည်း ထိုကဲ့သို့သောသူများနှင့်ရင်ဆိုင်ခဲ့ကြရသည်။ သို့သော်လည်း အဆုံး၌ထိုသူများသည် အရှက်တကွဲအကျိုးနဲဖြစ်ကာ အလ္လာဟ်အရှင်မြတ်၏မုက္ခပါဠိတော်သည် အထွတ်အထိပ်၌ရှိနေခဲ့ပါသည်။

ဒုတိယအာယသ်(၁၂၄)ထဲတွင် ထိုကိုရိုက်ရှ်အကြီးအကဲများနှင့်ပတ်သက်သော စကားပြောဆိုမှုတစ်ရပ်အကြောင်း ဖော်ပြထားသည်။ ၎င်းတို့ပြောဆိုသမျှသည် လေစစ်ပွဲသာလျှင်ဖြစ်၍ အထေ့အငေ့်နှင့်ပြောင်လှောင်သရော်မှုတို့ပေါင်းစပ်ထားခြင်းသာဖြစ်သည်။ ယင်းကိုဖြေကြားခဲ့သည်။

စိုက်ယိဒိနာကသာဒဟ်မှတစ်ဆင့် အိမာမ်အလ်ဗဂ်ဟာဒီကတင်ပြထားခဲ့သည်မှာ ကိုရိုက်ရှ်မျိုးနွယ်စု၏အကြီးအကဲဖြစ်သော အဗူဂျာဟဲလ်ကတစ်ချိန်ကပြောကြားခဲ့သည်မှာ “ကျွန်ုပ်တို့သည် ဗနူအဗ်ဒ်မူနာဖ် (တမန်တော်မြတ် (ဧ) သခင်၏မျိုးနွယ်စု)တို့အား စစ်မျက်နှာတိုင်း၌ ရင်ဆိုင်ခဲ့ရာတွင် ကျွန်ုပ်တို့သည် ၎င်းတို့နောက်ဘယ်သောအခါမှ မကျန်ခဲ့ပါ။ သို့သော်လည်း ယခုအခါ ၎င်းတို့က ပြောသည်မှာ“ကျွန်ုပ်တို့မိသားစုထဲတွင် အလ္လာဟ်အရှင်မြတ်ထံမှဝဟီများလက်ခံရရှိသော တမန်တော်တစ်ပါးရှိခြင်းကြောင့် အသင်တို့သည် မြင့်မြတ်မှုနှင့်နောက်ပိုင်းဆိုင်ရာ ကြီးကျယ်မှု၌ ကျွန်ုပ်တို့နှင့်မယှဉ်နိုင်ပါ။” ထို့နောက် အဗူဂျာဟ်လ်ကပြောသည်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်မြတ်ရရှိသော ဝဟီမျိုးမရရှိသမျှကာလပတ်လုံး ကိုယ်တော်မြတ်နောက်ဘယ်သောအခါမှ မလိုက်ပါဟု အလ္လာဟ်အရှင့်နာမတော်တသ၍ ကျိန်ဆိုပါ၏။ **جَآئَتۡهُمۡ اٰيَةٌ قَالُوۡا لَنۡ نُّؤۡمِنَ حَتّٰى نُؤۡتٰى مِثۡلَ مَآ اُوۡتِىَ رُسُلُ اللّٰهِ** “(ထိုမှတစ်ပါး ၎င်းထို့ထံ သက်သေလက္ခဏာတစ်စုံတစ်ရာ ရောက်ရှိလာသောအခါ ၎င်းတို့က ငါတို့သည်၊ အလ္လာဟ်အရှင်

မြတ်၏ ရစူလ်တမန်တော်များခီးမြှင့်ခြင်းခံကြရသကဲ့သို့ ခီးမြှင့်ပေးသနားတော်မူခြင်း မခံရသမျှကာလပတ်လုံး ငါတို့သည် အလျဉ်းအီမာန်သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေဟု ပြောဆိုကြကုန်သည်။)ဟူသော အာယသ်တော် အဆုံးရှိမိန့်မှာချက်သည် ဤသည်ကိုပင် တိတိကျကျဆိုလိုသည်။

eADwrefawmfrsm;udk tv'm[ft&Sifjrwfu ceftYtyfcJhonf
pGmxl;rSmBudK;pm;ídvnf;aumif; udk,fydkifceftYtyfídvnf;aumif;r&acs

အထက်ပါကိုးကားထားသည့် အဆိုအမိန့်ကို တင်ပြပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်က-
اَللّٰهُ اَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهٗ "အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိမိ၏ရစူလ်တမန်တော်ဂုဏ်ဖြင့် မည်သူ့အား ခီးမြှင့်ရမည်ကို အသိဆုံးပင်ဖြစ်တော်မူပေသည်။" ဟုမိန့်၍အဖြေပေးထားသည်။ ဆိုလိုသည်မှာ နဗီတမန်တော် တစ်ပါး၏ အရိုက်အရာသည် မိသားစုမြင့်မြတ်မှု၊ လူမျိုးစုအခွင့်အာဏာအရနှင့် ဥစ္စာဓနတို့အပေါ် အခြေခံ၍ ရရှိနိုင်သည်ဟုထင်ကာ မှတ်ချက်ချမှုကား သူ၏မသိနားမလည်မှုကြောင့်ဖြစ်သည်။ နဗီတမန်တော်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကိုယ်စားလှယ်(ခလီဖာဟ်)အရိုက်အရာဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းကို ရစေရန် မလုပ်ဆောင်နိုင်ပါ။ တစ်စုံတစ်ဦးသည် ၎င်းအတွက် မြောက်မြားစွာသောကောင်းမွန်သာလွန်မှုနှင့် ပြီးပြည့်စုံခြင်းများ ရရှိသည့်တိုင် ၎င်း၏ဆုံးဖြတ်ချက်(သို့)ထိန်းချုပ်မှု(သို့) ရရှိပြီး တန်ခိုးအာဏာမှတစ်ဆင့် နဗီတမန်တော်တစ်ပါး၏အရိုက်အရာ ရနိုင်မည်မဟုတ်။ ဤသည်မှာ အလ္လာဟ်ဂျလ္လာရှနူဟူ၏ကောင်းချီးမင်္ဂလာ သက်သက်သာလျှင်ဖြစ်ပေသည်။ အလ္လာဟ်အရှင်အလိုရှိတော်မူသောမည်သူကိုမဆို အပ်နှင်းတော်မူသည်။

နဗီဖြစ်ခြင်းနှင့် တမန်တော်ဖြစ်မှုဆိုသည်မှာ လူသားများထိန်းချုပ်နိုင်သော ကိစ္စမဟုတ်ကြောင်း ဤသည်ကသက်သေပြပေသည်။ ထိုအရာများသည် အသိဉာဏ်ပညာပြီးပြည့်စုံခြင်းဖြင့်ဖြစ်စေ၊ လက်တွေ့ဆန်သော သာလွန်ကောင်းမွန်ခြင်းဖြင့်ဖြစ်စေ၊ အစွမ်းကုန်ကြိုးပမ်းအားထုတ်ခြင်းဖြင့်ဖြစ်စေ၊ ကျင့်ကြံမှုများခြင်းများဖြင့် ဖြစ်စေ မရရှိနိုင်ပါ။ ဝလီ(သို့) သူတော်စင်တစ်ပါးပင်လျှင် ၎င်း၏နာမ်ပိုင်းဆိုင်ရာအဆင့်အတန်းတွင် မည်မျှမြင့်မားစေကာမူ ယင်းကိုမရရှိနိုင်ချေ။ ထိုအရာသည် အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်အရ အရှင်မြတ်၏အသနားတော်ဖြင့် အလ္လာဟ်အရှင့်သီးသန့်ကျေးကျွန်များကိုသာလျှင်ပေးသနားတော်မူပါသည်။ မည်သို့ပင်ဆိုစေကာမူ မည်သူမဆို ထိုရာထူးနှင့်အဆင့်အတန်းရယူမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်ထဲတွင် အစဉ်းကပင်လျှင်ထင်ရှားစေရန်ဖော်ထုတ်ပြီးဖြစ်သည်။ ထို့ပြင် ထိုသူအား သင့်မြတ်လျော်ညီသော မွေးရာပါအရည်အချင်းများဖြင့် ဖန်ဆင်းတော်မူ၍ ၎င်း၏ကိုယ်ကျင့်တရားများနှင့်လုပ်ဆောင်မှုများကို အထူးသီးသန့်လေ့ကျင့်ပျိုးထောင်ထားခဲ့သည်။

အာယသ်တော်ဆုံးကာနီးတွင်- **سَيُصِيْبُ الَّذِيْنَ اَجْرَمُوْا صَغَارٌ عِنْدَ اللّٰهِ وَ عَذَابٌ شَدِيْدٌ ۢ بِمَا كَانُوْا يَمْكُرُوْنَ** "(ထိုမှတပါး)ပြစ်မှုကျူးလွန်သော သူတို့သည် မကြာမြင့်မီအလ္လာဟ်အရှင်မြတ်ထံတော်၌ မိမိတို့မကောင်းကြံစည်မှုများ၏အစား ဂုဏ်ရည်သေးသိမ် ခြင်းနှင့် ပြင်းထန်သောပြစ်ဒဏ်တို့ကို ခံစားကြရလတ္တံ့။"ဟု မိန့်ထားသည်။ ဤနေရာ၌ Rag-U- (ဆွဂ်)ဟူသော စကားလုံးသည် ကြိယာနာမ်ဖြစ်၍ သိက္ခာကျခြင်း၊ သိက္ခာမဲ့ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ဝါကျကဆိုလိုသည်မှာ ၎င်းတို့လူများ၏ကြီးကျယ်သောခေါင်းဆောင်များဟု

ကျော်ကြားသူများသည် သူတို့၏မာန်မာနနှင့် ဂုဏ်အသရေသည် မြေခသွားမည်ကို တွေ့ရပါလိမ့်မည်။ သိက္ခာကျမှုရောက်လာသကဲ့သို့ ပြစ်ဒဏ်ခတ်မှုလည်းကျရောက်ကာ နှစ်မျိုးစလုံးသည် ပြင်းထန်ပေသည်။ ထိုသို့ဖြစ်ပျက်မှုသည် လက်ရှိကမ္ဘာလောကတွင်ဖြစ်ပေါ်နိုင်သကဲ့သို့ အာခိရသ်တမလွန်ဘဝ၌လည်းဖြစ်ပါလိမ့်မည်။ လွန်လေပြီးသောတမန်တော်များကို ဖိနှိပ်ကြသူများ၏ ကံကြမ္မာကဲ့သို့ပင် လက်ရှိကမ္ဘာလောက၌လည်း သိက္ခာမဲ့ကြပါလိမ့်မည်။ ၎င်းတို့၏ဂုဏ်သိက္ခာအကြောင်းကြားဝါ ၍ ကျွန်ုပ်တို့၏တမန်တော်ကို ထိပ်ဆုံးက ရန်ပြုခဲ့ကြသူများသည် အစ္စလာမ်သာသနာသက်ဝင်ယုံကြည်သွားကြ သူများရှိကြသကဲ့သို့ သွေဖည်ငြင်းပယ်ခဲ့ကြသူများသည် သိက္ခာကျစွာဖျက်ဆီးခံကြရသည်လည်းရှိကြသည်။ ကိုရိုက်ရှ်လူမျိုးများ၏ ထင်ရှားကျော်ဇောသောခေါင်းဆောင်များဖြစ်ကြသည့် အဗူဂျဟ်လ်နှင့် အဗူလဟဗ်တို့ ဘာဖြစ်ခဲ့သနည်းဆိုသည်ကို မကွဟ်မြို့တော်အောင်နိုင်ကာ ၎င်းတို့ကျော်ရိုးရိုက်ချိုးလိုက်ခြင်းပင်လျှင် သင်ခန်းစာတစ်ခုဖြစ်လာသည်။

'D;ef&mrdeamawmfEwGif;&S&f&a[dG'&f\vu©Pmrsm;

အလ္လာဟ်အရှင့်လမ်းညွှန်မှုပေါ်တွင်ရှိသောသူများနှင့် အမှားပေါ်တွင်စွဲမြဲသူများ၏ လက္ခဏာအချို့ကို တတိယအာယသ်တော်(၁၂၅)တွင် ဖော်ပြထားခဲ့သည်။ **فَمَنْ يُّرِدِ اللّٰهُ اَنْ يَّهْدِيَهٗ يَشْرَحْ صَدْرَهٗ لِلْاِسْلَامِ** "ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်အကြင်သူအား လမ်းမှန်သို့ပို့ဆောင်တော်မူရန် ရည်စူးတော်မူပါလျှင် ထိုအရှင်မြတ်သည် ၎င်း၏ရင်ကို(ဝါ) စိတ်နှလုံးကို အစ္စလာမ်သာသနာတော်(ကိုယုံကြည်လက်ခံလာနိုင်ရန်)အလို့ငှာ ပွင့်လင်းကျယ်ဝန်းစေတော်မူ၏။"ဟူ၍ မိန့်ကြားထားသည်။

အဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ် (t) မှတစ်ဆင့် အလ်မုစ်တာဒရာဒ်ကျမ်းတွင် ဟာကီးမ်ကလည်းကောင်း၊ ရှိုအဗ်ဗူလ်အီမာန်ကျမ်းတွင် ဗိုင်ဟကီကတင်ပြထားခဲ့ကြသည်မှာ ဤအာယသ်တော်ကျရောက်စဉ်က တမန်တော်မြတ် (e) သခင်၏ ဆွဟာဗဟ် (t) များက ရှရ်ဟေဆွဒရ်(အစ္စလာမ်သာသနာတော်ကို ယုံကြည်လက်ခံလာနိုင်ရန်အလို့ငှာ ပွင့်လင်းကျယ်ဝန်းစေတော်မူအံ့)ဟူသည်၏ အဓိပ္ပာယ်ကိုရှင်းလင်းပြရန်လျှောက်ထားခဲ့ကြသည်။ ကိုယ်တော်မြတ် (e) ကမိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ယုံကြည်သက်ဝင်သူတစ်ဦး၏ နှလုံးသားတွင် အလင်းရောင်တစ်ခုထည့်သွင်းလိုက်သည်။ ယင်းအလင်းရောင်ကြောင့် အမှန်တရားကိုသိရှိနားလည်ခြင်း၊ သဘောပေါက်ခြင်းနှင့် လက်ခံခြင်းဖြင့် သူ့နှလုံးသားပွင့်လင်းသွားသည်။ ဆွဟာဗဟ်သာဝကြီးများက လျှောက်ထားသည်မှာ "လူတစ်ဦးတွင် ထိုသို့သော ရှရ်ဟေဆွဒရ်ရှိသွားကြောင်း သိရှိနိုင်သည့်လက္ခဏာရှိပါသလား။" ကိုယ်တော်မြတ်က"ရှိပါသည် ယင်း၏လက္ခဏာမှာ ၎င်း၏စိတ်ဆန္ဒအားလုံး၏ ရည်ရွယ်ချက်သည်အာခိရတ်နှင့် ယင်း၏ကောင်းချီးမင်္ဂလာများပင်ဖြစ်သည်။" သူသည် မလိုလားအပ်သော စိတ်ဆန္ဒများနှင့် အမျိုးမျိုးသောပျော်ရွှင်မှုများကို ရှောင်ရှားကာ သေခြင်းတရား မရောက်မီယင်းအတွက် အဆင်သင့်ဖြစ်စေရန် စတင်လုပ်ဆောင်နေပါသည်။

ထို့နောက်-**وَمَنْ يُّرِدْ اَنْ يُّضِلَّهٗ يَجْعَلْ صَدْرَهٗ ضَيِّقًا حَرَجًا كَاَنَّمَا يَصَّعَّدُ فِى السَّمَآءِ** "(သို့ရာတွင် ထိုအလ္လာဟ်အရှင်မြတ်သည် အကြင်သူအားလမ်းမှား၌ပင်ထားရှိရန်ရည်စူးတော်မူပါလျှင် ထိုအရှင်မြတ်သည် ၎င်း၏ရင်ကို(ဝါ) စိတ်နှလုံးကိုကျဉ်းကျပ်၊ အလွန်အလွန်ကျဉ်းကျပ်စေတော်မူအံ့။ [ထိုသူ့အတွက် အမှန်တရားကိုလက်ခံရန်နှင့်

ယင်းနှင့်အညီလုပ်ဆောင်ရန်မှာခက်ခဲလာမည်] ထိုသူသည် မိုးကောင်းကင်သို့တက်ရာဘိသကဲ့သို့ ဖြစ်နေအံ့။")

ကလ်ဘီဟူသော ဋီကာရှင်ကပြောသည်မှာ ၎င်း၏ရင်ကို(၀ါ)စိတ်နှလုံးကို ကျဉ်းကျပ်စေသည်မှာ အမှန်တရားနှင့် ကောင်းသည်များဝင်နိုင်စေရန် လမ်းများမပွင့်ပါ (ဖွင့်မထားပါ)ဟုဆိုလိုရင်းဖြစ်သည်။ စိုက်ယိဒိနာဖာရုတ်က် အလ်အအ်ဇာမ် (t) သခင်နှင့် စိုက်ယိဒိနာအဗဒုလ္လာဟ်အိဗ်နိအဗ္ဗာစ်မ အလားတူရှင်းလင်းချက်တင်ပြထားခဲ့သည်မှာ "ထိုသူသည် အလ္လာဟ်အရှင်မြတ်အား တသခြင်းဇကိရ်ကိုကြားရလျှင် ၎င်းအားနှိပ်စက်ခံရသည်ဟုခံစားရ၍ ကုဖ်ရ်နှင့်ရှိရ်က်အကြောင်းကြားရလျှင် ၎င်း၏နှလုံးသားက နှစ်ချိုက်လျှက်ရှိသည်ဟူ၍ ဖြစ်လေသည်"။

jrihfjrwfaomG[A[fBuD;rsm;onf tzSefw&m;udk tNrJwapodwftm;xufoefpGmcH,lolrsm;jzpfMuonf/

ဤသည်အတွက် ဆွဟာဗဟ်သာဝကကြီးများ (t) အား ယုံကြည်မှုတွင် အလ္လာဟ်အရှင်မြတ်၏တမန်တော်၏အပေါင်းအဖော်များအဖြစ်လည်းကောင်း၊ တမန်တော်မြတ် (t) သခင်၏ သင်ကြားမှုကိုသင်ယူသူများအဖြစ်လည်းကောင်း၊ သယ်ဆောင်သူများအဖြစ်လည်းကောင်း တမန်တော်မြတ်၏ တိုက်ရိုက်သာဝကကြီးများအဖြစ်လည်းကောင်း ရွေးချယ်ခြင်းခံခဲ့ကြရပါသည်။ တမန်တော်မြတ် (e) သခင်၏ သာဝကကြီးများသည် မည်မျှနားလည်သဘောပေါက်ကြသနည်းဟူမူ အစ္စလာမ်အမိန့်ပညတ်ချက်များနှင့်ပတ်သက်၍ သံသယမရှိချေ။ ရှိခဲ့လျှင်ပင်မပြောပလောက်အောင် နည်းပါးပေသည်။ ၎င်းတို့၏ဘဝတလျှောက်လုံးတွင် တမန်တော်မြတ် (e) သခင်ပင် ရှေ့တော်မှောက်မေးမြန်းလျှောက်ထားသည့် အရေအတွက်မှာ လက်ချိုး၍ပင်ရေတွက်နိုင်ပေသည်။ အကြောင်းမှာတမန်တော်မြတ် (e) သခင်နှင့်အတူရှိနေခြင်း၏ ကောင်းချီးအရင်းတို့၏နှလုံးသားများသည် အလ္လာဟ်အရှင်မြတ်အားချစ်ခင်၍ ရိုသေလေးစားခြင်းဖြင့် စွဲထင်နေသည်။ ယင်းကြောင့် အမှန်တရားကို လက်ခံရန် ဖွင့်ထားသောနှလုံးသားတစ်ခု၊ ရှုရ်ဟေဆွဒရ်အမြင့်မားဆုံးအဆင့်အဖြစ် ကောင်းချီးပေးခံရသည်။ စင်စစ်၎င်းတို့ ၏နှလုံးသားများကပင် အမှန်တရားနှင့်မှားယွင်းခြင်း၏ စံထိုးရာဖြစ်နေပေသည်။ ထိုသူများသည် အမှန်ကို မဆိုင်းမတွလက်ခံလိမ့်မည်ဖြစ်၍ အမှားများ၎င်းတို့နှလုံးသားများတွင်းသို့ဝင်ရန် လမ်းမရှိချေ။ ထို့နောက်တမန်တော်မြတ် (e) သခင်၏ ကောင်းမြတ်သောခေတ်ကာလနှင့်အလှမ်းဝေးလာလေလေ ဒွိဟသံသယများနှင့် စိတ်မသိုးမသန့်ဖြစ်ခြင်းတို့ ထိုးဖေါက်ဝင်ရောက်လာနိုင်လေဖြစ်ကာ ယင်းသည်ပင် တစ်ယူသန်ကွဲပြားခြားနားမှု၏အစပင် ဖြစ်ပါတော့သည်။

'Gi[oHo,rsm;z,f&Sm;&efESVHk;om;rsm;udkzGihfygp?pum;taejcdwifajymqdkrTudkusOf;ajrmif;apygp

ကွန်နုပ်တို့အခါသမယတွင် ကမ္ဘာကြီး၌ ဒွိဟများဖြင့် ပြည့်နှက်နေပါသည်။ လူအများသည် ပြဿနာများ၏အဖြေများကို အခြေအတင်ပြောဆိုမှုများ၊ ငြင်းခုံမှုများနှင့် အပြန်အလှန်ငြင်းခုံခြင်းတို့ဖြင့်ရှာဖွေကြကာ အလွန်စက်ဆုပ်ဖွယ်ရာများ၊ ရှုပ်ထွေးခြင်းများဖြင့် အဆုံးသတ်ကြပါသည်။ ဤသည်မှာ သံသယများကိုကိုင်တွယ်ဖြေရှင်းရန်ခိုင်လုံသည့်နည်းလမ်းတစ်ရပ်မဟုတ်ကြောင်းကို ပြိုင်ဘက်ကင်းသည့် အိန္ဒိယကဗျာဆရာကြီး အတ်က်ဗရ်

အေလာဟ်အာဗာဒီက ထောက်ပြသည်မှာ-

فلسفی کو بحث کے اندر خدا ملتا نہیں ڈور کو سلجھا رہا ہے پر سرا ملتا نہیں

ဒဿနိကပညာရှင်က ငြင်းခုံခြင်းတွင် နစ်မွန်းနေလျှင် ဘုရားသခင်ကို မတွေ့ရှိနိုင်။ သူသည် ရစ်ပတ်နေသောကြိုးကို ဖြေနေသော်လည်း အစဘယ်မှာမသိနိုင်ချေ။

မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများနှင့်အစောပိုင်း မှန်ကန်သည့်အကြီးအကဲများခံယူခဲ့သော တစ်ခုတည်းသော ထွက်ပေါက်ကား အလ္လာဟ်အရှင်မြတ်၏ပြီးပြည့်စုံသည့် တန်ခိုးတော်ကို စဉ်းစားကြည့်ပါ။ ထို့ပြင် အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများကို တွေးတောကြည့်ပါ။ ထို့နောက်အရှင်မြတ်၏ ချစ်ခင်မှုနှင့် မြတ်နိုးမှုတည် ရှိကြောင်းခံစားကြည့်ပါ။ ဒွိဟသံသယများသည် အလိုအလျောက် ပျောက်ကွယ်သွားပါလိမ့်မည်။ ဤသည်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကိုယ်တိုင်က တမန်တော်မြတ် (ﷺ) သခင်အား- **رَبِّ اشْرَحْ لِیْ صَدْرِیْ** "အို-ကျွန်တော်မျိုး၏ ရင် မွေးမြူဖန်ဆင်းတော်မူသောအရှင် ကျွန်တော်မျိုး၏နှလုံးသားကို ဖွင့်ပေးတော်မူပါ" (၂၀း၂၅)ဟူသောဒုအာကို တောင်းဆိုရန်လှုံ့ဆော်ထားသည်။

အာယသ်တော်အဆုံး၌- **كَذٰلِكَ يَجْعَلُ اللّٰهُ الرِّجْسَ عَلَى الَّذِيْنَ لَا يُؤْمِنُوْنَ** ဟူ၍ မိန့်ထားခြင်း၏ဆိုလိုရင်းမှာ ဤသည် မယုံကြည်သူများအပေါ်၌ အလ္လာဟ်အရှင်မြတ်သည် ဂုဏ်သိက္ခာမဲ့မှုနှင့် ပြစ်တင်ရှုတ်ချခြင်းမည်သို့ကျရောက်စေကြောင်းဖြစ်သည်။ အမှန်တရားအတွက် ၎င်းတို့၏နှလုံးသားများ မပွင့်လန်းကြဘဲ မကောင်းမှုတိုင်းဆီသို့ ၎င်းတို့တဟုန်ထိုးသွားကြသည်။

XXXXXXXXXXX

tm, of (126-128)

وَهٰذَا صِرَاطُ رَبِّكَ مُسْتَقِيمًا ۗ قَدْ فَصَّلْنَا
الْآيٰتِ لِقَوْمٍ يَّذَّكَّرُوْنَ ﴿١٢٦﴾ لَهُمْ دَارُ السَّلٰمِ عِنْدَ رَبِّهِمْ
وَهُوَ وَلِيُّهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿١٢٧﴾ وَيَوْمَ يَحْشُرُهُمْ
جَمِيْعًا ۚ يٰمَعْشَرَ الْجِنِّ قَدِ اسْتَكْثَرْتُمْ مِّنَ الْاِنْسِ ۚ وَقَالَ
اَوْلِيٰٓـُٔهُمْ مِّنَ الْاِنْسِ رَبَّنَا اسْتَمْتَعَ بَعْضُنَا بِبَعْضٍ وَّبَلَغْنَآ
اَجَلَنَا الَّذِيْٓ اَجَّلْتَ لَنَا ۭ قَالَ النَّارُ مَثْوٰىكُمْ خٰلِدِيْنَ
فِيْهَآ اِلَّا مَا شَاۗءَ اللّٰهُ ۭ اِنَّ رَبَّكَ حَكِيْمٌ عَلِيْمٌ ﴿١٢٨﴾

အမှန်စင်စစ်သော်ကား ဤ(အစွယ်လာမ်သာသနာတော်)သည် သာလျှင် အသင့် အားမွေးမြူတော်မူသော အရှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင်ဖြစ်ချေသည်။ မုချဧကန် ငါအရှင်မြတ်သည်(မိမိ)သက်သေ လက္ခဏာတော်များ ကိုနာခံသောသူတို့အကျိုးငှါ အသေးစိတ်လင်းပြတော်မူပြီး ဖြစ်ချေသတည်း။ (၆း၁၂၆)

ထို(တရားရယူသော)သူတို့အဖို့ ၎င်းတို့၏အရှင်မြတ်အထံတော်၌ ချမ်းမြေ့ သာယာသော(ဂျန္နသ်အမတသုခ)ဘုံသည် အဆင်သင့်ရှိချေသည်။ ၎င်းပြင် ထိုသူတို့၏(မွန်မြတ်သော)အပြုအမူတို့ကြောင့် ထိုအရှင်မြတ်သည်ပင်လျှင် ၎င်းတို့၏အဆွေခင်ပွန်းဖြစ်တော်မူပေသတည်း။ (၆း၁၂၇)

ထိုမှတစ်ပါး အကြင်နေ့ကို(သတိရကြလေကုန်) ထိုနေ့တွင်(အလ္လာဟ် အရှင်မြတ်သည်)ထိုသူအားလုံးတို့ကို စုရုံးစေတော်မူအံ့။ (ထို့နောက် အလ္လာဟ် အရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူအံ့)။ "အို-ဂျင်န်ပရိတ်သတ်အပေါင်းတို့ အသင်တို့သည် လူသတ္တဝါအပေါင်းတို့အား(လမ်းမှားသို့ သွေးဆောင်ခြင်းကို) များစွာပြုလုပ်ခဲ့ကြကုန်၏။" ထို့နောက် လူသားတို့အနက်မှ ထိုဂျင်နသတ္တဝါ တို့၏မိတ်ဆွေများက လျှောက်ထားကြမည်မှာ"အို-ကျွန်တော်မျိုးတို့၏အရှင် ကျွန်တော်မျိုးတို့အနက် အချို့သည် အချို့ထံမှ အကျိုးခံစားခဲ့ကြပါသည်။

ငင်းနောက်ကျန်တော်မျိုးတို့သည် မိမိတို့အတွက် အရှင်မြတ်သတ်မှတ်ပိုင်းခြားထားတော်မူသော အချိန်ကာလ(ဝါ)ကိုယာမသ်နေ့သို့ဆိုက်ရောက်ခဲ့ကြပါဖြီ။"ဟုလျှောက်ထားကြလတ္တံ့။ (ထိုရောကာလ အလ္လာဟ်အရှင်မြတ်သည် ဤသို့)မိန့်ကြားတော်မူအံ့။ "အိုု-မယုံကြည်သွေဖည်ငြင်းပယ်ကြကုန်သော ဂျင်(နှ်)နှင့်လူအပေါင်းတို့)ဂျဟန္နမ်ငရဲဘုံသည်သာလျှင် အသင်တို့၏နေရာဌာနဖြစ်သည်။ (အသင်တို့သည်) ထိုဂျဟန္နမ်ငရဲဘုံ၌ပင် ထာဝစဉ်နေထိုင်ကြရလတ္တံ့၊ သို့ရာတွင် အလ္လာဟ်အရှင်မြတ်(ထိုငရဲဘုံမှထုတ်ရန်)အလိုတော်ရှိတော်မူပါသော်(ပြဿနာတခြားဖြစ်ပေမည်)။ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသော သူမှတစ်ပါး ယင်းငရဲဘုံမှ ကင်းလွတ်သောသူဟူ၍ ရှိလိမ့်မည်မဟုတ်။ (အိုု-နဗီတမန်တော်)အသင့်အားမွေးမြူတော်မူသောအရှင်မြတ်သည် မုချစင်စစ် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသော အရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။ (၆း၁၂၈)

tusfzGihrfqkjcif;

ဤနေရာ၌ဖော်ပြထားသော အာယသ်(၃)ခု၏ပထမအာယသ်တော်(၁၂၆)ထဲတွင် တမန်တော်မြတ်(e) သခင်ကိုဦးတည်ကာ-**وَهٰذَا صِرَاطُ رَبِّكَ مُسْتَقِيْمًا**"ဤ(အစ္စလာမ်သာသနာတော်)သည်သာလျှင် အသင့်အားမွေးမြူတော်မူသောအရှင်မြတ်၏ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင်ဖြစ်ချေသည်"ဟု မိန့်ထားခဲ့သည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ် နိမတ်စ်အူးဒ်(t) သခင်၏ မိန့်ကြားချက်အရ ဤနေရာတွင်ပါရှိသော AxE (ဟာသာ-ဤအရာ)ဟူသော စကားလုံးသည် "ကုရ်အာန်ကျမ်းတော်မြတ်"ကို ရည်ညွှန်းသည်။ ထို့နောက် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဒားစ်(t)၏မိန့်ကြားချက်အရ ထိုစကားလုံးသည် အစ္စလာမ်သာသနာကို ဆိုလိုသည်။ (ရူဟုလ်မအာနီ)ဝါကျ၏ အဓိပ္ပာယ်မှာ"ဤလမ်းသည် အသင်၏မွေးမြူဖန်ဆင်းတော်မူသော အရှင်၏လမ်းဖြစ်သည်။ ဆိုလိုသည်မှာ ဤလမ်း သည်အသင့်အားမွေးမြူဖန်ဆင်းတော်မူသောအရှင်၏ အဆုံးအစမရှိသော ဟစ်က်မတ်ဉာဏ်တော်အရ အတည်ပြုထားခဲ့သည်။ ထိုလမ်းဖြင့်သာ အရှင်မြတ်၏အကူအညီတွေ့နိုင်သည်။ ဤနေရာ၌ အရာခပ်သိမ်း၏အရှင်မြတ်လမ်းတော်ဟု ဂုဏ်တင်ခြင်းအားဖြင့် ကိုယ်တော်မြတ်အား ပေးသနားတော်မူခဲ့သည့် ကုရ်အာန်ကျမ်းတော်မြတ်နှင့်အစ္စလာမ်သာသနာကျင့်ကြံမှုစနစ်သည် အလ္လာဟ်အရှင်မြတ်အားအကျိုးဖြစ်ထွန်းစေရန်မဟုတ်ဘဲ ယင်းနှင့်အညီလုပ်ဆောင်သူများကို အကျိုးဖြစ်ထွန်းစေရန်ဟု ရည်ညွှန်းထားသည်။ ဤသည်မှာ အရှင်မြတ်သည် မွေးမြူဖန်ဆင်းတော်မူသောရဿ အထွတ်အထိပ်ကျွေးမွေးစောင့်ရှောက်တော်မူသောအရှင်မြတ်၏ လိုလားချက်ဖြစ်ပေသည်။ ဤနည်းလမ်းတော်မှတစ်ဆင့် ရည်ရွယ်သည်မှာ ၎င်းတို့၏ထာဝရကောင်းကျိုးအာမခံစေသည့် နည်းလမ်းတစ်ရပ်ဖြင့် လူသားများအား ပြုစုပျိုးထောင်လေ့ကျင့်၍ ကျွေးမွေးစောင့်ရှောက်ရန်ဖြစ်သည်။

ထို့နောက် „R (ရဗ္ဗ-အရှင်)ဟူသောစကားလုံးထည့်သွင်းခြင်းသည် တမန်တော်မြတ် (ﷺ) သခင်အား ဂုဏ်တင်သည့်အနေအထားတစ်ရပ်ဖြစ်သည်။ တမန်တော်မြတ် (ﷺ) သခင်ကို /BR (ရဗ္ဗစ်က်-အသင်၏အရှင်) ဟုဆိုခြင်းမှာ ကိုယ်တော်မြတ် (ﷺ) သခင်အား အထူးကြင်နာသနားမှုတစ်ရပ်ပုံပေါ်စေရန်အတွက် "အသင်၏အရှင်သခင်က ဤလမ်းတော်ကို အတည်ပြုခဲ့သည်"ဟု မိန့်ကြားထားခြင်းဖြစ်သည်။ ဤဂုဏ်တင်မှု၏နူးညံ့သိမ်မွေ့မှုသည် အရသာသိသူများ အလွယ်တကူသိရှိခံစားနိုင်ပါသည်။ အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်တစ်ဦးအကြောင်းစဉ်းစားကြည့်ပါ။ အကယ်၍သူသည် ၎င်း၏အရှင်သခင်နှင့်သူကိုးကွယ်ရာ ကိုင်းရှိုင်းရာဖြစ်သည့် သူ့အရှင်ရဗ္ဗ၊ မအ်ဗူးဒ်နှင့် အနည်းဆုံးခိုင်းနှိုင်းခံရလျှင်ပင် ယင်းသည်သူ့အတွက် ဖြစ်နိုင်ဖွယ် အမြင့်မားဆုံးသောအောင်မြင်မှုပင်ဖြစ်သည်။ အကယ်၍ ဤစကြဝဠာတစ်ခုလုံး၏ကိုးကွယ်ခံထိုက်သော တစ်ပါးတည်းသောအရှင်၊ အရှင်တကာအရှင်၊ မည်ဖြုံမနွမ်းမမှေးမှိန်အသရေမပျက်၊ စင်ကြယ်သောအရှင်က ၎င်းအား ဂုဏ်ပေး၍"ကျွန်ုပ်သည် အသင်၏"ဟုမိန့်ခဲ့လျှင် ၎င်း၏အံ့ဩဖွယ် ကံကြမ္မာ "ကစ်စ်မက်" အလ္လာဟ်အရှင့်အလိုတော်နှင့် ပတ်သက်၍ ထိုသူ မည်သည်များ ပြောစရာကျန်ရစ်ပေဦးမည်နည်း။

ဤသည်နောက် ဤကုရ်အာန်ကျမ်းတော်မြတ်၏ "တည်ရှိမှုပုံဖော်ပြချက်"အား **مُسْتَقِيم** (မုစ်သကီးမ်) ဟူသော စကားလုံးမှတစ်ဆင့် ရှင်းလင်းထားခဲ့သည်။ ဆိုလိုသည်မှာ ဤလမ်းသည်ပင် ဖြောင့်မတ်မှန်ကန်သောလမ်းဖြစ်သည်ဟူ၍ဖြစ်သည်။ ဤနေရာတွင်လည်း မုစ်တကီးမ်(ဖြောင့်မတ်မှန်ကန်သော)ဆိုသည်ကို "စီရာသ်" (လမ်း)၏ နာမဝိသေသနအဖြစ်မသုံးစွဲဘဲ ကြိယာဝိသေသနအဖြစ် သုံးစွဲထားသည်။ ထိုသို့သုံးစွဲခြင်းဖြင့် ဤလမ်းတော်သည် စကြဝဠာ၏အရှင်သခင်က အတည်ပြုထားကာ ယင်းလမ်းတွင် ဖြောင့်မတ်မှန်ကန်သည်မှအပ မည်သည့်ဖြစ်နိုင်ချေမျှ မတည်ရှိကြောင်း ရည်ညွှန်းသည်။ **(ရူဟုလ်မအာနီနှင့် အလ်ဗဟ်ရူလ်မုဟီးတ်တို့)**

မူရင်းကျမ်းစာ- **قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّذَّكَّرُوْنَ** (မုခ္ခကေန်ငါအရှင်မြတ်သည် (မိမိ)သက်သေလက္ခဏာတော်များကိုနာခံသောသူတို့အကျိုးငှာ အသေးစိတ်လင်းပြတော်မူပြီးဖြစ်လေသတည်း။)ဟု မိန့်ထားသည်။

فَصَّلْنَا (ဖှတ်ဆွလ်နာ ငါအရှင်သည် အသေးစိတ်လင်းပြတော်မူပြီး)ဟူသောစကားလုံးသည် **تَفْصِيْل** (သဖ်ဆွီလ်)ဟူသောစကားလုံးမှ ဆင်းသက်လာကာ အခြေခံအားဖြင့် ယင်းစကားလုံးသည် အကြောင်းအရာတစ်ခုကို တစ်ခုချင်းတစ်ခုချင်းခွဲခြားစိတ်ဖြာပြီးမှ ဖော်ပြခြင်းဟုဆိုလိုသည်။ ဤနည်းလမ်းသည် အကြောင်းအရာကို သဘောပေါက်နားလည်စေရန် လွယ်ကူစေပါသည်။ ထို့ကြောင့် သဖ်ဆွီရ်၏ရလဒ်မှာ ပြတ်သားစွာရှင်းလင်းရန်ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပာယ်မှာ"ငါအရှင်မြတ်သည် မူနှင့်ဆိုင်သောကိစ္စရပ်များကိုရှင်းလင်းပြတ်သားစွာနှင့် အသေးစိတ် ဖော်ပြထားခဲ့ကာ ယင်းတွင်မည်သည့်အတိုချုံ့မှုသော်လည်းကောင်း၊ မပြတ်မသားဖြစ်မှုသော်လည်းကောင်း လုံးဝမရှိတော့ချေ။" ယင်းနောက်-**لِقَوْمٍ يَّذَّكَّرُوْنَ** (နာခံသောသူတို့အဖို့)ဟု မိန့်ထားခြင်းက ထောက်ပြသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏အဓိန့်များသည် ရှင်းလင်းစေရန်သော်လည်းကောင်း၊ မြတ်သောအကြံဉာဏ်ကို ရိုးသားစွာရှာဖွေရန်သော်လည်းကောင်း၊ ကုရ်အာန် ကျမ်းတော်မြတ်ကို ဆင်ခြင်စဉ်းစားသောသူများသာလျှင် အကျိုးအမြတ်ရရှိနိုင်သည်။ သို့မှသာလျှင် ထိုကဲ့သို့ရှာဖွေသူများနှင့် ကုရ်အာန်ကျမ်းတော်မြတ်အကြား၊ ခေါင်းမာခြင်း၊ ပင်ကိုယ်တွန်းလှန်မှု၊ မိမိအယူအဆနှင့်ပတ်သက်၍ တရားသေကျမှုနှင့် လက်ဦးမဆွရန်လိုမှုဖြစ်စေ၊ မျက်ကန်းတွယ်ဖက်မှု အတားအဆီးများဖြစ်စေ၊ ဘိုးဘေးဘီဘင်တို့၏ ဓလေ့ထုံးစံများလိုက်နာခြင်း စသော အတားအဆီးတံတိုင်းများဖြစ်စေ မရှိနိုင်ချေ။

ဒုတိယအာယသ်တော်(၁၂၇)တွင် မိန့်ထားသည်မှာ-لَهُمْ دَارُ السَّلٰمِ عِنْدَ رَبِّهِمْ (“ထိုသူတို့အဖို့ ၎င်းတို့၏ အရှင်မြတ်အထံတော်၌ချမ်းမြေ့သာယာသော (ဂျန္နတ်အမတသုခ)ဘုံသည် အဆင်သင့်ရှိချေသည်။”) ဟုဖြစ်သည်။ ဆိုလိုသည်မှာ အထက်တွင်ဖော်ညွှန်းခဲ့သူများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဆုံးမစကားများကို ပွင့်လင်းသော စိတ်ဖြင့် မြင်တွေ့ကြားနာရကာ မလွဲမသွေသောရလဒ်အနေဖြင့် အကြံပြုမှုနှင့်လမ်းညွှန်မှုကို လက်ခံသောသူများ အတွက် ဒါရုပ်စ်စလာမ်ဆုလာဘ်တော်သည် ယခုဘဝနှင့်နောင်ဘဝအတွက်ပါ စောင့်ဆိုင်းလျက်ရှိပေသည်။ ဤနေရာ၌ R^AD- (ဒါရ်)ဟူသောစကားလုံးသည် အိမ်(သို့) နေရာထိုင်ခင်းဟုဆိုလိုၗ ÚÈS- (စလာမ်)သည် ငြိမ်းချမ်းသာယာခြင်းနှင့် ဘေးဒုက္ခ၊ အခက်အခဲအားလုံးမှ လုံခြုံစွာရှိနေသည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ထို့ကြောင့် ဒါရုပ်စ်စလာမ်သည် အထက်ဖော်ပြပါဘေးအန္တရာယ်များဖြစ်စေ၊ မည်သည့်ဝမ်းနည်းကြေကွဲမှုဖြစ်စေ၊ နာကျင်ခံစားမှုများဖြစ်စေ မဝင်ရောက်နိုင်သည့် အိမ်ဟုဖော်ပြနိုင်သည်။ ထိုနေရာသည် ဂျန္နသ်သုခဘုံသာလျှင် ဖြစ်နိုင်ကြောင်း ထင်ရှားသည်။

ထို့ပြင် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအဗွားစ် (t) သခင်က “စလာမ်”သည် အလ္လာဟ်ဂျလ္လာရှာနူဟူ၏နာမတော်ဖြစ်သည်ဟု မိန့်ကြားခဲ့သည်။ ဒါရုပ်စ်စလာမ်ဟူသည်မှာ အလ္လာဟ်အရှင်မြတ်၏အိမ်တော်ဖြစ်သည်ဟုဆိုလိုသည်။ အလ္လာဟ်အရှင်မြတ်၏အိမ်တော်သည် (ငြိမ်းချမ်းသာယာသည့်နေရာဌာန)တစ်ခုဖြစ်သည်ဆိုသည်ကားထင်ရှားသည်။ ထို့ကြောင့် အဓိကအနေဖြင့် အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်သည်။ ဆိုလိုသည်မှာ လုံးဝဥဿုံငြိမ်းချမ်းသာယာမှုကြီးစိုးလျက်ရှိသောအိမ်ဟု ဖြစ်သည်။ ဂျန္နသ်(သုခဘုံ)ကို ဒါရုပ်စ်စလာမ်ဟု ခေါ်ဆိုခြင်းကို ရည်ညွှန်းချက်ပေးထားသည်မှာ ဂျန္နသ်သည်သာလျှင် တစ်စုံတစ်ဦးသည် နာကျင်မှု၊ စိတ်ပူပန်မှုနှင့် မနှစ်မြို့မှုအပေါင်းကင်းကွာကာ လုံးဝအေးချမ်းသာယာမှုခံစားနိုင်သောနေရာဖြစ်သည်။ ယင်းကို ဤကမ္ဘာလောကတွင် အမြင့် တကာအမြင့်ဆုံး၊ အကြီးအကျယ်တကာ့အကြီးကျယ်ဆုံး နဗီတမန်တော်များပင် မခံစားနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဤကမ္ဘာလောက၏ ဘဝအခြေအနေသည် ပြီးပြည့်စုံသော ထာဝရငြိမ်းချမ်းသာယာခြင်းနှင့် ပျော်ရွှင်ချမ်းသာမှုအတွက် လျော်ကန်သင့်မြတ်သောနေရာဌာနမဟုတ်ချေ။

ဤအာယသ်တော်ထဲတွင် မိန့်ထားသည်မှာ အကြံပေးချက်လက်ခံခြင်းကြောင့် ကံကောင်းသူများသည် ၎င်းတို့၏အရှင်သခင်နှင့်အတူ ဒါရုပ်စ်စလာမ်ရှိပေသည်။ “၎င်းတို့၏အရှင်သခင်နှင့်အတူ”ဆိုသောအသုံးအနှုန်းက ဒါရုပ်စ်စလာမ်ကို ဤကမ္ဘာလောကတွင်ချက်ခြင်းလက်ငင်းမရရှိနိုင်ပါ။ ကိယာမသ်နေ့တွင် ၎င်းတို့အရှင်သခင်ထံသူတို့သွားရောက်သောအခါမှ ရရှိပါလိမ့်မည်။ ထို့ပြင် ဒါရုပ်စ်စလာမ်၏ ကတိတော်သည် မမှားယွင်းဟုလည်း အဓိပ္ပာယ်သက်ရောက်နိုင်သည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့်အပြည့်စုံဆုံးသော ရဗ္ဗ မွေးမြူစောင့်ရှောက်တော်မူသောအရှင်သည် ထိုကတိတော်ကို ပေးသည့်အရှင်ဖြစ်သည်။ ကတိတော်မှာထိုအရှင်မြတ်နှင့်အတူ လုံခြုံစွာရှိနေတော်မူသည်။ ထို့နောက် ဤနေရာတွင်လည်း အခြားမှန်ကန်သောအချက်ကို ရည်ညွှန်းနေသည်။ ယင်းမှာ မည်သူကမျှ ဤဒါရုပ်စ်စလာမ်၏ကောင်းချီးမင်္ဂလာကို ဤအကန့်အသတ်တည်ရှိမှုဘောင်အတွင်းမရနိုင်ချေ။ ဤရတနာနှင့်အတူ ရှိတော်မူသော ရဗ္ဗကျွေးမွေးစောင့်ရှောက်တော်မူသောအရှင်တစ်ပါးတည်းသာလျှင် သိရှိတော်မူပေသည်။

ထို့ပြင် အထက်တွင်ဖော်ပြထားသော ဒုတိယအမြင်၏သဘောအရ ဤဒါရုပ်စံစလာမ်အမှန်တကယ် ရရှိခြင်းသည် ကိယာမသ်(နောက်ဆုံးနေ့)နှင့် အာခိရသ်(တမလွန်ဘဝ)လာတော့မည်ဆိုသည်အပေါ် တည်မှီပုံ မပေါ်ချေ။ စင်စစ်ကျက်သရေမင်္ဂလာအပေါင်း အပြည့်စုံဆုံးဖြစ်သော ရဇွမွေးမြူဖန်ဆင်းတော်မူသောအရှင် သည်ဤလောကကမ္ဘာတွင် အရှင်မြတ်နှစ်သက်သူသည်သာလျှင် ဒါရုပ်စံစလာမ်ကို ကံကြမ္မာကောင်းစွာ လက်ခံ ရရှိပေသည်။ တစ်နည်းမှာ ထိုသူတို့အား အခက်အခဲပေါင်းစုံနှင့်ဘေးဒုက္ခပေါင်းစုံမှ ကာကွယ်စောင့်ရှောက်ခံရခြင်း ဖြစ်သည်။ ဥပမာအနေဖြင့် အတိတ်က နဗီတမန်တော်များနှင့် အလ္လာဟ်အရှင့်အချစ်တော်များဖြစ်ကြသည်။ နောက်တစ်နည်းမှာ အာခိရသ်၏ကောင်းခြင်းများကို ၎င်းတို့မျက်ဝါးထင်ထင်တွေ့မြင်စေသည်။ ယင်းကြောင့် ထိုသူတို့သည် ဤကမ္ဘာလောက၏နာကျင်မှုဝေဒနာများသည် မပြောပလောက်သောအရာနှင့် ဂရုစိုက်စရာမဟုတ် ကြောင်း အထောက်အကူဖြစ်သွားစေသည်။ ထိုသူများအတွက် ၎င်းတို့၏ ခံစားမှုအစုစုသည် အသေးအဖွဲသာ ဖြစ်သွားသည်။

ဤကမ္ဘာလောက၏ အခက်အခဲများ သည်းခံသည့်အတွက် နောင်တမလွန်ဘဝတွင် ဆုလာဘ်များရရှိ စေမည်ဖြစ်သောကြောင့် ဤသူများသည် အခက်အခဲများကို နှစ်လိုဖွယ်ဖြစ်သည့်အရာဟု ဖော်ပြချက်မှာ မဖြစ် နိုင်စရာမရှိချေ။ အာခိရသ်၏ ထာဝရကောင်းချီးမင်္ဂလာကို စဉ်းစားကြည့်ပါ။ ထိုသူတို့သည် အလွန်ကြီးကျယ် ခမ်းနားပေသည်။ ထို့နောက် ဤကမ္ဘာလောက၏တဒင်္ဂသာယာမှုကို စဉ်းစားကြည့်ပါ။ ဤအတွေးသည်ပင် ရင် လှိုက်သည်းဖိုဖြစ်ပေသည်။ လူသားသည် ထိုအရာများကိုရရန် ကျေးကျွန်များသဖွယ် လုပ်ဆောင်ရသော်လည်း ဤကျေးကျွန်ဖြစ်မှုကို ပြုံးပြုံးနှင့်ကျေနပ်စွာလုပ်ဆောင်ကြပါသည်။ လူသားသည် ၎င်း၏လွတ်လပ်ခွင့်၏ကောင်း ချီးမင်္ဂလာကိုစွန့်လွှတ်၍ယင်းကို ကမ္ဘာလောက၏ စည်းစိမ်ချမ်းသာရှိမှုကိုထောက်ခံမှုနှင့် တန်ဖိုးလက်ဆောင်တို့ဖြင့် လဲလှယ်ယူခဲ့သည်။ ၎င်း၏အိပ်စက်ခြင်းနှင့်နားချိန်ကို လျော့နည်းစေသည့် ပင်ပန်းသည့်အလုပ်ကိုဖြစ်စေ၊ အလုပ် ကြမ်းလုပ်ရန်ကိုဖြစ်စေ လုပ်ခဲ့သည်။ ထို့ပြင် ယင်းကိုပင် ပျော်ရွှင်၍ ကျေးဇူးတင်နေပေသည်။ အဘယ့်ကြောင့် ဆိုသော် တစ်လ၏(၃၁)ရက်ကုန်ဆုံးလျှင် သူ့လုပ်ခလစာရမည့်ကိစ္စက အရသာနှင့်ပျော်ရွှင်မှုကို ခံစားနေရ၍ ဖြစ်သည်။ ထိုပျော်ရွှင်မှုကပင် ဤအလုပ်တွင် ကျွန်သဖွယ်လုပ်ရခြင်း၏ ခါးသီးမှုအပေါင်းကို သူ့အတွက် အရသာ ရှိ၍ကျေနပ်စေပါသည်။ ကုရ်အာန်အာယသ်တော်၏ သဖ်စိရ်ရှင်းလင်းချက်များမှတစ်ခုသော ဖြစ်နိုင်ချေရှိသည့် ရှင်းလင်းချက်မှာ- **وَلِمَنْ خَافَ مَقَامَ رَبِّهِ جَنَّتٰنِ** "အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေသော သူများသည် ဂျန္နသ်နှစ်ခုရကြသည်။"၅၅း၄၆ တစ်ခုမှာ အာခိရသ်တမလွန်ဘဝတွင်ဖြစ်၍ တစ်ခုမှာ ဤကမ္ဘာ လောကတွင် ဖြစ်သည်။ စရမည်ဆိုလျှင် ဤကမ္ဘာလောကတွင် ဂျန္နသ်ဆိုသည်မှာ တစုံတစ်ဦးသည် သူလုပ်သမျှ ကိစ္စရပ်များ၌ အလ္လာဟ်အရှင်မြတ်၏ ကူညီစောင်မမှုကို သူတွေ့ရ၍ဖြစ်သည်။ ၎င်းလုပ်သမျှသူ့အတွက် လွယ်ကူသယောင် ဖြစ်ကာ ခက်ခဲခြင်း၊ ပို၍ကြိုးပမ်းရခြင်း(သို့)ဆုံးရုံးခဲ့လျှင်ပင် သို့ရင်ဆိုင်နေရသည့်တိုင် အာခိရသ်၏ ထာဝရ ကောင်းချီးမင်္ဂလာများကို မျှော်မှန်းချက်ကြောင့် နာကျင်ဖွယ်အတွေ့အကြုံသည် စည်းစိမ်အဖြစ် ပြောင်းလဲ သွားသည်။

အချုပ်ဆိုရသော် ဤအာယသ်တော်ထဲတွင် "ဒါရုပ်စံစလာမ်"သည် ကောင်းမြတ်သောသူများသည် ၎င်းတို့၏ ဖန်ဆင်းရှင်နှင့်အတူ ရှိနေမည်ဆိုခြင်းဟု ရည်ညွှန်းချက်က နောင်တမလွန်"အာခိရသ်"အတွက်

ဆုံးဖြတ်ထားပြီးသေချာသည့် ကတိဖြစ်ကြောင်းပြောကြားပါသည်။ ထို့ပြင် ဖြစ်နိုင်သည်မှာ ကောင်းမြတ်သော သူများသည် ဤကမ္ဘာလောကတွင်ပင် ဒါရိုပ်စ်စလာမ်၊ အရသာကို မြည်းစမ်းစေပါလိမ့်မည်။

အာယသ်တော်(၁၂၇)၏နိဂုံးချုပ်၌- **وَهُوَ وَلِيُّهُمْ بِمَا كَانُوْا يَعْمَلُوْنَ** "၎င်းပြင်ထိုသူတို့၏(မွန်မြတ်သော) အပြုအမူတို့ကြောင့် ထိုအရှင်မြတ်သည်ပင်လျှင် ၎င်းတို့၏အဆွေခင်ပွန်းဖြစ်တော်မူပေသတည်း"ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ ထိုသူတို့၏ကောင်းမှုလုပ်ရပ်များကြောင့် အလွန်ဟ်အရှင်မြတ်သည် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်သူ၊ တာဝန်ယူသူနှင့် ကူညီစောင်မသူဖြစ်သွားသည်။ ထိုသူများရင်ဆိုင်ရသည့် အခက်အခဲတိုင်းသည် ၎င်းတို့အတွက် လွယ်ကူလာပေသည်။

တတိယအာယသ်တော်(၁၂၈)ထဲတွင် ပြန်လည်ရှင်ပြန်ထမူကွင်းပြင်(အလ်ဟရှ်ရ်)တွင်ရှိသော ဂျင်နှင့် လူသားတို့အပြန်အလှန်စကားပြောဆိုမှုပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် လူသားများကိုလမ်းမှားသို့ ရောက်ရန်ပြုလုပ်မှုတွင် ၎င်းတို့၏လွန်ကဲသောလုပ်ဆောင်မှုအကြောင်း ဂျင်နှင့်များအကြားရှိ ရှိုင်တွာန်များကို ဦးတည်ပြောကြားထားသည်။ သူတို့ဘာဖြေကြားခဲ့သည်ဆိုသည်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြမထားပါ။ ထင်ရှားသည်မှာ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင့်ထံမှောက်၌ အမှန်တရားကိုဝန်ခံရန် မှအပ ဘာမျှမလုပ်နိုင်ပါ။ သို့သော်လည်း ၎င်းတို့၏ ဝန်ခံချက်ကို မဖော်ပြခြင်းက ၎င်းတို့သည် မေးခွန်းကြောင့် ဝေခွဲမရဖြစ်ကာ သူတို့ဘာဖြေရမှန်းမသိ ဖြစ်သွားခြင်းကို ညွှန်းပေသည်။ **(ရွမ်ဟုလ်မအာနီ)**

ဤသည်နောက် မူရင်းစာသားက လူသားတို့ထဲတွင်ရှိ ရှိုင်တွာန်များဆီသို့ လှည့်သွားပါသည်။ ဆိုလိုသည်မှာ ကမ္ဘာလောက၏ဘဝတလျှောက် ရှိုင်တွာန်၏လှုံ့ဆော်မှုများကို လိုက်နာကာ ၎င်းတို့ကိုယ်တိုင်လည်း လမ်းမှားရောက်၍ အခြားသူများကိုလည်း လမ်းမှားရောက်စေသူကို ဆိုလိုသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်ဖော်ပြထားသည်မှာ တရားသူကြီးအားလုံး၏ တရားရုံးတော်တွင် လူသားများကြားရှိ ရှိုင်တွာန်တို့တင်သွင်းသောအဖြေတစ်ရပ်ကိုသာလျှင် ဖြစ်သည်။ ကနဦးမေးခွန်းသည် လူတို့ကြားရှိ ရှိုင်တွာန်များအား မေးမြန်းထားသည်မဟုတ်သော်လည်း ၎င်းတို့သည်လည်း ဦးတည်ပြောကြားခံရသူများဖြစ်၍ ယင်းမေးခွန်းသည် ၎င်းတို့အမေးခံရသည့်သဘောသက်ရောက်သည်။ အဘယ့်ကြောင့်ဆိုသော် ဂျင်နှင့်များကြားရှိ ရှိုင်တွာန်များ လူသားကိုလမ်းမှားရောက်စေသည့်အလုပ်လုပ်သကဲ့သို့ လူသားများကြားရှိ ရှိုင်တွာန်များသည်လည်း ထိုအလုပ်ကိုလုပ်ဆောင်ကြပါသည်။ ထို့ကြောင့် ၎င်းတို့၏ ဖြေကြားချက်မှာ ယင်းတို့ကဲ့သို့ သဘောသက်ရောက်စေသော ဦးတည်ချက်အပေါ် အခြေခံ၍ဖြစ်သည်။ သို့သော်လည်း ထင်ရှားပုံပေါ်သည်မှာ လူသားနှင့်တူဟန်ရှိသော ရှိုင်တွာန်များသည်လည်း မေးမြန်းခံရဖွယ်ရှိသည်။ ယင်းအကြောင်းကို ဤနေရာတွင်ရှင်းလင်းပြတ်သားစွာဖော်ပြမထားပါ။ မည်သို့ပင်ဆိုစေကာမူ စူရာဟ်ယာစီးန်၏ အာယသ်တော်တစ်ခုတွင် ဖော်ပြထားသည်မှာ- **اَلَمْ اَعْهَدْ اِلَيْكُمْ يٰبَنِيْۤ اٰدَمَ اَنْ لَّا تَعْبُدُوا الشَّيْطٰنَ** "အို-အာဒမ်၏ သားသမီးအပေါင်းတို့ ငါအရှင်မြတ်သည် အသင်တို့အား(ကြပ်ကြပ်)သတိပေးတော်မူခဲ့သည် မဟုတ်လော။ အသင်တို့သည် ရှိုင်တွာန်မိစ္ဆာကောင်အား ဆည်းကပ်ကိုးကွယ်ခြင်းမပြုကြကုန်လင့်၊(၃၆း၆၀)ဟူ၍ဖြစ်သည်။

ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ ဤအချိန်အခါသမယ၌ လူ"ရှိုင်တွာန်များကိုလည်း မေးခွန်းများမေးခံကြရဦးမည်ဖြစ်သည်။ ၎င်းတို့သည် ရှိုင်တွာန်များစကားနာခံ၍ ပြစ်မှုကျူးလွန်ခဲ့ကြောင်းနှင့်ယင်းကိုဝန်ခံ

ကြပါလိမ့်မည်။ သေချာသည်မှာ လူသားရှိုင်တွာန်နှင့် ရှိုင်တွာန်တို့သည် တစ်ဦးအကျိုးငှာတစ်ဦး အဆွေခင်ပွန်းဖွဲ့၍ ပူးပေါင်းခဲ့ကြကြောင်း ဝန်ခံလိမ့်မည်ဖြစ်သည်။ လူသားရှိုင်တွာန်များသည် ရှိုင်တွာန်များထံမှ လောကီရေးဆိုင်ရာ ပျော်ရွှင်မှုများမှတစ်ဆင့် စိတ်ကြည်နူးဖွယ်ကောင်းမှုရရေးနည်းလမ်းများကို သင်ကြားခဲ့ကြသည်။ ထို့ပြင် အချိန်ကာလအရ ၎င်းရှိုင်တွာန်တို့ထံမှ ရုပ်တုကိုးကွယ်သောဟိန္ဒူများ လုပ်ကြသကဲ့သို့ တနည်းမဟုတ် တနည်းအကူအညီရရန်တောင်းခံခဲ့ကြသည်။ ထိုကိစ္စရပ်မျိုးအတွက် မသိနားမလည်သောမုစ်လင်မ်အချို့သည် အလုပ်အချို့တွင် ရှိုင်တွာန်နှင့်ဂျင်နီများကို ထိန်းချုပ်ကာ အထောက်အကူရစေရန် လုပ်ဆောင်ကြပါသည်။ ဂျင်နီရှိုင်တွာန်များအကျိုးအမြတ်ရသည်မှာ ပျော့ညံ့သူများက ၎င်းတို့ပြောသမျှနားထောင်ကြကာ ၎င်းတို့စေခိုင်းသမျှလုပ်ဆောင်စေခြင်းတွင် အောင်မြင်ခဲ့ကြသည်။ အဘယ်မျှ အောင်မြင်သနည်းဆိုလျှင် ၎င်းတို့သည် သေခြင်းနှင့်တမလွန်ဘဝအကြောင်းကိုပင် မေ့လျော့သွားကြသည်။ ထို့ကြောင့် ၎င်းတို့ဝန်ခံခြင်းပြုလုပ်ရာတွင် ရှိုင်တွာန်များ၏စေ့ဆော်မှုအရ သေခြင်းတရားနှင့် တမလွန်ဘဝကိုမေ့လျော့ခြင်းဖြစ်သည်ဟုဆိုသည်။ ထို့ပြင် ယခုအခါ ၎င်းတို့ရှေ့မှောက်၌ ထိုအရာများကို မြင်တွေ့ကြရပေသည်။ ထိုစဉ် အလ္လာဟ်အရှင်မြတ်က -

اَلنَّارُ مَثْوٰىكُمْ خٰلِدِيْنَ فِيْهَآ اِلَّا مَا شَآءَ اللّٰهُ ؕ اِنَّ رَبَّكَ حَكِيْمٌ عَلِيْمٌ "ဂျဟန္နမ်ငရဲဘုံသည်သာလျှင် အသင်တို့၏နေရာဌာနဖြစ်သည်။ (အသင်တို့သည်) ထိုဂျဟန္နမ်ငရဲဘုံ၌ပင် ထာဝစဉ်နေထိုင်ကြရလတ္တံ့။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်(ထုတ်ရန်)အလိုရှိတော်မူပါသော် (ပြဿနာတခြားဖြစ်ပေမည်။) (အို-နဗီတမန်တော်) အသင့်အားမွေးမြူတော်မူသောအရှင်မြတ်သည် မုချစင်စစ်ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။" သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ တိကျပြတ်သားသော(နူစူစ်)ထဲတွင် ပါရှိသကဲ့သို့ အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့ဆန္ဒတော်ရှိလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် ထိုသူများသည် ထိုဂျဟန္နမ်တွင် အမြဲတစေရှိနေပါလိမ့်မည်။

XXXXXXXXXXX

tm, of (129–132)

وَكَذٰلِكَ
نُوَلِّيْ بَعْضَ الظّٰلِمِيْنَ بَعْضًاۢ بِمَا كَانُوْا يَكْسِبُوْنَ ﴿١٢٩﴾
يٰمَعْشَرَ الْجِنِّ وَالْاِنْسِ اَلَمْ يَاْتِكُمْ رُسُلٌ مِّنْكُمْ
يَقُصُّوْنَ عَلَيْكُمْ اٰيٰتِيْ وَيُنْذِرُوْنَكُمْ لِقَآءَ يَوْمِكُمْ
هٰذَا ؕ قَالُوْا شَهِدْنَا عَلٰٓى اَنْفُسِنَا وَغَرَّتْهُمُ الْحَيٰوةُ
الدُّنْيَا وَشَهِدُوْا عَلٰٓى اَنْفُسِهِمْ اَنَّهُمْ كَانُوْا كٰفِرِيْنَ ﴿١٣٠﴾
ذٰلِكَ اَنْ لَّمْ يَكُنْ رَّبُّكَ مُهْلِكَ الْقُرٰى بِظُلْمٍ وَّاَهْلُهَا
غٰفِلُوْنَ ﴿١٣١﴾ وَلِكُلٍّ دَرَجٰتٌ مِّمَّا عَمِلُوْا ؕ وَمَا رَبُّكَ
بِغَافِلٍ عَمَّا يَعْمَلُوْنَ ﴿١٣٢﴾

၎င်းပြင်ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် ကျူးကျော်စော်ကား သူများအနက် အချို့ကို အချို့အပေါ်၌ ၎င်းတို့၏အပြုအမူတို့ကြောင့် ကြီးစိုးစေတော်မူအံ့။

(တစ်နည်း) ၎င်းပြင် ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင်အချို့မတရားသောသူတို့အား အချို့မတရားသော သူတို့နှင့်နီးကပ်စေတော်မူအံ့။ (အချို့မတရားသောသူတို့အနီး၌ထားရှိတော်မူအံ့။) (၆း၁၂၉)

အို-ဂျင်နှင့်လူသတ္တဝါအပေါင်းတို့ အသင်တို့ထံအသင်တို့အနက်မှပင် ရစူလ်တမန်တော်များသည် ရောက်ရှိလာကြကာ အသင်တို့အား ငါအရှင်မြတ်၏အမိန့်တော်များကို ကြားနာစေခြင်းကို၎င်း၊ အသင်တို့အားဤနေရာနှင့်ကြုံကြိုက်ရမည့်အကြောင်း သတိပေးနှိုးဆော်ခြင်းကို၎င်း၊ ပြုလုပ်လေ့ရှိခဲ့ကြသည်မဟုတ်ပါလော။ (ထိုအခါ) ယင်းဂျင်နှင့်လူသားတို့က ကျွန်တော်မျိုးတို့သည် မိမိတို့နှင့်ဆန်ကျင်၍ပင် သက်သေခံကြပါပြီဟု လျှောက်ထားကြလတ္တံ့။ ၎င်းတို့အား ပစ္စုပ္ပန်မျက်မှောက်ဘဝ၏ အသက်ရှင်ခြင်းသည် လှည့်ဖြားခြင်းသို့ ထားရှိခဲ့

လေသည်။ (သို့ဖြစ်ပေရာ ၎င်းတို့သည် လောကီစည်းစိမ်တို့၌ နစ်မွန်းလျှက်ရှိနေခဲ့ကြလေပြီ။) ၎င်းပြင် ထိုသူများသည် (ထိုရှင်ပြန်ထမည့်နေ့တွင်)မိမိတို့ကိုယ်နှင့်ဆန့်ကျင်၍မိမိတို့ကာဖိရှိမယုံကြည်သွေဖည်ငြင်းပယ်သောသူများပင်ဖြစ်ခဲ့ကြပါသည် ဟု သက်သေခံကြကုန်အံ့။ (၆း၁၃၀)

ယင်းကဲ့သို့ ရစူလ်တမန်တော်များကို စေလွှတ်ခြင်း၏အကြောင်းမှာ အသင့်အားမွေးမြူတော်မူသော အရှင်မြတ်သည် မြို့ရွာများ၌ နေထိုင်သောသူများသတိမမူအမှတ်မဲ့ရှိနေခိုက် မတရားသဖြင့် (တစ်နည်း)မတရားမှုကြောင့်ဖျက်ဆီးလိုတော် မမူသောကြောင့်ပင် ဖြစ်ချေသတည်း။ (၆း၁၃၁)

စင်စစ်မူကား (ထို ဂျင်န်နှင့်လူသတ္တဝါ)အသီးသီးတို့၌ ၎င်းတို့၏အပြုအမူများနှင့်လျော်ညီစွာအဆင့်အတန်းများသည်ရှိကြ၏။ အမှန်သော်ကား အသင့်အားမွေးမြူတော်မူသောအရှင်မြတ်သည် ၎င်းတို့၏အပြုအမူတို့ကို သတိမမူလျစ်လျူရှုတော်မူသောအရှင်မဟုတ်ချေ။ (၆း၁၃၂)

tusnfzGihfqkjcif;

ပထမအာယသ်(၁၂၉)တွင်ပါရှိသော “နွိုလ်လီ” ü^L_#O-N< ဟူသောစကားလုံးသည် အဘိဓာန်အရ ဆက်စပ်ခြင်း(သို့) နီးစပ်ခြင်းဟုအဓိပ္ပာယ်ပြန်ဆိုနိုင်ပါသည်။ သို့မဟုတ်ပါမူ လွှမ်းမိုးခြင်းဟူ၍လည်း အဓိပ္ပာယ်သက်ရောက်နိုင်သည်။ ဆွဟာဗဟ်နှင့်သာဗိအီန်များတွင်ရှိသော ဦးဆောင် သဖိစိရ်ပညာရှင်များဆင့်ပြန်ချက်များကို တင်ပြထားသည်မှာ ဤစာလုံး၏ရှင်းလင်းချက်သည် အထက်ပါအဓိပ္ပာယ်နှစ်ခုစလုံးတွင် အခြေခံပါသည်။

jyefvnf&Sifjyefxm;fhaeYwGifvlom;wdkYtm; tkyfpkvdkufxm;jcif;\tajccH

အစောပိုင်းပညာရှင်များဖြစ်ကြသော စအိဒ်အိဗ်နိဂျူဗိုင်းရ်၊ ကသာဒဟ်နှင့်အခြားသောသူတို့က ပထမအနက်အဓိပ္ပာယ်ကိုလက်ခံခဲ့သည်။ ၎င်းတို့၏ အဆိုအရ အာယသ်တော်ကဆိုလိုသည်မှာ ကိယာမသ်နေ့ အလွှာဟ်သအာလာ၏ ရှေ့မှောက်တွင် စုပေါင်းပုံစံဖြင့် စီတန်းခြင်း၊ ဆိုလိုသည်မှာ တူညီသောသူများအား စုစည်းခြင်း၊ အုပ်စုပြုလုပ်ခြင်းသည် လူမျိုး၊ မျိုးနွယ်စု၊ အသား၊ အရောင်နှင့်ဘာသာစကားပေါ်တွင် အခြေမခံပါ။ ဤအုပ်စုများပြုလုပ်ခြင်းသည် အလုပ်များနှင့်ကိုယ်ကျင့်တရားများအပေါ် အခြေခံပါလိမ့်မည်။ ၎င်းတို့၏မျိုးနွယ်၊ မျိုးရိုးအစဉ်အဆက်၊ တိုင်းနိုင်ငံ၊ ဘာသာစကား၊ အသားအရောင်၊ လူနေမှုစနစ်တို့သည် မတူ၊ ကွဲပြားခြားနားသော်လည်း အလွှာဟ်သအာလာအား ကျိုးနွံသောမုစ်လင်မ်တစ်ဦးသည် သူမည်သည့်နေရာပင်ရောက်စေကာမူ မုစ်လင်မ်များနှင့်အတူရှိနေပါလိမ့်မည်။ ၎င်းနောက်မနာခံ၊ မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးသည် သူမည်သည့်နေရာတွင်ရှိပါစေ၊ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့်သာအတူရှိနေပါလိမ့်မည်။

ထို့နောက် မုစ်လင်မ်များအတွင်းမှာပင် ကောင်းမှုကုသိုလ်များလုပ်ဆောင်သောသူများသည် ဖြောင့်မတ်မှန်ကန်သောသူများနှင့်အတူရှိနေသကဲ့သို့ မကောင်းမှုအကုသိုလ်ကျူးလွန်သူများသည် အပြစ်ဂုနာဟ်ကျူးလွန်သူများ၊ မကောင်းမှုလုပ်သူများနှင့်အတူရှိနေပါလိမ့်မည်။ စူရဟ်"သက္ကဝိရ်"ထဲတွင် ၈း၇-**وَإِذَا النُّفُوسُ زُوِّجَتْ** ဟုမိန့်ထားချက်သည် ဤအနက်အဓိပ္ပာယ်အတိုင်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ (တူသည်ကိုတူသည်ချင်း)လူအများအားစုစည်းခဲ့သောအခါတွင်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ရှေ့တော်ပြန်လည်ရှင်ပြန်ထရမည့်ကွင်းပြင်တွင် လူအများအား စုဝေးစေကြသောအခါတွင် ၎င်းတို့၏လုပ်ရပ်များနှင့် ကိုယ်ကျင့်တရားတို့အရ အကွဲကွဲအပြားပြားသော အုပ်စုများအဖြစ်ရှိနေစေပါမည်။

ဤအာယသ်တော်အတွက် သူ၏သဖိစီရ်တွင် စိုက်ယိဒိနာဖာရုခ်အလ်အဇ်မ်ကပြောသည်မှာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ လုပ်ရပ်များထဲမှ တစ်မျိုးတစ်စားကိုပြုလုပ်သူများအား အတူတကွစုစည်းထားပါလိမ့်မည်။ ကောင်းသောသူများတို့သည် ကောင်းသောသူများနှင့်အတူ ဂျန္နသ်သို့သွားကြပါလိမ့်မည်။ ၎င်းနောက် မကောင်းသောသူများသည် မကောင်းသောသူများနှင့်အတူ ဂျဟန္နမ်သို့ပို့ဆောင်ခြင်းခံရပါလိမ့်မည်။ သူ၏ရှင်းလင်းချက်ကို မှန်ကန်ကြောင်းသက်သေပြသည့်အနေဖြင့် စိုက်ယိဒိနာအလ်အဇ်မ်က ဤအကြောင်းအရာကိုပင် မိန့်ဆိုထားသော ကျမ်းတော်မြတ်ကုရ်အာန်၏-**اُحْشُرُوا الَّذِينَ ظَلَمُوْا وَأَزْوَاجَهُمْ** ကိုညွှန်းပါသည်။ ထိုအာယသ်တော်ပါသက်သေပြချက်မှာ ကိယာမသ်နေ့၌ အမိန့်တော်တစ်ရပ်ထွက်ပေါ်လာမည်မှာ "၎င်းတို့၏အပေါင်းအသင်းများနှင့်အတူ မတရားသောသူများအား အတူတကွစုစည်းထားစေ။" (၎င်းနောက် ထိုသူများအားဂျဟန္နမ်သို့ပို့ဆောင်စေ။) (၃၇း၂၂) ဟူ၍ဖြစ်သည်။

ဤအာယသ်တော်ရှင်းလင်းချက်၏ အတိုချုပ်မှာ အလ္လာဟ်သအာလာသည် မတရားသောသူအချို့နှင့် အခြားသော မတရားသောသူများအား စုစည်းစေကာ ၎င်းတို့၏မျိုးနွယ်စုနှင့် ဇာတိတို့အရ တစ်ဦးနှင့်တစ်ဦး မည်မျှပင်ဝေးကွာပါစေ၊ အုပ်စုတစ်စုတည်းပြုလုပ်ပါလိမ့်မည်။

အထက်ဖော်ပြပါတို့ကို ထပ်ဆောင်းသည့်အနေဖြင့် သီးခြားသောအာယသ်တော်တစ်ခုတွင်-**وَيَوْمَ تَقُوْمُ السَّاعَةُ يَوْمَئِذٍ يَّتَفَرَّقُوْنَ** ထဲတွင် လူမျိုး၊ မျိုးနွယ်စု၊ တိုင်းပြည်၊ အသားအရောင်၊ ဘာသာစကားနှင့် အခြားသောစုပေါင်းမှုများစသော လောကီဆိုင်ရာစုစည်းမှုသည် တရားစီရင်မည့်နေ့တွင် အမြစ်မှစ၍ မြေလှန်ပစ်ခြင်းခံရပါလိမ့်မည်။ အာယသ်တော်ကဆိုလိုသည်မှာ (ကိယာမသ်၏)အချိန်အတည်ပြုပြီးသောအခါတွင် ထိုစုစည်းထားသောလူများသည် အတန်းအစား သီးခြားစီတည်ရှိနေပါလိမ့်မည်။ (၃၀း၁၄)

[urQ?aemuwGifyif vkyf&yfrsm;ESihfudk,fusihfwGm;rsm;onf pkaygif;vkyf&yfrsm;tay: tusdK;cufa&mufapygonf/

တည်ရှိဆဲဖြစ်သော ဆွေမျိုးတော်စပ်ခြင်းနှင့်ပေါင်းသင်းဆက်ဆံခြင်းတို့အား ဖြတ်တောက်ခြင်းဆိုသည်ကို အဆုံးတွင်လူတိုင်း၏ရှေ့တွင် ပြက်ပြက်ထင်ရောက်ရှိလာပါလိမ့်မည်။ ဤသည်၏ နမူနာအသေးစားကို ဤကမ္ဘာလောက၏နေရာတိုင်းတွင် တွေ့နိုင်ပါသည်။ ကောင်းမြတ်သောသူများသည် ကောင်းမြတ်သောအရာများ၊

ကောင်းမြတ်သောသူများနှင့် တစ်သွေးတည်းတစ်သားတည်းရှိနေကြပါသည်။ သူသည် ထိုကောင်းမြတ်သော သူတစ်ဦးချင်းနှင့်ဖြစ်စေ၊ အစုအဝေးနှင့်ဖြစ်စေ ဆက်စပ်နေပါသည်။ ဤသည်က သူ၏သန္ဓိဋ္ဌာန်ချမှု ခိုင်မာစေရန်အတွက် အမြဲတစေအသစ်ဖြစ်သော ကောင်းမှုကောင်းရာများဆီသို့ ဝင်ရောက်နိုင်သော နိုင်ငံကူးလက်မှတ်ဖြစ်သွားပါသည်။ မကောင်း မှုကျူးလွန်သူတို့သည်လည်း ထိုနည်းအတိုင်းပင်ဖြစ်ပါသည်။ သူတို့သည်လည်း အမျိုးအစားတူသူများနှင့်ဆက် နွယ်ကာ၊ ထိုသူများအားခင်မင်ပြီး ထိုသူတို့နှင့်သာ ပေါင်းသင်းကြသည်။ ဤကဲ့သို့ မသူတော်အချင်းချင်းပေါင်းသင်းခြင်းသည် သူတို့၏ မကောင်းမှုလုပ်ရပ်များနှင့်မကောင်းသောကိုယ်ကျင့်တရားများကို ပိုမိုတိုးပွားစေကာ ကောင်းမွန်သောလုပ်ရပ်နှင့်ကောင်းမွန်သောကိုယ်ကျင့်တရားတို့၏ အခြေအနေများတို့ကို ၎င်းတို့မျက်လုံးများကမမြင်တော့ပါ။ ဤသည်မှာ ဤလောကကမ္ဘာမှာပင် ၎င်းတို့၏မကောင်းမှုလုပ်ရပ်များတို့အတွက် လက်ငင်းပြစ်ဒဏ်ခတ်ခြင်း ခံရမှုပင်ဖြစ်သည်။

ထို့ကြောင့် အချုပ်အားဖြင့် ကျွန်ုပ်တို့ပြောနိုင်သည်မှာ အာခိရတ်တွင် အကောင်းအဆိုးအတွက် ဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းဖြစ်ပေါ်လာမည်။ ထို့ပြင် ဤကမ္ဘာလောကတွင် ဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းတို့သည်ကား ကောင်းသူများသည် ၎င်းတို့နှင့်အညီကောင်းမြတ်သော သူများနှင့်အပေါင်းအဖော်ဖြစ်ခြင်းဖြင့် ကောင်းချီးမင်္ဂလာပေးခြင်းခံရမည်။ ယင်းအပေါင်းအသင်းများက မည်သည်ကိုမဆို တာဝန်ယူလုပ်ကိုင်ပေးသဖြင့် အဆင့်မြင့်လာကာ တိုးတက်ကြီးပွားလာကြမည်။ ဤသည်နှင့်မတူ ကွဲပြားစွာ မကောင်းသောလုပ်ရပ်နှင့် မကောင်းစိတ်ရည်စူးမှုရှိသူသည် ယင်းနှင့်ထိုက်တန်သည်ကို ရမည့်သူလည်းရှိပေသည်။ သူရသောအပေါင်းအသင်းနှင့် ၎င်းပေးကမ်းခဲ့သောအကူအညီနှင့်ထောက်ပံ့မှုများသည် ထိုသူများပြန်ပေးသည်နှင့်မခြားနားပေ။ ထိုသူ၏ကြမ္မာဆိုးမှာ ၎င်းဝန်းကျင်တွင်ရှိသော မကောင်းသည့်အုပ်စုသည် ၎င်းအားပိုမိုနက်ရှိုင်းသော ချောက်ကမ္ဘားထဲသို့ တွန်းပို့ရန် တာဝန်ယူကြပါလိမ့်မည်။

အစောပိုင်းဖော်ပြခဲ့သကဲ့သို့ တမန်တော်မြတ် (e) သခင် မိန့်ကြားခဲ့သည်မှာ "အလ္လာဟ်အရှင်မြတ်သည်အုပ်ချုပ်သူတစ်ဦးကို ကျေနပ်နှစ်သက်တော်မူလျှင် အရှင်မြတ်သည် ၎င်းအားကောင်းမွန်သောဝန်ကြီးများနှင့် သူ့အစိုးရကို ကောင်းစွာစီမံကာ တိုးတက်စေရန်အတွက် ကောင်းသောဝန်ထမ်းများ ချီးမြှင့်တော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးကို မနှစ်မြို့တော်မူလျှင် အုပ်ချုပ်သူသည် မကောင်းသောအပေါင်းအသင်းများနှင့် ၎င်းဆက်ဆံရမည့် မကောင်းသောအရာရှိများပေးပါလိမ့်မည်။ ရလဒ်မှာ အကယ်၍တစ်စုံတစ်ရာကောင်းမွန်သည်ကို ပြုလုပ်ရန်ဆန္ဒရှိခဲ့လျှင်ပင် သူ မလုပ်ဆောင်ပါ။"

zdESdyfcsKyfjc,folwpfOD;onf tjcm;zdESdyfcsKyfjc,folwpfOD;\vufwGif jyKpf'PfowfcHwwfonf/

အထက်တွင်ဖော်ပြခဲ့သည့် အာယသ်တော်၏အဓိပ္ပာယ်မှာ ယင်းအား ဘာသာပြန်ဆိုမှုအရ စောပိုင်းဖော်ပြပြီးခဲ့သည့် ပထမဦးဆုံးအဓိပ္ပာယ်နှင့်အညီဖြစ်ပါသည်။ ယှဉ်တွဲဖော်ပြထားသော ဒုတိယအဓိပ္ပာယ်အတွက်မူ စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗားစ် (t)၊ စိုက်ယိဒိနာ အိဗ်နိ ဇုဗိုင်းရ် (t) သခင်၊ စိုက်ယိဒိနာ အိဗ်နိဇိုက်ဒ် (t)၊ မာလိက်အိဗ်နိဒီနာရ်နှင့် အခြားသဖ်စီရ်ရှင်တို့၏ သဖ်စီရ်တစ်ခုအရ "အလ္လာဟ်အရှင်မြတ်သည် မတရားသောသူများအတွက် တရားမျှတမှုမရှိသော(ဇွာလင်မ်)အချို့ကို စီမံထားတော်မူသည်။ ယင်းအတွက် ဇွာလင်မ် (ဖိနှိပ်သူ)တစ်ဦးသည် အခြားဇွာလင်မ်၏ လက်ဝယ်ပြစ်ဒဏ်ခတ်ခံရသည်။

အဓိပ္ပာယ်ကား ဤသို့ချဉ်းကပ်မှုမှာ သူ့နေရာအရ မှန်ကန်၍ခိုင်လုံသည်။ ထို့ပြင် အခြားသောကုရ်အာန် ကျမ်းတော်မြတ်နှင့်ဟဒီးဆ်တော်တို့၏ အဆိုအမိန့်များနှင့်လည်း ကိုက်ညီပေသည်။ တမန်တော်မြတ် (ﷺ) သခင် မိန့်ကြားခဲ့သည့် ဟဒီးဆ်တော်တစ်ပုဒ်တွင်တင်ပြထားသည်မှာ- **كَمَا تَكُوْنُوْنَ كَذٰلِكَ يُؤَ مَّرُ عَلَيْكُمْ** "သင်နှင့် ထိုက်တန်သည့် အုပ်ချုပ်သူကို သင့်အတွက်စီမံထားလိမ့်မည်။" အကယ်၍အသင်တို့သည် မကောင်း၍တရားမမျှတ လျှင် သင်တို့အားအုပ်ချုပ်သူသည်လည်း မကောင်း၍တရားမျှတမှုရှိလိမ့်မည်မဟုတ်။ ထို့ပြင် အကယ်၍သင်သည် လုပ်ရပ်များနှင့်စာရိတ္တများတွင်ကောင်းမွန်ပါက အလ္လာဟ်အရှင်မြတ်သည်ကောင်းမွန်ကြောင်းနှာ၍ တရားမျှတသူကို သင်တို့၏ အုပ်ချုပ်သူအဖြစ်ပြုလုပ်ပေးလိမ့်မည်။

စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗားစ် (t) သခင်က မိန့်သည်မှာ "အလ္လာဟ်အရှင်မြတ်သည် လူတစ်စု ကိုကောင်းမြတ်စေရန်အလိုရှိတော်မူလျှင် အရှင်မြတ်သည် ထိုသူတို့အတွက် အကောင်းဆုံးအုပ်ချုပ်သူများနှင့် အရာရှိများကို ခန့်အပ်တော်မူသည်။ ထို့ပြင် ယင်းနှင့်ဆန့်ကျင်စွာအလိုရှိတော်မူခဲ့လျှင် အရှင်မြတ်သည် ထိုသူတို့ အပေါ်ဝယ် အဆိုးဝါးဆုံးအုပ်ချုပ်သူများနှင့်အရာရှိများခန့်အပ်တော်မူလိမ့်မည်။"**(သဖ်စီရ်အလ် ဗဟ်ရွလ်အလ်မုဟီးတ္တ်)**

ရူဟုလ်မအာနီကျမ်းအရ ဤအာယသ်တော်၏အဆိုအမိန့်ကို မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက သက် သေပြသည်မှာ တိုင်းပြည်တစ်ခု၏လူများသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်မှ ကျော်ခိုင်း၍မတရားမှုနှင့် ဖိနှိပ်ချုပ်ခြယ်မှု လုပ်ရပ်များတွင် ပါဝင်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် ဖိနှိပ်ချုပ်ခြယ်သော အုပ်ချုပ်သူများခန့်အပ်ကာ ၎င်းတို့ကို ဒဏ်ခတ်စေပါသည်။

စိုက်ယိဒိနာအဗ်ဒုလ္လာဟ် အိဗ်နိမတ်စ်အူးဒ် (t) သခင်၏ ဆင့်ပြန်ချက်တစ်ရပ်ပေါ် အခြေပြု၍ အိဗ်နိ ကဆီးရ်က တမန်တော်မြတ် (ﷺ) ၏ ပြတ်သားသောအဆိုအမိန့်တစ်ရပ်ကို တင်ပြထားခဲ့သည်မှာ-
مَنْ اَعَانَ ظَالِمًا سَلَّطَهُ اللّٰهُ عَلَيْهِ မည်သူမဆို ဇွာလင်မ်(ဖိနှိပ်ချုပ်ခြယ်သူ)တစ်ဦးကို ၎င်း၏ဇလူမ်(မတရားမှု)အား ကူညီခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုဇွာလင်မ်ကိုပင် ထိုကူညီသူအား နှိပ်စက်ညှင်းပန်းစေရန်နှင့် ပြစ်ဒဏ်ခတ်စေရန်အတွက် စီမံတော်မူသည်။

ဒုတိယအာယသ်တော်(၁၃၀)ထဲတွင် ပြန်လည်ရှင်ပြန်ထမည့် ကွင်းပြင်မဟ်ရှရ်၌ လူသားနှင့်ဂျင်နီတို့ အား မေးခွန်းတစ်ခုမေးမည့်အကြောင်းဖော်ပြထားသည်။ ထိုသူများသည် အဘယ့်ကြောင့် အလ္လာဟ်အရှင်မြတ် ၏အမိန့်မနာခံခြင်းနှင့် မယုံကြည်သွေဖည်ရန် ရွေးချယ်ခံရသည့်အကြောင်းပြရန် မေးမြန်းခံရလိမ့်မည်။ ထိုသူ များထံအလ္လာဟ်အရှင်မြတ် ခန့်အပ်တော်မူသည့်တမန်တော်များရောက်ရှိခဲ့ကြောင်း ထိုသူများက ငြင်းပယ်နိုင် လိမ့်မည်မဟုတ်ဟု ၎င်းတို့အားပြောကြားခဲ့သည်။ ထိုတမန်တော်များက အလ္လာဟ်အရှင်မြတ်၏မုက္ခပါဠိတော် များကို ထိုသူများထံ ရွတ်ဖတ်သရဇ္ဈာယ်ပြခဲ့ကာ စာရင်းစစ်ဆေးမည့်နေ့အကြောင်းလည်း သတိပေးခဲ့သည်။ ဤမေးခွန်းဖြေကြားရာတွင် ၎င်းတို့ထံ တမန်တော်များရောက်ရှိခဲ့ကြောင်း၊ တမန်တော်များက ၎င်းတို့အား အမှန် တရားများပြောကြားခဲ့ကြောင်း၊ ၎င်းတို့သည် မယုံကြည်သွေဖည်မှုနှင့် အမိန့်မနာခံမှုတွင် နစ်မွန်းခဲ့ကြကြောင်း ဝန်ခံခဲ့ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ဤမှားယွင်းသော လုပ်ရပ်အတွက် ၎င်းတို့ဘက်မှ မည်သည့် အကြောင်းပြချက်မှပေးမထားပါ။ ယင်းအစား အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်က ယင်းအကြောင်းပြချက်ကို **وَغَرَّتْهُمُ الْحَيٰوةُ الدُّنْيَا** (၎င်းတို့အား ပစ္စုပ္ပန်မျက်မှောက်ဘဝ၏အသက်ရှင်ခြင်းသည် လှည့်ဖြားခဲ့ထားရှိခဲ့

လေသည်။)(၆။၁၃၀)ဟု မိန့်ထားသည်။ ဤဂုဏ်တို့၏ ခဏတာ ဘဝသာယာကြည်နူးမှု၏ဆွဲဆောင်မှုက သူတို့အား လမ်းမှားသို့ရောက်စေပါသည်။ ဂုဏ်တို့က ထိုအရာများသည် အရာရာတိုင်းအတွက် ပြီးပြည့်စုံမှုဟု ထင်မှတ်သော်လည်း စင်စစ်ယင်းတို့သည် ဘာမျှမဟုတ်ချေ။ ထိုသို့ထင်မှတ်မှုသည်ပင် ဂုဏ်တို့ဆုံးခန်းတိုင် သတိမမူမိသော အဖြစ်ကို ဖြစ်စေပါသည်။

ဤနေရာ၌ မှတ်သားထိုက်သည့်တစ်စုံတစ်ရာရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏အခြားအာယသ်တော်များထဲတွင် ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ ထိုကိစ္စကို ဂုဏ်းတို့အားရှင်းလင်းရန်မေးမြန်းသောအခါ မယုံကြည်သွေဖည်သူများသည် ဂုဏ်းတို့၏ကုဖ်ရိန္နှင့်ရှိရိက်ကို ငြင်းပယ်ကြပါလိမ့်မည်။ ထို့ပြင် ဂုဏ်းတို့အရှင်သခင်ရှေ့၌- **وَاللَّهِ رَبِّنَا مَا كُنَّا مُشْرِكِينَ** အလ္လာဟ်အရှင်မြတ်ကို တိုင်တည်ကျိန်ဆို၍ ကျွန်တော်မျိုးသည် (တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့်)တွဲဖက်၍ ကိုးကွယ်သူများမဖြစ်ခဲ့ကြပါ။"(၆။၂၃)ဟုလိမ်လည်ထွက်ဆိုကြမည်။ ဤအာယသ်တော်က ဂုဏ်းတို့၏ကုဖ်ရိန္နှင့်ရှိရိစ်က်တို့အတွက် အရှက်ရကာ သူတို့၏အမှားအားဝန်ခံပါလိမ့်မည်။ အပြင်ပန်းအရ ဤသည်မှာ ဖီလာဆန့်ကျင်နေပုံပေါ်သည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏အခြားအာယသ်တော်များတွင် သာပိုသောရှင်းလင်းချက်များပါရှိပေသည်။ ထိုရှင်းလင်းချက်များအရ ဂုဏ်းတို့အား မေးမြန်းရာတွင် ဦးစွာပထမငြင်းဆိုကြလိမ့်မည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ပြီးပြည့်စုံသော တန်ခိုးတော်အရ ဂုဏ်းတို့အားပြောနိုင်စွမ်းမဲ့စေကာ ဂုဏ်းတို့ခန္ဓာကိုယ်၏အစိတ်အပိုင်းအသီးသီးထံမှ သက်သေထွက်စေလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ဂုဏ်းတို့အား စကားပြောဆိုနိုင်စွမ်းပြန်လည်ပေးအပ်လိမ့်မည်။ ထို့နောက် ဂုဏ်းတို့သည် သူတို့၏မှားယွင်းသောလုပ်ရပ်တိုင်းကို ပွင့်လင်း၍ရှင်းလင်းစွာ ဝန်ခံကြမည်ဖြစ်သည်။ ထို့နောက် ဂျင်နှင့်လူသားတို့သည် ဂုဏ်းတို့ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသည် စင်စစ်ဖန်ဆင်းမှုစနစ်၏လျှို့ဝှက်စုံထောက်များဖြစ်သွားကြောင်း သိရှိသွားကာ ထိုလျှို့ဝှက်စုံထောက်များသည် ထိုသူများနှင့်ပတ်သက်သော အကြောင်းအရာတိုင်း၏စစ်မှန်သော သက်သေခံချက်များပေးပါလိမ့်မည်။ ထို့နောက် ငြင်းပယ်ရန်ဘာမျှ အကြောင်းမရှိလျှင် သူတို့ဝန်ခံကြလိမ့်မည်။

*sifefrsm;xJwGifvnf; tv'm[ft&Sifjrwf\ wrefawmfrsm;&Sdovm;

ဤနေရာ၌ အခြားစဉ်းစားစရာတစုံတစ်ခုရှိသည်မှာ ဤအာယသ်တော်ထဲ၌ အလ္လာဟ်အရှင်မြတ်သည် ဂျင်နှင့်လူသားများနှစ်မျိုးစလုံးကို ဂုဏ်းတို့အထဲမှ အလ္လာဟ်အရှင်မြတ်၏ တမန်တော်(ရစူလ်)များ၊ ဂုဏ်းတို့ထဲလာရောက်ကြောင်းကို ဦးတည်ပြောကြားကာ မေးမြန်းထားခဲ့သည်။ ဤသည်ကပြသသည်မှာ လူသားများကဲ့သို့ လူသားထဲမှလူသားတမန်တော်များစေလွှတ်သကဲ့သို့ ဂျင်နှ်များထံလည်း ဂျင်နှ်တမန်တော်များစေလွှတ်ခဲ့ပါသည်။

ဤမေးခွန်းနှင့်ပတ်သက်၍ ဟဒီးဆ်နှင့်သဖီစီရ်အုလမာသာသနာ့ပညာရှင်များကွဲပြားကြပါသည်။ ရစူလ်(တမန်တော်)နှင့်နဗီတမန်တော်တို့သည် အမြဲတစေ လူသားပင်ဖြစ်ကြောင်း၊ အချို့ကပြောကြသည်။ ဂျင်နှ်များထဲတွင် မည်သည့်ရစူလ်ကိုမျှ တိုက်ရိုက်ခန့်ခဲ့သည်မရှိချေ။ လူသား နဗီတမန်တော်များသယ်ဆောင်လာသော မှန်ကန်သည့်သတင်းစကားကို လက်ခံ၍ဂုဏ်းတို့ဂျင်နှ်များထဲတွင် ဖြန့်ခြိုစေရန် တာဝန်ပေးခံရသောဂျင်နှ်များကား ရှိပေသည်။ ဂုဏ်းတို့သည် စင်စစ်ယင်းနည်းအတိုင်းဆိုလျှင် ရစူလ်တပါး၏သတင်းစကားသယ်ပို့သူများသာလျှင်

ဖြစ်ပေသည်။ ထို့ကြောင့် ရစူလ်ဟူသည့် အရဗီဘာသာစကားလုံး၏ စာပေဆိုင်ရာ အဓိပ္ပာယ်အရ ၎င်းတို့အား ရစူလ် (သို့) သတင်းစကားသယ်ဆောင်သူများဟုခေါ်သည်။ ဤလေးစားဖွယ်ပညာရှင်များ၏ ရပ်တည်မှု သက်သေကား ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်များမှ ထုတ်နှုတ်ထားသည်။ ယင်းတို့ထဲတွင် မိန့်ကြားထားသည်မှာ ဂျင်နီတို့သည်ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း၊ နဗီတပါးပါး၏ မိန့်ကြားချက်ကို လည်းကောင်း သယ်ဆောင်လာသူများဟု မိန့်ထားသည်။ ဥပမာအားဖြင့်- **وَلَّوْا اِلٰى قَوْمِهِمْ مُّنْذِرِيْنَ** (. . . ၎င်းတို့သည် မိမိတို့အမျိုးသားတို့ထံ သတိပေးနှိုးဆော်သူတို့အဖြစ် လှည့်ပြန်ခဲ့ကြကုန်၏။" (၄၆း၂၉) ထို့ပြင်စူရတ်အလ်ဂျင်နထဲတွင်- **فَقَالُوْٓا اِنَّا سَمِعْنَا قُرْاٰنًا عَجَبًا. يَّهْدِيْٓ اِلَى الرُّشْدِ فَاٰمَنَّابِهٖ** "ထို့နောက် ၎င်းတို့သည် (မိမိတို့ဂျင်နအမျိုးသားတို့ထံပြန်သွားခဲ့ရာ ဤသို့)ပြောကြားခဲ့ကြလေသည်။ (အချင်းတို့) ဧကန်မလွဲကျွန်ုပ်တို့သည် အံ့သြဖွယ်ဖြစ်သော ကုရ်အာန်ကျမ်းမြတ်ကို ကြားနာခဲ့ကြရ၏။ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ဖြောင့်မှန်သော တရားလမ်းကိုညွှန်ပြသည်ဖြစ်ရာ ကျွန်ုပ်တို့သည်ထိုကုရ်အာန်ကျမ်းတော်မြတ်ကို သက်ဝင်ယုံကြည်ခဲ့ကြလေပြီ။"(၇၂း၁-၂)

သို့သော်လည်း ဤအာယသ်တော်၏အပြင်ပန်းအနက်အဓိပ္ပာယ်အရ တမန်တော်များ၏နောက်ဆုံးတမန်တော် (e) သခင် မပွင့်ပေါ်မီက မျိုးနွယ်စုနှစ်စုတွင် ၎င်းတို့ထဲမှ ပွင့်ခဲ့သော နဗီတမန်တော်များရှိခဲ့ကြသည်ဟု ယုံကြည်သည့်အုလမာအုပ်စုတစ်ခုလည်း ရှိသည်။ လူသားတို့အတွက် လူသားများမှတမန်တော်များပွင့်ပေါ်ခဲ့ကာအတန်းအစားအသီးသီးရှိသော ဂျင်နီများအတွက် ၎င်းတို့အတန်းအစားအသီးသီးမှ တမန်တော်များပွင့်ပေါ်ခဲ့သည်။ ကမ္ဘာတစ်ခုလုံးရှိ လူသားနှင့်ဂျင်နီတို့အတွက် တစ်ပါးတည်းသော ရစူလ်အဖြစ်စေလွှတ်ခံရခြင်းသည် တမန်တော်များအနက် နောက်ဆုံးတမန်တော် (e) သခင်၏ ထင်ရှားပေါ်လွင်မှုပင်ဖြစ်သည်။ ယင်းသည်လည်း အချိန်ကာလတစ်ခုတည်းအတွက် ကန့်သတ်ထားသည်မဟုတ်။ စင်စစ်ကိယာမသ်နောက်ဆုံးနေ့ထိ ပေါက်ဖွားလာမည့် လူနှင့်ဂျင်နအားလုံးတို့သည် ကိုယ်တော်မြတ် (e) သခင်၏ အုမ္မသ်ထုသာလျှင်ဖြစ်၍ ကိုယ်တော်မြတ် (e) သည် ၎င်းတို့အားလုံးအတွက် တပါးတည်းသော နဗီနှင့်ရစူလ်ဖြစ်ပေလိမ့်မည်။

[dE´Iwdk;\tudk;uG,fdHksm;ESihfywfoufonfhrSwfpkrsm;

သဖ်စီရိဉီးဆောင်ပညာရှင်များဖြစ်သည့် မူဂျာဟစ်ဒ်နှင့်ကလ်ဗီတို့က ဟိန္ဒူများ၏အကိုးအကွယ်ခံတို့သည် များသောအားဖြင့် ဂျင်နီများမှဖြစ်ကြောင်း မှတ်ယူကြသည်။ ပါနီပါသ်မှကာသွီဆနာအွလ္လာကလည်း သူ၏သဖ်စီရိမဇ်ဟရီကျမ်းတွင် ဤအယူအဆကိုလိုက်နာခဲ့သည်။ ၎င်း၏အဆိုအရ စိုက်ယိဒိနာအာဒမ် (u) သခင်မတိုင်မီက ဂျင်နတမန်တော်များမှာ ၎င်းတို့မျိုးနွယ်တူမှသာဖြစ်လေ့ရှိကြောင်း ယင်းကသက်သေပြပါသည်။ ထို့နောက် ဤသည်က သက်သေပြပြီးဖြစ်သည်မှာ ဂျင်နီတို့သည် လူသားများအလျင် ဤကမ္ဘာပေါ်၌နှစ်ပေါင်းထောင်ပေါင်းများစွာအလျင်က နေထိုင်ခဲ့ကြသည်။ ထို့ပြင် ဂျင်နများသည်လူသားတို့ကဲ့သို့ ရှရီအသ်၏သိမြင်နိုင်သော အဓိန့်ပညတ်ချက်များလိုက်နာကျင့်သုံးရန် တာဝန်တင်ရှိခဲ့သောကြောင့် ဆင်ခြင်တုံတရားနှင့်ဝဟီကျရောက်ခြင်း၏ အခြေခံအကြောင်းအရ အလ္လာဟ်အရှင်မြတ်၏အဓိန့်ပညတ်ချက်များပေးပို့ရန်အလို့ငှာ ၎င်းတို့အထဲမှ နဗီတမန်တော်များပွင့်ပေါ်သင့်သည်ဆိုသည်ကား လိုအပ်ပေသည်။

ကာသွိဆနာအွလ္လာပါနိုပသိက ပြောသည်မှာ အိန္ဒိယရှိ ဟိန္ဒူများက ၎င်းတို့၏ဝေဒသမိုင်းသည်နှစ်ထောင်ပေါင်းများစွာကြာခဲ့သည်ဟု အခိုင်အမာပြောဆိုကြသည်။ ၎င်းတို့အဆိုအရ သူတို့ကအော်တာဟုခေါ်ခဲ့သည့်ဘာသာရေးဆိုင်ရာ အကိုးကွယ်ခံများသည် နှစ်ထောင်ပေါင်းများစွာ ကြာခဲ့ပြီဟု အလားတူဆိုကြသည်။ ထို အကိုးအကွယ်ခံများသည် ဂျင်နတို့၏နဗီတမန်တော်များဖြစ်နိုင်ကာ ထိုတမန်တော်များ ယူဆောင်ခဲ့သည့် ညွှန်ကြားချက်များကို ကျမ်းစာအုပ်အချို့သဏ္ဌာန်အဖြစ်စုစည်းထားသည်ဟု ပြောလျှင် မလွန်နိုင်ချေ။ ဘုရားကျောင်းများထဲတွင်ထားရှိသော ဟိန္ဒူအော်တာတို့၏ ပုံရိပ်များနှင့်ရုပ်ထုများတွင် သီးခြားပုံစံများရှိကြသည်။ အချို့မှာမျက်နှာမြောက်မြားစွာရှိ၍ အခြားတို့မှာ လက်များစွာ၊ ခြေများစွာရှိကြသည်။ ထို့ပြင် တစ်ချို့မှာ ဆင်ကိုယ်ခန္ဓာအသွင်အပြင်များရှိခဲ့ကြသည်။ ယင်းတို့မှာ သာမန်လူသားတို့၏ပုံပန်းသဏ္ဌာန်နှင့်အလွန်ကွာခြားပေသည်။ ဂျင်နများသည် ၎င်းတို့ကိုယ်၎င်းတို့ ယင်းကဲ့သို့သော ပုံသဏ္ဌာန်များပြောင်းလဲနိုင်သည်ဆိုသည်ကားဖြစ်နိုင်ဖွယ်ရှိသည်။ ထို့ကြောင့် ၎င်းတို့၏အော်တာများသည် ဂျင်နထုအတွက်ရောက်ရှိလာသော နဗီတမန်တော်များ(သို့)နဗီတမန်တော်များ၏လက်ထောက်များဖြစ်နိုင်ချေရှိခြင်းနှင့် ဟိန္ဒူများ၏ကျမ်းစာများသည် တမန်တော်များ၏ညွှန်ကြားချက်များကို စုစည်းထားသည်ဟုဆိုလျှင် ဖြစ်နိုင်ချေရှိပေသည်။ ထို့နောက် တဖြည်းဖြည်းအခြားကျမ်းစာများပြုပြင်ပြောင်းလဲမှုများရှိသကဲ့သို့ ဤကျမ်းစာများကိုလည်း ပြုပြင်ပြောင်းလဲစေခြင်းဖြင့် ရုပ်ထုကိုးကွယ်ခြင်းနှင့်ရှိရစ်က်မျှသာလျှင် ကျန်ရစ်တော့သည်။ သို့သော်လည်း အကယ်၍ တမန်တော်များချန်ရစ်ခဲ့သည့် ခိုင်လုံသောညွှန်ကြားချက်များနှင့် မူရင်းကျမ်းစာများရှိနေခဲ့လျှင်ပင် တမန်တော်မြတ် (ﷺ) သခင်ပွင့်တော်မူ၍ တမန်တော်၏တမန်တော်ဖြစ်မှုကို စကြာဝဠာတစ်ခွင်လုံးလက်ခံခဲ့ပြီးနောက် ယင်းကျမ်းတို့မှာ ပယ်ဖျက်ရုပ်သိမ်းခဲ့ပြီးဖြစ်လိမ့်မည်။ ထို့ပြင် ထိုကျမ်းကို ပြုပြင်ပြောင်းလဲပြီးနောက် ယင်းကျမ်းပါအတိုင်း လိုက်နာကျင့်သုံးရန် ဆိုသည်ကားမဖြစ်နိုင်တော့ကြောင်း ထင်ရှားသည်။

တတိယအာယသ်တော်(၁၃၁)က ကျွန်ုပ်တို့အား ပြောသည်မှာ လူသားများနှင့်ဂျင်နများထံ နဗီတမန်တော်များစေလွှတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ တရားမျှတမှုနှင့်ကြင်နာသနားမှုပေါ်အခြေခံသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည်အရှင်မြတ်၏ကောင်းချီးမင်္ဂလာပေးခံရသော တမန်တော်များမှတစ်ဆင့် လမ်းညွှန်မှုအလင်းရောင်ဖြင့်လူများအား သိရှိစေပြီးမှသာလျှင် ၎င်း၏ပြစ်ဒဏ်ကိုချမှတ်တော်မူလေ့ရှိသည်။

စတုတ္ထအာယသ်တော်(၁၃၂)၏ ဆိုလိုရင်းကား အတော်ပင်ရှင်းလင်းပေသည်။ ယင်းကမိန့်သည်မှာ အလ္လာဟ်အရှင့်ရှေ့တော်မှောက်၌ လူနှင့်ဂျင်နများအတွက် အဆင့်အတန်းအမျိုးမျိုးရှိကြသည်ဟူ၍ဖြစ်သည်။ ဤအဆင့်အတန်းများသည် ၎င်းတို့လုပ်ရပ်များအရ သတ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ ဆုလာဘ်ပေးခြင်း(သို့)အပြစ်ဒဏ်ခတ်ခြင်းတို့၏ အတိုင်းအတာသည် ၎င်းတို့လုပ်ရပ်နှင့်အညီသာဖြစ်ပေမည်။

XXXXXXXXXXX

tm, of (133-136)

وَرَبُّكَ الْغَنِيُّ ذُو الرَّحْمَةِ ۚ
إِنْ يَّشَأْ يُذْهِبْكُمْ وَيَسْتَخْلِفْ مِنْۢ بَعْدِكُمْ مَّا يَشَآءُ كَمَآ
أَنْشَأَكُمْ مِّنْ ذُرِّيَّةِ قَوْمٍ اٰخَرِيْنَ ﴿١٣٣﴾ إِنَّ مَا تُوْعَدُوْنَ
لَاٰتٍ ۙ وَّمَآ أَنْتُمْ بِمُعْجِزِيْنَ ﴿١٣٤﴾ قُلْ يٰقَوْمِ اعْمَلُوْا عَلٰى
مَكَانَتِكُمْ إِنِّيْ عَامِلٌ ۚ فَسَوْفَ تَعْلَمُوْنَ ۙ مَنْ تَكُوْنُ لَهٗ
عَاقِبَةُ الدَّارِ ۚ إِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ ﴿١٣٥﴾ وَجَعَلُوْا لِلّٰهِ
مِمَّا ذَرَأَ مِنَ الْحَرْثِ وَالْأَنْعَامِ نَصِيْبًا فَقَالُوْا
هٰذَا لِلّٰهِ بِزَعْمِهِمْ وَهٰذَا لِشُرَكَآئِنَا ۚ فَمَا كَانَ
لِشُرَكَآئِهِمْ فَلَا يَصِلُ إِلَى اللّٰهِ ۚ وَمَا كَانَ لِلّٰهِ فَهُوَ
يَصِلُ إِلٰى شُرَكَآئِهِمْ ۚ سَآءَ مَا يَحْكُمُوْنَ ﴿١٣٦﴾

စင်စစ်သော်ကား၊ အသင့်အား မွေးမြူတော်မူသော အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းမဲ့တော်မူသောအရှင်၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူပေသတည်း။ အကယ်၍သာ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့(အားလုံး)ကို ရုပ်သိမ်းတော်မူ၍၊ အသင်တို့မရှိသည့်နောက် အသင်တို့အား အခြားလူမျိုးတို့၏ သားသမီးများ(အဆက်အနွယ်)မှ ပေါက်ဖွား စေတော်မူဘိသကဲ့သို့ မိမိအလိုရှိတော်မူသော သူတို့အား အသင်တို့ နေရာ၌ ဆက်ခံစေတော်မူအံ့။ (၆း၁၃၃)

ကောန်စင်စစ်အသင်တို့အား ကတိထားရှိပြီးဖြစ်သော (ကိယာမသ်ရှင်ပြန် ထရမည့်နေ့နှင့်ပြစ်ဒဏ်တို့သည်) မလွဲကောန်ဆိုက်ရောက်မည်သာဖြစ်၏။ ၎င်းပြင်အသင်တို့သည် (မိမိတို့၏ပရိယာယ်ဖြင့် အလွှာဟ်အရှင်မြတ်အား ထိုသို့)မစွမ်းဆောင်နိုင်ရန် တားဆီးနိုင်ကြသူများလည်း မဟုတ်ကြပေ။(၆း၁၃၄)

(အို-နဗီတမန်တော်)အသင်တို့သည် (ထိုမိစ္ဆာဒိဋ္ဌိတို့အား ဤသို့)ပြောကြားပါလေ။ "အို-ငါ၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့နည်းအတိုင်း သာပြုလုပ်ကြလေကုန်။ ငါသည်လည်း (မိမိနည်းလမ်းအတိုင်းပင်) ပြုလုပ်လျက်ရှိချေပြီ။ နောက်ဆုံးစိတ်ချမ်းသာမှုသည် မည်သူတို့အဖို့ဖြစ်သည်ကို မကြာမြင့်မီ အသင်တို့သိရှိကြရလတ္တံ့၊ ဧကန်မုချ မတရားပြုကျင့်သောသူတို့သည်အောင်မြင်ကြလိမ့်မည် မဟုတ်ချေ။ (၆း၁၃၅)

ၔင်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အဖို့ ထိုအရှင်မြတ်ဖန်ဆင်းပေါက်ရောက်စေတော်မူသော လယ်ယာများအနက်မှၔင်း၊ ခြေလေးချောင်းသတ္တဝါများအနက်မှၔင်း၊ ဝေစုဝေပုံကို သတ်မှတ်၍ထားရှိကြလေသည်။ တစ်ဖန်ထိုသူတို့က မိမိတို့၏ ထင်မြင်ယူဆချက်အရ ဤ(ဝေစုဝေပုံ)သည် အလ္လာဟ်အရှင်မြတ်အဖို့ဖြစ်သည်ဟူ၍ၔင်း ဤ(ဝေစုဝေပုံ)သည် ငါတို့၏ကိုးကွယ်ရာများအဖို့ဖြစ်သည်ဟူ၍ၔင်း ပြောဆိုကြလေသည်။ တစ်ဖန် ၔင်းတို့၏ကိုးကွယ်ရာများအဖို့ဖြစ်သော(အစုအပုံ)သည် အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်သော အစုအပုံများသို့ရောက်ရှိသည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်အဖို့ဖြစ်သော (အစုအပုံ)မူကား ၔင်းတို့၏ ကိုးကွယ်ရာများအဖို့ဖြစ်သော ဝေစုဝေပုံသို့ရောက်လေ၏။ ထိုသူတို့၏ အဆုံးအဖြတ်သည် ဆိုးယုတ်လှပေတကား။ (၆း၁၃၆)

tusf[Gihfqkjcif;

ပြီးခဲ့သောအာယသ်တော်များထဲတွင် အလ္လာဟ်တအာလာသည် သူ၏ တမန်တော်များကို လုပ်ကိုင်ရန် နည်းလမ်းများနှင့်အတူ ဂျင်နှင့်လူသား အဖန်ဆင်းခံ အုပ်စုတိုင်းထဲသို့ အမြဲစေလွှတ်တော်မူခဲ့သည်။ ထို့နောက် ၔင်းတို့၏မယုံကြည်မှုနှင့် ဖီဆန်မှုအတွက် ၔင်းတို့၏တမန်တော်များက အပြည့်အဝ သတိမပေးသေးသမျှပြစ်ဒဏ်ချမှတ်လေ့မရှိဟူ၍ ဖော်ပြထားသည်။

အထက်တွင်ကိုးကားခဲ့သည့် အာယသ်လေးခုမှ ပထမအာယသ်တော်(၁၃၃)ထဲတွင် စကြဝဠာတစ်ခုလုံး၏အရှင်သခင်သည် ကျွန်ုပ်တို့၏ အမိန့်နာခံမှုနှင့်ခဝတ်ကိုးကွယ်မှုကို လိုအပ်၍လည်းကောင်း၊ အရှင်မြတ်၏လုပ်ငန်းအချို့သည် ကျွန်ုပ်တို့၏အမိန့်နာခံမှုပေါ် တည်မှီနေသည် စသည်တို့ကြောင့်လည်းကောင်း ကျမ်းစာများနှင့် တမန်တော်များ စေလွှတ်ရခြင်းမဟုတ်ချေ။ ဤသို့မည်သည့်အခါမျှ မဟုတ်ချေ။ အရှင်မြတ်သည် ခပ်သိမ်းတို့အပေါ် အကြွင်းမဲ့ မှီခိုမှုကင်းပေသည်။ ထို့ပြင် လိုအပ်မှုအလျင်းမရှိချေ။ သို့သော်လည်း မှီခိုခြင်းနှင့်လိုအပ်ချက်မှလုံးဝကင်းလွတ်မှုနှင့်အတူ အရှင်မြတ်၏သနားကြင်နာမှုဂုဏ်တော်သည် ဒွန်တွဲလျှက်ရှိပေသည်။ စကြဝဠာတစ်ခုလုံးပေါ် ပေါက်လာမှုတွင် အရှင်မြတ်မည်ကဲ့သို့လုပ်ဆောင်သည်ကိုကြည့်ပါ။ ထို့နောက် ထိုအရှင်မြတ်သည်

ပစ္စုပ္ပန်နှင့်အနာဂတ် ရှိလူတိုင်းလူတိုင်းအတွက် လိုအပ်ချက်တိုင်းအတွင်းပိုင်းနှင့် အပြင်ပိုင်းအားလုံး ဖြည့်ဆည်းထားကာ ယင်းစကြဝဠာကြီးကို ထိန်းသိမ်းစောင့်ရှောက်ထားပေသည်။ ဤသည်၏အကြောင်းရင်းမှာ သနားကြင်နာမှုဂုဏ်တော်ပင် ဖြစ်သည်။ သို့မဟုတ်လျှင် လူသားသည်လူသားဖြစ်သည့်အလျောက် ၎င်းတို့လိုအပ်သည်ကို ခက်ခက်ခဲခဲလုပ်နေရပေလိမ့်မည်။ ၎င်းတို့လိုသည်ကို မည်သို့တောင်းခံရမည်ဆိုသည့် ကျင့်ဝတ်စည်းကမ်းလည်း လျော့နည်းပေလိမ့် မည်ဆိုကြောင်း ပြောစရာမလိုတော့ချေ။ ဤသည်မှာ စကြဝဠာတည်ရှိခြင်း၏ ကောင်းချီးမင်္ဂလာနှင့်ပတ်သက်၍ ထူးခြားသည့်မှန်ကန်မှုပင်ဖြစ်သည်။ တောင်းဆိုခြင်းမရှိဘဲ ပေးအပ်ထားခြင်းကပင် အားလုံးရှင်းလင်းစေပါသည်။ မည်သည့်နေရာမှာရှိသည့် လူသားကမဆို မွေးဖွားခံရမှုအတွက် ဆုမတောင်းခဲ့သကဲ့သို့ လူဘဝမရောက်မီကပင် ဆုတောင်းရန်မှာလည်း စဉ်းစားမရသောအရာပင်ဖြစ်သည်။ အလားတူပင် သက်ရှိခန္ဓာကိုယ်တစ်ခုဖန်ဆင်းမှုတွင် လူသားတစ်ဦး၏ခန္ဓာကိုယ်၌ခြေလက်များ၊နားများ၊မျက်စိများ၊နှလုံးသားနှင့် ဦးနှောက်တို့ပါရှိပေသည်။ ယင်းတို့ကို မည်သည့်လူသားကတောင်းခံခဲ့သနည်း။ သို့မဟုတ်က ၎င်းလူသားတို့အနက် တစ်ဦးဦးက ယင်းအရာများ တောင်းခံရန် အသိစိတ်နှင့် ကျင့်ဝတ်စည်းကမ်းရှိပါသလား။ အထက်ပါတို့ တစ်ခုမှမမှန်ပါ။ အမှန်တရားကား မဖန်ဆင်းမီက ကျွန်ုပ်တို့မတည်ရှိခဲ့၊ ကျွန်ုပ်တို့ကလည်း မတောင်းခံခဲ့။ ဤသည်မှာ မတောင်းခံခဲ့သည်များ ကြားသိတော်မူသောအရှင်မြတ်၏ သနားကြင်နာမှုပင်ဖြစ်ပေသည်။

tv'm[ft&Sif jrwfonf rSDodkrIum;vHk;rSuif;pifí t&Sif jrwf\ zefqif;rIonf t&Sif jrwf\ toem;Muifemr Iaeu;rHkwpfckonvQif jzpfonf/

ဤအာယသ်တော်ပါ-**رَبُّكَ الْغَنِيُّ** စကားလုံးများက အရှင်တကာ့အရှင်မြတ်သည် လိုအပ်ချက်များလိုလားတောင့်တခြင်းမှ မည်မျှအကြွင်းမဲ့ကင်းစင်သည်ဟူကြောင်းဖော်ပြထားသည်။ သို့သော်လည်း ဆက်၍လာရှိသော-**ذُو الرَّحْمَةِ** စကားလုံးများထည့်ထားခြင်းက ညွှန်းသည်မှာ အလွှာဟ်အရှင်မြတ်သည် လိုအပ်သည်မရှိ၊ မည်သည်အပေါ်မျှ မမှီခို၊ စကြဝဠာနှင့် စကြဝဠာတွင်းရှိလူတိုင်း၊ အရာရာတိုင်းအပေါ် မှီခိုခြင်းကင်းစင်သော်လည်း သနားကြင်နာတော်မူသော အရှင်မြတ်သည်သာလျှင် အရှင်မြတ်၏အလိုတော်အရ သနားကြင်နာမှုကို ပေးကမ်းချီးမြှင့်တော်မူသည်။

tv'm[ft&Sif jrwfonf t&Sif jrwf\ [pfuf rofOmPfawmft&vdktyfcsufuif;pifonfh rmfonfh vlom;udkrQ rzefqif;cJhyg/ tu,fí xdkuJhodkYonzefqif;cJhvQif vlom;onftmPm&Sif jzpfoGm;ayrnf/

ဤသည်မှာ အလွှာဟ်အရှင်မြတ်၏ ကြီးကျယ်သောကောင်းချီးမင်္ဂလာတစ်ရပ်ပင်ဖြစ်ပေသည်။ လူသားတွင်သူနည်းသူဟန် လျစ်လျူရှုမှုရှိပေသည်။ ထိုသူများသည် လိုအပ်ချက်ကင်းစင်ခြင်းနှင့်အဖြစ်အပျက်အခြေအနေအရ အတင်းအကြပ်ပြုခြင်းမှ လွတ်လပ်ခဲ့လျှင် ထိုလူသားသည် အခြားသူတို့၏ ဝမ်းနည်းပူဆွေးမှု(သို့)စည်းစိမ်ရှိမှုနှင့် အရုံးအမြတ်များကို ဂရုစိုက်မည်မဟုတ်ပေ။ စင်စစ် ထိုကဲ့သို့သော အခြေအနေများ၌ဖြစ်လေ

ရှိသည်မှာ တစ်စုံတစ်ဦးသည် အခြားသူများအပေါ် ဖိနှိပ်ချုပ်ခြယ်ခြင်းနှင့် မတရားမှုပြုခြင်းများ ပို၍မလျော့တမ်းပြုပါလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပိုဒ်ဖြစ်သော-း **اِنَّ الْاِنْسَانَ لَيَطْغٰٓى اَنْ رَّاٰهُ اسْتَغْنٰى**(၉၆း၆)တွင်မိန့်ကြားထားသည်မှာ လူသားများသည် လိုအပ်ချက်များမှ ကင်းစင်၍လွတ်လပ်သွားသောအခါတွင် ထိုသူများသည် ပုန်ကန်ရန်နှင့်ကျူးလွန်စည်းဖောက်ရန် အသင့်ဖြစ်သွားပေသည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် လူသားများအား အခြားသူတို့၏ အကူအညီမပါဘဲ မဖြည့်ဆည်းနိုင်သော လိုအပ်ချက်များဖြင့် တွဲဖက်စည်းနှောင်ထားသည်။ ဘုရင်တစ်ပါးသည် အမျိုးမျိုးသော ခြွေရံသင်းပင်းများလိုအပ်သည်။ စက်ရုံပိုင်ရှင်သူဌေးသူကြွယ်သည် အလုပ်သမားပေါ်မှီခိုနေရသည်။ ခရီးသည် တင်ယာဉ်မောင်းသော ယာဉ်မောင်းသည် သူ၏တစ်နေ့တာဝင်ငွေရှာဖွေရန် လမ်းပေါ်ထွက်လာစဉ်၌ စီးနင်းခပေးစီးနိုင်သူက ထိုသူ့ကို လှမ်းခေါ်ရသည်။ သဘာဝကြီးသည် ၎င်းတို့ကိုအတူတကွ ချိတ်ဆက်ထားခဲ့သည်။ တစ်ဦးကတစ်ဦးကို လိုအပ်သလို လုပ်ဆောင်ပေးနေရသည်။ ဤသို့သော အစီအမံသာမရှိခဲ့လျှင် မည်သည့်သူဌေးကမျှ မည်သူ့ကိုမျှ တစ်ပြားတစ်ချပ်မျှပေးလိမ့်မည်မဟုတ်။ မည်သည့်တောက်တိုမယ်ရလုပ်သူ၊ မည်သည့်အထမ်းသမားကမျှ အခြားသူ၏အလုပ်ကို လုပ်ပေးလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ဤသည်တို့မှာ မှီခိုမှုခပ်သိမ်းမှကင်းစင်၍ ကြင်နာသနားမှုအရှင်သခင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ အပြည့်စုံဆုံးသော ဂုဏ်တော်၏ထင်လင်းစွာ ပြသမှုပင်ဖြစ်ပေသည်။ မူရင်းစာသားက အရ်ရဟ်မာန် (အနန္တကရုဏာတော်) (သို့) အရ်ရဟီးမ် (မပြတ်မစဲကရုဏာပြုတော်မူသောအရှင်)ဟူသော တစ်လုံးတည်းသော စကားလုံးများဖြင့် အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုကိုဖော်ပြလျှင်ပြီးပြည့်စုံစေပါသည်။ သို့သော်လည်း ပေါင်းစပ်ထားသောစကားလုံး-**ذُو الرَّحْمَةِ** (ဒွရ်ရဟ်မားန်-မဟာကရုဏာတော်ရှင်)ကို နှစ်ချို့က်ရခြင်းမှာ အာယသ်တော်ပါအလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်နှစ်ပါးအပြန်အလှန် ဆက်စပ်မှုကို ပြသလို၍ဖြစ်သည်။ အရှင်မြတ်သည် အရာခပ်သိမ်းပေါ်မှီခိုခြင်းမှ ကင်းစင်သော်လည်း ထိုအရှင်မြတ်သည် အကြင်နာတရားကိုပေးဝေတော်မူသောအရှင်သခင်ဖြစ်ပေသည်။ ယင်းဂုဏ်တော်ကားလူသားများကောင်းမွန်စေရန်အတွက် ကျမ်းစာများနှင့်တမန်တော်များ စေလွှတ်ခြင်း၏အကြောင်းရင်းမှန်ဖြစ်ပေသည်။

ယင်းနောက် အရှင်မြတ်၏သနားကြင်နာမှုသည် စကြဝဠာလုံးနှင့်ဆိုင်ပြီး၊ ပြီးပြည့်စုံသည်။ ဤနည်းသည် အရာရာတိုင်းအပေါ် အလ္လာဟ်အရှင်မြတ်၏တန်ခိုးဂုဏ်တော်နှင့် ထိန်းချုပ်သည့်နည်းနှင့်အလားတူ ပင်ဖြစ်ကြောင်းရှင်းလင်းစေပါသည်။ အကယ်၍အရှင်မြတ်အလိုတော်ရှိလျှင် လူတိုင်းကို တစ်မုဟုတ်ချင်း ပျက်စီးစေနိုင်သည်။ ထို့ပြင် ဖန်ဆင်းမှုတစ်ရပ်လုံး ဤကဲ့သို့ဖျက်ဆီးခြင်းပြုလုပ်လျှင်ပင် အလ္လာဟ်အရှင့်တန်ခိုးတော်၏ လုပ်ဆောင်မှု၌အနည်းငယ်မျှခြားနားခြင်းရှိမည်မဟုတ်ချေ။ ထို့နောက်အကယ်၍ အရှင်မြတ်သည် စကြဝဠာတစ်ခုလုံး၏လက်ရှိစနစ်ကိုဖျက်သိမ်းကာ တစ်ချိန်တည်းမှာ ယခင်ပုံစံနှင့်အတူ အခြားသော ဖန်ဆင်းမှုတစ်ရပ်ဖြင့် အစားထိုးရန်အလိုရှိတော်မူခဲ့လျှင် အရှင်မြတ်သည် မုချဧကန်ယင်းသို့လုပ်ဆောင်နိုင်ပေသည်။ ဤဖြစ်နိုင်သောအဖြစ်အပျက်များ၏ အထောက်အထားတစ်ရပ်သည် ခေတ်အဆက်ဆက်ရှိလူသားများရှေ့တွင်ရှိနေခဲ့ပါသည်။ ကမ္ဘာ၏မည်သည့်နီးနီးဝေးဝေးနေရာတွင်ရှိသော လူသန်းပေါင်းများစွာ၏ဘဝအတွက် ရုန်းကန်လုပ်ဆောင်မှုများကို စဉ်းစားကြည့်ပါ။ ထို့နောက် ၎င်းတို့ထက်နှစ်ပေါင်းရာပေါင်းများစွာစောသောသူများအကြောင်း စဉ်းစားကြည့်ပါ။

သင်တွေ့မြင်ရသည်မှာ ယခုကဲ့သို့ပင် ကမ္ဘာပေါ်တွင်လူများမှီတင်းနေထိုင်ခဲ့ကြ၍ လုပ်ငန်းများကိုလုပ်နေကျ အတိုင်းသွားလာလှုပ်ရှားနေကြသည်။ သို့ရာတွင် ယခုခေတ်လူများသည် ယင်းသို့ရုန်းကန်လှုပ်ရှားသူများ၏ ယင်း နေရာဌာနများ၌မရှိခဲ့ကြပါ။ သို့သော်လည်း ထိုခေတ်အခါကရှိခဲ့သောလူအသီးသီးသည် ယခုအခါတွင် အစအန ပင်ရှာမရအောင် မြေကြီးထဲတွင်မြှုပ်နှံသဖြို့လ်ထားခဲ့ပြီးဖြစ်သည်။ ယခုခေတ်ကမ္ဘာပေါ်ရှိလူများသည် အစော ပိုင်းလူများမှ ဆင်းသက်လာသူများဖြစ်ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်က-း **اِنْ يَّشَاْ يُذْهِبْكُمْ وَيَسْتَخْلِفْ مِنْۢ بَعْدِكُمْ مَّا يَشَآءُ كَمَآ اَنْشَاَكُمْ مِّنْ ذُرِّيَّةِ قَوْمٍ اٰخَرِيْنَ** "အကယ်၍သာ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့(အားလုံး)ကိုရုပ်သိမ်းတော်မူ၍ အသင်တို့မရှိသည့်နောက် အသင်တို့အားအခြားလူမျိုးတို့၏ သားသမီးများ (အဆက်အနွယ်)မှ ပေါက်ဖွားစေတော်မူဘိသကဲ့သို့ပင် မိမိအလိုရှိတော်မူသောသူတို့အား အသင်တို့နေရာ၌ ဆက်ခံစေတော်မူအံ့။(၆း၁၃၃)"ဟု မိန့်ထားသည်။။ "အသင်တို့ အားရုပ်သိမ်းတော်မူအံ့" ဟု ဘာသာပြန်ဆို ထားသော-**يُذْهِبْكُمْ** (ယူဇ်ဟိဗ်ကူန်)၏အဓိပ္ပာယ်မှာ ပျက်စီးစေရန်(သို့) အစအန မကျန်ရှိစေရန်ဖြစ်သည်။ ထို့ကြောင့် ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်း(သို့) အဆုံးစီရင်ခြင်းဟု မရည်ညွှန်းပါ။ စာသားပါ အဆိုအမိန့်က "ရုပ်သိမ်းခြင်း"ဟု ကန့်သတ်ဘောင်ခတ်ထားခြင်းဖြင့် လုပ်ပြီးသား ဖျက်ခြင်း၊ မတည်ရှိခြင်း၊ အမည်၊ အစအနနှင့် သက်သေခံများပျောက်ဆုံးသွားခြင်းစသည့် အခြေအနေကိုဖော်ညွှန်းသည်။

ပထမအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်းသောမှီခိုမှုမှ ကင်းဝေးခြင်း(ဂနီ)၊ (ဇုရ ရဟ်မားန်) ကရုဏာတော်အရှင်သခင်နှင့်ခပ်သိမ်းသောတန်ခိုးတော်များ ပြည့်စုံတော်မူကြောင်း၊ အတည်ပြုပြီး နောက် စာသားတွင်ဖီဆန်သူများကို သတိပေးထားချက်တစ်ရပ်ပါဝင်ပါသည်။ ယင်းမှာ-
اِنَّ مَا تُوْعَدُوْنَ لَاٰتٍ ۙ وَّمَآ اَنْتُمْ بِمُعْجِزِيْنَ "ဧကန်စင်စစ် အသင်တို့အားသတိထားရှိပြီးဖြစ်သော (ကိယာမသ်ရှင်ပြန် ထရမည့်နေ့နှင့်ပြစ်ဒဏ်တို့သည်) မလွဲဧကန်ဆိုက်ရောက်မည်သာဖြစ်၏။ ၎င်းပြင် အသင်တို့သည် (မိမိတို့၏ ပရိယာယ်ဖြင့် အလ္လာဟ်အရှင်မြတ် အားထိုသို့) မစွမ်းဆောင်ရန် တားဆီးနိုင်ကြသူများလည်းမဟုတ်ကြချေ။"

၎င်းတို့၏ ကရုမမူမှုမှ နိုးထစေရန်အခြားနည်းလမ်းကျင့်သုံးကာ တတိယအာယသ်တော်(၁၃၅)တွင် မိန့်ကြားထားသည်မှာ-း **قُلْ يٰقَوْمِ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنِّيْ عَامِلٌ ۚ فَسَوْفَ تَعْلَمُوْنَ مَنْ تَكُوْنُ لَهٗ عَاقِبَةُ الدَّارِ ۭ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ** "(အို-နဗီတမန်တော်) အသင်တို့သည် (ထိုမိစ္ဆာဒိဋ္ဌိတို့ အား ဤသို့) ပြောကြားပါလေ။ အို-ငါ၏အမျိုးသားအပေါင်းတို့ အသင်တို့သည် မိမိတို့နည်းအတိုင်းသာ ပြုလုပ်ကြလေကုန်။ ငါသည်လည်း (မိမိနည်း လမ်းအတိုင်းပင်)ပြုလုပ်လျက်ရှိချေပြီ။ နောက်ဆုံးစိတ်ချမ်းသာမှုသည် မည်သူတို့အဖို့ဖြစ်သည်ကို မကြာမြင့်မီ အသင်တို့သိရှိကြလတ္တံ့။ ဧကန်မုချ မတရားပြုကျင့်သောသူတို့သည် အောင်မြင်ကြလိမ့်မည်မဟုတ်ချေ။" ဤသည်မှာ တမန်တော်မြတ် (ﷺ) သခင် ကို ဦးတည်မိန့်ကြားခဲ့သည်။ ကိုယ်တော်မြတ် (ﷺ) သခင် မိန့်ကြားသမျှ လက်မခံရန်ရွေးချယ်သော မက္ကာဟ်ရှိသူလူများကို ယင်းသို့လက်မခံခြင်း သည်၎င်းတို့ကိစ္စသာဖြစ်ကြောင်း ပြောကြား ရန် ကိုယ်တော်မြတ်အားမိန့်ထားသည်။ သူတို့လက်မခံလျှင်လည်း နေပါစေ၊ ၎င်းတို့ယုံကြည်ချက်နှင့်ရန်လိုမှုက စေ့ဆော်သည့်အတိုင်းလုပ်ကြပါစေ။ ကိုယ်တော်မြတ် (ﷺ) သခင်သည်လည်း ကိုယ်တော်၏ယုံကြည်မှု စေ့ဆော်ချက်အရ ဆက်လက် လုပ်ဆောင်မြဲလုပ်ဆောင်နေပါလိမ့်မည်။ ထိုကိစ္စတွင် ကိုယ်တော်မြတ် (ﷺ) အတွက် အရုံးမရှိချေ။ သို့သော်လည်း များမကြာမီ အာခိရသ်၏အောင်မြင်မှု နှင့်အဆုံး၌ကယ်တင်ခံရခြင်းကို မည်သူ

ရမည်ဆိုသည်ကို သူတို့တွေ့ကြရလိမ့်မည်။ ထို့နောက်ဤကိစ္စတွင်လည်း မမှေသင့်သည်မှာ ဇာလင်မ်မတရားသူ၊ ရုပိုင်ခွင့်များ အလွဲသုံးစားပြုလုပ်သူသည် မည်သည့်အခါမျှ အောင်မြင်လိမ့်မည်မဟုတ်ချေ။

ဤအာယသ်တော်နှင့်ပတ်သက်၍ ရှင်းလင်းရာတွင် သဖီစီရ်ပညာရှင် အိဗ်နိကဆီးရ်က ထောက်ပြသည်မှာ ဤနေရာ၌ စာသားပါစကားလုံး- **مَنْ تَكُوْنُ لَهُ عَاقِبَةُ الدَّارِ** "အာခိရတ်၏နောက်ဆုံးစိတ်ချမ်းသာမှု (ကောင်းမြတ်သောအကျိုး)"ဟူ၍မသုံးနှုန်းဘဲ-**عَاقِبَةُ الدَّارِ الْاٰخِرَةِ** "နောက်ဆုံးစိတ်ချမ်းသာမှုသည်မည်သူ့အဖို့ဖြစ်သည်ကို မကြာမြင့်မီအသင်တို့သိရှိကြရလတ္တံ့)ဟူ၍ အတိအကျစကားလုံးသုံးနှုန်းထားသည်။ ယင်းမှာ အာခိရတ်(သို့) တမလွန်ဘဝဟူသည့် နောက်ဆက်တွဲစကားလုံး ဤနေရာ၌မပါပါ။ ဤသည်ကကျွန်ုပ်တို့ကိုပြောသည်မှာ အာခိရတ်၏နေရာထိုင်ခင်းမပျောက်မီအလျင် လက်ရှိကမ္ဘာမြေတွင်နေထိုင်စဉ်တွင်း အလ္လာဟ်အရှင်မြတ်၏ဖြောင့်မတ်မှန်ကန်သောကျေးကျွန်များအပေါ်သို့ အဆုံးစွန်အောင်မြင်မှုကျရောက်ပေသည်။ ဤသည် တမန်တော်မြတ် (ﷺ) သခင်နှင့် ကိုယ်တော်မြတ်၏ကောင်းချီးပေးခံရသော ဆွဟာဗဟ်သာဝကကြီးများသက်ရှိ ထင်ရှားရှိသည့်အချိန်မှာပင် မှန်ကန်ကြောင်းထောက်ခံခဲ့သည်။ သိပ်မကြာသော အချိန်ကာလအတွင်းမှာပင် တန်ခိုးအာဏာရှိသူများသည် ကိုယ်တော်မြတ် (ﷺ) နှင့် ဆွဟာဗဟ်များရှေ့မှောက်တွင် ဂုဏ်သရေကင်းမဲ့ကြရပါသည်။ ၎င်းတို့ နိုင်ငံများကို ကိုယ်တော်မြတ်နှင့်ဆွဟာဗဟ်များ သိမ်းပိုက်နိုင်ခဲ့ကြသည်။ တမန်တော်မြတ် (ﷺ) သခင်၏အချိန်ကာလမှာပင် အရေးဗီးယားတစ်ခုလုံးသည် ကိုယ်တော်မြတ်လက်အောက်ရောက်ခဲ့ကာ ယီမန်၊ ဘာရိန်းနှင့်ဆီးရီးယားနယ်စပ်များသို့တိုင် တိုးချဲ့နိုင်ခဲ့သည်။ ကိုယ်တော်မြတ်၏ ခုလာဖာဟ်နှင့် ဆွဟာဗဟ်များ၏လက်ထက် ယင်းအချိန်ကရှိခဲ့သော ကမ္ဘာ့အစိတ်အပိုင်းအတော်များများတို့သည် ၎င်းတို့၏စီမံခန့်ခွဲမှုဩဇာအာဏာအောက်ရောက်ရှိခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်၏ကတိတော်- **كَتَبَ اللّٰهُ لَاَغْلِبَنَّ اَنَا وَرُسُلِيْ** "ငါအရှင်မြတ်သည်လည်းကောင်း၊ ငါအရှင်မြတ်၏ ရစူလ်တမန်တော်များသည်လည်းကောင်း၊ ဧကန်မလွဲလွှမ်း မိုးတော်မူမည်ဟူ၍ အလ္လာဟ်အရှင်မြတ်သည် ရေးသားတော်မူပြီးဖြစ်၏။"(၅၈း၂၁) ကိုဖြည့်ဆည်းပြီးဖြစ်သည်။ တစ်ဖန် အခြားအာယသ်တော်တစ်ခုတွင်-**اِنَّا لَنَنْصُرُ رُسُلَنَا وَالَّذِيْنَ اٰمَنُوْا فِى الْحَيٰوةِ الدُّنْيَا وَيَوْمَ يَقُوْمُ الْاَشْهَادُ** "မလွဲဧကန် ငါအရှင်မြတ်သည် မိမိရစူလ်တမန်တော်တို့အားလည်းကောင်း၊ "မုအ်မင်န်"သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း၊ ၎င်းမျက်မှောက်လောကီဘဝ၌လည်း ကူညီစောင်မလျှက်ရှိတော်မူ၏။ သက်သေများရပ်ကြရမည့် ('ကိယာမသ်'ရှင်ပြန်ထရမည့်နေ့)တွင်လည်း (ကူညီစောင်မတော်မူမည်)။" သက်သေများသည် ၎င်းတို့လုပ်ရပ်များစစ်ဆေးခြင်းနှင့် ၎င်းသက်သေခံချက်များမှတ်တမ်းတင်ရန် ရပ်ကြပါမည်။(၄၀း၅၁)ဟု မိန့်ထားသည်။

စတုတ္ထအာယသ်တော်(၁၃၆)ထဲတွင် အရေးဗီးယားရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများအား ၎င်းတို့အပြုအမူတွင်ရှိ သီးခြားအမှားတစ်ရပ်အတွက် သတိပေးဆုံးမထားသည်။ ဓလေ့ထုံးစံကား ထိုသူများသည် ၎င်းတို့လယ်ယာများမှ ထွက်သည်တို့နှင့် ၎င်းတို့၏လုပ်ငန်းဆောင်တာမှ ရရှိသည့်ဝင်ငွေတို့ကို အလ္လာဟ်အရှင်မြတ်အတွက်တစ်ပုံနှင့်၎င်းတို့၏ ရုပ်ထုများအတွက် တစ်ပုံ တစ်ပုံကြပါသည်။ အလ္လာဟ်အရှင်မြတ်အတွက် ရည်စူးထားသောတစ်ပုံကို ဆင်းရဲသားများအတွက် အသုံးချ၍ ၎င်းတို့၏ရုပ်ထုများအတွက် ရည်စူးထားသော တစ်ပုံကို မူဘုန်းတော်ကြီးများ၊ ရုပ်ထုများထားရာ ဘုရားကျောင်းထိန်းသိမ်းစောင့်ရှောက်သူများအတွက် အသုံးပြုပါသည်။

ငင်းတို့၏ မတရားမှုကိုစတင်ပြောရမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကိုဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ယင်းမှထွက်ရှိသောအရာများကို ငင်းတို့အား အရှင်မြတ်ကခြီးမြှင့်ထားခဲ့သော်လည်း ထိုသူတို့သည် အရှင်မြတ်၏ ခြီးမြှင့်မှုများကို ရုပ်ထုများအား ဝေစုမျှခဲ့ပါသည်။ ယင်းအပြင် ထပ်မံ၍ စော်ကားသည်မှာ အထွက်နှုန်းကျဆင်းသောအခါ ယင်းခြို့တဲ့မှုကြောင့် အလ္လာဟ်အရှင်မြတ်အတွက် ဝေပုံကိုဝေစုမှပယ်ခဲ့သည်။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းပေါ် အမှီအခိုကင်းကြောင်းမိန့်ထားသောကြောင့် ယင်းအရာတို့ကို အလ္လာဟ်အရှင်မြတ်က မလိုဟုငင်းတို့ကဆိုကြသည်။ ထို့ကြောင့် ငင်းတို့သည် ငင်းတို့ရုပ်ထုများ၏ဝေစုနှင့် ငင်းတို့ဝေစုကိုမူ အတိအကျထုတ်ယူကြမည်။ အကယ်၍ ငင်းတို့ရုပ်ထုများ၏ ဝေစုထဲမှလည်းကောင်း ငင်းတို့ကိုယ်ပိုင်ဝေစုထဲမှလည်းကောင်း အခြို့သည် အလ္လာဟ်အရှင်မြတ်အတွက် ချန်ထားသောဝေစုထဲရောက်ရှိသွားခဲ့လျှင် ငင်းတို့သည်ယင်းတို့ကို ရွေးထုတ်ယူ၍ ငင်းတို့စာရင်းကိုမှန်အောင်လုပ်ကြသည့် အဖြစ်အပျက်များလည်းရှိကြသည်။ ထို့ပြင် အခြို့သောအခါတွင် အထက်ဖော်ပြသည်နှင့်ဆန့်ကျင်စွာ ဖြစ်ပျက်ခဲ့သည်လည်းရှိခဲ့သည်။ ဆိုလိုသည်မှာ ငင်းတို့ကိုယ်ပိုင်ဝေစုထဲသို့လည်းကောင်း၊ ရုပ်ထုများ၏ဝေစုထဲသို့လည်းကောင်း အလ္လာဟ်အရှင်မြတ်အတွက်သတ်မှတ်ထားသော ဝေစုမှအခြို့ရောက်ရှိသွားခဲ့လျှင် ငင်းတို့သည် ယင်းအတိုင်းပင်ထားကာအလ္လာဟ်အရှင်မြတ်သည် လိုအပ်ချက်မှကင်းစင်သည်။ ထို့ကြောင့်အလ္လာဟ်အရှင်မြတ်၏ဝေစုတွင်မည်သည့်လျော့နည်းမှုမဆိုအကြောင်းမထူးဟုဆိုကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ငင်းတို့၏ ဤကောက်ကျစ်သောလုပ်ရပ်ကို သတိမူ၍မိန့်ကြားသည်မှာ- سَآءَ مَايَحْكُمُوْنَ “ထိုသူတို့၏အဆုံးအဖြတ်သည်ဆိုးယုတ်လှပေတကား။ ၁၃၆) ဆိုလိုသည်မှာ ငင်းတို့၏ဆုံးဖြတ်မှုသည် ဆိုးယုတ်၍ကြမ်းတမ်းသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ငင်းတို့အားဖန်ဆင်းတော်မူခဲ့၍ ငင်းတို့ပိုင်ဆိုင်ဟန်ရှိသည်များကိုလည်း ဖန်ဆင်းတော်မူခဲ့ကြောင်း ငင်းတို့သတိမမူခဲ့၍ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်နှင့်အခြားအရာများကို ယှဉ်တွဲကာ ထပ်ဆောင်း၍ အလ္လာဟ်ပိုင်ဆိုင်သည်တို့ကို ငင်းတို့စိတ်ကူးအရ အခြားနေရာသို့ ရွှေ့ပြောင်းရန်အကြောင်းရှာခဲ့ကြသည်။

r,HkMunfaoGmrfjiif;y,fcsrsm;twGuf owday;cJHk;rjcif;
rkpdvifrrfrsm;twGuf oifcPf;pmwpf&yf

ဤသည်မှာ အရေးဗီးယားရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ စိတ်ထင်ရာလုပ်တတ်ခြင်းကိုဦးတည်၍သတိပေးဆုံးမထားသည်။ သို့သော်ယင်းသည် မုစ်လင်မ်များအတွက်လည်း သွယ်ဝိုက်ပတ်သက်သောပြတ်သားသည့်သင်ခန်းစာတစ်ရပ်ပါနေသည်။ ထိုမုစ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသောသူတို့၏ဘဝ၊ ခန္ဓာကိုယ်နှင့်စိတ်ဓါတ်များကို ကဏ္ဍအသီးသီးတွင် ငင်းတို့၏စွမ်းရည်အပြည့်အဝကိုမြှုပ်နှံထားသူများဖြစ်ကြသည်။ ထိုသူများသည် ဘဝ၏နှစ်အစိတ်အပိုင်းအခြို့ကို အလ္လာဟ်အရှင်မြတ်နှင့်အရှင်မြတ်၏ခဝတ်ကိုးကွယ်မှုအတွက် သီးသန့်ထားလိမ့်မည်။ တကယ်ဆိုလျှင် အလ္လာဟ်အရှင့်တာဝန်ဝတ္တရားများအရ တောင်းဆိုသည်မှာမုစ်လင်မ်များ၏ ဘဝသက်တမ်းတလျှောက်လုံး အလ္လာဟ်အရှင့်အမိန့်နာခံရန်နှင့် ခဝတ်ကိုးကွယ်ရန်သီးသန့်ထားသင့်ပေသည်။ ငင်းတို့သည် လူသားတို့၏မလွှဲမရှောင်သာသောကိစ္စရပ်များကို တာဝန်ယူလုပ်ဆောင်

ရန်အချိန်အနည်းငယ်ထုတ်ယူနိုင်ပါလိမ့်မည်။ သို့တိုင် အမှန်မှာအလွှာဟ်အရှင်မြတ်ကိုကျေးဇူးတင်ရန်ဟူသည့် အလွှာဟ်တာဝန်ဝတ္တရားကိုဖြည့်ဆည်းခြင်းမရှိဘဲ ဖြစ်နေပါဦးမည်။ သို့သော်လည်း ကျွန်ုပ်တို့အချိန် ကျွန်ုပ်တို့နေရာတွင်ရှိ ကျွန်ုပ်တို့ကားမယုံနိုင်ဖွယ်အရာများကို ပြုလုပ်နေကြသည်။ အကယ်၍ကျွန်ုပ်တို့ဘဝသက်တမ်း၏ နေ့ရောညပါနှစ်ဆယ့်လေးနာရီကာလပတ်လုံးတွင် အလွှာဟ်အရှင်မြတ်၏ မပြုမနေရတာဝန်အိဗာဒသ်ကို အချို့အချိန်သတ်မှတ်၍ လုပ်ဆောင်တော့မည်ဆိုလျှင် ထူးဆန်းသောအရာများစတင်ဖြစ်ပေါ်လာကြပါသည်။ အရေးတကြီးလိုအပ်ချက်ပေါ်လာခြင်း၊ ချိန်းဆိုမှု(သို့)ယင်းကဲ့သို့တစ်ခုခုဖြစ်ပေါ်လာခဲ့လျှင် တမဟုတ်ခြင်းပင် ကျွန်ုပ်တို့သည် လက်ငင်းအကျိုးကြည့်သူများဖြစ်သွားကြပါလိမ့်မည်။ အခမ်းအနားများ၊ လုပ်ငန်းများ လိုအပ်ချက်များတို့သည် ပထမဦးစားပေးဖြစ်သွားပေမည်။ လက်ငင်းအကျိုး(သို့) ကိုယ်ရေးကိုယ်တာကိစ္စများတွင် ရွှေ့ဆိုင်းခြင်းမရှိကြပါ။ အရေးပေါ်အလုပ်ကို လုပ်လျှက်ရှိမည်။ မလွဲမရှောင်နားမည့်အချိန်လည်း ဆက်၍နားလျှက်ရှိမည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ခြင်းဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့အတွက် သတ်မှတ်ထားသော အချိန်များကိုမူ ပစ်ပယ်ထားပေမည်။ ထိုသို့အချိန်တော်တော်များများဖြစ်နေပါသည်။ ယင်းမှာအရေးပေါ်၊ အရေးတကြီး၊ ဖျားနာမှု(သို့) အခြားခေါ်ဆိုမှုများစသည်တို့ဖြစ်နေကြကာ သို့ဖြစ်လာလျှင် ဦးစွာပထမထိခိုက်မည်မှာ ကျွန်ုပ်တို့သတ်မှတ်ထားသည့် ကျွန်ုပ်တို့၏ ဇီကိရ်နှင့်အိဗာဒသ်များတွင်ဖြစ်ပေသည်။ ဤကဲ့သို့သော အနေအထားသည် မည်မျှကျေးဇူးကန်းကြောင်း၊ မည်မျှမှားယွင်းကြောင်းနှင့် မည်မျှအခွင့်အရေးညှိနှိုင်းခြင်းလုပ်ခဲ့ကြောင်း၊ ကျွန်ုပ်တို့မပြောနိုင်ချေ။ အလွှာဟ်အရှင်မြတ်သည်ကျွန်ုပ်တို့နှင့်တကွ မုစ်လင်မ်အားလုံးကို ဤသည်တို့မှကာကွယ်စောင့်ရှောက်တော်မူပါစေ။

Z Z Z Z Z Z Z Z Z Z Z Z Z Z Z

tm, of (137–140)

وَكَذٰلِكَ
زَيَّنَ لِكَثِيْرٍ مِّنَ الْمُشْرِكِيْنَ قَتْلَ اَوْلَادِهِمْ
شُرَكَآؤُهُمْ لِيُرْدُوْهُمْ وَلِيَلْبِسُوْا عَلَيْهِمْ دِيْنَهُمْ ؕ
وَلَوْ شَآءَ اللّٰهُ مَا فَعَلُوْهُ فَذَرْهُمْ وَمَا يَفْتَرُوْنَ ﴿۱۳۷﴾
وَقَالُوْا هٰذِهٖۤ اَنْعَامٌ وَّحَرْثٌ حِجْرٌ ۖ لَّا يَطْعَمُهَاۤ اِلَّا مَنْ
نَّشَآءُ بِزَعْمِهِمْ وَاَنْعَامٌ حُرِّمَتْ ظُهُوْرُهَا وَاَنْعَامٌ
لَّا يَذْكُرُوْنَ اسْمَ اللّٰهِ عَلَيْهَا افْتِرَآءً عَلَيْهِ ؕ سَيَجْزِيْهِمْ
بِمَا كَانُوْا يَفْتَرُوْنَ ﴿۱۳۸﴾ وَقَالُوْا مَا فِيْ بُطُوْنِ هٰذِهِ الْاَنْعَامِ
خَالِصَةٌ لِّذُكُوْرِنَا وَمُحَرَّمٌ عَلٰۤى اَزْوَاجِنَا ۚ وَاِنْ يَّكُنْ
مَّيْتَةً فَهُمْ فِيْهِ شُرَكَآءُ ؕ سَيَجْزِيْهِمْ وَصْفَهُمْ ؕ اِنَّهٗ حَكِيْمٌ
عَلِيْمٌ ﴿۱۳۹﴾ قَدْ خَسِرَ الَّذِيْنَ قَتَلُوْۤا اَوْلَادَهُمْ سَفَهًا
بِغَيْرِ عِلْمٍ وَّحَرَّمُوْا مَا رَزَقَهُمُ اللّٰهُ افْتِرَآءً عَلَى اللّٰهِ ؕ
قَدْ ضَلُّوْا وَمَا كَانُوْا مُهْتَدِيْنَ ﴿۱۴۰﴾

၎င်းပြင် ထိုနည်းအတိုင်းပင် မုရှ်ရစ်ကိုးကွယ်သူတို့အနက် များစွာသောသူတို့၏ အမြင်၌ဌင်းတို့၏ ကိုးကွယ်ရာ(ရှိုင်တွာန်)များက၊ ၎င်းတို့ကိုဖျက်ဆီးကြရန် အတွက်၎င်း၊ ၎င်းတို့အပေါ်၌၎င်းတို့၏ ဘာသာကိုရှုပ်ထွေးစေကြရန်အတွက် ၎င်း၊ ၎င်းတို့၏သားသမီးများအား သတ်ဖြတ်ခြင်းကို တင့်တယ်အောင်ပြုလုပ် ထားခဲ့ကြသည်။ ၎င်းပြင် အကယ်၍သာအလ္လာဟ်အရှင်မြတ်အလိုတော်ရှိတော် မူခဲ့ပါလျှင် ထိုသူများသည် ယင်းကဲ့သို့ပြုလုပ်ကြမည်မဟုတ်ပေ။ သို့ရှိရာ အသင်သည် ထိုသူများကိုဌင်း၊ ထိုသူတို့လုပ်ကြံလိမ်လည်ပြောဆိုသောစကား များကိုဌင်း စွန့်လွှတ်ထားပါလေ။ (၆း၁၃၇)

ငင်းပြင် ယင်းသူတို့က မိမိတို့၏ထင်မြင်ယူဆချက်အရ ပြောဆိုကြသည်မှာ ထိုထိုသောခြေလေးချောင်းတိရစ္ဆာန်များသည်ငင်း၊ ထိုထိုသောလယ်ယာများ (မှထွက်သောပစ္စည်းများ)သည်ငင်း၊ ငါတို့အလိုရှိသောသူတို့မှအပ၊ အခြားမည်သူမျှစားသုံးခြင်းမပြုရန် တားမြစ်၍ထားပြီးဖြစ်သည်ဟူ၍ငင်း၊ (ထိုထိုသော) ခြေလေးချောင်းတိရစ္ဆာန်များ(၏)ကျောက်ကုန်းများ(ပေါ်၌တက်စီးခြင်း)သည် "ဟရာမ်"မြစ်တား၍ထားပြီးဖြစ်သည်ဟူ၍ငင်း ပြောဆိုကြ၏။ ငင်းပြင်(ထိုထိုသော)ခြေလေးချောင်းတိရစ္ဆာန်များကို (လှီးဖြတ်ရာ၌)ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကိုတသခြင်းမပြုကြပေ။ (ဤသည်ကား)ထိုအရှင်မြတ်အပေါ်၌ လိဆယ်ပြောဆိုခြင်းမျှ ဖြစ်ရကား မကြာမြင့်မီ၊ ထိုအရှင်မြတ်သည် ငင်းတို့အား ငင်းတို့၏လိဆယ်ပြောဆိုမှုကြောင့်အပြစ်ပေးတော်မူအံ့။ (၆း၁၃၈)

ထိုမှတစ်ပါး၊ ငင်းတို့ကပြောဆိုကြသည်မှာ "ဤတိရစ္ဆာန်များ၏ဝမ်းတွင်း၌ရှိသည့်အရာ(နို့ရည်သို့မဟုတ်ဇီး)သည် ငါတို့ယောကျ်ားများအဖို့ချည်းသာဖြစ်သည်။ ငါတို့၏ဇနီးများအပေါ်၌"ဟရာမ်"တားမြစ်ထားပြီးဖြစ်သည်။ သို့ရာတွင်(ငင်းတိရစ္ဆာန်များ၏ ဝမ်းတွင်း၌ရှိသောဇီးသည်) အသေဖြစ်ခဲ့လျှင်၊ ငင်းတို့(ယောကျ်ားနှင့်မိန်းမပါ)အတူတူစားသုံးနိုင်ကြသည်။ (အားလုံးဖက်စပ်ပါဝင်ကြသည်။)ဟု ပြောဆိုကြ၏။ ထိုအရှင်မြတ်သည် မကြာမြင့်မီ (ယင်းကဲ့သို့)ငင်းတို့၏(မမှန်မကန်)ပြောဆိုမှုကြောင့် ယင်းသူတို့အား အစားပေးတော်မူအံ့။ ဧကန်စင်စစ်ထိုအရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသော အရှင် (အရာခပ်သိမ်းတို့ကို)အကြွင်းမဲ့သိရှိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။ (၆း၁၃၉)

အကြင်သူတို့သည် မချွတ်ဧကန်ဆုံးရှုံးခဲ့ကြချေပြီ။ ထိုသူတို့သည် မိမိတို့၏သားသမီးများကို အသိပညာမရှိဘဲ မိုက်မဲစွာသတ်ဖြတ်ကြကုန်၏။ ငင်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က မိမိတို့အားချီးမြှင့်ပေးသနားတော်မူသောအရာများကို(ထို)အလ္လာဟ်အရှင်မြတ်အပေါ်၌ လိဆယ်ပြောဆိုကာ "ဟရာမ်"ခွင့်မပြုသောအရာများဟူ၍ သတ်မှတ်ကြကုန်၏။ မုချဧကန် ထိုသူတို့သည် လမ်းမှားခဲ့ကြလေပြီ။ စင်စစ်တစ်မူကား၊ ငင်းတို့သည် (ယခင်မူလကလည်း)လမ်းမှန်ကို လိုက်ဖူးသောသူများမဖြစ်ခဲ့ကြချေ။ (၆း၁၄၀)

tm,ofawmf\qufpyfrI

ပြီးခဲ့သောအာယသ်တော်များထဲတွင် အရေးပီးယားရှိ မုရှ်ရစ်က်များ၏ မှားယွင်းသောအယူဝါဒကို ဖော်ပြထားပြီးလက်ရှိ အာယသ်တော်များတွင် ၎င်းတို့၏ လုပ်ဆောင်မှုဆိုင်ရာ အမှားများနှင့်မိုက်မဲသောလေ့ထုံးစံများကို ပြန်လည်ဖော်ပြထားသည်။ ဤအာယသ်တော်များထဲတွင် ဖော်ပြထားသည့် ဂျာဟိလိယဟ်ခေတ်၏ဓလေ့ထုံးစံများမှာ-(၁)ကောက်ပဲသီးနှံနှင့်သစ်သီးဝလံများမှ ဝေစုအချို့ကိုအလ္လာဟ်အရှင်မြတ်အတွက်ဟုထား၍ အချို့ကို ဂျင်နမ်များနှင့်ရုပ်ထုများအတွက်ဟု ထားခဲ့သည်။ ထို့နောက် အကယ်၍မတော်တဆအလ္လာဟ်အရှင်မြတ်အတွက် ရည်စူးထားသော ဝေစုအချို့သည် ရုပ်ထုများအတွက် သီးသန့်ထားသော ဝေစုနှင့်ရောနှောခဲ့လျှင် ၎င်းတို့သည် ရောနှောသည့်အတိုင်းထားရှိခဲ့သည်။ အခြေအနေပြောင်းပြန်ဖြစ်သွားခဲ့လျှင် အလ္လာဟ်အရှင့်အတွက်ထားသောဝေစုမှပြန်လည်ယူ၍ ရုပ်ထုများ၏ဝေစုကိုယခင်အတိုင်း ရှိနေစေသည်။ အလ္လာဟ်အရှင်မြတ်သည်လိုအပ်မှုမှကင်းစင်သည်ဟူသော ဆင်ခြေပေးသည်။ အလ္လာဟ်အရှင်ဝေစုမှ ထုတ်နှုတ်ယူသွားခြင်းသည် အရှင်မြတ်ကို မထိခိုက်သော်လည်း ၎င်းတို့၏ယှဉ်တွဲကိုးကွယ်ခံများသည်ကား လိုအပ်ပေသည်။ ထို့ကြောင့် ၎င်းတို့ဝေစုမှာ မလျော့နည်းသင့်ချေ။ ဤဆိုးဝါးသောဓလေ့ထုံးစံကိုပြီးခဲ့သောအာယသ်တော်(၁၃၆)တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

(၂) ဒုတိယဓလေ့ထုံးစံမှာ ၎င်းတို့ဗာဟီရာဟ်နှင့်စာအီဗာဟ်ဟုခေါ်သည့် တိရစ္ဆာန်များကို ရုပ်ထုများ၏အမည်တသ၍လွှတ်ကာ ယင်းသို့လုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သက်ရန်လုပ်ဆောင်သည်ဟုပြောခဲ့ကြသည်။ ဤကိစ္စရပ်တွင်လည်း ရုပ်ထုများအတွက် သတ်မှတ်ထားသည့် ဝေစုဖြင့် တိရစ္ဆာန်လွှတ်ရာ၌ ရုပ်ထုများအား ကိုးကွယ်ခြင်းလုပ်ရပ်အဖြစ် ရည်စူးကာ အလ္လာဟ်အရှင့်မြတ်၏ဝေစုတွက် လွှတ်သောတိရစ္ဆာန်ကိုမူ အလ္လာဟ်အရှင်ကျေနပ်နှစ်သက်ရန် ရည်စူးသည်။

(၃) တတိယဓလေ့ထုံးစံမှာ ၎င်းတို့၏သမီးကလေးငယ်ကို သတ်ဖြတ်ခြင်းဖြစ်သည်။

(၄) စတုတ္ထဓလေ့ထုံးစံမှာ ၎င်းတို့သည် စိုက်ပျိုးမြေအချို့ကို ရုပ်ထုများ၏အမည်ဖြင့် လျှဒါန်း၍ ယင်းမှထွက်ရှိသမျှကို အမျိုးသားများသာသုံးစွဲနိုင်သည်။ အမျိုးသမီးများကို ဝေစုပေးခြင်း၊ မပေးခြင်းသည် အမျိုးသားများ၏ဆန္ဒပေါ်၌ တည်သည်။ အမျိုးသမီးများသည် တောင်းဆိုပိုင်ခွင့်မရှိချေ။

(၅) သူတို့သည် ယင်းသို့သောလုပ်ရပ်များကို ကျွဲ နွား တိရစ္ဆာန်များတွင်ပါလုပ်ကာ ယင်းတို့ကို အမျိုးသားများအတွက်သာလျှင် သုံးစွဲခွင့်ကို ကန့်သတ်ထားသည်။

(၆) ရုပ်ထုများအမည်တသ၍ လွှတ်ထားသောခြေလေးချောင်းသတ္တဝါကို စီးနင်းခြင်း(သို့)ဝန်တင်ခြင်းတို့သည်တရားမဝင်ဟု ယူဆထားခဲ့ကြသည်။

(၇) သူတို့သည် ခြေလေးချောင်းတိရစ္ဆာန်များကို အသေးစိတ်ဖော်ပြကြလိမ့်မည်။ ယင်းတို့ကို နို့ညှစ်ခြင်း၊ စီးနင်းခြင်းနှင့်သတ်ဖြတ်ခြင်း စသည်ဖြင့် မည်သည့်အချိန်ဖြစ်စေသုံးစွဲရာတွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နာမံတော်ကို မတသချေ။

(၈) အဋ္ဌမဓလေ့ထုံးစံမှာ တိရစ္ဆာန်များကို ဗာဟီရာဟ်(သို့)စာအီဗာဟ်ဟုအမည်ပေးကာ ရုပ်ထုများအမည် တသ၍လွှတ်ကြလိမ့်မည်။ သတ်ဖြတ်ချိန်၌ ဝမ်းတွင်းမှတိရစ္ဆာန်ငယ်သည် အသက်ရှင်လျက်ပါလာလျှင် ယင်း တိရစ္ဆာန်ငယ်ကိုလည်း သတ်ဖြတ်ပါလိမ့်မည်။ ယင်းတိရစ္ဆာန်ငယ်အား စားသုံးခြင်းသည် အမျိုးသားများသာ တရားဝင်၍ အမျိုးသမီးများအတွက် တရားမဝင်ဟုသတ်မှတ်ကြသည်။ အကယ်၍တိရစ္ဆာန်ငယ်အသေပါလျှင်မူ ယင်းကိုလူတိုင်းစားပိုင်ခွင့်ရှိသည်။

(၉) အခြို့တိရစ္ဆာန်များ၏နို့သည်ပင်လျှင် အမျိုးသားများအတွက် တရားဝင်၍အမျိုးသမီးများအတွက် တရား မဝင်ချေ။

(၁၀) ဗာဟီရာဟ်၊ စာအီဗာဟ်၊ ဝါစီလာဟ်နှင့် ဟာမီစသောတိရစ္ဆာန်လေးမျိုးကို ခဝတ်ကိုးကွယ်မှုတစ်ရပ် အဖြစ်ကြည်ညိုလေးစားဖွယ်မှတ်ယူကြသည်။ **(စိုက်ယိဒိနာအိဗ်နိအပွားစ်၊ မူဂျာဟစ်ဒ်၊ အိဗ်နိဇိုက်ဒ်နှင့် အတ်စ်ဗွဒ်ဒီတို့ဆင့်ပြန်ချက်အားလုံးနှင့်အတူ အိဗ်နိအလ်မွန်ဇိရ်၊ အိဗ်နိအဘီဟာသိမ်၊ အိဗနိအဗီအတ်ရှ်ရှိုက်ဗာဟ်နှင့် အိဗ်နိဟုမိုင်ဒ် တို့၏ ဋီကာနှင့်ဆိုင်သောထုတ်နှုတ်ချက်များသည် အဒ်ဒုရ်ရှလ်မန်စူရ်နှင့်ရှုဟုလ်မအာနီကျမ်း များတွင် ယင်းဆင့်ပြန်ချက်များပါရှိသည်။) မောင်လာနာ ထာနဝီ၏ ဗယာနွယ်ကုရ်အာန်ကျမ်းတွင်လည်း ဤ အတိုင်းပါရှိသည်။**

XXXXXXXXXXX

tm, of (141–142)

وَهُوَ الَّذِيٓ أَنشَأَ
جَنَّٰتٍ مَّعۡرُوشَٰتٍ وَغَيۡرَ مَعۡرُوشَٰتٍ وَٱلنَّخۡلَ وَٱلزَّرۡعَ
مُخۡتَلِفًا أُكُلُهُۥ وَٱلزَّيۡتُونَ وَٱلرُّمَّانَ مُتَشَٰبِهًا وَغَيۡرَ
مُتَشَٰبِهٍۚ كُلُواْ مِن ثَمَرِهِۦٓ إِذَآ أَثۡمَرَ وَءَاتُواْ حَقَّهُۥ يَوۡمَ
حَصَادِهِۦۖ وَلَا تُسۡرِفُوٓاْۚ إِنَّهُۥ لَا يُحِبُّ ٱلۡمُسۡرِفِينَ ١٤١ وَ
مِنَ ٱلۡأَنۡعَٰمِ حَمُولَةٗ وَفَرۡشٗاۚ كُلُواْ مِمَّا رَزَقَكُمُ ٱللَّهُ وَ
لَا تَتَّبِعُواْ خُطُوَٰتِ ٱلشَّيۡطَٰنِۚ إِنَّهُۥ لَكُمۡ عَدُوّٞ مُّبِينٞ ١٤٢

ထို(အလ္လာဟ်)အရှင်မြတ်သည်ပင်လျှင် (စင်ပေါ်သို့)နွယ်တက်သော ဥယျာဉ်များကိုလည်း၊ နွယ်မတက်သောဥယျာဉ်များကိုလည်း၊ (နွယ်ပင်ဥယျာဉ်၊ ပင်ထောင်ဥယျာဉ်)အရသာအမျိုးမျိုးနှင့်ပြည့်စုံသောစွန်ပလွံပင်များကိုလည်း၊ ကောက်ပဲသီးနှံများကိုလည်း၊ ဆင်တူရိုးမှားဖြစ်သော သံလွင်ပင်များကိုလည်း၊ သလဲပင်များကိုလည်း၊ ပေါက်ရောက်ဖြစ်ပွားစေတော်မူခဲ့လေသည်။ အသင်တို့သည် ယင်းအပင်များ၏အသီးအနှံများကို သီးပွင့်သောအခါ စားသုံးကြလေကုန်။ ထို့ပြင်တစ်ဝ အသင်တို့သည် ၎င်းအသီးအနှံများဆွတ်ခူးရိတ်သိမ်းသောနေ့တွင် ၎င်း(အသီးအနှံများနှင့်စပ်လျဉ်း၍ တရားတော်ကပြဋ္ဌာန်းထားသော)တာဝန်ကိုပေးဆပ်ကြလေကုန်။ သို့ရာတွင် အသင်တို့သည် မဖြုန်းတီးကြကုန်လင့်၊ အမှန်ကေန်ထို အရှင်မြတ်သည် ဖြုန်းတီးသောသူတို့အား နှစ်သက်တော်မမူချေ။ (၆း၁၄၁)

၎င်းပြင်(ထိုအရှင်မြတ်သည်)ခြေလေးချောင်းတိရစ္ဆာန်တို့အနက် (အရပ်အမောင်းကြီးမား၍)ဝန်စည်စလယ်များတင်သော တိရစ္ဆာန်များကိုလည်း၊ (အလုံးအရပ်နိမ့်၍ဝန်စည်စလယ်မတင်နိုင်ဘဲ နို့ရည်နှင့်အသားစားရန်ဖြစ်)သော တိရစ္ဆာန်များကိုလည်း၊ (ဖန်ဆင်းတော်မူခဲ့လေသည်။)အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသောအရာများကို စားသုံးကြလေကုန်။ ထို့ပြင် အသင်တို့သည် ရှိုင်တွာန်၏ခြေရာများကို မလိုက်ကြကုန်လင့်။ အကြောင်းမူကား ယင်းရှိုင်တွာန်သည်အသင်တို့၏ထင်ရှားသောရန်သူပင်ဖြစ်ချေသတည်း။ (၆း၁၄၂)

tusf[kHhfqkjcif;

ပြီးခဲ့သောအာယသ်များထဲတွင် မက္ကဟ်မြို့ရှိ မယုံကြည်သူများက ခံစားမှုနှင့်ဆင်ခြင်တုံတရားကင်းမဲ့ကာ အသက်မရှိသည့် ၎င်းတို့ကိုယ်တိုင်ထွင်းထုထားသော ရုပ်ထုများအား အလွာဟ်အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်ရာများဟုမှတ်ယူကာ အလွာဟ်အရှင်ဖန်ဆင်းတော်မူသောတိရစ္ဆာန်များနှင့် ထိုမယုံကြည်သူတို့ကို အလွာဟ်အရှင်ပေးသနားထားတော်မူသည့်မြောက်မြားစွာသော ကောင်းချီးတို့အား ထိုရုပ်ထုများအတွက် ဝေစုဝေပုံသတ်မှတ်ကာ ပူဇော်ပသခြင်းသည် မည်မျှလမ်းမှားသို့ ရောက်သွားသည်ဆိုကြောင်းဖေါ်ပြထားသည်။ သူတို့သည် မည်မျှအထိစည်းဘောင်ကျော်သွားသနည်းဟူမူ ဤကောင်းချီးများထဲမှ ပူဇော်ပသသည့်အနေဖြင့် အလွာဟ်အရှင်မြတ်အတွက်တစ်ပုံနှင့် အခြားတစ်ပုံကို သူတို့၏ရုပ်ထုများအတွက်သတ်မှတ်ကာ အလှူဒါနပြုလုပ်ရန် ထုတ်နှုတ်ခဲ့ကြသည်။ ထို့နောက် ထိုသူတို့သည် အမျိုးမျိုးသောဆင်ခြေပေးကာ အလွာဟ်အရှင်မြတ်အတွက်သတ်မှတ်ထားသောဝေစုဝေပုံမှထုတ်နှုတ်ကာ ရုပ်ထုအတွက်သတ်မှတ်ထားသော ဝေစုဝေပုံထဲသို့ထည့်လိုက်ကြသည်။ အလားတူများလှစွာသော မသိနားမလည်မှုအပေါ်အခြေခံထားသော ထင်ရာမြင်ရာဓလေ့ထုံးစံများကို တရားဝင်အဖြစ်သတ်မှတ်ကြသည်။

အထက်ဖော်ပြပါအာယသ်တော်(၂)ခုအနက် ပထမအာယသ်(၁၄၁)ထဲတွင် အလွာဟ်တအာလာက အရှင်သည် အရှင်၏ပြီးပြည့်စုံသောတန်ခိုးတော်၏အံ့ဖွယ်ရာများကို ပြသသည့်အနေဖြင့် အရှင်ဖန်ဆင်းသည့်မြေကြီးထဲမှ သစ်သီးဝလံများပေါက်ရောက်လာကြောင်းဖော်ပြထားသည်။ အလားတူစွာ ဒုတိယအာယသ်(၁၄၂)ထဲတွင်အမျိုးမျိုးသော ကျွဲ နွား တိရစ္ဆာန်များဖန်ဆင်းမှုကို ထောက်ပြထားသည်။ ဤသည်တို့အရ ၎င်းတို့သည် တန်ခိုးတော်နှင့်ပြည့်စုံသော အရာရာကိုသိမြင်တော်မူသော ဖန်ဆင်းရှင်အားလျှော့တွက်ပြီး ထိုခွဲနဲ့ပြီး မလှုပ်မယှက် ဘာကိုမျှမသိသောအရာများကို အလေးပေးကာ အရှင်နှင့်တွဲဖက်ကိုးကွယ်စရာများဟု စတင်မှတ်ယူခြင်းသည်ထိုသူများ မည်မျှအမြော်အမြင်ကင်းမဲ့ကြောင်းကို သတိပေးဆုံးမထားသည်။

ထို့နောက် ၎င်းတို့အား ဘဝ၏အလွန်ခိုင်လုံသောချဉ်းကပ်နည်းဖြစ်သည့် ဖြောင့်မတ်မှန်ကန်သောလမ်းဆီသို့ ညွှန်ပြခဲ့သည်။ ထိုသူများအကျိုးဖြစ်ထွန်းစေသော အရာများကို ဖန်ဆင်းကာ၊ ပေးသနားတော်မူခဲ့သော အလွာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်စရာမရှိကြောင်း နားလည်သဘောပေါက်စေရန်ပြောကြားခဲ့ပါသည်။ သို့ဆိုလျှင် ခဝတ်ကိုးကွယ်မှုသည် အလွာဟ်အရှင်မြတ်အတွက် သီးသန့်ဖြစ်သောကြောင့် အခြားအရာများကို ကိုးကွယ်ရာဟု ၎င်းတို့မည်သို့မှတ်ယူနိုင်အံ့နည်း။ ဤလုပ်ရပ်သည် အလွာဟ်အရှင်မြတ်၏ကောင်းချီးများအား ကျေးဇူးကန်းရာရောက်ပြီး မုချကေန်မတရားပြုခြင်းပင်ဖြစ်သည်။ ၎င်းတို့အား ဤအရာများပေးသနားတော်မူသောအရှင်သည် အလွာဟ်အရှင်မြတ်ဖြစ်ကြောင်း ၎င်းတို့နားလည်သဘောပေါက်သင့်သည်။ အရှင်သည်သာ ၎င်းတို့ဆန္ဒရှိသည့်အခါ အသုံးပြုရန်အတွက် ပြုလုပ်ပေးထားခဲ့တော်မူပြီး ထိုအရာများကို“ဟလာလ်”တရားဝင်ဟုသတ်မှတ်ပေးထားသည်။ ထို့ကြောင့် ဤအချက်အလက်များကို မျက်မှောက်ပြုကာ အလွာဟ်အရှင်မြတ်အတွက်ထပ်ဆောင်းရမည့်တာဝန်ကိုသတိရရန် အရှင့်ကောင်းချီးများမှ ၎င်းတို့အကျိုးကျေးဇူးခံစားရသောအခါ အရှင့်အားကျေးဇူးတင်ရန်နှင့် “ရှိုင်တွာန်”အတွေးအခေါ်များ၊ မသိနားမလည်မှုအပေါ် အခြေခံထားသော ဓလေ့ထုံးစံများသည် သူတို့ယုံကြည်မှု၏တစ်စိတ်တစ်ဒေသဖြစ်သည်ဆိုကြောင်း မှတ်ယူခြင်းမှ ရပ်တန့်ရန်တို့သည် ၎င်းတို့၏မပြုမနေရတာဝန်ဖြစ်တော့သည်။

tcsdKUaomtpum;vHk;rsm;ESihf,if;wkYd\t'DtyGm,frsm;

ပထမအာယသ်ပါ å-w-N^A- “အန်ရှအ်”ဟူသောစကားလုံးသည် “ဖန်ဆင်းခဲ့သည်”ဟုဆိုလိုပါသည်။ ဒုတိယ စကားလုံးဖြစ်သော é+W-O^r<i-M- “မအ်ရူရှအ်”သည် <r^I- (အရ်ရှ)ဟူသောစကားလုံးမှဆင်းသက်ခါ “မတင်ခြင်း”၊ “အမြင့်သို့ရောက်စေခြင်း”ဟု အဓိပ္ပာယ်သက်ရောက်သည်။ “မအ်ရူရှ”စင်မြင့်တင်ကာ စိုက်ပျိုးရသော နွယ်ပင်များ ဖြစ်သည့်စပျစ်သီး၊ အခြားသောသစ်သီးဝလံများအား ရည်ညွှန်းသည်။ ယင်းနှင့်ဆန့်ကျင်စွာ- غَيْرَ مَعْرُوْشَتٍ “ဂိုင်ရမအ်ရှရှ” “စင်မတင်ရခြင်း”ဆိုသည်တွင် သိပ်မမြင့်ရသော အနွယ်ပင်များပါသည့် သစ်ပင်များဖြစ်သည်။ ယင်းအမျိုးအစားတွင် အနွယ်များမပါဘဲ ပင်စည်ရှိသောအပင်များနှင့် နွယ်များရှိသော်လည်း မြှင့်တင်ရန်မလို သည့် မြေတွင်ပေါက်နေသည့် ဖရဲသီးတို့ပါဝင်သည်။

øk^n#-LA- “နပ်ဆေလ်”သည် စွန်ပလွံယ်ဂိုဆိုလိုပါသည်။ •R^z#-LA- “အင်ဇရ်”သည်အမျိုးစုံသောကောက်ပဲ သီးနှံများကိုဆိုလိုသည်။ –ot<Y^z#-LA- “အဇ်ထ်ဆွန်”သည်သံလွင်ထန်းနှင့်သံလွင်ဆီးကိုဆိုလိုသည်။ –aM#-r#<LA- “အရ်ရုမ်မန်” သည်သလဲသီးဖြစ်ပါသည်။

ဤအာယသ်တော်များထဲတွင် ခြံ(သို့)ဥယျာဉ်တွင်ရှိအပင် နှစ်မျိုးအကြောင်းဖော်ပြထားသည်။ (၁)နွယ်ပင် များပါပြီး စင်ဖြင့်တင်ထားရသောအပင်များပါဝင်သည်။ (၂) စင်မတင်ရသောနွယ်ပင်များဖြစ်သည်။ အရှင်မြတ် ၏ဖန်ဆင်းမှုတွင် ဟိကမသ်အသိဉာဏ်နှင့်လျှို့ဝှက်နက်နဲမှုများ ပြည့်နှက်နေကြောင်း အညွှန်းပေးသည်။ ဤတွင် မြေကြီးလည်းအတူတူ ရေလည်းတူ၊ လေ၊ လေထု၊ တူသော်ငြားလည်း ပေါက်ရောက်သည့်သစ်ပင်များမှာ ကွဲပြားခြားနားကြပါသည်။ ပေါက်ရောက်သောသစ်ပင်များမတူသကဲ့သို့ ပေါက်လာသည့်အခါ သစ်သီးများ၏ အရောင်အဆင်းနှင့်ရင့်မှည့်ပုံစသည်တို့မတူညီကြချေ။ သစ်သီးများတွင်ပါဝင်သော အရည်အသွေးသည်လည်း မရေမတွက်နိုင်အောင်ရှုပ်ထွေး၍ မတူညီကြချေ။ စပျစ်သီးကဲ့သို့သော နွယ်ယှက်သည့်အပင်များသည် စင်တင် မှသာလျှင် သီးကြသည်။ အကယ်၍စင်မတင်လျှင် သီးကားသီးသော်လည်း ကြီးထွားမှုမရှိ၊ အပင်သက်တမ်းလည်း မရှည်ကြချေ။ ထို့နောက် အချို့သစ်ပင်များ၏ ကြီးထွားပုံနည်းနာကို သင်ကြားပြပေးထားသည်။ ဖရဲသီးကဲ့သို့ သောအပင်မျိုးစုံကို စင်တင်ရန်ကြိုးစားမည်ဆိုလျှင်သော်လည်းကောင်း၊ အလိုအလျောက်မြင့်တက်သွားမည်ဆိုလျှင် သော်လည်းကောင်း အသီးသီးသည့်တိုင်အသီးမှာ ကြုံလို၍ပျက်စီးလွယ်ပေသည်။ သမားရိုးကျမဟုတ်သည့်တစ်မူ ထူးခြားသောဖြစ်ရပ်လည်းရှိပါသည်။ အချို့သောသစ်ပင်များသည် ကြံ့ခိုင်သောပင်စည်များရှိစေကာ လူသား စဉ်းစား၍မမှီနိုင်သော အမြင့်ထိရောက်စေနိုင်သည်။ ယင်းကိုလူသားဉာဏ်ဖြင့် သာမန်လုပ်ရိုးလုပ်စဉ်ဖြင့် မရောက်နိုင်ပါ။ ဤသစ်ပင်များ၏ထူးဆန်း အံ့ဖွယ်မှာ မတော်တဆဖြစ်မှုသက်သက်မဟုတ်ချေ။ ယင်းနောက်တွင် အသိဉာဏ်၊ ရည်ရွယ်ချက်နှင့်လုပ်ဆောင်မှုစိုးမိုးနိုင်နင်းခြင်းတို့ရှိသည်။ သစ်ပင်များနှင့်အသီးများတွင် အရည် အသွေးကိုယ်စီရှိကြသည်။ အချို့သစ်သီးများသည် မြေကြီးထဲတွင်ပေါက်ရောက်ရင့်မှည့်ကာ အချို့မှာကား မြေပေါ်တွင်ပေါက်ရောက်ကြီးထွားရင့်မှည့်ကြပါသည်။ အခြားသောသစ်သီးဝလံများကား မြေကြီးနှင့်ထိရုံမျှဖြင့် ပျက်စီးကြသည်။ အချို့သစ်သီးများသည် ၎င်းတို့ပင်ကိုယ်အရောင်ရရှိစေရန် နေရောင်၊ လရောင်နှင့်လေကောင်း လေသန့်တို့နှင့်ထိတွေ့စေရန် မြင့်မားသောအကိုင်းအခက်များတွင် တွဲလျားကျနေရပါသည်။ အသီးသီး မိမိလုပ်ငန်း လုပ်ဆောင်နိုင်ရန် သဘာဝတရားကလိုက်လျောညီထွေ၍ သင့်လျော်သောနည်းစနစ်ပေးထားသည်။

فَتَبٰرَكَ اللّٰهُ اَحۡسَنُ الۡخٰلِقِيۡنَ

“သို့ဖြစ်ပေရာ အကောင်းဆုံးသောဖန်ဆင်းတော်မူသောအလ္လာဟ်အရှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှဘိပါသနည်း။” (၂၃း၁၄)

ထို့နောက် စွန်ပလွံသီးများနှင့်ကောက်ပဲသီးနှံများအကြောင်း အထူးပြုဖော်ပြထားသည်။ စွန်ပလွံသီးသည်အများအားဖြင့် သရေစာသဖွယ်စားကြသည်။ အကယ်၍တစ်စုံတစ်ဦးသည် ဆာလောင်လာလျှင် ယင်းသည် ဝမ်းဝစေရန်အစားအသောက်သဖွယ်စားနိုင်သည်။ လယ်ယာမှထွက်သောကောက်ပဲသီးနှံသည် လူသားအတွက် စားသောက်ဖွယ်သီးနှံဖြစ်သကဲ့သို့ တိရစ္ဆာန်များအတွက်လည်း စားသောက်ဖွယ်သီးနှံဖြစ်ပေသည်။ ဤနှစ်မျိုးအကြောင်းဖော်ပြပြီးနောက်-مُخۡتَلِفًا اُكُلُهٗ (အရသာအမျိုးမျိုးနှင့်ပြည့်စုံသော)ဟူ၍မိန့်ထားသည်။ ဤနေရာပါ [^l|A< (ဥကုလုဟူ)ဟူသော နာမ်စားသည် •R^Z- (ဇရ်) ကောက်ပဲသီးနှံ(သို့) øk^N- (နခလ်-စွန်ပလွံပင်) တို့အားပြန်လည်ရည်ညွှန်းသည်ဟု မှတ်ယူနိုင်သည်။ သို့သော်လည်း အနက်အဓိပ္ပာယ်မှာ နှစ်မျိုးစလုံး အကျုံးဝင်သည်။ ထို့ကြောင့် စွန်ပလွံသီးအမျိုးမျိုးတွင် တစ်ခုစီ၌ သီးခြားအရသာများရှိကြသည်ဟု ဆိုလိုသည်။ ကောက်ပဲသီးနှံအတွက်ဆိုလျှင် ယင်းတွင် ရာပေါင်းများစွာသောအမျိုးအစားများရှိသည်။ တစ်မျိုးစီသည် ၎င်းကိုယ်ပိုင်အရသာ၊ အရည်အသွေးနှင့် အသုံးဝင်ပုံတို့ရှိကြသည်။ ယင်းတို့၏ရာသီဥတုနှင့်မြေမှာအတူတူဖြစ်သော်လည်း ထွက်လာသောသစ်သီးဝလံများတွင် ကြီးမားသောကွဲလွဲမှုတစ်ရပ်ရှိပေသည်။ ထို့နောက်တမျိုးစီတွင် အရည်အသွေးနှင့်အကျိုးအမြတ်များအသီးသီးရှိကြသော်လည်း ကွဲပြားခြားနားမှုတွင် တုန့်ပြန်မရချေ။ ဤဖြစ်ရပ်သည် သာမန်ထိုးထွင်းဉာဏ်ရှိသူတစ်ဦးပင်လျှင် သိရှိနားလည်၍ လက်ခံစေနိုင်သည်။ ယင်းအရာများကိုဖန်ဆင်းခဲ့သည့် တန်ခိုးတော်နှင့်ဖန်ဆင်းရှင်သည် လူသားတွေးခေါ်မှု လိုက်မမှီသည့်ဟစ်ကမသ်အသိဉာဏ်နှင့်ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။

ယင်းနောက် ထပ်၍အရာနှစ်ခုအကြောင်း ဖော်ပြထားသည်။ ယင်းမှာသံလွင်ပင်နှင့်သလဲသီးပင်အကြောင်းဖြစ်သည်။ သံလွင်သည် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်နှစ်မျိုးစလုံးဖြစ်သည်။ သံလွင်မှထွက်သောဆီသည် သန့်ရှင်းကြည်လင်၍နူးညံ့သည်။ ဆီများထဲတွင် သာ၍ကောင်းသည်။ ၎င်း၏အရည်အသွေးများ၊ အသုံးဝင်ပုံနှင့်အကျိုးသက်ရောက်မှုများမှာ များပြားသည်။ စင်စစ်ယင်းသည် ရောဂါများစွာကိုပျောက်ကင်းစေသည်။ အလားတူသလဲသီး၏ မြောက်မြားစွာသော အရည်အသွေးနှင့်အကျိုးကျေးဇူးများကို လူအများသိပြီးဖြစ်ကြသည်။ ဤအသီးအနှံနှစ်ခုအကြောင်းဖော်ပြပြီး-مُتَشَابِهًا وَّغَيۡرَ مُتَشَابِهٍ (ဆင်တူရိုးမှားဖြစ်သော ထို့ပြင် ဆင်တူရိုးမှားမဖြစ်သော)ဟုမိန့်ထားသည်။ အာယသ်တော်ကဆိုလိုသည်မှာ အချို့သစ်ပင်များတွင် အရောင်အသွေးနှင့် အရသာတို့အရတစ်ခုနှင့်တစ်ခုတူညီကာ အသီးများသီးကြသည်။ ထို့နောက်အချို့အခြားအမျိုး အစားသစ်ပင်များတွင် အရောင်အသွေး၊ အရသာကွဲပြားသော သစ်သီးများရှိကြသည်။ သလဲသီးအချို့သည် အရောင်၊ အရသာနှင့် အရွယ်တူညီကြပြီး အခြားသောသလဲသီးများတွင် ကွဲပြားခြားနားကြသကဲ့သို့ သံလွင်သီးများလည်း ထိုအတိုင်းပင်ဖြစ်ကြသည်။

သစ်ပင်နှင့်သစ်သီးအမျိုးမျိုးအကြောင်း ဖော်ပြပြီးနောက် အာယသ်တော်ထဲတွင် လိုက်နာကျင့်သုံးရန် အမိန့်ပညတ်ချက်နှစ်ရပ်ပေးထားသည်။ ပထမတစ်ခုမှာ လူသားဆန္ဒများ၏သဘာဝပြောင်းလဲခြင်းတစ်ရပ်ဖြစ်သည်။ ယင်းအာယသ်တော်က- **كُلُوْا مِنْ ثَمَرِهٖٓ اِذَآ اَثْمَرَ** (အသင်တို့သည်ယင်းအပင်များ၏အသီးအနှံများကိုသီးပွင့်သောအခါ စားသုံးကြလေကုန်။) ဟု မိန့်ထားသည်။ အမျိုးမျိုးသော သစ်သီးဝလံများကိုစားသုံးခြင်းသည် ဖန်ဆင်းရှင်၏ရည်ရွယ်ချက်က ဖန်ဆင်းရှင်၏မည်သည့်လိုအပ်ချက်ကိုမျှ ဖြည့်ဆည်းခြင်းမဟုတ်ဟူသောအညွှန်းကိုပေးထားသည်။ ဤသည်များဖန်ဆင်းထားခြင်းသည် ဖန်ဆင်းခံတို့ အကျိုးသာလျှင်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ယင်းတို့ကို စားသုံး၍ကျေနပ်နှစ်သက်ကြလေကုန်၏။ **اِذَآ اَثْمَرَ** (အိသာအဆ်စ်မရ-သီးပွင့်သောအခါ) ထည့်ခြင်းဖြင့် ယင်းကထောက်ပြသည်မှာ သစ်ကိုင်းများမှ သစ်သီးဝလံများ ပေါ်ထွက်လာစေခြင်းမှာ ၎င်းတို့လုပ်နိုင်စွမ်းရှိသော အလုပ်မဟုတ်ချေ။ သို့သော်လည်း ထိုသစ်သီးများအပြည့်အဝကြီးထွားလာသောအခါ အလွှာဟ်အရှင်မြတ်၏ခွင့်ပြုချက်ဖြင့် ယင်းအသီးများ မှည့်သည်ဖြစ်စေ၊ မမှည့်သည်ဖြစ်စေ ထိုအချိန်၌ ယင်းတို့အား စားသုံးနိုင်သည်။

v,f,majr\ tkdSf&f

ဤအာယာသ်တော်ပါ ဒုတိယအမိန့်ညတ်ချက်သည်- **وَاٰتُوْا حَقَّهٗ يَوْمَ حَصَادِهٖ** (ထို့ပြင်တစ်ဝအသင်တို့သည် ၎င်းအသီးအနှံများဆွတ်ခူးရိတ်သိမ်းသောနေ့တွင် ၎င်း(အသီးအနှံများနှင့်စပ်လျဉ်း၍ တရားတော်ကပြဋ္ဌာန်းထားသော)တာဝန်ကိုပေးဆပ်ကြလေကုန်။) ဟူ၍ဖြစ်သည်။ AoTA(အာသူ)ဟူသောစကားလုံးသည် (ယူဆောင်လာခြင်း(သို့) ပေးဆပ်ခြင်း)ဟု အဓိပ္ပာယ်သက်ရောက်၍ Rau-H- (ဟစ္စား၌)သည် (ကောက်ပဲသီးနှံများကိုရိတ်သိမ်းခြင်း)(သို့) (သစ်သီးဝလံများကို ဆွတ်ခူးခြင်း)ဟု ရည်ညွှန်းသည်။ [>q#-H- (ဟပ်ကဟူ-ယင်း၏တာဝန်)ဟူသောနာမ်စားသည် အထက်ဖော်ပြပါ စားသုံး၍ရသောအရာတိုင်းကို ရည်ညွှန်းသည်။ အာယသ်တော်၏ ဆိုလိုရင်းအချက်မှာ ဤအရာများကို စားပါ၊ သောက်ပါ၊ အသုံးပြုပါ သို့သော်လည်း ကောက်ပဲသီးနှံရိတ်သိမ်းချိန်တွင်ဖြစ်စေ၊ သစ်သီးဝလံခူးဆွတ်ချိန်တွင်ဖြစ်စေ ယင်းအတွက် သတ်မှတ်ထားသောတာဝန်ကို ပေးရမည်ဆိုသည်ကားသတိရပါ။ ယေဘုယျဥပဒေတစ်ရပ်အနေဖြင့် အခြားအာယသ်တော်တွင် မိန့်ထားသကဲ့သို့ -

وَالَّذِيْنَ فِيْٓ اَمْوَالِهِمْ حَقٌّ مَّعْلُوْمٌ لِّلسَّآئِلِ وَالْمَحْرُوْمِ

"ဂုဏ်ပြင် အကြင်(ဆွလာသ်ဝတ်ပြုသူ)သူတို့သည် ၎င်းတို့၏ဥစ္စာပစ္စည်းများ၌ သိရှိသတ်မှတ်ပြီးဖြစ်သော အခွင့်အရေးသည်ရှိပေသည်။ တောင်းရမ်းသောသူတို့အဖို့လည်းကောင်း၊ (သိက္ခာကိုစောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်းမပြုသောသူ၏အဖို့လည်းကောင်း" (၇၀း၂၄-၂၅)

ဟတ်က်(သို့)သတ်မှတ်ထားသော တာဝန်သည် ဆွဒကာဟ်(သို့)လျှဒါန်းခြင်းအနေဖြင့် မရှိဆင်းရဲသားများအား ပေးကမ်းလျှဒါန်းခြင်းဟု ဖော်ပြသည်။

ဤနေရာ၌ရည်ညွှန်းထားသော "စွဒကဟ်"သည် ယေဘုယျအလျှဒါနအဖြစ် သိရှိသော'စွဒကဟ်'နှင့် 'ခိုင်ရသ်'ကိုဆိုလိုပါသလား။ သို့မဟုတ် 'အုရှ်ရှ်'လယ်ယာမြေ၏ဇကားသ်ဖြစ်သော သီးသန့်'စွဒကဟ်'ကိုဆိုလိုပါ

သလော။ ဤကိစ္စရပ်နှင့်ပတ်သက်၍ ဆွဟာဗဟ်များနှင့်သာဗိအီနိတို့အကြားရှိ ပညာရှင်များတွင် အဆိုအမိန့် နှစ်ရပ်ရှိပါသည်။ ထိုသူများအနက်မှ အချို့သည် ပထမဖြစ်နိုင်ခြေကို ကြိုက်နှစ်သက်ကြသည်။ ထိုသူများတို့၏ အကြောင်းပြချက်မှာ ဤအာယသ်သည် မက္ကီအာယသ်ဖြစ်သည်။ မပြုမနေရဇကားသ်တာဝန်အတည်ဖြစ်သည်မှာ မဒီနာဟ်အလ်တွိုင်ယိဗဟ်သို့ ဟိဂျ်ရသ်ကြွမြန်းပြီးနှစ်နှစ်ကြာမှဖြစ်ပါသည်။ ထို့ကြောင့် ဤနေရာပါ"ဟတ်က်"သည် လယ်ယာမြေ၏ဇကားသ်အတွက်"ဟတ်က်" အဖြစ်မသုံးစွဲနိုင်ပါ။ ၎င်းတို့အနက်မှ အချို့သောသူများက ဤအာယသ် သည် "မဒနီ"အာယသ်များအနက်တစ်ခုအဖြစ် မှတ်ယူခဲ့သောကြောင့် ယင်းတို့အဆိုအရ "ဟတ်ကဟူ"ဟူသည် "အုရ်ရှ်"ဟုခေါ်သော လယ်ယာကိုင်းကျွန်းတို့၏ ဇကားသ်ကိုရည်ညွှန်းပါသည်။

သဖ်စီရ်ပညာရှင်များဖြစ်သော အိဗ်နိကဆီးရ်သည် သူ၏သဖ်စီရ်ကျမ်းထဲတွင်၎င်း၊ အိဗ်နိအလ်အရဗီ သည် အဟ်ကာမုလ်အလ်ကုရ်အာန်ကျမ်းတွင်၎င်း၊ ဤသည်ကိုဖြေရှင်းကာ ပြောကြားထားသည်မှာ အာယသ် သည်မက္ကီအာယသ်ဖြစ်စေ၊ မဒနီအာယသ်ဖြစ်စေ အခြေအနေနှစ်ရပ်စလုံးတွင် အာယသ်သည်"အုရ်ရ်"ခေါ်သော လယ်ယာမြေအတွက် "ဇကားသ်"ဟု အဓိပ္ပာယ်သက်ရောက်စေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အဆိုအရ ဇကားသ်အား မပေးမနေရတာဝန်တစ်ရပ်အဖြစ် ပြုလုပ်သည့်ရှေးဦးမဆွ အမိန့်ပညတ်ချက်သည် မက္ကာဟ်မြို့တော် ၌ကျရောက်ခဲ့ပြီး ဖြစ်လေသည်။ အများသဘောတူညီချက်အရ "ဇကားသ်"နှင့်သက်ဆိုင်သည့် အမိန့်ပညတ်ချက် ပါဝင်သော စူရဟ်အလ်မုဇမ်မင်မ်သည် မက္ကီစူရဟ်ဖြစ်ပါသည်။ သို့သော် "ဇကားသ်"အတွက်နူန်းထားနှင့်စံ(နိစားဗ်) ကိုမူ "ဟိဂျ်ရသ်"ပြီးမှဆုံးဖြတ်ခဲ့ပါသည်။ လက်ရှိအာယသ်က ကျွန်ုပ်တို့အားပြောပြသည်မှာ အလ္လာဟ်အရှင်မြတ် သည် လယ်ယာမြေမှထွက်သည်တို့အပေါ်၌ ပေးဆောင်ရန်တာဝန်အဖြစ် ပြုလုပ်ထားပါသည်။ ဤနေရာ၌ ယင်း၏ အရေအတွက်ကို ဆုံးဖြတ်မထားပါ။ ထို့ကြောင့် အရေအတွက်နှင့်ပတ်သက်လာလျှင် ဤအာယသ်တော်သည် အတိုချုပ်ဖြစ်သည်။ မက္ကာဟ်အလ်မုအဇ္ဇမဟ်ရှိအခြေအနေအရပ်ရပ်သည် တစ်မူကွဲပြား ပါသည်။ ဤအရေအတွက် ဆုံးဖြတ်ချက်သည်ထိုနေရာ၌မလိုအပ်ပါ။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်များ သည်၎င်းတို့၏လယ်ယာများမှ ထွက်ရှိသည်များနှင့်ခြံများမှထွက်သော သစ်သီးဝလံများအား အလွယ်တကူနှင့် အေးအေးချမ်းချမ်းရရှိလိမ့်မည် ဟူသော အာမခံချက်မရှိပါ။ ထို့ကြောင့် ထိုစဉ်ကလုပ်ဆောင်ပုံမှာ လျှဒါန်းနိုင်သောသူတို့သာ သူတို့၏ လယ်မြေ ရိတ်သိမ်းချိန်တွင်၎င်း၊ သစ်သီးဝလံများကို ဆွတ်ခူးချိန်တွင်၎င်း၊ မရှိဆင်းရဲသားများ အားစုဝေးစေကာ ယင်းတို့ ပစ္စည်းများအနက်မှအချို့ကို ပေးကမ်းလျှဒါန်းသည့် အလေ့အကျင့်သည် မထူးဆန်းပါ။ ထိုသို့ပေးကမ်းလျှဒါန်းခြင်း အတွက် အရေအတွက်သတ်မှတ်ချက်မရှိပါ။ အစ္စလာမ်ဘာသာမပေါ်ထွန်းမီကပင် အခြားသောအုပ်စုများကလည်း သူတို့၏လယ်ယာမြေထွက်သီးနှံအချို့တို့ကို အလှူဒါနအနေဖြင့်ပေးသည့်ဓလေ့ရှိခဲ့ကြောင်း ကုရ်အာန်ကျမ်း တော်မြတ်အာယသ်တော်တစ်ခုထဲတွင်- اِنَّا بَلَوْ نٰهُمْ كَمَا بَلَوْنَآ اَصْحٰبَ الْجَنَّةِ "ဧကန်စင်စစ် ငါအရှင်မြတ်သည် ဥယျာဉ်ရှင်များအား စမ်းသပ်တော်မူဘိသကဲ့သို့ပင်၊ ၎င်းတို့အားစမ်းသပ်တော်မူခဲ့၏။ တစ်ရံရောအခါဝယ် ထိုဥယျာဉ်ရှင်တို့က မလွဲဧကန်၎င်းတို့သည် နံနက်စောစောသွားကြလျက် ယင်းဥယျာဉ်၏ အသီးများကိုဆွတ်ခူးကြ မည်။ (၆၈း၁၇)ဖော်ပြထားသည်။ "ဟိဂျ်ရသ်"ပြုပြီးနှစ်နှစ်အကြာတွင် တမန်တော်မြတ် (e) သခင်သည် ဝဟီ၏ ညွှန်ကြားချက်အရ စည်းစိမ်ဥစ္စာနှင့်ပိုင်ဆိုင်မှုတို့၏အရေအတွက်နှင့် စံများအကြောင်း၊ "ဇကားသ်"နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားရာတွင် လယ်ယာမြေ၏"ဇကားသ်"အကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။ စိုက်ယိဒနာ မုအားဇ်အိဗ်နိဂျဗလ်၊ စိုက်ယိဒနာ အိဗ်နိအုမရ်၊ ဂျာဗိရ်အိဗ်နိ အဗ်ဒုလ္လာဟ် (t) တို့၏

ခိုင်လုံသောဆင့်ပြန်ချက်အရ ဟဒီးဆ်ကျမ်းစာအုပ် အားလုံးတွင် တင်ပြထားသည်။ ယင်းဟဒီးဆ်မှာ-**مَاسَقَتِ السَّمَآءُ فَفِيْهِ الْعُشْرُ وَمَا سُقِىَ بِالسَّانِيَةِ فَنِصْفُ الْعُشْرِ** စိုက်ပျိုးရေးအတွက် ရေသွင်း ရန်မကြိုးပမ်းရဘဲ မိုးရေဖြင့်စိုက်ပျိုးနိုင်သော လယ်ယာမြေမှထွက်ရှိသော သီးနှံ၏ဆယ်ပုံတစ်ပုံကို "ဇကားသ်"အဖြစ် ပေးဆောင်ရမည်မှာ ဝါဂျိဗ်တာဝန်ဖြစ်သည်။ ရေတွင်းများမှ ရေသွင်းစိုက်ပျိုးရသော လယ်ယာမြေများမှ ထွက်ရှိသောအသီးအနှံတို့၏ နှစ်ဆယ်ပုံတစ်ပုံကို "ဇကားသ်"အဖြစ်ပေးဆောင်ရမည်မှာ ဝါဂျိဗ်ဖြစ်သည်။

ဇကားသ်အတွက် ပြဋ္ဌာန်းထားသော ဥပဒေတွင် အလုံးစုံသော အမျိုးအစားတို့အတွက်"ဇကားသ်"ဆုံးဖြတ်ရာတွင် အခြေခံမူတစ်ခုကို အသုံးပြုထားပါသည်။ ဤမူအရ "ဇကားသ်"ပေးရမည့်အရေအတွက်သည် ထုတ်လုပ်မှုအတွက် လုပ်အားနှင့်ကုန်ကျစရိတ်လျော့နည်းခဲ့လျှင် "ဇကားသ်"ပေးဆောင်ရခြင်းတိုးမြှင့်ကာ၊ လုပ်အားနှင့်ကုန်ကျစရိတ်များပါက ထိုအချိုးအစားအလိုက်(ဇကားသ်)ပေးဆောင်ရခြင်းလျော့နည်းပါသည်။ ယင်းကိုကျွန်ုပ်တို့ဥပမာတစ်ခုဖြင့် နားလည်ကြည့်ကြစို့။ အကယ်၍တစ်စုံတစ်ဦးသည် ရှေးဟောင်းရတနာများတွေ့ရှိခဲ့လျှင်ငင်း၊ သတ္ထုတူးဖော်ရာ၌ရွှေတွင်း(သို့)ငွေတွင်းတူးဖော်မိပါက ယင်းတို့၏ ငါးပုံတစ်ပုံသည် သူ့အပေါ်၌ "ဇကားသ်"ပေးရန်ထိုက်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လုပ်အားနှင့်ကုန်ကျစရိတ်ကနည်းပါးပြီး၊ ထွက်ရှိသည်ကများသောကြောင့်ဖြစ်သည်။ ထိုသည်၏နောက် မိုးရေနှင့်စိုက်ပျိုးသော လယ်များအကြောင်းဖော်ပြထားပါသည်။ ယင်းတွင်လုပ်အားနှင့်ကုန်ကျစရိတ်သည် အနိမ့်ဆုံးအချိုးအစားတွင်ရှိပါသည်။ ယင်းအတွက်ပေးဆောင်ရမည့်"ဇကားသ်"ကို ငါးပုံတစ်ပုံ၏ ထက်ဝက်ဖြစ်သော ဆယ်ပုံတစ်ပုံသတ်မှတ်ပါသည်။ ထိုသည်၏နောက်ရေတွင်းများမှရေသွင်းစိုက်ပျိုးသော လယ်ယာမြေများအကြောင်းနှင့် ရေပေးတူးမြောင်းမှ အခကြေးငွေဖြင့် ရေသွင်းစိုက်ပျိုးသော လယ်ယာများအကြောင်းတို့ဖြစ်ပါသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် လုပ်အားနှင့်ကုန်ကျစရိတ်များစေသောကြောင့် ဇကားသ်ပေးဆောင်မှုကို ထပ်မံတစ်ဝက်လျော့သည်အနေဖြင့် ဆယ်ပုံတစ်ပုံ၏တစ်ဝက်ဖြစ်သော အပုံနှစ်ဆယ်ပုံတစ်ပုံပေးဆောင်ရပါမည်။ ထို့နောက် ငွေကြေး၊ ရွှေ(သို့) ငွေနှင့် အရောင်းအဝယ်လုပ်သော ကုန်ပစ္စည်းများဖြစ်ပါသည်။ ဝယ်ယူရရှိခြင်းနှင့်တိုးပွားစေမှုတွင် အကုန်အကျများပြီး ထပ်ဆင့်လုပ်အားလည်းလိုပါသည်။ ထို့ကြောင့် ဤသည်အတွက်"ဇကားသ်"ကိုထပ်၍ပင် တစ်ဝက်ဟုသတ်မှတ်ထားပါသည်။ ဆိုလိုသည်မှာ အပုံနှစ်ဆယ်၏ထက်ဝက်ဖြစ်သော အပုံလေးဆယ်ပုံတစ်ပုံဖြစ်ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏လက်ရှိအာယသ်တော်ထဲနှင့် အထက်ကိုးကားခဲ့သော ဟဒီးဆ်တော်များတွင် လယ်ယာမြေကွက်များ၏ နိစားဗ်(သတ်မှတ်ဆင့်စံ)ကို ဆုံးဖြတ်မထားပါ။ ထို့ကြောင့် အိမာမ်အဗူဟနီဖာဟ်နှင့် အီမာမ်အဟ်မဒ်အိဗ်နိဟမ်ဗလ်တို့၏ ဓမ္မသတ်(မဇဟဗ်)အရဆိုလျှင် လယ်ယာမြေကွက်များအပေါ်ထွက်ရှိသည်မှာနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ယင်းအပေါ်မှ ဇကားသ်ထုတ်ရန်မှာ မလုပ်မနေရတာဝန်ဖြစ်သည်။ လယ်ယာမြေ၏ဇကားသ်နှင့်ပတ်သက်သောအကြောင်း စူရဟ်အလ်ဘကရဟ်၌ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော် ထိုနေရာ၌လည်း နိစားဗ်(သတ်မှတ်အဆင့်စံ)ကိုဖော်ပြမထားပါ။ အာယသ်တော်၏မူရင်းစာသားကိုအောက်တွင် ဖော်ပြထားသည် -

﴿ اَنْفِقُوْا مِنْ طَيِّبٰتِ مَا كَسَبْتُمْ وَمِمَّآ اَخْرَجْنَا لَكُمْ مِّنَ الْاَرْضِ ﴾

"အို-အိမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ရှာဖွေလုပ်ကိုင်၍ရရှိသော သန့်စင်သောဥစ္စာပစ္စည်းများအနက်မှလည်းကောင်း၊ ငါအရှင်မြတ်သည် အသင်တို့အဖို့ မြေမှထွက်စေသော (သစ်သီးသစ်၌၊ သတ္တု အစရှိသည်)တို့အနက်မှလည်းကောင်း ပေးကမ်းစွန့်ကြဲကြကုန်။" (၂း၂၆၇)

('အုရူရ်'နှင့်ပတ်သက်သော မှတ်ချက်များကို မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာပြန်အတွဲ-၂ စာမျက်နှာ-၃၉၆တွင် ပါဝင်သည်။)

ကုန်စည်များနှင့် ကျွဲနွားတိရစ္ဆာန်များရောင်းဝယ်ဖောက်ကားမှုအတွက် တမန်တော်မြတ် (ﷺ) သခင်သတ်မှတ်ထားသော နိစားဗ်(သတ်မှတ်ဆင့်စံ)မှာငွေ ၅၂ƒ တိုလာအောက်(တစ်တိုလာ=၀. ၄၁အောင်စ= ၁၁. ၆၃၆၃၀ရမ်)ရှိလျှင်လည်းကောင်း၊ ကုလားအုတ် ၅-ကောင်အောက်ရှိလျှင်လည်းကောင်း၊ ဇကားသ်မထိုက်ချေ။ သို့သော်လည်း အထက်ဖော်ပြပါ ဟဒီးဆ်တော်ထဲ၌ လယ်ယာမြေကွက်နှင့်ပတ်သက်၍ နိစားဗ်(သတ်မှတ်အဆင့်စံ)သတ်မှတ်ထားခြင်းမရှိပါ။ ထို့ကြောင့် လယ်ယာမြေကွက်မှာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ယင်းတို့အတွက် ဇကားသ်ပေးဆောင်ရန်မှာ ဝါဂျစ်ဗ်ဖြစ်သည်။

အာယသ်တော်(၁၄၁)အဆုံးတွင် မိန့်ထားသည်မှာ- وَلاَ تُسْرِفُوْا اِنَّهُ لاَ يُحِبُّ الْمُسْرِفِيْنَ "သို့ရာတွင် အသင်တို့သည် မဖြုန်းတီးကြကုန်လင့်။ အမှန်ဧကန်ထိုအရှင်မြတ်သည် ဖြုန်းတီးသောသူတို့အား နှစ်သက်တော်မမူချေ။ (၆း၁၄၁)ဖြစ်သည်။ ဤတွင်မေးစရာတစ်ခုပေါ်လာသည်။ လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် ၎င်း၏ဥစ္စာပစ္စည်း၊ ၎င်း၏အသက်နှင့်ပိုင်ဆိုင်သမျှတိုင်းကို သုံးစွဲခဲ့လျှင် ယင်းကို အစွန်းဖ် aFArS^A_ (ဖြုန်းတီးခြင်း)ဟုမခေါ်နိုင်ချေ။ စင်စစ်ယင်းတို့ကို အားလုံးသုံးစွဲပြီးသည့်တိုင်ယင်းသူ(သို့)သူမသည် အလ္လာဟ်အရှင်မြတ်၏ တာဝန်များကိုအမှန်ထမ်းဆောင်ပြီးကြောင်း ပြောရန်ခက်ပေသည်။ သို့ဆိုပါလျှင် ဤနေရာ၌အစွန်းဖ်(သို့) (ဖြုန်းတီးခြင်း)ကို တားမြစ်ပိတ်ပင်ခြင်းသည် အမှန်စင်စစ် မည်သည်ကိုဆိုလိုသနည်း၊ အဖြေကား ဘဝ၏ကဏ္ဍတစ်ရပ်တွင်ဖြုန်းတီးခြင်းသည် အများအားဖြင့် အခြားကဏ္ဍများတွင် လိုအပ်ခြင်း၊ လျော့နည်းခြင်း(သို့) ချို့တဲ့ခြင်းများဖြစ်စေပါသည်။ တစ်စုံတစ်ဦးသည် သူ့စိတ်ဆန္ဒကိုဖြည့်ဆည်းရန် အချည်းနှီးအကျိုးမဲ့သုံးဖြုန်းခဲ့လျှင် များသောအားဖြင့် အခြားသူတို့၏ရပိုင်ခွင့်ဖြည့်ဆည်းမှုတွင် ပျက်ကွက်ခြင်းဖြင့်အဆုံးသတ်လေ့ရှိသည်။ ဤနေရာတွင် တားမြစ်ပိတ်ပင်ထားသည်မှာ ထိုကဲ့သို့ ချို့တဲ့မှုမျိုးကြောင့်ဖြစ်သည်။ ဆိုလိုသည်မှာတစ်စုံတစ်ဦးသည် ၎င်းပိုင်ဆိုင်သမျှအလ္လာဟ်အရှင်မြတ်လမ်းတော်၌သုံးစွဲကာ လက်မဲ့ပြန်လာခဲ့လျှင် ထိုသူသည်သူ့သားသမီးများ၊ မိသားစုနှင့်ဆွေမျိုးသားချင်းများနှင့် သူ့ကိုယ်သူအတွက်ပင် ရပိုင်ခွင့်များ မည်သို့ဖြည့်ဆည်းနိုင်အံ့နည်း။ ထို့ကြောင့် ဤနေရာ၌ပေးအပ်ခဲ့သည့် လမ်းညွှန်မှုဥပဒေမှာ အလ္လာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲသည်ဆိုလျှင်ပင် အလယ်အလတ်ကျင့်သုံးရမည်။ သို့မှသာလျှင် သူ၏တာဝန်များထမ်းဆောင်နိုင်လိမ့်မည်ဖြစ်သည်။

uuuuuuuuuuuuuuuu

tm, of (143–144)

ثَمٰنِيَةَ اَزْوَاجٍ ۚ مِنَ الضَّاْنِ اثْنَيْنِ وَمِنَ الْمَعْزِ اثْنَيْنِ ؕ
قُلْ ءٰٓالذَّكَرَيْنِ حَرَّمَ اَمِ الْاُنْثَيَيْنِ اَمَّا اشْتَمَلَتْ عَلَيْهِ
اَرْحَامُ الْاُنْثَيَيْنِ ؕ نَبِّـُٔوْنِيْ بِعِلْمٍ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۱۴۳﴾
وَمِنَ الْاِبِلِ اثْنَيْنِ وَمِنَ الْبَقَرِ اثْنَيْنِ ؕ قُلْ ءٰٓالذَّكَرَيْنِ
حَرَّمَ اَمِ الْاُنْثَيَيْنِ اَمَّا اشْتَمَلَتْ عَلَيْهِ اَرْحَامُ الْاُنْثَيَيْنِ ؕ
اَمْ كُنْتُمْ شُهَدَآءَ اِذْ وَصّٰىكُمُ اللّٰهُ بِهٰذَا ۚ فَمَنْ اَظْلَمُ مِمَّنِ
افْتَرٰى عَلَى اللّٰهِ كَذِبًا لِّيُضِلَّ النَّاسَ بِغَيْرِ عِلْمٍ ؕ اِنَّ اللّٰهَ لَا
يَهْدِى الْقَوْمَ الظّٰلِمِيْنَ ﴿۱۴۴﴾

(အသင်တို့သည် မိမိတို့၏စိတ်ထင်ရာအတိုင်း“စားသုံးပိုင်ခွင့်ရှိသည်ဟူ၍ လည်းကောင်း၊ စားသုံးပိုင်ခွင့်မရှိဟူ၍လည်းကောင်း၊ ထင်မြင်ယူဆပြောဆို လျက်ရှိကြသောခြေလေးချောင်းတိရစ္ဆာန်တို့အနက် ထိုအရှင်မြတ်သည်(အထီး အမ)ရှစ်ကောင်ကို(ဖန်ဆင်းတော်မူခဲ့လေသည်။)သိုးများအနက် အထီးအမ၊ နှစ်ကောင်၊ ထိုနည်းတူဆိတ်များအနက် အထီး၊ အမ၊ နှစ်ကောင်(ဖန်ဆင်း တော်မူလေ၏။ အို-နဗီတမန်တော်) အသင်သည်(ၦင်းတို့အား ဤသို့)ပြောဆို မေးမြန်းပါလေ။ (အချင်းတို့) ထိုအရှင်မြတ်သည် အထီးနှစ်ကောင်ကို“ဟရာမ်” ဟူ၍တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ်“အမ”နှစ်ကောင်ကိုတားမြစ် တော်မူပါသလော။ သို့တည်းမဟုတ် အမနှစ်ကောင်၏ သားအိမ်များတွင်လွယ် ထားသောကလေးများကိုတားမြစ်တော်မူပါသလော။ အကယ်၍အသင်တို့သည် မှန်ကန်စွာပြောဆိုသူများဖြစ်ကြပါလျှင် ငါ့အားသက်သေသာဓက၊ အထောက် အထားနှင့်တကွ တင်ပြကြလေကုန်။ (၆း၁၄၃)

ထိုနည်းတူစွာ(ထိုအရှင်မြတ်သည်)ကုလားအုတ်များအနက် အထီးနှင့်အမ နှစ်ကောင်၊ ထို့အတူ နွားများအနက် အထီးနှင့်အမနှစ်ကောင်ကို(ဖန်ဆင်း တော်မူလေသည်။ အို-နဗီတမန်တော်)အသင်သည် (ၦင်းတို့အား ဤသို့)ပြောဆို မေးမြန်းပါလေ။ (အချင်းတို့) ထိုအရှင်မြတ်သည် “အထီးနှစ်ကောင်ကို”

"ဟရာမ်"ဟူ၍တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ်"အမ"နှစ်ကောင်ကို တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ်"အမ"နှစ်ကောင်၏သားအိမ်များတွင် လွယ်ထားသောကလေးများကို တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က အသင်တို့အား ဤအမိန့်တော်ကိုချမှတ်ပေးတော်မူစဉ်အခါ၌(သက်သေများအဖြစ်)ရှေ့တော်မှောက်တွင်ရှိနေကြပါသလော။ သို့ဖြစ်ပေရာ အသိပညာ(သက်သေသာဓက) မရှိဘဲလျက် လူခပ်သိမ်းတို့အား လမ်းမှားစေခြင်းငှာ၊ အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်ပြောဆိုသူထက် မတရားသောသူသည် မည်သူ ဖြစ်နိုင်ပါသနည်း။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည်(ယင်းကဲ့သို့)မတရားသောသူတို့အား လမ်းမှန်သို့ ပို့ဆောင်တော်မူသည်မဟုတ်ချေ။ (၆း၁၄၄)

5 R

tm, of (145–147)


قُلْ لَّآ اَجِدُ فِيْ مَآ اُوْحِيَ اِلَيَّ
مُحَرَّمًا عَلٰى طَاعِمٍ يَّطْعَمُهٗٓ اِلَّآ اَنْ يَّكُوْنَ مَيْتَةً اَوْ
دَمًا مَّسْفُوْحًا اَوْ لَحْمَ خِنْزِيْرٍ فَاِنَّهٗ رِجْسٌ اَوْ فِسْقًا
اُهِلَّ لِغَيْرِ اللّٰهِ بِهٖ ۚ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَّلَا عَادٍ فَاِنَّ
رَبَّكَ غَفُوْرٌ رَّحِيْمٌ ﴿١٤٥﴾ وَعَلَى الَّذِيْنَ هَادُوْا حَرَّمْنَا كُلَّ
ذِيْ ظُفُرٍ ۚ وَمِنَ الْبَقَرِ وَالْغَنَمِ حَرَّمْنَا عَلَيْهِمْ شُحُوْمَهُمَآ
اِلَّا مَا حَمَلَتْ ظُهُوْرُهُمَآ اَوِ الْحَوَايَآ اَوْ مَا اخْتَلَطَ
بِعَظْمٍ ۭ ذٰلِكَ جَزَيْنٰهُمْ بِبَغْيِهِمْ ۡ وَاِنَّا لَصٰدِقُوْنَ ﴿١٤٦﴾
فَاِنْ كَذَّبُوْكَ فَقُلْ رَّبُّكُمْ ذُوْ رَحْمَةٍ وَّاسِعَةٍ ۚ وَلَا يُرَدُّ
بَاْسُهٗ عَنِ الْقَوْمِ الْمُجْرِمِيْنَ ﴿١٤٧﴾

(အို-နဗီတမန်တော်)အသင်သည် (ယင်းသူတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့)ငါသည် မိမိထံသို့(အလ္လာဟ်အရှင်မြတ်အထံတော်မှ)ကျရောက်လာသော"ဝဟ်ယ်"အမိန့်တော်တွင် (ယခုအငြင်းပွားလျက်ရှိသော တိရစ္ဆာန်များအနက်)တစ်စုံတစ်ခုကို မည်သည့်စားသုံးသူအပေါ်၌မျှ ၎င်းကို စားသုံးခြင်းသည် "ဟရာမ်"ဟူ၍တားမြစ်ထားသည်ကို မတွေ့ရှိရချေ။ သို့ရာတွင်အသေသား၊ သို့မဟုတ် စီးထွက်သောသွေး၊ သို့မဟုတ် ဝက်တိရစ္ဆာန်၏ အသားဖြစ်ခဲ့လျှင် ထိုအရာများသည် အလွန်ညစ်ထေး၍ မသန့်စင်သောကြောင့် သို့မဟုတ် ဥပဒေကိုကျူးလွန်ခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်မှတစ်ပါးအခြားကို ရည်စူး၍သတ်မှတ်ခဲ့လျှင်("ဟရာမ်"ဟူ၍တားမြစ်ထားတော်မူလေသည်။) သို့ပါလျက် အကြင်သူသည် (ထိုထိုသောအရာများကိုပင်)အရသာခံစားလိုခြင်း၊ စည်းကမ်းကျူးလွန်ဖောက်ဖျက်ခြင်းမရှိဘဲ မလွဲမရှောင်သာဖြစ်၍ (အသက်မသေရုံမျှသာစားသုံး)ခဲ့ပါမူ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်ဧကန်အမှန်အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသော

အရှင်၊ အလွန်တရာသနားညှာတာတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၆း၁၄၅)

စင်စစ်တစ်မူကား၊ အရှင်မြတ်သည် ယဟူဒီဖြစ်ကုန်သောသူတို့အပေါ်၌ခြေသည်း လက်သည်းရှိသော တိရစ္ဆာန်အသီးသီးကိုငင်း၊ နွားဆိတ်တို့အထဲမှ ထိုနွားနှင့်ဆိတ်တို့၏ ကျောက်ကုန်းနှင့်ကပ်နေသောအဆီ၊ သို့မဟုတ်အူများနှင့်ကပ်နေသော အဆီ၊ သို့မဟုတ် အရိုးများနှင့်ကပ်နေသောအဆီများမှတစ်ပါး ထိုနွားနှင့်ဆိတ်တို့၏အထဲမှ အခြားအဆီများကိုလည်းကောင်း "ဟရာမ်"ဟူ၍ တားမြစ်တော်မူခဲ့လေသည်။ ဤ(သို့တားမြစ်ခြင်း)ကား၊ ၎င်းတို့အား အရှင်မြတ်သည် ၎င်းတို့၏ပုန်ကန်မှုကြောင့် ပြစ်ဒဏ်ပေးတော်မူခြင်းပင်ဖြစ်ချေသည်။ အမှန်စင်စစ်သော်ကား ငါအရှင်မြတ်သည် မုချဧကန်မှန်ကန်စွာ မိန့်ကြားတော်မူသောအရှင်သာလျှင် ဖြစ်တော်မူသည်။ (၆း၁၄၆)

ထို့နောက်သော်မှပင်(အို-နဗီတမန်တော်)အကယ်၍၊ ၎င်းတို့သည် အသင့်အားမုသားပြောဆိုသည်ဟူ၍စွပ်စွဲကြပါလျှင်၊ အသင်သည် (၎င်းတို့ကိုဤသို့)ဖြေကြားပါလေ။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလွန်ကြီးကျယ်သော မဟာကရုဏာတော်ရှင်ဖြစ်တော်မူသည်။ သို့ရာတွင် ထိုအရှင်မြတ်၏ ပြစ်ဒဏ်သည်လည်း အပြစ်ရှိသော သူတို့အပေါ်မှဆုတ်ခွာ၍(ရွေ့လျော)သွားလိမ့်မည်မဟုတ်ပေ။ (၆း၁၄၇)

tm, of (148–150)

سَيَقُولُ الَّذِينَ أَشْرَكُوا
لَوْ شَاءَ اللَّهُ مَا أَشْرَكْنَا وَلَا آبَاؤُنَا وَلَا حَرَّمْنَا مِنْ شَيْءٍ
كَذَٰلِكَ كَذَّبَ الَّذِينَ مِنْ قَبْلِهِمْ حَتَّىٰ ذَاقُوا بَأْسَنَا
قُلْ هَلْ عِنْدَكُمْ مِنْ عِلْمٍ فَتُخْرِجُوهُ لَنَا إِنْ تَتَّبِعُونَ
إِلَّا الظَّنَّ وَإِنْ أَنْتُمْ إِلَّا تَخْرُصُونَ ﴿١٤٨﴾ قُلْ فَلِلَّهِ الْحُجَّةُ الْبَالِغَةُ
فَلَوْ شَاءَ لَهَدَاكُمْ أَجْمَعِينَ ﴿١٤٩﴾ قُلْ هَلُمَّ شُهَدَاءَكُمُ
الَّذِينَ يَشْهَدُونَ أَنَّ اللَّهَ حَرَّمَ هَٰذَا ۖ فَإِنْ شَهِدُوا
فَلَا تَشْهَدْ مَعَهُمْ ۚ وَلَا تَتَّبِعْ أَهْوَاءَ الَّذِينَ كَذَّبُوا
بِآيَاتِنَا وَالَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ وَهُمْ بِرَبِّهِمْ
يَعْدِلُونَ ﴿١٥٠﴾

အခြားအရာများကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်သောသူတို့သည်မကြာမြင့်မီ ပြောဆိုကြမည်မှာ “အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည်၎င်း၊ ကျွန်ုပ်တို့၏ ဘိုး၊ ဘေး၊ ဘီဘင်တို့သည်၎င်း၊ တစ်စုံတစ်ရာကိုအလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်၍ ကိုးကွယ်နိုင်ကြမည်လည်းမဟုတ်ပါ။ တစ်စုံတစ်ရာကို“ဟရာမ်”ဟူ၍ တားမြစ်နိုင်ကြမည်လည်းမဟုတ်ပါဟု ပြောဆိုကြကုန်အံ့။ (ယင်းကဲ့သို့ငြင်းပယ်ခြင်းသည် အထူးအဆန်းမဟုတ်ပေ။) (အကြောင်းမူကား) ၎င်းတို့အလျင်ရှိခဲ့ဘူးကြသော သူတို့သည်လည်း(အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်များအား ဤနည်းအတိုင်းပင်၊ “မဟုတ်မမှန်ပြောဆိုသူများ”ဟူ၍ စွပ်စွဲခဲ့ကြကုန်၏။ နောက်ဆုံးတွင် ယင်းသူတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်ကိုမြည်းစမ်းခဲ့ကြရလေသည်။ (အို-နဗီတမန်တော်)အသင်သည်(ထိုသူတို့အား အချင်းတို့) “အသင်တို့ထံ တစ်စုံတစ်ရာသက်သေ၊ သာဓကရှိပါသလော။ ရှိခဲ့ပါလျှင် ငါတို့၏ရှေ့၌ ထုတ်ဖော်တင်ပြကြလေကုန်။ အသင်တို့သည် (သက်သေသာဓကအလျင်းမရှိဘဲ မိမိတို့

၏) ထင်မြင်ယူဆချက်ကိုသာ လိုက်နာကျင့်သုံးကြပေသည်။ ထို့ပြင်အသင်တို့သည်ရမ်းဆပြောဆိုသူများသာဖြစ်ကြပေသည်။ (၆း၁၄၈)

(အို-နဗီတမန်တော်)အသင်သည် (ၦင်းတို့အား ဤသို့)ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အလ္လာဟ်အရှင်မြတ်၏ သက်သေသာဓကသည်သာလျှင် (တိကျ)ပြည့်စုံလုံလောက်သော သာဓကပင်ဖြစ်၏။ သို့ဖြစ်ပေရာ အကယ်၍သာထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အားလုံးကိုလမ်းမှန်သို့ဧကန်မုချ ပို့ဆောင်တော်မူခဲ့ပြီးဖြစ်အံ့။ (၆း၁၄၉)

(အို-နဗီတမန်တော်)အသင်သည် (ၦင်းတို့အား)အသင်တို့သည် အလ္လာဟ်အရှင်မြတ်က "ဤအရာ(များ)ကို "ဟရာမ်"ဟူ၍တားမြစ်ထားတော်မူသည်ဟုသက်သေခံကြမည့် အသင်တို့၏သက်သေများကို ခေါ်ယူခဲ့ကြလေကုန်ဟုပြောဆိုပါလေ။ အကယ်၍ ၎င်း(သက်သေ)တို့သည် (မုသား)သက်သေခံကြသည့်တိုင်အောင် အသင်သည် ၎င်းတို့နှင့်အတူ သက်သေမခံပါလေနှင့်။ ၎င်းပြင် အသင်သည် အကြင်သူများ၏ အလိုဆန္ဒများကို မလိုက်ပါလေနှင့်။ ထိုသူများသည် ငါအရှင်မြတ်၏အမိန့်တော်များကို မဟုတ်မမှန်ဟုပြောဆိုကြသည်။ ၎င်းပြင်နောင်တမလွန်ဘဝကို မယုံကြည်ကြသည့်ပြင် မိမိတို့အားမွေးမြူဖန်ဆင်းတော်မူသော အရှင်နှင့်တန်းတူထား၍ (အခြားအရာများကိုလည်း)ကိုးကွယ်သူတို့၏ အလိုဆန္ဒများကိုလည်း မလိုက်ပါလေနှင့်။ (၆း၁၅၀)

tm, of (151–153)

قُلْ تَعَالَوْا اَتْلُ مَا حَرَّمَ رَبُّكُمْ عَلَيْكُمْ اَلَّا
تُشْرِكُوْا بِهٖ شَيْـًٔا وَّبِالْوَالِدَيْنِ اِحْسَانًا ۚ وَلَا تَقْتُلُوْٓا
اَوْلَادَكُمْ مِّنْ اِمْلَاقٍ ؕ نَحْنُ نَرْزُقُكُمْ وَاِيَّاهُمْ ۚ وَلَا تَقْرَبُوا
الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ ۚ وَلَا تَقْتُلُوا النَّفْسَ الَّتِيْ
حَرَّمَ اللّٰهُ اِلَّا بِالْحَقِّ ؕ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَعْقِلُوْنَ ﴿۱۵۱﴾
وَلَا تَقْرَبُوْا مَالَ الْيَتِيْمِ اِلَّا بِالَّتِيْ هِيَ اَحْسَنُ حَتّٰى
يَبْلُغَ اَشُدَّهٗ ۚ وَاَوْفُوا الْكَيْلَ وَالْمِيْزَانَ بِالْقِسْطِ ۚ لَا نُكَلِّفُ
نَفْسًا اِلَّا وُسْعَهَا ۚ وَاِذَا قُلْتُمْ فَاعْدِلُوْا وَلَوْ كَانَ ذَا قُرْبٰى ۚ
وَبِعَهْدِ اللّٰهِ اَوْفُوْا ؕ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَذَكَّرُوْنَ ﴿۱۵۲﴾
وَاَنَّ هٰذَا صِرَاطِيْ مُسْتَقِيْمًا فَاتَّبِعُوْهُ ۚ وَلَا تَتَّبِعُوا السُّبُلَ
فَتَفَرَّقَ بِكُمْ عَنْ سَبِيْلِهٖ ؕ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَتَّقُوْنَ ﴿۱۵۳﴾

(အို-နဗီတမန်တော်)အသင်သည် (ထိုသူများအား)သို့ ပြောကြားပါလေ။ အသင်တို့လာကြကုန်၊ အသင်တို့၏အရှင်က အသင်တို့အပေါ်၌ ဟရာမ်ဟူ၍ တားမြစ်ထားတော်မူသောအရာများကို ကျွန်ုပ်ရွတ်ဖတ်ပြအံ့။ (ထိုအရာများအား)အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ကြကုန်လင့်။ ၎င်းပြင်(အသင်တို့သည်)မိဘနှစ်ပါးနှင့်ကောင်းစွာ ဆက်ဆံခြင်း(ပြုကြကုန်)။ ၎င်းပြင်အသင်တို့သည် မိမိတို့၏သားသမီးများကို ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြကုန်လင့်။ ငါအရှင်မြတ်သည် အသင်တို့ကို၎င်း၊ ထိုသူများကို၎င်း စားနပ်ရိက္ခာပေးတော်မူသည်။ ၎င်းပြင်အသင်တို့သည် ထင်ရှားသောသို့မဟုတ် လျှို့ဝှက်သောစက်ဆုပ်ရွံရှာရွံက်ဖွယ်ရာ ယုတ်မာမှုများ၏အနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်။ ၎င်းပြင်အသင်တို့သည် အလ္လာဟ်အရှင်မြတ်က (သတ်ဖြတ်ခြင်းမပြုရန်)ဟရာမ်ဟူ၍မြစ်တားထားတော်မူသော အသက်ဇီဝိန်ကိုမသတ်ဖြတ်ကြကုန်လင့်။ သို့ရာတွင် အစွမ်းလာမ်တရားတော်နှင့်

အညီ (သတ်ဖြတ်ပိုင်ခွင့် ချွင်းချက်ရှိပေသည်။) ထိုအရှင်မြတ်သည် အသင်တို့သိနားလည်ကြရန်အလို့ငှာ အသင်တို့အား ဤသည်တို့ကို လေးနက်စွာအမိန့်ချမှတ်တော်မူသည်။ (၆း၁၅၁)

ထို့ပြင်အသင်တို့သည် ကောင်းမွန်သောနည်းလမ်းမှတစ်ပါး မိဘမဲ့ကလေးသူငယ်တို့၏ဥစ္စာပစ္စည်းများ၏ အပါးသို့ပင်၊ ၎င်းတို့လူလားမြောက်၊ အရွယ်ရောက်သည်အထိ၊ မချဉ်းကပ်ရ၊ ထိုမှတစ်ပါး အသင်တို့သည် တောင်း၊ တင်းနှင့် အလေးများကိုတရားမျှတစွာဖြင့် အပြည့်ချိန်တွယ်၍ပေးကြရမည်။ ငါအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူတတ်စွမ်းနိုင်သည်ထက်ပို၍ဝန်တင်တော်မူသည်မဟုတ်။ ထိုနည်းအတူ အသင်တို့သည် (တစ်စုံတစ်ရာကိုသက်သေခံရာ၌ဖြစ်စေ၊ စီရင်ဆုံးဖြတ်ရာ၌ဖြစ်စေ) စကားပြောဆိုသောအခါ (အပြောခံရသောသူသည်မိမိ) ဆွေမျိုးသားရင်းဖြစ်သည့်တိုင်အောင် တရားမျှတစွာပြောဆိုကြရမည်။ ထို့အတူ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ထားရှိသောကတိသစ္စာကိုလည်း တည်ကြရမည်(ဖြစ်ပေသည်)။ ထိုအရှင်မြတ်သည် အသင်တို့မှတ်သားနိုင်ခြင်းငှာ ဤသည့်(အချက်)တို့နှင့်စပ်လျဉ်း၍အမိန့်ချမှတ်တော်မူလေသတည်း။ (၆း၁၅၂)

ထိုမှတစ်ပါး(အသင်ပြောကြားပါလေ။) ဤသည်ငါ၏ ဖြောင့်မတ်မှန်ကန်သောတရားလမ်းစဉ်ပေသတည်း။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုလမ်းစဉ်ကိုသာ လိုက်ကြလေကုန်။ ထို့ပြင် အခြား အခြားသောလမ်းစဉ်များကို မလိုက်ကြကုန်လင့်။ အဘယ်ကြောင့်ဆိုသော် ယင်းလမ်းစဉ်များသည် အသင်တို့အားထိုအရှင်မြတ်၏လမ်းတော်မှ ကွဲကွာစေမည်ဖြစ်သောကြောင့်ပင်။ ထိုအရှင်မြတ်သည်အသင်တို့ (ပြစ်မှုဒုစရိုက်တို့မှ) ကြဉ်ရှောင်နိုင်ကြရန်အလို့ငှာ ဤသည့်(အချက်)တို့နှင့်စပ်လျဉ်း၍ အသင်တို့အား အမိန့်ချမှတ်တော်မူခဲ့လေသည်။ (၆း၁၅၃)

tus,fxGihfqykcsuf

အထက်ဖော်ပြပါ အာယသ်တော်များအလျင် နှစ်ပါဒ၊ သုံးပါဒခန့်က ထပ်တလဲလဲဖော်ပြသည့် အကြောင်းအရာမှာ ကရုမမူပဲ မိုက်မဲသူများသည် မည်ကဲ့သို့ဥပဒေထုတ်ပြန်သောအရှင်၏ ဥပဒေနှင့် ကမ္ဘာမြေကြီးနှင့်မိုးကောင်းကင်ရှိအရာအားလုံး၏ ဖန်ဆင်းရှင်ကို ရှောင်ကွင်းကာ ယင်းအစား ဘိုးဘွားဘီဘင်နှင့် အသစ်တီထွင်ထားသည့်လေ့ထုံးစံများအား ၎င်းတို့ဘာသာအဖြစ် မှတ်ယူထားသူများအကြောင်းဖြစ်သည်။ အလ္လာဟ်အရှင်

မြတ်က တရားမဝင်ဟရာမ်ဟု သတ်မှတ်ထားသောအရာများရှိခဲ့ပါသည်။ ယင်းတို့ကို ထိုသူများက တရားဝင်အဖြစ်သတ်မှတ်ကာ စတင်သုံးစွဲခဲ့ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က တရားဝင်ဟလာလ်ဟုသတ်မှတ်ထားသည်များရှိခဲ့သည်။ ယင်းတို့ကို ၎င်းတို့က သူတို့အတွက် တရားမဝင်ဟရာမ်ဟုပြုလုပ်ခဲ့သည်။ တဖန်ထိုသူများသည် အချို့အရာများကို အမျိုးသားတို့အတွက် တရားဝင်ဟလာလ်ဖြစ်၍ အမျိုးသမီးများအတွက် တရားမဝင်ဟရာမ်ဟု သတ်မှတ်ခဲ့ကြကာ၊ အချို့အရာများသည် အမျိုးသမီးများအတွက် တရားဝင်ဟလာလ်ဟု သတ်မှတ်၍ အမျိုးသားများအတွက် တရားမဝင်ဟရာမ်ဟု သတ်မှတ်ခဲ့ကြသည်။

အာယသ်တော်(၁၄၃၊ ၁၄၄နှင့် ၁၄၅)အာယသ်သုံးခုထဲတွင် အလ္လာဟ်အရှင်မြတ်က တရားမဝင်ဟရာမ်ဟုကြေညာသတ်မှတ်ထားခဲ့သည်။ ထိုသီခြားအရာများအကြောင်းဖော်ပြထားသည်။ အာယသ်တော်(၁၅၁-၁၅၂)အမိန့်ထဲတွင် အရာကိုးခုအကြောင်း အသေးစိတ်ဖော်ပြထားသည်။ ယင်းနောက် ဒဿမမြောက်အမိန့်ကို - **هٰذَا صِرَاطِیْ مُسْتَقِیْمًا فَاتَّبِعُوْهُ** ဟူသောစကားလုံးများဖြင့်လာရှိသည်။ ယင်းမှာ "ဤသည်ငါ၏ဖြောင့်မတ်မှန်ကန်သောတရားလမ်းစဉ်ပေတည်း။"ဖြစ်သည်။ ထို့နောက်(၁၅၃)ဆက်လာသည်။ ဤအမိန့်တော်က တမန်တော်မြတ် (ﷺ) သခင်ယူဆောင်လာ၍သင်ကြားပို့ချခဲ့သော ဘာသာသာသနာနှင့်ကိုခဥပဒေ(ဒီးန်နှင့်ရှရီအသ်)တို့ကို ညွှန်းပြသည်။ ထို့နောက် ဟလာလ်(တရားဝင်)၊ ဟရာမ်(တရားမဝင်)၊ ဂျာအိဇ်(ပြုပိုင်ခွင့်ရှိသည်) နာဂျာအိဇ်(ပြုပိုင်ခွင့်မရှိ)၊ မက္ကရူဟ်(မနှစ်မြို့ဖွယ်ရာ)နှင့် မုစ်တဟဗ်(နှစ်မြို့ဖွယ်ဖြစ်သည်)စသော မုဟမ္မဒီရှရီအသ်ကို လူတိုင်း လိုက်နာသင့်သည့် စံအဖြစ်တာဝန်ပေးခဲ့သည်။ ထို့နောက် ယင်းရှရီအသ်တရားတော်က ဟလာလ်ဟုဆိုလျှင် ဟလာလ်ဟုမှတ်ယူ၍ ဟရာမ်ကိုဟရာမ်ဟုမှတ်ယူရသည်။ မည်သူကမျှ မိမိကိုယ်ပိုင်အတွေးနှင့် မည်သည်ဟလာလ်ဖြစ်၍ မည်သည်ဟရာမ်ဖြစ်သည်ဟု မဆုံးဖြတ်နှင့်။

ထို့နောက် ဤအာယသ်တော်များထဲတွင် အရာဆယ်ခု၏အသေးစိတ်အမိန့်များပါဝင်သည်။ ယင်း၏စစ်မှန်သောရည်ရွယ်ချက်မှာ မည်သည်တို့သည် ဟရာမ်ဖြစ်ကြောင်းဖော်ပြ၍ ယင်းဖော်ပြချက်များသည် ဟရာမ်ကိုဆန့်ကျင်သော ဟန်ပန်လိုအပ်ကြောင်းဖော်ပြထားသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် ယင်း၏ချဉ်းကပ်မှုအရ ဟရာမ်အချို့ကို အပြုသဘောဆောင်သည့် အမိန့်ပေးအသွင်ဖြင့် ဖော်ပြကာ ယင်းအမိန့်ကိုဆန့်ကျင်ခြင်းသည် ဟရာမ်ဟုဖော်ပြထားသည်။ (ကရ်ရှားဖ်) ယင်းအသိဉာဏ်သည် များစွာမြင့်မြတ်လွင်ထင်ရှားလာမည်။ မည်သို့ပင်ဆိုစေကာမူ ဤအာယသ်တော်များပါ တရားမဝင်ဟရာမ်ဖြစ်သည့်အရာဆယ်ခုမှာကား- (၁)ယုံကြည်မှု၊ လုပ်ဆောင်မှု၊ ခဝပ်ကိုးကွယ်မှု(သို့) အမိန့်နာခံမှုတွင် အလ္လာဟ်အရှင်မြတ်နှင့် အခြားမည်သူကိုမဆို ယှဉ်တွဲခြင်း၊ (၂) မိဘများအပေါ် ၌ကောင်းစွာမဆက်ဆံခြင်း၊ (၃) ဆင်းရဲနွမ်းပါးမှုကြောင့် သားသမီးများကိုသတ်ဖြတ်ခြင်း၊ (၄) ရှက်ဖွယ်လုပ်ရပ်များ၌နစ်မွန်းနေခြင်း၊ (၅) တစ်စုံတစ်ဦးကိုမတရားသတ်ဖြတ်ခြင်း၊ (၆) မမှန်ကန်သောနည်းများဖြင့် ဘဏ်ဆိုးကလေးများ၏ ဥစ္စာပစ္စည်းကိုစားသုံးခြင်း၊ (၇)ချိန်တွယ်တိုင်းတာရာ၌ လျော့နည်းစေခြင်း၊ (၈) သက်သေခံမှု၊ အဆုံးအဖြတ်ပေးမှု(သို့) အပြောအဆိုတို့တွင် မတရားခြင်း၊ (၉) အလ္လာဟ်အရှင်မြတ်နှင့်ပြုလုပ်ထားသော ပဋိညာဉ်ကိုဖောက်ဖျက်ခြင်း၊ (၁၀)အလ္လာဟ်အရှင်မြတ်၏ဖြောင့်မတ်မှန်ကန်သောလမ်းတော်ကို ရှောင်ရှား၍ အခြားနည်းလမ်းများကိုလိုက်နာကျင့်သုံးခြင်းတို့ဖြစ်သည်။

tm,ofawmfrsm;\ xL;jrwfrItcsdkU

ကအဗ်အလ်အဟ်ဗဟ်သည် သောင်ရသ်ကျမ်းကိုကျွမ်းကျင်သောသူတစ်ဦးဖြစ်ကာ မုစ်လင်မ်မဖြစ်မီက ဂျူးတစ်ဦးဖြစ်ခဲ့သည်။ တရားမဝင်ဟရာမ်ဖြစ်သောအရာဆယ်ခုအကြောင်း ဖော်ပြထားသည့်ကုရ်အာန်ကျမ်း တော်မြတ်၏ ဤအာယသ်တော်များကို အလ္လာဟ်အရှင်ကျမ်းဖြစ်သော သောင်ရသ်ကျမ်းတွင်ပါရှိကာ ဗစ္စမိလ္လာဟ် နှင့်အစပြုထားသည်။ ဤသည်တို့မှာ စိုက်ယိဒိနာမူစာ (u) သခင်ထံချပေးတော်မူသည့် ပညတ်တော်ဆယ်ပါး ပင်ဖြစ်သည်။ ကုရ်အာန်ဋီကာရှင် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိ အဗ္ဗာစ် (t) သခင်ကပြောသည်မှာ စူရဟ် အာလိအင်မ်ရာန်တွင်ဖော်ပြထားခဲ့သည့် ဤအာယသ်တော်များသည် "မုဟ်ကာမ်အာယသ်" "မပြောင်းမလဲ ပေါ်လွင်ထင်ရှားပြတ်သား၍ အနက်အဓိပ္ပာယ်တစ်မျိုးတစ်စားထဲထွက်သောအာယသ်တော်များ(၃း၇)ဖြစ်ကြသည်။ ဤသည်တို့နှင့်ပတ်သက်၍ တမန်တော်အာဒမ် (u) သခင်မှစ၍ တမန်တော်များ၏ နောက်ဆုံးတမန်တော် (e) သခင်ထိ တမန်တော်များသယ်ဆောင်လာခဲ့သည့် ဘာသာရေးစနစ်အားလုံးသည် တညီတညွတ်တည်း သဘောတူညီကြ၍ ယင်းတားမြစ်ချက်များမှ မည်သည့်ဘာသာတရား၊ မည်သည့်အုမ္မသ်(သို့) ရှရီအသ်တွင်မျှ မည်သည်ကိုမျှ မပယ်ဖျက်မရုပ်သိမ်းခဲ့ပါ။ **(သဖ်စီရ်အလ်ဗဟ်ရွလ်မုဟီးဒ်)**

ptm,ofawmfrsm;onf wrefawmfjrwf (e) ocif\ aowrf;pmrjzpfonf/

သဖ်စီရ်အိဗ်နိကဆီးရ်ထဲတွင်တင်ပြထားခဲ့သော စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိ မတ်စ်အူးဒ် (t) သခင် ဆင့်ပြန်ချက်တစ်ရပ်အရ တမန်တော်မြတ် (e) သခင်၏ အထူးသေတမ်းစာတစ်ရပ်ကို မြင်တွေ့လိုသည့်ဆန္ဒ ရှိလိုသူတစ်ဦးသည် ဤအာယသ်တော်များကို ဖတ်ရွတ်သရဇ္ဈာယ်သင့်သည်ဟုဆိုသည်။ တမန်တော်မြတ် (e) သခင်သည် ကိုယ်တော့်အုမ္မသ်ထုအတွက် အရှင်မြတ်၏အမိန့်တော်အရ သေတမ်းစာဖြင့် အမွေပေးထားသည် များ ဤအာယသ်တော်များထဲတွင်ရှိသည်။

စိုက်ယိဒိနာ ဥဗာဒါဟ်အိဗ်နိစာမစ်သ် (t) သခင်၏ ဆင့်ပြန်ချက်ပေါ် အခြေခံထား၍ ဟာကင်မ်က တင်ပြထားခဲ့သည်မှာ တမန်တော်မြတ် (e) သခင်သည် ကိုယ်တော်၏ဆွဟာဗဟ်များကိုဦးတည်၍ မိန့်ကြားခဲ့ သည်မှာ"ဤသုံးအာယသ်နှင့်ပတ်သက်၍ ငါကိုယ်တော်ထံမည်သူ(éiyB-ဗိုင်အတ်)ပဋိညာဉ်ခံယူမည်နည်း။ ယင်းနောက်ကိုယ်တော်မြတ် (e) သခင်သည် ဤသုံးအာယသ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကာ မိန့်သည်မှာ"ဤဗိုင် အသ်"(ပဋိညာဉ်)ဖြည့်ဆည်းသူတစ်ဦးအတွက် ဆုလာဘ်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အမြဲရှိသည်"။

wm;jrpfcsuf q,fdk\tao;pdwfrsm;ESihftm,ofawmf 3-dk\&Sif;vif;csuf

ဤအာယသ်တော်သုံးခု (၁၅၁-၁၅၃)ကို- قُلْ تَعَالَوْا اَتْلُ مَاحَرَّمَ رَبُّكُمْ عَلَيْكُمْ "(အို-နဗီတမန်တော်) အသင်သည် (ထိုသူများအား)ဤသို့)ပြောကြားပါလေ။ အသင်တို့လာကြကုန်၊ အသင်တို့၏အရှင်က အသင်တို့ အပေါ်၌ ဟရာမ်ဟူ၍တားမြစ်တော်မူသောအရာများကို ကျွန်ုပ်ရွတ်ဖတ်ပြအံ့။" ဟူသောစကားလုံးများဖြင့် ဖွင့် ထားသည်။ ဤနေရာပါ Ao^L-aiT- (သအာလော၀်)ဟူသောစကားလုံး(လာကြကုန်ဟု ဘာသာပြန်ထားသည်တွင်

အရေးကြီးသော အဓိပ္ပာယ်ပါဝင်သည်။ သို့ရာတွင် မူရင်းစာသားကရည်ညွှန်းသည့် အနုစိတ်မှာကျန်နေသည်။ ယင်းနှင့်တူညီသည့်အလားတူ မရှိသောအခါ ဤသို့နည်းသိမ်မွေ့သည့်အလုပ်တစ်ခုကိုလုပ်ရန်မှာ လုပ်ငန်းသဘောအရခက်ခဲပေသည်။ အင်္ဂလိပ်ဘာသာပြန်သူ)သည် အမြင့်တွင်ရှိသူတစ်ဦးက အနိမ့်တွင်ရှိသောသူများကိုငုံးနှင့်နီးကပ်စေရန်ခေါ်သောအခါ၌ သုံးနှုန်းလေ့ရှိသော အသုံးအနှုန်းတစ်ရပ်ဖြစ်သည်။ ဤသည်မှထွက်လာသည့်အညွှန်းကား ဤဖိတ်ခေါ်မှုလက်ခံလိုက်ခြင်းဖြင့် ၎င်းတို့အမြင့်သို့ရောက်နိုင်ကာ ဂုဏ်သရေမြင့်တက်လာနိုင်သည်ဟူ၍ဖြစ်သည်။ တမန်တော်မြတ် (ﷺ) သခင်ကို ဦးတည်မိန့်ကြားသည့် ဤဝါကျ၏ဆိုလိုရင်းမှာ လူအများအားလာရောက်စေရန်ဖိတ်ခေါ်ကာ အလွှာဟ်အရှင်မြတ်က ဟရာမ်ဟုသူတို့အတွက် သတ်မှတ်ထားသည်များကို ရွှတ်ဖတ်သရဖျောယ်ပြရန်ဖြစ်သည်။ ထိုသူများအား ကိုယ်တော်မြတ် (ﷺ) သခင် ပေးရမည်မှာ အလွှာဟ်အရှင်မြတ်ထံမှတိုက်ရိုက်လာသော သတင်းစကားဖြစ်သည်။ သို့မှသာလျှင် ယင်းသတင်းစကားတွင် တစ်စုံတစ်ဦး၏အယူအဆခန့်မှန်းချက်၊ စိတ်ကူးယဉ်မှန်းဆမှုများရောနှောခြင်းမရှိနိုင်ချေ။ ဤသည်မှာ ၎င်းတို့အကျိုးဖြစ်သည်။ သို့မှသာ ၎င်းတို့သည် အလွှာဟ်အရှင်မြတ်က ဟလာလ်ဟု သတ်မှတ်ထားသည်တို့ကို ဟရာမ်ဟု တံဆိပ်ခပ်မှတ်ယူခြင်းမှကင်းဝေးစွာနေရန် အဆင်သင့်ဖြစ်ပါမည်။

ဤအာယသ်တော်ပါ ဦးတည်ပြောကြားမှုသည် မက္ကဟ်မြို့ရှိ မယ်ုကြည်သွေဖည်ငြင်းပယ်သူများကို တိုက်ရိုက်ရည်ညွှန်းသော်လည်း ဦးတည်ပြောကြားခြင်း၏ အကြောင်းအရာမှာ ယေဘုယျသဘောရှိသည်။ ဤထဲတွင်ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ၊ အရဗ်ဖြစ်စေ၊ အရဗ်မဟုတ်သူဖြစ်စေ၊ ယခုသက်ရှိထင်ရှားရှိသူဖြစ်စေ၊ သို့မဟုတ် နောင်အနာဂတ်တွင်လာမည့် မျိုးဆက်ဖြစ်စေ လူသားထုတစ်ရပ်လုံးအကျုံးဝင်သည်။ **(အလ်ဗဟ်ရွလ် အလ်မုဟီးတ္တွ်)**

yxrtBuD;av;oHk;wm;jrpfxm;onfhtjyKpfrSm&Spf&ufjzpfonf

ဤသောကထား၍ရသမြောက်စွာ ဦးတည်မိန့်ကြားပြီးနောက် တားမြစ်ပိတ်ပင်ထားခဲ့သည်များအနက် ပထမဖော်ထုတ်ပြသသည်မှာ-اَلَّا تُشْرِكُوْا بِهٖ شَيْـًٔا (အသင်တို့သည် အလွှာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ ၍မည်သည့်အရာကိုမျှ မကိုးကွယ်ကြကုန်လင့်။) ဤသည်မှာ ပထမလုပ်ရမည့်လုပ်ငန်းဖြစ်သည်။ အရေးဗီးယားရှိ ဘုရားအများကိုးကွယ်သူများကဲ့သို့ ရုပ်တုများကို ဘုရားမပြုလုပ်နှင့်၊ ဂျူးနှင့်ခရစ်ယာန်တို့ကဲ့သို့တမန်တော်များ ကိုဘုရားဟုလည်းကောင်း၊ ဘုရားသားများဟုလည်းကောင်း မခေါ်ကြနှင့်။ အခြားသူများကဲ့သို့ ကောင်းကင်စေတမန်များကို ဘုရား၏ သမီးတော်များဟု မမှတ်ယူကြကုန်လင့်၊ မသိနားမလည်သောလူအများစုကြီးကဲ့သို့ တမန်တော်များနှင့်သူတော်စင်များအား အလွှာဟ်အရှင်မြတ်ဂုဏ်တော်များဖြစ်သော ဉာဏ်ပညာဟစ်က်မတ်နှင့် တန်ခိုးတော်တွင် အလွှာဟ်အရှင်မြတ်နှင့်တန်းတူဖြစ်သည်ဟု မသတ်မှတ်နှင့်။

&Spf&ufu\t'DtjyKwifhpfzGihfqdkcsufESihfusKd;tpm;rsm;

သဖိစိရ်မဇ်ဟရီအရ ဤနေရာတွင် a@=y^W- (ရှိုက်အာန်-တစ်စုံတစ်ရာကိုမျှ)ဟူသော စကားလုံးသည် ပေါ်

ပေါ်လွင်လွင်(ဂျလီ)ဖြစ်စေ၊ ဖုံးဖုံးကွယ်ကွယ်(ခါဖီ)ဖြစ်စေ၊ မည်သည့်ရှစ်ရိုက်အမျိုးအစားတွင်မှ မပါဝင်မပတ်သက်ဟူသောအဓိပ္ပာယ်ဆောင်သည်။ ပေါ်လွင်ထင်ရှားသောရှစ်ရိုက်ကိုလူတိုင်းသိကြပါသည်။ ယင်းမှာ အလွှာဟ်အရှင်မြတ်၏သီးသန့်ဂုဏ်တော်တွင်လည်းကောင်း၊ ခဝတ်ကိုးကွယ်မှုနှင့် အမိန့်နာခံခြင်းတွင် အလွှာဟ်အရှင်မြတ်နှင့် အခြားတစ်စုံတစ်ဦးကို ယှဉ်တွဲ၍လည်းကောင်း တန်းတူ(သို့)ဖက်စပ်ဟူ၍မှတ်ယူခြင်း။ ဖုံးကွယ်ထားသော ရှစ်ရိုက်ဆိုသည်မှာ အလွှာဟ်အရှင်မြတ်သည် အရာရာကိုပြုလုပ်တော်မူသည်ဖြစ်စေတော်မူသည်ဟု ယုံကြည်ခြားသော်လည်း လက်တွေ့တွင် အခြားကိစ္စများဖြစ်သော ရုပ်ပိုင်းဆိုင်ရာနှင့်ဘာသာရေးဆိုင်ရာများတွင်လည်းကောင်း၊ အနှုံးနှင့်အမြတ်တွင်လည်းကောင်း သူ(သို့)သူမ၏ဘဝ သက်မွေးဝမ်းကျောင်းတွင်လည်းကောင်း စသည်တို့တွင် အလွှာဟ် အရှင်မြတ်မှအပ အခြားအရာများပေါ်တွင် ကြိုးပမ်းမှုနှင့်မျှော်လင့်အားထားခြင်း။ သို့မဟုတ် အရေခြုံတစ်ဦးဖြစ်ကာ အခြားသူများရှေ့တွင် ပြစားရန်အလို့ငှာ ခဝတ်ကိုးကွယ်မှုများတွင် မှန်ကန်စွာလုပ်ဆောင်ခြင်း(သို့)နာမည်ကောင်းရရန်ပေးကမ်းလှူဒါန်းသုံးစွဲခြင်းပြုလုပ်သည်။ အမှန်တကယ်လက်တွေ့မှာမူ အကျိုးအမြတ်နှင့်ဆုံးရှုံးမှုတို့တွင် ထိန်းချုပ်မှုသည် အလွှာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ယောက်ထံရှိသည်ဟု မှတ်ယူသည်။ ပညာရှိကြီး ရှိက်ခ်စအ်ဒီ ([ylI.A]mHR) က ဤအယူအဆကို အတိုချုပ်ပြောသည်မှာ-

دریں نوعے از شرك پو شیدہ است كہ زیدم بہ بخشید وعمرم بخست

ဤနေရာမှာလည်း မမြင်သာသောရှစ်ရိုက်တစ်မျိုးရှိသည်။ မည်သူ'က'သည် ကျွန်ုပ်ကိုအကျိုးအမြတ်ရစေ၍ မည်သူ'ခ'သည် ကျွန်ုပ်ကို ဆုံးရှုံးစေသည်။ ဟူ၍ဖြစ်သည်။

ဆုံးရှုံးသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ ယင်းတို့သည် အကြွင်းမဲ့အရှင်သခင်ထံမှသာလျှင်ဖြစ်ပေသည်။ "က"နှင့် "ခ" ဟုအမည်ပေးခဲ့သည်များသည် ဆုံးရှုံးမှု(သို့) အောင်မြင်မှုတို့၏ ပေါ်လွင်ထင်ရှားမှုကို ဖုံးကွယ်ထားသော အဆင်တန်ဆာများသာလျှင်ဖြစ်သည်။ ကိစ္စရပ်၏အမှန်တရားကား ဆွဟီးဒ်ဟဒီးဆ်တွင်ပါရှိသည့် အတိုင်း "အကယ်၍သာ အလွှာဟ်အရှင်မြတ်က အသင့်အတွက် သတ်မှတ်ထားခြင်းမရှိသည့် သင်၏အကျိုးအမြတ်တစ်ခုအတွက် ဂျင်နှင့်လူသားအားလုံးတို့က ပူးပေါင်း၍ ထိုကိစ္စကိုလုပ်ရဲကြလိမ့်မည်မဟုတ်။ အလားတူပင် အကယ်၍ အလွှာဟ်အရှင်မြတ်အလိုရှိတော်မမူလျှင် ဂျင်နှင့်လူသားများပူးပေါင်း၍သော်လည်း၊ မည်သူတစ်ဦးတစ်ယောက်ကမျှသော်လည်းကောင်း သင့်ကိုဆုံးရှုံးပျက်စီးစေရန် ပြုလုပ်နိုင်မည်မဟုတ်ပါ။

အချုပ်မှာ လူတစ်ဦးသည် ပေါ်လွင်ထင်ရှားသောရှစ်ရိုက်နှင့်ဖုံးကွယ်ထားသော ရှစ်ရိုက်နှစ်မျိုးစလုံးမှတင်းကြပ်စွာရှောင်ရှားသင့်သည်။ ရုပ်ထုများကိုးကွယ်နည်းသည် ရှရိုစ်တွင် အကျုံးဝင်၍ဉာဏ်ပညာနှင့်တန်ခိုးတော်တို့တွင် အလွှာဟ်အရှင်မြတ်ဂုဏ်တော်များကို တမန်တော်များ၊ သူတော်စင်များနှင့် တန်းတူထားခြင်းသည်လည်းရှစ်ရိုက်တွင်အကျုံးဝင်သည်။ အကယ်၍ ဤသည်တို့မှာ တစ်စုံတစ်ဦး၏ ယုံကြည်ချက်ဖြစ်သွားလျှင် (နအူသို့ဗီလွှာဟ် အရှင်မြတ်လုပ်တော်မမူပါစေနှင့်)ယင်းသည် ပေါ်လွင်ထင်ရှားသည့် ရှစ်ရိုက်ဖြစ်သွားပေမည်။ အကယ်၍ ထိုကဲ့သို့သော ယုံကြည်မှုတစ်ရပ် သူ့တွင်မရှိသော်လည်း လက်တွေ့မှာ ဤသို့လုပ်ဆောင်နေသည်ဆိုလျှင် ယင်းကိုဖုံးကွယ်နေသော ရှစ်ရိုက်ဟုခေါ်ဝေါ်လိမ့်မည်။ ဤနေရာ၌ ပထမဆုံးပေးထားခဲ့သော ညွှန်ကြားချက်ကား ရှစ်ရိုက်မှကင်းဝေးစွာ နေထိုင်ရန်ဖြစ်သည်။ အကြောင်းမှာ ရှစ်ရိုက်သည် ခွင့်မလွှတ်နိုင်သော ပြစ်မှုဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်က အဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ရှစ်ရိုက်မှအပ ပြစ်မှုဂုနာဟ်များကို ခွင့်လွှတ်ခြင်း

သည်အမျိုးမျိုးသောအကြောင်းပေါ်မှီတည်ကာ ခွင့်လွှတ်ခံရနိုင်ချေရှိသည်။ ထို့ကြောင့် စိုက်ယိဒိနာအုဗာဒတ် အိဗ်နိစာမိသ် (t) နှင့် စိုက်ယိဒိနာ အဗူအတ်ဒ်ဒရ်ဒါတို့၏ ဆင့်ပြန်ချက်အရ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် (e) သခင် မိန့်ကြားခဲ့သည်မှာ-

"အကယ်၍ အသင့်အား ကိုယ်ခန္ဓာအစိတ်အပိုင်းများဖြတ်တောက်မည်ဖြစ်စေ၊ ကြိုးစင်တင်သတ်မည်ဖြစ်စေ၊ အရှင် လတ်လတ်မီးရှို့သတ်မည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်နှင့်မည်သည်ကိုမျှ ယှဉ်တွဲမကိုးကွယ်နှင့်" ဟူ၍ဖြစ်သည်။

'kwd,jyxpfrrTrSmrdbrsm;udk rsm;&dkraomufqHjcif;

ပထမပြစ်မှုနောက်-**وَبِالْوَالِدَيْنِ اِحْسَانًا** (၎င်းပြင် အသင်တို့သည်မိဘနှစ်ပါးနှင့်ကောင်းစွာဆက်ဆံခြင်း (ပြုကြကုန်)ဟူ၍ဖော်ပြထားသည်။ ဤနေရာ၌ ထိုသို့ဖော်ပြခြင်း၏ ရည်ရွယ်ချက်မှာ မိဘများ၏အမိန့် ဖီဆန်မှုမပြုလုပ်ရန်နှင့် ၎င်းတို့အားနာကျင်စေခြင်းမပြုလုပ်ရန်ဖြစ်သည်။ သို့သော်လည်း အသိဉာဏ်၏နည်းလမ်းတစ်သွယ်အဖြစ်တားမြစ်ချက်အား "မိဘနှစ်ပါးနှင့်ကောင်းစွာဆက်ဆံခြင်း(ပြုလုပ်ကြကုန်)"ဟု နူးညံ့သိမ်မွေ့စွာဖော်ပြထားသည်။ ရည်ရွယ်ချက်မှာ မိဘများနှင့်ပတ်သက်လာလျှင် မိဘများအမိန့်ဖီဆန်မှု မလုပ်ခြင်းဖြင့်လည်းကောင်း၊ ယင်းတို့ကို မည်သည်မျှ နာကျင်မှုမဖြစ်စေခြင်းတို့ဖြင့်လည်းကောင်း မလုံလောက်ချေ။ ယဉ်ကျေးသိမ်မွေ့ရက်ရောကာ လိုက်လိုက်လျောလျောဆက်ဆံမှုတို့ဖြင့် ၎င်းတို့ကျေနပ်နှစ်သိမ့်မှု ဖြစ်စေရန်မှာ တစ်စုံတစ်ဦး၏တာဝန် ဖြစ်ကြောင်း ထောက်ပြထားသည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တစ်ခုထဲ၌ ပိုမိုရှင်းလင်းစွာမိန့်ထားသည်မှာ-**وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ** "၎င်းပြင် အသင်သည် မိဘနှစ်ပါး၏ရှေ့မှောက်တွင် ၎င်းတို့အပေါ်၌ ကရုဏာတရားထားရှိသောအားဖြင့် ကျိုးနွံစွာရှိပါလေ။" (၁၇း၂၄)ဟုမိန့်ထားသည်။ (ဖြူစင်ရိုးသားစွာ ကြင်နာမှုဖြင့် မိဘများကို ကူညီရန်နှင့်ကြည့်ရှုစောင့်ရှောက်ရန်အမြဲ အဆင်သင့်ဖြစ်နေမှုနှင့်ရိုသေခြင်း၊ ချစ်ခင်ခြင်းအသင့်ဖြစ်ခြင်းအနေအထားများကိုဖော်ပြရာ၌ အာဝဇ္ဇန်းရွှင်စွာ တင်စားထားသော နည်းတစ်ရပ်ဖြစ်သည်။ ယင်းကိုကုရ်အာန်ကျမ်းတော်မြတ်က အထက်ဖော်ပြပါအာယသ်တော်၏စကားလုံးများနောက်၌ "ကရုဏာ"ဟူသော စကားတစ်လုံးထည့်ထားသည်။

ဤအာယသ်တော်ထဲတွင် မိဘများကို နာကျင်စေခြင်း၊ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ ကသိကအောက်ဖြစ်စေမှုသည် ရှုစ်ရ်က်နောက်ဒုတိယပြစ်မှုအဖြစ်ထားရှိသည်ကို သတိပြုရပါလိမ့်မည်။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်ထဲ၌ အလ္လာဟ်အရှင်မြတ်က မိဘများ၏အမိန့်နာခံခြင်းနှင့် ၎င်းတို့သက်တောင့်သက်သာဖြစ်စေရန် တာဝန်ယူခြင်းဟူသော တာဝန်ဝတ္တရားကို အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် ခဝတ်ကိုးကွယ်ရမည့် တာဝန်နှင့်ပူးတွဲကာ ညွှန်ကြားချက်ပေးထားသည်နှင့်အတူတူပင်ဖြစ်သည်။ မိန့်ကြားထားသည်မှာ-

وَقَضٰى رَبُّكَ اَلَّا تَعْبُدُوْٓا اِلَّآ اِيَّاهُ وَبِالْوَالِدَيْنِ اِحْسَانًا

"စင်စစ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (ဤသို့)အမိန့်တော်စီရင်ချမှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည်။ အသင်တို့သည် ထိုအရှင်မြတ်မှတစ်ပါး အခြားကိုခဝတ်ကိုးကွယ်ရှိခိုး

ပူဇော်ခြင်း အလျင်းမပြုကြရပေ။ ၎င်းပြင် မိဘနှစ်ပါးအား ကောင်းစွာပြုစုသကြိုလ်ထောက်ပံ့ရမည်။"(၁၇း၂၃) ဟူ၍ဖြစ်သည်။

တဖန် စူရဟ်လွတ်ကမာန်ထဲ၌ မိန့်ထားသည်မှာ-

اَنِ اشْكُرْلِيْ وَلِوَالِدَيْكَ ؕ اِلَيَّ الْمَصِيْرُ

"(သို့ဖြစ်ပေရာ)အသင်သည် ငါအရှင်မြတ်အားလည်းကောင်း၊ အသင်၏မိဘနှစ်ပါးတို့အား လည်းကောင်း၊ ကျေးဇူးတင်လော့။ (အသင်လူသား၏)ပြန်လည်ရာဌာနသည် ငါအရှင်မြတ်အထံတော်၌ပင် ဖြစ်လေသည်။" (ဆိုလိုသည်မှာ အကယ်၍ သင်သည်ယင်းသို့မပြုလုပ်လျှင် ပြစ်ဒဏ်ခတ်ခြင်းခံရလိမ့်မည်) **(၃၁း၁၄)**

စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ် (t) သခင်၏ ဆင့်ပြန်ချက်ကို ဆွဟီး(အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင် ဆွဟိဒ်ဟဒီးဆ်နှစ်ခုစုဆောင်းခြင်း)တွင်ဖော်ပြထားသည်မှာ ၎င်းသည် တမန်တော်မြတ် (e) သခင်ထံ "မည်သည့်လုပ်ရပ်သည်အကောင်းဆုံးပါသနည်း"ဟု မေးမြန်းလျှောက်ထားခဲ့သည်။ ကိုယ်တော်မြတ် (e) မိန့်သည်မှာ "စွလာသ်ဝတ်ပြုမှုကို အချိန်ကျသည်နှင့်ဆောက်တည်ခြင်း(မုတ်စ်တဟဗ်အချိန်)ဖြစ်သည်။ ထို့နောက် ၎င်းကမေးမြန်းလျှောက်ထားသည်မှာ "ယင်းနောက် မည်သည့်လုပ်ရပ်သည် အကောင်းဆုံးပါနည်း" ထိုမေးခွန်းနှင့်ပတ်သက်၍ ကိုယ်တော်မြတ်က "မိဘနှစ်ပါးနှင့်ကောင်းစွာဆက်ဆံခြင်း"ဟု ဖြေကြားသည်။ တဖန် ၎င်းက ယင်းနောက်"မည်သည့်လုပ်ရပ်သည်အကောင်းဆုံးနည်း"ဟု မေးမြန်းလျှောက်ထားခဲ့သည်။ ကိုယ်တော်မြတ် (e) က "အလ္လာဟ်အရှင်မြတ်လမ်းတော်တွင်ဂျိဟားဒ်ပြုခြင်း"ဟု ဖြေကြားခဲ့သည်။

ဆွဟီးမုစ်လင်မ်ကျမ်းတွင် တင်ပြထားသော စိုက်ယိဒိနာအဗူဟုရိုင်ရဟ် (t) သခင်၏ ဆင့်ပြန်ချက် တစ်ခုအရ တစ်ချိန်တစ်ခါက တမန်တော်မြတ် (e) သခင်သည်-**رَغِمَ اَنْفُهٗ، رَغِمَ اَنْفُهٗ، رَغِمَ اَنْفُهٗ** "ဂုဏ်အသရေမဲ့သူ၊ ဂုဏ်အသရေမဲ့သူ၊ ဂုဏ်အသရေမဲ့သူ"ဟု သုံးကြိမ်သုံးခါ မိန့်ခဲ့သည်။ ဆွဟာဗဟ်သာဝကကြီးများသည် "ယာရစူလုလ္လာဟ် ဘယ်သူဂုဏ်အသရေမဲ့သွားပါသလဲ" ဟု ရိုသေစွာလျှောက်ထားခဲ့ရာ ကိုယ်တော်မြတ်က "အဖေနှင့်အမေ၊ (သို့) မိဘနှစ်ပါးမှ တစ်ပါးပါးအသက်ကြီးရင့်ကာ ရှိနေသည့်တိုင် ဂျန္နသ်သို့မဝင်ရောက်နိုင်သေးသော သူဖြစ်သည်။

ယင်းကဆိုလိုသည်မှာ မိဘများအသက်အရွယ်ကြီးရင့်နေချိန်တွင် အလုပ်အကြွေးပြုကာ အလုပ်အကြွေးပြုသူသည် ဂျန္နသ်သို့ဝင်ရောက်ခွင့်ရပါလိမ့်မည်။ ၎င်းနောက် ဂျန္နသ်ကိုလွယ်ကူသောလုပ်ဆောင်မှုဖြင့် ရရှိနိုင်ပါလျက် ယင်းအခွင့်အရေးကို လက်လွတ်သွားသောသူသာ မုချဧကန်လက်မဲ့ဖြစ်ပြီး ဂုဏ်အသရေမဲ့ပါလိမ့်မည်။ ဤလုပ်ရပ်လွယ်ကူရခြင်းမှာ မိဘများသည် သဘာဝအလျောက်သားသမီးများကို ချစ်ခင်ပြီးဖြစ်သောကြောင့်တည်း။ ဟိုဟိုသည်သည်အနည်းငယ်စီလုပ်ပေးရုံမျှဖြင့် သူတို့ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါလိမ့်မည်။ ထို့ကြောင့် မိဘများကျေနပ်နှစ်သိမ့်စေရန်အတွက်ကြီးကျယ်ခမ်းနားသော လုပ်ရပ်အပေါ်၌တည်လည်းမတည်မှီပါ။ လိုလည်းမလိုအပ်ပါ။ ဤတွင်"အိုမင်းရင့်ရော်သော"ဟူ၍ ကန့်သတ်ထားရခြင်းမှာ မိဘများသည် ကျန်းမာပြီးသန်စွမ်းနေသောအချိန်အခါတွင် လိုအပ်ချက်များကို သူတို့ကိုယ်တိုင်ဖြည့်နိုင်သည်။ သို့သာမက သူတို့၏

သားသမီးများသည် ငွေကြေးဆိုင်ရာဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ဓာတ်ရေးရာဖြစ်စေ အကူအညီများလိုအပ်ပါက ၎င်းတို့အား မဆိုင်းမတွကူညီပါလိမ့်မည်။ ထိုကဲ့သို့သော အခြိန်မျိုးတွင် မိဘများသည်သားသမီးတို့၏ ပြုစုမှုကို လိုလည်းမလိုအပ်ပါ။ အရာလည်းမရောက်ပါ။ အသက်အရွယ်ကြီးရင့်ပြီး၊ သူတို့အကူအညီလိုအပ်နေသော အခြိန်အခါတွင်မှ မိဘများကိုပြုစုခြင်းသည် တန်ဖိုးလည်းရှိပြီး၊ ခိုးကျူးထိုက်ပါသည်။

wwd,wm;jrpfcsuf? uav;i,frsm;tm;owfjzwfjcif;

ဤအာယသ်တော်များထဲတွင် "ဟရာမ်"ဟုတားမြစ်ထားသော တတိယအကြောင်းအရာမှာ ကလေးငယ်များကိုသတ်ဖြတ်ခြင်းဖြစ်သည်။ ဤအကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်စာသားများထဲတွင်ပါဝင်နေခြင်းက ဆီလျော်ပါသည်။ အဘယ်ကြောင့်ဆိုသော် သားသမီးများက မိဘများအပေါ်ဖြည့်ဆည်းရမည့်တာဝန်ဝတ္တရားကို ဤသည်၏အရင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤတွင် မိဘများက ဖြည့်ဆည်းရမည့်သားသမီးတို့၏ ရပိုင်ခွင့်များကို ဖော်ပြထားသည်။ ဂျာဟိလိယသ်အမှောင်ခေတ်က သားသမီးများအပေါ် ကျင့်သုံးခဲ့သော အဆုံးစွန်ဆုံးသော မကောင်းမှုလုပ်ရပ်မှာ ၎င်းတို့အား သတ်ဖြတ်ပစ်ခြင်း(သို့) အရှင်လတ်လတ်မြှုပ်နှံပစ်ခြင်းဖြစ်သည်။ ဤအာယသ်တော်က ၎င်းတို့အား ထိုကဲ့သို့လုပ်ဆောင်မှုကို ရပ်တန့်စေပါသည်။ ﴿وَلَا تَقْتُلُوٓا۟ أَوْلَٰدَكُم مِّنْ إِمْلَٰقٍ ۖ نَّحْنُ نَرْزُقُكُمْ وَإِيَّاهُمْ﴾ "ငင်းပြင်အသင်တို့သည် မိမိတို့၏သားသမီးများကို ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြကုန်လင့်။ ငါအရှင်မြတ်သည် အသင်တို့ကိုငင်း၊ ထိုသူများကိုငင်း၊ စားနပ်ရိက္ခာပေးတော်မူသည်။" ဟူ၍မိန့်ထားပါသည်။

အစ္စလာမ်မပေါ်ထွန်းမီအာရပ် "ဂျာဟိလိယဟ်"ခေတ်တွင် ရက်စက်ကြမ်းကြုတ်သော ဓလေ့တစ်ခုရှိခဲ့ပါသည်။ အိမ်ထောင်စုတစ်ခု၌ မိန်းကလေးတစ်ဦးမွေးဖွားခဲ့လျှင် တစ်စုံတစ်ဦးအား သားမက်အဖြစ်တော်စပ်ခြင်းဖြင့် အရှက်ရမည်ကို ကြောက်ရွံ့ကာ ထိုမိန်းကလေးအား အရှင်လတ်လတ်မြေမြှုပ်သတ်လိုက်ပါသည်။ ၎င်းပြင်ကလေးငယ်များအား ကျွေးမွေးပြုစုစောင့်ရှောက်ရန် အခက်အခဲများရှိနေပါလျှင် ကလေးငယ်များအား ရက်စက်ကြမ်းကြုတ်သောသူများသည် သူတို့ကိုယ်တိုင် သတ်ပစ်ခဲ့သည့်အခြိန်အခါများလည်းရှိပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ဤဓလေ့ကိုပယ်ဖျက်ခဲ့ပါသည်။ ထို့ကြောင့် အထက်အာယသ်တော်ပါအတိုင်း ပြောကြားခြင်းသည် ၎င်းတို့၏စိတ်ရောကိုယ်ပါအတွက် လိုအပ်နေသော ကုထုံးကို ၎င်းတို့ရရှိစေပါသည်။ ၎င်းတို့ထိုကဲ့သို့စက်ဆုပ်ဖွယ်ရာ ပြစ်မှုကိုကျူးလွန်ရခြင်းသည် ကလေးငယ်များကို မည်ကဲ့သို့ကျွေးမွေးပြုစုရမည်ကိုစိုးရိမ်သောကကြောင့်ဖြစ်သည်။ ယင်းပူပင်သောကကို အာယသ်တော်က ချေဖျက်ခဲ့ပါသည်။ ဤအာယသ်တော်ထဲတွင် မိဘများသည်သားသမီးများအား ကျွေးမွေးပြုစုစောင့်ရှောက်ရန်အတွက် စစ်မှန်သောတာဝန်မရှိကြောင်းကို အလ္လာဟ်သအာလာက မိန့်ကြားထားပါသည်။ ဤသည် အလ္လာဟ်သအာလာ၏ တာဝန်သာဖြစ်သည်။ မိဘများသည်လည်း သူတို့၏ စားနပ်ရိက္ခာအတွက် အလ္လာဟ်သအာလာအပေါ်တွင် မှီခိုနေရပါသည်။ အလ္လာဟ်သအာလာသည် သူတို့အား စားနပ်ရိက္ခာများချီးမြှင့်တော်မူပါသည်။ ၎င်းနောက် သူတို့ကသားသမီးများကိုလည်း ပေးကမ်းခဲ့သည်။ အကယ်၍သာ အလ္လာဟ်အရှင်သည် ၎င်းတို့အား စားနပ်ရိက္ခာများ မချီးမြှင့်ခဲ့ပါလျှင် သူတို့ကိုယ်တိုင် ဆန်တစ်စေ့ကျတစ်စေ့ကိုတောင် ထုတ်လုပ်နိုင်ရန် စဉ်းစား၍မရနိုင်ပါ။ အဲ့ဖွယ်ရာများသည် ထိုသို့ဖြစ်မလာနိုင်ပါ။ သေးငယ်

သောအစေ့တစ်စေ့သည် နူးညံ့သည့်၊ အဖူး၊ အညောင့်အနေဖြင့် တန်ပေါင်းမြောက်မြားစွာသော ကမ္ဘာမြေကို ခွဲထွက်လာကာ သစ်ပင်တစ်ပင်၏အသွင်သို့ဖြစ်ပေါ်လာပြီး ယင်းသစ်ပင်မှအသီးများသီးခြင်း၊ အပွင့်များပွင့်ခြင်း၊ ဆိုသည့်အကြောင်းရင်းများနှင့်ပတ်သက်၍ မေးလာသည့်မေးခွန်းကို သူတို့ဖြေကြားသင့်ပါသည်။ မည်သူ၏ လုပ်ရပ်ဖြစ်ပါသနည်း။ အမိနှင့်အဖတို့ ထိုလုပ်ရပ်ကိုလုပ်ဆောင်နိုင်ပါသလား။ ဝေးပါသေးသည်။ ဤအံ့ဖွယ် အလုံးစုံတို့သည် အကြွင်းမဲ့အရှင်သခင်၏ ဉာဏ်တော်နှင့်တန်ခိုးတော်အရဖြစ်ပေါ်ပါသည်။ ဤဖြစ်ရပ်တွင် လူသားပါဝင်သည့်ကဏ္ဍမှာ အနည်းငယ်မျှသာ။ ၎င်းတို့သည် လယ်ယာမြေအားရှင်းလင်းခြင်း၊ ပျော့ပြောင်းစေခြင်း၊ အပင်များပေါ်ထွက်လာသောအခါ ရေလောင်းခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်း ဆိုသည်ထက်ပို၍မလုပ်နိုင်ပါ။ သို့ရာတွင် အပွင့်များပွင့်စေခြင်း၊ အသီးများသီးစေခြင်းတွင် သူတို့အခန်းကဏ္ဍမပါဝင်ပါ။ ဤသည်က ကျွန်ုပ်တို့အားပြောပြသည်မှာ မိဘများသည် သားသမီးများအား ပေးကမ်းကျွေးမွေးရသည်ဟူသောအယူအဆသည် မှားယွင်းပါသည်ဟူ၍ဖြစ်သည်။ အမှန်အားဖြင့် ဤသည်တို့သည် အလ္လာဟ်သအာလာ၏အထံတော်မှ မမြင်နိုင်သော ရတနာများဖြစ်ကာ မိဘများရရှိသကဲ့သို့ သားသမီးများလည်း ရှိစေခဲ့ပါသည်။ ထို့ကြောင့် အစောပိုင်းဝါကျထဲတွင် မိဘများဖော်ပြထည့်သွင်းကာ မိန့်ကြားသည်မှာ ငါအရှင်သင့်ကိုလည်း ပေးကမ်းတော်မူမည်။ ၎င်းတို့ကိုလည်း ပေးကမ်းတော်မူမည်။ ရည်ညွှန်းချက်တွင် မိဘများကို ဦးစွာဖော်ပြရခြင်း၏အညွှန်းမှာ“စားနပ်ရိက္ခာများကို အသင့်အားပေးရခြင်းသည် အသင့်၏ကလေးများကို လက်ဆင့်ကမ်းရန်ဖြစ်သည်။ အလားတူပင် ဟဒီးဆ်တစ်ပုဒ်တွင် တမန်တော်မြတ် (ﷺ) သခင်၏ အမိန့်တော်ကို တင်ပြထားသည်။

اِنَّمَا تُنْصَرُوْنَ وَتُرْزَقُوْنَ بِضُعَفَاءِ كُمْ

“အသင့်တွင်ရှိသော အားအင်ချိနဲ့သူတို့အတွက်သာ အလ္လာဟ်သအာလာသည် အသင့်ကိုလည်း ကူညီကာ၊ စားနပ်ရိက္ခာပေးသနားတော်မူခဲ့သည်။

ဤအကြောင်းအရာကိုပင် ကုရ်အာန်ကျမ်းတော်မြတ်စူရတ်အိစ်ရာအီလီတွင် “ရိဇ်က်”အကြောင်းဖော်ပြရာတွင် မိဘများအလျှင် သားသမီးများအား ဖော်ပြမိန့်ကြားထားသည်မှာ- **نَحْنُ نَرْزُقُهُمْ وَاِيَّاكُمْ** (၁၇း၃၁) ငါအရှင်မြတ်သည်ပင်လျှင် ယင်းတို့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း စားနပ်ရိက္ခာချီးမြှင့်ပေးသနားတော်မူပေသည်။ ဤနေရာမှာလည်း အညွှန်းပေးထားသည်။ “ငါအရှင်၏ အမြင်တော်အရ စားနပ်ရိက္ခာကို ကိုယ်တိုင်မရှာဖွေနိုင်သော ချိနဲ့သည့်ကလေးများအား ဦးစွာပထမဖော်ပြရန် ထိုက်တန်သောကြောင့် အသင့်အား၎င်းတို့အတွက် “ရိဇ်က်”တာဝန်ပေးခဲ့ပါသည်”ဟူ၍ဖြစ်သည်။

uav;i,frsm;owfjzwfonfh acwfoqifenf;vrf;wpf&yf

ဤအာယသ်တော်ထဲတွင် ထောက်ပြထားသော ကလေးသူငယ်များအား သတ်ဖြတ်သည့်ပြစ်မှုသည် ကြီးမားသော ပြစ်မှုတစ်ရပ်ဖြစ်သည်ဆိုခြင်းကား သမရိုးကျသတ်ဖြတ်ခြင်းကို ရည်ညွှန်းသည်မှာ ထင်ရှားသည်။ သို့သော်လည်း အနည်းငယ်စဉ်းစားရုံမျှဖြင့် ကလေးသူငယ်များကို မှန်ကန်သည့်သင်ကြားမှုနှင့်လေ့ကျင့်ပျိုးထောင်ပေးခြင်းမပြုလုပ်ခဲ့လျှင် ၎င်းတို့သည် အလ္လာဟ်၊ အလ္လာဟ်ရစူလ်နှင့် အာခိရသ်အတွက် စိုးရိမ်သောက

ထားခြင်းတို့၏အကြောင်း၊ အသိပေးမခံရခြင်း(သို့) ဂရုမပြုခြင်းအနေဖြင့် တည်နေမည်ဖြစ်သည်။ ယင်းသို့ဆိုလျှင် ၎င်းတို့သည် အစွယ်လာမ်သာသနာနှင့်ဆန့်ကျင်သော အကျင့်စာရိတ္တပျက်ပြားခြင်း၊ အရှက်မရှိသော ဘဝပုံစံသို့ကျရောက်သွားပါမည်။ ယင်းသည် ကလေးသူငယ်များအား သတ်ဖြတ်သကဲ့သို့ပင်ဖြစ်သည်။ အလွှာဟ်အရှင်မြတ်အားမသိဘဲ အရှင်မြတ်အမိန့်မနာခံသူကို ကုရ်အာန်ကျမ်းတော်မြတ်က လူသေတစ်ဦးဟု ခေါ်ဝေါ်ပါသည်။ ဤအကြောင်းအစောပိုင်းက ဖော်ပြခဲ့သောအာယသ်တော်၌ရှင်းလင်းဖော်ပြခဲ့သည်မှာ- **اَوَمَنْ كَانَ مَيْتًا فَاَحْيَيْنٰهُ** “အကြင်သူသည် သူသေဖြစ်ခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ထိုသူအားရှင်စေတော်မူခဲ့၏။. . . (၆း၁၂၂)” ၎င်းတို့သားသမီးများအား ကိုယ်ကျင့်တရားများနှင့်လုပ်ရပ်များကိုထိန်းကျောင်းသွန်သင်ပြုပြင်ပေးခြင်းမရှိဘဲ လွတ်လွတ်လပ်လပ်ထားခြင်း(ယင်းသို့ထားခြင်းကြောင့် ကျွန်ုပ်တို့ခေတ်သမယတွင် ရုပ်ရင်းကြမ်းတမ်းသော လွှမ်းမိုးမှုများက ၎င်းတို့အပေါ်အုပ်စီးမိသွားပေမည်) (သို့မဟုတ်) အခြားပညာရေးစနစ်တစ်ရပ်သင်ကြားစေခြင်းကြောင့် အစွယ်လာမ်ဘာသာနှင့်ဆိုင်သောကိုယ်ကျင့်တရားများပျက်စီးသွားစေသည်။ တစ်နည်းအားဖြင့် ယင်းမိဘများကို ၎င်းတို့သားသမီးများအား သတ်ဖြတ်သည့်ပြစ်မှုဖြင့် တရားစွဲဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သမရိုးကျသတ်ဖြတ်ခြင်းမှာ ဤကမ္ဘာလောက၏ခဏတာဘဝကိုသာ ပျက်စီးစေသည်။ သို့သော်လည်း အထက်က ဖော်ပြသောနည်းနှင့်သတ်ဖြတ်ခြင်းကား တစ်စုံတစ်ဦးအဆုံးမရှိသော အာခိရသ်ဘဝကို ဖျက်စီးစေပါသည်။ ဤကားထိတ်လန့်ဖွယ်ဆုံးရှုံးမှုကြီးဧကန်ဖြစ်ပေသည်။

pwkw+wm;jrpfcsufjzpfaom&SufzG,ftjyKtrl!rsm;

ဤအာယသ်တော်များထဲတွင် ဟရာမ်ဟုကြေညာထားသော စတုတ္ထအရာမှာ ရှက်ဖွယ်အပြုအမူပြုလုပ်ခြင်းဖြစ်သည်။ ယင်းအကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ထားသည်မှာ-**وَلَا تَقْرَبُوا الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ** “ဂင်းပြင် အသင်တို့သည် ထင်ရှားသော(သို့) လျှို့ဝှက်သောစက်ဆုတ်ရွံရှာဖွယ်ရာယုတ်မာမှုများ၏ အနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်။(၁၅၁)” ïHAoF (အလ်ဖဝါဟိရ်)ဟူသော စကားလုံးသည် [wH_aF- (ဖွာဟိရှာဟ်)ဟူသောစကားလုံး၏ဗဟုထုံးကိန်းဖြစ်ကာ ïh^F (ဖွာဟ်ရှ) á aw=h^F- (ဖွာဟ်ရှာ)နှင့် [w-H_aF- (ဖွာဟိရှာ)ဟူသော စကားလုံးများသည် ကြိယာနာမ်များဖြစ်ပြီး ယင်းတို့အား အများအားဖြင့် အိန္ဒြေမဲ့သော၊ လော်လီသော၊ မသင့်လျော် သော(သို့)စက်ဆုတ်ရွံရှာဖွယ်ရာယုတ်မာမှုများဟု မြန်မာဘာသာပြန်ဆိုထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များ၏ အသုံးအနှုန်းအရ ဤစကားလုံးများကို ယုတ်မာသော၊ စနစ်တကျမရှိသောစသည့် ဆိုးကျိုးများအတောမသတ်ပေါ်ပေါက်စေသည့် မကောင်းသည့်အပြုအမူတိုင်းကို ဖော်ပြရန်အသုံးပြုသည်။ အီမာမ်ရာဂိပ် အလ်အစ္စဖဟာနီကမုဖ်ရာဒတ်သုလ်ကုရ်အာန်ကျမ်းတွင်လည်းကောင်း၊ အိဗ်နိကဆီးရ်က အန်နီဟာယဟ်ကျမ်းတွင်လည်းကောင်း ထိုအဓိပ္ပာယ်ကိုပေးသည်။ ဖုဟုရှိန့်ဖှဟ်ရှာ(ညစ်ညမ်းမှု၊ အိန္ဒြေသိက္ခာမဲ့ခြင်း၊ သူတစ်ပါးမယား(လင်)နှင့်ဖောက်ပြန်ကျူးလွန်ခြင်း၊ အိမ်ထောင်ဖက်မဟုတ်သူနှင့်ကာမစက်ယှက်ခြင်း၊ ပြည့်တန်ဆာလုပ်ခြင်း (သို့) စက်ဆုတ်ရွံရှာခြင်း(သို့) ရက်စက်ကြမ်းကြုတ်ခြင်းစသောမည်သည့် အမျိုးအစားပင်ဖြစ်စေ)တို့အား တားမြစ်ခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အဖန်တလဲလဲတင်ပြထားသည်။ ပမာဆိုသော် စူရတ်အန်နဟ်လ်တွင်- **يَنْهٰى عَنِ الْفَحْشَآءِ وَالْمُنْكَرِ** “ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ထင်ရှားစွာ

သော စက်ဆုတ်ရွံရှာဖွယ်များမှလည်းကောင်း၊ မကောင်းမှုများမှလည်းကောင်း၊ မတရားမှုများမှလည်းကောင်း၊ မြစ်တားတော်မူလေသည်။"(၁၆၊၉၀) ဟူ၍ မိန့်ထားသည်။ ထို့ပြင် စူရတ်အလ်အာရဖ်တွင်- **حَرَّمَ رَبِّيَ الْفَوَاحِشَ** "ငါ့အားမွေးမြူတော်မူသော အရှင်မြတ်သည် စက်ဆုတ်ဖွယ်ရာများအနက်မှ. . . . တားမြစ်တော်မူခဲ့သည်သာတည်း။"(၇၊၃၃)ဟူ၍ မိန့်ထားသည်။

ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်အသုံးပြုထားသော စကားလုံး၏ ဤယေဘုယျအနက်အဓိပ္ပာယ်ထဲတွင် ထင်ရှားစွာဖြစ်စေ ဖုံးအုပ်၍ဖြစ်စေ၊ စကားလုံးနှင့်ဖြစ်စေ၊ အပြုအမူနှင့်ဖြစ်စေ ပြုလုပ်မှုအား လုံးတို့သည် အလွန်ကြီးလေးသော အပြစ်ဖြစ်ကာ အကျူးဝင်သည်။ စင်စစ်အိန္ဒြေသိက္ခာရှိခြင်းနှင့် ရှက်ကြောက် ခြင်းကို ဆန့်ကျင်သည့်လုပ်ရပ်များနှင့် အကောင်း၊ အမှန်ကိုလုပ်သည့်လုပ်ရပ်များအားလုံး အကျူးဝင်သည်။ ထို့ကြောင့် ဤစကားလုံးကို ရှက်ဖွယ်အပြုအမူများ၏ အဓိပ္ပာယ်ဖြင့် ယေဘုယျသုံးနှုန်းသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်ထဲတွင် ရှက်ဖွယ်အပြုအမူများအနီးသို့ပင် မသွားသင့်ဟု အလေးအနက်ပြုထားသည်။ အကယ်၍ ဤစကားလုံးကို ကျယ်ဝန်း၍ယေဘုယျအဓိပ္ပာယ်မှတ်ယူခဲ့လျှင် ပြောဆိုမှုကြောင့်ဖြစ်စေ၊ လက်များ၊ ခြေများနှင့် နှလုံးသားတို့ကြောင့်ဖြစ်စေ ပေါ်ပေါက်စေသော မကောင်းသည့်ညစ်နှင့်အပြစ် ဒုစရိုက်များအားလုံး အကျူးဝင်သွားပေမည်။ ထို့ပြင် အကယ်၍ထိုစကားလုံးကို အများနှင့်ဆိုင်၍ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်သည့်အဓိပ္ပာယ်အရ အိန္ဒြေမဲ့သော လော်လီသော အဓိပ္ပာယ်မှတ်ယူမည်ဆိုလျှင် ရှက်ဖွယ်ကောင်းသောလုပ်ရပ်များ၏ ပဏာမဖြစ်သောလုပ်ရပ်များ၊ ရလဒ်များနှင့်ရည်စူးချက်များကို ညွှန်းပေသည်။

ထို့နောက် ဤအာယသ်တော်ထဲတွင်ပါသော "အလ်ဖ္ဝါဟိစ်ရ်"ဟူသော စကားလုံး၏ရှင်းလင်းချက်တွင် **مَا ظَهَرَ مِنْهَا وَمَا بَطَنَ** "အသင်တို့သည် ထင်ရှားသော(သို့)(လျှို့ဝှက်သော)ဟု မိန့်ထားသည်။ ထို့ကြောင့် ပထမသဖိစိရ်အရဆိုလျှင် အပြင်ပိုင်းဆိုင်ရာ အိန္ဒြေသိက္ခာမဲ့ခြင်းအားလုံးတွင် အပြောအဆို(သို့) လက်များ၊ ခြေများသုံး၍ ကျူးလွန်သောဂုနာဟ်စသည်တို့ကို ဆိုလိုသည်။ ထို့ပြင် အတွင်းပိုင်းဆိုင်ရာ အိန္ဒြေသိက္ခာမဲ့ခြင်းတွင် နှလုံးသားမှ ထွက်ပေါ်လာသော မနာလိုခြင်း၊ ဝန်တိုခြင်း၊ လောဘကြီးခြင်း၊ ကျေးဇူးကန်းခြင်း၊ သည်းမခံခြင်းနှင့် ဤသဘောသဘာဝရှိသောအခြားအရာများကို ရည်ညွှန်းသည်။

အခြားသဖိစိရ်များအရ အပြင်ပိုင်းဆိုင်ရာ အိန္ဒြေသိက္ခာမဲ့ခြင်းများမှာ ပွင့်လင်းစွာကျူးလွန်သော မဖွယ်မရာများဖြစ်ကာ အတွင်းပိုင်းဆိုင်ရာ အိန္ဒြေသိက္ခာမဲ့ခြင်းများမှာ ဖုံးအုပ်၍ လျှို့ဝှက်လုပ်ဆောင်သော မဖွယ်မရာများဖြစ်ပေသည်။ ပွင့်လင်းစွာလုပ်ဆောင်သည့်မကောင်းမှုသည် ယင်းတို့၏ ပဏာမအစပျိုးခြင်းနှင့် အလိုတူအလိုပါများအားလုံးအကျူးဝင်သည်။ အမျိုးသမီးအချို့ကို မကောင်းသောစိတ်နှင့်ကြည့်ရှုခြင်း၊ သူမကို လက်ဖြင့်ထိကိုင်ခြင်း စသည်များနှင့်ယင်းစိတ်ဓါတ်ဖြင့် သူမအားစကားပြောခြင်းတို့သည် အထက်ပါတွင် အကျူးဝင်သည်။ အတွင်းပိုင်းဆိုင်ရာ သိက္ခာမဲ့မှုတွင် တွေးတောမှုများနှင့်ရည်စူးချက်အကောင်အထည်ဖော်ရန် လျှို့ဝှက်အကြံအစည်များလုပ်ဆောင်ခြင်းအားလုံးနှင့် ယင်းရည်ရွယ်ချက်ရလဒ်ရရန် လက်တွေ့ကြံစည်လုပ်ကိုင်ခြင်းအားလုံးသည် ယင်းတွင် အကျူးဝင်သည်။

လေးစားဖွယ်ဋီကာရှင်အချို့ကပြောသည်မှာ အပြင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမူခြင်းဆိုသည်မှာ ရှက်ဖွယ်လုပ်ရပ်၏မကောင်းကျိုးကို ယေဘုယျအသိပညာနှင့် လူတိုင်းကသိရှိပြီးဖြစ်သော ကိစ္စရပ်ကိုရည်ညွှန်းသည်။

အတွင်းပိုင်းဆိုင်ရာ မဖွယ်မရာပြုမူခြင်းအတွက်ကား အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌မဖွယ်မရာဖြစ်သည့်လုပ်ရပ်များ(သို့) ဟရာမ်ဟုသတ်မှတ်ထားသောကိစ္စရပ်များဟု သတိမမူခဲ့သောလုပ်ရပ်များနှင့် လူတိုင်းကလည်းမကောင်းသောကိစ္စရပ်အဖြစ် မယူဆသောအရာများဖြစ်သည်။ ပမာအားဖြင့် သုံးတွလာသ်ပေးကာ ကွာရှင်းထားသော ဇနီးကို ဇနီးမယားတစ်ဦးအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ခြင်း(၎င်းသည် ဇနီးသည်အဖြစ်မဟုတ်တော့ပါ။)သို့မဟုတ် ရှရီအသ်က တရားမဝင်ဟု သတ်မှတ်ထားသည့် အမျိုးသမီးတစ်ဦးနှင့်လက်ထပ်ထိမ်းမြားခြင်းတို့ဖြစ်သည်။

အတိုချုပ်ဆိုရသော် ဤအာယသ်တော်သည် အလ်ဖဝါဟ်ရှ ï^H_Ao'f-L^A- ၏စစ်မှန်သောအဓိပ္ပာယ်အရ အတွင်းပိုင်းဆိုင်ရာနှင့်အပြင်ပိုင်းဆိုင်ရာ ဂုနာဟ်ပြစ်မှုအားလုံးတို့ကို လွှမ်းခြုံထားသည်။ အများလက်ခံထားသည့်အမြင်အရ ပွင့်ပွင့်လင်းလင်းဖြစ်စေ၊ လျှို့ဝှက်၍ဖြစ်စေ မဖွယ်မရာ၊ အိန္ဒြေမဲ့သည့်လုပ်ရပ်များနှင့်ရှက်ဖွယ်လုပ်ရပ်များအားလုံးအကျုံးဝင်သည်။ ထို့နောက် ဤကိစ္စရပ်များတွင် တစ်စုံတစ်ဦးသည် ယင်းအနီးပင်မသွားသင့်ကြောင်း အမိန့်ပေးထားခဲ့သည်။ "စက်ဆုတ်ရွံရှာဖွယ်ရာယုတ်မာမှုများ၏ အနီးသို့ပင်မချဉ်းကပ်ခြင်း"ဟူ၍ တင်းတင်းကြပ်ကြပ်တိုက်တွန်းနှိုးဆော်ခြင်းမှာ ယင်းကဲ့သို့သောနေရာသို့ခဏတာသွားခြင်းဖြင့်ပင် အပြစ်ဂုနာဟ်စွန်းပေမည်ဖြစ်သဖြင့် ယင်းနေရာသို့သွားခြင်းကို ရှောင်ကြဉ်သင့်ပေသည်။ ထို့ပြင် တစ်စုံတစ်ဦးသည် ဂုနာဟ်ဖြစ်စေသော နည်းများလုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရမည်။ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် (e) သခင်မိန့်ကြားခဲ့သည်ကို တင်ပြထားသည်မှာ-

مَنْ حَامَ حَوْلَ حَمًى اَوْشَكَ اَنْ يَّقَعَ فِيْهِ

"တစ်စုံတစ်ဦးသည် တားမြစ်ထားသောနေရာအနီး ရစ်သီရစ်သီနေခြင်းဖြင့် ထိုအထဲဝင်သွားနိုင်သည်ဆိုခြင်းမှာ ဖြစ်နိုင်ချေရှိသည်။"

ထို့ကြောင့် သတိပေးတားမြစ်ထားသည့်နေရာအနီးပါးသို့မချဉ်းကပ်သင့်ကြောင်း တောင်းဆိုထားသည်။

yÖörwm;jrpfyd wfyif jcif;rSmrw&m;owfjzwfjcif;jrpfonf/

ပိတ်ပင်တားမြစ်ထားသည်များမှ ပဋ္ဌမတားမြစ်ချက်မှာ မတရားသဖြင့် သတ်ဖြတ်ခြင်းဖြစ်သည်။ ယင်းအကြောင်းမိန့်ထားသည်မှာ- وَلَا تَقْتُلُوا النَّفْسَ الَّتِىْ حَرَّمَ اللّٰهُ اِلَّا بِالْحَقِّ "၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က(သတ်ဖြတ်ခြင်းမပြုရန်)ဟရာမ်ဟူ၍ မြစ်တားထားတော်မူသော အသက်ဇီဝိန်ကို မသတ်ဖြတ်ကြကုန်လင့်။ သို့ရာတွင်(အစွန်လာမ်)တရားတော်နှင့်အညီ (သတ်ဖြတ်ပိုင်ခွင့်ချွင်းချက်ရှိပေသည်။)"ဟုဖြစ်သည်။ ဤသတ်ဖြတ်ခွင့်အသေးစိတ်များကို တမန်တော်မြတ် (e) သခင်ကမိန့်ထားခဲ့ကြောင်း အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများထဲတွင် စိုက်ယိဒါနာ အဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ် (t) ဆင့်ပြန်ခဲ့သော ဟဒီးဆ်တော်တစ်ရပ်တွင် ဖော်ပြထားသည်။ ကိုယ်တော်မြတ် (e) က မိန့်ကြားသည်မှာ အောက်ဖော်ပြပါအကြောင်းသုံးရပ်မှအပ မုစ်လင်မ်တစ်ဦးကို သတ်ဖြတ်ပိုင်ခွင့်မရှိခေ့။

(၁) အိမ်ထောင်ရှိလင့်ကစားကာမေသုမိစ္ဆာစာရကံကျူးလွန်သောသူကိုလည်းကောင်း၊

(၂) တစ်စုံတစ်ဦးကို မတရားသတ်ဖြတ်ခဲ့သဖြင့်၊ ယင်းအတွက်(ကီစား၏) တူညီသောအစားပေးခြင်းအတွက်လည်းကောင်း၊

(၃) စစ်မှန်သော အီမန်ယုံကြည်မှုကို စွန့်၍(မုရ်သဒ်)ဘာသာကူးပြောင်းသွားသူကိုလည်းကောင်း၊

တတိယမြောက် ခလိဖာဟ်ကြီးဖြစ်သော စိုက်ယိဒိနာအုဆ်မာန်အလ်ဂနီအား သူပုန်များက သတ်ဖြတ်လို၍ဝိုင်းဝန်းထားချိန်၌ ဆွဟာဗဟ်ကြီးက ထိုသူများအား ဤဟဒီးဆ်ကိုရွတ်ဖတ်သရဇ္ဈာယ်၍ပြောသည်မှာ- "အလ္လာဟ်အရှင်မြတ်ကို တိုင်တည်၍ကျွန်ုပ်ပြောအံ့။ ကျွန်ုပ်ဘဝတလျှောက်လုံး ဤသည်များမှ ကင်းစင်ခဲ့ပါသည်။ အစ္စလာမ်သာသနာ့ခေတ်တွင်သာမက ဂျာဟိလိယဟ်အမှောင်ခေတ်တွင်ကပင် ကျွန်ုပ်သည် ကာမေသုမိစ္ဆာစာရကံမကျူးလွန်ခဲ့ပါ။ မည်သူတစ်ဦးတယောက်ကိုမျှလည်း ဘယ်သောအခါမှ မသတ်ခဲ့ပါ။ အစ္စလာမ်ဘာသာ၏ အီမာန်ယုံကြည်မှုကို စွန့်လွှတ်ရန် မည်သည့်အခါမျှ စိတ်မကူးခဲ့ပါ။ သို့ဆိုလျှင် မည်သည့်အခြေခံနှင့်ကျွန်ုပ်ကို သတ်လိုကြပါသနည်း။"

မုစ်လင်မ်တစ်ဦးကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ သတ်ဖြတ်ခြင်းသည် တရားမဝင်သကဲ့သို့ အစ္စလာမ့်နိုင်ငံတွင် တရားဥပဒေနှင့်အညီနေထိုင်သော မုစ်လင်မ်မဟုတ်သူတစ်ဦးကို သတ်ဖြတ်ခြင်းသည်လည်း တရားမဝင်ချေ။ သို့မဟုတ် မုစ်လင်မ်များနှင့်နှစ်ဖက်သဘောတူ ပဋိညာဉ်ပြုထားသောသူများအနက်မှတစ်ဦးကို သတ်ဖြတ်ခြင်းသည်လည်း တရားမဝင်ချေ။ သိရိမိဇီကျမ်းနှင့် အိဗ်နိမာဂျာဟ်ကျမ်းများ၌တင်ပြထားခဲ့သော စိုက်ယိဒိနာအဗူဟုရိုင်ရဟ် (t) သခင်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ် (e) သခင် မိန့်ကြားခဲ့သည်မှာ "မည်သူမဆို (မုစ်လင်မ်နိုင်ငံတစ်ခု၏အကာအကွယ်ပေးခံရသော မုစ်လင်မ်မဟုတ်သူ)ဒင်မ်မီတစ်ဦးအား သတ်ဖြတ်ခဲ့လျှင် ၎င်းသည် အလ္လာဟ်အရှင်မြတ်နှင့် လုပ်ထားသော ပဋိညာဉ်ဖောက်ဖျက်ခဲ့သူတစ်ဦးဖြစ်ကာ ၎င်းသည် နှစ်ပေါင်းခုနှစ်ဆယ်သွားရသည့် ခရီးအကွာအဝေးမှပင် ရနိုင်သောဂျန္နသ်၏ရနံ့ကိုပင် မည်သည့်အခါမျှ ရရှိမည် မဟုတ်ချေ။

ဤအာယသ်တော်တစ်ခုထဲတွင် တားမြစ်ချက် ဆယ်ခုမှငါးခုဖော်ပြပြီးနောက်- ﴿ذٰلِكُمْ وَصّٰكُمْ بِهٖ لَعَلَّكُمْ تَذَكَّرُوْنَ﴾ (ထိုအရှင်မြတ်သည် အသင်တို့မှတ်သားနိုင်ခြင်းငှါ ဤသည့်(အချက်)တို့နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်တော်မူသည်။)ဟု မိန့်ကြားထားသည်။

ta|raajrmufwm;jrpfydwfyifcsufrSm zwopdk;uav;rsm;\Opömypönf;udk rrSefuefaom enf;vrf;rsm;jzifhpm;dkk;jcif;

ဆဋ္ဌမမြောက်အမိန့်တော်ဖြစ်သော ဖတဆိုးကလေးများ၏ဥစ္စာပစ္စည်းကို မတရားသောနည်းလမ်းဖြင့် စားသုံးခြင်း၊ တရားမဝင်ကြောင်း၊ ဒုတိယအာယသ်တော်ထဲတွင် မိန့်ထားသည်မှာ-﴿وَلَا تَقْرَبُوْا مَالَ الْيَتِيْمِ اِلَّا بِالَّتِيْ هِيَ اَحْسَنُ حَتّٰى يَبْلُغَ اَشُدَّهٗ﴾ "ထို့ပြင်အသင်တို့သည် ကောင်းမွန်သောနည်းလမ်းမှတစ်ပါး မိဘမဲ့ကလေးသူငယ်တို့၏ဥစ္စာပစ္စည်း၏အပါးသို့ပင် ၎င်းတို့လူလားမြောက်အရွယ်ရောက်သည်အထိ မချဉ်းကပ်ရ။"ဟူ၍ဖြစ်သည်။

ဤတွင် ဦးတည်ပြောကြားမှုသည် အရွယ်မရောက်သေးသော ဖတဆိုးကလေးများ၏ အုပ်ထိန်းသူများကိုဖြစ်သည်။ အုပ်ထိန်းသူများအား ဖတဆိုးများပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းကို မီးကဲ့သို့ပြုမူရမည်ဟုပြောဆိုခဲ့သည်။ ထိုသူများသည် ယင်းဥစ္စာပစ္စည်းများကိုယူဆောင်ခြင်း၊ မတရားစားသုံးခြင်းအတွက် ယင်းဥစ္စာပစ္စည်းအနား မသွားသင့်ချေ။ ဤနေရာ၌မိန့်ထားသည့်အတိုင်း စကားလုံးတူဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်၌- وَلَا تَقْرَبُوْا مَالَ الْيَتِيْمِ اِلَّا بِالَّتِىْ هِىَ اَحْسَنُ حَتّٰى يَبْلُغَ اَشُدَّهٗ (၁၇း၃၄) ဟုမိန့်ထားသည်။ ထို့ပြင် စူရတ်အလ်နိစား (၄း၁၀)၌လည်း“မုချဧကန်အကြင်သူများသည် ဘမဲ့ကလေး များ၏ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြ၏။ မုချဧကန်ထိုသူများသည် မိမိတို့ဝမ်းတွင်းသို့ မီး(မီးကျီခဲ)ကိုသာလျှင် (ထည့်သွင်း)စားသုံးကြ၏။ ၎င်းပြင် ထိုသူများသည် မကြာမြင့်မီအတွင်း အလျှံပြောင်ပြောင်တောက်လောင်လျှက်ရှိသော ငရဲသို့သက်ဆင်းဝင်ရောက်လာကြရပေမည်။” ဟုမိန့်ထားသည်။

မည်သို့ပင်ဆိုစေကာမူ ဖတဆိုးကလေးများ၏ ဥစ္စာပစ္စည်းကို စောင့်ရှောက်ခြင်းနှင့် အစဉ်အလာအရ ဆုံးရှုံးမှုမရှိသော ခွင့်ပြုထားသည့်လုပ်ငန်းတစ်ရပ်တွင် ရင်းနှီးမြှုပ်နှံခြင်းကား ကောင်းပေသည်။ သို့သော်လည်း ဆုံးရှုံးမည့်အန္တရာယ်မရှိရန်ကား လိုအပ်သည်။ ဖတဆိုးကလေးငယ်များ ထိန်းသိမ်းစောင့်ရှောက်သူများသည် ထိုသို့လုပ်သင့်ပေသည်။

ယင်းနောက် ဖတဆိုးတို့၏ ဥစ္စာပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်သည့် အကန့်အသတ်ကိုဖော်ပြသည်မှာ- حَتّٰى يَبْلُغَ اَشُدَّهٗ (၎င်းတို့လူလားမြောက်အရွယ်ရောက်သည်အထိ)ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ဖတဆိုးကလေးများအရွယ်ရောက် လူလားမြောက်လျှင် အုပ်ထိန်းသူ၏တာဝန်မှာ ပြီးဆုံး၍ဖတဆိုးကလေးကို သူ့ဥစ္စာပစ္စည်းများအပ်နှံသင့်ပေသည်။

{d#-W<A- (အရွှန်ဒ)ဟူသော စကားလုံး၏ စစ်မှန်သော ဆိုလိုရင်းမှာ အစွမ်းဖြစ်သည်။ အုလမာအများစု၏အဆိုအရ ယင်းမှာ လူပျို-အပျိုဝင်စမှအစပြုသည်။ အပျိုပေါက်၊ လူပျိုပေါက်ဝင်သည့် လက္ခဏာပေါ်ပေါက်လျှင်လည်းကောင်း သို့မဟုတ် သူ(သို့) သူမအသက်(၁၅)နှစ်တင်းတင်းပြည့်သည့်အချိန်မှသာ တရားဝင်အရွယ်ရောက်လူလားမြောက်သည်ဟု မှတ်ယူလိမ့်မည်။

သူ၏ရုပ်ပိုင်းဆိုင်ရာ အရွယ်ရောက်လူလားမြောက်သည့်တိုင် ၎င်း၏ဥစ္စာပစ္စည်းများကို ကာကွယ်နိုင်စွမ်းနှင့် မှန်မှန်ကန်ကန်နှင့်စိတ်ကျေနပ်ဖွယ် သုံးစွဲနိုင်ခြင်း ရှိ မရှိကြည့်ရပါလိမ့်မည်။ အကယ်၍သူတွင် ယင်းအစွမ်းအစရှိသည်ကိုတွေ့ရလျှင် သူပိုင်ဥစ္စာပစ္စည်းကို သူ့ထံအပ်နှံရမည်။ ထိုသို့အရွယ်ရောက်လူလားမြောက်ချိန်၌ ထိုကဲ့သို့သောအရည်အချင်းမရှိလျှင် အုပ်ထိန်းသူများသည် ၎င်း၏ဥစ္စာပစ္စည်းများကို ၎င်းသူ အသက်(၂၅)နှစ်ပြည့်သည်အထိ စောင့်ရှောက်ရန်တာဝန်ရှိသည်။ ဤကာလအတွင်း မည်သည့်အချိန်၌မဆို သူ၏ဥစ္စာပစ္စည်းထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယင်းတို့ဖြင့်စီးပွားရေး(သို့) အသက်မွေးဝမ်းကျောင်းမှုလုပ်နိုင်သည့် အစွမ်းအစရှိမည်ဆိုလျှင် ၎င်း၏ဥစ္စာပစ္စည်းကိုသူ့ထံ လွှဲပြောင်းပေးနိုင်သည်။ ထို့ပြင်အကယ်၍ အသက်(၂၅)နှစ်ရောက်သည့်တိုင် သူ့တွင်ယင်းကဲ့သို့အစွမ်းအစရှိကြောင်း မပြသခဲ့လျှင် အီမာမ်အဗူဟနီဖာဟ်၏အဆိုအရ ယင်းသို့ဖြစ်ခြင်းသည်စိတ်မနှံ့သောကြောင့်ဖြစ်သည် မဟုတ်ခဲ့လျှင် မည်သို့ပင်ဖြစ်စေ ယင်းဥစ္စာပစ္စည်းများကို သူ့အားပေးအပ်ရမည်။ ထို့ပြင်အီမာမ်အချို့၏အဆိုအရ ၎င်း၏ပစ္စည်းဥစ္စာများကို သူ့အားပေးအပ်ရမည့်အစား၊ အစွလာမ့်ရုံး

တော်တစ်ခု၏ ကာသွီ(သို့) တရားသူကြီးအားအပ်နှံကာ ၎င်းတို့က သူ၏ဥစ္စာပစ္စည်းကို ယုံကြည်စိတ်ချ၍ ကာကွယ်စောင့်ရှောက်ရန်တာဝန်ထမ်းဆောင်နိုင်သူကို ပေးအပ်ရမည်။

တစ်ဖန် ဤနေရာ၌မိန့်ကြားထားသည်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တွင်ပါဝင်သော အဆိုအမိန့်တစ်ခုပေါ်တွင်အခြေခံထားသည်။ ယင်းမှာ-**فَإِنْ آنَسْتُمْ مِّنْهُمْ رُشْدًا فَادْفَعُوٓا إِلَيْهِمْ أَمْوَالَهُمْ** "အကယ်၍အသင်တို့သည် ထိုဖမဲ့ကလေးတို့၌ဆင်ခြင်နိုင်သော အသိတရား(ရှိသည်)ကိုတွေ့ရှိသော် ထိုဖမဲ့ကလေးတို့အား ထိုကလေးများ၏ဥစ္စာပစ္စည်းများကိုပေးအပ်ကြလေကုန်။ . . . ။(၄း၆) ဆိုလိုသည်မှာ ဖတဆိုးကလေးသည် အရွယ်ရောက်ပြီးနောက် သူ၏ပစ္စည်းဥစ္စာတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းနှင့် အကျိုးရှိစွာရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိကြောင်းတွေ့ရှိပါက ပစ္စည်းဥစ္စာများကို၎င်းတို့အားပေးအပ်ရပါမည်။ ဤအာယသ်တော်က ကျွန်ုပ်တို့အားပြောပြသည်မှာ အရွယ်ရောက်ခြင်းတစ်ခုတည်းဖြင့် ဖတဆိုးကလေးအား သူ၏ပစ္စည်းပေးအပ်ခြင်းသည် လျော်ကန်သင့်မြတ်မှုအတွက် မလုံလောက်ပါ။ ယင်းကိစ္စအတွက် ပစ္စည်းဥစ္စာများကိုကာကွယ်စောင့်ရှောက်နိုင်စွမ်းနှင့် ယင်းတို့ကို အကျိုးရှိစွာရင်းနှီးမြှုပ်နှံနိုင်စွမ်းဆိုသည်တို့နှင့် စည်းကမ်းသတ်မှတ်ထားသည်။

owårwm;jrpfcsuf/ tcsdefUwG,fESifhf twdkif;twmwdkYwGif avsmhenf;jcif;

ဤအာယသ်တွင်ပေးထားသော သတ္တမအမိန့်မှာ အချိန်အတွယ်နှင့်အတိုင်းအတာတို့တွင် တရားမျှတစွာဖြင့်အပြည့်အဝပြုလုပ်ရန်ဖြစ်သည်။ "တရားမျှတစွာ"ဟု ဘာသာပြန်ဆိုထားသော **بِالْقِسْطِ** (ဗလ်ကစ်တို့)ဟူသောစကားလုံးသည် ရောင်းဝယ်ဖောက်ကားမှုတစ်ခုခု၌ပေးရမည့်သူသည် လက်ခံရရှိမည့်သူ၏ ရစရာတို့ထဲမှ မည်သည်ကိုမျှ လျော့နည်း၍မပေးရပါ။ ၎င်းနောက်လက်ခံရရှိမည့်သူကလည်း ပေးအပ်သောသူ ပေးသည်များထဲမှ မည်သည်ကိုမျှ ပို၍မယူရပါဟု ရည်ညွှန်းပါသည်။ **(ရွှလ်ဟုလ်မအာနီ)**

ပစ္စည်းများအတွက် ယေဘုယျအပေးအယူပြုလုပ်ရာတွင် အလေးချိန်နှင့်အတိုင်းအတာလျော့နည်းခြင်းကိုကုရ်အာန်ကျမ်းတော်မြတ်က လေးလေးနက်နက်တားမြစ်ထားသည်။ ယင်းကဲ့သို့လုပ်ဆောင်သောသူတို့အားပြင်းထန်စွာသတိပေးချက်ကို စူရတ်မုတ္တဖိဖိဖင်(၈၃)တွင် ပါရှိပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ဋီကာရှင် စိုက်ယိဒိနာ အိဗ်နိအဗွားစ်၏တင်ပြချက်အရ ချိန်တွယ် တိုင်းတာခြင်းလုပ်ငန်းများနှင့်ပတ်သက်သောသူများအား ဦးတည်ပြောကြားရာ၌ တမန်တော်မြတ် (ﷺ) က မိန့်သည်မှာ "မှန်ကန်စွာချိန်တွယ်ခြင်းနှင့်မှန်ကန်စွာတိုင်းတာခြင်းတို့သည် တာဝန်ဝတ္တရားတစ်ခုဖြစ်သည့်အားလျော်စွာ ယင်းကိစ္စကို မမှန်မကန်လုပ်ဆောင်ခဲ့သော် အသင်တို့အလျင်က မြောက်မြားစွာသောအုမ္မသ်ထုများတို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခြင်းအနေဖြင့် ဖျက်ဆီးခြင်းခံခဲ့ရပါသည်။ဟူ၍ဖြစ်သည်။ (ထို့ကြောင့် ဤကိစ္စရပ်အတွက် အပြည့်အဝဂရုစိုက်ရပါမည်။) **(သဖ်စိရ်အိဗ်နိကဆီး၍)**

owfrSwfxm;aomwmOef0wåm;wdkYtwGufavsmhrkyfaqmifawhxkdaomt&mxkdrsm;ESihfvkyfom;rsm;
onf uk&ftmefusrf;awmfjrwf\ pOya'atmufwGif tusHL;0ifygonf/

စိတ်တွင်စွဲမှတ်ထားရမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် "သသ်ဖီဖ်"ဟုခေါ်တွင်သော အချိန်အတွယ်၊ အတိုင်းအတာလျော့နည်းမှုသည် အချိန်အတွယ်လျော့နည်းခြင်းနှင့်အတိုင်းအတာတွင် လျော့နည်းမှုသက်သက် အတွက်သာ ကန့်သတ်ထားသည် မဟုတ်ပါ။ အမှန်မှာ အခြားသူတစ်ဦး၏ ရပိုင်ခွင့်ကိုပေးရာ၌လျော့နည်းခြင်း သည်လည်း"သသ်ဖီဖ်"အောက်တွင် အကျုံးဝင်သွားကြောင်းကို အိမာမ်မာလိက်စ်၏ မုအတ္တာကျမ်းတွင်ပါရှိသော စိုက်ယိဒိနာအုမရ်၏ တင်ပြချက်သည် သာဓကတစ်ရပ်ဖြစ်စေပါသည်။ တစ်စုံတစ်ဦးသည် ဆွလာသ်ဝတ်ပြုရာတွင် လိုအပ်သောလုပ်ဆောင်မှုများ လျော့နေကြောင်း စိုက်ယိဒိနာအုမာရ် (t) သခင် သတိမူမိသောအခါတွင် သူက ပြောသည်မှာ အသင်"သသ်ဖီဖ်"ပြုလုပ်ခဲ့လေပြီဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူသည် ဆွလာသ်ဝတ်ပြုရာတွင် မပြုမနေရတာဝန်လည်းဖြစ်ပြီး လုပ်သင့်သည်များကို မလုပ်ဟူ၍ဖြစ်သည်။ ဤအဖြစ်အပျက်ကိုတင်ပြပြီးသည့် နောက် အီမာမ်မာလစ်က်ကပြောသည်မှာ- **لِكُلِّ شَيْءٍ وَفَاءٌ وَتَطْفِيفٌ** "ပေးသင့်သည်ကိုအပြည့်အဝပေးခြင်းနှင့် လျော့၍ပေးခြင်းဆိုသည်တို့သည် အချိန်အတွယ်နှင့်အတိုင်းအတာတို့အတွက်သာ သက်ဆိုင်သည်မဟုတ်ဘဲ အရာရာတိုင်းနှင့်လည်းသက်ဆိုင်သည်။

ဤသည်က ကျွန်ုပ်တို့အားပြောသည်မှာ အလုပ်သမားတစ်ဦးသည် သတ်မှတ်ထားသောသူ၏တာဝန် ဝတ္တရားများကို မထမ်းဆောင်ဘဲ အချိန်ခိုးခြင်း(သို့) အလုပ်နှောင့်နှေးစေခြင်း၊ ၎င်းနောက်နေ့စားအလုပ်သမား တစ်ဦးသည် သဘောတူပြီးသောအလုပ်ကိုလုပ်ဆောင်ရာတွင် လျော့နည်းလုပ်ဆောင်ခြင်းတို့ဖြစ်သည်။ ထိုကဲ့သို့ သဘောအရဆိုလျှင် အစိုးရအဖွဲ့၏ဝန်ကြီးတစ်ဦးဖြစ်စေ၊ သူ၏မင်းစေဖြစ်စေ၊ ရုံးအကူတစ်ဦးဖြစ်စေ၊ ပညာရှင်တစ်ဦးဖြစ်စေ၊ ဘာသာရေးဆိုင်ရာလုပ်သားတစ်ဦးဖြစ်စေ ၎င်းတို့အားလုံးသည် အကယ်၍ ၎င်းတို့ အတွက်သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌လျော့နည်းနေပါက ဤသည်မှာ ကုရ်အာန် ကျမ်းတော်မြတ်၏အသုံးအနှုန်းဖြစ်သော"အလ်မုတွဖ်ဖိဖင်န်"အောက်တွင် အကျုံးဝင်သွားပါလိမ့်မည်။

ထို့နောက်- **لَا تُكَلِّفُ نَفْسًا إِلَّا وُسْعَهَا** "ငါအရှင်မြတ်သည်. . . မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ တတ်စွမ်းနိုင်သည်ထက်ပို၍ဝန်တင်တော်မူသည်မဟုတ်။" ဟုမိန့်ကြားထားသည်။ အချို့သော ဟဒီးဆ်ဆင့်ပြန် ချက်များတွင် ဤအာယသ်တော်သည် ခြွင်းချက်ရှိကြောင်း အညွှန်းတစ်ခုဖြစ်သည်ဟု ရှင်းလင်းထားပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် သူလုပ်ဆောင်ရမည့် ချိန်တွယ်ခြင်း၊ တိုင်းတာခြင်းတို့တွင် အပြည့်အဝ ပေးရမည်ဟူသော လိုအပ်ချက်ကို အပြည့်အစုံတွေးတောဆင်ခြင်ကာ သူလုပ်ဆောင်သမျှတို့တွင် အစွမ်းကုန် လုပ်ဆောင်ပါသည်။ အကယ်၍ အမှုမဲ့အမှတ်မဲ့ဖြင့် မပြောပလောက်သော ပိုလျှံခြင်းကို၎င်း၊ လျော့နည်းခြင်း ကို၎င်း ဖြစ်သွားပါက ယင်းကိစ္စအတွက်ခွင့်လွှတ်ပြီးဖြစ်သွားပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းဖြစ်ရပ်သည် သူ၏လုပ်နိုင်စွမ်းနှင့် ထိန်းချုပ်နိုင်မှုတို့ကို ကျော်လွန်သွားသောကြောင့်ဖြစ်သည်။

သဖီစီရ်မဇာဟိရီကျမ်းအရ ကြားတွင် ဤဝါကျထည့်ထားခြင်းကပေးရန်ရှိသည်ကို ပေးရာတွင် အနည်းငယ်ပိုပေးလျှင်ကောင်းသည်။ သို့မှသာပေးသည့်နေရာ၌ လျော့နည်းသည်ဟူသည့်သံသယမရှိနိုင်ချေဟု ရည်ညွှန်းသည်။ အလားတူ အချိန်အခါမျိုး၌ တမန်တော်မြတ် (e) သခင်သည် ချိန်တွယ်နေသူတစ်ဦးကို အမိန့်

ပေးသည်မှာ-زِنْ وَارْجِحْ (ဇင်ဝအရ်ဂျိဟ်) "ပိုပိုသာသာချိန်လိုက်ပါ"ဟူ၍ဖြစ်သည်။ (စာပေသဘော အရချိန်တွယ်ရာတွင်လက်ခံသူသာသာတိုးတိုးရစေရန် ချိန်ခွင်လျှာကိုသူ့ဖက်သာ သာတိုးတိုးချိန်ပေးပါ)။ **(စူဝေးဒ်အိဗ်နိုကိုက်စ်၏ ဆင့်ပြန်ချက်တစ်ရပ်ကို အဟ်မဒ်ကျမ်း၊ အဗူဒါဝူးဒ်ကျမ်းနှင့် သိရ်မိဇီကျမ်းတို့တွင်လည်းလာရှိသည်။)**

ထို့ပြင် ဤသည်မှာ တမန်တော်မြတ် (ﷺ) သခင်ကိုယ်တော်တိုင်ပြုလုပ်လေ့ လုပ်ထရှိသောနည်းဖြစ်သည်။ ဘယ်သောအခါတွင်မဆို တမန်တော်မြတ် (ﷺ) သခင်သည် တစ်စုံတစ်ဦးကို ပေးဆပ်ရန်ရှိကာ ပေးဆပ်ရန်အချိန်လည်းကျရောက်ခဲ့လျှင် ကိုယ်တော်မြတ် (ﷺ) သခင်သည် ထိုသူရရန်ရှိသည်ထက် ပိုပေးရန်နှစ်သက်တော်မူသည်။ ထို့နောက် စိုက်ယိဒိနာဂျာဗီရ် (ت) သခင်၏ ဆင့်ပြန်ချက်တစ်ရပ်ပေါ် အခြေခံ၍ အလ်ဗုခါရီကျမ်းတွင် ဟဒီးဆ်တစ်ပုဒ်၌ တမန်တော်မြတ် (ﷺ) သခင် မိန့်ခဲ့သည်မှာ- "ရောင်းရာတွင် တစ်စုံတစ်ဦးသည် ၎င်းပေးရန်ရှိသည်ထက်ပိုပေးသော သက်ညှာသူတစ်ဦးအပေါ်၌ အလွှာဟ်အရှင်မြတ်၏ သနားကြင်နာမှုကျရောက်ပါစေ၊ ထို့နောက် ရရန်ရှိရာတွင် လျော့နည်းစွာရလျှင်ပင် ကျေကျေနပ်နပ် လက်ခံရန်ရှိသည်ထက်ပိုမယူသော သက်ညှာသူအပေါ်၌လည်း အလွှာဟ်အရှင်မြတ်၏ သနားကြင်နာမှုကျရောက်ပါစေ။"

သို့သော်လည်း တစ်စုံတစ်ဦးသည် ပေးရန်ရှိလျှင် ပိုပေး၍ ရရန်ရှိလျှင်လျော့ယူခြင်းသည် လူကျင့်ဝတ်ဆိုင်ရာကျင့်ထုံးတစ်ခုဖြစ်ကာ အချင်းပွားမှု၊ အငြင်းပွားမှုကို ရှောင်ရှားစေနိုင်သည်။ ဤကိစ္စတွင် တစ်စုံတစ်ဦးကိုအတင်းအကြပ်လုပ်စေရန် မည်သည့်ဥပဒေဆိုင်ရာကိစ္စမျှမပါချေ။ ဤအမြင်ကို ထောက်ပြရန် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ထားသည်မှာ "ငါအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူတတ်စွမ်းနိုင်သည်ထက်ပို၍ ဝန်တင်တော်မူသည်မဟုတ်။"ဟူ၍ဖြစ်သည်။ တနည်းဆိုရလျှင် အခြားသူတစ်ဦးရရန် ရှိသည်ထက်ပိုပေးခြင်းသည်လည်းကောင်း၊ မိမိရရန်ရှိသည်ထက်အခြားသူက လျှော့ပေးခြင်းကို ကျေနပ်ရမည်ဆိုခြင်းသည်လည်းကောင်း၊ မပြုမနေရအမိန့်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ယင်းကို သာမန်လူများလုပ်ဆောင်ရန်မလွယ်ကူသောကြောင့်ဖြစ်သည်။

t|rtrdefYynwfcsufrSmw&m;rQwygap/ ,if;ESihfqefYusifjyKvkyfjcif; [&mrfjzpfonf

အာယသ်တော်က-وَإِذَا قُلْتُمْ فَاعْدِلُوا وَلَوْ كَانَ ذَا قُرْبَىٰ "ထိုနည်းတူ အသင်တို့သည်(တစ်စုံတစ်ရာကို သက်သေခံရာ၌ဖြစ်စေ၊ စီရင်ဆုံးဖြတ်ရာ၌ဖြစ်စေ)စကားပြောဆိုသောအခါ (ပြောဆိုခံရသောသူသည် မိမိ) ဆွေရင်းသားရင်းဖြစ်သည့်တိုင်အောင် တရားမျှတစွာပြောဆိုကြရမည်။"ဟု မိန့်သည်။ သတိမူရမည်မှာ ဤနေရာ၌ မည်သည်ကိုမျှ သီးခြားဖော်ပြမထားပါ။ ထို့ကြောင့် ဋီကာရှင်အများစုက ဤအမိန့်ထဲ၌ အမှုအချို့တွင် သက်သေထွက်ဆိုခြင်းဖြစ်စေ၊ တရားသူကြီးတစ်ဦးက အမိန့်ချမှတ်ခြင်းဖြစ်စေ၊ အုပ်ချုပ်သူအရာရှိထံမှ အမိန့်(သို့) တစ်ဦးနှင့်တစ်ဦးပြောဆိုခြင်း အမျိုးမျိုးတို့ပါဝင်သည်။ ထိုကဲ့သို့သောအရာအားလုံးနှင့်ပတ်သက်၍ တစ်စုံတစ်ဦးသည် မည်သည့်နေရာဖြစ်စေ၊ မည်သည့်ကိစ္စရပ်တွင်ဖြစ်စေ၊ မည်သည့်အခြေအနေတွင်ဖြစ်စေပြောဆိုရန်ရှိလျှင် အမှန်တရားနှင့်တရားမျှတမှုတို့၏ စံကိုလိုက်နာသင့်သည်ဆိုကြောင်း ကုရ်အာန်ကျမ်းတော်မြတ်က အမိန့်ပေးထားသည်။ အမှုအချို့တွင် သက်သေတစ်ဦးအဖြစ် သက်သေထွက်ဆိုရာတွင် မှန်ကန်မှုနှင့်မျှတမှုအတိုင်း ဆောင်ရွက်ရမည်ဆိုခြင်း၏ အဓိပ္ပာယ်ကားရှင်းပေသည်။ ဆိုလိုသည်မှာ သက်သေသည် သူတိတိကျကျသိသည်ကိုပြောသင့်၍

ယင်းပြောကြားချက်သည် ပွင့်လင်း၍ရှင်းလင်းရမည်။ ထိုပြောကြားချက်တွင် သူ့ကိုယ်ပိုင်စကားလုံး ထပ်ဆောင်းခြင်း၊ သူသိသည်များ ထိမ်ချန်ခြင်းမပြုလုပ်ရ။ သူ၏မှန်းဆချက်နှင့်စိတ်ကူးများ မပါစေရ။ ထို့ပြင်သူထွက်ချက်ကြောင့်မည်သူအကျိုးဖြစ်ထွန်း၍ မည်သူနစ်နာမည်ဆိုကြောင်း မစိုးရိမ်သင့်ချေ။ အမှုတစ်ခုဆုံးဖြတ်မည့် တရားသူကြီးတစ်ဦးသည်လည်း အလားတူအခြေအနေပင်ဖြစ်သည်။ တရားသူကြီးသည် သက်သေများကို အစွမ်းလာမ့် တရားရေးဆိုင်ရာစံနှုန်းအညီ စစ်ဆေးရလိမ့်မည်။ သက်သေများ၏ထွက်ဆိုချက်များကိုလက်ခံကာ အခြားသောချဉ်းကပ်နည်းအမျိုးမျိုးဖြင့် မှန် မမှန်စစ်ဆေးကာဆုံးဖြတ်ချက်ပေးရမည်။ သက်သေထွက်ရာ၌ဖြစ်စေ၊ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရာ၌ဖြစ်စေ၊ တစ်စုံတစ်ဦး၏ မှန်မှန်ကန်ကန်နှင့်တရားမျှတစွာထွက်ဆိုသည်ကို မည်သို့သောအကြောင်းနှင့်မျှ မတားဆီးသင့်ချေ။ အဆွေခင်ပွန်းဖြစ်ခြင်း၊ ချစ်ခင်ခြင်း၊ ရန်ဘက်ဖြစ်ခြင်းနှင့် ရန်လိုခြင်းစသည့်မည်သည့် အကြောင်းနှင့်မျှ မတားဆီးရချေ။ ဤအကြောင်းကြောင့် ဤနေရာ၌- **وَلَوْ كَانَ ذَاقُرْبٰى** "ဆွေရင်းသားရင်းဖြစ်သည့်တိုင်အောင်"ဟူသောဝါကျကိုထည့်ထားသည်။ ဆိုလိုသည်မှာ အကယ်၍သင်သည် သက်သေတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ တရားသူကြီးတစ်ဦးအဖြစ်လည်းကောင်း သင်ပါဝင်သည့်အမှုတစ်ခုတွင် အမှုသည်များသည် သင်၏ဆွေမျိုးညာတကာဖြစ်သည့်တိုင် သက်သေခံရာ၌လည်းကောင်း၊ အမိန့်ချမှတ်ရာ၌လည်းကောင်း၊ မှန်ကန်မှုနှင့်တရားမျှတမှုမှ လွတ်ထွက်မသွားရပါ။

ဤအာယသ်တော်ထဲပါသည့် ရည်ရွယ်ချက်မှာ မမှန်မကန်သက်သေထွက်ဆိုခြင်းနှင့် မတရားအမိန့်ချမှတ်ခြင်းတို့ကို ဟန့်တားရန်ဖြစ်သည်။ မမှန်မကန်သက်သေခံခြင်းနှင့် ပတ်သက်၍အဗူဒါဝူးဒ်ကျမ်းနှင့် အိဗ်နိမာဂျ်ကျမ်းတို့၌ တမန်တော်မြတ် (ﷺ) သခင်၏ မိန့်ကြားချက်တင်ပြထားသည်မှာ- "မမှန်မကန် သက်သေထွက်ခြင်းသည် ရှုစ်ရိုက်လုပ်ခြင်းနှင့်အတူတူဖြစ်သည်။"ကိုယ်တော်မြတ် (ﷺ) သခင်သည် ယင်းကိုသုံးကြိမ်သုံးခါမိန့်ပြီးနောက် ဤအာယသ်တော်-

فَاجْتَنِبُوا الرِّجْسَ مِنَ الْاَوْثَانِ وَاجْتَنِبُوْا قَوْلَ الزُّوْرِ حُنَفَآءَ لِلّٰهِ غَيْرَ مُشْرِكِيْنَ بِهٖ

"သို့ဖြစ်ပေရာ အသင်တို့သည် ဆင်းတုများတည်းဟူသော အညစ်အကြေးမှ ရှောင်ရှားကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် မုသားပြောဆိုခြင်းမှလည်းရှောင်ကြဉ်ကြလေကုန်။ (တစ်ဆူတည်းသော)အလ္လာဟ်အရှင်မြတ်ဘက်သို့ တစ်စိတ်တစ်လက်တည်း လှည့်ကြလျက် (မည်သည့်တစ်စုံတစ်ရာကိုမျှပင်)ထိုအရှင်မြတ်နှင့်တွဲဖက်(နှိုင်းယှဉ်ကိုးကွယ်)သူများမဖြစ်ကြဘဲ။" (၂၂း၃၀-၃၁)

အလားတူ မှန်ကန်မှုနှင့် တရားမျှတမှုကိုဆန့်ကျင်ဆုံးဖြတ်ချက်ချခြင်းအကြောင်းနှင့်ပတ်သက်၍ စိုက်ယိဒ်နာဗရီဒဟ်အိဗ်နိဟူစိုက်ဗ် (t) သခင်၏ဆင့်ပြန်ချက်တစ်ရပ်၏ ခိုင်လုံမှုအပေါ် အဗူဒါဝူးဒ်ကျမ်းတွင် တင်ပြထားခဲ့သည်။ တမန်တော်မြတ် (ﷺ) သခင်မိန့်ကြားသည်မှာ-"ကာသို့(တရားသူကြီး) သုံးမျိုးသုံးစားရှိသည်။ ယင်းတို့မှ တမျိုးမှာ ဂျန္နသ်သုခဘုံသို့သွားရကာ အခြား နှစ်မျိုးကား ဂျဟန္နမ်ငရဲသို့သွားကြရမည်။ ရှရီအသ်တရားတော်နှင့်အညီ အမှုစုံစမ်းစစ်ဆေး၍အမှန်တရားရရှိကာ ယင်းအမှန်တရားအတိုင်း ဆုံးဖြတ်ချက်ပေးသူသည် ဂျန္နသ်ရရှိပေမည်။ ထို့နောက် စုံစမ်းစစ်ဆေးမှုပြုပြီး အမှန်တရားလည်း ရှာဖွေမတွေ့။ အမှန်တရားနှင့်ဆန့်ကျင်ကြောင်းသိလျက်နှင့် အမိန့်ချမှတ်ခဲ့သော် သူ၏နေရာသည် ဂျဟန္နမ်ပင်ဖြစ်မည်။ အလားတူပင် သိနား

လည်မှုလည်းမရှိ(သို့) စုံစမ်းစစ်ဆေးခြင်းနှင့် စဉ်းစားဆင်ခြင်မှုချို့တဲ့သောကာသွိတရားသူကြီးတစ်ဦးသည် ယင်းသို့မသိနားမလည်သောအနေအထားဖြင့် အမိန့်ချမှတ်လျှင်သူသည်လည်း ဂျဟန္နမ်ငရဲသို့သွားရလိမ့်မည်။"

ဤအကြောင်းအရာကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၏အခြားသောအာယသ်တော်များ၌ ပို၍ရှင်းရှင်းလင်းလင်းနှင့် လေးလေးနက်နက်ဖော်ပြကာ သက်သေပြရာတွင်ဖြစ်စေ၊ အမိန့်ချမှတ်ရာတွင်ဖြစ်စေ၊ အဆွေခင်ပွန်းဖြစ်ခြင်း၊ ဆွေမျိုးသားချင်းတော်စပ်ခြင်းကြောင့်လည်းကောင်း အချင်းချင်းအပြန်အလှန်အကျိုးဖြစ်ထွန်းမှုပေါ်အခြေခံထားသည့်ဆက်ဆံမှုများကြောင့်လည်းကောင်း၊ ရန်သူဖြစ်ခြင်း၊ ရန်လိုခြင်းစသည့် အရိပ်အယောင်တစွန်းတစမျှ မပါစေသင့်ဟု အမိန့်ပေးထားသည်။

ဥပမာအားဖြင့် စူရဟ် အလ်နိစားတွင် မိန့်ထားသည်မှာ-

وَلَوْ عَلٰٓى اَنْفُسِكُمْ اَوِ الْوَالِدَيْنِ وَالْاَقْرَبِيْنَ

"အို-မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည်(မည်သည့်)ကိစ္စမျိုး၌မဆို တရားမျှတမှုကို ထာဝစဉ်တည်တံ့စေသူများ(တနည်း)တရားမျှတမှုအပေါ်၌ မြဲမြံစွာတည်တံသူများဖြစ်ကြလေကုန်။ (သက်သေခံရာ၌လည်း) မိမိတို့ကိုယ်ကျိုးနှင့် ဆန့်ကျင်သည်ဖြစ်စေ၊ မိဘနှစ်ပါးနှင့်ဆန့်ကျင်သည်ဖြစ်စေ၊ ဆွေမျိုးနီးစပ်တို့နှင့်ဆန့်ကျင်သည်ဖြစ်စေ၊ (အသင်တို့သည်) အလ္လာဟ်အရှင်မြတ်ကိုသာ ထောက်ထား၍(တိကျမှန်ကန်စွာ) သက်သေခံသူများပင်ဖြစ်ကြလေကုန်။"(၄း၁၃၅)

ဤအတိုင်းပင် စူရဟ်အလ်မာအိဒါဟ်တွင် အခြားအမိန့်ပေး၍ မိန့်ထားသည်မှာ-

وَلَا يَجْرِمَنَّكُمْ شَنَاٰنُ قَوْمٍ عَلٰٓى اَلَّا تَعْدِلُوْا

"အို-အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်(၏နှစ်သက်မှုရယူရန်)အလို့ငှာ ဖြောင့်မတ်တည်ကြည်သောသူများ(သက်သေခံရာတွင်)တရားမျှတစွာ သက်သေခံသူများဖြစ်ကြလေကုန်။ ၎င်းပြင် မည်သည့်လူမျိုးတစ်မျိုးကိုမဆို မုန်းတီးခြင်းသည် အသင်တို့အား တရားမျှတမှုကို မပြုဘဲနေကြရန် လှုံ့ဆော်သည်မရှိစေရ။"(၅း၈)

ဆိုလိုသည်မှာ လူတစ်ဦးနှင့်ရန်သူဖြစ်ခြင်းကြောင့် သက်သေခံရာတွင်ဖြစ်စေ၊ အမိန့်ချမှတ်ရာတွင်ဖြစ်စေ၊ တရားမျှတခြင်း၏ ညွှန်ကြားချက်ကို ဆန့်ကျင်ကာ လုပ်ချင်သောစိတ်မထားရချေ။ နောက်ဆုံးတွင် သက်သေခံခြင်းနှင့် အမိန့်ချမှတ်ခြင်းတို့အပြင် အစောပိုင်းက ရည်ညွှန်းခဲ့သောအချင်းချင်းစကားပြောဆိုခြင်း၊ ထိုကဲ့သို့သောကိစ္စများတွင်အကောင်းဆုံးသောမူဝါဒကား လိမ်လည်မပြောခြင်း၊ သူတပါးနောက်ကွယ်၌ ၎င်း၏အကြောင်း မကောင်းမပြောခြင်း၊ အခြားသူများထိခိုက်နစ်နာစေသည့် မည်သည့်အရာမျှမပြောခြင်းသို့တည်းမဟုတ်၊ မည်သူတစ်ဦး၏ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာကိုဖြစ်စေ၊ ဘဏ္ဍာရေးဆိုင်ရာကိုဖြစ်စေ ဆုံးရှုံးမှုမဖြစ်စေခြင်းတို့ဖြစ်သည်။

e0rtrodefYynwfcsufrSmtv'm[ftxSifjrwf\y#dm0fudkjzmhfqnf;xefy#dm0faemufzsufjcif;onf
[kmrfjzpfonf/

ဤအာယယ်တော်၌ပေးထားသော နဝမအမိန့်ပညတ်ချက်မှာ အလ္လာဟ်အရှင်မြတ်နှင့်ပြုလုပ်ထားသည့် ပဋိညာဉ်ကိုဖြည့်ဆည်းရန်နှင့်လေးနက်သည့် ကတိပြုမှုအားဖောက်ဖျက်ခြင်းမှ ရှောင်ကြဉ်ရန်ဖြစ်သည်။ မိန့်ကြားထားသည်မှာ-وَبِعَهْدِ اللَّهِ اَوْفُوْا "ထို့အတူ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ထားရှိသော ကတိသစ္စာကိုလည်း တည်ကြရမည်။"ဖြစ်ပေသည်။ "အလ္လာဟ်အရှင်မြတ်နှင့်ထားရှိသော ကတိသစ္စာ"ဆိုသည်မှာ လူသားတိုင်းသည် လူဟူ၍စတင်ဖြစ်သည့်အချိန်၌-اَلَسْتُ بِرَبِّكُمْ "ငါအရှင်သည် သင်တို့ကို မွေးမြူဖန်ဆင်းတော်မူသောအရှင် ရင်မဟုတ်ပါလော"ဟု လူသားတိုင်းအား မေးမြန်းကာရယူထားခဲ့သည့် ကတိကိုဆိုလိုသည်။ ၎င်းတို့အားလုံးက ÿl'B- (ဗလာ=ဟုတ်မှန်ပါသည်)ဟု ပြောဆိုခဲ့ကြသည်။ ဆိုလိုသည်မှာ "အရှင်မြတ်သည် ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်ရင်သခင်ဖြစ်သည်ဆိုသည်ကို သံသယမရှိချေ။" ဤကတိကဝတ်က ကျွန်ုပ်တို့၏ အရှင်သခင် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊ ကျွေးမွေးပြုစုစောင့်ရှောက်တော်မူသောအရှင်၊ ကာကွယ်စောင့်ရှောက်တော်မူသောအရှင်ကပေးအပ်ခဲ့သော မည်သည့်အမိန့်ပညတ်ချက်ကိုမျှ မဖိဆန်ကြပါဟူ၍ဖြစ်သည်။ အရှင်မြတ်က ဆောင်ရွက်ခိုင်းသမျှတိုင်းကို အတတ်နိုင်ဆုံး အမြင့်မားဆုံးဦးစားပေး အဆင့်ထားရမည်ဟု မှတ်ယူပါ။ ထို့နောက် ကျွန်ုပ်တို့လုပ်ဆောင်သမျှသည် အရေးအကြီးဆုံးဖြစ်သည်ဟု မှတ်ယူပါ။ ကျွန်ုပ်တို့အားမပြုရဟူ၍ အရှင်မြတ် မိန့်ကြားထားသမျှနှင့်ပတ်သက်၍ဆိုလျှင် ကျွန်ုပ်တို့သည် ထိုအရာများ အနီးအနားသို့ မသွားသင့်ရုံပင်မက ထိုအရာများနှင့် ပတ်သက်၍ သံသယဖြစ်ခြင်းတို့မှပင်ရှောင်ရှားရမည်။ ထို့ကြောင့် ဤပဋိညာဉ်၏အနှစ်သာရမှာ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား လုံးဝဥဿုံနှင့်ပြီးပြည့်စုံစွာ အမိန့်နာခံသင့်ပေသည်။

ဖြစ်နိုင်သေးသည်မှာ ဤနေရာပါ "ပဋိညာဉ်"သည် အသီးသီးသော အချိန်အခါများ၌ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသော သီးခြားပဋိညာဉ်များကိုလည်း ဆိုလိုသည်။ ယင်းတို့အနက်မှ အချို့သည် ဤအာယသ်တော်များထဲတွင်ပါဝင်ကာ သိဖိစိရ်ကိုလည်းတင်ပြခဲ့ပြီးဖြစ်သည်။ (ဤအာယသ်တော်များထဲတွင် ပညတ်ချက် ၁၀-ပါးကို လေးနက်စွာဖော်ပြထားသည်)။

အုလမာသာသနာ့ပညာရှင်များက ပြောကြသည်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အားသူ(သို့)သူမသည် တစုံတစ်ရာပြုလုပ်ပါ့မည်ဟု အရှင်မြတ်နှင့်ကတိပြုထားသည့်အတိုင်း အဓိဋ္ဌာန်ပြုခြင်း၊ ကိုးခြင်း (နဇရ်၊ မန်နတ်)အတိုင်းကို ဖြည့်ဆည်းရမည် ဆိုသည်မှာလည်း ဤပဋိညာဉ်တွင် အကျုံးဝင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသောအာယသ်တော်ထဲတွင် ဤသည်ကို ပို၍ရှင်းလင်းစွာဖော်ပြပြီးမိန့်ထားသည်မှာ-يُوْفُوْنَ بِالنَّذْرِ "ထို(ထူးကဲမြင့်မြတ်သော)ကျွန်တို့မှာ (မိမိတို့၏) တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လေ့ရှိကြသည်။" (၇၆း၇) ဟုဖြစ်သည်။

အချုပ်မှာ ဤအမိန့်သည် အစီအစဉ်လိုက်ဖော်ပြရာ၌ နဝမမြောက်ဖြစ်သော်လည်း ယင်း၏ အစစ်အမှန်အရ အစွမ်းတရားရေးဆိုင်ရာ အမိန့်ပညတ်ချက်၏တားမြစ်ချက်နှင့် အရေးပါမှုအားလုံးခြုံငုံပါဝင်သည်ဟု ပြောနိုင်သည်။

ဤဒုတိယအာယသ်တော်(၁၅၂)၏ အဆုံးတွင်လည်း ဆွဲဆောင်ဖျောင်းဖျခြင်းဝါကျတစ်ခုပါဝင်သည်ကို သတိပြုမိပါလိမ့်မည်။ ယင်းမှာ-**ذٰلِكُمْ وَصّٰكُمْ بِهٖ لَعَلَّكُمْ تَذَكَّرُوْنَ** "ထိုအရှင်မြတ်သည် အသင်တို့မှတ်သားနိုင်ခြင်းငှာ ဤသည့်(အချက်)တို့နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်တော်မူလေသတည်း။"ဖြစ်သည်။

ထို့နောက် တတိယအာယသ်တော်(၁၅၃)တွင် ဒဿမအမိန့်ပညတ်ချက်ကို အောက်ပါအတိုင်းဖော်ပြထားသည်။**وَاَنَّ هٰذَا صِرَاطِيْ مُسْتَقِيْمًا فَاتَّبِعُوْهُ وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَنْ سَبِيْلِهٖ** "ထိုမှတစ်ပါး(အသင်ပြောကြားပါလေ)ဤသည် ငါ၏ဖြောင့်မတ်မှန်ကန်သောတရားလမ်းစဉ်ပေတည်း။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုလမ်းစဉ်ကိုသာ လိုက်နာကြလေကုန်။ ထို့ပြင် အခြားသောလမ်းစဉ်များကို မလိုက်ကြကုန်လင့်။ အဘယ့်ကြောင့်ဆိုသော်ယင်းလမ်းစဉ်များသည် အသင်တို့အားထိုအရှင်မြတ်၏လမ်းတော်မှကွဲကွာစေမည်ဖြစ်သောကြောင့်ပင်။"

ဤအာယသ်တော်ထဲပါ AxE- (ဟာဇ-ဤသည်)ဆိုသောစကားလုံးသည် အစ္စလာမ်ဘာသာ(သို့) ကုရ်အာန်ကျမ်းတော်မြတ်ကို ဖော်ကျူးသည်။ ဖြစ်နိုင်သေးသည်မှာ စူရဟ်အန်အမ်ကိုလည်း ရည်ညွှန်းနိုင်သည်။ ယင်းစူရဟ်ထဲ၌ သောင်ဟီး၌၊ ရေစာလတ်စသော အစ္စလာမ်သာသနာ၏ အခြေခံအပြည့်အစုံနှင့် ရှရီအသ်တရားတော်၏အမိန့်ပညတ်ချက်များကို ထိန်းချုပ်ထားသည့်မူများဖော်ပြထားသည်။ am=yq_t-s^M< (မုစ်သကီးမာန်)ဟူသော စကားလုံးနှင့်ပတ်သက်လျှင် ယင်းသည် ဤအစ္စလာမ်သာသနာ၏ဤလမ်းစဉ်၏ပေါ်လွင်ထင်ရှားသောကြိယာဝိသေသနပုဒ်တစ်ခုဖြစ်သည်။ ထို့နောက် ဝါကျဖွဲ့စည်းမှုနှင့်ဆိုင်သော အစီအစဉ်တွင် ကြိယာဝိသေသနအဖြစ်သုံးနှုန်းထားကာ "မုစ်သကီးန်"(ဖြောင့်မတ်မှန်ကန်ခြင်း)သည် ဘာသာတရားတစ်ခုအနေဖြင့် အစ္စလာမ်သာသနာ၏ တစ်သမတ်တည်းသော ဂုဏ်တော်တစ်ရပ်ဖြစ်သည်ဟု ဖော်ပြထားသည်။ ယင်းနောက်-**فَاتَّبِعُوْهُ** "သို့ဖြစ်ပေရာ အသင်တို့သည် ထိုလမ်းစဉ်ကိုလိုက်ကြလေကုန်။"ဟုဖြစ်သည်။ ဆိုလိုသည်မှာ အစ္စလာမ်ဘာသာသည် ငါအရှင်မြတ်၏လမ်းတော်ဖြစ်သည်ဆိုကြောင်း သင်သိလာပြီးနောက် ယင်းလမ်းစဉ်သည်သာဖြောင့်မတ်မှန်ကန်သောလမ်းဖြစ်ကာ ဤလမ်းစဉ်ကသာရောက်ရှိလိုသော ပန်းတိုင်သို့ ဦးတည်ရောက်နိုင်သောတစ်ခုတည်းသော လမ်းဖြစ်၍ဤလမ်းကိုသာ သင်လိုက်ရပါလိမ့်မည်။

ယင်းနောက်-**وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَنْ سَبِيْلِهٖ** "အခြား အခြားသောလမ်းစဉ်များကို မလိုက်ကြကုန်လင့်။အဘယ့်ကြောင့်ဆိုသော် ယင်းလမ်းစဉ်များသည် အသင်တို့အား ထိုအရှင်မြတ်၏ လမ်းတော်မှကွဲကွာစေမည်ဖြစ်သောကြောင့်ပင်။"ဟု မိန့်ထားသည်။ øb^S< (စုဗုလ်)ဟူသောစကားလုံးသည် 'စဗီလ်'၏အများကိန်းဖြစ်ကာ "လမ်း"ဟူ၍ဖြစ်သည်။ အမိန့်၏အနှစ်သာရကား အလ္လာဟ်အရှင်မြတ်ထံပါးရောက်ရှိရန်နှင့် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှု(ရိဇာ)ရရှိရန်အတွက် အစစ်အမှန်လမ်းကား ဤလမ်းတစ်လမ်းတည်းသာဖြစ်သည်။ သို့ရာတွင် ဤကမ္ဘာပေါ်ရှိလူအများသည် ၎င်းတို့၏ကိုယ်ပိုင်ထင်မြင်ယူဆချက်နှင့်ဖြစ်သင့်သည်ဟုယူဆချက်တို့ ပေါ်တည်မှီ၍ လမ်းအမျိုးမျိုးတီထွင်နေကြသည်။ အကြံပြုထားသည်မှာ အသင်သည် ဤလမ်းများမှ မည်သည့်လမ်းကိုမျှမလိုက်နှင့်။ အဘယ့်ကြောင့်ဆိုသော် ဤလမ်းများသည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးရောက်နိုင်သည့် လမ်းများမဟုတ်ပါ။ ထို့ကြောင့် မည်သူမဆို ဤလမ်းများကို လျှောက်လှမ်းလျှင် အလ္လာဟ်အရှင်မြတ်ထံပါးရောက်သည့်လမ်းမှ တိမ်းချော်သွားမည်ဟူ၍ဖြစ်သည်။

သဖ်စိရ်မဇာဟီရိကျမ်းထဲ၌ ဖော်ပြထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ချပေးခြင်းနှင့်အစွလာမ့် တမန်တော်မြတ် (e) သခင်ကို စေလွှတ်ခြင်း၏ရည်ရွယ်ချက်မှာ လူအများသည် ၎င်းတို့၏အယူအဆများ၊ ရည်စူးချက်များနှင့် အကြံပြုချက်များသည် ကုရ်အာန်နှင့်စွန္ဒသ်တော်တို့၏ လက်အောက်ခံများဖြစ်ကာ ယင်းတို့ ကပြုလုပ်ထားသော ပုံစံအတိုင်း လူအများဘဝဖြစ်လာစေရန် ပုံသွင်းရေးဖြစ်သည်။ သို့ရာတွင် ဖြစ်နေသည်မှာ လူတို့သည် ၎င်းတို့အယူအဆနှင့်အကြံပြုချက်များ၏ဘောင်အတွင်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော် ကိုမရမကပုံသွင်းနေကြသည်။ ရလဒ်ကား ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ခု၊ (သို့) တမန်တော်မြတ် (e) သခင်၏ ဟဒီးဆ်တစ်ရပ်သည် ၎င်းတို့၏စိတ်ကူးယဉ်ချက်နှင့် မကိုက်ညီခဲ့လျှင်လည်းကောင်း၊ ၎င်းတို့ကြိုက်နှစ်သက်သည်နှင့်ဆန့်ကျင်ဖီလာဖြစ်နေလျှင်လည်းကောင်း၊ ၎င်းတို့၏လိုအင်ဆန္ဒများပုံစံနှင့် ကိုက်ညီသည့်တိုင် ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုသည့် ပစ်မှတ်ဖြစ်လာအောင်ပြုလုပ်ကြလိမ့်မည်။ ဤသည်မှာ လူအများလမ်းလွဲရောက်စေသည့် တခြားနည်းလမ်းများ စတင်ပေါ်ပေါက်စေသည်။ ယင်းလမ်းများကြောင့် အတည်ပြုထားသည့် ဘာသာ တရားတွင် သံသယနှင့်အသစ်တီထွင်မှုများ(ရွှိဗ်ဟာဟ် နှင့် ဗိဒ်အသ်)များဖြစ်ပေါ်လာသည်။ ဤအာယသ်တော်ထဲတွင် ဤသို့သောလမ်းမျိုးမှ လူအများရှောင်ရှားစေရန် ညွှန်ကြားထားသည်။

စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိ မတ်စ်အူဒ် (t) သခင်၏ ဆင့်ပြန်ချက်တစ်ခုအပေါ် အခြေခံ၍ မုစ်နဒ်၏ဒါရီမီကျမ်းတွင် ပြောပြထားသည်မှာ "တစ်ချိန်က တမန်တော်မြတ် (e) သခင်သည် ဒေါင်လိုက်မျဉ်း တစ်ကြောင်းဆွဲ၍ မိန့်ခဲ့သည်မှာ "ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏လမ်းတော်ဖြစ်သည်။ ထို့နောက် ကိုယ်တော်မြတ်သည် ထိုဒေါင်လိုက်မျဉ်း၏ ဝဲဖက်နှင့်ယာဘက်တွင် အခြားမျဉ်းကြောင်းများဆွဲ၍မိန့်သည်မှာ ဤသည်တို့မှာ ØbˆS< 'စုဗုလ်' များဖြစ်ကြသည်။ (ဆိုလိုသည်မှာ ဤအာယသ်တော်ထဲတွင် မလိုက်နာရန် တားမြစ်ထားသည့် လမ်းများဖြစ်သည်။) ထို့နောက် ကိုယ်တော်မြတ်က မိန့်သည်မှာ "ဤလမ်းတစ်ခုတိုင်းတွင် ရှိုက်တွာန်တစ်ဦးစီရှိ၍ လူအများကို ဖြောင့်မတ်မှန်ကန်သည့်လမ်းမှသွေဖည်စေရန် ဖိတ်ခေါ်၍ဤလမ်းများပေါ်တွင် လျှောက်လှမ်းစေပါသည်။ (ရှိုက်တွာန်များဦးစီးသည့်လမ်းများကို ပုံတွင်ထောက်ပြသည်)။ ထို့နောက် သက်သေအဖြစ်ဤအာယသ်တော်(၁၅၃)ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။

ထို့နောက်တစ်ဖန် အာယသ်တော် ဆုံးကာနီး၌မိန့်ထားသည်မှာ- **ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَتَّقُوْنَ** "ထိုအရှင်မြတ်သည် အသင်တို့(ပြစ်မှုဒုစရိုက်တို့မှ) ကြဉ်ရှောင်နိုင်ကြရန်အလို့ငှာ ဤသည့်(အချက်)တို့နှင့်စပ်လျဉ်း၍ အသင်တို့အား အမိန့်ချမှတ်တော်မူခဲ့လေသည်။

ဤတွင် တားမြစ်ချက် ၁၀-ရပ်ကို သရုပ်ဖော်ထားသော အာယယ်တော်သုံးခု၏ သဖ်စီရ်အပြည့်အစုံ ဖော်ပြပြီး ဖြစ်သည်။ နောက်ဆုံး၌ ဤနေရာတွင်အမိန့်ပညတ်ချက် ဆယ်ပါးတင်ပြရာ၌ ကုရ်အာန်ကျမ်းတော်မြတ်အသုံးပြုထားသော ထူးခြားသည့် ဟန်ပန်ကိုလေ့လာကြည့်ကြစို့။ ခေတ်သစ်ဥပဒေစာအုပ်များလုပ်သကဲ့သို့ ဥပဒေစာပိုဒ်ဆယ်ခုအဖြစ် မဖော်ပြပါ။ ယင်းသို့လုပ်မည့်အစား ပထမဦးစွာအမိန့်ပညတ်ချက်ငါးခုကိုဖော်ပြ၍ မိန့်ထားသည်မှာ- **ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَعْقِلُوْنَ** "ထိုအရှင်မြတ်သည် အသင်တို့သိနားလည်ကြရန်အလို့ငှာ အသင်တို့အားဤသည်တို့ကို လေးနက်စွာအမိန့်ချမှတ်တော်မူသည်။" ဟုဖြစ်သည်။ ထို့နောက် အမိန့်ပညတ်ချက်လေးခုကိုဆက်လက်ဖော်ပြပြီးနောက် အထက်ပါဝါကျကိုပင် အသုံးပြုပါသည်။ ခြားနားသည်မှာ အထက်ပါဝါကျ၏

အဆုံး၌ပါဝင်သော o^l<q_i^T- (သိနားလည်အံ့သောဌာ)၏နေရာတွင် --O^r<|#-x-T- (အသင်ထို့မှတ်သားနိုင်အံ့သောဌာ) ဟူ၍ သုံးနှုန်းထားသည်။ ယင်းနောက် သီးခြားအာယသ် (စာပိုဒ်)တစ်ခုတွင် နောက်ဆုံးအမိန့်ပညတ်ချက်ကို ဖော်ပြထားခဲ့သည်။ တစ်ဖန် ဤနေရာတွင်လည်း ထိုဝါကျကို ထပ်မံသုံးစွဲ၍ အဆုံးတွင်-ー--O^r<|#-x-T- (အသင်တို့မှတ်သားနိုင်အံ့သောဌာ)၏နေရာတွင် –o^q<t#-T- (အသင်တို့ပြစ်မှုဒုစရိုက်တို့မှ)ကြဉ်ရှောင်နိုင်ကြအံ့သောဌာ)နှင့်အစား ထိုးကာမိန့်ထားသည်။

ကျမ်းမြတ်ကုရ်အာန်၏ ဤနှုးညံ့သိမ်မွေ့သောဟန်ပန်ထဲတွင် အသိဉာဏ်ဆိုင်ရာ အချက်အလက်မြောက်မြားစွာပါဝင်သည်။

အားလုံး၏ပထမမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ဥပဒေသည် ဤကမ္ဘာလောက၏ ဥပဒေများကဲ့သို့ အတင်းအကြပ်ပြုလုပ်စေသော ဥပဒေတစ်ရပ်မဟုတ်ချေ။ စင်စစ်ဤဥပဒေသည် ယင်း၏အဓိကအနှစ်သာရမှာ အစစ်အမှန်ရက်ရောရှိ အားပေးကူညီသည်။ သို့ဖြစ်၍ ဥပဒေတိုင်းသည် လိုက်နာရန်လွယ်ကူစေရန် အကြံပြုချက်များပေးထားသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်အား သိတော်မူခြင်းနှင့် အာခိရသ်အတွက် ပူပင်သောကထားခြင်းတို့သည် အများနှင့်ပတ်သက်၍ဖြစ်စေ(သို့) တစ်ဦးချင်းဖြစ်စေ ဥပဒေ၏အကျိုးသက်ရောက်ဆုံးသောလိုက်နာစေသည်များဖြစ်သည်။ ထို့ပြင် ဥပဒေနှင့်ပတ်သက်၍ ပြဿနာရှိသောလူသားများအတွက် တစ်ခုတည်းသောအဖြေပင်ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်သုံးခုစလုံး၏ အဆုံးတွင် လူသားများ၏တွေးခေါ်မှုကို ရုပ်ဝတ္ထုဆိုင်ရာ ကမ္ဘာမှအလ္လာဟ်အရှင်မြတ်နှင့် အာခိရတ်ဘက်သို့ ဦးလှည့်သွားစေမည့် စကားလုံးများထည့်သွင်းထားသည်။

ပထမအာယသ်တော်(၁၅၁)တွင်ဖော်ပြထားခဲ့သည့် အမိန့်ပညတ်ချက်ငါးခုမှာ (၁)ရှိရိုက်လုပ်ခြင်းကို ရှောင်ရှားရန် (၂) မိဘအမိန့်မနာခံခြင်းမှရှောင်ရှားရန် (၃) သားသမီးငယ်များအား သတ်ဖြတ်ခြင်းမှ ရှောင်ရှားရန် (၄) ရှက်ဖွယ်လိလိလုပ်ရပ်များမှ ရှောင်ရှားရန်နှင့် (၅)မတရားသတ်ဖြတ်ခြင်းမှ ရှောင်ရှားရန်တို့ဖြစ်သည်။ ယင်းတို့ကို ဖော်ပြခြင်းအဆုံး၌ သုံးနှုန်းသောစကားလုံးမှ o^l<q_i^T- (သိနားလည်အံ့သောဌာ)ဟူ၍ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဂျာဟိလိယတ်အမှောင်ခေတ်ရှိလူများသည် ယင်းတို့ကို လုပ်ဆောင်ခြင်းသည်များယွင်းသည်ဟုမထင်၍ဖြစ်သည်။ ထို့ကြောင့် ယင်းစကားလုံးက အကယ်၍ငင်းတို့သည် ဆင်ခြင်တုန်တရားအနည်းငယ်အသုံးပြုကာ ဘိုးဘွားဘီဘင်၏ဓလေ့ထုံးစံများနှင့် ငင်းတို့ကိုယ်ပိုင်စိတ်ကူးယဉ်မှုများကို မျက်စိစုံမှိတ်လိုက်ခြင်းမှ စွန့်လွှတ်လိုက်လျှင် ငင်းတို့အတွက် ကောင်းပါလိမ့်မည်ဟု အကြံပြုထားသည်။

ဒုတိယအာယသ်တော်(၁၅၂)ထဲ၌ ဖော်ပြထားသည့်အမိန့်ပညတ်ချက်လေးခုမှာ (၁) ဖတဆိုးကလေးငယ်ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းများကို မတရားသောနည်းလမ်းများဖြင့် မစားသုံးရန်။ (၂) ချိန်တွယ်ခြင်းနှင့် တိုင်းတာခြင်းတွင် မလျော့နည်းစေရန်။ (၃) စကားပြောရာ၌ မှန်ကန်၍ တရားမျှတရန်နှင့် (၄)အလ္လာဟ်အရှင်မြတ်နှင့်ပြုထားသော ပဋိညာဉ်ကိုလိုက်နာဖြည့်ဆည်းရန်တို့ဖြစ်သည်။

ဤအရာများသည် ဤအသိဉာဏ်ပညာရှိသော သူများပင်အရေးပါလိုအပ်ကြောင်း သိရှိပြီး ၎င်းတို့အထဲမှ အချို့ဆိုလျှင် ယင်းကဲ့သို့လိုက်နာကြပါသည်။ သို့သော်လည်း ဤအရာများကို များသောအားဖြင့် သတိမမူကြပါ။ ဤဂရုမမူခြင်းအတွက် တစ်ခုတည်းသော ကုထုံးကား }r-|d^T- (သင်္ဂီရာဟ်-အောက်မေ့တသ သတိရခြင်း)

ဟုခေါ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့်အာခိရတ်ကိုအောက်မေ့တသ သတိရခြင်းဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်၏အဆုံး၌ သုံးနှုန်းထားသော စကားလုံးသည် –Or|x^T- (သဇော်က်ကရှ) (အသင်တို့မှတ်သားနိုင်အံ့သောငှါ)ဟူ၍ဖြစ်သည်။

တတိယအာယသ်တော်(၁၅၃)ထဲတွင် ဆက်၍ဖြောင့်မတ်မှန်ကန်သော လမ်းလိုက်ရန်နှင့်အခြားသော လမ်းများကို လိုက်ကာ ယင်းနှင့်ဆန့်ကျင်စွာလုပ်ကိုင်ခြင်းအား ရှောင်ရှားရန် ညွှန်ကြားထားသည်။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းထက် မည်သည်ကမှပို၍ မစစ်မှန်ချေ။ ယင်းသာလျှင် လူသားများလမ်းလွဲရောက်စေသည့်အတွေးအခေါ်များနှင့် ဆန္ဒများ၏ချုပ်နှောင်မှုမှ ဖယ်ထုတ်နိုင်ပေသည်။ ထို့ကြောင့် အာယသ်တော်အဆုံး၌- **لَعَلَّكُمْ تَتَّقُونَ** "အသင်တို့သည် (ပြစ်မှုဒုစရိုက်တို့မှ)ကြဉ်ရှောင်နိုင်ကြအံ့သောငှါ) ဟူ၍မိန့်ထားသည်။

နောက်ဆုံးတွင် ဤသုံးနေရာစလုံး၌ သုံးစွဲသောစကားလုံးမှာ- [^y#-U_O- (ဝစ္စီယဟ်)ဖြစ်သည်။ ယင်းမှာ တစ်စုံတစ်ရာလုပ်ဆောင်ရန် အမိန့်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အစောပိုင်းဖော်ပြထားသကဲ့သို့ ဆွဟာဗဟ်သာဝကကြီး (t) များက မိန့်ကြားခဲ့သည်မှာ မည်သူမဆို တမန်တော်မြတ် (e) သခင်၏ ချိတ်ပိတ်ထားသော သေတမ်းစာကိုကြည့်မြင်လိုလျှင် ဤအာယသ်တော် သုံးအာယသ်ကိုရွတ်ဖတ်သရဇ္ဈာယ်ပါလေ။ ဟူ၍ဖြစ်သည်။

XXXXXXXXXXX

ဆာယသ်(၁၅၄-၁၅၇)

ثُمَّ اٰتَيْنَا مُوْسَى الْكِتٰبَ تَمَامًا عَلَى الَّذِيْٓ اَحْسَنَ وَتَفْصِيْلًا
لِّكُلِّ شَيْءٍ وَّهُدًى وَّرَحْمَةً لَّعَلَّهُمْ بِلِقَآءِ رَبِّهِمْ يُؤْمِنُوْنَ ﴿١٥٤﴾
وَهٰذَا كِتٰبٌ اَنْزَلْنٰهُ مُبٰرَكٌ فَاتَّبِعُوْهُ وَاتَّقُوْا لَعَلَّكُمْ
تُرْحَمُوْنَ ﴿١٥٥﴾ اَنْ تَقُوْلُوْٓا اِنَّمَآ اُنْزِلَ الْكِتٰبُ عَلٰى طَآئِفَتَيْنِ
مِنْ قَبْلِنَا وَاِنْ كُنَّا عَنْ دِرَاسَتِهِمْ لَغٰفِلِيْنَ ﴿١٥٦﴾ اَوْ تَقُوْلُوْا
لَوْ اَنَّآ اُنْزِلَ عَلَيْنَا الْكِتٰبُ لَكُنَّآ اَهْدٰى مِنْهُمْ ۚ فَقَدْ
جَآءَكُمْ بَيِّنَةٌ مِّنْ رَّبِّكُمْ وَهُدًى وَّرَحْمَةٌ ۚ فَمَنْ اَظْلَمُ
مِمَّنْ كَذَّبَ بِاٰيٰتِ اللّٰهِ وَصَدَفَ عَنْهَا ۗ سَنَجْزِي الَّذِيْنَ
يَصْدِفُوْنَ عَنْ اٰيٰتِنَا سُوْٓءَ الْعَذَابِ بِمَا كَانُوْا يَصْدِفُوْنَ

တစ်ဖန် ငါတရွင်မြတ်သည်(နဗီတမန်တော်)မူစာအား ယင်း(မူစာ၏ အဖျိုးသား)တို့သည် မိမိတို့အား မွေးမြူတော်မူသောအရွင်နှင့် တွေ့ဆုံကြရမည်ကို ယုံကြည်နိုင်ကြရန် ကောင်းစွာကျင့်မူသောသူတို့အဖို့ (သောဝရသ်)ကျမ်း မြတ်ကို မြည့်စုံသောကျေးဇူးတော်အဖြစ်ထင်း။ အလုံးစုံသောတရားဟူသောကို လင်းပြသော(ကျမ်းဂန်)အဖြစ်ထင်း။ တရားမှုညွှန်ပြသော(ဗေသနာတော်)အဖြစ်ထင်း။ ကရုဏာတော် အဖြစ်ထင်း။ ဘိုးမြင့်ပေးသနားတော်မူခဲ့လေသတည်း။(၆၊၁၅၄)

စင်စစ်တစ်မူကား ဤသည် ငါတရွင်မြတ်ထုတ်ပြန်တော်မူသော(ကုရ်အာန်)ကျမ်းတော်မြတ်ပင်တည်း။ (တိုကျမ်းတော်မြတ်သည်) ကောင်းဘိုးပင်လာ (အမြောအမြာ)နှင့်ပြည့်စုံသောကျမ်းမြတ်ပင်ဖြစ်ပေရာ၊ အသင်တို့သည် တိုကျမ်း (၏ညွှန်ကြားမှုတ်တို့)ကို လိုက်နာကြလေကုန်း၊ ထိုနည်းတူစွာ အသင်တို့သည် (ထိုကျမ်းတော်မြတ်ကဖြစ်တားထားသောအမူကိစ္စတို့မှလည်း)ကြဉ်ရှောင် ကြလေကုန်း၊ သို့မှသာလျှင် အသင်တို့(အလ္လာဟ်အရွင်မြတ်၏)ကရုဏာတော်ကိုခံစားနိုင်ကြမည်း (၆၊၁၅၅)

အသင်တို့က (ကိယာမသ်၊ ရွှင်ပြန်ထမည်နေတွင်) "ကျွန်တော်မျိုးတို့ အလျှင်ရှိခဲ့သော (ယဟုဒိနှင့် ဓရစ်ယာန်)တုပ်စုနှစ်ခုအပေါ်၌ဆာလ္ဝေါ် ကျမ်း ဝန်များကျရောက်လာလေသည်၊ ကျွန်တော်မျိုးတို့မူတား ၎င်းတို့ဖက်ကြားလေ့ လာသည်(များ)ကို(လည်း)မသိနားမလည်ခဲ့ကြချေ၊" ဟုမပြောနိုင်ကြရန် (ဤအရှင်မြတ်သည် ဤကျမ်းတော်မြတ်ကို ဘုရားသနားတော်မူခဲ့လေသတည်း)၊ (၆း၁၅၆)

သို့တည်းမဟုတ် (ဤလောကတွင်လည်း)အသင်တို့က "အကယ်၍သာ ကျမ်း၀န်သည် ကျွန်တော်မျိုးတို့ထံ ကျရောက်ခဲ့ပါမူ ပုဆုံးကန်ကျွန်တော်မျိုးတို့ ၎င်း(မုတ်ဆင်)တို့ထက် ပိုမိုရှိလမ်းမှန်ကို ရရှိသူများပင်ဖြစ်ကြပါမည်ဟု မပြောနိုင်ကြရန် (ဤကျမ်းတော်မြတ်ကို ဤအရှင်မြတ်သည် ဘုရားတော်မူခဲ့၏း)သို့ဖြစ်ပေရာ ယခုမူကား အသင်တို့ထံ အသင်တို့၏အရှင်မြတ်အထံတော် မှထင်ရှားစွာသော သက်သေလက္ခဏာသည်၎င်း၊ တရားမွေညှန်ကြားချက်သည်၎င်း၊ ကဓကာတော်သည်၎င်း ရောက်ရှိလာခဲ့လေပြီ၊ သို့ပါ၍ အကြင်သူထက် ပိုမိုရှိ မတရားသောသူသည် မည်သူနှိပါသနည်း၊ ထိုသူသည် အလ္လာဟ်အရှင် မြတ်၏ သက်သေလက္ခဏာများကို (မိမိကိုယ်တိုင်) မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့သောမက (အခြားသူတို့အားလည်း) ထိုသက်သေလက္ခဏာများ(ကိုယုံကြည်ခြင်း)မှ တားမြစ်လေသည်၊ မကြာမြင့်မီ ဤအရှင်မြတ်သည် မိမိသက်သေလက္ခဏာများ(ကိုယုံကြည်ခြင်း)မှ တားမြစ်သောသူတို့အား ၎င်းတို့၏ တားမြစ်မှု ကြောင့် အလွန်ဆိုးဝါးသောပြစ်ဒဏ်ကို အစားပေးတော်မူမည်၊" (၆း၁၅၇)

အကျယ်ဖွင့်ဆိုချက်

ကျွန်တော်မျိုးတို့မူကား ၎င်းကိုဖက်ကြားလေ့လာသည်(များ)ကို(လည်း) မသိနားမလည်(သတိမမူ)ခဲ့ခြင်းဟူသောအတြောင်းပြချက်မှာ သောင်ရသန့်အင်နဂိုလ်ကျမ်းတို့သည် အရဗီဘာသာရပ်နှင့် မတည်ရှိခဲ့သောကြောင့်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ဘာသာပြန်ဆိုခြင်းတစ်ရပ်ဖြင့် ယင်းထဲတွင်ပါရှိသော အကြောင်းအရာများ အသိပေးအကြောင်းကြားပြီးဖြစ်နိုင်ပေသည်၊ စင်စစ်ယင်းသို့လည်း ဖြစ်ခဲ့ပြီးဖြစ်သည်၊ ဤသို့ဖြစ်ရခြင်းမှာ ကျမ်းရပုဂ္ဂိုလ်များသည် အရေးပေါ်းယားရှိလှုအများအား ဘုရားတစ်ဆူတည်းကိုးကွယ်ခြင်း ဓလေ့ထုံးစံများ အသိပေးခြင်းနှင့်သင်ကြားခြင်းကို မည်သည့်အခါမျှမပြုလုပ်ခဲ့ကြသောကြောင့်ဖြစ်သည်၊ တစ်စုံတစ်ရာသည် ကြားနိုင်သောအတွာအဝေးတွင် မတော်တဆတွေ့သွားပါက ယင်းသည်အဓိပ္ပာယ်ရှိသော သတိပေးချက်တစ်ရပ်အဖြစ် ထုံးဓလေ့အားဖြင့် အကျိုးမသက်ရောက်ချေ၊ ဤမျှလောက်သော သတိပေးချက်သည် စုးစမ်းရှာဖွေမှုနှင့် တွေးတောဆင်ခြင်မှုများ၊ မပြုမနေရတာဝန်ဖြစ်သွားသည်၊ ထို့နောက် ဤသည်ပေါ် အခြေခံ၍ သောင်ဟီးဒ်(အလ္လာဟ်တစ်ပါးတည်းတည်ရှိခြင်းကိုယုံကြည်ခြင်း)ကိုစွန့်လွှတ်မှုအတွက် အလ္လာဟ်အရှင်မြတ်၏ မြစ်ဓက်ခံမှုကျရောက်လိမ့်မည်ဆိုခြင်းကား ဖြစ်နိုင်ပေသည်၊ သို့သော်လည်း ဤသည်က စိုက်ယိဒိနာမူစာနှင့် စိုက်ယိဒိနာ

အီစာ(အဲ)သို့ကြောင့်လဲဆိုရင်ဟု ဘန်းတော်ကဘဝန်ခံတင်သတ်၍ သံသယမကွာသင့်ရာ အသုံးကြုံ ဆိုသော် ကွန်ပ်တီဘန်းတော်ကြွတ်(ဖြ)သင်္ကာမူ တသီတစ်သန်းသော ကြောင့်ကျယ်ဆိုင်ရာ သတ်သတ်ကို အတူ စောတော်တော်ခဲ့ခြင်းသည် ထင်းသတင်းစာတော်၌အခြေခံအခွင့်အရေးနှင့် အဆွယ်အလား အခွင့်အလမ်းများ ပြီးပြည့်စုံစွာဝါဝင်ပြီးသောကြောင့်ဖြစ်သည်။ သို့ဟုတ်လျှင် အခြေခံအခွင့်အလမ်းများတွင် တန်းတေးများ အားသုံးတိုးနောက်ပိုတ်ခြင်းသည် အားသုံးသောလူများ၏ ပြဿနာရတာဝန်ဖြစ်သည်။ ထို့ကြောင့် ဤအခါ အခြေခံအားသည်ဖြစ်ထင်တိုင်းမှာ ဟော်တန်သင့်ခြင်းသို့မဟုတ်။ သို့သော်လည်း ဤသည်ကိုဝင် ဦးစွာသုံးသပ် ဆင်ခြေတော်ကြွခြင်းခဲ့သည်။ ယခုအခါ ယင်းသည်လည်းအသည်ဖြစ်တော့ပါ။ အလွှာတ်အမှင်ခြင်းတို့ အတို့သို့ အကြောင်းသင့်ခံနိုင်ကြားခွင့်သည် အသည်ဖြစ်ကြွခြင်းသည်။

ဒုတိယခံနိုင်ကြားခွင့်အခြေခံ ﴿وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ﴾ "အတယ်၌သာတူခံစေနှင့်သည် ကွန်တော်မျိုးတို့ပဲတူစောတ်ခဲ့ပါမှ ဒုစရိုတန်ကွန်တော်မျိုးတို့သည် ဝင်း(ဒုအင်ဂန်)တို့ထက် ပိုမိုခြင်းသင်းနှင့် ရှိသူများဝင်ခြင်းကြောင်းမည်တူ"နှင့်ပတ်သတ်သော ဆွေးနွေးတစ်ရပ်နှင့် ယင်းအတွက်ခြေကြားခွင့်ကို ဖုမျှပ် မာအီးဒါတ်၏ အာယသ်တော်(၁၉) အတွဲ(၄)တွင်)တော်ခြင်းခဲ့ကြောင်းဖြစ်သည်။ ဤသည်က ထမ်း တော်တစ်ဝါးနှင့်တစ်ဝါးမွှင့်ခံကြားတာ(စသ်ရာသ်)တွင် ထသ်တင်ခံရခြင်းတို့ ချော်သင့်ခွက်နှင့်သတ်ဆိုင်းသည်

tm,of (158)

هَلْ يَنظُرُونَ إِلَّآ أَن تَأْتِيَهُمُ ٱلْمَلَٰٓئِكَةُ أَوْ يَأْتِىَ رَبُّكَ أَوْ يَأْتِىَ
بَعْضُ ءَايَٰتِ رَبِّكَ ۗ يَوْمَ يَأْتِى بَعْضُ ءَايَٰتِ رَبِّكَ لَا يَنفَعُ نَفْسًا
إِيمَٰنُهَا لَمْ تَكُنْ ءَامَنَتْ مِن قَبْلُ أَوْ كَسَبَتْ فِىٓ إِيمَٰنِهَا خَيْرًا ۗ قُلِ
ٱنتَظِرُوٓا۟ إِنَّا مُنتَظِرُونَ ﴿١٥٨﴾

ယင်းသူတို့သည် မိမိတို့ထံ "မလာအိကဟ်ကောင်းကင်စေတမန်များ ရောက်ရှိလာသည်ကိုသော်လည်းကောင်း၊ အသင့်အားမွေးမြူတော်မူသော (အလ္လာဟ်)အရှင်မြတ်ကိုယ်တော်တိုင်ကြွရောက်လာတော်မူသည်ကိုသော်လည်းကောင်း၊ အသင့်အားမွေးမြူတော်မူသော (အလ္လာဟ်)အရှင်မြတ်၏အကြီးအကျယ်လက္ခဏာတစ်စုံတစ်ရာရောက်ရှိလာသည်ကိုသော်လည်းကောင်း၊ စောင့်ဆိုင်းရှုနေကြသလော။ (အမှန်စင်စစ်သော်ကား)အသင့်အားမွေးမြူတော်မူသောအရှင်မြတ်၏(ကြီးကျယ်သော) အချို့လက္ခဏာတော်ရောက်ရှိလာသောနေ့တွင်၊ ရှေးဦးမဆွက"အီမာန်"ယုံကြည်မှုမရှိခဲ့သောသူကိုသော်၎င်း၊ မိမိယုံကြည်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကောင်းမှုပြုခဲ့ခြင်း မရှိသောသူကိုသော်လည်းကောင်း၊ ထိုသူ၏ ယုံကြည်မှုသည် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်မဟုတ်ပေ။ (အို-နဗီတမန် တော်)အသင်သည် (၎င်းတို့အား)"အသင်တို့သည် စောင့်ဆိုင်းရှုနေကြလေကုန်။ ငါတို့သည် (လည်းအသင်တို့နှင့်အတူ) စောင့်ဆိုင်းလျက်ပင်ရှိပါ သည်။"ဟု ပြောကြားပါလေ။ (၆း၁၅၈)

tus,fxGihfqkcsuf

စူရဟ်အလ်အန်အမ်၏ အဓိကအစိတ်အပိုင်းချပေးရခြင်းသည် အရေးဗီးယားရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် မက္ကာဟ်မြို့တော်ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ လုပ်ရပ်များနှင့်ယုံကြည်ချက်များကိုပြုပြင်ရန်၊ ၎င်းတို့၏ သံသယများဖယ်ရှားရန်နှင့် ၎င်းတို့မေးမြန်းသောမေးခွန်းများဖြေကြားရန်ဖြစ်သည်။

စူရဟ်တစ်လျှောက်လုံး အထူးသဖြင့် ပြီးခဲ့သောအာယသ်တော်များထဲတွင် တမန်တော်မြတ် (e) သခင်ပြသခဲ့သည့် ပွင့်လင်းသောလက္ခဏာများနှင့်အံ့ဖွယ်မုအ်ဂျိဇာဟ်များကို ၎င်းတို့မြင်တွေ့ခဲ့ရပြီးဖြစ်ကြောင်း မက္ကာဟ်မြို့ရှိလူများနှင့်အရေးဗီးယားရှိ အခြားသူများ နားလည်သဘောပေါက်စေပါသည်။ ၎င်းတို့သည် တမန်

တော်မြတ် (ဧ) နှင့်ပတ်သက်၍ အတိတ်ကျမ်းစာများနှင့် လွန်လေပြီးသော တမန်တော်များထံမှ ကြားသိခဲ့ရပြီး ဖြစ်သည်။ ထို့နောက် ၎င်းတို့ကိုယ်တိုင်က စာပေလုံးဝမတတ်မြောက်သော(အုမ္မီ)တစ်ဦး၏ ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို နားထောင်ခဲ့ရပြီးဖြစ်သည်။ ယင်းသည်ပင် အမြဲတည်ရှိနေသော မုအ်ဂိဇာအံ့ဖွယ်ဖြစ်သည်။ သူတို့ရှေ့မှောက်တွင် အမှန်တရား၏လမ်းများကို ဖွင့်လှစ်ပြခဲ့ပြီးဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ကျိုးကြောင်းပြမှုသည်လည်း ၎င်းတို့နှင့်ဆန့်ကျင်ကာ အပြီးအပြတ်အတည်ပြုပြီးဖြစ်သည်။ သူတို့လုပ်ရန်လိုသည်မှာကား ယုံကြည်ရန်ပင်ဖြစ်သည်။ ၎င်းတို့သည် ထိုကိစ္စမလုပ်ဆောင်မီ အခြားမည်သည်ကိုစောင့်ဆိုင်းနေကြသနည်း။

၌အကြောင်းအရာကို ကိုးကားခဲ့သော အာယသ်တော်ထဲ၌ အာဝိဇ္ဇန်းရွှင်စွာမိန့်ထားသည်မှာ-

هَلْ يَنْظُرُوْنَ اِلَّآ اَنْ تَاْتِيَهُمُ الْمَلٰٓئِكَةُ اَوْ يَاْتِيَ رَبُّكَ اَوْ يَاْتِيَ بَعْضُ اٰيٰتِ رَبِّكَ

(ယင်းသူတို့သည် မိမိတို့ထံ"မလာအိကတ်ကောင်းကင်စေတမန်များရောက်ရှိလာသည်ကိုသော်လည်းကောင်း၊ အသင့်အားမွေးမြူတော်မူသော(အလ္လာဟ်)အရှင်မြတ်ကိုယ်တော်တိုင်ကြွရောက်လာတော်မူသည်ကိုလည်းကောင်း၊ အသင့်အားမွေးမြူတော်မူသော(အလ္လာဟ်)အရှင်မြတ်၏ အကြီးအကျယ်လက္ခဏာတစ်စုံတစ်ရာရောက်ရှိလာသည်ကိုသော်လည်းကောင်း၊ စောင့်ဆိုင်း၍နေကြသလော။)ဟူ၍ဖြစ်သည်။

တနည်းဆိုရသော် ယင်းအာယသ်က ဆိုလိုသည်မှာ သူတို့ထံ အသက်နှုတ်မည့်ကောင်းကင်စေတမန်များလာရောက်သောအခါမှ ယုံကြည်ကြရန်စောင့်နေကြသလော။ သို့မဟုတ်ပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကံကြမ္မာဆုံးဖြတ်မည့် ပြန်လည်ရှင်ပြန်ထရမည့်ကွင်းပြင်"မအ်ရှရ်"ရောက်သည်ထိ စောင့်ဆိုင်းနေကြမည်လော။ သို့တည်းမဟုတ် ၎င်းတို့သည် ကမ္ဘာပျက်တော့မည်ဆိုသည့် နောက်ဆုံးလက္ခဏာအချို့မြင်တွေ့ရန်စောင့်ဆိုင်းနေကြသလော။ တရားစီရင်မည့်နေ့တွင် ကြီးကျယ်မြင့်မြတ်ဆုံးသော ရဗ်ပေါ်ထွက်လာမည့်အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် အတော်များများတွင် ဖော်ပြထားခဲ့သည်။

ယင်းအကြောင်း အထက်ကပြောသကဲ့သို့ စူရတ်အလ်ဘကရတ်၏ အာယသ်တော်တစ်ခုတွင် မိန့်ထားသည်မှာ-

هَلْ يَنْظُرُوْنَ اِلَّآ اَنْ يَّاْتِيَهُمُ اللّٰهُ فِيْ ظُلَلٍ مِّنَ الْغَمَامِ وَالْمَلٰٓئِكَةُ وَقُضِيَ الْاَمْرُ

"(ထိုသူများသည် သက်သေလက္ခဏာများကို အထင်အရှားတွေ့မြင်ကြပါလျှက်နှင့်ပင် တရားဒေသနာများကိုသွေဖည်လျှက်ရှိကြကုန်၏။) ယင်းသူတို့သည် မိမိတို့ထံသို့ အလ္လာဟ်အရှင်မြတ်သည် အပါးတော်စေတမန်များနှင့်တကွ(ယင်းသူတို့အား) (ကွပ်မျက်တော်မူရန်) တိမ်တိုက်များမိုးလျှက် ကြွရောက်လာပြီး ကိစ္စပြီးဆုံးသွားခြင်းကိုသာ စောင့်မျှော်နေကြကုန်၏။"(၂း၂၁၀)ဟူ၍ဖြစ်သည်။

တရားစီရင်မည့်နေ့တွင် အလ္လာဟ်အရှင်မြတ်ကြွရောက်လာမည့်အခြေအနေကို မည်သည့်လူသားကမျှ မတွေးတော မစဉ်းစားနိုင်ပါ။ ထို့ကြောင့် ထိုကဲ့သို့သော အာယသ်များတွင်ပါဝင်သောအကြောင်းအရာနှင့် ပတ်သက်လာလျှင် မြင့်မြတ်သောဆွဟာဗဟ်ကြီးများနှင့် မုစ်လင်မ်အုမ္မသ်ထု၏ဖြောင့်မတ်မှန်ကန်သောအကြီး အကဲများ၏ စံပြယုံကြည်ချက်ကား တစ်စုံတစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားခဲ့သည်ကို ယုံကြည်သင့်၍ ယင်းအပေါ် အီမာန်သက်ဝင်ယုံကြည်ကာ ထိုကိစ္စမည်သို့ဖြစ်ပျက်လာမည်ဆိုသည်ကို အလ္လာဟ် အရှင်မြတ်၏ ဟစ်က်မတ်ဉာဏ်အပေါ်၌ယုံပုံလွဲအပ်ထားလိုက်ပါ။ ပမာဆိုသော် အထက်ကိုးကားသည့် အာယသ်တော်ထဲမှအကြောင်းနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်သည် တရားစီရင်မည့်နေ့၌ မျက်မှောက်ရှိနေမည်ဖြစ်ကြောင်း ဤအဖြစ်အပျက်သည် မည်သို့သောအခြေအနေနှင့်မည်သို့ဖြစ်မည်ဟူခြင်းကားစိုးရိမ်ကြောင့်ကျမနေဘဲ မုချဖြစ်ပျက်မည်ဟု မှတ်ယူပါ။

အာယသ်တော်ထဲတွင် နောက်ထပ်၍ မိန့်ထားသည်မှာ-

يَوْمَ يَاْتِىْ بَعْضُ اٰيٰتِ رَبِّكَ لَا يَنْفَعُ نَفْسًا اِيْمَانُهَا لَمْ تَكُنْ اٰمَنَتْ مِنْ قَبْلُ
اَوْ كَسَبَتْ فِىْٓ اِيْمَانِهَا خَيْرًا ؕ

“အသင့်အားမွေးမြူတော်မူသော(အလ္လာဟ်)အရှင်မြတ်၏ အကြီးအကျယ်လက္ခဏာတစ်စုံတစ်ရာရောက်ရှိလာသည်ကိုသော်လည်းကောင်း၊ စောင့်ဆိုင်း၍နေကြသလော။(အမှန်စင်စစ်သော်ကား) အသင့်အားမွေးမြူတော်မူသော အရှင်မြတ်၏(ကြီးကျယ်သော) အချို့လက္ခဏာတော်ရောက်ရှိလာသောနေ့တွင် ရှေးဦးမဆွက “အီမာန်”ယုံကြည်မှု မရှိခဲ့သောသူကိုသော်လည်းကောင်း၊ မိမိယုံကြည်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကောင်းမှုပြုခဲ့ခြင်းမရှိသော သူကိုသော်လည်းကောင်း ထိုသူ၏ ယုံကြည်မှုသည် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်မဟုတ်ပေ”။

ဤနေရာ၌ သတိပေးထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ ဤလက္ခဏာအချို့ပေါ်ပေါက်ပြီးသည်နှင့် တပြိုင်နက် သောင်ဗဟ်(ဝန်ချတောင်းပန်မှု) တံခါးပိတ်သွားပါလိမ့်မည်။ ဤသည်တို့မဖြစ်ပျက်မီက ယုံကြည်မှုမရှိသောသူတစ်ဦးသည် ယင်းအရာတို့ဖြစ်ပွားလာပြီးနောက်မှ ယုံကြည်လာခဲ့သည်ဟု ကြေညာခဲ့လျှင် ထိုသူ(သို့)သူမ၏ကြေညာချက်မှာ လက်ခံနိုင်ဖွယ်မဟုတ်ကြောင်း တွေ့ရှိရပါလိမ့်မည်။ ဤသည်တို့မဖြစ်မီက လူတစ်ဦးသည် အီမာန်သက်ဝင်ယုံကြည်ပြီးဖြစ်သော်လည်း မည်သည့်ကောင်းမှုကောင်းရာများမှ မလုပ်ခဲ့သော်လည်း ဤလက္ခဏာတို့ကိုမြင်တွေ့ပြီးမှ အနာဂတ်ကာလ၌ ကောင်းမှုကောင်းရာများလုပ်ဆောင်တော့မည်ဟု သောင်ဗဟ်(အမှားဝန်ချတောင်းပန်)ခဲ့လျှင်လည်း ယင်းသည်လက်ခံလိမ့်မည်မဟုတ်ချေ။ အချုပ်မှာ မယုံကြည်သွေဖည်သူတစ်ဦးသည် ၎င်း၏မယုံကြည်မှုအတွက်သော်လည်းကောင်း၊ အပြစ်ကျူးလွန်သူတစ်ဦးသည် သူ၏ပြစ်မှုနှင့် အမိန့်ဖီဆန်မှုမှလည်းကောင်း၊ သောင်ဗဟ်ပြုချိန်မဟုတ်သောကြောင့် ယင်းအချိန်မှ သောင်ဗဟ်အမှားဝန်ချတောင်းပန်ခဲ့လျှင်ပင် လက်မခံနိုင်ချေ။

အကြောင်းမှာ အီမာန်(ယုံကြည်မှု)နှင့် သောင်ဗဟ်(အမှားဝန်ချတောင်းပန်မှု)တို့သည် လူတစ်ဦးရွေးချယ်နိုင်သော အချိန်အတွင်းရှိမှသာလျှင် လက်ခံနိုင်ပေသည်။ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့်နောင်လာမည့်ဘဝ၏ စစ်မှန်မှုကို ပွင့်လင်းစွာ မြင်တွေ့လာသောအခါတွင် လူသားတိုင်းသည် ယုံကြည်မှုနှင့်အပြစ်

ဒုစရိုက်မှုရှောင်ကြဉ်ခြင်းကို မဖြစ်မနေလုပ်ကြပါသည်။ အကြပ်ကိုင်၍ အီမာန်ယူခြင်းနှင့်ခြိမ်းခြောက်မှုကြောင့် သောင်ဗဟ်ဝန်ချတောင်းပန်ခြင်းသည် လက်ခံနိုင်ဖွယ်မရှိချေ။

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယယ်တော်များစွာတွင် ငရဲသို့ ပြစ်ဒဏ်ခတ်ခံရသောသူများသည် ထိုနေရာရောက်သည်နှင့် စတင်ငိုကြွေးမြည်တမ်းကြလိမ့်မည်ဟု ဖော်ပြထားခဲ့သည်။ အကယ်၍သာငင်းတို့အား ကမ္ဘာလောကသို့တစ်ဖန်ပြန်လည်ပို့ဆောင်ခဲ့ပါလျှင် ၎င်းတို့သည် အီမာန်သက်ဝင်ယုံကြည်မှုနှင့်ကောင်းမှုကောင်းရာများလုပ်ဆောင်ခြင်းမှအပ မည်သည်မျှ မလုပ်ကြပါဟူသော ကြီးမားသည့် ကတိကဝတ်ပြုကြလိမ့်မည်။ သို့သော်လည်း သူတို့အား ပေးသည့်အဖြေမှာ"ယုံကြည်မှုနှင့်ကောင်းမှုကောင်းရာလုပ်ရန်အတွက် အချိန်ကား ကုန်ဆုံးလေပြီ။ သင်တို့ယခုကဲ့သို့ပြောနေခြင်းမှာ သင်တို့၌ အခြားရွေးစရာဘာမျှမရှိ၍ဖြစ်သည်။ ဤသည်မှာ အတည်မဖြစ်ချေ။"ဟူ၍ ဖြစ်သည်။

ဤအာယသ်တော်ကိုရှင်းလင်းရာတွင် တမန်တော်မြတ် (ﷺ) သခင်မိန့်ကြားခဲ့သည်မှာ "ကိယာမသ်၏ လက္ခဏာများမှ နောက်ဆုံးလက္ခဏာဖြစ်သည့်နေသည် အရှေ့ဖက်မှ ထွက်ရမည့်အစား အနောက်ဖက်မှထွက်ပြူလာသည်ကို မြင်ရသောအခါ၌ တကမ္ဘာလုံးရှိမယုံကြည်သွေဖည်ငြင်းပယ်သူများသည် ယခုကျွန်ုပ်တို့ယုံကြည်သက်ဝင်ကြပါပြီဟု စတင်ပြောဆိုလာကြပါလိမ့်မည်။ အမိန့်ဖိဆန်သူများအားလုံးသည် အမိန့်နာခံသူများအဖြစ်ပြောင်းလဲသွားကြလိမ့်မည်။ သို့သော်လည်း ထိုအချိန်၌ မည်သည့်ယုံကြည်မှုနှင့်မည်သည့်ဝန်ချတောင်းပန်မှုမှ လက်မခံထိုက်သောအချိန်ဖြစ်လိမ့်မည်။ **(စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်မှတစ်ဆင့် ခိုင်လုံသည့် အလ်ဗဂ်ဂါဒီကျမ်း)**

သို့သော်လည်း ကျွန်ုပ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ ရှင်းလင်းချက်မှ သိရှိရသည့် အချက်မှာ လက္ခဏာအချို့အထင်အရှားပြသပြီးမှသာလျှင် သောင်ဗဟ်ဝန်ချတောင်းပန်မှုတံခါးပိတ်ပါလိမ့်မည်။ ယင်းနောက်တွင်မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးကိုဖြစ်စေ၊ အပြစ်ကျူးလွန်သူတစ်ဦးကိုဖြစ်စေ မည်သည့်သောင်ဗဟ်ဝန်ချတောင်းပန်မှုကိုမှ လက်ခံလိမ့်မည်မဟုတ်ချေ။ သို့သော်လည်း ယင်းလက္ခဏာကား မည်သည်ဖြစ်သည်ကို ကုရ်အာန်ကျမ်းမြတ်ကိုယ်တိုင်က ရှင်းလင်းစွာမိန့်ကြားမထားပါ။

ဤအာယသ်တော်၏ သဖ်စီရ်ကို စိုက်ယိဒိနာ အဗူဟုရိုင်ရဟ် (t) ကဆင့်ပြန်ခဲ့သော ဟဒီးဆ်တော်တစ်ရပ် ဆွဟီးဒ်အလ်ဗုခါရီကျမ်းတွင် ဖော်ပြထားသည်မှာ တမန်တော်မြတ် (ﷺ) သခင်မိန့်ကြားခဲ့သည်မှာ-

"နေသည် အနောက်ဖက်မှ ထွက်ပေါ်လာသော အဖြစ်အပျက်မဖြစ်ပျက်သမျှ ကိယာမသ်ဖြစ်လိမ့်မည်မဟုတ်။ လူများသည် ဤလက္ခဏာကိုမြင်တွေ့ရလျှင် ၎င်းတို့အားလုံးအီမာန်ယုံကြည်ကြလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်က မိန့်သည်မှာ ထိုအချိန်၌အီမာန်ယုံကြည်ခြင်းသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးသက်ရောက်လိမ့်မည်မဟုတ်ချေ။"ဟူ၍ဖြစ်သည်။

ယင်းအကြောင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အသေးစိတ်များသည် စိုက်ယိဒိနာ ဟုဇိုင်ဖာဟ်အိဗ်နိအုစိုက်ဒ် (t) ၏ဆင့်ပြန်ချက်တစ်ရပ်ပေါ် အခြေခံ၍ ဆွဟီးဒ်မုစ်လင်မ်ကျမ်းတွင် ဖော်ပြထားခဲ့သည်။ တစ်ချိန်ကဆွဟာဗဟ်သာဝကကြီးများသည် ကိယာမသ်၏လက္ခဏာများအကြောင်းနှင့်ပတ်သက်၍ အချင်းချင်းပြောဆိုနေကြချိန်တွင် တမန်တော်မြတ် (ﷺ) သခင် ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် ကိုယ်တော်မြတ် (ﷺ) သခင်က

မိန့်ကြားသည်မှာ စင်စစ် သင်တို့သည် လက္ခဏာ ၁၀-ပါးမမြင်တွေ့ရသမျှ ကိယာမသ်လာလိမ့်မည်မဟုတ်။ ယင်းတို့မှာ-

(၁) အနောက်မှနေထွက်ခြင်း

(၂) ထူးဆန်းသော မီးခိုးတစ်မျိုးထွက်လာခြင်း

(၃) မြေကြီးထဲမှ သတ္တဝါတစ်ကောင်ထွက်ပေါ်လာခြင်း

(၄) ယာဂျူဂျ်နှင့် မာဂျူဂျ် ထွက်ပေါ်လာခြင်း

(၅) တမန်တော်အီစာ (u) ကြွချီလာခြင်း

(၆) ဒဂျလ်ပေါ်ထွက်လာခြင်း

(၇) အရှေ့တိုင်း၌မြေပြိုခြင်း

(၈) အနောက်တိုင်း၌မြေပြိုခြင်း

(၉) အာရေးဗီးယား၌မြေပြိုခြင်း စသောနေရာ ၃-ခု၌ မြေပြိုခြင်း

(၁၀) ဧဒင်တွင်ရှိ မြေတွင်းမှ မီးများထွက်ကာ လူအများရှေ့သို့ တိုးထွက်စေပါလိမ့်မည်။

စိုက်ယိဒိနာ အိဗ်နိအုမရ် (t) ၏ခိုင်လုံသောဆင့်ပြန်ချက်ကို မုစ်နဒ်အဟ်မဒ်ကျမ်းထဲတွင် တင်ပြထားသည်မှာ- တမန်တော်မြတ် (e) သခင်မိန့်ကြားခဲ့သည်။ ဤလက္ခဏာများထဲမှ ပထမဦးစွာပေါ်ထွက်လာမည့် လက္ခဏာမှာ အနောက်မှနေထွက်ခြင်းနှင့် မြေကြီးထဲမှ သတ္တဝါထွက်ပေါ်လာခြင်းဖြစ်သည်။

အီမာမ်အလ်ကုရ်သုဗီက ၎င်း၏သဇ်ကီရာဟ်ကျမ်းတွင်လည်းကောင်း၊ ဟာဖိဇ်အိဗ်နိဟဂျာဂျ်က ရှရာဟ် အလ်ဗုခါရီကျမ်းတွင်လည်းကောင်း စိုက်ယိဒိနာအဗ်ဒုလ္လတ်အိဗ်နိအုမရ် (t) သခင်မှဆင့်ပြန်ချက်တစ်ရပ်ကို ကိုးကား၍တင်ပြထားသည်။ တမန်တော်မြတ် (e) သခင်မိန့်ကြားခဲ့သည်မှာ- အနောက်မှနေထွက်လာခြင်းအဖြစ်အပျက်နောက် ကမ္ဘာကြီးသည် နှစ်ပေါင်း(၁၂၀)တိုင် ရှင်သန်လျှက်ရှိမည်။ **(ရူဟုလ်မအာနီကျမ်း)**

ဤအသေးစိတ်များနောက်၌ မေးခွန်းတစ်ခုရှိသည်။ ခိုင်လုံသော ဘာသာရေးဆိုင်ရာတင်ပြချက်များအရ စိုက်ယိဒိနာအီစာ (u) သခင် ကမ္ဘာမြေပေါ်ကြွရောက်သောအခါတွင် လူအများကို အီမာန်ယူယုံကြည်ရန် ဖိတ်ခေါ်လိမ့်မည်။ လူအများက အီမာန်ယူယုံကြည်လာကြလိမ့်မည်။ အစွလာမ်သာသနာသည် ကမ္ဘာ့သာသနာဖြစ်လာလိမ့်မည်။ ထင်ရှားသည်မှာ ထိုအချိန်တွင် သက်ဝင်ယုံကြည်မှုမှာလက်မခံနိုင်ဖွယ်အခြေအနေအတိုင်းတည်ရှိခဲ့လျှင် ဤဖိတ်ခေါ်မှုနှင့်လူအများအစွလာမ်သာသနာသို့ ဝင်ရောက်လာမှုသည် အဓိပ္ပာယ်မရှိဖြစ်သွားလိမ့်မည်။

သဖိစိရ်ရူဟုလ်မအာနီကျမ်းတွင် ဋီကာရှင်အာလူစီက ဤသည်ကိုဖြေကြားရာ၌ ပြောသည်မှာ အနောက်မှနေထွက်သောအဖြစ်အပျက်သည် စိုက်ယိဒိနာအီစာ (u) သခင် ကြွလာပြီးအချိန်ကြာမြင့်မှသာဖြစ်လိမ့်မည်။ ထိုသို့နေထွက်ပြီးမှသာလျှင် သောင်ဗဟ်ဝန်ချတောင်းပန်ခြင်းတံခါးပိတ်မည်ဖြစ်သည်။

အလ္လာဟ်မဟ် ဗလ်ကီနီ ([ylI.A]mHR) နှင့်အခြားသူများကပြောသည်မှာ အနောက်မှနေထွက်ခြင်းနှင့် ယှဉ်တွဲထားသည့်ယုံကြည်မှုနှင့် သောင်ဗဟ်ဝန်ချတောင်းပန်ခြင်း၏ ဤပိတ်ပင်တားမြစ်ချက်သည် မဖြစ်တန်သည်မဟုတ်ချေ။ ယင်းသည် ကမ္ဘာပျက်မည့်နောက်ဆုံးခိုန်ထိ တည်နေမည်မဟုတ်ချေ။ ဤကန့်သတ်ချက်သည် အချိန်ကာလအတိုင်းအတာတစ်ခုနောက်တွင် ပြောင်းလဲသွားကာ အီမာန်ယုံကြည်ခြင်းနှင့် သောင်ဗဟ်ဝန်ချ တောင်းပန်ခြင်းကိုတစ်ဖန် စတင်လက်ခံလိမ့်မည်။ **(ရူဟုလ်မအာနီ)**ဟူ၍ ဖြစ်နိုင်သည်။ (အလ္လာဟ်အရှင်မြတ်သာလျှင် အသိတော်မူဆုံးဖြစ်ပေသည်။)

အချုပ်ဆိုရသော် ပြောနိုင်သည်မှာ ဤလက်ရှိအာယသ်တော်တွင် သောင်ဗဟ်ဝန်ချတောင်းပန်ခြင်းလက်မခံမှုသည် မည်သည့်လက္ခဏာပေါ်ပြီးမှဟူ၍ ရှင်းလင်းမထားသော်လည်း တမန်တော်မြတ် (e) သခင်၏ မိန့်ဆိုချက်အရ ထင်ရှားသည်မှာ အနောက်မှနေထွက်ပြီးမှဟူ၍ ဆိုလိုသည်။

ထို့နောက် မေးရန်ကျန်ခဲ့သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကိုယ်တိုင်က ဤကိစ္စရပ်ကို မရှင်းလင်းဘဲ အဘယ်ကြောင့်ချန်ထားရစ်ခဲ့သနည်း။ သဖိစိရ်အလ်ဗဟ်အလ်မုဟီးတွ်အရဆိုလျှင် ဤနေရာ၌ကုရ်အာန်ကျမ်းတော်မြတ်က ဒွိဟပွားစေနိုင်ခြင်းသည် သတိမမူသောလူသားများအတွက် တပ်လှန့်နှိုးဆော်လေသည်။ သို့မှသာသူတို့သည် ရှေ့တွင်မကောင်းသောနိမိတ်လက္ခဏာ သဘောသဘာဝရှိသောအဖြစ်အပျက်တို့မှ အစောတလျင် သခ်ိန်းစာထုတ်ယူကာ သူတို့၏ဘဝလမ်းကြောင်းကို ပြုပြင်စေနိုင်ပါမည်။

ထိုသည်ကိုထပ်ဆောင်း၍ ဤဒွိဟသံသယပွားစေမှုနှင့်အရေးအသား ကျစ်လစ်သိပ်သည်းမှုတွင် အကျိုးပြုမှုတစ်ရပ်မှာ နေသည်အနောက်အရပ်မှထွက်သောအခါတွင် လူသားများအားလုံးအတွက် "သောင်ဗဟ်တံခါး" ပိတ်သွားသည့်နည်းအတိုင်း အသေးစားပုံစံအနေဖြင့် လူသားတစ်ဦးစီ တစ်ဦးစီတို့အတွက် ၎င်းတို့သေဆုံးသောအခါ"သောင်ဗဟ်တံခါး"ပိတ်သွားသည်ဆိုသည့် အန္တရာယ်ကို လူသားတိုင်းကို တပ်လှန့်နှိုးဆော်ခြင်းခံရပါလိမ့်မည်။ ဤဖြစ်ရပ်ကိုလည်းကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသောအာယယ်တစ်ခုတွင် မိန့်ကြားထားသည်မှာ-

وَلَيْسَتِ التَّوْبَةُ لِلَّذِيْنَ يَعْمَلُوْنَ السَّيِّاٰتِ حَتّٰٓى اِذَا حَضَرَ اَحَدَ هُمُ الْمَوْتُ قَالَ اِنِّىْ تُبْتُ الْئٰنَ

"သို့ရာတွင် အကြင်သူတို့အဖို့ ဝန်ချတောင်းပန်ချက်ကား မရှိပေ။ ထိုသူတို့သည် ဒုစရိုက်မှုများကို ပြုကျင့်လျက်ရှိကြ၏။ (ယင်းကဲ့သို့ ဒုစရိုက်မှုများတွင် နစ်မွန်းလျက်ရှိကြပေရာ နောက်ဆုံးတွင်) ထိုသူတို့အနက် တစ်ဦးတစ်ယောက်ထံသို့ သေခြင်းတရားသည် ရောက်ရှိလာလေတော့၏။ ထိုအခါ ထိုသူက "ကျွန်တော်မျိုးသည် ယခုမှုချတောင်းပန်ပါပြီ"ဟု လျှောက်ထားလေသည်။"(၄း၁၈)ဟူ၍ဖြစ်သည်။

ဤအာယသ်ကိုရှင်းလင်းရာ၌ တမန်တော်မြတ် (e) သခင်က မိန့်သည်မှာ-း **اِنَّ تَوْبَةَ الْعَبْدِ تُقْبَلُ مَا لَمْ يُغَرْغِرْ** "အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ယောက်၏"သောင်ဗဟ်"ကို သေခြင်းတရား၏ ပြင်းပြနာကျင်စွာခံစားရမှုမဆိုက်ရောက်မီအချိန်အထိ လက်ခံပါလိမ့် မည်။ (ထိုအချိန်သည် "ရူဟ်"သည် လည်ချောင်းအတွင်းသို့ ရောက်ခါ သိသာနိုင်ပြီး ခွဲခွာခြင်း၏ ကျယ်လောင်သောအသံဖြစ်စေပါသည်။)

ဤသည်က ကျွန်ုပ်တို့အားပြောပြသည်မှာ လူတစ်ဦးသေခါနီးအချိန် ဝိညဉ်သည် ကိုယ်ခန္ဓာမှခွဲခွာတော့မည့်အချိန်တွင် အသက်နှုတ်ယူမည့် ကောင်းကင်စေတမန်တို့ကိုမြင်ရအချိန်တွင် "သောင်ဗဟ်"အမှားဝန်ချတောင်းပန်ခြင်းကို လက်မခံပါ။ ဤဖြစ်ရပ်တို့သည်လည်း အလ္လာဟ်အရှင်မြတ်ထံမှလာသော ပေါ်လွင်ထင်ရှားသည့်လက္ခဏာများဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် သေဆုံးသည့်အချိန်ကိုလည်းပဲ ဤအာယသ်တော်တွင် ထည့်သွင်းထားပါသည်။ ယင်းကဲ့သို့ပင် အချို့သောအုလမာပညာရှင်တို့နှင့် အခြားသောဘာသာတရားလေးစားသောအကြီးအကဲတို့က မိန့်ကြားခဲ့သည်ကို အလ်ဗဟ်အလ်မုဟီတ်ကျမ်းတွင် ဖော်ပြသည်မှာ-
مَنْ مَّاتَ فَقَدْ قَامَتْ قِيَامَتُهُ "မည်သူမဆို သေဆုံးပါက၊ ထိုသူ၏ကိယာမသ်နေ့ပေါ်ပေါက်ခဲ့ပါသည်။" ဟူ၍ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ လုပ်ဆောင်ရမူတို့၏ အချိန်နှင့်နေရာသည် ကုန်ဆုံးသွားပြီးဖြစ်သည်။ တစ်စုံ တစ်ဦးမျှော်လင့်ထားသော ဤလောကီဘဝ သူ၏လုပ်ရပ်များ၏ အစားပေးမှုကို သူ့အားမြင်တွေ့ရတော့မည်။ ပါရှန်ကဗျာဆရာကြီး"စာအိဗ်"က ဤအကြောင်းအရာကို သူ၏ကဗျာ၌ လိုရင်းတိုရှင်းသီကုံးခဲ့သည်မှာ-

تویہ ہمارا نفس بازپسیں دست زدست بیخبر دیر رسیدی درمحل بستند

"အသင်၏ ဝန်ချတောင်းပန်မှုသည်၊ အသင်၏နောက်ဆုံးထွက်သက် ရှုပ်ထုတ်ပြီးသည့်နောက်တွင် ငြင်းပယ်ပြီးသားဖြစ်သွားပါသည်။ သတိမမူသောလူသား၊ အသင်နောက်ကျခဲ့လေပြီ။ ချစ်ခင်စုံမက်ရသော သူ၏တံခါးသည် ပိတ်သွားခဲ့ပြီ။" ဟူ၍ဖြစ်သည်။

ဤတွင် အရဗီစကား၏ မသိမသာကွဲပြားခြားနားချက်ကို မှတ်သားထိုက်ပါသည်။ ယင်းမှာ အာယသ်တော်တွင် ပထမဦးစွာ-اَوْ يَاْتِىَ بَعْضُ اٰيٰتِ رَبِّكَ "အသင့်အား မွေးမြူတော်မူသော(အလ္လာဟ်)အရှင်မြတ်၏အကြီးအကျယ်လက္ခဏာတစ်စုံတစ်ရာရောက်ရှိလာသည်ကို"ဟူ၍မိန့်ကြားပြီးသည့်နောက် ထိုဝါကျကိုပင် ထပ်မံအသုံးပြုကာ မိန့်ကြားထားသည်မှာ-يَوْمَ يَاْتِىْ بَعْضُ اٰيٰتِ رَبِّكَ لَا يَنْفَعُ نَفْسًا اِيْمَانُهَا "အသင့်အား မွေးမြူတော်မူသောအရှင်မြတ်၏(ကြီးကျယ်သော)အချို့လက္ခဏာတော်ရောက်ရှိလာသောနေ့တွင် ရှေးဦးမဆွက "အီမာန်"ယုံကြည်မှုမရှိခဲ့သော သူကိုသော်ငင်း၊ မိမိယုံကြည်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကောင်းမှုပြုခဲ့ခြင်းမရှိသော သူကိုသော်ငင်း၊ ထိုသူ၏ယုံကြည်မှုသည် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်မဟုတ်။"ဟူ၍ဖြစ်သည်။ ဤနေရာတွင် အဆိုအမိန့်တိုတိုတုတ်တုတ်ဖြစ်စေရန်အတွက် မည်သည့်နာမ်စားကိုမျှ သုံးစွဲမထားကြောင်း သတိမူမိပါလိမ့်မည်။ ဤသည်က ပထမဝါကျ၌သုံးစွဲထားသော ..._aY-A'ñ<i^B- "ဗအ်သုအာယာသိ"(အချို့သောလက္ခဏာတော်များ)တို့သည် ဒုတိယဝါကျတွင် သုံးစွဲထားသော ..._aY-A'ñ<i^B- "ဗအ်သုအာယာသိ"(အချို့သောလက္ခဏာတော်များ)သည် တစ်ခုနှင့်တစ်ခု မတူညီကြောင်း ညွှန်းဆိုပါသည်။ ဆိုလိုသည်မှာ လက္ခဏာတော်များတို့သည် တစ်ခုနှင့်တစ်ခု မတူကွဲပြားခြားနားကြပါသည်။ ဤသည်က အသင်အစောပိုင်းကဖတ်ရှုခဲ့သော စိုက်ယိဒိနာဟုဇိုင်ဖတ်အိဗ်နိအုစိုက် (t) သခင်၏ ဆင့်ပြန်ချက်ပါအကြောင်းအချက်များပါသည်ဆိုကြောင်း ရည်ညွှန်းပါသည်။ ယင်းဆင့်ပြန်ချက်ထဲတွင် ကိယာမသ်ဖြစ်ပေါ်မည့်အရေးကြီးသည့်လက္ခဏာ(၁၀)ခုကို အမှတ်စဉ်ထိုးကာ ဖော်ပြရာတွင် အနောက်မှနေထွက်မည်ဆိုသည့် လက္ခဏာကိုနောက်ဆုံးတွင် ဖော်ပြခဲ့သည်။ ယင်းလက္ခဏာသည် "သောင်ဗဟ်" "လက်ခံခြင်းပြတ်တောက်ပြီ"ဆိုသည့် အမှတ်လက္ခဏာဖြစ်သည်။

အာယသ်တော်၏အဆုံးတွင်-**قُلِ انْتَظِرُوْٓا اِنَّا مُنْتَظِرُوْنَ** (အို-နဗီတမန်တော်) အသင်သည်(ဂင်းတို့အား) "အသင်တို့သည် စောင့်ဆိုင်း၍နေကြလေကုန်။ ငါတို့သည်(လည်းအသင်တို့နှင့်အတူ) စောင့်ဆိုင်းလျက်ပင် ရှိပါသည်"ဟု ပြောကြားပါလေ။" ဟူ၍မိန့်ထားသည်။ ဤနေရာ၌ ဦးတည်ပြောကြားမှုသည် တမန်တော်မြတ် (ဧ) အတွက်ဖြစ်ပါသည်။ ထိုသူများနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်သည် အပြီးသတ်အတည်ဖြစ်ပြီးသော်လည်း၊ အကယ်၍သူတို့သည်သေဆုံးမည့်နေ့(သို့) ကိယာမသ်နေ့ကို သူတို့စောင့်ဆိုင်းလိုသည့် ဆန္ဒရှိခဲ့ပါလျှင် "သူတို့အားကြိုဆိုပါသည်"ဟူ၍ပြောဆိုရန် တမန်တော်မြတ်ကြီး (ဧ) အား မိန့်ကြားထားသည်။ သူတို့စောင့်ဆိုင်းရန်ဆုံးဖြတ်ခဲ့လျှင် စောင့်ဆိုင်းနိုင်ပါသည်။ ကျွန်ုပ်တို့သည်လည်း ထိုသူတို့နှင့်ပတ်သက်၍ မည်ကဲ့သို့လုပ်ဆောင်ရမည်ဆိုသည်ကို သူတို့၏မွေးမြူဖန်ဆင်းတော်မူသော အရှင်၏ဆုံးဖြတ်ချက်မူကို ကျွန်ုပ်တို့သည်လည်း စောင့်စားကြည့်ရှုနေကြပါမည်။

XXXXXXXXXXX

tm,of (159–160)

إِنَّ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا شِيَعًا
لَّسْتَ مِنْهُمْ فِي شَيْءٍ ۚ إِنَّمَا أَمْرُهُمْ إِلَى اللَّهِ ثُمَّ يُنَبِّئُهُم بِمَا كَانُوا
يَفْعَلُونَ ﴿١٥٩﴾ مَن جَاءَ بِالْحَسَنَةِ فَلَهُ عَشْرُ أَمْثَالِهَا ۖ وَمَن جَاءَ
بِالسَّيِّئَةِ فَلَا يُجْزَىٰ إِلَّا مِثْلَهَا وَهُمْ لَا يُظْلَمُونَ ﴿١٦٠﴾

စင်စစ်ကေန် အကြင်သူတို့သည် မိမိတို့၏သာသနာကိုအစိတ်စိတ်ခွဲပစ်ခဲ့ကြ၏။ ၎င်းနောက်ထိုသူများသည် ဂိုဏ်းဂဏအသီးသီးကွဲခဲ့ကြ၏။ အသင်သည် ထိုသူတို့နှင့်မည်သို့မျှ မပတ်သက်ပါ။ မုချကေန်၎င်းတို့၏ကိစ္စသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ လွှဲအပ်ပြီးဖြစ်ချေသည်။ ထို့နောက် ထိုအရှင်မြတ်သည် ပင်လျှင် ၎င်းတို့အား ၎င်းတို့ပြုမူခဲ့သည်တို့ကို သိစေတော်မူမည်။ (၆း၁၅၉)

မည်သူမဆို ကောင်းမှုကိုယူဆောင်ခဲ့အံ့။ ထိုသူသည်(အနည်းဆုံး)ယင်းကောင်းမှု၏ဆယ်ဆကိုရရှိပေအံ့။ ၎င်းပြင် မည်သူမဆို မကောင်းမှုဒုစရိုက်ကိုယူဆောင်ခဲ့အံ့။ ထိုသူသည် ယင်းမကောင်းမှုနှင့်ထပ်တူမျှသာ အစားပေးခြင်းခံရလတ္တံ့။ (အပြစ်ရှိသည်ထက်ပို၍ခံရမည်မဟုတ်။) ၎င်းပြင် ထိုသူတို့သည် မတရားနှိပ်စက်ခြင်းကို ခံကြရမည်မဟုတ်ပေ။ (၆း၁၆၀)

tus,fxGihfqykcsuf

အစောပိုင်းထောက်ပြသကဲ့သို့ စူရတ် အန်အမ်၏အဓိကအပိုင်းတစ်ခုမှာ မက္ကာမြို့ရှိမယုံကြည်သွေဖည်ငြင်းပယ်သူများကို ဦးတည်ထားခြင်းနှင့်၎င်းတို့၏မေးခွန်းများဖြေကြားခြင်းအတွက် သတ်မှတ်ခဲ့သည်။ ၎င်းတို့အားအလ္လာဟ်အရှင်မြတ်ထံရောက်ရှိသည့်ဖြောင့်မတ်မှန်ကန်သောလမ်းမှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ် (ဧ) သခင်၏ နောက်လိုက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ကိုယ်တော်မြတ် (ဧ) သခင် အလျင်လွန်လေပြီးသော တမန်တော်များ၏ခေတ်ကာလကဆိုလျှင် ကယ်တင်ခံရခြင်းသည် ထိုတမန်တော်များ၏ကျမ်းစာများနှင့် ဥပဒေများပေါ်တည်မှီသည်။ ယင်းမှာ ယနေ့တိုင် မှန်ကန်လျက်ရှိသည်။ ယခုခေတ်တွင် ကယ်တင်ခံရခြင်းသည် တမန်တော်မြတ် (ဧ) သခင် ယူဆောင်လာသော ရှရီအသ်တရားတော်ပေါ် လိုက်နာခြင်းမှအပ မည်သည့်အပေါ်မှ မတည်ချေ။ ထို့ကြောင့် ဆင်ခြင်တုံတရားရှိလာစေရန် ဖြောင့်မတ်မှန်ကန်သောလမ်းကို လက်ခံ၍ ယင်းဖြောင့်မတ်မှန်ကန်သောလမ်းကို အမှားများပြွန်းတီးသောလမ်းများနှင့် လဲလှယ်ခြင်းမှရှောင်

ကြဉ်ရန်စေခိုင်းထားသည်။ အကယ်၍ ၎င်းတို့သည် လမ်းမှားကိုလက်ခံခဲ့လျှင် ဤမှားယွင်းသောလမ်းများက အလ္လာဟ်အရှင့်လမ်းမှ ဝေးသွားမည်ဖြစ်ကြောင်း သတိပေးထားသည်။

အာယသ်နှစ်ခုအနက်မှ ပထမအာယသ်(၁၅၉)ထဲတွင် အရေးဗီးယားရှိ မယုံကြည်သွေဖည်သူများ၊ ဂျူးများ၊ ခရစ်ယာန်များနှင့် မုစ်လင်မ်များအားလုံးအတွက် ယေဘုယျဦးတည်မိန့်ကြားချက်တစ်ရပ်ပါဝင်သည်။ ၎င်းတို့ကို ဦးတည်ပြောကြားရာ၌ အလ္လာဟ်အရှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သောလမ်းတော်မှ ကျောခိုင်းသွားသူများ၏ ဝမ်းနည်းဖွယ်ရာအဆုံးသတ်မှုအကြောင်း မိန့်ထားသည်။ ထို့နောက် မှားယွင်းသောလမ်းများသို့ လိုက်သွားသူများသည် ကိုယ်တော်မြတ် (ﷺ) နှင့် မည်သို့မျှမပတ်သက်ကြောင်း တမန်တော်မြတ် (ﷺ) သခင်ကို ညွှန်ကြားချက်ပေးခဲ့သည်။ ထို့နောက် လမ်းမှားများအနက်မှ ဖြောင့်မတ်မှန်ကန်သောလမ်းနှင့်လုံးဝ ဆန့်ကျင်သောလမ်း ရောက်စေသည့်လမ်းမှားများအဖြစ် ဖော်ပြထားကာ ယင်းတို့သည် မယုံကြည်သွေဖည်ငြင်းပယ်သူများ၊ ဘုရားအများကိုးကွယ်သူများနှင့် ကျမ်းရပုဂ္ဂိုလ်များ၏ လမ်းများဖြစ်ပေသည်။ ထို့နောက် အခြားလမ်းမှားများလည်းရှိသေးသည်။ ယင်းတို့မှာ ဖြောင့်မတ်မှန်ကန်သည့်လမ်းနှင့်လုံးလုံးလျားလျားမဆန့်ကျင်သည့်တိုင် ဖြောင့်မတ်မှန်ကန်သည့်လမ်း၏ ဘယ်ဘက်သော်လည်းကောင်း၊ ညာဘက်သော်လည်းကောင်း ရောက်စေသောလမ်းများဖြစ်ကြသည်။ ဤလမ်းများကား စစ်မှန်၍ အတည်ဖြစ်ပြီးသည့်ယုံကြည်မှုတွင် သံသယများနှင့်အသစ်တီထွင်မှုများ(ရွှတ်ဗ်ဟာသ်နှင့် ဗိဒ်အတ်)လမ်းများဖြစ်ကြသည်။ ယင်းလမ်းများသည်လည်း တစ်စုံတစ်ဦးကို လမ်းမှားရောက်စေပါသည်။

ထို့ကြောင့်- إِنَّ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا شِيَعًا لَّسْتَ مِنْهُمْ فِي شَيْءٍ إِنَّمَا أَمْرُهُمْ إِلَى اللَّهِ ثُمَّ يُنَبِّئُهُمْ بِمَا كَانُوا يَفْعَلُونَ

“ဧကန်စင်စစ် အကြင်သူတို့သည် မိမိတို့၏သာသနာကို အစိတ်စိတ်ခွဲပစ်ခဲ့ကြ၏။ ၎င်းနောက် ထိုသူများသည် ဂိုဏ်းဂဏအသီးသီးကွဲခဲ့ကြ၏။ အသင်သည် ထိုသူတို့နှင့် မည်သို့မျှ မပတ်သက်ပါ။ မုချဧကန် ၎င်းတို့၏ကိစ္စသည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ လွှဲအပ်ပြီးဖြစ်ချေ သည်။ ထို့နောက် ထိုအရှင်မြတ်သည်ပင်လျှင် ၎င်းတို့အား ၎င်းတို့ပြုမူခဲ့သည်တို့ကို သိစေတော်မူမည်။”ဟု မိန့်ထားသည်။

ဤအာယသ်တော်ထဲတွင် မိမိသဘောနှင့်မိမိလမ်းများများသို့ ရောက်သွားသူများအတွက် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ကြီး (ﷺ) သခင်ထံတွင် မည်သည့်တာဝန်မှမရှိဟု ဦးစွာပထမရှင်းလင်းထားသည်။ တမန်တော်မြတ် (ﷺ) သခင်သည် ထိုသူတို့နှင့်မည်သို့မျှမပတ်သက်ပါ။ ထို့နောက် ထိုသူများအား သတိပေးနှိုးဆော်ထားသည်မှာ ၎င်းတို့ကိစ္စသည် အလ္လာဟ်အရှင်မြတ်လက်ဝယ်ရှိ၍ အရှင်မြတ်သည်သာလျှင် ကိယာမသ်နေ့၌ ပြစ်ဒဏ်ခတ်တော်မူလိမ့်မည်။

“အကြင်သူတို့သည် သာသနာကို အစိတ်စိတ်ခွဲပစ်ခဲ့ကြ၏။ ၎င်းနောက် ထိုသူများသည် ဂိုဏ်းဂဏအသီးသီးကွဲခဲ့ကြ၏။” ဟူ၍ အာယသ်တော်ထဲတွင် ဖော်ပြထားသည်။ ယင်းက တည်တံ့ခိုင်မြဲပြီးသော ဘာသာတရား၏အခြေခံစည်းမျဉ်းများကို လိုက်နာခြင်းမပြုဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ စိတ်ကူးများနှင့်ဆန္ဒများကိုလိုက်နာခြင်း၊ ရှိုင်တွာန်၏စေ့ဆော်မှုများနှင့် ဖြားယောင်းမှုများကို စိတ်ရောကိုယ်ပါ လိုက်နာခြင်းစသည်တို့ကို ရွေးချယ်ခဲ့ခြင်းကြောင့် ရလဒ်အနေဖြင့် တစ်စုံတစ်ဦးသည် ဘာသာတရားအတွင်းသို့ အသစ်အဆန်းများဖြည့်စွက်ခြင်း၊ ယင်းဘာသာတရားထဲမှ ရှိပြီးသောကိစ္စများကို ထုတ်ပယ်ခြင်းနှင့် ချန်လှပ်ထားခြင်းတို့ဖြစ်စေခြင်းကို ရည်ညွှန်းသည်။

twnf;jyKNyD;cJhaomhonmwGm;wGif tqpftqef;wDxGif;xnfhoGif;jcif;ESihfywfoufí av;eufpGm owday;jcif;

သဖိစိရိမဇ်ဟရီအရ ဤတွင်အကျဉ်းဝင်သည်မှာ လွန်လေပြီးသော အုမ္မသ်များမှလူများလည်းပါဝင် သည်။ သူတို့သည် ၎င်းတို့၏အခြေခံဘာသာတရားကိုစွန့်လွှတ်ကာ ၎င်းတို့၏ကိုယ်ပိုင်အချက်အလက်များထည့် သွင်းခဲ့သည်။ ထိုသူများကဲ့သို့ပင် ဤအုမ္မသ်ထဲတွင်လည်း လမ်းလွဲသူများနှင့် အသစ်တီထွင်သူများ(ဗိဒ်အတ် ဘက်တော်သားများ)ရှိကြသည်။ ၎င်းတို့သည် အစွလာမ့်ဒီးန်သာသနာထဲသို့ အခြေအမြစ်မရှိသော အရာများ ထည့်သွင်းနေကြသည်။ ဤသည်နှင့်ပတ်သက်၍ တမန်တော်မြတ် (e) မိန့်ကြားခဲ့သည်မှာ-"ဗနီအစ္စရာအီလ်မျိုး နွယ်စုတွင် ကြုံတွေ့ရသည့်အခြေအနေများကဲ့သို့ အလားတူ ကျွန်ုပ်အုမ္မသ်သားများလည်း ကြုံတွေ့ကြရလိမ့်မည်။ ထိုသူများပါဝင်ပတ်သက်ခဲ့သည့် မကောင်းသောအလေ့အကျင့်မျိုး ကျွန်ုပ်အုမ္မသ်သားများလည်းပါဝင်ပတ်သက် ကြလိမ့်မည်။ ဗနီအစ္စရာအီလ်တို့တွင် ခုနှစ်ဆယ့်နှစ်ဂိုဏ်းကွဲသွားခဲ့သည်။ ကျွန်ုပ်၏အုမ္မသ်ထုမှာ ၇၃-ဂိုဏ်းကွဲ သွားလိမ့်မည်။ တစ်ဂိုဏ်းမှအပ အားလုံးသည် ဂျဟန္နမ်ငရဲသို့ ကျရောက်ကြလိမ့်မည်။ ဆွဟာဗဟ်သာဝကကြီး များက ကောင်းချီးမင်္ဂလာပေးကာ ကယ်တင်ခြင်းခံရမည့်အုပ်စုအကြောင်း လျှောက်ထားမေးမြန်းကြသည်။ ကိုယ်တော်မြတ်က မိန့်သည်မှာ-مَاأَنَا عَلَيْهِ وَأَصْحَابِيْ "မာအနာ အလိုင်းဟိ ဝအဆ်ဟာဗီ" ကျွန်ုပ်နှင့်ကျွန်ုပ်၏ ဆွဟာဗဟ်သာဝကြီး များအပေါ်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်၏လမ်းစဉ်နှင့် ကျွန်ုပ်၏ဆွဟာဗဟ်များ၏ လမ်းစဉ်ပေါ်လိုက်နာကျင့်သုံးသူများသာလျှင်ဖြစ်သည်။" **(ဤစိုက်ယိဒိနာ အိဗ်နိအုမရ် (t) သခင်၏ ဆင့်ပြန်ချက်ကို သိရိမိဇီကျမ်းနှင့် အဗူဒါဝူးဒ်ကျမ်းတို့တွင်ဖော်ပြထားသည်။)**

စိုက်ယိဒိနာအုမရ်ဖာရွတ်က် အလ်အအ်ဇာမ် (t) မှ ခိုင်လုံသည့်ဆင့်ပြန်ချက်ကို အလ်သဗရာနီကျမ်း တွင် တင်ပြထားသည်မှာ တမန်တော်မြတ် (e) သခင်က စိုက်ယိဒါဟ် အာအိရှာဟ် (ﷺ) သခင်မကြီးကိုပြောကြား ခဲ့သည်မှာ ဤအာယသ်တော်ထဲ၌ ဖော်ပြထားသောဂိုဏ်းများမှာ မိမိ၏ထင်မြင်ယူဆချက်များနှင့်ဆန္ဒများ၊ ဘာသာ တရားတွင် နည်းလမ်းသစ်များတီထွင်ကာ လိုက်နာကြသည့် ဗိဒ်အတ်သားများ(ဘာသာတရားတွင် အသစ်တီထွင် သူများ)ဖြစ်ကြသည်။ အလားတူ အယူအဆအတိုင်း စိုက်ယိဒိနာ အဗူဟုရိုင်ရဟ် (t) သခင်၏ ခိုင်လုံသော ဆင့်ပြန်ချက်ကို တင်ပြထားသည်။ ထို့ကြောင့် တမန်တော်မြတ် (e) သခင်သည် မိမိ၏ကိုယ်ပိုင်စိတ်ကူးနှင့်ဘာသာ တရားတွင် အသစ်တီထွင်ခြင်းနှင့် နည်းသစ်များတီထွင်ခြင်းကို လေးလေးနက်နက်တားမြစ်ထားခဲ့သည်။

စိုက်ယိဒိနာ အလ်အိရ်ဗသွ်အိဗ်နိ စာရိယာဟ် (t) မှ ဆင့်ပြန်ချက်တစ်ရပ်ပေါ်အခြေခံ၍ အီမာမ် အဟ်မဒ်၊ အဗူဒါဝူးဒ်၊ သိရိမိဇီနှင့် အခြားကျမ်းများထဲတွင် တင်ပြထားခဲ့သည်မှာ တမန်တော်မြတ် (e) သခင် မိန့်ကြားခဲ့သည်-

"ငါကိုယ်တော်မြတ်၏ နောက်ပိုင်းလူအများတွင် ကွဲလွဲမှုများစွာ တွေ့မြင်ရလိမ့်မည်။ ထို့ကြောင့် (ငါကိုယ်တော်သင်တို့အား မိန့်မှာလိုက်မည်) သင်တို့အားလုံး ငါကိုယ်တော်၏စွန့်သွန်(လမ်းစဉ်)နှင့် ငါကိုယ်တော် ကိုဆက်ခံသည့်ဖြောင့်မတ်မှန်ကန်စွာ လမ်းညွှန်ခံရသည့်(ခုလာဖာအိရာရှီဒီးန်)တို့၏ စွန့်သွန်တော်လမ်းစဉ်ကို တင်း တင်းကြပ်ကြပ်ကျင့်သုံးသင့်ပေသည်။ ဤသည်မှလွဲ၍ မည်သည်ကိုမျှ ဖက်တွယ်ခြင်းမရှိဘဲ လုပ်သင့်သည်များ ဆက်လုပ်ကြပါ။ နည်းလမ်းသစ်များသယ်ဆောင်ပြုလုပ်လိုသည့် တိမ်းညွတ်မှုမှရှောင်ရှားပါ။ အဘယ့်ကြောင့်

ဆိုသော် ဘာသာတရားတွင်းသို့ အသစ်အဆန်းထည့်သွင်းခြင်းသည် ဗိဒ်အတ်ဖြစ်သည်။ ဗိဒအတ်တိုင်းသည် မှားယွင်း၍ လမ်းလွဲသို့ရောက်စေသည်။"

အခြားသော ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ် (ﷺ) သခင်မိန့်ထားသည်မှာ "တစ်စုံတစ်ဦးသည် ဂျမာအသ်မှ လက်တစ်ထွာအကွာခန့်ကင်းဝေးသွားသည်ဆိုလျှင်ပင် သူသည် ၎င်း၏လည်ပင်းတွင်ရှိ အစွယ်လာမ့် ပဋိညာဉ်စည်းနှောင်မှုမှ ဖြေပစ်ခြင်းပင်ဖြစ်သည်။ **(အဗူဒါဝူး၊ဒ်နှင့် အဟ်မဒ်)**

သဖိစိရ်မဇာဟိရီအဆိုအရ ဤဟဒီးဆ်တော်ပါ "ဂျမာအသ်"ဆိုသည်မှာ 'ဆွဟာဗဟ်များ၏ ဂျမာအသ်' ကိုဆိုလိုသည်။ ယင်းမှာ တမန်တော်မြတ် (ﷺ) သခင်၏ ဆွဟာဗဟ်သာဝကကြီးများ၏ အုပ်စုဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်သည် ကွန်နုံပ်တို့၏ ခေါင်းဆောင် မုဟမ္မဒ်အလ်မုစ်သဖ (ﷺ) ကို အရှင်မြတ်၏ရစူလ်အဖြစ် စေလွှတ်ကာ ကုရ်အာန်ကျမ်းတော်မြတ်ကိုပေးခဲ့သည်။ ထို့နောက် ဟဒီး်ဆ်(သို့) စွန္နသ်တော်ဟုခေါ်သော အခြားဝဟီတစ်မျိုးပေး၍ကောင်းချီးမင်္ဂလာပေးခဲ့သည်။ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ခက်ခဲသော၊ တိုတုတ်သော၊ အဓိပ္ပာယ်ထွေပြားသော အာယသ်တော်များစွာရှိသည်။ ယင်းတို့၏ သဖိစိရ်ရှင်းလင်းချက်အား အလ္လာဟ်အရှင်မြတ်၏ ရစူလ်မှတစ်ဆင့် ရှင်းလင်းလိမ့်မည်ဟု အလ္လာဟ်အရှင်မြတ်က ကတိပြုထားခဲ့သည်။ **ثُمَّ اِنَّ عَلَيْنَا بِيَانَهُ** "ထို့နောက် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ရှင်းပြခြင်းမှာလည်း ဧကန်အမှန် ငါအရှင်မြတ်၏ တာဝန်သာဖြစ်သည်။ (၇၅း၁၉)"ဟူသောအမိန့်က ဤသည်ကိုအတိအကျဆိုလိုသည်။

ထို့ကြောင့် တမန်တော်မြတ် (ﷺ) သခင်သည် ကုရ်အာန်ကျမ်းတော်မြတ်ပါခက်ခဲနက်နဲမှုများနှင့် အဓိပ္ပာယ်ထွေပြားခြင်းတို့ကို ရှင်းလင်းပြသကာ တိုက်ရိုက်ကိုယ်တော်မြတ်၏ စွန္နသ်တော်နည်းလမ်းများစွာကို ကိုယ်တော်လုပ်ဆောင်မှုများနှင့်မိန့်ကြားချက်များမှတစ်ဆင့် ကိုယ်တော်မြတ်၏ဆွဟာဗဟ်များကို လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ ထို့ကြောင့် ဆွဟာဗဟ်သာဝကကြီးများ၏ လုပ်ဆောင်မှုသည် အဓိကစုပေါင်းအမျိုးအစားတစ်ရပ်ဖြစ်သည်။(၎င်းတို့၏ ကောင်းချီးမင်္ဂလာပေးခံရသော ဆရာသမား၏ ကြေးမုံပြင်တစ်ရပ်အဖြစ် လက်ဦးမဆွကတည်းက အသားကျ ကျင့်သားရနေအောင်အလ္လာဟ်အရှင်မြတ်စီမံကာပေးထားသည်။) ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ပညတ်ထားခဲ့သော အစွယ်လာမ့်ရှရီအသ်တရားတော်၏ ရှင်းလင်းချက်များတွင်လည်းကောင်း အတူတူဖြစ်သည်။

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်နှင့်အလ္လာဟ် ရစူလ်၏စွန္နသ်တော်ကို လိုက်နာကျင့်သုံးခြင်းသည်ကား မုစ်လင်မ်ယောကျ်ား(သို့) မိန်းမတစ်ဦး၏ ကောင်းသောကံကြမ္မာဖြစ်ပေသည်။ ထို့နောက် တစ်စုံတစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်အာယသ်တော်တစ်ခု၏ အဓိပ္ပာယ်(သို့) ဟဒီးဆ်တော်တစ်ရပ်၏ ဆိုလိုရင်းနှင့်ပတ်သက်၍ သံသယဖြစ်လာလျှင် ဆွဟာဗဟ်သာဝကကြီးများနှစ်သက်ခဲ့သော အဓိပ္ပာယ်နှင့် ဆိုလိုရင်းအတိုင်းလိုက်နာသင့်ပေသည်။

ကံမကောင်း အကြောင်းမလှစွာဖြင့် ဤအရေးပါ၍ အထိမခံနိုင်သော လုပ်ဆောင်ပုံနည်းဥပဒေအားလူအများလျစ်လျူရှုခြင်းကြောင့် အစွယ်လာမ်သာသနာတော်တွင် ကွဲပြားသောဂိုဏ်းအသီးသီးပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းဂိုဏ်းတို့သည် ဆွဟာဗဟ်သာဝကကြီးများ၏ သက်သေပြပြီးသောလုပ်ဆောင်မှုနှင့်ရှင်းလင်းချက်များကို ဘေးချိတ်ကာ ၎င်းတို့ဆန္ဒရှိသည်ကို လက်လွတ်စပယ်ပြောဆိုပြီး ယင်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်

နှင့်စွန့်သည်တော်၏ ဆိုလိုရင်းဖြစ်သည်ဟု ကြေညာကြသည်။ ဤသည်တို့မှာ ကုရ်အာန်ကျမ်းတော်မြတ်လာ အကြိမ်ကြိမ်အဖန်ဖန် သတိပေးခဲ့ပြီး တမန်တော်မြတ် (ﷺ) သခင်ကလည်း လေးလေးနက်နက်တားမြစ်ခဲ့သည့် မှားယွင်းသောနည်းလမ်းများဖြစ်သည်။ ကိုယ်တော်မြတ် (ﷺ) သခင်၏ ကောင်းချီးမင်္ဂလာပေးခံရသော ဘဝတလျှောက်တွင် တစ်ခါတစ်ရံ ဤနည်းဥပဒေကို ဆန့်ကျင်စွာလုပ်ဆောင်ခဲ့သူများကို လအ်နတ်ကျိန်ဆိုတော်မူခဲ့သည်။

စိုက်ယိဒါဟ် အာအိရှာဟ် (رضي الله عنها) သခင်မကြီး၏ တင်ပြချက်တွင် တမန်တော်မြတ် (ﷺ) သခင် မိန့်ကြားခဲ့သည်မှာ ခြောက်မျိုးသောလူများအပေါ် ကိုယ်တော်၏ လအ်နတ်နှင့် အလ္လာဟ်အရှင်မြတ်၏ လအ်နတ်ကျရောက်ပါစေဟု ကျိန်ဆိုခဲ့သည်။ ယင်းတို့မှာ-

(၁) အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်တွင် သူ၏ဘက်မှတစ်စုံတစ်ရာဖြည့်စွက်ထည့်သွင်းခြင်း၊ (ဆိုလိုသည်မှာ စကားလုံးအချို့ ဖြည့်စွက်သည်ဖြစ်စေ၊ ဆွဟာဗဟ်များ၏ သဖီစီရိန့်နှင့်ဖီလာဆန့်ကျင်သည့် အလွန်အကျွံဖွင့်ဆိုခြင်းဖြစ်စေ) (၂) အလ္လာဟ်အရှင်မြတ်ပညတ်ထားသည့် ကြမ္မာကိုငြင်းဆိုသောသူ (၃) မုစ် လင်မအုမ္မသ်ထုပေါ်အင်အားသုံး၍ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုသုံး၍ဖြစ်စေ အာဏာပိုင်တစ်ဦးအဖြစ် မိမိကိုယ်ကို တင်မြောက်ကာ အလ္လာဟ်အရှင်မြတ်က ဂုဏ်သိက္ခာမဲ့စေသူကို ဂုဏ်သိက္ခာတင်၍ အလ္လာဟ်အရှင်မြတ်က ဂုဏ်ပေးသူကို ဂုဏ်သိက္ခာမဲ့စေသူ။ (၄) အလ္လာဟ်အရှင်မြတ်က ဟရာမ်ပြုလုပ်ထားခဲ့သည်ကို ဟလာလ်အဖြစ် မှတ်ယူသူ၊ ဆိုလိုသည်မှာ မက္ကဟ်မြို့၏ထွတ်မြတ်သော ဟရာမ်ပရဝုဏ်တွင်သတ်ဖြတ်ခြင်း(သို့) ထိုနေရာတွင် အမဲလိုက်ခြင်း။ (၅) ကျွန်ုပ် (ကိုယ်တော်မြတ် (ﷺ) သခင်)၏မိသားစုနှင့် သားသမီးများကိုစော်ကားသူနှင့်။ (၆)ငါကိုယ်တော်မြတ်၏ စွန့်သည်တော်ကို စွန့်လွှတ်သူတို့ဖြစ်ကြသည်။

ဒုတိယအာယသ်တော်(၁၆၀)ထဲတွင်- **مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ عَشْرُ اَمْثَالِهَا وَمَنْ جَآءَ بِالسَّيِّئَةِ فَلَا يُجْزٰٓى اِلَّا مِثْلَهَا وَهُمْ لَا يُظْلَمُوْنَ** "မည်သူမဆို ကောင်းမှုကိုယူဆောင်ခဲ့အံ့၊ ထိုသူသည်(အနည်းဆုံး)ယင်းကောင်းမှု၏ ဆယ်ဆကို ရရှိပေအံ့။ ၎င်းပြင် မည်သူမဆိုမကောင်း မှုဒုစရိုက်ကို ယူဆောင်ခဲ့အံ့။ ထိုသူသည် ယင်းမကောင်းမှုနှင့်ထပ်တူမျှသာ အစားပေးခြင်းခံရလတ္တံ့။ (အပြစ် ရှိသည်ထက်ပို၍ ခံရမည်မဟုတ်။) ၎င်းပြင် ထိုသူတို့သည် မတရားနှိပ်စက်ခြင်းကို ခံကြရမည်မဟုတ်ပေ။" ဟူ၍ မိန့်ထားသည်။

ပြီးခဲ့သောအာယသ်တော်(၁၅၉)ထဲတွင် ဖြောင့်မတ်သောလမ်းမှကျောခိုင်းကာ မကောင်းမှုပြုသူများအတွက်ပြစ်ဒဏ်ခတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်လက်ဝယ်သာလျှင် ရှိတော်မူကြောင်း ဖော်ပြခဲ့သည်။

လက်ရှိအာယသ်တော်ထဲ၌ နောင်တမလွန်ဘဝ၌ ဆုလာဘ်ပေးခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်း၏ ရက်ရောသည့်လုပ်ဆောင်မှုကို ဖော်ပြထားသည်မှာ လူတစ်ဦးသည် ကောင်းမှုတစ်ခုပြုလုပ်ခဲ့ပါက ယင်းအတွက် ဆုလာဘ်ဆယ်ဆရလိမ့်မည်။ ထို့ပြင် တစ်စုံတစ်ဦးသည် ပြစ်မှုဂုနာဟ်တစ်ခုကျူးလွန်ခဲ့လျှင် ယင်းဂုနာဟ်အပြစ်နှင့်တူညီသည့်ပြစ်ဒဏ်သာလျှင် ရရှိလိမ့်မည်ဖြစ်သည်။ ဟုမိန့်ထားသည်။

ဆွဟီးဒ်အလ်ဗုခါရီကျမ်း၊ မုစ်လင်မ်ကျမ်း၊ နစာအီကျမ်းနှင့် မုစ်နဒ်အဟ်မဒ်ကျမ်းတို့၏ တင်ပြချက်အရ တမန်တော်မြတ် (ﷺ) သခင်မိန့်သည်မှာ အသင်၏မွေးမြူဖန်ဆင်းကျွေးမွေးစောင့်ရှောက်တော်မူသော ရဗ္ဗအရှင်သခင်သည် အလွန်တရာ သနားညှာတာတော်မူ၍ အလွန်ကြီးကျယ်ထွတ်မြတ်တော်မူလေသည်။ လူတစ်ဦးသည် ကောင်းမှုလုပ်ရပ်တစ်ခုကို အမှန်တကယ်မလုပ်ဆောင်ရသေးသည့်တိုင် လုပ်ရန်ရည်စူးခဲ့လျှင် သူ၏လုပ်ရပ်များ

မှတ်တမ်းတင်သောစာအုပ်တွင် ကောင်းမှုလုပ်ရပ်တစ်ခုပြုလုပ်သည်ဟု မှတ်သားသည်။ ယင်းနောက် ထိုကောင်းမှုကိုသူအမှန်တကယ်လုပ်ဆောင်ခဲ့လျှင် သူ၏လုပ်ရပ်များမှတ်တမ်းစာအုပ်တွင် ကောင်းမှုဆယ်ခုမှတ်တမ်းတင်မည်။ ထို့ပြင် အကယ်၍လူတစ်ဦးသည် ပြစ်မှုဂုနာဟ်တစ်ခုကျူးလွန်ရန် ရည်စူးပြီးနောက် ထိုဂုနာဟ်မကျူးလွန်ဘဲနောက်ဆုတ်ခဲ့လျှင် သူ၏မှတ်တမ်းတွင် ကောင်းမှုတစ်ရပ်ဟုမှတ်သားလိမ့်မည်။ အကယ်၍ ၎င်းသူသည် ဂုနာဟ်ပြစ်မှုကိုအမှန်တကယ်ကျူးလွန်ခဲ့လျှင် သူမှတ်တမ်း၌ ဂုနာဟ်ပြစ်မှုတစ်ခုဟု စာရင်းမှတ်သားပေလိမ့်မည်။ သို့မဟုတ်မူ ယင်းကိုပယ်ဖျက်ပစ်မည်။ အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်၌ ဤကဲ့သို့သော ကရုဏာတရားနှင့် သနားကြင်နာမှုသွန်းဖြိုးခဲ့ပါလျှင် မည်သူသည် လုံးဝဖျက်ဆီးပစ်ခံရမည်ဟု စိုးရိမ်ပူပန်နိုင်အံ့နည်း။ ဖျက်ဆီးခံရလျှင် ထိုသူသည် ရှားရှားပါးပါးဆုံးဖြတ်ခံရသူပင် ဖြစ်ရပေတော့မည်။ **(အိဗ်နိကဆီးရ်)**

စိုက်ယိဒိနာအဗူဒရ် (t) သခင်က ဆင့်ပြန်ခဲ့သည့်ဟဒီးဆ်ကုရ်စီတစ်ပုဒ်၌ မိန့်ထားသည်မှာ-

"ကောင်းမှုတစ်ရပ်လုပ်သော သူတစ်ဦးသည် ဆုလာဘ်အဖြစ် ဆယ်ဆဖြစ်စေ၊ ပို၍ပင်ဖြစ်စေရရှိပေမည်။ ထို့နောက်ပြစ်မှုဂုနာဟ်တစ်ခုကျူးလွန်သောသူသည် ယင်းဂုနာဟ်အပြစ်နှင့်လျော်ညီသောတူညီသည့် ပြစ်ဒဏ်ခတ်မှုခံရမည်။ သို့မဟုတ်မူ ငါအရှင်မြတ်သည် ထိုပြစ်မှုဂုနာဟ်ကို ခွင့်လွှတ်လျှင် ခွင့်လွှတ်ပေမည်။ ငါအရှင်မြတ်ထံပါကမ္ဘာမြေပြင်အပြည့်ဂုနာဟ်ကျူးလွန်ထားသောသူတစ်ဦးရောက်လာကာ ခွင့်လွှတ်မှုတောင်းခံခဲ့လျှင် ငါအရှင်မြတ်သည်ထိုသူ့အား တူညီသော ခွင့်လွှတ်ခြင်းဖြင့် ဆက်ဆံတော်မူမည်။ ထို့ပြင် လူတစ်ဦးသည် ငါအရှင်ထံပါးလက်တစ်ထွာချဉ်းကပ်ခဲ့လျှင် ငါအရှင်က လက်တစ်တောင်လှမ်းတော်မူသည်။ ထိုပြင်လူတစ်ဦးသည် လက်တစ်တောင်လှမ်းလျှင် ငါအရှင်သည် ထိုသူထံ (တစ်ဘာအ်)လက်တစ်လံလှမ်းတော်မူမည်။ ထိုပြင် ငါအရှင့်ထံလမ်းလျှောက်လာခဲ့လျှင် ငါအရှင်သည် ထိုသူထံပြေး၍လာတော်မူမည်။"

ဤဟဒီးဆ်ဆင့်ပြန်ချက်များမှ ကျွန်ုပ်တို့မြင်နိုင်သည်မှာ ဤအာယသ်တော်တွင် ဖော်ပြခဲ့သည့် ကောင်းမှုတစ်ခုအတွက် ဆယ်ဆတိုး၍ပေးသည်ဆိုသည်မှာ ယင်း၏အခြေခံအတိုင်းအတာကိုသာ ဖော်ပြခြင်းဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏သနားကြင်နာမှုနှင့်ရက်ရောမှုအရ ထို့ထက်ပို၍ပင်ပေးလိမ့်မည်။ ထို့ပြင် အခြားသော ဆင့်ပြန်ချက်များတွင် သက်သေပြခဲ့ပြီးဖြစ်သော အဆ-၇၀ မှ အဆပေါင်း-၇၀၀ အဆင့်အထိပေးသနားတော်မူလိမ့်မည်။

အာယသ်တော်ပါ စကားလုံးများတွင်-**جَآءَ بِالْحَسَنَةِ** "ကောင်းမှုကိုယူဆောင်ခဲ့အံ့။"ဟူသောအသုံးအနှုန်းကို အသုံးပြုထားပြီး **عَمِلَ بِالْحَسَنَةِ** "ကောင်းမှုကုသိုလ်ကိုလုပ်ဆောင်ပါ။"ဟူ၍ မသုံးစွဲသည်ကို မှတ်သားထိုက်ပါသည်။ ဤသည်ကား သဖီစီရ် အလ်ဗဟ်ရ်အလ်မုဟီးတ်ွအရ ထိုသို့သော ဆုလာဘ်(သို့)ပြစ်ဒဏ်တို့သည် ကောင်းသော(သို့)ဆိုးသော တစ်စုံတစ်ရာလုပ်ရုံမျှဖြင့် ချီးမြှင့်ခံရလိမ့်မည်မဟုတ်ဟု ရည်ညွှန်းသည်။ ဆုလာဘ်(သို့)ပြစ်ဒဏ်နှင့်ထိုက်တန်ရန်မှာ ကောင်းသော(သို့)ဆိုးသောလုပ်ရပ်သည် သေဆုံးသည့်တိုင် ရှင်သန်နေရမည်ဖြစ်သည်။ ရလဒ်မှာ တစ်စုံတစ်ယောက်သည် ကောင်းမှုတစ်ရပ်လုပ်ဆောင်ခဲ့သည်။ သို့သော်လည်း ကံကြမ္မာမကောင်းသည့် အချို့သောဂုနာဟ်အပြစ်ကြောင့် ယင်းကောင်းမှုကောင်းရာပျက်စီးသွားခဲ့သည်။ သို့ဆိုလျှင် ၎င်းသည် ကောင်းမှုလုပ်ရပ်အတွက် ဆုလာဘ်နှင့်မထိုက်တန်တော့ချေ။ ယင်း၏ဥပမာတစ်ရပ်ကား ရှစ်ရိက်နှင့်ကုဖ်ရလုပ်ရပ်တို့ဖြစ်သည်။ စင်စစ်ယင်းသည် ကောင်းမှုကောင်းရာအားလုံးကို ဖျက်စီးပစ်ပါသည်။ (အလ္လာဟ်အရှင် ကျွန်ုပ်တို့အား

ဤသည်မှ ကာကွယ်တားဆီးတော်မူပါစေ။) ယင်းအပြင် အခြားမြောက်များစွာသော ဂုနာဟ်အပြစ်များလည်း ရှိကြသည်။ ယင်းတို့ကြောင့် ကောင်းမှုကောင်းရာအချို့သည် မှားယွင်းခြင်းနှင့် အကျိုးမဲ့သည့်အဖြစ်ပြောင်းလဲသွားသည်။ ယင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင်ပါရှိသည်မှာ-**لَا تُبْطِلُوْا صَدَقٰتِكُمْ بِالْمَنِّ وَالْاَذٰى** "အသင်တို့သည် မိမိတို့၏ အလှူဒါနများကို ကျေးဇူးဖော်ပြခြင်းအားဖြင့်လည်းကောင်း၊ စိတ်ဒုက္ခရောက်စေခြင်းအားဖြင့်လည်းကောင်း၊ အကြင်သူကဲ့သို့ အချီးအနှီးမဖြစ်စေကြကုန်လင့်။"(၂း၂၆၄) ဟူ၍ဖြစ်သည်။

ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ကောင်းမှုကောင်းရာလုပ်ရပ်ဖြစ်သော အလှူဒါနပေးခြင်း(ဆွဒကဟ်)သည် ကျေးဇူးပြုခြင်းအတွက် ကြွားဝါခြင်းကြောင့် ပျက်စီးကာ အချီးအနှီးဖြစ်သွားသည်။ သို့မဟုတ် စိတ်ဒုက္ခရောက်စေခြင်းနှင့် လက်ခံရယူသူအား အထင်အမြင်သေးခြင်းဖြင့် နာကျည်းစေခြင်းသည်လည်း အချီးအနှီးဖြစ်သော အကြောင်းတစ်ခုဖြစ်ပေသည်။ အလားတူပင် ဟဒီးဆ်တော်တစ်ရပ်၌ ပါရှိသည်မှာ မတ်စ်ဂျိဒ် ဗလီဝတ်ကျောင်းတော်တွင်ထိုင်ကာ လောကီရေးရာအကြောင်းများပြောဆိုခြင်းသည် မီးကထင်းကိုဝါးမြိုသကဲ့သို့ ယင်းလုပ်ရပ်သည် ၎င်း၏ကောင်းမှုကောင်းရာများကို ဝါးမြိုပစ်သည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ နဖိလ်၊ သတ်စ်ဗီနှင့် ဇီကိရ်စသော ကောင်းမှုကောင်းရာများသည် လောကီရေးနှင့်စကားများပြောခြင်းဖြင့် အချည်းအနှီးဖြစ်သွားသည်။

မကောင်းသည့်လုပ်ရပ်များနှင့် ပတ်သက်လျှင်လည်း အလားတူပင်ဖြစ်သည်။ အကယ်၍ယင်းတို့မှ ဝန်ချတောင်းပန်ခဲ့လျှင် လုပ်ရပ်များမှတ်တမ်းတင်သည့် စာအုပ်မှ ဂုနာဟ်အပြစ်အား ပယ်ဖျက်စေသော အကြောင်းဖြစ်စေသည်။ ထိုသူသေဆုံးသည့်အချိန်အထိ ထိုအပြစ်ဂုနာဟ်သည် ၎င်းအားငြိတွယ်နေမည်မဟုတ်ချေ။ ထို့ကြောင့် အာယသ်တော်ထဲတွင် "ကောင်းသော(သို့) ဆိုးသောမည်သည့်လုပ်ရပ်အတွက်မဆို ပြစ်ဒဏ်ပေးခြင်း(သို့) ဆုလာဘ်ပေးခြင်းရှိပါလိမ့်မည်။"ဟူသော အဆိုအမိန့်မျိုးဖြင့် မမိန့်ကြားပါ။ ယင်းအစား မိန့်ကြားထားသည်မှာ မည်သူမဆို ငါအရှင်မြတ်ထံကောင်းမှုကောင်းရာတစ်ရပ်ယူဆောင်ခဲ့လျှင် ယင်းကောင်းမှုအတွက် ဆုလာဘ်ဆယ်ဆရရှိမည်။ ထို့နောက် မည်သူမဆို ငါအရှင်မြတ်ထံ မကောင်းသောလုပ်ရပ်တစ်ခုယူဆောင်လာခဲ့လျှင် ယင်းအတွက် ပြစ်ဒဏ်တစ်ခုသာလျှင် ပေးမည်။ ဟူ၍မိန့်ကြားထားသည်။ အလွှာဟ်အရှင်မြတ်ထံ ယူဆောင်လာခြင်းဟူသော အပြုအမူသည် ယင်းလုပ်ရပ်ကို ဆုံးခန်းတိုင် စွဲမြဲစွာပြုလုပ်မှသာလျှင် ဖြစ်နိုင်ပေသည်။ အရေးပါသည့်အချက်ကား ယင်းလုပ်ရပ်သည် ရှင်သန်နေရမည်။ ကြားကာလ၌ ယင်းကောင်းမှုကောင်းရာလုပ်ရပ်ကို ပျက်စီးစေသော(သို့) အချည်းအနှီးဖြစ်စေသော မည်သည့်အရာမျှ မဖြစ်စေရပါ။ နည်းလမ်းကား အကယ်၍ မကောင်းမှုလုပ်ရပ်တစ်ခုကို ကျူးလွန်မိလျှင် အလွှာဟ်အရှင်မြတ်၏ထံတော်တွင် ဝန်ချတောင်းပန်၍ ထိုအရှင်မြတ်၏ခွင့်လွှတ်ချမ်းသာပေးမှုကို ရှာဖွေကြကုန်။

အာယသ်တော်အဆုံး၌-**وَهُمْ لَا يُظْلَمُوْنَ** "ငင်းပြင် ထိုသူတို့သည် မတရားနှိပ်စက်ခြင်းကို ခံကြရမည်မဟုတ်ပေ။"ဟု မိန့်ထားသည်။ ဤသည်က လူသားတို့၏ တရားရုံးတော်ကဲ့သို့မဟုတ်ဟု ဆိုလိုသည်။ ဤသည်မှာ အမြင့်မားတကာ၏ အမြင့်မားဆုံးသောတရားရုံးတော်ဖြစ်သည်။ ထိုနေရာတွင် မည်သူတစ်ဦးတစ်ယောက်တွက်မှ မည်သည့်မတရားမှုပြုလုပ်ခြင်းဟူသည်မှ လုံးဝဖြစ်နိုင်ချေမရှိ။ တစ်စုံတစ်ဦး၏ ကောင်းမှုကောင်းရာလုပ်ရပ်အတွက် အစားပေးခြင်းတွင် လျော့နည်းမှုမရှိစေရ။ တစ်စုံတစ်ဦး၏မကောင်းမှုလုပ်ရပ်အတွက် အပြစ်ဒဏ်ပေးခြင်းတွင် မည်သည့်တိုးမြှင့်၍ပေးခြင်း ဖြစ်နိုင်ချေမရှိ။

tm, of (161–165)

قُلْ إِنَّنِي
هَدَىٰنِي رَبِّي إِلَىٰ صِرَاطٍ مُّسْتَقِيمٍ دِينًا قِيَمًا مِّلَّةَ إِبْرَٰهِيمَ
حَنِيفًا ۚ وَمَا كَانَ مِنَ الْمُشْرِكِينَ ﴿١٦١﴾ قُلْ إِنَّ صَلَاتِي وَنُسُكِي وَ
مَحْيَايَ وَمَمَاتِي لِلَّهِ رَبِّ الْعَٰلَمِينَ ﴿١٦٢﴾ لَا شَرِيكَ لَهُ ۚ وَبِذَٰلِكَ أُمِرْتُ
وَأَنَا أَوَّلُ الْمُسْلِمِينَ ﴿١٦٣﴾ قُلْ أَغَيْرَ اللَّهِ أَبْغِي رَبًّا وَهُوَ رَبُّ كُلِّ شَيْءٍ ۚ
وَلَا تَكْسِبُ كُلُّ نَفْسٍ إِلَّا عَلَيْهَا ۚ وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ ۚ ثُمَّ إِلَىٰ
رَبِّكُم مَّرْجِعُكُمْ فَيُنَبِّئُكُم بِمَا كُنتُمْ فِيهِ تَخْتَلِفُونَ ﴿١٦٤﴾ وَهُوَ الَّذِي
جَعَلَكُمْ خَلَٰٓئِفَ الْأَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجَٰتٍ لِّيَبْلُوَكُمْ
فِي مَآ ءَاتَىٰكُمْ ۗ إِنَّ رَبَّكَ سَرِيعُ الْعِقَابِ ۖ وَإِنَّهُۥ لَغَفُورٌ رَّحِيمٌ ﴿١٦٥﴾

(အို-နဗီတမန်တော်)အသင်သည် (ၛင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့)ငါ၏အရှင်မြတ်သည် ငါ့အားဖြောင့်မတ်မှန်ကန်သောတရားလမ်းသို့ပို့ဆောင်တော်မူခဲ့လေပြီ။ (ထိုတရားလမ်းမှာ)အလွန်တည်တံ့၊ ခိုင်ခံ့သောသာသနာဖြစ်ပေသည်။ တည်ကြည်ဖြောင့်မတ်သော (နဗီတမန်တော်)အိဗ်ရာဟိမ်၏လမ်းစဉ်ပင်ဖြစ်ပေသည်။ ၎င်းပြင် ထို(နဗီတမန်တော်)အိဗ်ရာဟိမ်သည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ရှိုင်းယှဉ် ကိုးကွယ်သောသူများတွင် ပါဝင်ခဲ့သည်မဟုတ်။ (၆း၁၆၁)

(အို-နဗီတမန်တော်)အသင်သည် (ၛင်းတို့အားတစ်ဖန်ဤသို့)ပြောကြားပါလေ။ (အချင်းတို့)ငါ၏ "ဆွလာသ်"ဝတ်ပြုမှုသည်၎င်း၊ ငါ၏(အခြား အခြားသော)ခဝတ်ကိုးကွယ်မှု(အပေါင်း)တို့သည်၎င်း၊ ငါ၏အသက်ရှူခြင်းသည်၎င်း၊ ငါ၏အသက်သေခြင်းသည်၎င်း၊ စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှစ်သက်တော်မူရန်သာလျှင်ဖြစ်သည်။ (၆း၁၆၂)

ထိုအရှင်မြတ်၌ တွဲဖက်ဟူ၍အလျင်းမရှိချေ။ ငါသည် ဤသည်နှင့်စပ်လျဉ်း၍ပင် အမိန့်တော်ကို ရရှိခဲ့၏။ ၎င်းပြင်ငါသည် အမိန့်တော်ကို လိုက်နာသူတို့တွင် ပထမဦးဆုံးပင်ဖြစ်ချေသတည်း။ (၆း၁၆၃)

(အို-နဗီတမန်တော်)အသင်သည် (၎င်းတို့အား တစ်ဖန်ထပ်မံ၍ဤသို့) ပြောကြားပါဦးလေ။ (အချင်းတို့) ငါသည် အလ္လာဟ်အရှင်မြတ်အပြင် အခြားကို ဖန်ဆင်းမွေးမြူသောအရှင်အဖြစ်၊ ရှာဖွေရပါမည်လော။ အမှန်စင်စစ်သော်ကား ထို(အလ္လာဟ်အရှင်မြတ်သည်ပင်လျှင်)အရာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူသည်။ ၎င်းပြင် မည်သူမဆို(တစ်စုံတစ်ရာကို) ရှာဖွေဆည်းပူး၊ ပြုလုပ်ခဲ့သော် ထိုသူ၏အပေါ်၌သာလျှင်ရှိပေအံ့။ ထို့ပြင် မည်သည့်ဝန်သယ်ပိုးသူတစ်ဦးမျှပင် သူတစ်ပါး၏ဝန်ကို သယ်ပိုးလိမ့်မည်မဟုတ်ပေ။ ထို့နောက်အသင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့သာလျှင် ပြန်ကြရမည်။ ထိုအခါ ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား အသင်တို့ကွဲပြားလျက်ရှိခဲ့ကြသောကိစ္စများကို သိစေတော်မူမည်။ (၆း၁၆၄)

ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား ပထဝီမြေပြင်၌ကိုယ်စားလှယ်များအဖြစ် ချီးမြှင့်တော်မူခဲ့လေသည်။ ၎င်းပြင်ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား မိမိချီးမြှင့်ထားတော်မူသောကျေးဇူးတော်များနှင့်စပ်လျဉ်း၍ စမ်းသပ်တော်မူခြင်းငှါ အသင်တို့အနက်အချို့ကို အဆင့်အတန်းအားဖြင့် အချို့ထက်မြင့်စေတော်မူခဲ့၏။ ဧကန်စင်စစ်အသင့်အားမွေးမြူတော်မူသော အရှင်မြတ်သည် လျှင်မြန်စွာ ပြစ်ဒဏ်ပေးတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင် အလွန်သနားကြင်နာတော်မူသောအရှင်မြတ်လည်းဖြစ်တော်မူပေသနည်း။ (၆း၁၆၅)

tus,fxGihfqykcsuf

ဤသည်တို့မှာ စူရဟ်အန်အာမ်၏နောက်ဆုံးအာယသ်တော်များ ၅-ခုဖြစ်သည်။ ပြီးခဲ့သောအာယသ်တော်များထဲတွင် လူများသည်စမ်မှန်သောဘာသာတရားအား လွန်ကဲခြင်းနှင့်လျော့နည်းခြင်းလုပ်ရပ်၊ ထိုလုပ်ရပ်များကို ပိုမိုပွားများစေ၍ ၎င်းတို့အချင်းချင်းအုပ်စုများနှင့်ဂိုဏ်းများကွဲခြင်းသို့ မည်ကဲ့သို့ပြောင်းလဲပစ်ခဲ့သည်ကိုပြန်လည်သတိရပါလိမ့်မည်။ ယင်းနှင့်ဆန့်ကျင်၍ လက်ရှိအာယသ်၏ ပထမဆုံးအာယသ်တွင် စစ်မှန်သော

ဘာသာတရား၏ ခိုင်လုံသောအထွေပွတ္တိအကျဉ်း၊ ယင်း၏အခြေခံမူများ၊ အရေးကြီးသည့် ဆင့်ပွားအချို့တို့နှင့် အသေးစိတ်များဖော်ပြထားသည်။ ပထမနှစ်အာယသ်တွင် မူဝါဒများပါဝင်၍ တတိယအာယသ်တော်တွင် ယင်းတို့၏ ဆင့်ပွားများဖော်ပြထားသည်။ နှစ်ရပ်စလုံးသည် တမန်တော်မြတ် (ﷺ) သခင်ကို ဦးတည်ပြောကြား၍ သတင်းစကားကို ဤသူများထံသယ်ဆောင်သွားရန်မိန့်ထားသည်။

ပထမအာယသ်တော်ထဲတွင်- **قُلْ اِنَّنِیْ هَدٰىنِیْ رَبِّیْۤ اِلٰی صِرَاطٍ مُّسْتَقِیْمٍ** "ငါ၏အရှင်မြတ်သည် ငါ့အား ဖြောင့်မတ်မှန်ကန်သောတရားလမ်းသို့ ပို့ဆောင်တော်မူခဲ့လေပြီ။"ဟုမိန့်ကြားခဲ့သည်။ ဤနေရာ၌ တမန်တော်မြတ် (ﷺ) သခင်သည် ၎င်းတို့ကဲ့သို့ ၎င်းတို့၏ကိုယ်ပိုင်အယူအဆများကြောင့်လည်းကောင်း၊ ဘိုးဘွားဘီဘင်တို့၏ ဖိအားနှင့် စေ့ဆော်မှုကြောင့်လည်းကောင်း ဤလမ်းကိုလိုက်ခဲ့ခြင်းမဟုတ်ဟု ရည်ညွှန်းသည်။ တမန်တော်မြတ် (ﷺ) သခင် ဤလမ်းလိုက်ရန် ကိုယ်တော်၏အရှင်မြတ်က ညွှန်ကြားခဲ့သည်။ ထို့နောက် „R ရဗ်(ရဗ်အဓိကပြုစုပျိုးထောင်သူ၊ ကျေးဇူးတော်ရှင်၊ အခြေအနေအားလုံးတွင် ကြည့်ရှုစောင့်ရှောက်တော်မူသောအရှင်)ဟူသော စကားလုံးက အရှင်မြတ်၏ကျေးဇူးတော်အရ အရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သော လမ်းကိုညွှန်ကြားခြင်းဖြစ်သည်ဟုရည်ညွှန်းသည်။ လမ်းညွှန်မှုရှာသူသည် ထိုအရှင်မြတ်ထံမှ လမ်းညွှန်မှုရလိမ့်မည်။

ဒုတိယအာယသ်တော်(၁၆၂)ထဲတွင်- **دِیْنًا قِیَمًا مِّلَّةَ اِبْرٰهِیْمَ حَنِیْفًا ۚ وَّمَا كَانَ مِنَ الْمُشْرِكِیْنَ** "တည်ကြည်ဖြောင့်မတ်သော (နဗီတမန်တော်)အိဗ်ရာဟီမ်၏ လမ်းစဉ်ပင်ဖြစ်ပေသည်။ ၎င်းပြင် (ထိုနဗီတမန်တော်) အိဗ်ရာဟီမ်သည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သောသူများတွင် ပါဝင်ခဲ့သည်မဟုတ်။"ဟု မိန့်ထားသည်။ ဤနေရာ၌ ىay-Q_ (ကိယာမ်)သည် ūay-Q_ (ကိယာမ်)ဟူသော စကားလုံး၏ ကြိယာနာမ်ဖြစ်ကာ သန်မာ၍မြဲမြံသောအုတ်မြစ်ပေါ်၌ တည်ရှိပြီးဟူ၍အဓိပ္ပာယ်ရသည်။ အခြားတစ်နည်းဆိုရသော် ဤဘာသာတရားသည် အခိုင်အမာပြုပြီးဖြစ်သည်။ ယင်းသည် အလ္လာဟ်အရှင်မြတ်ပေးပို့တော်မူသော အခြေခံများပေါ်တည်ရှိသည်။ ဤသည်မှာ တစ်စုံတစ်ဦး၏ ပုဂ္ဂိုလ်ရေးအတွေးအခေါ် အကျဉ်းချုပ်မဟုတ်ပါ။ ထို့ပြင် ဘာသာတရားသည် သံသယဝင်သူများ၏ သံသယဝင်စေရန် ထူး၍သစ်ဆန်းသောဘာသာတစ်ရပ်လည်းမဟုတ်ချေ။ ဤသာသနာမှာ လွန်လေပြီးသော နဗီတမန်တော်အားလုံး၏ဘာသာတရားဖြစ်သည်။ စိုက်ယိဒိနာ အိဗ်ရာဟီမ် (u) သခင်၏ အမည်ကိုဤနေရာတွင် သီးသန့်ဖော်ပြရခြင်းမှာ ကမ္ဘာပေါ်ရှိဘာသာတရားအားလုံးက ၎င်း၏ကြီးကျယ်ခန်းနားမှုနှင့် ဘာသာရေးဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုကို လက်ခံကြ၍ဖြစ်သည်။ ထိုခေတ်အခါသမယကရှိသော ဂျူး၊ ခရစ်ယာန်နှင့်အာရေဗီးယားရှိမယုံကြည်သွေဖည်ငြင်းပယ်သူအုပ်စုများသည် တစ်ဦးနှင့်တစ်ဦး မည်မျှပင်ကွဲပြားခြားနားပါစေ စိုက်ယိဒိနာအိဗ်ရာဟီမ် (u) ၏ နာမ်ပိုင်းဆိုင်ရာ အဆင့်အတန်းကို ရိုသေလေးမြတ်မှုဌာနကား တစ်သားတည်းဖြစ်ကြသည်။ ထို့ပြင် ဤခေါင်းဆောင်မှု၏နာမ်ပိုင်းဆိုင်ရာအဆင့်အတန်းကို အလ္လာဟ်အရှင်မြတ်က ၎င်းအားအထူးဆုလာဘ်တစ်ရပ်အဖြစ် ချီးမြှင့်ထားကြောင်းကို- **اِنِّیْ جَاعِلُكَ لِلنَّاسِ اِمَامًا** "မုချဧကန် ငါအရှင်မြတ်သည် အသင့်အား လူခပ်သိမ်းတို့၏ ရှေ့ဆောင်ဦးစီးနာယကအဖြစ်ခန့်အပ်ချီးမြှင့်တော်မူအံ့။" (၂း၁၂၄) ဟူ၍ဖြစ်သည်။

သူတို့ထဲမှ ဂိုဏ်းတိုင်းသည် အိဗ်ရာဟီမ် (u) သခင်ဘာသာ၏ အမာခံများဖြစ်ကြကြောင်း ကြိုးစား၍ သက်သေပြကြသည်။ ထို့နောက် ၎င်းတို့သည် အိဗ်ရာဟီမ်၏ အုမွှသ်တစိတ်တဒေသဖြစ်ကြောင်း သက်သေပြရန်

ကြိုးစားကြသည်။ သူတို့၏ သံသယကိုဖယ်ရှားရန်မိန့်ထားသည်မှာ အိဗ်ရာဟီမ် (u) သခင်သည် အလွှာဟ် အရှင်မြတ်မှအပ မည်သူတစ်ဦးတစ်ယောက်ရှေ့တွင် ဦးညွှတ်ခြင်းမှ အမြဲရှောင်ရှားသည့် သာလွန်ကောင်းမွန်သည့်အရည်အသွေးရှိကာ အရှင်မြတ်နှင့်တွဲဖက်ယှဉ်တွဲကိုးကွယ်မှုကို ဖြစ်စေသော ရှစ်ရိုက်အမျိုးအစားအားလုံးကိုရွံရှာစက်ဆုတ်ပေသည်။ ဤကိုယ်ကျင့်တရားသည် နဗီတမန်တော်အိဗ်ရာဟီမ်ဘဝ၏ အကြီးမားဆုံးသော အောင်မြင်မှုဖြစ်သည်။ နဗီတမန်တော်နှင့် ပေါ်လွင်ထင်ရှားစွာဆန့်ကျင်သည်မှာ သူ့ခေတ်တွင်ရှိလူများသည် ရှစ်ရိုက်တွင် အားလုံးနစ်မွန်းနေကြသည်။ လူတိုင်းသည် တစ်စုံတစ်ဦးကို အလွှာဟ်အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်စရာအဖြစ်မှတ်ယူခဲ့သည်။ ဂျူးများသည် စိုက်ယိဒိနာအိုဇိုက် (u) အားလည်းကောင်း၊ ခရစ်ယာန်များသည် စိုက်ယိဒိနာအီစာ (u) ကိုလည်းကောင်း၊ အရေးဗီးယားရှိ မယ်ကြည်သွေဖည်ငြင်ပယ်သူများသည် မည်မျှလွတ်လပ်သနည်းဟူမူ ကျောက်တုံးထောင်ပေါင်းများစွာကို အလွှာဟ်အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်ရာများအဖြစ်မှတ်ယူကြသည်။ ဤသို့သော အခြေအနေများတွင် မုစ်လင်မ်များမှအပ စိုက်ယိဒိနာအိဗ်ရာဟီမ် (u) သခင်၏စံပြနာမ်ပိုင်းဆိုင်ရာအုမ္မသ်ထုနှင့် တစ်သားတည်းရှိနေသည်ဟု မည်သူတစ်ဦးတစ်ယောက်ကမှ ပြောနိုင်ခွင့်မရှိချေ။ မုစ်လင်မ်များမှာ ရှစ်ရိုက်နှင့် ကုဖ်ရ်ကိုရှောင်ရှားကြသည်။

တတိယအာယသ်တော်(၁၆၂)ထဲ၌- قُلْ اِنَّ صَلاَتِیْ وَنُسُكِیْ وَمَحْیَایَ وَمَمَاتِیْ لِلّٰهِ رَبِّ الْعٰلَمِیْنَ (အိုနဗီတမန်တော်) အသင်သည် (၎င်းတို့အားတစ်ဖန်ဤသို့)ပြောကြားပါဦးလေ။ (အချင်းတို့)ငါ၏'ဆွလာသ်'ဝတ်ပြုမှုသည်လည်းကောင်း၊ ငါ၏(အခြားခြား)သော ခဝတ်ကိုးကွယ်မှု(အပေါင်း)တို့သည်လည်းကောင်း၊ ငါ၏အသက်ရှင်ခြင်းသည်လည်းကောင်း၊ ငါ၏အသက်သေခြင်းသည်လည်းကောင်း၊ စကြဝဠာခပ်သိမ်းကိုဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် နှစ်သက်တော်မူရန်သာလျှင်ဖြစ်သည်။"ဟုမိန့်ထားသည်။ ဤအာယသ်တော်ပါ /^ s<N< (နုစွတ်က်)ဟူသော စကားလုံးသည် စွန့်လွှတ်ခြင်းကိုဆိုလိုသည်။ ဟဂ်ျပြုလုပ်စဉ်တစ်စုံတစ်ဦး၏ ပြုလုပ်မှုတိုင်းကိုလည်း (နုစွတ်က်)ဟုခေါ် သည်။ ထို့ကြောင့် ဟဂ်ျကျင့်စဉ်များကို 'မနာစိက်'ဟုခေါ်၍ ယင်းသည် 'နုစွတ်က်'၏ဗဟုဝုစ်ကိန်းဖြစ်သည်။ ထို့နောက် ဤစကားလုံးကို အကြွင်းမဲ့အဓိပ္ပာယ်အရ အလွှာဟ်အရှင်မြတ်၏ခဝတ်ကိုးကွယ်မှု(သို့) 'အိဗာဒဟ်'အတွက်လည်းသုံးနှုန်းသည်။ ထို့ကြောင့် 'နာစစ်က်'အား 'အာဗိဒ်' (အလွှာဟ်အရှင်မြတ်ကို ခဝတ်ကိုးကွယ်သူတစ်ဦး)၏ အဓိပ္ပာယ်ဖြင့် သုံးနှုန်းသည်။ ဤနေရာတွင် အထက်ဖော်ပြပါမှ မည်သည့်အဓိပ္ပာယ်ကိုမဆို ကောက်ယူနိုင်သည်။ ထိုကဲ့သို့ အကျိုးသက်ရောက်သော သဖိစိရ်များကို ဆွဟာဗဟ်များနှင့် သာဗိအိန်များထဲရှိ ဋီကာရှင်များကလည်း တင်ပြထားကြသည်။ သို့သော်လည်း 'အိဗာဒဟ်'(သို့) အလွှာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်မှုလုပ်ငန်းများလုပ်ဆောင်ခြင်းဆိုသည်မှာ ဤနေရာ၌ လျော်ကန်သင့်မြတ်ဆုံးသော အဓိပ္ပာယ်ဖြစ်သည်။ သို့ဆိုလျှင် အာယသ်တော်၏အဓိပ္ပာယ်မှာ "ငါ၏'ဆွလာသ်'ဝတ်ပြုမှုသည်လည်းကောင်း၊ ငါ၏ အိဗာဒတ်အတွက် အခြားအခြားသောခဝတ်ကိုးကွယ်မှု(အပေါင်း)တို့သည်လည်းကောင်း၊ ငါ၏အသက်ရှင်ခြင်းသည်လည်းကောင်း၊ ငါ၏အသက်သေခြင်းသည်လည်းကောင်း၊ စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် နှစ်သက်တော်မူရန်သာလျှင်ဖြစ်သည်။"ဟူ၍ဖြစ်သည်။

ဆင့်ပွားကောင်းမှုများအနက် ဤနေရာတွင် ပထမဖော်ပြထားခဲ့သည်မှာ 'ဆွလာသ်'ဝတ်ပြုဆောက်တည်ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသည်ကောင်းမှုကောင်းရာလုပ်ရပ်အားလုံး၏ တွန်းအားပေး

သည့်ဝိညာဉ်ဖြစ်ကာ ဘာသာတရား၏မဏ္ဍိုင်လည်းဖြစ်သည်။ ယင်းနောက် ကောင်းမှုလုပ်ရပ်အားလုံးနှင့် ခဝတ်ကိုးကွယ်မှုအပြုအမူများကို တိုတုတ်စွာဖော်ပြထားသည်။ ထို့နောက် ကျယ်ကျယ်ပြန့်ပြန့်အနေဖြင့် ဘဝတစ်သက်တာတွင်လုပ်ဆောင်သမျှတိုင်းနှင့် ရင်ဆိုင်ရသမျှတိုင်းကို ထောက်ပြထားသည်။ နောက်ဆုံးမှာသေခြင်းကိုဖော်ပြထားခဲ့သည်။ ဤသည်အားလုံး သရုပ်ပေါ်စေရန် ဖော်ပြပြီးနောက် ဤအရာများအားလုံးသည် တွဲဖက်ကိုးကွယ်ခံထိုက်သူမရှိသော စကြဝဠာအားလုံး၏ အရှင်သခင်၊ အလွှာဟ်အရှင်မြတ်တစ်ပါးတည်းအတွက်သာလျှင်ဖြစ်သည်။ ဤသည်မှာ ပြီးပြည့်စုံသောအီမာန်ယုံကြည်မှုနှင့် ပြီးပြည့်စုံသည့် ရိုးသားဖြူစင်မှု ရလဒ်ပင်ဖြစ်သည်။ ဤသည်က တစ်စုံတစ်ဦးသည် စဉ်းစားတွေးခေါ်၍ ဘဝအခြေအနေအားလုံးတွင် လုပ်သမျှတိုင်းသည် ငါ၏အရှင်ရဲ၊ ကျယ်ဝန်းလှသောကမ္ဘာတစ်ခုလုံး၏ မွေးမြူဖန်ဆင်းရှင်ရဲသည်တစ်ပါးတည်းသောရဲအရှင်သခင်ဖြစ်တော်မူသည်။ ကျွန်ုပ်သည် အရှင်မြတ်၏ကျေးကျွန်ဖြစ်သည်။ ကျွန်ုပ်သည် အရှင်မြတ်မျက်မှောက်၌ အချိန်တိုင်းရှိနေသည်။ အရှင်မြတ်၏ကျေနပ်နှစ်သက်မှုနှင့်ဆန့်ကျင်သောဘက်ဆီသို့ ကျွန်ုပ်၏နှလုံးသား၊ ကျွန်ုပ်၏စိတ်၊ ကျွန်ုပ်၏မျက်လုံးများ၊ ကျွန်ုပ်၏နားများ၊ ကျွန်ုပ်၏နှုတ်လျှာ၊ ကျွန်ုပ်၏လက်များ၊ ကျွန်ုပ်၏ခြေထောက်များ၊ ကျွန်ုပ်၏အရေးအသားသော်လည်းကောင်း၊ ခြေလှမ်းများသော်လည်းကောင်း မရောက်စေရပါ၊ ဟူ၍ဂရုမူပြီးမျက်ခြေမပြတ်စေရပါ။ ဤသည်မှာ ရိုးရှင်းသော(မုရာကဗဟ်)တရားထိုင်ခြင်း အမြင့်မားဆုံးအဆင့်ဖြစ်သည်။ ယင်းကို အကယ်၍တစ်စုံတစ်ဦးသည် မိမိနှလုံးသားနှင့်စိတ်တွင် မျက်မှောက်ပြု၍ လေ့ကျင့်မည်ဆိုလျှင် ရရှိပေသည်။ သို့ဆိုပါလျှင် သူ(သို့)သူမသည် လူသားစင်စစ်အဓိပ္ပာယ်ဆောင်သူတစ်ဦးဖြစ်လာပေမည်။အမိန့်ဖိဆန်ခြင်းနှင့် ဒုစရိုက်များစသည်တို့သည် ထိုမျှကြံ့ခိုင်သောလူတစ်ဦးအနားသို့ပင် လာရောက်ရန်ကြောက်ရွံ့ပေလိမ့်မည်။

ဤအာယသ်တော်အကျယ်ဖွင့်ဆိုရာတွင် သဖိစိရိအဒ်ရုရ်မန်စူးရ်ကျမ်းတွင် ထင်ရှားကျော်စော သည့် ဆွဟာဗီကြီးစိုက်ယိဒနာ အဗူမူစာအလ်အရှ်အရီ (ဋ) သခင် ပြောလေ့ရှိသည်ကို တင်ပြထားသည်မှာ "မုစ်လင်မ်တိုင်းသည် ဤအာယသ်တော်ကို ထပ်ကာတလဲလဲဖတ်ရွတ်သရဇ္ဈာယ်ခြင်းသည် သူ(သို့)သူမ၏ဘဝ တလျှောက်လုံးပုံမှန်ကျင့်စေရန်ကျွန်ုပ်ရိုးသားစွာ ဆန္ဒထားပါသည်။"ဟူ၍ဖြစ်သည်။

ဤအာယသ်တော်ပါ (ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းများနှင့် အလွှာဟ်အရှင်မြတ်အတွက် ခဝတ်ကိုးကွယ်သည့်အပြုအမူများ)ဟူသော အဆိုအမိန့်က ဤလုပ်ရပ်များသည်မည်သို့သော ရှုစ်ရိုက်(သို့) အရေခြုံခြင်း(သို့) အခြားလောကီရေးဆိုင်ရာ ကိစ္စများမှ ကင်းလွတ်သင့်ကြောင်း ထင်ရှားစွာဆိုလိုသည်။ "အသက်ရှင်ခြင်းနှင့်အသက်သေခြင်းသည်"ဟု ဆိုသည်ကလည်း "ကျွန်ုပ်၏ အသက်ရှင်ခြင်းနှင့် အသက်သေဆုံးခြင်းသည် အလွှာဟ်အရှင်မြတ်၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပါလျှင် ကျွန်ုပ်၏ရုပ်ပိုင်းဆိုင်ရာနှင့်နာမ်ပိုင်းဆိုင်ရာဘဝ(အာမာလ်နှင့်အီဗာဒဟ်)တို့၏ လုပ်ဆောင်သမျှတို့သည် အလွှာဟ်အရှင်တစ်ပါးအတွက်သာလျှင် ဖြစ်ပါလိမ့်မည်"ဟူ၍ဆိုလိုသည်။ ထို့ပြင် "ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၊ စောင်မဉ်ပုသိသီလစောင့်ထိန်းခြင်း၊ လူအများနှင့်ဆက်ဆံရာတွင် ပါဝင်ပတ်သက်သည့် တာဝန်နှင့်အခွင့်အရေးများ စသည့်ဘဝနှင့်ပတ်သက်သမျှမည်သည့်လုပ်ရပ်မဆိုသည်လည်း အလွှာဟ်အရှင်မြတ်တစ်ပါးတည်းအတွက်သာလျှင်ဖြစ်ရမည်။"။ ထို့နောက် သေခြင်းနှင့်ပတ်သက်သည့်လုပ်ရပ်များဖြစ်သော သေတမ်းစာ(ဝစ္ဆီယတ်)နှင့်တစ်စုံတစ်ဦးမျှော်လင့်တောင့်တသည့်စံပြဘဝခံယူချက်စသည်တို့သည်လည်း စကြဝဠာအားလုံး၏အရှင်သခင်ဖြစ်တော်မူသောအလွှာဟ်အရှင်မြတ်အတွက်

သာလျှင်ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်တို့ကိုလည်း ရိုကျိုးနာခံပါသည်”ဟုဆိုလိုသည်။

ယင်းနောက်-وَبِذٰلِكَ اُمِرْتُ وَاَنَا اَوَّلُ الْمُسْلِمِيْنَ “ငါသည် ဤသည်နှင့်စပ်လျဉ်း၍ပင် အမိန့်တော်ကိုရရှိခဲ့၏။ ၎င်းပြင်ငါသည် အမိန့်တော်ကို လိုက်နာသူတို့တွင် ပထမဦးဆုံးပင်ဖြစ်ချေသတည်း။”ဟူ၍မိန့်ထားသည်။ ဤသည်က “ဤအုမ္မသ်ထုတွင်ငါသည် ပထမဦးဆုံးသော မုစ်လင်မ်ဖြစ်သည်ဟုဆိုလိုသည်။ အဘယ့်ကြောင့်ဆိုသော် အုမ္မသ်တိုင်းတွင် ပထမဦးဆုံးမုစ်လင်မ်(အမိန့်နာခံသူ)သည် နဗီ(သို့)ရစူလ်တမန်တော်ဖြစ်၍ ယင်းအပေါ် ဝဟီမှတစ်ဆင့် ရှရီအသ်(လမ်းညွှန်မှုဆိုင်ရာဘာသာရေးကိုဓဉပဒေ)ကို ချပေးတော်မူသည်။

“ပထမဦးဆုံးမုစ်လင်မ်”ဟု ဖော်ပြထားမှုတွင် တမန်တော်မြတ် (ﷺ) သခင်၏ ကောင်းချီးမင်္ဂလာရှိသောနှုးရ်(အလင်းရောင်)ကို ပထမဦးစွာဖန်ဆင်းတော်မူခဲ့၍ ယင်းနောက်မှ မိုးကောင်းကင်၊ ကမ္ဘာမြေကြီးနှင့်အခြားသောဖန်ဆင်းခံများဖန်ဆင်းသည်ဟူသော မိန့်ကြားချက်ကို ရည်ညွှန်းခိုင်သည်။ ယင်းကို ဟဒီးဆ်တော်တစ်ရပ်၌- اَوَّلُ مَا خَالَقَ اللّٰهُ تَعَالٰى نُوْ رِىْ ဟူသောစကားလုံးနှင့်ဖော်ပြထားသည်။ **(ရူဟုလ်မအာနီ)**

wpfpHkwpfOD;\ tukodkvf0efxkyfudkt jcm;olwpfOD;u rxrf;Ekdif

ဝါလိဒ်အိဗ်နိမုဂီရာဟ်အပါအဝင် မက္ကဟ်မြို့ရှိမယုံကြည်သွေဖည်ငြင်းပယ်သူများက တမန်တော်မြတ် (ﷺ) သခင်ကိုလည်းကောင်း၊ မုစ်လင်မ်များကိုလည်းကောင်း ပြောလေ့ရှိသည်မှာ ကိုယ်တော်မြတ်နှင့်မုစ်လင်မ်များသည် မယုံကြည်သူများ၏ယုံကြည်မှုဆီသို့ပြန်လာခဲ့ပါက ၎င်းတို့သည် ယုံကြည်သူများ၏အပြစ်များအားလုံး၏ ဝန်ကိုထမ်းကြမည်ဟူ၍ဖြစ်သည်။ ဤသည်ကို စတုတ္ထအာယသ်တော်(၁၆၄)ထဲ၌ အဖြေပေးထားခဲ့သည်။ ယင်းမှာ- قُلْ اَغَيْرَ اللّٰهِ اَبْغِىْ رَبًّا وَّهُوَ رَبُّ كُلِّ شَىْءٍ ဟုဖြစ်သည်။ ဤနေရာ၌ ဦးတည်မိန့်ထားခြင်းမှာ တမန်တော်မြတ် (ﷺ) သခင်ကိုဖြစ်ပေသည်။ တမန်တော်မြတ် (ﷺ) သခင်အား ထိုသူများကို ပြောကြားရန်မိန့်ထားသည်မှာ “အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်း၏ အရှင်သခင်ဖြစ်နေပါလျက် အသင်တို့ကဲ့သို့ ကျွန်ုပ်ကိုလည်း အခြားသောရဗ်မွေးမြူဖန်ဆင်းတော်မူသောအရှင်ကို ရှာဖွေရပါမည်လား၊ ဤသည်မှာ မှားယွင်း၍ လမ်းလွဲနေသောကြောင့် ကျွန်ုပ်လက်ခံလိမ့်မည်ဟု မမျှော်လင့်သင့်ချေ။ ကျွန်ုပ်တို့၏ ပြစ်မှုဂုနာဟ်များ ဝန်ထုပ်ဝန်ပိုးကို အသင်တို့က ထမ်းရွက်လိမ့်မည်ဟုပြောခြင်းကား မဖြစ်နိုင်သောကိစ္စပင်ဖြစ်သည်။ လူတစ်ဦးကျူးလွန်ခဲ့သည် အပြစ် ဂုနာဟ်ကို ထိုသူ၏လုပ်ရပ်များမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ထားမည်ဖြစ်သည်။ ထို့နောက် ယင်းသူ(သို့) သူမသည် ယင်းပြစ်မှုကျူးလွန်မှုအတွက် သူ/သူမသာလျှင် ခံရပေမည်။ သင်တို့ပြောရုံမျှဖြင့် အခြားသူတစ်ဦး၏ပြစ်မှုစာရင်းသည် သင်တို့စာရင်းသို့အဘယ်သို့ ပြောင်းရွှေ့ရောက်ရှိနိုင်အံ့နည်း။ ထို့နောက် ကျွန်ုပ်တို့ကျူးလွန်သောပြစ်မှုများသည် ကျွန်ုပ်တို့လုပ်ရပ် စာရင်းစာအုပ်တွင်မှတ်သားထားကာ ထိုပြစ်မှုအတွက် အပြစ်ဒဏ်ခတ်မှုကိုသင်တို့က ထမ်းရွက်မည်ဆိုသော အယူအဆကား မခိုင်လုံသောအယူအဆဖြစ်သည်။”ဟူ၍ဖြစ်သည်။ အာယသ်တော်၏နောက်လာသောဝါကျမှာ ယင်းကိုပယ်ချထားခြင်းဖြစ်သည်။ အာယသ်တော်တွင်- وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى “(ကိယာမသ်နေ့တွင်)ထို့ပြင် သယ်ပိုးသူတစ်ဦးမျှပင် သူတစ်ပါး၏ဝန်ကိုသယ်ပိုးလိမ့်မည်မဟုတ်ပေ။”ဟူ၍မိန့်ထားသည်။

မယုံကြည်သွေဖည်ငြင်းပယ်သူများအတွက် ဤအာယသ်တော်က ၎င်းတို့၏ မဖြစ်နိုင်သော ပြောကြားမှုကိုအဖြေပေးထားသည်။ သို့သော်လည်း မုစ်လင်မ်များကိုလည်း ဥပဒေအကြောင်းပြောထားပေသည်။ ယင်းမှာ လောကီ၌ ပြစ်မှုကျူးလွန်ခဲ့၍ ယင်းပြစ်မှုကျူးလွန်မှုကိုအခြားသူတစ်ဦးက လိုလားစွာလက်ခံပါက ၎င်းအားလွှဲသည့်နည်းတူ ကိယာမသ်ကိစ္စရပ်များကို ထိုကဲ့သို့အလားတူဟု မမှတ်ယူကြရန်ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သောတရားရုံးတော်၌ ထိုကဲ့သို့သောကိစ္စလုပ်၍မရချေ။ ထိုရုံးတော်တွင် တစ်စုံတစ်ဦးကျူးလွန်ခဲ့သောပြစ်မှုအတွက် အခြားသူတစ်ဦးကို ဘယ်သောအခါမှ မဖမ်းနိုင်ချေ။ ဤအာယသ်တော်၏ အခွင့်အာဏာပေါ်အခြေခံ၍ တမန်တော်မြတ် (ﷺ) သခင် မိန့်ကြားသည်မှာ ဇိနာဟ်တရားဝင်နိကာဟ်ပြုမထားဘဲ မွေးဖွားလာသောကလေးငယ်သည် ၎င်း၏မိဘများကျူးလွန်ခဲ့သော အပြစ်အတွက် ကလေးငယ်ပေါ်အကျိုးမသက်ရောက်ချေ။ (ဤဟဒီးဆ်တော်သည် စိုက်ယိဒိနာ အာအိရှာဟ် (رضي الله عنها) သခင်မ၏ ခိုင်လုံသော ဆင့်ပြန်ချက်ပေါ်အခြေခံ၍ ဟာကီးမ်ကတင်ပြထားသည်။)

သေဆုံးပြီးသော သူတစ်ဦး၏ ဂျနာဇ်တွင် တစ်စုံတစ်ဦးဝိုကြွေးနေသည်ကို စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအုမရ် (t) က မြင်သောအခါ ပြောခဲ့သည်မှာ အသက်ရှင်နေသူ၏ ငိုကြွေးမှုကြောင့် သေဆုံးသူအပေါ် ပြစ်ဒဏ်ခတ်မှုဖြစ်စေပါသည်။ အိဗ်နိအဗီမုလိုင်ကာ (t) က ဤပြောကြားချက်ကို စိုက်ယိဒါဟ်အာအိရှာဟ် (رضي الله عنها) သခင်မကြီးထံ တင်ပြသောအခါ၌ သခင်မကြီးကမိန့်သည်မှာ "အသင်တင်ပြနေသည်မှာ ဘယ်သောအခါမှ မလိမ်လည်သူ၊ သူ၏တည်ကြည်မှုပေါ်၌လည်း မည်သည့်သံသယမျှမရှိသူတစ်ဦး၏ ပြောကြားချက်ပင်ဖြစ်သည်။ သို့သော်လည်းတစ်စုံတစ်ဦးနားကြားလွဲသည့်အခါလည်း ရှိတတ်ပေသည်။ ဤကိစ္စတွင်ကုရ်အာန်ကျမ်းတော်မြတ်၏ပြတ်သားတိကျသော အမိန့်သည် သင့်အတွက်လုံလောက်သည်။ ယင်းမှာ- وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى တစ်စုံတစ်ဦး၏အပြစ်ဂုနာဟ်ကို အခြားသူတစ်ဦးထံ မလွှဲပြောင်းနိုင်ချေ။ သို့ပါ၍ အသက်ရှင်သူတစ်ဦး၏ ငိုကြွေးမှုသည် မည်သည့်အကြောင်းမှမရှိဘဲ သေဆုံးသူတစ်ဦးအပေါ် ပြစ်ဒဏ်ခတ်ခံရမှုကျရောက်နိုင်ပါအံ့နည်း"။ **(အတ်ဒူရ်အလ်မန်ဆူး၏)**

အာယသ်တော်၏နိဂုံးတွင်မိန့်ထားသည်မှာ နောက်ဆုံး၌သူတို့သည် ၎င်းတို့၏ အရှင်သခင်ထံသွားကြရမည်ဖြစ်ကာ ယင်းတွင်၎င်းတို့သည် ၎င်းတို့၏ကွဲပြားမှုများအပေါ် နောက်ဆုံးဆုံးဖြတ်ချက်ကို တွေ့ကြရပါလိမ့်မည်။ ဆိုလိုသည်မှာ ၎င်းတို့သည် နှုတ်ဖြင့်ရင်ဆိုင်ခြင်းကို ထိန်းသိမ်းကြရန်နှင့်ကိစ္စရပ်များ၏အဆုံးသတ်ကို ပိုမိုစူးစိုက်သင့်ပေသည်။

ပဉ္စမအာယသ်တော်(၁၆၅)ထဲတွင် စူရတ်အလ်အန်အမ်သည် ပြည့်စုံသော သတိပြုဖွယ် အကြံပေးမှုဖြင့် အဆုံးသတ်ထားသည်။ ယင်းတွင် အတိတ်သမိုင်းမှလူများနှင့် ၎င်းတို့အချိန်သခါသမယတွင်ရှိသည်ကို ပြတ်သားစွာမြင်စေကာ အနာဂတ်အလားအလာကို သတိမူရန်ဖိတ်ခေါ်၍ မိန့်ထားသည်မှာ- وَهُوَ الَّذِىْ جَعَلَكُمْ خَلٰٓئِفَ الْاَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجٰتٍ "ထို အရှင်မြတ်သည်ပင်လျှင် အသင်တို့အား ပထဝီမြေပြင်၌ကိုယ်စားလှယ်များအဖြစ် ချီးမြှင့်တော်မူခဲ့လေသည်။ ၎င်းပြင် ထို အရှင်မြတ်သည်ပင်လျှင် အသင်တို့အားမိမိချီးမြှင့်ထားတော်မူသော ကျေးဇူးတော်များနှင့် စပ်လျဉ်း၍စမ်းသပ်တော်မူခြင်းငှါ အသင်တို့အနက် အချို့ကို အဆင့်အတန်းအားဖြင့် အချို့ထက်မြင့်စေတော် မူခဲ့၏။" ဟုဖြစ်သည်။ ဤနေရာပါ-خَلٰٓئِفَ (ခလာအိဖ်)သည်

(ခလီဖာဟ်)၏အများကိန်းဖြစ်ကာ ကိုယ်စားလှယ်များဟု အဓိပ္ပာယ်ဆောင်သည်။ အာယသ်တော်၏ ဆိုလိုရင်းမှာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အသင့်အလျင်ကလူများနေထိုင်ခဲ့သောနေရာများ၌ အသင်တို့ကို နေထိုင်စေခဲ့သည်။ ယနေ့တွင် မည်သည့်အိမ်၊ မည်သည့်မြေယာကိုမျှ သင်တို့ကိုယ်ပိုင်များဟု ခေါ်ဆိုစရာမရှိချေ။ သို့သော်လည်း သင်တို့ကပိုင်နေသည်ဟုထင်ကြသည်။ ထိုသို့မဟုတ်ချေ။ မနေ့ကပင် ယင်းတို့မှာ အသင်တို့ကဲ့သို့သော အခြားသူများပိုင်ဆိုင်ခဲ့ကြပါသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူများကိုဖယ်ရှား၍ ၎င်းတို့နေရာတွင် သင်တို့ကိုအစားထိုးခဲ့သည်။ ထို့နောက် သင်တို့ထဲတွင် တစ်ချိန်လုံးစွဲမှတ်ထားသင့်သော ဘဝ၏မှန်ကန်သော အချက်ကားသင်တို့အတွင်းတွင်လည်း တစ်ဦးနှင့်တစ်ဦး မတူညီကြချေ။ တစ်ဦးကဆင်းရဲ၍ အခြားတစ်ဦးက ချမ်းသာကြွယ်ဝပေမည်။ တစ်ဦးသည် နိမ့်၍တစ်ဦးကမြင့်ပေသည်။ ထို့ပြင် ယင်းသို့ပင် ထင်ရှားသည်မှာ ချမ်းသာခြင်း၊ နိမ့်ကျခြင်းတို့သည် တစ်စုံတစ်ဦး၏ ထိန်းချုပ်မှုအောက်တွင်ရှိခဲ့လျှင် အဘယ်သူသည် ဆင်းရဲ၍ နိမ့်ကျမှုကို ရွေးချယ်အံ့နည်း။ ဤအဆင့်အတန်းကွာခြားမှုသည် သင့်ကိုသတိပေးပြောနေသည်မှာ ဤတန်ခိုးအာဏာ၊ ထိန်းချုပ်မှုနှင့်ရွေးချယ်မှုသည် အရှင်မြတ်ထံဝယ်ရှိတော်မူ၍ အကယ်၍ အရှင်မြတ်အလိုတော်ရှိလျှင် မည်သူကိုမဆို ဆင်းရဲစေခြင်း၊ ချမ်းသာစေခြင်း၊ ဂုဏ်ပေးခြင်းနှင့် အဆင့်အတန်းနိမ့်စေခြင်းဖြစ်စေနိုင်သည်။

အာယသ်တော်အဆုံး၌- لِيَبْلُوَكُمْ فِي مَآ اٰتٰىكُمْ "၎င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား မိမိချီးမြှင့်ထားတော်မူသော ကျေးဇူးတော်များနှင့်စပ်လျဉ်း၍ စမ်းသပ်တော်မူခြင်းငှါ၊ အသင်တို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည်။"ဟု မိန့်ထားသည်။ အာယသ်တော်က ဆိုလိုသည်မှာ သင်တို့ကို အခြားသူများနေရာယူစေခြင်း၊ အခြားသူများ၏ ဥစ္စာဓနနှင့်ပိုင်ဆိုင်မှုများကို ပိုင်ဆိုင်စေခြင်းနှင့် စည်းစိမ်ဥစ္စာနှင့်ဂုဏ်သိက္ခာတို့နှင့် ပတ်သက်သောအဆင့်အတန်းအမျိုးမျိုး၌ သင်တို့ကို ထားရှိခြင်း၊ ရည်ရွယ်ချက်မှာ စမ်းသပ်ခြင်း၏ဖွဲ့စည်းမှုအခြေခံကိုအသင်တို့မြင်တွေ့နိုင်စေရန်ဖြစ်သည်။ ယင်းစမ်းသပ်မှုက အတိတ်ကလူများပိုင်ဆိုင်သည်များကို ယခုသင်တို့လက်ဝယ်အပ်နှံခြင်း၏ ကောင်းချီးမင်္ဂလာဖြစ်သော ဤဖြစ်ရပ်ကို အသင်တို့၏ တုန့်ပြန်မှုအား ဆုံးဖြတ်ရန်ဖြစ်သည်။ ကြည့်ရမည်မှာ ယင်းတုန့်ပြန်မှုသည် ကျေးဇူးတင်ခြင်းနှင့် အမိန့်နာခံခြင်းလော။ သို့မဟုတ် ကျေးဇူးကန်းခြင်းနှင့် အမိန့်ဖီဆန်ခြင်းလော။

ပဋ္ဌမနှင့်နောက်ဆုံးအာယသ်(၁၆၅)၏ နိဂုံးတွင် ဤအနေအထားနှစ်ရပ်စလုံး၏ နောက်ဆုံးအခြေအနေကိုမိန့်ကြားထားသည်မှာ- اِنَّ رَبَّكَ سَرِيْعُ الْعِقَابِ وَاِنَّهٗ لَغَفُوْرٌ رَّحِيْمٌ "ဧကန်စင်စစ် အသင့်အားမွေးမြူတော်မူသော အရှင်မြတ်သည် လျှင်မြန်စွာပြစ်ဒဏ်ပေးတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်မြတ်လည်းဖြစ်တော်မူပေသတည်း။"ဟူ၍ဖြစ်သည်။ တစ်နည်းဆိုရသော် အာယသ်တော်ကဆိုလိုသည်မှာ အသင်၏ အရှင်သခင်သည် အမိန့်မနာခံသူများပေါ်သို့ အရှင်မြတ်၏ပြစ်ဒဏ်ခတ်ခြင်းကို အလျင်အမြန် ပို့လိမ့်မည်။ ထို့နောက် အမိန့်နာခံသူများအတွက် အရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်မြတ်ဖြစ်ပေသည်။

စူရဟ် အန်အာမ်သည် ဟမ်ဒ်(အလ္လာဟ်အရှင်မြတ်ကို ချီးကျူးထောမနာခြင်း)နှင့် အစပြုပြီးမဂဓိရတ်(အလ္လာဟ်အရှင်မြတ်ထံမှ ခွင့်လွှတ်မှုရှာကြံခြင်း)ဖြင့် နိဂုံးချုပ်ထားသည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်တို့အားလုံးအား ဟမ်ဒ်၏သောင်ဖီးက်(အလ္လာဟ့်အရှင်ပေးသနားတော်မူသည့်စွမ်းအား)ဖြင့် ကောင်းချီးမင်္ဂလာပေးတော်မူပါစေ၊ ထို့နောက် ထိုအရှင်မြတ်ထံမှ မဂဓိရတ်နှင့် ကျွန်တော်မျိုးတို့အားလုံးကို ဂုဏ်ပေးတော်မူပါစေ။

ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် (e) သခင် မိန့်ခဲ့သည်မှာ စူရဟ်အန်အမ်တစ်ပုဒ်လုံးသည် တစ်ကြိမ်တည်းတွင်ကျရောက်ခဲ့သည်။ ယင်းစူရဟ်၏ခမ်းနားကြီးကျယ်မှုကြောင့် ထိုစူရဟ်ကျရောက်ခဲ့ချိန်၌ ဖရစ်ရှ်သဟ်ကောင်းကင်တမန်ခုနှစ်သောင်းက သတ်စ်ဗီဟ်(အလ္လာဟ်အရှင်မြတ်အား ချီးကျူးထောမနာ)ရွတ်ဆိုကာ လိုက်ပါလာခဲ့ကြသည်။ ထို့ကြောင့် စိုက်ယိဒိနာဖာရုပ်က်အလ်အဓ်ဇွမ် (t) သခင်ကပြောသည်မှာ စူရဟ်အန်အာမ်သည် ကုရ်အာန်ကျမ်းတော်မြတ်ပါ အလွန်မြင့်မြတ်သောစူရဟ်များတွင် တစ်ပုဒ်အပါအဝင်ဖြစ်သည်။

အချို့ဆင့်ပြန်ချက်များတွင် စိုက်ယိဒိနာအလီ (t) သခင်က တင်ပြသည်မှာ ဤစူရဟ်ရွတ်ဖတ်သရဏ္ဍာယ်သော နာမကျန်းသည့်သူတစ်ဦးအပေါ် ဤစူရဟ်ကိုဖတ်ရွတ်ပေးပါက အလ္လာဟ်အရှင်မြတ်က ၎င်း၏ရောဂါပျောက်ကင်းစေမည်ဟူ၍ ဖြစ်သည်။

وَاٰخِرُ دَعْوَانَا اَنِ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ

ချီးမွမ်းထောပနာမူအပေါင်းသည် အစမှအဆုံး အလ္လာဟ်အရှင်မြတ်တွက်ဖြစ်တော်မူ၏။
စူရဟ်အလ်အန်အာမ် အကျယ်ဖွင့်ဆိုခြင်း ဤတွင်ပြီးဆုံးသည်။

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ(၂၂)ရက်(တနင်္ဂနွေနေ့)
၁၄၃၀-ခုနှစ် ဇွလ်ဟိဂျ်ဂျာဟ်လ(၅)ရက်နေ့